# မိလိန္ဒပဉှာဝတ္ထုတော်ကြီး

ဂဏ္ဍာလင်္ကာရ

အမည်တော်ရှိ

မဟာပညဝန် ထေရ်မွန်သူမြတ်

စီရင်တော်မူအပ်သော

# မိလိန္ဒပဉှာ

မြန်မာဘာသာပြန်

## စကားပြေဝတ္ထုတော်ကြီး

ဟံသာဝတီမူ

☆

ရန်ကုန်မြို့

ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်

၁၉၅၂

H.153-A [ဟံသာဝတီမူ။]

# နိဒါန်း

**ပဏ္ဍိတ်တဆူ ခံယူနိုင်ကြောင်း**

တသက်လျှာ တဘဝ မိမိတို့ ဖြစ်ကြုံ နေရဆဲသော ဤလောကတွင် လူမှုလူတော် လူပေါ်လူဇော်ဖြစ်၍ လူစစ် လူကောင်း ဖြစ်လိုသူတို့အပြင် အကြင်ပညာ ဗဟုသုတ အဝဝတို့၌ တစမကျန် ပါရံဂတ ဘက်ကမ်း ကျအောင် တတ်လှသသူ ပါရဂူဟု တဆူပဏ္ဍိတ် ကဝိသ်ပညာဝန် မည်ခံလက်ကိုင် ရရှိပိုင်လိုသူ အပေါင်းတို့သည် အကြောင်းအားလျော်စွာ ယထာနုရူပ ထိုနှင့်ထိုက်တန်လှသော ပညာဗဟုသုတတို့နှင့် လုံမွမ်းထုံ ပြည့်စုံရာ ပြည့်စုံမှု အကြောင်းရင်း တခု ဖြစ်သော ဓမ္မရာဇ်ဘာသ္တာ စောဖြတ်စွာနှင့် ရဟန္တာတဝ သာဝကအရိယာ စွာထိုထို ဝိရိရ်မဟာတ် မွန်မြတ်ထူး ချွန် ပုဂ္ဂိုလ်လွန်တို့နှင့်တကွ ဂုဏ်ဗိသိဌ် ဝါစိဿရ ပိဋကတ္တယဆောက စစကျေးဇူး အထူးနက်ရှိုင်း ဖြတ်ပိုင်းတိမှန် ကျမ်းဂန်သိမြင် တတ်ကျွမ်း ကျင်ပြား ပညာရှင်များတို့၏ ကျေးကားဤသို့ ကြောင်းကား ဤနှယ် သွယ်သွယ်ပြည့်ဝန် သွန်သင်ဆုံးမ ဩဝါဒတို့ကို **ညီညာထကြွ, ဆုံးမနာယူ, လာမှုကြိုဆီး, ထံနီးလုပ်ကျွေး, သင်ဖွေးအံရွတ်, တပည့်ဝတ်** တို့ဖြင့် မချွတ်ကြီးသိုင်း မဆိုင်းပြေပြင် အံစဉ်နေ့ည ဆည်းကပ်ခလျက် ကျနသေချာစွာ သင်ကြား မှတ်သားနာယူခြင်း, ထိုဘုရားမြတ်စွာ အမွန် အစလာသော မဟာပုရိသ မဟာပညာဝန္တ စစထူးချွန် ထိုထိုပုဂ္ဂိုလ်ပွန်တို့၏ သွန်သင်ညွှန်ပြ ဆုံးမဟောကြား ရေးသားစီရင်တော် မူခဲ့ကြသော နှစ်ဝနှစ်ဖုံ လောကီ လောကုတ္တရာ စာပေကျမ်းဂန် ဂန္ထန္တရ အဝဝ အသီးသီး ကျမ်းကြီး ကျမ်းငယ် အစုံစုံတို့ကို တပြိုပြည်းပြည်း ဖန်ဒိုးမပြတ် ကာလစဉ်ဖြင့် နာ, ဘတ်, လေ့ကျက် နှုတ်တက်ရွက်ဆောင် အနှံ့ယောင်အင်တိုက် မှတ်ပိုက်နှလုံး ယူကြိုးနက်တံ သင်အံ ဆွေးနွေး မေးမေး မြန်းမြန်း စုံစမ်း ကြိုးစည်ခြင်းတို့ဖြင့် သာလျှင် ဖြစ်လိုရာရင်း အကျိုး ပြည့်ဖြိုးစုံညီ၍ ဂုဏ်ရည်လျှံမိတ် ပဏ္ဍိတ်တဆူဟု ခံယူလက်ကိုင် ရရှိပိုင်ကြမည့် ဖြစ်ပေကြောင်း။

**အကြောင်းပြ သာဓက**

ထို့ကြောင့်ပင် အကြင် ပညာရှိ ဖြစ်ဘိ ဖြစ်ကြောင်း စုံညောင်းပြည့်ဝ ကျိုးဖလကို မိန့်ပြာချုံညွှန်းခဲ့ရာ နီတိကျမ်းတို့မှာ……

# နိဒါန်း

သုဿုသာ သုတဝဍ္ဎနော၊
သုတံ ပညာယ ဝဍ္ဎတိ။
ပညာယ အတ္ထံ ဇာနာတိ၊
အတ္ထော ဉာတော သုခါဝဟော။ ။

ဟု သဘောညွှန်းဆ ဆုံးမခဲ့ရာ အဓိပ္ပါယ် အကျမှာလည်း သုတ ရိပ်မြုံ ပညာစုံကို ရှာတုံသမှု ဆည်းပူးရသဖြင့် ကြီးထုမြတ်လွန် လူ, နတ်, နိဗ္ဗာန် သုံးတန်သော ချမ်းသာမွန်ကို အမှန်မပျက် ခံစံရသည်တိုင် အောင်သော အကျိုးဆက်တို့ကို ဆောင်ရွက်ပြီးစီးနိုင်ပေသည်ဟုဘော် ပြခဲ့သည်ဖြစ်ကြောင်း။

ထို့ပြင်တဝ သဗ္ဗညုတ ဉာဏသရဖူ ဆောင်းတော်မူ၍ လူသုံးဦးတို့ ကိုးစားရာ ဆရာအစစ် ဖြစ်တော်မူငြား ရှင်တော် မြတ်ဘုရားသည် လေးပါးသောပြဿနာကို အာဠဝကဘီလူး အထူးမေးလျှောက်ရာတွင် အစဉ်အတိုင်းသာ ဖြေကြားတော်မူရာ၌လည်း……

သဒ္ဒဟာနော အရဟတံ၊ ဓမ္မံ နိဗ္ဗာနပတ္တိယာ။
သုဿုသာ လဘတေ ပညံ၊ အပ္ပမတ္တော ဝိစက္ခဏော။ ။

မိန့်ဟောဂါထာ အဓိပ္ပါယ်လာမှု ဆူဆူပဏ္ဍိ ကဝိဗုဒ္ဓ ပုဂ္ဂလတို့ ထုတ်ပြဟောကြား မြတ်စကားကို မှတ်သားနာခံ သင်အံလေ့ကျက် မ ပျက်မပေါ့ မလျော့သတိ စုံစမ်းတိုင်းထွာ ဆည်းပူးကြံစည် လေ့ရှိခြင်း တို့ဖြင့်သာ ပညာ၃ဗဟုသုတတို့ကို ရနိုင်ကြောင်းမှုမှန် ဧကန်စင်စစ် ဖြစ် သည်တကားဟု ဖြေကြားတော်မူခဲ့သည်ဖြစ်ပေကြောင်း။

မိလိန္ဒပဉှာ ကျမ်းမဟာ

ယင်းသို့လျှင် အကြင်သမ္မာသမ္ဗောဓိ မောဠိသျှောင် များ ဘုရားမှစ မိန့်ဟာဟောပြ ဒေသနာတို့အရ ဖြင့် သုတပညာ ပွါးရာပွါးကြောင်း နည်းကောင်း နယသာရနက်ကို ပဏ္ဍိဖြစ်ကြောင်း ရှေးရှေးသော သူမွန်သူကောင်းတို့ ရုံးပေါင်းတည်ထွင် ရေးသားစီရင်တော်မူခဲ့ကြသော နှစ်ဝနှစ်ဖြာလော ကီရေး, လောကုတ္တရာပါ ပိဋကတ်နှင့် ဂန္ထန္တရ အဖြာဖြာတို့ကို သေချာဘတ်မှု ကြည့်ရှုမှတ်သားကာသင်ကြားဆည်းပူးအပ်သည့်အား လျော်ညီစွာ……

မိလိန္ဒော နာမ သောရာဇာ၊ သာဂလာယံ ပုရုတ္တမေ။
ဥပဂစ္ဆိ နာဂသေနံ၊ ဂင်္ဂါ စ ယထာ သာဂရံ။
အာသဇ္ဇ ရာဇာ စိတြကထိ၊ ဥက္ကာဓာရံ တမောနုဒံ။
အပုစ္ဆိ နိပုဏေ ပဉှေ၊ ဌာနာဋ္ဌာနဂတေ ပုထူ။

ရေးပြုတင်ရှိ ပါဠိပြန့်ပွန်း ညွှန်းရှိအလာ သာသနာသက္ကရာဇ် အနှစ်ငါးရာကျော်တိုင် ရောက်သောအခါ ယောနကတိုင်း သာဂလပြည်ကြီး၌ ဘုရင်သမုနတ် **မိလိန္ဒမင်းမြတ်** သည် မဟာတ်ပဏ္ဍိတ် ဂါကျိသာရ ဝိသဇ္ဇနပါရင် အရှင်နာဂသေနမထေရ်မြတ်ထံသို့လျှင် ဂင်္ဂါ, ယမုန်–အစရှိကုန်သော မြစ်ငါးစင်းတို့သည်သမုဒ္ဒရာတွင်းသို့ စီးဝင်သို့ပင် ဝန်းကျင်ဗိုလ်ပါ ခင်းကျင်းများစွာဖြင့် ချဉ်းကပ်ခါ ပင်ရောက်လေပြီးလျှင် သိပ်သည်းလျှမ်းကြွယ် ဆန်းကြယ်စကား ဆိုတတ်ငြားသော မိလိန္ဒမင်း တရားသည့် သုံးပါးပိဋကတ် အမြတ်ဒေသနာဝယ် ‘ယထာဘူတ, ယထာဓမ္မ, ယထာနုရူပ, ယထာဝါဒီ, ဖြောင့်ညီမှန်ကန်တိုင်းသော သဘောအဓိပ္ပါယ် အလွယ်မသိရ သုဒုဒ္ဒသ=မြင်ခဲလှ၍ ဌာန ဒုန္နယတ် လျှိုကပ်ဝှက်ကွယ် ခက်သမျှ အသွယ်သွယ်တို့၌ အနယ်နယ် တွေးတောက်၍ မေးလျှောက်သည့်ပြဿနာ ပေါယယ်လှအဖြာဖြာတို့ကို မဟာပညာဝန် ဂုဏ်ဓန်ကဲ့စွ ဒုတိယဓမ္မ သေနာပတိ မည်ဘိထင်စွာ ရဟန္တာပင် **နာဂသိန်ထေရ်**အရှင်သည် ရေပြင်ဘောင်ကျယ်အောက် ဝယ်နက်ရှိုင်း လှိုင်းအိကြီးစွာ မဟာသမုဒ္ဒရာ၏ အောက်လွှာအခြေ ငံရေအောက်မြေမှ ရွှေ,ငွေ,နီလာ ဝဇိရာနှင့် သန္တာ,စိန်, ကြောင်, ထိန် ပြောင်ပုလဲ,ပြရီးရဲ ဝင်သဝဏ်, မသာရဂလ်,ဇာနွှိ စသည်များရှိ ရတနာတို့ကို ထုတ်ဆောင်၍ပြဘိသကဲ့သို့……

အဘိဓမ္မဝိနယောဂါဠှာ၊ သုတ္တဇာလသမတ္ထိတာ။
နာဂသေနာ ကထာ စိတြာ၊ ဩပမ္မေဟိ နယေဟိ စ။

အရ အဘိဓမ္မ,ဝိနယ,သုတ္တ,သုတ္တာနုလောမ, အာစရိယဝါဒ,လဇ္ဇီမဒေသ,အတ္တနောမတိ,သကာသမယ, သမယန္တရ, ဥပမာတို့နှင့်တကွ နှိုင်းဆပိုင်ဖြာ ထက်ဝန်းကျင် ဖြေဆိုအပ်သည့်တို့ကို ပြဆိုရးပြဆို ထားပြီ ၌မိလိန္ဒပဉှာကျမ်းကြီးသည်ကား……

ဃ)

# နိဒါန်း

ပုစ္ဆာ ဝိသဇ္ဇနာ စေဝ၊ ဂမ္ဘီရတ္ထူပနိဿိတာ။
ဟာဒယင်္ဂမာ ကဏ္ဏသုခါ၊ အဗ္ဘုတာ လောမ—ဟံသနာ။

ဟု ဂါထာကျူးသီ ချီမွမ်းအပ်သည်နှင့်အညီ ဂမ္ဘီရ သဘာဝ သာရနက်ကို အလုံးစုံပြည့်၍ နား၏ချမ်းသာဘွယ်ရာ, နှလုံးကို ယူကျုံး နှစ်လိုဘွယ်ရာဖြစ်သည့်ပြင် ကြက်သီးမွေးညှင်းပင် ထလောက်အောင် အံ့ဘွယ်ရာတို့နှင့် မွမ်းထုံလုံး၀ ပြည့်စုံလှသည်ဖြစ်ရာ ပညာဗဟုသုတ ဆည်းပူးကြ၍ ပညာ့တံခွန် အမွန်ဂုဏ်ဟိတ် ပဏ္ဍိတ်ဖြစ်ကြောင်း ကောင်းစွာလုံလောက်သော ကျမ်းကြီးတစောင် ဖြစ်ပေကြောင်း။

**ပြန်လည် ထူထောင်ရေး**

အဋ္ဌကထာဆရာများပင် များစွာကိုးစား၍ အားထားညွှန်ပြရာဖြစ်သော ဤမိလိန္ဒပဉှာသည် ပါဠိတော်အားဖြင့်၎င်း, ၎င်း၏ နိဿယအားဖြင့်၎င်း, ဤမြန်မာပြန် မိလိန္ဒပဉှာဝတ္ထုတော်ကြီးအားဖြင့်၎င်း, သုံးမျိုးခြား၍ ထင်ရှားစွာရှိရာ ဤမြန်မာပြန်စကားပြေဖြင့် ရေးသားအပ်သော မိလိန္ဒပဉှာဝတ္ထုတော်ကြီးမှာ ၁၂၄၄—ခုနှစ်နှင့် ၁၂၈၅—ခုနှစ် ပုံနှိပ်ခေတ် ဦးစ လွန်ခဲ့သော ၆၉ + ၂၀ နှစ်လောက်က စာမူများကိုသာတွေ့ရှိရာ အခါခါအဆင့်ဆင့် ရေးကူးပုံနှိပ်ဘန်များသဖြင့်၎င်း, စာပြင်စာတည်း ဆရာကြီးတို့၏ ပေါ့လျော့မှုကြောင့်၎င်း အကြောင်းအားလျော်စွာ ယိုယွင်းတိမ်းပါး မူကောင်းမူမှန် ပျက်ပြားခဲ့ရာတွင်……

စစ်ဘေး စစ်ဒဏ် သူပုန်ရန်စသော ဘေးများစွာကြောင့် လူဗိုလ်ပါ သည်းလျက် ချုံနွယ်တွေဖုံးနေခဲ့သော ရွာပျက်ကုန်းကြီးကို ရှုရှုံးအင် အား စေတနာအမှန်ထားကြသည့် ပြန်လည်ထူထောင်ရေး တပ်သား များဖြင့် အသစ်ပွါးတဘန် ပြန်လည်ပြုပြင်တည်ဆောက်ဟန်သို့ မူမှန် မူကောင်း မူဟောင်းမူတော် ပါဠိတော်၎င်း ပြန်လည်တိုက်ဆိုင်တည်း ဖြတ်ခြင်း စသော လက်နက်ကောင်းတို့ဖြင့် ကျွန်ုပ်တို့ **ဟံသာဝတီ ပိဋကတ်ပုံနှိပ်တိုက် ပါဠိဆရာများအဖွဲ့ဝင်** ဖြစ်ကြကုန်သော **ဦးကြင်မောင်, ဦးစိုးဝင်း, ဦးစိုးမြင့်, ဆရာကြင်, ဆရာသိန်း, ဦးပြန့်, ဦးသိန်းထွန်း, ဦးထွန်းမင်း, ဦးကျော်တင့်**တို့က ပြန်လည် ထူထောင်ကာ အားသွန်ကြိုးပမ်း၍ သုတ်သင်ပြင်ဆင် ပုံနှိပ်လုပ်ဆောင်

ခဲ့ရာ ပညာသုတ စစပွါးကြောင်း ကျမ်းကောင်းကျမ်းမြတ်အစစ်ဧကန် ဖြစ်ကြီးဖြစ်သော ဤ **မိလိန္ဒပဉှာကျမ်းကြီး**ကို အသီးသီးသောသူမွန် ပညာဝန်ဂုဏ်ဟိတ် ပဏ္ဍိတ်တသူ ဖြစ်လိုသူအပေါင်းတို့သည် နှစ်ထောင်းအားရ မဟုဿာဟာ မွန်မြတ်သောသမ္မာဆန္ဒဖြင့် နေ့ညမလပ် အထပ်ထပ် သုံးသပ်ကြည့်ရှုနိုင်ကြပါစေကုန်သတည်း။

"ဟံသာဝတီ"

# မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | အာသီသနှင့် ပဋိညာဉ် ...... | ၁ |
| ၂။ | မိလိန္ဒမင်းနှင့် ရှင်နာဂသေနတို့၏ ရှေးအတိတ်အကြောင်း | ၅ |
| ၃။ | ပိဋကတ်သုံးပုံနှင့်အဋ္ဌာရသ ပညာရပ် ...... | ၇ |
| ၄။ | ပူရဏကဿပအား မိလိန္ဒမင်းအမေး ...... | ၁၀ |
| ၅။ | မက္ခလိဂေါသာလအား မိလိန္ဒမင်းအမေး ...... | ၁၂ |
| ၆။ | ရှင်နာဂသေနံ့အလောင်း ပဋိသန္ဓေနေခြင်း ...... | ၁၇ |
| ၇။ | မုတ်ဆိတ် ဆံပင် အပြစ် ၁၆-ပါး ...... | ၂၀ |
| ၈။ | ရှင်နာဂသေန ရဟန္တာဖြစ်ပုံ ...... | ၃၀ |
| ၉။ | ရဟန်းအဖြစ် မြင့်မြတ်ပုံ ပြဿနာ ...... | ၃၂ |
| ၁၀။ | ခုတင်ဆောက်တည်ခြင်း ပြဿနာ ...... | ၃၃ |
| ၁၁။ | အမည်ကိုမေးခြင်း ...... | ၃၈ |
| ၁၂။ | ဝါတော်ကိုမေးခြင်း ...... | ၄၃ |
| ၁၃။ | စကားစမ်းမေးပုံ ...... | ၄၅ |
| ၁၄။ | နာဂသေန မည်သောတရား ...... | ၄၆ |
| ၁၅။ | ရဟန်းပြုသည့်ကိုမေးခြင်း ...... | ၄၈ |
| ၁၆။ | ပဋိသန္ဓေနေပုံကိုမေးခြင်း ...... | ၄၉ |
| ၁၇။ | ယောနိသောမနသိကာရနှင့် ပဋိသန္ဓေနေပုံ ...... | ၅၀ |
| ၁၈။ | မနသိကာရနှင့် ပညာတို့၏လက္ခဏာအထူး ...... | ၅၀ |
| ၁၉။ | သီလလက္ခဏာကို မေးခြင်း ...... | ၅၁ |
| ၂၀။ | သဒ္ဓါ၏လက္ခဏာကိုမေးခြင်း ...... | ၅၄ |
| ၂၁။ | သဒ္ဓါ၏ယုံမှားပျောက်ခြင်းလက္ခဏာ ...... | ၅၅ |
| ၂၂။ | ဝီရိယလက္ခဏာ ...... | ၅၇ |
| ၂၃။ | သတိ၏လက္ခဏာ ...... | ၅၈ |
| ၂၄။ | သမာဓိ၏လက္ခဏာ ...... | ၆၀ |
| ၂၅။ | ပညာ၏လက္ခဏာ ...... | ၆၂ |
| ၂၆။ | သဒ္ဓါစသည့်ဘုံအကျိုး ...... | ၆၃ |

# မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၇။ | ဘဝဟောင်းနှင့် ဘဝသစ်အစဉ် ...... | ၆၄ |
| ၂၈။ | ပဋိသန္ဓေမနေဟု သိနိုင်ပုံ ...... | ၆၆ |
| ၂၉။ | ဉာဏ်ရှိသူသည် ပညာရှိသလော ...... | ၆၇ |
| ၃၀။ | ရဟန္တာနှင့် ဝေဒနာ ...... | ၇၁ |
| ၃၁။ | ဝေဒနာပြဿနာ ...... | ၇၄ |
| ၃၂။ | ပစ္စုပ္ပန်နာမ်ရုပ်ပင်အတိတ်အနာဂတ်နာမ်ရုပ်လော | ၇၆ |
| ၃၃။ | ရှင်နာဂသေန ပဋိသန္ဓေနေ မနေ ...... | ၈၀ |
| ၃၄။ | နာမ်နှင့်ရုပ် ...... | ၈၁ |
| ၃၅။ | အချိန်ဟူသည် အဘယ်နည်း ...... | ၈၂ |
| ၃၆။ | အချိန်၏အမြစ်ကိုမေးခြင်း ...... | ၈၃ |
| ၃၇။ | အချိန်အစ ရှိမရှိ ...... | ၈၄ |
| ၃၈။ | အတိတ်ကာလအချိန် ...... | ၈၆ |
| ၃၉။ | ဖြစ်ဆဲသင်္ခါရတရား ...... | ၈၈ |
| ၄၀။ | သင်္ခါရတရား ထင်ရှားဖြစ်မဖြစ် ...... | ၈၈ |
| ၄၁။ | ကိုယ်တွင်း၌တည်သောအသက် ...... | ၉၁ |
| ၄၂။ | စက္ခုဝိညာဉ်နှင့် မနောဝိညာဉ် ...... | ၉၄ |
| ၄၃။ | ဖဿလက္ခဏာ ...... | ၉၈ |
| ၄၄။ | ဝေဒနာလက္ခဏာ ...... | ၉၉ |
| ၄၅။ | သညာလက္ခဏာ ...... | ၁၀၀ |
| ၄၆။ | စေတနာလက္ခဏာ ...... | ၁၀၀ |
| ၄၇။ | ဝိညာဉ်၏လက္ခဏာ ...... | ၁၀၁ |
| ၄၈။ | ဝိတက်လက္ခဏာ ...... | ၁၀၂ |
| ၄၉။ | ဝိစာရလက္ခဏာ ...... | ၁၀၂ |
| ၅၀။ | ဖဿစသည် ခွဲခြားသိနိုင်မသိနိုင် ...... | ၁၀၃ |
| ၅၁။ | ဆား ပြဿနာ ...... | ၁၀၄ |
| ၅၂။ | စက္ခာယတနစသည် အကြောင်းကံ တူသလော | ၁၀၅ |
| ၅၃။ | အသက်တို့ရှည် ခြားနားပုံ ...... | ၁၀၅ |
| ၅၄။ | လာမည့်ဘေး ဘွေး၍ကြောက်ပုံ ...... | ၁၀၇ |
| ၅၅။ | ငရဲမီး ပူပြင်းပုံ ...... | ၁၀၉ |

| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၅၆။ | မြေ ရေ လေထု တည်ပုံ | ...... | ၁၁၂ |
| ၅၇။ | ဝဋ်ချုပ်ငြိမ်းရေး နိဗ္ဗာန် | ...... | ၁၁၂ |
| ၅၈။ | လူတိုင်း နိဗ္ဗာန်ရပါသလော | ...... | ၁၁၃ |
| ၅၉။ | နိဗ္ဗာန်၏သန္တိသုခကို သိနိုင်ပါသလော | ...... | ၁၁၃ |
| ၆၀။ | ဘုရားရှင် ရှိမရှိ | ...... | ၁၁၄ |
| ၆၁။ | ဘုရားရှင်သည် အတုမဲ့ပါသလော | ...... | ၁၁၅ |
| ၆၂။ | ဘုရား၏အတုမဲ့အဖြစ်ကို သိနိုင်ပါသလော | ...... | ၁၁၆ |
| ၆၃။ | တရားကို မြင်ပါသလော | ...... | ၁၁၆ |
| ၆၄။ | ဘဝဟောင်းမှ ပြောင်း၍ ဘဝသစ်၌ဖြစ်သလော | | ၁၁၇ |
| ၆၅။ | ဝေဒဂူပြဿနာ | ...... | ၁၁၈ |
| ၆၆။ | ဤကိုယ်မှ အခြားကိုယ်သို့ပြောင်းသလော | ...... | ၁၁၈ |
| ၆၇။ | ကံ ကံ၏အကျိုး ရှိမရှိ | ...... | ၁၁၉ |
| ၆၈။ | ဖြစ်ဆဲပုဂ္ဂိုလ်သည်ဖြစ်လတ္တံ့ဟုသိပါသလော | ...... | ၁၂၀ |
| ၆၉။ | ဘုရားရှင်ရှိခဲ့ဘူးပါသလော | ...... | ၁၂၀ |
| ၇၀။ | ရဟန်းများမိမိကိုယ်ကို ချစ်ပါသလော | ...... | ၁၂၁ |
| ၇၁။ | ဘုရားသည် အလုံးစုံကိုသိသလော | ...... | ၁၂၃ |
| ၇၂။ | ဘုရားမိဘများ၌ လက္ခဏာ ၃၂ – ပါးရှိသလော | | ၁၂၃ |
| ၇၃။ | ဘုရားသည် ဗြဟ္မာ၏တပည့်လော | ...... | ၁၂၅ |
| ၇၄။ | ဘုရားရှင်အား ရဟန်းအဖြစ်ရှိသလော | ...... | ၁၂၆ |
| ၇၅။ | မိဘကြောင့်မျက်ရည်နှင့် တရားကြောင့်မျက်ရည် | | ၁၂၆ |
| ၇၆။ | ရာဂရှိမရှိတို့၏ အမူအရာ ခြားနားပုံ | ...... | ၁၂၇ |
| ၇၇။ | ပညာ၏တည်ရာ | ...... | ၁၂၈ |
| ၇၈။ | သံသရာဟူသည်အဘယ်နည်း | ...... | ၁၂၈ |
| ၇၉။ | အောက်မေ့ခြင်းဆိုင်ရာ | ...... | ၁၂၉ |
| ၈၀။ | သတိပြဿနာ | ...... | ၁၂၉ |
| ၈၁။ | သတိအခြင်းအရာ ၁၆-ပါး | ...... | ၁၃၀ |
| ၈၂။ | အကုသိုလ်ကံရှိသူ ဘုရားအာရုံပြု သေက နတ်ဖြစ် မဖြစ် | | ၁၃၃ |
| ၈၃။ | ဆင်းရဲကိုပယ်ပုံ | ...... | ၁၃၄ |
| ၈၄။ | လူ့ပြည်နှင့် ဗြဟ္မာ့ပြည် အကွာအဝေး | ...... | ၁၃၇ |

# မာတိကာ


| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၈၅။ | လူမှလူ–လူမှ ဖြုဟ္မာ ဖြစ်ချိန်တူပုံ | ...... | ၁၃၈ |
| ၈၆။ | ဗောဇ္ဈင် ၇–ပါးပြဿနာ | ...... | ၁၃၉ |
| ၈၇။ | ကုသိုလ်နှင့်အကုသိုလ် စည်ပင်တိုးပွါးပုံ | ...... | ၁၄၀ |
| ၈၈။ | သိ၍လွန်ကျူး မသိဘဲလွန်ကျူးဖြစ် | ...... | ၁၄၀ |
| ၈၉။ | လူ့ခန္ဓာကိုယ်ဖြင့် ဗြဟ္မာ့ပြည်သို့ သွားနိုင်ပါသလော | | ၁၄၁ |
| ၉၀။ | အရိုးပြဿနာ | ..... | ၁၄၂ |
| ၉၁။ | ထွက်သက်ဝင်သက်ကို ချုပ်တည်းနိုင် မချုပ်တည်းနိုင် | | ၁၄၂ |
| ၉၂။ | သမုဒ္ဒရာ | ...... | ၁၄၃ |
| ၉၃။ | ရေငန်ခြင်းအကြောင်း | ...... | ၁၄၃ |
| ၉၄။ | တရားနှင့်စပ်သောပြဿနာ | ...... | ၁၄၄ |
| ၉၅။ | ပညာဝိညာဉ်နှင့်အသက် | ...... | ၁၄၄ |
| ၉၆။ | သိနိုင်ခဲက်သည်ကိုဘုရားရှင်သိမြင်ပုံ | ...... | ၁၄၆ |
| ၉၇။ | ကျေးဇူးတရားရှစ်ပါး | ...... | ၁၅၁ |
| ၉၈။ | မတိုင်ပင်အပ်သောအရင်ရှစ်ပါး | ...... | ၁၅၂ |
| ၉၉။ | မတိုင်ပင်အပ်သူရှစ်ယောက် | ..... | ၁၅၃ |
| ၁၀၀။ | လျှို့ဝှက်အပ်သည့်အတိုင်အပင်မလုံရသူကိုးယောက် | | ၁၅၅ |
| ၁၀၁။ | ပညာ ရကြောင်းရှစ်ပါး | ...... | ၁၅၇ |
| ၁၀၂။ | တပည့်ဝတ်ကျင့်အပ်သောဆရာ့ဂုဏ် ၂၅–ပါး | ...... | ၁၅၉ |
| ၁၀၃။ | ဥပါသကာဂုဏ် ၁၀–ပါး | ...... | ၁၆၁ |
| ၁၀၄။ | ဘုရားသည်ပူဇော်မှုကို သာယာ မသာယာ | ...... | ၁၆၃ |
| ၁၀၅။ | မြေမျိုသူ ၅–ဦးနှင့်အပြစ် | ...... | ၁၇၂ |
| ၁၀၆။ | သဗ္ဗညုတဉာဏ်သည် အမြဲထင်မြင်နေသလော | | ၁၇၃ |
| ၁၀၇။ | ဒေဝဒတ်ရဟန်းပြု | ...... | ၁၈၁ |
| ၁၀၈။ | မြေလှုပ်ခြင်းအကြောင်းရှစ်ပါး | ..... | ၁၉၄ |
| ၁၀၉။ | ဒိဋ္ဌဓမ္မအကျိုးပေးသူ ၇–ဦး | ...... | ၁၉၇ |
| ၁၁၀။ | လူ့ကိုယ်ခန္ဓာဖြင့် နတ်ပြည်ရောက်သူ | ...... | ၁၉၇ |
| ၁၁၁။ | မင်းဝေဿန္တရာ၏ဝိတ်ထားဂုဏ် ၁၀–ပါး | ...... | ၁၉၉ |
| ၁၁၂။ | မျက်စိမမြင်သူနှင့် ဒိဗ္ဗစက္ခု | ...... | ၂၀၄ |
| ၁၁၃။ | ပဋိသန္ဓေတည်ကြောင်း ၃–ပါး | ...... | ၂၀၉ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၁၄။ | ယောနိ ၄–မျိုး ...... | ၂၁၆ |
| ၁၁၅။ | ကိုးကွယ်သူ လူထုနှင့် သာသနာတည်မှု ...... | ၂၁၉ |
| ၁၁၆။ | သာသနာကွယ်ခြင်း ၃–မျိုး ...... | ၂၂၄ |
| ၁၁၇။ | အကုသိုလ်ကိုအကြွင်းမဲ့ပယ်ဆော သဗ္ဗညုဖြစ်သလော | ၂၂၅ |
| ၁၁၈။ | ရောဂါဝေဒနာဖြစ်ကြောင်း ၈–မျိုး ...... | ၂၂၆ |
| ၁၁၉။ | လေခါတ် ပျက်ကြောင်း ၁၀–မျိုး ...... | ၂၂၈ |
| ၁၂၀။ | သည်းခြေပျက်ကြောင်း ၃–မျိုး ...... | ၂၂၉ |
| ၁၂၁။ | သလိပ်ပျက်ကြောင်း ၃–မျိုး ...... | ၂၂၉ |
| ၁၂၂။ | ဘုရားရှင်၏ ပြုဘွယ်ကိစ္စ ...... | ၂၃၅ |
| ၁၂၃။ | တပါးထည်း ကိန်းခြင်းအကျိုး ၂၀-ပါး ...... | ၂၃၇ |
| ၁၂၄။ | ဘုရားရှင်တို့ကိန်းခြင်းအကြောင်း ၄-ပါး ...... | ၂၃၉ |
| ၁၂၅။ | ဇွုဒ္ဓိပါဒ်တန်ခိုး ...... | ၂၄၀ |
| ၁၂၆။ | ချဋ္ဌါနှုချဋ္ဌကအာပတ် ...... | ၂၄၄ |
| ၁၂၇။ | ဘုရား တရားဟောရာ အတ္တိအခယူလိုသလော | ၂၄၇ |
| ၁၂၈၊ | သတ္တဝါတိုင်း သေဘေးကြောက်သလော ...... | ၂၅၀ |
| ၁၂၉။ | စကားလေးမျိုး ...... | ၂၅၄ |
| ၁၃၀။ | အနက်အဓိပ္ပါယ်ဝန်ခံကြောင်း ၅-မျိုး ...... | ၂၅၅ |
| ၁၃၁။ | ဘယ်ဌာနတွင်နေနေ သေမင်း၏အစာတွေဖြစ်ပုံ | ၂၅၉ |
| ၁၃၂။ | ပရိတ်အာနိသင်-မစူးဝင်ကြောင်း ၃-မျိုး ...... | ၂၆၄ |
| ၁၃၃။ | လာဘ်လာဘအန္တရာယ် ...... | ၂၆၅ |
| ၁၃၄။ | အန္တရာယ် ၄–ပါး ...... | ၂၆၈ |
| ၁၃၅။ | အနာဂတ်ဘယ ဂုဏ် ၄–ပါး ...... | ၂၇၀ |
| ၁၃၆။ | မသိဘဲလွန်ကျူးဖြစ် ...... | ၂၇၁ |
| ၁၃၇။ | ဝိမောက္ခနှစ်မျိုး ...... | ၂၇၂ |
| ၁၃၈။ | ဘုရားသည်ရဟန်းများ၌ငဲ့ကွက်မငဲ့ကွက် ...... | ၂၇၃ |
| ၁၃၉။ | ဥံမကွဲ သိုက်မပျက် ...... | ၂၇၇ |
| ၁၄၀။ | သောတာပန်လူနှင့်ပုထုဇဉ်ရဟန်း ...... | ၂၇၉ |
| ၁၄၁။ | ရဟန်းတို့အမှုအရာနှင့်အသွင် ၂၂-ပါး ...... | ၂၈၁ |
| ၁၄၂။ | သတ္တဝါအကျိုး သည်ပိုးရွက်ဆောင် ...... | ၂၈၄ |

# မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁၄၃။ | စောင့်စည်းခြင်းနှင့် လျှို့ဝှက်အင်္ဂါ | ၂၉၀ |
| ၁၄၄။ | ဘုရား၌ဖရုသဝါစာမရှိ | ၂၉၅ |
| ၁၄၅။ | သစ်ပင်၌စေတနာရှိ-မရှိ | ၂၉၉ |
| ၁၄၆။ | ဆွမ်းနှစ်မျိုး အကျိုးထူး | ၃၀၂ |
| ၁၄၇။ | ပူဇော်မှုကိုကြောင့်ကြပြု-မပြု | ၃၀၇ |
| ၁၄၈။ | ခြေတော်နှင့်ကျောက်လွှာ | ၃၁၀ |
| ၁၄၉။ | အရှိအသေမပြုသူ ၁၂–ဦး | ၃၁၃ |
| ၁၅၀။ | သမဏနှင့်တရား ၄–ပါး | ၃၁၅ |
| ၁၅၁။ | ဘုရားရှင်နှင့် ချီးကျူးစကား | ၃၁၈ |
| ၁၅၂။ | ချီးမြှောက်မှုနှင့် နှိမ်နင်းမှု | ၃၂၁ |
| ၁၅၃။ | ဒေါသစိတ်ဖြင့်မနှင် | ၃၂၄ |
| ၁၅၄။ | မောဂ္ဂလာန်သေဘ်မှ လောကလေးမှန်သေး၏ | ၃၂၇ |
| ၁၅၅။ | သုံးဖြာပိဋကတ် | ၃၃၀ |
| ၁၅၆။ | အပြစ်တွေပြား- မှသာ စကား | ၃၃၅ |
| ၁၅၇။ | ကြည့်ခြင်းကြီး ၈-ပါး | ၃၃၇ |
| ၁၅၈။ | အနာဂတ်ကို မျှော်ကြည့်သင့်သူ ၈–ဦး | ၃၄၀ |
| ၁၅၉။ | ဇာတိကြောင့် မိမိကိုယ်ကိုသတ်သူ | ၃၄၀ |
| ၁၆၀။ | မေတ္တာအကျိုး ဆဲ့တမျိုး | ၃၄၆ |
| ၁၆၁။ | ကုသိုလ်နှင့် အကုသိုလ် အကျိုးပေးကွာပုံ | ၃၅၁ |
| ၁၆၂။ | မိန်းမမြတ် အမရာ | ၃၅၈ |
| ၁၆၃။ | မဟောသဓာ၏ဂုဏ် ၂၈-ပါး | ၃၆၂ |
| ၁၆၄။ | ရဟန္တာများ ကြောက်-မကြောက် | ၃၆၃ |
| ၁၆၅။ | ဘုရားသည် သဗ္ဗညုဟုတ်ပါသလော | ၃၆၇ |
| ၁၆၆။ | ရဲဟန်းကောင်းနှင့် နေရာကျောင်း | ၃၇၀ |
| ၁၆၇။ | ဘုရားရှင်နှင့် ဆွမ်းခံဝတ် | ၃၇၃ |
| ၁၆၈။ | ဘုရားရှင်နှင့် အနာရောဂါ | ၃၇၇ |
| ၁၆၉။ | ဘုရားရှင်နှင့် သယမ္ဘူဉာဏ် | ၃၈၁ |
| ၁၇၀။ | ဘုရားအလောင်းနှင့်ညှဉ်းဆဲမှု | ၃၈၆ |
| ၁၇၁။ | လူသတ်သမား ၈-ဦး | ၃၈၈ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၇၂။ | ဆင်မင်းဘဝနှင့် လုလင်အဖြစ် ...... | ၃၉၀ |
| ၁၇၃။ | ဂန္ဓကုဋိနှင့် ဗာဝရိကာရဇ္ဇအိမ် ...... | ၃၉၄ |
| ၁၇၄။ | ပုဏ္ဏားဘဝနှင့် အစိုးရအဖြစ် ...... | ၃၉၇ |
| ၁၇၅။ | ဂါထာရွတ်လျက် အသက်မွေးမှု ...... | ၄၀၃ |
| ၁၇၆။ | ဝိညတ် ၂-ပါး ...... | ၄၀၆ |
| ၁၇၇။ | တရားဟောရန် စိတ်မသန်ခဲ့ ...... | ၄၁၀ |
| ၁၇၈။ | ဘုရားရှင်၌ဆရာ ရှိ–မရှိ ...... | ၄၁၄ |
| ၁၇၉။ | ဘုရားလောင်းဘဝ ဆရာ ၅-ဦး ...... | ၄၁၆ |
| ၁၈၀။ | ဘုရားနှစ်ဆူ•ပြိုင်တူမပွင့်နိုင် ...... | ၄၁၇ |
| ၁၈၁။ | ဗုဒ္ဓဒါနနှင့် သံဃိကအလှူ ...... | ၄၂၂ |
| ၁၈၂။ | ရဟန်းတော်များနှင့် ထူးခြားချက် ...... | ၄၂၇ |
| ၁၈၃။ | ဒုက္ကရစရိယာ ပြဿနာ .... | ၄၃၀ |
| ၁၈၄။ | လူထွက်မည့်သူကို ရဟန်းပြုပေးသင့်သလော | ၄၃၄ |
| ၁၈၅။ | သာသနာ့ဂုဏ် ၅-ပါး ...... | ၄၄၀ |
| ၁၈၆။ | ရဟန္တာနှင့်ဝေဒနာ ...... | ၄၄၅ |
| ၁၈၇။ | ကိုယ်နှင့်စိတ်တုန်လှုပ် မတုန်လှုပ် ...... | ၄၄၈ |
| ၁၈၈။ | ပါရာဇိကရောက်သူလူသည်တရားထူးရသလော | ၄၄၉ |
| ၁၈၉။ | ရဟန်းဒုဿီလနှင့်လူဒုဿီလ ...... | ၄၅၂ |
| ၁၉၀။ | ရဟန်းဒုဿီလ၏ဂုဏ် ၁၀–ပါး ...... | ၄၅၃ |
| ၁၉၁။ | ရဟန်းဒုဿီလ၌ထူးခြားချက် ၁၀–ပါး ...... | ၄၅၄ |
| ၁၉၂။ | ရေ၌အသက်ရှိပါသလော ...... | ၄၅၆ |
| ၁၉၃။ | နယ်ချဲ့သွား ၃–ဦး ...... | ၄၆၁ |
| ၁၉၄။ | လူရဟန္တာ ...... | ၄၆၅ |
| ၁၉၅။ | ရဟန္တာနှင့်တွေဝေမေ့လျော့မှု ...... | ၄၆၇ |
| ၁၉၆။ | လောကဝဇ္ဇနှင့် ပဏ္ဏတ္တိဝဇ္ဇ ...... | ၄၆၉ |
| ၁၉၇။ | လောကာ၌မရှိသောတရား ...... | ၄၇၀ |
| ၁၉၈။ | မရှိတရား ၃-ပါး ...... | ၄၇၄ |
| ၁၉၉။ | နိဗ္ဗာန်ပြဿနာ ...... | ၄၇၅ |
| ၂၀၀။ | အကြောင်းမဲ့ဖြစ်သောတရား ၂–ပါး ...... | ၄၇၅ |

# မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၀၁။ | ကံစသည့်ကြောင့်ဖြစ်သောတရား ...... | ၄၀၁ |
| ၂၀၂။ | ဘီလူးသေသော် ဘာတွေဖြစ်သနည်း ...... | ၄၀၂ |
| ၂၀၃။ | သိက္ခာပုဒ်ပြဿနာ ...... | ၄၀၃ |
| ၂၀၄။ | နေပူရှိန်ပြဿနာ ...... | ၄၀၅ |
| ၂၀၅။ | နေ၏အန္တရာယ် ၄-ပါး ...... | ၄၀၅ |
| ၂၀၆။ | ဆောင်းအခါနေပူရှိန် ...... | ၄၀၆ |
| ၂၀၇။ | ဝေဿန္တရာတဦးထည်းသားမယားလှူသလော | ၄၀၇ |
| ၂၀၈။ | ဝေဿန္တရာအလှူ၏ဂုဏ် ၁၀-ပါး ...... | ၄၀၉ |
| ၂၀၉။ | အပါယ်ရောက်ကြောင်းအလှူ ၁၀-မျိုး ...... | ၄၉၃ |
| ၂၁၀။ | ဂေါတမဘုရားသာ ဒုက္ကရစရိယာကျင့်သလော | ၅၀၃ |
| ၂၁၁။ | ဘုရားလောင်းချင်း ထူးခြားချက် ၄-မျိုး ...... | ၅၀၄ |
| ၂၁၂။ | အနှောင်အဖွဲ့ ၁၀-မျိုး ...... | ၅၀၈ |
| ၂၁၃။ | ကုသိုလ်နှင့် အကုသိုလ်အင်အား ...... | ၅၁၄ |
| ၂၁၄။ | သေသူရည်မှန်း၍ လှူဒါန်းမှု ...... | ၅၂၀ |
| ၂၁၅။ | အိပ်မက်ပြဿနာ ...... | ၅၂၆ |
| ၂၁၆။ | လူတိုင်း သေချိန်ကျ၍ သေသလော ...... | ၅၃၁ |
| ၂၁၇။ | အကာလမရဏ ၇-ပါး ...... | ၅၃၃ |
| ၂၁၈။ | သေခြင်း ၈-မျိုး ...... | ၅၃၄ |
| ၂၁၉။ | စေတီသည် တန်ခိုးပြနိုင်သလော ...... | ၅၄၂ |
| ၂၂၀။ | တန်ခိုးပြနိုင်သော စေတီ ၃-မျိုး ...... | ၅၄၂ |
| ၂၂၁။ | လူတိုင်း တရားထူးရနိုင်သလော ...... | ၅၄၄ |
| ၂၂၂။ | တရားမရနိုင်သူ ၁၆-ဦး ...... | ၅၄၄ |
| ၂၂၃။ | နိဗ္ဗာန်ချမ်းသာ ပြဿနာ ...... | ၅၄၉ |
| ၂၂၄။ | နိဗ္ဗာန်၏ အဆင်းသဏ္ဌာန်ပြဿနာ ...... | ၅၅၃ |
| ၂၂၅။ | ကြာပဒုမာ၏ဂုဏ် ၁-ပါး ...... | ၅၅၆ |
| ၂၂၆။ | ရေ၏ဂုဏ် ၂ ပါးနှင့် ဆေး၏ဂုဏ် ၃-ပါး ...... | ၅၅၇ |
| ၂၂၇။ | သမုဒ္ဒရာ၏ဂုဏ် ၄-ပါး ...... | ၅၅၈ |
| ၂၂၈။ | ဘောဇဉ်၏ဂုဏ် ၅-ပါး ...... | ၅၅၉ |
| ၂၂၉။ | ကောင်းကင်၏ဂုဏ် ၁၀-ပါးနှင့် ပတ္တမြား၏ဂုဏ် ၃-ပါး | ၅၆၀ |

| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၂၃၀။ | စန္ဒကူးနီ့,ထော့ပတ်၏ဂုဏ် ၃-ပါးစီနှင့် ငှတောင်ထွန့်၏ဂုဏ် ၅-ပါး | ...... | ၅၆၁ |
| ၂၃၁။ | နိဗ္ဗာန်သည် အတိတ်စသည် ဟုတ်သလော | ...... | ၅၆၂ |
| ၂၃၂။ | အဘယ်အရပ်၌နိဗ္ဗာန်ရှိသနည်း | ...... | ၅၆၇ |
| ၂၃၃။ | ဘုရားရှင်ကိုမြင်ဘူးသလော | ...... | ၅၇၀ |
| ၂၃၄။ | ရတင်ဆောက်တည်ခြင်းပြဿနာ | ...... | ၆၀၀ |
| ၂၃၅။ | ရတင်ဂုဏ်ကျေးဇူး ၂၀-ပါး | ...... | ၆၀၆ |
| ၂၃၆။ | ရတင်ဆောင်ပုဂ္ဂိုလ်၏ဂုဏ် ၁၀ ပါး | ...... | ၆၀၇ |
| ၂၃၇။ | ရတင်ကျေးဇူးဆောင်ထိုက်သူ ၁၀ ဦး | ...... | ၆၀၉ |
| ၂၃၈။ | ရတင် ၁၃-ပါး | ...... | ၆၁၉ |
| ၂၃၉။ | အရဟတ္တဖိုလ်မျက်မှောက်ပြုနိုင်သည့်အင်္ဂါ | ...... | ၆၂၃ |
| ၂၄၀။ | မာတိကာ ၁၀၅-ပါး | ...... | ၆၂၄ |
| ၂၄၁။ | မြည်း၏အင်္ဂါတပါး | ...... | ၆၂၈ |
| ၂၄၂။ | ကြက်၏အင်္ဂါငါးပါး | ...... | ၆၂၉ |
| ၂၄၃။ | ရှဉ့်၏အင်္ဂါတပါး | ...... | ၆၃၂ |
| ၂၄၄။ | သစ်မ၏အင်္ဂါတပါး | ...... | ၆၃၃ |
| ၂၄၅။ | သစ်ဖို၏အင်္ဂါနှစ်ပါး | ...... | ၆၃၄ |
| ၂၄၆။ | ရေလိပ်၏အင်္ဂါငါးပါး | ...... | ၆၃၆ |
| ၂၄၇။ | နှံပြွေ၏အင်္ဂါတပါး | ...... | ၆၃၈ |
| ၂၄၈။ | လေး၏အင်္ဂါတပါး | ...... | ၆၃၉ |
| ၂၄၉။ | ကျီးငှက်၏အင်္ဂါနှစ်ပါး | ...... | ၆၄၀ |
| ၂၅၀။ | မျောက်၏အင်္ဂါနှစ်ပါး | ...... | ၆၄၁ |
| ၂၅၁။ | ဗူးနွယ်၏အင်္ဂါတပါး | ...... | ၆၄၂ |
| ၂၅၂။ | ပဒုမာကြာ၏အင်္ဂါသုံးပါး | ...... | ၆၄၃ |
| ၂၅၃။ | မျိုးစေ့၏အင်္ဂါနှစ်ပါး | ...... | ၆၄၅ |
| ၂၅၄။ | သာလကလျာဏီသစ်ပင်၏အင်္ဂါတပါး | ...... | ၆၄၆ |
| ၂၅၅။ | လှေ၏အင်္ဂါသုံးပါး | ...... | ၆၄၇ |
| ၂၅၆။ | ကျောက်ဆူး၏အင်္ဂါနှစ်ပါး | ...... | ၆၄၉ |
| ၂၅၇။ | လင်းယံင်တိုင်၏အင်္ဂါတပါး | ...... | ၆၅၀ |

# မာတိကာ


| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၂၅၈။ | လှေသူကြီး၏အင်္ဂါသုံးပါး | ...... | ၆၅၁ |
| ၂၅၉။ | သူရင်းငှါး၏အင်္ဂါတပါး | ...... | ၆၅၃ |
| ၂၆၀။ | သမုဒ္ဒရာ၏အင်္ဂါငါးပါး | ...... | ၆၅၄ |
| ၂၆၁။ | မြေကြီး၏အင်္ဂါငါးပါး | ...... | ၆၅၇ |
| ၂၆၂။ | ရေ၏အင်္ဂါငါးပါး | ...... | ၆၅၉ |
| ၂၆၃။ | မီး၏အင်္ဂါငါးပါး | ...... | ၆၆၁ |
| ၂၆၄။ | လေ၏အင်္ဂါငါးပါး | ...... | ၆၆၂ |
| ၂၆၅။ | တောင်၏အင်္ဂါငါးပါး | ...... | ၆၆၄ |
| ၂၆၆။ | ကောင်းကင်၏အင်္ဂါငါးပါး | ...... | ၆၆၈ |
| ၂၆၇။ | လမင်း၏အင်္ဂါငါးပါး | ...... | ၆၆၉ |
| ၂၆၈။ | နေမင်း၏အင်္ဂါခုနစ်ပါး | ...... | ၆၇၁ |
| ၂၆၉။ | သိကြားမင်း၏အင်္ဂါသုံးပါး | ...... | ၆၇၃ |
| ၂၇၀။ | စကြဝတေးမင်း၏အင်္ဂါလေးပါး | ...... | ၆၇၄ |
| ၂၇၁။ | ခြ၏ အင်္ဂါတပါး | ...... | ၆၇၆ |
| ၂၇၂။ | ကြောင်၏ အင်္ဂါနှစ်ပါး | ...... | ၆၇၇ |
| ၂၇၃။ | ကြွက်၏ အင်္ဂါတပါး | ...... | ၆၇၈ |
| ၂၇၄။ | ကင်းမြီးကောက်၏အင်္ဂါတပါး | ...... | ၆၇၉ |
| ၂၇၅။ | မြွေပါ၏အင်္ဂါတပါး | ...... | ၆၈၀ |
| ၂၇၆။ | မြေခွေးမှို၏အင်္ဂါနှစ်ပါး | ...... | ၆၈၀ |
| ၂၇၇။ | သမင်၏အင်္ဂါသုံးပါး | ...... | ၆၈၂ |
| ၂၇၈။ | နွားအပေါင်း၏အင်္ဂါလေးပါး | ...... | ၆၈၅ |
| ၂၇၉။ | ဝက်၏ အင်္ဂါနှစ်ပါး | ...... | ၆၈၆ |
| ၂၈၀။ | ဆင်၏ အင်္ဂါငါးပါး | ...... | ၆၈၇ |
| ၂၈၁။ | ခြင်္သေ့၏အင်္ဂါ ခုနစ်ပါး | ...... | ၆၈၉ |
| ၂၈၂။ | စက္ကဝါက်ငှက်၏အင်္ဂါသုံးပါး | ...... | ၆၉၂ |
| ၂၈၃။ | အောက်ချင်းစာငှက်မ၏အင်္ဂါနှစ်ပါး | ...... | ၆၉၃ |
| ၂၈၄။ | အိမ်ဦးနေသောခိုငှက်၏အင်္ဂါတပါး | ...... | ၆၉၄ |
| ၂၈၅။ | ခင်ပုပ်ငှက်၏အင်္ဂါနှစ်ပါး | ...... | ၆၉၅ |
| ၂၈၆။ | ကျိန်စာရှက်သောသူ၏အင်္ဂါတပါး | ...... | ၆၉၇ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၈၇။ | လင်းနို့၏အင်္ဂါနှစ်ပါး ...... | ၉၈ |
| ၂၈၈။ | မြွေ၏အင်္ဂါတပါး ...... | ၉၉ |
| ၂၈၉။ | မြွေ၏အင်္ဂါသုံးပါး ...... | ၁၀၀ |
| ၂၉၀။ | စပါးကြီး၏အင်္ဂါတပါး ...... | ၁၀၂ |
| ၂၉၁။ | ပင့်ကူ၏အင်္ဂါတပါး ...... | ၁၀၃ |
| ၂၉၂။ | နို့ကိုမှီ၍အသက်မွေးသော သူငယ်၏အင်္ဂါတပါး | ၁၀၄ |
| ၂၉၃။ | ကြည်းလိပ်ပြောက်၏အင်္ဂါတပါး ...... | ၁၀၅ |
| ၂၉၄။ | တောအုပ်၏အင်္ဂါငါးပါး ...... | ၁၀၆ |
| ၂၉၅။ | သစ်ပင်၏အင်္ဂါသုံးပါး ...... | ၁၀၇ |
| ၂၉၆။ | မိုဃ်း၏အင်္ဂါငါးပါး ...... | ၁၀၈ |
| ၂၉၇။ | ပတ္တမြားရတနာ၏အင်္ဂါသုံးပါး ...... | ၁၁၀ |
| ၂၉၈။ | သားမုဆိုး၏အင်္ဂါလေးပါး ...... | ၁၁၁ |
| ၂၉၉။ | ငါးမျှားသောသူ၏အင်္ဂါနှစ်ပါး ...... | ၁၁၂ |
| ၃၀၀။ | တစည်းသွား၏အင်္ဂါနှစ်ပါး ...... | ၁၁၃ |
| ၃၀၁။ | အိုး၏အင်္ဂါတပါး ...... | ၁၁၅ |
| ၃၀၂။ | တီးတုတ်ငှက်၏အင်္ဂါနှစ်ပါး ...... | ၁၁၆ |
| ၃၀၃။ | ထီး၏အင်္ဂါသုံးပါး ...... | ၁၁၈ |
| ၃၀၄။ | လယ်၏အင်္ဂါသုံးပါး ...... | ၁၁၉ |
| ၃၀၅။ | ဆေး၏အင်္ဂါနှစ်ပါး ...... | ၁၂၀ |
| ၃၀၆။ | ဘောဇဉ်၏အင်္ဂါသုံးပါး ...... | ၁၂၁ |
| ၃၀၇။ | လေးသွား၏အင်္ဂါလေးပါး ...... | ၁၂၂ |
| ၃၀၈။ | မိလိန္ဒမင်းကြီး သရဏဂုံတည် ဥပါသကာဖြစ်ခြင်း | ၁၂၇ |
| ၃၀၉။ | မိလိန္ဒမင်းကြီး ရဟန္တာဖြစ်ခြင်း ...... | ၁၂၇ |
| ၃၁၀။ | မိလိန္ဒမထေရ်၏ ဆောင်ရွက်သော ဂုဏ်ထူး ...... | ၁၂၈ |
| ၃၁၁။ | ဥယျောဇဉ် ...... | ၁၂၉ |
| ၃၁၂။ | နိဂုံး ...... | ၁၂၉ |
| ၃၁၃။ | မှာထားချက် ...... | ၁၂၉ |



# မိလိန္ဒပဉှာဝတ္ထုတော်ကြီး

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

## အာသီသ နှင့် ပဋိညာဉ်

**စိရံ တိဋ္ဌတု သဒ္ဓမ္မော**····သဒ္ဓမ္မော၊ သူတော်ကောင်း တရားသည်။ စိရံ၊ မြဲမြံ တာရှည်စွာ သာသနာတော် ငါးထောင်ပတ်လုံး။ တိဋ္ဌတု၊ တည်စေသတည်း။

ဗဟုသုတ အကြားအမြင်ကို အလိုရှိကုန်သော သူတို့၏ အကျိုးငှါ မိလိန္ဒမင်းကြီးသည် ရှင်နာဂသေနမထေရ်အား နက်နဲသိမ်မွေ့စွာသော အမေးပုစ္ဆာ နက်နဲ သိမ်မွေ့စွာသော အဖြေရှိသော စကား၏အစဉ် မာဂဓဘာသာဖြင့် ပေါတ္ထကာရုဠ့ ပေထက် တင်၍ ရှိသည်ကို ဤယခု မြန်မာဘာသာဖြင့် အနက် အဓိပ္ပါယ်ကို သိလွယ်ကြောင်း စကားပြေ စီစဉ်၍ အစွမ်းသတ္တိအားလျော်စွာ ထုတ်ဘော်၍ ပြလိုက်အံ့။

မိလိန္ဒော နာမ သော ရာဇာ၊ သာဂလာယံ ပုရုတ္တမေ။
*ဥပဂစ္ဆ နာဂသေနံ၊ ဂင်္ဂါစ ယထာ သာဂရံ။ ။
အာသဇ္ဇ ရာဇာ စိတ္တကထိ၊ ဥက္ကာဓာရံ တမောနုဒံ။
အပုစ္ဆိ နိပုဏေ ပဉှေ၊ ဌာနာဋ္ဌာနဂတေ ပုထူ။ ။

---

* ပါဠိတော်၌ကား "ဥပဂစ္ဆိ" ဟုရှိသည်။

သာဂလာယံ၊ သာဂလအမည်ရှိသော၊ ပုရုတ္တမေ၊ မြတ်သောပြည်၌။ မိလိန္ဒောနာမ၊ မိလိန္ဒအမည်ရှိသော။ သောရာဇာ၊ ထိုမင်းသည်။ နာဂသေနံ၊ နာဂသိန်အမည်ရှိသောမထေရ်သို့။ ဂင်္ဂါ၊ ဂင်္ဂါ, ယမုနာ, အစိရဝတီ, မဟီ, သရဘူ မြစ်ကြီးငါးစင်းတို့သည်။ သာဂရံ၊ မဟာသမုဒ္ဒရာသို့။ ဥပဂစ္ဆန္တိ ယထာ၊ စီးဝင်ကြလေကုန်သကဲ့သို့။ ဧဝံတထာ၊ ထို့အတူ။ ဥပဂစ္ဆိ၊ အနီးသို့ကပ်၍။ စိတြကထိ၊ ဆန်းကြယ်သော တရားစကားကို ဆိုတတ်သော။ ရာဇာ၊ မိလိန္ဒမင်းကြီးသည်။ အာသဇ္ဇ၊ အနီးသို့ ချဉ်းကပ်လေပြီးသည် ဖြစ်၍။ တမောနုဒံ၊ အမိုက်တိုက်ကို ဖျောက်တတ်သော။ ဥက္ကာဓာရံ ဝိယ၊ ဆီမီးတန်ဆောင်ကဲ့သို့။ ဌာနာဌာနဂတေ၊ အကြောင်းဟုတ်သည် အကြောင်းမဟုတ်သည်၌ တည်ကုန်သော။ ပုထူ၊ များစွာကုန်သော။ နိပုဏေ၊ ခက်ခဲသိမ်မွေ့ကုန်သော။ ပဥှေ၊ ပြဿနာတို့ကို။ အပုစ္ဆိ၊ မေး၏။

**အဓိပ္ပါယ်ကား**·····သာဂလအမည်ရှိသော မြတ်သောပြည်၌ မိလိန္ဒအမည်ရှိသောမင်းသည် နာဂသိန်အမည်ရှိသော မထေရ်အထံသို့ ဂင်္ဂါ, ယမုနာ, အစိရဝတီ, မဟီ, သရဘူ မြစ်ငါးစင်းတို့သည် စီးဝင်လေသကဲ့သို့ ချဉ်းကပ်ဝင်ရောက်လေပြီး၍ ဆန်းကြယ်သောစကားကို ဆိုတတ်သော မိလိန္ဒမင်းကြီးသည် အမိုက်တိုက်ကို ဖျောက်တတ်သော ဆီမီးတန်ဆောင်ကဲ့သို့ အကြောင်း ဟုတ်သည် အကြောင်း မဟုတ်သည်၌ တည်ကုန်သော များစွာခက်ခဲသိမ်မွေ့ကုန်သော ပြဿနာတို့ကို မေး၏ဟု ဆိုလိုသည်။

**ကျမ်းနက်နဲ့ပုံ**·····ထိုမိလိန္ဒ မင်းသည် မေးအပ်သော အမေး၊ ရှင်နာဂသိန်မထေရ်ဖြေအပ်သော အဖြေတို့ကား နက်နဲ့သိမ်မွေ့သော အနက် အဓိပ္ပါယ်ကိုလည်းမှီ၏၊ မဖြစ်စဘူး မကြားစဘူးဖြစ်၍ ကြက်သီးမွေးညှင်း ထဘွယ်လည်းရှိ၏၊ နားကြားသော် နားချင်ဘွယ်လည်းရှိ၏၊ နှလုံးနှစ်လိုဘွယ်သို့ရောက်၍လည်းတည်၏။

ပုစ္ဆာဝိဿဇ္ဇနာ စေဝ၊ ဂမ္ဘီရတ္ထုပနိဿိတာ။
ဟဒယင်္ဂမာ ကဏ္ဏသုခါ၊ အဗ္ဘုတာ လောမဟံသနာ။ ။

ပုစ္ဆာစ၊ မိလိန္ဒမင်းမေးအပ်သော အမေးသည်ရင်း။ ဝိဿဇ္ဇနာစေဝ၊ ရှင်နာဂသေနမထေရ် ဖြေအပ်သော၊ အဖြေသည်ရင်း။ ဂမ္ဘီရတ္ထုပနိဿိတာ၊ နက်နဲ သိမ်မွေ့သော အနက် အဓိပ္ပါယ်ကိုလည်းမှီ၏။

အဋ္ဌုတ္တာ၊ ရှေးကာလ၌မဖြစ်စဖူး မကြားစဘူးဖြစ်၍။ လောမဟံသနာ၊ ကြက်သီး မွေးညှင်းထဘွယ်လည်းရှိ၏။ ကဏ္ဏသုခါ၊ နားကြားရသော် နား၌ ချမ်းသာဘွယ်လည်းရှိ၏။ ဟဒယင်္ဂမာ၊ ပညာရှိသော သူတို့၏ နှလုံး၌လည်းတည်၏။

ရှင်နာဂသိန် ဖြေအပ်သော အဖြေသည် ထိုမထေရ်စကားဆိုတတ်သောကြောင့် နားချမ်းသာသည် မဟုတ်သေး။ ဘုရားရှင် ဟောတော်မူအပ်သော သုတ်,အဘိဓမ္မာ,ဝိနည်း တရားတော်နှင့်လည်း မဆန့်ကျင်သည့်ဖြစ်၍ ပညာရှိတို့၏ ကဏ္ဏသုခဟဒယင်္ဂမ နား၌ချမ်းသာခြင်း နှလုံး၌တည်ခြင်းသည်ဖြစ်၏။

အဘိဓမ္မဝိနယောဂါဠှာ၊ သုတ္တဇာလသမတ္ထိတာ။
နာဂသေနကထာ စိတြာ၊ ဩပမ္မေဟိ နယေဟိစ။ ။

နာဂသေနကထာ၊ နာဂသိန်မထေရ် ဆိုအပ်သော စကားတို့သည်။ ဩပမ္မေဟိစ၊ ဥပမာတို့ဖြင့်ရင်း။ နယေဟိစ၊ နည်းတို့ဖြင့်ရင်း။ စိတြာ၊ ဆန်းကြယ်ကုန်၏။ အဘိဓမ္မ ဝိနယောဂါဠှာ၊ အဘိဓမ္မာဝိနည်းတရားတော်၌ အတွင်းဝင်ကုန်၏။ သုတ္တဇာလသမတ္ထိတာ၊ သုတ္တန်ဒေသနာတည်းဟူသော ကွန်ယက်တို့ဖြင့် ပြည့်စုံခြင်းရှိကုန်၏။

**တိုက်တွန်းချက်** ·····ထိုမိလိန္ဒမင်း ရှင်နာဂသိန် မထေရ်တို့၏ ခက်ခဲနက်နဲသော အမေးအဖြေတို့၌ သောတုဇနစာသင်သားတို့သည် မိမိတို့ စိတ်ကိုရွှင်လန်းစေ၍ သင်ကြား စိမ့်သောငှါ ဥယျောဇန ဂါထာကို ဆိုပြန်သတည်း။

တတ္ထ ဉာဏံ ပဏီဓာယ၊ ဟာသယိတွာန မာနသံ။
သုဏာထ နိပုဏေ ပဉှေ၊ ကင်္ခါဋ္ဌာနဝိဒါလနေတိ။ ။

ဘောသောတုဇနာ၊ အိုစာသင်သားတို့။ တုမှေ၊ သင်တို့သည်။ တတ္ထ၊ ထိုအမေးအဖြေတို့၌။ ဉာဏံ၊ မိမိတို့၏ဉာဏ်ကို။ ပဏီဓာယ၊ ကောင်းစွာဆောက်တည်၍။ မာနသံ၊ မိမိတို့၏စိတ်ကို။ ဟာသယိတွာန၊ ထက်စေရွှင်စေ၍။ ကင်္ခါဋ္ဌာနဝိဒါလနေ၊ ယုံမှားသင်္ကာကို ဖျောက်တတ်ကုန်သော။ နိပုဏေ၊ နူးညံ့သိမ်မွေ့ကုန်သော။ ပဉှေ၊ ပြဿနာတို့ကို။ သုဏာထ၊ မှတ်ကုန် ဆောင်ကုန်· နာကြကုန်လော့။

**မိလိန္ဒမင်းကြီး၏ ယောနကတိုင်းပြည်** ····ဥယျောဇ်ေ ဂါထာ ဖြင့် ဖိုက်တွန်း နှီးဆော် ပြီး သော် ထိုမိလိန္ဒမင်း,နာဂသိန်မထေရ်တို့၏ဖြစ်သောအရပ်ဌာနအကြောင်း ရင်းစကားကို အဘယ်သို့ ဆိုလတ္တံ့နည်း ဟု စောဒနာဘွယ်ရှိ၍ "တံ ယထာနုသူယတေ" ဟူသော ပါဠိကို ပြအပ်သတည်း။ ။ ထိုပါဠိ၏ အဓိပ္ပါယ်ကား၊ ထိုမိလိန္ဒမင်း, ရှင်နာဂသိန်မထေရ်တို့ဖြစ်သော အရပ်ဌာနအကြောင်းရင်းစကားကို အဘယ်သို့အစဉ်အတိုင်း ကြားရ နာရမည်နည်းဟု ဆိုလိုသည်။

**သရုပ်အဓိပ္ပါယ်အကျယ်ကား** ···· ယောနကတိုင်းသူတို့အား အထူး ထူး အရုရသော လူမျိုး တို့ဖြင့် များသော သာဂလအမည်ရှိသော အကြင်မြို့ကြီးသည်ရှိ၏၊ ထိုသာဂလမြို့ ကြီးသည် စီးသောရေရှိသောမြစ်,တောင်တို့ဖြင့်လည်းတင့်တယ်သည်၊ မွေ့လျော်ဘွယ်သော မြေပြင်အရပ် မျက်နှာ အတို့လည်း ရှိသည်၊ မွေ့လျော်ကြည်ညိုဘွယ်သော ပန်းဥယျာဉ်,သစ်သီးဥယျာဉ်, တဘက် ဆည်ကန်, လေးထောင့်ကန်နှင့်လည်း ပြည့်စုံသည်၊မြစ်,တောင်,တော တို့ဖြင့် မွေ့လျော်ပျော်ဘွယ်ရှိကုန်သည်ဖြစ်၍ အကြားအမြင်နှင့်ပြည့်စုံ သော သူတို့သည် ဖန်ဆင်းစီရင်အပ်သော သာဂလမြို့သည် ရန်သူ မရှိ၊ တပါးသောရန်သူတို့သည် မဝင်နိုင်သော အထူးထူး မြဲမြံသော ပြအိုး, ပြွှင်, ရင်တား, သူရဲခို,နက်သောကျုံးမြောင်း, ဖွေးဖွေးဖြူသော တံတိုင်းအင်္ဂတေတို့ဖြင့် ရံအပ်သော ခရီးမ, ခရီးကွေ့, လမ်းလေးခွ, ခရီးအစပ်နှင့်လည်း ပြည့်စုံသည်၊ ကောင်းစွာ ခင်းကျင်း အပ်သော အထူးထူးအပြားပြား မြတ်သော ဥစ္စာဘဏ္ဍာတို့ဖြင့် ထက်ဝန်းကျင် ပြည့်စုံသော ရောင်းအပ် ဝယ်အပ်သော အိမ်ဈေး သဘင်နှင့်လည်း ပြည့်စုံသည်၊ အထူးထူးသော အလှူတင်းကုပ်တို့ဖြင့် များစွာတင့်တယ် သည်၊ ဟိမဝန္တာတောင်ထွတ်နှင့်တူသော အစုစု များစွာသောဥယျာဉ် တော်တို့ဖြင့်လည်း တန်ဆာဆင်ခြင်း ရှိသည်။

ဆင်,မြင်း,ရထား,ခြေသည် တည်းဟူသော စစ်အင်္ဂါလေးပါးတို့ဖြင့် ပြွမ်းသည်၊ အလွန်လျှင် ပျော်ရွှင်မြူးထူးခြင်းတို့ဖြင့် မွေ့လျော်ဘွယ်ရှိ သောပြည့်တန်ဆာ မိန်းမတို့ကဲ့သို့ အမင်္ဂလာအကျက်ရှိသော လူတို့ဖြင့် ပြွမ်းသည်၊ များစွာသော မင်း, ပုဏ္ဏား,ကုန်သည်,သူဆင်းရဲ အထူးထူး

သော ရဟန်းပုဏ္ဏားတို့ဖြင့် ကောင်းစွာ ဝေဘန်အပ်သည်နှင့် စပ်ယှဉ်သည်၊ အထူးထူး အပြားပြား များစွာသော ဝိဇ္ဇာဓိုရ် အတတ်ကို တတ်သော လုလင်ပျိုလုအိုတို့သည်လည်း အမြဲမပြတ်အပ်သည်၊ ကာသိကရာဇ်တိုင်း, ကောဒုမ္ဗရတိုင်း အစရှိသော တိုင်းတို့မှ ဖြစ်သော အထူးထူး အပြားပြားရှိသောပုဆိုးဈေးနှင့်လည်း ပြည့်စုံသည်၊ ကောင်းစွာ ခင်းကျင်းအပ်သော အထူးထူးအပြားပြား များစွာရှိသော ပန်းနံ့သာဈေးနှင့်လည်း ပြည့်စုံသည်၊ ကုံးအပ်သောပန်းကုံးတို့၏ အနံ့တို့သည်လည်းလိုချင်ဘွယ်နှစ်သက်ဘွယ်ရှိသည်၊ များစွာသော ရတနာတို့ဖြင့် ပြည့်သော အရပ်မျက်နှာတို့၌ ခင်းကျင်းအပ်သောဈေးသဘင်လည်းရှိသည်၊ ခရီးဆုံ, ခရီးကွေ့တို့၌ ရောင်းဝယ်ကြသော ကုန်သည်တို့သည်လည်း အစဉ်အတိုင်း သွားလာကြသည်၊ အသပြာ ရွှေငွေကြေး တို့ဖြင့် ဖြန့်အပ်ခင်းကျင်းအပ်သည်ဖြစ်၍ ပြည့်စုံသည်၊ ပြောင်ပြောင်တောက်သော ရွှေနန်းရွှေအိမ်လည်းရှိသည်၊ များစွာသောဥစ္စာစပါးတို့ဖြင့် သိုမှီးမြှုပ်ထားအပ်သော အဆောက် အဦ ပြည့်သော ကျီကြလည်းရှိသည်၊ များစွာသော ထမင်း အဖျော် အထူးထူး အပြားပြားသော ခဲဘွယ်ဘောဇဉ် စားဘွယ် သောက်ဘွယ် လျက်ဘွယ် အရသာတို့နှင့်လည်း ပြည့်စုံသည်၊ ဤသို့ ပြည့်စုံသည်ဖြစ်၍ ဥတ္တရကုရု ကျွန်းနှင့်လည်းတူ၏၊ တာဝတိံသာ နတ်ပြည်နှင့်လည်းတူ၏။

---

## မိလိန္ဒမင်းနှင့်ရှင်နာဂသေနတို့၏ ရှေးအတိတ်အကြောင်း

ထိုသို့ သာဂလပြည်၏ ပြည့်စုံခြင်းကို ပြပြီး၍ ထိုမိလိန္ဒမင်းနှင့် ရှင်နာဂသေနမထေရ်တို့၏ ရှေးသံသရာပုဗ္ဗကမ္မကို ပြလိုသော်ဌါ—

ဧတ္ထ ဌတွာ တေသံ ပုဗ္ဗကမ္မံ ကထေတဗ္ဗံ၊ ကထေန္တေန
စ ဆဓာ ဝိဘဇိတွာ ကထေတဗ္ဗံ—ဟူသော ပါဌ်ကိုဆိုသတည်း။

ဧတ္ထ၊ ထိုအမေးအဖြေ ဆိုဘွယ်ရှိရာစကား၌။ ဌတွာ၊ ထား၍။ ဝါ၊ ထားဦး၍။ တေသံ၊ ထိုမိလိန္ဒမင်း, နာဂသိန်မထေရ်တို့၏။ ပုဗ္ဗကမ္မံ၊ ရှေးသံသရာဘဝက အကြောင်းရင်း ကံတရားကို။ ကထေတဗ္ဗံ၊ ဆိုအပ်၏။ ကထေန္တေန စ၊ ဆိုလိုသောဆရာသည်လည်း။ ဆဓာ၊ ခြောက်ပါးအပြားအားဖြင့်။ ဝိဘဇိတွာ၊ ခွဲဝေ၍။ ကထေတဗ္ဗံ၊ ဆိုအပ်၏။

ကြောင့် အတိတ် အနာဂတ် ပစ္စုပ္ပန်၌ ဖြစ်ကုန်သော အတတ်ပညာနှင့် စပ်လျဉ်းသောအရာတို့ကို ပြုခြင်း စီရင်ခြင်း၌ ရှုးစမ်းခြင်းမရှိ လျင်စွာ လျင်စွာ ပြုနိုင်သည်ဖြစ်၍ ထိုမိလိန္ဒမင်းအား များစွာသင်အပ်သော ကျမ်းဂန် အတတ်ပညာတို့သည် ထင်ရှားရှိကုန်၏၊ များစွာသော အတတ်ပညာ ကျမ်းဂန်ဟူသည်ကား လောကီအဋ္ဌာရသအတတ်နှင့် ဘုရားရှင် ဟောတော်မူအပ်သော ပိဋကတ်တရားတော်နှင့် ပေါင်းသောအားဖြင့် တဆယ့်ကိုးပါးသော အတတ်ကို သူတပါး မညှဉ်းဆဲနိုင်အောင် တတ်၏။

**အတတ်ပညာများကား**……သုတိ,သမ္ဗုတိ,သင်္ချာ,ယောဂ,
နီတိ, ဝိသေသိကာ, ဂဏိကာ,
ဂန္ဓဗ္ဗာ,တိကိစ္ဆာ, စတုဗေဒ, ပုရာဏာ,ဣတိဟာသာ, ဇောတိသာ,မာယာ, ဟေတု, မန္တနာ, ယုဒ္ဓ, ဆန္ဒာ, ဗုဒ္ဓဝစနေန ဧကူနဝီသတိ–ဟူသည်တည်း။

သုတိ၊သဒ္ဒါကျမ်းအတတ်ရင်း။ သမ္မုတိ၊ ဓမ္မသတ်ကျမ်းအတတ်ရင်း။ သင်္ချာ၊ ရေတွက်ခြင်း သင်္ချာအတတ်ရင်း။ ယောဂ၊ ဗိဿုကာကျမ်းအတတ်ရင်း။ နီတိ၊ နီတိကျမ်းအတတ်ရင်း။ ဝိသေသိကာ၊ ဗျာကရဏ်းကျမ်းအတတ်ရင်း။ ဂဏိကာ၊လက်ခြားအရေအတွက်ဖြစ်သော အတတ်ရင်း။ ဂန္ဓဗ္ဗာ၊ စောင်းပြွေအတတ်ရင်း။ တိကိစ္ဆာ၊ ဆေးအတတ်ရင်း။ စတုဗေဒ၊ဗေဒင်လေးပုံအတတ်ရင်း။ ပုရာဏာ၊ စကားဟောင်းအတတ်ရင်း။ဣတိဟာသာ၊*ရယ်ရွှင်မှုအတတ်ရင်း။ ဇောတိသာ၊ဟူးရားအတတ်ရင်း။မာယာ၊လှည့်ပတ်မှုအတတ်ရင်း။ဟေတု၊နိမိတ်အတတ်ရင်း။မန္တနာ၊မန္တရားအတတ်ရင်း။ ယုဒ္ဓ၊စစ်ထိုးသောအတတ်ရင်း။ ဆန္ဒာ၊ဆန်းကျမ်းအတတ်ရင်း။ ဗုဒ္ဓဝစနေန၊ ဘုရားရှင်ဟောတော်မူအပ်သော ပိဋကတ်တော်နှင့်။သဟ၊ တကွ။ဧကူနဝီသတိ၊ တဆယ့်ကိုးပါးသော အတတ်တို့တည်း။

လောကီအဋ္ဌာရသ တဆယ့်ရှစ်ပါးသော အတတ်တို့တွင် သဒ္ဒါကျမ်းအတတ်ဆိုရာ၌ သသ်ကရိုက်သဒ္ဒါကျမ်းကို ဆိုလိုမည်ထင်သည်။

* မဟာဘာရတ အစရှိသော ရှေးစကားဟောင်းအစဉ်ကို ဣတိဟာသဟု ဆိုသည်။(မာဂဓအဘိဓာန်)

ရေတွက်ခြင်း သင်္ချာအတတ်ဆိုရာ၌ ခု,ဆယ်,ရာ,ထောင်,သောင်း, သိန်း,သန်း,ကုဋေ,အစရှိသည်ဖြင့် ရေတွက်ခြင်း အပေါင်း အစုအရုံး ကိုဆိုလိုမည်ထင်သည်။

ဗျာကရုဏ်းအတတ်ဆိုရာ၌ လက္ခဏာယုတ်မြတ်ကို ဟောရာဖြစ်သော ကျမ်းကိုဆိုလိုမည်ထင်သည်။

လက်ခြားအတတ်ဆိုရာ၌ လူတို့လက်ဝါးပြင်၌ အရေး အသားကို မြင်လျှင် ချမ်းသာဆင်းရဲကို ဟောသော ကျမ်းအတတ်ဆိုလိုသည်။

ဗေဒင်လေးပုံအာဘတ်ဆိုရာ၌ ဣရု, သာမ,ယဇု–ဗေဒင်သုံးပုံသည် နေ လ နက္ခတ် နာရီ အချိန်အခါ ရာသီတို့ကို တွက်ချက်ရာဖြစ်သည်၊ အာထဗ္ဗနဗေဒင်ကား ကြက်သည်း ဝက်သည်း ကြက်ခြေ ကြက်ဥကို ကြည့်၍ ချမ်းသာဆင်းရဲကိုဟောရာ သတ္တဝါတို့ကို ပူပန်ဆင်းရဲ သေကြေပျက်စီးအောင် စီရင်အပ်သောကျမ်းဆိုလိုသည်။

စကားဟောင်းအတတ်ဆိုရာ၌ ရှေးလူကြီးတို့ ပြောဆိုလေ့ရှိသော စကားကို အစဉ်မှတ်နာ၍ ပြောသောစကားအတတ်ဆိုလိုသည်။

ရယ်ရွှင်မှု အတတ်ဆိုရာ၌ ရယ်မှုနှင့် စပ်ယှဉ်သော စကားကို ပြောတတ်သောအတတ်ဆိုလိုသည်။

ဟူးရားအတတ်ဆိုရာ၌ တာရာ နက္ခတ် ကြယ်သည် ထွန်းပသည် ညှိုးသည်ကိုမြင်၍ ချမ်းသာဆင်းရဲကို ဟောသောအတတ်ဆိုလိုသည်။

နိမိတ်အတတ်ဆိုရာ၌ လင်းတနားသည် ပျားစွဲသည် အစရှိသော အကြောင်းကိုမြင်၍ ချမ်းသာဆင်းရဲကို ဟောရာဖြစ်သော ကျမ်းအတတ်ကို ဆိုလိုသည်။

ဆန်းကျမ်းဆိုရာ၌ လူတို့အသုံးအစွဲ ဖြစ်စိမ့်သော၄ါ ကခြင်းသီခြင်း စောင်းငြှင်းမောင်းကြေးနင်း ခွက်ခွင်း အစရှိသောအစီအရင်, ရက်ကန်း ဗိုင်းတာ ရက်နည်းအစီအရင်,ထိုမှတပါး လူတို့လုပ်ကိုင်မှုနှင့်စပ်လျဉ်း သည်ကို စီရင်သောကျမ်းအတတ် ဆိုလိုသည်။

ယခုစာသင်သားတို့အလေ့အကျက်ပြုသောဆန်းကျမ်းကားလောကီ ဆန်းကျမ်းကိုအမှီပြု၍ ဝဏ္ဏမတ္တာတို့ဖြင့် မှတ်သား၍ ဂါထာဖွဲ့ရာဖြစ် သောကျမ်းဖြစ်သည်ဟု ယူအပ်၏။

ရှင်ကစ္စည်း မထေရ် ဟောအပ်သော သဒ္ဒါကျမ်းကား ဘုရားရှင် ဟောတော်မူအပ်သော ပိဋကတ်အား လျှော်သောကြောင့် ဇုဒ္ဒဝစန အတတ်သို့ သွင်းလေသည်၊ လောကီသဒ္ဒါကျမ်းဆိုရာ၌ သင်္ကာရိက် ကျမ်းကိုယူမှသင့်မည်ထင်သည်၊ ဤကဲ့သို့ကြံမှ ဗျာကရဏ်းအတတ်နှင့် လည်း ဂဏိကာအတတ် အသီးအကွဲ ထူးခြားမည်၊ သချာအတတ်နှင့် စတုဗေဒ အတတ်လည်း အသီးအကွဲ ထူးခြားမည်၊ ဟူးရားအတတ်နှင့် နိမိတ်အတတ်လည်း အသီးအကွဲ ထူးခြားမည်ထင်သည်၊ထိုသို့ထင်ငြား သော်လည်း ပညာရှိတို့ မသင့်သောအယူကိုပယ်၍ သင့်သောအယူကို သာယူအပ်လေသည်။

စတုဗေဒအရာ၌လည်း ဓနုဂ္ဂဟာလေးအတတ်ဟူ၍လည်း လောက နီတိကျမ်း၌ ဆိုင်ရာယူအပ်သည်။

---

## ပူရဏကဿပအား မိလိန္ဒမင်း အမေး

ဇမ္ဗူဒိပါကျွန်း၌ မိလိန္ဒမင်းနှင့်တူသော အစွမ်းသတ္တိရှိခြင်း လျင်လျား ခြင်း ရဲရင့်ခြင်း ပညာအားဖြင့် တူသောသူမရှိ၊ကြွယ်ဝသည် များသော ဥစ္စာအသုံးအဆောင်များသော စစ်သည်ဗိုလ်ပါရှိသည်ဖြစ်၍ လူအများတို့ ကိုးကွယ်ရာဖြစ်သောသူတို့တွင် မြတ်သောမင်းဟု ကျော်စောထင်ရှား၏၊ ထိုမိလိန္ဒမင်းသည် အခါတပါးသောနေ့၌ စစ်သည်ဗိုလ်ပါ အရုံးအစုကို ကြည့်ရှုလိုသဖြင့် မြို့မှထွက်၍ စစ်သည် ဗိုလ်ပါ အရုံးအစုကို ကြည့်ရှု လတ်သော် မိလိန္ဒမင်းသည် မကြောက်မရွံ့ ရဲရင့်ခြင်း ရှိသည်ဖြစ်၍ ကြည်ညို နှစ်လိုဘွယ်ရှိသော လောကနှင့်ယှဉ်သောစကား ပညာရှိတို့၏ နှလုံးကိုတုန်လှုပ်စေတတ်သောစကားကို ပြောဟောတတ်သောသူတို့နှင့် စကားပြောဟောလိုသည်ဖြစ်၍ အချိန်ကာလကို ကြည့်ပြီးသော် အမတ် တို့ကိုခေါ်၍ အချင်းအမတ်တို့ အချိန်ကာလ နေအကြွင်းရှိသေး၏၊ ဤယခု မြို့တော်သို့ ဝင်၍ အဘယ်အကျိုးရှိအံ့နည်း၊ တစုံတယောက်သောပညာရှိ ရဟန်းပုဏ္ဏား ဂိုဏ်းသံဃာတို့၏ဆရာ, သုံးလူ့အထွဋ် သဗ္ဗညုဘုရား ရှင်ကိုသိသောသူ, ငါနှင့်စကားပြောဟောခြင်း၄ါ ငါ၏ယုံမှားသက်ာကို ဖျောက်နိုင်ခြင်း၄ါတတ်နိုင်သောသူမရှိလေသလောဟုမေးသော် ငါးရာသော ယောနက အမျိုးသားတို့သည် မိလိန္ဒမင်းကို မြတ်သောမင်းကြီး ပူရဏ

ကဿပ, မက္ခလိဂေါသာလ, နိဂဏ္ဌနာဋပုတ္တ, သဉ္စယဗေလဋ္ဌပုတ္တ, အဇိတကေသကမ္ဗလ, ပကုဓကစ္စာယန, ဤခြောက်ယောက်သော ဆရာတို့သည် အပေါင်းအစုကြီးကျယ်၏၊ ဂိုဏ်းတို့၏ ဆရာဖြစ်၍ ထင်ရှားကျော်စော၏၊ များသော အခြံအရံရှိသည်ဖြစ်၍ သူတပါးတို့၏ ကိုးကွယ်ရာ မှီခိုရာ သူတော်ကောင်းဟူ၍ သမုတ်အပ်ကုန်၏၊ ရှင်မင်းကြီးကြွတော်မူ၍ အံမေးပုစ္ဆာ ပြဿနာတို့ကို မေးတော်မူပါ၊ ယုံမှားသင်္ကာ တွေးတောဘွယ်ရှိသော အရာကို ပျောက်ပါစေလောဟု တိတ္ထိဆရာ ခြောက်ယောက်တို့ကို ညွှန်လေ၏။

ထိုအခါ မိလိန္ဒမင်းသည် ငါးရာသော ယောနက အမျိုးသားတို့ဖြင့် ခြံရံလျက် မြင်းကသော ရထားစီး၍ ပူရဏကဿပ အထံသို့ကပ်၍ ပူရဏကဿပနှင့် ဝမ်းမြောက်ဝမ်းသာ စကားနှုတ်ဆက် ပြောဆိုကြပြီးသော် တင့်အပ်လျောက်ပတ်သောအရပ်၌နေ၍ ပူရဏကဿပအား ဤသို့သောစကားကို မေးလေ၏။

**မေး။** ကော ဘန္တေ ကဿပ လောကံ ပါလေတိ။

ဘန္တေကဿပ၊ အရှင်ပူရဏကဿပ။ လောကံ၊ လူအပေါင်းကို။ ကော၊ အဘယ် သူသည်။ ဝါ၊ အဘယ်တရားသည်။ ပါလေတိ၊ စောင့်ရှောက်သနည်း။

**ဖြေ။** ပထဝီ မဟာရာဇ လောကံ ပါလေတိ။

မဟာရာဇ၊ မင်းမြတ်။ လောကံ၊ လူအပေါင်းကို။ ပထဝီ၊ မြေကြီးသည်။ ပါလေတိ၊ စောင့်ရှောက်၏။

မြေကြီးသည် လူအပေါင်းကို စောင့်ရှောက်၏ ဟူသော ပူရဏကဿပ ဆိုအပ်သောစကားကို မိလိန္ဒမင်း မနှစ်သက်သည်ဖြစ်၍ အရှင်ဘုရား အကယ်၍တည်း မြေကြီးသည် လူအပေါင်းကို စောင့်ရှောက်အံ့၊ အဝီစိငရဲ၌ ကျင်လည်ရသော သတ္တဝါတို့သည် မြေကိုလွန်၍ သွားရကုန်၏၊ ထိုငရဲသူတို့ကို ချမ်းသာစွာဖြစ်စေရအောင် မြေကြီးသည် မတားမစောင့်ပါဟုဆိုလိုသည်၊ ထိုသို့ဆိုသော် ပူရဏကဿပသည် ထိုစကားကို ပြန်အံ့သောငှါလည်း မတတ်နိုင်, ထွေးအံ့သောငှါလည်း မတတ်နိုင်သည်ဖြစ်၍ မျက်နှာအောက်ချ ဦးခေါင်း ငိုက်စိုက် တိတ်တိတ်နေလေ၏။

## မက္ခလိဂေါသာလအား မိလိန္ဒမင်း အမေး

ထိုအခါ မိလိန္ဒမင်းအား ဇမ္ဗူဒိပါကျွန်းသည်အချည်းနှီးရှိခဲ့ပြီတကား ဇမ္ဗူဒိပါကျွန်းသည်အဖျင်းဖျင်းရှိခဲ့ပြီတကားဟု အကြံရှိ၍၊အချင်းအမတ်တို့ငါနှင့်အတူစကားဆွေးနွေးပြောဆိုအံ့သောငှါ ငါ၏ယုံမှားသက်ာကို ဖျောက်နိုင်အံ့သောငှါ ရဟန်းပုဏ္ဏား ဂိဏ်းသံဃာ အပေါင်းတို့၏ဆရာ ဘုရားရှင်ကို သမ္မာသမ္ဗုဒ္ဓ ဟုဉာဏ်တော်နှင့် ပြည့်စုံတော်မူသောဘုရားဟူ၍ ကျေးဇူးတော်ကို သိသော တစုံတယောက်သောသူမျှ မရှိသည် ဖြစ်၍ ဤဇမ္ဗူဒိပါကျွန်းသည် အချည်းနှီးဖြစ်ခဲ့ပြီ အဖျင်းဖျင်း ရှိခဲ့ပြီတကားဟု ဆို၍ ထိုအခါ မိလိန္ဒမင်းကြီးသည် မက္ခလိဂေါသာလကိုမေးပြန်လေ၏။

**မေး။** ။အတ္ထိ ဘန္တေ ဂေါသာလ ကုသလာကုသလာနိ ကမ္မာနိ၊ အတ္ထိ သုကတဒုက္ကဋာနံ ကမ္မာနံ ဖလဝိပါကောတိ။

ဘန္တေဂေါသာလ၊ အရှင်မက္ခလိဂေါသာလ။ ကုသလာကုသလာနိ ကမ္မာနိ၊ ကုသိုလ်ကံ အကုသိုလ်ကံတို့သည်။ အတ္ထိသန္တိ၊ ရှိကုန်၏လော။ သုကတဒုက္ကဋာနံ၊ ကောင်းသည် မကောင်းသည်ကို ပြုတတ်ကုန်သော။ ကမ္မာနံ၊ အမှုအရာကံတရားတို့၏။ ဖလဝိပါကော၊ အကျိုးဆက်တရားသည်။ အတ္ထိ၊ ရှိ၏လော။

ဤသို့ မိလိန္ဒမင်းသည် ကုသိုလ်ကံ အကုသိုလ်ကံရှိသည် မရှိသည် ထိုကံတရားတို့၏ ကောင်းကျိုး မကောင်းကျိုး ရှိသည် မရှိသည်ကို မေးသော် မက္ခလိဂေါသာလ ဤသို့ဖြေလေ၏။

**ဖြေ။** ။နတ္ထိ မဟာရာဇ ကုသလာကုသလာနိကမ္မာနိ၊ နတ္ထိ သုကတဒုက္ကဋာနံ ကမ္မာနံ ဖလဝိပါကော။

မဟာရာဇ၊ မြတ်သောမင်းကြီး။ ကုသလာကုသလာနိကမ္မာနိ၊ ကုသိုလ်ကံအကုသိုလ်ကံတို့သည်။ နတ္ထိနသန္တိ၊ မရှိကုန်။ သုကတဒုက္ကဋာနံ၊ ကောင်းသဖြင့် ပြုအပ် မကောင်းသဖြင့် ပြုအပ်ကုန်သော။ ကမ္မာနံ၊ အမှုအရာတို့၏။ ဖလဝိပါကော၊ အကျိုးဆက်သည်။ နတ္ထိ၊ မရှိ။

ဤသို့မက္ခလိဂေါသာလဖြေပြီး၍ ထိုစကားကို အကျယ်ပြပြန်လေ၏။

**အဓိပ္ပါယ်ကား**⋯⋯မြတ်သောမင်းကြီး ဤလောက၌ အကြင်မင်းတို့သည်ရှိကုန်၏ ထိုမင်းတို့သည် ဝါဘဝသို့ သွား

သည်ရှိသော် တဘာန် ဘဝသစ်၌ မင်းသာလျှင် ဖြစ်ကုန်၏၊ ဤလောက၌ ပုဏ္ဏား သူကြွယ် သူဆင်းရဲပန်းမှိုက်ကျုံး ဒွန်းစဏ္ဍား အမျိုးတို့သည်• ရှိကုန်၏၊ထိုသူတို့သည် တဘဝသို့သွားသည်ရှိသော် တဘန်လျှင် ပုဏ္ဏားသည် ပုဏ္ဏားအမျိုး သူကြွယ်သည် သူကြွယ်အမျိုး သူဆင်းရဲသည် သူဆင်းရဲအမျိုးပန်းမှိုက်ကျုံးဒွန်းစဏ္ဍားသည် ပန်းမှိုက်ကျုံး ဒွန်းစဏ္ဍား အမျိုး၌သာ ဖြစ်ကုန်၏၊ ကုသိုလ်ကံ အကုသိုလ်ကံတရား အဘယ်မှာ ရှိအံ့နည်းဟု မက္ခလိဂေါသာလကအကျယ်ပြောဆိုပြန်သော် ထိုစကားကို မိလိန္ဒမင်း မနှစ်သက်သည်ဖြစ်၍ ငါ့ရှင် မက္ခလိဂေါသာလ ဤလောက၌ မင်း ပုဏ္ဏား သူကြွယ် သူဆင်းရဲ ဒွန်းစဏ္ဍားအမျိုးသည် သေလွန်သော် တဘဝ၌ တဘန်ဖြစ်နေကျအမျိုး၌သာ အကယ်၍ဖြစ်အံ့၊ကုသိုလ်ကံအကုသိုလ်ကံတရားတို့ဖြင့် ပြုဘွယ်ကိစ္စမရှိပြီ၊ ထိုသို့တပြီးကား ငါ့ရှင် မက္ခလိဂေါသာလ ဤလောက၌ အကြင် လက်ခြေနားနှာခေါင်းပြတ်သော သူတို့သည်ရှိသည်ဖြစ်ကုန်အံ့၊ထိုသူတို့သည် တဘာန်တမလွန် ဘဝသစ်၌ ဖြစ်နေကျဖြစ်၍ လက်ပြတ် နားပြတ် စသည်တို့သည် ဖြစ်ကုန်လတ္တံ့လောဟု မိလိန္ဒမင်း မေးဆိုသော် ထိုမက္ခလိဂေါသာလသည် စကားကို ပြေအောင်မဆိုနိုင် မပြောနိုင်၍ တိတ်တိတ်နေလေ၏။

## မိလိန္ဒမင်း၏ အမေးကို မဖြေနိုင်ရှိနေခြင်း

ထိုအခါမိလိန္ဒမင်းအား အကြံသည်ဖြစ်၏ ဩော်-ဇမ္ဗူဒိပါကျွန်းသည် အချည်းနှီးရှိခဲ့ပြီတကား၊အဖျင်းဖျင်းရှိခဲ့ပြီတကား၊ငါနှင့်အတူစကားပြောပြောဟောခြင်းငှါ ငါ၏ယုံမှားသကင်္ခါကို ဖျောက်နိုင်ခြင်းငှါ တစုံတယောက်မျှမရှိပါတကား- ဤသို့သောအကြံဖြစ်လေ၏။

ထိုအခါ မိလိန္ဒမင်းသည် အမတ်တို့ကို အချင်းအမတ်တို့ ညဉ့်အခါသည် မွေ့လျော်ဘွယ် ရှိစွတကား၊ယခုအခါ အဘယ်မည်သော ရဟန်း ပုဏ္ဏားသို့ကပ်၍ ပြဿနာကိုဖြေခြင်းငှါ ငါနှင့်အတူ စကားပြောဟောခြင်းငှါ ငါ၏ယုံမှားသကင်္ခါကို ဖျောက်နိုင်ခြင်းငှါ အဘယ်အမည်ရှိသော ရဟန်း ပုဏ္ဏားတို့သည် တတ်နိုင်ပါအံ့နည်းဟု ဆိုသော်၊အမတ်တို့သည် တိတ်တိတ်စကားမဆိုကြသည် ဖြစ်ကုန်၍ မင်း၏မျက်နှာကိုသာ ကြည့်လျက် နေကြကုန်၏။

ထိုအခါမှစ၍ သာဂလမြို့သည် တဆဲ့နှစ်နှစ် ပတ်လုံး ပညာရှိသော ရဟန်းပုဏ္ဏား သူကြွယ်တို့မှ ဆိတ်ညံလေ၏၊ အကြင်အရပ်၌ ရဟန်း ပုဏ္ဏား ပညာရှိတို့နေ၏၊ ထိုမိလိန္ဒမင်း ကြားလေသော် ထိုအရပ်သို့ သွား၍ ပြဿနာကိုမေးလေ၏၊ အလုံးစုံသော သူတို့သည် မိလိန္ဒမင်း မေးသည်ကို ဖြေသဖြင့် မိလိန္ဒမင်းကို နှစ်သက်စေခြင်းငှါ မတတ်နိုင် သော် စိတ်ရှိရာ မည်သည့်အရပ်မဆို ပြည်မှ ပဲကြဉ်သွားကြကုန်၏၊ အကြင်ပညာရှိတို့သည် အရပ်တပါးသို့မသွား၊ ထိုမသွားသော သူတို့ သည် တိတ်တိတ် နေလေကုန်၏၊ များသောအားဖြင့် ရဟန်းတို့သည် ဟိမဝန္တာသို့သာ သွားလေကုန်၏။

**အဿဂုတ္တထေရ်အမည်ရှိသော ရဟန္တာအစည်းအဝေး**......ထိုအခါ ကုဋေ့အရာများလောက်သော ရဟန္တာတို့သည် ဟိမဝန္တာတောင် ရက္ခိတအပြင်၌ သိတင်းသုံးနေကြကုန်၏ ထိုအခါ အဿဂုတ္တအမည်ရှိသော ရဟန္တာ မထေရ်သည် ဒိဗ္ဗသောတအဘိညာဉ်ဖြင့် မိလိန္ဒမင်း၏ကြိုးဝါးပြောဆို သော စကားကို ကြားလေ၍ ယုဂန္ဓရ တောင်ထိပ်၌ ရဟန်းသံဃာ အပေါင်းတို့ကို စည်းဝေးစေ၍ ငါ့ရှင်သံဃာတို့ မိလိန္ဒမင်းနှင့် အတူ စကားပြောဟောခြင်းငှါ ထိုမင်း၏ယုံမှားသင်္ကာကို ဖျောက်နိုင်ခြင်း ငှါအစွမ်းသတ္တိနှင့်ပြည့်စုံသော တစုံတယောက်သောရဟန်းရှိပါ၏လော ဟု မေးသော် ကုဋေ့အရာများလောက်သော ရဟန္တာတို့သည် ဆိတ်ဆိတ် နေကြလေကုန်၏၊ ထို့အတူ နှစ်ကြိမ် သုံးကြိမ်မြောက် မေးသော်လည်း ဆိတ်ဆိတ်သာ နေကြလေကုန်၏။

**တာဝတိံသာသို့ကြွတော်မူကြခြင်း**....ထိုအခါ အဿဂုတ္တမထေရ်သည် ရဟန်းသံဃာ အပေါင်းကို ငါ့ရှင်သံဃာတော်တို့ တာဝတိံသာနတ်ပြည် ဝေဇယန္တာ နန်းပြာသာဒ်၏ အရှေ့မြောက်ထောင့်၌ ကေတုမတီ အမည်ရှိသော ဗိမာန်သည်ရှိ၏၊ ထိုကေတုမတီဗိမာန်၌ မဟာသေန အမည်ရှိသော နတ်သားသည် ထင်ရှားစွာနေ၏၊ ထိုမဟာသေန နတ်သားသည် မိလိန္ဒ မင်းနှင့်အတူ စကားပြောဆိုခြင်းငှါ ယုံမှားသင်္ကာကိုဖျောက်နိုင်ခြင်း ငှါ စွမ်းနိုင်သော သတ္တိရှိ၏ဟုဆိုလေ၏၊ ထိုအခါ ကုဋေ့အရာများလောက်

သော ရဟန္တာတို့သည် ယုဂန္ဓရတောင်ထိပ်မှကွယ်ခဲ့၍ တာဝတိံသာ နတ်ပြည်၌ ထင်ရှားစွာဖြစ်ကုန်၏၊ နတ်တို့ကို အစိုးရသောသိကြားမင်း သည် အဝေးကပင်လျှင် ကြွလာကုန်သော ရဟန်း တို့ကိုမြင်၍ အသျှင်ဂေါတမထေရ်ရှိရာ ချဉ်းကပ်လျက် ရိုသေစွာရှိခိုး၍ လျှောက်ပတ် သောအရပ်၌ ရပ်လေ၍ သိကြားမင်းသည် အသျှင်ဂေါတမထေရ်ကို အရှင်ဘုရား များစွာသောရဟန်းသံဃာတော်တို့နှင့်တကွ ရောက်တော် မူလာ၏၊ အကျွန်ုပ်သည် သံဃာတော်တို့၏ အာရာမိကအရံအစောင့်ဖြစ်ပါ ၏၊ အကြောင်းအဘယ်သို့ရှိတော်မူသနည်း၊ အကျွန်ုပ်သည် အဘယ်အမှု ကို ပြုရအံ့နည်းဟု မေးလျှောက်သော် ထိုအခါ အသျှင်ဂေါတမထေရ် သည် သိကြားမင်းကို တကာသိကြားမင်း ဇမ္ဗူဒိပါကျွန်း သာဂလမြို့၌ မိလိန္ဒမင်းသည် များစွာသော လောကီ အဋ္ဌာရသအတတ် ဘုရားရှင် ဟောတော်မူအပ်သော ပိဋကတ်ကျမ်းဂန်တို့ကို တတ်လိမ္မာသည်ဖြစ်၍ အယူဖြင့် သူတပါးတို့၏နှလုံးကို တုန်လှုပ်စေနိုင်၏၊ ဆိုနိုင်ခြင်းငှါ ခဲ၏၊ အများမိခိုရာ သူအပေါင်းတို့ထက် မြတ်၏ဟု ထင်ရှား၏၊ ထိုမိလိန္ဒမင်း သည် ရဟန်းသံဃာအထံကပ်၍ မိမိအယူဝါဒဖြင့် ပြဿနာ မေးမြန်း၍ ရဟန်းသံဃာတော်ကို ညှဉ်းဆဲဘိ၏ဟု ပြောဆိုလေ၏။

ထိုအခါ သိကြားမင်းသည် ရှင်အသျှင်ဂေါတမထေရ်ကို အရှင်ဘုရား မိလိန္ဒမည်သောမင်းသည် ဤတာဝတိံသာနတ်ပြည်မှစုတေ၍ လူ့ပြည် ၌ ဖြစ်သည်ဟူသောစကားကို ပြောဆိုပြီး၍ အရှင်ဘုရား ကေတုမတိ မည်သောဗိမာန်၌ မဟာသေနအမည်ရှိသော နတ်သားသည် အစိုးတရ နေ၏၊ ထိုမဟာသေနနတ်သားသည် ထိုမိလိန္ဒမင်းနှင့်အတူ တရားစကား ပြောဟောခြင်းငှါ ယုံမှားသက်ာကိုဖျောက်ခြင်းငှါ အစွမ်းသတ္တိပညာ နှင့်ပြည့်စုံ၏၊ ထိုမဟာသေန နတ်သားကို လူ့ပြည်၌ ဖြစ်စိမ့်သောငှါ တောင်းပန်ကုန်အံ့ဟုဆို၍ ထိုအခါ သိကြားမင်းသည် ရဟန်းသံဃာ တော်အပေါင်းကို ရှေ့သွားပြုလျက် ကေတုမတိဗိမာန်သို့ဝင်၍ မဟာ သေနနတ်သားကိုလည်း ဖက်၍ ဆင်းရဲမရှိသော အချင်းမဟာသေန နတ်သား သင်နတ်သားကို ရဟန်း သံဃာတော် အပေါင်းတို့သည် လူ့ပြည်၌ ပဋိသန္ဓေနေစိမ့်သောငှါ ခွင့်တောင်းပန်ကြ၏ဟု ခွင့်တောင်း စကားကိုဆိုသော် မဟာသေနနတ်သားသည် အရှင်ဘုရားတို့ အမှုအရာ ထူပြောစွာသော လူ့ပြည်လောကဖြင့် အကျွန်ုပ်အားအလိုမရှိပါ၊ အရှင်

ဘုရားတို့ ကျွန်ုပ်သည် ဤနတ်ပြည်မှပင်ဂျောင် အထက်နတ်ပြည်သို့ ဖြစ်ခြင်း၌ အလိုရှိသည်ဖြစ်၍ ပရိနိဗ္ဗာန်ပြုလိုပါသည်ဟု ဆိုသော် နှစ်ကြိမ် သုံးကြိမ်တောင်းပန်သော်လည်း အခွင့်မရရှိခဲ့၏၊ ထိုအခါ အဿဂုတ္တ မထေရ်သည် မဟာသေနနတ်သားကို အချင်း မဟာသေနနတ်သား ငါတို့သည် နတ်နှင့် တကွသောအလုံးစုံသော လောကကို စုံစမ်းဆင်ခြင်ကြည့်ရှုခဲ့သော် သင်နတ်သားကိုထား ဦး၍ မိလိန္ဒမင်း၏ အယူဝါဒကို ဖျက်ဆီး၍ သာသနာတော်ကို ချီးမြှောက်အံ့သော၌ စွမ်းနိုင်သော သူကို သင်နတ်သားမှတပါး အဘယ်သူကိုမျှမမြင်ပါ၊ အချင်းနတ်သား သင်နတ်သားကို ရဟန်းသံဃာတော်အပေါင်းသည် တောင်းပန်ပါ၏၊ သူတော်ကောင်း သင်သည် လူ့ပြည်၌ဖြစ်၍ အားဆယ်ပါးနှင့် ပြည့်စုံတော်မူသော ဘုရားရှင်သာသနာတော်ကို ချီးမြှောက်ပါလော။

ဤသို့သော် တောင်းပန်ခြင်းဖြင့် တောင်းပန်ကြသော် မဟာသေန နတ်သားသည် ငါကား မိလိန္ဒမင်း၏ အယူဝါဒကို ဖျက်ဆီးနှိမ်နင်း၍ သာသနာတော်ကို ချီးမြှောက်အံ့သော၌ စွမ်းနိုင်သောသူ ဖြစ်လတ္တံ့ဟု အလွန်ရွှင်ခြင်း အလွန်သော ဝမ်းမြောက်ခြင်း ရှိသည်ဖြစ်၍အရှင်ဘုရားတို့ ကောင်းလှပါပြီ လူ့ပြည်၌ ဖြစ်ပါအံ့ဟု ဝန်ခံစကားခွင့်ပေး၏။

**ရှင်ရောဟဏမထေရ်ကိုဒဏ်ထားတော်မူခြင်း**·····ထိုအခါ ရဟန်းသံဃာတော်တို့သည် တာဝတိံသာနတ်ပြည်၌ ထိုပြုဖွယ်ကိစ္စကို ကုန်စေပြီးသော် တာဝတိံသာနတ်ပြည်မှ သက်ခဲ့၍ ဟိမဝန္တာတောင် ရက္ခိတအပြင်၌ ထင်ရှားကုန်၏၊ ထိုအခါ အဿဂုတ္တမထေရ်သည် ရဟန်းသံဃာတော်အပေါင်းကို ငါ့ရှင်တို့ ဤရဟန်းသံဃာအပေါင်း၌ အဘယ်ရဟန်းသည် အစည်းအဝေးသို့မလာမရောက်သနည်းဟု မေးသော် တယောက်သော ရဟန်းသည် အဿဂုတ္တမထေရ်ကို အရှင်ဘုရား ရှင်ရောဟဏမထေရ်သည် ဤသည့်နေ့မှစ၍ ဟိမဝန္တာတောင်ခေါင်း၌ နိရောဓသမာပတ် ဝင်စား၍နေလေ၏ဟု ဆိုသော် ထိုရောဟဏမထေရ်၏ထံသို့ တမန်စေလွှတ်လေ၏၊ ထိုအခါ ရှင်ရောဟဏမထေရ်သည် ထိုခဏ၌ နိရောဓသမာပတ်မှထ၍ သံဃာတော်သည် ငါ့အား လာရောက်ခြင်းကို အလို

ရှိ၏ဟု ဟိမဝန္တာ၌မှကွယ်ခဲ့၍ ရက္ခိတအပြင်၌ ကုဋေအရေမျှလောက်သောရဟန္တာတို့၏ရှေ့၌ ထင်ရှားစွာဖြစ်လေ၏။

ထိုအခါ ရှင်အဿဂုတ္တ မထေရ်သည် ရှင်ရောဟဏမထေရ်ကို ငါ့ရှင်ရောဟဏ အဘယ့်ကြောင့် သာသနာတော်ပျက်စီးလျက် သံဃာတို့ပြုအပ်သောအမှုကိစ္စကိုမကြည့်မရှုနေဘိသနည်းဟုမေးသော် အရှင်ဘုရား တပည့်တော် မအောက်မေ့မိပါချေဟု လျှောက်လေ၏။ ငါ့ရှင်ရောဟဏ မလာမရောက်သော အပြစ်ကြောင့် ဒဏ်ပေးသော အမှုကို ငါတို့ပြုကုန်အံ့၊ ငါ့ရှင်ရောဟဏ ငါ့ရှင်သည် ဟိမဝန္တာတောင်၏ အနားဝ၌ ဂဇင်္ဂလအမည်ရှိသော ပုဏ္ဏားရွာသည်ရှိ၏၊ ထိုဂဇင်္ဂလရွာ၌ သောဏုတ္တရ အမည်ရှိသော ပုဏ္ဏားသည် နေ၏၊ ထိုသောဏုတ္တရ ပုဏ္ဏား၏သားသည် နာဂသေနသူငယ်သည်ဖြစ်လတ္တံ့၊ ငါ့ရှင်ရောဟဏ သင်သည် ထိုသူငယ် ပဋိသန္ဓေနေသည်မှစ၍ ခုနစ်နှစ်နှင့် ဆယ်လလွန်အောင် ထိုပုဏ္ဏားအိမ်သို့ ဆွမ်းခံအံ့သော၄ါ ဝင်လေ၍ နာဂသေနသူငယ်ကို လူ့ဘောင်မှထုတ်၍ ရှင်ပြုလေ၊ ထိုနာဂသေနရှင်ဖြစ်ပြီး သော် ဒဏ်ထမ်းသောအရာမှ လွတ်လတ္တံ့ဟုဆိုသော် ရှင်ရောဟဏမထေရ်သည် ကောင်းပါပြီဟု ဝန်ခံလေ၏။

**ရှင်နာဂသေနအလောင်းပဋိသန္ဓေနေခြင်း**...နာဂသေနအလောင်း မဟာသေနနတ်သားသည်ကား နတ်ပြည်မှစုတေ့ခဲ့၍ သောဏုတ္တရပုဏ္ဏား၏မယား ပုဏ္ဏေးမဝမ်း၌ ပဋိသန္ဓေယူလေ၏၊ နာဂသေန ပဋိသန္ဓေ ယူသည်နှင့် တပြိုင်နက်လက်နက်တို့သည် ပြောင်ပြောင်တောက်ကုန်၏၊ အခါမဲ့ မိုးစဲးရွာ၏၊ ထိုရွာသောမိုးစဲးသည်လည်း လွန်စွာရွာ၏၊ ဤသုံးပါးသော အံ့ဘွယ်သရဲသည်ဖြစ်လေ၏၊ ရှင်ရောဟဏမထေရ်သည် ထိုနာဂသေန သတို့သား၏ ပဋိသန္ဓေနေသောကာလမှစ၍ ဆယ်လ အလွန်ရှိသော ခုနစ်နှစ်ဘို့ပတ်လုံး ထိုသောဏုတ္တရပုဏ္ဏား အိမ်သို့ ဆွမ်းအလို့၄ါဝင်သည်ရှိသော်တနေ့မျှသော်လည်း တယောင်းမမျှလောက်သော ဆွမ်း, တ[illegible]မျှလောက်သောယာဂုကိုရင်း, ရှိခိုးခြင်း လက်အုပ်ချီခြင်း အရိုအသေအမှုကိုရင်း, တရံဖံအခါမျှမရလေ၊ စင်စစ်သော်ကား ဆဲရေး [illegible]ခြင်းကို သာလျှင်ရအပ်၏လေ၏၊ ကန်တော့ပါ၏ဟူသောစကားအမြွက်ကိုမျှလည်း

မရ၊ ဆယ်လနှင့်တကွ ခုနစ်နှစ်လွန်လေပြီးသော် တနေ့သ၌ကား ကန်တော့ပါ၏ဟူသော စကားအမြွက်ကို ရသည်ဖြစ်၍ ထိုနေ့၌ သောဏုတ္တရပုဏ္ဏားသည် အမှုလုပ်ဆောင်ရာ ပြင်ပအရပ်မှ လာလတ်သော် ခရီးရင်ဆိုင် ရောဟဏာမထေရ်ကိုမြင်၍ အိုရှင်ရဟန်း ငါတို့အိမ်သို့ ရောက်ခဲ့သလောဟု မေး၏၊ ပုဏ္ဏား သင့်အိမ်သို့ ငါရောက်ခဲ့၏ဟုဆိုသော် တစုံတခု တစိုးတစိရခဲ့ပါ၏လောဟု ပုဏ္ဏားကမေးပြန်သော် ပုဏ္ဏားရခဲ့ပေ၏ဟု ပြောဆိုလျှင် ထိုသောဏုတ္တရပုဏ္ဏားသည် မိမိမယားအား ရဟန်းကို တစုံတခုပေးကမ်းလိုက်သလောဟု မေးသော် တစုံတခုမျှ ပေးကမ်းခြင်းမပြုပါ၊ မပေးကမ်း မလှူဒါန်းလိုသော အမှတ်ဖြင့် ကန်တော့ပါ၏ဟူသောစကားကိုသာ ဆိုလိုက်ကြောင်းကို ပြောသော် သောဏုတ္တရပုဏ္ဏားသည် နှစ်ရက်မြောက်မိုးသောက်သောနေ့၌ မိမိအိမ်တံခါးဝ၌ ဤယနေ့ရဟန်းကို မုသာဝါဒဖြင့် ငါနှိပ်စက်အံ့ဟု နေလေ၏။

ရောဟဏာမထေရ်သည် နှစ်ရက်မြောက်သောနေ့၌ သောဏုတ္တရပုဏ္ဏား အိမ်တံခါးဝသို့ ရောက်လတ်သော် ထိုပုဏ္ဏားသည် ရောဟဏာမထေရ်ကို မြင်တည့်လျှင် အိုရှင်ရဟန်း ယမန်နေ့က ရှင်ရဟန်းသည် ငါတို့အိမ်၌ တစုံတခုကို မရဘဲလျက် ရ၏ဟု ပြောဆိုခြင်းသည် ရှင်ရဟန်းတို့အား မုသာဝါဒစကားသည် အပ်ပါသလောဟု မေးဆိုလေ၏၊ ပုဏ္ဏား ငါသည် သင်တို့အိမ်၌ ဆယ်လနှင့်တကွ ခုနစ်နှစ်ပတ်လုံး ဝင်၍ ဆွမ်းရပ်ပါသော်လည်း ကန်တော့၏ဟူသော စကား တခွန်းကိုမျှ မရစဘူးပါ၊ ယမန်နေ့ကမူကား ကန်တော့၏ဟူသော စကားတခွန်း အစေ့အစပ်ကို ရပေသောကြောင့် ထိုကန်တော့၏ ဟူသော စကားတခွန်းကို စွဲ၍ ရပေ၏ ဟူသော စကားကို ငါဆိုပေသည်ဟု ဆိုသော် သောဏုတ္တရပုဏ္ဏားသည် ဤရဟန်းတို့သည်ကား ပဋိသန္ထာရ တခွန်းကိုမျှလည်း ရသည်ရှိသော် ရပေ၏ဟု ပြောဆို ချီးမွမ်းကြကုန်၏၊ တစုံတခုသော ခဲဘွယ်,စားဘွယ်ကို ရသည်ရှိသော် အဘယ်ကြောင့် မချီးမွမ်းဘဲ နေလေကုန်အံ့နည်းဟု စိတ်အကြံအစည် ကြည်ညိုခြင်းရှိ၍ မိမိစားဘို့ စီရင်အပ်သော ထမင်းမှ တယောင်းမ မျှသော ထမင်းကို ထမင်းနှင့် လျော်စွာသော လက်သုတ်ဟင်းလျာနှင့်တကွ လှူစေ၍ ရှင်ရဟန်း အခါမပြတ်နေ့တိုင်း ဤမျှလောက်သော စားဘွယ်တို့ကို ရလတ္တံ့ဟု ဘိတ်မန်သော စကားကို ဆိုလေ၏။

**နာဂသေနသတို့သား ပညာသင်ပုံ**……ထိုရောဟဏမထေရ်သည် နှစ်ရက် မြောက်သော နေ့၌ ဆွမ်းခံအံ့သောငှါ ကပ်သည့်ရှိသော် ငြိမ်သက်သော ဣန္ဒြေကို မြင်လျှင် အတိုင်းထက်အလွန် ကြည်ညိုသဒ္ဓါသည်ဖြစ်၍ အခါခပ်သိမ်း မိမိအိမ်၌ ဆွမ်းဘုဉ်းပေးစိမ့်သောငှါ တောင်းပန်သော် ဆိတ်ဆိတ် နေလျက် သည်းခံသည့်နှင့် နေ့တိုင်း နေ့တိုင်း ဆွမ်း စားခြင်းကိစ္စကိုပြု၍ အတန် ငယ် အတန်ငယ် ဘုရားရှင်တရားတော်ကို ပြောဟော၍ကြွသွားလေ၏၊ ထိုသောဏုတ္တရမယား ပုဏ္ဏေးမသည် ဆယ်လလွန်သဖြင့် သားဘွား သည့်ရှိသော် နာဂသေနဟု ထိုသူငယ်အား အမည်ကို မှည့်ကြကုန်၏၊ အစဉ်အတိုင်း ကြီး၍ ခုနစ်နှစ်မြောက်သောအခါ၌ အဘပုဏ္ဏားသည် နာဂသေနသတို့သားကို ချစ်သား နာဂသေန ဤငါတို့ပုဏ္ဏားအမျိုး၌ သင်ကြားအပ်သော အတတ်တို့ကို သင်ကြားပါလော့ဟု ဆို၏၊ အိုဘခင် ဤပုဏ္ဏားအမျိုး၌ သင်အပ်သော အတတ်ပညာတို့သည်အဘယ် အတတ် တို့နည်းဟု မေးသော် ချစ်သားနာဂသေန ဗေဒင်သုံးပုံအတတ်တို့သည် ပုဏ္ဏားတို့အတတ်မည်ကုန်၏၊ ထိုမှတပါးလည်း သင်အပ်သော အတတ် ပညာတို့သည် ရှိကုန်၏ဟု အဘပုဏ္ဏားကပြောဆိုသော် ဘခင် ထိုသို့ သော်ကား အကျွန်ုပ် သင်ကြားပါအံ့ဟု ဝန်ခံလေ၏။

ထိုအခါ အဘ သောဏုတ္တရပုဏ္ဏားသည် သင်အံ့သော ဆရာပုဏ္ဏား အား တထောင်မျှလောက်သော ဥစ္စာကို ဆရာစား ပေးပြီး၍ ပြာသာဒ် တွင်းဝယ် တခုသောတိုက်၌ ညောင်စောင်းအင်းပျဉ် ခင်း၍ သင်ဆရာ သည် ဤငါ့သား နာဂသေနကို အတတ်ပညာသင်ကြားပါဟု ဆိုလျှင် ဆရာလည်း ဝန်ခံ၍ အဘပုဏ္ဏားသည် ချစ်သားနာဂသေန အတတ် ပညာတို့ကို သင်ကြားလော့ဟု နှိုးဆော်ပြီး၍ သင်ကြားစေလေသော် နာဂသေန သတို့သားအား တဥဒ္ဒေသမျှ သင်ကြားရလျှင် ဗေဒင်သုံးပုံတို့ သည် နှလုံး၌ တည်ခြင်း နှုတ်သို့ တက်ခြင်း ကောင်းစွာ ပိုင်းခြားနိုင်ခြင်း ကောင်းစွာ နှလုံးသွင်းခြင်းတို့သည် ဖြစ်ကုန်၏၊ တကြိမ် သင်ကာမျှဖြင့် ပညာမျက်စိသည် နိဃဏ္ဍုကျမ်းနှင့်တကွ ကေဋုဘကျမ်း, ဣတိဟာသ ကျမ်း, သဏ္ဍကရိန္ဒကျမ်း, ဗျာကရဏ်းကျမ်း, လောကာယတကျမ်း, မဟာပုရိသယောကျ်ားမြတ်တို့ကို သိရာဖြစ်သော လက္ခဏာကျမ်းတို့၌ အကြွင်းမရှိ တတ်သည်ဖြစ်၍ ထင်ရှား၏။

ထိုအခါ နာဂသေနသတို့သားသည် အဘပုဏ္ဏားကို အို ဘခင် ဤပုဏ္ဏားအမျိုး၌ ဤဗေဒင်အတတ်ပညာထက် လွန်သော အတတ်ပညာ ရှိသေးသလော၊ ထိုသို့မဟုတ် ဤဗေဒင်အတတ်ပညာမျှသာ ရှိသလောဟု မေးသော် ချစ်သားနာဂသေန ဤငါတို့ပုဏ္ဏားအမျိုး၌ သင်ပြီးသော ဗေဒင်အတတ်ထက်လွန်သော အတတ် မရှိချေပြီ၊ ဤဗေဒင်အတတ်ကို သာလျှင် သင်အပ်သော အတတ်မည်ကုန်၏ဟု အဘပုဏ္ဏားဆိုလေ၏၊ ထိုအခါ နာဂသေန သတို့သားသည် ဆရာပုဏ္ဏားအား လျောက်ပတ်သော လာဘ်သပ္ပကာကို ပေး၍ ပြာသာဒ်ထက်မှ သက်ခဲ့၍ ရှေးကဝါသနာသည် တိုက်တွန်းနှိုးဆော်အပ်သော နှလုံးရှိလျက် ဆိတ်ငြိမ်ရာ အရပ်၌ မိမိ အတတ်ပညာ၏ အစ,အလယ်,အဆုံး ကြည့်ရှုဆင်ခြင်သော် အစ၌ရင်း,အလယ်၌ရင်း, အဆုံး၌ရင်း စဉ်းငယ်မျှ အနှစ်သာရကို မမြင်သည်ဖြစ်၍ ဤဗေဒင်တို့သည် ဖြော်-အချည်းနှီး ဖြစ်ကုန်၏တကား၊ ဤဗေဒင်တို့သည် ဖြော်-အဖျင်းဖျင်းတကား၊ ဤဗေဒင်ကျမ်းတို့သည် အနှစ်သာရ မရှိကုန်တကားဟု နှလုံးမသာသည်ဖြစ်၍ မနှစ်လိုသည် ဖြစ်၏၊ ထိုအခါ ရှင်ရောဟဏမထေရ်သည် ဝတ္တနိယကျောင်း၌နေစဉ် အခိုက် နာဂသေနသတို့သား၏ စိတ်အကြံကို စေတောပရိယအဘိညာဉ်ဖြင့် သိ၍ သင်းပိုင် ကိုယ်ရုံကို ဖတ်ရုံလျက် သပိတ်ကို လွယ်လျက် ဝတ္တနိယကျောင်းမှ ကွယ်ခဲ့၍ ဂဇင်္ဂလ မည်သော ပုဏ္ဏားရွာ၌ ထိုနာဂသေန သတို့သား၏ ရှေးရှုမြင်ရာ အရပ်၌ ထင်ရှားစွာပြလေ၏။

**နာဂသေနနှင့် ရှင်ရောဟဏ တွေ့ခြင်း**……နာဂသေန သတို့သားသည်လည်း မိမိတို့ အိမ်တံခါးဝ၌ရပ်စဉ် အဝေးမှ လာလတ်သော ရှင်ရောဟဏမထေရ်ကို မြင်ရလျှင် နှလုံးဝမ်းသာ ရွှင်လန်းသော စိတ်ရှိသည်နှင့် ဤလာလတ်သော ရဟန်းသည် တစုံတခုသော အနှစ်သာရရှိသော တရားစကားကို သိရာလိမ့်မည်ဟု ရှင်ရောဟဏမထေရ်ရှိရာသို့ ချဉ်းကပ်လေ၍ ရှင်ရောဟဏမထေရ်ကို မေးဆိုလေ၏၊ ဖြော့တော့သော ဖန်ရည်စွန်းသော အဝတ်ကို ဝတ်လျက် အို အချင်း သင် လာလတ်သည်ကား အဘယ် အမျိုးအနွယ်နည်းဟု မေးလတ်သော် အို သတို့သားသူငယ် ငါသည် ရဟန်းအမျိုးအနွယ်တည်းဟု ပြောဆို၏၊ အိုအချင်းရဟန်း သင်သည် အဘယ့်ကြောင့် ရဟန်းမည်သနည်းဟု မေးပြန်လေ၏။

**မေး။** ။ကေန တွံ မာရိသ ပဗ္ဗဇိတောနာမာသိ။

မာရိသ၊ အို အချင်း။ တွံ၊ သင်သည်။ ကေန၊ အဘယ့်ကြောင့်။ ပဗ္ဗဇိတောနာမ၊ရဟန်းမည်သည်။အသိ၊ဖြစ်သနည်း။

**ဖြေ။** ။ပါပကာနံ လာမကာနံ ပဗ္ဗာဇေတုံ ပဗ္ဗဇိတော၊တသ္မာ ဟံ ဒါရက ပဗ္ဗဇိတောနာမာသိံ။

ဒါရက၊ အိုသတို့သားငယ်။ အဟံ၊ ငါသည်။လာမကာနံ၊ ယုတ်မာကုန်သော။ ပါပကာနံ၊အကုသိုလ်တရားတို့ကို။ ပဗ္ဗာဇေတုံ၊ နှင်ထုတ်ခြင်းငှါ။ ယသ္မာ၊အကြင့်ကြောင့်။ ပဗ္ဗဇိတော၊ ရဟန်းပြု၏။ တသ္မာ၊ ထို့ကြောင့်။ပဗ္ဗဇိတောနာမ၊ရဟန်းမည်သည်။အသိ၊ ဖြစ်၏။

အဖြေကို ဖြေလေပြီးသော် ဦးခေါင်းပြည်းသည်ကို အကြောင်းပြု၍ မေးပြန်လေ၏။

**မေး။** ။ကိံ ကာရဏာ မာရိသ ကေသာ တေ န ယထာ အညေ သန္တိ။

မာရိသ၊ ရှင်ရဟန်း။တေ၊ရှင်ရဟန်း၏။ ကေသာ၊ဦးခေါင်း၌ဆံပင်တို့သည်။ အညေသံ၊သူတပါးတို့၏။ ကေသာယထာ၊ ဆံပင်တို့ကဲ့သို့။ နသန္တိ၊မရှိကုန်။ကိံ ကာရဏာ၊အဘယ်အကြောင်းကြောင့်နည်း။

ဤသို့မေးလေ၏။ ။လူတို့နှင့်မတူသည်ကို မေးသော် အိုသတို့သား မုတ်ဆိတ်ဆံပင်တို့၌ တဆဲ့ခြောက်ပါးသော အပြစ်ကို မြင်၍ ဆံပင် မုတ်ဆိတ်ကိုပယ်၍ ငါရဟန်းပြု၏ဟု အကျဉ်းအားဖြင့်ဖြေ၏။

**မုတ်ဆိတ်ဆံပင်အပြစ် ၁၆–ပါး** ..... အကျယ်သရုပ် ၊ အဘယ်နည်းဟူမူကား၊ (၁) အခေါင်အဝါကိုပြုရခြင်း၌ ပလိဗောဓရှိရသည်။(၂)အားပြေအပြစ်ပြုရခြင်း၌ ပလိဗောဓရှိရသည်။(၃)အစည်းအသုံးမပြေအောင်ပြုခြင်း၌ ပလိဗောဓရှိရသည်။ (၄)ဆီလိမ်းခြင်း၌ ပလိဗောဓရှိရသည်။ (၅)ဦးခေါင်းလျှော်ခြင်း၌ ပလိဗောဓရှိရသည်။ (၆)ပန်းပန်လိုခြင်း၌ ပလိဗောဓရှိရသည်။ (၇)အထုံလိမ်းကျံခြင်း၌ ပလိဗောဓရှိရသည်။ (၈)~~ဦးခေါင်းလျှော်ခ~~

သဖန်းခါးသီး၌ ပလိဗောဓရှိရသည်။ (၉)ရှစ်ရှားသီး၌ ပလိဗောဓရှိရသည်။ (၁၀)ဥသျှောင်ဆင်စရာ တန်ဆာ၌ ပလိဗောဓ ရှိရသည်။ (၁၁)ဥသျှောင်ထုံးခြင်း၌ ပလိဗောဓရှိရသည်။ (၁၂)ဦးပြည်းဘက်မြှင်တို့၌ ပလိဗောဓရှိရသည်။(၁၃)ပြင်ဆင်သုတ်သင်သော ဆတ္တာသည်၌ ပလိဗောဓရှိရသည်။(၁၄)အစည်းအထုံးပြေသော ပလိဗောဓရှိရသည်။ (၁၅) သန်းဥသန်းပြရှိသည်၌ ပလိဗောဓရှိရသည်။ (၁၆) ဆံပင်အလိပ်လိပ် အတွန့်တွန့်ရှိခဲ့သော် စုံ ရိပ်ပင်ပန်း ရင်ဘတ်သပ်ခါငိုကြွေးခြင်း၌ ပလိဗောဓရှိရသည်။ ။ထိုသို့ပလိဗောဓရှိရသည်ဖြစ်၍ တွေဝေ မိုက်မဲခြင်းသို့ လူတို့သည် ရောက်တတ်ကုန်၏၊ အိုသတို့သား ဤတဆံ့ ခြောက်ပါးသော ပလိဗောဓ နှောင့်ရှက်ခြင်း ရှိကုန်သော သူတို့အား အလွန် သိမ်မွေ့သော အဘတ်ပညာ တို့သည် ပျက်စီးတတ်ကုန်၏ ဟူ၍ ဖြေဆိုရလေ၏၊ ဤသို့လျှင် ဆံရှတ်ဆိတ်တို့၌ တဆံ့ခြောက်ပါးသော အပြစ် ပလိဗောဓ ရှိသောကြောင့် ပစ်ပယ်သည်ဟု ဖြေဆိုပြီးသော် ဖန်ရည်စွန် သောသကာန်းကို မေးပြန်လေ၏။

**မေး။** ။ကိံ ကာရဏာ မာရိသ ဝတ္ထာနိပိ တေ ယာဝ နအညေ သံ ဝတ္ထာနိ။

မာရိသ၊ မှင်ရဟာန် ။ တေ၊ ရှင်ရဟာန်း၏။ ဝတ္ထာနိပိ၊ ပုဆိုးတို့သည် လည်း။ အညေသံ၊ တပါးသောသူတို့၏။ ဝတ္ထာနိယာဝ၊ ပုဆိုးတို့ကဲ့သို့။ နဟောန္တိ၊ မရှိကုန်။ကိံ ကာရဏာ၊ အဘယ်အကြောင်းကြောင့်နည်း။

**ဖြေ။** ။ကာမနိဿိတာနိခေါ ဒါရက ဝတ္ထာနိ ကာမနိဿိတာနိ ဂိဟိဗျဥ္ဇနဘဏ္ဍာနိ ယာနိကာနိစိ ဘယာနိ ဝတ္ထတော ဥပ္ပဇ္ဇန္တိ။ တာနိ ကာသာဝဝသနဿ နဟောန္တိ။ တသ္မာ ဝတ္ထာနိပိ မေ န ယာဝ အညေသန္တိ။

ဒါရက၊ အိုသတို့သား။ ဝတ္ထာနိ၊ လူဝတ်ပုဆိုးတို့သည်။ ခေါ၊ စင်စစ်။ ကာမနိဿိတာနိ၊ ရာဂတည်းဟူသော ကာမကိုမှီ၍ ဖြစ်ကုန်၏။ ဂိဟိဗျဥ္ဇနဘဏ္ဍာနိ၊ လူ့အသွင်နှင့်စပ်သော ဥစ္စာဘဏ္ဍာတို့သည်။ ကာမနိဿိတာနိ၊ ကာမဂုဏ်ကို မှီ၍ ဖြစ်ကုန်၏။ ယာနိကာနိစိဘယာနိ၊ အမှတ်မရှိ တစုံတခုသောဘေးရန်တို့သည်။ ဝတ္ထတော၊ လူဝတ်ပုဆိုး

ကြောင့်။ ဥပဇ္ဈာယ်၊ ဖြစ်တတ်ကုန်၏။ တာနိ၊ ထိုအတွင်းအပဘောရန် တို့သည်။ ကာသာဝဝတ္ထသနသာ၊ဖန်ရည်စွန်းသော ပုဆိုးကို ဝတ်သော သူအား။ ယသ္မာ၊ အကြင့်ကြောင့်။ နဟော႓္တိ၊ မဖြစ်ကုန်။ တသ္မာ၊ ထို့ကြောင့်။ မေ၊ ငါ၏။ ဝတ္ထာနိပိ၊ ဖန်ရည်စွန်းသော ပုဆိုးတို့သည် လည်း။ အညေသံ၊ တပါးသောသူတို့၏။ ဝတ္ထာနိယထာ၊ပုဆိုးတို့ကဲ့သို့။ နဟော႓္တိ၊ မဖြစ်ကုန်။

ထိုသို့ဖြေပြီးသော် ရှင်ရဟန်း အတတ်ပညာတို့ကို တတ်ပါ သိပါ သလောဟုမေးသော် သတို့သား ငါသည် လောက၌ အတတ်ပညာကို လည်းတတ်၏၊ လောကထက် မြတ်သော အတတ် ပညာကိုလည်း တတ်၏ဟု ဆို၏၊ ရှင်ရဟန်း အကျွန်ုပ်အား ထိုမြတ်သော အတတ်ကို ပေးခြင်းငှါ တတ်ကောင်းပါ၏လောဟု ဆိုသော် သတို့သား ငါတတ်နိုင် ၏ဟုဆို၏။ ။ထိုသို့တပြီးကား အကျွန်ုပ်အား ပေးပါလော့ဟု ချွတ်တောင်း လျှင် သတို့သားအခါကာလမဟုတ်ပေဟုဆို၍ အိမ်သို့ဝင်ကြလေ၏။ ။ ထိုအခါ နာဂသေန သတို့သားသည် ရှင်ရောဟဏမထေရ် လက်မှ သပိတ်ကိုယူ၍ အိမ်တွင်းသို့ ရောက်လျှင် ကောင်းမွန်သော ခဲဘွယ် တို့ကို မိမိလက်ဖြင့်ကိုင်၍ ရောင့်ရဲစေ၏၊ ဆွမ်းစားပြီး၍ သပိတ်မှ လက်လွှတ်ပြီးသော် ရှင်ရောဟဏမထေရ်ကို ရှင်ရဟန်း အကျွန်ုပ်အား အတတ်ပညာ ပေးပါလော့ဆိုလျှင် သတို့သား သင်သည် ပလိဗောဓ ကြောင့်ကြကင်းသည်ဖြစ်အံ့၊ မိခင် ဘခင်တို့ အနုညာတချွတ်လွှတ်စေပြီး သည်ဖြစ်အံ့၊ငါသည်ယူအပ်သော ရဟန်းအသွင်ကဲ့သို့ယူ သည်ဖြစ်အံ့၊ အတတ်ပညာကို ငါပေးအံ့ဟုဆိုလေ၏။

ထိုအခါ နာဂသေနသူငယ်သည် မိခင့်ဘခင်တို့သို့ကပ်၍ အို့မိခင် ဘခင်တို့ ဤရှင်ရဟန်းသည် လောက၌ မြတ်သောအတတ်ကို သိသည် တတ်သည်ဟုဆို၏၊မိမိအထံ၌ မိမိကဲ့သို့ရဟန်းမပြုသောသူအား မပေး ချေ၊အကျွန်ုပ်သည် ထိုရှင်ရဟန်း၏ အထံ၌ ရဟန်းပြု၍ ထိုမြတ်သော အတတ်ကို သင်ပါယူပါအံ့ဟု ဆို၏။ ။ထိုအခါ မိခင်ဘခင်တို့သည် ငါတို့သားသည် ရဟန်းပြု၍ မြတ်သော အတတ်ကို သင်ပေစေတော့၊ အတတ်ပညာသင်ပြီးလျှင် တဖန် အိမ်သို့ လာလတ္တံ့ဟု အောက်မေ့ ကုန်လျက် ချစ်သာ သူကဲ့သို့ ဖန်ရည်စွန်းသောအဝတ်ကို ဝတ်လျက်

ရဟန်းပြု၍ ဖြတ်သောအတတ်ကို သင်ယူလေဟု အနုညာတ ခွင့်ပြုလေ၏။

**နာဂသေန ရှင်သာမဏေ ပြုခြင်း**……ထိုအခါ ရောဟဏမထေရ်သည် နာဂသေနသတို့သားကိုခေါ်ယူ၍ အကြင်အရပ်၌ ဝတ္တနီယကျောင်းအရံသည်ရှိ၏၊ ထိုအရပ်၌ ဝိဇမ္ဘဝတ္ထုကျောင်းအရံသည် ရှိ၏၊ ထိုကျောင်းတိုက်ရှိရာသို့ ကပ်ပြီးသော် ဝိဇမ္ဘဝတ္ထုကျောင်းအရံ၌ တညဥ့်မျှအိပ်၍ ဟိမဝန္တာတောင်၌ ရက္ခိတအပြင်သို့ ရောက်လျှင် ကုဋေအရာမျှလောက်သော ရဟန္တာတို့၏အလယ်၌ နာဂသေနသတို့သာကို ရှင်ပြုစေ၏၊ ရှင်နာဂသိန်သည် ရှင်ဖြစ်ပြီးသော် ရှင်ရောဟဏမထေရ်ကို အရှင်ဘုရား အကျွန်ုပ်သည် အရှင်ဘုရား၏အသွင်ကိုယူအပ်ပြီ၊ အကျွန်ုပ်အား ဖြတ်သောအတတ်ကို ဤအခါ၌ ပေးတော်မူလော့ဟု ခွင့်တောင်းလေ၏။ ။ထိုအခါ အရှင်ရောဟဏမထေရ်သည် နာဂသေန သာမဏေကို ဝိနည်း, သုတ္တန်, အဘိဓမ္မာ ပိဋကတ်တို့တွင် အဘယ်ပိဋကတ်ကို ရှေးဦးစွာ သင်စေရမည်နည်းဟု အကြံပြုသည်ရှိသော် ဤနာဂသေန သာမဏေသည် စင်စစ်ပညာနှင့်ပြည့်စုံ၏၊ ချမ်းသာသဖြင့် ရှေးဦးစွာ အဘိဓမ္မာတရားတော်ကို သင်ခြင်းငှါ တတ်နိုင်၏ဟု ရှေးဦးစွာ အဘိဓမ္မာကို ကုသလာဓမ္မာ၊ အကုသလာဓမ္မာ၊ အဗျာကတာဓမ္မာ-အစရှိသော တိက်ဒုက်တို့ဖြင့် တန်ဆာဆင်အပ် ဝေဘန်အပ်သော ဓမ္မသင်္ဂဏီ,ဝိဘင်း, ဓာတုကထာ, ပုဂ္ဂလပညတ်, ကထာဝတ္ထု, ယမိုက်, ပဋ္ဌာန်းဟုဆိုအပ်သော အလုံးစုံသော အဘိဓမ္မာ ခုနစ်ကျမ်းကို အကျဉ်းအားဖြင့် သင်ပြီးသော် အရှင်ဘုရား ဤမျှလောက်ဖြင့် ရပ်တော်မူပါဦး၊ တပည့်တော် နှုတ်တက်ရအောင် သရဇ္ဈာယ်ပါဦးမည်ဟု ဆိုလေ၏။ ။ထိုအခါ ရှင်နာဂသေနသည် ကုဋေအရာမျှလောက်သော ရဟန်းတို့သို့ ချဉ်းကပ်လေ၍ အရှင်ဘုရားတို့ တပည့်တော်သည် ကုသလာဓမ္မာ၊ အကုသလာဓမ္မာ၊ အဗျာကတာဓမ္မာ စသော ဤတိက်ဒုက်တို့၌ အလုံးစုံသော ပရမတ္ထတရားကိုယည့်၍ အဘိဓမ္မာပိဋကတ်ကို အကျယ်အဋ္ဌကထာနှင့်တကွ ဆုံးဖြတ်နိုင်ပါ၏ဟုဆိုသော် ငါ့ရှင်နာဂသေန ကောင်းပြီ၊အဘိဓမ္မာပိဋကတ်ကို အကျယ်အားဖြင့် ဆုံးဖြတ်လေလော့ဟု ဆိုကြလျှင် ရှင်နာဂသိန်သာမဏေသည် ခုနစ်သတို့ပတ်လုံး အဘိဓမ္မာခုနစ်ကျမ်းတို့

ကိုအကျယ်အားဖြင့်ဆုံးဖြတ်၏၊မြေကြီးသည်ပွဲတင်ထပ်၏ နတ်တို့သည် ကောင်းချီးပေး၏၊ ဗြဟ္မာတို့သည် လက်ပန်းပေါက်တီးကုန်၏၊ နတ်၌ ဖြစ်သော စန္ဒကူး နံ့သာမှုန့် နတ်တို့၏ပန်းမိုးတို့သည် ထင်ရှားစွာ ရွာကုန်၏။

**ရှင်နာဂသေနရဟန်းခံခြင်း**..... ထိုနောက် ကုဋေ အရေမျှလောက်သော ရဟန္တာတို့သည် နာဂသေန သာမဏေကို အနှစ်နှစ်ဆယ်ပြည့်ပြီးသော် ရက္ခိတအပြင်၌ ပဉ္စင်းခံကြကုန်၏၊နာဂသေနပဉ္စင်း ဖြစ်ပြီးသော် ထိုညဥ့်လွန်သဖြင့် နံနက်အခါ သင်းပိုင် ကိုယ်ရုံကိုဝတ်၍ သပိတ်လွယ်လျက် ဥပဇ္ဈာယ်ဖြစ်သော ရှင်ရောဟဏနှင့်တကွ ရွာတွင်းသို့ဆွမ်းအလို့ငှါဝင်သည်ရှိသော် ငါ၏ဥပဇ္ဈာယ် ဆရာသည် အချည်းနှီးတကား၊ မိုက်စွတကား၊ မြတ်စွာဘုရားဟောတော်မူအပ်သော တရားတော်ကို အကြွင်းထား၍၊ငါ့အား အဘိဓမ္မာ တရားကိုသာ သွန်သင်ပြသဆုံးမ၏ဟု အကြံရှိသည်ဖြစ်၏။ ။ထိုအခါ ရောဟဏမထေရ်သည် ရှင်နာဂသေန၏ စိတ်အကြံကိုသိ၍ ရှင်နာဂသေနကို ငါ့ရှင်နာဂသေန သင်သည် မလျောက်ပတ်သောအကြံကိုကြံ၏ ဟုဆိုလျှင် ထိုအခါရှင်နာဂသေနသည် ဩော်-အံ့ဘွယ်ရှိစွတကား၊မဖြစ်စဘူးဖြစ်လေတကား၊ငါ၏ဆရာသည်ပညာရှိပေ၏တကား၊ ဥပဇ္ဈာယ်ကို ငါသည် ကန်တော့ရမူ ကောင်းလေ၏ဟုအကြံရှိလေ၍ ရှင်ရောဟဏမထေရ်ကို အရှင်ဘုရား သည်းခံတော်မူပါ၊တပည့်တော်ကန်တော့ပါ၏၊ တဘန် ဤကဲ့သို့သော အကြံအစည်ကို မကြံစံ့ပြီဟု ဆိုလေ၏။ ။ ထိုအခါ ရှင်ရောဟဏမထေရ်သည် ရှင်နာဂသေနကို ငါ့ရှင် နာဂသေန ဤမျှဖြင့် ငါသည် သည်းမခံသာသေး၊ငါ့ရှင်နာဂသေန သာဂလ အမည်ရှိသော မြို့၌ မိလိန္ဒအမည်ရှိသော မင်းသည် မင်း၏ အဖြစ်ကိုပြု၏၊ ထိုမိလိန္ဒမင်းသည် မိမိအယူဝါဒဖြင့် အမေးပုစ္ဆာပြဿနာကိုမေး၍ ... သံဃာတော်အပေါင်းကို ညှဉ်းဆဲ၏၊ သင်သည် ထိုသာဂလမြို့သို့ သွား၍ ထိုမိလိန္ဒမင်းကို ဆုံးမ၍ ဘုရားသခင်သာသနာတော်ကို ကြည်ညိုစေသည်ဖြစ်အံ့၊ သင် ကန်တော့ခြင်းကို ငါသည် ခံမည်ဟု ဆိုလေသော် အရှင်ဘုရား မိလိန္ဒမင်း တယောက်ကို မဆိုထားဘိဦး၊ အလုံးစုံသော ဇမ္ဗူဒီပါကျွန်း၌ အလုံးစုံသော မင်းတို့သည် လာကြကုန်လျက် တပည့်တော်အား ပြဿနာကို မေးသည်ဖြစ်စေကုန်၊ ထိုသို့ အလုံးစုံ

သော အမေးကို တပည့်တော် ဖြေနိုင်, ဆွင့်နိုင်ပါအံ့လော အရှင်ဘုရား သည်းခံတော်မူပါဟု တောင်းပန်သော်လည်း ငါသည်းမခံသာသေးဟု ဆရာက ဆိုလျှင် အရှင်ဘုရား ပါတွင် သုံးလပတ်လုံး အဘယ်ဆရာ၏ အထံ၌ တပည့်တော် နည်းခံရပါအံ့နည်းဟု ဆိုသော် ငါ့ရှင်နာဂသေန အဿဂုတ္တ အမည်ရှိသောအရှင်မြတ်သည် ဝတ္တနိယကျောင်း၌ သီတင်းသုံးနေ၏၊ အဿဂုတ္တမထေရ်ထံသို့ သင် သွားချေ၊ ငါမှာလိုက်အပ်သော စကားဖြင့် အဿဂုတ္တ အရှင်မြတ်၏ ခြေကို ရှိခိုးလေ၊ ထိုအဿဂုတ္တမထေရ်ကို အရှင်ဘုရား တပည့်တော်၏ ဥပဇ္ဈာယ်ဆရာသည် အရှင်ဘုရားတို့၏ ခြေကို ရှိခိုးလိုက်ပေ၏၊ ကြောင့်ကြကင်းသည်၊ အနာကင်းသည်၊ ပေါ့ပါးလျှင်လျှားထကြွခြင်းရှိသည်ဖြစ်၍ ချမ်းသာစွာ သီတင်းသုံးရကြောင်းကိုလည်း သင် လျှောက်မေးလော၊ ဤဝါတွင်း သုံးလပတ်လုံးလည်း အရှင်ဘုရားတို့၏အထံတော်၌ တပည့်တော်ကို နေစိမ့်သောငှါ စေလိုက်ပါ၏ဟု လျှောက်ဆိုလေ၊ သင်၏ ဥပဇ္ဈာယ်သည် အဘယ်အမည်ရှိသနည်းမေးသော် အရှင်ဘုရား တပည့်တော်ဆရာသည် ရောဟဏမထေရ်ဟု လျှောက်ဆိုလေ၊ ငါကား အဘယ်အမည်ရှိသနည်းဟု မေးသော် အရှင်ဘုရား၏ နာမတော်အမည်ကို တပည့်တော်ဆရာ သိပါ၏ဟု လျှောက်လေဟု ဆိုလေ၏။

(ဤစကားသည် ငယ်သောသူတို့သည် သီတင်းကြီးအား ရှေးကာလ ပညာရှိတို့ အရိုအသေပြု၍ ပြောဆိုလေသော စကားဖြစ်သည်၊ ရှင်နာဂသေနသည် ဆရာက အဿဂုတ္တမထေရ်ထံသို့ သွားလေဟု ဆိုခဲ့ကာလကပင် အဿဂုတ္တမထေရ်၏ အမည်ကို သိလေပြီးဖြစ်သည်၊ သို့ဖြစ်သော်လည်း ပညာရှိတို့သည် အမည်နာမကိုမူသည်း တိုက်ရိုက်မဘော်မပြ၊ အဘိဂါရဝ စကားကိုသာ ရှာ၍ ပြောဆိုကြကုန်သည်ဟု နည်းကို ယူအပ်လေသည်။ ။ဤကား စကားချပ်။)

ထိုအခါ ရှင်နာဂသေနသည် ကောင်းပါပြီဟု ဝန်ခံ၍ ရှင်ရောဟဏမထေရ်ကို လက်ျာရစ်ရှိခိုး၍ သပိတ်သင်္ကန်းကို ယူလျက် အစဉ်အတိုင်းသွားလေသော် ဝတ္တနိယကျောင်းအရပ်၌ အဿဂုတ္တမထေရ် ရှိရာသို့ချဉ်းကပ်၍ ရှင်အဿဂုတ္တမထေရ်ကို ရိုသေစွာရှိခိုးပြီးသော် တင့်အပ်သော အရပ်၌နေ၍ ရှင်နာဂသေနသည် ရှင်အဿဂုတ္တမထေရ်ကို အရှင်ဘုရား တပည့်တော်၏ဥပဇ္ဈာယ်ဆရာသည် အရှင်ဘုရား၏ ခြေ

တော်ကို ရှိခိုးလိုက်ပေ၏၊ကြော့ငွကြကင်းသည်၊အနာကင်းသည်၊ ပေါ့ ပါးလျင်လျား ထကြွခြင်း ရှိသည်ဖြစ်၍ ချမ်းသာစွာ သီတင်းသုံးရ ကြောင်းကို မေးလေဟူသော စကားကိုလည်း မှာလိုက်အပ်သည်၊ ဤဝါတွင်း သုံးလပတ်လုံးလည်း အရှင်ဘုရားအထံတော်၌ နေစိမ့်သော ငှါ တပည့်တော်ကိုစေအပ်သည်ဟု ဆို၏။

**အဿဂုတ္တမထေရ်ထံ နေခွင့်ရခြင်း**……ထိုအခါအဿဂုတ္တမထေရ် သည်ရှင်နာဂသေနကိုသင် ၏အမည်သည် အဘယ်အမည်ရှိသနည်းဟု မေးသော် အရှင်ဘုရား တပည့်တော်အမည်သည် နာဂသေနဟုလျှောက်လေ၏၊သင်၏ ဆရာ သည် အဘယ်သူနည်းဟုမေးသော် အရှင်ဘုရား တပည့်တော်ဆရာ၏ အမည်သည် ရောဟဏအမည်ရှိ၏ဟု လျှောက်လေ၏၊ငါ၏အမည်ကား အဘယ်အမည်ရှိသနည်းဟု မေးသော် အရှင်ဘုရား အရှင်ဘုရားတို့၏ အမည် နာမတော်ကို တပည့်တော်၏ဆရာ သိပါ၏ဟုလျှောက်လေလျှင် နာဂသေန ချေ်–ကောင်းပြီ၊ သပိတ် သင်္ကန်းကို သိမ်းလေဟုဆို၏၊ နာဂသေနသည် တဘန် မိုးသောက်သောနေ့၌ ပရိဝုဏ်ကို တံမြက် လှည်းခြင်း၊ မျက်သစ်ရေ ဒန်ပူဝတ်တည်ခြင်းကို ပြု၏၊ အဿဂုတ္တ မထေရ်သည် နာဂသေန တံမြက်လှည်းပြီးသော အရပ်ကိုပင် တဘန် တံမြက်လှည်းပြန်၏၊ နာဂသေန ထားအပ်သော မျက်သစ်ရေ ဒန်ပူ တို့ကို ပစ်စွန့်၍ တပါးသော မျက်သစ်ဒန်ပူကို သုံးဆောင်၏၊ စကား ပြောဟောခြင်းတို့ကိုလည်းမပြု၊ ထို့အတူ ခုနစ်ရက်တိုင်တိုင် ပြု၍နေ လေ၏။ ။သို့နှင့် တဘန် မေးနည်းအတူ မေးပြန်သော် မေးနည်း အတူ နာဂသေနလျှောက်လျှင် ဝါဆိုတော့ဟု ခွင့်ပေး၏။

**ရှင်နာဂသေန တရားဟောပုံ** ….ထိုအခါသရဏဂုံသုံးပါးနှင့်ပြည့်စုံ သောဒါယိကာမကြီး တယောက် သည် အရှင်အဿဂုတ္တမထေရ်ကို အနှစ်သုံးဆယ်တို့ပတ်လုံး လုပ်ကျွေး မွေး၏၊ ထိုအခါ ထိုဒါယိကာမကြီးသည် ဝါတွင်းသုံးလ လွန်သဖြင့် အဿဂုတ္တမထေရ်သို့ ကပ်၍ အဿဂုတ္တမထေရ်ကို ချစ်သား အရှင် ဘုရားတို့၏ အထံ၌ တပါးသော ရဟန်းရှိသလောဟု မေးလေသော် ဒါယိကာမ ငါ၏အထံ၌ နာဂသေန အမည်ရှိသော ရဟန်းသည် ရှိ၏ဟု

ဆိုသော် ချစ်ရှင်အဿဂုတ္တ နာဂသေနအရှင်နှင့်အဘူ နက်ဖြန် ဆွမ်းဖိတ်ပါ၏ဟုဘိတ်သော် မထေရ်သည် တုဏှိဘာဝဖြင့် သည်းခံလေ၏၊ ထိုအခါ အဿဂုတ္တမထေရ်သည်ထိုညဉ့်လွန်သဖြင့် မိုးသောက်သောအခါ သင်းပိုင်ကိုယ်ရုံကိုဝတ်၍ သပိတ်ကိုလွယ်လျက် နောက်ပါရှင်နာဂသေနနှင့် အတူတကွ ဒါယိကာမအိမ်သို့ကပ်၍ ခင်းအပ်သောနေရာ၌ နေ၏၊ ထိုအခါ ဒါယိကာမသည် အဿဂုတ္တမထေရ်ကိုရှင်းရှင်နာဂသေနကိုရှင်း မြတ်သော ခဲဘွယ် စားဘွယ်ဖြင့် မိမိကိုယ်တိုင်ရောင့်ရဲစေ၏၊ တန်ပြီဟုမြစ်တားစေ၏၊ ထိုအခါအရှင်အဿဂုတ္တမထေရ်သည် ဆွမ်းစားပြီး၍သပိတ်မှ လွှတ်ပြီးသော် ရှင်နာဂသေနကို ငါ့ရှင်နာဂသေနဒါယိကာမကြီးအားတရားအနုမောဒနာပြုလော့ဟုဆို၍နေရာမှထ၍ သွားလေ၏၊ထိုအခါဒါယိကာမသည် အရှင်နာဂသေနကို ချစ်ရှင်နာဂသေန တပည့်တော်မသည် အသက်အရွယ် ကြီးခဲ့ပြီ၊ နက်နဲသောတရားစကားဖြင့် တပည့်တော်မအား အနုမောဒနာ ပြုတော်မူပါလော့ဟု ခွင့်တောင်းလေ၏။

ထိုအခါ ရှင်နာဂသေနသည် ထိုဒါယိကာမကြီးအား နက်နဲသောတရားစကားဖြစ်သော သုညတမဂ်ဖိုလ်နိဗ္ဗာန်နှင့် စပ်ယှဉ်သဖြင့် တရားအနုမောဒနာကိုပြု၏၊ ထိုအခါ ဒါယိကာမကြီးသည် ထိုနေရာ၌ပင်လျှင် ကိလေသာ ဟူသောမြူမရှိ၊ အညစ်အကြေး မရှိသည်ဖြစ်၍ ခပ်သိမ်းသောတရားအပေါင်းသည် နိဗ္ဗာန်သို့ရောက်သော် ချုပ်၏ဟု သောတာပတ္တိမဂ်ဉာဏ် ဖိုလ်ဉာဏ်တည်းဟူသော တရားမျက်စိသည်ထင်ရှားရှာဖြစ်၏၊ရှင်နာဂသေန မထေရ်သည်လည်း ထိုဒါယိကာမအား တရားအနုမောဒနာကိုပြုပြီး၍ မိမိသည် ဟောအပ်သောတရားကို ဆင်ခြင်လျက် ဝိပဿနာကိုပွါးစေသော် ထိုနေ့၌ပင်လျှင် သောတာပတ္တိဖိုလ်၌ တည်လေ၏၊ထိုအခါ အဿဂုတ္တမထေရ်သည် ကျောင်းတလင်းအပြင်၌နေစဉ် နှစ်ယောက်သောသူတို့အားတရားတည်းဟူသောမျက်စိကိုရစေပြီ၊ရခြင်းကိုဖြစ်စေပြီဟု သာရသာရ နာဂသေန တချောင်းတည်း ရိုက်အပ်သောသူးဖြင့် နှစ်ခုသော ကိုယ်တို့သည် ကွဲလေကုန်၏ ဟု ကောင်းချီးကို ဖြစ်စေ၏။

**ဓမ္မရက္ခိတမထေရ်ထံစေလွှတ်ခြင်း**.....ထိုအခါ ရှင်နာဂသေနသည် နေရာမှထ၍အရှင်အဿဂုတ္တ

မထေရ်ရှိရာသို့ ချဉ်းကပ်လေ၍ အရှင်အဿဂုတ္တ မထေရ်ကို ရိုသေစွာ ရှိခိုးလျက်နေ၏၊ လျှောက်ပတ်စွာနေသော ရှင်နာဂသေနကို အရှင်အဿဂုတ္တ မထေရ်သည် အို နာဂသေန သင်သည် ပါဋလိပုတ်ပြည်သို့သွားချေ၊ ပါဋလိပုတ်ပြည် အသောကာရုံကျောင်း၌ အရှင်ဓမ္မရက္ခိတ မထေရ်သည် သီတင်းသုံးနေ၏၊ ထိုအရှင်ဓမ္မရက္ခိတ မထေရ်၏ အထံ၌ ဘုရားဟောတော်မူအပ်သော ပိဋကတ်ကို သင်ချေလော့ဟု ဆိုလျှင် အရှင်ဘုရား ဤဝတ္တနိယကျောင်းတော်အရပ်မှ ပါဋလိပုတ်မြို့သည် အဘယ်မျှလောက် ခရီးဝေးပါသနည်းဟု မေးသော် ငါ့ရှင် နာဂသေန ယူဇနာတရာရှိ၏ဟုဆို၏၊ အရှင်ဘုရား ခရီးသည်ဝေးလှ၏၊ ခရီးအကြား၌ ဆွမ်းရခဲသည်ဖြစ်အံ့၊ တပည့်တော် အဘယ်သို့ ရောက်နိုင်အံ့နည်းဟု မေးပြန်၏၊ ငါ့ရှင် နာဂသေန ခရီး၏အကြား၌ များစွာသော ဆွမ်းခဲဘွယ်လက်သုတ် ဟင်းလျာကို ရလတ္တံ့ဟု အရှင် အဿဂုတ္တ မထေရ်ဆိုလျှင် အရှင်ဘုရား ကောင်းပါပြီဟု ဝန်ခံ၍ ရှင်နာဂသေနသည် အရှင်အဿဂုတ္တ မထေရ်ကို ရိုသေစွာရှိခိုးခြင်း, လက်ျာရစ်လှည့်ခြင်းကိုပြု၍ သင်္ကန်းသပိတ်ကိုယူလျက် ပါဋလိပုတ်ပြည်သို့ ဒေသစာရီသွားလေ၏။

ထိုအခါ ပါဋလိပုတ်ပြည်၌ သူဌေးတယောက်သည် လှည်းငါးရာတို့ဖြင့်ပါဋလိပုတ်ပြည်သို့ပြန်သွားစဉ် ရှင်နာဂသေန အဝေးမှလာသည်ကို မြင်လျှင် လှည်းတို့ကိုခရီးလွှဲစေ၍ ရှင်နာဂသေနသို့ချဉ်းကပ်လျက်ရိုသေစွာရှိခိုး၍ အို ချစ်ရှင် အဘယ်အရပ်သို့ကြွတော်မူမည်နည်းဟုမေးသော် သူကြွယ် ပါဋလိပုတ်မြို့သို့ သွားအံ့ဟုဆိုလျှင် အိုချစ်ရှင့် ကောင်းလှပြီ၊ အကျွန်ုပ်သည် ပါဋလိပုတ်မြို့သို့သွားပါအံ့၊ အကျွန်ုပ်တို့နှင့်အတူ ချမ်းသာစွာ ကြွတော်မူပါလော့ဟု ဆိုလေသည်။

**သူဌေးက နာဂသေနကိုမေးပုံ**…ထိုအခါ ပါဋလိပုတ်သူဌေးသည် ရှင်နာဂသေန၏ ဣရိယာပုထ်တို့၌ သဒ္ဓါကြည်ညိုသည်ဖြစ်၍ ရှင်နာဂသေနကို မြတ်သော ခဲဘွယ်စားဘွယ်တို့ဖြင့် မိမိကိုယ်တိုင် ရောင့်ရဲစေ၍ ဆွမ်းစားပြီးလျှင် သပိတ်မှ လက်လွှတ်ပြီးသော် လျှောက်ပတ်သော အရပ်၌ နေလျက် ရှင်နာဂသေနကို သူဌေးသည် ချစ်ရှင်ရဟန်းသည် အဘယ်သို့ အမည်နာမ ရှိသနည်းဟု ဆို၏၊ သူကြွယ် ငါကား နာဂသေန အမည်ရှိ၏ဟု ဆိုလျှင် ချစ်ရှင်

နာဂသေန အရှင်သည် မြတ်စွာဘုရား ဟောတော်မူအပ်သော တရားတော်ကို သိတော်မူပါ၏ လောဟု မေးသော် သူကြွယ် အဘိဓမ္မာ ပိဋကတ်ကို တတ်၏ ဟုဆို၏။ ။ထိုအခါသူဌေးသည် ဩော် ငါကား ရတော်ပေစွဟု ဝမ်းမြောက်ဝမ်းသာရှိသဖြင့် ချစ်ရှင် အကျွန်ုပ်လည်း အဘိဓမ္မာ ပိဋကတ်ကို သင်ကြား ဘူးသောသူ, အရှင်ဘုရားလည်း အဘိဓမ္မာကိုသင်ကြားဘူးသောအရှင်ဖြစ်သည်၊ အဘိဓမ္မာတရားစကားကို ပြောဟောပါလော့ဟု ဆို၏။ ။ထိုအခါ ရှင်နာဂသေနသည် ပါဋလိပုတ်သူဌေးအား အဘိဓမ္မာဒေသနာကိုဟော၏၊ ထိုသူဌေးအား သောတာပတ္တိမဂ်ဉာဏ်ဖိုလ်ဉာဏ်သည် ထင်ရှား စွာဖြစ်လေ၏။

ပါဋလိပုတ် သူဌေးသည် ငါးရာသောလှည်းတို့ကို ရှေးဦး စွာနှင်စေ၍ မိမိသည် လှည်းနောက်ကလိုက်၍ ပါဋလိပုတ်မြို့၏ အနီး ခရီးနှစ်ဖြာ၌ ရပ်၍ အရှင်နာဂသေန ဤခရီးသည် အသောကာရုံ ကျောင်းတော်သို့ သွားသော ခရီးတည်း၊ ချစ်ရှင် အကျွန်ုပ်၏ ကမ္ဗလာပုဆိုးသည် အလျားအားဖြင့် တဆဲ့ခြောက်တောင်၊ အနံအားဖြင့် ရှစ်တောင်ရှိ၏၊ အကျွန်ုပ်ကို အစဉ်သနားပါသဖြင့် ဤကမ္ဗလာပုဆိုးကို ခံတော်မူပါဟု တောင်းပန်၍ လှူလေသော် ရှင်နာဂသေနသည် ထိုကမ္ဗလာရတနာကို ခံလေ၏။ ။ ထိုအခါ ပါဋလိပုတ်သူဌေးသည် ဝမ်းမြောက်ဝမ်းသာ နှစ်သက်ရွှင်လန်းခြင်းသဘောရှိသည်ဖြစ်၍ ရှင်နာဂသေနကို ရှိခိုးလျက် လက်ျာရစ်လှည့်၍သွားလေ၏။ ။ထိုရှင်နာဂသေနမထေရ်သည် အသောကာရုံကျောင်းတော်၌ ရှင်ဓမ္မရက္ခိတ မထေရ်သို့ကပ်လျက် ရှင်ဓမ္မရက္ခိတမထေရ်ကို ရိုသေစွာ ရှိခိုး၍ မိမိ၏ လာသော အကြောင်းကို လျှောက်ဆို၍ ရှင်ဓမ္မရက္ခိတမထေရ်၏အထံ၌ ပိဋကတ်သုံးပုံဖြစ်သောတရားစကားကို အကျဉ်း ဥဒ္ဒေသပါဠိဖြင့် ၊ သုံးလပတ်လုံး သင်ကြားပြီး၍ တဘန်သုံးလပတ်ပုံး အဋ္ဌကထာအားဖြင့် နှုလုံးသွင်းလေ၏။

**ရှင်နာဂသေနရဟန္တာဖြစ်ပုံ**·····ထိုအခါ ရှင်ဓမ္မရက္ခိတ မထေရ်သည် ရှင်နာဂသေနကို ငါ့ရှင်နာဂသေန ဥပမာအားဖြင့်ဆိုသော် နွားကျောင်းသားသည် နွားကို ကျောင်း၏၊ တပါးသောသူသည် နွားနို့အရသာကို သုံးဆောင်ရလေ သကဲ့သို့၊ထို့အတူ ငါ့ရှင်နာဂသေနသည် ပုထုဇဉ်ရဟန်းဖြစ်၍ ပိဋကတ်

သုံးပုံကို ဆောင်ရွက် ပါသော်လည်း လောကုတ္တရာတရား အရသာကို ခံစားရသော အဖို့မရှိလေဟုဆိုသော်အရှင်ဘုရား ထိုသို့ဖြစ်လင့်စေဦး၊ ဤစကားမှုဖြင့် သည်းခံတော်မူတန်ပြီဟု ဆို၍ ထိုညဉ့် ထိုနေ့အတို့ဖြင့် လေးပါးသော ပဋိသမ္ဘိဒါနှင့်တကွ ရဟန္တာအဖြစ်သို့ရောက်လေ၏။

ရှင်နာဂသေနအား သစ္စာလေးပါးတို့ကို ထိုးထွင်း၍ သိသည်နှင့် ခပ်သိမ်းသောနတ်တို့သည် ကောင်းချီးပေးကြကုန်၏၊ မြေကြီးသည် ပဲ့တင်ထပ်၏၊ ဗြဟ္မာတို့သည် လက်ပန်းပေါက်ခတ်ကုန်၏၊ နတ်၌ဖြစ်သောစန္ဒကူးနံ့သာမှုန့် ပန်းမိုးယ်တို့သည် ဖရိုဖရဲရွာကုန်၏၊ ထိုအခါ ကုဋေအရေမျှလောက်သော ရဟန္တာတို့သည် ဟိမဝန္တာတောင် ရက္ခိတအပြင်၌ စည်းဝေး၍ ရှင်နာဂသေန အထံသို့ တမန်လွှတ်ကြ ကုန်၏၊ ရှင်နာဂသေနသည် တမန်ရဟန်း၏ စကားကိုကြားလျှင် အသောကာရုံကျောင်းတော်မှ ကွယ်ခဲ့၍ ဟိမဝန္တာ ရက္ခိတအပြင်၌ ကုဋေအရေမျှလောက်သော ရဟန္တာတို့ရှေ့၌ ထင်ရှားစွာဖြစ်၏။ ။ထိုအခါ ရှင်နာဂသေနကို ရဟန္တာတို့သည် င့ါရှင် မိလိန္ဒမင်းသည် စကားကို စကားချင်းနှိပ်စက်သဖြင့် ပြဿနာကိုမေး၏၊ ရဟန်းသံဃာတို့ကိုညှဉ်းဆဲ၏၊ ငါ့ရှင် သွားချေ၊ ငါတို့သည်တောင်းပန်ပါ၏၊ ထိုမိလိန္ဒမင်းကို ဆုံးမချေဟုဆိုကြကုန်၏။ ။ထိုသို့ဆိုသော် အရှင်ဘုရားတို့ မိလိန္ဒမင်းတယောက်ကို ထားဘိဦး၊ ဇမ္ဗူဒိပါ၌မင်းအပေါင်းတို့သည် လာ၍တပည့်တော်အားပြဿနာမေးကြကုန်အံ့၊ အလုံးစုံကိုဖြေ၍ ဘွင့်လှစ် နိုင်ပါ၏၊ အရှင်ဘုရားတို့ ကြောက်ရွံ့ခြင်းမရှိ သာဂလမြို့သို့ ကြွတော်မူကြပါကုန်ဟုဆိုလျှင် ထိုအခါမထေရ်ကြီးတို့သည် သာဂလမြို့ကို သင်္ကန်းရောင်ဖြင့်ပြောင်ပြောင်တောက်စေ၍ ရဟန်းတို့ဝတ်ရုံအပ်သောသင်္ကန်းလေဖြင့်လှိုင်သည်ကိုပြုကြကုန်၏။

**အာယုပါလထေရ်အားမိလိန္ဒမင်းမေးပုံ**…ထိုအခါ အာယုပါလမည်သောအရှင်သည်သင်္ချေယျမည်သောပရိဝုဏ်၌ သီတင်းသုံးလေ၏၊ မိလိန္ဒမင်းသည် အမတ်တို့ကို အချင်းအမတ်တို့ ဤညဉ့်သည် မြူမှကင်းသည်ဖြစ်၍ မွေ့လျော်ဘွယ်ရှိ၏၊ ဤအခါအဘယ်မည်သော ရဟန်းပုဏ္ဏားသို့ချဉ်းကပ်၍ စကားဆွေးနွေးခြင်းငှါ အမေး ပြဿနာကို မေးခြင်းငှါ သွားရကုန်အံ့နည်း၊ အဘယ်သူ

သည့် ငါနှင့် စကားပြောဟောခြင်းငှါ စွမ်းနိုင်အံ့နည်း၊ ငါ၏ ယုံမှား သံသယကိုပျောက်နိုင်အံ့နည်းဟု ဤသို့ မေးသည်ရှိသော် ငါးရာသော ယောနကအမျိုးသားတို့သည် မိလိန္ဒမင်းကိုမြတ်သော မင်းကြီးအာယုပါလမထေရ်ကြီးသည်ပိဋကတ်သုံးပုံကိုတတ်၏၊ များသောအကြားအမြင်ရှိ၏၊ ပါဠိအာဂုံဆောင်၏၊ ဤယခုအခါ သင်္ချေယျပရိဝုဏ်၌သီတင်းသုံးနေ၏၊ ရှင်မင်းကြီး ကြွတော်မူ၍ အရှင်အာယုပါလ မထေရ်ကို ပြဿနာမေး တော်မူလော့ဟု ဆိုကြကုန်သော် အချင်းတို့ ထိုသို့သော်ကား အရှင် ကောင်းအား လျှောက်လေဟုဆို၏၊ ထိုအခါ နေမိတ္တကမည်သော အမတ် သည် အာယုပါလမထေရ်၏အထံသို့ကပ်၍ အရှင်ဘုရား မိလိန္ဒမင်းကြီး သည် အရှင်ဘုရားကိုဖူးမြင်ခြင်းငှါအလိုရှိ၏ဟု လျှောက်လေ၏၊ အာယု ပါလမထေရ်သည်လည်း ထိုသို့တပြီးကား လာစေလော့ဟုဆိုလျှင် မိလိန္ဒမင်းသည် ငါးရာသော ယောနကအမျိုးသားတို့ဖြင့် ခြံရံလျက် ရထားထက်စီး၍ သင်္ချေယျပရိဝုဏ်သို့ ရှင်အာယုပါလရှိရာ ချဉ်းကပ် လေ၍ ဝမ်းမြောက်ဝမ်းသာ ကိုယ်ကျန်းလက်သာ မေးမြန်းပြီးသော် တင့်အပ်လျောက်ပတ်သော အရပ်၌နေလျက် မိလိန္ဒမင်းသည် အရှင် အာယုပါလမထေရ်အား ဤသို့သော စကားကိုမေး၏။

## ရဟန်းအဖြစ်မြင့်မြတ်ပုံပြဿနာ

**မေး။** ။အရှင်ဘုရားတို့ အရှင်ဘုရားတို့သည် အဘယ်ကိုအလိုရှိ သောကြောင့် ရဟန်းပြုတော်မူကုန်သနည်း၊ ထိုသို့အရှင် ဘုရားတို့ ရဟန်းပြုသဖြင့် အဘယ်သို့လျှင် မြတ်သနည်းဟု မေးလေ၏။

**ဖြေ။** ။မြတ်သောမင်းကြီးတရားကိုကျင့်အံ့သောငှါ ငြိမ်သက်သော အကျင့်ကို ကျင့်အံ့သောငှါ ရဟန်းပြုကုန်၏ဟု ဖြေလေ၏။

ထိုစကားကို မိလိန္ဒမင်းမနှစ်သက်၍ အရှင်ဘုရားတို့ အိမ်ရာထောင် သောလူ၏ဘောင်၌ နေသောလူသည်လည်းတရားတော်ကိုကျင့်ပါသည် မဟုတ်လောဟု မေးသော် လူဖြစ်သောသူလည်း ယခုလည်း တရားကို ကျင့်ပေ၏၊ ဘုရားရှင်ထင်ရှားရှိတော်မူသောကာလ၌လည်း ကျင့်ပေ၏၊ ကျင့်ကြောင်းလည်း မြတ်သောမင်းကြီး ဗာရာဏသီပြည် ဣသိပတနမိ ဂဒါဝုန်တော၌ ဓမ္မစကြာသုတ်တရားတော်ကို ဟောတော်မူသောအခါ ပြဟ္မာတဆဲ့ရှစ်ကုဋေ တရားကိုရဘူးလေ၏၊ နတ်တို့ တရားရသည်ကား

မရေတွက်နိုင်လေ၊ ထိုနတ်အပေါင်းတို့သည် ဖန်ရည်စွန်းသော သင်္ကန်းကိုဝတ်၍ ရဟန်းပြုသော သူမဟုတ်၊ လူပင်ဖြစ်ကုန်သည်၊ ထိုမှတပါး မဟာသမယသုတ်၊ မင်္ဂလသုတ်၊ ရေဟုလောဝါဒသုတ်၊ ပရာဘဝသုတ်တို့ကို ဟောတော်မူအပ်သည်ရှိသော် နတ်သားအပေါင်းတို့သည် အရေအတွက်မရှိတရားကို ရကြကုန်သည်၊ ထိုသူ အပေါင်းတို့သည် ရဟန်းမဟုတ်၊ လူပင်ဖြစ်သည်ဟု ရှင်အာယုပါလ တရားသဘောကိုဖြောင့်မတ်စွာဖြေလေသော် ထိုစကားရိပ်ကိုဖမ်း၍ အရှင်ဘုရား အရှင်ဘုရားတို့၏ရဟန်းအဖြစ်သည် အကျိုးမရှိခဲ့တကား၊ သာကီဝင်မင်းသားရဟန်းတို့သည်ရှေးမကောင်းမှု၏အကျိုးဆက်ကြောင့် ရဟန်းပြုသည် ဖြစ်ကုန်၏၊ ဓုတင်တို့ကိုလည်း ဆောင်ကြသည်မည်ကုန်၏။

**ဓုတင်ဆောက်တည်ခြင်းပြဿနာ**……အရှင်အာယုပါလ ဧကာသနိက်ဓုတင်ဆောက်တည်သော ရဟန်းတို့သည် ရှေးဘဝသံသရာ၌ သူတပါးတို့၏ အသုံးအဆောင်တို့ကို ဖျက်ဆီး လုယက်ဘူးသောကြောင့် ထိုမကောင်းမှု၏ အကျိုးဆက်ဖြင့် ဤယခုပစ္စုပ္ပန်၌ ဧကာသနိက်ဓုတင်ကို ဆောင်ရကုန်သည်ဖြစ်၍ အခါခပ်သိမ်းစားခြင်းငှါ မရလေကုန်၊ ထိုရဟန်းတို့အား မြတ်သော အကျင့်သီတင်းမရှိကုန်ရာ၊ အဗ္ဘောကာသိက ဓုတင်ကို ဆောက်တည်သော ရဟန်းတို့သည် ရှေးဘဝ၌ ရပ်ရွာကို ဖျက်ဆီးသော ခိုးသူဖြစ်ကုန်၏၊ သူတပါးတို့၏နေရာအိမ်ကို ဖျက်ဆီးဘူးသောမကောင်းမှု၏အကျိုးဆက်ဖြင့် ဤယခုဘဝ လွင်တီးခေါင်၌ နေရသည်ဖြစ်ကုန်၏၊ ကျောင်းအိပ်ရာနေရာတို့ကိုမရကုန်၊ ထိုရဟန်းတို့အား မြတ်သောအကျင့် သီတင်းမရှိကုန်ရာ၊ နိသဇ္ဇဓုတင် ဆောက်တည်သော ရဟန်းတို့ သည်လည်း ရှေးဘဝ၌ ခရီးလမ်းဆုံ လမ်းမ ခရီးဝ၌ နေ၍ ခရီးသွားသောလူတို့ကို ဖမ်းဆီးချည်နှောင်ဘူးသော မကောင်းမှု၏အကျိုးဆက်ဖြင့် ဤဘဝ၌ နိသဇ္ဇဓုတင်ကို ဆောက်တည်လျက် ငုတ်တုတ် နေရကုန်သည် ဖြစ်၍ အိပ်ခြင်းကိုမျှလည်း မပြုရကုန်၊ ထိုရဟန်းတို့သည် မြတ်သော အကျင့်သီတင်းမရှိကုန်ရာဟု မိလိန္ဒမင်းဆိုသော် ရှင်အာယုပါလသည် တစုံတခုသောစကားကိုမျှမပြော တိတ်တိတ်နေလေ၏။

ထိုအခါ ငါးရာသော ယောနက အမျိုးသားတို့သည် မိလိန္ဒမင်းကို ရှင်မင်းကြီး ဤမထေရ်ကြီးသည် ပညာရှိပေ၏၊ စင်စစ်သော်ကား

ရဲရင့်ခြင်းမရှိသည်ဖြစ်၍ စကားတခွန်းမျှမပြောမဆို တိတ်တိတ်နေပါသည်ဟု ဆိုကြကုန်၏။ ။ထိုအခါ မိလိန္ဒမင်းသည် အရှင်အာယုပါလမထေရ် တိတ်တိတ်နေသည်ကို မြင်၍ လက်ပန်းပေါက် ခတ်လျက် ကြွေးကြော်လျက် ယောနကအမတ်တို့ကို ဩော်- ဇမ္ဗူဒိပါကျွန်းသည် အချည်းနှီး ရှိခဲ့ပြီတကား၊ ဩော်- ဇမ္ဗူဒိပါကျွန်းသည် အဖျင်းဖျင်းရှိခဲ့ပြီတကား၊ တစုံတယောက်သော ရဟန်းပုဏ္ဏားတို့သည် ငါနှင့်အတူ စကားပြောဟောအံ့သောငှါ မရှိခဲ့ပြီ၊ ငါ၏ယုံမှားသက်ာကိုဖျောက်နိုင်အံ့သောငှါ မရှိခဲ့ပြီဟုဆို၏။

**ရှင်နာဂသေနနှင့်မိလိန္ဒမင်းတွေ့ပုံ**။ ထိုအခါ ပရိသတ်အပေါင်းတို့ကိုမိလိန္ဒမင်းသည်ကြည့်လိုက်သော် မကြောက်မရွံ့ နှုလုံးမသာ မရှိကုန်သော ပရိသတ်တို့ကို မြင်ပြန်၍ ဤယောနကအမတ်တို့သည်နှုလုံးမသာ မရှိကုန်၊ ငါနှင့်အတူ စကားပြောခြင်းငှါ ငါ၏ယုံမှားသက်ာကို ဖျောက်နိုင်ခြင်းငှါ တစုံတယောက်သော ပညာရှိသည် ရှိသေးမည်ထင်၏ဟု မိလိန္ဒမင်းသည် ယောနကအမတ်တို့ကို အချင်းအမတ်တို့ ငါနှင့်စကားပြောဟောခြင်းငှါ ငါ၏ယုံမှားသက်ာကို ဖျောက်ခြင်းငှါ တပါးသောပညာရှိရဟန်းသည် ရှိသေးသလောဟုဆို၏၊ ထိုအခါ ရှင်နာဂသေနမထေရ်သည် ရဟန်းအပေါင်းခြံရံလျက် များသောဂိုဏ်းတို့၏ ဆရာဖြစ်သည်ဟု ထင်ရှားကျော်စောသည်၊ သူတော်ကောင်းဟု သမုတ်အပ်သည်၊ ပညာရှိဟု ထင်ရှားသည်၊ မိုးလင်းကြိုးစက်ကဲ့သို့ ထိုးထွင်းသောပညာရှိသည်၊ သိမ်မွေ့နူးညံ့သည်၊ ပညာရှိဟု ထင်ရှားစွာဖြစ်စေအပ်သည်၊ ရဲရင့်သည်၊ များသော အကြားအမြင် ရှိသည်၊ ပိဋကတ်သုံးပုံကို တတ်သည်၊ ရဟန္တာ ဖြစ်သည်၊ များသောပညာနှင့် ပြည့်စုံသည်၊ ပါဠိအာဂုံရှိသည်၊ ပဋိသမ္ဘိဒါနှင့်ပြည့်စုံသည်၊ အင်္ဂါကိုးပါးနှင့် ပြည့်စုံသော သာသနာတော်၌ ပရိယတ္တိကို ဆောင်ရွက်သည်ဖြစ်၍ အဆုံးသို့ရောက်သည်၊ ဘုရားရှင်တရားတော်၌ အတ္ထ၏ နက်နဲခြင်း၊ ဓမ္မ၏ နက်နဲခြင်း၊ ဒေသနာတော်၏ နက်နဲခြင်း၊ ပဋိဝေဓဉာဏ်၏ နက်နဲခြင်း၌ လိမ္မာသည်၊ မကုန်နိုင် ဆန်းကြယ်သော ပညာနှင့်ပြည့်စုံသည်၊ စကားပြောဆိုသော် ဟုတ်မှန်သော စကားကောင်းကိုသာ ပြောဆိုသည်၊ သူတပါး မှီနိုင်ခက်သည်၊ သူတပါး ကူးမြောက်နိုင်ခက်သည်၊ သူတပါး စကားပြောဆိုခက်သည်၊ သူတပါး

မြင်နိုင်ခက်သည်၊ မဟာသမုဒ္ဒရာကဲ့သို့ဖြစ်သည်၊ သူတပါး မလှုပ် မရှားနိုင်သည်ဖြစ်၍ မြင့်မိုရ်ရှေ့တောင်မင်းကဲ့သို့ မတုန်မလှုပ်ရှိသည်၊ ကိလေသာစာတည်းဟူသောမြူကို စွန့်ပြီးသည်၊ ကိလေသာတည်းဟူသော အမိုက်ကို ပစ်ချပြီးသည်၊ ပညာအရောင်ဖြင့် ပြိုးပြိုးပြက်ရှိသည်၊ ကျင့်သောတရားစကားကို ဖြေနိုင်တတ်သည်၊ မြတ်သော ဂုဏ်ရှိသည်၊ ဂိုဏ်းအကြီးဆရာကို နှိပ်စက်နိုင်သည်၊ သာသနာတော်မှအပဖြစ်သော တိတ္ထိတို့ကို နှိမ်နင်းနိုင်သည်၊ ရဟန်းယောကျ်ား၊ ရဟန်းမိန်းမ၊ ဒါယကာယောကျ်ား၊ ဒါယိကာမိန်းမ၊ မင်း၊ ပုဏ္ဏား၊ အမတ်တို့သည် ရိုသေအပ်သည်၊ အလေးပြုအပ်သည်၊ မြတ်နိုးအပ်သည်၊ ပူဇော်အပ်သည်၊ ကိုင်းညွတ်အပ်သည်၊ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ အိပ်ရာ၊ နေရာ၊ ဆေး၊ ပရိက္ခရာတို့ကို ရလွယ်သည်၊ လာဘ်သပ္ပကာဖြင့် မြတ်သောအဖြစ်သို့ရောက်သည်၊ နားထောင်လိုခြင်းနှင့် ပြည့်စုံကုန်သော ပညာရှိတို့အား ကောင်းစွာပြတတ်သည်၊ ကိုးပါးသောအင်္ဂါရှိသော ဘုရားရှင်သာသနာတော်ကို ထင်ရှားစွာ ညွှန်ပြသည်၊ တရားစက် တည်းဟူသော တံခွန်ကို ထောင်သည်၊ တရားထွန်းပခြင်းကို ဆောင်နိုင်သည်၊ တရားဟူသောယဇ်ကို ပူဇော်သည်၊ ခြင်္သေ့မင်းကဲ့သို့ ကြုံးဝါးသည်၊ သိကြားမင်း၏ ကြုံးဝါးခြင်းကဲ့သို့ မှန်မြတ်သော ကြုံးဝါးခြင်းရှိသည်ဖြစ်၍ မြတ်သော ဉာဏ်ကွန်ရက်ဖြင့် မြွေးအပ်သော ကရုဏာတည်းဟူသော ကွန်ရက်ကို ဖြန့်အပ်သည်ဖြစ်၍ တရားတည်းဟူသော အမြိုက်အရသာမိုးဖြင့် လူအပေါင်းတို့အား နှံ့စေလျက် ရွာနိဂုံး မင်းနေပြည်တို့၌ ဒေသစာရီ လှည့်လည်လျက် သာဂလမြို့သို့ရောက်လေ၏။

**ပရိသတ်ကိုမြင်၍မင်းကြီးကြက်သီးထခြင်း**… ထိုအခါ ရှင်နာဂသေနသည် ရှစ်သောင်းသော ရဟန်းတို့နှင့် အတူတကွ သင်္ချေယျမည်သော ပရိဝုဏ်၌နေလေ၏၊ ထိုအခါ ဒေဝမန္တိယအမတ်သည် မြတ်သောမင်းကြီး ငံ့လင့်တော်မူပါဦး၊ ဤယခုအခါ နာဂသေနအမည်ရှိသောမထေရ်သည် ဘဝနှစ်ပါးကို မြော်မြင်သောပညာရှိသည်၊ အထိုးအထွင် ရှိသည်၊ သူတပါးကို ဆုံးမတတ်သည်၊ ရဲရင့်သည်၊ များသော အကြားအမြင် ရှိသည်၊ ဆန်းကြယ်သော တရားစကားကိုလည်း ဟောတတ်သည်၊ ပဋိသမ္ဘိဒါ

လေးပါးတို့၌ အဆုံးသို့ရောက်သည်ဖြစ်၍ သင်္ချေယျပရိဝုဏ်၌ သီတင်း သုံးနေသည်၊ မြတ်သောမင်းကြီး ကြွတော်မူလော့၊ နာဂသေနမထေရ် သည် ရှင်မင်းကြီးနှင့်အတူ စကားပြောခြင်းငှါ ယုံမှားသက်ကို ဖျောက်နိုင်ခြင်းငှါ စွမ်းနိုင်ပါ၏ဟုဆိုသော် မိလိန္ဒမင်းသည် နာဂသေန ဟူသောစကားကိုကြားရလျှင် ကြောက်ခြင်း၊ကိုယ်ခက်တရော်ရှိခြင်း၊ ကြက်သီးမွေးညှင်းထခြင်း ဖြစ်လေသည်နှင့် ဒေဝမန္တိယအမတ်ကို အချင်းဒေဝမန္တိယအမတ် နာဂသေနမထေရ်သည် ငါနှင့်စကားပြော ဟောခြင်းငှါ တတ်နိုင်အံ့လောဟု မေးသော် မြတ်သောမင်းကြီး စင်စစ် သော်ကား သိကြား၊ဝရုဏ၊ကုဝေရ၊ပဇာပတိ၊သုယာမ၊ သန္တုသိတ အစရှိသော လောကပါလနတ်နှင့်ရှင် ဗြဟ္မာနှင့်ရှင်း၊ စကားပြောဟော ခြင်းငှါ အစွမ်းသတ္တိရှိပေ၏၊လူဖြစ်သောသူနှင့်ကား အဘယ်ဆိုဘွယ်ရာ ရှိလေအံ့နည်းဟုဆိုသော် ထိုအခါမိလိန္ဒမင်းသည် ဒေဝမန္တိယအမတ်ကို ထိုသို့တပြီးကား သင်သည် အရှင်ကောင်းအထံသို့ တမန်ပြု၍ လျှောက် ချေလော့ဟု စေ၏၊ ဒေဝမန္တိယအမတ်သည် ရှင်နာဂသေနမထေရ်၏ အထံသို့ရောက်၍ အရှင်ဘုရား မိလိန္ဒမင်းကြီးသည် အရှင်ဘုရားကို ဖူးမြင် ခြင်းငှါ အလိုရှိပါ၏ဟုလျှောက်လေ၏၊ ရှင်နာဂသေနကလည်း လာစေ လော့ဟု ဆို၏၊ ထိုအခါ မိလိန္ဒမင်းသည် ငါးရာသော ယောနက အမျိုး သားတို့ဖြင့် ခြံရံလျက် ရထားစီး၍ များစွာသော စစ်သည်ဗိုလ်ပါနှင့် တကွ သင်္ချေယျ ပရိဝုဏ်၌ ရှင်နာဂသေနရှိရာသို့ ချဉ်းကပ်လေ၏။

**မြင်ရုံဖြင့် နာဂသေနဟု သိပုံ**…… ထိုအခါ ရှင်နာဂသေနသည် ရှစ်သောင်းသော ရဟန်းတို့နှင့် အတူ ကျယ်သောတလင်းပြင်၌နေ၏၊မိလိန္ဒမင်းသည် ရှင်နာဂသေန၏ ပရိသတ်ကို အဝေးကမြင်ရလျှင်ပင် ဒေဝမန္တိယ အမတ်ကို အချင်း အမတ် ဤများစွာသော ပရိသတ်သည် အဘယ်သူ၏ ပရိသတ်နည်း ဟုမေးသော် မြတ်သောမင်းကြီး ရှင်နာဂသေနမထေရ်၏ ပရိသတ် တည်းဟုဆိုလေ၏၊ ထိုအခါ မိလိန္ဒမင်းသည် ရှင်နာဂသေန ပရိသတ် ကို အဝေးကမြင်လျှင်ပင် ကြောက်ခြင်း၊ ကိုယ်ခက်တရော် ရှိခြင်း၊ ကြက်သီးမွေးညှင်းထခြင်း ရှိသည်ဖြစ်လေ၏၊ ဥပမာအားဖြင့်ဆိုသော် ကြံ့ဆင်အပေါင်းတို့ဖြင့် ဝန်းရံမိသော ဆင်ပြောင်ကဲ့သို့ရင်း၊ ဂဠုန်

အပေါင်းတို့ဖြင့် ဖွဲ့စည်းအပ်သော နဂါးကဲ့သို့ရင်း၊ စပါးကြီးပတ်မိသော ခွေးကဲ့သို့ရင်း၊ ကျွဲတို့ဖြင့် ဝန်းရံမိသော ဝံကဲ့သို့ရင်း၊ နဂါးသည် အစဉ် လိုက်အပ်သောဘားကဲ့သို့ရင်း၊ သစ်ဆင်သည် အစဉ် လိုက်အပ်သော သမင်ကဲ့သို့ရင်း၊ မြွေဖမ်းသော ယောကျ်ား၏လက်သို့ ရောက်စေအပ်သော မြွေကဲ့သို့ရင်း၊ ကြောင်ရှိရာ ရှေးရှုလာသော ကြွက်ကဲ့သို့ရင်း၊ ဘုတ်မန္တန်ရေးတတ်သော ဆေးသမား၏နေရာသို့ ရှေးရှုလာသောမြေဘုတ်ဘီလူးကဲ့သို့ရင်း၊ ရာဟုခံတွင်းသို့ ရောက်လာသော လကဲ့သို့ရင်း၊ ချိုင့်၏အတွင်း၌ တည်သော ငှက်ကဲ့သို့ရင်း၊ ပိုက်ကွန်အတွင်း၌ တည်သော ငါးကဲ့သို့ရင်း၊ သားရဲရှိသော တောအုပ်သို့ဝင်သော ယောကျ်ားကဲ့သို့ရင်း၊ ဝေဿဝဏ္ဏနတ်မင်းအား ပြစ်မှားမိသော နတ်ဘီလူးကဲ့သို့ရင်း၊ ကုန်ပြီးသော အသက်ရှိသော နတ်သားကဲ့သို့ရင်း ကြောက်သော သဘော ထိတ်လန့်သော သဘော ကြက်သီးမွေးညှင်း ထသော သဘောရှိသည်ဖြစ်၍ နှလုံးမသာ တုန်လှုပ် ဖောက်ပြန်သော စိတ်ရှိ၏၊ ဤလူအပေါင်းသည် ငါ့ကိုမနှိပ်စက်စေသတည်းဟု သတိထား၍ ဒေဝမန္တိယအမတ်ကို သင်သည် နာဂသေနအရှင်ကို ငါ့အား မကြားလင့် မပြောလင့်၊ ငါ့အား မကြားမပြောဘဲလျှင် ငါသိလတ္တံ့ဟု မိလိန္ဒမင်းကြီး ဆိုသော် ရှင်မင်းကြီး ကောင်းပြီ၊ ရှင်မင်းကြီးပင်လျှင် သိတော်မူလေလော့ဟုဆို၏။

ထိုအခါ ရှင်နာဂသေနမထေရ်သည် ထိုရဟန်း ပရိသတ်အပေါင်း၌ ငယ်သောင်းသော ရှေ့ရဟန်းတို့၏ အောက်အငယ်ဖြစ်၍၊ လေးသောင်းသော နောက်ရဟန်းတို့ထက် ကြီးသည်ဖြစ်၏၊ ထိုအခါ မိလိန္ဒမင်းသည် အလုံးစုံသော ရဟန်းသံဃာအပေါင်း၏ ရှေးဦးကိုရင်း၊ အလယ်ကိုရင်း၊ အဆုံးကိုရင်း၊ အစဉ်အတိုင်းကြည့်လိုက်သော် ရဟန်းသံဃာ အလယ်၌ ခြင်္သေ့မင်းကဲ့သို့ မကြောက်မရွံ့ ရဲရင့်ခြင်းရှိသော ရှင်နာဂသေနမထေရ်ကိုမြင်ရလျှင် အမူအရာကို မြင်ကာမျှဖြင့် ဤသူသည် ရှင်နာဂသေနဟု သိလေ၏။ ။ထိုအခါ မိလိန္ဒမင်းသည် ဒေဝမန္တိယ အမတ်ကို အချင်း ဒေဝမန္တိယအမတ် ဤရဟန်းသည် ရှင်နာဂသေနတည်းဟု ညွှန်ပြလေသော် ရှင်မင်းကြီး ဟုတ်ပေ၏၊ ရှင်မင်းကြီး သိတော်မူပေ၏ဟု ဆိုသော် ငါသည် ရှင်နာဂသေနမထေရ်ကို သူတပါး မပြမညွှန်ဘဲ သိလေ၏တကားဟု နှစ်သက်ဝမ်းသာသည် ဖြစ်လေ၏။ ။ထိုအခါ

မိလိန္ဒမင်းသည် ရှင်နာဂသေနကိုမြင်လျှင် ကြောက်ခြင်း ထိတ်လန့်ခြင်း ကြက်သီးမွေးညှင်းထခြင်းသည် ဖြစ်လေ၏။ ဖြစ်ပုံကြောင်းကား—

စရဏောနစေဝ သမ္ပန္နံ၊ သုဒန္တံ ဥတ္တမေ ဒမေ။
ဒိသွာ ရာဇာ နာဂသေနံ၊ ဣဒံဝစနမဗြွိ။ ။

ကထိကာ မေ ဗဟူ ဒိဋ္ဌာ၊ သာကစ္ဆာ ဩသဋာ ဗဟူ။
န တာဒိသံ ဘယံ အာသိ၊အဇ္ဇ တာသော ဘယံ မမ။ ။

နိဿံသယံ ပရာဇယော၊ မမ အဇ္ဇ ဘဝိဿတိ၊
ဇယော စ နာဂသေနဿ၊ ယထာ စိတ္တံ နသဏ္ဌိတံ။ ။

ရာဇာ၊မိလိန္ဒမင်းသည်။စရဏောနစေဝ၊ အကျင့်သီတင်းနှင့်။ သမ္ပန္နံ၊ ပြည့်စုံထသော။ဥတ္တမေ၊မြတ်သော။ဒမေ၊စက္ခုစသော ဣန္ဒြေကို ဆုံးမခြင်း၌။သုဒန္တံ၊ကောင်းစွာ ယဉ်ကျေးစွာထသော။နာဂသေနံ၊ နာဂသေနမထေရ်ကို။ဒိသွာ၊မြင်ရ၍။ဣဒံဝစနံ၊ဤစကားကို။အဗြွိ၊ ဆိုလေ၏။ ။ မေမယာ၊ငါသည်။ ကထိကာ၊စကားပြောတတ်ကုန်သော။ ဗဟူ၊များစွာကုန်သော ရဟန်းပုဏ္ဏားတို့ကို။ဒိဋ္ဌာ၊မြင်အပ်ကုန်ပြီ။ သာကစ္ဆာ၊စကားပြောဟောကုန်သည် ရှိသော်။ ဗဟူ၊ များစွာကုန်သော သူတို့သည်။ ဩသဋာ၊ဦးခေါင်းပိုက်ဆိုက် ရှိကုန်ပြီ။တာဒိသံ၊ထိုသို့သဘောရှိသော။ ဘယံ၊ကြောက်ခြင်းသည်။မေ၊ငါ့အား။နအာသိ၊မဖြစ်စဘူး။အဇ္ဇ၊ဤယခု။ မမ၊ ငါ့အား။ တာသော၊ ထိတ်လန့်ခြင်းသည်။ အာသိ၊ဖြစ်ခဲ့ပြီ။ ဘယံ၊ ကြောက်ခြင်းသည်။ အာသိ၊ ဖြစ်ခဲ့ပြီ။ ။အဇ္ဇ၊ ဤယခု။ မမ၊ငါ့အား။ နိဿံသယံ၊ယုံမှားမရှိ။ပရာဇယော၊ရှုံးခြင်းသည်။ဘဝိဿတိ၊ ဖြစ်လတ္တံ့။ မေ၊ငါ၏။ စိတ္တံ၊ စိတ်သည်။ ယထာ၊ အကြင်အခြင်းဖြင့်။ နသဏ္ဌိတံ၊ ကောင်းစွာမတည်ရပ်နိုင်။ တထာ၊ ထိုအခြင်းဖြင့်။ နာဂသေနဿ၊ နာဂသေနမထေရ်အား။ ဇယော၊အောင်ခြင်းသည်။ ဘဝိဿတိ၊ဖြစ်လတ္တံ့။

ဗာဟိရကထာ ပြီးပြီ။

---

## ၁။ နာမပဉ္စတ္တိပဉှာ

**အမည်ကိုမေးခြင်း**……ထိုအခါ မိလိန္ဒမင်းသည် ရှင်နာဂသေနရှိရာ ချဉ်းကပ်လေ၍ ရှင်နာဂသေနနှင့် ဝမ်းမြောက်

ဝမ်းသာ အသက်ထက်ဆုံး အောက်မေ့အပ်သော စကားကို ပြောဆို နှုတ်ဆက်ပြီးသော် ဖျော်ပတ်စွာနေလေ၏၊ နာဂသေနမထေရ်လည်း မိလိန္ဒမင်းအား နှုတ်ဆက်စေ၏။

ထိုအခါ မိလိန္ဒမင်းသည် အရှင်ဘုရား အဘယ်သို့လျှင်ထင်ရှားစွာ နာမသညာခေါ်ဝေါ်အပ်သနည်း၊ အရှင်ဘုရား၏ နာမတော်သည် အဘယ် အမည် မှည့်သနည်းဟု နာမတော်ကို မေး၏။

ရှင်နာဂသေနသည် မင်းကြီး သီတင်းသုံးဘော် အရှင်မြတ်တို့သည် နာဂသေနဟု ခေါ်ဝေါ်ကြကုန်၏၊ စင်စစ်သော်ကား မိခင်ဘခင်တို့ သည် နာဂသေနဟူ၍ရင်း၊ သူရသေနဟူ၍ရင်း၊ ဝီရသေနဟူ၍ရင်း၊ သီဟ သေန ဟူ၍ရင်း၊ အမည် နာမ ပညတ်ကို မှည့်ကြကုန်၏၊ မင်းကြီး နာဂ သေန ဟူသောအမည်သည် စင်စစ်သော်ကား ပညတ်ဝေါဟာရ မျှသာ တည်း၊ ဤနာဂသေန ဟူသော အမည်၌ ပရမတ္ထအားဖြင့် ထင်ရှား သော ပုဂ္ဂိုလ် ဟူ၍ မရအပ်ဟု ပြောဆို၏။

ထိုအခါမိလိန္ဒမင်းသည် ငါးရာသော ယောနကအမျိုးသားတို့ကို အို အမတ်တို့ ရှစ်သောင်းသော အိုအရှင်ကောင်းတို့ ဤရှင်နာဂသေနသည် ပရမတ္ထအားဖြင့် ပုဂ္ဂိုလ်ဟူ၍ မရအပ်ဟုဆိုအပ်သော စကားကို နား ထောင်ကြကုန်၊ ရှင်နာဂသေနဆိုသော စကားကို နှစ်သက်အံ့သော်ငါ သင့်ပါမည် လောဟု သက်သေအရာထားလေ၏၊ ထိုသို့သက်သေအရာ၌ ထားပြီးသော် မိလိန္ဒမင်းသည် ရှင်နာဂသေနကို အရှင်နာဂသေန ပရ မတ္ထအားဖြင့် ပုဂ္ဂိုလ် အကယ်၍ မရအံ့၊ အဘယ်သူသည် အရှင်တို့အား ဆွမ်း သင်္ကန်း ကျောင်း ဆေး ပရိက္ခရာတို့ကို လှူလေသနည်း၊ အဘယ် သူသည်ကား ထိုလှူအပ်သော ပစ္စည်းကို သုံးဆောင်စားသောက်လေ သနည်း၊ အဘယ်သူသည် သီလဆောက်တည် လေသနည်း၊ အဘယ် သူသည် ကမ္မဋ္ဌာန်းဘာဝနာ၌ယှဉ်လေသနည်း၊ အဘယ်သူသည်မဂ်ဖိုလ် နိဗ္ဗာန်ကို မျက်မှောက်ပြုလေသနည်း၊ အဘယ်သူသည် ပါဏာတိပါတ, အဒိန္နာဒါန, ကာမေသုမိစ္ဆာစာရ, မုသာဝါဒ, သုရာမေရယ မကောင်း မှုတို့ကို ပြုလေသနည်း၊ အဘယ်သူသည် အနန္တရိယကံကို ပြုလေ သနည်း၊ အရှင်နာဂသေန ကုသိုလ်အကုသိုလ်ကံလည်း မရှိကောင်းပြီ၊ ကုသိုလ်အကုသိုလ်တို့ကို ပြုတတ်သောသူ မြစ်တတ်သောသူလည်းမရှိ

ကောင်းပြီ၊ ကောင်းသောအမှု မကောင်းသောအမှုတို့၏ အကျိုးဆက်တရားသည်လည်းမရှိကောင်းပြီ၊ ရှင်နာဂသေန အရှင်ဘုရားတို့ကို အကြင်သူသည် သေအောင်သတ်အံ့၊ ထိုသတ်သောသူအား ပါဏာတိပါတကံမရှိကောင်းပြီ၊ အရှင်ဘုရားတို့အားလည်း ဆရာ ဟူ၍၎င်း၊ ဥပဇ္ဈာယ်ဟူ၍၎င်း၊ ပဥ္စင်းဟူ၍၎င်း မရှိကောင်းပြီ၊ ရှင်နာဂသေနကို အကျွန်ုပ်သည် နာမသညာကို မေးသော် မင်းကြီး ငါ၏အမည်ကို နာဂသေနဟူ၍ သီတင်းသုံးဘော်တို့ ခေါ်ဆိုကြကြောင်းကို ပြောဆိုအပ်လေပြီးသည်တကား၊ အဘယ်သည်လျှင် ဤအရာ၌ နာဂသေနမည်သနည်း၊ အရှင်ဘုရား ဆံပင်တည်း နာဂသေနမည်သလောဟု မေးသော် မင်းကြီး ဆံပင်လည်း နာဂသေနမဟုတ်၊ အမွေးတည်းနာဂသေနမည်သလောဟု မေးသော် အမွေးလည်း နာဂသေနမဟုတ်၊ ဒွတ္တိံသာကာရကို အစဉ်အတိုင်းမေးလေ၏၊ ဦးနှောက်တည်း နာဂသေနမည်သလောဟုမေးသော် မင်းကြီး ဦးနှောက်လည်း နာဂသေန မဟုတ်၊ အရှင်ဘုရား ရူပက္ခန္ဓာတည်း နာဂသေန မည်သလောဟု မေးသော် မင်းကြီး ရူပက္ခန္ဓာလည်း နာဂသေနမဟုတ်၊ ဝေဒနာ,သညာ,သင်္ခါရ, ဝိညာဉ်တည်း နာဂသေန မည်သလောဟု မေးသော် မင်းကြီးဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ်သည်လည်း နာဂသေန မဟုတ်ဟု ဆိုလေ၏၊ ။အရှင်ဘုရား ရုပ်, ဝေဒနာ,သညာ, သင်္ခါရ,ဝိညာဉ်ကိုထား၍ နာဂသေနမည်သည်ရှိသေးသလောဟု မေးသော်မင်းကြီး ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ်ကိုထား၍ နာဂသေန မည်သည် မရှိဟု ဆို၏၊ အရှင်ဘုရားတကာတော်သည် အရှင် ဘုရားကို မေးသော် အဘယ်သည်ကိုမျှ နာဂသေနဟု မသိမမြင်ရပါ၊ နာဂသေန ဟူသည် ဝစီဘေဒသဒ္ဒါမျှသာလျှင် ဖြစ်သလောဟု မေးသော် မင်းကြီး နာဂသေနဟူသည် ဝစီဘေဒသဒ္ဒါမျှသာလျှင် နာဂသေန မဟုတ်ဟုဆို၏။ ။အရှင်ဘုရား အရှင်သည် အဘယ်သည်လျှင် ဤအရာ၌ နာဂသေနဖြစ်သနည်း၊ မဟုတ်သော မုသာဝါဒစကားကို ဆိုဘိ၏တကား၊ နာဂသေနဟူ၍ မရှိပါတကားဟု မေးသော် ရှင်နာဂသေန မထေရ်သည် မိလိန္ဒမင်းကို ဤသို့ဆိုလေ၏၊ အဘယ်သို့ ဆိုလေသနည်းဟူမူကား ဖြတ်သောမင်းကြီး သင်မင်းကြီးသည် မင်းဖြစ်၍ နူးညံ့သိမ်မွေ့၏၊ နေမွန်းတည့်အခါ လာခဲ့သည်ဖြစ်၍ မြေကြီးပူ သဲပူ ကျောက်စရစ် အိုးခြမ်းတို့၌နင်း၍ လာရ

သဖြင့် မင်းကြီးခြေတို့သည် ကျင်နာပေါက်ရှခဲ့ရာ၏၊ကိုယ်စိတ် ပင်ပန်းခဲ့ကုန်ရာ၏၊ဒုက္ခသဟာဂုတ် ကာယဝိညာဉ်သည်ဖြစ်ခဲ့ရာ၏၊ သင်မင်းကြီးသည် ခြေလျင်လာသလော၊ထိုသို့မဟုတ်မူကား ဆင်ယာဉ် မြင်းယာဉ်ဖြင့်လာသလောဟု မေးသော် အရှင်ဘုရား တကာတော်သည် ခြေလျင်မလာ၊ ရထားစီး၍ လာသည်ဟု ဆိုလေသော် မြတ်သောမင်းကြီးသင်မင်းကြီးသည် အကယ်၍ ရထားစီးလျက်လာခဲ့သည် ဖြစ်အံ့၊ငါ့အားရထားကို ကြားပါလော့ဟုဆို၍ ရထားသရုပ်ကိုမေးလေ၏။

**ရထားဥပမာ**·····မြတ်သော မင်းကြီး လှည်းသန်သည် ရထားဖြစ်သလောဟု မေးသော် အရှင်ဘုရား လှည်းသန်လည်း ရထားမဟုတ်ဟု ဆို၏၊ ဝင်ရိုးတည်း ရထား ဖြစ်သလောဟုမေးသော် အရှင်ဘုရား ဝင်ရိုးလည်း ရထားမဟုတ်ဟုဆို၏၊ မင်းကြီးလှည်းဘီးတည်း ရထားလောဟုမေးသော် အရှင်ဘုရား လှည်းဘီးလည်း ရထားမဟုတ်၊ မင်းကြီး လက်တင်တည်း ရထားလောဟုမေးသော် အရှင်ဘုရား လက်တင်လည်း ရထားမဟုတ်၊ လှည်းထောက်တည်း ရထားလောဟုမေးသော် လှည်းထောက်လည်း ရထားမဟုတ်၊ ထမ်းပိုးတည်း ရထားလောဟုမေးသော် ထမ်းပိုးလည်း ရထားမဟုတ်၊ ကြိုးတည်း ရထားလောဟုမေးသော် ကြိုးလည်းရထားမဟုတ်၊ နှင်တံတည်းရထားလောဟုမေးသော် နှင်တံလည်း ရထားမဟုတ်၊ မင်းကြီး ထိုသို့ဖြစ်သော် လှည်းသန်၊ဝင်ရိုး၊လှည်းဘီး၊လက်တင်၊ လှည်းထောက်၊ ချည်သောကြိုး၊ နှင်တံသည် ရထားလောဟု မေးသော် အရှင်ဘုရား မဟုတ်ဟုဆို၏၊ ထိုသို့သော် ဤဆိုအပ်ပြီးသည်ကို ထား၍ ရထားရှိသလောဟု မေးသော် အရှင်ဘုရား လှည်းသန်၊ ဝင်ရိုး၊ လက်တင်၊ လှည်းထောက်၊ချည်သောကြိုး၊ နှင်တံကိုထား၍ ရထားမရှိပါဟု မိလိန္ဒမင်းဆို၏။ ။မင်းကြီး ငါသည် သင်မင်းကြီးကို မေးသော် အဘယ်သည်ကိုမျှ ရထားဟု မသိမမြင်ရပါ၊ မြတ်သောမင်းကြီး ရထ သဒ္ဒါသာလျှင် ရထားဖြစ်လေသလော၊ဤအရာ၌ ရထားအဘယ်မှာ ဖြစ်လေသနည်း၊ မင်းကြီး သင်မင်းကြီးသည် မဟုတ် မမှန် မုသာဝါဒ စကားကိုဆိုဘိ၏၊မင်းကြီးသည် အလုံးစုံသော ဇမ္ဗူဒိပါကျွန်းတွင် မြတ်သောမင်းဖြစ်လျက် ရထားမရှိ မုသာဝါဒကို ဆိုဘိ၏တကား၊ ဒိုင်ငါးရာသော ယောနကအမျိုးသားတို့ ဒိုရှစ်သောင်းသောရဟန်းအပေါင်းတို့ မိလိန္ဒ

မင်းကြီးသည် ဤသို့သောစကားကိုဆို၍၊ နာဂသေနမထေရ်သည် ကိုယ်အဘိုက် တွန်း နှိုးဆော်ပြီး၍ မြတ်သောမင်းကြီး သင်မင်းကြီးသည် အဘယ်ဖြင့် လာခဲ့သနည်းဟု ငါမေးသောကာလ ရထားဖြင့်လာခဲ့သည်ဟု ဆိုဘူး သည်ဖြစ်လျက် ဆိုအပ်သောအတိုင်း ရထားအပြည့်အစုံ မရှိတကား၊ မင်းကြီးစကားကို နှစ်သက်အံ့သောငှါ သင့်ပါအံ့လောဟု သက်သေ ထား၍ နာဂသေန မှတ်နာကြကုန်ဟုဆိုလေသော် ငါးရာသော ယောနက အမျိုးသားတို့သည် ရှင်နာဂသေနအား ကောင်းချီးပေး၍ မိလိန္ဒမင်းကြီး ကို ရှင်မင်းကြီး ဤယခုအခါ တတ်စွမ်းနိုင်သမျှ ပြောဆိုတော်မူလော့ဟု ဆိုကြကုန်၏။

ထိုအခါ မိလိန္ဒမင်းသည် အရှင်နာဂသေနမထေရ်ကို အရှင်ဘုရား တကာသည် မုသာဝါဒမဆို၊ ရထားဟု ဆိုအပ်သော စကားသည် လှည်းသန်ကိုစွဲ၍ရင်း၊ ဝင်ရိုးကိုစွဲ၍ရင်း၊ လှည်းဘီး၊ လက်တင်၊ လှည်း ထောက်တို့ကိုစွဲ၍ရင်း၊ ရထားဟူ၍ရေတွက်ခြင်းဝေါဟာရ နာမပညတ် ဖြစ်လေသည်ဟု ဆိုလေသော် မင်းကြီး ကောင်းပြီ၊ သင်မင်းကြီးသည် ရထားအရကို သိသကဲ့သို့ ထို့အတူ နာဂသေနဟုဆိုသော ငါ့အားလည်း ဆံပင်တို့ကိုစွဲ၍ရင်း၊အမွေး၊ခြေသည်း လက်သည်း၊သွား၊အရေ၊အသား၊ အကြော၊ အရိုး၊ ရိုးတွင်းချဉ်ဆီ၊ အညှို့၊ နှလုံး၊အသည်း၊ အမြှေး၊ အပျဉ်း၊ အဆုတ်၊ အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ သည်းခြေ၊သလိပ်၊ ပြည်၊သွေး၊ချွေး၊ အဆီခဲ၊ မျက်ရည်၊ ဆီကြည်၊ တံတွေး၊နှပ်၊ အစေး၊ ကျင်ငယ်၊ ဦးနှောက် တို့ကို စွဲ၍ရင်း၊ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ ဝိညာဉ်တို့ကို စွဲ၍ရင်း၊ နာဂသေန ဟူသော ရေတွက်ခြင်း ပညတ်နာမ ဝေါဟာရမျှသည် ဖြစ်၏၊ ပရမတ္ထ အားဖြင့် ထင်ရှားမရှိသောကြောင့် ပုဂ္ဂိုလ်ကို မရအပ်ဟူ၍ ငါဆိုသည်။ ။မင်းကြီး ခန္ဓာငါးပါးကို စွဲလျက် နာဂသေန ဟူသော နာမပညတ် ဝေါဟာရအဖြစ်ကို ငါသာ ပြောဆို သည် မဟုတ်၊ဘုရားထင်ရှားရှိသော ကာလ၌လည်း ဝဇိရာ အမည်ရှိ သော ဘိက္ခုနီမကလည်း ဟောဘူး ဆိုဘူးလေ၏။ဟောကြောင်းကား—

ယထာ ဟိ အင်္ဂသမ္ဘာရာ၊ ဟောတိ သဒ္ဒေါ ရထော ဣတိ။
ဧဝံခန္ဓေသု သန္တေသု၊ဟောတိ သတ္တောတိ သမ္မုတိတိ။ ။

ဟုဟောတော်မူအပ်သတည်း။

အင်္ဂသမ္ဘာရ၊ အင်္ဂါကြီးငယ် အဆောက်အဦ ရှိသောကြောင့်။ ရထောဏုတိ၊ရထား်းဟူ၍၊ သဒ္ဒေါ၊ခေါ်ဝေါ်သော သဒ္ဒါဝေါဟာရသည်။ ဟောတိသဏ္ဍာ၊ဖြစ်သကဲ့သို့။ဧဝံတထာ၊ ထို့အတူ။ ခန္ဓေသု၊ခန္ဓာငါးပါး တို့သည်။သန္တေသု၊ထင်ရှားရှိကုန်သော်။ သမ္ဘောတိ၊ သတ္တဝါ ပုဂ္ဂိုလ် ဟူ၍။သမ္မုတိ၊ နာမပညတ် ဝေါဟာရကိုသမုတ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ဘာသိတံ၊ဟောအပ်၏။

မိလိန္ဒမင်းသည် မေးအပ်သော ပုစ္ဆာကား ဝိမတိစ္ဆေဒနာပုစ္ဆာ လက္ခဏာတည်း၊ ရှင်နာဂသေန ဖြေတော်မူသည်ကား ထိုအမေးတို့ မေးလိုက်၍ တရားအလိုလိုပြီးလေ ပြတ်လေသောကြောင့် ပဋိပုစ္ဆာ ဗျာကရဏ ဝိဿဇ္ဇနာလက္ခဏာရှိသည်။ ။သို့သော်လည်း မဟုတ်၊ခန္ဓာ ငါးပါးကိုစွဲ၍ နာမပညာတ်ဝေါဟာရ ဖြစ်ကြောင်းကို ယထာဟိ အင်္ဂ သမ္ဘာရ၊ဟောတိ သဒ္ဒေါ ရထောဏုတိ–အစရှိသည်ဖြင့် ဘိက္ခုနီမက တရားဟောဘူးသောအကြောင်းကို သက်သေသာခကထုတ်၍ ပြလေ သည်ဟု မှတ်လေအပ်သည်။

ထိုဖြေအပ်သောစကားအရကို မိလိန္ဒမင်း ဝမ်းမြောက်လှသည်နှင့် အရှင်ဘုရား အံ့ဘွယ်ရှိစွတကား၊ မဖြစ်စဘူး ဖြစ်လေတကား၊ ဆန်း ကြယ်သော အမေးတို့ကို ဖြေတော်မူအပ်၏၊ အကယ်၍ဘုရားရှင် ထင် ရှားရှိတော်မူခဲ့လျှင် အရှင်ဘုရားကို ကောင်းချီးပေးတော်မူလေရာ၏ဟု ချီးမွမ်းပြီးလျှင် သာခု သာခုခေါ်လေ၏။

နာမပညတ္တိပဉှာပြီး၏။

---

## ၂။ ဝဿဂဏနပဉှာ

**ဝါတော်ကိုမေးခြင်း**·····ဒုတိယပဉှာအမေးကား။ ။အရှင်ဘုရား အရှင်ဘုရားသည် အဘယ် မျှလောက် ဝါရှိသနည်းဟု မေးလေ၏။

မင်းကြီး ငါသည် ခုနစ်ဝါရှိပြီဟု ဆိုလေ၏။

အရှင်ဘုရား အဘယ်သည် ခုနှစ်ဝါရှိသနည်း၊ အရှင်ဘုရားကိုယ်ပင် တည်း ခုနစ်ဝါလော၊ ထိုသို့မဟုတ် ရေတွက်ခြင်း သချာတည်း ခုနစ်ဝါ လောဟု မေး၏။

ထိုအခါ မိလိန္ဒမင်း၏ကိုယ်၌ ဆင်သေးတန်ဆာနှင့်တကွ အရိပ်သည် ဖြေ၍ထင်၏၊ ပတ္တမြားသောက်ရေခွက်၌လည်း မိမိကိုယ် အရိပ်သည် ထင်၏၊ ထိုအခါ ရှင်နာဂသေနသည် မိလိန္ဒမင်းကို မြတ်သောမင်းကြီး သင်မင်းကြီး၏ အရိပ်သည် ဖြေ၍ရင်း၊ ပတ္တမြား သောက်ရေခွက်၌ရင်း ထင်မြင်၏၊ မင်းကြီးအဘယ်သို့နည်း၊ သင်မင်းကြီးပင်တည်း မင်းလော၊ ထိုသို့မဟုတ် အရိပ်တည်း မင်းလောဟု မေးလေ၏။

အရှင်ဘုရား တကာတော်သာ မင်းဖြစ်သည်၊ အရိပ်သည် မင်း မဟုတ်၊ တကာတော်ကိုမှီ၍ အရိပ်သည်ဖြစ်၏ဟုဆိုသော် မြတ်သော မင်းကြီး ဝါကို ရေတွက်ခြင်းသချာသည် သတ္တမည်၏၊ ငါသည် သတ္တ မဟုတ်၊သတ္တဟူသောအရေအတွက်သည် ငါ၏ကိုယ်ကိုမှီ၍ ဖြစ်သည်၊ မင်းကြီး နာဂသေနဟူသော အမည်သည် အရိပ်နှင့်တူသော ဥပမာ ရှိ၏ဟု ဖြေဆိုလေသော် အရှင်ဘုရား ဩော်-အံ့ဘွယ် ရှိပေစွ၊အလွန်လျှင် ဆန်းကြယ်စွာ ဖြေအပ်ပေသည်ဟု ချီးမွမ်းလေ၏။

**ဆွေးနွေးရန်ဘိတ်ကြားပုံ**……အရှင်ဘုရား တကာတော်နှင့် အတူ စကား ပြောဟောပါဟု ဆိုသော် မြတ်သောမင်းကြီး ပညာရှိတို့၏ ပြောဆိုတိုင်ပင် လည်ဆယ်အပ်သော အယူဝါဒကို ပြောဟောလိုသည်ဖြစ်အံ့၊ ငါပြောဟောပါအံ့၊ အစိုးရ သောမင်းတို့၏ ပြောဆိုတိုင်ပင် လည်ဆယ်အပ်သော အယူဝါဒကို ပြောဟောလိုသည် ဖြစ်အံ့၊ ငါမပြောဟုဆိုလေ၏။ ။အရှင်ဘုရား ပညာရှိတို့သည် အဘယ်သို့ ပြောဆိုကြကုန်သနည်းဟု မေးသော် မြတ်သောခင်းကြီး ပညာရှိတို့သည် စကားပြောဟောသည် ရှိသော် ရိပ်ဝှဲ၍ ပြောအပ်သော အရာကိုလည်း ရိပ်ဝှဲ၍ပြော၏၊ တိုက်ရိုက် ပြောအပ်သော အရာကိုလည်း တိုက်ရိုက်ပြော၏၊ နှိပ်စက်အပ်သော အရာကိုလည်း နှိပ်စက်၍ပြော၏၊ ချီးမြှောက်၍ ပြောအပ်သော အရာ ကိုလည်း ချီးမြှောက်၍ပြော၏၊ ထူးသောအရာကိုလည်း ထူးပေ၏ဟု ပြော၏၊ မထူးသောအရာကိုလည်း မထူးဟုပြော၏၊ ပညာရှိတို့သည် အမျက်မထွက်ကုန်၊ ဤသို့သော ပြောဟောခြင်းသည် မြတ်သော မင်း ကြီး ပညာရှိတို့ပြောဟောခြင်းဖြစ်ကုန်၏ဟုဆို၏။ ။အရှင်ဘုရား မင်းတို့ သည် အဘယ်သို့ တိုင်ပင်လည်ဆယ် ပြောဟောကုန်သနည်း၏ဟု မေး လေသော် မြတ်သောမင်းကြီး မင်းတို့သည် တိုင်ပင် လည်ဆယ်ပြော

ဟောသောအခါ၌ အကြင်သူသည် တရသော အကြောင်းအရာကို ငါသိ၏ဟူ ဝန်ခံ၏၊ ထိုသူသည် ထိုဝန်ခံအပ်ပြီးသော အကြောင်းအရာ ချွတ်ယွင်းခဲ့သော် ထိုသူ့အား ဤမျှလောက် ဒဏ်ပေး လေကုန်ဟု မင်းဒဏ် ပေးကုန်၏၊ ထိုသို့ဖြစ်ခြင်းကား မင်းတို့ အတိုင်အပင် မည်ကုန်၏ဟုဆိုသော် အရှင်ဘုရား တကာတော်သည် ပညာရှိတို့တိုင်ပင် လည်ဆယ်အပ်သော အယူဝါဒကိုပြောဆိုပါအံ့၊ မင်းတို့၏ တိုင်ပင်လည်ဆယ်ခြင်းကိုလွှတ်ပါအံ့၊ အရှင်ဘုရားသည် သာမဏေသီတင်းသည် အရံစောင့်တို့နှင့် ပြောဟောဘိသကဲ့သို့ ထို့အတူ အရှင်ကောင်းသည် ပြောဟောတော်မူပါ၊ မကြောက် မရွံ့ပါလင့်ဟု ခွင့်လွှတ်လေသော် မြတ်သော မင်းကြီး ဇြသြ-ကောင်းလှပေပြီဟု အလွန်ဝမ်းမြောက်လေ၏။

(ပညာရှိတို့သည် ရာဇဝတ်လည်း လွတ်လေအောင် တရားတော်နှင့်လည်း လျော်လေအောင် အစိုးရသောမင်းတို့အား စကားပြောလိုသော် ခွင့်တောင်းအပ်သော စကားစုပေဟုဆိုအပ်၏။)

ဝဿဂဏနပဥှာပြီး၏။

---

## ၃။ ဝိမံသနပဥှာ

**စကားစမ်း မေးပုံ**……ထို့နောင် မိလိန္ဒမင်းသည် ရှင်နာဂသေနကို စကားစမ်းမေးလေ၏။ ။ထိုစကားစမ်း အမေးကိုလည်း စကားစမ်း အဖြေနှင့်ဖြေလေ၏။

ရှင်နာဂသေန တကာတော်သည် မေးပါအံ့ဟုဆို၏၊ မင်းကြီး မေးလော့ဟု ဆိုသော် အရှင်ဘုရား တကာတော် မေးအပ်ပြီဟု ဆိုလျှင် မင်းကြီး ငါသည်ဖြေအပ်ပြီဟု ဆို၏၊ အရှင်ဘုရား အဘယ်ကိုဖြေသနည်းဟု မေးသော် မင်းကြီး သင်မင်းကြီးသည် အဘယ်ကို မေးသနည်းဟုမေး၏။ ။တတိယစကားစမ်း အမေး အဖြေဖြစ်သည်။

ထိုအခါမိလိန္ဒမင်းအား ဤရဟန်းသည် ငါနှင့်အတူစကားပြောဟောခြင်း၌ စွမ်းနိုင်သော ပညာနှင့်ပြည့်စုံပေ၏၊ ငါ့အား များစွာ မေးအပ်သောအမေးတို့သည်ရှင်း၊ မမေးရသေးသော အကြင် အကြင်အမေးတို့သည်ရှင်းရှိကုန်၏၊ ထိုအမေးတို့သည်လည်း ဖြစ်ကုန်လတ္တံ့ဟု အကြံဖြစ်၍ ဤအခါနေဝင်လတ္တံ့၊ နန်းတွင်းသို့ပင့်ဘိတ်၍ပြောရမူကားကောင်း၏ဟု

ဒေဝမန္တိယအမတ်ကို ဒေဝမန္တိယအမတ် သင်သည်နက်ဖြန် နန်းတော်တွင်း၌ မင်းကြီးနှင့်အတူ စကားပြောဟောတော်မူပါဟု အရှင်ဘုရားအား လျှောက်ကြားပင့်ဘိတ်လေဟု ဆို၍ မိလိန္ဒမင်းသည်နေရာမှထ၍ ရှင်နာဂသေန မထေရ်ကို သွားနွှင့်ပန်ကြား၍ ရထားစီးလျက် နာဂသေန နာဂသေနဟု သရဇ္ဈာယ်ခြင်းကိုပြု၍ သွားလေ၏၊ ထိုအခါ ဒေဝမန္တိယအမတ်သည် ရှင်နာဂသေနကို အရှင်ဘုရား မိလိန္ဒမင်းကြီးသည် နက်ဖြန် နန်းတွင်း၌ စကားပြောဟောခြင်းသည် ဖြစ်ပါလတ္တံ့၊ နန်းတော်သို့ကြွတော်မူပါဟု လျှောက်လေ၏၊ နာဂသေနမထေရ်သည် ကောင်းပြီဟု ဝန်ခံလိုက်၏။ ။ထိုညဉ့်လွန်သဖြင့် မိုးသောက်လတ်သော် ဒေဝမန္တိယအမတ်၊ အနန္တကာယအမတ်၊ မင်္ကုရအမတ်၊ သဗ္ဗဒိန္နအမတ်တို့သည် မိလိန္ဒမင်းသို့ချဉ်းကပ်၍ မိလိန္ဒမင်းကို မြတ်သော မင်းကြီး ရှင်နာဂသေနကြွလာသော် အဘယ်မျှလောက်သော ရဟန်းတို့နှင့်အတူ ကြွလာစေအံ့နည်းဟု ဆိုကြကုန်၏၊ အချင်းတို့ အလိုရှိသမျှသော ရဟန်းတို့နှင့်ကြွလာစေလော့ဟုဆို၏၊ ထိုအခါ သဗ္ဗဒိန္နအမတ်က အရှင်မင်းကြီး တကျိပ်သော ရဟန်းတို့နှင့်အတူ ကြွလာစေရမည်လောဟုဆို၏၊ မိလိန္ဒမင်းက နှစ်ကြိမ်မြောက် အလိုရှိတိုင်း ကြွလာစေဟုဆို၏၊ သုံးကြိမ်မြောက်အောင် သဗ္ဗဒိန္နအမတ်က တကျိပ်သော ရဟန်းတို့နှင့် အတူ ကြွလာစေရမည် လောဟု ဆိုသော် အလုံးစုံသော ပူဇော်သက္ကာရကို ငါစီရင်အပ်ပြီ၊ အလိုရှိတိုင်းသော ရဟန်းတို့နှင့် အတူ ကြွလာစေဟု ငါဆိုပြီ၊ ဤသဗ္ဗဒိန္နအမတ်သည် စကား တခြားဆိုပြန်ခဲ့၏ဟု ဆိုသော် သဗ္ဗဒိန္နအမတ်သည် နှုတ်ဆိတ်သည်ဖြစ်၏၊ ထိုအခါ ဒေဝမန္တိယ အမတ်၊ အနန္တကာယအမတ်၊ မင်္ကုရအမတ်တို့သည် ရှင်နာဂသေနမထေရ်ရှိရာသို့ ချဉ်းကပ်လေကုန်၍ အရှင်ဘုရား တကာတော်မင်းကြီးသည် အလိုရှိသမျှသော ရဟန်းတို့နှင့် ကြွတော်မူစေချင်ပါသည်၊ သို့ဖြစ်၍ အလိုရှိသမျှသော ရဟန်းတို့နှင့်အတူကြွတော်မူပါလော့ဟု လျှောက်ကြကုန်၏။

ဝိမံသနပဉှာပြီး၏။

---

## ၄။ အနန္တကာယပဉှာ

**နာဂသေနမည်သောတရား**……ထိုအခါရှင်နာဂသေနမထေရ်သည် နံနက်အခါသင်းပိုင်ကိုယ်ရုံကို ဝတ်

ရုံလျက် သပိတ်ကိုလွယ်၍ ရှစ်သောင်းသော ရဟန်းတို့နှင့် အတူတကွ သာဂလမြို့သို့ဝင်လေ၏။ ။ထိုအခါ အနန္တကာယအမတ်သည် ရှင်နာဂသေနမထေရ်ကို နောက်မှီပြု၍ သွားစဉ် အရှင်ဘုရား နာမတော်ကို နာဂသေနဟုဆို၏၊ အဘယ်တရားသည်လျှင် ဤအရာ၌ နာဂသေန မည်သနည်းဟု မေးလေ၏။

ဒါယကာ သင်သည် နာဂသေနဆိုရာ၌ အဘယ်တရားသည် နာဂသေနဟူ၍ အမှတ် ရှိသနည်းဟု မေးပြန်လေ၏။

အရှင်ဘုရား ကိုယ်တွင်း၌ အကြင် ဝါယောဓာတ်ဟု ဆိုအပ်သော အသက်သည်ဝင်မှုလည်းဝင်အံ့၊ ထွက်မှုလည်း ထွက်အံ့၊ ထိုထွက်သက် ဝင်သက်ကိုနာဂသေနအမှတ် ရှိပါသည်ဟု လျှောက်လေ၏။

အိုအမတ် ထွက်သက်ဝင်သက်ဟုဆိုအပ်သော ဝါယောဓာတ်သည် ထွက်သည်ရှိသော် မဝင်၊ ဝင်သည်ရှိသော် မထွက်ဖြစ်ခဲ့အံ့၊ ထိုယောကျ်ားသည် အသက်ရှင်ရာသလောဟု မေးသော် အရှင်ဘုရား အသက်မရှင်ချေဟု လျှောက်ပြန်၏။

အိုအမတ် ခရုသင်းမှုတ်တတ်သောသူတို့သည် ခရုသင်းကို မှုတ်ကုန်၏၊ နှဲပြွေမှုတ်တတ်သောသူတို့သည် နှဲပြွေကိုမှုတ်ကုန်၏၊ တံပိုးမှုတ်တတ်သော သူတို့သည် တံပိုးကို မှုတ်ကုန်၏၊ ထိုသူတို့၏ လေသည် တဖန် ဝင်လာပြန်သလောဟု မေးသော် အရှင်ဘုရား တဖန်မဝင်လာပချေဟု လျှောက်လေလျှင် ထိုသို့ဖြစ်လျက် ထိုသူတို့အဘယ့်ကြောင့် မသေကုန်သနည်း၊ သင်ကဲ့သို့သော အယူရှိသော သူနှင့်ငါစကားပြောခြင်းငှါ မစွမ်းနိုင်ရာဟု ဆိုသော် အရှင်ဘုရား အနက် အဓိပ္ပါယ်ကို အဆုံးသတ်တော်မူပါလော့ဟု ဆိုလေ၏၊ နာဂသေနမထေရ်သည် အိုအမတ် ထိုထွက်သောလေ ဝင်သောလေသည် အသက်မဟုတ်၊ ကာယသင်္ခါရသာ ဖြစ်သည်ဟု ဖြေလေ၏။

နေသော ဇီဝေါ၊ အဿာသပဿာသာနာမေတေ ကာယသင်္ခါရာ—ဟူသည်တည်း။

ဧသော၊ ဤထွက်လေ, ဝင်လေသည်။ ဇီဝေါ၊ အသက်သည်။ န၊ မဟုတ်။ ဧတေအဿာသပဿာသာနာမ၊ ဤထွက်လေ, ဝင်လေမည်သည်တို့ကား။ ကာယသင်္ခါရာ၊ ကာယသင်္ခါရတရားတို့တည်း။

ဤသို့အဓိပ္ပါယ်တရားကိုဟောလေ၏၊ ထိုအခါ အနန္တကာယအမတ်သည် ရတနာသုံးပါးသို့ကပ်သော ဥပါသကာ၏ အဖြစ်ကို ရှင်နာဂသေနအား သိစေ၏။

အနန္တကာယပဉှာပြီး၏။

## ၅။ ပဗ္ဗဇ္ဇပဉှာ

**ရဟန်းပြုသည်ကိုမေးခြင်း**……ထိုအခါ ရှင်နာဂသေနသည် မိလိန္ဒမင်း၏ နန်းအိမ်သို့ ရောက်သော် သင့်တင့်လျောက်ပတ်သောနေရာ၌နေ၏၊ ထိုအခါ မိလိန္ဒမင်းသည် ရှင်နာဂသေနကို ပရိသတ်နှင့်တကွ မြတ်သော ခဲဘွယ် စားဘွယ်ဖြင့် မိမိကိုယ်တိုင် ရောင့်ရဲစေ၍ ရဟန်းတပါးတပါးကို ပုဆိုးတစုံစီ လှူဒါန်းပြီးလျှင် ရှင်နာဂသေန မထေရ်ကို အရှင်ဘုရား တကျိပ်သော ရဟန်းတို့နှင့် သီတင်းသုံးတော်မူပါဦး၊ကြွင်းသော အရှင်မြတ်တို့သည် ကြွတော်မူစေကုန်လော့ဟုဆို၏။ ။ထိုအခါ မိလိန္ဒမင်းသည် ရှင်နာဂသေန ဆွမ်းစားပြီးသော် သပိတ်မှ လက်လွတ်ပြီးသော် တခုသော နေရာနိမ့်ကိုယူ၍ လျောက်ပတ်သော အရပ်၌ နေလျက် ရှင်နာဂသေနမထေရ်ကို အရှင်ဘုရား အဘယ့်ကြောင့် စကားပြောဟောခြင်းသည် ဖြစ်ကြကုန်အံ့နည်းဟုမေးသော် မင်းကြီး ငါတို့သည် အကျိုးကိုအလိုရှိသောသူတို့တည်း၊ အကျိုးကိုလိုသောကြောင့်စကားပြောဟောခြင်းသည် ဖြစ်စေလော့ဟုဆို၏။ ။မိလိန္ဒမင်းသည် အရှင်ဘုရား အရှင်ဘုရားတို့အား အဘယ်အကျိုး၌ ရဟန်းပြုတော်မူသနည်း၊ အရှင်ဘုရားတို့အား အဘယ်သည်လျှင် မြတ်ပါသနည်းဟု မေးလေသော် နာဂသေန မထေရ်သည် မြတ်သောမင်းကြီး အသို့ဆိုသနည်း၊ဤဝဋ်ဆင်းရဲသည်ချုပ်သည်ဖြစ်အံ့၊ တပါးသော အသစ်ဆင်းရဲသည် မဖြစ်ရာ၊ ထိုအကျိုး၌ ရဟန်းပြု၏၊ မင်းကြီး စင်စစ်သော်ကား ဥပါဒါန် တရားတို့ဖြင့် စွဲလမ်းခြင်းမရှိ၊ ပရိနိဗ္ဗာန်ပြုရခြင်းသည် အလွန်မြတ်လှစွာသော အကျိုးတည်းဟု ဆို၏၊ အရှင်ဘုရား အလုံးစုံသောရဟန်းတို့သည်ပင်လျှင် ထိုဝတ်ဆင်းရဲချုပ်ရာ နိဗ္ဗာန်အကျိုး၌ ရဟန်းပြုကြကုန်သလောဟု မေးပြန်၏၊မင်းကြီး အလုံးစုံသောရဟန်းတို့သည် နိဗ္ဗာန်အလို့ငှါ ရဟန်းမပြုချေ၊အချို့သောရဟန်း

တို့သည် နိဗ္ဗာန်အလို့ငှါ ရဟန်းပြုကြကုန်၏၊ အချို့သော ရဟန်းတို့သည် မင်းနှိပ်စက်သောကြောင့်ရဟန်းပြုကြကုန်၏၊အချို့သော ရဟန်းတို့သည် ခိုးသူနှိပ်စက်သောကြောင့် ရဟန်းပြုကြကုန်၏၊ အချို့သော ရဟန်းတို့ သည်သူ၏ ကြွေးမြီတင်သောကြောင့် ရဟန်းပြုကြကုန်၏၊ အချို့သော ရဟန်းတို့သည်အသက်မွေးလိုသောကြောင့် ရဟန်းပြုကြကုန်၏၊အကြင် သူတို့သည် ကောင်းစွာ ရဟန်းပြုကြကုန်၏၊ထိုသူတို့သည် နိဗ္ဗာန် အလို့ငှါ ပြုသည်မည်ကုန်၏ ဟူလိုသော်၊ အရှင်ဘုရား အရှင်ဘုရားသည် ထို နိဗ္ဗာန်အလို့ငှါ ရဟန်းပြုသလောဟုမေးလေ၏၊မင်းကြီး ငါသည် သူငယ် ဖြစ်စဉ် ရဟန်းပြု၏၊နိဗ္ဗာန် အလို့ငှါရဟန်းပြု၏ဟု ငါမသိ၊ စင်စစ်သော် ကား သာကီဝင်မင်းသားရဟန်းပညာရှိတို့သည် ငါ့ကိုကျင့်စေကုန်၏၊ ထိုငါသည်လည်း ထိုသာကီဝင် မင်းသားရဟန်းတို့ ကျင့်စေအပ်သည် ဖြစ်၍ ဤမည်သောအကျိုးငှါရဟန်းပြု၏ဟု သိလည်းသိ၏၊မြင်လည်း မြင်၏ဟုဆိုသော် အရှင်ဘုရား သင့်တင့်လျောက်ပတ်ပေ၏ဟု ဝန်ခံ လေ၏။

ပဗ္ဗဇ္ဇပဥှာပြီး၏။

---

## ၆။ ပဋိသန္ဓိပဥှာ

**ပဋိသန္ဓေနေပုံကိုမေးခြင်း**……မိလိန္ဒမင်းသည် နာဂသေနမထေရ်ကို အရှင်ဘုရား အချို့သော သူသည် သေသည်ရှိသော် တဘန် ပဋိသန္ဓေမနေပြီလောဟုမေးသော် နာဂသေန မထေရ်သည် မင်းကြီး အချို့သော သူသည် တဘန်ပဋိသန္ဓေနေ၏၊ အချို့သောသူကား တဘန် ပဋိသန္ဓေမနေဟုဖြေ၏။

အရှင်ဘုရား အဘယ် သူသည် တဘန် ပဋိသန္ဓေ နေပြန်သနည်း၊ အဘယ်သူကား တဘန် ပဋိသန္ဓေ မနေသနည်းဟု မေးသော် မြတ်သော မင်းကြီး ကိလေသာ ရှိသောသူသည် တဘန် ပဋိသန္ဓေ နေ၏၊ကိလေ သာ မရှိသောသူသည် တဘန် ပဋိသန္ဓေ မနေဟုဖြေ၏။

အရှင်ဘုရား အရှင်ဘုရားသည် ပဋိသန္ဓေ နေလတ္တံ့လောဟု မေးသော် မြတ်သောမင်းကြီး အကယ်၍ ငါသည် ဥပါဒါန်တရား ရှိသေးသည်ဖြစ်အံ့၊ တဘန်ပဋိသန္ဓေနေရလတ္တံ့၊ အကယ်၍ ဥပါဒါန်

တရားမရှိသည်ဖြစ်အံ့၊ တဘန် ပဋိသန္ဓေ မနေရလတ္တံ့ဟု ဖြေလေသော် အရှင်နာဂသေန သင့်တင့်လျောက်ပတ်ပေ၏ဟု ဝမ်းမြောက်လေ၏။

(ဤအရာ၌ ရှင်နာဂသေနသည် စကားနှစ်ကြောင်း နှစ်သွယ်ဖြင့် မင်းကြီးကို နှစ်သက်စေသည်ကား နိဗ္ဗာန်ကိုငါရပြီဟု တိုက်ရိုက်မပြောအပ်သော ဝိနည်းတရားတော် ရှိသောကြောင့် တိုက်ရိုက်မပြော၊ ထိုသို့မပြောသည်ကို မိလိန္ဒမင်းလည်းတရားကိုသိသောသူဖြစ်၍ သင့်တင့်လျောက်ပတ်ပေ၏ဟု ဝန်ခံလေသည်ဟူ၍ ယူအပ်၏။)

ပဋိသန္ဓိပဉှာပြီး၏။

## ၇။ ယောနိသောမနသိကာရပဉှာ

**ယောနိသောမနသိကာရ နှင့် ပဋိသန္ဓေနေပုံ**……မိလိန္ဒမင်းသည် အရှင်ဘုရား အကြင် သူသည် ပဋိသန္ဓေ နေ၏၊ ထိုပဋိသန္ဓေနေသော သူသည် ယောနိသောမနသိကာရဖြင့် ပဋိသန္ဓေနေသလောဟုမေး၏။

မင်းကြီး ယောနိသောမနသိကာရဖြင့်လည်း ပဋိသန္ဓေနေ၏၊ ပညာဖြင့်လည်း ပဋိသန္ဓေနေ၏၊ ပညာကင်းသောတပါးသော ကုသိုလ်ဖြင့်လည်း ပဋိသန္ဓေနေ၏ဟု ဖြေ၏။

အရှင်ဘုရား ယောနိသောမနသိကာရသည်လျှင် ပညာမဟုတ်လောဟု မေးပြန်၏၊ မင်းကြီး ယောနိသောမနသိကာရသည် ပညာမဟုတ်၊ ယောနိသောမနသိကာရသည် တရားတပါး၊ ပညာသည် တရားတပါးတည်းဟုဆို၍ မင်းကြီး ဆိတ်၊ ကျွဲ၊ နွား၊ ကုလားအုပ်၊ မြည်း သတ္တဝါတို့အား မနသိကာရ တရားသည်ရှိ၏၊ ထိုသတ္တဝါတို့အား ပညာမရှိဟု ဖြေလေသော် အရှင်ဘုရား သင့်မြတ်ပေ၏ဟု ဝန်ခံလေ၏။

ယောနိသော မနသိကာရပဉှာပြီး၏။

## ၈။ ယောနိသောမနသိကာရလက္ခဏာပဉှာ

**မနသိကာရနှင့်ပညာတို့၏ လက္ခဏာအထူး** ….. မိလိန္ဒ မင်းသည် အရှင်ဘုရား ယောနိသော မနသိကာရသည် အဘယ်သို့သော လက္ခဏာရှိသနည်း၊

ပညာသည် အဘယ်သို့သော လက္ခဏာရှိသနည်းဟု တရားနှစ်ပါး၏ လက္ခဏာကိုမေးပြန်၏။

မြတ်သောမင်းကြီး မနသိကာရသည် ရုံးစုခြင်းလက္ခဏာရှိ၏၊ ပညာသည် ဖိုင်းခြားခြင်း လက္ခဏာရှိ၏ဟု ဖြေလေ၏။

**စပါးရိတ်သူဥပမာ**……ထိုစကားကို ဥပမာဖြင့် ထင်ရှားစွာသိလို၍ အရှင်ဘုရား မနသိကာရသည် အဘယ်သို့ ရုံးစုခြင်း လက္ခဏာရှိသနည်း၊ ပညာသည် အဘယ်သို့ ဖိုင်းခြားခြင်း လက္ခဏာရှိသနည်း၊ ဥပမာပြပါဦးလော့ဟု မေးပြန်လေ၏။

မင်းကြီး၊ မုယောစပါး ရိတ်သောသူကို သိ၏လောဟု မေးသော် အရှင်ဘုရား သိပါ၏ဟုဆိုလျှင် မင်းကြီး မုယောစပါးကို အဘယ်သို့ ရိတ်သနည်းဟု မေးပြန်သော် အရှင်ဘုရား လက်ဝဲလက်ဖြင့် မုယော စည်းကိုကိုင်၍ လက်ျာလက်ဖြင့် တစဉ်ကိုကိုင်၍ တစဉ်ဖြင့်ရိတ်၏ဟု ဆိုသော် မင်းကြီး မုယောစပါးကို ရိတ်တတ်သောသူသည် လက်ဝဲ လက်ဖြင့် မုယောစည်းကိုကိုင်၍ လက်ျာ လက်ဖြင့် တစဉ်ကိုကိုင်၍ တစဉ်ဖြင့်ရိတ်သကဲ့သို့ ထို့အတူ ကမ္မဋ္ဌာန်း ဘာဝနာ၌ ယှဉ်သော ယောဂါဝစရပုဂ္ဂိုလ်သည် မနသိကာရဖြင့် မိမိစိတ်ကိုရုံးစု၍ ပညာဖြင့် ကိလေသာတို့ကိုဖြတ်၏၊ မင်းကြီး ဤကဲ့သို့ရှင်း မနသိကာရသည် ရုံးစုခြင်းလက္ခဏာရှိ၏၊ ပညာသည် ဖိုင်းခြားခြင်း လက္ခဏာရှိ၏ဟုဖြေလေသော် အရှင်ဘုရား သင့်တင့်လျောက်ပတ်ပေ၏ဟု ဝန်ခံလေ၏။

ယောနိသောမနသိကာရလက္ခဏာပဉှာပြီး၏။

---

## ၉။ သီလ လက္ခဏာပဉှာ

**သီလ လက္ခဏာကို မေးခြင်း**……မိလိန္ဒမင်းသည် အရှင်ဘုရား သီလသည် အဘယ်လက္ခဏာရှိသနည်းဟု မေးလေသော် မင်းကြီး သီလသည် ခပ်သိမ်းကုန်သော ကုသိုလ်တရားတို့ကိုတည်စေတတ်၏၊ ဣန္ဒြေ၊ ဗိုလ်၊ ဗောဇ္ဈင်၊ မဂ္ဂင်၊ သတိပဋ္ဌာန်၊ သမ္မပ္ပဓာန်၊ ဣဒ္ဓိပါဒ်၊ ဈာန်၊ ဝိမောက္ခ၊ သမာဓိ၊ သမာပတ္တိ တို့ကို တည်စေတတ်၏။ ။မင်းကြီး သီလ၌ တည်သော ယောဂါဝစရ ပုဂ္ဂိုလ်သည် သီလကို အမှီပြု၍ သီလကို ဆောက်တည်၍ သဒ္ဓိန္ဒြေ၊ ဝီရိယိန္ဒြေ၊

သတိန္ဒြေ၊ သမာဓိန္ဒြေ၊ ပညိန္ဒြေဟု ဆိုအပ်သော ငါးပါးသောတရားတို့ကို ပွါးစေတတ်၏၊ အလုံးစုံသောကုသိုလ်တရားတို့သည် မမေ့မလျော့ကုန်ဟု ဖြေ၏။

**မြေကြီးဟူသော တည်ရာ မှီရာ ဥပမာ** ·····အရှင်ဘုရား ထိုတရားကို ဖြေသော် အထူး သိသာအောင်ဥပမာဖြင့် ဆောင်၍ ပြပါဦးလော့ဟု မေးပြန်၏၊ မြတ်သော မင်းကြီး အလုံးစုံသော ဗီဇဂါမ် သစ်ပင် မြက်ပေါင်းတို့သည် အမြစ်၊ ပင်စည်၊ အကိုင်း၊ အခက်၊ အရွက်၊ အသီး၊ အပွင့်တို့၏ ပွါးများခြင်း အထက်ကောင်းကင်သို့တက်၍ ပြန့်ပြောခြင်းသို့ ရောက်ကုန်၏၊ ထိုသစ်ပင်မြက်တို့၏ ပွါးများခြင်းသည် မြေကြီးကို မှီ၍ မြေ၌ တည်၍ ပွါးများခြင်း၊ ပြန့်ပြောခြင်းသို့ ရောက်သကဲ့သို့ မင်းကြီး ထို့အတူ ယောဂါဝစရ ပုဂ္ဂိုလ်သည် သီလကိုမှီ၍ သီလ၌တည်၍ သဒ္ဓိန္ဒြေ အစရှိသော တရားငါးပါးတို့ကို ပွါးများစေ၏ဟု ဖြေ၏။

အရှင်ဘုရား လွန်စွာ ဥပမာ ပြုပါဦးလော့ဟုဆိုပြန်၏၊ မြတ်သော မင်းကြီး ဥပမာသော်ကား အမှုကိုလုပ်ဆောင်သောသူတို့သည် အစွမ်းသတ္တိခွန်အားကို ထုတ်သဖြင့် အမှုကိုပြုကုန်၏၊ ထိုသူတို့သည်မြေကိုမှီ၍ မြေ၌ ကြပ်ကြပ်တည်၍ အမှုကိုပြုကုန်သကဲ့သို့ ထို့အတူ ယောဂါဝစရ ပုဂ္ဂိုလ်သည် သီလကိုမှီ၍ သီလ၌တည်၍ သဒ္ဓိန္ဒြေ အစရှိသော တရားငါးပါးတို့ကို ပွါးများစေ၏ ဟုဖြေပြန်၏။

အရှင်ဘုရား လွန်စွာ ဥပမာပြုပါဦးလော့ဟု ဆိုပြန်လျှင် မြတ်သော မင်းကြီး မြို့ကိုစီရင်သော ဗိသုကာ လက်သမားသည် မြို့ကို စီရင်ဖန်ဆင်းလိုသည်ရှိသော် ရှေးဦးစွာမြို့တည်ရာမြေအရပ်ကိုသုတ်သင်စေ၍ သစ်ငုတ် ခလုတ် ဆူးငြောင့် တို့ကိုပယ်စေ၍ ညီညွတ်စွာ ပြုပြင်စေပြီးသော် ထိုအခါ ခရီးမ ခရီးကွေ့ လမ်းဆုံ လမ်းကွေ့တို့ကိုဝေဘန်၍ မြို့ကို စီရင်ဖန်ဆင်းသကဲ့သို့ ထို့အတူ ယောဂါဝစရ ပုဂ္ဂိုလ်သည် သီလကိုမှီ၍ သီလ၌အမြဲတည်၍ ငါးပါးသော ဣန္ဒြေတို့ကို ပွါးများစေ၏ ဟု ဖြေ၏။

အရှင်ဘုရား လွန်စွာဥပမာပြုပါဦးလော့ဟု ဆိုပြန်လျှင် မြတ်သော မင်းကြီး တန်းချန်သွားတတ်သော ကျွမ်းသွားသည် မိမိအတတ်ကိုပြလိုသော် ရှေးဦးစွာမြေကိုတူးစေ၍ ကျောက်စရစ် အိုးခြမ်းတို့ကိုပယ်စေ

၍မြေကိုညီညွတ်စွာပြုပြီး၍ နူးညံ့သိမ်မွေ့သောမြေ၌ အတတ်ကိုပြသကဲ့
သို့ မြတ်သောမင်းကြီး ထို့အတူ ယောဂါဝစရပုဂ္ဂိုလ်သည် သီလကို
မှီ၍ ငါးပါးသောဈာန်တို့ကိုပွါးများစေ၏ဟုဖြေ၏။ ။အရှင်နာဂသေန
သည် မင်းကြီး သီလသည် ငါးပါးသော ဈာန်တို့၏ တည်ရာ ပွါးရာဖြစ်
ကြောင်းကို ငါ၏ အစွမ်းသတ္တိ ပညာဖြင့် ဥပမာ ဥပမေယျ ဆောင်၍
ပြသည်သာ မဟုတ်လေသေး၊ သီလသည် ခပ်သိမ်းသော ကုသိုလ်တရား
တို့၏ တည်ရာဖြစ်ရာ ဖြစ်ကြောင်းကို ဘုရားရှင်လည်း ဟောတော်မူ၏
ဟု သက်သေသာဓကဆောင်၍ ပြပြန်၏။

သီလေ ပတိဋ္ဌာယ နရော သပညော၊ စိတ္တံ ပညဉ္စ ဘာဝယံ။
အာတာပီ နိပကော ဘိက္ခု၊ သော ဣမံ ဝိဇဋယေ ဇဋန္တိ။ ။

ဟု ဘုရားရှင်ဟောတော်မူအပ်သတည်း ဟူလိုသော်။

သပညော၊ ပညာနှင့်ပြည့်စုံသော။ နရော၊ ပုထုဇဉ် ဖြစ်သော။
ယောဘိက္ခု၊ အကြင်ရဟန်းသည်။ သီလေ၊ သီလ၌။ ပတိဋ္ဌာယ၊ တည်၍။
စိတ္တဉ္စ၊ သမာဓိနှင့်ယှဉ်သောစိတ်ကိုရင်း။ ပညဉ္စ၊ ပညာကိုရင်း။ ဘာဝယံ၊
ပွါးစေသော။ အာတာပီ၊ ကိလေသာကို ပူပန်စေတတ်သော လုံ့လနှင့်
ပြည့်စုံစေတတ်သော။ နိပကော၊ ပညာနှင့်ပြည့်စုံသော။ သောဘိက္ခု၊
ထိုပုထုဇဉ်ရဟန်းသည်။ ဇဋံ၊ ဤကိလေသာတည်းဟူသော အနှောင့်
အရှက်ကို၊ ဝိဇဋယေ-ဝိဇဋေယျ၊ ဖြေနိုင်ဖြတ်နိုင်ပေရာ၏။

တနည်းသာဓကကား—

အယံ ပတိဋ္ဌာ ဓရဏီဝ ပါဏိနံ၊
ဣဒဉ္စ မူလံ ကုသလာဘိဝုဍ္ဎိယာ။
မုခဉ္စိဒံ သဗ္ဗဇိနာနုသာသနေ၊
သီလက္ခန္ဓော ပရမပါတိမောက္ခိယောတိ။ ။

ဟူသည်တည်း။

အယံဓရဏီ၊ ဤမြေကြီးသည်။ ပါဏိနံ၊ သတ္တဝါတို့၏။ ပတိဋ္ဌာ၊
တည်ရာဖြစ်၏။ ဣဒဉ္စသီလံ၊ ဤသီလသည်ကား။ ကုသလာဘိဝုဍ္ဎိယာ၊
ကုသိုလ် ပွါးများခြင်း၏။ မူလဉ္စ၊ အရင်းအမြစ်သည်လည်း။ ဟောတိ၊
ဖြစ်၏။ မုခဉ္စ၊ အကြောင်းသည်လည်း။ ဟောတိ၊ ဖြစ်၏။ ဇိနသာသနေ၊

မြတ်စွာဘုရား သာသနာတော်၌။ ပရမဖါတိမောက္ခသံဝရသီလသည်။ သီလက္ခန္ဓော၊ သိလက္ခန်မည်၏။ ဇ္ဈာန်သဘွဲ့၊ ဤအလုံးစုံသော သီလသည်။ ကုသလာဘိဝုဍ္ဍိယာ၊ ကုသိုလ်ပွါးများခြင်း၏။ မုခံ၊အကြောင်းရင်းတည်း။

ဤသို့ သာကေဖြင့်လည်း ဖြေလေသျှင် အရှင်ဘုရား သင့်တင့်လျောက်ပတ်ပေ၏ဟု ဝန်ခံလေ၏။

သီလလက္ခဏာပဉှာ ပြီး၏။

---

## ၁၀။ သဒ္ဓါသမ္ပသာဒနလက္ခဏာပဉှာ

**သဒ္ဓါ၏ လက္ခဏာကိုမေးခြင်း**·····မိလိန္ဒမင်းသည် အရှင်ဘုရား သဒ္ဓါတရားသည် အဘယ်သို့သော လက္ခဏာရှိသနည်းဟု မေးလေ၏။

မြတ်သောမင်းကြီး သဒ္ဓါသည် ကြည်လင်ခြင်းလက္ခဏာရှိ၏၊ ယုံမှားပျောက်ခြင်းလက္ခဏာလည်းရှိ၏ဟု ဖြေ၏။

အရှင်ဘုရား သဒ္ဓါသည် အဘယ်သို့ ကြည်လင်ခြင်း လက္ခဏာရှိသနည်းဟု မေးပြန်၏၊ မင်းကြီး ဥပ္ပန္န ဖြစ်သည်ရှိသော် နီဝရဏတရားတို့ကို ပယ်ခွါလေရကား နီဝရဏကင်းသောစိတ်သည် အထူးကြည်လင်၏၊ မနောက်မကျို၊ ဤသို့လျှင် သဒ္ဓါသည် ကြည်လင်ခြင်း လက္ခဏာရှိ၏ဟု ဖြေဆိုလေ၏။

**စကြာမင်း၏ ပတ္တမြား ဥပမာ**·····အရှင်ဘုရား ထိုသဒ္ဓါတရား၏ ကြည်လင်ခြင်းကို ဥပမာအားဖြင့် ပြတော်မူပါဦးလော့ဟုဆိုလျှင် မြတ်သောမင်းကြီး ဥပမာသော်ကား စကြာမင်းသည် စစ်အင်္ဂါလေးပါးနှင့်တကွ အခွန့်ရှည်သောခရီးကိုသွားစဉ် နည်းသောရေကိုမြင်အံ့၊ ထိုရေသည် ဆင်၊ မြင်း၊ ရထား၊ ခြေသည်တို့ လှုပ်ရှားအပ်သည်ဖြစ်၍ နောက်ခဲ့၏၊ ညွန်ဖြစ်လေ၏၊ စကြာမင်းကူးပြီးသော် အချင်းတို့ ရေခပ်ယူချေ၊ ငါရေသောက်အံ့ဟု လူတို့ကို စေ၏၊ နောက်သောရေကို ကြည်လင်စေတတ်သော စကြာမင်း၏ ပတ္တမြားရတနာသည်ရှိ၏၊ ရှင်မင်းကြီး ကောင်းပြီဟု ဝန်ခံ၍ ထိုစေအပ်သော လူတို့သည် ရေကိုကြည်လင်စေတတ်သော ထိုပတ္တမြား

ရတနာကို ရေ၌ ဖော့ကုန်အံ့၊ ထိုပတ္တမြား ထည့်ကာမျှ၌လျှင် ထိုခရုသင်းခွံ၊ မှော်၊ အမှိုက်တို့သည် ကင်းလေရာ၏၊ ညွန်သည်လည်း ကောင်းစွာ ဖုဝေးရာ၏၊ ကြည်သောရေသည်ဖြစ်၏၊ ကြည်လင်သည်ဖြစ်၍ မနောက်လေပြီ၊ ထိုအခါ၌ စကြာမင်းအား ရှင်မင်းကြီး ရေသောက်တော်မူပါဟု အနီးသို့ ဆောင်လေကုန်၏။ ။မင်းကြီး ကြည်လင်သောရေနှင့်ကား နီဝရဏ ကင်းသောကုသိုလ်စိတ်နှင့် တူသည်ဟု မှတ်အပ်၏၊ မင်းကြီး ရေယူချေဟု စေအပ်သော လူတို့နှင့်ကား ယောဂါဝစရပုဂ္ဂိုလ်နှင့် တူ၏၊ ခရုသင်းခွံ၊ မှော်၊ အမှိုက်တို့နှင့်ကား ကိလေသာနှင့် တူ၏၊ ရေကို ကြည်လင်စေတတ်သော ပတ္တမြားနှင့်ကား သဒ္ဓါတရားနှင့်တူ၏၊ ထို့ကြောင့် မင်းကြီး သဒ္ဓါသည် ကြည်လင်ခြင်း လက္ခဏာရှိ၏ဟု ဆိုသော် အရှင်ဘုရား သင့်တင့်လျောက်ပတ်ပေ၏ဟု ဝန်ခံလေ၏။

သဒ္ဓါသမ္ပသာဒနလက္ခဏပဥှာ ပြီး၏။

---

## ၁၁။ သဒ္ဓါသမ္ပက္ခန္ဒနလက္ခဏပဥှာ

**သဒ္ဓါ၏ ယုံမှားပျောက်ခြင်းလက္ခဏာ**...အရှင်ဘုရား သဒ္ဓါသည် အဘယ်သို့လျှင် ယုံမှား ပျောက်ခြင်းလက္ခဏာ ရှိသနည်းဟု မေးပြန်၏။

မြတ်သောမင်းကြီး ယောဂါဝစရ ပုဂ္ဂိုလ်သည် သူတပါး ကိလေသာမှ လွတ်သော စိတ်ရှိသည်ကိုမြင်၍ သောတာပတ္တိဖိုလ်၌၎င်း၊ သကဒါဂါမိဖိုလ်၌၎င်း၊ အနာဂါမိဖိုလ်၌၎င်း၊ အရဟတ္တဖိုလ်၌၎င်း၊ ယုံမှားကင်း၍ မရောက်သေးသည်ကို ရောက်စိမ့်သောငှါ မရသေးသည်ကို ရခြင်းငှါ မျက်မှောက် မပြုရသေးသည်ကို မျက်မှောက်ပြုရခြင်းငှါ လုံ့လအား ထုတ်၏၊ ထို့ကြောင့် မင်းကြီး သဒ္ဓါသည် ကောင်းစွာယုံမှားပျောက်ခြင်း လက္ခဏာရှိ၏ဟု ဖြေလေ၏

**မြစ်တဖက်သို့ ကူးမြောက်ပုံ ဥပမာ**.....အရှင်ဘုရား ဥပမာပြုတော်မူပါ ဦးလော့ဟု ဆိုလျှင်

မြတ်သောမင်းကြီး တောင်ထိပ်ထက်၌ သည်းစွာသောမိုးသည် ရွာအံ့၊ ထိုမိုးရေသည် ချိုင့်ဝှမ်းရာ အရပ်သို့ စီးဝင်လေပြီး၍ မြစ်ကိုပြည့်စေ၏၊ ထိုရေပြည့်သောမြစ်သည် ကမ်းပါးနှစ်ဖက်သို့ လျှံ၍သွားခဲ့အံ့၊ ထို

အခါ လူအပေါင်းသည်လာ၍ ထိုမြစ်၏ နက်သောအဖြစ် တိမ်သောအဖြစ်ကို မသိကြသည်ဖြစ်၍ ကြောက်လန့်လျက် ကမ်းနားတွင်ရပ်၍နေ၏၊ ထိုအခါ ယောကျ်ားတယောက်သည် လာလတ်၍ မိမိ အစွမ်းသတ္တိကို ကောင်းစွာပြလိုသည်ဖြစ်၍ မြဲစွာ ပုဆိုးကို ခါးတောင်းကျိုက်၍ မြစ်သို့ ဆင်း၍ ကူးသည်ကို မြင်လေသော် လူအပေါင်းသည်လည်း ထိုမြစ် တိမ်သည်ကိုမြင်၍ ကူးလေသကဲ့သို့ ထို့အတူ ယောဂါဝစရ ပုဂ္ဂိုလ်သည် သူတပါးကိလေသာမှ လွတ်သောစိတ်ရှိသည်ကိုမြင်၍ သောတာပတ္တိဖိုလ်၊ သကဒါဂါမိဖိုလ်၊ အနာဂါမိဖိုလ်၊ အရဟတ္တဖိုလ်တို့၌ ယုံမှားပျောက်လေ၏၊ မရောက်သေးသည်ကိုလည်း ရောက်စေခြင်းငှါ မရသေးသည်ကိုလည်း ရစေခြင်းငှါ မျက်မှောက်မပြုသေးသည်ကိုလည်း မျက်မှောက်ပြုရခြင်းငှါ လုံ့လပြုလေ၏၊ မြတ်သောမင်းကြီး သဒ္ဓါသည် ဤသို့လျှင် ယုံမှားပျောက်ခြင်း လက္ခဏာရှိ၏ဟု ဖြေလေ၏။ ။မင်းကြီး သဒ္ဓါသည် ယုံမှားကို ပျောက်စေခြင်း လက္ခဏာ ရှိကြောင်းကို ငါသာ တတ်လိမ္မာ၍မဆို၊ ဘုရားရှင်လည်း သံယုတ္တနိကာယ်၌ ဟောတော်မူ၏ဟု သက်သေသာဓကကို ပြ၏။

သဒ္ဓါယ တရတိ ဩဃံ၊ အပ္ပမာဒေန အဏ္ဏဝံ။
ဝီရိယေန ဒုက္ခံ အစ္စေတိ၊ ပညာယ ပရိသုဇ္ဈတိ။ ။

ဟု သာဓကဆောင်လေ၏။

သဒ္ဓါယ၊ သဒ္ဓါတရားဖြင့်။ ဩဃံ၊ သံသရာတည်းဟူသော ဝဲဩဃကို။ တရတိ၊ ကူးမြောက်နိုင်၏။ အပ္ပမာဒေန၊ ကုသိုလ်ကမ္မပထကို မမေ့မလျော့ခြင်း တည်းဟူသော။ ဝီရိယေန၊ ဝီရိယဖြင့်။ ဒုက္ခံ၊ ဆင်းရဲစွာသော။ အဏ္ဏဝံ၊ သံသရာတည်းဟူသော သမုဒ္ဒရာကို။ အစ္စေတိ၊ လွန်နိုင်၏။ ပညာယ၊ ပညာဖြင့်။ ပရိသုဇ္ဈတိ၊ ကိလေသာမှ စင်ကြယ်၏။

ဤသို့ သက်သေသာဓကဖြင့် ပြလေ ဖြေလေသော် အရှင်ဘုရား သင့်တင့်လျောက်ပတ်ပေ၏ဟု ဝန်ခံလေ၏။

သဒ္ဓါသမ္ပက္ခန္ဒနလက္ခဏာပဉှာ ပြီး၏။

## ၁၂။ ဝီရိယလက္ခဏာပဥှာ

**ဝီရိယလက္ခဏာ**……မိလိန္ဒမင်းကြီးသည် အရှင်ဘုရား ဝီရိယသည် အဘယ်ကဲ့သို့ လက္ခဏာရှိသနည်းဟုမေး၏။

မင်းကြီး ဝီရိယသည် မြဲမြံစွာ ထောက်ပံ့ခြင်းလက္ခဏာ ရှိ၏၊ ဝီရိယ တရား အထောက်အပံ့ရှိကုန်သော အလုံးစုံသောကုသိုလ်တရားတို့သည် မယုတ်မလျော့ကုန်ဟု ဖြေလေ၏။

**ကျွားကန်၍ခိုင်ခံ့သောအိမ်ဥပမာ**……အရှင်ဘုရား ဥပမာဖြင့် ပြပါဦးလော့ဟု ဆိုလေသော် မြတ်သောမင်းကြီး အကြင်ယောက်ျားသည် မိမိအိမ် ပြိုလုလတ်သည်ရှိသော် တပါးသောသစ်တို့ဖြင့် ထောက်ပံ့သည်ဖြစ်အံ့၊ ထောက်ပံ့၍ ခိုင်စေအပ်ပြီးသောအိမ်သည် ခိုင်ခံ့သည်ဖြစ်၍ မယိမ်းမပြို ရှိသကဲ့သို့ ထို့အတူ ဝီရိယသည် ထောက်ပံ့ခြင်း လက္ခဏာရှိ၏၊ ဝီရိယအထောက် အပံ့ရှိသော အလုံးစုံသော ကုသိုလ်တရားတို့သည် မယုတ်မလျော့ဟု ဥပမာဖြင့်ဖြေ၏။

**စစ်သည်ဗိုလ်ပါနည်းသောမင်း ဥပမာ**…… အရှင်ဘုရား လွန်စွာ ဥပမာ ပြုပါဦးလော့ဟု ဆိုသော် မင်းကြီး အနည်းငယ်သော စစ်သည်ကို များသော စစ်သည်သည် ချိုးဖဲ့ဖျက်ဆီးရာ၏၊ ထိုအခါ အားနည်းသော ဗိုလ်ပါ ရှိသောမင်းသည် အချင်းချင်း အောက်မေ့စေခြင်း၊စေ့ဆော်ခြင်း၊လုံ့လ ကို ပြုခြင်းကြောင့် နည်းသော စစ်သည်သည် များသော စစ်သည်တို့ကို ချိုးဖျက်နိုင်သကဲ့သို့ ထို့အတူ ဝီရိယသည် ထောက်ပံ့ ခိုင်ခံ့ခြင်း လက္ခဏာရှိ၏၊ဝီရိယသည် ထောက်ပံ့အပ်သော အလုံးစုံသော ကုသိုလ် တရားတို့သည် မယုတ်မလျော့ဟု ဥပမာဖြင့် ဖြေလေ၏။

မင်းကြီး ငါသည်လျှင် ဝီရိယထောက်ပံ့ခြင်းရှိသော တရားအပေါင်း သည် ကုသိုလ်မှ မယုတ်မလျော့ကုန်ဟု ဆိုအပ်သည်မဟုတ်၊ ဘုရားရှင် လည်း ဟောတော်မူအပ်သည်ဟု သက်သေသာဓကကို ပြပြန်၏။

> ဝီရိယဝါခေါ ဘိက္ခဝေ အရိယသာဝကော အကုသလံ ပဇ ဟတိ ကုသလံ ဘာဝေတိ၊ သာဝဇ္ဇံ ပဇဟတိ အနဝဇ္ဇံ ဘာ ဝေတိ၊ သုဒ္ဓမတ္တာနံ ပရိဟရတိ။

ဟူသောပါဠိဖြင့်ပြ၏။

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ ဝီရိယဝါ၊ လုံ့လနှင့် ပြည့်စုံသော။ အရိယသာဝကော၊ အရိယာ၏တပည့်သည်။ ဧခါ၊ စင်စစ်။ အကုသလံ၊ အကုသိုလ်ကို။ ပဇဟာတိ၊ စွန့်၏။ ကုသလံ၊ ကုသိုလ်ကို။ ဘာဝေတိ၊ ပွါးစေ၏။ သာဝဇ္ဇံ၊ အပြစ်ရှိသောတရားကို။ ပဇဟာတိ၊ စွန့်၏။ အနဝဇ္ဇံ၊ အပြစ်မရှိသောတရားကို။ ဘာဝေတိ၊ ပွါးစေ၏။ သုဒ္ဓံ၊ စင်ကြယ်စွာသော။ အတ္တာနံ၊ မိမိကိုယ်ကို။ ပရိဟရတိ၊ ဆောင်နိုင်၏။

ဤသို့ သာဓကနှင့်တကွကြားရလျှင် အရှင်ဘုရား သင့်တင့်လျောက်ပတ်ပေ၏ဟု ဝန်ခံလေ၏။

ဝီရိယလက္ခဏပဉှာပြီး၏။

## ၁၃။ သတိလက္ခဏပဉှာ

**သတိ၏လက္ခဏာ**......မိလိန္ဒမင်းသည်အရှင်ဘုရား သတိတရားသည် အဘယ်သို့သော လက္ခဏာ ရှိပါသနည်းဟု မေးလေ၏။

မြတ်သောမင်းကြီး မပေါ့မလျော့သော လက္ခဏာရှိ၏၊ ချီးမြှောက်ခြင်း လက္ခဏာလည်းရှိ၏ဟု အကျဉ်းဖြေလေ၏။

အရှင်ဘုရား အဘယ်သို့လျှင် မပေါ့မလျော့သော လက္ခဏာ ရှိပါသနည်းဟု မေးပြန်၏။

မင်းကြီး သတိသည် ဖြစ်သည်ရှိသော် ကုသိုလ် အကုသိုလ် အပြစ်ရှိသည် အပြစ်မရှိသည် ယုတ်သည် မြတ်သည် မည်းသည် ဖြူသည်ဟု ဆိုအပ်သော တရားစုတို့၌ မမေ့မလျော့၊ ဤလေးပါးသောတရားသည် သတိပဋ္ဌာန်၊ ဤလေးပါးသောတရားသည် သမ္မပ္ပဓာန်၊ ဤလေးပါးသော တရားသည် ဣဒ္ဓိပါဒ်၊ ဤငါးပါးသောတရားသည် ဣန္ဒြေ၊ ဤငါးပါးသော တရားသည် ဗိုလ်၊ ဤခုနစ်ပါးသော တရားသည် ဗောဇ္ဈင်၊ ဤရှစ်ပါးသော တရားသည်မဂ္ဂင်၊ ဤတရားသည် သမထ၊ ဤတရားသည် ဝိပဿနာ၊ ဤတရားသည်ဝိဇ္ဇာ၊ ဤတရားသည် ဝိမုတ္တိဟု မပေါ့မလျော့သည်ဖြစ်၍ ထိုတရားအစုမှ ယောဂါဝစရ ပုဂ္ဂိုလ်သည် မှီဝဲအပ်သောတရားတို့ကို မှီဝဲ၏၊ မမှီဝဲအပ်သောတရားတို့ကို မမှီဝဲ၊ ဆည်းပူး အပ်သော တရား

တို့ကို ဆည်းပူး၏၊ မဆည်းပူးအပ်သော တရားတို့ကို မဆည်းပူး၊ ဤသို့လျှင် မင်းကြီး သတိတရားသည် မပေါ့မလျော့သော လက္ခဏာရှိ၏ဟု ဖြေလေ၏။

**စကြာမင်း၏ဘဏ္ဍာစိုးဥပမာ**···· အရှင်ဘုရား ဥပမာဆိုဦးလော့ဟု ဆိုလျှင် မင်းကြီး စကြာမင်း၏ ဘဏ္ဍာစိုးသည် စကြာမင်းကို ညဉ့်နံနက် ဆင်၊မြင်း၊ရထား၊ခြေသည်တို့သည် ဤမျှရှိ၏ဟူ၍၎င်း၊ရွှေငွေဥစ္စာနှစ်ကား ဤမျှရှိ၏ဟူ၍၎င်း၊ ရှင်မင်းကြီးသည် အောက်မေ့မှတ်တော်မူလော့ဟု ဥစ္စာနှစ်တို့ကိုအောက်မေ့စေသကဲ့သို့ ထို့အတူ သတိတရားသည်လည်း ကုသိုလ်၊ အကုသိုလ်၊အပြစ်ရှိသည်၊ အပြစ်မရှိသည်၊မည်းသည်၊ဖြူသည်၊ သတိပဋ္ဌာန်၊သမ္မပ္ပဓာန်၊ဣဒ္ဓိပါဒ်၊ဣန္ဒြေ၊ ဗိုလ်၊ဗောဇ္ဈင်၊မဂ္ဂင်၊သမထ၊ဝိပဿနာ၊ဝိဇ္ဇာ၊ ဝိမုတ္တိတို့၌ မပေါ့မလျော့ခြင်းရှိ၍ ယောဂါဝစရ ပုဂ္ဂိုလ်သည် မှီဝဲအပ်သည်ကို မှီဝဲ၏၊မမှီဝဲအပ်သည်ကို မမှီဝဲ၊ ဆည်းကပ်အပ်သည်ကို ဆည်းကပ်၏၊ မဆည်းကပ်အပ်သည်ကို မဆည်းကပ်၊ ဤသို့လျှင် မင်းကြီး သတိတရားသည် မပေါ့မလျော့ခြင်းလက္ခဏာရှိ၏ဟု ဖြေလေ၏။

အရှင်ဘုရား သတိသည် အဘယ်သို့ ချီးမြှောက်ခြင်းလက္ခဏာရှိသနည်းဟုမေးပြန်၏။

မင်းကြီး သတိဖြစ်သည်ရှိသော် ဤတရားသည် အစီးအပွါးရှိ၏၊ ဤတရားသည် အစီးအပွါးမရှိ၊ ဤတရားကား ကျေးဇူးမရှိ၊ဤတရားကား ကျေးဇူးရှိ၏ဟု အစီးအပွါးရှိသော တရားတို့၏တည်ရာဖြစ်၍ ကောင်းစွာ အောက်မေ့စေတတ်၏၊ ထို့ကြောင့် ယောဂါဝစရပုဂ္ဂိုလ်သည် အစီးအပွါးမရှိသော တရားတို့ကိုပယ်၍ အကျိုးစီးပွါးရှိသော တရားတို့ကို ချီးမြှောက်၏၊ ကျေးဇူးမရှိသော တရားတို့ကိုပယ်၍ ကျေးဇူးရှိသော တရားတို့ကို ချီးမြှောက်၏၊ ဤသို့လျှင် မင်းကြီး သတိသည်ချီးမြှောက်ခြင်းလက္ခဏာရှိ၏ဟု ဖြေလေ၏။

**စကြာမင်း၏သားကြီးရတနာဥပမာ**····အရှင်ဘုရား ဥပမာအားဖြင့် ပြပါဦးလော့ဟု ဆိုသော် မင်းကြီး ဥပမာသော်ကား စကြာမင်း၏ သားကြီးရတနာသည် စကြာမင်း၏ စီးပွါးရှိသည် မရှိသည်တို့ကိုသိ၏၊ ထိုအခါ အစီးအပွါး မရှိသည်တို့ကိုပယ်၍ အစီးအပွါးရှိသည်တို့ကို ချီးမြှောက်သကဲ့သို့ ထို့အတူ

မင်းကြီး သတိတရား ဖြစ်သည်ရှိသော် ဤတရားတို့သည် အစိုးအပွါး ရှိကုန်၏၊ဤတရားတို့သည်ကား အစိုးအပွါးမရှိကုန်၊ ဤတရားတို့သည် ကျေးဇူးရှိကုန်၏၊ဤတရားတို့သည် ကျေးဇူးမရှိကုန်ဟု သတိတရားသည် ကျေးဇူးရှိသောတရားတို့၏ တည်ရာဖြစ်၍ ကောင်းစွာ အောက်မေ့စေတတ်၏၊ထို့ကြောင့် ယောဂါဝစရပုဂ္ဂိုလ်သည် အစိုးအပွါး မရှိသော တရားတို့ကိုပယ်၍ အစိုးအပွါးရှိသော တရားတို့ကို ချီးမြှောက်၏၊ ကျေးဇူးမရှိသော တရားတို့ကို ပယ်၍ ကျေးဇူးရှိသော တရားတို့ကို ချီးမြှောက်၏၊ဤသို့လျှင် မင်းကြီး သတိတရားသည် ချီးမြှောက်ခြင်း လက္ခဏာရှိ၏ဟု ဖြေပြီး၍ မင်းကြီး ငါသာလျှင် သတိတရားသည် အကျိုးရှိသော တရားအပေါင်းတို့၏ တည်ရာဖြစ်ကြောင်းကို ဆိုသည် မဟုတ်၊ ဘုရားရှင်လည်း သတိတရားသည် အကျိုးစီးပွါးရှိသော တရား တို့၏ တည်ရာဖြစ်ကြောင်းကို ဟောတော်မူ၏ဟု သက်သေသာဓကပြ ပြန်၏။

သတိံ္စ ခွါဟံ ဘိက္ခဝေ သဗ္ဗတ္ထကံ ဝဒါမိ–ဟုပြ၏။

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ ခေါ၊စင်စစ်။ သတိံ၊ သတိတရားကို။ အဟံ၊ငါဘုရားသည်။ သဗ္ဗတ္ထကံ အလုံးစုံ အကျိုးရှိသော တရားတို့၏ တည်ရာဟူ၍၊ ဝဒါမိ၊ဟောတော်မူ၏။

ဤသို့ ဖြေသော် အရှင်ဘုရား သင့်တင့် လျောက်ပတ်ပေ၏ဟု ဝန်ခံလေ၏။

သတိလက္ခဏာပဉှာပြီး၏။

---

## ၁၄။ သမာဓိလက္ခဏာပဉှာ

**သမာဓိ၏ လက္ခဏာ**·····မိလိန္ဒမင်းသည် အရှင်ဘုရား သမာဓိ တရားသည် အဘယ်လက္ခဏာရှိသနည်း ဟုမေး၏။

မင်းကြီး သမာဓိသည် သမ္ပယုတ်တရားတို့၏ ရှေးရှုရာ အကြီးအမှူး လက္ခဏာရှိ၏၊ ရှိကြောင်းကား ခပ်သိမ်းသော တရားတို့သည် ရှိကုန်၏၊ ထိုတရားတို့သည် သမာဓိတရားသည်လျှင် အကြီးအမှူး ရှိသည်ဖြစ်ကုန် ၏၊ သမာဓိတရားလျှင် အညွှန်ရှိကုန်၏၊ သမာဓိလျှင် ချိုင့်ဝှမ်းရာ ဖြစ်ကုန် ၏ဟု ဖြေဆိုလေ၏။

**စုလစ်မွန်းချွန်တပ်သော အိမ်ဥပမာ**·····အရှင်ဘုရား ဥပမာအား ဖြင့် ပြတော်မူပါဦးလော့ဟု ဆိုလျှင် မင်းကြီး သမာဓိသော်ကား၊ စုလစ်မွန်းချွန်တပ်သော အိမ်၏ အလုံးစုံသော အိမ်အခြင် အမိုးတို့ကို အိမ်အထွတ်သာလျှင် အကြီးအမှူး ဖြစ်သကဲ့သို့ အိမ်၏ အထွတ်သို့သာ ညွတ်ကုန်စုဝေးကုန်သကဲ့သို့ ထိုအိမ်၏ အမိုး အခြင်တို့တွင် အထွတ်သာလျှင် မြတ်သကဲ့သို့ ထို့အတူ မင်းကြီး ခပ်သိမ်းသော ကုသိုလ်တရားတို့သည် သမာဓိသည်သာလျှင်အကြီးအမှူးရှိကုန်၏၊ သမာဓိသို့ညွတ်ကုန်၏၊ သမာဓိလျှင်အမွန်ရှိကုန်၏၊သမာဓိလျှင်ချို့င့်ဝှမ်းရာရှိကုန်၏ဟု ဖြေလေ၏။

**ပြည့်ရှင်မင်းဥပမာ**·····အရှင်ဘုရား ဥပမာ လွန်စွာပြတော်မူပါဦးလော့ဟု ဆိုလျှင် မင်းကြီး ဥပမာသော်ကား အစိုးရသောပြည့်ရှင်မင်းသည် စစ်အင်္ဂါလေးပါးနှင့်တကွ စစ်မြေအပြင်သို့သက်အံ့၊ အလုံးစုံသောဆင်၊ မြင်း၊ ရထား၊ ခြေသည် တို့သည် ထိုအစိုးရသော မင်းသာလျှင် အကြီးအမှူးဖြစ်ကုန်သကဲ့သို့ ထိုမင်းသို့သာ ညွတ်ကုန်သကဲ့သို့ ထိုမင်းသာလျှင် အမှူးရှိကုန်သကဲ့သို့ ထိုမင်းသာလျှင် အမွန်ဖြစ်ကုန်သကဲ့သို့ ထို့အတူ မင်းကြီး အလုံးစုံသော ကုသိုလ်တရားတို့သည် သမာဓိလျှင် အကြီးအမှူးရှိကုန်၏၊ သမာဓိသို့ညွတ်ကုန်၏၊သမာဓိလျှင် အမွန်ရှိကုန်၏၊ဤသို့လျှင် မင်းကြီး သမာဓိသည် အကြီးအမှူး လက္ခဏာရှိ၏ဟုဖြေပြီး၍ မင်းကြီး ငါသာလျှင်သမာဓိကို အကြီးအမှူး လက္ခဏာရှိသည်ဟု ဆိုသည်မဟုတ်၊ ဘုရားရှင်လည်း သမာဓိသည် အကြီးအမှူးဖြစ်ကြောင်းကို ဟောတော်မူ၏ဟုသက်သေပြ၏။

သမာဓိံ ဘိက္ခဝေ ဘာဝေထ၊ သမာဟိတော ယထာဘူတံ ပဇာနာတိ။

ဟူသော သာဓကပါဠိဖြင့်ပြ၏။

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ သမာဓိ ၊ သမာဓိတရားကို။ ဘာဝေထ၊ ပွါးစေကုန်လော့။ သမာဟိတော၊ သမာဓိရှိသောပုဂ္ဂိုလ်သည်။ ယထာဘူတံ၊ ဟုတ်သောအတိုင်း။ ခန္ဓာ၊ တရားကို။ ပဇာနာတိ၊ သိ၏။

ဤသို့ဖြေသော် အရှင်ဘုရား သင့်တင့်လျောက်ပတ်ပေ၏ဟု ဝန်ခံလေ၏။

သမာဓိလက္ခဏာပဉှာပြီး၏။

---

## ၁၅။ ပညာလက္ခဏာပဉှာ

**ပညာ၏ လက္ခဏာ**.....မိလိန္ဒမင်းသည် အရှင်ဘုရား ပညာသည် အဘယ်လက္ခဏာရှိသနည်းဟု မေး၏။

မင်းကြီး ငါသည် ရှေးဦးကပင် ပညာသည် ဖိုင်းခြား ခြင်း ဖြတ်ခြင်း လက္ခဏာရှိ၏ဟု ဆိုအပ်ပြီဟူ၍ဆို၏။

(မနသိကာရနှင့်ပညာ၏အထူးရှိကြောင်းကိုရှေးဦးက မုယောစပါးကိုရိတ်သော ယောက်ျား၏ တစဉ်ကဲ့သို့ ပြအပ်သည်ဟုဆိုလိုသည်။)

မင်းကြီး တနည်းသော်ကား ပညာသည် ပြောင်ပြောင်ထွန်းပခြင်း လက္ခဏာရှိ၏ဟု ဖြေသော် အရှင်ဘုရား အဘယ်သို့လျှင် ပညာသည် ပြောင်ပြောင်ထွန်းပခြင်းလက္ခဏာရှိသနည်းဟု မေးပြန်၏။

မင်းကြီး ပညာဖြစ်သည်ရှိသော် မောဟတည်းဟူသော အမိုက်ကို လင်းစေ၍ ပညာတည်းဟူသောအရောင် ပညာတည်းဟူသော အလင်းကို ဖြစ်စေ၏၊အရိယာသစ္စာတရားတို့ကို ထင်ရှားစွာဖွင့်ပြ၏၊ ထို့ကြောင့် ယောဂါဝစရပုဂ္ဂိုလ်သည် အနိစ္စဟူ၍၎င်း၊ ဒုက္ခဟူ၍၎င်း၊ အနတ္တဟူ၍၎င်း၊ ကောင်းစွာပညာဖြင့်မြင်၏ဟုဖြေလေ၏။

**ဆီမီးဥပမာ**.....အရှင်ဘုရား ဥပမာ ပြပါဦးလော့ဟု ဆိုပြန်လျှင် မင်းကြီး ဥပမာသော်ကား အကြင် ယောက်ျားသည် အမိုက်တိုက် ရှိသောအိမ်၌ ဆီမီးကိုသွင်း၏၊ သွင်းအပ်သော ဆီမီးဝင်သည်ရှိသော် အမိုက်တိုက်ကိုလွင့်စေ၍ အရောင်ကိုဖြစ်စေသကဲ့သို့ ထို့အတူပင် ပညာဖြစ်သည်ရှိသော် မောဟတည်းဟူသော အမိုက်တိုက်ကို လွင့်စေ၍ ပညာတည်းဟူသော အရောင်ကိုဖြစ်စေ၍ ပညာတည်းဟူသော အလင်းကိုပြ၏၊အရိယသစ္စာတို့ကိုထင်ရှားစွာပြ၏၊ ထို့ကြောင့် ယောဂါဝစရပုဂ္ဂိုလ်သည် အနိစ္စဟူ၍၎င်း၊ ဒုက္ခဟူ၍၎င်း၊ အနတ္တဟူ၍၎င်း၊ မိမိပညာဖြင့်မြင်လေ၏၊မင်းကြီး ဤသို့လျှင် ပညာသည်

ဩဘာသ လက္ခဏာရှိ၏ ဟု ဖြေလေသော် အရှင်ဘုရား သင့်တင့် လျောက်ပတ်ပေ၏ဟု ဝန်ခံလေ၏။

ပညာလက္ခဏပဥှာပြီး၏။

## ၁၆။ နာနာဝမ္မာနံကေကိစ္စအဘိနိပ္ဖာဒနပဥ္ဟာ

**သဒ္ဓါစသည်တို့အကျိုး**·····မိလိန္ဒမင်းသည် အရှင်ဘုရား ဤဆိုအပ်ပြီးသော သဒ္ဓါ အစရှိသော တရားတို့သည် အထူးထူးသော သဘ္ဘလက္ခဏာရှိကြကုန်လျက် တခုသောအကျိုးကိုသာ ပြီးစေကုန်သလောဟု မေး၏။

မင်းကြီး ဤတရားတို့သည် အထူးထူးသော သဘ္ဘလက္ခဏာရှိကုန် လျက် အကျိုးမှုကား ကိလေသာကို သတ်တတ်သော အကျိုးတခုကို သာပြီးစေတတ်ကုန်သည်ဟုဖြေလေ၏။

**စစ်သည်တို့၏ ဥပမာ**·····အရှင်ဘုရား အဘယ့်ကြောင့် ဤတရားတို့သည် အထူးထူးသော သဘ္ဘလက္ခဏာရှိကုန်လျက် ကိလေသာကို ပယ်တတ် သတ်တတ်သော အကျိုးတခုကိုသာ ပြီးစေတတ်ကုန်သနည်း၊ ဥပမာဖြင့် ပြတော်မူပါဦးလော့ဟု ဆိုလျှင် မင်းကြီး ဥပမာသော်ကား ဆင်၊မြင်း၊ရထား၊ ခြေသည် ဟူသော စစ်သည်တို့သည် အထူးထူးသော သဘ္ဘလက္ခဏာရှိကုန်လျက် စစ်မြေ အရပ်၌ သူတပါးတို့၏ စစ်သည်ကိုဖျက်ဆီးနှိပ်စက်ခြင်း တည်းဟူသော အကျိုးတခုကိုသာ ပြီးစေကုန်သကဲ့သို့ ထို့အတူ မြတ်သောမင်းကြီး ဤသဒ္ဓါအစရှိသော အထူးထူးသော သဘ္ဘလက္ခဏာရှိသော ကုသိုလ် တရားတို့သည် ကိလေသာတို့ကို ဖျက်ဆီးခြင်းအကျိုးတခုကိုသာ ပြီးစေ တတ်ကုန်၏ဟုဖြေသော် အရှင်ဘုရား သင့်တင့်လျောက်ပတ်ပေ၏ဟု ဝန်ခံလေ၏။

နာနာဝမ္မာနံကေကိစ္စအဘိနိပ္ဖာဒနပဥ္ဟာ သောဠသမိ၊
မဟာဝဂ္ဂေါ ပဌမော နိဋ္ဌိတော။
ဠမသ္မိံဝဂ္ဂေ သောဠသပဥ္ဟာ။

## ၁၇။ ဓမ္မသန္တတိပဥှာ

**ဘဝဟောင်းနှင့်ဘဝသစ်အစဉ်**… မိလိန္ဒမင်းသည် အရှင်ဘုရား အကြင်သူသည် ပဋိသန္ဓေနေ၏ ဖြစ်၏၊ ပဋိသန္ဓေနေဆဲဖြစ်သောသူသည် ရှေးလူဟောင်းပင်လော၊ ထိုသို့မဟုတ်မူကား တပါးသောလူသစ်တည်း ဖြစ်သလောဟုမေး၏။

မင်းကြီး ပဋိသန္ဓေ နေဆဲဖြစ်သော သူသည် ထိုရှေးလူဟောင်းလည်းမဟုတ်၊ တပါးသောလူသစ်လည်းမဟုတ်ဟုဖြေ၏။

(ဤအမေးအဖြေ၌။ ၊လူဟောင်းပင်ဟုအယူရှိအံ့၊ သဿတဒိဋ္ဌိအယူဖြစ်သည်၊ တပါးသော လူသစ်ဖြစ်၏ဟု အယူရှိအံ့၊ သတ္တဝါသည် သေလျှင် ပျောက်၏ ဟူသော ဥစ္ဆေဒဒိဋ္ဌိ တစ်ဘက်တဒေသနှင့် အသစ်အသစ်ပွါး၏ဟု ယူခြင်းသည် မိစ္ဆာအယူဖြစ်သည်၊ သို့ရှင်နာဂသေနက အဟောင်းလူလည်းမဟုတ်၊ အသစ်လူလည်း မဟုတ်၊အကြောင်းတရားနှင့် အကျိုးတရားစပ်၍ဖြစ်သည် ဆိုလိုသည်။ ။ဤကားစကားချပ်။)

**မိလိန္ဒမင်း၏ အသက်အရွယ်ဥပမာ**……အရှင် ဘုရား အဟောင်းလူလည်း မဟုတ်၊ အသစ်လူလည်းမဟုတ်သည့်၏ အဖြစ်ကို ဥပမာအားဖြင့် ပြတော်မူပါဦးလော့ဟု ဆို၏။

မင်းကြီး သင်မင်းကြီးသည် အကြင်အခါဝယ် ငယ်နုသေးငွေ့သည်ဖြစ်၍ အိပ်ရာ၌ပက်လက်အိပ်သောသူငယ်သည်ဖြစ်ဘူး၏၊မင်းကြီးသည် ဤယခုအခါကြီး၏၊ထိုရှေးသူငယ်ပင်လော၊ အသို့အောက်မေ့သနည်းဟု မေးသော် အရှင်ဘုရား ထိုသူငယ်မဟုတ်၊ ထိုအကျွန်ုပ်သည် ငယ်နုသေး ငွေ့စွာအိပ်ရာ၌ ပက်လက်အိပ်သောအခါ ကာလလည်းတပါး၊ ယခုကြီးရင့်သောအခါကာလလည်းတပါးဟု နှစ်ခုသောကာလကို ပိုင်းခြား၍ဆိုသော် ထိုစကားကို နာဂသေနမနှစ်သက်၍ မင်းကြီး ဤသို့ကာလနှစ်ခုရှိခဲ့သော် မိခင်၊ဘခင်၊ဆရာသမား၊အတတ်ဘတ်သောသူ၊ သီလရှိသောသူ၊ ပညာရှိသောသူ မရှိကောင်းပြီ၊ အဘယ့်ကြောင့်နည်း ဟူမူကား မြတ်သောမင်းကြီး ကလလ ရေကြည်၏ မိခင်လည်းတပါး၊ ရေမြှုပ်၏ မိခင်လည်းတပါး၊သားတစ်၏ မိခင်လည်းတပါး၊တခဲနက်၏ မိခင်လည်းတပါး၊ လူငယ်၏ မိခင်လည်းတပါး၊ လူကြီး၏ မိခင်လည်းတပါး၊ တပါး

သောသူသည် အတ္တတ်ကိုသင်၏၊ တပါးသောသူသည် သင်အပ်သည် ဖြစ်၏၊တပါးသောသူသည့် မကောင်းမှုကို ပြုသည်ဖြစ်၏၊တပါးသော သူ၏ လက်ခြေကို ဖြတ်သည်ဖြစ်၏ဟု ရှင်နာဂသေနဆိုသော်၊ အရှင်ဘုရား၊ဤသို့လည်း မဆိုစကောင်းချေဟုဆို၍၊အရှင်ဘုရား၊ဤသို့ဖြစ်လေသော် တရားသဘောကို အဘယ်သို့ အရှင်ဘုရား မိန့်တော်မူအံ့နည်းဟု လျှောက်၏။

ရှင်နာဂသေန မထေရ်သည်၊မြတ်သောမင်းကြီး၊ ငါကိုယ်တိုင်လျှင် အငယ်အနူးအိပ်ရာ၌ ပက်လက်အိပ်ဘူး၏၊ ဤယခုလည်း ငါ၏ ကိုယ်တိုင်ပင်လျှင် ကြီး၏၊ငါ၏ကိုယ်ကိုသာမှီ၍ထိုအလုံးစုံသောတရားတို့ကို တပေါင်းတည်း သင်္ဂြိုဟ်အပ်ကုန်၏ဟု ဆိုသော်။ (အကြောင်းအကျိုး စပ်ခါစပ်ခါ ဖြစ်သည့်ဟုဆိုလိုသည်)။

**အစဉ်တောက်နေသောဆီမီးဥပမာ**… အရှင်ဘုရား၊ထိုစကားကို ဥပမာဖြင့် ပြတော်မူပါဦးလော့ဟုဆို၏၊ မင်းကြီး၊ ဥပမာသော်ကား တစုံတယောက်သော ယောကျ်ားသည် ဆီမီးကိုထွန်း၏၊ ထိုဆီမီးတောက်သည် တညဉ့်ပတ်လုံးတောက်၏၊ မင်းကြီး၊ ညဉ့်ဦးယံ၌ အကြင်ဆီမီးတောက်သည် ရှိ၏၊ထိုဆီမီးတောက်ကို သန်းခေါင်ယံ ဆီမီးတောက်ဆိုအပ်မည်လော ဟုမေးသော်၊အရှင်ဘုရား၊ ညဉ့်ဦးယံတောက်သောဆီမီးကို သန်းခေါင်ယံ ဆီမီးတောက်မဆိုအပ်ချေ၊ အကြင်သန်းခေါင်ယံ၌ တောက်သော ဆီမီးသည် ရှိ၏ဟုဆို၏၊ ထိုသန်းခေါင်ယံ ဆီမီးတောက်ကို မိုးသောက်ယံဆီမီးတောက် ဆိုအပ်မည်လောဟု မေးသော်၊ အရှင်ဘုရား၊ သန်းခေါင်ယံတောက်သော ဆီမီးတောက်ကို မိုးသောက်ယံ တောက်သော ဆီမီးတောက် မဆိုကောင်းချေဟု လျှောက်သော်၊ မင်းကြီး၊ညဉ့်ဦးယံဆီမီးတည်း တခြားတပါးလော၊ သန်းခေါင်ယံ ဆီမီးတည်း တပါးလော၊ မိုးသောက်ယံ ဆီမီးတည်း တပါးလောဟုမေးပြန်သော်၊အရှင်ဘုရား၊ ထိုဆီမီးကို အသီးအခြားပိုင်းခြား၍ မဆိုသာချေ၊ ထိုဆီမီးဟောင်းကို အမှီပြု၍ တညဉ့်ပတ်လုံး ဆီမီးတောက်လေသည် ဟုဆိုသော်၊မင်းကြီး၊ ထိုဆီမီးအတူရှင်း ပရမတ္ထတရား၏ အစဉ်သည် ဘွဲ့ရှက်၍ဖြစ်၏၊ တပါးသောတရားသည် ဖြစ်ဆဲဖြစ်၏၊ တပါးသော

တရားသည် ချုပ်ဆဲဖြစ်၏၊မရှေးမနှောင်းစပ်ခါ စပ်ခါဖြစ်၏၊ ထို့ကြောင့် ထိုရှေးလူဟောင်းလည်း အသစ်ပဋိသန္ဓေမှုနေ၊ တပါးသောလူသစ် လည်းမဖြစ်၊ ရှေးဖြစ်သောဝိညာဉ်သည် နောက်ဖြစ်သော ဝိညာဉ်ကို သင်္ဂြိုဟ်ခြင်းသို့ရောက်၏ဟုဖြေ၏။

**နို့ရည်မှ ထောပတ်ဖြစ်လာပုံ ဥပမာ**……အရှင်ဘုရား၊ လွန်စွာ ဥပမာပြုပါဦးလော့ဟု ဆိုသော်၊မင်းကြီး၊ ဥပမာသော်ကား နို့ရည်သည် ကာလရှည်သော် နို့ဓမ်းဖြစ်သည်၊ နို့ဓမ်းမှသည် ဆိဥ၊ ဆိဥမှသည် ထောပတ်ဖြစ်သည်၊ သို့ဖြစ်သည်ကို အကြင်နို့ရည်သည် နို့ခမ်းဖြစ်သည်၊နို့ဓမ်းသည် ဆိဥဖြစ် သည်၊ဆိဥသည် ထောပတ်ဖြစ်သည်ဟု အကြင်သူသည်ဆို၏၊မင်းကြီး၊ ထိုသူသည် ကောင်းသောဆိုခြင်းဖြင့် ဆိုသည်မည်ကောင်းအံ့လောဟု မေးပြန်သော်၊အရှင်ဘုရား၊ထိုသို့ဆိုခြင်းသည် ရှေးရှေးကိုသာလျှင်မှီ၍ ဖြစ်သောကြောင့် ကောင်းသောဆိုခြင်း မမည်ချေဟုဆို၏၊ မင်းကြီး၊ ထိုကဲ့သို့ ပရမတ္ထတရား၏အစဉ်သည် ဘွဲ့ရှက်၍ ဖြစ်၏၊ တပါးသည် ဖြစ်ဆဲဖြစ်၏၊ တပါးသည် ချုပ်ဆဲဖြစ်၏၊ မရှေးမနှောင်း တပြိုင်နက် ကဲ့သို့ ဘွဲ့ရှက်၍ဖြစ်၏၊ထို့ကြောင့် ထိုရှေးလူဟောင်းသည်လည်းအသစ် ပဋိသန္ဓေမနေ၊တပါးသော လူသစ်လည်းမဖြစ်၊ ရှေ့ဖြစ်သော ဝိညာဉ် သည့်နောက်ဖြစ်သော ဝိညာဉ်ကို သင်္ဂြိုဟ်ခြင်းသို့ရောက်၏ဟု ဖြေ သော်၊ အရှင်ဘုရား၊ သင့်တင့်လျောက်ပတ်ပေ၏ဟု ဝန်ခံ၏။

ဓမ္မသန္တတိပဉှာပြီး၏။

---

### ၁၈။ ပဋိသန္ဓိပဉှာ

**ပဋိသန္ဓေမနေဟုသိနိုင်ပုံ**…… မိလိန္ဒမင်းသည်၊အရှင်ဘုရား၊အကြင် သူသည် ပဋိသန္ဓေမနေ၊ ထိုသူသည် ငါပဋိသန္ဓေ မနေလတ္တံ့ဟု သိ၏လောဟူ၍ မေး၏။

မင်းကြီး၊ အကြင်သူသည် ပဋိသန္ဓေမနေ၊ထိုသူသည် ငါပဋိသန္ဓေ မနေလတ္တံ့ဟူ၍သိ၏ဟုဖြေ၏။

အရှင်ဘုရား၊အဘယ်ကြောင့်သိလေသနည်းဟုမေး၏။

မင်းကြီး၊ ပဋိသန္ဓေနေခြင်း၌ အကြင်အကြောင်းတရား အထောက် အပံ့ပစ္စည်းတရားသည် ရှိ၏၊ ထိုအကြောင်းတရား ပစ္စည်းမျိုးစေ့ကောင်း သောကြောင့် ထိုသူသည် ငါပဋိသန္ဓေမနေလတ္တံ့ဟူ၍ သိ၏ဟုဖြေ၏။

**လယ်မလုပ်စပါးမရ သိရပုံဥပမာ**.... အရှင်ဘုရား၊ ဥပမာ အား ဖြင့် ပြပါဦးလော့ဟု ဆို လျှင် မင်းကြီး၊ ဥပမာသော်ကား လယ်ထွန်သော သူကြွယ်သည် ထွန်ယက်စိုက်ပျိုး၍ ကျီကြကိုပြည့်စေ၏၊ ထိုသူကြွယ်သည် နောက်ကာ လ၊လယ်ကိုမထွန်မစိုက်နေ၍ ရှိတိုင်းသော စပါးကိုသာ စားမူလည်း စားအံ့၊ရောင်းမူလည်းရောင်းအံ့၊အလိုရှိတိုင်းပြုအံ့၊မင်းကြီး၊ ထိုသူကြွယ် သည် ငါ၏စပါးကျီသည် မပြည့်လတ္တံ့ဟူ၍ သိ၏လောဟုမေးသော်၊ အရှင်ဘုရား၊ ထိုသူကြွယ်သည် စပါးမပြည့်လတ္တံ့သည်ကို သိရာ၏၊ အဘယ်ကြောင့်သိရာသနည်းဟူမူကား၊ အရှင်ဘုရား၊ ထိုသူကြွယ်သည် စပါးကျီကို ပြည့်ဖိမ့်သော၌ ထွန်ခြင်း၊ ပျိုးခြင်း အစရှိသည်ကို ပြုရာ သော အကြောင်းသည်ရှိလျက်၊ထိုထွန်ယက်ခြင်း၊ ပျိုးခြင်း အကြောင်း သည် ကင်းလေသောကြောင့် ငါ၏ကျီသည် စပါးမပြည့်လတ္တံ့ဟု သိ၏ဟုဆို၏၊မင်းကြီး၊ ထိုကဲ့သို့ရင်း ပဋိသန္ဓေနေခြင်း၏ အကြောင်း တရားသည်ရှိ၏၊ထိုအကြောင်းတရားကိုပယ်သောကြောင့်၊ ကြဉ်သော ကြောင့် ထိုပုဂ္ဂိုလ်သည် ငါပဋိသန္ဓေမနေလတ္တံ့ဟူ၍ သိလေ၏ဟု ဖြေလေသော်၊ အရှင်ဘုရား၊သင့်တင့်လျောက်ပတ်ပေ၏ဟု ဝန်ခံလေ၏။

ပဋိသန္ဓိပဥှာပြီး၏။

---

## ၁၉။ ဥာဏပညာပဥှာ

**ဥာဏ်ရှိသူသည်ပညာရှိသလော**...မိလိန္ဒမင်းသည်၊ အရှင်ဘုရား၊ အကြင်သူအား ဉာဏ်ရှိသည် ဖြစ်၏၊ထိုသူအား ပညာရှိသည် ဖြစ်သလောဟုမေး၏။

မင်းကြီး၊အကြင်သူအား ဉာဏ်ရှိသည် ဖြစ်အံ့၊ ထိုသူအား ပညာရှိ သည်ဖြစ်၏ဟုဖြေသော်၊အရှင်ဘုရား၊အကြင်သူအားဉာဏ်ရှိ၏၊ထိုဉာဏ် သည်ပင်လျှင် ပညာလောဟုမေးပြန်၏။

မင်းကြီး၊ အကြင်ညဏ်တရားသည်ဖြစ်လျှင် ပညာဖြစ်၏ဟုဖြေ၏။

အရှင်ဘုရား၊အကြင်သူအား ညဏ်ဖြစ်၏၊ ထိုသူအားထိုညဏ်သည် ဖြစ်လျှင် ပညာဖြစ်ခဲ့သော် ထိုညဏ်ပညာရှိသေးသူ တွေဝေရာ သလောဟုမေး၏၊မင်းကြီး၊အချို့သောပုဂ္ဂိုလ်၌ တွေဝေ၏၊အချို့သော ပုဂ္ဂိုလ်၌မတွေဝေဟုဆိုသော်၊ အရှင်ဘုရား၊ အဘယ်အရာ၌တွေဝေ သနည်း၊ အဘယ်အရာ၌ မတွေဝေသနည်းဟုမေးပြန်၏။

မင်းကြီး၊ ရှေးကာလမသိစဘူး၊ မကြားစဘူးသော အဘတ်တို့၌ရင်း၊ ရှေးကာလမရောက်ဘူးသော အရပ်တို့၌ရင်း၊ ရှေးကာလ မကြားစဘူး သောအမည်နာမပညတ်တို့၌ရင်း တွေဝေရာ၏ဟုဖြေသော်၊အရှင်ဘုရား၊ အဘယ်ပုဂ္ဂိုလ်၌ကား မတွေဝေသနည်းဟုမေးသော်၊မင်းကြီး၊အကြင် အတတ်ကို ပညာဖြင့်ပြုအပ်၏၊ ထိုပညာဖြင့်တတ်သော ပုဂ္ဂိုလ်တို့သည် လည်း မတွေဝေရာ၊ အနိစ္စ,ဒုက္ခ,အနတ္တကို ပညာဖြင့်သိ၏၊ ထိုအနိစ္စ, ဒုက္ခ, အနတ္တလက္ခဏာကိုသိသော ပုဂ္ဂိုလ်တို့၌လည်း မတွေဝေရာဟု ဖြေသော်၊ အရှင်ဘုရား၊ ထိုပုဂ္ဂိုလ်၏ မောဟတရားသည် အဘယ်သို့ သွားလေသနည်းဟုမေးပြန်၏၊မင်းကြီး၊ထိုပုဂ္ဂိုလ်၏မောဟသည် ညဏ် တရား ဥပါဒ်ဆဲကာလမျှ၌လျှင် ချုပ်လေပျက်လေတော့သည်ဟုဖြေ၏။

**အမိုက်မှောင်ပျောက်၍အလင်းရောင်ရောက်ပုံ ဥပမာ**…အရှင် ဘုရား၊ ဥပမာအားဖြင့် ပြပါဦးလော့ဟုဆိုလျှင်၊ မင်းကြီး၊ ဥပမာသော်ကား ယောက်ျားတယောက်သည် အမိုက်တိုက်၌ ဆီမီးကိုထွန်း၏၊ ထိုဆီမီး ကြောင့် အမိုက်သည် ချုပ်ပျောက်ရာ၏၊အလင်းသည် ထင်ရှားစွာဖြစ်ရာ ၏၊မင်းကြီး၊ထိုကဲ့သို့ရင်း ညဏ်တရားဥပါဒ်ကာမျှ၌ မောဟသည် ထိုကာ လ၌ဖြင်လျှင် ချုပ်လေတော့သည်၊ပျောက်လေတော့သည်ဟုဖြေ၏။

အရှင်ဘုရား၊ ပညာသည်ကား အဘယ်သို့ သွားလေသနည်းဟု မေးပြန်၏။

မင်းကြီး၊ ပညာသည်ကား မိမိကိစ္စရှိသည်ကိုပြု၍ ထို ကာလ၌ပင် လျှင်ချုပ်၏၊ ထိုပညာသည် အကြင်အနိစ္စ,ဒုက္ခ,အနတ္တကိစ္စကို ပြုအပ်၏၊ ထိုပြုအပ်သောကိစ္စအမှုသည် မချုပ်မပျောက်ဟုဆိုလေ၏။

**မီးထွန်း၍ စာရေးပုံဥပမာ** ·····အရှင်ဘုရား၊ ပညာသည် မိမိကိစ္စကိုပြုပြီး၍၊ ထိုအခါ၌ပင်လျှင် ချုပ်လေ၏ဟူသော စကားကိုလည်းဆို၏၊ ထိုပညာသည် ပြုအပ်သောအနိစ္စ, ဒုက္ခ, အနတ္တသည်ရှိ၏၊ ထိုအမှုသည် မချုပ်မပျောက်ဟူ၍ ဆိုခဲ့၏၊ ထိုစကား၏ဥပမာကို ပြပါဦးလော့ဟုဆိုသော်၊ ဥပမာသော်ကား မင်းကြီး၊ တစုံတယောက်သော ယောကျ်ားသည် ညဉ့်ကာလအခါ သဝဏ်စာ ခွေကို စေလိုသည်ဖြစ်၍ စာရေးတတ်သောသူကို ခေါ်စေ၍ ဆီမီးကို ထွန်းစေ၍ လက်ရေးရေးစေ၏၊ လက်ရေးရေးပြီးသော် ဆီမီးကိုငြိမ်းစေသော်လည်း ထိုရေးအပ်သောလက်ရေးသည် မပျောက်လေရာ၊ မင်းကြီး၊ ဤကဲ့သို့ရှင်း ပညာသည် မိမိကိစ္စကိုပြု၍ ထိုကာလ၌ပင်လျှင် ချုပ်လေ၏၊ ချုပ်လေသော ပညာသည် ပြုအပ်သော အနိစ္စ, ဒုက္ခ, အနတ္တလက္ခဏာရေးတရားသည်ကား မချုပ်မပျောက်၊ ထင်၏ဟုဖြေ၏။

**မီးသတ်သောရေအိုးငါးလုံးဥပမာ**··· အရှင်ဘုရား၊ လွန်စွာဥပမာပြုပါဦးလော့ဟုဆိုပြန်၏။ ။ မင်းကြီး၊ ဥပမာသော်ကား အရှေ့ဖြစ်သော ဇနပုဒ်အရပ်၌ လူတို့သည် အိမ်စဉ်အတိုင်း ငါးလုံးသောရေအိုးတို့ကို မီးလောင်သော် ငြိမ်းစိမ့်သော၄ါ အစဉ်အတိုင်း ထားကြကုန်၏၊ အိမ်ကို မီးလောင်ခဲ့သည်ရှိသော် ထိုငါးလုံးသောရေအိုးတို့ကို အိမ်၏အထက်သို့ပစ်ကြကုန်၏၊ ထို့ကြောင့် မီးသည် ငြိမ်းသေ၏၊ မင်းကြီး၊ ထိုလူတို့အား တဖန် ထိုရေအိုးတို့ဖြင့် မီးသတ်ခြင်းကိစ္စရှိသေး၏ဟုကြံရာသသောဟူ၍မေးသော်၊ အရှင်ဘုရား၊ ထိုရေအိုးတို့ဖြင့် မီးကို သတ်ဘွယ် အဘယ်ကိစ္စ ရှိလေအံ့နည်းဟုဆိုလျှင်၊ မင်းကြီး၊ ငါးလုံးသောရေအိုးတို့ကဲ့သို့၊ သဒ္ဓိန္ဒြေ၊ ဝီရိယိန္ဒြေ၊ သတိန္ဒြေ၊ သမာဓိန္ဒြေ၊ ပညိန္ဒြေတည်းဟူသော ငါးပါးသောဣန္ဒြေတို့ကို မှတ်အပ်၏၊ မီးကိုငြိမ်းစေသော ယောကျ်ားကဲ့သို့၊ ထိုအတူ ယောဂါဝစရပုဂ္ဂိုလ်ကိုမှတ်အပ်၏၊ မီးကဲ့သို့ ကိလေသာကိုမှတ်အပ်၏၊ ငါးလုံးသောရေအိုးတို့ဖြင့် မီးကိုသေစေသကဲ့သို့၊ ထိုအတူ ငါးပါးသောသဒ္ဓိန္ဒြေ အစရှိသော တရားတို့ဖြင့် ကိလေသာတို့ကို ငြိမ်းစေအပ်ပြီးသော် ငြိမ်းလေပြီးသော ကိလေသာတို့သည် တဖန်မဖြစ်လေကုန်သကဲ့သို့၊ ထိုအတူ ပညာသည် မိမိကိစ္စကို ပြုပြီး၍ ထိုအခါပင်လျှင် ချုပ်လေ၏ဟုဖြေလေ၏။

**ဆေးဆရာ၏သူနာကိုကုသပုံဥပမာ**…အရှင်ဘုရား၊ လွန်စွာသော ဥပမာကိုပြုပါဦးလော့ဟု ဆိုသော်။ ။မင်းကြီး၊ ဥပမာသော်ကား တတ်သိလိမ္မာသောဆေးသမားသည် ပဉ္စမူလဆေးကို ယူ၍ သူနာသို့ကပ်လေ၍ ထိုပဉ္စမူလဆေးကို ကြိတ်၍သူနာကိုသောက်စေ၏၊ ထိုဆေးတို့ကြောင့် စမြင်းဒေါသတို့သည် ထွက်ကြကုန်ရာ၏၊ထိုသို့ဖြစ်ပြီးသော်ထိုဆေးသမားသည် မင်းကြီး၊ တဘန် ပဉ္စမူလဆေးတို့ဖြင့် ငါကုဦးအံ့ဟူသောအကြံကို ကြံပြန်ရာသလောဟုမေးသော်၊ အရှင်ဘုရား၊ ထိုပဉ္စမူလဆေးတို့ဖြင့် အနာလွတ်ပြီးသော် တဘန် ထိုဆေးတို့ဖြင့် အဘယ်အကျိုးရှိအံ့နည်းဟု ပယ်လေ၏၊ မင်းကြီး၊ ပဉ္စမူလဆေးကဲ့သို့၊ ထိုအတူ သဒ္ဓါအစရှိသောငါးပါးသောဣန္ဒြေတို့ကို မှတ်အပ်ကုန်၏၊ဆေးသမားကဲ့သို့ ယောဂါဝစရပုဂ္ဂိုလ်ကိုမှတ်အပ်၏၊အနာကဲ့သို့ကိလေသာကိုမှတ်အပ်၏၊နာသောယောကျ်ားကဲ့သို့ ပုထုဇဉ်ပုဂ္ဂိုလ်ကိုမှတ်အပ်၏၊ ပဉ္စမူလဆေးတို့ကြောင့် သူနာ၏ စမြင်း ဒေါသ အနာတို့သည် ထွက်လေကုန်၏၊ စမြင်း ဒေါသ ထွက်ပြီးသော် အနာရောဂါကင်းသည်ဖြစ်သကဲ့သို့၊ထိုအတူ သဒ္ဓါစသောဣန္ဒြေတို့ဖြင့် ကိလေသာတို့ကိုထုတ်အပ်ကုန်၏၊ ထုတ်အင်ပြီးသောကိလေသာတို့သည် တဘန်မဖြစ်ကုန်သကဲ့သို့၊ ထိုအတူ ပညာသည် မိမိကိစ္စကိုပြုပြီး၍ ထိုအခါ၌ပင်လျှင် ချုပ်လေ၏၊ ပညာသည် ပြုအပ်သော အနိစ္စ, ဒုက္ခ, အနတ္တ—ဟု ထင်ရှားသော လက္ခဏာရေးကား မချုပ်မပျောက်ဟု ဖြေ၏။

**ရန်သူကိုပစ်အပ်ပြီးသောမြှားဥပမာ**……အရှင် ဘုရား၊ အလွန်လျှင် ဥပမာ ပြုပါဦးလော့ဟုဆို၏၊ မင်းကြီး၊ ဥပမာသော်ကား စစ်မြေပြင်အရပ်၌ကျင်လည်သော သူရဲသည် မြှားငါးစင်းကိုစွဲ၍ သူတပါး၏စစ်သည်ကို ထိုးပစ်အံ့သောငှါ စစ်မြေပြင်သို့သက်အံ့၊ ထိုသူရဲသည် စစ်မြေပြင်သို့ရောက်သည်ရှိသော် ထိုမြှားငါးစင်းတို့ကို ပစ်လွှတ်အံ့၊ ထိုမြှားငါးစင်း တို့ဖြင့် သူတပါးတို့၏စစ်သည်သည် ပျက်စီးအံ့၊ မင်းကြီး၊တဘန် ထိုသူရဲအား ထိုငါးစင်းသောမြှားတို့ဖြင့် ပြုအပ်သောကိစ္စကို ငါပြုဦးအံ့ဟူ၍ ကြံရာသလောဟုမေးသော်၊ အရှင်ဘုရား၊ ရန်ကိုအောင်ပြီးဖြစ်သောကြောင့်

ငါးစင်းသောမြှားတို့ဖြင့် တဘန်မကြံပြီ၊ ထိုမြှားတို့ဖြင့် အကျိုးမရှိပြီဟု လျှောက်သော်၊မင်းကြီး၊ မြှားငါးစင်းတို့ကဲ့သို့၊ ထိုအတူ သဒ္ဓါ အစရှိသော ငါးပါးသောဣန္ဒြေတို့ကို မှတ်အပ်ကုန်၏၊ စစ်မြေပြင်အရပ်၌ကျင်လည်သော သူရဲကဲ့သို့၊ ထိုအတူ ကမ္မဋ္ဌာန်း၌ အားထုတ်သော ယောဂါဝစရပုဂ္ဂိုလ်ကိုမှတ်အပ်၏၊ သူတပါး စစ်သည်ကဲ့သို့၊ ထိုအတူ ကိလေသာတို့ကိုမှတ်အပ်ကုန်၏၊ ငါးစင်းသောမြှားတို့ဖြင့် သူတပါးစစ်သည်ကိုပျက်စီးစေသကဲ့သို့၊ ထိုအတူ သဒ္ဓါအစရှိသော ငါးပါးသော ဣန္ဒြေတို့ဖြင့် ကိလေသာတို့သည် ပျက်စီးကုန်၏၊ ပျက်စီးလေပြီးသောကိလေသာတို့သည် တဘန်မဖြစ်ကုန်သကဲ့သို့၊ ထိုအတူ ပညာသည် မိမိကိစ္စတို့ကို ပြုပြီး၍ ထိုအခါ၌ပင်လျှင် ချုပ်လေ၏၊ ထိုပညာသည် ပြုအပ်သော အနိစ္စ, ဒုက္ခ, အနတ္တ–လက္ခဏာရေးသည် ထင်၏၊ မချုပ်ဟုဖြေသော်၊ အရှင်ဘုရား၊ သင့်တင့်လျှောက်ပတ်ပေ၏ဟု ဝန်ခံ၏။

ဉာဏပညာပဉှာပြီး၏။

(ဤအမေး၌ ဉာဏ်နှင့်ပညာအထူးရှိသည်ထင်၍ မိလိန္ဒမင်းမေးသည်၊ ရှင်နာဂသေနမူကား အထူးမရှိသည်ကို ဖြေသည်၊ အမေးကား ဝိမတိစ္ဆေဒနပဉှာ လက္ခဏာရှိ၏၊ အဖြေကား ဝိဘဇ္ဇဗျာကရဏလက္ခဏာရှိသည်၊ ပဋိဝစနဝိသဇ္ဇနာ လက္ခဏာလည်း ရှိသည်။ ဤကား စကားချပ်။)

---

## ၂၀။ ပဋိသန္ဓဟနပုဂ္ဂလဿဝေဒိယနပဉှာ

**ရဟန္တာနှင့် ဝေဒနာ**·····မိလိန္ဒမင်းသည်၊အရှင်ဘုရား၊ ရဟန္တာပုဂ္ဂိုလ်သည် ပဋိသန္ဓေမနေ၊ ထိုပုဂ္ဂိုလ်သည် တစုံတခုသောဝေဒနာကို ခံစားဦးမည်လောဟုမေးလေ၏။

ရှင်နာဂသေနသည်၊ မင်းကြီး၊ အချို့သောဝေဒနာကိုခံစား၏၊ အချို့သောဝေဒနာကိုမခံစားဟု ဆို၏။

အရှင်ဘုရား၊အဘယ်ဝေဒနာကို ခံစားသနည်း၊ အဘယ်ဝေဒနာကို မခံစားသနည်းဟု မေးလေ၏။

မင်းကြီး၊ ကိုယ်၌ဖြစ်သော ကာယိကဝေဒနာကိုခံစား၏၊ စိတ်၌ဖြစ်သော စေတသိကဝေဒနာကိုမခံစားဟု ဖြေလေ၏။

အရှင်ဘုရား၊ ပဗ္ဗိသနွေ မနေလတ္တံ့သော ရဟန္တာ ပုဂ္ဂိုလ်သည် အဘယ်ကြောင့် ကိုယ်၌ဖြစ်သော ကာယိကဝေဒနာကို ခံစားသနည်း၊ အဘယ်ကြောင့်ကား စိတ်၌ဖြစ်သော စေတသိကဝေဒနာကို မခံစားသနည်းဟု မေးပြန်၏။

မင်းကြီး၊ ထိုပဗ္ဗိသနွေ ကင်းလေပြီးသော ရဟန္တာ ပုဂ္ဂိုလ်သည် ကာယိကဝေဒနာ၏ဖြစ်ခြင်း၌ အကြင်အကြောင်းတရားသည် ရှိ၏၊ ထိုအကြောင်းတရားကိုမပယ်ရသောကြောင့်ကာယိကဝေဒနာကို ခံစား၏၊ စေတသိကဝေဒနာ၏ဖြစ်ခြင်း၌ အကြင်အကြောင်းတရားသည်ရှိ၏၊ ထိုအကြောင်းတရားကို ပယ်လေပြီးဖြစ်သောကြောင့် စေတသိကဝေဒနာကို မခံစားဟုဖြေ၏။ ။မင်းကြီး၊ ပဗ္ဗိသနွေမနေသော ရဟန္တာပုဂ္ဂိုလ်သည် ကာယိကဝေဒနာကိုသာခံစားကြောင်း, စေတသိကဝေဒနာကို မခံစားကြောင်းကို ငါသာလျှင်တည်း မဆိုမပြော၊ ဘုရားရှင်လည်း ဟောတော်မူ၏ဟု သက်သေသာဓကကိုပြ၏။

သော ဧကံ ဝေဒနံ ဝေဒေတိ ကာယိကံ၊ န စေတသိကံ။

ဟု သာဓကသက်သေပြ၏။

သော၊ ထိုပဗ္ဗိသနွေကင်းပြီးသော ရဟန္တာပုဂ္ဂိုလ်သည်။ ဧကံ၊ တခုသော။ ကာယိကံ၊ ကိုယ်၌ဖြစ်သော။ ဝေဒနံ၊ ဝေဒနာကို။ ဝေဒေတိ၊ ခံစား၏။ စေတသိကံ၊ စိတ်၌ဖြစ်သော။ ဧကံ၊ တခုသော။ ဝေဒနံ၊ ဝေဒနာကို။ န ဝေဒေတိ၊ မခံစား။

**အဓိပ္ပါယ်ကား** ···· ဒုက္ခသဟဂုတ် ကာယဝိညာဉ်သည် အနိဋ္ဌာရုံဖြစ်သော ဖောဋ္ဌဗ္ဗာရုံနှင့် တွေ့သောအခါ ကာယိကဒုက္ခဝေဒနာဖြင့် ခံစား၏၊သုခသဟဂုတ် ကာယဝိညာဉ်သည် ဣဋ္ဌာရုံဖြစ်သော ဖောဋ္ဌဗ္ဗာရုံနှင့် တွေ့သောအခါ ကာယိကသုခဝေဒနာဖြင့် ခံစား၏၊ ထိုတရားတို့ကိုသောတာပတ္တိအစရှိသော လောကုတ္တရာကုသိုလ်စိတ်တို့ဖြင့် မပယ်၊ထိုသို့ အကြောင်းတရားကို မပယ်သောကြောင့် ရဟန္တာပုဂ္ဂိုလ်သည် ကာယိကဝေဒနာကို ခံစားသည်ဟုလိုသည်။ ။စေတသိကဒုက္ခဟုဆိုရာ၌ စေတသိကဒုက္ခသည်ဒေါသမူဒွေး ဖြစ်သည်၊ ထိုဒေါသမူဒွေးကိုမူကား သကဒါဂါမိမဂ်ကောင်း ခေါင်းပါးစေ၍ အနာဂါမိမဂ်သည် အလျှင်း ပယ်အပ်လေသော်ကြောင့်တဘန် ပဗ္ဗိသနွေမနေသော ရဟန္တာပုဂ္ဂိုလ်တို့သည် အကြောင်းတရားကို

ပယ်အပ်လေပြီ၊ ထို့ကြောင့် စေတသိကဝေဒနာကို မခံစားဟူလို သည်။ ။(ဤကား စကားချပ်။)

အရှင်ဘုရား၊ ရဟန္တာပုဂ္ဂိုလ်သည် ကာယိကဒုက္ခဝေဒနာကို ခံစား သော် ထိုရဟန္တာပုဂ္ဂိုလ်သည် အဘယ်ကြောင့် ပရိနိဗ္ဗာန် မပြုဘဲ၊ ကာယိကဒုက္ခဝေဒနာ၊ ကာယိကသုခဝေဒနာကိုခံစား၍နေလေသနည်း ဟု မေးလေ၏၊ မြတ်သောမင်းကြီး၊ ရဟန္တာ အရှင်မြတ်သည် ချစ်ခြင်းတရားလည်း မရှိ၊ မုန်းခြင်းတရားလည်းမရှိ၊ မကျက်သော ဘောဇဉ်အာဟာရကိုကျက်စေဦးဟု ခံစားလိုသဖြင့်မင့်။

**အဓိပ္ပါယ်ကား**...... ကာယိကဝေဒနာကို ရဟန္တာခံစားသော်၊ ကာယိက ဒုက္ခဝေဒနာသည် မုန်းအပ်သော ဝေဒနာဖြစ်သည်၊ကာယိကသုခဝေဒနာသည် ချစ်အပ်သော ဝေဒနာ ဖြစ်သည်ဟု မိလိန္ဒမင်းဆိုလိုသောကြောင့် ရဟန္တာအရှင်မြတ်တို့အား၊ ချစ်ခြင်း,မုန်းခြင်းမရှိ၊ အစာဘောဇဉ် တို့၌လည်း စားချင်သောစိတ် မရှိသောကြောင့် မကျက်သည် ကိုလည်း ကျက်အောင် မင့်ဟူလို သည်။ ။(ဤကား စကားချပ်။)

မင်းကြီး၊ ရဟန္တာအရှင်မြတ်သည် ပရိနိဗ္ဗာန်မပြုဘဲနေသည်ကား သေဘေးကို ကြောက်၍ နေသည်မဟုတ်၊ မဟုတ်ကြောင်းကို တရား စစ်သူကြီးအမှူးဖြစ်သော အရှင်သာရိပုတ္တရာ သည်လည်း ဟောအပ်၏ ဟု သာဓကကိုပြ၏။

နာဘိနန္ဒာမိ မရဏံ၊ နာဘိနန္ဒာမိ ဇီဝိတံ။
ကာလဉ္စ ပဋိကင်္ခါမိ၊ နိဗ္ဗိသံ ဘတကော ယထာ။ ။
နာဘိနန္ဒာမိ မရဏံ၊ နာဘိနန္ဒာမိ ဇီဝိတံ။
ကာလဉ္စ ပဋိကင်္ခါမိ၊ သမ္ပဇာနော ပတိဿတော။ ။

ဘတကော၊ သူရင်းငှါးဖြစ်သော။ ပုရိသော၊ယောကျ်ားသည်။ အဟံ၊ ငါသည်။ မရဏံ၊ သေခြင်းကို။ နာဘိနန္ဒာမိ၊ မနှစ် သက်။ ဇီဝိတံ၊ အသက်ရှင်ခြင်းကို။ နာဘိနန္ဒာမိ၊ မနှစ်သက်။ နိဗ္ဗိသံ ဝိနန္ဒနံ၊ အခ ရအံ့သော။ကာလဉ္စ၊ကာလကိုသာလျှင်။ ပဋိကင်္ခါမိယထာ၊ တောင့်တလေသကဲ့သို့။ တထာ၊ ထိုအတူ။ ပတိဿတော၊သတိရှိသော။ သမ္ပဇာနော၊ပညာအမြော်အမြင်နှင့်ပြည့်စုံသော၊အဟံ၊ငါသည်၊မရဏံ၊

သေခြင်းတရားကို။ နာဘိနန္ဒာမိ၊ မနှစ်သက်။ ဇီဝိတံ၊ „အသက်ရှင်ခြင်းကို။ နာဘိနန္ဒာမိ၊ မနှစ်သက်။ ကာလဉ္စ၊ သူတော်ကောင်း၏ တရားကာလကိုသာလျှင်၊ ပဋိကင်္ခါမိ၊ တောင့်တ၏။ ။ဟူ၍ ဖြေသော် အရှင်ဘုရား၊ သင့်တင့်လျောက်ပတ်ပေ၏ဟု ဝန်ခံ၏။

**သာမကပါဠိအဓိပ္ပါယ်ကား**……သူရင်းငှါး ယောကျ်ားသည် ငါ့အားသေမည် ရှင်မည်ကို မနှစ်သက်သာ၊ အခရအပ်သော ကာလနေ့ရက်ကိုသာ အလိုရှိအပ်ချေသည်ဟု အမှုကိုပြုသကဲ့သို့၊ ထိုအတူ သတိပညာနှင့် ပြည့်စုံသောငါသည် သူတော်ကောင်းတရား ရအပ်သောအခါကိုသာ အလိုရှိသည်၊ သေမည် ရှင်မည်ကိုမနှစ်သက်၊ မငဲ့ကွက်ဟုလိုသည်။ ။(ဤကား စကားချုပ်။)

ပဋိသန္ဓဟာနပုဂ္ဂလဿဝေဒိယနပဉှာပြီး၏။

---

## ၂၁။ ဝေဒနာပဉှာ

**ဝေဒနာပြဿနာ**……မိလိန္ဒမင်းသည် အရှင်ဘုရား၊ သုခဝေဒနာသည် ကုသိုလ်လော,အကုသိုလ်လော,အဗျာကတလောဟု မေးသည်ရှိသော်၊ မင်းကြီး၊ သုခဝေဒနာသည် ရံခါကုသိုလ်,ရံခါအကုသိုလ်,ရံခါအဗျာကတဟုဖြေ၏။ ။ထိုစကားကိုမိလိန္ဒမင်းသည် စကားကပ် မေးပြန်လို၍ အရှင်ဘုရား သုခဝေဒနာသည် အကယ်၍ ကုသိုလ်ဖြစ်အံ့၊ ဒုက္ခဝေဒနာဟုမရှိကောင်းပြီ၊အကယ်၍ဒုက္ခဝေဒနာရှိအံ့၊ ကုသိုလ်မရှိကောင်းပြီ၊ ကုသိုလ်သည် ဒုက္ခဝေဒနာ ဟူ၍ ဖြစ်သည်မရှိဟုဆို၏၊ မိလိန္ဒမင်း၏စကားကိုကြားလျှင် အရှင်နာဂသေနလည်း စကားပြန်လို၍ဥပမာဆို၏၊ဆိုအပ်သောစကားကား မင်းကြီး၊ အသို့ အောက်မေ့ လေသနည်း၊ ဥပမာအားဖြင့် ဆိုသော် အကြင်ယောကျ်ား၏ လက်တဘက်၌ ရဲရဲညီသော သံတွေခဲကို ထည့်အံ့၊ တဘက်သောလက်၌ ချမ်းဧသော ဆီးနှင်းပေါက်ကိုထည့်အံ့၊မင်းကြီး၊ အသို့နည်း၊ ထိုနှစ်ပါးစုံတို့သည် လောင်ကုန်ရာသလောဟု မေးသော် အရှင်ဘုရား၊ ထိုနှစ်ပါးသော ရဲရဲတောက်သော သံတွေခဲ၊ ဆီးနှင်းပေါက်တို့သည် လောင်ကုန်၏ဟုဆို၏။

(ဤစကား၌ မိလိန္ဒမင်းသည် သီတဥတု ဥဏှဥတုဖြစ်သောတေဇောဓာတ်သည် ကျက်ခြင်းလက္ခဏာရှိသည်ကိုရည်၍ နှစ်ပါးစုံပင်လောင်၏ဟု ဖြေဟန်ရှိသည်။)

မင်းကြီးအသို့နည်း၊ နှစ်ပါးရုံပင်ပူသလောဟု မေးပြန်သော်နှစ်ပါးရုံ မပူချေဟု ဆို၏၊ မင်းကြီး၊ ထိုနှစ်ပါးရုံပင် အေးသလောဟု မေးပြန်သော် အရှင်ဘုရား၊ နှစ်ပါးရုံပင်မအေးချေဟု ဆို၏၊ မင်းကြီး၊ သင်မင်းကြီးသည် နှိပ်စက်၍ဆိုသည်ကို သိသလော၊ ရဲရဲညီးသောသံတွေခဲသည် အကယ်၍လောင်အံ့၊ထိုနှစ်ပါးရုံတို့သည်လည်း မပူကုန်၊ ထို့ကြောင့် လောင်သည် မဖြစ်စကောင်း၊ အအေးအချမ်းသည် အကယ်၍ လောင်အံ့၊ ထိုနှစ်ပါးရုံတို့သည်လည်း မအေးကုန်၊ ထို့ကြောင့် အအေးသည် မဖြစ်စကောင်းဟူသော စကားသည်ရောက်ခဲ့၏။ ။သင်မင်းကြီး၊ နှိပ်စက်သည်ကို သိသလောဟု ဆို၏၊ အပူသည် အကယ်၍လောင်အံ့၊ ထိုနှစ်ပါးရုံတို့သည်လည်း မပူကုန်၊ ထို့ကြောင့် လောင်သည်မဖြစ်ရာ၊အချမ်းသည်အကယ်၍ လောင်အံ့၊ထိုနှစ်ပါးရုံတို့သည်လည်း မချမ်းကုန်၊ထို့ကြောင့် လောင်သည်မဖြစ်ရာ၊ မင်းကြီး၊ အဘယ်ကြောင့် ထိုနှစ်ပါးရုံတို့သည် လောင်ကုန်၏ဟုဆိုသနည်း၊ ထိုနှစ်ပါးရုံတို့သည်လည်း မပူကုန်တကား၊ ထိုနှစ်ပါးရုံ တို့သည်လည်း မချမ်းကုန်တကား၊ တခုသည်ပူ၏၊ တခုသည်ချမ်း၏၊ ထိုနှစ်ပါးရုံတို့သည်လည်း လောင်ကုန်၏ဟု ဆို၏၊ထို့ကြောင့် လောင်၏ဟူသော စကားသည် မဖြစ်စကောင်း၊မင်းကြီး၊ ငါသည် သင်မင်းကြီးကဲ့သို့သောသူနှင့် အတူစကားပြောခြင်းငှါ မစွမ်းနိုင်၊ ငါတောင်းပန်၏၊ စကားကိုရပ်တန့်စေတော့ဟု ဆို၏။

ရှင်နာဂသေနမထေရ်သည် အဘိဓမ္မာနှင့်ယှဉ်သောတရားစကားဖြင့် မိလိန္ဒမင်းကိုသိစေ၏၊ အဘယ်တရားစကား နည်းဟူမူကား၊ မင်းကြီး၊ ဂေဟာသိတ သောမနဿ ဝေဒနာလည်း ခြောက်ပါးရှိ၏၊ နေက္ခမ္မနိဿိတ သောမနဿ ဝေဒနာလည်းခြောက်ပါးရှိ၏၊ဂေဟာသိတ ဒေါမနဿဝေဒနာလည်းခြောက်ပါးရှိ၏၊ နေက္ခမ္မနိဿိတ ဒေါမနဿ ဝေဒနာလည်း ခြောက်ပါးရှိ၏၊ ဂေဟာသိတ ဥပေက္ခာ ဝေဒနာလည်း ခြောက်ပါးရှိ၏၊ နေက္ခမ္မနိဿိတ ဥပေက္ခာဝေဒနာလည်း ခြောက်ပါးအပြားရှိ၏၊ ဤသို့ခြောက်ပါး ခြောက်သီအစုသည် သုံးဆဲ့ခြောက်ပါးရှိ၏၊ ထိုသုံးဆဲ့ခြောက်ပါးသော ဝေဒနာသည် အတိတ်ကာလ၌လည်း သုံးဆဲ့ခြောက်ပါး၊ အနာဂတ်ကာလ၌လည်း သုံးဆဲ့ခြောက်ပါး၊ ပစ္စုပ္ပန်ကာလ၌လည်း သုံးဆဲ့ခြောက်ပါးရှိ၏၊ ထိုဝေဒနာကိုပေါင်းသော် ဝေဒနာသည် တရာ့ရှစ်ပါး အပြားရှိ၏ဟု ဆိုသော်၊ အရှင်ဘုရား၊ သင့်တင့်

လျှောက်ပတ်ပေ၏ဟု ဝန်ခံ၏။ (အာရုံဇခြောက်ပါးသို့လိုက်၍ ဝေဒနာ ဟရားကိုယ်တခုကို သောမနဿ ဝေဒနာခြောက်ပါး၊ ဒေါမနဿဝေဒနာ ခြောက်ပါး၊ ဥပေက္ခာဝေဒနာ ခြောက်ပါးစု၍ အတိတ်, အနာဂတ်, ပစ္စုပ္ပန် ကာလ သုံးပါး အားဖြင့် ပေါင်းသော် တရာ့ရှစ်ပါး ဝေဒနာ ရှိသည်ဟုလိုသည်။)

ဝေဒနာပဉှာပြီး၏။

## ၂၂။ နာမရူပါနံ ပစ္စုပ္ပန္နဂတာနံ ကေတ္တနာနတ္တပဉှာ

**ပစ္စုပ္ပန်နာမ်ရုပ်ပင်အတိတ်အနာဂတ်နာမ်ရုပ်လော**...... မိလိန္ဒ မင်း

သည်၊ အရှင်ဘုရား၊ အဘယ် တရားသည် ပဋိသန္ဓေ နေသနည်း ဟု မေးသည်ရှိသော်၊ မင်းကြီး၊ နာမ်ရုပ်တရားသည် ပဋိသန္ဓေနေ၏ ဟုဖြေဆို၏။ ။အရှင်ဘုရား၊ ပစ္စုပ္ပန်နာမ်ရုပ်တရားပင်လျှင် ပဋိ သန္ဓေနေသလောဟု မေးပြန်သည်ရှိသော်၊ မင်းကြီး၊ ဤပစ္စုပ္ပန် နာမ်ရုပ်ဖြင့်လျှင် ပဋိသန္ဓေမနေ၊ ဤပစ္စုပ္ပန်နာမ်ရုပ်ဖြင့်ကား ကောင်း သော ကုသိုလ်ကံ, မကောင်းသော အကုသိုလ်ကံ တရားကိုပြု၍ ထို ပစ္စုပ္ပန်က ပြုသော ကုသိုလ်ကံ, အကုသိုလ်ကံဖြင့် တပါးသော နာမ်ရုပ် သည် ပဋိသန္ဓေနေ၏ဟု ဖြေလျှင်၊ အရှင်ဘုရား၊ ဤပစ္စုပ္ပန်နာမ်ရုပ်သည် အကယ်၍ ပဋိသန္ဓေ မဖြစ်အံ့၊ထိုပုဂ္ဂိုလ်သည် မကောင်းမှုတို့ မှ လွတ် သည် ဖြစ်လတ္တံ့လောဟု မေးသော် ရှင်နာဂသေန မထေရ်သည်၊မင်း ကြီး၊ ပစ္စုပ္ပန်နာမ်ရုပ်သည် အကယ်၍ ပဋိသန္ဓေမနေ စင်စစ်မှန်အံ့၊ မကောင်းမှုတို့မှ လွတ်ရာ၏၊ မင်းကြီး၊ အကြင် ပစ္စုပ္ပန်အကြောင်း တရားခံသောကြောင့် တပါးသော နာမ်ရုပ်တရားသည် ပဋိသန္ဓေဖြစ်၏၊ ထိုပစ္စုပ္ပန်အကြောင်းတရားခံသောကြောင့် မကောင်းမှုတို့မှ မလွတ်ဟု ဖြေ၏။

အရှင်ဘုရား၊ ထိုစကားကို ထင်စွာ ဥပမာ ပြုပါဦးလော့ဟုဆိုလျှင် မင်းကြီး၊ဥပမာသော်ကား တစုံတယောက်သော ယောက်ျားသည် တ ပါးသော ယောက်ျား၏သရက်သီးကိုခိုး၏၊ထိုယောက်ျားကိုသရက်သီး

အရှင်သည် ဘမ်း၍ အစိုးရသောမင်းအား၊အရှင်မင်းကြီး၊ဤယောကျ်ား သည် အကျွန်ုပ်၏သရက်သီးကို ခိုးယူသည်ဟု ပြလေဆက်လေအံ့၊ ထို ခိုးယူသူကိုမေးစစ်သော် ခိုးသူသည် အရှင်မင်းကြီး၊ ဤသူ၏ သရက်သီး ကို အကျွန်ုပ်မခိုးပါ၊မခိုးဆိုကြောင်းလည်း ဤသူ စိုက်ပျိုးအပ်သော ထို သရက်သီးတို့သည် တပါးတို့တည်း၊အကျွန်ုပ်ခိုးအပ်သောဤသရက်သီး တို့သည် တပါးတို့တည်း၊ အကျွန်ုပ်သည် ရာဇဒဏ်အပြစ် မရောက် ကောင်းပါဟုဆိုသော်၊မင်းကြီး အသို့နည်း၊ ထိုယောကျ်ားသည် မင်း ဒဏ် ရောက်ရာသလောဟုမေးသော်၊ အရှင်ဘုရား၊ ထိုခိုးသော ယောကျ်ားသည် ထိုသူစိုက်ပျိုးရင်း သရက်သီးကိုမခိုးပါဟု အကယ်၍ ဆိုငြားအံ့၊ထိုသို့ဆိုငြားသော်လည်း၊အရှင်ဘုရား၊ ရှေးစိုက်ပျိုးရင်းဖြစ် သော သရက်သီးကို မပစ်သာချေဖြစ်၍ နောက်ခိုးသောသရက်သီးဖြင့် ထိုယောကျ်ားသည် မင်းဒဏ်ဖြစ်ရာ၏ဟု ဆိုသော်၊မင်းကြီး၊ထိုကဲ့သို့ ရင်း၊ ပစ္စုပ္ပန်၌ ဖြစ်သော နာမ်ရုပ်ဖြင့် ကောင်းသောကုသိုလ်, မကောင်း သော အကုသိုလ်တရားကိုပြုအံ့၊ထိုကံတရားဖြင့် တပါးသော နာမ်ရုပ် သည် ပဋိသန္ဓေနေ၏၊ ထိုအကြောင်းရင်းတရားကြောင့် မကောင်းမှုမှ မလွတ်ချေဟုဖြေ၏။

အရှင်ဘုရား၊ လွန်စွာဥပမာပြုပါဦးလော့ဟု ဆိုသော်၊ မင်းကြီး၊ ဥပမာသော်ကား တစုံတယောက်သော ယောကျ်ားသည် တပါး သော ယောကျ်ား၏ သလေးစပါးကိုခိုးအံ့၊ ကြံကိုခိုးအံ့၊ (ဤစပါးခိုး ကြံခိုးဥပမာကား၊ရှေးသရက်သီးဥပမာနှင့်အတူမှတ်လေ)။ ။မင်းကြီး၊ ဥပမာသော်ကား၊ အကြင်ယောကျ်ားသည် ဆောင်းလအခါ၌ မီးကို တိုက်၍ မီးကိုလှုံပြီးလျှင် မငြိမ်းစေဘဲ သွားလေသော် ထိုအခါ ထိုယောကျ်ား၏ မီးသည် သူတပါး၏ လယ်ကိုလောင်လေသည်ဖြစ်အံ့၊ ထိုမီးတိုက်၍ လှုံသော ယောကျ်ားကို လယ်၏ အရှင်သည် ဘမ်းဆီး၍ အစိုးရသော မင်းအား၊ အရှင်မင်းကြီး၊ဤယောကျ်ားသည် အကျွန်ုပ်၏ လယ်ကို မီးတိုက်ခဲ့၏ဟု ပြဆက်လေအံ့၊ထိုမီးတိုက်သော ယောကျ်ား သည် အရှင်မင်းကြီး၊ အကျွန်ုပ်သည် ဤယောကျ်ား၏ လယ်ကို မီးမတိုက်ပါ၊ မီးမတိုက်ပါဆိုကြောင်းလည်း အကျွန်ုပ်သည် မတိုက် မလောင်စေအပ်သော အကြင်မီးသည် ရှိပါ၏၊ထိုအကျွန်ုပ် မလောင် စေအပ်သော မီးသည် တပါးတည်း၊ အကြင်မီးဖြင့် ဤသူ၏လယ်ကို

လောင်၏၊ ထိုလောင်သော မီးသည် တပါးတည်း၊ အကျွန်ုပ်သည် မင်းဒဏ် မရောက်ကောင်းပါဟု ဆို၏၊ မင်းကြီး၊ အသို့နည်း ထိုယောက်ျားသည် မင်းဒဏ် ရောက်ရာသလောဟု မေးသော်၊ အရှင်ဘုရား၊ထိုသို့ အကြောင်းရင်းဖြစ်သောကြောင့် မင်းဒဏ်မရောက်ရာ၊အရှင်ဘုရား၊ ထိုမီးတိုက်သော ယောက်ျားသည် အကယ်၍ ဤသို့ ဆိုငြားအံ့၊ ထိုသို့ဆိုငြားသော်လည်း ရှေးမီးရင်းကို မပစ်သာချေ၊ နောက်ဖြစ်သောမီးဖြင့် ထိုယောက်ျားအား၊ မင်းဒဏ်သင့်သည်ဖြစ်ရာ၏ ဟု ဆို၏၊ မင်းကြီး၊ ထိုကဲ့သို့ရင်း ဤပဋိသန္ဓေဖြစ်သော နာမ်ရုပ်ဖြင့် ကောင်းမှုမကောင်းမှုကိုပြု၏၊ထိုကံတရားဖြင့်တပါးသော နာမ်ရုပ်တရားသည် ပဋိသန္ဓေဖြစ်၏၊ထို့ကြောင့် မကောင်းမှုမှမလွတ်ရာ၏ဟု ဖြေ၏။

အရှင်ဘုရား၊ လွန်စွာဥပမာပြုပါဦးလော့ဟုဆိုပြန်၏။ ။မင်းကြီး၊ ဥပမာသော်ကား တစုံတယောက်သော ယောက်ျားသည် ဆီမီးကိုယူ၍ ပြာသာဒ်ထက်သို့တက်၍ ထွန်းအံ့၊ထွန်းအင်သော ဆီမီးလည်း မြက်အမိုက်ကိုညှိ၏၊မြက်မိုက်ကိုလောင်သော် အိမ်ကိုလောင်၏၊အိမ်ကိုလောင်သော် ရွာကိုလောင်၏၊ရွာ၌နေသော လူအပေါင်းသည် ထိုယောက်ျားကို ဘမ်းဆီး၍၊အိုယောကျ်ား၊သင်သည်အဘယ်ကြောင့် ရွာကိုမီးတိုက်သနည်းဟုဆို၏၊ ထိုဆီမီးထွန်းသော ယောက်ျားသည် ငါသည် ရွာကို မီးမတိုက်၊ငါသည် အလင်းဖြင့်သုံးဆောင်သောထိုမီးသည်အခြားတပါးတည်း၊ရွာကိုလောင်သော မီးဆိုရာမှာလည်း၊တပါးသော မီးတည်းဟု ဆိုအံ့၊ ထိုသူတို့သည်မင်းကြီးအထံသို့ရောက်လာကုန်အံ့၊ မင်းကြီးသည် အဘယ်သူအား တရားကိုအနိုင်ပေးအံ့နည်းဟုမေးသော် အရှင်ဘုရား၊ ရွာနေ လူအပေါင်းအားတရားကိုအနိုင်ပေးအံ့၊ အဘယ်ကြောင့်နည်းဟူမူကား ထိုမီးတိုက်သော ယောက်ျားသည် အကယ်၍ အကျွန်ုပ်မီးရှိပါသေး၏ဟုဆိုအံ့၊ ထိုသို့ ဆိုငြားသော်လည်း ထိုသူ ဆီမီးရင်း ရှိသောကြောင့်သာလျှင် ထိုရွာကိုလောင်သောမီးဖြစ်လေသည်၊ထို့ကြောင့်ရွာသားတို့ကိုအနိုင်ပေးအံ့ဟု ဆိုသော် မင်းကြီး၊ထိုအတူ သေခါနီးကာလ ပဋိသန္ဓေ နာမ်ရုပ်သည်တပါးဖြစ်၏၊ ပဋိသန္ဓေနာမ်ရုပ်လည်းတပါးတခြားစီဖြစ်လေ၏ရှင့်၊ထိုသို့ဖြစ်ငြားသော်လည်း စင်စစ်သော်ကား ထိုပဋိသန္ဓေ နာမ် ရုပ် ကြောင့်သာလျှင် တပါးသော နာမ် ရုပ် ဖြစ်၏၊ ထို့ကြောင့် မကောင်းမှုတို့မှမလွတ်ဟုဖြေ၏။

အရှင်ဘုရား၊ လွန်စွာဥပမာပြုပါဦးလော့ဟုဆို၏၊ မင်းကြီး၊ တစုံတယောက်သော ယောကျ်ားသည် သူငယ်မတယောက်ကို စကားပိတ်ဆို၍ အသွင်းဥစ္စာ ပျားစွာပေး၍ သွားလေ၏၊ ထိုသူငယ်မသည် နောက်ကာလ ကြီးသောအရွယ်သို့ရောက်၍ တပါးသောယောကျ်ားသည် အသွင်းဥစ္စာကိုပေးပြန်၍ သိမ်းယူခြင်းကိုပြု၏၊ စကားဆိုရင်းရှိသော ယောကျ်ားသည်လာ၍ အို-ယောကျ်ား သင်သည် ငါ၏မယားကို အဘယ်ကြောင့် ဆောင်ယူဘိသနည်းဟု ဆို၏၊ သိမ်းယူသောယောကျ်ားသည် ငါ-သင်၏မယားကိုမဆောင်မယူ၊သင်သည်ပိတ်ဆိုအပ်သော အသွင်းဥစ္စာ သွင်းအပ်သောသူငယ်မသည် တပါးတခြား၊ ငါသည်ပိတ်ဆိုအပ်သောအသွင်းဥစ္စာ ပေးအပ်သော၍မိန်းမသည်ကြီးပြီးသောအရွယ်သို့ ရောက်ပြီတကား၊ တခြားတည်းဟု အငြင်းအခုံဆိုကြ၍ ထိုယောကျ်ားနှစ်ယောက်တို့သည် မင်းကြီးအထံသို့လာကြကုန်အံ့၊မင်းကြီးသည် အဘယ်သူအား တရားကိုနိုင်စေအံ့နည်းဟု မေးသော် အရှင်ဘုရား၊ ရှေး ယောကျ်ားကို နိုင်စေအံ့ဟုဆို၏၊မင်းကြီး၊ အဘယ်ကြောင့်နည်းဟု ဆိုသော် အရှင်ဘုရား၊ ထို နောက်ယောကျ်ားသည် အကယ်၍ဆိုအံ့၊ ထိုသို့ဆိုသော်လည်း စင်စစ်သော်ကား ထိုမိန်းမသည် ငယ်သောကာလမှစ၍ ထိုကြီးသောအရွယ်ဖြစ်လေသည်ဟုဆို၏။ ။ မင်းကြီး၊ ထိုအတူရင်း သေခါနီးကာလ၌ ရုပ်သည်လည်းတပါးတခြား၊ ပဋိသန္ဓေ နာမ်ရုပ်သည်လည်း တပါးတခြားပင် အကယ်၍ဖြစ်၏၊ထိုသို့ဖြစ်ငြားသော်လည်းထိုအဟောင်းဖြစ်သောပစ္စုပ္ပန်သေခါနီးအကြောင်းခံသော်သာလျှင် ထိုတပါးသောပဋိသန္ဓေနာမ်ရုပ်စပ်၍ဖြစ်သည်၊ ထိုအကြောင်းရင်းတရားခံသောကြောင့် မကောင်းမှုမှမလွတ်ဟုဖြေ၏။

အရှင်ဘုရား၊လွန်စွာဥပမာပြုပါဦးလော့ဟုဆိုသော်၊မင်းကြီး၊ဥပမာသော်ကား တစုံတယောက်သော ယောကျ်ားသည် နွားကျောင်းသား၏လက်မှ နွားနို့ဘိုးကို ပေးသဖြင့်ဝယ်ခဲ့၍ ထိုနွားကျောင်းသား၏လက်၌ပင်လျှင် နှံ့ထားခဲ့ပြန်၍ နက်ဖြန်ယူလာအံ့ဟုဆို၍သွားလေ၏၊ ထိုနွားနို့သည် တနေ့ရောက်လတ်သော် နို့ခမ်းဖြစ်ခဲ့၏၊ ထိုဝယ်သောယောကျ်ားသည် လာလတ်၍ ငါ၏ နွားနို့ကိုပေးလောဟုဆိုလျှင် ထိုနွားနို့သည် နို့ခမ်းဖြစ်ခဲ့၏၊ ထိုဝယ်သောယောကျ်ားသည် ငါကား သင်၏လက်၌ နို့ခမ်းကိုမဝယ်၊ငါ၏ နွားနို့ဘိုးကိုပေးလော့ဟုဆိုအံ့၊ ထိုနွားကျောင်း

သားသည် သင်၏နို့သည်နို့ဓမ်းဖြစ်လေ၏ဟု ဆိုအံ့၊ ထိုသူနှစ်ယောက်တို့ ငြင်းခုံကြကုန်လျက် မင်းကြီး၏အထံသို့ ရောက်လာကုန်အံ့၊ မင်းကြီးသည် အဘယ်သူအား တရားကိုအနိုင်ပေးအံ့နည်းဟု မေးသော် အရှင်ဘုရား၊ နွားကျောင်းသားအား အနိုင်ပေးအံ့ဟုဆို၏၊ အဘယ်ကြောင့်နည်းဟူမူကား အရှင်ဘုရား၊ ထိုဝယ်သောယောက်ျားသည် အကယ်၍ကားဆိုလေ၏ရှင့်၊ ထိုသို့ဆိုငြားသော်လည်း အရှင်ဘုရား၊ နွားကျောင်းသားသည် စင်စစ်လျှင်နို့ရည်ဟူသော အကြောင်းရင်းကြောင့် ထိုနို့ဓမ်းဖြစ်လေသည်ဟု ဆို၏၊ မင်းကြီး၊ ထိုအတူရှင်း သေခါနီးကာလ၌ နာမ်ရုပ်လည်းတပါး၊ ပဋိသန္ဓေနာမ်ရုပ်လည်းတပါး၊ အကယ်၍ဖြစ်လေ၏ရှင့်၊ ထိုသို့ဖြစ်သော်လည်း ထိုသေခါနီးဖြစ်သော နာမ်ရုပ်အကြောင်းခံသောကြောင့် ထိုပဋိသန္ဓေအသစ်ဖြစ်၏၊ ထို့ကြောင့် မကောင်းမှုမှမလွတ်ဟုဖြေ၏။ ။အရှင်ဘုရား၊ သင့်တင့်လျောက်ပတ်ပေ၏ဟု ဝန်ခံလေ၏။

နာမရူပါနံ ပဋိသန္ဓဂတာနံ ကေတ္တာ နာနတ္တပဉှာပြီး၏။

## ၂၃။ ထေရဿပဋိသန္ဓဟနာပဋိသန္ဓဟနပဉှာ

**ရှင်နာဂသေနပဋိသန္ဓေနေမနေ**...မိလိန္ဒမင်းသည် အရှင်ဘုရား၊ အရှင် ဘုရားသည် တဘန် ပဋိသန္ဓေ နေလတ္တံ့သောဟု မေးသည်ရှိသော်၊ မင်းကြီး၊ ထိုစကားကိုမေး၍ အကျိုးမရှိပြီ၊ ငါသည် ရှေးဦးစွာမေးသည့်ကာလကပင် အကယ်၍ဥပါဒါန်တရားရှိသေးသည်ဖြစ်အံ့၊ ပဋိသန္ဓေနေလတ္တံ့၊ အကယ်၍ဥပါဒါန်တရားမရှိအံ့၊ ပဋိသန္ဓေမနေလတ္တံ့ဟု ဆိုဘူးလေပြီဟု ဆိုလျှင် အရှင်ဘုရား၊ ဥပမာပြုပါဦးလော့ဟု ဆို၏။ ။မင်းကြီး၊ ဥပမာသော်ကား တစုံတယောက်သော မင်းခယောက်ျားသည် မင်းမှုကို အလွန်အားထုတ်၍ ပြု၏၊ အစိုးရသောမင်းနှစ်သက်သည်ဖြစ်၍ ထိုသူအား ဆုလာဘ်သပ္ပကာ ပေး၏၊ ထိုယောက်ျားသည် ရအပ်သော ဆုလာဘ်သပ္ပကာဖြင့် ငါးပါးသော ကာမဂုဏ်ချမ်းသာတို့နှင့် ပြည့်စုံသည် ဖြစ်၍ နှစ်သက်ဝမ်းသာ သုံးဆောင်စားသောက်လေအံ့၊ ထိုယောက်ျားသည် တရံရောအခါ အစိုးရသောမင်းကြီးသည် ငါ့အား တစုံတခုသော ဆုလာဘ်ကို မပေးပါဟု လူအများအားပြောဆိုအံ့၊ မင်းကြီး အသို့နည်း၊

ထိုယောကျ်ားသည် သင့်တင့်သောစကားကို ဆိုလေ့ရှိသော သူဖြစ်ရာ သလောဟုမေးသော် အရှင်ဘုရား၊ထိုယောကျ်ားသည် သင့်တင့်သော စကားကို ဆိုသည်မမည်ချေဟု ဆို၏၊ မင်းကြီး၊ ထိုအတူ ထိုသို့မေး အပ်သောစကားဖြင့် အကျိုးမရှိပြီ၊ ငါသည် ရှေးဦးကာလကပင် ဥပါ ဒါန်တရားရှိအံ့၊ ငါပဋိသန္ဓေနေလတ္တံ့၊ ဥပါဒါန်တရားမရှိအံ့၊ ငါပဋိသန္ဓေ မနေလတ္တံ့ဟူ၍ ဆိုအပ်လေပြီဟု ဆိုလျှင် အရှင်ဘုရား၊ သင့်တင့် လျှောက်ပတ်ပေ၏ဟု ဝန်ခံလေ၏။

**အဓိပ္ပါယ်ကား**……မင်း၏ ဆုလာဘ်သပ္ပကာကိုရသော မင်းခစား ယောကျ်ားသည် မင်း၏ကျေးဇူးမဲ့ကို သူတပါး အား မပြောအပ်သကဲ့သို့ ငါလည်း ဘုရားတရားတော်ကို လွန်ကျူး၍ မပြောပြီဟုလိုသည်၊ မပြောအပ် ဆိုကြောင်းလည်း ပဋိသန္ဓေတဘန် မနေသောသူဖြစ်အံ့၊နိဗ္ဗာန်သို့ရောက်၏ဟူသောစကားရှိခဲ့၏၊ထို့ကြောင့် လောကုတ္တရာနှင့်စပ်သောစကားကို ရဟန်းတို့မပြောအပ်ချေဟု အရှင် နာဂသေနနှုလုံးထား၍ ထိုစကားဖြင့် အကျိုးမရှိဟု ပယ်အပ်လေသည် ဟူ၍ ယူအပ်လေသည်။

ထေရဿပဋိသန္ဓဟနာပဋိသန္ဓဟနပဥှာပြီး၏။

---

## ၂၄။ နာမရူပပဋိသန္ဓဟနပဥှာ

**နာမ်နှင့်ရုပ်**……မိလိန္ဒမင်းသည် အရှင်ဘုရား၊ နာမ်ရုပ်တရားဟူ၍ အကြင်တရားကို အရှင်ဘုရားတို့သည် ဆိုကုန်၏။ ထိုသို့ ဆိုသော နာမ်ရုပ်တရားတို့တွင် နာမ်တရားကား အသို့နည်း၊ရုပ် တရားကား အသို့နည်းဟု မေး၏။

မင်းကြီး၊ ထိုနာမ်ရုပ် တရားနှစ်ပါးတို့တွင် ရုပ်တရားသည် ရုန့်ရင်း၏၊ နာမ်တရားသည်သိမ်မွေ့၏ဟု ဖြေလေ၏။

အရှင်ဘုရား၊ နာမ်ရုပ်တရား နှစ်ပါးတို့သည် အသီးအခြားပဋိသန္ဓေ နေသလောဟု မေး၏။

မင်းကြီး၊ နာမ်တရားသည်သာလျှင်လည်း ပဋိသန္ဓေမနေ၊ရုပ်တရား ချည်းသာလျှင်လည်း ပဋိသန္ဓေမနေဟု ဖြေ၏။

အရှင်ဘုရား၊အဘယ်ကြောင့် ထိုနာမ်ရုပ်တရားတို့သည်အသီးအခြား ပဋိသန္ဓေ မနေသနည်းဟု မေးပြန်၏။

မင်းကြီး၊ ထိုနာမ်ရုပ်နှစ်ပါး တရားတို့သည် အချင်းချင်း မှီကုန်၍ တပြိုင်နက် တပေါင်းတည်းလျှင် ဖြစ်ကုန်၏ဟု ဖြေ၏။

**ကြက်ဥပမာ** … အရှင်ဘုရား၊ ဥပမာအားဖြင့် ပြပါဦးလော့ဟု ဆိုလျှင် မင်းကြီး၊ ဥပမာသော်ကား ကြက်မအား ရေကြည်သည်မဖြစ်အံ့၊ အဥလည်းမဖြစ်ရာ၊ ထိုအခါ အကြင်ရေကြည်လည်းဖြစ်၏၊ အကြင်အဥလည်းဖြစ်၏၊ ထိုနှစ်ပါးသော ရေကြည်အဥတို့သည် အချင်းချင်းမှီ၍ တပြိုင်နက်သာလျှင် ထိုကြက်ဥတို့၏ ဖြစ်ခြင်းတရားသည် ထင်ရှားစွာဖြစ်၏၊ မင်းကြီး၊ ထိုအတူရင်း ထိုပဋိသန္ဓေကာလ၌ နာမ်တရားချည်းလည်း မဖြစ်ရာ၊ ရုပ်တရားချည်းလည်း မဖြစ်ရာ၊ ထိုပဋိသန္ဓေကာလ၌ အကြင်နာမ်တရားလည်း ဖြစ်ရာ၏၊ အကြင်ရုပ်တရားလည်းဖြစ်ရာ၏။

ထိုနှစ်ပါးစုံသောတရားတို့သည်အချင်းချင်းမှီ၍ တပြိုင်နက်ပဋိသန္ဓေနေသည်ဖြစ်၏၊ ဤသို့ဖြစ်သည့်ရှိသော် ထိုနာမ်ရုပ်တရားနှစ်ပါးတို့သည် ကာလရှည်ကြာစွာဖြစ်၏ဟုဆိုသော် အရှင်ဘုရား၊ သင့်တင့် လျောက်ပတ်ပေ၏ဟုဝန်ခံလေ၏။

(ဤအမေး၌ နာမ်ရုပ် နှစ်ပါးစုံကိုသာ မေးလေသောကြောင့် ပဉ္စဝေါကာရပုဂ္ဂိုလ်ကို အဖြေစကားကျလေ၏၊ ဧကဝေါကာရ၊ စတုဝေါကာရပုဂ္ဂိုလ် လွတ်လေ၏ဟု မှတ်အပ်လေ၏။)

နာမရူပပဋိသန္ဓိပဉှာပြီး၏။

---

## ၂၅။ အဒ္ဓါနပဉှာ

**အဒ္ဓါနံ့ဟူသည်အဘယ်နည်း**……မိလိန္ဒ မင်းသည် အရှင်ဘုရား၊ အရှင်ဘုရားသည် ရှည်လျားသော ကာလ အဒ္ဓါနံ့ဟူ၍ ဆို၏၊ ထိုရှည်လျားသောကာလ အဒ္ဓါနံ့ဟူသည် အဘယ်နည်းဟု မေး၏။

မင်းကြီး၊အဒ္ဓါနံ့သည် လွန်လေပြီးသောအဒ္ဓါနံ့၊လာလတ္တံ့သောအဒ္ဓါနံ့၊ ပစ္စုပ္ပန်အဒ္ဓါနံ့ဟူ၍ သုံးပါးရှိ၏ဟု ဖြေလေ၏။

အရှင်ဘုရား အဘယ်နည်း၊အလုံးစုံသော နာမ်ရုပ်တရားတို့သည် အခွန့် ရှိကုန်သလောဟု မေး၏။

မင်းကြီး၊ အချို့သောနာမ်ရုပ်တရားတို့သည် အခွန့်ရှိကုန်၏၊ အချို့သော နာမ်ရုပ်တရားတို့သည် အခွန့်မရှိကုန်ဟုဆိုလေ၏။

အရှင်ဘုရား၊အဘယ်နာမ်ရုပ်တရားသည်ကား အခွန့်မရှိသနည်းဟု မေးပြန်၏။

မင်းကြီး၊အကြင် နာမ်ရုပ်နှစ်ပါးသင်္ခါရတရားတို့သည် အတိတ်ကာလဖြစ်ကုန်၍ ကင်းလေကုန်ပြီ၊ ဘောက်ပြန်လေကုန်ပြီ၊ ထိုတရားတို့ကို အခွန့် ရှိသေး၏ဟု မမှတ်ကောင်း၊ အကြင် နာမ်ရုပ် တရားတို့သည် အကျိုးတရားဖြစ်ကုန်လတ္တံ့၊အကြင်တရားတို့သည် အကျိုး၏ အကြောင်းတရားဖြစ်ကြကုန်၏၊ ထိုတရားတို့သည် တပါးသောဘဝ၌ ပဋိသန္ဓေကို ပေး၏၊ထိုတရားတို့သည် အခွန့်ရှိသော တရားမည်ကုန်၏။ ။အကြင်သတ္တဝါတို့သည် သေကုန်သော် တပါးသောဘဝ၌ တဖန် ဖြစ်ဆဲဖြစ်၏၊ထိုပုဂ္ဂိုလ်တို့သည် အခွန့်ရှိသည်မည်ကုန်၏။ ။အကြင်သတ္တဝါတို့သည် သေကုန်သော် တပါးသောဘဝ၌မဖြစ်၊ ထိုပုဂ္ဂိုလ် တို့သည် အခွန့်မရှိသည် မည်ကုန်၏။ ။အကြင်ပုဂ္ဂိုလ်တို့သည် ပရိနိဗ္ဗာန်ပြုကုန်၏၊ ထိုပုဂ္ဂိုလ်တို့သည် ပရိနိဗ္ဗာန်ပြုလေပြီဖြစ်သောကြောင့် အခွန့်မရှိကုန်ဟု ဖြေလေသော်၊အရှင်ဘုရား၊သင့်တင့်လျောက်ပတ်ပေ၏ဟု ဝန်ခံလေ၏။

အဒ္ဓါနပဥှာပြီး၏။

အဒ္ဓါနဝဂ္ဂေါဒုတိယော။ ။ဇာမသမ္ဘိ ဝဂ္ဂေနဝပဥှာ။

## ၂၆။ အဒ္ဓါနမူလပဥှာ

**အခွန့်၏အမြစ်ကိုမေးခြင်း**……မိလိန္ဒမင်းသည် အရှင်ဘုရား၊ လွန်လေပြီးသော အခွန့်တရား၏ အမြစ်သည် အဘယ်တရားနည်း၊လာလတ္တံ့သော အခွန့်တရား၏ အမြစ်သည် အဘယ်တရားနည်း၊ ပစ္စုပ္ပန်ဖြစ်သော အခွန့်တရား၏ အမြစ်သည် အဘယ်တရားနည်းဟု မေး၏။

မင်းကြီး၊အတိတ်,အနာဂတ်,ပစ္စုပ္ပန်အခွန့် သုံးပါးတရားတို့၏ အမြစ်တရားသည် အဝိဇ္ဇာမောဟ တရားတည်းဟု အကျဉ်းဖြေပြီး၍—

အဝိဇ္ဇာပစ္စယာသင်္ခါရာ၊သင်္ခါရပစ္စယာဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊နာမရူပပစ္စယာ သဠာယတနံ၊သဠာယတနပစ္စယာ ဖဿော၊ဖဿပစ္စယာဝေဒနာ၊ဝေဒနာပစ္စယာ တဏှာ၊တဏှာပစ္စယာ ဥပါဒါနံ၊ဥပါဒါနပစ္စယာ ဘဝေါ၊ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာမရဏံ သောကပရိဒေဝဒုက္ခဒေါမနဿုပါယာသာ သမ္ဘဝန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ ပုရိမာကောဋိ န ပညာယတိ။

**အဓိပ္ပါယ်ကား**…အဝိဇ္ဇာကြောင့် ကုသိုလ်သင်္ခါရ၊ အကုသိုလ်သင်္ခါရ၊ အာနေဉ္ဇာဘိသင်္ခါရတရားတို့သည် ဖြစ်ကုန်၏၊သင်္ခါရတရားကြောင့်ပဋိသန္ဓေဝိညာဉ်ဖြစ်၏၊ ဝိညာဉ်ကြောင့် နာမ်ရုပ်ဖြစ်၏၊ နာမ်ရုပ်ကြောင့် ခြောက်ပါးသော အာယတန ဖြစ်၏၊ ခြောက်ပါးသော အာယတနကြောင့်ဖဿဖြစ်၏၊ဖဿကြောင့် ဝေဒနာဖြစ်၏၊ဝေဒနာကြောင့် တဏှာဖြစ်၏၊ တဏှာကြောင့် ဥပါဒါန် ဖြစ်၏၊ ဥပါဒါန်ကြောင့် ဘဝဖြစ်၏၊ဘဝကြောင့် ဇာတိဖြစ်၏၊ ဇာတိကြောင့် အိုခြင်း,သေခြင်း, စိုးရိမ်ခြင်း, ငိုကြွေးခြင်း, ဆင်းရဲခြင်း, နှလုံးမသာယာခြင်း,သက်ကြီးရှိုက်တငင် ပင်ပန်းခြင်းတို့သည် ဖြစ်ကုန်၏၊ ဤသို့လျှင် အလုံးစုံ ဆင်းရဲခြင်း အခွန့်တရား၏ ရှေးအခွန့်ကို မထင်နိုင်ရာဟု ဖြေသော်၊အရှင်ဘုရား၊သင့်တင့်လျောက်ပတ်ပေ၏ဟု ဝန်ခံလေ၏။

အဒ္ဓါနမူလပဉှာပြီး၏။

---

## ၂၇။ ပုရိမကောဋိပဉှာ

**အခွန့်အစရှိမရှိ**……မိလိန္ဒမင်းသည် အရှင်ဘုရား၊ ရှေးအခွန့်မထင်နိုင်ရာဟု အရှင်ဘုရားသည် အကြင်စကားကို ဆို၏၊ထိုစကား၏ ဥပမာကို ပြပါဦးလော့ဟုဆိုသော်၊မင်းကြီး၊အကြင်ယောကျ်ားသည် အနည်းငယ်သော မျိုးစေ့ကို မြေ၌ပစ်ချ၏၊ထိုမျိုးစေ့မှ အညွန့်ထွက်လေ၍ အစဉ်အတိုင်းကြီးခြင်း၊အထက်သို့တက်၍ ပြန့်ပြောခြင်းသို့ရောက်၍ အသီးကို သူတပါးအား ပေးအံ့၊ထိုအသီးမှ မျိုးစေ့ကို

ပြန်၍ တဘန်စိုက်အံ့၊ ထိုမျိုးစေ့မှသည်း တဘန် အညွှန့်ထွက်၍ အစဉ် အတိုင်းကြီးခြင်း, အထက်သို့တက်ခြင်း,ပြန့်ပြောခြင်းသို့ရောက်၍အသီး ကို သူတပါးအား ပေးအံ့၊ဤသို့အဆင့်ဆင့် ပေးကြသဖြင့် ထိုမျိုးစေ့အ စဉ်၏အဆုံးသည် ရှိကောင်းသလောဟုမေးသော်၊အရှင်ဘုရား၊ အဆုံး ဟူ၍မရှိချေပြီဟုဆို၏၊ မင်းကြီး၊ထိုကဲ့သို့ရှင်းရှေးလွန်လေပြီသောအခွန့် ၏ ရှေးအခွန့်သည် မထင်ဟုဖြေ၏။ ။အရှင်ဘုရား၊လွန်စွာဥပမာဆိုပါ ဦးလော့ဟုဆို၏၊မင်းကြီး၊ ဥပမာသော်ကား ကြက်မသည် အဥမှဖြစ်၏၊ အဥမှတဘန် ကြက်မဖြစ်၏၊ကြက်မမှတဘန် အဥဖြစ်ပြန်၏၊ဤသို့ ထိုအ စဉ် ဖြစ်ခြင်း၏ အဆုံးသည် ရှိသလောဟုမေးသော်၊အရှင်ဘုရား၊ မရှိဟု ဆို၏၊ မင်းကြီး၊ ထိုကဲ့သို့ရှင်း ရှေးအခွန့်၏ ရှေးအခွန့်သည်အစမထင်နိုင် ဟုဖြေ၏။ ။အရှင်ဘုရား၊ လွန်စွာဥပမာပြုပါဦးလော့ဟုဆို၏၊ ရှင်နာဂ သေနမထေရ်သည် ထိုအခါ မြေ၌ စက်ဝန်းကို ရေးပြီး၍ မိလိန္ဒမင်းကို မင်းကြီး၊ စက်ဝန်း၏အစသည် ရှိသလောဟုမေးသော် အရှင်ဘုရား၊ ဤစက်ဝန်း၏အစကို မထင်နိုင်ချေဟုဆို၏၊မင်းကြီး၊ထိုအတူရှင်း ဤသံ သရာစက်ကို အစမထင်အစမရှိကြောင်းကို မြတ်စွာဘုရားဟောတော် မူအပ်သည်ဖြစ်၏။ ။ဟောကြောင်းကား—

စက္ခုဉ္စ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ။ တိဏ္ဏံသင်္ဂတိ ဖဿော၊ဖဿပစ္စယာ ဝေဒနာ၊ဝေဒနာပစ္စယာ တဏှာ၊တဏှာ ပစ္စယာ ဥပါဒါနံ၊ဥပါဒါနပစ္စယာ ကမ္မံ၊ကမ္မတောပုနစက္ခုဇာယ တိတိ။ ဧဝမေတိဿာ သန္တတိယာ အန္တဝ် အန္တော။

စက္ခုဉ္စ၊ စက္ခုပသာဒကိုလျှင်။ ပဋိစ္စ၊ စွဲ၍။ ရူပေစ၊ ရူပါရုံတို့ကို လည်း။ ပဋိစ္စ၊ စွဲ၍။ စက္ခုဝိညာဏံ၊စက္ခုဝိညာဉ်သည်။ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တိဏ္ဏံ၊ စက္ခုပသာဒ၊ ရူပါရုံ၊ စက္ခုဝိညာဉ်သုံးပါးသော တရားတို့၏။ သင်္ဂတိ၊အညီအညွတ်ပေါင်းမိသည်ဖြစ်၍။ဖဿော၊ဖဿသည်။ ဥပ္ပဇ္ဇ တိ၊ ဖြစ်၏။ဖဿပစ္စယာ၊ဖဿဟူသောအကြောင်းကြောင့်။ဝေဒနာ၊ဝေ ဒနာသည်။ဥပ္ပဇ္ဇတိ၊ဖြစ်၏။ဝေဒနာပစ္စယာ၊ဝေဒနာ ဟူသော အကြောင်း ကြောင့်။တဏှာ၊တဏှာသည်။ ဥပ္ပဇ္ဇတိ၊ဖြစ်၏။ တဏှာပစ္စယာ၊ တဏှာ ဟူသော အကြောင်းကြောင့်၊ ဥပါဒါနံ၊ ဥပါဒါန်တရားသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဥပါဒါနပစ္စယာ၊ ဥပါဒါန်တရားဖြစ်ခြင်းကြောင့်။ကမ္မံ၊ကုသိုလ်ကံ

အကုသိုလ်ကံတည်းဟူသောကမ္မဘဝသည်။ ဥပ္ပတ္တိ၊ဖြစ်၏။ကမ္မတော၊ ကံကြောင့်။ ပုန၊တဖန်။ စက္ခု၊ စက္ခုပသာဒသည်၊ ဇာယတိ၊ဖြစ်၏။ ဇာတိဝေ၀၊ ဤသို့။ ဇာတိသာသန္တတိယာ၊ ထိုသို့သောဖြစ်ခြင်းအစဉ်၏။ အန္တော၊ အဆုံးသည်။ အတ္ထိ၊ရှိသလော။ ။ဟုမေးသော်၊အရှင်ဘုရား၊ မရှိချေဟုဆို၏၊ ထိုအတူ ရှင်နာဂသေနသည် ဘုရားဟောတော်မူအပ်သော တရားတော်ကိုသက်သေပြု၍ ဝဋ်တရား၏အစရှိသလောဟု၊ သောတပသာဒ,သဒ္ဒါရုံ,သောတဝိညာဉ်၊ သုံးပါးသောတရားတို့အညီအညွတ်၊ ထိုအတူ ဃာနပသာဒ,ဂန္ဓာရုံ,ဃာနဝိညာဉ်၊ဇိဝှါပသာဒ, ရသာရုံ,ဇိဝှါဝိညာဉ်၊ ကာယပသာဒ, ဖောဋ္ဌဗ္ဗာရုံ,ကာယဝိညာဉ်၊မန,ဓမ္မာရုံ, မနောဝိညာဉ် ထိုတရားတို့၏အညီအညွတ်ပေါင်းမိသောကြောင့်ဖြစ်ခြင်း အစဉ်၏အစရှိသလောဟုမေးသော် အရှင်ဘုရား၊ မရှိချေဟုဆို၏။ ။ ထိုကဲ့သို့ရင်း သံသရာအခွန့်၏လည်း အစမထင်ဟု ဖြေသော် အရှင်ဘုရား၊ သင့်တင့်လျောက်ပတ်ပေ၏ဟုဝန်ခံလေ၏။

ပုရိမကောဋိပဥှာပြီး၏။

---

## ၂၈။ ကောဋိယာပုရိမပဥှာ

**အတိတ်ကာလအခွန့်**·····မိလိန္ဒမင်းသည် အရှင်ဘုရား၊ အရှင်ဘုရားသည် ရှေးအခွန့်သည် မထင်ဟု အကြင်စကားကိုမိန့်၏၊ထိုရှေးအခွန့်ဟု ဆိုအပ်သော တရားစကားသည် အဘယ်နည်းဟု- မေးပြန်သည်ရှိသော် မင်းကြီး၊ လွန်လေပြီးသော အကြင် အတိတ်အခွန့်ကာလသည် ရှိ၏၊ ထို ရှေးလွန်လေပြီးသော အခွန့်သည်ပင် ရှေးအခွန့်မည်၏ဟု ဖြေ၏။ ။အရှင်ဘုရား၊အရှင်ဘုရားသည် ရှေးအခွန့်မထင်နိုင်ဟု မိန့်၏၊အရှင်ဘုရား၊အလုံးစုံသော ရှေးအခွန့်သည်ပင်လျှင် မထင်နိုင်သလောဟု မေးပြန်သည်ရှိသော် မင်းကြီး အချို့သော အခွန့်သည်ကား ထင်၏၊ အချို့သောအခွန့်သည် မထင်ဟု ဆိုသော် အရှင်ဘုရား၊အဘယ်အခွန့်ကား ထင်သနည်း၊ အဘယ်အခွန့်ကား မထင်သနည်းဟု မေးပြန်သော်၊မင်းကြီး၊ ဤဘဝမှရှေးဘဝ၌ အလုံးစုံအပြားအားဖြင့်ဖြစ်ခြင်း ခန္ဓာငါးပါးတည်းတရားအပေါင်းသည်ရှိ၏၊ထိုတရား အပေါင်းအစုကို အောက်မေ့မိဌာန်လိုက်သော် ခန္ဓာငါးပါးတရား၏

ရှေးအစွန်နှသည်မထင်နိုင်၊ ထင်ရှားစွာ မဖြစ်သော နာမ်တရားဖြစ်ခြင်း, ထင်ရှားစွာဖြစ်သော ရုပ်တရား၏ဖြစ်ခြင်း ဥပ္ပါဒက္ခဏာကာလ၊ ချုပ်ခြင်း ဘင်္ဂက္ခဏာကာလ ရှေးအစွန်နှသည် ထင်စွာမြင်၏ဟု ဖြေသော်။ ။ အရှင်ဘုရား၊ ဖြစ်ဆဲဥပ္ပါဒက္ခဏာ၊ ချုပ်ဆဲဘင်္ဂက္ခဏာကို ရှေးအစွန်နှသည် ထင်သည်ထင်စကောင်း၏ဟုဆိုသော် ဥပ္ပါဒက္ခဏာ၊ ဘင်္ဂက္ခဏာဟူ၍ နှစ်ရနှစ်ကွဲရှိသောအားဖြင့် အနက်အဓိပ္ပါယ်ကား ပြတ်ခြင်းကွဲခြင်းသို့ ရောက်သည်မဟုတ်လောဟုဆိုသော်၊ မင်းကြီး၊ ဥပ္ပါဒက္ခဏာ၊ ဘင်္ဂက္ခဏာ အားဖြင့် ဖြစ်ခြင်းချုပ်ခြင်း အနက်အဓိပ္ပါယ် ကွဲပြတ်ခြင်းသို့အကယ်၍ ရောက်ငြားအံ့၊ ထိုသို့ဖြစ်ခြင်း ချုပ်ခြင်းတရားနှစ်ကွဲရှိသော်လည်း ထိုနှစ်ကွဲသောတရားကို အထက်အထက်သို့ ဆက်လိုက်ပွါးလိုက်သော်ပွါး နိုင်ဆက်နိုင်အံ့သောငှါ တတ်နိုင်အံ့လောဟုဆိုအံ့၊ အထက်အထက်သို့ ဆက်နိုင်ကောင်း၏။ ။အရှင်ဘုရား၊ တကာတော်သည် တခုသော အစွန်းမှအထက်အထက်သို့ ဆက်ပွါးအံ့သောငှါတရားစကားကိုမမေးပါ၊ အထက်အထက်သို့ဆက်ပွါးအံ့သောငှါတတ်ကောင်း၏ဟုဝန်ခံ၏၊ ထိုစကားကို ဥပမာပြုပါဦးလော့ဟုဆို၏၊ ရှင်နာဂသေနသည်မိလိန္ဒမင်း အား သရက်အစရှိသော သစ်ပင်ဖြင့် ဥပမာပြ၏။ ။အဓိပ္ပါယ်ကား၊ မျိုးစေ့ကြောင့်ပင်စည်ဖြစ်၏၊ ပင်စည်ကြောင့် မျိုးစေ့ဖြစ်ပြန်၏၊တဖန် မျိုးစေ့ကြောင့် ပင်စည်ဖြစ်ပြန်၏၊ တဖန်ပင်စည်ကြောင့် မျိုးစေ့ဖြစ် ပြန်၏၊ ထိုအတူ ကုသိုလ်အကုသိုလ် စေတနာတည်းဟူသော မျိုးစေ့ ကြောင့်အလုံးစုံသော ဝဋ်ဆင်းရဲ၏တည်ရာခန္ဓာတည်းဟူသော ပင်စည် သည်ဖြစ်၏၊ တဖန်ခန္ဓာတည်းဟူသော ပင်စည်ကို အမှီပြု၍ ကုသိုလ် အကုသိုလ်စေတနာတည်းဟူသောမျိုးစေ့ဖြစ်၏၊ ဤကဲ့သို့အဆင့်ဆင့်စပ် ခါစပ်ခါဖြစ်၏ဟု ဖြေဆိုသော်၊ အရှင်ဘုရား၊ သင့်တင့်လျောက်ပတ် ပေ၏ဟုဝန်ခံလေ၏။

(ဤစကား၌ ဖြစ်ဆဲကာလကို ဥပ္ပါဒက္ခဏာ၊ ချုပ်ဆဲကာလကို ဘင်္ဂက္ခဏာဆိုသော် အစရှိသကဲ့သို့ပင် ဖြစ်သော်လည်း အလုံးစုံ ဖြစ်ဆဲချုပ်ဆဲတရားအပေါင်းကို သိမ်းရုံး၍ အထက်သို့ စပ်လိုက်သော် အစမထင်ပင်ဖြစ်တော့သည်ဟု ဆိုလိုသည်။)

ကောဋ္ဌိယပုရိမပဉ္စာပြီး၏။

## ၂၉။ သင်္ခါရဇာယမာနပဉ္စာ

**ဖြစ်ဆဲသင်္ခါရတရား**......မိလိန္ဒမင်းသည် အရှင်ဘုရား၊ ဖြစ်ဆဲဖြစ်သော အချို့သောသင်္ခါရ တရားတို့သည် ရှိကုန်၏လောဟုမေးသော် မင်းကြီး၊ဖြစ်ဆဲသော အချို့သောသင်္ခါရတို့သည်ရှိကုန်၏ဟုဖြေ၏။ ။အရှင်ဘုရား၊ အဘယ်တရားတို့သည်ဖြစ်ဆဲတရားတို့နည်းဟု မေးသော်၊ မင်းကြီး၊စက္ခုပသာဒ, ရူပါရုံရှိခဲ့သော် စက္ခုဝိညာဉ်သည်ဖြစ်၏၊စက္ခုဝိညာဉ်ဖြစ်သည်ရှိသော် စက္ခုသမ္ဖဿဖြစ်၏၊စက္ခုသမ္ဖဿ ဖြစ်သည်ရှိသော် ဝေဒနာဖြစ်၏၊ဝေဒနာဖြစ်သည်ရှိသော် တဏှာဖြစ်၏၊တဏှာဖြစ်သည် ရှိသော်၊ဥပါဒါန် ဖြစ်၏၊ဥပါဒါန်ဖြစ်သည်ရှိသော် ဘဝဖြစ်၏၊ ဘဝဖြစ်သည်ရှိသော် ဇာတိ ဖြစ်၏၊ ဇာတိဖြစ်သည်ရှိသော် ဇရာ, မရဏ, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသတရားတို့သည်ဖြစ်ကုန်၏။ ။ဤသို့ဖြစ်သည်ရှိသော် အလုံးစုံသော ဆင်းရဲခြင်းတရား အစုသည်ဖြစ်၏။ ။မင်းကြီး၊ စက္ခုပသာဒ, ရူပါရုံမရှိသော် စက္ခုဝိညာဉ်သည် မဖြစ်၊ စက္ခုဝိညာဉ် မဖြစ်သည်ရှိသော် စက္ခုသမ္ဖဿသည် မဖြစ်၊ စက္ခုသမ္ဖဿ မဖြစ်သည်ရှိသော် ဝေဒနာသည်မဖြစ်၊ ဝေဒနာ မဖြစ်သည် ရှိသော် တဏှာသည် မဖြစ်၊ တဏှာမဖြစ်သည်ရှိသော် ဥပါဒါန်မဖြစ်၊ဥပါဒါန်မဖြစ်သည်ရှိသော်ဘဝမဖြစ်၊ ဘဝမဖြစ်သည်ရှိသော် ဇာတိမဖြစ်၊ ဇာတိ မဖြစ်သည်ရှိသော် ဇရာ,မရဏ,သောက,ပရိဒေဝ,ဒုက္ခ, ဒေါမနဿ,ဥပါယာသ တရားတို့သည် မဖြစ်ကုန်၊ ဤသို့ မဖြစ်သည်ရှိသော် အလုံးစုံသော ဆင်းရဲ၏ ချုပ်ခြင်းသည် ဖြစ်ကုန်၏ဟု ဖြေသော် အရှင်ဘုရား၊ သင့်တင့်လျောက်ပတ်ပေ၏ဟုဝန်ခံလေ၏။

သင်္ခါရဇာယမာနပဉ္စာပြီး၏။

---

## ၃၀။ ဘဝန္တသင်္ခါရာနံဇာယမာနပဉ္စာ

**သင်္ခါရတရားထင်ရှားဖြစ်မဖြစ်**......မိလိန္ဒမင်းသည် အရှင်ဘုရား၊ သင်္ခါရ တရားတို့သည် ထင်ရှားစွာ မဖြစ်ကုန်ဘဲဖြစ်ကုန်၏ဟူ၍ ရှိရာသလောဟု မေးသည်ရှိသော် မင်းကြီး၊ အလုံးစုံသောသင်္ခါရတရားတို့သည် ထင်ရှားစွာ မဖြစ်သော

တရားတို့မည်သည်မရှိ၊ မင်းကြီး၊ သင်္ခါရတရားတို့သည် ထင်ရှားစွာ ဖြစ်၍သာလျှင် ဖြစ်ကုန်၏ဟု ဖြေ၏။ ။အရှင်ဘုရား၊ ဥပမာအားဖြင့် ပြပါဦးလော့ဟုဆိုလျှင် မြတ်သောမင်းကြီး၊ သင်မင်းကြီးသည်အကြင် ရွှေနန်း ရွှေအိမ်၌နေ၏၊ ထိုရွှေနန်းရွှေအိမ်သည် ထင်ရှားစွာ မဖြစ်သည်ရှိ သော် နေရာဟူ၍ဖြစ်ရာသလောဟု မေးလျှင် အရှင်ဘုရား နန်းအိမ်ဟု ထင်စွာမဖြစ်ချေသော် ဤနန်းအိမ်၌ တစုံတခုမျှ ဖနခြင်းတရားမဖြစ်နိုင်ဟု လျှောက်၍ အရှင်ဘုရား၊ ဤထုပ်လျှောက်သည့်တိုင်တို့သည် တောအ ရပ်၌ဖြစ်ကုန်၏၊ ဤမြေစိုင်သည်လည်း မြေကြီး၌ဖြစ်၏၊ မိန်းမ ယောကျ်ား တို့၏လုံ့လဖြင့် ဤသို့သော နန်းအိမ်သည် ဖြစ်၏ဟု ဆိုသော် မင်းကြီး ထိုအတူရှင်း အလုံးစုံသော သင်္ခါရတရားတို့သည် ထင်ရှားစွာ မရှိဘဲ လျက်ဖြစ်ကုန်၏ဟူ၍မဖြစ်ကုန်၊ ထင်ရှားစွာဖြစ်ကုန်သည်ဖြစ်၍သာလျှင် ဖြစ်ကုန်၏ဟုဖြေ၏။

အရှင်ဘုရား၊ ဥပမာ လွန်စွာပြုပါဦးလော့ဟု ဆိုသော် မင်းကြီး၊ ဥပမာသော်ကား အချို့သော ဗီဇဂါမ် ဘူတဂါမ်တို့ကို မြေ၌ ပစ်ချအပ် သည်ရှိသော် ဗီဇဂါမ်ဘူတဂါမ်မျိုးစေ့တို့သည် အစဉ်အတိုင်းပွါးခြင်း၊ အထက်သို့တက်ခြင်း၊ ပြန့်ပြောခြင်းသို့ရောက်ကုန်သော အပွင့်အသီး တို့ကို ပေးကုန်ရာ၏၊ ထိုသစ်ပင်တို့သည် ထင်ရှားမရှိကုန်သော် အသီး ကို မဖြစ်စေနိုင်ကုန်၊ ထင်ရှားစွာ ဖြစ်ကုန်၍သာလျှင် အသီးကို ဖြစ် စေနိုင်ကုန်သကဲ့သို့၊ ထိုအတူ မင်းကြီး၊ သင်္ခါရတရားတို့သည် ထင် ရှားစွာမဖြစ်ကုန်ဟူ၍မရှိ၊ ထင်ရှားစွာ ဖြစ်ကုန်၍သာလျှင် ဖြစ်ကုန်၏ဟု ဖြေ၏။ ။အရှင်ဘုရား၊ ဥပမာအားဖြင့် လွန်စွာပြပါဦးလော့ဟု ဆိုလျှင် မင်းကြီး၊ ဥပမာသော်ကား အိုးထိန်းသည်ယောကျ်ားသည် မြေကြီးမှ မြေစိုင်ကိုထုတ်၍ အထူးထူးသောအိုးတို့ကိုပြု၏၊ ထိုအိုးတို့သည်ထင်ရှား စွာမဖြစ်ကုန်သော် အိုးဟူ၍ မဖြစ်ကုန်၊ ထင်ရှားစွာဖြစ်ကုန်၍ သာလျှင် အိုးဟူ၍ ဖြစ်ကုန်၏၊ မင်းကြီး၊ ထိုအတူရှင်း အလုံးစုံသော သင်္ခါရ တရားတို့သည် ထင်ရှားစွာဖြစ်ကုန်၍သာလျှင် ထင်ရှားစွာ ရှိသည် ဖြစ် ကုန်၏ဟုဖြေသော်။ ။အရှင်ဘုရား၊ လွန်စွာဥပမာပြပါဦးလော့ဟုဆို၏။

မင်းကြီး၊ ဥပမာသော်ကား စောင်းသမားတို့ တီးအင်သောစောင်း သည် စောင်းခွက်မရှိခဲ့သော်၊ စောင်းကျက်စရာ သားရေမရှိခဲ့သော်၊ စောင်းကိုထွင်အပ်သော ကျင်းမရှိခဲ့သော်၊ စောင်းညှောက်မရှိခဲ့သော်၊

စောင်းလက်ရုံးမရှိခဲ့သော်၊ စောင်းညှို့မရှိခဲ့သော်၊ အထောင့်မရှိခဲ့သော်၊ ယောက်ျား၏လုံ့လမရှိခဲ့သော် စောင်း၏အသံသည် ဖြစ်ရာသလောဟု မေး၏၊ အရှင်ဘုရား၊ ထင်ရှားစွာလက္ခဏာမရှိသောကြောင့် စောင်း၏အသံသည် မဖြစ်ချေဟု ဆို၏၊ မင်းကြီး၊ စောင်းခွက်, စောင်းကျက် သားရေ, စောင်းကျင်း, စောင်းညှောက်, စောင်းလက်ရုံး, စောင်းညှို့, စောင်းထောင့်, တီးတတ်သောယောက်ျား၏လုံ့လရှိသော် စောင်းသံသည် ဖြစ်ရာသလောဟုမေးသော် အရှင်ဘုရား၊ အင်္ဂါလက္ခဏာ စောင်း၌ထင်ရှားစွာစုံလင်သောကြောင့် စောင်းသံသည် ဖြစ်ရာ၏ဟု ဆို၏၊

မင်းကြီး၊ ထိုအတူပင် အလုံးစုံသောသင်္ခါရတရားတို့သည် ထင်ရှားစွာမဖြစ်ဘဲ ဖြစ်ကုန်၏ဟု မရှိကုန်၊ ထင်ရှားစွာဖြစ်ကုန်၍သာလျှင် ဖြစ်ကုန်၏ဟုဖြေသော်။ ။အရှင်ဘုရား၊ လွန်စွာဥပမာပြုတော်မူပါဦးလော့ဟုဆိုလျှင် မင်းကြီး၊ ဥပမာသော်ကား မီးကိုပွတ်သိသောယောက်ျားသည် ပွတ်ခုံ၊ ပွတ်ကျော၊ ပွတ်ကြိုး၊ ပွတ်နှိပ်၊ ပွတ်စာ၊ ယောက်ျား၏လုံ့လမရှိသော် မီးသည် ဖြစ်ရာသလောဟု မေး၏။ ။အရှင်ဘုရား၊ မဖြစ်ရာချေဟုဆိုသော် မင်းကြီး၊ ပွတ်ခုံ၊ ပွတ်ကျော၊ ပွတ်ကြိုး၊ ပွတ်နှိပ်၊ ပွတ်စာ၊ ယောက်ျား၏လုံ့လရှိခဲ့သော် မီးသည်ဖြစ်ရာသလောဟုမေး၏၊ အရှင်ဘုရား၊ အင်္ဂါလက္ခဏာစုံလင်သောကြောင့် မီးသည်ဖြစ်ရာ၏ဟု ဆို၏။

မင်းကြီး၊ ထိုအတူ အလုံးစုံသော သင်္ခါရ တရားတို့သည် ထင်ရှားစွာ မဖြစ်ကုန်ဘဲ ဖြစ်ကုန်၏ ဟူ၍ မရှိကုန်၊ ထင်ရှားစွာ ဖြစ်ကုန်၍သာလျှင် ဖြစ်ကုန်၏ဟု ဖြေ၏။ ။အရှင်ဘုရား၊ လွန်စွာ ဥပမာပြုပါဦးလော့ဟုဆိုသော်။ ။မင်းကြီး၊ ဥပမာသော်ကား သူရကန်ကျောက် မရှိခဲ့သော်, နေပူမရှိခဲ့သော်, မီးစာမရှိခဲ့သော် မီးဖြစ်ရာ သလောဟု မေး၏၊ အရှင်ဘုရား၊ မီးမဖြစ်ရာချေဟု ဆို၏။ ။မင်းကြီး၊ သူရကန်ကျောက်၊ နေပူ၊ မီးစာရှိသော် မီးဖြစ်ရာ၏လောဟုမေး၏၊ အရှင်ဘုရား၊ မီးဖြစ်ရာ၏ဟုဆိုသော် မင်းကြီး၊ ထိုကဲ့သို့ပင် အလုံးစုံသော သင်္ခါရ တရားတို့သည် ထင်ရှားစွာမဖြစ်ကုန်ဘဲ ဖြစ်ကုန်၏ဟု မရှိကုန်၊ ထင်ရှားစွာဖြစ်ကုန်၍သာလျှင် ဖြစ်ကုန်၏ဟု ဆို၏။ ။အရှင်ဘုရား၊ လွန်စွာ ဥပမာပြုပါဦးလော့ဟု ဆိုလျှင် မင်းကြီး၊ ကြေးမုံမရှိခဲ့သော်၊ အရောင်မရှိခဲ့သော်၊ လူ၏မျက်နှာမရှိခဲ့သော် ကြေးမုံ၏အတွင်း၌ လူ၏အရိပ်ဖြစ်

ရာသလောဟု မေးသော် အရှင်ဘုရား၊ မဖြစ်ရာချေဟု ဆို၏၊မင်းကြီး၊ ကြေးမုံ၊ အရောင်၊ လူ၏မျက်နှာထင်ရှားရှိချေသော် ကြေးမုံ၏အတွင်း၌ လူရိပ်သည်ထင်ရှားစွာ ဖြစ်ရာသလောဟု မေးသော် အရှင်ဘုရား၊ ထင်ရှားစွာဖြစ်ရာ၏ဟု ဆို၏၊ မင်းကြီး၊ ဤကဲ့သို့ရင်း အလုံးစုံသော သင်္ခါရတရားတို့သည် ထင်ရှားစွာမဖြစ်ကုန်ဘဲ ဖြစ်ကုန်၏ဟု မရှိကုန်၊ ထင်ရှားစွာဖြစ်ကုန်၍သာလျှင် ဖြစ်ကုန်၏ဟု ဖြေသော် အရှင်ဘုရား၊ သင့်တင့်လျောက်ပတ်ပေ၏ဟု ဝန်ခံလေ၏။

ဘဝန္တ သင်္ခါရာနံ ဇာယမာနပဉှာပြီး၏။

---

## ၃၁။ ဝေဒဂူပဉှာ

**ကိုယ်တွင်း၌တည်သောအသက်**……မိလိန္ဒမင်းသည် အရှင်ဘုရား၊ သိအပ်သော တရားကို သိတတ်သော ဝေဒဂူပုဂ္ဂိုလ်ကို ရအပ်မည်လောဟုမေးသော် မင်းကြီး၊ ဝေဒဂူအမည်သည် အဘယ်တရားနည်းဟု မေးပြန်၏၊ အရှင်ဘုရား၊ ကိုယ်၏အတွင်း၌အကြင်အသက်သည်ရှိ၏၊ထိုအသက်သည်ဝေဒဂူမည်၏၊ထိုအသက်သည် စက္ခုဒွါရဖြင့် ရူပါရုံကိုမြင်၏၊ထိုအသက်သည်သောတဒွါရဖြင့် သဒ္ဒါရုံကိုကြား၏၊ ထိုအသက်သည် ဃာနဒွါရဖြင့်ဂန္ဓာရုံကို၊ ဇိဝှါဒွါရဖြင့် ရသာရုံကို၊ ကာယဒွါရဖြင့် ဖောဋ္ဌဗ္ဗာရုံကို၊ မနောဒွါရဖြင့် ဓမ္မာရုံကို သိ၏၊အရှင်ဘုရား၊သိကြောင်းဥပမာအားဖြင့် ဆိုသော် တကာ ဇတော်တို့သည် ဤနန်းပြာသာဒ်၌ နေကုန်လျက် အကြင် အကြင် အရပ်လေးမျက်နှာ၌ရှိသော လေသာတံခါးဖြင့် ကြည့်ခြင်းငှါ အလိုရှိကုန်အံ့၊ ထိုသို့ အလိုရှိသော် အရှေ့အနောက် တောင်မြောက် တံခါးတို့ဖြင့် မြင်ကြကုန်သကဲ့သို့၊ ထိုအတူ ကိုယ်တွင်း၌ရှိသော ဤအသက်သည် အကြင်အကြင် ဒွါရတံခါးဖြင့် မြင်ခြင်းငှါ အလိုရှိအံ့၊ထိုထိုဒွါရတံခါးဖြင့် မြင်ရပါ၏ဟု မိလိန္ဒမင်းက ဥပမာနှင့်တကွ ပြသော်။ ။အရှင်နာဂသေန မထေရ်သည် မင်းကြီး၊ပဉ္စဒွါရအဖြစ်ကို ဆရာပြောဟောအံ့၊ ထိုစကားကို ကောင်းစွာနှလုံးထားလျက် နာဇေသာ့ဟု ဆို၍ မင်းကြီး၊ငါတို့သည် ဤနန်းပြာသာဒ်၌ နေကုန်လျက် အကြင်လေသာနန်းတံခါးဖြင့် ကြည့်ခြင်းငှါ အလိုရှိကြကုန်အံ့၊ ထိုသို့ အရှေ့ အနောက် တောင် မြောက်တို့၌

လေသာ နန်းတံခါးဖြင့် ရူပါရုံကို မြင်ရသကဲ့သို့၊ ထိုအတူ ကိုယ်၏ အတွင်း၌ အသက်သည် အကယ်၍ စက္ခုဒွါရဖြင့် ရူပါရုံကို မြင်ငြားအံ့၊ သောတဒွါရဖြင့်လည်း ရူပါရုံကိုသာလျှင် မြင်စကောင်း၏၊ ဃာနဒွါရဖြင့်လည်း ရူပါရုံကို မြင်စကောင်း၏၊ ဇိဝှါဒွါရဖြင့်လည်း ရူပါရုံကို မြင်စကောင်း၏၊ ကာယဒွါရဖြင့်လည်း ရူပါရုံကို မြင်စကောင်း၏၊ မနောဒွါရဖြင့်လည်း ရူပါရုံကို မြင်စကောင်း၏၊ စက္ခုဒွါရဖြင့်လည်း သဒ္ဒါရုံကို ကြားရာ၏၊ ဃာနဒွါရ၊ ဇိဝှါဒွါရ၊ ကာယဒွါရ၊ မနောဒွါရဖြင့်လည်း သဒ္ဒါရုံကို ကြားရာ၏။ ။စက္ခုဒွါရဖြင့်လည်း ဂန္ဓာရုံကို နမ်းရာ၏၊ သောတ၊ ဇိဝှါ၊ ကာယ၊ မနောဒွါရဖြင့်လည်း ဂန္ဓာရုံကို နမ်းရာ၏။ ။ စက္ခုဒွါရဖြင့်လည်း ရသာရုံကို လျက်ရာ၏၊ သောတ၊ ဃာန၊ ကာယ၊ မနောဒွါရဖြင့်လည်း ရသာရုံကို လျက်ရာ၏။ ။စက္ခုဒွါရဖြင့်လည်း ဖောဋ္ဌဗ္ဗာရုံကို တွေ့ရာ၏၊ သောတ၊ဃာန၊ ဇိဝှါ၊ မနောဒွါရဖြင့်လည်း ဖောဋ္ဌဗ္ဗာရုံကို တွေ့ရာ၏။ ။စက္ခုဒွါရဖြင့်လည်း ဓမ္မာရုံကို သိရာ၏၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယဖြင့်လည်း ဓမ္မာရုံကို သိရာ၏ဟု ဆိုသော် အရှင်ဘုရား၊ တခုသောဒွါရ၌ ဖြစ်သော အာရုံသည် တခုသောဒွါရ၌ မဖြစ်ချေဟု ဆို၏၊ မြတ်သောမင်းကြီး၊ ရှေးဆိုအပ်သောစကားသည် မင်းကြီးအား ယုတ္တိမရှိခဲ့တကား၊ မင်းကြီး ဥပမာသော်ကား ငါတို့သည် ဤနန်းပြာသာဒ်၌ နေကုန်လျက် ဤလေးမျက်နှာ လေသာနန်းတံခါးကို ဖွင့်လှစ်အပ်သည် ရှိသော် ကျယ်သော ကောင်းကင်ဖြင့် အပသို့ ရှုလိုက် ကုန်သော် ကောင်းမွန်စွာ ရူပါရုံကို မြင်သကဲ့သို့၊ ထိုအတူ ကိုယ်တွင်း၌ရှိသော ဤအသက်သည်လည်း စက္ခုဒွါရတို့ကို ဖွင့်လှစ်အပ်ကုန်သည် ရှိသော် ကျယ်သော ကောင်းကင်ပြင်၌ ကောင်းမွန်စွာ ရူပါရုံကို မြင်ရမည်လော၊ သောတဒွါရကို ဖွင့်လှစ်အပ်သည်ရှိသော် ကိုယ်တွင်း၌ရှိသော အသက်သည် သဒ္ဒါရုံကို ကြားအပ်မည်လော၊ဃာနဒွါရကို ခွါအပ်သည်ရှိသော် ကိုယ်တွင်း၌ရှိသော အသက်သည် ဂန္ဓာရုံကို နမ်းအပ်မည်လော၊ ဇိဝှါဒွါရကို ခွါအပ်သည်ရှိသော် ကိုယ်တွင်း၌ရှိသော အသက်သည် ရသာရုံကို လျက်အပ်မည်လော၊ ကာယဒွါရကို ဖွင့်လှစ်အပ်သည်ရှိသော် ကိုယ်တွင်း၌ရှိသော အသက်သည် ဖောဋ္ဌဗ္ဗာရုံကို တွေ့အံ့လောဟုမေးသော် အရှင်ဘုရား၊ ထိုသို့ မဖြစ်စကောင်းချေဟု ဆိုလျှင် မင်းကြီး၊ စင်စစ်ကား ရှေ့စကားနှင့်

နောက်စကား၊ နောက်စကားနှင့် ရှေ့စကားသည် မင်းကြီးအား ယုတ္တိမရှိတကားဟု ယုတ္တိမရှိကြောင်းကို ဥပမာအားဖြင့် သိစေလို၍ပြ၏။

မင်းကြီး၊ဥပမာသော်ကား ဤဒိန္နအမည်ရှိသောသူသည် အပသို့ထွက်၍ အပြင်တံခါးမုခ်၌ ရပ်အံ့၊ဤဒိန္နမည်သောသူသည် အပတံခါးမုခ်၌ ရပ်၍ နေသည်ကို သိမည်လောဟုမေးသော် အရှင်ဘုရား၊သိကောင်းပါ၏ဟုဆို၏။ ။မင်းကြီး၊ ဤဒိန္နသည် နန်းတွင်းသို့ဝင်၍ မင်းကြီး၏ ရှေ့၌ ရပ်နေအံ့၊ဤဒိန္နသည် နန်းတွင်းသို့ဝင်၍ ငါ၏ရှေ့၌ ရပ်လာ၏ဟု သိမည်လောဟူ၍ မေးသော် အရှင်ဘုရား၊ သိကောင်းပါ၏ဟု ဆို၏၊ မင်းကြီး၊ ထိုဒိန္န ထွက်တည့်သောကာလ ဝင်တည့်သော ကာလကို သိသကဲ့သို့၊ ထိုအဘူ လျှာ၏အပေါ်၌ အချို, အချဉ်, အစပ်, အငန်, အဖန်,အခါးတို့ကိုသွင်းလိုက်သော် ကိုယ်တွင်း၌ရှိသော အသက်သည် သိရာသလောဟုမေးသော် အရှင်ဘုရား၊ ထိုအရသာကို ကိုယ်တွင်း၌ ရှိသော အသက်သည် သိကောင်းပါ၏ဟုဆိုလျှင် မင်းကြီး၊ ထိုအချို, အချဉ်,အစပ်,အငန်,အဖန်,အခါးကို ကိုယ်တွင်းသို့ဝင်သော် ကိုယ်ထဲ၌ ရှိသော အသက်သည် သိရာမည်လောဟု မေးပြန်သော် အရှင်ဘုရား၊ အတွင်းသို့ ဝင်သောအရသာကို ကိုယ်တွင်း၌ရှိသော အသက်သည် မသိချေဟုဆိုလျှင် မင်းကြီး၊ သင်မင်းကြီးစကားသည် ရှေ့စကားနှင့် နောက်စကားလည်း ယုတ္တိမရှိ၊ နောက်စကားနှင့်လည်း ရှေ့စကားသည် ယုတ္တိမရှိဟုဆိုလေ၍ မင်းကြီး၊ ဥပမာ နာဦးလော့၊ တရံ တယောက်သောယောကျ်ားအား ပျားတင်လဲကို ဆောင်စေယူစေပြီးသော် ပျားရည်အိုးကို ပြည့်စေ၍ ယောကျ်ား၏ ခံတွင်းကိုပိတ်၍ ပျားရည်အိုးဖြင့် သွန်လိုက်ထည့်လိုက်အံ့၊ မင်းကြီး၊ ထိုယောကျ်ားသည်ချိုသောအရသာနှင့်ပြည့်စုံသောပျားရည်ဟူ၍ သိရာသလောဟုမေးသော် အရှင်ဘုရား၊ မသိနိုင်ရာချေဟုဆိုလျှင် မင်းကြီး၊ အဘယ်ကြောင့်ပျားရည်ချိုမှန်းကိုမသိသနည်းဟုမေးသော် အရှင်ဘုရား၊ခံတွင်းဝလျှာ၏အပေါ်သို့မရောက်မဝင်လာသောကြောင့် ချိုမှန်းကိုမသိချေဟုဆို၏၊ မင်းကြီး၊ မင်းကြီး၏စကားသည် ရှေ့စကားနှင့်နောက်စကာ လည်း ယုတ္တိမရှိ၊နောက်စကားနှင့်ရှေ့စကားလည်းယုတ္တိမရှိဟုဆိုလျှင် အရှင်ဘုရား၊ အရှင်ဘုရားကဲ့သို့သော သူနှင့် အတူ စကားပြောခြင်းငှါ မတတ်နိုင်၊ တကာတော်တောင်းပန်ပါ၏၊စကားကိုအစသတ်ပါ၊ဆုံးပါစေတော့ဟု

ဆို၏၊ ဤဝေဒဂူအမေး၌ မိလိန္ဒမင်းကကိုယ်တွင်း၌ရှိသောအသက်ကို ဝေဒဂူဟုနှလုံးသွင်း၍ ပညတ်နှင့်ပရမတ်တရားကိုရော၍ မေးလေသော ကြောင့် ရှင်နာဂသေနမထေရ်သည် ထိုစကားကိုလှုပ်ချောက်ဖွေးငင် ကပ်သပ်၍ တောင်ဆီးမြောက်ဆီးဆိုလျှင် အရှင်ဘုရားနှင့်အတူစကား ပြောခြင်းငှါမတတ်နိုင်ပါပြီ၊တန့်ပါတော့ဟု တောင်းပန်သော် ရှင်နာဂ သေနမထေရ်သည် အဓိပ္ပါယ်နှင့်စပ်သောတရားစကားဖြင့် မိလိန္ဒမင်းကို သိစေ၏၊သိစေကြောင်းတရားကား မြတ်သောမင်းကြီး၊ စက္ခုပသာဒ ကိုစွဲ၍ရူပါရုံကိုစွဲ၍ စက္ခုဝိညာဉ်နှင့်တကွ ဖဿ, ဝေဒနာ,သညာ, စေ တနာ, ဧကဂ္ဂတာ, ဇီဝိတိန္ဒြိယ, မနသိကာရဟုဆိုအပ်သောဤသမ္ပယုတ် နာမ်တရားတို့သည် စက္ခုပသာဒနှင့် ရူပါရုံအာဘိမုခီဘူတ ရှေးရှုခိုက် တိုက်မိသွားသောအကြောင်း ကြောင့်ဖြစ်ကုန်၏၊ဤသို့ပရမတ္ထသဘောဖြစ်ရာ ၌အာရုံကိုသိတတ်သောဝေဒဂူတွင်အသက်ကိုမရအပ်၊ပရမတ္ထသဘော တရားသာ တရကိုစွဲ၍တရသာဖြစ်သည်ချည်းဟုဆိုသော် အရှင်ဘုရား၊ သင့်တင့်လျောက်ပတ်ပေ၏ဟုဝန်ခံလေ၏။

(အကျယ်ကိုသိလိုသော် သောတ, ဃာန, ဇိဝှါ,ကာယ,မနတို့ကို ဤကဲ့သို့သွင်း၍ ယူအပ်သည်။ ။ဤကား စကားချပ်။)

ဝေဒဂူပဉှာပြီး၏။

## ၃၂။ စက္ခုဝိညာဏမနောဝိညာဏပဉှာ

**စက္ခုဝိညာဉ်နှင့်မနောဝိညာဉ်**…မိလိန္ဒ မင်းသည် အရှင်ဘုရား၊ အကြင်အခါ၌စက္ခုဝိညာဉ်သည် ဖြစ်၏၊ ထိုအခါ၌မနောဝိညာဉ်သည် ဖြစ်သလောဟုမေး၏။

မင်းကြီး၊အကြင်အခါ၌ စက္ခုဝိညာဉ်သည် ဖြစ်၏၊ ထိုအခါ၌ မနော ဝိညာဉ်သည်လည်း ဖြစ်၏ဟုဖြေသော်။ ။အရှင်ဘုရား၊ အသို့နည်း၊ ရှေးဦးစွာစက္ခုဝိညာဉ်သည်ဖြစ်သလော၊ နောက်မှမနောဝိညာဉ်သည် ဖြစ်သလော၊ ထိုသို့မဟုတ် မနောဝိညာဉ်တည်း ရှေးဦးစွာဖြစ်သလော၊ နောက်မှတည်း စက္ခုဝိညာဉ်ဖြစ်သလောဟုမေးသော် မင်းကြီး၊ရှေးဦး စွာစက္ခုဝိညာဉ်ဖြစ်၏၊ နောက်မှမနောဝိညာဉ်ဖြစ်၏ဟုဖြေ၏။ ။အရှင်

ဘုရား၊ အသို့နည်း၊ စက္ခုဝိညာဉ်သည် ငါသည် အကြင်အခါ ဖြစ်အံ့၊ သင်မနောဝိညာဉ်သည် ထိုအခါ ဖြစ်လေတော့ဟု မနောဝိညာဉ်ကို စေနိုင်းလေသလော၊ ထိုသို့မဟုတ် မနောဝိညာဉ်သည် အကြင်အခါ၌ သင်စက္ခုဝိညာဉ် ဖြစ်လတ္တံ့၊ ထိုအခါ၌ ငါလည်း ဖြစ်လတ္တံ့ဟု စက္ခုဝိညာဉ်ကို စေနိုင်းလေသလောဟု မေးသည်ရှိသော်၊ မင်းကြီး၊ ထိုပရမတ္ထသဘောတရားတို့အား အချင်းချင်း စကားပြောဟောခြင်း၊ တိုင်ပင်ညှိနှိုင်းခြင်းမရှိဟု ဆိုသော် အရှင်ဘုရား၊ ထိုစက္ခုဝိညာဉ်၊ မနောဝိညာဉ်တို့သည် အဘယ်ကြောင့် တပါးသည် တပါးအား မစေနိုင်ကြဘဲလျက် ရှေ့နောက် ဖြစ်ကြလေသနည်းဟု မေးပြန်၏၊ မင်းကြီး၊ ထိုနှစ်ပါးသော တရားတို့၏ ဖြစ်ခြင်းသည် စီးဝင်ရာ ဖြစ်သောကြောင့်၎င်း၊ အကြောင်းဒွါရ ဖြစ်သောကြောင့်၎င်း၊ ကျင်လည်ရာ ဖြစ်သောကြောင့်၎င်း၊ လေ့ကျက်ရာ ဖြစ်သောကြောင့်၎င်း ဖြစ်၏ဟု အကျဉ်းအားဖြင့် ဖြေသော် အရှင်ဘုရား၊ စက္ခုဝိညာဉ်သည် ရှေ့အလျင်ဖြစ်၍ နောက်မှ မနောဝိညာဉ်သည် စီးဝင်ရာ အဘယ်သို့ ဖြစ်လေသနည်း၊ ထိုစကားကို ဥပမာအားဖြင့် ဖြေဦးလော့ဟု ဆိုလျှင်–

မင်းကြီး၊ အသို့အောက်မေ့သနည်း၊ မိုးရွာသည်ရှိသော် ရေသည် အဘယ်အရပ်သို့ သွားလေသနည်း၊ နောက်ပြီး တဖန် အခါတပါး မိုးရွာပြန်အံ့၊ ထိုရေသည် အဘယ်အရပ်သို့ စီးဝင်လေသနည်းဟု မေးသော် အရှင်ဘုရား၊ ရှေးဦးစွာသော မိုးရေသည် အကြင်အရပ်ဖြင့် စီး၏၊ ထိုနောက်ရွာသော မိုးရေသည်လည်း ထိုရှေ့ရေစီးဝင်ရာ အရပ်သို့ သွားလေသည်ဟု ဆိုလျှင် မင်းကြီး၊ ရှေးဦးစွာ ရွာသောရေသည် နောက်လာလတ္တံ့သော ရေကို ငါသည် အကြင်ခရီးဖြင့် ရှေးဦးစွာ သွားလင့်မည်၊ သင်သည် နောက်မှ ထိုငါသွားရာ ခရီးဖြင့် လာလှည့်ဟု စေသလော၊ နောက်စီးဝင်သော ရေသည်လည်း အကြင်ခရီးဖြင့် သင်သည် သွားလတ္တံ့၊ ထိုခရီးဖြင့် ငါသည် နောက်မှ လိုက်လာမည်ဟု တိုက်တွန်းလေသလောဟု၍ မေးသော်။ ။အရှင်ဘုရား၊ ထိုရှေးဦးစွာ စီးသောရေသည် နောက်စီးဝင်သော ရေအား အချင်းချင်း ပြောဟောခြင်း မရှိ၊ ချိုင့်ဝှမ်းရာ ဖြစ်သောကြောင့် စီးဝင်ကြလေကုန်၏ဟု ဆိုလျှင် မင်းကြီး၊ ထို့အတူသာလျှင် စီးဝင်ရာ ဖြစ်ကြသောကြောင့် အကြင်အခါ စက္ခုဝိညာဉ် ဖြစ်၏၊ ထိုအခါ မနောဝိညာဉ်လည်း ဖြစ်၏၊ စက္ခုဝိညာဉ်သည် မနောဝိညာဉ်ကို မ

စေ၊ မနောဝိညာဉ်သည်လည်း စက္ခုဝိညာဉ်ကို မတိုက်တွန်း၊ ထိုတရားတို့သည် အချင်းချင်း စကားပြောဟောခြင်း မရှိ၊ ချိုင့်ဝှမ်း စီးဝင်ရာ ဖြစ်သောကြောင့် ဖြစ်လေကုန်၏ ဟု ဖြေ၏။ ။(ဤကား နိန္နတ္တာ၏အရကို ပြေသည်။)

အရှင်ဘုရား၊ အကြောင်းဒွါရ ဖြစ်သောကြောင့် စက္ခုဝိညာဉ်သည် ဖြစ်၏၊ မနောဝိညာဉ်သည်လည်း ဖြစ်၏ဟု ဆိုရာ၌ ဥပမာပြုပါဦးလော့ဟု ဆိုလျှင် မင်းကြီး၊ အသို့အောက်မေ့သနည်း၊ အစိုးရသောမင်း၏ ပစ္စန္တရာဇ်မြို့သည် မြဲမြံသော တံတိုင်း ရင်တားရှိ၏၊ တံခါးမှုကား တပေါက်သာရှိ၏၊ ထိုတံခါး တခုသာ ရှိလေသောမြို့မှ အပြင်သို့ ထွက်လိုသော ယောကျာ်းသည် အဘယ်ဖြင့် ထွက်အံ့နည်း ဟုမေးသော် အရှင်ဘုရား၊ တံခါးဖြင့် ထွက်သွားအံ့ဟု ဆို၏၊ မင်းကြီး၊ တယောက်သော ယောကျာ်းသည်လည်း အပြင်သို့ထွက်လိုသည်ဖြစ်အံ့၊ အဘယ် တံခါးဖြင့်ထွက်သနည်းဟု မေးသော် အရှင်ဘုရား၊ အကြင် တံခါးဖြင့် ရှေ့သွားသောသူ ထွက်အံ့၊ ထိုတံခါးဖြင့် ထိုယောကျာ်းသည်လည်း ထွက်ရာ၏ဟုဆိုသော် မင်းကြီး၊ အသို့နည်း၊ ရှေ့ယောကျာ်းသည် နောက်ယောကျာ်းကို ငါသည် အကြင် တံခါးဖြင့်ထွက်သွားမည်၊ ထိုတံခါးဖြင့်သင်သည် ထွက်လာခဲ့ဟု စေလေ သလော၊ နောက်ယောကျာ်းသည်လည်း ရှေ့ထွက်လေသော ယောကျာ်းကို အကြင် တံခါးဖြင့် သင်ထွက်သွားလေအံ့၊ ငါသည်လည်း ထိုတံခါးဖြင့် ထွက်သွားအံ့ဟူ၍ တိုက်တွန်း လေသလောဟုမေး၏၊ အရှင်ဘုရား၊ ထိုယောကျာ်းတို့အား အချင်းချင်းစကားပြောဟောခြင်း မရှိချေ၊ ထွက်ရာ တံခါး ဖြစ်သောကြောင့် သွားကြကုန်၏ဟု ဆို၏။

မင်းကြီး ထိုအတူရှင်း အကြောင်းဒွါရဖြစ်သောကြောင့် အကြင်အခါ စက္ခုဝိညာဉ် ဖြစ်၏၊ ထိုအခါ မနောဝိညာဉ်လည်းဖြစ်၏၊ စက္ခုဝိညာဉ်သည် မနောဝိညာဉ်ကို ငါရှေးဦးစွာ ဖြစ်မည်၊ ငါဖြစ်ပြီးမှ သင်နောက်ဖြစ်လော့ဟု မစေ၊ မနောဝိညာဉ်သည်လည်း အကြင်အခါ၌ သင်သည် ဖြစ်လတ္တံ့၊ ထိုအခါ ငါသည်လည်း ဖြစ်လတ္တံ့ဟု မတိုက်တွန်း၊ ထိုစက္ခုဝိညာဉ် မနောဝိညာဉ်တို့အား အချင်းချင်းစကား ပြောဟောခြင်းမရှိ၊ ဒွါရဖြစ်သောကြောင့် ဖြစ်ကြကုန်၏ဟု ဖြေ၏။ ။(ဤကား ဒွါရတ္တာ၏ အရကို ပြေသည်။)

အရှင်ဘုရား၊ကျင်လည်ရာ ဖြစ်သောကြောင့် စက္ခုဝိညာဉ်၊ မနောဝိညာဉ်တို့သည်ဖြစ်ကုန်၏ဟု ဆို၏၊ထိုစကားကို ဥပမာပြုပါဦးလော့ဟု ဆိုလျှင်၊မင်းကြီး၊အသို့ အောက်မေ့သနည်း၊ ရှေးဦးစွာ လှည်းတစီးသည် သွား၏၊ နောက်လှည်းတစီးသည် အဘယ်ခရီးဖြင့် သွားရာသနည်းဟုမေးသော်၊ အရှင်ဘုရား၊ အကြောင်းခရီးဖြင့် ရှေ့လှည်းသည်သွား၏၊ ထိုခရီးဖြင့် နောက်လှည်းသည်လည်း သွားရာ၏၊ မင်းကြီး၊ အသို့နည်း၊ ရှေ့သွားသောလှည်းသည် နောက်သွားသော လှည်းကို အကြောင်း ခရီးဖြင့် ငါသွားအံ့၊ ထိုငါသွားသော ခရီးဖြင့် သင်သည် လာလှည့်ဟု စေလေသလော၊ ရှေ့လှည်းကိုမူလည်း နောက်လှည်းသည် အကြောင်းခရီးဖြင့် သင်သွားလတ္တံ့၊ထိုခရီးဖြင့် ငါသည်လည်း လိုက်ပါအံ့ဟု တိုက်တွန်းရာသလောဟူ၍ မေးသော်၊အရှင်ဘုရား၊ထိုရှေ့လှည်း နောက်လှည်းတို့အား အချင်းချင်း တိုင်ပင်ပြောဆိုခြင်း မရှိ၊ ကျင်လည်ရာဖြစ်သောကြောင့် သွားကြကုန်၏ဟုဆို၏၊ မင်းကြီး၊ထိုအတူရင်း ကျင်လည်ရာဖြစ်သောကြောင့် အကြင်အခါ၊စက္ခုဝိညာဉ်သည်ဖြစ်၏၊ထိုအခါ မနောဝိညာဉ်သည်လည်းဖြစ်၏၊ စက္ခုဝိညာဉ်သည် မနောဝိညာဉ်ကို မစေ၊မနောဝိညာဉ်သည်လည်း စက္ခုဝိညာဉ်ကို မတိုက်တွန်း၊ ထိုစက္ခုဝိညာဉ်၊မနော ဝိညာဉ်တို့သည်ကျင်လည်ရာဖြစ်ကြကုန်၏ဟုဖြေ၏။ ။ (ဤကားစိဏ္ဏတ္တာ၏အရကိုဖြေသည်၊)

အရှင်ဘုရား၊စက္ခုဝိညာဉ်၊မနောဝိညာဉ်တို့သည်လည်း ကောင်းစွာ အလေ့အကျက်ဖြစ်သောကြောင့်ဖြစ်ကုန်၏ဟုဆို၏၊ထိုစကားကိုဥပမာပြုပါဦးလော့ဟုဆိုပြန်လျှင်၊မင်းကြီး၊ဥပမာသော်ကား ဂဏန်းသင်္ချာအရေအတွက်အရေးအသားသည်အတတ်ပညာအရာတို့၌ အစအဦး ဖြစ်သောသူအား နှံ့နှေးသည်ဖြစ်၏၊ထိုနောက် အခါတပါးသောကာလ၌ အလေ့အကျက် ဖြစ်ဘူးလေပြီ ဖြစ်သောကြောင့် မဆင်မခြင် လတ်တလော ပြုသဖြင့်မနှံ့နှေးသကဲ့သို့၊ ထိုအတူ မင်းကြီး၊ ကောင်းစွာလေ့ကျက် လေသောကြောင့် အကြင်အခါ စက္ခုဝိညာဉ်သည် ဖြစ်၏၊ ထိုအခါ မနောဝိညာဉ် သည်လည်း ဖြစ်၏၊စက္ခုဝိညာဉ်သည် မနောဝိညာဉ်ကို မစေ၊ မနောဝိညာဉ်သည်လည်း စက္ခုဝိညာဉ်ကို မတိုက်တွန်း၊ ဝိညာဉ်ဘုရား တို့အား အချင်းချင်း စကားပြောဟောခြင်းမည်သည် မရှိ၊ ကောင်းသော

အလေ့အကျက် ဖြစ်သောကြောင့် ဖြစ်ကြကုန်၏ ဟုဖြေ၏၊ ထိုအတူ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယတို့၌လည်း ဥပမာ,ဥပမေယျ အထူးထူးပင် အမေးအဖြေကိုဆိုလျှင်မိလိန္ဒမင်းသည် သင့်တင့်လျောက်ပတ်ပေ၏ဟု ဝန်ခံလေ၏။

(ဤတရား၌ မနောဝိညာဉ် ဟူသည်ကား သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဇော၊ တဒါရုံတို့ကို ယူအပ်လေသည်။)

စက္ခုဝိညာဏ မနောဝိညာဏပဥှာပြီး၏။

## ၃၃။ ဖဿလက္ခဏပဥှာ

**ဖဿလက္ခဏ** ....မိလိန္ဒမင်းသည် အရှင်ဘုရား၊ အကြင်အခါ၌ မနောဝိညာဉ်သည်ဖြစ်၏၊ ထိုအခါ ဖဿဝေဒနာ တို့သည်လည်း ဖြစ်ကုန်သလောဟု မေးသော်၊ မင်းကြီး၊ မနောဝိညာဉ် ဖြစ်သောအခါ ဖဿ၊ ဝေဒနာ၊ စေတနာ၊ ဝိတက်၊ ဝိစာရစေတသိက်တို့ သည် ဖဿစေတသိက်လျှင် အကြီးအမှူးဖြစ်ကုန်၏ဟုဖြေ၏။ ။အရှင် ဘုရား၊ ဖဿစေတသိက်သည် အဘယ်လက္ခဏာ ရှိသနည်းဟု မေး သော်၊ မင်းကြီး၊ ဖဿစေတသိက်သည် အာရုံကိုတွေ့ခြင်းလက္ခဏာ ရှိ၏ဟု ဖြေ၏၊ အရှင်ဘုရား၊ ဥပမာဖြင့် ပြပါဦးလော့ဟု ဆိုလျှင် မင်းကြီး၊ ဥပမာသော်ကား ဆိတ်နှစ်ခုတို့သည် ခွေကြကုန်၏၊ ထိုဆိတ် နှစ်ခုတို့တွင် တခုသောဆိတ်ကဲ့သို့ စက္ခုပသာဒကို မှတ်အပ်၏၊ တခု သော ဆိတ်ကဲ့သို့ ရူပါရုံကိုမှတ်အပ်၏၊ ထိုဆိတ်နှစ်ခုတို့၏ ခိုက်တိုက် မိသကဲ့သို့၊ ထိုအတူ ဖဿစေတသိက်ကို မှတ်အပ်၏ဟုဆို၏။ ။အရှင် ဘုရား၊ လွန်စွာ ဥပမာပြုပါဦးလော့ဟု ဆိုလျှင် မင်းကြီး၊ ဥပမာသော် ကား လက်ချပ်နှစ်ခုတို့ကိုတီးကုန်အံ့၊ ထိုနှစ်ခုသောလက်ချပ်တို့တွင် တခု သော လက်ချပ်ကဲ့သို့ စက္ခုပသာဒကိုမှတ်အပ်၏၊ တခုသော လက်ချပ် ကဲ့သို့ ရူပါရုံကိုမှတ်အပ်၏၊ ထိုလက်ချပ်နှစ်ခုတို့၏ အညီအညွတ် ထိကြ သကဲ့သို့၊ ဖဿစေတသိက်ကို မှတ်အပ်၏ဟု ဖြေ၏။ ။အရှင်ဘုရား၊ လွန်စွာဥပမာပြုပါဦးလော့ဟုဆိုလျှင် မင်းကြီး၊ ဥပမာ သော်ကား ခွက်ကွင်းနှစ်ခုတို့ကို တီးကြကုန်အံ့၊ ထိုနှစ်ခုတို့တွင် တခုသောခွက်ကွင်း ကဲ့သို့ စက္ခုပသာဒကို မှတ်အပ်၏၊ ခွက်ကွင်း တခုကဲ့သို့ ရူပါရုံကို

မှတ်အပ်၏၊ ထိုခွက်ကွင်း နှစ်ခုတို့၏ အညီအညွတ် ဖြစ်သကဲ့သို့ ဖဿ စေတသိက်ကို မှတ်အပ်၏ဟုဖြေသော်၊အရှင်ဘုရား၊ သင့်တင့်လျောက် ပတ်ပေ၏ဟုဝန်ခံလေ၏။

ဖဿလက္ခဏပဥှာပြီး၏။

## ၃၄။ ဝေဒနာလက္ခဏပဥှာ

**ဝေဒနာလက္ခဏာ**……အရှင်ဘုရား၊ ဝေဒနာ စေတသိက်သည် အဘယ် လက္ခဏာ ရှိသနည်းဟု မေး၏၊ မင်းကြီး၊ ဝေဒနာသည် ခံစားခြင်း လက္ခဏာရှိ၏၊ အစဉ်အတိုင်း ခံစားခြင်း လက္ခဏာလည်းရှိ၏ဟု ဖြေ၏။ ။အရှင်ဘုရား၊ ဥပမာ ပြုပါဦး လော့ဟုဆိုလျှင် မင်းကြီး၊ ဥပမာသော်ကား တစုံတယောက်သော ယောကျာ်းသည် အစိုးရသော မင်း၏ အမှုကြီးငယ်ကို ပြု၏၊ ထို ယောကျာ်းအား မင်းသည် နှစ်သက်၍ ဆုလာဘ်သပ္ပကာကို ပေး၏၊ ထိုယောကျာ်းသည် ထိုဆုလာဘ်သပ္ပကာကို ရသောကြောင့် ငါးပါး သော ကာမဂုဏ်တို့ဖြင့် နှစ်သက် ပြည့်စုံစွာ စံပယ်၏၊ ထိုယောကျာ်း အား ဤသို့သောအကြံသည်ဖြစ်ရာ၏၊ ငါသည် ရှေးကာလ၌ မင်းကြီး၏ အမှုကို ပြုပြီးသော် မင်းကြီးသည် နှစ်သက် ဝမ်းသာရှိ၍ ထိုငါ့အား ဆုလာဘ်သပ္ပကာ ပေး၏၊ ထိုငါသည် ထိုသို့ ပေးသနား ပေသော အကြောင်းကြောင့် ဤသို့သဘောရှိသော ကာမဂုဏ်စည်းစိမ်ကို ခံစား ရပေ၏ဟု ကြံသကဲ့သို့ရင်း၊မင်းကြီး၊ တစုံတယောက်သော ယောကျာ်း သည် ကုသိုလ် ကောင်းမှုကို ပြု၍ ရုတေမနေ သေသည်၏ အခြားမဲ့၌ ကောင်းသော သူတို့၏ လားရာဖြစ်သော နတ်ပြည်သို့ ဖြစ်လေ၏၊ ထို ယောကျာ်းသည်ကား ထို၌ဖြစ်သော ကာမဂုဏ် မွေ့လျော်ဘွယ်တို့ဖြင့် နှစ်သက်ခြင်း ပြည့်စုံခြင်း ရှိသည်ဖြစ်၍ စံပယ်၏၊ ထိုယောကျာ်းအား ဤသို့သော အကြံသည်ဖြစ်၏၊ ထိုငါသည် ရှေးလူဖြစ်သော ကာလ၌ ကုသိုလ်ကောင်းမှုကိုပြုမိ၏၊ ထိုငါသည် ထိုကုသိုလ်ကို ပြုမိပေသော အကြောင်းကြောင့် ဤသို့သဘောရှိသော ခံစားခြင်းကို ခံစားရပေ၏ဟု အကြံရှိသကဲ့သို့ရင်း၊ မင်းကြီး၊ဝေဒနာသည် ခံစားခြင်းလက္ခဏာ၊ အစဉ်

အတိုင်း ခံစားခြင်းလက္ခဏာရှိ၏ဟု ဖြေသော်၊ အရှင်ဘုရား၊ သင့်တင့်လျောက်ပတ်ပေ၏ဟု ဝန်ခံလေ၏။

ဝေဒနာလက္ခဏာပဥှာပြီး၏။

## ၃၅။ သညာလက္ခဏာပဥှာ

**သညာလက္ခဏာ**……အရှင်ဘုရား၊ သညာသည် အဘယ်သို့သော လက္ခဏာရှိသနည်းဟု မေးသော်၊ မင်းကြီး၊ သညာသည် ကောင်းစွာ မှတ်ခြင်း လက္ခဏာ ရှိ၏ဟုဖြေ၏။

အရှင်ဘုရား၊သညာသည် အဘယ်ကို ကောင်းစွာ မှတ်လေသနည်းဟု မေးပြန်သော် မင်းကြီး၊ သညာသည် ညိုသောအဆင်း၊ရွှေသောအဆင်း၊ နီသောအဆင်း၊ ဖြူသောအဆင်း၊ မောင်းသောအဆင်းတို့ကို ကောင်းစွာမှတ်၏၊ ဤသည့်လျှင် မင်းကြီး၊ သညာသည် ကောင်းစွာ မှတ်ခြင်းလက္ခဏာရှိ၏ဟုဖြေ၏။ ။အရှင်ဘုရား၊ ဥပမာပြပါဦးလော့ဟုဆိုလျှင် မင်းကြီး၊ ဥပမာသော်ကား မင်း၏ဘဏ္ဍာစိုးသည် ဘဏ္ဍာတိုက်သို့ဝင်၍ အညို၊အရွှေ၊အနီ၊ အဖြူ၊အမောင်းဖြစ်သော မင်း၏ အသုံးအဆောင် ရူပါရုံကို ကောင်းစွာမှတ်သကဲ့သို့၊ ထိုအတူ မင်းကြီး၊သညာသည် ကောင်းစွာ မှတ်ခြင်းလက္ခဏာရှိ၏ဟု ဖြေသော် အရှင်ဘုရား၊သင့်တင့်လျောက်ပတ်ပေ၏ဟု ဝန်ခံလေ၏။

သညာ လက္ခဏာပဥှာပြီး၏။

## ၃၆။ စေတနာလက္ခဏာပဥှာ

**စေတနာလက္ခဏာ** …. အရှင်ဘုရား၊ စေတနာစေတသိက်သည် အဘယ်လက္ခဏာရှိသနည်းဟု မေးသော် မင်းကြီး၊ စေတနာသည် စေ့ဆော်ခြင်းလက္ခဏာရှိ၏၊ တနည်းကား၊ အလွန်ပြုပြင်ခြင်းလက္ခဏာလည်းရှိ၏ဟုဖြေ၏။

အရှင်ဘုရား၊ ဥပမာဖြင့် ပြပါဦးလော့ဟုဆိုလျှင် မင်းကြီး၊ ဥပမာသော်ကား တစုံတယောက်သောယောကျ်ားသည် အဆိပ်သေဆေးကို စီရင်၍ မိမိသည်လည်း သောက်အံ့၊သူတပါးကိုလည်းသောက်စေအံ့၊

ထိုယောက်ျားသည် မိမိလည်းဆင်းရဲခြင်းရှိသည်ဖြစ်သကဲ့သို့၊ သူတပါးတို့သည်လည်း ဆင်းရဲခြင်းရှိကုန်၏၊ ထိုအတူ မြတ်သောမင်းကြီး၊ ဤလူ့ပြည်၌ အချို့သောပုဂ္ဂိုလ်သည် အကုသိုလ်အမှုကို စေတနာဖြင့် လုံ့လစေ့ဆော်ပြု၍ ရုတေမနေ ကိုယ်သေသည်မှ နောက်၌ အပါယ်ဖြစ်သော မကောင်းသောသူတို့၏ ဖရိုဖရဲကျရာဖြစ်သော ငရဲသို့ဖြစ်လေရာ၏၊ အကြင်ပုဂ္ဂိုလ်တို့သည်လည်း ထိုပုဂ္ဂိုလ်၏ အတုကျင့်ကုန်၏၊ ထိုအတူ လိုက်၍ ကျင့်ကုန်သော ပုဂ္ဂိုလ်တို့သည်လည်း ရုတေမနေ ကိုယ်သေသည်မှ နောက်၌အပါယ်ဖြစ်သော မကောင်းသူတို့၏ ဖရိုဖရဲကျရာဖြစ်သော ငရဲသို့ဖြစ်ရကုန်၏။

မင်းကြီး၊ ဥပမာတနည်းကား တစုံတယောက်သော ယောက်ျားသည် ထောပတ်၊ ဆီဦး၊ ဆီကြည်၊ ပျား၊ တင်လဲကို တပေါင်းတည်း အလွန်ပြုပြင်၍ မိမိကိုယ်တိုင်လည်းသောက်အံ့၊ သူတပါးကိုလည်း သောက်စေအံ့၊ ထိုယောက်ျားသည် မိမိလည်း ချမ်းသာခြင်းရှိလေရာ၏၊ သူတပါးတို့သည်လည်း ချမ်းသာခြင်း ရှိသည် ဖြစ်ကုန်ရာ၏၊ မင်းကြီး၊ ထိုအတူရင်း ဤလူ့ပြည်၌ အချို့သော ပုဂ္ဂိုလ်တို့သည် ကုသိုလ်ကောင်းမှုကို စေတနာဖြင့် လုံ့လစေ့ဆော်၍ရုတေမနေသေသည်မှနောက်ကာလ၌ နတ်ပြည်သို့ဖြစ်လေကုန်၏၊ မင်းကြီး၊ ထိုအတူ စေတနာစေတသိက်သည် စေ့ဆော်ခြင်းလက္ခဏာရှိ၏၊ အလွန်ပြုပြင်ခြင်း လက္ခဏာရှိ၏ဟု ဖြေသော် အရှင်ဘုရား၊ သင့်တင့်လျောက်ပတ်ပေ၏ဟု ဝန်ခံလေ၏။

စေတနာလက္ခဏာပဉှာပြီး၏။

---

## ၃၇။ ဝိညာဏလက္ခဏာပဉှာ

**ဝိညာဉ်၏လက္ခဏာ**···အရှင်ဘုရား၊ ဝိညာဉ်သည် အဘယ်လက္ခဏာ ရှိသနည်းဟုမေးသော် မင်းကြီး၊ ဝိညာဉ်သည် သိခြင်းလက္ခဏာရှိ၏ဟုဖြေ၏။

အရှင်ဘုရား၊ ဥပမာဖြင့် ပြပါဦးလော့ဟုဆိုပြန်လျှင် မင်းကြီး၊ ဥပမာသော်ကား မြို့ကိုစောင့်သော ယောက်ျားသည် မြို့၏အလယ်ခ[illegible]ဆုံ၌ နေ၍ အရှေ့အရပ်သို့ ကြည့်လိုက်အံ့၊ အရှေ့အရပ်မှ လာသော ယောက်ျားကိုမြင်သကဲ့သို့၊ ထိုအတူ မင်းကြီး၊ ထိုယောက်ျားသည် စက္ခု[illegible]

ဝိညာဉ်ဖြင့် ရူပါရုံကိုမြင်၏၊ထိုရူပါရုံကို ဝိညာဉ်ဖြင့်သိ၏၊ထိုယောကျ်ားသည် သောတဝိညာဉ်ဖြင့် သဒ္ဒါရုံကိုကြား၏၊ ထိုသဒ္ဒါရုံကို ဝိညာဉ်ဖြင့်သိ၏၊ထိုယောကျ်ားသည် ဃာနဝိညာဉ်ဖြင့် ဂန္ဓာရုံကိုနမ်း၏၊ ထိုဂန္ဓာရုံကို ဝိညာဉ်ဖြင့်သိ၏၊ ထိုယောကျ်ားသည် ဇိဝှါဝိညာဉ်ဖြင့် ရသာရုံကိုလျက်၏၊ထိုရသာရုံကို ဝိညာဉ်ဖြင့် သိ၏၊ ထိုယောကျ်ားသည် ကာယဝိညာဉ်ဖြင့် ဖောဋ္ဌဗ္ဗာရုံကို တွေ့၏၊ ထိုဖောဋ္ဌဗ္ဗာရုံကို ဝိညာဉ်ဖြင့်သိ၏၊ ဓမ္မာရုံကိုလည်း ဝိညာဉ်ဖြင့် သိ၏၊ မင်းကြီး၊ ထိုကဲ့သို့ရှင်း ဝိညာဉ်စသည်ဖြင့် သိခြင်းလက္ခဏာ ရှိ၏ဟု ဖြေသော်၊ အရှင်ဘုရား၊ သင့်တင့်လျောက်ပတ်ပေ၏ဟု ဝန်ခံလေ၏။

ဝိညာဏလက္ခဏာပဉှာပြီး၏။

---

## ၃၈။ ဝိတက္ကလက္ခဏာပဉှာ

**ဝိတက်လက္ခဏာ**……အရှင်ဘုရား၊ ဝိတက် စေတသိက် သည် အဘယ်လက္ခဏာ ရှိသနည်းဟု မေးသည်ရှိသော်။ ။မင်းကြီး၊ ဝိတက်သည် အာရုံသို့တင်ခြင်း လက္ခဏာရှိ၏ဟု ဖြေ၏၊ အရှင်ဘုရား၊ ဥပမာပြုပါဦးလော့ဟု ဆိုလျှင် မင်းကြီး၊ ဥပမာသော်ကား လက်သမားသည် ကောင်းစွာသစ်ကိုရွေပြီး၍ အစပ်သို့တင်၍စပ်သကဲ့သို့၊ ထိုအတူ ဝိတက်သည် သမ္ပယုတ်တရားတို့ကို အာရုံသို့တင်ခြင်းလက္ခဏာရှိ၏ဟုဖြေသော်၊ အရှင်ဘုရား၊ သင့်တင့် လျောက်ပတ်ပေ၏ဟု ဝန်ခံလေ၏။

ဝိတက္ကလက္ခဏာပဉှာပြီး၏။

---

## ၃၉။ ဝိစာရလက္ခဏာပဉှာ

**ဝိစာရလက္ခဏာ**……အရှင်ဘုရား၊ ဝိစာရသည် အဘယ်လက္ခဏာရှိသနည်းဟု မေးသည် ရှိသော်။ ။ မင်းကြီး၊ ဝိစာရသည် အဖန်တလဲလဲ သုံးသပ်ခြင်းလက္ခဏာ ရှိ၏ဟု ဖြေ၏၊ အရှင်ဘုရား၊ ဥပမာပြုပါဦးလော့ဟုဆိုလျှင် မင်းကြီး၊ ဥပမာသော်ကား ကြေးခွက်ကို တီးအပ်ခေါက်အပ်သည် ရှိသော် အစဉ်အတိုင်း ကြေး၏အသံသည်ဖြစ်၏၊ မင်းကြီး၊ ကြေးခွက်ကိုခေါက်သော

အခါ အစဉ်အတိုင်း ကြေး၏အသံကဲ့သို့ ဝိစာရကို မှတ်အပ်၏ဟု ဖြေသော်၊ အရှင်ဘုရား၊ သင့်တင့်လျောက်ပတ်ပေ၏ဟုဝန်ခံလေ၏။

ဝိစာရလက္ခဏပဉှာပြီး၏။

ဝိစာရဝဂ္ဂေါ တတိယော။ ။ဠမဿိံဝဂ္ဂေ စုဒ္ဒသပဉှာ။

---

## ၄၀။ ဖဿာဒိဝိနိဗ္ဘုဇနပဉှာ

**ဖဿစသည်ခွဲခြားသိနိုင်-မသိနိုင်**......မိလိန္ဒမင်းသည်အရှင်ဘုရား၊ တပေါင်းတည်း, တချက်တည်း အဖြစ်သို့ရောက်ကုန်သော ဤတရားအပေါင်းတို့၏ အထူးထူးသောအကြောင်းအရာကို အသီးသီးခွဲခြမ်း၍၊ ဤသည်ကား ဖဿ၊ ဤသည်ကား ဝေဒနာ၊ ဤသည်ကား သညာ၊ ဤသည်ကား စေတနာ၊ ဤသည်ကား ဝိညာဉ်၊ ဤသည်ကား ဝိတက်၊ ဤသည်ကား ဝိစာရဟုသိစေခြင်းငှါ တတ်နိုင်အံ့လောဟု မေး၏။ ။မင်းကြီး၊ တပေါင်း တချက်တည်း ဖြစ်ခြင်းသို့ ရောက်ကုန်သော ဤတရားတို့၏ အထူးထူးသော အကြောင်းတရားတို့ကို အသီးအသီး ဝေဘန်ခွဲခြမ်း၍သိစေခြင်းငှါ မတတ်နိုင်ဟုဖြေသော် အရှင်ဘုရား၊ ဥပမာဖြင့်ပြပါဦးလော့ဟုဆိုလျှင် ဥပမာသော်ကား စားမိုသည်သည် မင်းကြီးစားရာတို့ အလို့ငှါ လက်သုပ်ကိုရင်း၊ ဟင်းလျာကိုရင်း စီရင်ခြင်းကိုပြုအံ့၊ ထိုယောက်ျားသည် ထိုလက်သုပ်ဟင်းလျာ၌ နို့ဓမ်းကိုထည့်အံ့၊ ဆားကိုလည်းထည့်အံ့၊ ချင်း၊ ငရုတ်၊ ဇီရာကိုလည်းထည့်အံ့၊ ထိုမှတပါးသော အဆောက်အဦတို့ကိုမှလည်း ထည့်အံ့၊ ထိုယောက်ျားအား မင်းကြီးသည် နို့ဓမ်းအရသာကိုဆောင်ခဲ့၊ဆား၏အရသာကိုဆောင်ခဲ့၊ချင်း၊ငရုတ်၊ဇီရာတို့၏ အရသာကိုဆောင်ခဲ့၊ထိုမှတပါး ထည့်အပ်သော အရသာကိုဆောင်ခဲ့ဟုဆိုအံ့၊ မင်းကြီး၊ထိုယောက်ျားသည် တပေါင်းတည်းတချက်တည်းအဖြစ်သို့ရောက်သော အရသာတို့ဖြင့် အချဉ်ကိုရင်း၊ အငန်ကိုရင်း၊ အစပ်ကိုရင်း၊ အခါးကိုရင်း၊ အဖန်ကိုရင်း၊ အချိုကိုရင်း၊ အသီးအသီး ဝေဘန်ခွဲခြမ်း၍ဆောင်ခြင်းငှါ တတ်နိုင်အံ့လောဟု မေးသော် အရှင်ဘုရား၊ တပေါင်းတည်း ဖြစ်လေပြီးသော အရသာတို့၏သဘောကို အသီးအသီး ဝေဘန်၍ ခွဲခြမ်း၍ ဆောင်ခြင်းငှါ မတတ်နိုင်ချေ၊ စင်စစ်သော်ကား မိမိတို့လက္ခဏာဖြင့်

ထင်ရှားစွာဖြစ်ကုန်၏ဟုဆိုသော် မင်းကြီး၊ ထိုအချဉ်၊ အငန်စသောအရသာတို့သည် တပေါင်းတည်း ဖြစ်ကုန်သကဲ့သို့၊ ထိုအတူ မင်းကြီး၊ တပေါင်းတည်း တပြိုင်နက်တည်း ဖြစ်ကုန်သော ဖဿအစရှိသော တရားတို့၏ထူးကြောင်းကို အသီးအသီးခွဲခြမ်း၍ သိခြင်းငှါ မတတ်ကောင်း၊ စင်စစ်သော်ကား မိမိမိမိတို့၏လက္ခဏာဖြင့် ထင်ရှားစွာဖြစ်ကုန်၏ဟု ဖြေသော်၊ အရှင်ဘုရား၊ သင့်တင့်လျောက်ပတ်ပေ၏ဟု ဝန်ခံလေ၏။

ဖဿာဒိဝိနိဗ္ဘုဇနပဥှာပြီး၏။

---

## ၄၁။ နာဂသေနမိလိန္ဒမဟာရာဇပဥှာ

**ဆားပြဿနာ**…ရှင်နာဂသေနမထေရ်သည် မင်းကြီး၊ ဆားကိုစက္ခုဝိညာဉ်ဖြင့် သိအပ် မြင်အပ်မည်လောဟု မေးသော် အရှင်ဘုရား၊ ဆားကိုစက္ခုဝိညာဉ်ဖြင့် သိအပ်မြင်အပ်၏ဟုဝန်ခံ၏၊ မင်းကြီး၊ ထိုစကားကို ကောင်းစွာကြပ်ကြပ် မှတ်လေသိလေဦးလော့ဟုဆိုလျှင် အရှင်ဘုရား၊ အသို့နည်း၊ ဆားကို ဇိဝှါဝိညာဉ်သာ ငန်သောအဖြစ်ကို သိအပ်သလောဟုမေးပြန်၏၊ မင်းကြီး၊ ဆားကို ဇိဝှါဝိညာဉ်ဖြင့် ငန်သည်ကို သိအပ်၏ဟု ဝန်ခံ၏၊ အရှင်ဘုရား၊ အသို့နည်း၊ အလုံးစုံသော ဆားကို ဇိဝှါဝိညာဉ်ဖြင့် ငန်သည်ကို သိမည်လောဟုမေးပြန်သော်၊ မင်းကြီး၊ အလုံးစုံသောဆားကိုဇိဝှါဝိညာဉ်ဖြင့် ငန်သည်ကိုသိနိုင်၏ဟုဖြေသော်၊ အရှင်ဘုရား၊ အလုံးစုံသောဆားကို ဇိဝှါဝိညာဉ်ဖြင့်ငန်သောအဖြစ်ကို အကယ်၍တည်းသိလေအံ့၊ အဘယ်ကြောင့်ကားထိုဆားကိုလှည်းတို့ဖြင့် နွားလားတို့သည် ဆောင်အပ်လေကုန်သနည်း၊ ငန်သောအရသာကိုသာလျှင် ဆောင်အပ်လေသည်မဟုတ်လောဟုဆိုသော်၊ မင်းကြီး၊ ငန်သောအရသာကိုသာလျှင် အသီးထုတ်၍ဆောင်ခြင်းငှါမတတ်ကောင်း၊ ထိုဆားပဉ္စသောရုပ်ပါ၍၊ ငန်သောအရသာတို့သည်တပေါင်းတည်းအတူတကွဖြစ်ကြကုန်၏၊ ကျောက်စားရာအားဖြင့် ထုးသည်၏ အဖြစ်တို့သို့ ရောက်ကြကုန်၏၊ ဆားသည် လေးသည်၏ အဖြစ်ကိုမူကားစဉ်းချိန်ခွင်ဖြင့် ချိန်ခြင်းငှါတတ်နိုင်၏လောဟုမေးသော်၊ အရှင်ဘုရား၊ ဆားကို စဉ်းချိန်ခွင်ဖြင့် ချိန်ခြင်းငှါ တတ်ကောင်း၏ဟု ဆိုသော်၊မင်းကြီး၊ငန်သောအရသာကို စဉ်းချိန်ခွင်ဖြင့်ချိန်ခြင်းငှါမတတ်ကောင်း၊ လေးသည်၏အဖြစ်ကိုသာ စဉ်းချိန်ခွင်ဖြင့် ချိန်ခြင်းငှါတတ်

ကောင်း၏ဟု ဆိုသော်၊ အရှင်ဘုရား၊ သင့်တင့်လျောက်ပတ်ပေ၏ဟု ဝန်ခံလေ၏။

နာဂသေနမိလိန္ဒမဟာရာဇပဉှာပြီး၏။

## ၄၂။ ပဉ္စာယတနကမ္မနိဗ္ဗတ္တပဉှာ

**စက္ခာယတနစသည်အကြောင်းကံတူသလော**..မိလိန္ဒမင်းသည် အရှင် ဘုရား၊ စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ—ဟုဆိုအပ်သော ငါးပါးသော အာယတနတို့သည်ရှိကုန်၏၊ ထိုငါးပါးကုန်သော အာယတနတို့သည် အထူးထူးသောကံ၊ အသီးအသီးသောကံတို့ကြောင့် ဖြစ်ကုန်သလော၊ ထိုသို့မဟုတ်မူကား တခုတည်းသော ကံကြောင့် ဖြစ်ကုန်သလောဟု မေး၏။

မင်းကြီး၊စက္ခာယတနအစရှိသောငါးပါးသော အာယတနတို့သည် အထူးထူးသောကံ၊ အသီးအသီးသောကံကြောင့်ဖြစ်ကုန်၏၊ တခုသော ကံကြောင့် ဖြစ်ကုန်၏ဟူ၍ မရှိကုန်ဟုဖြေ၏။ ။အရှင်ဘုရား၊ ဥပမာ အားဖြင့် ပြပါဦးလော့ဟုဆိုလျှင်၊ မင်းကြီး၊ အသို့အောက်မေ့သနည်း၊ လယ်တကွင်း၌ငါးပါးသော မျိုးစေ့တို့ကိုစိုက်ပျိုးကုန်အံ့၊ ထိုအထူးထူးသောမျိုးစေ့တို့၏အထူးထူးသောအသီးတို့သည် ဖြစ်ကုန်ရာသည်မဟုတ်လောဟုမေးသော်၊ အရှင်ဘုရား၊ အထူးထူးသော မျိုးစေ့တို့၏အသီးသည်မျိုးစေ့သို့လိုက်၍ အထူးထူးဖြစ်ကြကုန်၏ဟုဆိုသော်၊ မင်းကြီး၊ ထိုအတူရင်း အကြင်ငါးပါးသောစက္ခုအစရှိသော အာယတနတို့သည် အထူးထူးသောကံတို့ကြောင့် ဖြစ်ကုန်၏၊တခုသောကံကြောင့်ဖြစ်ကုန်ဟုဖြေသော်၊အရှင်ဘုရား၊ သင့်တင့်လျောက်ပတ်ပေ၏ဟုဝန်ခံလေ၏။

ပဉ္စာယတနကမ္မနိဗ္ဗတ္တပဉှာပြီး၏။

## ၄၃။ ကမ္မနာနာကရဏပဉှာ

**အသက်တို့ရှည်ခြားနားပုံ**......မိလိန္ဒမင်းသည် အရှင် ဘုရား၊ အဘယ် အကြောင်း ကြောင့် လူခပ်သိမ်းတို့သည်မတူကြကုန်သနည်း၊ အချို့သောသူတို့သည် အသက်တို

ကုန်၏၊အချို့သောသူတို့သည်အသက်ရှည်ကုန်၏၊ အချို့သောသူတို့သည် အနာများကုန်၏၊ အချို့သောသူတို့သည် အနာမရှိကုန်၊ အချို့သောသူတို့သည် အဆင်းမလှကုန်၊ အချို့သောသူတို့သည် အဆင်းလှကုန်၏၊ အချို့သောသူတို့သည်တန်ခိုးနည်းကုန်၏၊ အချို့သောသူတို့သည်တန်ခိုးကြီးကုန်၏၊ အချို့သောသူတို့သည် ဥစ္စာနည်းကုန်၏၊ အချို့သောသူတို့သည်ဥစ္စာများကုန်၏၊ အချို့သော သူတို့သည် အမျိုးမြတ်ကုန်၏၊ အချို့သောသူတို့သည်အမျိုးယုတ်ကုန်၏၊အချို့သောသူတို့သည်ပညာမရှိကုန်၊ အချို့သောသူတို့သည် ပညာရှိကုန်၏၊ အဘယ်ကြောင့် လူအပေါင်းတို့သည် မတူကြကုန်သနည်းဟု မေး၏။ ။ရှင်နာဂသေန မထေရ်သည် မင်းကြီး၊အဘယ်ကြောင့် ခပ်သိမ်းသောသစ်ပင်တို့သည် မတူကြကုန်သည်ဖြစ်၍ အချို့သောသစ်ပင်တို့သည် ချဉ်ကုန်သနည်း၊ အချို့သောသစ်ပင်တို့သည် ငန်ကုန်သနည်း၊ အချို့သောသစ်ပင်တို့သည် ခါးကုန်သနည်း၊အချို့သောသစ်ပင်တို့သည်စပ်ကုန်သနည်း၊ အချို့သောသစ်ပင်တို့သည်ဖန်ကုန်သနည်း၊ အချို့သောသစ်ပင်တို့သည် ချိုကုန်သနည်းဟု ဆိုသော်၊ အရှင်ဘုရား၊ အောက်မေ့ပါပြီ၊ မျိုးစေ့တို့၏ အသီးအသီး ထူးကြသောကြောင့် အထူးထူးဖြစ်ကုန်၏ဟုဆိုသော်၊ မင်းကြီး၊ ထိုကဲ့သို့ရင်း ကံတရားတို့၏အထူးထူးသော အကြောင်းကြောင့် ခပ်သိမ်းသောလူတို့သည် မတူကြကုန်သည်ဖြစ်၍ အသက်တိုသည်၊ အသက်ရှည်သည်၊အနာများသည်၊ အနာမရှိသည်၊ အဆင်းမလှသည်၊ အဆင်းလှသည်၊ တန်ခိုးနည်းသည်၊ တန်ခိုးကြီးသည်၊ ဥစ္စာနည်းသည်၊ ဥစ္စာများသည်၊ နိမ့်သော အမျိုးရှိသည်၊ မြတ်သောအမျိုးရှိသည်၊ ပညာမရှိသည်၊ပညာရှိသည်၊ ဤတဆဲ့လေးပါးသော အခြင်းအရာတို့သည် ကံထူးကြသောကြောင့်မတူကြကုန်ဟု ဖြေပြီး၍ ထိုသို့မတူကြကြောင်းကို ငါသာလျှင်ဆိုသည်မဟုတ်၊မြတ်စွာဘုရားသည်လည်း သုဘလုလင်ကို ဟောတော်မူအပ်၏။ ။ဟောကြောင်းကား—

ကမ္မဿကာ မာဏဝကာ သတ္တာ ကမ္မဒါယာဒါ ကမ္မယောနီ ကမ္မဗန္ဓူ။ ကမ္မပ္ပဋိသရဏာ ကမ္မံ သတ္တေ ဝိဘဇတိ ယဒိဒံ ဟီနပ္ပဏီတတာယ။

မာဏဝက၊ သုဘလုလင်။ သတ္တာ၊ သတ္တဝါတို့သည်။ ကမ္မဿကာ၊ ကံသာလျှင်မိမိဥစ္စာဖြစ်ကုန်၏။ ကမ္မဒါယာဒါ၊ ကံ၏အမွေခံသာဖြစ်ကုန်၏။

ကမ္မယောနီ၊ကံသာလျှင်အမျိုးဖြစ်ကုန်၏။ကမ္မဗန္ဓူ၊ ကံသာလျှင် အဆွေဖြစ်ကုန်၏။ကမ္မပ္ပဋိသရဏာ၊ ကံသာလျှင် ကိုးကွယ်ရာဖြစ်ကုန်၏။ ဟိန္ဒ ပဏီတတာယ၊ယုတ်သည်၏အဖြစ် မြတ်သည်၏အဖြစ်ဖြင့်။ ယဒိဒံကမ္မံ၊ အကြင်ကံသည်။အတ္ထိ၊ရှိ၏။တံကမ္မံ၊ထိုကံသည်။သတ္တေ၊ သတ္တဝါတို့ကို။ ဝိဘဇတိ၊ဝေဘန်၏။ ။ဤသို့သာဓကပါဠိဖြင့်ပြသော်၊ အရှင်ဘုရား၊ သင့်တင့်လျောက်ပတ်ပေ၏ဟုဝန်ခံလေ၏။

ကမ္မနာနာကရဏပဥှာပြီး၏။

---

## ၄၄။ ပဒ္ဒိကစ္ဆေဝ ဝါယာမကရဏပဥှာ

**လာမည့်ဘေးတွေး၍ကြောက်ပုံ**……မိလိန္ဒမင်းသည် အရှင်ဘုရား၊ အရှင်ဘုရားတို့သည် ဤဝဋ်ဆင်းရဲဒုက္ခသည်ချုပ်၏၊တပါးသော ဝဋ်ဆင်းရဲသည် မဖြစ်မိမ့်သော၌ ထိုရဟန်း၏အဖြစ်သည် ရှိ၏ဟုဆိုကြ၏၊အရှင်ဘုရား၊ဆင်းရဲစင်စစ် တွေ့သောအခါ လုံ့လပြုအပ်ပါသည် မဟုတ်တုံလော၊ အဘယ်ကြောင့် ဆင်းရဲမတွေ့မီ ရှေးဦးကလျှင် လုံ့လပြု၍ ရဟန်းပြုလေသနည်းဟု မေးသော် အရှင်နာဂသေနမထေရ်သည် မင်းကြီး၊ အမှုရောက်သောအခါမှ ပြုအပ်သော လုံ့လသည် အမှုကို ပြီးစေတတ်သည်မဖြစ်၊ အမှုမရောက်မီ မတွေ့မီအခါ ရှေးဦးစွာက ပြုအပ်သော လုံ့လသာလျှင် အမှုကိစ္စကို ပြီးစေတတ်၏ဟုဆိုသော်၊အရှင်ဘုရား၊ဥပမာဖြင့် ပြတော်မူပါဦးလော့ဟု ဆို၏။ ။မင်းကြီး၊ ဥပမာသော်ကား •မင်းကြီးသည် အကြင်အခါ ရေမွတ်သိပ်သည်ဖြစ်အံ့၊ ထိုအခါ ရေသောက်အံ့သော၌ ရေတွင်းရေကန်ကိုတူးအံ့လောဟုမေးသော်၊ အရှင်ဘုရား၊ ရေငတ်မှ ရေတွင်းရေကန်ကို မတူးမဆည်းချေ၊ ရှေးဦးစွာ ရေတွင်းရေကန်ကို တူးမှဆည်းမှသာလျှင် ရေကိုသောက်ရချေမည်ဟုဆိုသော်၊ မင်းကြီး၊ ထိုအတူ အခါရောက်မှ အမှုကိစ္စကို အားထုတ်သည်ရှိသော် ကိစ္စမပြီးချေ၊ ရှေးဦးစွာ လုံ့လကို အားထုတ်မှ လိုအပ်သောကိစ္စအပြီးသို့ ရောက်သည်ဟုဖြေ၏။ ။အရှင်ဘုရား၊လွန်စွာ ဥပမာပြုပါဦးလော့ဟု ဆိုသော် မင်းကြီး၊သင်မင်းကြီးသည် အကြင်ထမင်းစားခြင်း၌အလိုရှိအံ့၊ ထိုအခါ ထမင်းစား လို၏ဟု လယ်ထွန်ခြင်း၊မျိုးကြဲခြင်း၊သလေးစပါးဆောင်ခြင်း

အမှုကိုပြုအံ့လောဟု မေးသော်၊ အရှင်ဘုရား၊ ရှေးဦးစွာက စိုက်ပျိုးခြင်း အမှုကိုပြုမှသာလျှင် ထမင်းစားရချေမည်၊ ရှေးဦးစွာက စိုက်ပျိုးခြင်း ကို မပြုသော် ထမင်းမစားရချေဟုဆို၏၊ မင်းကြီး၊ ထို့အတူ အခါ ရောက်မှပြုအပ်သော လုံ့လသည် အမှုကိုမပြီးစေနိုင်၊ စောစောကလျှင် ကြိုတင်၍ လုံ့လကို ပြုခြင်းသည် အမှုကိစ္စကို ပြီးစေနိုင်၏ဟု ဖြေ၏။ ။

အရှင်ဘုရား၊ လွန်စွာဥပမာပြုပါဦး လော့ဟု ဆိုပြန်၏၊ မင်းကြီး၊ ဥပမာ သော်ကား မင်းကြီးအား စစ်ထိုးအံ့သော ငါ ရန်သူပေါ်အံ့၊ ထိုအခါ မင်းကြီးသည် မြို့၊ကျုံး၊ တံတိုင်း၊ပြအိုး၊ ပတ္တင်၊ ရင်တားတို့ကိုပြုလုပ်အံ့ လော၊မျိုးရိက္ခာစပါးကိုရုံ့အံ့လော၊ထိုအခါဆင်အတတ်၊မြင်းအတတ်၊ ရထားအတတ်တို့ကို သင်အံ့လောဟု မေးသော်၊အရှင်ဘုရား၊ ထိုသို့မ ဟုတ် ရှေးဦးစွာက အမှုကိုကြိုတင်၍ ပြုရချေသည်ဟုဆို၏၊မင်းကြီး၊ထို အတူ အခါရောက်မှ ပြုအပ်သော လုံ့လသည် အမှုကို မပြီးစေနိုင်၊အခါ မရောက်မီက ပြုအပ်သော လုံ့လသာလျှင် အမှုကိစ္စကို ပြီးစေနိုင်၏ဟု ဖြေပြီး၍၊မင်းကြီး၊ငါသာလျှင်အမှုကိစ္စမရှိမီ ရှေးဦးစွာလုံ့လပြုအပ်သည် ၏ အဖြစ်ကိုဆိုသည်မဟုတ်၊ ဘုရားရှင်လည်း အမှုမရှိမီ လုံ့လအားထုတ် သင့်ကြောင်းကို ဟောတော်မူ၏၊ ဟောကြောင်းကား—

ပဋိကစ္စေဝ ကရေယျ၊ ယံ ဇညာ ဟိတမတ္တနော။
န သာကဋိကစိန္တာယ၊ မန္တာ ဓီရော ပရက္ကမေ။ ။

ယထာ သာကဋိကော နာမ၊ သမံ ဟိတွာ မဟာပထံ။
ဝိသမံ မဂ္ဂမာရုယှ၊ အက္ခစ္ဆိန္နောဝ ဈာယတိ။ ။

ဧဝံ ဓမ္မာ အပက္ကမ္မ၊ အဓမ္မံ အနုဝတ္တိယ။
မန္ဒော မစ္စုမုခံ ပတ္တော၊ အက္ခစ္ဆိန္နောဝ သောစတိ။ ။

အတ္တနော၊ မိမိ၏။ ဟိတံ၊ အစီးအပွါးကို။ ဇာနန္တော၊ အလိုရှိသော။ ဓီရော၊ ပညာရှိသည်။ ပရက္ကမေ၊ လုံ့လကို ပြုခြင်း၌။ ပဋိကစ္စေဝ၊ ရှေးဦးစွာစောစောကလျှင်။ ယံ၊ အကြင်အစီးအပွါးကို။ ဇညာ၊ သိ၍။ ကရေယျ၊ ပြုရာ၏။ သာကဋိကစိန္တာယ၊ လှည်းကုန်သည်၏ ကြံခြင်းဖြင့်။ မန္တာ၊ နှေးနှေး။ န ကရေယျ၊ မပြုရာ။ ယထာ၊ ဥပမာသော်ကား။ သာကဋိကော၊ လှည်းကုန်သည်သည်။ သမံ၊ ညီညွတ်သော။ မဟာပထံ၊ ခရီးမ

ကို။ ဟိတွာ၊ စွန့်၍။ ဝိသမံ၊ မညီမညွတ်သော။ မဂ္ဂံ၊ ခရီးသို့။ အာရုယှ၊ တက်၍။ ဂတတ္တာ၊ သွားသည်၏အဖြစ်ကြောင့်။ အက္ခစ္ဆိန္နော ဝ၊ ဝင်ရိုးကျိုးလျက်လျှင်။ ဗျာယတိယထာ၊ ကြံမှိုင်ကာနေရလေသကဲ့သို့။ ဧဝံ တထာ၊ ထိုအတူ။ ဓမ္မာ၊ သူတော်ကောင်းတရားမှ။ အပက္ကမ္မ၊ ဖဲကြဉ်၍။ အဓမ္မံ၊ မသူတော်တရားသို့။ အနုဝတ္တိယ၊ လိုက်၍။ စရိတတ္တာ၊ ကျင့်သည်၏အဖြစ်ကြောင့်။ မစ္စုမုခံ၊ သေမင်း၏ခံတွင်းသို့။ ပတ္တော၊ ရောက်သည်ရှိသော်။ အက္ခစ္ဆိန္နောဝ၊ ဝင်ရိုးကျိုးလေသကဲ့သို့လျှင်။ သောမန္ဒော၊ ထိုသူမိုက်သည်။ သောစတိ၊ စိုးရိမ်လေ၏။ ။ဤသို့သက်သေသာဓကဘုရားဟောတော်မူအပ်သောတရားကိုပြလျှင် အရှင်ဘုရား၊ သင့်တင့်လျောက်ပတ်ပေ၏ဟုဝန်ခံလေ၏။

ပဋိကစ္စဝေဝါယာမကရဏပဉ္ဟာပြီး၏။

## ၄၅။ ပကတိအင်္ဂတောနေရယင်္ဂိနံ ဥဏ္ဍဘာ၀ပဉ္ဟာ

**ငရဲမီးပူပြင်းပုံ**……မိလိန္ဒမင်းသည် အရှင်ဘုရား၊ အရှင်ဘုရားတို့သည် ပြကတေ့မီးပူသောထက် ငရဲမီး၏ပူခြင်းသည်အတိုင်းထက်လွန်စွာ အထူးသဖြင့်ပူ၏ဟု ဆိုကြကုန်၏၊ ငယ်စွာဖြစ်သောကျောက်ခဲကိုပြကတေ့မီး၌ပစ်ချအပ်သည်ဖြစ်၍ တနေ့ပတ်လုံးလျှော်အပ်ဖုတ်အပ်သည်ရှိသော်လည်းကြေခြင်းသို့မရောက်၊ စုလစ်မွန်းချွန်ပမာဏရှိသော ကျောက်ဖျာကြီးကို ငရဲ၌ ပစ်ချလိုက်သည်ရှိသော် တခဏခြင်း ကြေခြင်းသို့ ရောက်၏ဟု အရှင်ဘုရားတို့ ဆိုကြကုန်၏၊ ထိုစကားကိုတကာတော်မယုံပါ၊ အရှင်ဘုရားတို့သည် အကြင်သတ္တဝါတို့သည်ငရဲ၌ဖြစ်ကုန်၏၊ ထိုသတ္တဝါတို့သည်များစွာသောနှစ်တို့ပတ်လုံး ငရဲ၌ ခံရကျက်ရကုန်သည်ရှိသော်လည်း ကြေခြင်းသို့ မရောက်ကုန်ဟု အရှင်ဘုရားတို့ဆိုကြကုန်၏၊ ထိုစကားကိုလည်း တကာတော်မယုံနိုင်ပါဟုဆို၏။ ။ရှင်နာဂသေနမထေရ်သည် မင်းကြီး၊ အသို့အောက်မေ့သနည်း၊ ရေ၌ကျင်လည်ကုန်သောမကောင်းမ၊ မိကျောင်းမ၊ ငါးတို့သည်ရင်း၊ ကြည်း၌ကျင်လည်ကုန်သော ခရုမ၊ ဥဒေါင်းမ၊ ခိုမတို့သည် ရင်း၊ ကျောက်ခဲ ကျောက်စရစ်တို့ကို မျိုကုန်သည် မဟုတ်လောဟု ဆို၏၊ အရှင်ဘုရား၊ ထိုသတ္တဝါတို့သည် ကျောက်ခဲ ကျောက်စရစ်တို့ကို မျိုကြကုန်၏ဟုဆိုသော်၊ မင်းကြီး အသို့နည်း၊ ထိုကျောက်ခဲ

ကျောက်စရစ်တို့သည် သတ္တဝါတို့၏ ဝမ်းတွင်းသို့ ရောက်သည်ရှိသော် ကြေခြင်းသို့ ရောက်ကုန်၏၊ အကြင် ဆိုအပ်ပြီးသော သတ္တဝါတို့၏ ဝမ်းတွင်း၌တည်သော ထိုပဋိသန္ဓေသည်ကြေခြင်းသို့ရောက်ရာသလော ဟုမေးသော်၊ အရှင်ဘုရား၊ ထိုသတ္တဝါတို့၏ဝမ်း၌ကျောက်ခဲကျောက် စရစ်သာကြေ၍ စွဲအပ်သော ပဋိသန္ဓေ မကြေချေဟုဆို၏၊ မင်းကြီး၊ အဘယ်ကြောင့်နည်းဟုမေးသော်၊ အရှင်ဘုရား၊ ကံတရားသည်အထူး စိုးရင်အပ်သောကြောင့် ကြေခြင်းသို့ မရောက် ပေဟုဆို၏၊ မင်းကြီး၊ ထိုအတူ ကံသည် အထူးစိုးရင်အပ်သောကြောင့် ငရဲသူသတ္တဝါတို့သည် များစွာသော နှစ်တို့ပတ်လုံးငရဲ၌ ခံရသည်ရှိသော်လည်း ကြေခြင်းသို့ မရောက်ကုန်ဟု ဖြေပြီး၍ မင်းကြီး၊ ထိုငရဲသူတို့ မကြေ မပျောက် ကြောင်းကိုငါသာလျှင်ပြောဆိုသည်မဟုတ်၊ မြတ်စွာဘုရားလည်းဟော တော်မူပေ၏ဟု သာဓကသက်သေဖြင့်ပြပြန်၏။ ။သာဓကပါဠိကား-

သော န တာဝ ကာလံ ကရောတိ၊ ယာဝ န တံ ပါပကမ္မံ ဗျန္တိ ဟောတိ။

နေရယိကာနံ၊ ငရဲသူသတ္တဝါတို့အား။သော၊ အကြင်ရွှေ့လောက်။ တံပါပကမ္မံ၊ ထိုမကောင်းမှုကံသည်။ဗျန္တိ၊ ဆုံးခြင်းကုန်ခြင်းသို့ရောက် သည်၊ နဟောတိ၊ မဖြစ်။ တာဝ၊ထိုရွှေ့လောက်သော ငရဲသူသတ္တဝါ တို့သည်။ နကာလံကရောတိ၊ စုတေခြင်းကိုမပြု။ ။ဤသို့သာဓကပါဠိ ဖြင့် ဖြေသော်၊အရှင်ဘုရား၊ ဥပမာဖြင့် ပြတော်မူပါဦးလော့ဟုဆို၏၊ မင်းကြီး၊ အသို့အောက်မေ့သနည်း၊ ခြင်္သေ့မ၊ ကျားမ၊ ကြက်မ တို့ သည် ရှိကုန်၏၊ ထိုခြင်္သေ့မ၊ ကျားမ၊ ကြက်မတို့သည် ကြမ်းတမ်း ရုန့်ရင်းကုန်သော အရိုးအသားတို့ကို စားကုန်သည်မဟုတ်ကုန်လောဟု မေးသော်၊ အရှင်ဘုရား၊ ထိုသတ္တဝါမတို့သည် ရုန့်ရင်းသော အရိုး အသားတို့ကို စားကြကုန်၏ဟုဆိုသော်၊အဘယ်ကြောင့် ထိုသတ္တဝါမ တို့၏ ဝမ်းတွင်းသို့ရောက်ကုန်သော ရုန့်ရင်းသောအရိုးအသားတို့သည် ကြေခြင်းသို့ရောက်ကုန်သနည်း၊ ထိုသတ္တဝါမတို့ ဝမ်းတွင်းသို့ရောက် သော တည်သောကိုယ်ဝန်သည် ကြေခြင်းသို့ရောက်သလောဟု မေး သော်၊ အရှင်ဘုရား၊ ထိုသတ္တဝါမတို့၏ ကိုယ်ဝန်သည် ကြေခြင်းသို့ မ ရောက်ချေဟုဆို၏၊ မင်းကြီး၊ အဘယ်ကြောင့်နည်းဟု မေးပြန်သော်

အရှင်ဘုရား၊ သိရပါပြီ၊ ကံတရားသည် အထူးစိုးရိမ်အပ်လေသောကြောင့် ထိုသတ္တဝါမတို့၏ဝမ်း၌ ရှန့်ရင်းသော အရိုးအသားကြေ၍ ပဋိသန္ဓေ မကြေချေဟုဆို၏၊ မင်းကြီး၊ ထိုအတူ ရှင်း ကံတရားသာလျှင်အထူးစိုးရိမ်အပ်သောကြောင့် ငရဲသူသတ္တဝါတို့သည် များစွာသောနှစ်တို့ ပတ်လုံး ငရဲသို့ ခံရကျက်ရကုန်သော်လည်း ကြေခြင်းသို့ မရောက်နိုင်ကုန်ဟု ဖြေ၏၊ အရှင်ဘုရား၊ လွန်စွာ ဥပမာပြုတော်မူပါဦးလော့ဟု ဆိုလျှင် မင်းကြီး၊ အမျိုးနူးညံ့သော မိန်းမတို့သည်ငှါ ကုန်၏၊ ထိုမိန်းမတို့သည်ကြမ်းတမ်းရှန့်ရင်းကုန်သော ခဲဘွယ်အမဲတို့ကို စားကုန်သည်မဟုတ်ကုန်လောဟု ဆိုလျှင် အရှင်ဘုရား၊ ထိုမိန်းမတို့သည် ရှန့်ရင်းသောအစာတို့ကို စားကြကုန်၏ဟုဆိုသော် မင်းကြီး၊ ထိုမိန်းမတို့၏ ဝမ်းတွင်းသို့ရောက်ကုန်သော ထိုရှန့်ရင်းသောအစာတို့သည် ကြေခြင်းသို့ရောက်ကုန်သည် မဟုတ်လောဟု မေးပြန်လျှင် အရှင်ဘုရား၊ ထိုမိန်းမတို့၏ဝမ်းတွင်းသို့ ရောက်ကုန်သော ရှန့်ရင်းသော အစာတို့သည် ကြေကုန်၏ဟု ဆို၏၊ မင်းကြီး၊ အကြင်သတ္တဝါသည် ထိုမိန်းမတို့၏ဝမ်း၌ ပဋိသန္ဓေ နေအံ့၊ ထိုပဋိသန္ဓေနေသောသတ္တဝါသည် ကြေခြင်းသို့ရောက်သလေဟု ဆိုသော်၊ အရှင်ဘုရား၊ ထိုမိန်းမတို့၏ဝမ်းတွင်း၌ ပဋိသန္ဓေနေသောသတ္တဝါတို့သည် မကြေပျောက်ကုန်ဟုဆိုလျှင် မင်းကြီး၊ အဘယ်အကြောင်းကြောင့်နည်းဟု မေးပြန်သော် အရှင်ဘုရား၊ သိရပါပြီ၊ ကံတရားသာလျှင် ထိုသတ္တဝါတို့အား အထူးစိုးရိမ်အပ်သောကြောင့် ကြေခြင်းသို့ မရောက်ချေဟုဆို၏၊ မင်းကြီး၊ ထိုအတူ ကံတရားသာလျှင် စိုးရိမ်အပ်သောကြောင့် ငရဲသူသတ္တဝါတို့သည် များစွာသောနှစ်တို့ပတ်လုံး ငရဲ၌ ခံရ ကျက်ရသော်လည်း ကြေခြင်းသို့ မရောက်ကုန်ဟု ဖြေဆို၍ ထိုစကားကိုငါသာလျှင်မဆို၊ ဘုရားရှင်လည်း ဟောတော်မူအပ်၏ဟု သာဓကသက်သေပြပြန်၏။ ။သာဓကပါဠိကား—

သော န တာဝ ကာလံ ကရောတိ၊ ယာဝ န တံ ပါပကမ္မံ ဗျန္တိ ဟောတိ။

(အနက်ကား ယောဇနာခဲ့ပြီ)။ ။အရှင်ဘုရား သင့်တင့် လျောက်ပတ်ပေ၏ဟု ဝန်ခံလေ၏။

ပကတိ အဂ္ဂိတော နေရယဂ္ဂိနံ ဥဏှာဘာဝပဉှာပြီး၏။

## ၄၆။ ပထဝီသန္ဓာရကပဉှာ

**မြေ,ရေ,လေထုတည်ပုံ** .... မိလိန္ဒမင်းသည် အရှင်ဘုရား၊ အရှင်ဘုရားတို့သည်ဤနှစ်သိန်း‌လေး‌သောင်း အထုထုသော မြေကြီးသည် ရေပေါ်၌တည်၏၊ ရေသည် လေ၌တည်၏၊လေသည်အောက်ကောင်းကင်၌တည်၏ဟုဆိုကြကုန်၏၊ထိုစကားကို တကာတော်မယုံပါဟုဆိုသော်၊ရှင်နာဂသေနမထေရ်သည် ဓမ္မကရိုဏ်ဖြင့် ရေကိုယူ၍၊ မင်းကြီး၊ ဤဓမ္မကရိုဏ်၌ ရှိသောရေကို လေသည် ဆောင်အပ်သကဲ့သို့၊ ထိုအတူ ထိုမြေကိုခံသောရေကိုလည်း လေသည် ဆောင်အပ်၏ဟု သိစေသော်၊ အရှင်ဘုရား၊ သင့်တင့်လျောက်ပတ်ပေ၏ဟု ဝန်ခံလေ၏။

ပထဝီသန္ဓာရကပဉှာပြီး၏။

---

## ၄၇။ နိရောဓနိဗ္ဗာနပဉှာ

**ဝဋ်ချုပ်ငြိမ်းရာနိဗ္ဗာန်** ......မိလိန္ဒမင်းသည်အရှင်ဘုရား၊ဝဋ်ဆင်းရဲ၏ချုပ်ရာသည် နိဗ္ဗာန်လောဟု မေးသော် မင်းကြီး၊ ဝဋ်ဆင်းရဲ၏ချုပ်ရာသည် နိဗ္ဗာန်မည်၏ဟု ဖြေ၏၊ အရှင်ဘုရား၊ အဘယ်ကြောင့် ဝဋ်ဆင်းရဲ၏ ကင်းရာချုပ်ရာသည်နိဗ္ဗာန်မည်သနည်းဟုမေးသော် မင်းကြီး၊ အလုံးစုံသော ဗာလပုထုဇဉ်တို့သည် အဇ္ဈတ္တိကအာယတန၊ ဗာဟိရအာယတနတို့၌ အလွန်နှစ်သက်ကုန်၏၊ အလွန်ချီးမွမ်းပြောဆိုကုန်၏၊ မက်မောစွာတည်ကုန်၏၊ ထိုသို့သောသံသရာဝဋ်ဆင်းရဲအယဉ်ဖြင့် မျောကုန်၏၊ ဇာတိ၊ဇရာ၊ မရဏ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဉပါယာသတို့မှ မလွတ်ကုန်သည်ဖြစ်၍ ဆင်းရဲခြင်း ဝဋ်တရားအပေါင်းမှ မလွတ်ကုန်၊ မင်းကြီး၊ မြတ်သော အရိယာတပည့်သည် အဇ္ဈတ္တိကအာယတန၊ ဗာဟိရအာယတနတို့၌ နှစ်သက်ခြင်းမရှိ၊ အထူးပြောဆိုခြင်းမရှိ၊ မက်မောခြင်းမရှိသည်ဖြစ်၍တည်ကြည်၏၊ ဤသို့တည်ကြည်သောမြတ်သောအရိယာတပည့်အား တဏှာတရားသည်ချုပ်၏၊ တဏှာချုပ်သော် ဉပါဒါန်တရားသည်ချုပ်၏၊ဉပါဒါန်တရားချုပ်သောကြောင့် ဘဝသည်ချုပ်၏၊ ဘဝချုပ်သောကြောင့် ဇာတိ တရားချုပ်၏၊ ဇာတိချုပ်သောကြောင့်

ဒိုခြင်း၊ သေခြင်း၊ စိုးရိမ်ခြင်း၊ ငိုကြွေးခြင်း၊ ဆင်းရဲခြင်း၊ နှလုံးမသာခြင်း၊ သက်ကြီးရှိုက်တငင်ပင်ပန်းခြင်းတို့သည် ချုပ်ကုန်၏၊ ဤသို့လျှင် အလုံးစုံသော ဝဋ်ဆင်းရဲ၏ချုပ်ခြင်းသည်ဖြစ်၏၊ ဤသို့လျှင်ဝဋ်ဆင်းရဲအပေါင်း၏ချုပ်ရာ ချုပ်ကြောင်း တရားအပေါင်းသည် နိဗ္ဗာန်မည်၏ဟုဖြေသော်၊အရှင်ဘုရား၊ သင့်တင့်လျောက်ပတ်ပေ၏ဟုဝန်ခံလေ၏။

နိရောဓနိဗ္ဗာနပဥှာပြီး၏။

---

## ၄၈။ နိဗ္ဗာနလာဘနပဥှာ

**လူတိုင်းနိဗ္ဗာန်ရပါသလော**······မိလိန္ဒ မင်းသည် အရှင်ဘုရား၊ ခပ် သိမ်း သော သူအပေါင်းတို့သည် ပင်လျှင် နိဗ္ဗာန်ကို ရကုန် သလောဟု မေးသော်၊ မင်းကြီး၊ အလုံးစုံသော သူတို့သည်ပင်လျှင် နိဗ္ဗာန်ကိုမရကုန်ဟုဆို၍ မင်းကြီး၊ အကြင်ပုဂ္ဂိုလ်သည် ကောင်းစွာကျင့်သည်ဖြစ်၍ ထိုးထွင်း၍ သိအပ်သောတရားတို့ကိုသိ၏၊ ပိုင်းခြားအပ်သောတရားတို့ကိုပိုင်းခြား၍သိ၏၊ ပယ်အပ်သော တရားတို့ကိုပယ်၏၊ ပွါးစေအပ်သော တရားတို့ကိုပွါးစေ၏၊ မျက်မှောက်ပြုအပ်သော တရားတို့ကိုမျက်မှောက်ပြု၏၊ ထိုသူမြတ်သည်နိဗ္ဗာန်ကိုရ၏ဟု ဖြေသော်၊အရှင်ဘုရား၊ သင့်တင့်လျောက်ပတ်ပေ၏ဟုဝန်ခံလေ၏။

နိဗ္ဗာနလာဘနပဥှာပြီး၏။

---

## ၄၉။ နိဗ္ဗာနံအလဘန္တဿဃနိဗ္ဗာန သုခဘာဝဇာနနပဥှာ

**နိဗ္ဗာန်၏သန္တိသုခကိုသိနိုင်ပါသလော**···· မိ လိန္ဒ မင်း သည် အရှင်ဘုရား၊ အကြင်သူသည် နိဗ္ဗာန်ကို မရ၊ ထိုမရသောသူသည် နိဗ္ဗာန်တရား ချမ်းသာ၏ဟုအနက်အဓိပ္ပါယ်ကိုသိရာအံ့လောဟုမေး၏။

မင်းကြီး၊အကြင်သူသည်နိဗ္ဗာန်ကိုမရ၊ ထိုမရသောသူသည် နိဗ္ဗာန်တရားချမ်းသာ၏ဟူ၍ သိ၏ဟု ဖြေသော်၊အရှင်ဘုရား၊ နိဗ္ဗာန်ကိုမရဘဲလျက် နိဗ္ဗာန်သည်ချမ်းသာ၏ဟု အဘယ်ကြောင့် သိနိုင်လေသနည်းဟုမေးပြန်၏။

မင်းကြီး၊အသို့အောက်မေ့သနည်း၊အကြင်သူတို့အား ဖြတ်အပ်သော လက်ခြေရှိကုန်သည့်မဖြစ်ကုန်၊ ထိုသူတို့သည် မင်းကြီး၊ လက်ခြေ၏ ပြတ်ခြင်းသည် ဆင်းရဲ၏ဟူ၍သိရာမည်လောဟုဆိုလျှင်၊ အရှင်ဘုရား၊ လက်ခြေပြတ်သော် ဆင်းရဲလေ၏ဟု ထိုသူတို့သည် သိလေကုန်ရာ၏ဟူ၍ဆိုလျှင်၊ မင်းကြီး၊ထိုသူတို့အဘယ်ကြောင့်သိလေကုန်အံ့နည်းဟုမေးသော်၊ အရှင်ဘုရား၊ လက်ခြေပြတ်သော တပါးသူတို့၏ ငိုကြွေးသော အသံကိုကြားရ၍ လက်ခြေပြတ်သော် ဆင်းရဲချေ၏ဟူ၍ သိကုန်ရာ၏ ဟုဆိုလျှင်၊ မင်းကြီး၊ ထိုအတူအကြင်ပုဂ္ဂိုလ်မြတ်တို့သည် နိဗ္ဗာန်ကိုမြင် ကုန်၏၊ထိုနိဗ္ဗာန်ကို မြင်ကုန်သောသူတို့၏စကားကိုကြားရ၍ နိဗ္ဗာန်သည် ချမ်းသာလှ၏ ဟူ၍ သိ၏ဟု ဖြေသော်၊အရှင်ဘုရား၊ သင့်တင့်လျောက် ပတ်ပေ၏ဟုဝန်ခံလေ၏။

(နိဗ္ဗာန်ချမ်းသာစကားနှင့် လက်ခြေပြတ်သော ဆင်းရဲစကားကို ဥပမာပြုခြင်းသည် အသဒိသူပမာဖြင့်ပြု၍ ဖြေသည်ဟု ယူအပ်သည်။)

နိဗ္ဗာနံအလဘန္တဿနိဗ္ဗာနသုခဇာနနပဉှာပြီး၏။

နိဗ္ဗာနဝဂ္ဂေါ စတုတ္ထော။ ။ဣမသ္မိံဝဂ္ဂေ ဒသပဉှာ။

---

## ၅၀။ ဗုဒ္ဓဿအတ္ထိနတ္ထိဘာဝပဉှာ

**ဘုရားရှင် ရှိ မရှိ**……မိလိန္ဒမင်းသည် အရှင်ဘုရား၊ အရှင်ဘုရားသည် ဘုရားရှင်ကို မြင်ဘူး ပါ၏ လောဟု မေးသော်။ ။မင်းကြီး၊ဘုရားရှင်ကို ငါမမြင်ဘူးချေဟု ဆိုလျှင်၊ အရှင်ဘုရား ဆရာတို့သည် မြင်ဘူးပါသလေလောဟုမေးပြန်၏၊ ငါ၏ဆရာတို့သည် လည်းမမြင်ဘူးကုန်ဟု ဖြေသော်၊ အရှင်ဘုရား၊ ထိုသို့ တပြီးကား၊ ဘုရားမရှိခဲ့တကားဟုဆို၏၊ မင်းကြီး၊ အသို့ဆိုတုံသနည်း၊ ဟိမဝန္တာ၌ ဥဟာအမည်ရှိသော မြစ်ကို မင်းကြီးမြင်ဘူး၏လောဟုဆိုလျှင်၊ အရှင် ဘုရား၊ ဥဟာမည်သော မြစ်ကို တကာတော် မမြင်စဘူးချေဟုဆို၏၊ မင်းကြီး၊ဤသို့ဆိုသော် သင်မင်းကြီး၏ အဘသည် မြင်ဘူးပါ၏လော ဟုဆိုပြန်၏၊ အရှင်ဘုရား၊ တကာတော်၏ အဘလည်း မမြင်ဘူးချေဟု ဆိုသော်၊ ထိုသို့တပြီးကား မင်းကြီး၊ဥဟာမည်သော မြစ်သည် မရှိခဲ့ တကားဟု ဆို၏၊အရှင်ဘုရား၊ ဥဟာမည်သောမြစ်ကို တကာတော်

မြင်စဘူးသည် အဘကယ်၍မရှိ၊ တကာတော်၏အဘလည်း အဘကယ်၍ မြင်စဘူးသည်မရှိ၊ထိုသို့ ,မြင်စဘူးသည် မရှိသော်လည်း ဥဟာမည် သောမြစ်သည်ရှိ၏ဟုဆို၏။ ။မင်းကြီး၊ထိုအတူရှင်း ငါသည် ဘုရား ရှင်ကို အကယ်၍ မြင်စဘူးသည်မရှိ၊ ငါ၏ဆရာတို့လည်း မြင်စဘူး သည်မရှိကုန်၊ ထိုသို့ဖြစ်သော်လည်း စင်စစ်သော်ကား ဘုရားရှင်ရှိ၏ဟု ဖြေသော်၊အရှင်ဘုရား၊ သင့်တင့်လျောက်ပတ်ပေ၏ဟု ဝန်ခံလေ၏။

ဗုဒ္ဓဿအတ္ထိနတ္ထိဘာဝပဉှာပြီး၏။

---

## ၅၁။ ဗုဒ္ဓဿဘဂဝတော အနုတ္တရဘာဝပဉှာ

**ဘုရားရှင်သည်အတုမဲ့ပါသလော**…မိလိန္ဒမင်းသည် အရှင်ဘုရား၊ ဘုရားရှင်သည် အတုမရှိသော ပုဂ္ဂိုလ်ဖြစ်သလောဟုမေးသည်ရှိသော်၊ မင်းကြီး၊ဘုရားရှင်သည် အတု မရှိသော ပုဂ္ဂိုလ်မြတ်ဖြစ်၏ဟုဖြေ၏။

အရှင်ဘုရား၊ အဘယ်ကြောင့် မမြင်ဘဲလျက် ဘုရားရှင်ကို အတုမရှိ သော ပုဂ္ဂိုလ်မြတ်ဖြစ်ကြောင်းဟူ၍ သိလေသနည်းဟုမေး၏။

မင်းကြီး၊အသို့အောက်မေ့သနည်း၊ အကြင်သူတို့သည် မဟာသမုဒ္ဒ ရာကို မြင်စဘူးသည် မဖြစ်ကုန်၊ ထိုသူတို့သည် မဟာသမုဒ္ဒရာကား ကျယ်၏၊ နက်သောရေရှိ၏၊ နှိုင်းယှဉ်စရာမရှိ၊ ကူးခြင်းငှါ ခဲ၏၊ ထို သမုဒ္ဒရာ၌ ဂင်္ဂါ၊ယမုနာ၊ အစိရဝတီ၊ မဟီ၊ သရဘူဟူဆိုအပ်သော မြစ်ကြီးငါးစင်းတို့သည် မပြတ်စီးကုန်၏၊ထိုမဟာသမုဒ္ဒရာအား လျော့ ၏ဟူ၍၎င်း၊ ပြည့်၏ဟူ၍၎င်း၊မထင်နိုင်သည်မဟုတ်လောဟု ဆိုသော်၊ အရှင်ဘုရား၊ဩော်....သိပါပြီဟုဆို၏၊မင်းကြီး၊ထိုအတူရှင်းများစွာသော တပည့်တော်သာဝကပုဂ္ဂိုလ် သူမြတ်တို့ ပရိနိဗ္ဗာန်ပြုတော်မူကြသည် တို့ကိုမြင်ရ၍ ဘုရားရှင်သည် လောကသုံးပါး၌ အတုမရှိသော ပုဂ္ဂိုလ် သူမြတ်ဟူ၍ သိရ၏ဟု ဖြေသော်၊ အရှင်ဘုရား၊ သင့်တင့်လျောက်ပတ် ပေ၏ဟုဝန်ခံလေ၏။

ဗုဒ္ဓဿဘဂဝတော အနုတ္တရဘာဝပဉှာပြီး၏။

## ၅၂။ ဗုဒ္ဓသအနုတ္တရဘာဝဇာနနပဥှာ

**ဘုရား၏အတုမဲ့အဖြစ်ကို သိနိုင်ပါသလော**.... မိလိန္ဒမင်းသည် အရှင် ဘုရား၊ ဘုရားရှင်ကိုလောကသုံးပါး၌ အတုမရှိသော ပုဂ္ဂိုလ်မြတ်ဟု သိခြင်းငှါ တတ်ကောင်းအံ့လောဟု မေးသည်ရှိသော်၊ မင်းကြီး၊ ဘုရားရှင်ကို လောကသုံးပါး၌ အတုမရှိသော ပုဂ္ဂိုလ်မြတ်ဟု သိခြင်းငှါ တတ်နိုင် ကောင်း၏ဟုဖြေ၏။

အရှင်ဘုရား၊အဘယ်ကြောင့် ဘုရားရှင်ကို အနုတ္တရ အတုမရှိသော ပုဂ္ဂိုလ်၏ အဖြစ်ကို သိနိုင်အံ့နည်းဟုမေး၏။

မင်းကြီး၊ရှေးကာလ၌ တိဿအမည်ရှိသော လက်ရေးဆရာသည် ထင်ရှားစွာ ဖြစ်၏၊ သေလွန်လေသော် တိဿဆရာ ရေးအပ်သော လက်ရေးကို များစွာသော နှစ်တို့ပတ်လုံး ကာလ ရှည်လျားလျက် တိဿဆရာရေးအပ်သော လက်ရေးဟု အဘယ်ကြောင့် သိကြရ လေသနည်းဟုမေးသော်၊အရှင်ဘုရား၊ လက်ရေးကိုမြင်သဖြင့် တိဿ ဆရာ ရေးအပ်သော လက်ရေးဟု သိနိုင်ခြင်းငှါဖြစ်၏ဟု ဆိုသော်၊ မင်းကြီး၊ ထိုအတူရှင်း အကြင်သူသည် ဘုရားရှင်ဟောအပ်သော တရားကိုမြင်၏၊ ထိုသူသည် ဘုရားရှင်ကို မြင်သည်မည်၏၊ ထိုဆိုအပ် သော စကားသည်မှန်၏၊ မှန်ကြောင်းလည်း မင်းကြီး၊ တရားတော်ကို ဘုရားရှင်သည်ပင် ဟောအပ်သော တရားဖြစ်၏၊ထို့ကြောင့် ဘုရားရှင် ကို အနုတ္တရအတုမရှိသော ပုဂ္ဂိုလ်ဟူ၍ သိရာ၏ဟုဖြေသော်၊ အရှင် ဘုရား၊သင့်တင့်လျောက်ပတ်ပေ၏ဟုဝန်ခံလေ၏၊

ဗုဒ္ဓသအနုတ္တရဘာဝဇာနနပဥှာပြီး၏။

---

## ၅၃။ ဓမ္မဒိဋ္ဌပဥှာ

**တရားကိုမြင်ပါသလော**.....မိလိန္ဒမင်းသည် အရှင်ဘုရား၊ အရှင် ဘုရားသည် တရားဘော်ကိုမြင်အပ် သလောဟုမေးသည်ရှိသော်၊ မင်းကြီး၊ ဘုရားရှင်သည် ဆောင်တော် မူအပ်သောကြောင့်, ဘုရားရှင်သည် ပညတ်တော် မူအပ်သောကြောင့်

တပည့်သားတော်တို့သည် အသက်ထက်ဆုံး ကျင့်အပ်ပေ၏ဟု ဖြေ
သော်၊အရှင်ဘုရား၊သင့်တင့်လျောက်ပတ်ပေ၏ဟု ဝန်ခံလေ၏။

(ဤအရာ၌တရားကို အရှင်သည် မြင်လေသလောဟု မေးသော် အရှင်နာဂသေနက မြင်လျှင်မြင်၏၊ မမြင်လျှင်မမြင်ဟု ဖြေအပ်လျက် တပည့်တော်တို့သည် အသက်ထက်ဆုံး ကျင့်အပ်သည်ဟု ရိပ်ကာသာဖြေအပ်သည်၊ လောကုတ္တရာနှင့် စပ်ရှက်သောကြောင့် တိုက်ရိုက်မပြောလေ၊ ရိပ်ကာသာ ပြောဆိုသည်နှင့် သင့်တင့် လျောက်ပတ်ပေ၏ဟု တရားကိုသိသောမင်းဖြစ်၍ ဝန်ခံလေသည်ဟု ယူမှုသင့်မည်။)

ဓမ္မဒိဋ္ဌပဉှာပြီး၏။

---

## ၅၄။ နစသက်မနပဋိသန္ဓဟနပဉှာ

**ဘဝဟောင်းမှပြောင်း၍ ဘဝသစ်၌ဖြစ်သလော**……မိလိန္ဒမင်းသည် အရှင်ဘုရား၊ ဤပဋိသန္ဓေနေ့ဘဝမကူးဘဲ ဘဝသစ်၌ ပဋိသန္ဓေနေသလောဟု မေးသည်ရှိသော်၊ မင်းကြီး၊ပဋိသန္ဓေဘဝမှကူးလည်းမကူး၊ ပဋိသန္ဓေနေ၏ဟု ဖြေ၏။

အရှင်ဘုရား၊ အဘယ်ကြောင့် မကူးဘဲ ပဋိသန္ဓေနေလေသနည်း၊ ထိုစကားကို ဥပမာပြပါဦးလော့ဟုဆို၏။

မင်းကြီး၊ဥပမာသော်ကား တစုံတယောက်သော ယောကျ်ားသည် ဆီမီးခွက်တခွက်မှ ဆီမီးခွက်တခွက်ကို ထွန်းအံ့၊ မင်းကြီး၊ ဆီမီးဟောင်းသည် ဆီမီးသစ်သို့ ပြောင်းသလောဟုဆို၏၊ အရှင်ဘုရား၊ ဆီမီးဟောင်းမှသည် ဆီမီးသစ်သို့ မပြောင်းချေဟုဆိုလျှင်၊ မင်းကြီး၊ ထိုအတူရှင်း ဘဝဟောင်းမှသည် မပြောင်းဘဲလျက် ဘဝသစ်၌ ပဋိသန္ဓေဖြစ်၏ဟု ဖြေ၏။

အရှင်ဘုရား၊ လွန်စွာဥပမာ ပြုပါဦးလော့ဟု ဆိုသော်၊ မင်းကြီး၊ သင်မင်းကြီးသည် သူငယ်ဖြစ်သော ကာလ၌ သိမ်မွေ့စွာ တတ်အပ်သော တစုံတခု လောကနှင့် စပ်ယှဉ်သော အတတ်ကို ဆရာ၏အထံ၌ သင်အပ်သည်မဟုတ်လောဟုဆိုသော်၊အရှင်ဘုရား၊ တကာတော်သည် ငယ်ရွယ်သောကာလက ဆရာ၏အထံ၌ သင်ယူအပ်သော အတတ်ရှိ၏ဟု ဆိုလျှင်၊ မင်းကြီး၊ အသို့နည်း၊ ထိုအတတ်ပညာသည် ထိုဆရာမှ ပြောင်းလေသွားလေသလောဟု ဆိုသော်၊ အရှင်ဘုရား၊ ထိုအတတ်

သည် ထိုဆရာမှ မပြောင်းပေဟု ဆို၏၊ မင်းကြီး၊ ထိုအတူ အဟောင်းဖြစ်သော ဘဝမှ မပြောင်းဘဲလျက် ဘဝသစ်၌ ပဋိသန္ဓေ ဖြစ်၏ဟု ဆိုသော်၊ အရှင်ဘုရား၊ သင့်တင့်လျောက်ပတ်ပေ၏ဟု ဝန်ခံလေ၏။

နစသင်္ကမနပဋိသန္ဓဟနပဉှာပြီး၏။

## ၅၅။ ဝေဒဂူပဉှာ

**ဝေဒဂူပြဿနာ**……မိလိန္ဒ မင်းသည် အရှင်ဘုရား၊ သိအပ်သော တရားကို သိတတ်သော ပုဂ္ဂိုလ်ကို သိအပ်မည်လောဟု မေးသည်ရှိသော်၊ မင်းကြီး၊ ပရမတ္ထအားဖြင့် သိအပ်သော တရားကို သိတတ်သော ဝေဒဂူပုဂ္ဂိုလ်ဟူ၍ မရအပ်ဟု ဖြေသော်၊ အရှင်ဘုရား၊ သင့်တင့်လျောက်ပတ်ပေ၏ဟု ဝန်ခံလေ၏။

ဝေဒဂူပဉှာပြီး၏။

## ၅၆။ ဣမမှာကာယာအညကာယံသင်္ကမနပဉှာ

**ဤကိုယ်မှအခြားကိုယ်သို့ ပြောင်းသလော**……မိလိန္ဒ မင်းသည် အရှင်ဘုရား၊ တစုံတယောက်သော သတ္တဝါသည် ဤကိုယ်မှ တပါးသော ကိုယ်သို့ ပြောင်းလေသွားလေသလောဟု မေးသည်ရှိသော်၊ မင်းကြီး၊ သတ္တဝါသည် ဤကိုယ်မှ တပါးသောကိုယ်သို့ မပြောင်းဟု ဖြေသော်၊ အရှင်ဘုရား၊ ဤကိုယ်မှ ပြောင်းသော သတ္တဝါသည် အကယ်၍ မရှိအံ့၊ မကောင်းမှုတို့မှ လွတ်သည် ဖြစ်ကောင်းအံ့ လောဟု မေးပြန်သော်၊ မင်းကြီး၊ အကယ်၍ ပဋိသန္ဓေနေသည်ဖြစ်အံ့၊ မကောင်းမှုတို့မှ မလွတ်သည် ဖြစ်လတ္တံ့၊ အကြင်သတ္တဝါသည် ပဋိသန္ဓေနေ၏၊ ထိုသတ္တဝါသည် မကောင်းမှုတို့မှ မလွတ်လတ္တံ့ဟု ဖြေသော်၊ အရှင်ဘုရား၊ ဥပမာအားဖြင့် ပြပါဦးလော့ဟုဆို၏။

မင်းကြီး၊ဥပမာသော်ကား တစုံတယောက်သော ယောကျ်ားသည် တယောက်သော ယောကျ်ား၏ သရက်သီးကိုခိုးအံ့၊ သရက်သီးကို ခိုးသောသူသည် ဒဏ်ရောက်သည် ဖြစ်ရာသလောဟုဆိုသော်၊ အရှင်ဘုရား၊ ဒဏ်ရောက်သည် ဖြစ်ရာ၏ဟု ဆို၏၊ မင်းကြီး၊ ခိုးအပ်သော

သရက်သီးတို့ကို ထိုတရားစွဲသော ယောကျ်ားသည် မိမိစိုက်ပျိုးရင်း သရက်သီးကိုမခိုးတကား၊ အဘယ်ကြောင့်ထိုခိုးသောယောကျ်ားသည် ဒဏ် ရောက်ရာသနည်းဟု ဆိုသော်၊ အရှင်ဘုရား၊ ထိုယောကျ်ား စိုက်ပျိုးရင်း သရက်သီးတို့ကိုမှီသော အကြောင်းရင်းကြောင့် ဖြစ်ကုန်၏၊ ထိုအကြောင်းရင်းကို စွဲ၍ ထိုယောကျ်ားအား ဒဏ်ရောက်ရာ၏ဟု ဆို၏၊ မင်းကြီး၊ ထိုကဲ့သို့ရင်း ဤပဋိသန္ဓေနာမ်ရုပ်ဖြင့် ကောင်းသောအမှု၊ မကောင်းသော အမှုကိုပြု၏၊ ထိုကံတရားဖြင့် တပါးသော နာမ်ရုပ် ပဋိသန္ဓေဖြစ်၏၊ ထို့ကြောင့်မကောင်းမှုမှ မလွတ်ဟုဖြေသော်၊ အရှင်ဘုရား၊ သင့်တင့်လျောက်ပတ်ပေ၏ဟုဝန်ခံလေ၏။

ဇာမမှာကာယာအညကာယံသက်မနပဉှာပြီး၏။

---

## ၅၇။ ကမ္မဖလာနံအတ္ထိဘာဝပဉှာ

**ကံ,ကံ၏အကျိုး ရှိ မရှိ**.....မိလိန္ဒမင်းသည် အရှင်ဘုရား၊ ဤနာမ် ရုပ်ဖြင့် ကုသိုလ်, အကုသိုလ်ကံကိုပြု အပ်၏၊ ထိုကုသိုလ်,အကုသိုလ်ကံ တရားတို့သည် အဘယ်အရပ်၌တည် ကုန်သနည်းဟုမေး၏။

မင်းကြီး၊ ထိုကုသိုလ်,အကုသိုလ်ကံတရားတို့သည် သွားလေသော အခါ အရိပ်ပါသကဲ့သို့အစဉ်အတိုင်းလိုက်ကုန်၏ဟုဖြေသော်၊ အရှင် ဘုရား၊ ထိုကုသိုလ်,အကုသိုလ်ကံတို့ကို ဤမည်သောအရပ်တို့၌ တည် ကုန်၏ဟုပြခြင်းငှါတတ်နိုင်အံ့လောဟုမေးပြန်၏၊ မင်းကြီး၊ ထိုကုသိုလ် ကံ,အကုသိုလ်ကံတို့ကို ဤမည် ဤမည်သောအရပ်တို့၌ တည်ကုန်၏ ဟူ၍ ပြခြင်းငှါမတတ်နိုင်ဟု ဆိုလျှင်၊ အရှင်ဘုရား၊ ဥပမာအားဖြင့် ပြပါဦးလော့ဟုဆို၏၊ မင်းကြီး၊အသို့အောက်မေ့သနည်း၊ အကြင်သစ် ပင်တို့သည် အသီးမရှိကုန်၊ထိုသစ်ပင်တို့ကိုဤမည်ဤမည်သောသစ်ပင် တို့သည်အသီးရှိလျက်တည်ကုန်၏ဟုပြခြင်းငှါတတ်ကောင်းအံ့လောဟု ဆိုသော်၊အရှင်ဘုရား၊အသီးမရှိသော သစ်ပင်တို့ကို အသီးရှိကုန်၏ဟု ပြခြင်းငှါ မတတ်နိုင်ပေဟု ဆိုသော်၊ မင်းကြီး၊ ထိုအတူရင်း သံသရာ ဘဝ၏ မပြတ်ဖြစ်သောအစဉ်ဖြင့် ထိုကုသိုလ်ကံ,အကုသိုလ်ကံတို့ကို ဤမည် ဤမည်သော အရပ်၌ တည်ကုန်၏ဟူ၍ ထုတ်ဘော်ခြင်းငှါ

မတတ်ကောင်းဟုဆိုသော်၊ အရှင်ဘုရား သင့်တင့်လျောက်ပတ်ပေ၏ဟု ဝန်ခံလေ၏။

ကမ္မဖလာနံအတ္ထိဘာဝပဉှာပြီး၏။

## ၅၈။ ဥပ္ပဇ္ဇတိဇာနနပဉှာ

**ဖြစ်ဆဲပုဂ္ဂိုလ်သည်ဖြစ်လတ္တံ့ဟုသိပါသလော**…… မိလိန္ဒမင်းသည် အရှင်ဘုရား၊ အခြားပုဂ္ဂိုလ်သည် ပဋိသန္ဓေနေဘဝဖြစ်ဆဲဖြစ်၏၊ ထိုပုဂ္ဂိုလ်သည် ငါကားလာလတ္တံ့သောဘဝသစ်၌ဖြစ်လတ္တံ့ဟူ၍သိအပ်ပါသလောဟုမေး၏။

မင်းကြီး၊ အကြင်ပုဂ္ဂိုလ်သည် ပဋိသန္ဓေနေဘဝ၌ဖြစ်ဆဲဖြစ်၏၊ထိုပုဂ္ဂိုလ်သည် ငါဘဝသစ်၌ဖြစ်လတ္တံ့ဟူ၍ သိ၏ ဟုဖြေသော်၊ အရှင်ဘုရား၊ ဥပမာဖြင့်ပြပါဦးလော့ဟုဆို၏၊ မင်းကြီး၊ ဥပမာသော်ကား လယ်လုပ်သောယောက်ျားသည် မျိုးစေ့တို့ကို မြေ၌ ပစ်ချအပ်ပြီးသော်၊ မိုးသည်းကောင်းစွာရွာသည်ရှိသော် ငါ၏စပါးဖြစ်လတ္တံ့ဟူ၍ သိရာအံ့လောဟုမေးသော်၊ အရှင်ဘုရား၊ သိရာ၏ဟုဆို၏၊ မင်းကြီး၊ ထိုအတူရှင်းအကြင်သူသည် ပဋိသန္ဓေနေဘဝ၌ဖြစ်ဆဲဖြစ်၏၊ ထိုငါသည် ဘဝသစ်၌ဖြစ်လတ္တံ့ဟုသိရာ၏ဟူ၍ဖြေသော်၊ အရှင်ဘုရား၊ သင့်တင့် လျောက်ပတ်ပေ၏ဟုဝန်ခံလေ၏။

ဥပ္ပဇ္ဇတိဇာနနပဉှာပြီး၏။

## ၅၉။ ဗုဒ္ဓနိဒဿနပဉှာ

**ဘုရားရှင် ရှိခဲ့ဘူးပါသလော**……မိလိန္ဒမင်းသည် အရှင်ဘုရား၊ ဘုရားရှင်သည် ထင်ရှား ရှိ၏လောဟုမေးသည်ရှိသော်၊ မင်းကြီး၊ ဘုရားရှင်သည် ထင်ရှားရှိတော်မူ၏ဟုဖြေ၏။

အရှင်ဘုရား၊ ဘုရားရှင်ကို ဤမည် ဤမည်သော အရပ်၌ရှိ၏ဟုပြခြင်းငှါ တတ်နိုင်အံ့လောဟု မေးသော်၊ မင်းကြီး၊ ဘုရားသခင်သည် ကမ္မဇရုပ်အကြွင်းမရှိ၊ ပရိနိဗ္ဗာန်ပြုတော်မူလေပြီ၊ ဘုရားရှင်ကို ဤမည် ဤမည်သောအရပ်၌ရှိ၏ဟု ပြခြင်းငှါမတတ်နိုင်ဟု ဖြေ၏။

အရှင်ဘုရား၊ ဥပမာအားဖြင့် ပြပါဦးလော့ဟုဆိုသော်၊ မင်းကြီး၊ အသို့အောက်မေ့သနည်း၊ ပြောင်ပြောင်တောက်သော မီးပုံကြီး၏အလျှံသည် ငြိမ်းခြင်း ချုပ်ခြင်းသို့ ရောက်၏၊ ထိုမီးလျှံကို ဤမည် ဤမည်သောအရပ်၌ ရှိသေး၏ဟု ပြခြင်းညွှန်ခြင်းငှါ တတ်နိုင်ကောင်းအံ့လောဟုဆို၏၊ အရှင်ဘုရား၊ ပြောင်ပြောင်တောက်သော မီးပုံကြီး၏ ငြိမ်းခြင်း ချုပ်ခြင်းသို့ရောက်သော် ဤမည် ဤမည်သော အရပ်၌ မီးလျှံသည်ရှိသေး၏ဟုပြခြင်း ညွှန်ခြင်းငှါမတတ်နိုင်ရာ၊ ချုပ်လေပြီးသော မီးလျှံသည်ရှိသေး၏ဟု မခေါ်ဝေါ်အပ်သော အဖြစ်သို့ ရောက်၏ဟု ဆိုသော်၊ မင်းကြီး၊ ထိုမီးပုံကြီးကဲ့သို့ ဘုရားသခင်သည် ကမ္ဘဇရုပ်အကြွင်းမရှိ၊ နိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန်ပြုတော်မူ၍ချုပ်ခြင်းသို့ရောက်တော်မူလေပြီ၊ ဤမည် ဤမည်သော အရပ်၌ ဘုရားရှင် ရှိသေး၏ဟု ပြခြင်းငှါ မတတ်နိုင်ရာ၊ မင်းကြီး၊ ဘုရားရှင်သည် ဟောတော်မူအပ်သောတရားတော် အပေါင်းဖြင့်ကား ဘုရားရှင်ထင်ရှားရှိကြောင်းကို ပြခြင်းငှါ တတ်နိုင် ကောင်း၏။ ။ထိုစကားသည်လည်း မှန်၏၊ မှန်ကြောင်းကား မင်းကြီး၊ဘုရားရှင် ဟောတော်မူအပ်သော တရားတော်သည်ထင်ရှား ရှိသောကြောင့် ဘုရားရှင်ရှိ၏ဟု ဆိုခြင်းပြခြင်းငှါ တတ်ကောင်း၏ဟု ဖြေသော်၊ အရှင်ဘုရား၊ သင့်တင့်လျောက်ပတ်ပေ၏ဟု ဝန်ခံလေ၏။

ဗုဒ္ဓနိဒဿနပဥှာပြီး၏။

ဗုဒ္ဓဝဂ္ဂေါ ပဥ္စမော။ ။ဋ္ဌမသ္မိံဝဂ္ဂေဒသပဥှာ။

---

## ၆၀။ ပစ္စဇီတာနံကာယပ္ပိယဘာဝပဥှာ

**ရဟန်းများမိမိကိုယ်ကိုချစ်ပါသလော**……မိလိန္ဒမင်းသည် အရှင်ဘုရား၊ ဘုရားရှင်တပည့်ရဟန်းတို့သည် မိမိကိုယ်ကို ချစ်ပါသလောဟု မေးသည်ရှိသော်၊ မင်းကြီး၊ ဘုရားရှင်တပည့်သင်္ဃာတော်တို့သည် မိမိကိုယ်ကို မချစ်ဟုဖြေ၏။

အရှင်ဘုရား၊ ထိုရဟန်းတို့သည် အကယ်၍ မိမိကိုယ်ကိုမချစ်သော် အဘယ်ကြောင့် မြတ်နိုးတနာ ကိုယ်ကို သုတ်သင်ကြကုန် သနည်း၊ မရက်မစက် ကိုယ်ကို ပြုကြကုန်သနည်းဟု မေးသော်၊ မင်းကြီး၊ တခါ

တဆစ်သောကာလ စစ်မြေပြင်သို့ရောက်သောမင်းကြီးအား မြှား လှံတို့ဖြင့်ခိုက်တိုက်မိလျှင် အနာဖြစ်သည်မဟုတ်လောဟု မေးသော်၊ အရှင်ဘုရား၊ ဖြစ်ဘူးချေ၏ဟုဆို၏၊ မင်းကြီး၊ အသို့နည်း၊ ထိုမြှား လှံ ခိုက်တိုက်မိသော အနာကို လိမ်းကျံအပ်သော ဆေးဖြင့် လိမ်းကျံသည်မဟုတ်လော၊ဆီဖြင့်လည်း လိမ်းကျံသည်မဟုတ်လော၊နူးညံ့သော ပုဆိုးဖြင့်လည်းစည်းအပ်သည်မဟုတ်လောဟုဆို၏။ ။အရှင်ဘုရား၊ ထိုအနာကိုလိမ်းကျံအပ်သော ဆေးဆီတို့ဖြင့်လည်းလိမ်းကျံ၏၊ စည်းအပ်သောပုဆိုးတို့ဖြင့်လည်းစည်း၏ဟုဆိုသော်၊ မင်းကြီး၊အသို့နှလုံးသွင်းသနည်း၊ သင်မင်းကြီးအား ထိုအနာကို ဆေးဆီ စသည်တို့ဖြင့် အပြေအပြစ်ပြုခြင်းသည် ချစ်မြတ်နိုး၍ ပြုအပ်သလောဟုဆို၏၊အရှင်ဘုရား၊ထိုအနာကို အပြေအပြစ်ပြုအပ်သော်လည်း ချစ်မြတ်နိုး၍ ပြုအပ်သည်မဟုတ်၊ စင်စစ်သော်ကား သွေးမယိုစိမ့်သောငှါ ပြေပြစ်စိမ့်သောငှါ လိမ်းကျံအပ်သော ဆေးဆီတို့ဖြင့်လိမ်းကျံ၏၊ပုဆိုးတို့ဖြင့်စည်း၏ဟုဆိုလျှင်၊မင်းကြီး၊ ထိုအတူ ဘုရားတပည့်တော် ရဟန်းသဃာတို့အား ကိုယ်ကိုချစ်မြတ်နိုး၍ အပြေအပြစ်မပြု၊ စင်စစ်သော်ကား ရဟန်းသည် ကိုယ်ကိုမတပ်မက်မောသဖြင့် မြတ်သော အကျင့်ကို ကျင့်အံ့သောငှါ ဆောင်ကုန်၏၊ မင်းကြီး၊စင်စစ်လည်း ဘုရားရှင်သည် ဤကိုယ်ကို အနာကဲ့သို့ ငါ၏တပည့်တို့သည် ဆောင်ကုန်၏၊ မခက်မောကြကုန်ဟု ဟောတော်မူသော သာဓကပါဠိကား—

အလ္လစမ္မပဋိစ္ဆန္နော၊ နဝဒွါရော မဟာဝဏော။
သမန္တတော ပဂ္ဃရတိ၊ အသုစိ ပူတိဂန္ဓိကော။ ။

မဟာဝဏော၊ ကြီးလှစွာသော အနာတည်းဟူသော။ အယံကာယော၊ ဤကိုယ်သည်။ နဝဒွါရော၊ ကိုးပါးသောအပေါက်ရှိ၏။ အလ္လစမ္မပဋိစ္ဆန္နော၊ စိုသောအရေဖြင့် ဖုံးလွှမ်းခြင်းရှိ၏။ အသုစိပူတိဂန္ဓိကော၊ မစင်တို့ဖြင့် ပုပ်သောအနံ့ရှိသည်ဖြစ်၍။ သမန္တတော၊ ထက်ဝန်းကျင်မှ။ ပဂ္ဃရတိ၊ ယိုစီး၏။ ။ဟု သာဓကနှင့်တကွပြေသော်၊အရှင်ဘုရား၊ သင့်တင့်လျောက်ပတ်ပေ၏ဟု ဝန်ခံလေ၏။

ပဗ္ဗဇိတာနံကာယပ္ပိယဘာဝပဉှာပြီး၏။

## ၆၁။ ဘဂဝတောသဗ္ဗညုဘာဝပဉှာ

**ဘုရားသည်အလုံးစုံကိုသိသလော**……မိလိန္ဒမင်းသည်အရှင်ဘုရား၊ ဘုရားရှင် သည် အလုံးစုံသောတရားကို မြင်တော်မူလေ့ရှိသည်ဖြစ်၍ သဗ္ဗညု မည်တော် မူသလောဟု မေး၏၊ မင်းကြီး၊ ဘုရားရှင်သည် အလုံးစုံသောတရားကို မြင်တော်မူသည်ဖြစ်၍ သဗ္ဗညုမည်တော်မူ၏ဟု ဖြေသော်၊ အရှင်ဘုရား၊ ထိုသို့အလုံးစုံသောတရားကို မြင်တော်မူလျက်၊အစဉ်အတိုင်းသိက္ခာပုဒ်ကို ပညတ်တော်မူကောင်းလျက် အဘယ်ကြောင့် တပည့်သားတို့ အပြစ်အရေးပေါ်မှ ပညတ်တော်မူသနည်းဟု မေးပြန်၏။

မင်းကြီး၊ မင်းကြီး၌ အလုံးစုံသောဆေးတို့ကို သိတတ်သော တစုံတယောက်သော ဆေးသမားသည် ရှိ၏လောဟု မေးသော် အလုံးစုံသောဆေးတို့ကို သိတတ်သောဆေးသမား ရှိပါ၏ဟုဆိုလျှင်၊ မင်းကြီး၊ အသို့နည်း၊ထိုဆေးသမားသည် နာဖျားမကျန်းရှိသောသူကို ဆေးတိုက်အပ်သော ကာလ၌သာ ဆေးကိုတိုက်သလော၊ ထိုသို့မဟုတ်၊ အခါမရောက်မီဆေးကို တိုက်လေသလောဟုဆို၏၊အရှင်ဘုရား၊ နာသောသူကို ဆေးတိုက်အပ်သော ကာလ၌တိုက်၏၊ မတိုက်အပ်သော ကာလ၌ မတိုက်ဟုဆိုသော်၊ မင်းကြီး၊ ထိုအတူ ဘုရားရှင်သည် အလုံးစုံသော တရားကို မြင်တော်မူလေ့ရှိသည်ဖြစ်၍ သဗ္ဗညုမည်တော်မူ၏၊ တပည့်သားတော်တို့အား သိက္ခာပုဒ်ကို အခါမရောက်သော် ပညတ်တော်မမူ၊ အခါရောက်သော်သာ အသက်ထက်ဆုံး မလွန်ကျူးအပ်ဟူ၍ ပညတ်တော်မူ၏ဟု ဖြေသော်၊ အရှင်ဘုရား၊ သင့်တင့်လျောက်ပတ်ပေ၏ဟု ဝန်ခံလေ၏။

ဘဂဝတောသဗ္ဗညုဘာဝပဉှာပြီး၏။

---

## ၆၂။ ဘဂဝတောဒွတ္တိံသမဟာပုရိသလက္ခဏာဘာဝပဉှာ

**ဘုရားမိဘများ၌လက္ခဏာ၃၂-ပါးရှိသလော**…မိလိန္ဒမင်းသည် အရှင်ဘုရား၊ မြတ်စွာဘုရားသည် သုံးဆဲ့နှစ်ပါးသောယောကျ်ားမြတ်တို့၏ လက္ခဏာတို့နှင့် ပြည့်စုံတော်မူ၏၊ ရှစ်ဆယ်သော လက္ခဏာတော်ငယ်တို့ဖြင့်

လည်း မွှေးရှက်အင်သည်ဖြစ်၍ ရွှေအဆင်းကဲ့သို့သော အဆင်းတော်၊ ရွှေစင်ကဲ့သို့သော အရေတော်၊ တလံမျှလောက်သော ရောင်ခြည်တော် အဝန်းလည်း ရှိတော်မူ၏လောဟု မေး၏။

မြတ်သောမင်းကြီး၊ဘုရားရှင်သည် သုံးဆဲ့နှစ်ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတို့နှင့် ပြည့်စုံတော်မူသည်ဖြစ်၍ ရှစ်ဆယ်သော လက္ခဏာတော်ငယ်တို့နှင့် ပြည့်စုံတော်မူသည်ဖြစ်၍ ရွှေအဆင်းကဲ့သို့သော အဆင်းတော်၊ ရွှေစင်ကဲ့သို့သော အရေတော်၊ တလံမျှလောက်သော ရောင်ခြည်အဝန်းတော်လည်းရှိ၏ဟု ဖြေသော်၊ အရှင်ဘုရား၊ ထိုဘုရားရှင်၏မယ်တော်ခမည်းတော်တို့သည်လည်း သုံးဆဲ့နှစ်ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာ၊ရှစ်ဆယ်သော လက္ခဏာတော်ငယ်၊ ရွှေစင်ကဲ့သို့သောအဆင်းအရေ၊တလံမျှလောက်သော ရောင်ခြည် ဝန်းတော်တို့နှင့် ပြည့်စုံကုန်သလောဟု မေးသော်၊ မင်းကြီး၊ မယ်တော်ခမည်းတော်တို့သည် ယောကျ်ားမြတ်တို့၏ လက္ခဏာတို့နှင့် မပြည့်စုံကုန်၊ ရှစ်ဆယ်သော လက္ခဏာတော်ငယ်တို့နှင့်လည်း မပြည့်စုံကုန်၊ ရွှေအဆင်းကဲ့သို့သော အသားအရေတို့သည်လည်းမရှိကုန်ဟုဖြေသော်၊ အရှင်ဘုရား၊ စင်စစ်သော်ကား အမိမျိုးနှင့် တူသော သားသည်လည်း ဖြစ်၏၊ အဘမျိုးနှင့် တူသော သားသည်လည်း ဖြစ်၏ဟု ဆိုသော်၊ ရှင်နာဂသေနမထေရ်သည် မြတ်သောမင်းကြီး၊ ပွင့်ချပ်တရာရှိသော ကြာပဒုမာသည် ရှိသလောဟုမေးသော် အရှင်ဘုရား၊ ပွင့်ချပ်တရာ ရှိသောကြာပဒုမာရှိ၏ဟုဆို၏၊မင်းကြီး၊ထိုကြာပဒုမာဖြစ်ရာအရပ်သည် အဘယ်၌ ဖြစ်သနည်းဟုမေး၏၊အရှင်ဘုရား၊ထိုကြာသည် ညွှန်၌ဖြစ်၏၊ ရေ၌မှီ၏ဟုဆိုသော်၊မင်းကြီး၊အသို့နည်း၊ ကြာပဒုမာသည် အဆင်းအနံ့ အရသာအားဖြင့် ညွှန်နှင့်တူ၏လောဟုဆိုသော် အရှင်ဘုရား၊မတူချေဟု ဆို၏၊မင်းကြီး၊ ထိုသို့ဖြစ်ပါတန်စေ၊ရေနှင့်ကား အဆင်းအနံ့အရသာ တူ၏လောဟုမေးပြန်သော်၊အရှင်ဘုရား၊ရေနှင့်လည်းမတူချေဟုဆိုလျှင်၊မင်းကြီး၊ ထိုကြာပဒုမာနှင့်အတူ မြတ်စွာဘုရားသည် သုံးဆဲ့နှစ်ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတော်ကြီး၊ ရှစ်ဆယ်သော လက္ခဏာ တော်ငယ်တို့နှင့်ပြည့်စုံတော်မူ၏၊ ရွှေအဆင်းကဲ့သို့သော အဆင်းတော်၊ အရေအသားတော်ရှိ၏၊ တလံမျှလောက်သော ရောင်ခြည်ဝန်းတော် လည်း ရှိ၏၊ ထိုမြတ်စွာဘုရား၏ မယ်တော် ခမည်းတော်တို့သည်

လက္ခဏာကြီး၊ လက်္ခဏာငယ်၊ ရွှေအဆင်းကဲ့သို့သော အဆင်းအရေ အသားမရှိဟုဖြေသော်၊ အရှင်ဘုရား၊ သင့်တင့်လျောက်ပတ်ပေ၏ဟု ဝန်ခံလေ၏။ •

ဘဂဝတောဒွတ္တိံသမဟာပုရိသလက္ခဏာဘာဝပဉ္စာပြီး၏။

---

## ၆၃။ ဘဂဝတောပြဟ္မစာရိပဥ္စာ

**ဘုရားသည်ပြဟ္မာ၏တပည့်လော**…မိလိန္ဒမင်းသည် အရှင်ဘုရား၊ ဘုရားရှင်သည် မြတ်သော အကျင့်ကို ကျင့်တော်မူလေ့ရှိ၍ ပြဟ္မစာရီမည်သလောဟု မေးသည်ရှိသော်၊ မင်းကြီး၊ မြတ်စွာဘုရားသည်မြတ်သော အကျင့်ကိုကျင့်လေ့ရှိ၍ ပြဟ္မစာရီမည်၏ဟုဖြေ၏။ ။အရှင်ဘုရား၊ ထိုသို့တပြီးကား မြတ်စွာဘုရားသည် ပြဟ္မာ၏တပည့်လောဟု မေးပြန်၏။

မင်းကြီး၊ မင်းကြီး၌ ဆင်တကာတို့ထက်ကြီးသောဆင်သည် ရှိ၏လောဟု မေးသော်၊ အရှင်ဘုရား၊ ဆင်တကာတို့ထက် ကြီးသောဆင်သည် ရှိ၏ဟု ဆို၏၊ မင်းကြီး၊ ထိုဆင်ပြောင်ကြီးသည် တရံတခါသော ကာလ၌ ကြိုးကြာသံနှင့် တူသော အသံကို မြည်၏လောဟု မေးပြန်၏၊ အရှင်ဘုရား၊ထိုဆင်ပြောင်သည် တရံတခါသောကာလ၌ ကြိုးကြာသံနှင့်တူသော အသံကို မြည်တွန်၏ဟု ဆိုသော်၊ မင်းကြီး၊ ထိုသို့တပြီးကား ထိုဆင်ပြောင်ကြီးသည် ကြိုးကြာငှက်၏တပည့်လောဟုဆို၏၊ အရှင်ဘုရား၊ ထိုဆင်ပြောင်သည် ကြိုးကြာငှက်၏ တပည့်မဟုတ်ချေဟုဆို၏၊ မင်းကြီး၊ ပြဟ္မာမင်းသည် ကောင်းစွာ ကြီးသလောဟု ဆိုသော်၊ အရှင်ဘုရား၊ ပြဟ္မာမင်းသည် ကောင်းစွာကြီးခြင်းဖြင့် ကြီး၏ဟု ဆို၏၊ မြတ်သောမင်းကြီး၊ ထို့ကြောင့်လျှင် ပြဟ္မာမင်းသည် ဘုရားရှင်၏ တပည့်ဖြစ်၏ဟု ဖြေသော်၊ အရှင်ဘုရား၊ သင့်တင့်လျောက်ပတ်ပေ၏ဟုဝန်ခံလေ၏။

ဘဂဝတောပြဟ္မစာရိပဥ္စာပြီး၏။

## ၆၄။ ဘဂဝတောဥပသမ္ပဒါပဉှာ

**ဘုရားရှင်အားရဟန်းအဖြစ်ရှိသလော**… မိလိန္ဒမင်းသည် အရှင်ဘုရား၊ ပဉ္စင်း၏အဖြစ်သည် ကောင်းမွန် တင့်တယ်သလောဟု မေးသည်ရှိသော်၊မြတ်သော မင်းကြီး၊ ပဉ္စင်း၏အဖြစ်သည် အလွန်ကောင်းမွန်တင့်တယ်၏ဟုဖြေ၏။

အရှင်ဘုရား၊ မြတ်စွာဘုရားအား ပဉ္စင်းအဖြစ်သည်ရှိသလော၊ ထိုသို့မဟုတ်မူကား ပဉ္စင်း၏အဖြစ်မရှိသလောဟုမေး၏။

မင်းကြီး၊ မြတ်စွာဘုရားသည် ဗောဓိပင်၌ သဗ္ဗညုတဉာဏ်တော်ကို ရတော်မူသည်နှင့်တကွ ပဉ္စင်းအဖြစ် ပြည့်စုံတော်မူတော့သည်၊ ဘုရားရှင်အား သူတပါးတို့ ပေးအပ်သော ပဉ္စင်းအဖြစ်မရှိ၊ မင်းကြီး၊ ဘုရားရှင်သည် တပည့်တော်တို့အား အသက်ထက်ဆုံးမလွန်ကျူးအပ်ဟု သိက္ခာပုဒ်ကို ပညတ်တော်မူအပ်၏ဟု ဖြေသော်၊အရှင်ဘုရား၊သင့်တင့်လျောက်ပတ်ပေ၏ဟု ဝန်ခံလေ၏။

ဘဂဝတောဥပသမ္ပဒါပဉှာပြီး၏။

---

## ၆၅။ အဿုဘေသဇ္ဇာဘေသဇ္ဇပဉှာ

**မိဘကြောင့်မျက်ရည်နှင့်တရားကြောင့်မျက်ရည်**……မိလိန္ဒ မင်းသည် အရှင်ဘုရား၊ အကြင်သူသည် မိခင်ဘခင်တို့၌ ချစ်မြတ်နိုးသဖြင့် ငိုကြွေး၏၊ အကြင်သူသည်လည်း တရားတော်ကိုချစ်မြတ်နိုးသဖြင့် ငိုကြွေး၏၊ ထို ငိုကြွေးကုန်သော နှစ်ယောက်သားတို့တွင် အဘယ်သူ၏မျက်ရည်သည် အနာမှကင်းစေတတ်သော ဆေးနှင့်တူသနည်း၊ အဘယ်သူ၏မျက်ရည် သည် အနာမှမလွတ်စေတတ်သော ဆေးနှင့်တူသနည်းဟုမေး၏။

မင်းကြီး၊ တယောက်သောသူ၏မျက်ရည်သည် ရာဂ ဒေါသ တို့ဖြင့် အညစ်အကြေးရှိသည်ဖြစ်၍ ပူ၏၊ တယောက်သောမျက်ရည်သည် နှစ်လိုဝမ်းသာခြင်းရှိသဖြင့် အညစ်အကြေးမရှိ၊ချမ်း၏၊ မင်းကြီး၊ အကြင် မျက်ရည်သည် ချမ်း၏၊ ထိုချမ်းသော မျက်ရည်သည် အနာကို

လွတ်စေတတ်သောဆေးမည်၏ဟု ဖြေသော်၊ အရှင်ဘုရား၊ သင့်တင့်လျောက်ပတ်ပေ၏ဟု ဝန်ခံလေ၏။

အသုဘေသဏ္ဌာဘေသဏ္ဌပဉ္စာပြီး၏။

## ၆၆။ သရာဂဝီတရာဂါနံနာနာကရဏပဉ္စာ

**ရာဂရှိမရှိတို့၏အမူအရာခြားနားပုံ**..... မိလိန္ဒမင်းသည် အရှင်ဘုရား၊ ရာဂ ရှိသောပုဂ္ဂိုလ်၏ရင်း၊ ရာဂကင်းသောပုဂ္ဂိုလ်၏ရင်း အကြောင်းအမူအရာသည် အသို့နည်း၊ တူသောအကြောင်းရှိသလောဟု မေး၏။

မင်းကြီး၊ တယောက်သောရာဂရှိသောပုဂ္ဂိုလ်သည် အာရုံငါးပါး၌ မက်မောခြင်း,မရက်မစက်ခြင်း, မြတ်နိုးခြင်းရှိ၏၊ တယောက်သောရာဂကင်းသောပုဂ္ဂိုလ်သည် အာရုံငါးပါးတို့၌ တပ်မက်မောခြင်းမရှိ၊ မြတ်နိုးခြင်းမရှိဟု ဖြေ၏၊ အရှင်ဘုရား၊ တပ်မက်မောသည် မတပ်မက်မောသည်ဟုဆိုအပ်သောစကားသည်အသို့လျှင် အမူအရာရှိသနည်းဟု မေးပြန်သော်၊ မင်းကြီး၊ တယောက်သော ပုဂ္ဂိုလ်သည် လိုချင်သော အမူအရာရှိ၏၊ တယောက်သောပုဂ္ဂိုလ်သည် လိုချင်သောအမူအ ရှိဟုဆိုသော်၊အရှင်ဘုရား၊ရာဂရှိသောပုဂ္ဂိုလ်၊ရာဂကင်းသောပုဂ္ဂိုလ်ဟုဆိုအပ်သော အလုံးစုံသောပုဂ္ဂိုလ်တို့သည် တင့်တယ် ကောင်းမွန်စွာသော ခဲဘွယ် စားဘွယ်ကိုအလိုရှိကြ၏၊ မကောင်းသော ခဲဘွယ်စားဘွယ်ကို အလိုမရှိခဲ့တကား၊ ထိုအကြောင်းကို တကာတော် မြင်ဘူးပါ၏တကားဟု လျှောက်၏၊ မင်းကြီး၊ ရာဂမကင်းသော ပုဂ္ဂိုလ်သည် အရသာကိုရင်း၊ ထိုရသာရုံ၌ ကပ်ငြိ နှစ်သက်သော ရာဂနှင့်တကွရင်း၊ ခဲဘွယ်စားဘွယ်ကိုခံစား၏၊ ရာဂကင်းသော ပုဂ္ဂိုလ်သည်ကား အရသာကိုခံစား၏၊ စင်စစ်သော်ကား ရာဂနှင့်တကွ အရသာကို မခံစား ဟုဆိုသော်၊အရှင်ဘုရား၊ သင့်တင့်လျောက်ပတ်ပေ၏ဟု ဝန်ခံလေ၏။

သရာဂဝီတရာဂါနံ နာနာကရဏပဉ္စာပြီး၏။

## ၆၇။ ပညာပတိဋ္ဌာနပဉှာ

**ပညာ၏တည်ရာ**..... မိလိန္ဒမင်းသည် အရှင်ဘုရား၊ ပညာသည် အဘယ် အရပ်၌ နေသနည်းဟု မေးသည်ရှိသော်၊ မင်းကြီး၊ ပညာသည်တစုံတခုသောအရပ်၌ မနေဟုဖြေ၏။

အရှင်ဘုရား၊ ထိုသို့သော်ကား ပညာသည် မရှိခဲ့တကားဟုဆို၏၊ မင်းကြီး၊ ဝါယောဓာတ်ဟုဆိုအပ်သော လေသည် အဘယ်အရပ်၌ နေသနည်းဟုမေးသော်၊ အရှင်ဘုရား၊ ဝါယောဓာတ်ဟုဆိုအပ်သော လေသည်၊ တစုံတခုသောအရပ်၌ မရှိဟုဆိုလျှင်၊ မင်းကြီး၊ ထိုသို့ဆိုတပြီးကား ဝါယောဓာတ်ဟု ဆိုအပ်သော လေသည် မရှိစကောင်းတကားဟု ဆိုသော်၊ အရှင်ဘုရား၊ သင့်တင့်လျောက်ပတ် ပေ၏ဟု ဝန်ခံလေ၏။

ပညာပတိဋ္ဌာနပဉှာပြီး၏။

---

## ၆၈။ သံသာရပဉှာ

**သရာဟူသည် အဘယ်နည်း**.....မိလိန္ဒမင်းသည် အရှင်ဘုရား၊ အရှင် ဘုရား သည် သံသရာဟူ၍အကြြင်စကားကိုဆို၏၊ ထိုသံသရာဟူသောစကားသည် အဘယ်နည်းဟုမေး၏။

မင်းကြီး၊ ဤအရပ်၌ဖြစ်၍ ဤအရပ်၌ပင်လျှင် သေ၏၊ ဤအရပ်၌ သေ၍တပါးသောအရပ်၌ဖြစ်၏၊ ထိုသို့သောအရပ်၌ဖြစ်၍ ထိုသို့သော အရပ်၌ပင်လျှင်သေ၏၊ ထိုသို့သောအရပ်၌သေပြန်၍တပါးသောအရပ်၌ ဖြစ်ပြန်၏၊ ဤသို့ဖြစ်ခြင်း၊ သေခြင်းသည် သံသရာဖြစ်၏ဟုဖြေ၏။ ။ အရှင်ဘုရား၊ ဥပမာပြုပါဦးလော့ဟုဆိုလျှင်၊ မင်းကြီး၊ ဥပမာသော်ကား တစုံဘယောက်သော ယောကျ်ားသည် သရက်သီးကိုစား၍ အစေ့ ကိုစိုက်၏၊ ထိုနောင်ကြီးသောအခါ သရက်ပင်သည် အသီးတို့ကို ပေး၏၊ထိုအခါထိုယောကျ်ားသည် ထိုသရက်ပင်မှအသီးမှည့်ကိုစား၍ အစေ့ကိုစိုက်ပျိုးပြန်၏၊ထိုနောင် ကြီးသောအခါ သရက်သီးတို့ကို ပေး ပြန်၏၊ဤသို့ဖြစ်သည်ရှိသော် ထိုသရက်ပင်တို့၏ အစသည် မထင်နိုင်သ

ကဲ့သို့၊မင်းကြီး၊ ထိုအတူ ဤအရပ်၌ဖြစ်၍ဤအရပ်၌ပင်သေ၏၊ ဤအရပ်မှသေ၍တပါးသော့အရပ်၌ဖြစ်ပြန်၏၊ထိုထိုသို့သောအရပ်၌ဖြစ်၍ ထိုထိုသို့သောအရပ်၌ပင်သေ၏၊ထိုထိုသို့သောအရပ်မှသေပြန်၍တပါးသောအရပ်၌ဖြစ်ပြန်၏၊ မင်းကြီး၊ဤသို့လျှင်သံသရာသည်ဖြစ်၏ဟုဖြေသော်၊ အရှင်ဘုရား၊သင့်တင့်လျောက်ပတ်ပေ၏ဟုဝန်ခံလေ၏။

သံသာရပဥှာပြီး၏။

## ၆၉။ စိရကတသရဏပဥှာ

**အောက်မေ့ခြင်းဆိုင်ရာ**……မိလိန္ဒမင်းသည် အရှင်ဘုရား၊ အကြင်ပုဂ္ဂိုလ်သည် လွန်လေပြီးသောဘဝ၌ဖြစ်၍ကြာမြင့်လေသောအမှုကို အဘယ်တရားဖြင့် အောက်မေ့နိုင်သနည်းဟုမေး၏။

မင်းကြီး၊ရှေးလွန်လေပြီးသောတရားကို သတိတရားဖြင့် အောက်မေ့နိုင်၏ဟုဖြေသော်၊ အရှင်ဘုရား၊ စိတ်ဖြင့် အောက်မေ့ရာသည်မဟုတ်လော၊ သတိဖြင့် မအောက်မေ့ရာဟု ဆိုသော်၊ မင်းကြီး၊ သင်မင်းကြီးသည်တစုံတခုသောအမှုကိုပြုပြီး၍မေ့လျော့သည်ဟု နောက်မှသိသည်မဟုတ်လောဟုမေးသော်၊ အရှင်ဘုရား၊ အမှုကိုပြုပြီး၍ မေ့လျော့သည်မှန်ချေ၏ဟုဆို၏၊ မင်းကြီး၊ သင်မင်းကြီးသည် ထိုအခါ၌စိတ်ဖြစ်သည်မဟုတ်လောဟုဆိုလျှင်၊ အရှင်ဘုရား၊ ထိုအခါစိတ်သာဖြစ်၍ သတိမဖြစ်ချေဟုဆိုသော်၊ ထိုသို့လျှက် မင်းကြီး၊ သင်မင်းကြီးသည်ထိုအခါစိတ်ဖြင့်သာ အောက်မေ့၏၊ သတိဖြင့် မအောက်မေ့ဟု အဘယ်ကြောင့် ဆိုသနည်းဟူ၍ ဆိုသော်၊ အရှင်ဘုရား၊ သင့်တင့်လျောက်ပတ်ပေ၏ဟုဝန်ခံလေ၏။

စိရကတသရဏပဥှာပြီး၏။

## ၇၀။ အဘိဇာနန္တသတိပဥှာ

**သတိပြဿနာ**……မိလိန္ဒ မင်းသည် အရှင်ဘုရား၊ အလုံးစုံသောသတိတရားသည် သိလျှက်ဖြစ်သလော၊ တိုသို့မဟုတ်မူကား အမြဲမှတ်သားသဖြင့် သတိသည်ဖြစ်သလောဟုမေး၏။

မင်းကြီး၊ အမြဲမှတ်သားသော သတိကိုလည်း ရှေးရှုအာရုံပြုသော စိတ်ဖြင့် သိသည်ဖြစ်၏ဟုဆိုသော်၊ အရှင်ဘုရား၊ ဤသို့ဖြစ်သည်ရှိသော် အလုံးစုံသောသတိကိုစိတ်ဖြင့်သာသိက မှတ်သားထားအပ်သောသတိ သည်မရှိစကောင်းပြီဟုဆို၏၊ မင်းကြီး၊ အမြဲမှတ်သား၍ထားအပ်သော သတိသည် အကယ်၍မရှိအံ့၊ အတတ်ကို တတ်ကုန်သော သူတို့အကျိုး ဌါ ပြုအပ်သောအမှုနှင့်စပ်ယှဉ်သည်၊ စီရင်အပ်သည်နှင့်စပ်ယှဉ်သည် တို့ဖြင့် ဆရာသည် သတိဖြစ်ဖိမ့်သော၌ မှတ်သား၍ ထားအပ်သော သတိသည် အကျိုးမရှိစကောင်း၊ မင်းကြီး၊ မှတ်သားအပ်သော သတိ သည်ရှိ၏၊ ထို့ကြောင့်အမှုနှင့်စပ်ယှဉ်သည်၊ အတတ်နှင့်စပ်ယှဉ်သည်၊ စီရင်အပ်သည်နှင့် စပ်ယှဉ်သည်တို့ဖြင့် ဆရာတို့သည် ပြုအပ်သော အမှုသည် အကျိုးရှိ၏ဟု ဖြေသော်၊ အရှင်ဘုရား၊ သင့်တင့်လျောက် ပတ်ပေ၏ဟုဝန်ခံလေ၏။

အဘိဇာနန္တသတိပဉှာပြီး၏။

သတိဝဂ္ဂေါဆဋ္ဌော။ ။ဇူမသို ဝဂ္ဂကောဒသပဉှာ။

## ၇၁။ သတိဥပဋ္ဌာနပဉှာ

**သတိအခြင်းအရာ ၁၆ ပါး**....မိလိန္ဒ မင်းသည် အရှင်ဘုရား၊ အဘယ်မျှလောက်သော အခြင်း အရာတို့ဖြင့် သတိသည်ဖြစ်ရာသနည်းဟု မေးသည်ရှိသော်၊ မင်းကြီး၊ သတိသည် တဆဲ့ခြောက်ပါးသောအခြင်းအရာတို့ဖြင့်ဖြစ်၏ဟု အကျဉ်း ဖြေ၏။

မင်းကြီး၊ တဆဲ့ခြောက်ပါးသော အခြင်းအရာတို့ဖြင့် သတိသည် အဘယ်သို့ဖြစ်သနည်းဟူမူကား၊ မင်းကြီး၊ ရှေးရှုဖြစ်သော အားဖြင့် သတိသည်ဖြစ်၏၊ အမြဲမှတ်သားသောအားဖြင့်လည်း သတိသည် ဖြစ် ၏၊ ရုန့်ရင်းသည်ကို သိအပ်သောအားဖြင့်လည်း ဖြစ်၏၊ အကျိုးစီးပွါး ရှိ၏ဟုသိအပ်သောအားဖြင့်လည်း ဖြစ်၏၊ အကျိုးမရှိသည်ကို သိအပ် သောအားဖြင့်လည်းဖြစ်၏၊ သဘာဂသဘောတူ အာရုံရှိသောအားဖြင့် လည်းဖြစ်၏၊ ဝိသဘာဂသဘောမတူသော အာရုံအားဖြင့်လည်းဖြစ်၏၊ စကားကိုအောက်မေ့စေသောအားဖြင့်လည်း ဖြစ်၏၊ အမှတ်လက္ခဏာ

အားဖြင့်လည်းဖြစ်၏၊ လက်ရေးကို ပြသဖြင့်လည်း ဖြစ်၏၊ ရေတွက်သောအားဖြင့်လည်းဖြစ်၏၊ ဆောင်ရွက်သော အားဖြင့်လည်း ဖြစ်၏၊ ဘာဝနာအားဖြင့်လည်း ဖြစ်၏၊ ပုရပိုဒ်ပေတို့၌ ရေးမှတ်သဖြင့်လည်း ဖြစ်၏၊အနီး၌ နှံ့ထားအပ်သောအားဖြင့်လည်းဖြစ်၏၊အစဉ်ခံစားဘူးသော အားဖြင့်လည်း ဖြစ်၏။

မင်းကြီး၊ ဈေးရှုဖြစ်သောအားဖြင့် သတိသည်အဘယ်သို့ ဖြစ်ရာသနည်းဟူမူကား၊ အာနန္ဒာမထေရ်၊ ခုဇ္ဇုတ္တရာဉပါသိကာမတို့ ကဲ့သို့ရင်း၊ ထိုမှတပါး အချို့သောပုဂ္ဂိုလ်တို့သည် ဇာတိဿရဉာဏ်ကို ရကုန်၏၊ ထိုဇာတိဿရဉာဏ်ကိုရသောပုဂ္ဂိုလ်တို့သည် ဈေးဇာတိကို အောက်မေ့နိုင်ကုန်၏၊ ဤသို့ဖြစ်သောသတိသည် ဈေးရှုဖြစ်သောအားဖြင့် သတိဖြစ်၏။

အမြဲမှတ်သော သတိသည် အဘယ်သို့ဖြစ်ရာသနည်း ဟူမူကား၊ အကြင်သူသည် ပြကတေ့အားဖြင့် မေ့လျော့သော သတိရှိသည်ဖြစ်အံ့၊သူတပါးတို့သည် ထိုမေ့လျော့တတ်သောသူကို သတိ ဖြစ်စိမ့်သော ငှါ မြဲစွာဖွဲ့ကုန်၏၊ ဤသို့ မြဲစွာဖွဲ့သောကြောင့် သတိသည်ဖြစ်၏။

ရုန့်ရင်းသောအာရုံအားဖြင့် အဘယ်သို့ သတိဖြစ်ရာသနည်း ဟူမူကား၊ အကြင်အခါ အစိုးရသောမင်းတို့အား အဘိသိက် သွန်းခြင်းတို့သည်ဖြစ်ကုန်၏၊ အကြင်အခါ သောတာပတ္တိဖိုလ်သို့လည်းရောက်သည်ဖြစ်အံ့၊ဤသို့ဖြစ်ခြင်းသည် ရုန့်ရင်းသောအာရုံကို သိသောအားဖြင့် သတိသည်ဖြစ်၏။

အစီးအပွါးရှိသောအားဖြင့် သတိသည် အဘယ်သို့ ဖြစ်ရာသနည်းဟူမူကား၊ အကြင်အရပ်၌ အကြင်သူကို ချမ်းသာစေအပ်၏၊ ဤသို့လျှင် အကျိုးစီးပွါးရှိသောအားဖြင့် သတိသည်ဖြစ်၏။

အကျိုးစီးပွါးမရှိသောအားဖြင့်သတိသည် အဘယ်သို့ဖြစ်ရာသနည်း ဟူမူကား၊ အကြင်အရပ်၌ ဤသူကိုဆင်းရဲစေတတ်၏၊ ဤမည်သော အရပ်၌ ဤသို့ငါ့ကိုဆင်းရဲစေတတ်၏ဟု သတိကိုအောက်မေ့၏၊ ဤသို့လျှင် ဆင်းရဲသည်ကိုသိသောအားဖြင့် သတိသည် ဖြစ်၏။

သဘာဂ အာရုံအားဖြင့် အဘယ်သို့ ဖြစ်ရာသနည်း ဟူမူကား၊ သဘောတူ ပုဂ္ဂိုလ်ကိုမြင်ရလျှင် မိခင်ဘခင်ညီအကို မောင်နှမတို့ကို

အောက်မေ့ လိုက်၏၊ ကုလားအုပ် နွား မြည်းတို့ကို အောက်မေ့လိုက်၏၊ ဤသို့လျှင် သဘာဂ အာရုံအားဖြင့် သတိသည်ဖြစ်၏။

ဝိသဘာဂအာရုံအားဖြင့် အဘယ်သို့ဖြစ်သနည်း ဟူမူကား၊ ဤမည်သောသူ၏အဆင်းကား ဤသို့ရှိ၏၊ အနံ့သည် ဤသို့ရှိ၏၊ အရသာသည် ဤသို့ရှိ၏၊ အတွေ့သည် ဤသို့ရှိ၏ဟု သတိသည်အောက်မေ့၏၊ ဤသို့လျှင် ဝိသဘာဂအာရုံ မဟုတ်သောအားဖြင့် သတိသည်ဖြစ်၏။

စကားကို သိစေသောအားဖြင့် အဘယ်သို့ဖြစ်သနည်းဟူမူကား၊ အကြင်သူသည် မေ့လျော့သောသတိရှိ၏၊ ထိုသူကို သူတပါးတို့သည် အောက်မေ့စေကုန်၏၊ ထိုမေ့လျော့သောသူသည် ထိုတိုက်တွန်း အပ်သောစကားဖြင့် အောက်မေ့၏၊ ဤသို့လျှင် စကားကိုအောက်မေ့စေသောအားဖြင့်သတိသည်ဖြစ်၏။

အမှတ်လက္ခဏာအားဖြင့် သတိသည် အဘယ်သို့ ဖြစ်သနည်းဟူမူကား၊ အကြင်သူသည် ပြကတေ့အားဖြင့်လျှင် နွားလားတို့၏အင်္ဂါကြီးငယ်ဖြင့်သိ၏၊ အမှတ်လက္ခဏာအားဖြင့်လည်း သိ၏၊ ဤသို့လျှင် အမှတ်လက္ခဏာအားဖြင့် သတိသည်ဖြစ်၏။

အောက်မေ့စေသောအားဖြင့် သတိသည် အဘယ်သို့ဖြစ်ရာသနည်း ဟူမူကား၊ အကြင်သူသည်ပြကတေ့အားဖြင့် လွတ်သော သတိရှိသည်ဖြစ်၏၊ ထိုမေ့လျော့သောသူကို တပါးသောသူသည် အဘန် တလဲလဲ အောက်မေ့ဟုနှိုးဆော်၍အောက်မေ့စေ၏၊ ဤသို့လျှင် အောက်မေ့စေသောအားဖြင့်သတိသည်ဖြစ်၏။

လက်ရေးအမှတ်အသားဖြင့် အဘယ်သို့သတိဖြစ်သနည်းဟူမူကား၊ အရေးအသားကိုသင်ကြားအပ်ပြီးသည်၏ အဖြစ်ကြောင့် ဤအက္ခရာ၏အခြားမဲ့၌ ဤအက္ခရာကို ပြုအပ်၏ဟုသိ၏၊ ဤသို့လျှင် အရေးအသားအားဖြင့်သတိသည်ဖြစ်၏။

ဂဏန်းသင်္ချာ အရေ အတွက်အားဖြင့် အဘယ်သို့ သတိဖြစ်ရာသနည်းဟူမူကား၊ ဂဏန်းသင်္ချာ အရေ အတွက်ကို သင်ကုန်သောသူတို့သည် များစွာလျှင် ရေတွက်နိုင်ကုန်၏၊ ဤသို့လျှင်ဂဏန်းသင်္ချာအားဖြင့် သတိသည်ဖြစ်၏။

ဆောင်ရွက်သောအားဖြင့် အဘယ်သို့ ဖြစ်ရာ သနည်းဟူမူကား၊ ဆောင်ရွက်အပ်သော အတတ် ပညာသည် ရှိသည်၏ အဖြစ်ကြောင့်

အတတ်ကို ဆောင်ရွက်ကုန်သော သူတို့သည် များစွာဆောင်နိုင်၏၊ ဤသို့လျှင်ဆောင်ရွက်ခြင်းဖြင့်သတိသည်ဖြစ်၏။

ဘာဝနာအားဖြင့် အဘယ်သို့ ဖြစ်သနည်းဟူမူကား၊ ဤသာသနာတော်၌ ရဟန်းတို့သည် တပါးမက များသောအားဖြင့် ပုဗ္ဗေနိဝါသဉာဏ်ဖြင့် ရှေးသိသရော ခန္ဓာအစဉ်ကို တဘဝ၊ နှစ်ဘဝ၊ သုံးဘဝ အစရှိသည်ဖြင့် အခြင်းအရာနှင့်တကွ အောက်မေ့နိုင်ကုန်၏၊ဤသို့လျှင် ဘာဝနာအားဖြင့်သတိသည်ဖြစ်၏။

ပုရပိုဒ် ပေတို့၌အမြဲ့ဖွဲ့သောအားဖြင့် အဘယ်သို့ ဖြစ်ရာသနည်းဟူမူကား၊ အစိုးရသောမင်းတို့သည် အစဉ်အတိုင်း ဆုံးမအပ်သည်ကို အစဉ်အတိုင်း ဆုံးမစီရင်လိုလတ်သော် ပုရပိုဒ်ပေတို့ကို ဆောင်ချေလော့ဟုစေခိုင်း၍ ထိုပုရပိုဒ် ပေတို့၌ မြဲစွာမှတ်သားအပ်သော အမှတ်ဖြင့်အောက်မေ့စေကုန်၏၊ ဤသို့လျှင် ပုရပိုဒ်ပေတို့ဖြင့် မြဲစွာမှတ်သားအပ်သောအမှတ်အသားဖြင့်သတိသည်ဖြစ်၏။

အနီး၌နှံ့ထားသဖြင့် အဘယ်သို့ဖြစ်ရာ သနည်းဟူမူကား၊ အနီး၌နှံ့ထားအပ်သောဥစ္စာကိုမြင်၍ အောက်မေ့၏၊ဤသို့လျှင်အနီး၌ နှံ့ထားသောအားဖြင့်သတိသည်ဖြစ်၏။

အစဉ်အတိုင်း ခံစားဘူးသောအားဖြင့် အဘယ်သို့ ဖြစ်ရာသနည်းဟူမူကား၊မြင်ဘူးသောရူပါရုံကိုအောက်မေ့၏၊ ကြားဘူးသော သဒ္ဒါရုံ, နမ်းဘူးသောဂန္ဓာရုံ, လျက်ဘူးသောရသာရုံ,တွေ့ဘူးသောဖောဋ္ဌဗ္ဗာရုံ, သိဘူးသောဓမ္မာရုံကို အောက်မေ့၏၊ ဤသို့လျှင်အစဉ်အတိုင်း ခံစားဘူးသောအားဖြင့် သတိသည်ဖြစ်၏။ ။မင်းကြီး၊ဤသို့လျှင်တဆဲ့ခြောက်ပါးသောအခြင်းအရာဖြင့် သတိတရားသည်ဖြစ်၏ဟု ဖြေသော်၊ အရှင်ဘုရား၊ သင့်တင့်လျောက်ပတ်ပေ၏ဟု ဝန်ခံလေ၏။

သတိဥပ္ပဇ္ဇနပဉှာပြီး၏။

---

## ၇၂။ ဇုဒ္ဓဂုဏာပဋိလာဘနပဉှာ

**အကုသိုလ်ကံရှိသူဘုရားအာရုံပြုသေက နတ်ဖြစ်မဖြစ်…မိ လိန္ဒမင်းသည်**

အရှင်ဘုရား၊ အရှင်ဘုရားတို့သည် အကြင်ပုဂ္ဂိုလ်သည် အနှစ်တရာ

ပတ်လုံး အကုသိုလ်ကိုပြုမိအံ့၊ သေသောကာလ၌ ဘုရားကျေးဇူးတော်ကိုအောက်မေ့သောသတိကိုရအံ့၊ ထိုပုဂ္ဂိုလ်သည် နတ်ပြည်တို့၌ ဖြစ်ရာ၏ဟုဆိုကြကုန်၏၊ ထိုစကားကိုတကာတော်မယုံ၊ အရှင်ဘုရားတို့သည်လည်း တရသော ပါဏာတိပါတကံဖြင့်လည်း ငရဲ၌ဖြစ်ကြကုန်၏ဟုဆိုကြကုန်၏၊ ထိုစကားကိုလည်း တကာတော်မယုံပါဟုဆိုသော်၊ မင်းကြီး၊ အသို့အောက်မေ့သနည်း၊အနည်းငယ်သောကျောက်ဖျာသည်လှေမှကင်း၍ရေပေါ်၌ပေါလောမျောရာသလောဟုမေးသော်၊ အရှင်ဘုရား၊ အနည်းငယ်သောကျောက်ဖျာသည် လှေနှင့်ကင်း၍ ရေပေါ်၌မမျောချေဟုဆို၏၊ မင်းကြီး၊ လှည်းတရာဖြင့်လည်း တိုက်အပ်သောကျောက်ဖျာကို လှေဖြင့် တင်အပ်ဆောင်အပ်သည်ရှိသော် ရေ၌ပေါလောမျောရာသည်မဟုတ်လောဟု မေး၏၊ အရှင်ဘုရား၊ လှည်းတရာမျှတိုက်လောက်သော ကျောက်ဖျာကို လှေဖြင့်တင်အပ်ဆောင်အပ်သည်ရှိသော် ရေ၌ပေါလောမျောရာ ပေါ်ရာ၏ဟုဆို၏၊ မင်းကြီး၊ ကုသိုလ်ကံ တရားတို့ကို လှေကဲ့သို့ မှတ်အပ်ကုန်၏ဟုဆိုသော်၊အရှင်ဘုရား၊ သင့်တင့်လျောက်ပတ်ပေ၏ဟုဝန်ခံလေ၏။

ဗုဒ္ဓဂုဏပဋိလာဘနပဉှာပြီး၏။

## ၇၃။ ဒုက္ခပဟာနဝါယာမပဉှာ

**ဆင်းရဲကို ပယ်ပုံ**······မိလိန္ဒမင်းသည် အရှင်ဘုရား၊ အရှင်ဘုရားတို့သည် အသို့နည်း၊လွန်လေပြီးသောဆင်းရဲကို ပယ်ခြင်းငှါ လုံ့လပြုကုန်သလောဟုမေးသော်၊မင်းကြီး၊ လွန်လေပြီးသောဆင်းရဲကိုပယ်ခြင်းငှါ လုံ့လမပြုဟုဆို၏။

အရှင်ဘုရား၊ အသို့နည်း၊ လာလတ္တံ့သောဆင်းရဲကို ပယ်ခြင်းငှါ လုံ့လပြုကုန်သလောဟု မေးပြန်၏။

မင်းကြီး၊လာလတ္တံ့သော အနာဂတ်ဆင်းရဲကို ပယ်ခြင်းငှါ လုံ့လမပြုဟုဆို၏၊ အရှင်ဘုရား၊ အသို့နည်း၊ပစ္စုပ္ပန်၌ဖြစ်သော ဆင်းရဲကိုပယ်ခြင်းငှါလုံ့လပြုသလောဟုမေးပြန်သည်ရှိသော်၊ မင်းကြီး၊ပစ္စုပ္ပန်၌ဖြစ်သော ဆင်းရဲကို ပယ်ခြင်းငှါလည်းလုံ့လမပြုဟုဆို၏၊အရှင်ဘုရားတို့သည် အတိတ်,အနာဂတ်,ပစ္စုပ္ပန်ဆင်းရဲကို ပယ်ခြင်းငှါလုံ့လမပြုဟု

ဆို၏၊ ထိုသို့ဆိုလျက် အဘယ်အကျိုးငှါ လုံ့လပြုတော်မူကြကုန်သနည်း ဟုဆို၏။

မင်းကြီး၊ ဤဝဋ်ဆင်းရဲသည် ချုပ်၏၊ တပါးသောဆင်းရဲသည်မဖြစ်၊ ထိုအကျိုးငှါ လုံ့လပြုကုန်၏ဟုဆို၏၊ အရှင်ဘုရား၊ လာလတ္တံ့သော အနာဂတ်ဆင်းရဲသည် အရှင်ဘုရားအား ရှိသေးအံ့လောဟု မေးသော်၊ လာလတ္တံ့သော ဆင်းရဲရှိ၏ဟုဆို၏။

(ဤအရာဝယ် ပစ္စုပ္ပန်ဘဝ၌ အတိတ်, အနာဂတ်, ပစ္စုပ္ပန်ကာလသုံးပါးကို ယူမှသင့်မည်၊ အဘယ်ကြောင့်နည်းဟူမူကား ရှင်နာဂသေနမထေရ်သည် ရဟန္တာဖြစ်၍လာလတ္တံ့သော ဘဝသစ်၌ ဆင်းရဲကင်းပြီးဖြစ်သည်၊ ထို့ကြောင့်ပစ္စုပ္ပန်ဘဝ၌ ကာလသုံးပါးကို ယူမှသင့်မည်။ ။ဤကားစကားချပ်။)

အရှင်ဘုရား၊ အရှင်ဘုရားတို့သည် အလွန်လျှင်ပညာရှိကုန်၏၊ အရှင်ဘုရားတို့သည် ထင်ရှားမရှိသော ဆင်းရဲကို ပယ်ခြင်းငှါ လုံ့လပြုကုန်ဘိ၏တကားဟုဆိုသော်၊ မင်းကြီး၊ သင်မင်းကြီးအား အချို့သောရန်သူမင်းတို့သည် ထင်ရှားရှိဘူးကုန်သလောဟုဆိုသော်၊ အရှင်ဘုရား၊ ရန်သူရှိဘူးချေ၏ဟုဆိုလျှင်၊ မင်းကြီး၊ သင်မင်းကြီးတို့သည် ထိုရန်သူရှိသော အခါ ကျုံးကိုတူးသလော၊ မြို့တံတိုင်းကိုစီရင်သလော၊ ပြအိုး၊ ပခွင်တို့ကို ပြုစေသလော၊ စပါးရိက္ခာကို သွင်းစေသလောဟုဆိုသော်၊ အရှင်ဘုရား၊ ထိုသို့အမှုပေါ်မှပြုအပ်သည်မဟုတ်၊ အမှုမပေါ်မီ စောစောကလျှင် စီရင် အပ်သည် ဖြစ်၏ဟုဆိုလျှင်၊ မင်းကြီး၊ အသို့နည်း၊ ထိုအမှုရှိသောအခါ ဆင်အတတ်၊ မြင်းအတတ်၊ ရထားအတတ်၊ လေးအတတ်တို့ကို သင် သလောဟုဆိုသော်၊ အရှင်ဘုရား၊ အမှုပေါ်မှသင်အပ်သည်မဟုတ်၊ အမှု မပေါ်မီ ရှေးအတို့စောစောကလျှင် သင်အပ်၏ဟုဆိုသော်၊ မင်းကြီး၊ အဘယ်အကျိုးငှါ ရှေးဦးစွာလျှင် မြို့တံတိုင်း၊ ကျုံး၊ မြောင်းအစရှိသည် တို့ကို ပြုအပ်ကုန်သနည်းဟုဆိုသော်၊ အရှင်ဘုရား၊ လာလတ္တံ့သော ဘေးကို တားမြစ်အံ့သောငှါဟုဆို၏၊ မင်းကြီး၊ လာလတ္တံ့သောဘေး ရှိ သေးသလောဟုမေးပြန်၏၊ အရှင်ဘုရား၊ လာလတ္တံ့သောဘေးရှိ၏ဟုဆို သော်၊ မင်းကြီးတို့သည်လည်း အလွန်ပညာရှိကုန်၏၊ သင်မင်းကြီးတို့ သည် လာလတ္တံ့သောဘေးတို့ကို တားမြစ်အံ့သောငှါ စောစောက လျှင် စီရင်ကုန်ဘိ၏တကားဟုဆို၏။

(ဤစကားနှစ်သွယ်တို့သည် စကားချင်းရိုက်၍ အမေးအဖြေဖြစ်ကြသည်။ ။ဤကား စကားချပ်။)

အရှင်ဘုရား၊ဥပမာပြုပါဦးလော့ဟုဆိုသော်၊ မင်းကြီး၊ အသို့အောက်မေ့သနည်း၊ အကြင်အခါ သင်မင်းကြီးသည် ရေငတ်သည်ဖြစ်အံ့၊ ထိုအခါ ရေသောက်အံ့ဟု ရေတွင်းကိုတူးအံ့လော၊ရေကန်ကိုတူးအံ့လော၊ တဘက်ဆည်းကန်ကို တူးအံ့လောဟုဆိုသော်၊ အရှင်ဘုရား၊ ထိုသို့ ရေငတ်မွတ်သောကာလမှမတူး စောစောကလျှင် တူးအပ်၏ဟုဆို၏၊ မင်းကြီး၊ အဘယ်ကြောင့် ရေတွင်းရေကန်ကို စောစောကတူးအပ်လေသနည်းဟုဆိုသော်၊အရှင်ဘုရား၊ လာလတ္တံ့သောအခါ ငတ်မွတ်ခြင်းကို ဖျောက်အံ့သော၄ါ စီရင်အပ်၏ဟု ဆို၏။ ။မင်းကြီး၊ လာလတ္တံ့သော ငတ်မွတ်ခြင်း ရှိ၏လောဟု မေး၏၊ အရှင်ဘုရား၊ လာလတ္တံ့သော ငတ်မွတ်ခြင်းသည်ရှိ၏ဟုဆို၏၊မင်းကြီး၊ သင်မင်းကြီးတို့သည် အလွန်ပညာရှိကုန်၏၊လာလတ္တံ့သော ငတ်မွတ်ခြင်းကို တားမြစ်အံ့သော၄ါ ရေတွင်းရေကန်ကိုတူးကုန်၏ဟုဆို၏။ ။အရှင်ဘုရား၊ လွန်စွာ ဥပမာပြုပါဦးလော့ဟုဆိုသော်၊ မင်းကြီး၊ အသို့အောက်မေ့သနည်း၊အကြင်အခါသင်မင်းကြီးသည် ထမင်းစားခြင်း၄ါ အလိုရှိ၏၊ ထိုအခါထမင်းစားအံ့ဟု လယ်ထွန်ရာသလော၊ သလေးစပါးကို ပျိုးရာသလောဟုဆိုသော်၊အရှင်ဘုရား၊ ထိုသို့မဟုတ်၊စောစောကလျှင် စီရင်အပ်သည်ဖြစ်ကုန်၏ဟုဆို၏၊မင်းကြီး၊ အဘယ်အကျိုး၄ါ စောစောကလျှင် စပါးပျိုးလေသနည်းဟု ဆိုသော်၊ အရှင်ဘုရား၊ လာလတ္တံ့သော ထမင်းစားချင်ခြင်းကို တားမြစ်အံ့သော၄ါ စောစောကလျှင် သလေးစပါးတို့ကိုစိုက်ပျိုးအပ်သည်ဖြစ်၏ဟုဆိုသော်၊ မင်းကြီး၊လာလတ္တံ့သောအခါ ထမင်းစားချင်ခြင်းရှိအံ့လောဟုဆို၏၊အရှင်ဘုရား၊လာလတ္တံ့သောအခါ ထမင်းစားချင်ခြင်း ရှိပါ၏ဟုဆိုလျှင်၊ မင်းကြီးတို့သည် အလွန်ပညာရှိကုန်၏၊ထင်ရှားမရှိသော လာလတ္တံ့သောထမင်းစားချင်ခြင်းကို မြစ်တားအံ့သော၄ါ စိုက်ပျိုးစီရင်ခြင်းကို ပြုဘိ၏တကားဟုဆိုသော်၊ အရှင်ဘုရား၊သင့်တင့်လျောက်ပတ်ပေ၏ဟု ဝန်ခံလေ၏။

(ဤအရာ၌မေးတုံ့ကိုသာမေးလိုက်၍စကားအကုန်ပြီးလေပြတ်လေသည်၊ သို့ဖြစ်သောကြောင့် ပဋိပုစ္ဆာဗျာကရဏဝိသဇ္ဇနာဟုမှတ်အပ်၏။ ။ဤကားစကားချပ်။)

ဒုက္ခပ္ပဟာနဝါယာမပဉှာပြီး၏။

## ၇၄။ ဖြဟ္မလောကပဥှာ

**လူ့ပြည်နှင့်ဗြဟ္မာ့ပြည်အကွာအဝေး**······မိလိန္ဒမင်းသည် အရှင်ဘုရား၊ ဤလူ့ပြည်မှ ဗြဟ္မာ့ပြည်သည် အဘယ်မျှလောက်ဝေးသနည်းဟု မေးသည်ရှိသော်၊ မင်းကြီး၊ ဤလူ့ပြည်မှ ဗြဟ္မာ့ပြည်သည် ထောင်ထွဋ်ပမာဏရှိသော ကျောက်စိုင်ကိုချအပ်သည်ရှိသော် အောက်အစဖြစ်သော ဗြဟ္မာ့ပြည်မှ တနေ့နှင့် တညဉ့်ကျသောကာလ ယူဇနာ လေးသောင်း ရှစ်ထောင် ကျ၍၊ လေးလမှ မြေသို့ရောက်၏၊ ထို့ကြောင့် အလွန်ဝေး၏ဟု ဆို၏။

အရှင်ဘုရားတို့သည် အားရှိသော ယောကျ်ားသည် ကွေးသော လက်ရုံးကို ဆန့်သကဲ့သို့၊ ဆန့်သောလက်ရုံးကို ကွေးသကဲ့သို့၊ ထိုအတူ တန်ခိုးနှင့်ပြည့်စုံသော စိတ်၏ဝသီဘော် အလေ့အကျက်ရှိသောရဟန်းသည် ဇမ္ဗူဒိပ်မှ ကွယ်ခဲ့၍ ဗြဟ္မာ့ပြည်၌ ထင်ရှားစွာဖြစ်၏ဟုဆိုကြကုန်၏၊ ထိုစကားကိုလည်း တကာတော်မယုံ၊ ဤသို့ဖြစ်ခြင်းသည် အလွန်လျင်မြန်စွာ ထိုမျှလောက်သော ယူဇနာအချင့် အတွက်တာ လွမ်းဝေးသော အရပ်သို့ ရောက်၏တကားဟုဆိုသော်၊ ရှင်နာဂသေန မထေရ်သည် မင်းကြီး၊သင်မင်းကြီးဘွားရာအရပ်သည် အဘယ်အရပ်နည်းဟုမေးသော်၊ အရှင်ဘုရား၊ အလသန္ဒမည်သော ကျွန်းသည်ရှိ၏၊ ထိုကျွန်း၌ တကာတော် ဘွားမြင်သည်ဟုဆို၏၊ မင်းကြီး၊ ဤအရပ်မှ ဘွားမြင်ရာ အလသန္ဒကျွန်းသည် အဘယ်မျှလောက် ဝေးသနည်းဟု ဆို၏၊အရှင်ဘုရား၊ ယူဇနာနှစ်ရာတိုင်တိုင်ဝေး၏ဟုဆိုသော် မင်းကြီးသည် ထိုအလသန္ဒမည်သောကျွန်း၌ တစုံတခုသော ပြုဘွယ်ကိစ္စကို ပြု၍ အောက်မေ့လေ့ဟုဆိုသော်၊ အရှင်ဘုရား၊ အောက်မေ့ပါပြီဟု လျှောက်၏၊မင်းကြီး၊သင်မင်းကြီးသည် ယူဇနာနှစ်ရာရှိသောအရပ်သို့ လျင်စွာသွားသည်ဖြစ်သလောဟု ဆိုသော်၊ အရှင်ဘုရား၊ သင့်တင့် လျှောက်ပတ်ပေ၏ဟု ဝန်ခံလေ၏။

(အဓိပ္ပါယ်ကား ကိုယ်မရောက်ဘဲလျက် စိတ်ရောက်သည်ကိုထောက်၍ သိရပေ၏ဟု ဆိုလိုသည်။)

ဗြဟ္မလောကပဥှာပြီး၏။

## ၇၅။ မနုဿလောကဗြဟ္မလောကုပ္ပန္နာနံသမက ဘာဝပဉှာ

**လူမှလူ-လူမှဗြဟ္မာဖြစ်ချိန်တူပုံ**……မိလိန္ဒမင်းသည် အရှင်ဘုရား၊ အကြင်သူသည် ဤလူ့ပြည်၌ စုတေမနေ သေ၍ ဗြဟ္မာ့ပြည်၌ဖြစ်လေ၏၊ အကြင်သူသည် ဤအရပ်၌ စုတေ၍ ကသ္မီရတိုင်း၌ဖြစ်လေ၏၊ ထိုသူနှစ်ယောက်တို့တွင် အဘယ်သူသည် ကြာမြင့်ရာသနည်း၊ အဘယ်သူသည် လျင်စွာဖြစ်ရာသနည်းဟု မေး၏။

မင်းကြီး၊ ကြာမြင့်၏ဟူ၍၎င်း, လျင်၏ဟူ၍၎င်း မိုင်းခြား၍ မဆိုရာ၊ အမျှပင်ဖြစ်ရာ၏ဟု ဖြေသော်၊ အရှင်ဘုရား၊ ဥပမာပြုပါဦးလော့ဟု ဆို၏၊ မင်းကြီး၊ သင်မင်းကြီး၏ ဖြစ်ရာအရပ်သည် အဘယ်အရပ်နည်းဟု ဆိုသော်၊ အရှင်ဘုရား၊ ကာလသိမည်သောရွာသည်ရှိ၏၊ ထိုရွာသည် တကာတော်၏ ဖြစ်ရာဇာတိ ရွာတည်းဟု ဆို၏၊ မင်းကြီး၊ ဤသာဂလမြို့မှ ထိုကာလသိရွာသည် အဘယ်မျှဝေးသနည်းဟု ဆို၏၊ အရှင်ဘုရား၊ ယူဇနာ နှစ်ရာရှိ၏ဟု ဆိုသော်၊ မင်းကြီး၊ ဤသာဂလမြို့မှ ကသ္မီရတိုင်းသည် အဘယ်မျှ ဝေးသနည်းဟု ဆို၏၊ အရှင်ဘုရား၊ တဆဲ့နှစ်ယူဇနာ ဝေး၏ဟု ဆိုသော်၊ မင်းကြီး၊ သင်မင်းကြီးသည် ကာလသိရွာကို ကြံအောက်မေ့လော့ဟု ဆိုလျှင်၊ အရှင်ဘုရား၊ ကြံအောက်မေ့ပါပြီဟု ဆို၏၊ မင်းကြီး ကသ္မီရတိုင်းကို ကြံအောက်မေ့လော့ဟု ဆိုသော်၊ အရှင်ဘုရား၊ ကြံအောက်မေ့ပါပြီဟု ဆို၏၊ မင်းကြီး၊ အဘယ်အရပ်ကို ကြာမြင့်စွာ ကြံရသနည်း၊ အဘယ်အရပ်ကို လျင်စွာကြံရသနည်းဟု မေးသော်၊ အရှင်ဘုရား၊ အမျှပင်ကြံစည်ခြင်းကာလရှိ၏ဟု ဆို၏၊ မင်းကြီး၊ ထိုအတူ အကြင်သူသည် ဤလူ့ပြည်မှ စုတေ၍ ဗြဟ္မာ့ပြည်၌ဖြစ်၏၊ အကြင်သူသည် ဤလူ့ပြည်မှသေ၍ ကသ္မီရတိုင်း၌ဖြစ်၏၊ ထိုနှစ်ယောက်တို့သည်ကား အထူးမရှိ၊ အမျှပင်ဖြစ်ကောင်း၏ဟု ဆို၏၊ အရှင်ဘုရား၊ ဥပမာဖြင့်လွန်စွာ ပြုပါဦးလော့ဟု ဆိုသော်၊ မင်းကြီး၊ အသို့အောက်မေ့သနည်း၊ ငှက်နှစ်ခုတို့သည် ကောင်းကင်ဖြင့်ပျံကုန်အံ့၊ ထိုနှစ်ခုသော ငှက်တို့တွင် တခုသောငှက်သည်မြင့်စွာသောသစ်ပင်၌ နားအံ့၊ တခုသော ငှက်သည် နိမ့်သောသစ်ပင်၌ နားအံ့၊ ထိုနှစ်ခုသောငှက်တို့သည် တပြိုင်နက် နားကြ

ကုန်သော် အဘယ်ဌက်၏အရိပ်သည်မြေ၌ရှေးဦးစွာ တည်ရာသနည်း၊ အဘယ်ဌက်၏ အရိပ်သည် ကြာမြင့်မှ တည်ရာသနည်းဟုမေးသော်၊ အရှင်ဘုရား၊ ထိုဌက်နှစ်ခုတို့၏ အရိပ်သည် မြေ၌ထင်ခြင်း တည်ခြင်း သည်ကား အထူးမရှိ၊ ကာလတပြိုင်နက်ပင် ဖြစ်ကောင်း၏ဟုဆိုလျှင်၊ မင်းကြီး၊ထိုအတူ အကြင်သူသည်ဤလူ့ပြည်မှ စုတေမနေသေ၍ ဗြဟ္မာ့ ပြည်၌ဖြစ်လေအံ့၊အကြင်သူသည်ဤလူ့ပြည်မှ စုတေမနေသေ၍ ကသ္မီရ တိုင်း၌ဖြစ်လေအံ့၊ ထိုသူနှစ်ယောက်တို့သည် အမျှပင်ဖြစ်ကုန်၏ဟုဆို သော်၊ အရှင်ဘုရား၊ သင့်တင့်လျောက်ပတ်ပေ၏ဟုဝန်ခံလေ၏။

မနုဿလောကဗြဟ္မလောကပ္ပန္နာနံသမကာဘာဝပဥှာပြီး၏။

---

## ၇၆။ ဗောဇ္ဈင်္ဂပဥှာ

**ဗောဇ္ဈင် ၇–ပါးပြဿနာ**……မိလိန္ဒ မင်းသည် အရှင် ဘုရား၊ ဗောဇ္ဈင်တို့သည် အဘယ်မျှသော အပြားရှိသနည်းဟုမေး၏၊ မင်းကြီး၊ခုနစ်ပါး အပြားရှိ၏ဟု ဖြေသော်၊ အရှင်ဘုရား၊ ဗောဇ္ဈင်တို့ဖြင့်သိအပ်သောတရားတို့ကို အဘယ်တရား ဖြင့်သိသနည်းဟုမေးပြန်၏။

မင်းကြီး၊ တပါးသော ဓမ္မဝိစယသမ္ဗောဇ္ဈင်ဖြင့် သိ၏ဟု ဖြေပြန် သော်၊ အရှင်ဘုရား၊ အဘယ်ကြောင့် ဗောဇ္ဈင် ခုနစ်ပါးဟူ၍ ဟော တော်မူအပ်ကုန်သနည်းဟု မေးသော်၊ မင်းကြီး၊ အသို့အောက်မေ့သ နည်း၊ သန်လျက်ကို အိမ်ဖြင့် ထည့်အပ်သည်ရှိသော် ဖြတ်အပ်သော ဝတ္ထုကိုဖြတ်နိုင်အံ့လောဟုဆို၏၊ အရှင်ဘုရား၊ သန်လျက်ကို အိမ်ဖြင့် ထည့်အပ်သော ကာလ ဖြတ်အပ်သော ဝတ္ထုမဖြတ်ချေဟု ဆိုလျှင်၊ မင်းကြီး၊ ထိုအတူ ဓမ္မဝိစယသမ္ဗောဇ္ဈင်နှင့်ကင်း၍ ခြောက်ပါးသော ဗောဇ္ဈင်တို့ဖြင့်သိအပ်သောတရားကို မသိနိုင်ချေဟု ဖြေသော်၊ အရှင် ဘုရား၊ သင့်တင့်လျောက်ပတ်ပေ၏ဟု ဝန်ခံလေ၏။

ဗောဇ္ဈင်္ဂပဥှာပြီး၏။

## ၇၇။ ပါပပုညာနံအပ္ပါနပ္ပဘာဝပဉှာ

**ကုသိုလ်နှင့် အကုသိုလ် စည်ပင်တိုးပွါးပုံ**·····မိလိန္ဒ မင်း သည် အ ရှ င် ဘု ရား၊ ကုသိုလ်,အကုသိုလ်တရားတို့တွင် အဘယ်တရားသည် အထူးသဖြင့် နေ့ရှည်စွာ ပွါးများဧလရာ သနည်းဟု မေးသည်ရှိသော်၊ မင်းကြီး၊ ကုသိုလ်,အကုသိုလ်တို့တွင် ကုသိုလ်တရားသည်အထူးသဖြင့်ပွါးများ၏၊ အကုသိုလ်တရားသည် နည်း၏ဟု ဆိုသော်၊ အရှင်ဘုရား၊ အဘယ်ကြောင့်အကုသိုလ်နည်းရာသနည်းဟုမေးပြန်သော်၊မင်းကြီး၊ အကုသိုလ်ကိုပြုမိလွန်ကျူးမိသောသူကား ငါသည်မကောင်းမှုကို ပြုမိချေသည်ဟုနှလုံးမသာ ရှိသည်ဖြစ်၏၊ ထို့ကြောင့် မကောင်းမှုသည် မပွါးရာ၊ မင်းကြီး၊ စင်စစ်သော်ကား ကုသိုလ်ကို ပြုမိသော သူသည် နှလုံးမသာ မရှိ၊ နှစ်ယို ဝမ်းသာသည်ဖြစ်၍ ဝမ်းမြောက်သော သူအား ပီတိရှိ၏၊ ပီတိရှိသောသူအားကိုယ်သည်ငြိမ်း၏၊ ကိုယ်ငြိမ်းသော သူအား ချမ်းသာ၏၊ချမ်းသာသောသူအား၊ စိတ်သည် တည်ကြည်၏၊ တည်ကြည်သောသူအားဟုတ်သောအတိုင်းသိ၏၊ ထို့ကြောင့် ကုသိုလ်သည် ပွါးများ၏၊ ထိုစကားကို သက်သေနှင့် တကွ ပြအံ့၊ မင်းကြီး၊ လက်ခြေပြတ်သောယောကျ်ားသည် မြတ်စွာဘုရားအား ကြာတလက်ကိုလှူ၍ ကိုးဆဲ့တကမ္ဘာပတ်လုံးငရဲမလား၊ မင်းကြီး၊ဤသို့သော အကြောင်းဖြင့် ကောင်းမှုသည်များ၏၊ မကောင်းမှုသည်နည်း၏ဟု ဆိုသော်၊ အရှင်ဘုရား၊ သင့်ဘင့်လျောက်ပတ်ပေ၏ဟုဝန်ခံလေ၏။

ပါပပုညာနံအပ္ပါနပ္ပဘာဝပဉှာပြီး၏။

---

## ၇၈။ ဇာနန္တာဇာနန္တာနံပါပကရဏပဉှာ

**သိ၍လွန်ကျူး,မသိဘဲလွန်ကျူးပြစ်**······မိလိန္ဒမင်းသည် အရှင်ဘုရား၊ အကြင်သူ သည် အပြစ် ကိုသိလျက်မကောင်းမှုကိုပြု၏၊အကြင်သူသည်လည်း အပြစ်ကို မသိဘဲ မကောင်းမှုကိုပြု၏၊ ထိုသူနှစ်ယောက်တို့တွင် အဘယ်သူအား မကောင်းမှုများရာသနည်းဟုမေး၏။

မင်းကြီး၊ အကြွင်းသူသည် မသိဘဲမကောင်းမှုကိုပြု၏၊ ထိုသူအား မကောင်းမှုသည်များ၏ဟု ဖြေသော်၊ အရှင်ဘုရား၊ တကာတော်တို့တွင် အကြွင်မင်းသားသည်ရင်း၊ အမတ်သားသည်ရင်း သိလျက် မကောင်းသောအမှုအရာကိုပြုအံ့၊ထိုသူအားနှစ်ဆတက် ဒဏ်ကို ပေးကြကုန်၏ဟု ဆိုသော်၊ မင်းကြီး၊အသို့အောက်မေ့သနည်း၊ ရဲရဲပြောင်ပြောင် အလျှံနှင့်တကွသော သံတွေခဲကို တယောက်သောသူသည် ပူမှန်းသိလျက် ကိုင်အံ့၊ တယောက်သောသူသည်ပူမှန်းမသိဘဲကိုင်အံ့၊ အဘယ်သူအား ပြင်းစွာလောင်ရာသနည်းဟုဆိုသော်၊ ပူမှန်းမသိသောသူသည် ပြင်းစွာလောင်ရာ၏ဟုဆို၏၊ မင်းကြီး၊ ထိုကဲ့သို့အကြွင်သူသည် အပြစ်ကိုမသိဘဲမကောင်းမှုကိုပြု၏၊ ထိုသူအားမကောင်းမှုသည်များ၏ဟု ဖြေသော်၊ အရှင်ဘုရား၊ သင့်တင့်လျောက်ပတ်ပေ၏ဟုဝန်ခံလေ၏။

ဇာနန္တာဇာနန္တာနံပါပကရဏပဉှာပြီး၏။

---

## ၇၉။ စာတုမဟာဘူတိကေနကာယေနဥတ္တရ ကုရုကာဒိဂမနပဉှာ

**လူ့ခန္ဓာကိုယ်ဖြင့်ဗြဟ္မာ့ပြည်သို့သွားနိုင်ပါသလော**…မိလိန္ဒမင်းသည်၊အရှင်ဘုရား၊ တစုံတယောက်သောသူသည် ဤကိုယ်ဖြင့် ဥတ္တရ ကုရုကျွန်း၊ ဗြဟ္မာ့ပြည်၊ တပါးသော ကျွန်းသို့ သွားသောသူရှိ၏လော ဟု မေး၏၊ မင်းကြီး၊ သင်မင်းကြီးသည် ဤမြေကြီးထက်၌ တထွာ တတောင်မျှ လောက် ခုန်လွှား၍ သွားသောသူရှိသည်ကိုသိ၏ လောဟုဆို၏၊ အရှင်ဘုရားသိပါ၏ဟုဆို၍ တကာတော်သည် မြေကြီးပေါ်၌ ရှစ်တောင်မျှလောက်သောအရပ်ကိုခုန်လွှားနိုင်ပါ၏ဟုဆိုလျှင်၊ မင်းကြီး၊ သင်မင်းကြီးသည်ရှစ်တောင်အရပ်သို့အဘယ်သို့ခုန်လွှား နိုင်လေသနည်းဟုဆိုသော်၊ အရှင်ဘုရား၊တကာတော်သည်ဤအရပ်သို့ ခုန်လွှားမည်ဟု စိတ်အကြံကိုဖြစ်စေ၏၊ စိတ်ကိုဖြစ်စေသည်နှင့်တကွ တကာတော်၏ကိုယ်သည်ပေါ့ပါး၏ဟုဆိုသော်၊မင်းကြီး၊ထိုအတူ တန်ခိုး အဘိညာဉ် စိတ်ဝသီဘော်အလေ့အကျက်ရှိသော ပုဂ္ဂိုလ်သည် ကိုယ်စိတ်တို့ကို ကောင်း

စွာတင်၏၊ စိတ်၏အစွမ်းဖြင့် ကောင်းမောင်သို့ သွားနိုင်၏ဟု ဆိုသော်၊ အရှင်ဘုရား၊ သင့်တင့်လျောက်ပတ်ပေ၏ဟုဝန်ခံလေ၏။

စာတုမဟာဘူတိကေနကာယေနဥတ္တရကုရုကာဒိဂမနပဥှာပြီး၏။

---

## ၁၀။ အဋ္ဌိနံဒီဃဘာဝပဥှာ

**အရိုးပြဿနာ**.....မိလိန္ဒမင်းသည် အရှင်ဘုရား၊ အရှင်ဘုရားတို့သည် သတ္တဝါတို့၏ အရိုးတို့သည် ယူဇနာ တရာတိုင်တိုင်ရှိသည်ဟု ဆိုတော်မူကြကုန်၏၊ သစ်ပင်မျှသော်လည်း ယူဇနာ တရာတိုင်တိုင် မရှိနိုင်ရာတကား၊ အဘယ်မှာလျှင် အရိုးတို့သည် ယူဇနာ တရာတိုင်တိုင် ဖြစ်နိုင်ကုန်အံ့နည်းဟု မေးသည် ရှိသော်၊ မင်းကြီး၊ အသို့အောက်မေ့သနည်း၊ မဟာသမုဒ္ဒရာ၌ ယူဇနာ ငါးရာရှိသော ငါးတို့သည်ရှိကုန်၏ဟု ကြားဘူးသည် မဟုတ်လောဟူ၍ ဆိုသော်၊ အရှင်ဘုရား၊ ယူဇနာ ငါးရာရှိသော ငါးတို့သည် မဟာ သမုဒ္ဒရာ၌ရှိကုန်၏ဟူ၍ ကြားဘူးပါ၏ဟု ဆိုသော်၊ မင်းကြီး၊ ယူဇနာ ငါးရာရှိသောငါး၏အရိုးတို့သည် ယူဇနာတရာတိုင်တိုင် ရှည်သည်ဖြစ်၏ ဟုဆိုသော်၊ အရှင်ဘုရား၊ သင့်တင့်လျောက်ပတ်ပေ၏ဟု ဝန်ခံလေ၏။

အဋ္ဌိနံဒီဃဘာဝပဥှာပြီး၏။

---

## ၁၁။ အဿာသပဿာသ နိရောဓပဥှာ

**ထွက်သက်ဝင်သက်ကိုချုပ်တည်းနိုင်မချုပ်တည်းနိုင်**......မိလိန္ဒမင်းသည်

အရှင်ဘုရား၊ အရှင်ဘုရားတို့သည် ထွက်သက် ဝင်သက်ကိုချုပ်အံ့သော ငှါ တတ်နိုင်၏ဟူ၍ ဆိုတော်မူကြကုန်၏လောဟု မေးသည် ရှိသော်၊ မင်းကြီး၊ ထွက်သက် ဝင်သက်ကိုချုပ်အံ့သောငှါ တတ်နိုင်ကုန်၏ဟုဆို သော်၊ အရှင်ဘုရား၊ အဘယ်သို့လျှင် ထွက်သက် ဝင်သက်ကိုချုပ်အံ့ သောငှါ တတ်နိုင်လေသနည်းဟုဆို၏၊ မင်းကြီး၊ အသို့ အောက်မေ့ သနည်း၊ အိပ်သောကာလဟောက်သောအသံကိုကြားဘူးသည်မဟုတ် လောဟုဆိုလျှင်၊ အရှင်ဘုရား၊ ကြားဘူးပါ၏ဟုဆို၏၊ မင်းကြီး၊ ထို ဟောက်သောအသံသည်သေသောသူ၌ ကင်းရာသလောဟုဆိုသော်၊

အရှင်ဘုရား၊ သေခဲ့သော်ဟောက်သော အသံသည် ကင်းရာ၏၊မရှိရာ ဟုဆို၏၊ မင်းကြီး၊ ထိုသို့ဟောက်သော် ထွက်သက် ဝင်သက်ဖြစ်သောအသံသည် ကမ္မဋ္ဌာန်းကိုမပွါးစေအပ်သောကိုယ်၊ မပွါးစေအပ်သောအလေ့၊ မပွါးစေအပ်သောစိတ်၊မပွါးစေအပ်သော ပညာရှိသော ပုဂ္ဂိုလ်အားသေသည်ရှိသော် ကိုယ်မှကင်းရာ၏၊ မသေသော် ထွက်သက် ဝင်သက်မကင်းရာ၊အဘယ်ကြောင့်ကားကမ္မဋ္ဌာန်းကို ပွါးစေအပ်သောကိုယ်၊ ပွါးစေအပ်သောအလေ့၊ ပွါးစေအပ်သောစိတ်၊ ပွါးစေအပ်သောပညာနှင့် ပြည့်စုံသောစတုတ္ထဈာန်ကို ဝင်စားသော ပုဂ္ဂိုလ်အား ထွက်သက် ဝင်သက်မချုပ်နေပေအံ့နည်းဟုဆိုသော်၊အရှင်ဘုရား၊ သင့်တင့်လျောက်ပတ်ပေ၏ဟု ဝန်ခံလေ၏။

**အဓိပ္ပါယ်ကား**·····ထွက်သက် ဝင်သက်မရှိသော်သေ၏ဟု မိလိန္ဒမင်း အယူရှိသည်၊ ရှင်နာဂသေနအယူမှုကား ကမ္မဋ္ဌာန်းကို ပွါးစေအပ်သော ပညာနှင့်ပြည့်စုံသော စတုတ္ထဈာန်ကို ဝင်စားသော ပုဂ္ဂိုလ်သည်ကား ပွါးစေအပ်သော ကမ္မဋ္ဌာန်းလျှင်အရင်းရှိသောကြောင့် ထွက်သက်ဝင်သက်ကို ချုပ်နိုင်သည်ဟုလိုသည်။ ။ (ဤကားစကားချပ်။)

အဿာသပဿာသနိရောဓပဉှာပြီး၏။

## ၈၂။ သမုဒ္ဒပဥှာ

**သမုဒ္ဒရာ**·····မိလိန္ဒမင်းသည် အရှင်ဘုရား၊ သမုဒ္ဒရာဟူ၍ ဆိုအပ်၏၊ အဘယ်ကြောင့် သမုဒ္ဒရာဟူ၍ ဆိုအပ်သနည်းဟု မေးသော်။ ။မင်းကြီး၊ အကြင်မျှလောက်သော ရေသည်ရှိ၏၊ ထိုမျှလောက်သောရေသည်ငန်သောအရသာရှိ၏၊ထိုမျှလောက်သောရေကိုသမုဒ္ဒရာဟူ၍ ဆိုအပ်၏ဟု ဆိုသော်၊ အရှင်ဘုရား၊ သင့်တင့်လျောက်ပတ် ပေ၏ဟု ဝန်ခံလေ၏။

သမုဒ္ဒပဉှာပြီး၏။

## ၈၃။ သမုဒ္ဒဿကောရသပဥှာ

**ရေငန်ခြင်းအကြောင်း**·····မိလိန္ဒမင်းသည် အရှင်ဘုရား၊ အဘယ် အကြောင်း ကြောင့် မဟာ သမုဒ္ဒရာ

သည် ဆားငန်ရေသာရှိသနည်းဟု မေး၏။ ။မင်းကြီး၊ ရေ၏ကြာမြင့်စွာတည်သည်၏အဖြစ်ကြောင့် မဟာသမုဒ္ဒရာသည် တရသောဆားငန်အရသာရှိ၏ဟုဆိုသော်၊ အရှင်ဘုရား၊ သင့်တင့် လျောက်ပတ်ပေ၏ဟု ဝန်ခံလေ၏။

သမုဒ္ဒသာကေရသပဉှာပြီး၏။

---

## ၈၄။ သုခုမပဉှာ

**တရားနှင့်စပ်သောပြဿနာ**……မိလိန္ဒမင်းသည် အရှင်ဘုရား၊ အချင်းခပ်သိမ်း သိမ်မွေ့သည်ကို ဖြတ်ခြင်းငှါ တတ်နိုင်၍ကောင်း အံ့လောဟု မေး၏။ ။မင်းကြီး၊ အလုံးစုံသိမ်မွေ့သည်ကိုဖြတ်ခြင်းငှါ တတ်ကောင်း၏ဟုဆိုသော်၊ အရှင်ဘုရား၊ အဘယ်သည်လျှင် အချင်းခပ်သိမ်း သိမ်မွေ့သနည်းဟု မေးပြန်၏၊ မင်းကြီး၊ တရားသည်လျှင်အချင်းခပ်သိမ်း သိမ်မွေ့၏၊ မင်းကြီး၊တရားတို့၏အမည်နာမဝေါဟာရသည် သိမ်မွေ့သောတရားဟူ၍ရှင်း၊ ရုန့်ရင်းသောတရားဟူ၍ရှင်း ရှိ၏၊ ထိုသို့ရှိသော်လည်း တရားဟူသောအလုံးစုံသောတရားတို့သည် သိမ်မွေ့ကုန်၏၊ အမှတ်မရှိသောတရားကိုဖြတ်အပ်၏၊ ထိုအလုံးစုံကို ပညာဖြင့်သာ ဖြတ်၏၊ ပညာနှင့်တူသော နှစ်ခုမြောက်သော ဖြတ်တတ်သော တရားမည်သည် မရှိပြီဟုဆိုသော်၊အရှင်ဘုရား၊ သင့်တင့် လျောက်ပတ်ပေ၏ဟု ဝန်ခံလေ၏။ ။

(အမိပ္ပါယ်ကား တရားကိုရုန့်ရင်းသည်ဖြစ်စေ၊ သိမ်မွေ့ နူးညံ့သည်ဖြစ်စေ၊ ပညာဖြင့်ဖြတ်အပ်သည်ရှိသော် နူးညံ့သိမ်မွေ့စွာဖြတ်သည်မည်၏ဟူလိုသည်။)

သုခုမပဉှာပြီး၏။

---

## ၈၅။ ဝိညာဏာဒိနံနာနတ္ထာဘာဝပဉှာ

**ပညာဝိညာဉ်နှင့်အသက်**……မိလိန္ဒမင်းလည်းအရှင်ဘုရား၊ဝိညာဉ်ဟူ၍ရှင်း၊ပညာဟူ၍ရှင်း၊ မဟာဘုတ်တည်းဟူသောကိုယ်၌ အသက်ဟူ၍ရှင်း ရှိကုန်၏၊ ဤတရား တို့သည် တူသောအနက်ရှိသလော၊ ထူးသောသဒ္ဒါရှိသလော၊ ထိုသို့မဟုတ် ထူးသောအနက်ရှိသလော၊ သဒ္ဒါသာလျှင်တူသလောဟုမေး၏။ ။မင်းကြီး၊

ဝိညာဉ်သည် သိခြင်းလက္ခဏာရှိ၏၊ ပညာသည် အပြားအားဖြင့်သိခြင်း လက္ခဏာရှိ၏၊ သတ္တဝါတို့၏ မဟာဘုတ်တည်းဟူသောကိုယ်၌ အသက် ဟူ၍ မရအပ်ဟုဆိုသော်၊ အရှင်ဘုရား၊ အသက်ရှိ၏ဟု အကယ်၍ မရ အပ်သည်ဖြစ်အံ့၊ ထိုသို့မရအပ်သော် အဘယ်သူသည် စက္ခုဝိညာဉ်ဖြင့် ရူပါရုံကိုမြင်အံ့နည်း၊ သောတဝိညာဉ်ဖြင့် သဒ္ဒါရုံကိုကြားအံ့နည်း၊ ဃာန ဝိညာဉ်ဖြင့် ဂန္ဓာရုံကိုနမ်းအံ့နည်း၊ ဇိဝှါဝိညာဉ်ဖြင့် ရသာရုံကို လျက်အံ့ နည်း၊ ကာယဝိညာဉ်ဖြင့် ဖောဋ္ဌဗ္ဗာရုံကိုတွေ့အံ့နည်း၊ မနောဝိညာဉ်ဖြင့် ဓမ္မာရုံကိုသိအံ့နည်းဟုဆိုပြန်၏၊ အရှင် နာဂသေနသည် အသက်သည် စက္ခုဝိညာဉ်ဖြင့် ရူပါရုံကို မြင်သည်ဖြစ်အံ့၊ အသက်သည် သောတ ဝိညာဉ်ဖြင့် သဒ္ဒါရုံကို ကြားသည်ဖြစ်အံ့၊ အသက်သည် ဃာနဝိညာဉ်ဖြင့် ဂန္ဓာရုံကို နမ်းသည်ဖြစ်အံ့၊ အသက်သည် ဇိဝှါဝိညာဉ်ဖြင့် ရသာရုံကို လျက်သည်ဖြစ်အံ့၊ အသက်သည် ကာယဝိညာဉ်ဖြင့် ဖောဋ္ဌဗ္ဗာရုံကို တွေ့သည်ဖြစ်အံ့၊ အသက်သည် မနောဝိညာဉ်ဖြင့် ဓမ္မာရုံကိုသိသည် ဖြစ်အံ့၊ ထိုအသက်သည် စက္ခုဒွါရကို ဖွင့်လှစ်လိုက်သည်ရှိသော် ကျယ် စွာသော ကောင်းကင်ဖြင့် ရူပါရုံကို မြင်ရသလော၊ ထိုအသက်သည် သောတဒွါရကို ဖွင့်လှစ်လိုက်သည်ရှိသော် ကျယ်စွာသော ကောင်း ကင်ဖြင့် သဒ္ဒါရုံကို ကြားရသလော၊ ထိုအသက်သည် ဃာနဒွါရကို ဖွင့်လှစ်လိုက်သည်ရှိသော် ကျယ်စွာသော ကောင်းကင်ဖြင့် ဂန္ဓာရုံကို နမ်းရသလော၊ ထိုအသက်သည် ဇိဝှါဒွါရကို ဖွင့်လှစ်လိုက်သည်ရှိသော် ကျယ်စွာသောကောင်းကင်ဖြင့် ရသာရုံကိုလျက်ရသလော၊ ထိုအသက် သည် ကာယဒွါရကို ဖွင့်လှစ်လိုက်သည်ရှိသော် ကျယ်စွာသောကောင်း ကင်ဖြင့် ဖောဋ္ဌဗ္ဗာရုံကို တွေ့ရသလော၊ ထိုအသက်သည် မနောဒွါရကို ဖွင့်လှစ်လိုက်သည်ရှိသော် ကျယ်စွာသော ကောင်းကင်ဖြင့် ဓမ္မာရုံကို သိရသလောဟု ဆိုသော်၊ အရှင်ဘုရား၊ စက္ခုဒွါရအစရှိသည်တို့ကို ဖွင့်လှစ်ခါမျှဖြင့် ရူပါရုံအစရှိသော အာရုံတို့ကို မမြင်မသိရာချေဟု ဆိုလျှင်၊ မင်းကြီး၊ ထိုသို့တပြီးကား မဟာဘုတ်တည်းဟူသောဤကိုယ်၌ အသက်သည်မရအပ်ဟုဆိုသော်၊ အရှင်ဘုရား၊ သင့်တင့်လျောက်ပတ် ပေ၏ဟု ဝန်ခံလေ၏။

ဝိညာဏကာဒီနံနာနတ္တာဘာဝပဉှာပြီး၏။

## ၈၆။ အရူပဓမ္မဝဝတ္ထာနဘာဝဒုက္ကရပဉှာ

**သိနိုင်ခက်သည်ကို ဘုရားရှင်သိမြင်ပုံ**......မိလိန္ဒမင်းသည် အရှင်ဘုရား၊ မြတ်စွာဘုရားသည် ပြုခဲသောအမှုကို ပြုတော်မူအပ်သလောဟု မေး၏။ ။မင်းကြီး၊ မြတ်စွာဘုရားသည် ပြုခဲသောအမှုကို ပြုတော်မူအပ်သည်ဟု ဆို၏၊ အရှင်ဘုရား၊ အဘယ်တရားသည် ပြုခဲလှသောအမှုနည်းဟုမေးပြန်၏၊ မင်းကြီး၊ ဘုရားရှင်သည် ပြုခဲလှသောအမှု ဟူသည်ကား တခုသော အာရုံ၌ ဖြစ်ကုန်ပိုင်းခြားအပ်ကုန်သော စိတ် စေတသိက် နာမ် တို့တွင် ဤတရားသည် ဖဿ၊ ဤတရားသည် ဝေဒနာ၊ ဤတရားသည် သညာ၊ ဤတရားသည် စေတနာ၊ ဤတရားသည် စိတ်ဟုပိုင်းခြားခြင်းသည် ပြုခဲလှသောအမှုဟုဆိုသော်၊ အရှင်ဘုရား၊ ဥပမာဖြင့်ပြပါဦးလော့ဟုဆိုလျှင်၊ မင်းကြီး၊ ဥပမာသော်ကား တစုံတယောက်သော ယောကျ်ားသည် လှေဖြင့် မဟာသမုဒ္ဒရာသို့ဝင်၍ လက်ချပ်ဖြင့် ရေကို ယူ၍ လျှာဖြင့်လျက်သော် ထိုယောကျ်ားသည် ဤရေသည် ဂင်္ဂါရေ၊ ဤရေသည် ယမုနာရေ၊ အစိရဝတီရေ၊ မဟီရေ၊ သရဘူရေဟုပိုင်းခြား၍ သိနိုင်ရာအံ့လောဟု ဆိုသော်၊ အရှင်ဘုရား၊ ထိုရေတို့ကို ပိုင်းခြား၍ သိနိုင်ခြင်းငှါ အလွန်ခဲ၏ဟုဆိုလျှင်၊ မင်းကြီး၊ ဤသို့ရေကို သိခြင်းငှါ အလွန်ခဲသည်ထက် တခုသောအာရုံ၌ ဖြစ်ကုန် ပိုင်းခြားအပ်ကုန်သော စိတ် စေတသိက်ဖြစ်သောနာမ်တို့တွင် ဤသည်ကား ဝေဒနာ၊ ဤသည်ကား သညာ၊ ဤသည်ကား စေတနာ၊ ဤသည်ကား စိတ်ဟု ဘုရားရှင်သည် ပြုခဲလှစွာသောအမှုကို ပြုတော်မူအပ်၏ဟုဖြေသော်၊ အရှင်ဘုရား၊ ကောင်းလှပေ၏ဟု မိလိန္ဒမင်းသည် ဝမ်းမြောက်လေ၏။

အရူပဓမ္မ ဝဝတ္ထာနဘာဝ ဒုက္ကရပဉှာပြီး၏။
အရူပဓမ္မ ဝဝတ္ထာနဝဂ္ဂေါ သတ္တမော။ ။ဣမသ္မိံ ဝဂ္ဂေ သောဠသပဉှာ။

---

[အောက်၌ပြဆိုလတ္တံ့သောအကြောင်းအရာတို့ကား အမေးပုစ္ဆာပြဿနာတို့မှ အပ ဖြစ်ကုန်သော စကားရပ်တို့တည်း။]

**ရှင်နာဂသေနအား ပစ္စည်းလေးပါးဘိတ်ပုံ**......ရှင် နာဂသေန မထေရ် သည်

မင်းကြီး၊ကျိန်းစက်အံ့သောအခါ ရောက်သည်ကို မသိသလောဟုဆို၏၊ အရှင်၊ ကျိန်းစက်အံ့သောအခါရောက်သည်ကို သိပါ၏ဟု လျှောက်၍ အမတ်တို့အား အချင်းအမတ်တို့၊ ညဦးယံလွန်ပြီ၊ သန်းခေါင်ယံဖြစ်ဆဲဖြစ်၏၊ ဆီမီးတန်ဆောင်တို့ကို ထွန်းစေကုန်ဟုဆို၏၊ အမတ်တို့လည်း အရှင်ကောင်းသည် ငါတို့သခင်မင်းကြီးအား ထိုက်လျှောက်ပေ၏ဟုဆို၍၊ အရှင်မင်းကြီး၊ နာဂသေနအရှင်သည် ပညာရှိပေစွ တကား၊ သင့်တင့်လှပပေ၏ဟု ဆိုကြကုန်၏၊ အိုအချင်း အမတ်တို့၊ ဩဘ်-ဖုတ်၏၊ မထေရ်သည် ပညာရှိပေ၏၊ ဤသို့သဘောရှိသောဆရာသည်ဖြစ်အံ့၊ငါကဲ့သို့သော အန္တေဝါသိက တပည့်သည် မကြာမြင့်မီလျှင် ပညာရှိ၍ တရားတော်ကိုသိရာ၏ဟုဆိုပြီး၍ မိလိန္ဒမင်းသည် အရှင်နာဂသေနပြဿနာကိုဖြေပေသဖြင့် မထေရ်အားနှစ်သက်ခြင်းရှိ၍ အဘိုးတသိန်းထိုက်သောကမ္ဗလာနီဖြင့်လှူဒါန်း၍၊ အရှင်ဘုရား၊ ယနေ့ကိုအစပြု၍ တရာ့ရှစ်လုံးသောဆွမ်းဝတ်ကို အမှတ်အမြဲတည်ပါအံ့၊ တကာတော်၏ နန်းအိမ်တွင်း၌ အမှတ်မရှိရဟန်းတို့အား အပ်သောဝတ္ထုသည်ရှိ၏၊ ထိုကပ္ပိယဝတ္ထုဖြင့်ဘိတ်ပါ၏ဟု ဘိတ်သော်၊ မင်းကြီး၊ အသက်ရှည်ပါသော် သင့်တင့်လျှောက်ပတ်ပေ၏ဟုဝန်ခံ၏၊ အရှင်ဘုရား၊ အရှင်ဘုရားသည် အသက်ရှည်ပါအံ့၊ သိရပါပြီဟုဆို၍၊ စင်စစ်သော်ကား အရှင်ဘုရား၊ အရှင်ဘုရားကိုယ်ကို စောင့်တော်မူပါ၊ တကာတော်ကိုလည်း စောင့်တော်မူပါဟု ဆို၏။ ။အဘယ်ကြောင့် ရှင်နာဂသေနသည် မိမိကိုယ်ကိုစောင့်ပါဟု ဆိုရသေသနည်းဟူမူကား ရှင်နာဂသေနမထေရ်သည် မိလိန္ဒမင်းကို တရား၌ကြည်ညိုစေ၏တကား၊ တစုံတခုသော လှူဘွယ်ဝတ္ထုကိုမျှမရဟု သူတပါးတို့အား ပရူပဝါဒ ရောက်ရာ၏၊ ထို့ကြောင့် အရှင်ဘုရားကိုယ်ကို စောင့်ပါဟုဆို၏၊အဘယ်ကြောင့်တကာတော်ကိုလည်းစောင့်ရှောက်ပါဟုဆိုလေသနည်းဟူမူကား မိလိန္ဒမင်းသည်ကြည်ညိုလျက် ကြည်ညိုသောအမူအရာကိုမပြုဟု သူတပါးတို့အား ပရူပဝါဒသည်ရောက်ခဲ့ရာ၏၊ ထို့ကြောင့် တကာတော်ကိုလည်း စောင့်ရှောက်ပါဟုဆို၏၊ ထိုသို့ဆိုသော်၊ မင်းကြီး၊ ထိုသို့ဖြစ်စေလော့ဟုဆို၏။

အရှင်ဘုရား၊ ဥပမာသော်ကား ခြင်္သေ့မင်းကို ရွှေချိုင့်၌ထည့်အပ်သည်ရှိသော် ပြင်အပသို့မျက်နှာရှိသည်သာ ဖြစ်သကဲ့သို့၊ ထိုအတူ အရှင်ဘုရား၊ တကာတော်သည်အိမ်ရာထောင်သောလူ၏ဘောင်၌အကယ်၍

နေအံ့၊ ထိုသို့နေသော်လည်း ပြင်အပသို့ မျက်နှာလှည့်လျက် နေပါ၏၊ အရှင်ဘုရား၊ တကာတော်သည် အိမ်ရာထောင်သော လူ၏ဘောင်မှ ရဟန်းဘောင်၌ရဟန်းပြုအံ့၊ တကာတော်အားရန်သူများခဲ့၏၊ ကြာမြင့်စွာ အသက်မရှည်ရာဟုဆို၏၊ ထိုအခါ အရှင်နာဂသေနမထေရ်သည် မိလိန္ဒမင်း၏ အမေးပြဿနာကို ဖြေပြီး၍ နေရာမှထ၍ သင်္ဃာအရံသို့ သွာ လေသည်၊ ထွက်သွား၍ မကြာမြင့်မီလျှင် မိလိန္ဒမင် အား ငါသည် အဘယ်သို့မေးအပ်လေသနည်း၊ အရှင်ကောင်းသည် အဘယ်သို့ဖြေ အပ်သနည်းဟုအကြံသည်ရှိသည်ဖြစ်၏၊ ထိုအခါ၌ အရှင်နာဂသေနအား လည်း မိလိန္ဒမင်းသည် အလုံးစုံကိုမေး၏၊ ငါလည်း အလုံးစုံဖြေလိုက် ၏ဟုအကြံရှိ၏။

ထိုအခါ အရှင်နာဂသေနသည် ထိုညဉ့် လွန်သဖြင့် နံနက်အခါ သင်္ကန်းရုံ၍ သပိတ်လွယ်လျက် မိလိန္ဒမင်း၏နန်းအိမ်သို့ကြွ၍ သင့်တင့် လျောက်ပတ်သော အရပ်၌ရပ်နေ၏၊ ထိုအခါ မိလိန္ဒမင်းသည် အရှင် နာဂသေနအားရှိခိုး၍ လျောက်ပတ်သောအရပ်၌နေလျက် ရှင်နာဂသေန မထေရ်ကို အရှင်ကောင်း၊ တကာတော်သည် အမေးပြဿနာတို့ကို မေးအပ်ပြီဟု ဝမ်းမြောက် ဝမ်းသာ ထိုညဉ့်ကိုလွန်စေ၏ဟုမှတ်တော် မမူပါလင့်၊ ဤသို့သော အကြံသည် ဖြစ်လိုပါ၊ တကာတော်အား ထိုညဉ့်ပတ်လုံးအကြံသည်ကား ငါသည် အရှင်ကောင်းအား အဘယ် သို့မေးအပ် လေသနည်း၊ အရှင် ကောင်းသည် အဘယ်သို့ ဖြေအပ် သနည်း၊ အလုံးစုံကိုမေးအပ်၏၊ အလုံးစုံကို အရှင်ကောင်းသည်ပင်ဖြေ အပ်လေပြီဟု ဤသို့သော အကြံသည်ဖြစ်ပါ၏ဟုဆို၏။

အရှင်နာဂသေန မထေရ်လည်း မင်းကြီး၊ ငါသည်လည်း မိလိန္ဒ မင်း၏ပြဿနာကို ဖြေအပ်လေပြီဟု ထိုသို့သောဝမ်းမြောက်ဝမ်းသာ ခြင်းဖြင့် ထိုညဉ့်ပတ်လုံး အဘယ်သို့ မင်းကြီးသည် မေးအပ် လေ သနည်း၊ ငါသည်အဘယ်သို့ဖြေအပ်လေသနည်း၊ အလုံးစုံကိုမင်းကြီး သည် ကောင်းစွာ မေးအပ်သည်ဖြစ်၏၊ အလုံးစုံကို ငါသည် ဖြေအပ် သည်ဖြစ်၏ဟူ၍ ဤသို့သောအကြံရှိပါ၏ဟုဆို၏၊ ထိုအခါ ယောကျ်ား မြတ်တို့သည် အချင်းချင်းကောင်းသော စကားကို ပြောဆိုကြလျက် ဝမ်းမြောက်ကြကုန်၏။

“မိလိန္ဒသဉှပဉှာပုစ္ဆာဝိသဇ္ဇနာနိဋ္ဌိတာ။

**နက်နဲသောပြဿနာများကိုကြံခြင်း**……ဤယခုအခါကား ထိုသူမြတ် နှစ် ယောက် တို့၏ အမူအရာကို နိဂုံးဂါထာဖြင့်ပြ၏၊နိဂုံးဂါထာကား—

ဘာသောပဝါဒေါ ဝေတဿီ၊ အတိဗုဒ္ဓိ ဝိစက္ခဏော။
မိလိန္ဒော ဉာဏဘေဒါယ၊ နာဂသေနမုပါဂမိ။ ။

ဝသန္တော တဿ ဆာယာယ၊ ပရိပုစ္ဆံ ပုနပ္ပုနံ။
ပဘိန္နဗုဒ္ဓိ ဟုတွာန၊ သောပိ အာသိ တိပေဋကော။ ။

ဘာသော ပဝါဒေါ၊စကားဖြင့် စွပ်စွဲတတ်သော။ဝေတဿီ၊ ပညာရှိတို့၏နှလုံးကိုတုန်လှုပ်စေတတ်သော။အတိဗုဒ္ဓိ၊လွန်သောပညာရှိသော။ ဝိစက္ခဏော၊ အဆင်အခြင်နှင့်ပြည့်စုံသော။ မိလိန္ဒော၊ မိလိန္ဒမင်းသည်။ ဉာဏဘေဒါယ၊ ဉာဏ်အထူး ဖြစ်ခြင်းငှါ။ နာဂသေနံ၊ နာဂသေန မထေရ်သို့။ ဥပါဂမိ၊ ကပ်လေ၏။ ။တဿ၊ ထိုနာဂသေနမထေရ်၏။ ဆာယာယ၊ အထံ တည်းဟူသော အရိပ်၌။ ဝသန္တော၊ နေလျက်။ ပရိပုစ္ဆံ၊ ပြဿနာကို။ ပုနပ္ပုနံ၊ အဘန်တလဲလဲ။ ပုစ္ဆိ၊ မေး၏။သောပိ၊ ထိုအရှင်နာဂသေနမထေရ်သည်လည်း။ တိပေဋကော၊ ပိဋကတ်သုံးပုံကိုတတ်သည်။ ဟုတွာန၊ ဖြစ်၍။ပဘိန္နဗုဒ္ဓိ၊ ပြားသောပဋိသမ္ဘိဒါဉာဏ်သည်။အာသိ၊ဖြစ်လေပြီ။

ထိုမိလိန္ဒမင်းသည် ညဉ့်အဘို့ကာလဆိတ်ငြိမ်ရာအရပ်၌နေ၍ မေဏ္ဍကပြဿနာကိုကြံပြန်၏။

နဝင်္ဂံ အနုမဇ္ဇန္တော၊ ရတ္တိဘာဂေ ရဟောဂတော။
အဒက္ခိ မေဏ္ဍကေ ပဥှေ၊ ဒုန္နိဝေဌေ သနိဂ္ဂဟေ။ ။

ပရိယာယဘာသိတံ အတ္ထိ၊ အတ္ထိ သန္ဓာယ ဘာသိတံ။
သဘာဝဘာသိတံ အတ္ထိ၊ ဓမ္မရာဇဿ သာသနေ။ ။

တေသံ အတ္ထံ အဝိညာယ၊ မေဏ္ဍကေ ဇိနဘာသိတေ။
အနာဂတမှိ အဒ္ဓါနေ၊ ဝိဂ္ဂဟော တတ္ထ ဟေဿတိ။ ။

ဟန္ဒ ကထံ ပသာဒေတွာ၊ ဆေဇ္ဇာပေဿာမိ မေဏ္ဍကေ။
တဿ နိဒ္ဒိဋ္ဌမဂ္ဂေန၊ နိဒ္ဒိသိဿန္တ႒ နာဂတေတိ။ ။

ရာဇာ၊ မိလိန္ဒမင်းသည်။ နဝင်္ဂ၊ အင်္ဂါ ကိုးပါးနှင့် ပြည့်စုံသော ဓမ္မက္ခန္ဓာကို။ ရတ္တိဘာဂေ၊ ညဉ့်အဘို့၌။ ရဟောဂတော၊ ဆိတ်ငြိမ်ရာအရပ်၌ နေလျက်။ အနုမဇ္ဇန္တော၊ သုံးသပ်ဆင်ခြင်သည်ရှိသော်။ ဒုန္နိဝေဌေ၊ အဖြေအရှက်ရှိကုန်သော။ သနိဂ္ဂဟေ၊ နှိပ်စက်အပ်သော သဘောရှိကုန်သော။ မေဏ္ဍကေ၊ ကောက်ကျစ် လိမ်လစ်သော သဘောရှိကုန်ထသော။ ပဉှေ၊ ပြဿနာတို့ကို။ အဒက္ခိ၊ မြင်လေ၏။

ဓမ္မရာဇဿ၊ တရားမင်းဘုရား၏။ သာသနေ၊ သာသနာတော်၌။ ပရိယာယဘာသိတံ၊ ပရိယာယ်အားဖြင့် ဟောတော်မူအပ်သော တရားသည်လည်း။ အတ္ထိ၊ ရှိ၏။ သန္ဓာယ၊ ရည်၍။ ဘာသိတံ၊ ဟောတော်မူအပ်သော ဘုရားသည်လည်း။ အတ္ထိ၊ ရှိ၏။ သဘာဝဘာသိတံ၊ သဘောအားဖြင့် ဟောဟော်မူအပ်သော တရားသည်လည်း။ အတ္ထိ၊ ရှိ၏။

ဇိနဘာသိတေ၊ မြတ်စွာဘုရားသည် ဟောတော်မူအပ်သော။ မေဏ္ဍကေ၊ ကောက်ကျစ်လိမ်လစ်သောအရာ၌။ တေသံ၊ ထိုပရိယာယ်အားဖြင့် ဟောအပ်သောတရား၊ ရည်၍ဟောအပ်သောတရား၊ သဘောအားဖြင့် ဟောအပ်သောတရားတို့၏။ အတ္ထံ၊ အနက်ကို။ အဝိညာယ၊ မသိသောကြောင့်။ အနာဂတမှိ၊ လာလတ္တံ့သော။ အဒ္ဓါနေ၊ အခွင့်၌၊ ဝိဂ္ဂဟော၊ အငြင်းအခုံသည်။ တတ္ထ၊ ထိုတရားတော်၌။ ဟေဿတိ၊ ဖြစ်လတ္တံ့။

ဟန္ဒ၊ ဤယခု။ မေဏ္ဍကေ၊ မေဏ္ဍကပြဿနာ၌။ ကထံ၊ စကားကို။ ပသာဒေဿ၊ ကြည်ညိုစေ၍။ ဆေဒယိဿာမိ၊ ဆုံးဖြတ်စေအံ့။ အနာဂတေ၊ လာလတ္တံ့သော အခွင့်ကာလ၌၊ တဿ၊ ထိုနာဂသေနမထေရ်သည်။ နိဒ္ဒိဋ္ဌမဂ္ဂေန၊ ညွှန်ပြအပ်သောခရီးဖြင့်။ နိဒ္ဒိသိဿန္တိ၊ ထင်ရှားပြကုန်လတ္တံ့။ ဣတိ၊ ဤသို့။ ဝိစိန္တေသိ၊ ကြံလေ၏။

ထိုအခါ မိလိန္ဒမင်းသည် မိုးသောက်၍ အရုဏ်တက်ပြီးသော် ဦးဖေါင်းကိုဆေး၍ ဦးခေါင်း၌ လက်အုပ်ကိုချီ၍ အတိတ်, အနာဂတ်, ပစ္စုပ္ပန်၌ ပွင့်တော်မူကုန်သော ဘုရားရှင်တို့ကို အောက်မေ့၍ ရှစ်ပါးသောအင်္ဂါနှင့် ပြည့်စုံသော ကျင့်ဝတ်တရားတို့ကို ဆောက်တည်၍ ဤနေ့မှစ၍ ငါသည် လာလတ္တံ့သော ခုနစ်ရက်တို့ပတ်လုံး အင်္ဂါ ရှစ်ပါးရှိသော ကျေးဇူးတို့ကိုဆောက်တည်အပ်သည်ဖြစ်အံ့၊ ငြိုးခြံသော အကျင့်ရှိသည်ဖြစ်အံ့၊ ဆရာကိုနှစ်သက်စေ၍ မေဏ္ဍကပဉှာကိုမေးအံ့ဟု ကြံ၏။ ။ထိုအခါမိလိန္ဒမင်းသည် ပြကတေ့ဝတ်နေကျ ပုဆိုးတစုံကို

ပယ်၍ တန်ဆာတို့ကိုလည်း ချွတ်၍ ဖန်ရည်စွန်းသော သင်္ကန်းကို ဝတ်လျက် ပြကတေ့သော ဦးထုပ်ကိုဆောင်း၍ ရဟန်း၏ အမူအရာ အဖြစ်သို့ကပ်၍ ရှစ်ပါးသောကျေးဇူးရှိသောတရားကိုဆောက်တည်၏။

(ဤအရာ၌ မိလိန္ဒမင်းသည် ဖန်ရည်စွန်းသောသင်္ကန်းကိုဝတ်လျက် ဦးထုပ် ဆောင်း လေသည်ဟုဆိုသောစကားကို ယူ၍ အချို့သောဆရာတို့ ဦးထုပ်ဆောင်းသင့်၏ဟု ယူကြကုန်၏၊ ထိုစကားကိုမယူသင့်၊မယူသင့်ကြောင်းလည်း "အထခေါ မိလိန္ဒရာဇာ ပဘာတာယရတ္တိယာ ဥဂ္ဂတေ အရုဏေ သီသံ နှတွာ"ဟူ၍ ဦးခေါင်းဆေးခြင်းအစိ အရင်စကားလည်းရှိသည်၊ လူဝတ်ပုဆိုးကိုပယ်၍ ဖန်ရည်စွန်းသော သင်္ကန်းကို အလို အလျောက်ဝတ်၍ ဦးခေါင်း၌ ဆံပင်ကို ဖုံးလွှမ်းစိမ့်သောငှါ စွပ်၍ အခိုက်အတန့်ရဟန်း အမူအရာကို ယူပြီးလျှင် ရှစ်ပါးသောကျေးဇူးတရားကို ဆောက်တည်သည်ဟု ယူမှသင့် မည်။ ။ဤကားစကားချပ်။)

**ကျေးဇူးတရားရှစ်ပါး**·····ရှစ်ပါးသော ဂုဏ်ကျေးဇူးတရားကား၊ (၁) ဤခုနစ်ရက်တို့ပတ်လုံး ငါသည် မင်းနှင့်စပ်သော အကျိုးစီးပွါးကိုမဆုံးမ။(၂)ရာဂနှင့်စပ်သော စိတ်ကို မဖြစ်စေအပ်။(၃)ဒေါသနှင့်စပ်သောစိတ်ကိုမဖြစ်စေအပ်။(၄)မောဟနှင့် စပ်သောစိတ်ကိုမဖြစ်စေအပ်။(၅)ကျွန်အမှုလုပ်သောသူကိုမှူ နှိမ့်ချခြင်း ရှိသည်ဖြစ်အံ့။ (၆)ကိုယ်စိတ်ကိုအစဉ်အတိုင်း စောင့်ရှောက်အံ့။(၇) စက္ခာယတန အစရှိသော ခြောက်ပါးသော အာယတနတို့ကို အစဉ် အတိုင်း စောင့်ရှောက်အံ့။ (၈)မေတ္တာပွါးသောစိတ်ဖြင့် ကြည့်ရှုအံ့၊ ဤရှစ်ပါးသောကျေးဇူးတို့ကို ကောင်းစွာဆောက်တည်၍ ပြင်အပသို့ မထွက်ဘဲ ခုနစ်ရက်ကိုလွန်စေ၍ရှစ်ရက်မြောက်သောနေ့၌ မိုးသောက် ပြီးသော် နံနက်အခါ စောစောက အစာစားပြီး၍ အောက်သို့ချသော မျက်လွှာ၊ ကောင်းစွာပြုပြင်အပ်သောဣရိယာပုထ်၊ မပျံ့လွင့်သောစိတ်၊ ရွှင်သောနှုတ်၊ ကြည်သောဝမ်းမြောက်ခြင်းဖြင့် နာဂသေနမထေရ်သို့ ကပ်၍နာဂသေနမထေရ်၏ ခြေတို့ကို ဦးဖြင့်ရှိခိုး၍ လျောက်ပတ်သော အရပ်၌နေလျက် အရှင်ဘုရား၊ အရှင်ဘုရားတို့နှင့် တိုင်ပင်လိုဆယ် ပြောဆိုအပ်သည်ရှိသော် အကျိုးသည်ရှိပါ၏၊ ထိုတိုင်ပင် လိုဆယ် ပြောဆိုရာအံ့ရပ်၌ တကာတော်မှတပါးသုံ ယောက်မြောက်သောသူကို အလိုမရှိရာ၊ဆိတ်ငြိမ်ရာ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ရဟန်းတို့အား လျောက်ပတ်သောအရပ်၌ ပြဿနာကိုမေးအပ်သည်ဖြစ်အံ့၊ထိုအံ့ရပ်၌

တကာတော်အား လျှို့ဝှက်ခြင်းကိုမပြုရာ၊ တကာတော်လည်း မလျှို့ဝှက်ပါ၊ လျှို့ဝှက်သောစကားကို တကာတော်လည်းကြားခြင်းငှါ ထိုက်ပါ၏ဟု တိုင်ပင်ခြင်းငှါ အလိုရှိသဖြင့် အနီးသို့ချဉ်းကပ်လေပြီးသော် ဉပမာဖြင့်လည်း ထိုအနက်ကို ရှုစမ်းဆင်ခြင်အပ်၏၊ အရှင်ဘုရား၊ ဥပမာသော်ကား မြေကြီးသည် အလုံးစုံကို ပစ်ချလိုသည်ရှိသော် ပစ်ချခြင်းငှါ ထိုက်သကဲ့သို့၊ ထိုအတူ အရှင်ဘုရား၊ တကာတော်သည် တိုင်ပင်ခြင်းသို့ ကပ်သည်ရှိသော် လျှို့ဝှက်အပ်သောစကားကို နားခြင်းငှါ ထိုက်ပါ၏ဟု ဆို၍ ဆရာနာဂသေနမထေရ်နှင့်တကွ ဆိတ်ငြိမ်ရာ တောအရပ်သို့ဝင်လေ၍၊ အရှင်ဘုရား၊ ဤလောက၌ တိုင်ပင်ခြင်းငှါအလိုရှိသောယောက်ျားသည် ရှစ်ပါးသောအရပ်တို့ကို ကြဉ်ရှောင်အပ်ကုန်၏။

**မတိုင်ပင်အပ်သော အရပ်ရှစ်ပါး**……ထိုရှစ်ပါးသော အရပ်ဌာနတို့၌ လိမ္မာသော ယောက်ျားတို့သည် မတိုင်ပင်ကြကုန်၊ တိုင်ပင်မိသော်လည်း အကျိုး အပြီးသို့ မရောက်၊ မရောက်ရာသော အရပ်ကိုပြရာသော ပါဠိကား-

ကတမာနိ အဋ္ဌဋ္ဌာနာနိ ဝိသမဋ္ဌာနံ ပရိဝဇ္ဇနီယံ။ သဘယံ ပရိဝဇ္ဇနီယံ၊ အတိဝါတဋ္ဌာနံ ပရိဝဇ္ဇနီယံ၊ ပဋိစ္ဆန္နဋ္ဌာနံ ပရိဝဇ္ဇနီယံ၊ ဒေဝဋ္ဌာနံ ပရိဝဇ္ဇနီယံ၊ ပထော ပရိဝဇ္ဇနီယော၊ သင်္ကမော ပရိဝဇ္ဇနီယော၊ ဥဒကတိတ္ထံ ပရိဝဇ္ဇနီယံ၊ ဣမာနိ အဋ္ဌဋ္ဌာနာနိ ပရိဝဇ္ဇနီယာနိ။

အဋ္ဌဋ္ဌာနာနိ၊ ရှစ်ပါးသောအရပ်တို့သည်။ ကတမာနိ၊ အဘယ်သည်တို့နည်းဟူမူကား။ ဝိသမဋ္ဌာနံ၊ မညီညွတ်သောအရပ်သည်။ ပရိဝဇ္ဇနီယံ၊ ကြဉ်အပ်သောအရပ်မည်၏။ သဘယံ၊ သဘင်အရပ်သည်။ ပရိဝဇ္ဇနီယံ၊ ကြဉ်အပ်သောအရပ်မည်၏။ အတိဝါတဋ္ဌာနံ၊ အလွန်လေထန်သောအရပ်သည်။ ပရိဝဇ္ဇနီယံ၊ ကြဉ်အပ်သောအရပ်မည်၏။ ပဋိစ္ဆန္နဋ္ဌာနံ၊ ဖုံးလွှမ်းသောအရပ်သည်။ ပရိဝဇ္ဇနီယံ၊ ကြဉ်အပ်သောအရပ်မည်၏။ ဒေဝဋ္ဌာနံ၊ နတ်နေရာအရပ်သည်။ ပရိဝဇ္ဇနီယံ၊ ကြဉ်အပ်သော အရပ်မည်၏။ ပထော၊ ခရီးသည်။ ပရိဝဇ္ဇနီယော၊ ကြဉ်အပ်သောအရပ်မည်၏။ သင်္ကမော၊ စစ်မြေပြင်သည်။ ပရိဝဇ္ဇနီယော၊ ကြဉ်အပ်သောအရပ်မည်၏။

ဥဒကတိတ္ထံ၊ ရေဆိပ်သည်။ ပရိဝဇ္ဇနီယံ၊ ကြဉ်အပ်သောအရပ်မည်၏။ ဣမာနိ အဋ္ဌ ဌာနာနိ၊ ဤရှစ်ပါးသော အရပ်တို့ကို။ ပရိဝဇ္ဇနီယာနိ၊ ကြဉ်အပ်ကုန်၏။

**မတိုင်ပင်အပ်ရာ၌တိုင်ပင်ပြစ်**……နာဂသေန မထေရ်သည် မင်းကြီး၊ မညီမညွတ်သောအရပ်၌ တိုင်ပင်သော် အဘယ်အပြစ်ရှိသနည်း၊ သဘင်အံရပ်၌ တိုင်ပင်သော် အဘယ်အပြစ်ရှိသနည်း၊ လေထန်သောအရပ်၌ တိုင်ပင်သော်၊ ဖုံးလွှမ်းရာအရပ်၌တိုင်ပင်သော်၊ နတ်နေရာ၌ တိုင်ပင်သော်၊ ခရီး၌ တိုင်ပင်သော်၊ စစ်မြေပြင်အရပ်၌ တိုင်ပင်သော်၊ ရေဆိပ်၌ တိုင်ပင်သော် အဘယ်အပြစ်ရှိသနည်းဟုဆိုသော်၊ အရှင်ဘုရား၊ မညီမညွတ်သော အရပ်၌တိုင်ပင်သည့်ရှိသော် အကျိုးသည် ဖရိုဖရဲရှိ၏၊ တုန်လှုပ်၏၊ ကောင်းစွာမဖြစ်၊ သဘင်အရပ်၌ တိုင်ပင်သော် နှုလုံးပူ၏၊ နှလုံးတုန်၏၊ ထိုသူအား ကောင်းစွာ အကျိုးစီးပွါးကိုမမြင်၊ လေပြင်းရာအရပ်၌ တိုင်ပင်သော် အသံကိုနှိပ်စက်၏၊ ဖုံးလွှမ်းရာအရပ်၌ တိုင်ပင်သော် သူတပါးနားထောင်တတ်၏၊ နတ်နေရာ၌တိုင်ပင်သော် အစီးအပွါးနှေးသည်ဖြစ်၏၊ ခရီး၌တိုင်ပင်သော် အကျိုးစီးပွါး အချည်းနှီး ဖြစ်၏၊ စစ်မြေပြင်အရပ်၌တိုင်ပင်သော် တုန်လှုပ်တတ်၏၊ ရေခပ်ရာ ရေဆိပ်၌ တိုင်ပင်သော် ထင်ရှားတတ်၏။ ။ထိုစကားကို နိဂုံးဂါထာဖြင့် ပြပြန်၏။

ဝိသမံ သဘံ အတိဝါတော၊ ပဋိစ္ဆန္နံ ဒေဝနိဿိတံ။
ပထော သင်္ဂါမော တိတ္ထံ၊ အဋ္ဌေတေ ပရိဝဇ္ဇနီယာ။ ။

ဝိသမံ၊ မညီညွတ်သော အရပ်ရင်း။ သဘာ၊ သဘင် အရပ်ရင်း။ အတိ ဝါတော၊ လေထန်သော အရပ်ရင်း။ ပဋိစ္ဆန္နံ၊ ဖုံးလွှမ်းရာအရပ်ရင်း။ ဒေဝနိဿိတံ၊ နတ်တို့နေရာအရပ်ရင်း။ ပထော၊ ခရီးရင်း။ သင်္ဂါမော၊ စစ်မြေပြင်အရင်ရင်း။ တိတ္ထံ၊ ရေခပ်ဆိပ်ရင်း။ ဧတေ အဋ္ဌ၊ ဤရှစ်ပါးသောအရပ်တို့ကို။ ပရိဝဇ္ဇနီယာ၊ ကြဉ်အပ်ကုန်၏။

**မတိုင်ပင်အပ်သူရှစ်ယောက်**……မိလိန္ဒ မင်းသည် မတိုင်ပင်အပ်သောအရပ်တို့ကိုပြပြီး၍ အတိုင်အပင်မပြုအပ်သောပုဂ္ဂိုလ်တို့ကို ပြပြန်၏၊ အရှင်ဘုရား၊ ရှစ်ယောက်

သောပုဂ္ဂိုလ်တို့ကို မတိုင်ပင်အပ်ကုန်၊ တိုင်ပင်မိသော် အကျိုးစီးပွါး ကိုဖျက်ဆီးတတ်ကုန်၏။

ဘန္တေ နာဂသေန အဋ္ဌိမေပုဂ္ဂလာ မန္တယမာနာ မန္တိတံ အတ္ထံ ဝါ ဗျာပါဒေန္တိ။ ကတမေ အဋ္ဌ၊ ရာဂစရိတော, ဒေါသစရိတော, မောဟစရိတော, မာနစရိတော, လုဒ္ဓေါ, အလသော, ဧကစိန္တီ, ဗာလောတိ။ ဣမေ အဋ္ဌပုဂ္ဂလာ မန္တိတံ အတ္ထံ ဗျာပါဒေန္တိ။

ဘန္တေ နာဂသေန၊ အရှင်နာဂသေန မထေရ်။ အဋ္ဌပုဂ္ဂလာ၊ ရှစ်ယောက်သော ပုဂ္ဂိုလ် တို့ကို။ မန္တယ မာနာ၊ တိုင်ပင် အပ်ကုန်သည်ရှိသော်။ မန္တိတံ၊ တိုင်ပင်အပ်သော။ အတ္ထံ၊ အကျိုးစီးပွါးကို။ ဣမေ၊ ဤသူတို့သည်။ ဗျာပါဒေန္တိ၊ ဖျက်ဆီး တတ်ကုန်၏။ ကတမေ အဋ္ဌ၊ အဘယ်ရှစ်ယောက်တို့နည်းဟူမူကား။ ရာဂစရိတော၊ ရာဂပြောသောသူ။ ဒေါသစရိတော၊ ဒေါသပြောသောသူ။ မောဟစရိတော၊ မောဟပြောသောသူ။ မာနစရိတော၊ မာနပြောသောသူ၊ လုဒ္ဓေါ၊ လိုချင်မက်မောခြင်းရှိသောသူ။ အလသော၊ ပျင်းရိသောသူ။ ဧကစိန္တီ၊ တယောက်အထီးတည်း ကြံတတ်သောသူ။ ဗာလော၊ မိုက်သောသူ။ ဣတိ၊ ဤသို့။ ဣမေ အဋ္ဌပုဂ္ဂလာ၊ ဤရှစ်ယောက်သော ပုဂ္ဂိုလ်တို့သည်။ မန္တိတံ၊ တိုင်ပင်အပ်သော။ အတ္ထံ၊ အကျိုးစီးပွါးကို၊ ဗျာပါဒေန္တိ၊ ဖျက်ဆီးတတ်ကုန်၏။

**မတိုင်ပင်အပ်သူကို တိုင်ပင်ပြစ်** ....နာဂသေန မထေရ်သည် မင်းကြီး၊ ထိုသူတို့အားတိုင်ပင်မိသော် အဘယ်အပြစ်ရှိသနည်းဟု မေး၏၊အရှင်ဘုရား၊ ရာဂပြောသောသူအား တိုင်ပင်မိသော် ရာဂ၏အစွမ်းဖြင့် အကျိုးစီးပွါးကို ပျက်စီးစေတတ်၏၊ ဒေါသပြောသောသူအားတိုင်ပင်မိသော် ဒေါသ၏အစွမ်းဖြင့် အကျိုးစီးပွါးကိုပျက်စီးစေတတ်၏၊ မောဟပြောသောသူအား တိုင်ပင်မိသော် မောဟ၏အစွမ်းဖြင့် အကျိုးစီးပွါးကို ပျက်စီး စေတတ်၏၊ မာနပြောသောသူအား တိုင်ပင်မိသော် မာန၏အစွမ်းဖြင့် အကျိုးစီးပွါး ကိုပျက်စီးစေတတ်၏၊ လောဘ ကြီးသောသူအား တိုင်ပင်မိသော် လောဘ၏အစွမ်းဖြင့် အတိုင်အပင်ကိုပျက်စီးစေတတ်၏၊ ပျင်းရိသော

သူအားလည်းလုံ့လအားထုတ်ခြင်းကိုဖျက်ဆီးတတ်သောကြောင့် အတိုင်အပင် ပျက်စီးတတ်၏၊ တယောက်အထီးတည်းကြိုတတ်သောသူသည် တပါးသောနည်းကိုမယူသောကြောင့် အတိုင်အပင်ပျက်စီးတတ်၏၊ မိုက်သောသူသည် မိုက်သည်၏အဖြစ်ကြောင့် တိုင်ပင်အပ်သောအကျိုးကို ဖျက်ဆီးတတ်၏။ ။ထိုစကားကို နိဂုံးချုပ်ပြန်သောပါဌ်ကား—

ရတ္တော ဒုဋ္ဌော စ မူဠ္ဍော စ၊ မာနလုဒ္ဓေါ တထာ'လသော။
ကာမိတ္ထိ စ ဗာလော စ၊ ဧတေ အတ္ထံ ဝိနာသကာ။ ။

ရတ္တော စ၊ ရာဂ ပြောသောသူရင်း။ ဒုဋ္ဌော စ၊ ဒေါသ ပြောသော သူရင်း။ မူဠ္ဍော စ၊ မောဟ ပြောသော သူရင်း။ မာနလုဒ္ဓေါ စ၊ မာန ပြောသောသူ၊ အလိုကြီးသောသူရင်း။ တထာ၊ ထိုမှတပါး။ အလသော စ၊ ပျင်းရိသောသူရင်း။ ကာမိတ္ထိ စ၊ အထီးကြိတတ်သော သူရင်း။ ဗာလော စ၊ မိုက်သောသူရင်း။ ဧတေ၊ ထိုရှစ်ယောက်သောသူတို့သည်။ အတ္ထံ၊ အကျိုးစီးပွါးကို။ ဝိနာသကာ၊ ဖျက်ဆီးတတ်ကုန်၏။

## လျှို့ဝှက်အပ်သည့်အတိုင်အပင်မလုံရာသူကိုးယောက်……အတိုင်အပင်

ကိုဖျက်ဆီးတတ်သော ပုဂ္ဂိုလ်ရှစ်ယောက်တို့ကိုပြပြီး၍ တဖန်လျှို့ဝှက်အပ်သော အတိုင်အပင်မလုံရာသော ပုဂ္ဂိုလ်ကိုးယောက်ကို ပြပြန်၏။

ဘန္တေ နာဂသေန နဝိမေ ပုဂ္ဂလာ မန္တိတံ ဂုယှံ ဝိဝရန္တိ န ဓာရေန္တိ။ ကတမေ နဝ၊ ရာဂစရိတော, ဒေါသစရိတော, မောဟစရိတော, ဘီရုကော, အာမိသဂရုကော, ဣတ္ထီ, သောဏ္ဍော, ပဏ္ဍကော, ဒါရကောစာတိ။

ဘန္တေ နာဂသေန၊ အရှင်နာဂသေနမထေရ်။ နဝ၊ ကိုးယောက်ကုန်သော။ ဣမေပုဂ္ဂလာ၊ ဤပုဂ္ဂိုလ်တို့သည်။ ဂုယှံ၊ လျှို့ဝှက်အပ်သော။ မန္တိတံ၊ အတိုင်အပင်ကို။ ဝိဝရန္တိ၊ ဖွင့်တတ်ကုန်၏။ န ဓာရေန္တိ၊ မဆောင်တတ်ကုန်။ နဝ၊ ကိုးယောက်တို့သည်။ ကတမေ၊ အဘယ်သည်တို့ နည်းဟူမူကား။ ရာဂစရိတော စ၊ ရာဂပြောသောသူရင်း။ ဒေါသစရိတော စ၊ ဒေါသပြောသောသူရင်း။ မောဟစရိတော စ၊ မောဟ

ပြောသောသူရင်း။ ဘိရုကောစ၊ ကြောက်တတ်သောသူရင်း။ အာမိသဂရုကောစ၊ အာမိသ၌အလေးအမြတ်ပြုသောသူရင်း။ဇုတ္တိစ၊ မိန်းမရင်း။ သောဏ္ဍောစ၊ သေသောက်ကြူးရင်း။ ပဏ္ဍကောစ၊ ပဏ္ဍုက်ရင်း။ ဒါရကောစ၊ သူငယ်ရင်း။ ဇ္ဇာတိ၊ ဤသို့။ နဝပုဂ္ဂလာ၊ ကိုးယောက်သောပုဂ္ဂိုလ်တို့သည်။ ဂုယှံ၊ လျှို့ဝှက်အပ်သော။ မန္တိတံ၊ အတိုင်အပင်ကို။ ဝိဝရေန္တိ၊ ဖွင့်တတ်ကုန်၏။ နဓာရေန္တိ၊ မဆောင်ကုန်။

**နှုတ်မစောင့်သူတိုင်ပင်ပြစ်** ····နာဂသေနမထေရ်သည် မင်းကြီး၊ ထိုကိုးယောက်သော သူတို့အား၊ တိုင်ပင်ခြင်းကြောင့် အဘယ် အပြစ်ရှိသနည်းဟု မေးသော်။ ။မိလိန္ဒမင်းသည်၊အရှင်ဘုရား၊ ရာဂစရိုက်ပြောသောသူသည် ရာဂ၏အစွမ်းဖြင့်လျှို့ဝှက်အပ်သောအတိုင်အပင်ကို ဖွင့်လှစ်တတ်၏၊ မြဲစွာမဆောင်၊ ဒေါသစရိုက် ပြောသော သူသည် ဒေါသ၏ အစွမ်းဖြင့် လျှို့ဝှက်အပ်သော အတိုင်အပင်ကို ဖွင့်လှစ်တတ်၏၊ မြဲစွာမဆောင်၊ မောဟပြောသော သူသည် မိုက်သည်၏ အစွမ်းဖြင့် လျှို့ဝှက် အပ်သော အတိုင်အပင်ကို ဖွင့်လှစ်တတ်၏၊ မြဲစွာမဆောင်၊ ကြောက်တတ်သောသူသည် ကြောက်တတ်သည်၏ အစွမ်းဖြင့် လျှို့ဝှက်အပ်သော အတိုင်အပင်ကို ဖွင့်လှစ်တတ်၏၊ မြဲစွာမဆောင်၊ အာမိသ၌ အလေးအမြတ်ပြုသောသူသည် အာမိသဟူသော အကြောင်းကြောင့် လျှို့ဝှက်အပ်သော အတိုင်အပင်ကို ဖွင့်လှစ်တတ်၏၊ မြဲစွာမဆောင်၊ မိန်းမသည်ပညာမှ ယုတ်သောကြောင့် လျှို့ဝှက်အပ်သော အတိုင်အပင်ကို ဖွင့်လှစ်တတ်၏၊ မြဲစွာမဆောင်၊ သေသောက် ကြူးသောသူသည် သေအရက်၌ လျှပ်ပေါ်သောကြောင့် လျှို့ဝှက်အပ်သော အတိုင်အပင်ကို ဖွင့်လှစ်တတ်၏၊ မြဲစွာမဆောင်၊ပဏ္ဍုက်သည် ဧကန်သဘောကျပုဂ္ဂိုလ်မဟုတ်သောကြောင့် လျှို့ဝှက်အပ်သော အတိုင်အပင်ကို ဖွင့်လှစ်တတ်၏၊ မြဲစွာမဆောင်၊ သူငယ်သည်ကား စကားမတည်သောကြောင့်လျှို့ဝှက်အပ်သောအတိုင်အပင်ကိုဖွင့်လှစ်တတ်၏၊ မြဲစွာမဆောင်၊ ထိုစကားကိုနိဂုံးဂါထာဖြင့်ပြပြန်၏။

ရတ္တော ဒုဋ္ဌော စ မူဠ္ဟောစ၊ ဘီရု အာမိသဂရုကော။
ဣတ္ထီ သောဏ္ဍော စ ပဏ္ဍကော၊ နဝမော ဘဝတိ ဒါရကော။ ။

နဝေတေ ပုဂ္ဂလာ လောကေ၊ ဣတ္တရာ စလိတာ စလာ။
ဧတေဟိ မန္တိတံ ဂုယှံ၊ ခိပ္ပံ ဘဝတိ ပါကဋံ။ ။

ရတ္တောစ၊ ရာဂပြောသောသူရင်း။ ဒုဋ္ဌောစ၊ ဒေါသပြောသောသူရင်း။ မူဠှောစ၊မောဟပြောသောသူရင်း။ ဘီရုစ၊ ကြောက်တတ်သောသူရင်း။ အာမိသဂရုကောစ၊ အာမိသ၌ အလေးအမြတ် ပြုတတ်သောသူရင်း။ ဣတ္ထီစ၊ မိန်းမရင်း။ သောဏ္ဍောစ၊ သေသောက်ကြူးရင်း။ ပဏ္ဍကောစ၊ ပဏ္ဍုက်ရင်း။ နဝမော၊ ကိုးယောက်မြောက် ဖြစ်သော။ ဒါရကောစ၊ သူငယ်ရင်း။ ဣတိ၊ ဤသို့။ နဝ၊ ကိုးယောက်ကုန်သော။ ဧတေပုဂ္ဂလာ၊ဤပုဂ္ဂိုလ်တို့သည်။ လောကေ၊လူ၌။ဣတ္တရာစ၊ယုတ်လည်းယုတ်ကုန်၏။ စလိတာစ၊ လျှပ်လည်းလျှပ်ပေါ်ကုန်၏။ စလာစ၊တုန်လည်းတုန်လှုပ်ကုန်၏။ ဧတေဟိ၊ ထိုပုဂ္ဂိုလ်တို့ကြောင့်။ မန္တိတံ၊ အတိုင်အပင်သည်။ ခိပ္ပံ၊ လျင်စွာ။ ပါကဋံ၊ ထင်ရှားသည်။ဘဝတိ၊ဖြစ်၏။

**ပညာရကြောင်းရှစ်ပါး**……မိလိန္ဒမင်းသည် မတိုင်ပင်အပ်သော အရပ်ရှစ်ပါး၌တိုင်ပင်မိသော် အကျိုးစီးပွါးကို ဖျက်ဆီးတတ်သော ပုဂ္ဂိုလ်ရှစ်ယောက် လျှို့ဝှက်အပ်သော အတိုင်အပင်မလုံခြုံသော ပုဂ္ဂိုလ်ကိုးယောက်တို့ကို ပြပြီး၍ ပညာပွါးခြင်း၏အကြောင်းကိုပြပြန်၏။

ဘန္တေနာဂသေန အဋ္ဌဟိကာရဏေဟိ ဗုဒ္ဓိ ပရိဏာမတိ ပရိပါကံဂစ္ဆတိ။ ကတမေဟိအဋ္ဌဟိ၊ ဝယပရိဏာမေန ဗုဒ္ဓိပရိဏာမတိ ပရိပါကံ ဂစ္ဆတိ၊ ယသပရိဏာမေန ဗုဒ္ဓိပရိဏာမတိ ပရိပါကံဂစ္ဆတိ၊ ပရိပုစ္ဆာယ ဗုဒ္ဓိပရိဏာမတိ ပရိပါကံဂစ္ဆတိ၊ တိတ္ထဝါသေန ဗုဒ္ဓိပရိဏာမတိ ပရိပါကံဂစ္ဆတိ၊ ယောနိသော မနသိကာရေန ဗုဒ္ဓိပရိဏာမတိ ပရိပါကံဂစ္ဆတိ၊ သာကစ္ဆာယ ဗုဒ္ဓိပရိဏာမတိပရိပါကံဂစ္ဆတိ၊ သ္နေဟူပသေဝနေန ဗုဒ္ဓိပရိဏာမတိ ပရိပါကံဂစ္ဆတိ၊ ပတိရူပဒေသဝါသေန ဗုဒ္ဓိပရိဏာမတိ ပရိပါကံဂစ္ဆတီတိ။

ဘန္တေနာဂသေန၊ အရှင်နာဂသေန မထေရ်။အဋ္ဌဟိ၊ ရှစ်ပါးကုန်သော။ကာရဏေဟိ၊အကြောင်းတို့ကြောင့်။ ဗုဒ္ဓိ၊ ပညာသည်။ ပရိဏာမတိ၊ ရင့်၏။ ပရိပါကံ၊ ရင့်ခြင်းသို့။ ဂစ္ဆတိ၊ ရောက်တတ်၏။ ကတ

မေဟိအဋ္ဌဟိ၊ အဘာယ်ရှစ်ပါးတို့ဖြင့်။ ပရိပါကံ၊ ရင့်ခြင်းသို့။ ဂစ္ဆတိ၊ ရောက်သနည်းဟူမူကား။ ဝယပရိဏာမေန၊ အရွယ်ကိုငဲ့သဖြင့်။ ဗုဒ္ဓိ၊ ပညာသည်။ ပရိဏာမတိ၊ ရင့်တတ်၏။ ပရိပါကံ၊ ရင့်ခြင်းသို့။ ဂစ္ဆတိ၊ ရောက်တတ်၏။ ယသပရိဏာမေန၊ အခြံအရံကို ငဲ့သဖြင့်။ ဗုဒ္ဓိ၊ ပညာသည်။ ပရိဏာမတိ၊ ရင့်တတ်၏။ ပရိပါကံ၊ ရင့်ခြင်းသို့။ ဂစ္ဆတိ၊ ရောက်တတ်၏။ ပရိပုစ္ဆာယ၊ မေးမြန်းသဖြင့်။ ဗုဒ္ဓိ၊ ပညာသည်။ ပရိဏာမတိ၊ ရင့်တတ်၏။ ပရိပါကံ၊ ရင့်ခြင်းသို့။ ဂစ္ဆတိ၊ ရောက်တတ်၏။ တိတ္ထဝါသေန၊ ကြာမြင့်စွာနေသဖြင့်။ ဗုဒ္ဓိ၊ ပညာသည်။ ပရိဏာမတိ၊ ရင့်တတ်၏။ ပရိပါကံ၊ ရင့်ခြင်းသို့။ ဂစ္ဆတိ၊ ရောက်တတ်၏။ ယောနိသောမနသိကာရေန၊ အသင့် နှလုံးသွင်းသဖြင့်။ ဗုဒ္ဓိ၊ ပညာသည်။ ပရိဏာမတိ၊ ရင့်တတ်၏။ ပရိပါကံ၊ ရင့်ခြင်းသို့။ ဂစ္ဆတိ၊ ရောက်တတ်၏။ သာကစ္ဆာယ၊ တရားစကား ဆွေးနွေးသဖြင့်။ ဗုဒ္ဓိ၊ ပညာသည်။ ပရိဏာမတိ၊ ရင့်တတ်၏။ ပရိပါကံ၊ ရင့်ခြင်းသို့။ ဂစ္ဆတိ၊ ရောက်တတ်၏။ သ္နေဟူပသေဝနေန၊ ချစ်သောသူကို မှီဝဲသဖြင့်။ ဗုဒ္ဓိ၊ ပညာသည်။ ပရိဏာမတိ၊ ရင့်တတ်၏။ ပရိပါကံ၊ ရင့်ခြင်းသို့။ ဂစ္ဆတိ၊ ရောက်တတ်၏။ ပတိရူပဒေသဝါသေန၊ သင့်တင့်လျောက်ပတ်သောအရပ်၌ နေသဖြင့်။ ဗုဒ္ဓိ၊ ပညာသည်။ ပရိဏာမတိ၊ ရင့်တတ်၏။ ပရိပါကံ၊ ရင့်ခြင်းသို့။ ဂစ္ဆတိ၊ ရောက်တတ်၏။ ။ထိုစကားကိုနိဂုံးဂါထာဖြင့် ပြပြန်၏။ ။ဂါထာကား–

ဝယေန ယသပုစ္ဆာဟိ၊ တိတ္ထဝါသေဟိ ယောနိသော။
သာကစ္ဆာ သ္နေဟသံဝါသာ၊ ပတိရူပဝသေန စ။ ။

ဧတာနိ အဋ္ဌဌာနာနိ၊ ဗုဒ္ဓိဝိသဒကာရဏာ။
ယေသံ ဧတာနိ သမ္ဘောန္တိ၊ တေသံ ဗုဒ္ဓိ ပဘိဇ္ဇတိ။ ။

ဝယေန၊ အရွယ်အားဖြင့်ရင်း။ ယသပုစ္ဆာဟိ၊ အခြံအရံ အမေး အမြန်းတို့ဖြင့်ရင်း။ တိတ္ထဝါသေဟိ၊ အမြဲနေခြင်းတို့ဖြင့်ရင်း။ ယောနိသော၊ နှလုံးအသင့် သွင်းသော အားဖြင့်ရင်း။ သာကစ္ဆာ၊ တရားစကားဆွေးနွေးသော အားဖြင့်ရင်း။ သ္နေဟသံဝါသာ၊ ချစ်သောသူကို မှီဝဲခြင်းကြောင့်ရင်း။ ပတိရူပဝသေန စ၊ လျောက်ပတ်သော အရပ်ကိုမှီဝဲသောကြောင့်ရင်း။ ဧတာနိ၊ ဆိုသို့သဘောရှိကုန်သော။ အဋ္ဌဌာနာနိ၊ ရှစ်ပါး

သော အရပ်တို့သည်။ ဗုဒ္ဓိဝိသဒကာရဏာ၊ ပညာသန့်ရှင်းအပ်သော အကြောင်းတို့တည်း။ ယေသံ၊အကြင်သူတို့အား။ တာနိ၊ထိုအကြောင်းတို့သည်။ သမ္မောဒန္တိ၊ ကောင်းစွာဖြစ်ကုန်၏။ တေသံ၊ ထိုသူတို့အား။ ဗုဒ္ဓိ၊ ပညာသည်။ ပဘိဇ္ဇတိ၊ ထူးပြား၏။

**တပည့်၌ကျင့်အပ်သောဆရာ့ဂုဏ် ၂၅-ပါး**......အရှင် ဘုရား၊ ဤ မြေ အရပ် အဘို့သည်ဆိုအပ်ပြီးသော ရှစ်ပါးသောအပြစ်မှ ကင်း၏၊ တကာတော်သည်လည်း လျှော်ကောင်းသော အဆွေ ခင်ပွန်းတည်း၊ တကာတော်သည် အကြင်ရွေ့လောက်အသက်ရှင်ပါအံ့၊ ထိုရွေ့လောက် လျှို့ဝှက်အပ်သောစကားတို့ကို စောင့်ရှောက်ပါအံ့၊ တကာတော်သည် ရှစ်ပါးသောအကြောင်းတို့ဖြင့် ပညာရင့်ခြင်း၏ ကျေးဇူးတို့ကိုလည်း ရအပ်ကုန်၏၊ ဤအခါ တကာတော်ကဲ့သို့သော အန္တေဝါသိက တပည့်ကို ရခဲပါ၏၊ ကောင်းစွာကျင့်လိုသော အန္တေဝါသိက တပည့်သည်ဆရာတို့၌ နှစ်ဆဲ့ငါးပါးသော ဂုဏ်ကျေးဇူးတို့ရှိကုန်၏၊ ထိုနှစ်ဆဲ့ငါးပါးသော ဂုဏ်ကျေးဇူးတို့ဖြင့် ဆရာသည်တပည့်တို့၌ ကျင့်အပ်ပါ၏။

အရှင်ဘုရား၊ နှစ်ဆဲ့ငါးပါးသော ဂုဏ်ကျေးဇူးတို့သည် အဘယ်သည်တို့နည်းဟူမူကား—

(၁) ဆရာသည် တပည့်၌ အမြဲလျှင် အခါခပ်သိမ်းစောင့်ရှောက်ခြင်းကို ဖြစ်စေအပ်၏။
(၂) မှီဝဲအပ်သည်၊မမှီဝဲအပ်သည်ကို သိအပ်၏။
(၃) မေ့လျော့သည်၊ မမေ့လျော့သည်ကို သိအပ်၏။
(၄) အိပ်ရာနေရာကိုသိအပ်၏။
(၅) အနာရှိသည်ကိုသိအပ်၏။
(၆) ဘောဇဉ်ကိုရအပ်သည်၊မရအပ်သည်ကို သိအင်၏။
(၇) အထူးမရှိသည်ကိုသိအပ်၏။
(၈) သပိတ်ခွက်၌ ရှိသောအစာကို ကောင်းမွန်စွာဝေဘန်အပ်၏။
(၉) သင်မကြောက်လင့်၊ သင့်အာ အကျိုးစီးပွါးသည်ရှေ့သို့တိုးလာမည်ဟု သက်သာရာကိုရစေအင်၏။

(၁၀) ဤမည်သောပုဂ္ဂိုလ်သည် အလုပ်အကျွေးကောင်း၏ဟု အလုပ်အကျွေးကိုလည်းသိအပ်၏။
(၁၁) ဆွမ်းခံရာ၌အလုပ်အကျွေးကိုလည်း သိအပ်၏။
(၁၂) ကျောင်း၌အလုပ်အကျွေးကိုလည်းသိအပ်၏။
(၁၃) ဆရာသည်တပည့်နှင့် ရယ်မှုကိုမပြုအပ်။
(၁၄) တပည့်နှင့်အကျွမ်းတဝင်မပြုအပ်။
(၁၅) တပည့်၏အပြစ်ကိုမြင်သော်လည်း သည်းခံအပ်၏။
(၁၆) တပည့်ကိုအရိုအသေပြုသည်မဖြစ်ရာ။
(၁၇) အတတ်ကိုလျှို့ဝှက်သဖြင့်ဖြစ်ရာ၏။
(၁၈) အတတ်ကိုအကြွင်းမထားသဖြင့်ဖြစ်ရာ၏။
(၁၉) ငါ၏အတတ်တို့၌သိစေအံ့ဟု သိစေချင်သောစိတ်ကို ဖြစ်စေအပ်၏။
(၂၀) အဘယ်သို့လျှင် ဤတပည့်သည် အတတ်ပညာမှမဆုတ်မလျော့သည် ဖြစ်အံ့နည်းဟု ပွါးသောစိတ်ကို ဖြစ်စေအပ်၏။
(၂၁) ဤတပည့်ကို သင်ကြား အပ်သော အစွမ်းသတ္တိဖြင့် အားကြီးသည်ကိုပြုအံ့ဟု စိတ်ကိုဖြစ်စေအပ်၏။
(၂၂) မေတ္တာစိတ်ကို ဖြစ်စေအပ်၏။
(၂၃) ဘေးရန်ရှိသောကာလတို့၌မစွန့်အပ်။
(၂၄) အမှုကိစ္စပြုဘွယ်၌မမေ့လျော့အပ်။
(၂၅) တပည့်သည် မေ့လျော့ မှားယွင်းသော် တရားနှင့်လျော်သဖြင့်ချီးမြှောက်အပ်၏။

အရှင်ဘုရား၊ ဤနှစ်ဆဲ့ငါးပါးသော ဂုဏ်ကျေးဇူးတို့သည် ဆရာဖြတ်၏ ဂုဏ်ကျေးဇူးတို့တည်း၊ ထိုနှစ်ဆဲ့ငါးပါးသော ဂုဏ်ကျေးဇူးတို့ဖြင့် တကာတော်၌ ကောင်းစွာကျင့်တော်မူပါလော့၊ အရှင်ဘုရား၊ တကာတော်အားဖြစ်သော ယုံမှားသကာ ဘုရားရှင် ဟောအပ်သော မေဏ္ဍကပဉှာရှိခဲ့၏၊ လာလတ္တံ့သောအခွန့်ကာလ၌ အငြင်းအခုံသည် ထိုမေဏ္ဍကပဉှာ၌ ဖြစ်လတ္တံ့၊ အနာဂတ်ကာလ၌ အရှင်ဘုရားတို့နှင့် တူသောပညာရှိကို ရခဲလှသည်ဖြစ်လတ္တံ့၊ ထိုမေဏ္ဍကပြဿနာတို့၌

ပရဝါဒီပုဂ္ဂိုလ်တို့ကိုတရားနှင့်အညီ နှိပ်စက်အံ့သော၄ါ တကာတော်အား ပညာမျက်စိကိုပေးတော်မူပါလော့ဟုတောင်းပန်၏။

**ဥပါသကာဂုဏ် ဆယ်ပါး**······နာဂသေနမထေရ်သည် ကောင်း ပြီဟုဝန်ခံ၍ ဥပါသကာ၏ကျေးဇူး ဆယ်ပါးကိုပြ၏။

ဒသ ဣမေ မဟာရာဇ ဥပါသကဿ ဥပါသကဂုဏာ၊ ကတမေ ဒသ၊ ဣဓမဟာရာဇ ဥပါသကော သံဃေန သမာနသုခ ဒုက္ခော ဓမ္မာဓိပတေယျော ဟောတိ၊ ယထာဗလံ သံဝိဘာဂ ရတော ဟောတိ၊ ဇိနသာသနပရိဟာနိံ ဒိသွာ အဘိဝဍ္ဎိယာ ဝါယမတိ၊ သမ္မာဒိဋ္ဌိကော ဟောတိ၊ အပဂတကောတုဟလမင် ဂလိကော ဇီဝိတဟေတုပိ နအညံ သတ္ထာရံ ဥဒ္ဒိသတိ၊ ကာယိကံ ဝါစသိကဉ္စ ရက္ခိတံ ဟောတိ၊ သမဂ္ဂါရာမော ဟောတိ၊ သမဂ္ဂရ တော အနုသူယကော ဟောတိ၊ နစကုဟနဝသေန သာသနေ စရတိ၊ ဗုဒ္ဓံ သရဏံ ဂတော ဟောတိ၊ ဓမ္မံ သရဏံ ဂတော ဟောတိ၊ သံဃံ သရဏံ ဂတော ဟောတိ၊ ဣမေ ခေါ မဟာရာဇ ဒသ ဥပါသကဿ ဥပါသကဂုဏာ တေ သဗ္ဗေ ဂုဏာ တယိ သံဝိဇ္ဇန္တိ။

မဟာရာဇ၊ မင်းကြီး။ ဥပါသကဿ၊ ဥပါသကာ၏။ ဥပါသကဂုဏာ၊ ဥပါသကာကျေးဇူးတို့သည်။ ဣမေဒသ၊ ဤဆယ်ပါးတို့တည်း။ ဒသ၊ ဆယ်ပါးတို့သည်။ ကတမေ၊ အဘယ်သည်တို့နည်းဟူမူကား။ မဟာ ရာဇ၊ မင်းကြီး။

(၁) ဣဓ၊ ဤသာသနာတော်၌။ ဥပါသကော၊ ဒါယကာသည်။ သံဃေန၊ သံဃာတော်နှင့်။ သမာနသုခဒုက္ခော၊ တူမျှသောချမ်းသာ ဆင်းရဲရှိသည်ဖြစ်၍။ ဓမ္မာဓိပတေယျော၊ တရားတော်လျှောင်အမွန်ရှိသည်။ ဟောတိ၊ ဖြစ်၏။

(၂) ယထာဗလံ၊ အားနှင့်လျော်စွာ။ သံဝိဘာဂရတော၊ ကောင်း စွာဝေဘန်အပ်သည်။ ဟောတိ၊ ဖြစ်၏။

(၃) ဇိနသာသနပရိဟာနိံ၊ ဘုရားသခင်သာသနာ ယုတ်လျော့ သည်ကို။ ဒိသွာ၊ မြင်၍။ အဘိဝဍ္ဎိယာ၊ တိုးပွါးခြင်း၄ါ။ ဝါယမတိ၊ လုံ့လ ပြု၏။

(၄) သမ္မာဒိဋ္ဌိကော၊ ကောင်းသောအယူရှိသည်ဖြစ်၍။ အပဂတ ကောတုဟလမင်္ဂလိကော၊ ကောတုဟလမင်္ဂလာမှ ကင်းသောသဘော ရှိသည်ဖြစ်၍။ ဇီဝိတဟေတုပိ၊ အသက်ဟူသော အကြောင်းကြောင့် လည်း။ အညံ၊ သာသနာတော်မှတပါးသောသူကို။ သတ္ထာရံ၊ ဆရာဟူ၍။ နဥဒ္ဒိသတိ၊ မညွှန်။

(၅) ကာယိကဥ္စ၊ ကိုယ်နှင့် စပ်ယှဉ်သောအမှုကိုရင်း။ ဝါစသိကဥ္စ၊ နှုတ်နှင့်စပ်ယှဉ်သောအမှုကိုရင်း။ ရက္ခိတံ၊ စောင့်ရှောက်ခြင်း ရှိသည်။ ဟောတိ၊ ဖြစ်၏။

(၆) သမဂ္ဂါရာမော၊ အညီအညွတ်၌မွေ့လျော်သည်။ ဟောတိ၊ ဖြစ် ၏။ သမဂ္ဂရတော၊ အညီအညွတ်၌ နှစ်သက်သည်ဖြစ်၍။ အနုသူယျ ကော၊ အစဉ်အတိုင်း နားထောင်လွယ်သည်။ ဟောတိ၊ ဖြစ်၏။

(၇) ကုဟနဝသေန၊ အံ့ဘွယ်သရဲ၏ အစွမ်းဖြင့်။ သာသနေ၊ သာသနာတော်၌။ နစရတိ၊ မကျင့်။

(၈) ဗုဒ္ဓံ၊ ဘုရားရှင်ကို။ သရဏံဂတော၊ ကိုးကွယ်ခြင်းသို့ ရောက် သည်။ ဟောတိ၊ ဖြစ်၏။

(၉) ဓမ္မံ၊ တရားတော်ကို။ သရဏံဂတော၊ ကိုးကွယ်ခြင်းသို့ရောက် သည်။ ဟောတိ၊ ဖြစ်၏။

(၁၀) သံဃံ၊ သံဃာတော်ကို။ သရဏံဂတော၊ ကိုးကွယ်ခြင်းသို့ ရောက်သည်။ ဟောတိ၊ ဖြစ်၏။ မဟာရာဇ၊ မင်းကြီး။ ဥပါသကဿ၊ ဒါယ ကာ၏။ ဥပါသကဂုဏာ၊ ဥပါသကာကျေးဇူးတို့သည်။ ဣမေ၊ ဤဆယ်ပါး တို့တည်း။ သဗ္ဗေ၊ အလုံးစုံကုန်သော။ တေဂုဏာ၊ ထိုဂုဏ်ကျေးဇူးတို့ သည်။ တယိ၊ သင်မင်းကြီး၌။ သံဝိဇ္ဇန္တိ၊ ကောင်းစွာရှိကုန်၏။

(ဤအရာ၌ ''သမဂ္ဂါရာမော သမဂ္ဂရတော အနုသူယျကော''အရကို တအင်ယူမှ ဆယ်ပါးသောဂုဏ်ကျေးဇူးဖြစ်မည်။ ။ဤကား စကားချပ်။)

ထိုဆယ်ပါးသော ဂုဏ်ကျေးဇူးတို့၌ သင့်တင့်လျောက်ပတ်စွာသင် မင်းကြီးသည် ဘုရားရှင်သာသနာတော်ယုတ်အံ့သည်ကိုမြင်၍ ပြန့်ပွါး ခြင်းကိုအလိုရှိပေ၏၊ မင်းကြီး၊ ငါသည်အခွင့်ကိုလွှတ်အံ့၊ အလိုရှိတိုင်း မေးလော့ဟုဆို၏။

## ၈၇။ ဗုဒ္ဓဿ ဘဂဝတော ပရိနိဗ္ဗုတဿ အသာဒိယန္တဿေဝ ဝဍ္ဎါဝဍ္ဎါဘာဝပဉှာ

### ဘုရားသည် ပူဇော်မှုကို သာယာ-မသာယာ..... ထိုအခါ မိလိန္ဒ မင်းသည် ပြု

အပ်ပြီးသော အခွင့်ရှိသည် ဖြစ်၍ ကျိုးနွံတုပ်ကွ ရိုသေစွာ နာဂသေန ဆရာ၏ခြေတို့ကို ဦးခေါင်းတင်၍ လက်အုပ်ချီလျက် ဤသို့သောစကား ကိုလျှောက်၏။ ။အရှင်ဘုရား၊တိတ္ထိတို့သည် ဂေါတမဘုရားသည် နတ်လူတို့၏ပူဇော်သက္ကာရကို အကယ်၍သာယာအံ့၊ ဂေါတမဘုရားသည် ပရိနိဗ္ဗာန်မပြုရာ၊ ဂေါတမဘုရားသည် လောကန္ဓ ကောင်းစွာ ယှဉ်ကောင်း၏၊ လောကန္ဓအကျုံးဝင်ကောင်း၏၊ လောကန္ဓဆက်ဆံကောင်း၏၊ထို့ကြောင့် ထိုဂေါတမဘုရားအား ပြုအပ်သောပူဇော်သက္ကာရသည် အကျိုးမရှိသည်ဖြစ်၍ မပြုသည် ဖြစ်ရာ၏၊ အကယ်၍ ပရိနိဗ္ဗာန်ပြုအံ့၊ ဘုရားသည် လောကန္ဓမယှဉ်၊ အလုံးစုံသောဘဝတို့မှ ကျွတ်လွတ်သည် ဖြစ်အံ့၊ ထိုဘုရားအားပူဇော်ခြင်းသည် မဖြစ်ကောင်း၊ ပရိနိဗ္ဗာန် ပြုပြီးသောဘုရားရှင်သည် တစုံတခုကိုမသာယာအံ့၊ မသာယာသောဘုရားအား ပြုအပ်သောပူဇော်သက္ကာရသည် အကျိုးမရှိပြုသည်ဖြစ်ရာ၏၊ဤသို့သောစကားကို တိတ္ထိတို့ဆိုကြကုန်၏၊ ဤသို့လျှင် နှစ်ဘက်အစွန်းထွက်သော ပြဿနာဖြစ်ခဲ့၏၊ ဤပြဿနာသည် ပညာမရှိကုန်သော လူအများတို့၏အရာမဟုတ်၊ ထိုဒိဋ္ဌိအယူ တည်းဟူသောကွန်ယက်ကို အရှင်ဘုရားသည် ဖျက်ဆီးတော်မူပါလော့၊ ဤပြဿနာသည် အရှင်ဘုရားအား လျော်စွာရောက်၏၊ လာလတ္တံ့သော ဘုရားတပည့်သားတို့အား ပရဝါဒီပုဂ္ဂိုလ်တို့ကိုနှိပ်စက်ခြင်းငှါ ပညာမျက်စိကိုပေးတော်မူပါလော့ ဟု ဆို၏။

(ဤအရာ၌ တိတ္ထိတို့၏အယူသည် လူ နတ် ဗြဟ္မာသတ္တဝါတို့၏အကျိုးငှါ ဘုရားဖြစ်သည်ဟုဆိုသော်. လူ နတ် ဗြဟ္မာသတ္တဝါတို့၏ ပူဇော်သက္ကာရကို သာယာစွာခံရမည်၊ လောကန္ဓ ယှဉ်ခြင်း၊အကျုံးဝင်ခြင်းကိုပြုရမည်၊ သို့မှလျှူဒါန်းသောသူတို့၏အကျိုးရှိမည်၊ ပရိနိဗ္ဗာန်ပြု၍ ဘဝသုံးပါးမှလွတ်သည်ဖြစ်အံ့၊ထိုသို့လျှူဒါန်းပူဇော်ခြင်းကိုမသာယာသည် ဖြစ်အံ့၊လျှူဒါန်းပူဇော်၍ အကျိုးမရှိဆိုလိုသည်၊နှစ်ဘက်အစွန်းထွက်သော ပြဿနာ။ ။ ဤကား စကားချပ်။)

နာဂသေနမထေရ်သည် မင်းကြီး ဘုရားရှင်သည် ပရိနိဗ္ဗာန်ပြုတော်မူလေပြီ၊ ဘုရားရှင်သည် နတ်လူတို့၏ပူဇော်သက္ကာရကို သာယာတော်မမူ၊ လာခြင်းကောင်းသောဘုရားသည် မဟာဗောဓိပင်ရင်း၌ ပင်လျှင် သာယာခြင်းရာဂနှင့် စပ်ယှဉ်သောတရားတို့ကို ပယ်တော်မူအပ်ကုန်ပြီ ကမ္ဘာဇရပ်အကြွင်း မရှိ ပရိနိဗ္ဗာန်ပြုပြီးသောဘုရားအား အဘယ်မှာရာဂနှင့်စပ်ယှဉ်ခြင်းတရားကို သာယာပေအံ့နည်းဟုဆို၍၊ မင်းကြီး၊ တရားစစ်သူကြီးဖြစ်သော အရှင်သာရိပုတ္တရာသည်လည်း ဘုရားရှင်အား ရှု ဒါန်းပူဇော်လာပေသည်ကို သာယာတော်မမူကြောင်းကိုလည်း ဟော ဘူးပါ၏။ ။ဟောဟန်ကား—

ပူဇယန္တာ အသမသမာ၊ သဒေဝမနုသေဟိ တေ။
နသာဒယန္တိ သက္ကာရံ၊ ဗုဒ္ဓါနံ ဧသဓမ္မတာ။ ။

သဒေဝ မနုသေဟိ၊ နတ်နှင့်တကွသော လူအပေါင်း တို့သည်။ ပူဇယန္တာ၊ ပူဇော်အပ်ကုန်သော။ အသမသမာ၊ အတုမရှိသော ဘုရားချင်းတို့နှင့်သာတူကုန်သော။ တေ၊ ထိုဘုရားရှင်တို့သည်။ သက္ကာရံ၊ ပူဇော်သက္ကာရကို။ နသာဒယန္တိ၊ မသာယာကုန်။ ဧသဧသော၊ ဤသည်လျှင်။ ဗုဒ္ဓါနံ၊ ဘုရားရှင်တို့၏။ ဓမ္မတာ၊ သဘောတည်း။

ဤသို့သက်သေနှင့်တကွပြသော် မိလိန္ဒမင်းလည်း အရှင်ဘုရား၊ သားသည်လည်း အဘ၏ကျေးဇူးကို ချီးမွမ်းပြောဆို တတ်၏၊ အဘသည်လည်း သား၏ကျေးဇူးကိုပြောဆိုတတ်၏၊ ဤသို့ဆိုအပ်သောအကြောင်းစကားသည် ပရဝါဒီပုဂ္ဂိုလ်တို့ကို နှိပ်စက်ခြင်း၌ အကြောင်းစကား မဟုတ်ချေသေး၊ ဤဆိုအပ်ပြီးသောစကားသည် သဒ္ဓါကြည်ညို၍သာ ဆိုသော သက်သေစကား ဖြစ်ချေသည်၊ ထိုနှစ်ဘက်အစွန်း ရှိသော ပြဿနာ၌ သကဝါဒီပုဂ္ဂိုလ်တို့၏အယူ အမြဲတည်စိမ့်သော၌ ပရဝါဒီ ပုဂ္ဂိုလ်တို့၏အယူကွန်ယက် အမြွေ အရှက်ကိုဖြေအံ့သော၌အကြောင်းကို ကောင်းစွာ ပြဆိုတော်မူပါဟုဆိုသော်၊ နာဂသေနမထေရ်သည် မင်းကြီး၊ ဘုရားရှင်သည် ပရိနိဗ္ဗာန် ပြုတော်မူလေပြီ၊ ဘုရားရှင်သည် ထင်ရှားရှိတော်မူသောကာလ၌လည်း နတ်လူတို့၏ ပူဇော်သက္ကာရကို သာယာတော်မမူ၊ နတ်လူတို့၏ပူဇော်သက္ကာရကို သာယာတော် မမူ

သောဘုရားတို့၏ ခေတ်တော်ရတနာမြတ်ကို ရှိသေစွာ အုတ်ကျောက်တို့ဖြင့်စီအပ်သည်ဖြစ်၍ ဝဏ္ဏ အကြည်တည်ရာကိုပြု၍လာခြင်းကောင်းသောဘုရားရှင်၏ ဥာဏ်တော်ရတနာကို အာရုံပြုသဖြင့် ကောင်းသောအကျင့်ကို မှီဝဲသောပုဂ္ဂိုလ်တို့သည် သုံးပါးသောချမ်းသာတို့ကိုရကုန်၏၊ မင်းကြီး၊ ဥပမာသော်ကား ကြီးလှစွာသောမီးပုံကြီးသည် ပြောင်ပြောင်တောက်၍ငြိမ်းရာ၏၊ မင်းကြီး၊ ဤသို့သော်မီးပုံကြီးသည် မြက်ထင်း တည်းဟူသောမီးစာကို သာယာလေသလောဟု ဆိုလျှင်၊အရှင်ဘုရား၊ ပြောင်ပြောင်တောက်သောမီးပုံကြီးသည် လောင်စာဖြစ်သောမြက်ထင်းတို့ကို မသာယာချေ၊ ငြိမ်းလေပြီးသောမီးပုံကြီးသည် စိတ်ရှိသည်ဖြစ်၍ အဘယ်သို့လျှင် သာယာပေအံ့နည်းဟုဆိုသော်၊ မင်းကြီး၊ ထိုမီးပုံကြီးသည် အချည်းနှီးငြိမ်းခဲ့သော် လောက၌ မီးဆိတ်ညံ့သည်ဖြစ်ကောင်းအံ့လောဟု ဆိုလျှင်၊အရှင်ဘုရား၊မီးလောင်စာ မြက် ထင်းအကြောင်းသာရှိသည်၊ မီးသည် မဖြစ်ရာဟုဆိုသော်၊ မင်းကြီး၊ အချို့သောသူတို့သည် မီးကိုအလိုရှိကြကုန်၏၊ ထိုမီးကို အလိုရှိသော် မိမိအားအစွမ်းလုံ့လရှိသောယောကျ်ားတို့သည် ပြုအပ်သောအမှုဖြင့် ထင်းကိုပွတ်၍ မီးဖြစ်စေသော် ထိုမီးဖြင့်ပြုအပ်သောအမှုတို့ကို ပြုကုန်၏၊ မင်းကြီး၊ ထို့ကြောင့် သာယာခြင်းမရှိသော ဘုရားအား ပြုအပ်သောအရိုအသေပူဇော်သက္ကာရသည် အကျိုးမရှိ၊ မြဲ၏ဟု တိတ္ထိတို့၏စကားသည် ချွတ်ယွင်းလေ၏၊ မင်းကြီး၊ မီးပုံသည် ပြောင်ပြောင် တောက်သကဲ့သို့၊ ထိုအတူ ဘုရားရှင်သည် တသောင်းသော လောကဓာတ်၌ ဘုရား၏အသရေတော်ဖြင့် ပြောင်ပြောင်တောက်တော်မူ၏၊ မီးပုံကြီးသည် ပြောင်ပြောင်တောက်၍ ငြိမ်းလေရာသကဲ့သို့၊ ထိုအတူ ဘုရားရှင်သည် တသောင်းသောလောကဓာတ်၌ ဘုရား၏အသရေတော်ဖြင့် ပြောင်ပြောင်တောက်၍ ကမ္ဘာရုပ် အကြွင်းမရှိ၊ ပရိနိဗ္ဗာန ဓာတ်ဖြင့် ပရိနိဗ္ဗာန်ပြုတော်မူ၏။

မင်းကြီး၊ ငြိမ်းလေပြီးသော မီးပုံကြီးသည် မြက် ထင် တည်းဟူသောမီးစာကို မသာယာသကဲ့သို့၊ ထိုအတူ လောကသုံးပါးတို့၏အစီးအပွါးကိုဖြစ်စေတော်မူသောဘုရားရှင်သည် သာယာခြင်းတရားတို့ကို ပယ်တော်မူအပ်ဆုံပြီ၊ မင်းကြီး၊ လူတို့သည် လာခြင်းကောင်းသောမြတ်စွာဘုရားသည် မီးစာမရှိ ငြိမ်းလေပြီးသော မီးပုံကြီး၌ ယောကျ်ား

တို့၏ အစွမ်းသတ္တိလုံ့လဖြင့် မီးကိုပွတ်၍ မီးဖြစ်ပြန်စေသော ထိုမီးဖြင့်ပြု အပ်သောအမှုတို့ကို ပြုကုန်သကဲ့သို့၊ ထိုအတူ နတ်လူတို့သည် လာခြင်း ကောင်းသော ပရိနိဗ္ဗာန်ပြုလေပြီးသော သာယာခြင်း ရှိတော်မမူသော ဘုရားရှင်၏ ဓာတ်တော်ရတနာရှိသော ရုပ်တုတော်၊ စေတီတော်ကို ဘုရားရှင်၏ ဉာဏ်တော်၌ အာရုံပြုသဖြင့် ကောင်းသောအကျင့်ကို မှီဝဲသောပုဂ္ဂိုလ်သည် သုံးပါးသော သမ္ပတ္တိတို့ကိုရကုန်၏၊ မင်းကြီး၊ ဤသို့သောအကြောင်းဖြင့် ပရိနိဗ္ဗာန်ပြုတော်မူပြီးသော ပစ္စည်းလေးပါး တို့၌ သာယာခြင်းရှိတော်မမူသော ဘုရားရှင်အား ပြုအပ်သော အရို အသေ ပူဇော်သက္ကာရသည် အကျိုးရှိသည်သာဖြစ်၏၊ မပြု၊ မင်းကြီး၊ ဥပမာသော်ကား သည်းစွာသော လေပြင်းသည် လာလတ်၍ ငြိမ်း၏၊ မင်းကြီး၊ ထိုသည်းစွာလာ၍ ငြိမ်းပြီးသောလေသည် တဖန်ဖြစ်ပြန်အံ့ဟု သာယာခြင်း ရှိရာသလောဟုဆိုသော်၊ အရှင်ဘုရား၊ သည်းစွာလာ၍ ငြိမ်းလေပြီးသောလေအား တဖန် ဖြစ်စေခြင်းမရှိ၊ အဘယ်ကြောင့် နည်းဟူမူကား ထိုဝါယောဓာတ်သည် စိတ်စေတနာမရှိဟုဆို၏၊ စင်စစ် သော်ကား မင်းကြီး၊ ငြိမ်းလေပြီးသော ထိုလေ၏ လေဟူသော နာမပညတ်အမည်သည် ပျောက်ရာ ကင်းရာသလောဟု ဆိုသော်၊ အရှင်ဘုရား၊ လေဟူသော နာမပညတ်အမည်သည် မပျောက်ရာချေ၊ ထန်းရွက်ယပ် လေးထောင့်ယပ်တို့သည် ထိုလေဖြစ်ခြင်း၏အကြောင်း တို့တည်း၊ အကြင်လူတို့သည် အပူနှိပ်စက်သည်၏အဖြစ်ကြောင့် ကိုယ်ပူ ရင်ဆာရှိကုန်၏၊ ထိုလူတို့သည် ထန်းရွက်ယပ်ဖြင့်ရင်း၊ လေးထောင့်ယပ် ဖြင့်ရင်း၊ မိမိ၏အစွမ်းသတ္တိဖြင့်ရင်း၊ သူတပါးတို့သည် ပြုအပ်သော အမှု ဖြင့်ရင်း လေကိုဖြစ်စေ၍ ထိုထိုသောလေဖြင့် အပူအဆာကို ငြိမ်းစေ ကုန်၏၊ အိုက်သည်ကို ငြိမ်းစေကုန်၏၊ မင်းကြီး၊ ထို့ကြောင့် သာယာခြင်း မရှိသော ဘုရားအား ပြုအပ်သော လှူဒါန်းပူဇော်သက္ကာရသည် အကျိုး မရှိ၊ မပြု၏ဟု ဆိုသော တိတ္ထိတို့၏စကားသည်မှား၏၊

မင်းကြီး၊ သည်းစွာသောလေသည် လာသကဲ့သို့၊ ထိုအတူ ဘုရားရှင် သည် တသောင်းသောလောကဓာတ်၌ ချမ်းမြေ့ကောင်းမွန်စွာငြိမ်သက် သိမ်မွေ့ စွာသော မေတ္တာ တည်းဟူသော လေဖြင့် လှိုင်စေတော်မူ၏၊ မင်းကြီး၊ သည်းစွာသော လေလာ၍ ငြိမ်းလေသကဲ့သို့၊ ထိုအတူ ဘုရား ရှင်သည် ချမ်းမြေ့ကောင်းမွန်ငြိမ်သက်သော မေတ္တာတည်းဟူသော

လေဖြင့် လာစေပြီး၍ ကမ္ဘဇရှပ် အကြွင်းမရှိ ပရိနိဗ္ဗာန ဓာတ်ဖြင့် ပရိနိဗ္ဗာန်ပြုတော်မူလေပြီ။

မင်းကြီး၊ ဥပမာသော်ကား ငြိမ်းလေပြီးသောလေသည် တဖန် ဖြစ်ခြင်းငှါ သာယာခြင်းမရှိသကဲ့သို့၊ ထိုအတူ လောကသုံးပါးတို့၏ အစိုးအပွါးဖြစ်သော ဘုရားရှင်သည် သာယာခြင်း တရားတို့ကို ပယ်တော်မူအပ်ကုန်ပြီ၊ ငြိမ်းစေတော်မူအပ်ကုန်ပြီ။ ။မင်းကြီး၊ ဥပမာသော်ကား လူတို့သည် အပူနှိပ်စက်သည်၏ အဖြစ်ကြောင့် ပူသောကိုယ်ရှိကုန်သည်ဖြစ်၍ ထန်းရွက်ယပ်ဖြင့်၎င်း ၊လေးထောင့်ယပ်ဖြင့်၎င်း လေကို ဖြစ်စေ၍ အပူကို ငြိမ်းစေသကဲ့သို့၊ ထိုအတူ နတ်လူတို့သည် သာယာခြင်းမရှိ ပရိနိဗ္ဗာန်ပြုလေပြီးသောဘုရားရှင်၏ဓာတ်တော်ကို၎င်း၊ သဗ္ဗညုတဉာဏ်တော်ရတနာကို၎င်း လှူဒါန်းပူဇော် သက္ကာရပြုလျက် ကုသိုလ်ဖြစ်စေ၍ ထိုကုသိုလ်ဖြင့် ရာဂ ဒေါသ မောဟတည်းဟူသော ထင်ရှားရှိသော မီးကို ငြိမ်းစေကုန်၏၊ ငြိမ်သက်ကုန်၏။ ။မင်းကြီး၊ ဤသို့သောအကြောင်းကြောင့် သာယာခြင်းမရှိ၊ ပရိနိဗ္ဗာန် ပြုတော်မူလေပြီးသော ဘုရားရှင်အား ပြုအပ်သော အရိုအသေ လှူဒါန်းပူဇော် သက္ကာရသည်အကျိုးရှိ၏၊ မမြို။

မင်းကြီး၊လွန်စွာသောအကြောင်းစကားကို ပရဝါဒီပုဂ္ဂိုလ်တို့အား နှိပ်စက်အံ့သောငှါ နာဦးလော့ဟု တိုက်တွန်းပြီးသော်၊ မင်းကြီး၊ဥပမာသော်ကား အကြင်ယောကျ်ားသည် စည်ကြီးကို တီး၍ အသံကို ဖြစ်စေအံ့၊ ထိုစည်ကြီး၏အသံကို ယောကျ်ားသည် ဖြစ်စေအပ်၏၊ ထိုစည်ကြီးအသံသည် ကွယ်ခဲ့ပျောက်ခဲ့၏၊ ထိုစည်ကြီးသည် အသံကို တဖန် ဖြစ်စေခြင်းငှါ သာယာအံ့လောဟုဆိုသော်၊ အရှင်ဘုရား၊ ထိုအသံသည် ကွယ်ခဲ့ပျောက်ခဲ့ပြီ၊တဖန် ဖြစ်စေခြင်းကို မသာယာချေ၊တဖန် ဖြစ်ပြန်စိမ့်သောငှါ နှလုံးသွင်းခြင်း, ဆင်ခြင်ခြင်းမရှိချေ၊ တကြိမ် တီးအပ်သော စည်ကြီးအသံသည် ကွယ်ပျောက်သဖြင့် ထိုစည်ကြီးအသံသည် ကောင်းမြတ်ခြင်းဖြစ်၏၊ စည်ကြီးသည် အသံဖြစ်ခြင်း၏ အကြောင်းကည်း၊ ထိုယောကျ်ားသည် အသံဖြစ်စိမ့်သောငှါ အကြောင်းရှိသော မိမိမှဖြစ်သော လုံ့လဖြင့် စည်ကြီးကို ခတ်တီးအပ်သည်ဖြစ်၍ အသံကိုဖြစ်စေသကဲ့သို့၊ ထိုအတူ မင်းကြီး၊ဘုရားရှင်သည် သီလ,သမာဓိ,ပညာ,ဝိမုတ္တိ,ဝိမုတ္တိဉာဏဒဿနတရားလျှင်အမွှန်ရှိသော

ဓာတ်တော်မြတ်ကိုရင်း၊ သုတ်၊အဘိဓမ္မာ၊ ဝိနည်းတရားတော်ကိုရင်း အစဉ်အတိုင်းဆုံးမအပ်သောတရားဟူသော စည်ကြီးကို ဆရာဟုဖြစ်စေပြီး၍ ကိုယ်တော်တိုင် ကမ္မဇရုပ်အကြွင်းမရှိ၊ ပရိနိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန်ပြုတော်မူလေပြီ၊ မြတ်စွာဘုရား၌ စည်းစိမ်ချမ်းသာကို အလိုရှိသောသူသည် ဘုရားပရိနိဗ္ဗာန်ပြုတော်မူပြီးသော် ဓာတ်တော်မြတ်ကိုရင်း၊ သုတ်၊အဘိဓမ္မာ၊ဝိနည်းတရားတော်ကိုရင်း အစဉ်အတိုင်း ဆုံးမအပ်သော တရားတော်ကိုအကြောင်းပြု၍ ပူဇော်သက္ကာရကို ပြုသည်ရှိသော် လိုအပ်သော စည်းစိမ်ချမ်းသာတို့ကို ရကြကုန်၏၊ မင်းကြီး၊ ဤသို့သောအကြောင်းကြောင့် သာယာခြင်းရှိတော်မမူသော လာခြင်းကောင်းသောဘုရားအား ပြုအပ်သောလှူဒါန်းပူဇော်သက္ကာရသည် အကျိုးရှိသည်သာဖြစ်၏၊ မမြုံဟု ဆို၏။

မင်းကြီး၊ဘုရားရှင်သည်လည်း လာလတ္တံ့သော အနာဂတ်ကာလကို မြင်တော်မူအပ်၏၊ မြင်တော်မူအပ်သည်ဖြစ်၍လည်း ဟောအပ်သော တရားစကားကိုလည်း ဟောတော်မူခဲ့အပ်၏။ ။ဟောတော်မူခဲ့အပ်သော တရားစကားကား—

သိယာ စ ခေါ ပနာနန္ဒ တုမှာကံ ဧဝမဿ အတီတသတ္ထုကံ
ပါဝစနံ နတ္ထိ နော သတ္ထာတိ၊ န ခေါ ပနေတံ အာနန္ဒ ဧဝံဒဋ္ဌဗ္ဗံ၊
ယော ဝေါ အာနန္ဒ မယာ ဓမ္မော စ ဝိနယော စ ဒေသိတော
ပညတ္တော၊သော ဝေါ မမစ္စယေန သတ္ထာ။

ဟုဟောတော်မူအပ်သတည်း။

အာနန္ဒ၊အာနန္ဒာ။ခေါပန၊စင်စစ်သော်ကား။တုမှာကံ၊ သင်တို့အား။ ဧဝံပရိဝိတက္ကံ၊ ဤသို့သောအကြံသည်။ သိယာစ၊ ဖြစ်လည်းဖြစ်ရာ၏။ ပါဝစနံ၊ ဘုရားရှင်အမိန့်တော်စကားသည်။ အတီတသတ္ထုကံ၊ လွန်ပြီးသော ဘုရားရှိ၏။ နော၊ငါတို့အား။ သတ္ထာ၊ဆုံးမသွန်သင်တတ်သောဆရာသည်။နတ္ထိ၊မရှိ။ ဣတိ၊ဤသို့။ပရိဝိတက္ကံ၊အဘန်တလဲလဲအကြံသည်။ အဿ၊ဘဝေယျ၊ဖြစ်ရာ၏။အာနန္ဒ၊ အာနန္ဒာ။ ခေါပန၊ စင်စစ်သော်ကား။ ဧဝံ၊ဤသို့။ဧတံ၊ဤငါဘုရားကို။နဒဋ္ဌဗ္ဗံ၊မမှတ်အပ်။အာနန္ဒ၊အာနန္ဒာ။မယာ၊ ငါဘုရားသည်။ဝေါ၊သင်တို့အား။ယောဓမ္မောစ၊အကြင်ဥသုတ်,အဘိဓမ္မာကိုရင်း။ ယောဝိနယောစ၊ အကြင် ဝိနည်းတရားကိုရင်း။ ဒေသိတော၊

ဟောလည်းဟောတော်မူအပ်ပြီ။ ပညတ္တော၊ ပညတ်လည်းပညတ်တော်မူအပ်ပြီ။သောခမ္မဝိနယော၊ထိုသုတ်,အဘိဓမ္မာ,ဝိနည်းတရားတော်သည်။ မမ၊ ငါ၏။အစ္စယေန၊ပရိနိဗ္ဗာန်လွန်တော်မူသဖြင့်။ ဝေါ-တုမှာကံ၊သင်တို့၏။ သတ္ထာ၊ဆုံးမတတ်သောဆရာတည်း။

မင်းကြီး၊ ထို့ကြောင့် သာယာခြင်း မရှိ၊ ပရိနိဗ္ဗာန် ပြုတော်မူပြီးသော ဘုရားရှင်အား ပြုအပ်သော ပူဇော်သက္ကာရသည် အကျိုးရှိသည်သာဖြစ်၏၊ မမြဲ၊ မင်းကြီး၊ ထိုတိတ္ထိတို့၏ ထိုအကျိုး မရှိဟုဆိုအပ်သော စကားသည် မဟုတ်၊ ချွတ်ယွင်း၏၊ မမှန်၊ဆန့်ကျင်၏၊ ဘောက်ပြန်၏၊ ဒုက္ခဖြေနှင့်ယှဉ်၏၊ မကောင်းသော အကျိုးကို ပေး၏၊ အပါယ်လေးပါးသို့လားကြောင်းဖြစ်၏။

မင်းကြီး၊ လွန်စွာသောအကြောင်းစကားကို ဆိုဦးလော့၊ သာယာခြင်းရှိတော်မမူသော လာခြင်းကောင်းသောဘုရားရှင်အား ပြုအပ်သော လှူဒါန်းပူဇော်သက္ကာရသည် အကျိုးရှိသည်ဖြစ်၏၊ မမြဲ။ ။မင်းကြီး၊ ဥပမာသော်ကား ဤမြေကြီး၌ ခပ်သိမ်းသောမျိုးစေ့တို့သည် ကောင်းစွာရောက်ကုန်၏၊ ဤမြေကြီးသည် သာယာခြင်း ရှိသလောဟုဆိုသော်၊ အရှင်ဘုရား၊ ဤမြေကြီးသည် ခပ်သိမ်းသောမျိုးစေ့တို့ကို မသာယာချေဟုဆိုလျှင်၊ မင်းကြီး၊ သာယာခြင်းမရှိသောမြေကြီး၌ ထိုမျိုးစေ့တို့သည် ကောင်းစွာတက်ပွါး ကုန်လျက် သန်မြန်စွာသော အမြစ်တို့ဖြင့် ထွေးရှက်ကုန်လျက် တည်ကုန်၏၊ ပင်စည်အနှစ်အခက် ထက်ဝန်းကျင်ပြန့်ပြောကြီးကျယ်ကုန်၍အဘယ်ကြောင့်ကားအသီးအပွင့်တို့ကိုဆောင်ကုန်သနည်းဟုဆိုသော်၊ အရှင်ဘုရား၊ သာယာခြင်း မရှိသောမြေကြီးသည် ထိုအလုံးစုံသောမျိုးစေ့တို့၏ဖြစ်ရာဌာနအကြောင်းဖြစ်၍ အထက်သို့တက်ပွါးခြင်းအကြောင်းအထောက်အပံ့ကိုပေး၏၊ ထိုမျိုးစေ့တို့သည် ထိုမြေကြီးဟူသော တည်ရာအကြောင်းကိုအမှီပြု၍ ထိုမြေကြီးဟူသော အထောက်အပံ့ပစ္စည်းကြောင့် ကောင်းစွာတက်ပွါး၍ သန်မြန်စွာသော အမြစ်တို့ဖြင့် ထွေးရှက်ကုန်၍တည်ကုန်သော ပင်စည် အနှစ်အခက်တို့ဖြင့် ထက်ဝန်းကျင်ပြန့်ကုန်လျက် အပွင့်အသီးတို့ကို ဆောင်ကုန်သည်ဖြစ်ကုန်၏၊ မင်းကြီး၊ ထိုအကြောင်းကြောင့် တိတ္ထိတို့သည် မိမိတို့အယူ၌ ပျက်စီးကုန်၏၊ ထိုတိတ္ထိတို့သည် သာယာခြင်းကင်းသောဘုရားအား ပူဇော်သက္ကာရသည် အကျိုးမရှိ၊မြဲ၏ဟု အကယ်၍ ဆိုကြကုန်၏၊ ထို

စကားတို့သည် ပျက်စီးလေကုန်၏၊ ပျောက်လေကုန်၏၊ မင်းကြီး၊ လာခြင်းကောင်းသောဘုရားရှင်သည် မြေကြီးနှင့် တူတော်မူ၏၊ မြေကြီးသည် တစုံတခုသောမျိုးစေ့ကို သာယာခြင်းမရှိ၊ ထို အတူ လာခြင်းကောင်းသောဘုရားရှင်သည် တစုံတခုသော လာဘ်သပ္ပကာ လှူဒါန်းပူဇော်ခြင်းကို သာယာတော်မမူ၊ မင်းကြီး၊ ထိုမျိုးစေ့တို့သည် မြေကြီးကိုမှီ၍ ပွါးများ ကုန်လျက် မြစ္စွာသော အမြစ်တို့ဖြင့် ထွေးရှက်ကုန်လျက် တည်ကုန်၏၊ ပင်စည်အနှစ်အခက်တို့ဖြင့် ထက်ဝန်းကျင်ပြန့်ကုန်လျက် အပွင့်အသီးတို့ကိုဆောင်ကုန်သကဲ့သို့၊ ထိုအတူ ပစ္စည်းလေးပါးတို့၌ သာယာခြင်းရှိတော်မမူသောဘုရားရှင်၏ ဓာတ်တော်မြတ် ဉာဏ်တော်မြတ်ကိုအမှီပြု၍ မြစ္စွာသောကုသိုလ်တည်းဟူသော အမြစ်၌တည်ကုန်လျက် သမာဓိဧည်းဟူသောအနှစ်၊ သီလတည်းဟူသော အခက်တို့ဖြင့် ထက်ဝန်းကျင်ပြန့်ပြောသည်ဖြစ်၍ ဝိမုတ္တိတည်းဟူသော အပွင့်၊ အရဟတ္တဖိုလ်တည်းဟူသောအသီးကို ဆောင်ကုန်၏၊ မင်းကြီး၊ ဤသို့သောအကြောင်းကြောင့် ပစ္စည်းလေးပါးတို့၌ သာယာခြင်းမရှိ၊ ပရိနိဗ္ဗာန်ပြုတော်မူပြီးသောမြတ်စွာဘုရားအား ပြုအပ်သောပူဇော်သက္ကာရသည် အကျိုးရှိသည်သာဖြစ်၏၊ မမြုံ။

မင်းကြီး၊ လွန်စွာသောအကြောင်းသည် ရှိ၏၊ အကြင်အကြောင်းဖြင့် သာယာခြင်းရှိတော်မမူသော ပရိနိဗ္ဗာန်ပြုလေပြီးသောမြတ်စွာဘုရားအား ပြုအပ်သောပူဇော်သက္ကာရသည် အကျိုးရှိ၏၊ မမြုံ၊ ထိုအကြောင်းကိုနာဦးလော့ဟုဆို၍၊ မင်းကြီး၊ မြည်း၊ ကုလားအုပ်၊ ကျွဲ၊ နွား၊ လူတို့၏ ဝမ်း၌ ပိုးမျိုးတို့သည် ရှိသည်ဖြစ်ကုန်၏၊ ထိုပိုးမျိုးတို့သည် သာယာခြင်းရှိကုန်သလောဟုဆိုသော်၊ အရှင်ဘုရား၊ လူတို့၏ကိုယ်၌ရှိသော ပိုးမျိုးတို့သည် သာယာခြင်းမရှိကုန်ဟု ဆိုလျှင် မင်းကြီး၊ အဘယ်ကြောင့် ထိုပိုးမျိုးတို့သည် ထိုလူကျွဲနွားတို့၏ဝမ်း၌ ကောင်းစွာဖြစ်၍များစွာသော သားမြေးမြစ်တို့ဖြင့် ပြန့်ပြောခြင်းသို့ ရောက်ကုန်သနည်းဟု ဆိုသော်၊ အရှင်ဘုရား၊ မကောင်းသောအကုသိုလ်ကံ၏ အကျိုးဖြစ်သောကြောင့် သာယာခြင်းမရှိကုန်ဘဲလျက် လူကျွဲနွားတို့၏ဝမ်း၌ပိုးမျိုးတို့သည်ဖြစ်၍ သားမြေးမြစ်တို့ဖြင့် ပြန့်ပြောကုန်၏ဟု ဆိုသော်၊ မင်းကြီး၊ ထိုအတူ လာခြင်းကောင်းသောဘုရားရှင်၏ ဓာတ်တော်မြတ်ကိုရှင်း, သဗ္ဗညုတဉာဏ်တော်မြတ်ကိုရှင်း အကျိုးရှိသည်၏အဖြစ်ကြောင့် လာခြင်းကောင်း

သောဘုရားရှင်၌ ပြုအပ်သောပူဇော်သက္ကာရလည်း အကျိုးရှိသည်သာ ဖြစ်၏၊ မမြဲ။

မင်းကြီး၊ လူအံပေါင်းတို့အား ကိုးဆဲ့ခြောက်ပါးသော ရောဂါတို့သည် ကိုယ်၌ဖြစ်စေကုန်သတည်းဟု သာယာခြင်းရှိကုန်ရာသလောဟူ၍ဆိုပြန်လျှင်၊ အရှင်ဘုရား၊ ထိုလူတို့အား ကိုးဆဲ့ခြောက်ပါးသော အနာတို့သည် ကိုယ်၌ဖြစ်စေကုန်သတည်းဟု သာယာခြင်းမရှိကုန် ဟူ၍ဆိုပြန်လျှင်၊ မင်းကြီး၊ အဘယ်ကြောင့်သာယာခြင်းမရှိသောလူတို့အား ထိုအနာတို့သည် ကိုယ်၌ဖြစ်လေကုန်သနည်းဟုဆိုသော်၊ အရှင်ဘုရား၊ ရှေးရှေးသောကာလ သံသရာဘဝ၌ ပြုမိဘူးသော ဒုစရိုက်အကုသိုလ်ကံကြောင့် အနာရောဂါတို့သည် ဖြစ်ကုန်၏ဟူ၍ ဆိုပြန်လျှင်၊ မင်းကြီး၊ ရှေးရှေးသောသံသရာဘဝ၌ ပြုမိသော အကုသိုလ်ကံသည် ဤဘဝ၌ အကျိုးကိုခံစားအပ်သည် အကယ်၍ဖြစ်အံ့၊ ထိုသို့တပြီးကား မင်းကြီး၊ ရှေးရှေးသောသံသရာဘဝ၌ ပြုအပ်သောကုသိုလ်,အကုသိုလ်ကံတရားသည် အကျိုးကိုပေးခြင်းရှိ၏၊ မမြဲချေ၊ မင်းကြီး၊ ဤသို့သောအကြောင်းကိုထောက်သဖြင့်လည်း သာယာခြင်းမရှိ၊ ပရိနိဗ္ဗာန်ပြုတော်မူလေပြီးသောဘုရားရှင်အား ပြုအပ်သော ပူဇော်သက္ကာရသည် အကျိုးရှိသည်သာဖြစ်၏၊ မမြဲ။

မင်းကြီး၊ နန္ဒကအမည်ရှိသောဘီလူးသည် ရှင်သာရိပုတ္တရာမထေရ်၌ စိတ်ဖြင့်ပြစ်မှားခြင်းရှိ၏၊ ရှင်သာရိပုတ္တရာအား သာယာခြင်းရှိတော်မမူဘဲလျက် ဘီလူးကိုမြေမျိုအပ်လေသည်မဟုတ်လောဟု ဆိုသော်၊ အရှင်ဘုရား၊ အရှင်သာရိပုတ္တရာကိုပြစ်မှားသော နန္ဒကဘီလူးကိုကြားဘူးပါ၏၊ ဤသို့သောအခြင်းအရာသည် လောက၌ ထင်ရှား၏ဟု ဆိုသော်၊ မင်းကြီး၊ စင်စစ်သော်ကား ရှင်သာရိပုတ္တရာ မထေရ်သည် နန္ဒကမည်သောဘီလူးအား မြေမျိုခြင်းကိုနှစ်သက်လေရာသလောဟုဆိုလျှင်၊ အရှင်ဘုရား၊ နတ်ပြဟ္မာနှင့်တကွ လောကသည် ပြောင်းပြန် ရှိသော်လည်း ရှိရာ၏၊ နေဝန်း လဝန်းမြေသို့ကျသော်လည်း ကျရာ၏၊ ရွှေတောင်သည် ဖရိုဖရဲရှိသော်လည်း ရှိရာ၏၊ ရှင်သာရိပုတ္တရာသည် သူတပါး၏ဆင်းရဲခြင်းကို သာယာခြင်းရှိတော်မမူရာ၊ အဘယ်ကြောင့်နည်းဟူမူကား အကြင်အမျက်ဒေါသဖြင့် ရှင်သာရိပုတ္တရာသည် အမျက်ထွက်သည် ဖြစ်ရာ၏၊ ပြစ်မှားသည်လည်း ဖြစ်ရာ၏၊ ထိုအမျက်

ဒေါသတည်းဟူသော အကြောင်းတရားကို ရှင်သာရိပုတြာရသည် နုတ်အပ် ဖြတ်အပ်ပြီ၊ ဒေါသဘည်းဟူသောအကြောင်းတရား၏ ပယ်အပ်သတ်အပ်ပြီးသည်၏ အဖြစ်ကြောင့် အရှင်သာရိပုတြာရာ မထေရ်သည် ကိုယ်အသက်ကို စောင့်ရှောက်တော်မူလိုသောကြောင့် အမျက်ထွက်ခြင်းကိုမပြုရာဟုဆိုသော်၊မင်းကြီး၊ အရှင်သာရိပုတြာရာ မထေရ်သည် နန္ဒကအမည်ရှိသောဘီလူးအား မြေမျိုခြင်းကို အကယ်၍သာသယာခြင်းရှိတော်မမူဘဲလျက် အဘယ်ကြောင့် ဘီလူးကိုမြေမျိုအပ်လေသနည်းဟု ဆိုသော်၊ အရှင်ဘုရား၊ အကုသိုလ်ကံ အားကြီးသောကြောင့် မြေမျိုအပ်လေသည်ဟု ဆို၏၊ မင်းကြီး၊ အကုသိုလ်ကံအားကြီးသည်၏အဖြစ်ကြောင့် အကယ်၍နန္ဒကဘီလူးကိုမြေမျိုလေသော် သာယာခြင်းရှိတော်မမူသော ရှင်သာရိပုတြာရာအား ပြုအပ်သောအပြစ်အများသည် အကျိုးကိုပေး၏၊ မမြဲချေဟုဆို၍၊မင်းကြီး၊ ထိုသို့တပြီးကား ကုသိုလ်ကံတရားအားကြီးသည်၏အဖြစ်ကြောင့် သာယာခြင်းရှိတော်မမူသော မြတ်စွာဘုရားအား ပြုအပ်သောပူဇော်သက္ကာရသည် အကျိုးရှိသည်သာ ဖြစ်၏၊ မမြဲ။

**မြေမျိုသူ ၅-ဦးနှင့် အပြစ်**·····မင်းကြီး၊ အဘယ်မျှလောက်သော လူတို့ကိုလျှင် ဤ သာသနာတော် အတွင်း၌ မြေမျိုအပ်လေကုန်သနည်း၊ ထိုမြေမျိုသောလူတို့ကို ကြားဘူး၏လောဟုဆိုသော်၊အရှင်ဘုရား၊ကြားဘူးပါ၏ဟုဆို၍။ ။အရှင်ဘုရား၊ စိဉ္စမာနအမည်ရှိသောမိန်းမ၊ သုပ္ပဗုဒ္ဓသာကီဝင်၊ ဒေဝဒတ် မထေရ်၊ နန္ဒကဘီလူး၊ နန္ဒမည်သောသူလင် ဤငါးယောက်သောသူတို့ကို မြေမျိုအပ်ကုန်၏ဟုဆိုသော်၊ မင်းကြီး၊ ထိုသူတို့သည် အဘယ်ပုဂ္ဂိုလ်၌ အပြစ်အများရှိကြသနည်းဟု ဆိုပြန်လျှင်၊ အရှင်ဘုရား၊ ဘုရားရှင်၌ရင်း၊ တပည့်တော်တို့၌ရင်း ပြစ်မှားကြကုန်၏ဟုဆိုသော်၊မင်းကြီး၊ ဘုရားရှင်သည်ရင်း၊ တပည့်တော်တို့သည်ရင်း ဤသူတို့အား မြေမျိုခြင်းကို သာယာခြင်းရှိတော်မူကုန်သလောဟုဆို၏၊အရှင်ဘုရား၊ဘုရားရှင်နှင့်တပည့်တော်မြတ်တို့သည် သာယာခြင်းရှိတော်မမူကုန်ဟုဆိုလျှင်၊ မင်းကြီး၊ ထိုသို့တပြီးကား သာယာခြင်းမရှိ၊ ပရိနိဗ္ဗာန်ပြုတော်မူသောဘုရားရှင်အား ပြုအပ်သောပူဇော်သက္ကာရသည် အကျိုးရှိသည်သာဖြစ်၏ဟုဖြေသော်၊ အရှင်ဘုရား၊ အရှင်ဘုရားသည် ပြဿနာကိုကောင်းစွာသိစေ

တော်မူအပ်ပေ၏၊ နက်နဲသော အဓိပ္ပါယ်ကို ထင်ပေါ်စွာ ပြုအပ်ပေ၏၊ လျှို့ဝှက်အပ်သော အနက်အဓိပ္ပါယ်ကို ဖျက်ဆီးအပ်ပေ၏၊ ခက်ခဲသော အထုံးကို ချုံးဖြတ်အပ်ပေ၏၊ စွဲလမ်းရာကိုပြုအပ်ပေ၏၊ ပရဝါဒီပုဂ္ဂိုလ်တို့၏ မကောင်းသောအယူကို ဖျောက်အပ် ချုံးအပ်ပြီး၍ မကောင်းသော အယူဝါဒရှိကုန်သောတိတ္ထိတို့သည် တန်ခိုးအရောင် မရှိလေကုန်ပြီ၊ မြတ်သော ဂိုဏ်းသဃ်ာရှိသော အရှင်ဘုရားသည် လွန်စွာစီရင်တော်မူအပ်ပေပြီဟု ချီးမြှောက်ထောမနာပြုလေ၏။

ဗုဒ္ဓဃ ဘဂဝတော ပရိနိဗ္ဗုတဃ အဿာဒယန္တဃော ဝဝဋ္ဌျ ၁ဝဋ္ဌျ ဘာဝပဉှာပြီး၏။

---

## ၈၈။ ဗုဒ္ဓဃဘဂဝတော သဗ္ဗညုဘာဝပဉှာ

**သဗ္ဗညုတ ဉာဏ်သည် အမြဲထင်မြင်နေသလော**……မိ လိန္ဒ မင်းသည် အရှင်ဘုရား၊ ဘုရားရှင်သည် အလုံးစုံသော တရားကို သိတော် မူသောကြောင့် သဗ္ဗညုမည်တော်မူသလောဟုမေး၏။

မင်းကြီး၊ အလုံးစုံသောတရားကိုသိတော်မူသောကြောင့် ဘုရားရှင်သည်သဗ္ဗညုမည်တော်မူ၏ဟု ဆို၍ ဘုရားရှင်အား အခါမပြတ် ဉာဏ်တော်သည် ရှေးရှုထင်သည်မဖြစ်၊ ဆင်ခြင်ခြင်းနှင့် စပ်တော်မူ၏၊ ဘုရားရှင်၏ သဗ္ဗညုတ ဉာဏ်တော်သည် ဆင်ခြင်တော် မူသော် အလိုရှိတိုင်း သိတော်မူ၏ဟု ဖြေလျှင်၊ အရှင်ဘုရား၊ ထိုသို့တပြီးကား ဘုရားရှင်သည် အကယ်၍ ရှာမှီးသဖြင့် သဗ္ဗညုတ ဉာဏ်သည် သိအပ်သောတရားကိုသိရာသည်ဖြစ်အံ့၊ သဗ္ဗညုမည်စကောင်းဟုဆိုသော်၊ မင်းကြီး၊ တရာ့ရှစ်စီးသော စပါးလှည်း၌ ရှိသော စပါးတို့၏ တင်း, ကွမ်းစားတို့ဖြင့် မှတ်၍ ထားအပ်သည်ရှိသော် ထိုစပါးကိုအဘယ်မျှရှိ၏ဟု မှတ်ခြင်းအရေအတွက်ကုန်ခြင်းသို့ ရောက်ရာ၏၊ လက်ဖျစ်တတွက်သော်ကား တခဏတခဏ၌ ဖြစ်သော စိတ်၏ အရေအတွက်ကို ဤမျှလောက်ရှိ၏မဆို၊ အဘယ်သို့ ပိုင်းခြား၍ သိနိုင်အံ့နည်းဟု ဆို၍ ထိုစကား၌ မင်းကြီး၊စိတ်တို့သည် ချနစ်ပါး အပြားရှိကုန်၏။

**ပဌမစိတ်**……မင်းကြီး၊ ရာဂ ဒေါသနှင့် တကွ ကိလေသာ ရှိကုန် သောအကြင် ပုထုဇဉ်ပုဂ္ဂိုလ်တို့သည် မပွါးစေအပ် သောကိုယ်စိတ်၊ မပွါးစေအပ်သောသီလပညာရှိကုန်အံ့၊ ထိုသို့ကိလေ သာရှိသော သူတို့အား ထိုစိတ်သည်လေး၏၊ နှေး၏၊ အဘယ်ကြောင့် နည်းဟူမူကား ပွါးစေအပ်သောစိတ်မရှိသည်၏ အဖြစ်ကြောင့်နှံ့နှေး၏ ဟုဆို၍၊ မင်းကြီး၊ ဥပမာသော်ကား ကျယ်သော ပြန့်သောရှုပ်ထွေး သောဝါးချုံ၏ထွေးရှုပ်သော အခက်ကို ငင်သောသူအား လေးသည် ဖြစ်၏၊ အဘယ်ကြောင့်နည်းဟူမူကား အခက်တို့၏ ရှုပ်ထွေးသည်၏ အဖြစ်ကြောင့် နှံ့နှေးသကဲ့သို့၊ ထိုအတူ မင်းကြီး၊ အကြင်ရာဂဒေါသ အစရှိသောကိလေသာရှိကုန်သောသူတို့သည်မပွါးစေအပ်သော ကိုယ် စိတ်၊ မပွါးစေအပ်သော သီလ ပညာ ရှိကုန်သည်ဖြစ်၍ ထိုသူတို့၏ စိတ်သည်လေးသည် နှံ့နှေးသည်ဖြစ်၏၊ အဘယ်ကြောင့် နည်းဟူ မူကား ကိလေသာတို့ဖြင့် ရှုပ်ထွေးမြှေးရှက်သည်၏ အဖြစ်ကြောင့် တည်း။

(ဤကား ရှေးဦးစွာသောပုထုဇဉ်တို့၏စိတ်။)

**ဒုတိယစိတ်**……မင်းကြီး၊ အကြင် သောတာပန် ပုဂ္ဂိုလ်တို့ သည် အပါယ်သို့ လား ကြောင်း အကုသိုလ် ကမ္မပထ၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ—ဤသုံးပါးသော တရားတို့ကို ပယ်အပ်ပြီးသည်ဖြစ်၍ သိအပ်သောဘုရားရှင်သာသနာတော်ရှိကုန်၏၊ ထိုသောတာပန်ပုဂ္ဂိုလ် တို့၏စိတ်သည် ထိုသုံးပါးသောအရာတို့၌ လျင်သည်ဖြစ်၏၊ လျင်စွာဖြစ် စေနိုင်၏၊ အထက်ဖြစ်သော မဂ် ဖိုလ်ဉာဏ်တို့၌ လေး၏၊ နှံ့နှေး၏၊ အဘယ်ကြောင့် နည်းဟူမူကား သုံးပါးသောအရာတို့၌ စိတ်သည် စင်ကြယ်၏၊ အထက် မဂ်ဖိုလ်တို့၏ အရာ ကိလေသာတို့ကို မူကား မပယ်အပ်သည်၏အဖြစ်ကြောင့် နှေး၏ဟုဆို၍၊ မင်းကြီး၊ ဥပမာသော် ကား၊ ဝါးချုံ၏ အောက်အဆစ်သည် သန့်ရှင်း လေသော ကြောင့် အထက်ဖြစ်သောအခက်တို့သည် ထွေးရှက် လေကုန်သော ကြောင့် အောက်ဆစ်သည် လွယ်၏၊ အထက်သည် ထွေးရှက်၏၊ မင်းကြီး၊ ထိုကဲ့သို့သောသောတာပန်ပုဂ္ဂိုလ်တို့သည် ပယ်အပ်သောအပါယ် ပဋိသန္ဓေ ဒိဋ္ဌိ, ဝိစိကိစ္ဆာ ရှိကုန်သည် ဖြစ်၍ ဘုရားရှင် သာသနာတော်ကိုသိ

ကုန်၏၊ ထိုသောတာပန်ပုဂ္ဂိုလ်တို့၏စိတ်သည် သုံးပါးသော အရာတို့၌ လျင်စွာဖြစ်၏၊ အထက်ဖြစ်သောမဂ်ဖိုလ်တို့၏အရာ၌လေး၏၊ နှံ့နှေး၏၊ အဘယ်ကြောင့်နည်းဟူမူကား သုံးပါးသောအရာတို့၌ စင်ကြယ်သောကြောင့် အထက်မဂ်ဖိုလ်တို့၏ အရာကိလေသာတို့ကို မပယ်အပ်သည်၏အဖြစ်ကြောင့် နှံ့နှေး၏။

(ဤသည်လျှင်ဒုတိယစိတ်။)

**တတိယစိတ်**……မင်းကြီး၊ အကြင် သကဒါဂါမိ ပုဂ္ဂိုလ်တို့သည် ရာဂ ဒေါသ တို့ကို ခေါင်းပါးစေတတ် ကုန်၏၊ ထိုသကဒါဂါမိပုဂ္ဂိုလ်တို့၏ စိတ်သည်ငါးပါးသော အရာတို့၌ လျင်စွာဖြစ်ကုန်၏၊ အထက် မဂ်ဖိုလ်တို့၏ အရာ၌ နှံ့နှေး၏၊ အဘယ်ကြောင့်နည်းဟူမူကား ငါးပါးသောအရာတို့၌စင်ကြယ်သောအကြောင်းကြောင့်လျှင်၏၊ အထက်မဂ်ဖိုလ်တို့၏ အရာဖြစ်သော ကိလေသာတို့ကိုမပယ်အပ်သည်၏အဖြစ်ကြောင့်နှေး၏ဟုဆို၍၊ မင်းကြီး၊ ဥပမာသော်ကားအောက်ဝါးဆစ်သန့်ရှင်းသောဝါးချို၏အထက်ဖြစ်သောအခက်တို့သည် ထွေးရှက် ကုန်၏၊ ထွက်ကဲ့သို့သော ဝါးချုံ အခက်တို့ကို ငင်သော်ကား အောက်ဝါးဆစ်သည်သန့်ရှင်းသောကြောင့်လျှင်၍ အထက်ဖြစ်သော အခက်သည်ထွေးရှက်သောကြောင့် နှံ့နှေး၏၊ အဘယ်ကြောင့်နည်းဟူမူကား အောက်၌ ဖြစ်သော အခက် သန့်ရှင်းသောကြောင့် လျှင်သကဲ့သို့ အထက်ဖြစ်သော အခက်သည် ထွေးရှက်သကဲ့သို့၊ မင်းကြီး၊ ထိုအတူ သကဒါဂါမိပုဂ္ဂိုလ်တို့သည် ရာဂဒေါသတို့ကို ခေါင်းပါးစေတတ်ကုန်၏၊ ထိုသူတို့၏စိတ်သည် ငါးပါးသော အရာတို့၌ လျင်စွာဖြစ်စေနိုင်၏၊ အထက်ဖြစ်သောအရာတို့၌လေး၏၊ နှံ့နှေး၏၊ အဘယ်ကြောင့် နည်းဟူမူကား ငါးပါးသောအရာ၌ စိတ်စင်ကြယ်သည်၏အဖြစ်ကြောင့်လျှင်၏၊ အထက် မဂ်ဖိုလ်တို့၏အရာ၌ ကိလေသာတို့ကို မပယ်အပ်သော အဖြစ်ကြောင့်နှေး၏။

(ဤကားတတိယစိတ်။)

(ဤစိတ်၌ငါးပါးသော အရာသည်ကား အပါယဂမနီယ၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ ကာမရာဂ၊ ဗျာပါဒတို့ကိုယူမှသင့်မည်။)

**စတုတ္ထစိတ်**……မင်းကြီး၊ အနာဂါမိ ပုဂ္ဂိုလ်တို့သည် ဩရမ္ဘာဂိယ သံယောဇဉ်ငါးပါးတို့ကို ပယ်အပ်ကုန်၏၊ ထိုအနာ

ဂါမ်ပုဂ္ဂိုလ်တို့၏ စိတ်သည် ဆယ်ပါးသော အရာတို့၌ လျင်စွာဖြစ်၏၊ အထက်မဂ် အရာတို့၌လေး၍၊ နှံ့နှေး၏၊ အဘယ်ကြောင့် နည်းဟူမူ ကား ဆယ်ပါးသောအရာတို့၌ စိတ်စင်ကြယ်သည်၏ အဖြစ်ကြောင့် လျင်၏၊ အထက်မဂ်သည်ပယ်အပ်သော ကိလေသာတို့ကို မပယ်အပ် သည့်၏အဖြစ်ကြောင့်နှေး၏၊ မင်းကြီး၊ ဥပမာသော်ကား ဝါးချိုသည် အောက်ဆယ်ရသောအဆစ်၏သန့်ရှင်း သကဲ့သို့ အထက်အခက်တွေး ရှက်သကဲ့သို့၊ ထိုအတူ အကြင်အနာဂါမ်ပုဂ္ဂိုလ်တို့သည် ငါးပါးသော ဩရမ္ဘာဂိယသံယောဇဉ်တို့ကို ပယ်အပ်ကုန်၏၊ ထိုအနာဂါမ်ပုဂ္ဂိုလ် တို့၏စိတ်သည်ဆယ်ပါးသောအရာတို့၌လျင်၏၊ အထက်မဂ်တို့၏ အရာ ၌ နှေး၏၊ အဘယ်ကြောင့်နည်းဟူမူကား ဆယ်ပါးသော အရာတို့၌ စိတ်စင်ကြယ်သောကြောင့် လျင်၏၊ အထက်ကိလေသာတို့ကို မပယ် အပ်သေးသည့်၏အဖြစ်ကြောင့်နှေး၏။

(ဤကားစတုတ္ထစိတ်။)

**ပဉ္စမစိတ်**……မင်းကြီး၊ ရဟန္တာပုဂ္ဂိုလ်တို့သည် ဆေးအပ်ပြီးသော အညစ်အကြေး၊ အန်ပြီးသော ကိလေသာ၊ သုံးအပ်ပြီး သောသီတင်း၊ ပြုအပ်ပြီးသောအမှု၊ ချအပ်ပြီးသောဝန်၊ တဘန်ဘဝသစ် ၌မဖြစ်သည်ဖြစ်၍ ကုန်ပြီးသောဘဝသံယောဇဉ်၊ ရောက်အပ်ပြီးသော ပဋိသမ္ဘိဒါရှိကုန်သည်ဖြစ်၍သာဝကအရာတို့၌လျင်စွာဖြစ်နိုင်၏၊ပစ္စေက ဗုဒ္ဓါတုရားတို့၏အရာတို့၌ နှံ့နှေး၏၊အဘယ်ကြောင့်နည်းဟူမူကား သာဝ ကအရာ၌ စင်ကြယ်ပြီးသည်၏အဖြစ်ကြောင့် ရှင်ပစ္စေကဗုဒ္ဓါတို့၏အရာ ၌စင်ကြယ်ခြင်းမရှိသည်၏ အဖြစ်ကြောင့်နှေး၏၊ မင်းကြီး၊ဥပမာသော် ကား ငင်အပ်သော သန့်ရှင်းစင်ကြယ်သော ဝါးချို၏ အလုံးစုံသော အဆစ်သည်မနှေးလျင်ခြင်းသည်လွယ်စွာဖြစ်၏၊ အဘယ်ကြောင့်နည်း ဟူမူကား အလုံးစုံသောဝါးဆစ်၏ စင်ကြယ် သောကြောင့် လျင်၏၊ မင်းကြီး၊ထိုအတူ ကုန်ပြီးသော အာသဝေါရှိကုန်သော ရဟန္တာပုဂ္ဂိုလ် တို့သည်ဆေးအပ်ပြီးသောအညစ်အကြေး၊ အန်ပြီးသောကိလေသာ၊ သုံး အပ်ပြီးသောသီတင်း၊ပြုအပ်ပြီးသောအမှု၊ချအပ်ပြီးသောဝန်၊တဘန်ဘဝ သစ်၌ မဖြစ်သည်ဖြစ်၍ကုန်ပြီးသော ဘဝသံယောဇဉ်၊ ရောက်အပ်ပြီး သော ပဋိသမ္ဘိဒါရှိကုန်သောရဟန္တာပုဂ္ဂိုလ်တို့သည်သာဝကအရာတို့၌

စင်ကြယ်ကုန်၏၊ ထိုရဟန္တာတို့၏စိတ်သည်လျင်၏၊ လျင်စွာလည်း ဖြစ်စေနိုင်ကုန်၏၊ ပစ္စေကဗုဒ္ဓါတို့၏ အရာ၌ နှံ့နှေး၏၊ အဘယ်ကြောင့်နည်းဟူမူကား သာဝက အရာ၌စင်ကြယ်သောကြောင့်လျင်၏၊ ပစ္စေကဗုဒ္ဓါတို့၏အရာ၌မစင်ကြယ်သည့်၏အဖြစ်ကြောင့်နှေး၏။

(ဤကား ငါးခုမြောက်သောစိတ်။)

**ဆဋ္ဌစိတ်**……မင်းကြီး၊ ပစ္စေက ဗုဒ္ဓါ ဘုရားရှင်တို့သည် ဆရာမရှိတယောက်ထီးတည်းကျင့်ကုန်သည်ဖြစ်၍ မိမိတို့အရာ၌စင်ကြယ်သန့်ရှင်းသော အညစ်အကြေးရှိကုန်၏၊ ထိုရှင်ပစ္စေကဗုဒ္ဓါဘုရားရှင်တို့၏အရာ၌လျင်စွာဖြစ်၏၊ သဗ္ဗညုဘုရားရှင်အရာ၌ကျယ်ဝန်းသောကြောင့် နှံ့နှေး၏၊ အဘယ်ကြောင့်နည်း၊ သဗ္ဗညုတအရာ၌မစင်ကြယ်သည့်၏ အဖြစ်ကြောင့်နှေး၏၊ မင်းကြီး၊ ဥပမာသော်ကား ယောက်ျားသည်မိမိ၏ အရာ၌နည်းသော ရေရှိသောမြစ်ကို ညဉ့်အခါ နေ့အခါ၌ အလိုရှိတိုင်း မကြောက်မရွံ့ကူးဝံ့၏၊ တပါးသောအခါ၌ နက်သောရေရှိသောပြန့်ပြော ကြီးကျယ်သောထောက်မှီခြင်းငှါ မတတ်နိုင်သောသမုဒ္ဒရာကိုမြင်သော်ကြောက်ရာ၏၊ တုန်လှုပ်ရာ၏၊ ကူးအံ့သောငှါမတတ်နိုင်ရာ၊ အဘယ်ကြောင့် နည်းဟူမူကား မိမိအရာ၌ကူးဘူးသည့်၏အဖြစ်ကြောင့်မကြောက် မရွံ့ကူးဝံ့၏၊ မဟာသမုဒ္ဒရာ၌ ကျယ်သည့်၏အဖြစ်ကြောင့်ကြောက်၏၊ ကူးအံ့သောငှါမတတ်နိုင်ရာသကဲ့သို့၊ မင်းကြီး၊ ထိုအတူ ထိုပစ္စေကဗုဒ္ဓါတို့သည် မိမိတို့ အလိုလို သစ္စာတရားလေးပါးတို့ကို သိကုန်၏၊ ဆရာမရှိကုန်၊ တယောက်ထီးတည်းသာလျင်ကျင့်ကုန်၏၊ မိမိတို့အရာ၌ စင်ကြယ်သော အညစ် အကြေးရှိကုန်၏၊ထိုပစ္စေကဗုဒ္ဓါဘုရားတို့၏စိတ်သည် မိမိတို့၏ အရာ၌ လျင်စွာဖြစ်ကုန်၏၊သဗ္ဗညုတအရာ၌နှံ့နှေး၏၊ မိမိတို့၏ အရာ၌ သန့်ရှင်းသောကြောင့်၊သဗ္ဗညုတအရာ၌မသန့်ရှင်းသောကြောင့်တည်း။

(ဤကားခြောက်ခုမြောက်သောစိတ်။)

**သတ္တမစိတ်**……မင်းကြီး၊သဗ္ဗညုတ ဘုရားတို့သည် အလုံးစုံသိအပ်သော တရားတို့ကို ကောင်းစွာ မိမိတို့ အလိုလို သိတော်မူကုန်ပြီး၍ ဆယ်ပါးသော ဒသဗလ ဉာဏ်၊ လေးပါး သော စတုဝေသာရဇ္ဇဉာဏ်၊ တဆဲ့ရှစ်ပါးသော ဘုရားကျေးဇူးတရားတို့နှင့်

ပြည့်စုံတော်မူကုန်၏၊ အနန္တဂုဏ်ဖြစ်တော်မူကုန်သော ဘုရားရှင်တို့သည်အပိတ်အပင်မရှိကုန်၊ ထိုဘုရားရှင်တို့၏စိတ်တော်သည် လျင်စွာဖြစ်တော်မူ၏၊ လျင်စွာလည်း ဖြစ်စေနိုင်၏၊ အဘယ်ကြောင့် နည်းဟူမူကား အလုံးစုံသောတရားတို့၌ ထက်ဝန်းကျင်စင်ကြယ်တော်မူသောကြောင့်လျင်စွာဖြစ်၏၊ လျင်စွာလည်း ဖြစ်စေနိုင်၏၊ မင်းကြီး၊ ဥပမာသော်ကား ကောင်းမွန်စင်ကြယ်စွာ အညစ်အကြေးမရှိ၊ အဆစ်အဖုမရှိ၊သိမ်မွေ့စွာဆောင်အပ်သော ကောက်ကျစ် လိမ်လည်ခြင်းမရှိ မြစွာသောလေး၏ အထက်၌ တင်အပ်သော မြှား၏ ကျရာ အရပ်သည် သိမ်မွေ့သောခေါမပုဆိုး၊ သိမ်မွေ့သော ကမ္ဗလာ ပုဆိုးသို့ ကျအံ့၊ ထိုမြှားသည် နှံ့နှေးရာသလော၊ ငြိတွယ်ခြင်းရှိသလောဟု ဆိုသော်၊ အရှင်ဘုရား၊ မြှားလည်းသိမ်မွေ့သည်၊ ပုဆိုးတို့လည်း သိမ်မွေ့သည်၏ အဖြစ်ကြောင့်မနှံ့နှေးရာ၊ မငြိတွယ်ရာဟုဆို၏၊ အဘယ်ကြောင့်နည်းဟူမူကား ပုဆိုးတို့၏ သိမ်မွေ့သည်၏ အဖြစ်ကြောင့်၎င်း၊ ကျသောမြှား၏အားရှိသည်၏ အဖြစ်ကြောင့်၎င်း၊ မငြိရောက် မတွယ် မတာဖြစ်သကဲ့သို့၊ ထိုအတူမင်းကြီး၊ သဗ္ဗညုဘုရားရှင်တို့သည် ဆယ်ပါးသောအားတော်၊ လေးပါးသော ဝေသာရဇ္ဇ၊ တဆဲ့ရှစ်ပါးသောဘုရားကျေးဇူးတရားတို့နှင့် ပြည့်စုံတော်မူကုန်၏၊ အနန္တဂုဏ် ဖြစ်တော် မူကုန်သော ဘုရားရှင်တို့သည်အပိတ်အပင်မရှိ၊ အနာဝရဏဉာဏ်ရှိတော်မူကုန်၏၊ ထိုဘုရားရှင်တို့၏စိတ်တော်သည်လျင်စွာဖြစ်၏၊ လျင်စွာလည်း ဖြစ်စေနိုင်၏၊အဘယ်ကြောင့်နည်းဟူမူကား အလုံးစုံသော တရားတို့၌ ထက်ဝန်းကျင် သန့်ရှင်းစင်ကြယ်တော်မူသည်၏ အဖြစ်ကြောင့် လျင်တော်မူ၏။

(ဤကား သတ္တမစိတ်။)

မင်းကြီး၊ သဗ္ဗညု ဘုရား ရှင် တို့၏ စိတ်တော်သည် ခြောက်ပါးသော စိတ်တို့ကိုလွန်၍ မရေတွက်နိုင်သဖြင့် သန့်ရှင်းစင်ကြယ်၏၊ လျင်လည်း လျင်တော်မူ၏၊ မင်းကြီး၊ ထို့ကြောင့် ဘုရားရှင်သည် ယမိုက်ပြာဋိဟာကိုပြတော်မူနိုင်၏၊ ယမိုက်ပြာဋိဟာ ပြတော်မူသော ကာလ၌ ဘုန်းခြောက်ပါးနှင့်ပြည့်စုံတော်မူသော ဘုရားရှင်တို့၏ စိတ်တော် လျင်စွာဖြစ်တော်မူသည်ကို သိအပ်၏၊ ထိုယမိုက်ပြာဋိဟာပြ

တော်မူသောအခါ၌ အကြောင်းကို ဆိုအံ့သောငှါမတတ်နိုင်ရာ၊ ထိုရှေး ဆိုအပ်ပြီးသော စိတ်တို့ဖြင့်သဗ္ဗညုဘုရားရှင်တို့၏စိတ်တော်ကိုထောက်၍ ယူအပ်ရေတွက်အပ်သည် ရှိသော်လည်း အစုအဘို့ကိုမျှ ရေတွက်ခြင်းသို့ မရောက်နိုင်ကုန်ရာ၊ ဘုရားရှင်၏ သဗ္ဗညုတ ဉာဏ်တော်သည် ဆင်ခြင်ခြင်းနှင့် တစပ်တည်းဖြစ်၏၊ ဆင်ခြင်တော်မူ၍ အလိုရှိတော်မူတိုင်းသိ၏။

မင်းကြီး၊ ဥပမာသော်ကားယောကျ်ားသည် လက်၌ ထားအပ်သော တစုံတခုသော ဝတ္ထုကို နှစ်ခု မြောက်သော လက်တဘက်၌ ထားအံ့၊ ဟင်းလင်းသော ခံတွင်းဖြင့် စကားပြောသည်ဖြစ်အံ့၊ ခံတွင်း၌ရှိသော စားဘွယ်ကိုမျိုလိုက်အံ့၊ မျက်စိကို ဖွင့်ပြီး၍ မှိတ်သော်လည်း မှိတ်မိအံ့၊ မှိတ်ပြီး၍သော်လည်းဖွင့်အံ့၊ ခွေသောလက်ရုံးကို သော်လည်း ဆန့်အံ့၊ ဆန့်သော လက်ရုံးကိုသော်လည်းခွေအံ့၊ ဤသို့ ထိုယောကျ်ားပြုအပ်သော အမှုသည် အလွန်ကြာလေသေး၏၊ ထိုထက် ဘုရားရှင်၏ သဗ္ဗညုတဉာဏ်တော်သည် အထူးသဖြင့် လျင်စွာဖြစ်လေ၏၊သဗ္ဗညုတ ဉာဏ်တော်သည် လျင်စွာဆင်ခြင်ခြင်းရှိ၏၊ လျင်စွာဆင်ခြင်တော်မူ၍ အလိုတော်ရှိတိုင်း သိတော်မူ၏၊ မင်းကြီး၊ ဘုန်းခြောက်ပါးနှင့် ပြည့်စုံတော်မူသော ဘုရားရှင် တို့သည် ဆင်ခြင်ခြင်း ကင်းကာ မတ္တဖြင့် အသဗ္ဗညု မည်သည်မဖြစ်ဟု ဖြေသော်၊ အရှင်ဘုရား၊ ဆင်ခြင်ခြင်း ကင်းကာမတ္တဖြင့်အသဗ္ဗညုဟုမမည်သော် ထိုဆင်ခြင်ခြင်း၌ ရှာမှီး၍ ဥပမာ ပြုပါဦးလော့၊ တကာတော် တောင်းပန်ပါ၏၊ အကြောင်းကို တကာတော်အား သိပါစေလော့ဟုဆိုသော်။ ။မင်းကြီး၊ ဥပမာသော်ကား များစွာကြွယ်ဝသောအသုံးအဆောင်ရွှေငွေစည်းစိမ် ဥစ္စာ၊ စပါး၊ နှမ်း၊ ပဲ၊ ပြောင်း၊ ထောပတ်၊ ဆီဦ၊ ဆီကြည်၊ နို့ရည်၊ နို့ခမ်း၊ ပျား၊ တင်လဲတို့ကိုအရေအတွက်ပြု၍ အိုး၊ တောင်း၊ ကျီကြတို့၌ ထားအပ်သည်ဖြစ်ကုန်၏၊ ထိုသူကြွယ်ယောကျ်ား၏ အထံသို့ ထမင်းကိုဆောင်လိုသော, ထမင်းကို အလွန် လိုချင်တောင့်တသော ဧည့်သည် သည် ရောက်လာအံ့၊ ထိုဧည့်သည် အားလည်း ပေးခြင်းငှါ ချက်အပ်သော ထမင်းကိုယူစေလို၍ ထိုထမင်းကိုလည်း စား၍ ပြီးသည်ဖြစ်အံ့၊ ဆန်တို့ကိုအိုးမှထုတ်၍ထမင်းချက်ရာသလော၊ မင်းကြီး၊ စင်စစ်သော်ကား ထိုမျှလောက်ထမင်းမရှိ၊ ချိုတဲ့ကာမျှဖြင့် ထိုသူကြွယ်ယောကျ်ားသည်

ဥစ္စာမရှိသောသူ၊ အထီးကျန်သော သူဖြစ်ရာ သလောဟု ဆိုသော်၊ အရှင်ဘုရား၊ ထမင်းရအံ့သော အချိန်မဟုတ်သည်ဖြစ်၍ ထမင်းမရရှိသော် ထိုသူကြွယ်ကိုထမင်းမရှိဟု မဆိုစကောင်းချေ၊ အရှင်ဘုရား၊ စကြဝတေးမင်း၏ နန်းအိမ်၌ သော်လည်းအချိန်မဟုတ်သည်၌ ထမင်းမရှိ၊ ချိုတဲ့သည်ဖြစ်ရာ၏၊ သူကြွယ်၏အိမ်၌ကားဆိုစရာမရှိချေဟုဆိုလျှင် မင်းကြီး၊ ထိုအတူ လာခြင်းကောင်းသော ဘုရားရှင်အား ဆင်ခြင်ခြင်း ချိုတဲ့ကာမတ္တဖြင့် သဗ္ဗညုမဟုတ်ဟုမဆိုသင့်၊ သဗ္ဗညုတဉာဏ်တော်သည်ဆင်ခြင်တော်မူသည်ရှိသော် အလိုရှိတိုင်းသိတော်မူ၏။

မင်းကြီး၊ ဥပမာသော်ကား အောက်သို့ ညွှတ်သော အသီးအခိုင်ရှိသော သစ်ပင်၌ တစုံတခုသော အသီးသည် မြေသို့ ကျသည် မဖြစ်၊ မင်းကြီး၊ စင်စစ်ထိုမျှလောက်ကျသော အသီးမရှိ၊ ချိုတဲ့ကာမျှဖြင့် ထိုသစ်ပင်သည် အသီးမရှိ မည်သည် ဖြစ်ရာသလောဟု ဆိုသော်၊ အရှင်ဘုရား၊ အောက်သို့ကျသောအသီးမရှိ၊ ချိုတဲ့ကာမျှဖြင့် အသီးမရှိဟု ထိုသစ်ပင်ကိုမဆိုရချေ၊ ထိုအသီးတို့သည်မြေသို့ ကျလတ္တံ့သည်နှင့်စပ်ကုန်၏၊ မြေသို့ကျသော် အလိုရှိတိုင်းရ၏ဟုဆိုလျှင်၊ မင်းကြီး၊ ထိုအသီးရှိသောသစ်ပင်နှင့်အတူ၊ လာခြင်းကောင်းသော ဘုရားရှင်အား ဆင်ခြင်ခြင်းနှင့် သဗ္ဗညုတဉာဏ်တော်သည် တစပ်တည်းဖြစ်၏၊ ဆင်ခြင်တော်မူသော်အလိုရှိတိုင်းသိ၏ဟုဆို၏။

အရှင်ဘုရား၊ ဘုရားရှင်သည် ဆင်ခြင်၍ ဆင်ခြင်၍ အလိုတော်ရှိတိုင်းသိတော်မူ၏ လောဟုမေးပြန်၏။ ။မင်းကြီး၊ ဘုရားရှင်သည် ဆင်ခြင်၍ဆင်ခြင်၍အလိုတော်ရှိတိုင်းသိတော်မူ၏ ဟုဆို၍၊ မင်းကြီး၊ ဥပမာသော်ကား စကြဝတေးမင်းသည် အကြင်အခါ စကြာရတနာကိုငါ၏အထံသို့ စကြာရတနာသည် ကပ်လာစေသတည်းဟု အောက်မေ့၏၊ အောက်မေ့တိုင်း စကြာရတနာသည် ကပ်လာ၏၊ မင်းကြီး၊ ထိုအတူလာခြင်းကောင်းသောဘုရားရှင်သည် ဆင်ခြင်၍ ဆင်ခြင်၍ အလိုတော်ရှိတိုင်းသိတော်မူ၏ဟုဖြေသော်၊ အရှင်ဘုရား၊ ဘုရားရှင်သည် သဗ္ဗညုမည်တော်မူပေ၏၊ သဗ္ဗညု ဘုရားဟူ၍ မြဲစွာသော အကြောင်းကိုတကာတော်ဝန်ခံပါ၏ဟုဆိုလေ၏။

ဇုဒ္ဓသဘာဂဝတောသဗ္ဗညုဘာဝပဉှာပြီး၏။

## ၁၉။ ကရုဏာယသဗ္ဗညုတဉာဏေနဒေဝဒတ္တပဗ္ဗဇ္ဇပဉှာ

**ဒေဝဒတ်ရဟန်းပြု**·····မိလိန္ဒမင်းသည် အရှင်ဘုရား၊ အရှင်ဘုရားတို့သည် လာခြင်းကောင်းသော ဘုရားရှင်သည် မဟာကရုဏာရှိတော်မူ၏၊ သတ္တဝါတို့၏ အစီးအပွါးကို ရှာတော်မူလေ့ရှိ၏၊ အစဉ်အတိုင်း ကရုဏာရှိတော်မူ၏ဟု ဆိုကြကုန်သည် မဟုတ်လောဟု မေး၏။

မင်းကြီး၊ လာခြင်း ကောင်းသော ဘုရားရှင်သည် မဟာကရုဏာရှိတော်မူ၏၊ သတ္တဝါတို့၏အစီးအပွါးကို ရှာတော်မူလေ့ရှိ၏၊ အစဉ်အတိုင်း သနားတော်မူသည်မှန်၏ဟု ဖြေသော်၊အရှင်ဘုရား၊ ဒေဝဒတ်ကိုအဘယ်သူသည် ရဟန်းပြုအပ်လေသနည်း။ ထိုအကြောင်းကို ဟုတ်မှန်သောအတိုင်း မိန့်တော်မူပါဟု ဆိုသော်၊ မင်းကြီး၊ ဘဒ္ဒိယ, အနုရုဒ္ဓါ, အာနန္ဒာ, ဘဂု, ကိမိလ, ဒေဝဒတ်-ဤမင်းသား ခြောက်ယောက်၊ ဥပါလိဆတ္တာသည်နှင့် သော် ခုနစ်ယောက်သော သူတို့သည် သာကီဝင်မင်းမျိုးမှ ထွက်ကုန်၍ နန္ဒမင်းသားရဟန်းဖြစ်သည်ရှိသော်နောက်မှ အတုလိုက်၍ ရဟန်းပြုလိုကြကုန်သည်ဖြစ်၍ လိုက်ကြကုန်၏၊ ထိုခုနစ်ယောက်သောသူတို့ကို ဘုရားရှင်ရဟန်းပြုတော်မူ၏ဟုဆိုသော်၊ အရှင်ဘုရား၊ ရှင်ဒေဝဒတ်သည်ရဟန်းပြု၍ သင်းခွဲသည် မဟုတ်လောဟု မေးသော်၊မင်းကြီး၊ ရှင်ဒေဝဒတ်သည် ရဟန်းပြု၍ သင်းခွဲသည်ဟုတ်၏ဟု ဆိုလျှင်၊ အရှင်ဘုရား၊ လူဖြစ်သောသူသည် သင်းခွဲသည်မဟုတ်၊ ဘိက္ခုနီမသည် သင်းခွဲသည်မဟုတ်၊ သိက္ခမာန်သည် သင်းခွဲသည်မဟုတ်၊ သာမဏေယောကျ်ား၊ သာမဏေ မိန်းမသည် သင်းခွဲသည်မဟုတ်၊ ပကတတ်ဖြစ်သော တူသောပေါင်းဘော်ခြင်းရှိသော သမာန သံဝါသက သိမ်၌တည်သော ရဟန်းသည် သင်္ဃာကို သင်းခွဲ၏ဘကား၊အရှင်ဘုရား၊သံဃဘေဒကပုဂ္ဂိုလ်သည် အဘယ်ကံသို့ရောက်လေသနည်းဟုဆိုသော်၊ မင်းကြီး၊ တကပ်ထိုက်သော ကံသို့ရောက်၏ ဟုဆို၏၊ အရှင်ဘုရား၊ ရှင်ဒေဝဒတ်သည် ရဟန်းပြု၍ သင်္ဃာတော်ကို သင်းခွဲလတ္တံ့၊ သင်းခွဲသောကံသည် တကပ်ပတ်လုံး အဝီစိငရဲ၌ ခံရကျော်ရလတ္တံ့ဟု သိတော်မူသည် မဟုတ်လောဟု မေးပြန်သော်၊မင်းကြီး၊ လာခြင်းကောင်းသောဘုရားရှင်သည် ဒေဝဒတ်ကို

ရဟန်းပြု၍ သဃ်ာတော်ကိုသင်းခွဲလိမ့်မည်၊ တကပ်ပတ်လုံး အဝီစိငရဲ၌ ခံရကျက်ရလိမ့်မည်ဟု သိတော်မူသည်ဟုတ်၏ပဟူ၍ ဆိုသော်၊ အရှင်ဘုရား၊အရှင်ဒေဝဒတ်သည် ရဟန်းပြု၍သင်းခွဲလိမ့်မည်၊ တကပ်ပတ်လုံး အဝီစိငရဲ၌ ခံရကျက်ရလိမ့်မည်ဟု သိတော်မူသည်ဖြစ်ပါက၊ အရှင်ဘုရား၊ ထိုသို့တပြီးကာ ဘုရားရှင်သည်ကရုဏာရှိတော်မူ၏၊ သတ္တဝါတို့၏ အစီးအပွါးကို ရှာသေ့ရှိ၏၊အစီးအပွါး မရှိသည်ကိုပယ်၍ အစီးအပွါးကိုသာ ဆောင်တော်မူ၏ဟူသော အကြြင်စကားသည်ရှိ၏၊ ထိုစကားသည် ချွတ်ယွင်းမှားရာ၏။ (ဤစကားလည်းတစွန်းထွက်သည်။)

အကယ်၍ဘုရားရှင်သည်ရှင်ဒေဝဒတ်ကိုရဟန်းပြုသော် သင်းခွဲလိမ့်မည်၊ သင်းခွဲသောကံသည် တကပ်ပတ်လုံး မဟာအဝီစိငရဲ၌ ခံရကျက်ရလိမ့်မည်ဟု သိဘော်မူ၍ ရဟန်းပြုလေသည်ဖြစ်အံ့၊ ဘုရားရှင်သည် သဗ္ဗညုမမည်ရာ။(ဤလည်းတစွန်းထွက်သည်။)

အရှင်ဘုရား၊ ဤနှစ်ဘက်သော အစွန်းထွက်သော ပြဿနာသည် အရှင်ဘုရားထံသို့ရောက်၏၊ ဤကြီးစွာသောအထွေးအရှက်ကိုဖြေတော်မူလော့၊ ပရဝါဒီပုဂ္ဂိုလ်တို့၏အယူကို ဖျက်ဆီးပါလော့၊ လာလတ္တံ့သော ကာလ၌ အရှင်ဘုရားနှင့်တူသော ပညာနှင့်ပြည့်စုံသောရဟန်းကို ရခဲလှပါ၏၊ ဤအရာ၌ အရှင်ဘုရားအစွမ်းသတ္တိဉာဏ်အားကိုပြတော်မူပါလော့ဟုဆိုသော်။ ။မင်းကြီး၊ သဗ္ဗညုဘုရားရှင်သည် ကရုဏာရှိတော်မူ၏၊ သနားတော်မူ၏၊ သဗ္ဗညုတဉာဏ်တော်ဖြင့် ရှင်ဒေဝဒတ်၏အလားအလာ သွားရာဂတိကို မြင်တော်မူ၍ ရဟန်းပြုတော်မူ၏၊ မြင်တော်မူကြောင်းကား ရှင်ဒေဝဒတ်သည် အပါယ်ထိုက်သောအကုသိုလ်ကံကိုအားထုတ်၍ တပါးမက များလှစွာသော ကမ္ဘာကုဋေ တသိန်းပတ်လုံး ငရဲတပါးမှငရဲတပါး၊ငရဲတခုမှဗရိုဗရဲကျရောငရဲတခုသို့ သွားလတ္တံ့သော ထိုဒေဝဒတ်ကို ဘုရားရှင်သည် သဗ္ဗညုတဉာဏ်ဖြင့် သိတော်မူ၍ ဤဒေဝဒတ်၏အကုသိုလ်ကံကိုငါဘုရားသည်အပိုင်းအခြား အဆုံးရှိသည်ကို ပြုအံ့၏၊ ငါ၏သာသနာတော်၌ ရဟန်းပြုသော် အကုသိုလ်ကံ၏ အဆုံးရှိသည်ကို ပြုအပ်သည်ဖြစ်လတ္တံ့၊ ကမ္ဘာကုဋေတသိန်း ငရဲခံရအံ့သောရှေးစကားကိုထောက်တော်မူ၍ အပိုင်းအခြားရှိသော ဆင်းရဲသည် ဖြစ်လတ္တံ့ဟုမြင်တော်မူ၍ ရဟန်းပြုစေ၏။ ။မင်းကြီး၊ နိဗ္ဗာန်မှ

အချည်းနှီးဖြစ်သော၍ယောက်ျားသည် ရဟန်းမပြုသော်လည်း တကပ်ထိုက်သော အကုသိုလ်ကံကို လုံ့လပြုလတ္တံ့၊ မင်းကြီး၊ ထို့ကြောင့် ဘုရားရှင်သဗ္ဗညုသနာတော်၌ အရှင်ဒေဝဒတ်ကို ရဟန်းပြုတော်မူပေ၏။

**အဓိပ္ပါယ်ကား**·····အရှင်ဒေဝဒတ်သည်ရဟန်းပြုသော်ရှင်း၊ ရဟန်း မပြုသော်ရှင်း၊ ပြကတေ့ သူတော်ကောင်း မဟုတ်၊ ရဟန်းမပြုလိုက်ဘဲ နေတော်မူသော် ကမ္ဘာကုဋေတသိန်းတို့ ပတ်လုံး ငရဲလားအံ့သောအမှုကို ပြုလတ္တံ့၊ ရဟန်းပြုသည်ဖြစ်မူကား တကပ်ထိုက်သော အကုသိုလ်ကိုပြုလတ္တံ့ဟု သဗ္ဗညုတဉာဏ်တော်ဖြင့် မိုင်းခြား၍ ကရုဏာတော်ဖြင့် ရဟန်းပြုလေသည်ဟု ဆိုလိုသည်။ ။ (ဤကားစကားချပ်။)

မိလိန္ဒမင်းသည် အရှင်ဘုရား၊ ထိုသို့တပြီးကား ဘုရားရှင်သည်ရိုက်ခတ်၍ ဆီဖြင့်လိမ်းကျံသကဲ့သို့လည်းလေစေဟုတွန်းလိုက်၍ လက်ကို ပေးပြန်သကဲ့သို့ အသက်ကိုသေစေ၍ အသက်ရှင်စေသကဲ့သို့၊ ထိုအတူ ရှေးဦးစွာဆင်းရဲကိုပေး၍ နောက်မှချမ်းသာကို ဖြစ်စေ၏တကား ဟုဆိုသော်၊ မင်းကြီး၊ လာခြင်းကောင်းသောဘုရားရှင်သည် သတ္တဝါတို့၏အစီးအပွါးကိုလိုတော်မူသဖြင့် ရိုက်လည်းရိုက်တော်မူ၏၊ လည်းလည်း လည်းစေတော်မူ၏၊ မင်းကြီး၊ ဘုရားရှင်သည်ရိုက်တော်မူ၍ လည်းစေတော်မူ၍ သတ္တဝါတို့၏အစီးအပွါးကိုသာ ဆောင်တော်မူ၏၊ သေစေ၍လည်း သတ္တဝါတို့၏အစီးအပွါးကိုဆောင်တော်မူ၏။

မင်းကြီး၊ ဥပမာသော်ကား မိခင်ဘခင်တို့ မည်သည့် ရိုက်ခတ်၍ လည်းစေ၍ သားသွီးတို့၏ အစီးအပွါးကိုသာလျှင် ဆောင်ရွက်သကဲ့သို့၊ ထိုအတူ မင်းကြီး၊ လာခြင်းကောင်းသော ဘုရားရှင်သည် သတ္တဝါတို့၏အစီးအပွါးကို လိုတော် မူသဖြင့် ရိုက်လည်း ရိုက်တော် မူ၏၊ လည်းလည်း လည်းစေတော်မူ၏၊ ရိုက်လည်းရိုက်၍ လည်းလည်း လည်းစေ၍ သတ္တဝါတို့၏အကျိုးစီးပွါးကိုသာလျှင် ဆောင်တော်မူ၏၊ သေလည်း ·သေစေ၍ သတ္တဝါတို့၏အကျိုးစီးပွါးကို ရှာတော်မူ၏။

မင်းကြီး၊အကြင်အကြင်သို့သောလုံ့လ ဖြင့်သတ္တဝါတို့၏ဂုဏ်ကျေးဇူးပွါးများသည်ဖြစ်၏၊ထိုထိုသို့သောလုံ့လဖြင့်သတ္တဝါတို့၏အစီးအပွါးကို သာ ဆောင်တော်မူ၏၊ မင်းကြီး၊ ရှင်ဒေဝဒတ်ကို အကယ်၍ ဘုရား

ရှင်ရဟန်းပြုတော်မမူသည်ဖြစ်အံ့၊ လူဖြစ်၍ဖြစ်သော် ငရဲသို့ လားရအံ့သော များစွာသော မကောင်းမှုကိုပြု၍ တဖါးမကၤ များလှစွာသော ကမ္ဘာကုဋေတသိန်းပတ်လုံး ငရဲတချမှသည် ဖရိုဖရဲကျချာ ငရဲတခုသို့ သွားရ လာရလျက် များစွာသောဆင်းရဲကိုခံရလတ္တံ့၊ ထိုရှင်ဒေဝဒတ်ကို ဘုရားရှင်သည် ကယ်မတော်မူ၍ သနားတော်မူသဖြင့် ငါ၏သာသနာတော်၌ ရဟန်းပြုသည်ရှိသော် အဆုံးရှိသောဆင်းရဲကို ပြုအပ်သောမည်သည်ဖြစ်လတ္တံ့ဟု ပြုတော်မူ၏၊ သနားတော်မူသဖြင့် လေးသောဆင်းရဲကို ကယ်မတော်မူ၍ ပေါ့သောဆင်းရဲကို ပြုတော်မူ၏။

မင်းကြီး၊ဥပမာသော်ကား ဥစ္စာအခြံအရံအသရေအမျိုးအားဖြင့်အားရှိသောယောကျ်ားသည် မိမိ၏ဆွေမျိုးဉာတိ အကျွမ်းဝင်အဆွေခင်ပွန်းတို့ကိုအစိုးရသောမင်းသည် လေးသော မင်းဒဏ်အမှုဖြင့် ဆောင်အပ်ပြုအပ်သည်ကို မိမိသည်အစိုးရသောမင်းအား အကျွမ်းဝင်သည်၏အဖြစ်ဖြင့် မင်းဘေး မင်းဒဏ်အမှု ငြိမ်းစေသော၌ လေးသောဒဏ် အမှုကို ပေါ့သည်ကိုပြုသကဲ့သို့၊ ထိုအတူ မင်းကြီး၊ ဘုရားရှင်သည် များစွာသော ကမ္ဘာကုဋေတသိန်းတို့ပတ်လုံး ဆင်းရဲခံရလတ္တံ့သော ရှင်ဒေဝဒတ်ကိုရဟန်းပြုတော်မူ၍ လေးစွာသောဆင်းရဲကို သီလ,သမာဓိ,ပညာ, ဝိမုတ္တိအားအစွမ်း၏အဖြစ်ဖြင့် ပေါ့သောဆင်းရဲကိုပြုတော်မူ၏။

မင်းကြီး၊ ဥပမာသော်ကား လိမ္မာသော ဆေးသမားသည် သည်းစွာအနာရှိသောသူကို အားရှိသော ထက်မြက်သော ဆေးအစွမ်းဖြင့် အနာပေါ့သည်ကိုပြုသကဲ့သို့၊ ထိုအတူ မင်းကြီး၊ ကမ္ဘာကုဋေတသိန်းပတ်လုံး ဆင်းရဲခံရလတ္တံ့သော ဒေဝဒတ်ကို ဘုရားရှင်သည် အမှုကိုယှဉ်ခြင်း၌ လိမ္မာတော်မူသည်၏ အဖြစ်ကြောင့် ရဟန်း ပြုတော်မူ၏၊ ကရုဏာအစွမ်းရှိတော်မူသည်ဖြစ်၍ ခိုင်ခံ့သောတရား ရှိတော်မူသည်ဖြစ်၍ သဓထ၏အစွမ်းဖြင့် လေးသောဆင်းရဲကို ဆင်းရဲပေါ့သည်ကို ပြုတော်မူ၏၊ မင်းကြီး၊ ဘုရားရှင်သည် များစွာသော ဆင်းရဲခံရအံ့သောရှင်ဒေဝဒတ်အား ဆင်းရဲနည်းသည်ကို ပြုသည်ရှိသော် စိုးစဉ်းမျှသော အကုသိုလ် ရောက်ရာသလောဟု ဆိုသော်၊ အရှင်ဘုရား၊ အယုတ်သဖြင့် နွားနို့တညှစ်မျှကာလ တစုံတခုမျှမကောင်းမှုသို့မရောက်ချေဟု ဆို၏။

မင်းကြီး၊ သင်မင်းကြီးသည်လည်း အကြင်အကြောင်းဖြင့် ဘုရားရှင်သည် ရှင်ဒေဝဒတ်ကိုရဟန်းပြုတော်မူ၏၊ ထိုအကြောင်းကို အနက်အားဖြင့် ဝန်ခံလော့ဟုဆို၍၊ မင်းကြီး၊ လွန်စွာသော အကြောင်းရှိသော ဥပမာတပါးကိုလည်း နာဦးလော့၊ မင်းကြီး၊ ဥပမာသော်ကား လွန်ကျူးစွာကျင့်သောခိုးသူကိုဘမ်း၍အစိုးရသောမင်းအား၊အရှင်မင်းကြီး၊ ဤခိုးသူသည် လွန်စွာလွန်ကျူး၏၊ ဤခိုးသူအား အလိုရှိတိုင်း ဒဏ်ပေးသောအမှုကို စေခိုင်းလော့ဟု ဆိုသော် ထိုခိုးသူကိုအစိုးရသောမင်းသည် အချင်းတို့၊ ထိုသို့တပြီးကား ဤခိုးသူကို မြို့အပသို့ထုတ်၍ သုသာန်အရပ်၌ဦးခေါင်းကိုဖြတ်လေကုန်ဟုဆိုလျှင်၊ မင်းကြီး၊ ကောင်းပြီဟု ထိုလူအပေါင်းတို့သည် မင်းအားဝန်ခံခဲ့၍ မြို့အပသို့ဆောင်ကုန်၏၊ ထိုခိုးသူကို တစုံတယောက်သောယောကျ်ားသည်ထိုမင်း၏အထံ၌ ရအပ်သော ဆုရှိသည်ဖြစ်၍ ရအပ်သောအခြံအရံ စည်းစိမ် ဥစ္စာလည်းရှိ၏၊ မင်းအား နှစ်သက်သောစကားကိုလည်း ဆိုတတ်၏၊ အလိုရှိတိုင်း အစွမ်းသတ္တိကိုလည်း ပြုနိုင်၏၊ ထိုစွမ်းနိုင်သောယောကျ်ားသည် ထိုခိုးသူအား သနားခြင်းရှိ၍ သူသတ်ယောကျ်ားတို့ကို အချင်းတို့၊ ဤခိုးသူ၏ဦးခေါင်းကိုဖြတ်သဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ အချင်းတို့၊ ဤခိုးသူ၏လက်ကိုသော်၎င်း၊ ခြေကိုသော်၎င်း တစုံတခုသောအင်္ဂါကိုဖြတ်ပါ၊ အသက်ကိုစောင့်ပါကုန်ဦး၊ ငါသည်ထိုခိုးသူအားသနားသောကြောင့် မင်းကြီးအထံ၌တဘန် စကားတခွန်းကိုပြုပါဦးအံ့ဟုဆိုသော် ထိုသူသတ်တို့သည် အားကြီးသောထိုယောကျ်ား၏စကားဖြင့် ခိုးသူ၏လက်ကို၎င်း၊ ခြေကို၎င်းဖြတ်၍ အသက်ကိုစောင့်လေကုန်အံ့၊ မင်းကြီး၊ ထိုသနားကရုဏာရှိသောယောကျ်ားသည် ဤသို့စီရင်သည်ရှိသော် ထိုခိုးသူအား စီရင်ခြင်းကိစ္စကိုပြု၍ မကောင်းမှုပြုသည်မည်ရာသလောဟု ဆိုသော်၊အရှင်ဘုရား၊ ထိုသနားသောယောကျ်ားသည် ဇီဝိတဒါနအသက်ကိုပေးတတ်သောယောကျ်ားမည်၏၊ ထိုယောကျ်ား၏အမှုသည် ပြုအပ်သော မည်သည် မရှိရာဟုဆို၏၊ မင်းကြီး၊ ထိုသူအား အကြင်လက်ခြေပြတ်ဝေဒနာသည်ရှိ၏၊ ထိုဝေဒနာကြောင့် ထိုသနားတတ်သော ယောကျ်ားသည် တစုံတခုသော မကောင်းမှုသို့ ရောက်ရာသလောဟု ဆိုသော်၊ အရှင်ဘုရား၊ ထိုခိုးသူသည် မိမိခိုးသောအမှုကြောင့် ဆင်းရဲဝေဒနာကိုခံရ၏၊ သနားသော ယောကျ်ားသည်ကား အသက်ကိုပေးတတ်သော

သူမည်၏၊ တစုံတခုသောမကောင်းမှုသို့ မရောက်ဟုဆို၏၊ မင်းကြီး၊ ထိုသနားတတ်သော ယောကျ်ားကဲ့သို့ဘုရားရှင်သည် သနားတော်မူသဖြင့် ရှင်ဒေဝဒတ်ကို ငါ၏သာသနာတော်၌ရဟန်းပြုသည်ရှိသော်ဆင်းရဲ၏အဆုံးသတ်သည်ကို ပြုအပ်သည်ဖြစ်လတ္တံ့ဟု ရဟန်းပြုတော်မူ၏၊ မင်းကြီး၊ ရှင်ဒေဝဒတ်၏ဆင်းရဲသည် အဆုံးရှိသည်မည်၏၊ မင်းကြီး၊ ရှင်ဒေဝဒတ်သည် သေခါနီးသောကာလ၌ လောကသုံးပါးတို့ထက်မြတ်သောပုဂ္ဂိုလ်ဖြစ်တော်မူသော နတ်တကာတို့ထက် နတ်မြတ် ဖြစ်တော်မူသော လူနတ်တို့ကိုဆုံးမတော်မူတတ်သော ထက်ဝန်းကျင်မြင်ခြင်းရှိတော်မူထသော များစွာသော ဘုန်းတော်ကြောင့်ဖြစ်သော လက္ခဏာတော်လည်းရှိထသော ထိုဘုရားသခင်ကို လက်အုပ်တည်းဟူသော အရိုးအသေတို့ဖြင့်ကိုးကွယ်ဆည်းကပ်ခြင်းသို့ရောက်ပါ၏ဟု အသက်နှင့်ပြည့်စုံသည်တိုင်အောင်သရဏဂုံ ဆောက်တည်ခြင်းသို့ ရောက်လေ၏။ ။မင်းကြီး၊ရှင်ဒေဝဒတ်သည် အာယုကပ် ခြောက်စုစုအပ်သည်ဖြစ်၍ ပဌမအစုလွန်လတ်သော် သင်္ဃာတော်ကိုသင်းခွဲ၏၊ ငါးစုပတ်လုံး အဝီစိငရဲ၌ ခံရကျက်ရပြီး၍ ထိုအဝီစိငရဲမှ လွတ်သော် အဋ္ဌိဿရအမည်ရှိသော ရှင်ပစ္စေကဗုဒ္ဓါ ဖြစ်လတ္တံ့၊မင်းကြီး၊ စင်စစ်သော်ကား ဘုရားရှင်သည် ဤသို့ပြုတော်မူသည်ရှိသော် ရှင်ဒေဝဒတ်၏ ကိစ္စကိုပြုတော်မူသည်မဟုတ်လောဟုဆိုသော်၊အရှင်ဘုရား၊ လာခြင်းကောင်းသောဘုရားရှင်သည် ရှင်ဒေဝဒတ်အား အလုံးစုံကို ပေးတော်မူသည်မည်၏၊ရှင်ဒေဝဒတ်ကို ပစ္စေကဗောဓိသို့ရောက်စေတော်မူ၏၊မင်းကြီး၊ လာခြင်းကောင်းသောဘုရားရှင်သည် ဒေဝဒတ်အား မပြုအပ်မည်သည်ရှိရာသလော၊ရှင်ဒေဝဒတ်သည် သင်္ဃာကိုသင်းခွဲ၍ ငရဲ၌ဆင်းရဲကိုခံရလေ၏၊ထိုအကြောင်းကြောင့် ဘုရားရှင်သည် မကောင်းမှုသို့ ရောက်ရာသလောဟုဆိုသော်၊ အရှင်ဘုရား၊ ဘုရားရှင်သည် မကောင်းမှုသို့မရောက်ရာချေ၊မပြုအပ်သည်မမည်ချေ၊ ရှင်ဒေဝဒတ်သည် မိမိပြုအပ်သော မကောင်းမှုကြောင့် တကပ်ပတ်လုံး ငရဲ၌ ကျက်ရချေ၏၊ဘုရားရှင်သည် ဆင်းရဲ၏ အဆုံးကို ပြုတော်မူပေသည်၊တစုံတခုမျှ မကောင်းမှုသို့ မရောက်ပေဟုဆို၏။

မင်းကြီး၊ဘုရားရှင်သည် ကရုဏာတော်တည်းဟူသော အကြောင်းတရားဖြင့် ရှင်ဒေဝဒတ်ကို ရဟန်းပြုတော်မူ၏၊ ဤအကြောင်းကို သင်

မင်းကြီးသည် အနက်အဓိပ္ပါယ်အားဖြင့် ဝန်ခံ၏လောဟုဆို၍၊မင်းကြီး၊ ဘုရားရှင်သည် အကြင်ကာရုဏာတော်တည်းဟူသော အကြောင်းဖြင့် ရှင်ဒေဝဒတ်ကို ရဟန်းပြုတော်မူ၏၊ ဤအကြောင်းတပါးကို နာဦးလော့၊ မင်းကြီး၊ ဥပမာသော်ကား အနာကို ထုတ်တတ်သော လိမ္မာသော ဆေးသမားသည် လေ၊သည်းခြေ၊ သလိပ်၊ သန္နိပါတ်၊ ဘောက်ပြန်သော ဥတု၊ဘောက်ပြန်သောအစာ၊ သူတပါးတို့၏ လုံ့လ၊ နှစ်သက်ဘွယ်မရှိသော အပုပ် ပိုးလောက် မကောင်းသော အနံ့တို့ဖြင့် ဖုံးလွှမ်းသော ကိုယ်တွင်း၌ ပြွှောင့်ကဲ့သို့ ထိုးကျင်၍တည်သောပြည်သွေးတို့ဖြင့်လည်း ပြည့်သော အနာကို ငြိမ်းစေလိုသည်ဖြစ်၍ အနာဝကို ကြမ်းတမ်း ရှန့်ရင်းသော ခါးစပ်သောဆေးဖြင့် အဘန်တလဲလဲ နှိပ်စက်သုံးသပ်၍ နူးညံ့သည်၏ အဖြစ်သို့ရောက်စေ၏၊ထားငယ်ဖြင့် ခွဲ၍ထုတ်၏၊ ဝါးခြမ်းစိတ်လှံတံဖြင့် အနာကို ကိုက်ခဲပူဆာသော ဆားငန်ကို ပေး၏၊မင်းကြီး၊ အနာရှိသောသူအား ချမ်းသာသည်၏အဖြစ်ကို မရောက်စိမ့်သော၌ ဆေးဖြင့် ဆေးသမားသည် လိမ်းကျံလေသလော၊အသို့နည်း၊ မင်းကြီး၊ အနာကိုထုတ်သော ဆေးသမားသည် အစီးအပွါးကို အလိုမရှိ၍ ဆေးလိမ်းလေသလော၊ ထားငယ်ဖြင့် ခွဲလေသလော၊ ကိုက်ခဲစေသလော၊ အခါးအစပ်အငန်ကို ပေးလေသလောဟုဆိုသော်၊ အရှင်ဘုရား၊ထိုဆေးသမားကို ထိုသို့မဆိုသာချေ၊ ထိုဆေးသမားသည် အစီးအပွါးကို အလိုရှိ၍ ချမ်းသာကိုအလိုရှိ၍ ထိုအမှုအရာကို ပြုပေ၏ဟုဆိုလျှင်၊ မင်းကြီး၊ထိုဆေးသမား၏အမှုအရာဖြင့် ကျင်နာသော ဝေဒနာဖြစ်၏၊ထိုအကြောင်းကြောင့် ဆေးသမားသည် တစုံတခုသော မကောင်းမှုသို့ ရောက်ရာသလောဟုဆိုပြန်သော်၊ အရှင်ဘုရား၊ အနာကို ထုတ်တတ်သော ဆေးသမားသည် အစီးအပွါးကို လိုသော စိတ်ရှိ၍ ချမ်းသာခြင်းကို အလိုရှိ၍ ထိုအမှုအရာတို့ကို ပြုပေ၏၊ ထိုဆေးသမားသည် ထိုအကြောင်းကြောင့် အဘယ်သို့လျှင် မကောင်းမှုသို့ရောက်ပေအံ့နည်း၊ အရှင်ဘုရား၊ အနာကို ထုတ်တတ်သော ဆေးသမားသည် နတ်ရွာသို့ လားကြောင်းဖြစ်ပေ၏ဟုဆို၏၊ မင်းကြီး၊ ထိုအတူရှင်ဘုရားရှင်သည် ကရုဏာတော်ဖြင့် ရှင်ဒေဝဒတ်ကို ဆင်းရဲမှလွတ်စိမ့်သော၌ ရဟန်းပြုတော်မူပေ၏။

မင်းကြီး၊ဘုရားရှင်သည် ဒေဝဒတ်ကို အကြင်ကရုဏာတော်ဖြင့် ရဟန်းပြုတော်မူပေ၏၊ထိုအကြောင်းကို လွန်စွာ နာဦးလော့၊ မင်းကြီး၊ ဥပမာသော်ကား အကြင်ယောကျ်ားကို ဆူးငြောင့်သည် ရှုးခဲ့၏၊ ထိုအခါ ယောကျ်ားတယောက်သည် ထိုသူ၏အစီးအပွါးကိုလိုသည့်နှင့် ချမ်းသာခြင်းကို လိုသည်ဖြစ်၍ ထက်စွာသော ဆူးငြောင့်ဖြင့်ရင်း၊ ထားငယ်ဖြင့်ရင်း ထက်ဝန်းကျင်ဖြတ်ထွင်း၍ တစက်တစက် ယိုသော သွေးရှိသည်ဖြစ်၍ ထိုရှုသောငြောင့်ကို ထုတ်ယူထွင်အံ့၊ မင်းကြီး၊ ထိုငြောင့်ထွင်သော ယောကျ်ားသည် အစီးအပွါးမလိုသည် ဖြစ်ရာ သလောဟု ဆိုသော် အရှင်ဘုရား၊ထိုငြောင့်ထွင်သော ယောကျ်ားကို အစီးအပွါးမလိုဟု မဆိုသာချေ၊ ထိုငြောင့်ထွင်သော ယောကျ်ားသည် အစီးအပွါးကို လိုသည်ဖြစ်၍ ထိုဆူးကို ထုတ်ထွင်ပေ၏၊ အရှင်ဘုရား၊ ထိုရှုးသောငြောင့်ကို အကယ်၍ မထွင်သည်ဖြစ်အံ့၊ သေခြင်းသို့လည်း ရောက်ရာ၏၊သေလောက်သော ဆင်းရဲသို့သော်လည်း ရောက်ရာ၏ဟု ဆိုသော်၊မင်းကြီး၊ ထိုကဲ့သို့ရင်း လာခြင်းကောင်းသော ဘုရားရှင်သည် ရှင်ဒေဝဒတ်ကို ဆင်းရဲမှ ထွက်စိမ့်သော၄ါ ကရုဏာတော်ဖြင့် ရဟန်း ပြုတော်မူပေ၍၊ မင်းကြီး၊ ဘုရားရှင်သည် ဒေဝဒတ်ကို အကယ်၍ ရဟန်းပြုတော် မမူသည်ဖြစ်အံ့၊ ရှင်ဒေဝဒတ်သည် ကမ္ဘာကုဋေတသိန်း ပတ်လုံး တပြောင်းပြန်ပြန် ခံရကျက်ရရာ၏ဟုဆိုသော်၊ အရှင်ဘုရား၊ လာခြင်းကောင်းသော ဘုရားရှင်သည် ရေအောက်အကြေသို့ မျောပါ လေအံ့သော ရှင်ဒေဝဒတ်ကို အထက်အညာရေယဉ်သို့ ပို့တော်မူပေ ၏၊ ခရီးမဟုတ်သည်သို့ သွားသော ရှင်ဒေဝဒတ်ကို ခရီးဟုတ်သည်သို့ သွားစေရောက်စေ၏၊ ကမ်းပါးပြတ်၌ ကျသော ရှင်ဒေဝဒတ်အား ထောက်တည်ရာကို ပေးတော်မူ၏၊ မညီမညွတ်သည်၌ တည်သော ရှင်ဒေဝဒတ်အား ညီညွတ်သည်ကို ပြုတော်မူပေ၏ဟုဆို၍၊အရှင်ဘုရား၊ ဘုရားရှင်နှင့်တူသော ပညာရှိကို ထား၍ တပါးသော သူသည် ဤအကြောင်းအရာတို့ကို ပြုခြင်းငှါ မတတ်နိုင်ရာချေဟု ဝန်ခံလေ၏။

[မိလိန္ဒကျမ်း၌။ ။ဒေဝဒတ္တော မဟာရာဇ သကောဋ္ဌာသေ ကတေ ကပ္ပေ အတိက္ကန္တေ ပဍ္ဍမကောဋ္ဌာသေ သံဃံ ဘိန္ဒိ၊ ပဉ္စကောဋ္ဌာ သေ နိရယေ ပစ္စိတွာ တတော မုစ္စိတွာ အဋ္ဌိသရောနာမ ပစ္စေကဗုဒ္ဓေါ ဘဝိဿတိ။ ။ဟုလာ၏။

မဟာရာဇ၊ မိလိန္ဒမင်းကြီး။ ဒေဝဒတ္တော၊ ရှင်ဒေဝဒတ်သည်။ ကပ္ပေ၊ အာယုကပ်ကို။ ဆင့်ကာဋ္ဌော့သော၊ ခြောက်ရကို။ ကတော၊ ပြုအပ်ပြီးသော်။ ပဉ္စမကောဋ္ဌာသော၊ ပဉ္စမအစုသည်။ အတိက္ကန္တေ၊ လွန်ပြီးသော်။ သံဃံ၊ သဃ်ာတော်ကို။ ဘိန္ဒိ၊ ခွဲ၏။ ပဉ္စကောဋ္ဌာသေ၊ ငါးစုတို့ပတ်လုံး။ နိရယေ၊ အဝီစိငရဲ၌။ ပစ္စိတွာ၊ ကျက်၍။ တတော၊ ထိုအဝီစိငရဲမှ။ မုစ္စိတွာ၊ လွတ်၍။ အဋ္ဌိဿရော နာမ၊ အဋ္ဌိဿရအမည်ရှိသော။ ပစ္စေကဗုဒ္ဓေါ၊ ရှင်ပစ္စေကဗုဒ္ဓါသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။

သံယာဘေဒကခန္ဓကပါဠိတော်၌။ ။အာပါယိကော နေရယိကော ကပ္ပဋ္ဌော။ ။ဟုလာ၏။ ။ဒေဝဒတ္တော၊ ဒေဝဒတ်သည်။ အာပါယိကော၊ အပါယ်၌ဖြစ်၏။ နေရယိကော၊ အဝီစိငရဲ၌ဖြစ်၏။ ကပ္ပဋ္ဌော၊ တကပ်ပတ်လုံး တည်၏။

ခန္ဓကအဋ္ဌကထာ၌။ ။ကပ္ပန္တိ အာယုကပ္ပံဟုလာ၏။ ။ကပ္ပန္တိ၊ တကပ်ပတ်လုံး ထိုက်၏ဟူသည်။ အာယုကပ္ပံ၊ အာယုကပ်တည်းဟုလာ၏။ ။ဤအရာ၌ ကပ္ပသဒ္ဒါသည် အာယုကပ္ပ၊ အန္တရကပ္ပ၊ အသင်္ချေယျကပ္ပ၊ မဟာကပ္ပဟု လေးပါးသော ကာလအပိုင်းအခြားကို ဟော၏၊ ထိုသို့ ကပ္ပသဒ္ဒါဟောသော ကာလလေးပါးရှိသောကြောင့် ဆရာတို့အယူပြားကြကုန်၏၊ ပြားကြောင်းလည်း ခန္ဓက အဋ္ဌကထာ၌ အာယုကပ္ပ၏အရကို သာရတ္ထဒီပနီဋီကာဆရာသည် မဟာကပ်ကို အစုရှစ်ဆယ်ပြု၍ တစုသောကာလအပိုင်းအခြားသည် အာယုကပ်ဟု အယူရှိသည်။

သာရတ္ထ ဒီပနီပါဠိကား။ ။အာယုကပ္ပန္တိ ဧကံ မဟာကပ္ပံ အသီတိဘာဂေ ကတွာ တတော ဧကဘာဂမတ္တံ ကာလံ–ဟုလာ၏။ ။အာယုကပ္ပန္တိ၊ အာယုကပ်ဟူသည်ကား။ ဧကံ၊ တခုသော။ မဟာကပ္ပံ၊ မဟာကပ်ကို။ အသီတိဘာဂေ၊ အစုရှစ်ဆယ်တို့ကို။ ကတွာ၊ ပြု၍။ တတော၊ ထိုရှစ်ဆယ်သောအစုမှ။ ဧကဘာဂမတ္တံ၊ တစုအတိုင်းရှိသော။ ကာလံ၊ ကာလသည်။ အာယုကပ္ပ၊ အာယုကပ်မည်၏။ ။ဟု သာရတ္ထဒီပနီ ဆရာအယူရှိသည်။

စရိယာ ပိဋကအဋ္ဌကထာ ဆရာ၌ကား။ ။သံဃဘေဒက ပုဂ္ဂိုလ်သည် ငရဲ၌ တကပ်ထိုက်၏ဆိုသော် အန္တရကပ်တကပ် ထိုက်၏ဟု ဆိုသည်။ ။အာပါယိကော နေရယိကော ကပ္ပဋ္ဌော သံဃဘေဒကော၊ ကပ္ပံ နိရယမှိ ပစ္စတီတိ အာဒီသု အန္တရကပ္ပေ ဟုကပ္ပသဒ္ဒါ၏ အနက်ကိုပြရာ၌ အန္တရကပ်ဟုလာ၏။ ။သံဃဘေဒကော၊ သံဃာတော်ကို သင်းခွဲသောပုဂ္ဂိုလ်သည်။ အာပါယိကော၊ အပါယ်သို့ဆိုက်၏။ နေရယိကော၊ ငရဲသို့ရောက်၏။ ကပ္ပဋ္ဌော၊ တကပ်ပတ်လုံးတည်၏။ ကပ္ပံ၊ တကပ်ပတ်လုံး။ နိရယမှိ၊ ငရဲ၌။ ပစ္စတိ၊ ကျက်၏။ ဣတိအာဒီသု၊ ဤသို့ အစရှိသည်တို့၌။ အန္တရကပ္ပေ၊ အန္တရကပ်၌။ ဒိဿတိ၊ ထင်၏။ ။ဟု စရိယာပိဋကအဋ္ဌကထာလာ၏။

သမ္မောဟ ဝိနောဒနီ ကျမ်း၌ကား။ ။သံဃာကို သင်းခွဲသောကံသာလျှင် တကပ်ထိုက်၏၊ ကပ်တည်စဖြစ်သောကာလ၌ သံဃာကို သင်းခွဲသော် ကပ်ပျက်သောကာလမှလွတ်၏၊ နက်ဖြန်ကပ်သည် ပျက်လတ္တံ့၊ ယနေ့သံဃာကိုသင်းခွဲသော် နက်ဖြန်ပင် ငရဲမှလွတ်၏ဟုလာ၏၊ "ကပ္ပဋ္ဌိတိယောတိ သံဃဘေဒေါယေဝေတ္ထ ကပ္ပဋ္ဌိတိယော၊ သဏ္ဌဟန္တေ ဟိ ကပ္ပေ ကပ္ပဋ္ဌော သံဃဘေဒံ ကတွာ ကပ္ပဝိနာသေယေဝ သစေပိဟိ သွေ ကပ္ပေါ ဝိနဿတိ၊ သံဃဘေဒံကတွာသွေယေဝမုစ္စတိ"။ ။ ကပ္ပဋ္ဌိတိယောတိ၊ ကပ္ပဋ္ဌိတိယ ဟူသည်ကား။ ဧတ္ထ၊ ဤအရာ၌။ သံဃဘေဒေါယေဝ၊ သံဃာတော်ကို သင်းခွဲသောသူသည်သာလျှင်။ ကပ္ပဋ္ဌိတိယော၊ တကပ်ပတ်လုံး ထိုက်၏။ ဟိသစ္စံ၊ မှန်၏။ သံဃဘေဒံ၊ သံဃာကွဲပြားခြင်းကို။ ကတွာ၊ ပြုမိသောကြောင့်။ ကပ္ပေ၊ ကပ်သည်။ သဏ္ဌဟန္တေ၊ ကောင်းစွာတည်လတ်သော်။ ကပ္ပဋ္ဌော၊ တကပ်ပတ်လုံး တည်၏။ ကပ္ပဝိနာသေယေဝ၊ ကပ်ပျက်သောကာလ၌သာလျှင်။ မုစ္စတိ၊ ငရဲမှလွတ်၏။ သွေ၊ နက်ဖြန်။ ကပ္ပေါ၊ ကပ်သည်။ သစေ ဝိနဿတိ၊ အကယ်၍ပျက်အံ့။ အဇ္ဇ၊ ယနေ့။ သံဃဘေဒံ၊ သံဃာ၏ကွဲပြားခြင်းကို။ ကတွာ၊ ပြုမိ၍။ သွေယေဝ၊ နက်ဖြန်ပင်လျှင်။ နိရယတော၊ ငရဲမှ။ မုစ္စတိ၊ လွတ်၏။

သမ္မောဟဝိနောဒနီဋီကာ၌ကား။ ။ယံသော ဧကံ မဟာကပ္ပံ အသီတိဘာဂေ ကတွာ တတော ဧကံ ဘာဂမတ္တကာလံ တိဋ္ဌေယျ။ တံ

အာယုကပ္ပံ သဏ္ဌာယဝုတ္တံ။ ။ဟု လာ၏။ ။သော၊ ထိုသင်္ခွဲသော ပုဂ္ဂိုလ်သည်။ ကော်၊ တရသော။ မဟာကပ္ပံ၊ မဟာကပ်ကို။ အသီတိဘာ ဂေ၊ အစုရှစ်ဆယ်တို့ကို။ ကတွာ၊ ပြု၍၊ တတော၊ ထိုရှစ်ဆယ်သော အစုမှ။ ယံကော်ဘာဂမတ္တကာလံ၊ အကြွင်းတစုမျှသော ကာလပတ်လုံး။ တိဋ္ဌေယျ၊ တည်အံ့။ တံကာလံ၊ ထိုတစုမျှသောကာလကို။ အာယုကပ္ပန္တိ၊ အာယုကပ်ဟူ၍။ သဏ္ဌာယ၊ ရည်၍။ ဝုတ္တံ၊ ဆိုအပ်၏။

ဝဇိရဗုဒ္ဓိဋီကာ၌ကား။ ။အာယုဟု ဆိုရာ၌ အကယ်၍ကား ငရဲ၌ အသက်အပိုင်းအခြားလည်းမရှိ၊ အကယ်၍အသက်အပိုင်းအခြား ငရဲ၌ မရှိသော်လည်း အကြွင်းအကုသိုလ်ကံဖြင့် အကြွင်းမျှလောက်သောကာလပတ်လုံး မကောင်းကျိုးကိုခံရ၏၊ ထိုသို့သောအကုသိုလ်ကံ၏ အာယုကပ်ဟူ၍ သိအပ်၏ဟု လာ၏။ ။အာယုကပ္ပန္တိ ဧတ္ထ ကိဉ္စာပိ အာယုကပ္ပမာဏံ နတ္ထိ ယေန ကမ္မေန ယတ္တကံ အနုဘဝိတဗ္ဗံ။ တဿ တဿ အာယုကပ္ပန္တိ ဝေဒိတဗ္ဗံ။ ။အာယုကပ္ပန္တိ ဧတ္ထ၊ အာယုကပ်ဟူသော ဤစကား၌။ အာယုကပ္ပမာဏံ၊ အသက်အပိုင်းအခြားသည်။ ကိဉ္စာပိ နတ္ထိ၊ အကယ်၍ကား မရှိ၏ရှင့်။ ပနတထာပိ၊ ထိုသို့မရှိသော်လည်း။ ယေန ကမ္မေန၊ အကြွင်းအကုသိုလ် ကံဖြင့်။ ယတ္တကံ၊ အကြွင်းမျှလောက်သော ကာလပတ်လုံး။ အကုသလ ဝိပါကံ၊ အကုသိုလ်၏အကျိုးကို။ အနုဘဝိတဗ္ဗံ၊ ခံစားအပ်၏။ တဿ တဿ၊ ထိုထိုသို့သော အကုသိုလ်၏။ အာယုကပ္ပန္တိ၊ အာယုကပ်ဟူ၍။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

ဝိမတိဝိနောဒနီဋီကာ၌ကား။ ။ကပ္ပဟု ဆိုရာ၌ အသင်္ချေယျကပ်ကို ယူရမည်၊ အချို့သောဆရာတို့သည် အာယုကပ်ဟုဆိုကြကုန်၏၊ မဟာကပ်၏လေးဘို့တဘို့သည် အသင်္ချေယျကပ်ဟု လာ၏။ ။ကပ္ပန္တိ အသင်္ချေယျ ကပ္ပံ၊ အာယုကပ္ပန္တိ ကေစိ။ မဟာကပ္ပဿဟိ စတုတ္ထ ဘာဂေါ အသင်္ချေယျ ကပ္ပေါ။ ။ကပ္ပန္တိ၊ ကပ္ပဟူသည်ကား။ အသင်္ချေယျကပ္ပံ၊ အသင်္ချေယျကပ်တည်း။ ကေစိ၊ အချို့သောဆရာတို့သည်။ အာယုကပ္ပန္တိ၊ အာယုကပ်ဟူ၍။ ဝဒန္တိ၊ ဆိုကြကုန်၏။ ဟိသစ္စံ၊ အသင်္ချေယျကပ်ဟူ၍ ငါဆိုအပ်သောစကားသည် မှန်၏။ မဟာကပ္ပဿ၊ မဟာကပ်၏။ စတုတ္ထ ဘာဂေါ၊ လေးဘို့တဘို့သည်။ အသင်္ချေယျကပ္ပေါ၊

အသင်္ချေယျကပ်မည်၏။ ။ဤသို့ ဝိမတိ ဝိနောဒနီဋီကာ ဆရာလည်း "ကပ္ပန္တ အသင်္ချေယျကပ္ပံ"ဟု ဖွင့်သည်၊ ထိုအဖွင့်ကို ထောက်သော် ခန္ဓကအဋ္ဌကထာ၌ "ကပ္ပန္တ အာယုကပ္ပံ"ဟု ရှင်ဗုဒ္ဓဃောသကိုပင် ကေစိဝါဒ ပြုလေသည်၊ သာရတ္ထဒီပနီဆရာအယူ၌ မဟာကပ်ကို အစုရှစ်ဆယ်စု၍ တစုသည် အာယုကပ်မည်၏ဟူလိုသည်။ ။စရိယာပိဋက အဋ္ဌကထာ၌ သံဃဘေဒကကံသည် တကပ်ထိုက်၏ဆိုရာ၌ အန္တရကပ်ကို ဆိုလိုသည်ဟု ကြံ၍အနက်ကို ပြသည်။

သမ္မောဟဝိနောဒနီ၌ကား သံဃဘေဒကကံသည် တကပ်ထိုက်၏ ဆိုရာ၌ ကပ်ကိုပမာဏပြု၍ ကပ်တည်စကာလ၌ သင်းခွဲအံ့၊ တကပ်ပတ်လုံးတည်၏၊ ကပ်ကုန်သော် ငရဲမှလွတ်၏၊ နက်ဖြန်ကပ်ပျက်လတ္တံ့၊ ယနေ့ သံဃဘေဒကကံကိုပြုအံ့၊ နက်ဖြန်ပင်လျှင် ငရဲမှလွတ်၏ဟု ဖွင့်ခြင်းသည် နိရဝသေသ-အကြွင်းမရှိသောစကားကို အကုန်အစင်သိမ်း၍ ကပ္ပဋ္ဌိတိယဖြစ်ကြောင်းကို ရှင်ဗုဒ္ဓဃောသ ဖွင့်တော်မူသည်။ ။သမ္မောဋီကာ၌ မဟာကပ်ကို အစုရှစ်ဆယ်စု၍ တစုသည် အာယုကပ်ဟုဖွင့်၏။ ။ဝဇိရဗုဒ္ဓိဋီကာ၌ အာယုကပ်ဟု ဆိုခြင်းသည် ငရဲသူ တို့အား အသက်အပိုင်းအခြားမရှိ၊ မိမိကံ၏အပိုင်းအခြားသာလျှင် အာယုကပ်ဟု အယူရှိသည်၊ ထိုသို့အယူရှိသောကျမ်းတို့တွင် ဝိနယခန္ဓက ပါဠိတော်၌။ ။အာပါယိကော နေရယိကော ကပ္ပဋ္ဌော၊ ဟူသော ပါဠိတော်၏အရကို ရှင်ဗုဒ္ဓဃောသဆရာသည်"ကပ္ပန္တ အာယုကပ္ပံ"ဟု ဖွင့်သည်။ ။သာရတ္ထဒီပနီ ဆရာသည်း အာယုကပ်ဟု ဖွင့်သည်၊ သမ္မောဟဝိနောဒနီကျမ်း၌ တကပ်ပတ်လုံး ငရဲခံရဟန်၊ ကပ်သက်ကုန်သော်လွတ်ရဟန်ကို ရှင်ဗုဒ္ဓဃောသဆရာပင် အစအဆုံးသိမ်း၍ ဖွင့်သည်ကိုလည်း သမ္မောဟဝိနောဒနီဋီကာဆရာသည် အာယုကပ်ဟုဖွင့်သည်၊ ဝဇိရဗုဒ္ဓိဋီကာဆရာလည်း အာယုကပ်ဟု ဖွင့်သည်။ ။ဝိမတိ ဝိနောဒနီဋီကာဆရာသည် ထိုအာယုကပ်ဟုဖွင့်သော အဋ္ဌကထာ ဋီကာတို့ကိုကေစိဝါဒပြု၍ သံဃဘေဒကကံသည် မဟာကပ်၏ လေးစုကို အသင်္ချေယျကပ်ဟု ဖွင့်သည်၊ ဋီကာဝိမတိ၌ အသင်္ချေယျ ကပ်နှင့်ထောက်သော် ဝိဝဋ္ဋဋ္ဌာယီအသင်္ချေယျတကပ်လုံးပင်ဖြစ်ခဲ့၏၊ မိလိန္ဒပဉှာ၌လာသော တဘော မုစ္စိတွာ အဋ္ဌိသရော နာမ ပစ္စေကဗုဒ္ဓေါ

ဘဝိဿတိ– ဟု အာယုကပ်ကို ခြောက်စုရ၍ တစုအလွန် ရှင်ဒေဝဒတ် သင်းခွဲ၏၊ ငါးစုပတ်လုံး ငရဲခံရမည်၊ ထိုငရဲမှလွတ်သော် အဋ္ဌိဿရ ပစ္စေကဗုဒ္ဓါ ဖြစ်လာမည်ဟူသော စကားနှင့် ဆန့်ကျင်၏၊ အဘယ် ကြောင့်နည်းဟူမူကား ဝိဝဋ္ဋဋ္ဌာယီသင်္ချေယျကပ်မဖြစ်က ရှင်ဒေဝဒတ် သည် ပစ္စေကဗုဒ္ဓါဖြစ်ရာ အခွင့်ကာလမရှိပြီ၊ သံဝဋ္ဋ၊ သံဝဋ္ဋဋ္ဌာယီ၊ ဝိဝဋ္ဋ၊ ဝိဝဋ္ဋဋ္ဌာယီဟု မဟာကပ်သည် စပ်ကာ စပ်ကာဖြစ်သည်၊ "တဒေါ မုစ္စိတွာ"ဟု မိလိန္ဒပဉှာ၌လာသော စကားလည်း အကျိုးမရှိပြီ၊ အာယု ကပ်ကိုယူရမည်ဖြစ်မူကား ကျမ်းလာအညီလည်း များ၏၊ မိလိန္ဒပဉှာ ၌ငရဲလွတ်သော် ရှင်ဒေဝဒတ်သည် အဋ္ဌိဿရပစ္စေကဗုဒ္ဓါဖြစ်လိမ့်မည် ဟူ၍ "တဒေါ မုစ္စိတွာ"ဟူသော စကားနှင့်လည်း လျော်သည်။ ။

"တဒေါ မုစ္စိတွာ အဋ္ဌိဿရော နာမ ပစ္စေကဗုဒ္ဓေါ ဘဝိဿတိ"၏ အရ မှာလည်း ငရဲမှလွတ်လျှင် ရှင်ပစ္စေကဗုဒ္ဓါဖြစ်လိမ့်မည်ဟုဆိုငြားသော် လည်း ဖြစ်ခွင့်ကာလသဘောကိုထောက်သော် ရှင်ပစ္စေကဗုဒ္ဓါတို့သည် အသက်တသိန်းထက်အလွန်သောကာလ၌မဖြစ်၊ လူတို့၏အသက်တရာ အောက်ယုတ်လျော့သောကာလ၌လည်း မဖြစ်ဟုယူရမည်၊ ယူကြောင်း ကား "ပစ္စေကဗုဒ္ဓေ အပတွာ ဗုဒ္ဓါနံ ဥပ္ပဇ္ဇနကာလေယေဝ ဥပ္ပဇ္ဇန္တိ" ဟု သာရတ္ထသင်္ဂဟကျမ်း၌ ပစ္စေကဗုဒ္ဓါဘုရားတို့သည် သဗ္ဗညုတဘုရားတို့သို့ မရောက်မတွေ့မူ၍ သဗ္ဗညုဘုရားတို့ ပွင့်သော ကာလ၌သာဖြစ်ကုန်၏ဟု ဆိုသောကြောင့် ယူရမည်၊ ငါတို့ဘုရားရှင် သည် လူတို့အသက်တရာကာလ၌ ပွင့်တော်မူသည်၊ နောက်ကာလ လူတို့အသက် တစတစ ဆယ်နှစ်တိုင်အောင်ဆုတ်၍ တံဘန်အသင်္ချေ ယျတိုင်အောင်တက်၍ တဘန်တစ တစ လျော့ပြန် တက်ပြန်လျှင် လူတို့ အသက် တသိန်းကာလသို့ရောက်သည်မှစ၍ အလွန်တရာကာလတိုင် အောင် ဤအတွင်းကာလသည် ပစ္စေကဗုဒ္ဓါဘုရားတို့၏ ဖြစ်ခွင့်ကာလ ဖြစ်သည်၊ ရှင်ဒေဝဒတ်သည်လည်း ဖြစ်ခွင့်ကာလတိုင်မှ ပစ္စေကဗုဒ္ဓါ ဖြစ်လိမ့်မည်ဟူ၍ယူမှ "တဒေါ မုစ္စိတွာ အဋ္ဌိဿရော နာမ ပစ္စေက ဗုဒ္ဓေါ ဘဝိဿတိ" ဟူသောစကားနှင့် လျော်သည်။

ဓမ္မပဒကျမ်း၌ "ကပ္ပသတသဟဿမတ္ထကေ"ဟု ကပ်တသိန်း၏ အထက်၌ ရှင်ဒေဝဒတ်သည် ပစ္စေကဗုဒ္ဓါဖြစ်လိမ့်မည်ဟု လာ၏၊ အာယုကပ်တသိန်းထက်၌ဖြစ်လိမ့်မည်ဟုကြံသော် အဆုတ် အတက်

အလျော့ ကာလနှင့်လျော်မည်ထင်၏။ ။စရိယာပိဋကအဋ္ဌကထာ၌ "အာပါယိကော နေရယိကော ကပ္ပဋ္ဌော"ဟု ဆိုရာ၌ အန္တရကပ်ကို ပြသည်၊ ဤကပ္ပဋ္ဌိတိယသံဃဘေဒကကံကို ကျမ်းဆံရာတို့ ဝါဒကွဲပြားကြ၏၊ သင့်ရာကိုကြံ၍ယူအပ်၏၊ ထိုမှတပါး စကားကို ဆိုဘွယ်များသေး၏၊ စကားတွေးရှက်ရာသောကြောင့် မဆိုပြီ။ ။ဤကား စကားချပ်။]

ကရဏာယသံဗုည်ဟုတည်းဟောနေ ဒေဝဒတ္တပဗ္ဗဇ္ဇပဉ္ဟာပြီး၏။

---

## ၉၀။ ပထဝီစလနပဉ္ဟာ

**မြေလှုပ်ခြင်းအကြောင်းရှစ်ပါး**……မိလိန္ဒမင်းသည်အရှင်ဘုရား၊ ဘုရား သခင်သည် မြေကြီး လှုပ်ရာသောအကြောင်း ရှစ်ပါးရှိ၏ဟု ဟောတော် မူအပ်သည်။ ။ ဟောတော်မူကြောင်းကား—

> အဋ္ဌိမေ ဘိက္ခဝေ ဟေတူ အဋ္ဌ ပစ္စယာ မဟတော ဘူမိစာ လဿ ပါတုဘာဝါယာတိ။

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ ဘူမိစာလဿ၊ မြေလှုပ်ခြင်း၏။ဟေတူ၊ အကြောင်းတို့သည်။ ဣမေအဋ္ဌ၊ ဤရှစ်ပါး တို့တည်း။ မဟတော၊ သည်းစွာ။ဘူမိစာလဿ၊ မြေလှုပ်ခြင်း၏။ ပါတုဘာဝါယ၊ ထင်ရှားဖြစ်စိမ့်သော၄ါ။ ပစ္စယာ၊ အကြောင်းတို့သည်။အဋ္ဌ၊ရှစ်ပါးတို့တည်း။ ။ ဟု ဟောတော်မူအပ်သောတရားတော်သည် အကြွင်းရှိသော စကားတော် ဖြစ်မည်လော၊ အကြွင်းမရှိသောစကားလော၊ မှုချစကားတော် ဖြစ်မည်လောဟု မေး၏။ ။မင်းကြီး၊မြေလှုပ်ခြင်း ထင်ရှားခြင်း၄ါ ကိုးခု မြောက်သောအကြောင်းတရားသည် မရှိဟုဆိုလျှင်၊ အရှင်ဘုရား၊ မြေလှုပ်ခြင်းအကြောင်းတရားကိုးခုမြောက်အကယ်၍ရှိတုံအံ့၊ထိုအကြောင်းကိုလည်း ဘုရားရှင်ဟောတော်မူရာ၏၊ အရှင်ဘုရား၊ မြေလှုပ်ခြင်း၏ အကြောင်းကိုးခုမရှိဘဲလျက် ဘုရားရှင်ဟောကြားတော် မမူဘဲလျက် မြေလှုပ်ခြင်း အကြောင်းအရာသည် ကိုးခုမြောက် ထင်ခဲ့၏တကား၊ ထင်ကြောင်းလည်း မင်းဝေသန္တရာသည် အလှူကြီးကို ပေးသော

ကာလ မြေကြီးချနစ်ကြိမ် လှုပ်၏ဟု ဟောတော်မူအပ်သော တရားတော်သည်းရှိခဲ့၏တကား၊ အရှင်ဘုရား၊ မြေလှုပ်ခြင်း၏ အကြောင်းသည်ရှစ်ပါးသာလျှင် အကယ်၍ ထင်စွာဖြစ်အံ့၊ မင်းဝေသန္တရာသည် အလှူကြီးပေးသော ကာလမြေကြီးချနစ်ကြိမ်လှုပ်၏ ဟူသော အကြွင်းစကားသည်ရှိ၏၊ ထိုစကားသည် ချွတ်ယွင်းရာ၏၊ အရှင်ဘုရား၊ မင်းဝေသန္တရာသည့် အလှူကိုပေးသောကာလ မြေကြီးချနစ်ကြိမ်အကယ်၍လှုပ်အံ့၊ ရှစ်ပါးသော အကြောင်း ကြောင့်လျှင် မြေကြီး လှုပ်ခြင်းထင်ရှားစွာ ဖြစ်၏ဟူသော အကြွင်း စကားသည့်ရှိ၏၊ ထိုစကားမမှန်၊ ချွတ်ယွင်းရာ၏၊ ဤနှစ်ဘက်အစွန်းထွက်သောပြဿနာသည်သိမ်မွေ့၏၊ သိနိုင်ခဲ၏၊တွေဝေရိက်မဲအံ့သောအကြောင်းဖြစ်၏၊ နက်လည်းနက်နဲ၏၊ ထိုပြဿနာသည် အရှင်ဘုရားအားရောက်၏၊ ဤပြဿနာကို အရှင်ဘုရားနှင့်တူသောပညာရှိနှင့်ကင်း၍ ပညာနည်းသောသူသည် ဖြေခြင်းငှါမတတ်နိုင်ရာဟု ဆိုသော်--

မင်းကြီး၊ ဘုရားရှင်သည် ထင်ရှားဖြစ်ခြင်းငှါ မြေကြီး လှုပ်ခြင်း၏အကြောင်းတို့သည် ရှစ်ပါးရှိကုန်၏ဟူ၍၎င်း ဟောတော်မူအပ်သည်လည်းမှန်၏၊ မင်းဝေသန္တရာသည် အလှူကြီးကို ပေးသော ကာလမြေကြီးချနစ်ကြိမ်လှုပ်သည်ကိုလည်း ဟောတော်မူအပ်သည်မှန်၏ဟုအကျဉ်းဖြေပြီး၍၊မင်းကြီး၊မင်းဝေသန္တရာသည် အလှူပေးသောကာလမြေလှုပ်ခြင်းသည် တရံတခါဖြစ်သော မြေလှုပ်ခြင်းတည်း၊ ရှစ်ပါးသောကာလအကြောင်းနှင့်မယှဉ်၊ ကင်းသောမြေလှုပ်ခြင်းတည်း၊ရှစ်ပါးသောအကြောင်းတို့ဖြင့် မရေတွက်အပ်ဟု ဆို၍၊ မင်းကြီး၊ ဥပမာသော်ကား မိုးရွာ၏ရွာခြင်းတို့သည် မိုးကာလရွာသော မိုးဟူ၍၎င်း၊ ဆောင်းလအခါရွာသောမိုးဟူ၍၎င်း၊ နွေလအခါရွာသော မိုးဟူ၍၎င်း ရွာသော မိုးတို့သည် သုံးပါးရှိကုန်၏ဟု ရေတွက်အပ်ကုန်၏၊ ထိုကာလ သုံးပါးတို့ကိုလွတ်၍ ရွာသော မိုးသည် အကယ်၍ရှိအံ့၊ ထိုမိုးကိုအရေအတွက်သို့မသွင်းအပ်၊ မိုးသုံးပါးမှတပါး ရွာလတ်သောမိုးကို အကာလ မိုးဟူ၍သာလျှင် ရေတွက်ခြင်းသို့ရောက်သကဲ့သို့၊ မင်းကြီး၊ ထိုအတူ မင်းဝေသန္တရာသည် အလှူကြီးကိုပေးသောကာလ၌ မြေကြီးချနစ်ကြိမ်လှုပ်၏၊ ထိုလှုပ်ခြင်းသည် တရံတခါဖြစ်၍ အကာလလှုပ်သည်မည်၏၊ ရှစ်ပါးသော အကြောင်းတို့မှ

ကင်း၍၊ ရှစ်ပါးသော အကြောင်းတို့ဖြင့် သွင်း၍ မရေတွက်အပ်။ ။ ဥပမာတနည်းသော်ကား၊ မင်းကြီး၊ ဟိမဝန္တာမှ ငါးရာသော မြစ်တို့သည်စီးကုန်၏၊ ထိုငါးရာသောမြစ်တို့တွင် ဆယ်စင်းသော မြစ်တို့ကိုသာလျှင် အရေအတွက် သွင်းအပ်ကုန်၏၊ ထိုဆယ်စင်းသော မြစ်တို့သည် အဘယ်နည်းဟူမူကား ဂင်္ဂါ၊ ယမုနာ၊ အစိရဝတီ၊ မဟီ၊ သရဘူ၊သိန္ဓု၊ သရဿတီ၊ ဝေတြဝတီ၊ ဝိတသာ၊ စန္ဒဘာဂါ-ဤဆယ်စင်းသောမြစ်တို့ကို နဒီဟူသောအရေအတွက်ဖြင့် ရေတွက်အပ်ကုန်၏၊ ထိုဆယ်စင်းသောမြစ်မှ ကြွင်းသောမြစ်တို့ကို အဘယ်ကြောင့် အရေအတွက် မသွင်းလေသနည်းဟူမူကား အမြဲ အပြည့်အစုံ စီးသောရေမရှိသောကြောင့်ဖြစ်ဟု မရေမတွက်အပ်ကုန်သကဲ့သို့၊မင်းကြီး၊ထိုအတူမင်းဝေဿန္တရာသည် အလှူကြီးကို ပေးသော ကာလ၌ ခုနစ်ကြိမ်မြေကြီးလှုပ်၏၊ ထိုလှုပ်ခြင်းသည် တရံတခါဖြစ်၍ အကာလလှုပ်သည်မည်၏၊ ရှစ်ပါးသောအကြောင်းတို့မှကင်း၏၊ အရေအတွက်သို့မဝင်၊ မင်းကြီး၊ ဥပမာတနည်းကား ပြည်ထောင်ကို အစိုးရသောမင်းအား အမတ်တို့သည်တရာရင်း၊ နှစ်ရာရင်းရှိကုန်၏၊ ထိုသို့အမတ်များ ရှိသော်လည်း သေနာပတိ အမတ်၊ ပုရောဟိတ် အမတ်၊ အက္ခဒဿ အမတ်၊ ဘဏ္ဍာဂါရိကအမတ်၊ ဆတ္တဂ္ဂါဟအမတ်၊ခဂ္ဂဂါဟအမတ်ဟူ၍ ခြောက်ယောက်သော အမတ်တို့သာလျှင် အမတ်ဟူသော အရေအတွက်ဖြင့် ရေတွက် အပ်ကုန်၏၊ အဘယ်ကြောင့် နည်းဟူမူကား မင်း၏ဂုဏ်ကျေးဇူးတို့နှင့် မပြတ်ယှဉ်သည်၏ အဖြစ်ကြောင့်တည်း၊ ကြွင်းသောအလုံးစုံသောအမတ်တို့ကား ထင်ရှားစွာ အရေအတွက်သို့ မဝင်ကုန်၊ အမတ်သာ မည်ဟူသောအရေအတွက်သို့ရောက်ကုန်သကဲ့သို့၊မင်းကြီး၊ ထိုအတူ မင်းဝေဿန္တရာသည် အလှူကြီးကို ပေးသော ကာလ၌ ခုနစ်ကြိမ်မြေကြီး လှုပ်ခြင်းလည်း တရံတခါဖြစ်၍ အကာလမြေလှုပ်သည်မည်၏၊ ရှစ်ပါးသော အကြောင်းတို့မှ ကင်း၍ အရေအတွက်သို့မဝင်။

**မြေလှုပ်ခြင်းအကြောင်းရှစ်ပါးကား**.....(၁) ဓာတ်ချောက်ချားသော အား ဖြင့် လှုပ်သည်။ (၂) တန်ခိုးကြီးသော သူ၏ အာနုဘော်အားဖြင့် လှုပ်သည်။ (၃) ဘုရားလောင်းပဋိသန္ဓေနေသောအားဖြင့်လှုပ်သည်။ (၄) ဘုရား

သခင်အလောင်း မိခင်ဝမ်းမှဘွားတော်မူသော အားဖြင့် လှုပ်သည်။ (၅) ဘုရားအဖြစ်သို့ ရောက်တော်မူသော အားဖြင့် လှုပ်သည်။ (၆) ဓမ္မစကြာတရားကို ဟောတော်မူသော အားဖြင့် လှုပ်သည်။ (၇) အာယုသင်္ခါရလွှတ်တော်မူသောအားဖြင့်လှုပ်သည်။ (၈) ပရိနိဗ္ဗာန်ပြုတော်မူသောကြောင့်လှုပ်သည်။

(ဤသည်လျှင်ဓမ္မတာသဘောအားဖြင့်မြေလှုပ်ခြင်းတည်း။ ။မင်းဝေဿန္တရာအလှူပေးသောအခါ ခုနစ်ကြိမ်မြေလှုပ်ခြင်းသည် ဓမ္မတာသို့မဝင်၊ အကာလမြေလှုပ်ခြင်းဟုဆိုလိုသည်။ ။ဤကားစကားချပ်။)

**ဒိဋ္ဌဓမ္မအကျိုးပေးသူ ၇-ဦး**……နာဂသေနမထေရ်သည် မင်းကြီး၊ ဤအခါဘုရားရှင်သာသနာတော်၌ပြုအပ်သော အလှူဆုကို တောင်းရင်းရှိကုန်သော အကြင် သူတို့၏ ပစ္စုပ္ပန်မျက်မှောက် အကျိုးရောက်သော ချမ်းသာကို ခံစားသောဒိဋ္ဌဓမ္မဝေဒနီယကံကိုရင်း၊ ကံတရား၏ အကျော်အစော ကမ္ဘာကိတ္တိတို့ကိုရင်း နတ်လူတို့၌အန္တ့ကျော်စောသည်ကို ကြားဘူးသည် မဟုတ်လောဟုဆိုသော်၊ အရှင်ဘုရား၊ ဤသာသနာတော်၌ ပြုအပ်သောအလှူဆုတောင်းရင်းရှိကုန်သော သူတို့၏ ဒိဋ္ဌဓမ္မဝေဒနီယကံ အကျိုးဆက်ကိုရင်း၊ အန္တ့ကျော်စောခြင်းကိုရင်း နတ်လူတို့၌နှံ့၍ ကျော်စောခြင်းဖြစ်သော သူတို့သည် ခုနစ်ယောက်ရှိကုန်၏ဟူ၍ ကြားဘူးပါ၏ဟုဆိုသော်၊ မင်းကြီး၊ အဘယ်သူတို့နည်းဟုဆို၏၊ အရှင်ဘုရား၊ (၁) သုမနမည်သောပန်းသည်။ (၂) ဧကသာဋကပုဏ္ဏား။ (၃) ပုဏ္ဏမည်သောသူရင်းငှါး။ (၄) မလ္လိကာမိဖုရား။ (၅) ဂေါပါလမာတာဒေဝီ၊ (၆) သုပ္ပိယာဥပါသိကာမ။ (၇) ပုဏ္ဏာမည်သောကျွန်မ ဤခုနစ်ယောက်သောသူတို့သည် ဒိဋ္ဌဓမ္မဝေဒနီယကံ၏ အကျိုးဆက်ကို ခံရကုန်၏၊ ထိုသူတို့၏ ကျော်စောသော အသံသည် နတ်လူတို့၌နှံ့၍ တက်၏ဟုလျှောက်၏။

**လူ့ကိုယ်ခန္ဓာဖြင့်နတ်ပြည်ရောက်သူ**…… မင်းကြီး၊ ယုံမှတပါး အလျှသီတင်း ကုသိုလ်အကြောင်းရင်းရှိ၍ လွန်လေပြီးသောကာလ၌ လူစင်စစ်သာ ဖြစ်သော ကိုယ်၏အတိုင်းဖြင့် တာဝတိံသာနတ်ပြည်သို့ ရောက်သော သူတို့ကို

ကြွားဘူး၏လောဟုဆို၏၊ အရှင်ဘုရား၊ လူစင်စစ်သာဖြစ်သော ကိုယ်ဖြင့်တာဝတိံသာနတ်ပြည်သို့ ရောက်သော သူတို့ကို ကြွားဘူးကုန်၏ဟုဆိုသော်၊ မင်းကြီး၊ အဘယ်သူတို့နည်းဟုဆို၏၊ အရှင်ဘုရား၊ (၁) ဂုတ္တိလစောင်းသမား။ (၂) သာဓိနမင်း။ (၃) နေမိမင်း။ (၄) မန္ဓာတ်မင်း ဤလေးယောက်သောသူတို့သည် ထိုလူစင်စစ်ကိုယ်ဖြင့် တာဝတိံသာနတ်ပြည်သို့ရောက်သည်ကို ကြွားဘူးပါ၏ဟု ဆိုသော်၊ မင်းကြီး၊ လွန်လေပြီသောကာလ၌ရင်း၊ ပစ္စုပ္ပန်ကာလ၌ရင်း ဤမည်သောသူ၏အလှူပေးသောကာလ၌အလှူပေးပြီးသော်၊ မင်းကြီး၊ တကြိမ်ရင်း၊ နှစ်ကြိမ်ရင်း၊ သုံးကြိမ်ရင်း မြေကြီးလှုပ်သည်ဟူ၍ ကြွားဘူး၏လောဟုဆိုလျှင်၊ အရှင်ဘုရား၊ မည်သည့်သူ အလှူပေးသော ကာလမြေကြီးလှုပ်၏ဟူ၍ မကြွားဘူးချေဟုဆိုသော်၊ မင်းကြီး၊ ငါ့ဆရာအား ပရိယတ္တိသာသနာတော်ကိုသင်ခြင်းနာခြင်း အစွမ်းသတ္တိ ပါဠိအာဂုံရှိ၏၊ ဆရာကြီးတို့ကို မှီဝဲဆည်းကပ်သည်ဖြစ်၍ ကောင်းစွာနားထောင်ဘူး၊ မေးမြန်းဘူး၊ ရေနွှာပေါင်းဟော်ဘူးပါ၏၊ ဆရာကိုလည်း လုပ်ကျွေးမွေးဘူးပါ၏၊ ငါသည်လည်း မင်းဝေဿန္တရာအလှူကိုထား၍ ဤမည်သောသူ၏ အလှူပေးသောကာလ၌ အလှူပေးပြီးသော် မြေကြီးသည် တကြိမ်ရင်း၊ နှစ်ကြိမ်ရင်း၊ သုံးကြိမ်ရင်းလှုပ်ဘူးလေ၏ဟုမကြွားစဘူး၊ မင်းကြီး၊ ငါတို့၏သကျမုနိဖြစ်တော်မူသောဘုရားရှင်၏ရင်း၊ ကဿပဘုရားရှင်၏ရင်း နှစ်ဆူသော ဘုရားရှင်တို့၏ အကြား၌ နှစ်အကုဋေမရေမတွက်နိုင်၊ လွန်လေကုန်ပြီ၊ ထိုကာလ၌လည်း ထိုမှဤမှစုံစမ်းရှာဖွေသော် ဤမည်သောသူ၏ အလှူ၌အလှူပေးပြီးသော် မြေကြီးတကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ် လှုပ်၏ ဟူ၍ ကြွားစဘူး သည်မရှိ။ ။မင်းကြီး၊ ထိုမျှလောက်မင်းဝေဿန္တရာ၏လုံ့လအားထုတ်ကာမျှဖြင့် မြေကြီးသည် မလှုပ်စကောင်း၊ မင်းကြီး၊ အချင်းခပ်သိမ်း လှူအပ်သော ဝတ္ထုသည် ကြီးစွာသော ကောင်းခြင်း ဂုဏ်ကျေးဇူး ဖြင့်ပြည့်၏၊ အောက်မြေကြီးသည်ဆောင်ရွက်အံ့သော၌ မဝံ့စားသည်ဖြစ်၍ ပြင်းစွာ ထက်ဝန်းကျင် တုန်လှုပ်၏။ ။မင်းကြီး၊ တနည်းဥပမာသော်ကား အလွန်ဝန်လေးစွာ တင်အပ် သော လှည်း၏ ဝင်ရိုးပုံတောင်း အကွပ် အကန့်တို့သည် ဝန်လေးသောကြောင့် တုန်လှုပ်သကဲ့သို့ ဝင်ရိုးကျိုးသကဲ့သို့၊ ထိုအတူ မင်းကြီး၊ အချင်းခပ်သိမ်း ဝီရိယ လုံ့လ ဂုဏ်ကျေးဇူးတည်း ဟူသော

ကြီးစွာသောဝန်ကို• မြေကြီးသည် ဆောင်ခြင်း၌ မဝံ့စားသည်ဖြစ်၍ ထက်ဝန်းကျင် တုန်လှုပ်၏။ ။မင်းကြီး၊ တနည်း ဥပမာသော်ကား ကောင်းကင်ပြင်သည် လေ၏ ခရီးဖြစ်၍ လေဟုန်တို့ဖြင့် ကောင်းစွာ အလွန် ပြည့်သော ရေကို ဆောင်၏၊ ပြင်းလှစွာ သော လေသည် တက်လတ်၍ ကြိုးထစ်တုန်လှုပ်၏၊ မြည်လည်းမြည်ကုန်၏၊ မင်းကြီး၊ ထိုကဲ့သို့ရှိရင်း မြေကြီးသည် မင်းဝေဿန္တရာ၏ ဒါန ပါရမီ၏ အစွမ်း သတ္တိပြန့်ပြောသည်၏ အစွမ်းဖြင့် ပြည့်သော ဂုဏ်ကျေးဇူးကို ဆောင် ခြင်း၌မဝံ့စားသည်ဖြစ်၍ အစွမ်းဖြင့်လည်းမဖြစ်၊ ပြင်းစွာ ထက်ဝန်း ကျင်တုန်လှုပ်၏။ ။မင်းကြီး၊ မင်းဝေဿန္တရာ၏ စိတ်သည် ရာဂ၏ အစွမ်းဖြင့်မဖြစ်၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ၊ ကိလေသာ၏အစွမ်းဖြင့် လည်းမဖြစ်၊ အမျိုးအမည်၏အစွမ်းဖြင့်လည်းမဖြစ်၊ မမွေ့လျော်သည်၏ အစွမ်းဖြင့်လည်းမဖြစ်၊ စင်စစ်သော်ကား ငါ၏ အထံသို့ မလာသေး သောအလှူခံ ယာစကာတို့သည် အဘယ်အခါ လာပါကုန်လတ္တံ့နည်း၊ လာပြီးရောက်ပြီးသော အလှူခံ ယာစကာတို့သည် အလိုရှိတိုင်းရကုန်၍ ဝမ်းမြောက်ကုန်သည်ဖြစ်ကုန်အံ့နည်းဟု အလှူ၏ အစွမ်းဖြင့် များစွာ သောစိတ်သည်ဖြစ်၏၊ အလှူရှင်သည်မပြတ်မြဲသက်သောစိတ်ကို ထား အပ်သည်ဖြစ်၏။

**မင်းဝေဿန်၏ စိတ်ထားဂုဏ် ၁၀–ပါး**····· မင်း ကြီး၊ မင်း ဝေဿန္တရာ၏ စိတ်မပြတ် မြဲသက်စွာ ဆယ်ပါးသော တရားတို့၌ ထားအပ်၏။ ။ ဆယ်ပါးသောတရားကား–

ဒမေ၊ သံယမေ၊ ခန္တိယံ၊ သံဝရေ၊ နိယမေ၊ အကောဓေ၊ အဟိံသာယ၊ သစ္စေ သောစေယျေ၊ မေတ္တာယာတိ။ ။ ဟူသတည်း။

(၁) ဒမေ၊ စက္ခု အစရှိသော ဣန္ဒြေတို့ကို ဆုံးမခြင်း၌ရင်း။ (၂) သံယမေ၊ စက္ခုအစရှိသော ဣန္ဒြေတို့ကို မြဲသက်စေခြင်း၌ရင်း။ (၃) ခန္တိယံ၊ သည်းခံခြင်း၌ရင်း။ (၄) သံဝရေ၊ စောင့်စည်းခြင်း၌ရင်း။ (၅) နိယမေ၊ မြဲစွာ •ဆောက်တည်ခြင်း၌ရင်း။ (၆) အကောဓေ၊ အမျက် ဒေါသမရှိသည်၌ရင်း။ (၇) အဟိံသာယ၊ သူဘပါးကို မညှဉ်းဆဲခြင်း

နှင့်။ (၈) သစ္စာ၊ မှန်သော စကားနှင့်။ (၉) သောစေယျ၊ ဆောက်တည်အပ်သောသီလ၏စင်ကြယ်ခြင်းနှင့်။ (၁၀) မေတ္တာသယ၊ ချစ်ခြင်းနှင့်။ ဣတိ၊ ဤသည့်လျှင် ငြိမ်သက်စွာ ထားအပ်သော တရားဆယ်ပါးတည်း။

မင်းကြီး၊ မင်းဝေဿန္တရာသည်ကား ကာမဂုဏ် ချမ်းသာရှာမှီးခြင်းကိုပယ်အပ်၍၊ ဘဝသစ်၌ ရှာမှီးခြင်းကို ငြိမ်းစေ၍၊ မြတ်သော အကျင့်ကို ရှာမှီးသဖြင့်သာလျှင် လုံ့လပြုခြင်းသို့ရောက်၍၊ မင်းကြီး၊ မင်းဝေဿန္တရာသည် မိမိကိုယ်ကို စောင့်ရှောက်ခြင်းကို ပယ်အပ်၍၊ အလုံးစုံသောသတ္တဝါတို့အား စောင့်ရှောက်လိုသော၌ လုံ့လပြုခြင်းသို့ရောက်၍၊ ဤသတ္တဝါအပေါင်းတို့သည် အဘယ်သို့သောအကြောင်းဖြင့်အနာရောဂါမရှိကုန်သည်ဖြစ်၍ အညီအညွတ်ချမ်းသာစွာ ဖြစ်ကုန်အံ့နည်း၊ ဥစ္စာရှိသည်ဖြစ်ကုန်အံ့နည်း၊ အသက်ရှည်သည် ဖြစ်ကုန်အံ့နည်းဟုများစွာလျှင် မင်းဝေဿန္တရာ၏စိတ်သည်ဖြစ်၏။ ။မင်းကြီး၊ မင်းဝေဿန္တရာသည် အလှူပေးသော်လည်း ထိုအလှူကို ဘဝသမ္ပတ္တိကို လိုသောကြောင့်မပေး၊ ဥစ္စာကိုလိုသောကြောင့်မပေး၊ အစားအတိုံ့အပြန်ရလိုသောကြောင့်မပေး၊ သူတပါးတို့ကို ဖြားယောင်းလိုသောကြောင့်မပေး၊ အဆင်းအရောင်အဝါကိုလိုသောကြောင့်မပေး၊ လောကီချမ်းသာကိုလိုသောကြောင့်မပေး၊ ခွန်အားကိုလိုသောကြောင့် မပေး၊ အခြံအရံကိုလိုသောကြောင့်မပေး၊သားသမီးကို လိုသောကြောင့်မပေး၊ စင်စစ်သော်ကား သဗ္ဗညုတဉာဏ်ကိုလိုသောကြောင့်ပေး၏၊ သဗ္ဗညုတဉာဏ်တော်၏အကြောင်းကြောင့် ဤသို့သဘောရှိသော အတုမရှိသော အလှူသည်ပြန့်ပြော၏၊အတုမရှိသောအလှူအစွမ်းဖြင့်ပေးလှူ၏၊မင်းကြီး၊ မင်းဝေဿန္တရာသည် သဗ္ဗညုအဖြစ်သို့ရောက်သည်ဖြစ်၍ ဤဂါထာကို ဟောတော်မူ၏။

ဇာလိံ ကဏှာဇိနံ ဓီတံ၊ မဒ္ဒိဒေဝိံ ပတိဗ္ဗတံ။
စဇမာနော န စိန္တေသိံ၊ ဗောဓိယာယေဝ ကာရဏာ။ ။

ဇာလိံ၊ ဇာလိသတို့သားကိုရင်း။ ကဏှာဇိနံ၊ကဏှာဇိန်မည်သော။ ဓီတံ၊ သတို့သမီးကိုရင်း။ ပတိဗ္ဗတံ၊ လင်ကို ရိုသေစွာ လုပ်ကျွေးသော အကျင့်ရှိသော။ မဒ္ဒိဒေဝိံ၊ မဒ္ဒိမိဖုရားကိုရင်း။ ဗြာဟ္မဏသော၊ ဇူဇကာ

ပဏ္ဏာအား။ စဓမၼာနော၊ ပေးလှူစွန့်ကြဲသော။ ရာဇာ၊ ဝေဿန္တရာမင်းသည်။ ကိစ္စံသမ္ပတ္တိံ၊ တခုံတခုပြည့်စုံခြင်းကို။ နစိန္တေသိ၊ မကြံလေ။ ဗောဓိယာဝယဝ၊ သဗ္ဗညုတ ဉာဏ်တော်၏ သာသျှင်။ ကာရဏံ၊ အကြောင်းကို။ စိန္တေသိ၊ ကြံ၏။

မင်းကြီး၊ မင်းဝေဿန္တရာသည့် အမျက်ထွက်တတ်သော သူကို အမျက်မထွက်သဖြင့် လည်း အောင်တတ်၏၊ စဉ်းလဲ စဉ်းစားဝန်တိုသောသူကို အပေးအကမ်းဖြင့်လည်းအောင်တတ်၏၊ စကားမမှန်သောသူကိုမှန်သောစကားဖြင့်လည်းအောင်တတ်၏၊အလုံးစုံသောအကုသိုလ်တရားကိုကုသိုလ်တရားဖြင့်လည်းအောင်တတ်၏။

> ဝေဿန္တရော မဟာရာဇ အကောဓေန ကောဓံ ဇိနာတိ၊ ကဒရိယံ ဒါနေန ဇိနာတိ၊ အလိကဝါဒိနံ သစ္စေန ဇိနာတိ၊ သဗ္ဗ အကုသလံ ကုသလေန ဇိနာတိ။

ဟူ၍လာ၏။ ။(အနက်သိသာပြီ။)

မင်းကြီး၊ ဤသို့လျှင်တရားသို့ အစဉ်လိုက်သော တရားလျှင် အမှူးရှိသောကြီးစွာသောအလှူကို ထိုမင်းဝေဿန္တရာ၏ အလှူ အကျိုးအာနိသင်၏အစွမ်း ဝိရိယ လုံ့လ ပြန့်ပြော်ခြင်း နှံ့လေသဖြင့် မြေရေကိုခံသော အောက်ကောင်းကင်အဇဋာကာသ၌ သည်းစွာသော လေတို့သည်လာကုန်၏၊ အကြိမ်ကြိမ် အောက်အထက်ဗိလာ အရပ်တို့ကိုနှောင့်ရှက်ကုန်သည်ဖြစ်၍လာကုန်၏၊ အောက်အဇဋာကာသ လေဖြင့်လာသောကြောင့် လေ၏အထက်၌ရှိသော ရေသည်လှုပ်၏၊ ရေလှုပ်သောကြောင့်မြေကြီးသည်လှုပ်၏၊ မြင့်မိုရ်တောင် မင်းသည် ညွှတ်၏၊ အထက်ကောင်းကင်ပြင်၌ တိမ်တိုက်တို့သည် အစုစုပြေးကုန်၏၊ မြူနှင့်တကွ လေပြင်းတို့သည် လာလတ်သည် ဖြစ်ကုန်၏၊ အရပ်ခပ်သိမ်းသည်းစွာ မြူနှင့်တကွ အခိုးထကုန်၏၊ လေမုန်တိုင်း အသံသည်ကြီးစွာသောကြောက်ဘွယ်ရှိသည်ဖြစ်၍ ပြည့်၏၊ ထိုသည်းလှစွာသော လေမုန်တိုင်းလာကုန်သည်ရှိသော် ရေသည်အကြိမ်ကြိမ်လှုပ်၏၊ ရေလှုပ်သည်ရှိသော်မိကျောင်း၊ လပိုင်၊ ငါး၊လိပ်ဖြစ်ကုန် သော ရေသတ္တဝါတို့သည် ပြေးသွားကုန်၏၊ တံပိုးတို့သည် အလိင်လိပ် အထွေးထွေးထင်ကုန်၏၊ ရေတံပိုးအစုသည် ထွေးရှက်သည်ဖြစ်ကုန်၏၊ ရေမြှုပ်၏

အယဉ်အစဉ်တို့သည်ဖြစ်ကုန်၏၊ မဟာသမုဒ္ဒရာသည် ထိုမှ၍မှတက်ပြေးလေ၏၊အောက်ရေသည်အညာသို့ရှေ့ရှုး၊ အညာရေသည် အောက်သို့ရှေ့ရှုစီး၏၊ အသုရာ၊ ဂဠုန်၊ နဂါး၊ဘီလူးတို့သည် ထိတ်လန့်ကုန်၏၊ သမုဒ္ဒရာသည် အဘယ်သို့ဖြစ်သနည်းဟု ထိတ်လန့်သော စိတ်ရှိသည်ဖြစ်၏၊ မြေကြီးသည် မြစ်ငယ်သမုဒ္ဒရာနှင့်တကွ တပြောင်တပြန် ပြန်လည်၏၊ မြင့်မိုရ်တောင်ထွတ်ကျောက်တောင်ထွတ်တို့သည် ညွတ်ကုန်၏၊ မြွေ,မြွေပါ, ကြောင်, ခွေး, ဝက်, သားငှက်တို့သည် မြည်ကုန်၏၊ တန်ခိုးနည်းသော ဘီလူးတို့သည်လန့်ကုန်၏၊ တန်ခိုးကြီးသော ဘီလူးတို့သည် လှုပ်သောမြေ၌သွားကုန်၏။

မင်းကြီး၊ ဥပမာသော်ကား ယောကျ်ားမြတ်တို့သည် ကြီးစွာပြုအပ်သော လုံ့လကြောင့် ခုံလောက်၏ အထက်၌ တည်သော ရေပြည့်သောအိုး၌ဆန်ကိုလောင်းအုံ၊ တည်အပ်ပြီးသော် အိုးအောက်မှ မီးကိုညှိလတ်သော် ရှေးဦးစွာ အိုးကိုပူစေ၏၊ အိုးပူပြီးသော် ရေကိုပူစေ၏၊ ရေပူပြီးသော် ဆန်ကိုပူစေ၏၊ ဆန်ပူပြီးသော် အောက် အထက်အပွက်သည် ထင်ရှားစွာဖြစ်၏၊ ရေမြှုပ်၏အယဉ် အစဉ်ပေါ်၏၊ မင်းကြီး၊ ထိုကဲ့သို့မင်းဝေဿန္တရာသည် လောက၌ သူတပါးတို့ စွန့်နိုင်ခဲသော အလှူကို ပေးလှူစွန့်ကြဲပေ၏၊ ထိုအလှူ၏ အကျိုးဆက်ဖြင့် အောက်အဇ္ဈာကာသ၌လေတို့သည် ခံခြင်းငှါမဝံ့ကုန်သည်ဖြစ်၍ ဖျက်ဆီးကုန်၏၊အောက်လေတို့ဖျက်ဆီးကုန်သောကြောင့်ရေသည်လှုပ်၏၊ ရေလှုပ်သောကြောင့် မြေကြီးသည် လှုပ်၏၊ မင်းကြီး၊ ထိုအောက်လေ၊ ရေ၊ မြေ—၍သုံးပါးတို့သည်မြတ်သော အလှူဒါန၏ အကျိုးဆက် ပြန့်ပြောသောဝီရိယ လုံ့လ၏ အစွမ်းဖြင့် တပြိုင်နက် ဖြစ်ကုန်၏၊ မင်းကြီး၊ မင်းဝေဿန္တရာ၏အလှူနှင့်တူသောသူတပါးတို့၏ အလှူ၏ အာနုဘော်သည်မရှိချေ။

မင်းကြီး၊ ဥပမာသော်ကား ၍မြေကြီးထက်၌ ဇာတနီလာကျောက်၊ မဟာနီလာကျောက်၊ ဇောတိရသကျောက်၊ ဝေဠုရိယကျောက်၊ ဥမ္မာရပုပ္ဖ—အောင်မည်းညိုပွင့်နှင့်တူသော ကျောက်၊ သိရီသပုပ္ဖ—ကုက္ကိုပွင့်နှင့် တူသော ကျောက်၊ မနောဟရကျောက်၊ သူရကန်ကျောက်၊ စန္ဒကန်ကျောက်၊ပိုးစုန်းကြူး၏အရောင်နှင့်တူသော ခဇ္ဇောပ

ပနကျောက်၊ သခွါး‌ပြုတ်နှင့်တူသောဖုဿရာဂကျောက်၊ ပတ္တမြားနီ၊ ပတ္တမြားပြောက်ဟူ၍ ဆိုအပ်ကုန်သော ကျောက်မျိုးတို့သည် ရှိကုန်၏၊ ထိုကျောက်မျိုးတို့ကို လွန်၍ စကြဝတေးမင်း၏ ပတ္တမြား ရတနာကို မြတ်၏ဟု ဟောတော်မူအပ်၏၊ မင်းကြီး၊ စကြာမင်း၏ ပတ္တမြားရတနာသည်ထက်ဝန်းကျင်တယူဇနာတိုင်တိုင် အရောင်ထွန်းနိုင်၏၊ မင်းကြီး၊ ထိုကဲ့သို့ရင်း မြေပြင်၌ တစုံတခုသော အလှူကြီးသည်ရှိ၏၊ စင်စစ်သော်ကား အသဒိသဒါနအလှူသည်မြတ်၏၊ ထိုအလုံးစုံသော အလှူကိုလွန်၍မင်းဝေဿန္တရာ၏ အလှူကို မြတ်၏ဟု ဟောတော်မူအပ်၏၊ မင်းကြီး၊ မင်းဝေဿန္တရာသည် အလှူကိုပေးအပ်ပြီးသော် ခုနစ်ကြိမ် မြေလှုပ်လေ၏ဟု ဖြေသော်၊ အရှင်ဘုရား၊ အရှင်ဘုရားတို့အား ဖြေသော် မဖြစ်ဘူးလေတကား၊ လာခြင်းကောင်းသောဘုရားရှင်တို့သည် ဘုရားလောင်းဖြစ်လျက်လူအပေါင်းလောကနှင့်မတူပေ၊ ဤသို့သောအလှူကြီးကိုနှစ်သက်နိုင်ပေ၏၊ ဤသို့သောအလှူကို ကြီးကျယ်စွာ လှူနိုင်ပေ၏၊ အလွန်လျှင် သဗ္ဗညုတဉာဏ်ကို အလိုရှိပေ၏၊ အရှင်ဘုရား၊ ဘုရားလောင်းတို့အား လုံ့လနှင့် ပြည့်စုံပေ၏၊ လူအပေါင်းတို့ကို ပါရမီဆည်းပူးခြင်း၌ လိမ္မာစေ၏၊ အတိုင်းထက်လွန်စွာ ကျင့်အပ်သော အကျင့်ကို အလိုရှိ၍လည်း တိုက်တွန်း ပေ၏၊ နတ်နှင့်တကွသော လောက၌လာခြင်းကောင်းသောဘုရားရှင်သည် မြတ်သည့်အဖြစ်ကို အစဉ်အတိုင်း ပြအပ်သည်ဖြစ်၏၊ အရှင်ဘုရား၊ တကာတော်သည် ကောင်းလှပါပြီဟု ချီးမွမ်းပါ၏၊ ဘုရားရှင် သာသနာတော် ထွန်းပပေပြီ၊ ဘုရားရှင် သာသနာတော်မိုင်းခြားပေပြီ၊ တိတ္ထိတို့၏အယူဝါဒ အထုံးအဖွဲ့ကို ဖျက်ဆီးအပ်လေပြီ၊ ပရဝါဒီပုဂ္ဂိုလ်တို့၏ ဝါဒတည်းဟူသော တောချုံပိတ်ပေါင်းကိုဖျက်ဆီးအပ်လေပြီ၊ နက်နဲသော အနက်အဓိပ္ပါယ် ထင်ရှားသည်ကို ပြုအပ်ပြီ၊ ဘုရားတပည့်တော်တို့အားကောင်းစွာယူအပ်သောအယူကို မြဲစွာဆောင်အပ်ပြီ၊ ဤသို့သောအယူသည် ဂိုဏ်းဆရာတို့၌ မြတ်သော အယူဖြစ်၏၊ အရှင်ဘုရားဆိုတိုင်းတကာတော်ဝန်ခံပါ၏ဟုဆို၏။

ပထဝီစလနပဉှာပြီး၏။

## ၉၁။ သိဝိရညောစက္ခုဒါနပဉှာ

**မျက်စိမမြင်သူနှင့် ဒိဗ္ဗစက္ခု**......မိလိန္ဒ"မင်းသည် အရှင်ဘုရား၊ သိဝိ မင်းသည် ယာစကာအား မျက်စိတို့ကိုပေးလှူအပ်ကုန်၏၊ ကန်းလေပြီးသောသိဝိမင်းအား တဘန် နတ်မျက်စိကဲ့သို့ ဒိဗ္ဗစက္ခုမျက်စိတို့သည် ဖြစ်ပြန်ကုန်၏ဟု အရှင်ဘုရား တို့သည် ဆိုကြကုန်၏၊ ဤစကားသည်လည်း ယွေးရှက်ခြင်းရှိ၏၊ နှိပ်စက်အပ်သည်နှင့်တကွ ဖြစ်၏၊ အပြစ်ရှိသည်လည်း ဖြစ်၏၊ အဘယ် ကြောင့်နည်းဟူမူကား မျက်စိဖြစ်အံ့သော အကြောင်းတရားကို နုတ်အပ်လေပြီ၊ အကြောင်းအရာမဟုတ်သည်၌ ဒိဗ္ဗစက္ခု၏ ဖြစ်ခြင်းသည် မရှိစကောင်းဘဲလျက် ဒိဗ္ဗစက္ခုဖြစ်ပြန်၏ဟု သုတ္တန်ဒေသနာ တော်၌ ဟောတော်မူအပ်၏၊ အရှင်ဘုရား၊ အကယ်၍ယာစကာအား မျက်စိတို့ ကို ပေးလှူအပ်ကုန်သည်ဖြစ်အံ့၊ တဘန်ဒိဗ္ဗစက္ခုတို့သည် ဖြစ်ပြန်၏ဟု ဆိုသော အကြင်စကားသည် ရှိ၏၊ ထိုစကားသည်မမှန်ချေ၊ ချွတ်ယွင်း ရာ၏။ (ဤလည်းတစွန်းထွက်၏။)

အရှင်ဘုရား၊ အကယ်၍ ဒိဗ္ဗစက္ခုတို့သည်ဖြစ်ကုန်အံ့၊ သိဝိမင်းသည် ယာစကာအား မျက်စိတို့ကို လှူအပ်ကုန်၏ဟုဆိုအပ်သော အကြင်စ ကားသည် မမှန်၊ချွတ်ယွင်းရာ၏။ (ဤလည်းတစွန်းထွက်၏။)

အရှင်ဘုရား၊ ဤနှစ်ဘက်အစွန်းထွက်သော ပြဿနာသည် ခဲယဉ်း သည်ထက် အထူးသဖြင့်ခဲယဉ်း၏၊ ဖြွေးရစ်သည်ထက် အထူးသဖြင့် ဖြွေးရစ်၏၊ ချုံပိတ်ပေါင်းထက်လည်း အထူးသောချုံပိတ်ပေါင်းဖြစ်၏၊ ထိုပြဿနာသည် အရှင်ဘုရားအားရောက်၏၊ ထိုနှစ်ဘက်အစွန်းရှိသော ပြဿနာ၌ အမြဲဆောင်ရွက်အံ့သော၌ါရင်း၊ ပရဝါဒီပုဂ္ဂိုလ်တို့ကို နှိပ် စက်ခြင်း၌ါရင်း အလိုတော်ကိုဖြစ်စေလော့ဟုမေးသော်။ ။မင်းကြီး၊ သိဝိမင်းသည် ယာစကာအား မျက်စိတို့ကို လှူအပ်ကုန်၏၊ ထိုလှူခြင်း၌ ယုံမှားတွေးတောခြင်းကို မဖြစ်စေလင့်၊ တဘန်ဒိဗ္ဗစက္ခုတို့သည် ဖြစ် ကုန်၏၊ ထိုသို့ဖြစ်ခြင်း၌လည်း ယုံမှားတွေးတောခြင်းကို မဖြစ်စေလင့် ဟုဆိုသော်၊ အရှင်ဘုရား၊ စင်စစ်လျှင် မျက်စိဖြစ်အံ့သောအကြောင်းကို နုတ်ပြီးတကား၊ အကြောင်းမရှိရာ၌ ဒိဗ္ဗစက္ခု ဖြစ်လေ၏တကားဟု ဆို

သည်၊ မင်းကြီး၊ ဒိဗ္ဗစက္ခုဖြစ်ခြင်းအကြောင်းမရှိမဟုတ်၊ အကြောင်းကြောင့် ဒိဗ္ဗစက္ခု မျက်စိဖြစ်၏ဟု ဆိုလျှင်၊ အရှင်ဘုရား၊ ဤအရာ၌ အကြောင်းအဘယ်သို့ တုံနည်း၊ အကြောင်းကို နှုတ်အပ်ပြီးသော် အကြောင်းမရှိဘဲလျက် ဒိဗ္ဗစက္ခုဖြစ်၏တကား၊အကြောင်းကိုမိန့်ပါလော့၊ တကာတော်အား အကြောင်းကို သိပါစေလော့ဟု ဆိုသော်၊မင်းကြီး၊ အသို့နည်း၊ လောက၌ သစ္စာမည်သောတရားကို သစ္စာဆိုလေ့ ရှိသော လူတို့သည် ပြုကြကုန်သည် မဟုတ်လောဟု ဆိုသော်၊ အရှင်ဘုရား၊ လောက၌ သစ္စာမည်သည်ရှိ၏၊ သစ္စာစကားဖြင့် သစ္စာကိုဆိုလေ့ရှိကုန်သောသူတို့သည် သစ္စာပြု၍ မိုးကိုရွာစေကုန်၏၊ မီးကိုငြိမ်းစေကုန်၏၊ အဆိပ်ကိုပျောက်စေကုန်၏၊ ထိုမှတပါး အထူးထူးသောအမှုတို့ကို သစ္စာပြုကြကုန်၏ဟုဆိုသော်၊မင်းကြီး၊ သိဝိမင်းသည် သစ္စာစကား၏အစွမ်းဖြင့် ဒိဗ္ဗစက္ခု မျက်စိတို့သည် ဖြစ်ကုန်၏ဟု ဆို၍၊ မင်းကြီး၊ သစ္စာ၏အစွမ်းဖြင့် အကြောင်းမရှိရာ၌ ဒိဗ္ဗစက္ခုမျက်စိသည်ဖြစ်၏၊ထိုအခါ ဒိဗ္ဗစက္ခုဖြစ်ခြင်း၌ သစ္စာစကားသည်သာလျှင် အကြောင်းရင်း ဖြစ်၏၊ မင်းကြီး၊ ဥပမာသော်ကား လောက၌ထင်ရှားသော အချို့သောသူတို့သည် ကြီးစွာသောမိုးသည် ရွာစေသတည်းဟု သစ္စာစကား ဆိုကြကုန်၏၊ ထိုလူတို့၏ သစ္စာမြွက်ဆိုသည်နှင့်တကွ ကြီးစွာသောမိုးသည် ရွာ၏။ ။မင်းကြီး၊ စင်စစ်သော်ကား အကြင် အကြောင်းဖြင့် မိုးကြီးစွာရွာလတ္တံ့၊ မိုးရွာခြင်း၏အကြောင်းသည် တိမ်တိုက်အစုအဝေး ကောင်းကင်၌ရှိသင့်သလောဟုဆိုသော်၊ အရှင်ဘုရား၊ ကောင်းကင်၌ တိမ်တိုက်အစုအဝေး မိုးရွာခြင်း၏အကြောင်းမရှိသင့်ချေ၊ ထိုအခါ၌ သည်းစွာသောမိုးရွာခြင်း၌ အကြောင်းသည် သစ္စာသာလျှင် အကြောင်းဖြစ်၏ဟုဆိုသော်၊ မင်းကြီး၊ထိုကဲ့သို့ ထိုဒိဗ္ဗစက္ခုအား ပြကတေ့သောအကြောင်းတရားမရှိ၊ ဒိဗ္ဗစက္ခုဖြစ်ခြင်း၌ သစ္စာသာလျှင် ထိုအခါအကြောင်းတရားဖြစ်၏ဟုဆို၏။

မင်းကြီး၊ ဥပမာသော်ကား အချို့သော ထင်ရှားသောသူတို့သည် ပြောင်ပြောင်တောက်သောမီးပုံကြီးသည် ငြိမ်းစေသတည်းဟု သစ္စာစကား မြွက်ဆိုကြကုန်၏၊ ထိုသူတို့သည် သစ္စာမြွက်သည်နှင့် တကွ ပြောင်ပြောင်တောက်သောမီးပုံကြီးသည် တခဏခြင်းနောက်သို့ရုတ်

လေ၏၊ မင်းကြီး၊ စင်စစ်သော်ကား အကြင်မီးဟူသော အကြောင်းကြောင့် မီးပုံကြီးသည် ပြောင်ပြောင် တောက်၏၊ ထိုမီးပုံကြီးသည် ထင်းဟူသောလောင်စာကြောင့် ရဝေး၍ တခဏခြင်းနောက်သို့ ဆုတ်လေသလောဟုဆိုသော်၊ လောင်စာကြောင့် ပြောင်ပြောင်တောက်သော မီးပုံကြီးနောက်သို့ မဆုတ်ပချေ၊ အရှင်ဘုရား၊ ထိုအခါ၌ ပြောင်ပြောင် တောက်သောမီးပုံကြီး၏ တခဏခြင်း နောက်သို့ ဆုတ်ခြင်းငှါ သစ္စာစကားသာလျှင် အကြောင်းဖြစ်၏ဟု ဆိုလျှင်၊ မင်းကြီး၊ ထိုကဲ့သို့ သိဝိမင်းအား ပြကတေ့မျက်စိသည်မရှိပြီ၊ သစ္စာစကားသာလျှင် ဒိဗ္ဗစက္ခု မျက်စိဖြစ်ခြင်းငှါ အကြောင်းဖြစ်၏။ ။မင်းကြီး၊ ဥပမာ သော်ကား အချို့သော ထင်ရှားသောသူတို့သည် အဆိပ်လျှင်စွာတက်လတ်သော် သစ္စာစကားသည် အဆိပ်ကို ပျောက်စေတတ်သောဆေး ဖြစ်စေသတည်းဟု သစ္စာစကား မြွက်ဆိုကြကုန်၏၊ ထိုသူတို့အား သစ္စာမြွက်သည်နှင့်တကွ အဆိပ်သည် လျင်စွာတခဏခြင်းဖြင့် ပြယ်သည်ဖြစ်၏၊ မင်းကြီး၊ ထိုအဆိပ်သည် လျှင်စွာတက်သောကာလ၌ အဆိပ်ပြယ်ခြင်း အကြောင်း အစုအဝေးရှိသလောဟု ဆို၏၊ အရှင်ဘုရား၊ ထိုအဆိပ် တက်သောကာလ အဆိပ်ပြယ်ခြင်း၏အကြောင်းတပါး အစုအဝေးမရှိချေ၊ အရှင်ဘုရား၊ သစ္စာသာလျှင် အဆိပ်ပြယ်ခြင်းအကြောင်း ဖြစ်ချေသည်ဆိုလျှင်၊ မင်းကြီး၊ ထိုကဲ့သို့ရင်း ပြကတေ့သောအကြောင်းကင်း၍ သိဝိမင်း၌သစ္စာသာလျှင် ဒိဗ္ဗစက္ခု ဖြစ်ခြင်းငှါ အကြောင်း ဖြစ်၏၊ မင်းကြီး၊ လေးပါးသော အရိယသစ္စာတို့ကို ထိုးထွင်း၍ သိခြင်းငှါ ဟုတ်မှန်သော်တရားမှ တပါးသောအကြောင်းတရားတို့သည်မရှိ၊ ဟုတ်မှန်သောအကျင့်တရားတို့ကိုပြု၍ အရိယသစ္စာတို့ကိုသိကြကုန်၏။

မင်းကြီး၊ စိန့်ပြည်တိုင်းနိုင်ငံ၌ စိန့်ပြည်မင်းသည် မဟာသမုဒ္ဒရာ၌ လေးလတကြိမ် ရေသဘင်ကစားလိုလတ်သော် သစ္စာပြု၍ ခြင်္သေ့ကသောရထားဖြင့် မဟာသမုဒ္ဒရာ၏အတွင်း တယူဇနာတိုင်တိုင်ဝင်၏၊ ထိုရထားဦး၏ ရှေ့မှ ရှေ့မှကြီးစွာသော ရေအစုသည် ဖဲကြဉ်လေ၍ ရထားပြန်ထွက်သော် ပိတ်လေ၏၊ မင်းကြီး၊ ထိုမဟာသမုဒ္ဒရာကိုနတ်နှင့်တကွသောလူအပေါင်းတို့သည် ပြကတေ့ ခွန်အားအစွမ်းဖြင့် ဖဲကြဉ်စိမ့်သောငှါ တတ်နိုင်အံ့လောဟုဆိုလျှင်၊ အရှင်ဘုရား၊ ဒအနည်းငယ်သော တဘက်ဆည်းကန်၌ရေကို နတ်လူအပေါင်းသည် ပြကတေ့သောအား

ဖြင့်၊ ပဲစေ ဆုတ်စေခြင်းငှါ မတတ်နိုင်ချေ၊ မဟာသမုဒ္ဒရာရေကို အသို့ ဆိုရာရှိနိုင်အံ့နည်းဟု ဆိုလျှင်၊ မင်းကြီး၊ ဤသို့သော အကြောင်းဖြင့် သစ္စာ၏အစွမ်းသတ္တိအားကို သိအပ်၏၊ အကြင်အရပ်ကိုသစ္စာပြုသဖြင့် မရောက်၊ ထိုသစ္စာပြုသဖြင့် မရောက်အပ်သောအရပ်မည်သည်မရှိ။ ။

မင်းကြီး၊ ပါဋလိပုတ်မြို့၌ ဓမ္မာသောက မင်းကြီးသည် နိဂုံး၊ ဇနပုဒ် အမတ်ငယ်၊ သူရင်းငှါး၊ အမတ်ကြီးအပေါင်းတို့ဖြင့် ခြံရံလျက် ကမ္ဘာ နှင့်အမျှ အပြည့်စီးသော ရေရှိသော ယူဇနာငါးရာအလျားရှိသော ဂင်္ဂါ မြစ်ကိုမြင်၍ အမတ်တို့ကို အချင်းအမတ်တို့၊ ဤဂင်္ဂါမြစ်၌စီးသောရေ ကို တဘန်အညာသို့စီးပြန်စိမ့်သောငှါ စွမ်းနိုင်သော တစုံတယောက် သောသူသည် ရှိအံ့လောဟုမေး၏၊ အမတ်တို့သည်လည်း အရှင်မင်းကြီး၊ အလွန်ပြုနိုင်ခဲကုန်၏ဟု ဆိုကြကုန်၏၊ ထိုအခါ ဂင်္ဂါရေသည် ကျိုက် ကျိုက်ဆူသော လှိုင်းတံပိုးထ၍စီး၏၊ ဗိန္ဒုမတီမည်သောပြည့်တန်ဆာ မသည် အသောကမင်းကြီးသည် ဂင်္ဂါမြစ်ကို တဘန်အညာသို့စီးပြန် စိမ့်သောငှါ တတ်ကောင်းအံ့လောဟုဆိုအပ်သောစကားကို ကြားလေ လျှင် ထိုဗိန္ဒုမတီမည်သော ပြည့်တန်ဆာမသည် ငါသည် ပါဋလိ ပုတ်မြို့၌ ပြည့်တန်ဆာမဖြစ်၍ အဆင်းအရောင်ကိုမှီ၍ အသက်မွေး၏၊ ဟုတ်သောအသက်မွေးခြင်းနှင့်ယှဉ်၏၊ အရှင်မင်းကြီးသည် ငါ၏သစ္စာပြု ခြင်းကို မြင်စေသတည်းဟုဆို၍ ထိုအခါ ထိုပြည့်တန်ဆာမသည် သစ္စာပြု၍ သစ္စာပြုသည်နှင့် တကွ တခဏခြင်းအလိပ်လိပ်လှုများအပေါင်း မြင်စဉ် အညာသို့စီး၏၊ ထိုအခါ အသောကမင်းကြီးသည် ဂင်္ဂါ၌ လည်သော ဝဲတံပိုးအဟုန်တို့သည် ဖြစ်စေအပ်သော ပြင်းစွာ မြည် သောအသံကိုကြား၍ အံ့ဩဘွယ် တကား၊ အံ့ဘွယ်သရဲ သဘော ဖြစ်၏တကား၊ အဘယ်ကြောင့် ဂင်္ဂါမြစ်၌ ရေသည် အညာသို့ စီး လေသနည်းဟု ဆို၏၊ အရှင်မင်းကြီး၊ ဗိန္ဒုမတီမည်သော ပြည့်တန်ဆာ မသည် အရှင်မင်းကြီး၏ စကားကိုကြား၍ သစ္စာပြု၏၊ ထိုပြည့်တန် ဆာမသစ္စာကြောင့် ဂင်္ဂါရေသည် အညာသို့စီး၏ဟုဆိုသော်၊ ထိုအခါ အသောကမင်းကြီးသည် ထိတ်လန့်သော နှလုံးရှိသည်ဖြစ်၍ အလျင်တ ဆောမိမိကိုယ်တိုင်လာလေ၍ ထိုပြည့်တန်ဆာမိန်းမကိုဟယ်ကျွန်မ၊ သင် သည် သစ္စာပြုသလော၊ သစ္စာပြု၍ ဂင်္ဂါရေကိုအညာသို့ စီးပြန်စေသ လောဟုမေးသော်၊ အရှင်မင်းကြီး၊ သစ္စာပြုသဖြင့် အညာသို့ စီးစေ၏ဟု

ဆို၏၊ဓမ္မာသောကမင်းကြီးသည် အဘယ်ကြောင့်လျှင် သင်ကျွန်မအား ထိုသစ္စာကိုပြုခြင်း၌ အစွမ်းသတ္တိရှိလေသနည်း၊သင်၏စကားကို အဘယ်သူ နာခံလေသနည်း၊သင်ကျွန်မသည် အဘယ်အစွမ်းသတ္တိဖြင့် ဤဂင်္ဂါရေကို အညာသို့ ဆန်တက်စေသနည်းဟုမေးသော်၊ အရှင်မင်းကြီး၊ အကျွန်ုပ်သည် သစ္စာပြုသည်၏အစွမ်းဖြင့် ဂင်္ဂါရေသည် အညာသို့ ဆန်တက်၏ဟုဆိုသော်၊ ဟယ်ကျွန်မ၊ သူ့လင်သူ့သားကို ခိုးသဖြင့် ကာမဂုဏ်ကျူးလွန်သဖြင့် အမှတ်မရှိ သူ့သားသူ့လင်ကိုလုယက်သဖြင့် ယုတ်မာသဖြင့် ကျိုးပျက်သော သီလရှိသဖြင့် ဟိရီ၊ ဩတ္တပ္ပ၊ အရှက်အကြောက်ကို လွန်ကျူးသဖြင့် လုလင်မိုက်တို့ကို ဖြားယောင်းသဖြင့် အဘယ်သို့လျှင် သစ္စာ၏အစွမ်းသတ္တိ ရှိအံ့နည်းဟုဆိုသော်၊ မြတ်သောသခင် အရှင်မင်းကြီး၊ ထိုသစ္စာပြုသော သဘောသည်မှန်ပါ၏၊ ထိုသို့သော သစ္စာဖြင့် အကျွန်ုပ်အား သစ္စာပြုခြင်း အစွမ်းအားသည်ရှိပါ၏၊ မြတ်သောသခင်အရှင်မင်းကြီး၊ အကျွန်ုပ်သည်အလိုရှိသည်ဖြစ်အံ့၊ နတ်နှင့် တကွသော လောကကိုပင် ဖျက်ဆီးနိုင်ရာ၏ဟု သစ္စာ၏အစွမ်းသတ္တိကိုပြသော်၊အသောကမင်းကြီးသည် အိုကျွန်မ၊ သစ္စာ၏အလို့ငှါ သင်၏ နှလုံးသွင်း အဘယ်သို့ရှိသနည်း၊ ဤနှလုံးသွင်းသောအမှုအရာကို ငါ့အား ကြားလျှောက်လော့ဟု ဆိုသော်၊ မြတ်သောသခင် အရှင်မင်းကြီး၊ အကျွန်ုပ်အား အကြင်မင်း၊ ပုဏ္ဏား၊သူကြွယ်၊ သူဆင်းရဲ၊ တယောက်ယောက်သောသူသည် ဥစ္စာကိုပေးအံ့၊ထိုပေးသောသူတို့အား အမျှပင်လျှင် ကိလေသာဖြင့် လုပ်ကျွေးလိုက်၏၊ မင်းသားပဟူ၍ အထူးမရှိ၊ သူဆင်းရဲဟူ၍ မထီမဲ့မြင်မပြု၊ ချစ်ခြင်း မုန်းခြင်းမှ လွတ်သည်ဖြစ်၍ ဥစ္စာရှင်ကို လုပ်ကျွေးမွေးလိုက်ပါ၏၊ မြတ်သောသခင် အရှင်မင်းကြီး၊ ဤသစ္စာအမှုအရာဖြင့် အကျွန်ုပ်သည် ဤဂင်္ဂါမြစ်ရေကို အညာသို့ ဆန်တက်၍ စီးစေနိုင်၏ဟုဆို၏၊ ထိုအကြောင်းကို ထောက်သော် မိလိန္ဒမင်းကြီး၊ သစ္စာ၌တည်သောသူသည် တစုံတခုသော အကျိုးကို မရသည်မဟုတ်၊ရသည်သာလျှင်တည်းဟုဆို၍၊ မင်းကြီး၊သိဝိမင်းသည် ယာစကာအား ပြကတေ့သော မျက်စိတို့ကိုသူ့အပ်ကုန်ပြီးသော်၊တဘန် ဒိဗ္ဗစက္ခုမျက်စိတို့သည် ဖြစ်ကုန်၏၊ ထိုဒိဗ္ဗစက္ခုမျက်စိတို့သည်လည်း သစ္စာပြုသောကြောင့် ဖြစ်ကုန်၏၊သုတ္တန်ဒေသနာ၌ မံသစက္ခုသည်မရှိ၊ အကြောင်းမတန်ရာ၌ ဒိဗ္ဗစက္ခုသည် ဖြစ်ပြန်၏ဟု အကြင် စကားကို

ဟောတော်မူ၏၊ထိုစကားကိုဘာဝနာဖြင့်ပြီးသော စကျွ[ကိုယှဉ်၍ဟော အပ်၏၊ မင်းကြီး၊ ဤသို့လျှင် မှတ်လေ ယူလေဟု ဆိုလျှင် အရှင် ဘုရား၊ပြဿနာကို ကောင်းစွာဆုံးဖြတ်ပေ၏၊ကောင်းစွာ ညွှန်တော်မူ အပ်၏၊ပရဝါဒီပုဂ္ဂိုလ်တို့အယူကို ကောင်းစွာနှိပ်အပ်သည်ဖြစ်၍ နှိပ်အပ် လေ၏၊ဤသို့သောအဆုံးအဖြတ်ကို ဆုံးဖြတ်တော်မူတိုင်း တကာတော် ဝန်ခံ၏ဟုဆို၏။

သိဝိရညောစက္ခုဒါနပဥှာပြီး၏။

## ၆၂။ ဂန္ဓာဝကတိပဥှာ

**ပဋိသန္ဓေတည်ကြောင်း၃-ပါး**……မိလိန္ဒမင်းသည် အရှင်ဘုရား၊ ဘု ရား ရှင် သည် ချစ်သား ရဟန်းတို့၊သုံးယောက်သော သူတို့၏ အညီအညွှတ် စည်းဝေးမိသော ကြောင့် ပဋိသန္ဓေနေသည် ဖြစ်၏ဟူသော အရာကို ဟောတော်မူ၏။

တိဏ္ဏံခေါဘိက္ခဝေ သန္နိပါတာ ဂဗ္ဘဿအဝက္ကန္တိ ဟောတိ၊ ဣဓ မာတာပိတရော သန္နိပါတာဟောန္တိ၊ မာတာစဥတု နီဟောတိ၊ ဂန္ဓဗ္ဗောစ ပစ္စုပဋ္ဌိတောဟောတိ၊ ဣမေသံခေါ ဘိက္ခဝေ တိဏ္ဏံ သန္နိပါတာ ဂဗ္ဘဿ အဝက္ကန္တိဟောတိ။ ။ ဟုဟောတော်မူအပ်၏။

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ တိဏ္ဏံ၊သုံးပါးကုန်သော သူတို့၏။ သန္နိပါတာ၊အညီအညွှတ်စည်းဝေးသောကြောင့်။ ဂဗ္ဘဿ၊ ပဋိသန္ဓေ နေသော ပုဂ္ဂိုလ်အား။အဝက္ကန္တိ၊ပဋိသန္ဓေသို့သက်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ဣဓ၊ဤလူ့ပြည်၌။မာတာပိတရော၊မိဘတို့သည်။သန္နိပါတာ၊အညီ အညွှတ် စည်းဝေးကြကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ မာတာစ၊မိခင် သည်လည်း။ ဥတုနီ၊ဥတုလာ၍စဲသည်။ ဟောတိ၊ဖြစ်၏၊ ဂန္ဓဗ္ဗောစ၊ ပဋိသန္ဓေသို့ရောက်သော သတ္တဝါသည်လည်း။ ပစ္စုပဋ္ဌိတော၊ ရှေး၌ ထင်သည်။ဟောတိ၊ဖြစ်၏။ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ဣမေသံတိဏ္ဏံ၊ ဤသုံးယောက်သောသူတို့၏။သန္နိပါတာ၊ညီညွှတ်ခြင်းကြောင့်။ဂဗ္ဘဿ၊ ပဋိသန္ဓေနေသောပုဂ္ဂိုလ်အား။အဝက္ကန္တိ၊ ပဋိသန္ဓေသို့သက်ခြင်းသည်။ ဟောတိ၊ဖြစ်၏။

အရှင်ဘုရား၊ဤစကားသည် အကြွင်းရှိသောစကား ဖြစ်မည်လော၊ မုချစကားဖြစ်မည်လော၊ဤစကားသည် ပစ္စည်းလေးပါးကို ခံတော်မူထိုက်သော ဘုရားရှင်၏စကားတော်ဖြစ်ခဲ့၏တကား။

**ချက်ကို လက်ဖြင့်သုံးသပ်လျှင် ကိုယ်ဝန်တည်ပုံ**……အရှင်ဘုရား၊ နှစ် ယောက်သောသူတို့၏ အညီအညွတ်စည်းဝေးခြင်းကြောင့် ပဋိသန္ဓေနေသော ပုဂ္ဂိုလ်အား ပဋိသန္ဓေသို့ သက်သော၏အခြင်းအရာသည် ထင်၏တကား၊ ထင်ကြောင်းကား။ ။အရှင်ဘုရား၊ဒုကူလရသေ့သည် ပါရိကာမည်သောရသေ့မ၏ဥတုလာ၍ စဲသောကာလ၌ လက်ျာလက်မဖြင့် ချက်ကို သုံးသပ်အပ်သည်ရှိသော် ထိုဒုကူလရသေ့သည် ထိုပါရိကာရသေ့မ၏ ချက်ကို သုံးသပ်ကာမျှဖြင့် သုဝဏ္ဏသျှံသတို့သားသည် ဖြစ်ခဲ့၏။ ။ မာတင်္ဂရသေ့သည် ပုဏ္ဏေးမ သတို့သမီး၏ ဥတုလာ၍ စဲသောကာလ၌ လက်ျာလက်မဖြင့် ချက်ကိုသုံးသပ်၏၊ထိုမာတင်္ဂရသေ့သည် ထိုပုဏ္ဏေးမ၏ ချက်ကို သုံးသပ်ကာမျှဖြင့် မဏ္ဍဗျမည်သော လုလင်သည်ဖြစ်ခဲ့၏၊ အရှင်ဘုရား၊ ဘုရားရှင်သည် သုံးပါးသောသူတို့၏ ညီညွတ်ခြင်းဖြင့် ပဋိသန္ဓေနေသည် ဖြစ်၏ဟု ဟောတော်မူသည့်အတိုင်း အကယ်၍ ပဋိသန္ဓေနေသည်မှန်အံ့၊ ထိုသို့ဖြစ်သည်ရှိသော် သုဝဏ္ဏသျှံသတို့သား, မဏ္ဍဗျလုလင်တို့သည် ချက်ကိုသုံးသပ်ကာမျှဖြင့် ပဋိသန္ဓေနေကုန်၏ဟူသော အကြွင်းစကားသည်ရှိ၏၊ ထိုစကားသည်မမှန်၊ ချွတ်ယွင်းများရာ၏။ (ဤလည်းတစွန်းထွက်သည်။)

အရှင်ဘုရား၊ သုဝဏ္ဏသျှံသတို့သား, မဏ္ဍဗျလုလင်တို့သည် ချက်ကို သုံးသပ်ကာမျှဖြင့် ပဋိသန္ဓေတည်သည် အကယ်မှန်ကုန်အံ့၊ ထိုသို့ဖြစ်သည်ရှိသော် သုံးယောက်သောသူတို့၏ ညီညွတ်ခြင်းကြောင့် ဂဗ္ဘသေယျကပဋိသန္ဓေဖြစ်၏ဟုဆိုသော အကြွင်းစကားသည်ရှိ၏၊ထိုစကားသည် မမှန်၊ချွတ်ယွင်းများရာ၏။ (ဤလည်းတစွန်းထွက်သည်။)

အရှင်ဘုရား၊နှစ်ဘက်အစွန်းထွက်သော ဤပြဿနာသည် ကောင်းစွာ နက်နဲ၏၊ကောင်းစွာသိမ်မွေ့၏၊ ပညာရှိသော သူတို့၏အရာဖြစ်၏၊ ထိုပြဿနာသည် အရှင်ဘုရားအား ရောက်၏၊ ယုံမှားသောအကြောင်း

ကို ဖြတ်တော်မူလော့၊ မြွတ်သော ဉာဏ်ရောင် ထွန်းပခြင်းကို ဆောင်တော်မူလော့ဟုဆိုလျှင်။ ။မင်းကြီး၊ ဘုရားရှင်သည် သုံးပါးသော သူတို့၏ အညီအညွတ်စည်းဝေးခြင်းကြောင့် ဂန္ဓသေယျက ပဋိသန္ဓေ နေ၏ဟု ဟောတော်မူအပ်သည်မှန်၏၊ သုဝဏ္ဏသျှံ, မဏ္ဍဗျလုလင်တို့သည်ချက်ကို သုံးသပ်ကာမျှဖြင့် ပဋိသန္ဓေနေကုန်၏ဟူ၍လည်း ဟောတော်မူအပ်သည် မှန်၏ဟု သာမညာဖြေလိုက်သော် အရှင်ဘုရား၊အကြင် အကြောင်းဖြင့် ပြဿနာကို ကောင်းစွာဆိုအပ်၏၊ ထိုအကြောင်းကို တကာတော်အားသိပါစေလော့ဟုဆိုသော် မင်းကြီး၊သံကိစ္စသတို့သား, ဣသိသိင်္ဂရသေ့,ရှင်ကုမာရကဿပမထေရ်, ထိုသူတို့ကို ဤမည်သော အကြောင်းကြောင့် ပဋိသန္ဓေနေကြကုန်၏ဟု ကြားဘူး၏လောဟူ၍ ဆိုသော် အရှင်ဘုရား၊ထိုသူတို့၏ ဖြစ်ကြောင်းကို အနှံ့ကျော်စောသည် ဖြစ်၍ ကြားဘူးပါ၏ဟုဆို၍ အရှင်ဘုရား၊ သမင်မနှစ်ခုတို့သည် ဥတုလာ၍ စဲသောကာလ၌ ရှင်ရသေ့တို့ ကျင်ငယ်သွားရာအရပ်သို့ သွား၍ သုက်နှင့်တကွသော ကျင်ငယ်ကို သောက်ကြကုန်၏၊ ထိုသုက်နှင့်တကွသော ကျင်ငယ်ကို သောက်သောကြောင့် သံကိစ္စရသေ့, ဣသိသိင်္ဂရသေ့,ဘို့နှစ်ယောက်တို့သည်ဖြစ်ကုန်၏။

ဘိက္ခုနီမ၏ ကျောင်းသို့သွားသော ဘိက္ခုနီမ၏ အင်္ကျီဓာတ်ကို ရာဂစိတ်ရှိလျက် တစိမ့်စိမ့်ကြည့်သော ရှင်ဥဒါယီ၏ သုက်သည် ဖန်ရည်စွန်းသော သင်္ကန်း၌လွတ်လေ၏၊ ထိုအခါ ရှင်ဥဒါယီသည် ဘိက္ခုနီမကို အိုနှမ၊သွား၍ ရေဆောင်ချေ၊ သင်းပိုင်ကို ဖွပ်လျှော်အံ့ဟု ဆို၏၊ထိုအခါ ဘိက္ခုနီမသည် ဥတုလာ၍စဲသော ကာလ၌ ထိုသုက်တချို့ကို ခံတွင်းဖြင့်စုတ်၏၊ တချို့ကို အင်္ကျီဓာတ်၌ သွင်း၏၊ ထိုအကြောင်းကြောင့် ကုမာရကဿပမထေရ်သည်ဖြစ်၏၊ ဤသို့လျှင် ထိုသူတို့သည် ဖြစ်ကုန်၏ဟုဆိုသော် မင်းကြီး၊ သင်မင်းကြီးသည် ထိုစကားကို စင်စစ် ယုံကြည်အပ်ပြီလောဟု ဆိုလျှင် အရှင်ဘုရား၊ စင်စစ်ယုံကြည်ပါပြီဟု ဆို၍ တကာတော်တို့သည် ဤမည်သော အကြောင်းဖြင့် ယုံကြည်ကုန်၏၊ ထိုစကား၌ အားကြီးစွာ တကာတော်တို့ယုံကြည်ကုန်၏ဟု ဆိုလျှင် မင်းကြီး၊ ဤအရာ၌အကြောင်း အဘယ်သို့ရှိသနည်းဟုမေးပြန်သော် အရှင်ဘုရား၊ကောင်းစွာအပြေ အပြစ်ပြု အပ်သောမြေ၌ မျိုးစေ့ကို ချသည်ရှိသော် လျင်စွာ ပွါးရောက်သည်

မဟုတ်လောဟုဆိုလျှင်၊ မင်းကြီး၊ ကောင်းစွာ ထွန်ယက်သောညွန်နှင့် ချအင်သော မျိုးစေ့သည်ကောင်းစွာရောက်၏ဟုဆိုသော်၊အရှင်ဘုရား ထိုကဲ့သို့ရှင်း၊ ထိုဘိက္ခုနီမသည် ဥတုလာသည်ဖြစ်သော်၊ ရေကြည် ကောင်းစွာတည်ပြီးသော်၊ သွေးယိုသောအယဉ် ပြတ်စဲပြီးသော်၊ ဥတု တည်ရပ်ပြီးသော်၊ ထိုသုက်ကိုယူ၍ ရေကြည်၌ထည့်လေ၏၊ ထိုသုက် ကိုထည့်သောကြောင့် ထိုဘိက္ခုနီမအား ကိုယ်ဝန်သည် ကောင်းစွာ တည်၏၊ထိုကိုယ်ဝန်တို့၏ ကောင်းစွာဘည်ခြင်း ဖြစ်ခြင်း၌ဤသည်လျှင် အကြောင်းတည်းဟုဆိုသော်၊မင်းကြီး၊ထိုအကြောင်းကို သင်မင်းကြီး ဆိုတိုင်း ဝန်ခံ၏၊ မင်းကြီး၊ သင်မင်းကြီးသည် ရှင်ကုမာရကဿပ မထေရ်၏ ပဋိသန္ဓေနေခြင်းကို ယောနိသို့ဝင်သည်၏ အစွမ်းဖြင့် ကိုယ်ဝန်ကောင်းစွာဖြစ်၏ဟု ဝန်ခံ၏လောဟု ဆိုသော် အရှင်ဘုရား၊ ပြော်ဟုတ်၏ဟု မိလိန္ဒမင်းလည်းဝန်ခံ၏၊ မင်းကြီး၊ကောင်းစွ၊နောက် ၌ဆိုလတ္တံ့သော ငါ၏အယူသို့ တဘို့တစဖြင့် ကိုယ်ဝန်ဆောင်ခြင်းကို ကောင်းစွာလိုက်သည်မည်၏။

(ရှင်ကုမာရကဿပ အမိကိုယ်ဝန်ဆောင်ခြင်းသည် အင်္ဂါသုံးပါးစုံလင်သောကြောင့် အယူတူကြ၏ဟူလိုသော်။)

မင်းကြီး၊ ထိုသမင်မနှစ်ခုတို့သည် ကျင်ငယ်ကိုသောက်၍ ကိုယ်ဝန် ကိုရကြကုန်သေး၏၊ သမင်မတို့၏ကိုယ်ဝန်ဆောင်ခြင်းကို သင်မင်းကြီး သည် ယုံကြည်အံ့လောဟု ဆိုသော် အရှင်ဘုရား၊ ယုံပါ၏၊ ယုံ ကြောင်းကား ကစုံတခုသော စားဘွယ် သောက်ဘွယ် လျက်ဘွယ် ခဲဘွယ်သည် ရှိ၏၊ ထိုစားဘွယ် သောက်ဘွယ် လျက်ဘွယ် ခဲဘွယ် သည် ရေကြည်တည်ရာသို့သက်၍ ရေကြည်တည်ရာသို့ရောက်သော်၊ ထိုစားဘွယ်ဟူသမျှသည် ပွါးခြင်းသို့ရောက်၏၊ အရှင်ဘုရား၊ ဥပမာ သော်ကား၊အမှတ်မရှိစီးသော အလုံးစုံသောမြစ်တို့သည် မဟာသမုဒ္ဒ ရာသို့ ရဝေ လေ၏၊ တည်ရာသမုဒ္ဒရာသို့ရောက်သော် ပွါးများကုန်သကဲ့ သို့ ထို့အတူ အရှင်ဘုရား၊တစုံတခု စားဘွယ် သောက်ဘွယ် လျက် ဘွယ် ခဲဘွယ်သည်ရှိ၏၊ထိုအလုံးစုံတို့သည် ရေကြည်ရာသို့ သက်၏၊ ရေကြည်ရာအရပ်သို့ ရောက်သော် ပွါးများ၏၊ ထိုအဖို့ကြောင်းကြောင့် တကာတော်တို့သည် ခံတွင် သို့ရောက်သဖြင့် ကိုယ်ဝန်တည်ခြင်းသည် ဖြစ်၏ဟု ယုံမှတ်ပါ၏ဟူ၍ ဆိုသော် မင်းကြီး၊ သင်မင်းကြီးသည်

ခံတွင်းဖြင့် သုက် နှင့်တကွသော ကျင်ငယ်ကို သောက်ခြင်းဖြင့်လည်း နှစ်ယောက်သောသူတို့ အညီအညွတ် ဖြစ်၏ဟု ငါ၏အယူသို့ မြဲစွာ ရောက်၏၊ မင်းကြီး သံကိစ္စသတို့သား, ဇာသိသိဂ်ရသေ့, ကုမာရကဿပ မထေရ်တို့၏ ပဋိသန္ဓေသို့ သက်ခြင်းကို ဝန်ခံလော့ဟုဆိုလျှင်၊ အရှင်ဘုရား၊ သုံးပါးသောအစည်းအဝေးသို့ အညီအညွတ် သက်ရာသော ကြောင့် ဝန်ခံပါ၏ဟုဆို၏။

(ရှင်ကုမာရကဿပမထေရ်၏အမိဘိက္ခုနီမသည် သုက်ကိုခံတွင်းသို့,အချို့ကိုယောနိသို့သွင်းခြင်းသည် အညီအညွတ်စည်းဝေးခြင်းသို့ရောက်သည်ဟု တအင်္ဂါ၊ ဥတုလာ၍ စဲသည်လည်း တအင်္ဂါ၊ ရှင်ကုမာရကဿပ ပဋိသန္ဓေသို့ရောက်သည်လည်း တအင်္ဂါ၊ ဤသို့လျှင် အင်္ဂါသုံးပါးဖြစ်သည်၊ ရသေ့နှစ်ယောက်တို့၏သုက်နှင့်တကွ ကျင်ငယ်ကို သောက်သော သမင်မနှစ်စီးတို့၌ အင်္ဂါသုံးပါးစီဟုအယူရှိ၍ အယူတူသောအဖြစ်ကို မိလိန္ဒမင်း ဝန်ခံသည်၊ မေးရင်းပြဿနာ၌ သုဝဏ္ဏသျှံသတို့သား,မဏ္ဍဗျလုလင်တို့ကို အင်္ဂါသုံးပါး မရှိ၊ အင်္ဂါနှစ်ပါးသာရှိသည်ထင်၍မေးရင်းဖြစ်သည်။ ။ဤကားစကားချပ်။)

ထိုမေးရင်းပြဿနာကို ဖြေလို၍ မင်းကြီး၊ သုဝဏ္ဏသျှံသတို့သား, မဏ္ဍဗျလုလင်တို့သည်လည်း သုံးပါးသောအစည်းအဝေးသို့ ဝင်ကုန်၏၊ တကိစ္စထည်းသာ ဖြစ်ကုန်၏၊ ထိုစကား၌ ဖြစ်ကြောင်းကို ငါဆိုဦးအံ့ဟုဆို၍ အကျယ်ပြပြန်၏၊ မင်းကြီး၊ ဒုကူလရသေ့, ပါရိကာရသေ့မနှစ်ယောက်တို့သည် တောအရပ်၌နေကုန်လျက် ဆိတ်ငြိမ်ခြင်းသို့ ညွတ်သောစိတ်ရှိကုန်၍ မြတ်သောတရားကိုရှာကုန်သော အကျင့်အာနုဘော် တန်ခိုးအားဖြင့် ဗြဟ္မာ့ပြည်တိုင်အောင် ထိတ်လန့်ကုန်၏၊ ထိုအခါနတ်တို့ကိုအစိုးရသော သိကြားမင်းသည် ညနံနက် ထိုရသေ့တို့၏အထံသို့ လာ၏၊ ထိုသိကြားမင်းသည် ထိုရသေ့တို့အား ရှိသေခြင်းသို့ ရောက်သော မေတ္တာဖြင့် စုံစမ်းဆင်ခြင်လတ်သော် လာလတ္တံ့သောကာလ၌ ထိုရသေ့နှစ်ယောက်တို့၏ မျက်စိကွယ်လတ္တံ့သည်ကို မြင်၍ အိုအရှင်ရသေ့တို့၊ တခွန်းသောစကားကို လိုက်နာပါကုန်၊ ကျွန်ုပ်တောင်းပန်ပါ၏၊ တယောက်သောသားကိုဖြစ်ပါစေကုန်၊ ထိုသားသည်ရှင်ရသေ့တို့အား အလုပ်အကျွေး အစွဲအလမ်းဖြစ်လတ္တံ့ဟုဆိုသော် သင်သိကြားမင်း၊ ဤသို့သောစကားကိုမဆိုသင့်ဟု ထိုရသေ့တို့သည် ထိုသိကြားမင်း၏ စကားကို ဝန်မခံကုန်၊ သိကြားမင်းသည် အစဉ်အတိုင်း ကရုဏာမေတ္တာ ရှိ၍ နှစ်ကြိမ်သုံးကြိမ်ဆိုသော် သင်သည်ငါတို့ကို အကျိုးမရှိသည်၌ မ

တိုက်တွန်းပါလင့်၊ ဤကိုယ်သည်အဘယ်ကာလ၌ပျက်စီးလတ္တံ့နည်း၊ ဤ
ကိုယ်သည်ပျက်စီးသော်လည်း ပျက်စီးစေ၊ ပျက်စီးတတ်သောသဘော
တည်း၊ မြေကြီးသည် ကွဲပြိုပျက်စီးသော်လည်း ပျက်စီးစေ၊ မြင့်မိုရ်
တောင်သော်လည်း လည်းစေ၊ ကောင်းကင်ကွဲသော်လည်း ကွဲစေ၊
နေမိမာန် လမိမာန် မြေသို့ကျသော်လည်းကျစေ၊ ငါတို့သည်လောကီ
လူတို့တရားဖြင့်မမှိဲကုန်ပြီ၊ သင်သည် ငါတို့၏ အထံသို့ အချဉ်းအကပ်
မရောက်လာလင့်၊ သင်သည် အကျွမ်းတဝင်ပြုလာ၍ အကျိုးမရှိသည်ကို
ကျင့်သည် ထင်၏ဟုဆိုကြကုန်၏၊ ထို့နောင် သိကြားမင်းသည် ထိုသူ
တို့၏စိတ်ကိုမရသည်ဖြစ်၍ ရိုသေကိုင်းညွှတ်စွာလက်အုပ်ချီ၍ အိုရှင်
ရသေ့တို့၊ အကျွန်ုပ်စကားကိုလိုက်နာပြုခြင်းငှါ အကယ်၍ မစွမ်းနိုင်
ကုန်အံ့၊ အကြင်အခါ ပါရိကာရသေ့မ သည် ပန်းဟု ဆိုအပ်သော
ဥတုလာ၍စဲ၏၊ ထိုအခါဒုကူလရသေ့သည်လက်ျာလက်မဖြင့် ပါရိကာ
ရသေ့မ၏ချက်ကိုသုံးသပ်ပါလော့၊ ထိုသို့သုံးသပ်ခြင်းကြောင့် ကိုယ်ဝန်
ရလတ္တံ့၊ ဤကိုယ်ဝန်သည် အညီအညွတ် စည်းဝေးမိသော ကြောင့်
သာလျှင် ရပါလတ္တံ့ဟုသိကြားမင်းဆိုသော် သိကြားမင်း၊ ထိုစကား
ကိုငါလိုက်နာအံ့သောငှါတတ်နိုင်၏၊ ထိုသို့ချက်ကို သုံးသပ် ကာမျှဖြင့်
ငါတို့အားကျင့်ဝတ်တရားသည်မပျက်ဟုဝန်ခံလေ၏၊ ထိုအခါတာဝတိံ
သာနတ်ပြည်၌ဆည်းပူးအပ်သော ကုသိုလ်များစွာအရင်းရှိသော ကုန်
ပြီးသော အသက်ကြွင်းရှိသော နတ်သားသည် စင်စစ်သော်ကား
စကြာဝတေးမင်း၏အမျိုး၌အလိုရှိတိုင်း ပဋိသန္ဓေသို့ သက်ခြင်းငှါစွမ်း
နိုင်၏၊ ထိုအခါ သိကြားမင်းသည် အချင်းနတ်သား၊ အကျိုးစီးပွါးကို
အလိုရှိ၍ ချဉ်းကပ်ပါသည်၊ အချင်းနတ်သားအား မွေ့လျော်ဘွယ်ရှိ
သောအရပ်၌ပဋိသန္ဓေနေရလတ္တံ့၊ ကောင်းသောမိခင်ဘခင်တို့ကြောင့်
ကြီးရင့်ရပါလတ္တံ့၊ ငါ၏စကားကိုလိုက်နာပါလော့ဟု ဦးခေါင်းထက်
လက်အုပ်ချီ၍နှစ်ကြိမ်, သုံးကြိမ် တောင်းပန်သော် အလောင်းနတ်
သားလည်း သိကြားမင်းအားအဘန်တလဲလဲတောင်းပန်၏၊ တောင်းပန်
၍မရသာမှထိုအမျိုးသည် အဘယ်အမျိုးနည်းဟုဆို၏၊ အလောင်းနတ်
သား၊ ဒုကူလ ပါရိကာတို့သည် ရသေ့ အမျိုးတည်းဟု ဆိုသော်
အလောင်းနတ်သားသည် သိကြားမင်းစကားကိုကြား၍ နှစ်သက်စွာ
အချင်းသိကြားမင်း၊သင်၏အလိုကိုငါဝန်ခံ၏၊ အမျိုးသည်အလွှာ ဇ အမျိုး၊

ဇလာဗုဇအမျိုး၊ သံသေဒဇအမျိုး၊ ဩပပါတိက အမျိုးဟု လေးပါးရှိ၏၊ အဘယ် အမျိုးဖြင့်•ဖြစ်ရအံ့နည်း၊ သိကြားမင်း တောင့်တသည့်အတိုင်းငါသည်ပဋိသန္ဓေနေအံ့ဟုဆိုသော် အချင်းနတ်သား၊ဇလာဗုဇအမျိုး၌ဖြစ်ပါလော့ဟုဆို၏၊ မိလိန္ဒမင်းကြီး၊ထို့နောင်သိကြားမင်းသည်ဖြစ်အံ့သောနေ့ရက်ကိုရေတွက်၍ ဒုကူလရသေ့အားဤမည်သောနေ့၌ပါရိကာရသေ့မသည် ဥတုလာ၍ စဲလိမ့်မည်၊ ထိုနေ့၌ ရှင်ရသေ့သည်လက်ျာလက်မဖြင့် ချက်ကိုသုံးသပ်ပါလော့ဟုဆို၏၊ မင်းကြီး၊ ထိုချိန်းချက်သောနေ့၌ပါရိကာရသေ့မသည် ဥတုလာ၍စဲ၏၊ အလောင်းနတ်သားသည် ထိုပါရိကာ ရသေ့မ၏ ဝမ်းမှ ရှေးရှု ထင်လာ၏၊ ဒုကူလရသေ့သည်လည်း လက်ျာလက်မဖြင့် ရသေ့မ၏ ချက်ကို သုံးသပ်၏၊ ဤသည်လျှင်အင်္ဂါသုံးပါး အညီအညွတ်အစည်းအဝေးသည်ဖြစ်ကုန်၏၊ ချက်ကို သုံးသပ်သဖြင့် ရသေ့မအား ရာဂသည် ထင်ရှားစွာ ဖြစ်၏၊ ထိုဖြစ်သော ရာဂသည် ချက်ကို သုံးသပ်ခြင်း ကိစ္စကြောင့်ဖြစ်၏၊ သင်မင်းကြီးသည် အစည်းအဝေးသန္နိပါတ အင်္ဂါကိုအဖွားစာရကိုသာ မမှတ်လင့်၊မင်းကြီး၊ သန္နိပါတ အစည်းအဝေး လက္ခဏာသည်ရယ်မောခြင်းလည်း သန္နိပါတမည်၏၊ပြောဟောခြင်းလည်းသန္နိပါတမည်၏၊ စိန်းစိန်းကြည့်ခြင်းလည်း သန္နိပါတမည်၏၊ ရာဂ၏ဖြစ်ခြင်း၌ရှေ့အတို့ ညီညွတ်ခြင်းသည်ဖြစ်၏၊ အညီအညွတ် ဖြစ်ခြင်းကြောင့်ပဋိသန္ဓေသည် သုံးသပ်ခြင်း အခါ၌ဖြစ်၏၊ မင်းကြီး၊ အချင်းခပ်သိမ်းလွန်ကျူးမှသာ ပဋိသန္ဓေနေသည်မဟုတ်၊ သုံးသပ်ကာမျှဖြင့်လည်းပဋိသန္ဓေနေသည်ဖြစ်၏၊ မင်းကြီး၊ ဥပမာသော်ကား ပြောင်ပြောင်တောက်သောမီးကျီးသည် မသုံးသပ်သော်လည်း အနီးသို့ ချဉ်းကပ်လာသော သူအား ချမ်းသာကိုဖျောက်နိုင်ပယ်နိုင်သကဲ့သို့ ထို့အတူမင်းကြီး၊ မလွန်ကျူးသော်လည်း သုံးသပ်ကာမျှဖြင့် ကိုယ်ဝန် ပဋိသန္ဓေသည် နေ၏၊ မင်းကြီး၊ ထိုသို့သက်ခြင်းဆောင်ခြင်းသည် ကံတရား၏အစွမ်းဖြင့်၎င်း, ယောနိ၏ အစွမ်းဖြင့်၎င်း, အမျိုး၏ အစွမ်းဖြင့်၎င်း, တောင်းပန်အပ်သည်၏ အစွမ်းဖြင့်၎င်း, ဤလေးပါးတို့၏ အစွမ်းသတ္တိအားဖြင့် သတ္တဝါတို့အား ပဋိသန္ဓေနေသည်ဖြစ်၏၊ စင်စစ်သော်ကား ထိုသတ္တဝါအပေါင်းတို့သည် ကံကြောင့်ဖြစ်ကုန်၏၊ ကံဘရားသာလျှင်ဖြစ်ကြောင်းရှိကုန်၏။

**ယောနိ ၄ မျိုး**.... မင်းကြီး၊ ကံ၏ အစွမ်းဖြင့် အဘယ်သို့လျှင် သတ္တဝါတို့သည် ပဋိသန္ဓေ နေသနည်းဟူမူကား မင်းကြီး၊ များသော ကုသိုလ်ရှိသော သူတို့သည် ခတ္တိယ မဟာသာလအမျိုး၌ရင်း, ဗြာဟ္မဏမဟာသာလအမျိုး၌ရင်း, ဂဟပတိ မဟာသာလအမျိုး၌ရင်း, နတ်ပြည်တို့၌ရင်း, အဏ္ဍဇယောနိ, ဇလာဗုဇယောနိ,သံသေဒဇယောနိ, ဩပပါတိကယောနိအမျိုး၌ရင်း,အလိုရှိတိုင်းဖြစ်နိုင်ကုန်၏၊မင်းကြီး၊ ဥပမာသော်ကား ကြွယ်ဝများသော အသုံးအဆောင်,များသော ရွှေငွေဥစ္စာစပါး, များသောဆွေမျိုးဉာတိရှိသော သူသည် ကျွန်မိန်းမ, ကျွန်ယောကျ်ား,လယ်ယာရွာနိဂုံးဇနပုဒ်ဖြစ်သော တစုံတခုကို စိတ်ဖြင့်တောင့်တလိုချင်ခြင်းသည် ဖြစ်အံ့၊ နှစ်ဆထက် သုံးဆထက်ဥစ္စာကို ပေး၍ဝယ်နိုင်သကဲ့သို့ ထို့အတူ မင်းကြီး၊ များစွာသော ကုသိုလ်ရှိသော သူတို့သည် အလိုရှိသောအမျိုး၌ဖြစ်နိုင်ကုန်၏၊ ဤသို့လျှင် ကံ၏အစွမ်းဖြင့် သတ္တဝါတို့အား ပဋိသန္ဓေနေခြင်းဖြစ်၏။

မင်းကြီး၊ယောနိ၏အစွမ်းဖြင့် သတ္တဝါတို့အား အဘယ်သို့ ပဋိသန္ဓေနေရသနည်းဟူမူကား မင်းကြီး၊ ကြက်မတို့အား လေဖြင့် ကိုယ်ဝန်တည်၏၊ဥဗျိုင်းမတို့အား မိုးသံဖြင့်ကိုယ်ဝန်တည်၏၊ ခပ်သိမ်းသော နတ်တို့လည်း ဂဗ္ဘသေယျက သတ္တဝါမဟုတ်ကုန်၊ထိုနတ်တို့အား အထူးထူးသော အနွယ်ဖြင့် ပဋိသန္ဓေနေ၏၊မင်းကြီး၊ဥပမာသော်ကား လူတို့သည် အထူးထူးသော အဆင်းသဏ္ဌာန်ဖြင့် မြေ၌ သွားကုန်၏၊ အချို့သောလူတို့သည် ရှေ့ကိုယ်ကို ဖုံးလွှမ်းကုန်၏၊ အချို့သောလူတို့သည် နောက်ကိုယ်ကို ဖုံးလွှမ်းကုန်၏၊ အချို့သောသူတို့သည် အချည်းနှီး အဝတ်မဝတ်ကုန်၊အချို့သောသူတို့သည် ဦးပွန်းထုံးကုန်၏၊အချို့သောသူတို့သည်အထပ်များစွာအဝတ်ကိုဝတ်ကုန်၏၊အချို့သော. သူတို့သည် ဥသျှောင်ကို ထုံးကုန်၏၊ အချို့သောသူတို့သည် ဖန်ရည်ဆိုးသော ပုဆိုးကို ဝတ်ကုန်၏၊ အချို့သောသူတို့သည် ဖန်ရည်စွန်းသော ပုဆိုးကို ဝတ်ဆင်လျက် ဥသျှောင်ထုံးကုန်၏၊ အချို့သောသူတို့သည် ဆံကျစ်ထုံးကုန်လျက် လျှော်ပုဆိုးတို့ကို ဝတ်ကုန်၏၊ အချို့သောသူတို့သည် တရေကိုနှာလိုကုန်၏၊အချို့သောရသေ့တို့သည် သစ်ရွက်ကို ဝတ်ကုန်၏၊အလုံးစုံကုန်သောလူတို့သည် အထူးထူးသော အဆင်းသဏ္ဌာန်ဖြင့်

မြေ၌ သွားကုန်သကဲ့သို့ မင်းကြီး၊ ခပ်သိမ်းသော သတ္တဝါတို့သည် အထူးထူးသော သဘောဖြင့် ပဋိသန္ဓေရှိကုန်၏။

မင်းကြီး၊ အမျိုး၏အစွမ်းဖြင့် သတ္တဝါတို့အား အဘယ်သို့ ပဋိသန္ဓေ နေသနည်းဟူမူကား မင်းကြီး၊ အမျိုးတို့သည် အဏ္ဍဇအမျိုး, ဇလာဗုဇ အမျိုး, သံသေဒဇအမျိုး, ဩပပါတိကအမျိုးဟူ၍ လေးပါးရှိကုန်၏၊ ထိုလေးပါးတို့တွင် ပဋိသန္ဓေသို့ရောက်အပ်သောသူတို့သည် အမှတ်မရှိ သောအမျိုးမှလာ၍ အဏ္ဍဇအမျိုး၌ အကယ်ဖြစ်အံ့သော သတ္တဝါသည် ထိုလေးပါးသောအမျိုးတွင် အဏ္ဍဇအမျိုး၌ဖြစ်၏၊ ဇလာဗုဇအမျိုး၌ သော်ရင်း,သံသေဒဇအမျိုး၌သော်ရင်း,ဥပပါတ်အမျိုး၌သော်ရင်း,ထိုသို့ သော အမျိုးတို့၌ သဘောတူကုန်၍သာလျှင် ဖြစ်ကုန်၏။ ။မင်းကြီး၊ ဥပမာသော်ကား ရွှေဖြင့်ပြီးသော မြင့်မိုရ်တောင်ကို အမှတ်မရှိသော ငှက်တို့သည် ချဉ်းကပ်ကုန်၏၊ ထိုအလုံးစုံသောငှက်တို့သည် မိမိ၏ အဆင်းကိုစွန့်၍ ရွှေအဆင်းရှိကုန်သကဲ့သို့ မင်းကြီး၊ထို့အတူ အမှတ်မရှိ ပဋိသန္ဓေနေအံ့သော သတ္တဝါသည် အမှတ်မရှိသော အမျိုးမှလာ၍ အဏ္ဍဇအမျိုးသို့ ကပ်သော် သဘောအဆင်းကို စွန့်၍ အဏ္ဍဇဖြစ်၏၊ ဇလာဗုဇအမျိုး၌သော်လည်း ဖြစ်၏၊ သံသေဒဇအမျိုး၌သော်လည်း ဖြစ်၏၊ ဥပပါတ်အမျိုး၌သော်လည်းဖြစ်၏၊ ထိုထိုအမျိုး၌ဖြစ်သောအခါ မိမိသဘောကိုစွန့်၍ဖြစ်လေ၏၊မင်းကြီး၊ ဤသို့လျှင် အမျိုး၏အစွမ်းဖြင့် သတ္တဝါတို့အား ပဋိသန္ဓေသို့သက်သည်ဖြစ်၏။

မင်းကြီး၊တောင်းပန်သည့်၏အစွမ်းဖြင့် သတ္တဝါတို့အားပဋိသန္ဓေသို့ သက်ခြင်း အဘယ်သို့ဖြစ်သနည်းဟူမူကား မင်းကြီး၊ ဤမည်သော အမျိုး၌သားသမီးမရှိ၊ များစွာဥစ္စာနှစ်လည်းရှိ၏၊ သဒ္ဓါကြည်ညိုခြင်းလည်း ရှိ၏၊သီလသီတင်းကောင်းသော အကျင့်တရားလည်းရှိ၏၊ ငြိမ်းခြံသော ဥပုသ်သီတင်း အကျင့်ကိုလည်းမိရ၏၊ များသော ကုသိုလ်ရှိသော နတ်သားသည်လည်း စုတေအပ်သော သဘောရှိ၏၊ထိုအခါ သိကြားမင်းသည် ထိုအမျိုးအား သနားကရုဏာရှိသဖြင့် ထိုနတ်သားကို အချင်း နတ်သား၊ ဤမည်သောအမျိုးအား မိဖုရား၏ဝမ်းသို့ သွား ပါလေလော့ဟု တောင်းပန်၏၊ထိုနတ်သားသည် ထိုသိကြားမင်း၏ တောင်းပန်ခြင်းလျှင် အကြောင်းရှိသည်ဖြစ်၍လည်း ထိုသိကြားမင်း ညွှန်ပြအပ်သောအမျိုးကို ဆုတောင်း၍ စုတေ၏၊ပဋိသန္ဓေသို့ သက်လေ၏၊မင်းကြီး၊ဥပမာသော်

ကာ ကောင်းမှုကို အလိုရှိသော နှလုံးကို ပွါးစေနှစ်သက်စေတတ်သော ရဟန်းတို့ကို တောင်းပန်ပင့်ဘိတ်၍ အိမ်သို့ဆောင်ကုန်၏၊ ဤရဟန်းသည် အိမ်သို့ရောက်သော် အလုံးစုံသော အမျိုးအား ချမ်းသာကို ဆောင်သည်ဖြစ်သကဲ့သို့ မင်းကြီး၊ ထို့အတူ သိကြားမင်းသည် ထိုအသောင်းနတ်သားကို တောင်းပန်၍ ထိုအမျိုးသို့ ဆောင်၏၊ ဤသို့လျှင် တောင်းပန်သည်၏အစွမ်းဖြင့် သတ္တဝါတို့အား ပဋိသန္ဓေသို့သက်သည်ဖြစ်၏၊မင်းကြီး၊သုဝဏ္ဏသျှံသတို့သားကို သိကြားမင်းသည် တောင်းပန်အပ်သည်ဖြစ်၍ ပါရိကာမည်သော ရသေ့မ၏ဝမ်းသို့ ရောက်သည်ရှိသော် မင်းကြီး၊သုဝဏ္ဏသျှံသတို့သားသည် ပြုအပ်သောကုသိုလ်တရားရှိ၏၊ မိခင်ဘခင်တို့သည်လည်း သီလနှင့်ပြည့်စုံသည်ဖြစ်၍ ကောင်းသော အကျင့်လည်း ရှိကုန်၏၊ သိကြားမင်း တောင်းပန်သောကြောင့် ရောက်လာ၏၊ သုံးယောက်သားတို့ တောင့်တသော စိတ်အလိုတူကြသောကြောင့် သုဝဏ္ဏသျှံသတို့သားဖြစ်၏။ ။မင်းကြီး၊ ဥပမာသော်ကား ဤလူ့ပြည်၌ လိမ္မာသောယောကျ်ားသည် ကောင်းစွာ ထွန်ယက်အပ်ပြီးသော အစဉ်အတိုင်း စိုက်ပျိုးအပ်သော လယ်၌ မျိုးစေ့တို့ကို စိုက်ပျိုးအံ့၊အန္တရာယ်မရှိသော ထိုမျိုးစေ့အား မိုးရွာသဖြင့် အန္တရာယ်ဖြစ်ရာသလောဟုဆိုသော် အရှင်ဘုရား၊ထိုမျိုးစေ့အား အန္တရာယ်ရှိ၏ဟုမဆိုသာချေ၊ အန္တရာယ်မရှိသည်ဖြစ်၍ ထိုမျိုးစေ့အား လျင်စွာရောက်ရာ၏ဟုဆိုသော် မင်းကြီး၊ထို့အတူ သုဝဏ္ဏသျှံသတို့သားသည် ဖြစ်ခြင်းအန္တရာယ်တို့မှ ကင်း၍ သုံးယောက်သောသူတို့၏ အလိုဆန္ဒတောင့်တသောအားဖြင့်ဖြစ်၏၊ မင်းကြီး၊ သင်မင်းကြီးသည် ရသေ့တို့အား ပြစ်မှားသောကြောင့် ကြွယ်ဝပြန့်ပြောသော ဇနပုဒ်သည် ပျက်စီးဘူး၏ဟူသော စကားကို ကြားဘူး၏လောဟုဆိုသော် အရှင်ဘုရား မြေအပြင်၌ ဒဏ္ဍကီပြည်သည် တောဖြစ်သည်၊ ကာလိင်္ဂရာဇ်ပြည်သည် တောဖြစ်သည်၊မာတင်္ဂပြည်သည်တောဖြစ်သည်၊ ဤသို့လျှင် ထိုအလုံးစုံသောပြည်သည်တောချည်းဖြစ်လေသည်ဟူ၍ ကြားဘူးပါ၏၊ ထိုအလုံးစုံသောပြည်တိုင်းကား ဇနပုဒ်သားတို့သည် ရသေ့တို့အား ပြစ်မှားသောကြောင့် ပျက်စီးကုန်ခန်းခြင်းသို့ ရောက်ကုန်၏ဟုဆိုသော် မင်းကြီး၊ထိုရသေ့တို့အား ပြစ်မှားသောကြောင့် ကြွယ်ဝပြန့်ပြော စည်ပင်သောတိုင်းကား ဇနပုဒ်တို့သည် အကယ်၍ ပျက်စီးကုန်၏၊စင်စစ်သော်ကား

ထိုရသေ့ရဟန်းတို့အား နှလုံးကြည်ညို သဒ္ဓါမြတ်နိုးသဖြင့် တစုံတခု သော ချမ်းသာဖြစ်ရာသလော့ဟုဆိုလျှင် အရှင်ဘုရား၊ ရသေ့ရဟန်းတို့ အား သဒ္ဓါမြတ်နိုးသဖြင့် ချမ်းသာသည်ပင် ဖြစ်ရာ၏ဟု ဆိုသော် မင်း ကြီး၊ ထို့ကြောင့်လျှင် သုဝဏ္ဏသျှံသတို့သားသည် သုံးယောက်သော သူတို့၏ စိတ်ကြည်လင်သဖြင့် ဖြစ်၏၊ ရသေ့ဘန်ဆင်းသည်လည်းမည် ၏၊ သိကြား နတ် ဘန်ဆင်းသည်လည်းမည်၏၊ ကောင်းမှုကုသိုလ်ဘန် ဆင်းသည်လည်းမည်၏၊ မင်းကြီး၊ ဤသို့သောအကြောင်းကို မှတ်လေ လော့၊ မင်းကြီး၊သုံးယောက်သော နတ်သားတို့သည် နတ်အပေါင်းကို အစိုးရသော သိကြားမင်းသည် တောင်းပန်အပ်သည်ဖြစ်၍ ထိုထိုအမျိုး၌ ဖြစ်ကုန်၏၊အဘယ်သုံးယောက်နည်းဟူမူကား သုဝဏ္ဏသျှံသတို့သား, မဟာပနာဒမင်းသား, ကုသမင်း, ထိုသုံးယောက်သော ဘုရားလောင်း တို့သည် သိကြားမင်းတောင်းပန်၍အမျိုး၌ ဖြစ်ကုန်၏ဟုဆိုလျှင် အရှင် ဘုရား၊ သုဝဏ္ဏသျှံသတို့သား, မဟာပနာဒမင်းသား, အစရှိကုန်သော ဘုရားလောင်းတို့၏သိကြားမင်းတောင်းပန်၍ ပဋိသန္ဓေသို့ သက်ခြင်းကို ကောင်းစွာပြအပ်သည်၊ အကြောင်းကိုကောင်းစွာ ဆိုအပ်သည်ဖြစ်၍ အရိုက်တိုက်ကို ဖျောက်ပယ်၍ အလင်းကိုပြုတော်မူအပ်ပြီ၊ အထွေး အရှက်ကို ဖြေတော်မူအပ်ပြီ၊ပရဝါဒီပုဂ္ဂိုလ်တို့၏ အယူကိုထုတ်တော် မူအပ်ပြီ၊ဤသို့သောအကြောင်းစကားကို အရှင်ဘုရား ဆိုတော်မူတိုင်း တကာတော်ဝန်ခံပါ၏ဟု ဝန်ခံလေ၏။

ဂဗ္ဘာဝက္ကန္တိပဥ္စာပြီး၏။

---

## ၆၃။ သဒ္ဓမ္မန္တိရစာနုပဥ္စာ

**ကိုးကွယ်သူလူထုနှင့် သာသနာတည်မှု**......မိလိန္ဒမင်းသည် အရှင် ဘုရား၊ဘုရားရှင်သည် အာနန္ဒာ၊အနှစ်ငါးထောင်တို့ပတ်လုံးသူတော်ကောင်းတရား တည်လတ္တံ့ ဟူသောစကားကိုလည်း ဟောတော်မူအပ်၏။

ပဉ္စေဝ ဒါနိ အာနန္ဒ ဝဿသတာနိ သဒ္ဓမ္မော ဌဿတိ။

အာနန္ဒ၊အာနန္ဒာ။ဒါနိဣဒါနိ၊ဤငါဘုရားသာသနာတော်၌၊ သဒ္ဓမ္မော၊ သူတော်ကောင်းတရားသည်။ပဉ္စေဝဝဿသတာနိ၊အနှစ်ငါးရာတို့ပတ်

လုံး။ဠသတိ၊တည်လတ္တံ့။ ။ဤသို့ ဂမြတ်စွာဘုရားသည် ဤသို့သော စကားကိုဟောတော်မူအပ်၏။ (ဤလည်းတစ္စန်းထွက်၏။)

အရှင်ဘုရား၊တဘာန်တုံလည်း ဘုရားရှင် ပရိနိဗ္ဗာန်ပြုတော်မူအံ့သော ကာလ၌ သုဘာဒ်အမည်ရှိသော ပရိဗိုဇ်ရဟန်းသည် ပြဿနာကိုမေး အပ်သည်ရှိသော် ဘုရားရှင်သည် အိုသုဘာဒ်၊ ဤရဟန်းတို့သည်ကောင်း စွာကျင့်၍နေကုန်သည်ဖြစ်အံ့၊ လောကသည် ရဟန္တာတို့မှ မဆိတ်ညံ့ သည်ဖြစ်၏ဟု ဟောတော်မူအပ်၏။ ။ဟောတော်မူဟန်ကား–

ဣမေစ သုဘဒ္ဒ ဘိက္ခူသမ္မာဝိဟရေယျုံ၊အသုညော လော ကော အရဟန္တေဟိ အဿ။

သုဘဒ္ဒ၊ အိုသုဘာဒ်ပရိဗိုဇ်။ ဣမေဘိက္ခူ၊ ဤရဟန်းတို့သည်။ သမ္မာ၊ ကောင်းစွာ။ ဝိဟရေယျုံ၊ ကျင့်၍နေကုန်အံ့။ လောကော၊ လောက သည်။ အရဟန္တေဟိ၊ ရဟန္တာတို့မှ။ အသုညော၊ မဆိတ်ညံ့သည်။ အဿဘဝေယျ၊ဖြစ်ရာ၏။ဟုဟောတော်မူအပ်၏ (ဤလည်းတစ္စန်းထွက်၏။)

အရှင်ဘုရား၊ ဤစကားတော်နှစ်ပြင်သည် အကြွင်းရှိသည်ဖြစ်မည် လော၊ အကြွင်းမရှိသော စကားတော်ဖြစ်မည်လော၊ မချစကားတော် ဖြစ်မည်လောဟုမေး၍ အရှင်ဘုရား၊ လာခြင်းကောင်းသောဘုရားရှင် သည် အာနန္ဒာ၊ သူတော်ကောင်းတရားသည် အနှစ်ငါးရာပတ်လုံး တည် လတ္တံ့ဟု အကယ်၍ဟောတော်မူအပ်သည်မှန်အံ့၊ ပရိနိဗ္ဗာန်ပြုတော်မူ အံ့သောကာလ၌ သုဘာဒ်ပရိဗိုဇ်အား အိုသုဘာဒ်၊ ဤရဟန်းတို့သည် ကောင်းစွာကျင့်၍ နေကုန်အံ့၊ လောကသည် ရဟန္တာတို့မှ မဆိတ်ညံ့ သည်ဖြစ်ရာ၏ဟု ဟောတော်မူသောစကားတော်သည်ချွတ်ယွင်းရာ၏။

ဤသို့ပရိနိဗ္ဗာန်ယူတော်မူအံ့သော ကာလ၌ သုဘာဒ်ပရိဗိုဇ်အား ဤ ရဟန်းတို့သည် ကောင်းစွာကျင့်၍နေကုန်အံ့၊ လောကသည် ရဟန္တာ တို့မှ မဆိတ်ညံ့သည်ဖြစ်ရာ၏ဟု ဟောတော်မူအပ်သည် မှန်အံ့၊ အာ နန္ဒာ၊ သူတော်ကောင်းတရားသည် အနှစ်ငါးရာတို့ပတ်လုံး တည်လတ္တံ့ ဟူသောစကားတော်သည် မှားရာ၏၊ ဤသို့နှစ်ဘက်အစွန်းထွက်သော ပြဿနာသည် ထွေးရှက်သည်ထက်လည်း အထူးသဖြင့် ထွေးရှက်၏၊ အားကြီးသည်ထက်လည်း အထူးသဖြင့် အားကြီး၏၊ ရစ်ပတ်သည်

ထက်လည်း အထူးသံဖြင့် ရစ်ပတ်၍၊ ထိုပြဿနာသည် အရှင်ဘုရားအား ရောက်၍၊ ထိုပြဿနာ၌ ညဏ်အစွမ်းသတ္တိ၏ ပြန့်ပြောခြင်းကို မဟာသမုဒ္ဒရာ' အလယ်၌သွားသကဲ့သို့ ပြတော်မူလော့ဟု ဆိုသော် မင်းကြီး၊ မြတ်စွာဘုရားသည် အာနန္ဒာ၊ အနှစ်ငါးရာတို့ပတ်လုံး သူတော်ကောင်းတရား တည်လတ္တံ့ဟု ဟောတော်မူအပ်သည်လည်း မှန်၏၊ ပရိနိဗ္ဗာန်ပြုတော်မူခါနီးကာလ၌ သုဘဒ္ဒပရိဗိုဇ်အား အို သုဘဒ္ဒ၊ ဤရဟန်းတို့သည် ကောင်းစွာကျင့်၍နေကုန်အံ့၊ လောကသည် ရဟန္တာတို့မှမဆိတ်ညံသည်ဖြစ်ရာ၏ဟု ဟောတော်မူအပ်သည်လည်း မှန်၏၊ မင်းကြီး၊ ဘုရားရှင်၏ ထိုစကားတော် နှစ်ပြင်သည် အထူးထူးသောသဒ္ဒါရှိသည်လည်း ဖြစ်၏၊ ဤအပိုင်းအခြားသည် သာသနာတော်၏ အပိုင်းအခြားဖြစ်သည်၊ ဤအပိုင်းအခြားသည် ပရိယတ္တိ သာသနာတော်၏အပိုင်းအခြားဖြစ်သည်ဟု ဟောအပ်သောကြောင့် သဒ္ဒါလည်း အထူးထူးရှိသည်၊ အနက်လည်း အထူးထူး ရှိသည်ဟုဆို၍ မင်းကြီး၊ နှစ်ပါးသောအဆုံးအဖြတ်သည် အချင်းချင်းဝေးကြ၏၊ မင်းကြီး၊ ဥပမာသော်ကား မြေမှကောင်းကင်သည် ဝေးသကဲ့သို့, နတ်ပြည်မှငရဲသည် ဝေးသကဲ့သို့ အကုသိုလ်မှလည်း ကုသိုလ်သည် ဝေးသကဲ့သို့, ဆင်းရဲမှ ချမ်းသာသည် ဝေးသကဲ့သို့ ထို့အတူ မင်းကြီး၊ ထိုနှစ်ပါးသောအဆုံးအဖြတ်သည် ဝေးကြ၏ဟုဆို၍ မင်းကြီး၊ သင်မင်းကြီး၏ပြဿနာသည် အချည်းနှီးမဖြစ်စေမူ၍နှိုင်းချိန်နှီးနှော၍ ငါပြောအံ့ဟုဆို၍မင်းကြီး၊ ဘုရားရှင်သည်အာနန္ဒာ၊ အနှစ်ငါးရာတို့ပတ်လုံး သူတော်ကောင်းတရားတည်လတ္တံ့ဟု ဟောတော်မူအပ်သည်မှန်၏၊ မှန်ကြောင်းကား ကုန်လေပြီးသော သာသနာတော်ကိုမပြမူ၍ အကြွင်းကို ပိုင်းခြားတော်မူလိုသောကြောင့် အာနန္ဒာ၊ ဘိက္ခုနီမတို့သည် အကယ်၍ ရဟန်းပြုကြကုန်သည်ဖြစ်အံ့၊ အနှစ်ငါးရာတို့ပတ်လုံး သူတော်ကောင်းတရား တည်လိမ့်မည်ဟု ပိုင်းခြားတော်မူပေ၏၊ မင်းကြီး၊ ဘုရားရှင်သည် ဤသို့ပိုင်းခြား၍ ပြတော်မူကာမျှဖြင့် သူတော်ကောင်းတရားကွယ်ခြင်းကိုသော်လည်း ဟောတော်မူလေသည်မည်သလော၊ မဂ်ဖိုလ်ရခြင်း အဘိသမယကိုသော်လည်း မြစ်တော်မူအပ်သည်ဖြစ်သလောဟုဆိုသော် အရှင်ဘုရား၊ ပိုင်းခြား၍ ပြတော်မူကာမျှဖြင့် သူတော်ကောင်းတရားကွယ်ခြင်း, မဂ်ဖိုလ်ရခြင်း, အဘိသမယကိုမြစ်ခြင်းကိုသော်လည်း ဟောတော်မူလေသည် မမည်

ကောင်းချေဟု ဆိုလျှင် မင်းကြီး၊ ပျောက်သည်ကို ကြားတော်မူ၍ အကြွင်းကို ပိုင်းခြားတော်မူ၏။

မင်းကြီး၊ ဥပမာသော်ကား ဥစ္စာပျောက်သောယောကျ်ားသည် အကြွင်းကိုသိမ်းဆည်း၍ လူအများအား ငါ၏ဥစ္စာဤမျှကား ပျောက်၏၊ ဤမျှကား ကြွင်း၏ဟု ပြသကဲ့သို့ ထို့အတူ မင်းကြီး၊ ဘုရားရှင်သည်နတ်လူတို့အား ပျောက်သောသာသနာတော်ကိုပြတော်မူ၍ ကြွင်းသောသာသနာတော်ကို အာနန္ဒာ၊ အနှစ်ငါးရာတို့ပတ်လုံးသူတော်ကောင်းတရားတည်လတ္တံ့ဟု ဟောတော်မူပေ၏၊ မင်းကြီး၊ ဘုရားရှင်သည် အာနန္ဒာ၊ အနှစ်ငါးရာတို့ပတ်လုံး သူတော်ကောင်းတရားတည်လတ္တံ့ဟု အကြွင်းစကားကိုဟောတော်မူအပ်၏၊ ထိုစကားသည်သာသနာတော်၏အပိုင်းအခြားဖြစ်သည်၊ ပရိနိဗ္ဗာန်ပြုတော်မူအံ့သောအခါ သုဘဒ်ပရိဗိုဇ် ရဟန်း၏ အယူ၌ အရှင်သုဘဒ်၊ ဤရဟန်းတို့သည် ကောင်းစွာကျင့်ကုန်သည်ဖြစ်၍ နေကုန်အံ့၊ လောကသည် ရဟန္တာတို့မှ မဆိတ်ညံ့သည်ဖြစ်ရာ၏ဟု ကြားတော်မူသော အကြွင်းစကားလည်းရှိ၏၊ ဤစကားသည် ပဋိပတ္တိသာသနာတော်ကိုပြုသည်ဖြစ်၏၊ မင်းကြီး၊ သင်မင်းကြီးသည် ထိုသို့သောအပိုင်းအခြားကိုရင်း, ထိုသို့သောပြခြင်းကိုရင်း, တပေါင်းထည်းတကိစ္စထည်းပြုဘိ၏၊ သင်မင်းကြီး အလိုဆန္ဒသည် အကယ်၍ ရှိအံ့၊ တပေါင်းထည်းတကိစ္စထည်း လက္ခဏာရှိဟန်ကို ငါဟောအံ့၊ မတုန်မလှုပ်သောနှလုံးရှိသည်ဖြစ်၍ ကောင်းစွာနှလုံးသွင်း၍ နာလော့ဟုဆို၍ မင်းကြီး၊ ဥပမာသော်ကား ဤလူ့ပြည်၌ အသစ်သောရေဖြင့် ပြည့်သောပိုင်းခြားအပ်သောမြောင်းလည်းရှိသော ရှည်သောအလျားလည်းရှိသော ထက်ဝန်းကျင်ကောင်းစွာပြုအပ်သောတဘက်ဆည်းကန်သည်ရှိ၏၊ မကုန်သောရေရှိသော ထိုတဘက်ဆည်းကန်၌ ရေ၏အထက်၌ သည်းစွာသောမိုးသည် အဘန်တလဲလဲ မပြတ်စပ်ကာစပ်ကာရွာသည်ဖြစ်အံ့၊ မင်းကြီး၊ ထိုတဘက်ဆည်းကန်၌ ရေသည် ကုန်ခြင်း, ခန်းခြင်းသို့ရောက်ရာသလောဟုဆိုသော် အရှင်ဘုရား၊ မကုန်မခန်းနိုင်ရာချေ၊ ဤသို့ဆိုလျှင် မင်းကြီး၊ အဘယ့်ကြောင့် မကုန်မခန်းရာသနည်းဟုဆိုပြန်သော် အရှင်ဘုရား၊ မိုးမပြတ် ရွာသည်၏အဖြစ်ကြောင့်တည်းဟုဆို၏၊ မင်းကြီး၊ ထို့အတူ မာရ်ငါးပါးကိုအောင်တော်

မှုသော မြတ်စွာဘုရား၏မြတ်သော သူတော်ကောင်း တရားတည်းဟူသော တဘက်ဆည်းကန်သည် အကျင့်သီလဂုဏ်,ဝတ်ကြီးဝတ်ငယ်, သန့်ရှင်းစင်ကြယ်သော အသစ်သော ရေတို့ဖြင့် ပြည့်လျှံ၍ အထက်ဘဝဂ်တိုင်အောင် နှံ့၍တည်အံ့၊ ထိုသာသနာတော် တည်းဟူသော တဘက်ဆည်းကန်၌ ဘုရားရှင်သာသနာတော်တို့သည် အကျင့်သီလ ကျေးဇူး,ဝတ်ကြီးဝတ်ငယ်တည်းဟူသော မိုယ်းကို အဘန်တလဲလဲ ရွာစေကုန်အံ့၊ စပ်ကာစပ်ကာဘွဲ့ကုန်အံ့၊ ဤသို့ဖြစ်သည်ရှိသော် သာသနာတော်တည်းဟူသော တဘက်ဆည်းကန်သည် ရှည်စွာသော အခွန့်ပတ်လုံးတည်ရာ၏၊ လောကသည် ရဟန္တာတို့မှ မဆိတ်ညံသည်ဖြစ်ရာ၏၊ ဤသို့သောအနက်ကိုရည်၍ဘုရားရှင်သည်–

ဣမေစသုဘဒ္ဒဘိက္ခူ သမ္မာဝိဟရေယျုံ၊ အသုညောလော
ကောအရဟန္တေဟိအဿ။ ။ဟုဟောတော်မူအပ်၏။

မင်းကြီး၊ ဥပမာသော်ကား။ ။ဤလောက၌ မီးပုံကြီးသည်ပြောင်ပြောင်တောက်လေသော် အဘန်တလဲလဲ မြက်ထင်းခြောက် နွားချေးတို့ကိုရရုံး၍ထည့်ကုန်အံ့၊ ထိုမီးပုံကြီးသည် စင်စစ်ငြိမ်းရာ သလောဟုဆိုသော် အရှင်ဘုရား၊ မငြိမ်းနိုင်ရာချေ၊ ထိုမီးပုံကြီးသည်အတိုင်းထက်အလွန်လျှင်တောက်ရာ၏၊ လွန်စွာထွန်းပရာ၏ဟုဆိုလျှင်မင်းကြီး၊ ထို့အတူ တသောင်းသောလောကဓာတ်၌ ဘုရားရှင် သာသနာတော်မြတ်သည်လည်း သီလအာစာရဂုဏ်ကျေးဇူး, ဝတ်ကြီး ဝတ်ငယ်ဖြင့် ပြောင်ပြောင်တောက်၏၊ ထွန်းပ၏၊ မင်းကြီး၊ထို့ထက် အလွန် ဘုရားရှင်သာသနာတော်တို့သည် ငါးပါးသော ပဓာနိယင်္ဂ တရားတို့နှင့် အကယ်၍ ပြည့်စုံကုန်အံ့၊ မပြတ်လျှင် မမေ့လျော့ကုန်သည်ဖြစ်၍ အားထုတ်ကုန်အံ့၊ သိက္ခာသုံးပါးတို့ကို အလိုဆန္ဒ သဘောရှိကုန်သည်ဖြစ်၍ကျင့်ကုန်အံ့၊ စာရိတ္တသီလ, ဝါရိတ္တသီလ,ကို ပြည့်စုံစွာ ဖြည့်ကုန်အံ့၊ ဤသို့ဖြစ်သည်ရှိသော် ဘုရားရှင် သာသနာတော် မြတ်သည် အတိုင်းထက် အလွန် မြင့်ရှည်စွာသော အခွန့်ပတ်လုံး တည်ရာ၏၊ လောကသည်ရဟန္တာတို့မှမဆိတ်ညံသည်ဖြစ်ရာ၏ဟုဆို၍ မင်းကြီး၊ ထို့အတူ ဘုရားရှင်သာသနာတော်မြတ်သည်ပြကတေ့ အညစ်အကြေး မရှိအပြစ်ကင်း၏၊ကိလေသာတည်းဟူသော အညစ်အကြေး မရှိသည်

ဖြစ်၍ စင်ကြယ်၏၊မင်းကြီး၊ ဘုရားရှင်သာသနာတော်တို့သည် အကျင့်သီတင်း,ဂုဏ်ကျေးဇူး,ဝတ်ကြီးဝတ်ငယ် ခေါင်းပါးသောခုတင် အကျင့်ဖြင့် ထိုဘုရားရှင်သာသနာတော်ကို ကောင်းစွာ ကျင့်ဆောင်ကုန်အံ့၊ ဤသို့ဖြစ်သည်ရှိသော် ဤသာသနာတော်မြတ်သည် ရှည်မြင့်စွာသော အခွန့်ပတ်လုံးတည်ရာ၏၊ လောကသည်ရဟန္တာတို့မှ မဆိတ်ညံသည် ဖြစ်ရာ၏၊ ဤသို့သောအနက်ကိုရည်၍—

ဇူမေစသုဘဒ္ဒဘိက္ခူ သမ္မာဝိဟရေယျုံ၊ အသုညောလောကောအရဟန္တေဟိအဿ။ ။ဟုဟောတော်မူအပ်သတည်း။

မင်းကြီး၊ ဘုရားရှင်သာသနာတော်သည် ပဋိပတ္တိလျှင်အရင်းရှိ၏၊ ပဋိပတ္တိလျှင်အကြောင်းရင်းတည်း၊ ပဋိပတ္တိ မကွယ်သဖြင့် သာသနာတော်တည်၏၊ သာသနာတော်သည် ကျင့်သူရှိက မကွယ်၊ ကျင့်သူမရှိသော်သာ ကွယ်၏ဟုလိုသည်။

**သာသနာကွယ်ခြင်း ၃-မျိုး**……အရှင်ဘုရား၊ သူတော်ကောင်းတရားကွယ်၏ဟူသော အကြင်စကားသည်ရှိ၏၊ ထိုသူတော်ကောင်းတရားကွယ်ခြင်းသည် အဘယ်သို့နည်းဟု မေးပြန်သော် မင်းကြီး၊သာသနာတော်၏ ကွယ်ခြင်းတို့သည် မဂ်ဖိုလ်ရခြင်း၏ ကွယ်ခြင်း,ပဋိပတ္တိ၏ ကွယ်ခြင်း,ရဟန်းအသွင်၏ကွယ်ခြင်းဟူ၍ကွယ်ခြင်း သုံးပါးရှိကုန်၏၊မင်းကြီး၊မဂ်ဖိုလ်ကွယ်သည်ရှိသော် ကောင်းစွာ ကျင့်ငြားသော်လည်း မဂ်ဖိုလ်ကို ရသည်မဖြစ်၊ ပဋိပတ္တိကွယ်သည်ရှိသော် သိက္ခာပုဒ်တော်ကွယ်၏၊ ရဟန်း၏ အသွင်သာတည်သေး၏၊ ရဟန်းအသွင်ကွယ်သည်ရှိသော် အစဉ်အနွယ် ပြတ်လေ၏၊မင်းကြီး၊ ဤသုံးပါးတို့သည် သာသနာတော်၏ ကွယ်ခြင်းတို့တည်းဟုဆိုသော် အရှင်ဘုရား၊ကောင်းစွာသိစေအပ်၏၊နက်နဲသော ပြဿနာကို ထင်ရှားစွာ ပြတော်မူအပ်ပြီ၊အထုံးအဖွဲ့ကို ချိုးဖျက်အပ်ပြီ၊ပရဝါဒီပုဂ္ဂိုလ်တို့၏ အယူကို ဖျက်ဆီးချိုးပဲ့အပ်ပြီ၊ ပရဝါဒီပုဂ္ဂိုလ်တို့၏ အရောင်အဝါမရှိသည်ကို ပြုအပ်ပြီ၊ အရှင်ဘုရားသည် မြတ်သော ဂိုဏ်းတို့ထက် အာသဘမြောက်၍ နေတော်မူပေ၏ဟုဝန်ခံ၏။

သဒ္ဓမ္မန္တရဓာနပဉှာပြီး၏။

## ၉၄၊ ဘဂဝတောနိရဝသေသံအကုသလံဆေတွာ သဗ္ဗညုတံပဉ္ဟာ။

အကုသိုလ်ကို အကြွင်းမဲ့ပယ်ကာ သဗ္ဗညုဖြစ်သလော......မိလိန္ဒမင်းသည်

အရှင်ဘုရား၊ လာခြင်းကောင်းသော ဘုရားရှင်သည် အလုံးစုံသော အကုသိုလ်တရားတို့ကို ဖုတ်မြိုက်တော်မူ၍ သဗ္ဗညုအဖြစ်သို့ ရောက်တော်မူသလော၊ထိုသို့မဟုတ်မူကား ကြွင်းသော အကုသိုလ်ရှိတော်မူလျက် သဗ္ဗညုအဖြစ်သို့ ရောက်တော်မူသလောဟု မေးသော်။ ။ မင်းကြီး၊ဘုရားရှင်သည် အလုံးစုံသောအကုသိုလ်ကို ဖုတ်မြိုက်တော်မူ၍ သဗ္ဗညုအဖြစ်သို့ ရောက်တော်မူ၏ဟုဆိုသော် အရှင်ဘုရား၊ ဘုရားရှင်အား အကုသိုလ်အကြွင်းမရှိသည်ဖြစ်က အဘယ့်ကြောင့် ဘုရားရှင်ကိုယ်တော်၌ ဒုက္ခဝေဒနာ ဖြစ်ဘူးလေသနည်းဟုမေးသော် မင်းကြီး၊ ဘုရားရှင်အား ဒုက္ခဝေဒနာ ဖြစ်ဘူးလေ၏၊ ဖြစ်ဘူးကြောင်းကား ရာဇဂြိုဟ်ပြည်၌ ဘုရားရှင်၏ခြေတော်ကို ကျောက်ဖြင့် ခတ်မိဘူး၏၊ဇေတဝန်ကျောင်း၌ သွေးစိမ်းယိုသော အနာဖြစ်သောအခါ ကိုယ်တော်မြတ်အား ကြည်ညိုသောကြောင့် ဇီဝကသည် ဝမ်းကျဆေးကိုပြုအပ်၏၊ လေနာဖြစ်သောအခါ အလုပ်အကျွေးဖြစ်သော မထေရ်သည် ရေနွေးကို ကပ်ရဘူး၏ဟုဆိုလျှင် အရှင်ဘုရား၊ အကယ်၍ လာခြင်းကောင်းသော ဘုရားရှင်သည် အလုံးစုံသော အကုသိုလ်ကို ဖုတ်မြိုက်တော်မူ၍ သဗ္ဗညုအဖြစ်သို့ ရောက်တော်မူသည်မှန်အံ့၊ ထိုသို့တပြီးကား ခြေတော်ကို ကျောက်ဖြင့် ခတ်မိသောအနာ, ဝမ်းသွေးတော်ယိုသော အနာဖြစ်၏ဟူသော အကြင်စကားသည်ရှိ၏၊ ထိုစကားသည်မှားရာ၏။ (ဤလည်း တစွန်းထွက်သည်။)

ထိုဘုရားရှင်၏ ခြေတော်၌ အကယ်၍ကျောက်ဖြင့် ခတ်မိသောအနာ, ဝမ်းသွေးတော်ယိုသောအနာဖြစ်အံ့၊ ထိုသို့တပြီးကား လာခြင်းကောင်းသောဘုရားရှင်သည် အလုံးစုံသော အကုသိုလ်ကို ဖုတ်မြိုက်တော်မူ၍ သဗ္ဗညုအဖြစ်သို့ ရောက်တော်မူ၏ဟုဆိုသော အကြင်စကားသည်ရှိ၏၊ထိုစကားသည်မှားရာ၏။ (ဤလည်း တစွန်းထွက်သည်။)

အရှင်ဘုရား၊ အကုသိုလ်ကံတရားနှင့်ကင်း၍ ခံစားအပ်သော ဝေဒနာသည်မရှိ၊ အလုံးစုံသော ဝေဒနာသည် ကံတရားသာလျှင် အကြောင်းမူလဖြစ်၍ ကံကြောင့်သာလျှင် ခံစားရ၏၊ ဤနှစ်ဘက်သော အစွန်းထွက်သော ပြဿနာသည် အရှင်အား ရောက်၏၊ အရှင်ဘုရားသည် ထိုပြဿနာကို ဖြေမိန့်တော်မူပါလော့ဟု ဆို၏။

**ရောဂါဝေဒနာဖြစ်ကြောင်းရှစ်မျိုး**……မင်းကြီး၊ အလုံးစုံသော ဝေဒနာသည် အကြောင်းရင်းရှိ၍ ခံစားအပ်သည် မဟုတ်၊ မင်းကြီး၊ ရှစ်ပါးသောအကြောင်းတို့တွင် တပါးပါးသော အကြောင်းတို့ကြောင့် ဝေဒနာတို့သည် ဖြစ်ကုန်၏၊ များစွာသောသတ္တဝါတို့သည် ရှစ်ပါးသောအကြောင်းတို့တွင် တပါးပါးသောအကြောင်းတို့ကြောင့် ဝေဒနာကို ခံစားရကုန်၏၊ မင်းကြီး၊ ရှစ်ပါးသောအကြောင်းအဘယ်နည်းဟူမူကား—

(၁) မင်းကြီး၊ ဤလူ့ပြည်၌ အချို့သောလူတို့အား လေထိုးကျင့်သောကြောင့် အနာတို့သည် ဖြစ်ကုန်၏။

(၂) သည်းခြေကြောင့်ဖြစ်သောအနာတို့သည်ဖြစ်ကုန်၏။
(၃) သလိပ်ကြောင့်လည်း ဖြစ်ကုန်၏။
(၄) လေသည်းခြေ သလိပ်စုဝေးသောကြောင့်လည်း ဖြစ်ကုန်၏။
(၅) ဥတုဖောက်ပြန်သောကြောင့်လည်းဖြစ်ကုန်၏။
(၆) မညီမညွတ်သောအစာအာဟာရကြောင့်လည်းဖြစ်ကုန်၏။
(၇) သူတပါးတို့ ရိုက်ခတ်ညှဉ်းဆဲသောကြောင့်လည်းဖြစ်ကုန်၏။
(၈) ကံကြောင့်လည်း ဖြစ်ကုန်၏။ ။မင်းကြီး၊ ဤရှစ်ပါးသော အကြောင်းတို့ကြောင့် များစွာသောသတ္တဝါတို့သည် ဝေဒနာကို ခံစားရကုန်၏။

နဟိ မဟာရာဇ သဗ္ဗန္တံ ဝေဒယိတံ ကမ္မမူလံ၊ အဋ္ဌဟိ မဟာရာဇ ကာရဏေဟိ ဝေဒယိတာနိ ဥပ္ပဇ္ဇန္တိ၊ ယေဟိ ကာရဏေဟိ ပုထူ သတ္တာ ဝေဒနံ ဝေဒယန္တိ၊ ကတမေဟိ အဋ္ဌဟိ ဝါတ သမုဋ္ဌာနာနိပိ ခေါ မဟာရာဇ ဣဓေကစ္စာနိ ဝေဒယိတာနိ ဥပ္ပဇ္ဇန္တိ၊

ပိတ္တသမုဋ္ဌာနာနိပိ၊ သေမှ သမုဋ္ဌာနာနိပိ၊ သန္နိပါတိကာ နိပိ၊ ဥတုပရိဏာမဇာနိပိ၊ ဝိသမပရိဟာရဇာနိပိ၊ ဩပက္ကမိကာနိပိ၊ ကမ္မဝိပါကဇာနိပိ ခေါ မဟာရာဇ ဣဓေကစ္စာနိ ဝေဒယိတာနိ ဥပ္ပဇ္ဇန္တိ၊ ဣမေဟိ ခေါ မဟာရာဇ အဋ္ဌဟိ ကာရဏေဟိ ပုထူ သတ္တာ ဝေဒနာ ဝေဒယန္တိ။ ။ဟူသည်တည်း။

မဟာရာဇ၊ မင်းကြီး။ သဗ္ဗံ၊ အလုံးစုံသော။ တံဝေဒယိတံ၊ ထိုခံစားအပ်သောဝေဒနာသည်။ ကမ္မမူလံ၊ ကံသာလျှင်အကြောင်းရင်းရှိသည်။ န၊ မဟုတ်။ မဟာရာဇ၊ မင်းကြီး။ အဋ္ဌဟိကာရဏေဟိ၊ ရှစ်ပါးသော အကြောင်းတို့ကြောင့်။ ဝေဒယိတာနိ၊ ဝေဒနာတို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ ယေဟိ ကာရဏေဟိ၊ အကြင်သို့သော အကြောင်းတို့ကြောင့်။ ပုထူ၊ များစွာကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်၊ ဝေဒနံ၊ ဝေဒနာကို။ ဝေဒယန္တိ၊ ခံစားကုန်၏၊ ကတမေဟိအဋ္ဌဟိ၊ အဘယ်ရှစ်ပါးတို့ကြောင့်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်သနည်းဟူမူကား။ မဟာရာဇ၊ မင်းကြီး။ ဣဓ၊ ဤလူတို့၌။ ဧကစ္စာနိ၊ အချို့ကုန်သော။ ဝေဒယိတာနိ၊ ဝေဒနာတို့သည်၊ ဝါတသမုဋ္ဌာနာနိ၊ လေခါတ်ပျက်သောကြောင့်ဖြစ်ကုန်သည်။ဥပ္ပဇ္ဇန္တိ၊ဖြစ်တတ်ကုန်၏။ ပိတ္တသမုဋ္ဌာနာနိပိ၊ သည်းခြေပျက်သောကြောင့်လည်း ဖြစ်ကုန်၏။ သေမှသမုဋ္ဌာနာနိပိ၊ သလိပ်ကြောင့်လည်းဖြစ်တတ်ကုန်၏။ သန္နိပါတိကာနိပိ၊ လေသည်းခြေ သလိပ် ပေါင်းဆုံစုဝေးသောကြောင့်လည်း ဖြစ်တတ်ကုန်၏။ ဥတုပရိဏာမဇာနိပိ၊ ဥတုဘောက်ပြန်သောကြောင့်လည်း ဖြစ်တတ်ကုန်၏။ ဝိသမပရိဟာရဇာနိပိ၊ မညီမညွတ်သော အစာကိုဆောင်သောကြောင့်လည်းဖြစ်တတ်ကုန်၏။ ဩပက္ကမိကာနိပိ၊ သူတပါး၏ လုံ့လကြောင့်လည်းဖြစ်တတ်ကုန်၏၊ ကမ္မဝိပါကဇာနိပိ၊ ကံကြောင့်လည်းဖြစ်ကုန်၏။ ဣတိ၊ ဤသို့။ မဟာရာဇ၊ မင်းကြီး။ ဣဓ၊ ဤလူအပေါင်း၌။ ဧကစ္စာနိ၊ အချို့ကုန်သော။ဝေဒယိတာနိ၊ ဝေဒနာတို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ မဟာရာဇ၊ မင်းကြီး။ ဣမေဟိ၊ ဤမျှအတိုင်း အရှည် ရှိကုန်သော။ အဋ္ဌဟိကာရဏေဟိ၊ ရှစ်ပါးသောအကြောင်းတို့ကြောင့်။ ပုထူသတ္တာ၊ များစွာသောသတ္တဝါတို့သည်။ ဝေဒနာနိ၊ ဝေဒနာတို့ကို။ ဝေဒယန္တိ၊ ခံစားကုန်၏။

မင်းကြီး၊ ထိုဒုက္ခ ဝေဒနာကို ခံစားရသော အခါ၌ အကြင်သတ္တဝါတို့ကို ကံတရားသည် ညှဉ်းဆဲသည်ဟု ဆိုငြားအံ့၊ ဤသတ္တဝါတို့သည် ချွန်စပ်ပါးသော အကြောင်းတို့ကြောင့် ဖြစ်ကုန်အံ့၊ ထိုသတ္တဝါတို့၏ စကားသည် မှားရာ၏။

(ဤစကား၌ သတ္တဝါတို့သည် အနာရောဂါ ဖြစ်ကုန်သည်ရှိသော် အချင်းခပ်သိမ်း ကံတရားသက်သက်ကြောင့်သာ ဖြစ်သည်မဟုတ်၊ ချွန်စပ်ပါးသော အကြောင်းကြောင့် လည်းဖြစ်၏၊ ကံတရားချည်းသက်သက်ယူအံ့၊ မှားသောအယူပင်ဟုဆိုသည်၊ ရှင်နာဂသေန နှလုံးသွင်းလက္ခဏာကား ကံကုန်၍နာသော်ဆေးမရှိ၊ ကံကြွင်းလျက် အနာတွေ့သော်ဆေးကု၍ လွတ်သည်ကိုစွဲ၍ ကံမှတပါး ချွန်စပ်ပါးသော အကြောင်းကြောင့်လည်း ဖြစ်၏၊ ကံ ကြောင့်လည်းဖြစ်၏၊ ထို့ကြောင့် ရှစ်ပါးသောအကြောင်းကြောင့် ဝေဒနာ ဖြစ်၏ဟုဆိုလိုသည်၊ ဤကားစကားချပ်။)

**လေခတ်ပျက်ကြောင်း ၁၀ မျိုး**····· မင်းကြီး၊ အကယ်၍ ထိုအလုံးစုံ သော အနာတို့သည် ကံတရားကြောင့် သာလျှင် ဖြစ်ကုန်အံ့၊ ထိုအနာရောဂါတို့၏ လက္ခဏာတို့သည် အပေါင်းအစု ကောဋ္ဌာသအားဖြင့် မဖြစ်ကုန်ရာ၊ အပေါင်းအစု ကောဋ္ဌာသအားဖြင့် ဖြစ်ကြောင်းကား မင်းကြီး၊ လေခတ်ပျက်သော် ဆယ်ပါးသောအပြားအားဖြင့် ပျက်ရာ၏။

ဝါတော မဟာရာဇ ကုပ္ပမာနော ဒသဝိဓေန ကုပ္ပတိ၊ သီတေန, ဥဏှေန, ဇိဃစ္ဆာယ, ပိပါသာယ, အတိဘုတ္တေန, ဌာနေန, ပတာနေန, အာဓာဝနေန, ဥပက္ကမေန, ကမ္မဝိပါကေန ဟူသည်တည်း။

မဟာရာဇ၊ မင်းကြီး။ ဝါတော၊ လေခတ်သည်။ ကုပ္ပမာနော၊ ပျက်သည်ရှိသော်။ ဒသဝိဓေန၊ ဆယ်ပါး အပြား အားဖြင့်။ ကုပ္ပတိ၊ ပျက်စီးတတ်၏။ သီတေန၊ ဧးချမ်းသောကြောင့်။ ကုပ္ပတိ၊ ပျက်စီးတတ်၏။ ဥဏှေန၊ ပူသောကြောင့်။ ကုပ္ပတိ၊ ပျက်စီးတတ်၏။ ဇိဃစ္ဆာယ၊ ထမင်းဝတ်မွတ်သောကြောင့်။ ကုပ္ပတိ၊ ပျက်စီးတတ်၏။ ပိပါသာယ၊ ရေငတ်သောကြောင့်။ ကုပ္ပတိ၊ ပျက်စီးတတ်၏။ အတိဘုတ္တေန၊ အလွန် အစားကြူးသောကြောင့်။ ကုပ္ပတိ၊ ပျက်စီးတတ်၏။ ဌာနေန၊ ရပ်တည်ခြင်းကြောင့်။ ကုပ္ပတိ၊ ပျက်စီးတတ်၏။ ပတာနေန၊ လည်းသောကြောင့်။ ကုပ္ပတိ၊ ပျက်စီး တတ်၏။ အာဓာဝနေန၊ အသွားများသောကြောင့်။ ကုပ္ပတိ၊

ပျက်စီးတတ်၏။ ဥပက္ကမေန၊ သူတပါး၏လုံ့လကြောင့်။ ကုပ္ပတိ၊ ပျက်စီးတတ်၏။ ကမ္မဝိပါကေန၊ ကံ၏ အကျိုးကြောင့်။ ကုပ္ပတိ၊ ပျက်စီးတတ်၏။ ။မင်းကြီး၊ ထိုလေဓာတ်ပျက်ရာသော အကြောင်းဆယ်ပါးတို့တွင် ကိုးပါးသောအကြောင်းကြောင့် ဝါယောဓာတ်ပျက်ခြင်းလက္ခဏာတို့သည် အတိတ်ကာလ အနာဂတ်ကာလ မဟုတ်ကုန်၊ ပစ္စုပ္ပန်ဘဝ၌သာလျှင်ဖြစ်၏၊ ထို့ကြောင့် အလုံးစုံသော ဝေဒနာတို့ကို ကံကြောင့်သာ နာကုန်၏ဟု မဆိုအပ်ကုန်။

**သည်းခြေပျက်ကြောင်း ၃-မျိုး**……မင်းကြီး၊ သည်းခြေသည် သုံးပါးသောအပြားအားဖြင့် ပျက်ရာ၏။

ပိတ္တံ မဟာရာဇ ကုပ္ပမာနံ တိဝိဓေန ကုပ္ပတိ၊ သီတေန, ဥဏှေန, ဝိသမဘောဇနေန။ ။ဟူသည်တည်း။

မဟာရာဇ၊ မင်းကြီး။ ပိတ္တံ၊ သည်းခြေသည်။ ကုပ္ပမာနံ၊ ပျက်သည်ရှိသော်။ တိဝိဓေန၊ သုံးပါး အပြားအားဖြင့်။ ကုပ္ပတိ၊ ပျက်၏။ သီတေန၊ ချမ်းသောကြောင့်။ ကုပ္ပတိ၊ ပျက်၏။ ဥဏှေန၊ ပူသောကြောင့်။ ကုပ္ပတိ၊ ပျက်၏။ ဝိသမဘောဇနေန၊ မညီမညွတ်သော အစာကို စားမိသောကြောင့်။ ကုပ္ပတိ၊ ပျက်၏၊

**သလိပ်ပျက်ကြောင်း ၃-မျိုး**……မင်းကြီး၊ သလိပ်ပျက်သော် သုံးပါးသော အကြောင်းအရာဖြင့် ပျက်တတ်၏။

သေမှံ မဟာရာဇ ကုပ္ပမာနံ တိဝိဓေနကုပ္ပတိ၊ သီတေန, ဥဏှေန,. အန္နပါနေန။ ။ဟူသည်တည်း။

မဟာရာဇ၊ မင်းကြီး။ သေမှံ၊ သလိပ်သည်။ ကုပ္ပမာနံ၊ ပျက်သည်ရှိသော်။ တိဝိဓေန၊ သုံးပါးအပြားအားဖြင့်။ ကုပ္ပတိ၊ ပျက်၏။ သီတေန၊ ချမ်းအေး သောကြောင့်။ ကုပ္ပတိ၊ ပျက်၏။ ဥဏှေန၊ အပူကြောင့်။ ကုပ္ပတိ၊ ပျက်၏။ အန္နပါနေန၊ ထမင်းအဖျော် စားမိသောကြောင့်။

ကုပ္ပတိ၊ပျက်၏။ ။မင်ကြီး၊ လေသည်းခြေသလိပ်တို့သည် ထိုသို့သော ပျက်စီးခြင်းတို့ကြောင့် ပျက်စီးရောနှောသည်ဖြစ်၍ မိမိ၏အနာသို့ ဝင်၏၊ ဥတုဘောက်ပြန်၍ဖြစ်၏၊ မညီမညွတ်သော အစာကို စားမိသော ကြောင့်လည်း ဖြစ်၏၊မင်ကြီး၊သူတပါးလုံ့လကြောင့်ဖြစ်သောဝေဒနာ သည်ရှိ၏၊သူတပါးရိုက်ခတ်သောကြောင့်ဖြစ်သော ဝေဒနာလည်းရှိ၏၊ မကောင်းမှုကံ၏အကျိုးကြောင့် သူတပါးရိုက်ခတ်၍ခံရသော ဝေဒနာ လည်း ရှိ၏၊ ကံအကျိုးကြောင့်ဖြစ်သောဝေဒနာသည် ရှေးအကုသိုလ် ကံကြောင့်ဖြစ်၏၊ မင်ကြီး၊ ထိုရှစ်ပါးတို့တွင် ရှေးကံကြောင့် အရိုက် အပုတ်ကို ခံရသော ဝေဒနာတို့သည် နည်း၏၊ ကံမှကြွင်းသော အကြောင်းကြောင့် ဖြစ်သောဝေဒနာသည် များ၏၊ထိုသို့ ဝေဒနာ ဖြစ်ရာ၌ သူမိုက်တို့သည် မကောင်းသောကံ၏အကျိုးကြောင့် ဖြစ်၏ဟူ၍သာ လျှင် အယူသို့ပြေးဝင်ကုန်၏၊ ထိုသို့ကံ၏အကျိုးကို သဗ္ဗညုတဉာဏ် တော်နှင့်ကင်း၍ ပိုင်းခြား မှတ်နိုင်ခြင်း၄ါ မတတ်ကောင်း၊ မင်းကြီး၊ ဘုရားရှင်၏ခြေတော်ကို ကျောက်ဖြင့် ခတ်မိသောဝေဒနာသည် လေ ခတ်ပျက်သောကြောင့်လည်း မဖြစ်၊ သည်းခြေ ပျက်သောကြောင့် လည်း မဖြစ်၊ သလိပ်ပျက်သောကြောင့်လည်းမဖြစ်၊ သန္နိပါတ်ကြောင့် လည်းမဖြစ်၊ ဥတုဘောက်ပြန်သောကြောင့်ရင်း၊ မညီမညွတ်သောအစာ အာဟာရကြောင့်ရင်း၊ မကောင်းသောကံအကျိုးကြောင့်ရင်း မဖြစ်၊ ရှင် ဒေဝဒတ်၏လုံ့လဟူသော အကြောင်းကြောင့်သာလျှင် ဖြစ်၏။

မင်ကြီး၊ ဒေဝဒတ်သည် အသိန်းမျှလောက်သော ဘဝတို့ပတ်လုံး လာခြင်းကောင်းသောဘုရားရှင်၌ ရန်ငြိုးဖွဲ့၏၊ ထိုဒေဝဒတ်သည် ထိုသို့ သောရန်ငြိုးဖြင့် ကြီးစွာသောကျောက်ခဲကိုကိုင်၍ ဘုရားရှင် ဦးခေါင်း တော်ထက်သို့ကျလေစေဟု ချလိုက်၏၊ ထိုအခါနှစ်လုံးသောကျောက်ခဲ တို့သည်လာတည့်ကုန်၍ ရှင်ဒေဝဒတ်သည် ချလိုက်အပ်သောကျောက် ခဲကို ဘုရားရှင်သို့မရောက်မီလျှင် လက်ဝါးနှစ်ဘက်တို့ကဲ့သို့ ချဉ်းကပ် လာကုန်၏၊ ထိုကျောက်သုံးလုံးတို့၏ရိုက်ခတ်ခြင်းကြောင့် ကျောက်လွှာ သည်ကွဲ၍ ဘုရားရှင်ခြေတော်၌ သွေးစိမ်းကိုဖြစ်စေ၏၊ မင်းကြီး၊ ဤသို့ သွေးစိမ်း ဖြစ်ခြင်းသည် ဘုရားရှင်၏ ရှေးအကုသိုလ်ကံကြောင့်လည်း ဖြစ်၏၊ သူတပါးလုံ့လကြောင့်လည်း ဖြစ်၏၊ တပါးသော အကြောင်း ကြောင့်ဖြစ်သော ဝေဒနာမရှိ၊ မင်းကြီး၊ ဥပမာသော်ကား လယ်မြေ

မကောင်းသောကြောင့် မျိုးစေ့မပြည့်စုံနိုင်သကဲ့သို့ မျိုးစေ့ မကောင်းသောကြောင့်လည်းဘာဘန်မျိုးစေ့်သစ် မပြည့်စုံနိုင်သကဲ့သို့ရင်း၊ထို့အတူ မင်းကြီး၊ ဘုရားရှင်၏ ဤဝေဒနာသည် အကုသိုလ်ကံကြောင့်လည်း ဖြစ်သည်မည်၏၊ သူတပါးလုံ့လကြောင့်လည်း ဖြစ်သည်မည်၏၊ထို့ထက် အလွန် တပါးသော အကြောင်းကြောင့် ဖြစ်သော ဝေဒနာဖြစ်ခြင်း မည်သည်မရှိ၊မင်းကြီး၊ ဥပမာသော်ကား အကောင်းအဖွပ်ဆိုးသည်၏ အဖြစ်ဖြင့် ဘောဇဉ်သည် မညီမညွတ်ကျက်သကဲ့သို့ရင်း၊ အာဟာရ မကောင်းသည်၏အဖြစ်ဖြင့် မညီမညွတ်သော ဝမ်းခါတ်ရှိသကဲ့သို့ရင်း၊ မင်းကြီး၊ ထို့အတူ ဘုရားရှင်၏ဝေဒနာတော်သည် ကံကြောင့်လည်း ဖြစ်ကောင်း၏၊ ရှင်ဒေဝဒတ်၏ လုံ့လကြောင့်လည်း ဖြစ်ကောင်း၏၊ ထို့ထက် အလွန် တပါးသော ဝေဒနာသည် မရှိစကောင်း၊ မင်းကြီး၊ ဘုရားရှင်အား ကမ္မဝိပါကဇဝေဒနာ,ဝိသမာဟာရဇ ဝေဒနာ, စင်စစ် မရှိအံ့၊ ခြောက်ပါးသော အကြောင်းတို့ကြောင့် ဖြစ်လေ၏ ဟူသော စကားသည် ဖြစ်ခဲ့၏၊ထိုအကြွင်းခြောက်ပါးတို့ကြောင့် မြတ်စွာဘုရားကို အသက်တော်မှ ကျစေခြင်းငှါ မတတ်နိုင်စကောင်း၊ ထိုသို့ မတတ်နိုင် စကောင်းဘဲလျက် တတ်နိုင်၏ဟူသောစကားသည်ရောက်ခဲ့ကျခဲ့ကုန်၏၊ မင်းကြီး၊လေးပါးသော မဟာဘုတ်ကိုမှီ၍ ဖြစ်သော ဤကိုယ်၌ ဣဋ္ဌာရုံ, အနိဋ္ဌာရုံ,သုဘ,အသုဘ,ဝေဒနာသည်ရှိ၏၊မင်းကြီး၊ဤစကား၌ ဥပမာ သော်ကား ကောင်းကင်သို့ပစ်လိုက်အပ်သောအခုနှ်ကျောက်သည် မြေ သို့အမြဲလျှင်ကျ၏၊မင်းကြီး၊ထိုကျသောကျောက်ခဲသည်ရှေးပြုဘူးသော မကောင်းမှုကြောင့် မြေ၌ကျသလောဟုဆိုလျှင် အရှင်ဘုရား၊ထိုမြေသို့ ကျသော ကျောက်ခဲသည် ရှေးပြုဘူးသောမကောင်းမှုကြောင့် ကျသည် မဟုတ်ချေဟုဆို၍ အရှင်ဘုရား၊ အကြွင်အကြောင်းဖြင့် မြေကြီးသည် အကုသိုလ်အကျိုး၊ကုသိုလ်အကျိုးကို ခံစားရသလောဟုဆိုအံ့၊ မြေကြီး အား ထိုခံစားအံ့သော အကြောင်းမရှိချေ၊ အရှင်ဘုရား၊ မျက်မှောက်၌ ဖြစ်သော သူတပါးပစ်လိုက်အပ်သော အကြောင်းကြောင့် ထိုအခုနှ် ကျောက်သည် မြေသို့ကျ၏ဟုဆိုသော် မင်းကြီး၊ဘုရားရှင်ကို မြေကြီး ကဲ့သို့ မှတ်အပ်၏၊မင်းကြီး၊ကျောက်ခဲသည် ရှေးကာလ၌အကြောင်းမရှိ ဘဲလျက် မြေသို့ကျသကဲ့သို့ထို့အတူလာခြင်းကောင်းသော ဘုရားရှင် အား ရှေးအကြောင်းမရှိဘဲလျက် ကျောက်လွှာသည်ခြေတော်သို့ကျ၏၊

မင်းကြီး၊ ဤလောက၌ လူတို့သည် မြေကြီးကို တူးကြ ဖဲ့ကြကုန်၏၊ မင်းကြီး၊ တူးသောလူအပေါင်းတို့သည် ရှေးကာလ၌ မိမိတို့ကို တူးဘူး လေသောကြောင့် မြေကို တူးဖဲ့ကြကုန်သလောဟုဆိုသော် အရှင် ဘုရား၊ တူးဘူးသောကြောင့် တူးစားတူးသည် မဟုတ်ချေဟုဆိုလျှင် မင်းကြီး၊ ထို့အတူ ကျောက်ခဲသည် ဘုရားရှင်ခြေတော်၌ကျ၏၊ ထိုကျ သော ကျောက်ခဲသည် ဘုရားရှင်ပြုဘူးသောအကြောင်းကြောင့် ဘုရား ရှင် ခြေတော်သို့ကျသည်မဟုတ်၊ မင်းကြီး၊ ဘုရားရှင်အား ဝမ်းသွေးယို သော အနာသည် ဖြစ်ဘူး၏၊ ထိုအနာသည်လည်း ရှေးပြုဘူးသော အမှုကြောင့်မဖြစ်၊ လေ, သည်းခြေ, သလိပ် စုဝေး ဘောက်ပြန်သော ကြောင့်သာဖြစ်၏၊ မင်းကြီး၊ ဘုရားရှင်၏ ကိုယ်တော်၌ဖြစ်သော အမှတ် မရှိသောအနာတို့သည် ဖြစ်ကုန်၏၊ ထိုအနာတို့သည် ကံကြောင့် မဖြစ် ကုန်၊ အနာဖြစ်ကြောင်း ခြောက်ပါးတို့တွင် တပါးပါးသော အကြောင်း ကြောင့် ဖြစ်စကောင်းသည်လည်း ဖြစ်ကုန်၏။

**ကိုးကားချက်**……မင်းကြီး၊ အနာဖြစ်ခြင်း၏ အကြောင်းရှစ်ပါးကို ငါသာလျှင် ဆိုသည်မဟုတ်၊ ဘုရားရှင်လည်း သံယုတ္တနိကာယ်ဒေသနာတော်၌ဟောတော်မူအပ်၏။

ဝါတသမုဋ္ဌာနာနိ ခေါ သိဝက ဣဓေ ကစ္စာနိ ဝေဒယိတာနိ ဥပ္ပဇ္ဇန္တိ၊ သာမံပိ ခေါ ဧတံ သိဝက ဝေဒိတဗ္ဗံ၊ ယထာ ပိတ္တသမုဋ္ဌာနာနိပိ ဣဓေကစ္စာနိ ဝေဒယိတာနိ ဥပ္ပဇ္ဇန္တိ၊ တတြ သိဝက ယေ တေ သမဏဗြာဟ္မဏာ၊ ဧဝံဝါဒိနော ဧဝံဒိဋ္ဌိနော၊ ယံကိဉ္စာယံ ပုရိသ ပုဂ္ဂလော ပဋိသံဝေဒေတိ သုခံ ဝါ ဒုက္ခံ ဝါ အဒုက္ခမသုခံ ဝါ သဗ္ဗံ တံ ပုဗ္ဗေကတဟေတူတိ၊ ယဉ္စ သာမံ ဉာတံ တဉ္စ အတိဓာဝန္တိ၊ ယဉ္စ လောကေ သစ္စသမ္မတံ တဉ္စ အတိဓာဝန္တိ၊ တသ္မာ တေသံ သမဏဗြာဟ္မဏာနံ မိစ္ဆာတိ ဝဒါမိ။ ။သေမှ သမုဋ္ဌာနာနိပိ ခေါ သိဝက ဣဓေကစ္စာနိ ဝေဒယိတာနိ ဥပ္ပဇ္ဇန္တိ၊ ဥတုသမုဋ္ဌာနာနိပိ ခေါ သိဝက သန္နိပါတိကာနိပိ ခေါ သိဝက ဝိသမပရိဟာရဇာနိ ပိ ခေါ သိဝက ဩပက္ကမိကာနိပိ ခေါ သိဝက ကမ္မဝိပါကဇာနိပိ ခေါ သိဝက ဣဓေကစ္စာနိ ဝေဒယိတာနိ ဥပ္ပဇ္ဇန္တိ၊ သာမံပိ ခေါ ဧတံ သိဝက ဝေဒိတဗ္ဗံ။ ။တတြ သိဝက ယေ တေ သမဏဗြာဟ္မ

ဏာ ဧဝံဝါဒိနော ဧဝံဒိဋ္ဌိနော ယံကိဉ္စာယံ ပုရိသ ပုဂ္ဂလော ပဋိသံ
ဝေဒေတိ သုခံဝါ ဒုက္ခံဝါ အဒုက္ခမသုခံဝါ သဗ္ဗံတံ ပုဗ္ဗေက
တဟေတူတိ၊ယဉ္စသမညတံ တဉ္စအတိဓာဝန္တိ၊ ယဉ္စလောကေ
သစ္စသမ္မတံတဉ္စအတိဓာဝန္တိ၊တသ္မာ တေသံသမဏဗြာဟ္မဏာ
နံ မိစ္ဆာတိဝဒါမိ။

သိဝက၊ အချင်းသိဝက။ ဣဓ၊ဤလူ့ရွာ၌၊ ဧကစ္စာနိ၊အချို့ကုန်သော။ ဝေဒယိတာနိ၊ ဝေဒနာတို့သည်။ ဝါတသမုဋ္ဌာနာနိပိ၊ လေဓာတ်ပျက်သောကြောင့်ဖြစ်ကုန်သည်လည်း။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ သိဝက၊အချင်းသိဝက။ ဧတံ၊ဤသို့သောအကြောင်းကို။ ခေါ၊ စင်စစ်၊ မယာ၊ ငါသည်။ သာမံပိ၊ ငါ၏ကိုယ်တိုင်လျှင်။ ဝေဒိတဗ္ဗံ၊ သိတော်မူအပ်၏။ ဣဓ၊ ဤလူ့ရွာ၌၊ ဧကစ္စာနိ၊ အချို့ကုန်သော။ ဝေဒယိတာနိ၊ ဝေဒနာတို့သည်။ ပိတ္တသမုဋ္ဌာနာနိပိ၊ သည်းခြေကြောင့် ဖြစ်ကုန်သည်လည်း။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ သိဝက၊ အချင်းသိဝက။ တတြ၊ ထိုလေသည်းခြေတို့ကြောင့်ဖြစ်ရာ၌။ ယေသမဏ ဗြာဟ္မဏာ၊ အကြင်ရဟန်း ပုဏ္ဏားတို့သည်။ ဧဝံဝါဒိနော၊ ဤသို့ဆိုကြကုန်၏။ ဧဝံဒိဋ္ဌိနော၊ ဤသို့အယူရှိကြကုန်၏။ အယံပုရိသပုဂ္ဂလော၊ ဤယောကျ်ားဖြစ်သောပုဂ္ဂိုလ်သည်။ ယံကိဉ္စိ၊ အမှတ်မရှိသော။ယံသုခံဝါ၊ အကြင်သုခဝေဒနာကိုရင်း။ ယံဒုက္ခံဝါ၊ အကြင်ဒုက္ခဝေဒနာကိုရင်း။ ယံအဒုက္ခမသုခံဝါ၊ အကြင်ဥပေက္ခာဝေဒနာကိုရင်း။ ပဋိသံဝေဒေတိ၊ ခံစား၏။ တံသဗ္ဗံ၊ ထိုအလုံးစုံသောဝေဒနာသည်။ ပုဗ္ဗေ၊ ရှေးဘဝ၌။ ကတဟေတု၊ ပြုဘူးသောအကြောင်းကြောင့်၊ဥပ္ပဇ္ဇတိ၊ဖြစ်၏၊ဣတိ၊ဤသို့။ဧဝံဝါဒိနော၊ ဤသို့ဆိုကြကုန်၏။ဧဝံဒိဋ္ဌိနော၊ ဤသို့အယူရှိကြကုန်၏။ ယဉ္စသမညတံ၊ အကြင်အမှတ်ရှိသည်၏အဖြစ်သို့၊ ဂစ္ဆန္တိ၊ ရောက်ကုန်၏။တံသမညတံ၊ ထိုအမှတ်ရှိရာသို့။ အတိဓာဝန္တိ၊ အယူပြေးဝင်လေကုန်၏။ လောကေ၊ လောက၌၊ ယဉ္စသစ္စသမ္မတံ၊အကြင်မှန်၏ဟူသော သမုတ်ခြင်းသို့။ အတိဓာဝန္တိ၊ ပြေးဝင်လေကုန်၏။ တသ္မာ၊ ထိုသို့မမှန်ဘဲကိုမှန်၏ဟူသော သမုတ်ခြင်းကြောင့်။တေသံ သမဏ ဗြာဟ္မဏာနံ၊ ထိုရဟန်းပုဏ္ဏားတို့၏။ ဝါဒေါ၊ အယူသည်၊မိစ္ဆာ၊မှား၏။ ဣတိ၊ ဤသို့။အဟံ၊ငါဘုရားသည်။ ဝဒါမိ၊ ဟောတော်မူ၏။ ။သိဝက၊အချင်းသိဝက၊ ဣဓ၊ ဤလော

ကဉ္စ။ ဧကစ္စာနိ၊ အချို့ကုန်သော။ ဝေဒယိတာနိ၊ ဝေဒနာတို့သည်။ သေမှသမုဋ္ဌာနာနိပိ၊ သလိပ်ကြောင့် ဖြစ်ကုန်သည်လည်း၊ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏၊ သိဝက၊ အချင်းသိဝက။ ဥတုသမုဋ္ဌာနာနိပိ၊ ဥတုကြောင့် ဖြစ်ကုန်သည်လည်း။ ဥပ္ပဇ္ဇန္တိ။ ဖြစ်ကုန်၏။ သိဝက၊ အချင်းသိဝက။ သန္နိပါတိကာနိပိ၊ လေ သည်းခြေ သလိပ်တို့ စုဝေးမိသောကြောင့် ဖြစ်သော အနာတို့သည်လည်း။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ သိဝက၊ အချင်းသိဝက။ ဝိသမပရိဟာရဇာနိပိ၊ မညီမညွတ်သောအစာကို စားမိသောကြောင့်ဖြစ်သောအနာတို့သည်လည်း။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ သိဝက၊ အချင်းသိဝက။ ဩပက္ကမိကာနိပိ၊ သူတပါးလုံ့လကြောင့် ဖြစ်သော အနာတို့သည်လည်း။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ သိဝက၊ အချင်းသိဝက။ ဣဓ၊ ဤလောက၌။ ဧကစ္စာနိ၊ အချို့ကုန်သော။ ဝေဒနာနိ၊ ဝေဒနာတို့သည်။ ကမ္မဝိပါကဇာနိပိ၊ မကောင်းသောကံ၏အကျိုးကြောင့် ဖြစ်ကုန်သည်လည်း။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ သိဝက၊ အချင်းသိဝက။ တတြ၊ ထိုဝေဒနာဖြစ်ရာ၌။ ယေ တေ သမဏဗြာဟ္မဏာ၊ အကြင် ရဟန်း ပုဏ္ဏား တို့သည်။ ဧဝံဝါဒိနော၊ ဤသို့သောစကားရှိကုန်၏။ ဧဝံဒိဋ္ဌိနော၊ ဤသို့သော အယူရှိကုန်၏။ အယံပုရိသပုဂ္ဂလော၊ ဤယောကျ်ား ဖြစ်သော ပုဂ္ဂိုလ်သည်။ ယံကိဉ္စိ၊ အမှတ်မရှိသော။ ယံသုခံဝါ၊ အကြင်သုခဝေဒနာကို၎င်း။ ယံဒုက္ခံဝါ၊ အကြင်ဒုက္ခဝေဒနာကို၎င်း။ ယံအဒုက္ခမသုခံဝါ၊ အကြင်ဥပေက္ခာဝေဒနာကို၎င်း။ ပဋိသံဝေဒေတိ၊ ခံစား၏။ တံသဗ္ဗံ၊ ထိုအလုံးစုံသောဝေဒနာသည်။ ပုဗ္ဗေ၊ ရှေးဘဝ၌။ ကတဟေတု၊ ပြုဘူးသော အကြောင်းကြောင့်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဧဝံဝါဒိနော၊ ဤသို့ ဆိုကြကုန်၏။ ဧဝံဒိဋ္ဌိနော၊ ဤသို့အယူရှိကြကုန်၏။ ယဉ္စသမညာတံ၊ အကြင်အမှတ်ရှိသောအဖြစ်သို့လည်း။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။ တဉ္စ၊ ထိုအမှတ်ရှိသည်သို့လည်း။ အတိဓာဝန္တိ၊ ပြေးဝင်ကုန်၏။ လောကေ၊ လူ့ရွာ၌။ ယဉ္စ သစ္စသမ္မတံ၊ အကြင်မှန်သည်ဟု သမုတ်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ တဉ္စ၊ ထိုမှန်၏ဟုသမုတ်ခြင်းသည်လည်း။ ယသ္မာ၊ အကြင့်ကြောင့်၊ အတိဓာဝန္တိ၊ ပြေးဝင်ကုန်၏။ တသ္မာ၊ ထို့ကြောင့်။ တေသံသမဏဗြာဟ္မဏာနံ၊ ထိုရဟန်းပုဏ္ဏားတို့၏။ ဝါဒါ၊ ဆိုသောစကားတို့သည်။ မိစ္ဆာ၊ မှားကုန်၏။ ဒိဋ္ဌိယော၊ အယူတို့သည်။ မိစ္ဆာ၊ မှားကုန်၏။ ဣတိ၊ ဤသို့။ ဒဠှံ၊ ကျွန်ုပ်သည်။ ဝဒါမိ၊ ဆို၏။

မင်းကြီး၊ ဤသို့သော အကြောင်းကြောင့်လည်း အလုံးစုံသော ဝေဒနာသည် ကံ၏အကျိုးကြောင့် ဖြစ်၏၊ မင်းကြီး၊ အလုံးစုံသော အကုသိုလ်ကိုဖုတ်မြိုက်၍ မြတ်စွာဘုရားသည် သဗ္ဗညုတ အဖြစ်သို့ ရောက်တော်မူ၏၊ ဤသို့လျှင် ဤအကြောင်းကို သင်မင်းကြီးမှတ်လေ လော့ဟု ရှင်နာဂသေနဆိုသော် အရှင်ဘုရား၊ ကောင်းပါပြီဟုဝန်ခံ၏။

(မင်းကြီး၊ အကုသိုလ်ကံကြောင့် ဖြစ်သော ဝေဒနာအလုံးစုံရှိသမျှကို ဘုရားရှင်သည် အလုံးစုံသော အကုသိုလ်ကိုဖုတ်မြိုက်၍ သဗ္ဗညုတအဖြစ်သို့ရောက်တော်မူ၏ဟု ရှင်နာဂ သေနက ကံတရား၏အပိုင်းအခြားကို ဘုရားရှင်သာ သိတော်မူ၍ ပိုင်းခြားနိုင်မည်ဖြစ် သည်ဟု နှလုံးသွင်း၍ အကုသိုလ်ကိုဖုတ်မြိုက် တော်မူ၍ သဗ္ဗညုတ အဖြစ်သို့ရောက် တော်မူသည်ဟု ဤစကားကို အမြဲကိုင်၍ ဆိုသည်ဟု ယူသင့်မည်ထင်သည်။ ဤကား စကားချပ်။)

ဘဂဝတော နိရဝသေသံ အကုသလံ ဈာပေတွာ သဗ္ဗညုတံပတ္တပဉှာပြီး၏။

---

## ၉၅။ နတ္ထိ တထာဂတဿ ဥတ္တရိကရဏီယပဉှာ

**ဘုရားရှင်၏ပြုဖွယ်ကိစ္စ**······မိလိန္ဒမင်းသည် အရှင်ဘုရား၊ အရှင် ဘုရားတို့သည် လာခြင်း ကောင်း သောဘုရားအား တစုံတခုပြုဖွယ်ကိစ္စသည် ရှိ၏၊ ထိုအလုံးစုံသော ပြုဖွယ်ကိစ္စကို ဗောဓိပင်၌ပင်လျှင် အပြီးသို့ရောက်တော်မူလေပြီ၊ လာ ခြင်းကောင်းသောဘုရားရှင်အားတဖန်ပြုဖွယ်ကိစ္စမရှိ၊ဆည်းပူးဖွယ် ကိစ္စမရှိဟုဆိုကြကုန်၏။

ယံကိဉ္စိ ကရဏီယံ တထာဂတဿ သဗ္ဗံ တံ ဗောဓိယာယေဝ မူလေ ပရိနိဋ္ဌိတံ၊ နတ္ထိတထာဂတဿ ဥတ္တရိကရဏီယံ ကတဿ ဝါ ပရိစယောတိ။ ။ဟူသည်တည်း။

တထာဂတဿ၊ လာခြင်းကောင်းသော ဘုရားရှင်အား။ ယံကိဉ္စိ၊ တစုံတခုသော။ ကရဏီယံ၊ ပြုဖွယ်ကိစ္စသည်။ အတ္ထိ၊ ရှိ၏။ တံသဗ္ဗံ၊ထို အလုံးစုံသော ပြုဖွယ်ကိစ္စကို။ ဗောဓိယာ၊ ဗောဓိပင်၏။ မူလေယေဝ၊ အရင်း၌သာလျှင်။ ပရိနိဋ္ဌိတံ၊ ပြီး၏၊ တထာဂတဿ၊လာခြင်းကောင်း သော ဘုရားရှင်အား။ ဥတ္တရိ၊ အလွန်။ ကတဿဝါ၊ ပြုအပ်သော။ ကရ ဏီယံ၊ ပြုဖွယ်ကိစ္စသည်။ နတ္ထိ၊ မရှိ။ ပရိစယောဝါ၊ ဆည်းပူးခြင်း သည်လည်း။ နတ္ထိ၊ မရှိ။

အရှင်ဘုရား၊ ဝါတွင်းသုံးလပတ်လုံး ကိုယ်တော်ထီး တပါးထည်း ကျိန်းတော်မူခြင်းစကားသည်လည်း ထင်ပြန်ခဲ့၏။

ဣဒမ္ပိ တေမာသံ ပဋိသလ္လီနံ ဒိဿတိ။ ။ဟူသည့်တည်း။

တေမာသံ၊ ဝါတွင်းသုံးလပတ်လုံး။ ပဋိသလ္လီနံ၊ ကိုယ်တော်ထီး တပါးထည်းကျိန်းတော်မူသော။ ဣဒမ္ပိ၊ ဤစကားသည်လည်း။ ဒိဿတိ၊ ထင်၏။ ။အရှင်ဘုရား၊ လာခြင်းကောင်းသောဘုရားရှင်အား အလုံးစုံ ပြုဘွယ်ကိစ္စသည် ဗောဓိပင်၌ပင်လျှင် အပြီးတိုင်အံ့၊ တဘန် အထူးပြု ဘွယ်ကိစ္စမရှိအံ့၊ ဆည်းပူးတော်မမူအံ့၊ ထိုစကားသည် အကယ်၍ မှန်အံ့၊ ထိုသို့ဖြစ်သော် ဝါတွင်းသုံးလပတ်လုံး ကိုယ်တော်ထီး တပါးထည်း သာ နေတော်မူသော အကြောင်းစကားသည်ရှိ၏၊ ထိုစကားသည် မှားရာ၏။ ။(ဤလည်း တစွန်းထွက်သည်။)

အရှင်ဘုရား၊လာခြင်းကောင်းသောဘုရားရှင်သည် ဝါတွင်းသုံးလပတ်လုံး ကိုယ်တော်ထီးတပါးထည်းသာ နေတော်မူသည်ဟူသော စကားသည်အကယ်၍မှန်အံ့၊ ထိုသို့ဖြစ်သော် လာခြင်းကောင်းသော ဘုရားရှင်အား အလုံးစုံသောပြုဘွယ်ကိစ္စသည် ဗောဓိပင်၌သာလျှင်ပြီး၏ ဟူသော အကြောင်းစကားသည် ရှိ၏၊ ထိုစကားသည် မှားရာ၏။ ။အရှင်ဘုရား၊ အဘယ့်ကြောင့် နည်းဟူမူကား—ပြုအပ်ပြီးသော အမှုရှိသော ဘုရားရှင်အား ကိုယ်တော်ထီးနေဘွယ်မရှိ၊ အမှုပြုဘွယ်ရှိသော် သာလျှင် ကိုယ်တော်ထီးနေတော်မူသင့်၏၊ အရှင်ဘုရား၊ ဥပမာသော်ကား အနာရှိသောသူအား ဆေးဖြင့်ပြုဘွယ်ကိစ္စရှိသည်ဖြစ်၏၊ အနာမရှိသော သူအား ဆေးဖြင့် အဘယ်ပြုအံ့နည်း၊ ထမင်း ငတ်မွတ်သော သူအား ထမင်းဘောဇဉ်ဖြင့် ပြုဘွယ်ကိစ္စရှိ၏၊ ထမင်းငတ်မွတ်ခြင်းမရှိသော သူအား ထမင်းဘောဇဉ်ဖြင့် အဘယ်အကျိုး ရှိအံ့နည်း၊ အရှင်ဘုရား၊ ထို့အတူ ပြုအပ်ပြီးသော အမှုရှိသော ဘုရားရှင်အား ကိုယ်တော်ထီး နေဘွယ်သည် မရှိစကောင်း၊ ဘုရားရှင်အားအမှုရှိသော်သာလျှင် ကိုယ်တော်ထီးနေဘွယ်ရှိရာ၏။ ။(ဤလည်းတစွန်းထွက်သည်။)

အရှင်ဘုရား၊ ဤနှစ်ဘက်သော အစွန်းထွက်သော ပြဿနာသည် အရှင်ဘုရားအား ရောက်၏၊ ထိုပြဿနာကို အရှင်ဘုရားသည် ဖြေမ်းပါ

စေလေ့ဟုဆိုသော် မင်းကြီး၊ လာခြင်းကောင်းသော ဘုရားရှင်အား အလုံးစုံပြုဘွယ်ကိစ္စသည် ဗောဓိပင်၌ပင်လျှင် ပြီးပြီ၊ တဘန်ပြုဘွယ်ကိစ္စ မရှိပြီ၊ ဆည်းပူးခြင်းကိစ္စမရှိပြီ၊ ဘုရားရှင်သည် ဝါတွင်းသုံးလ ပတ်လုံး ကိုယ်တော်ထီးနေတော်မူ၏၊ မင်းကြီး၊ ဝါတွင်းသုံးလပတ်လုံး ကိုယ်တော်ထီးနေကြောင်းကား ခပ်သိမ်းသောဘုရားရှင်တို့သည် ကိုယ်တော်ထီး တပါးတည်းသာနေတော်မူ၍ သဗ္ဗညုတအဖြစ်သို့ ရောက်တော်မူကုန်သည်၊ ထိုဘုရားရှင်တို့သည် ကောင်းစွာပြုအပ်သောဂုဏ်ကျေးဇူးတော်ကို အောက်မေ့တော်မူကုန်လျက် ကိုယ်တော်ထီးနေကြကုန်၏၊ မင်းကြီး၊ ဥပမာသော်ကား ယောကျ်ားသည် အစိုးရသော မင်း၏ အထံမှ ရအပ်သော ဆုရှိသော, ရအပ်သော လာဘ်သပ္ပကာ အခြံအရံ အခေါင်အယောင် ရှိသည်ဖြစ်၍ ထိုကောင်းစွာ ပြုအပ်ပေသော ဂုဏ်ကျေးဇူးကို အစဉ်အတိုင်း အောက်မေ့လျက် အဘန်တလဲလဲ မင်း၏အထံသို့လာသကဲ့သို့ ထို့အတူ မင်းကြီး၊ ခပ်သိမ်းသော လာခြင်း ကောင်းသော ဘုရားရှင်တို့သည် ဆိတ်ငြိမ်ရာ၌ ကိုယ်တော်ထီးနေ၍ သဗ္ဗညုတအဖြစ်သို့ ရောက်တော်မူကုန်၏၊ ထိုသို့ရောက်တော်မူကုန်သောဘုရားရှင်တို့သည် ထိုကောင်းစွာပြုအပ်သော အမှုကို အောက်မေ့တော်မူလျက် ဆိတ်ငြိမ်ရာအရပ်ကိုမှီဝဲသကဲ့သို့ ထို့အတူ မင်းကြီး၊ ခပ်သိမ်းသောဘုရားရှင်တို့သည် ကိုယ်တော်ထီးနေ၍ သဗ္ဗညုတအဖြစ်သို့ ရောက်တော်မူကုန်၏၊ ထိုဘုရားရှင်တို့သည် ထိုကောင်းသောအောက်မေ့တော်မူခြင်းကို အစဉ်အတိုင်း အောက်မေ့တော်မူကုန်လျက် ဆိတ်ငြိမ်ရာအရပ်ကို မှီဝဲတော်မူကုန်၏။

**တပါးတည်းကိန်းခြင်းအကျိုး ၂၈–ပါး……မင်းကြီး၊ ကိုယ်တော်ထီးဆိတ်ငြိမ်ရာအရပ်**

၌ နေတော်မူသော ကျေးဇူးတို့သည် နှစ်ဆဲ့ရှစ်ပါးရှိကုန်၏။

အဋ္ဌဝီသတိခေါ ပနိမေ မဟာရာဇ ပဋိသလ္လာနဂုဏာ ယေ ဂုဏေ သမနုဿရန္တာ တထာဂတာ ပဋိသလ္လာနံ သေဝန္တိ၊ ကတမေ အဋ္ဌဝီသတိ၊ ဣဓ မဟာရာဇ ပဋိသလ္လာနံ ပဋိသလ္လီယမာနံ အတ္တာနံ ရက္ခတိ, အာယုံ ဝဍ္ဎေတိ, ဗလံ ဒေတိ, ဝဇ္ဇံ ပိဒဟတိ, အယသမပနေတိ, ယသမုပနေတိ, အရတိံ ဝိနောဒေတိ, ရတိ

မုပ္ပါဒေတိ,ဘယမပနေတိ, ဝေသာရဇ္ဇံကရောတိ, ကောသဇ္ဇမ ပနေတိ,ဝိရိယ မဘိဇနေတိ, ရာဂမပနေတိ, ဒေါသမပနေတိ, မောဟံ ဝိနောဒေတိ, မာနံနိဟန္တိ, ဝိတက္ကံဘဉ္ဇတိ, စိတ္တံဧကဂ္ဂံ ကရောတိ, မာနသံ သ္နေဟယတိ, ဟာသံဇနေတိ, ဂရုကံ ကရောတိ,လာဘာ မုပ္ပါဒယတိ, မနသိကံကရောတိ, ဗိတိံပါပေ တိ,ပါမောဇ္ဇံကရောတိ,သဗ္ဗဂါရန္တံ သဘာဝံဒဿယတိ,ဘဝပဋိ သန္ဓိံ ဥဃ္ဃါဋေတိ, သဗ္ဗသာမည့်ဒေတိ၊ ဗျမေဓေါ မဟာရာဇ အဠဝိသတိ ပဋိသလ္လာန ဂုဏာ ယေဂုဏေ သမနုဿရန္တာ တထာဂတာ ပဋိသလ္လာနံသေဝန္တိ။ ။ဟူသည်တည်း။

မဟာရာဇ၊မင်းကြီး၊ ယေဂုဏေ၊ အကြင်ဂုဏ်ကျေးဇူးတို့ကို။ သ မနုဿရန္တာ၊အစဉ်အတိုင်းအောက်မေ့ကုန်သော။တထာဂတာ၊လာခြင်း ကောင်းသော ဘုရားရှင်တို့သည်။ ပဋိသလ္လာနံ ဆိတ်ငြိမ်သောအရပ်သို့။ သေဝန္တိ၊မှီဝဲတော်မူကုန်၏။ ပဋိသလ္လာနဂုဏာ၊ ပဋိသလ္လာန ကျေးဇူး တို့သည်။ဗျမေအဠဝိသတိ၊ဤနှစ်ဆဲ့ရှစ်ပါးတို့တည်း။အဠဝိသတိ၊ နှစ်ဆဲ့ ရှစ်ပါးသော ဂုဏ်ကျေးဇူးတို့သည်။ ကတမေ၊ အဘယ်သည်တို့နည်း ဟူမူကား။မဟာရာဇ၊မင်းကြီး။ ဗျဓ၊ဤစကား၌။ပဋိသလ္လာနံ၊ ဆိတ်ငြိမ် သောအရပ်၌နေခြင်းသည်။ အတ္တာနံ၊ မိမိကိုယ်ကို။ ရက္ခတိ၊ စောင့် ရှောက်သည်မည်၏။ အာယုံ၊ အသက်ကို။ ဝဍ္ဎေတိ၊ ပွါးစေတတ်၏။ ဗလံ၊ အားကို။ ဒေတိ၊ ပေးသည်မည်၏။ ဝဇ္ဇံ၊ အပြစ်ကို။ ပိဒဟတိ၊ ပိတ်၏။ အယသံ၊ အကျော်အစောမဲ့ကို။ အပနေတိ၊ ပယ်၏။ ယသံ၊ အကျော်အစောကို။ဥပနေတိ၊ဆောင်၏။အရတိံ၊ မမွေ့လျော်သည်ကို။ ဝိနောဒေတိ၊ပျောက်၏။ရတိံ၊မွေ့လျော်ခြင်းကို၊ ဥပ္ပါဒေတိ၊ ဖြစ်စေ၏။ ဘယံ၊ဘေးကို။အပနေတိ၊ပယ်၏။ ဝေသာရဇ္ဇံ၊ရဲရင့်ခြင်းကို။ကရောတိ၊ ပြု၏။ကောသဇ္ဇံ၊ပျင်းရိခြင်းကို။အပနေတိ၊ ပယ်၏။ ဝိရိယံ၊ ဝိရိယကို။ အဘိဇနေတိ၊ လွန်စွာဖြစ်စေတတ်၏။ ရာဂံ၊ ရာဂကို။ အပနေတိ၊ ပယ်တတ်၏။ ဒေါသံ၊ ဒေါသကို။ အပနေတိ၊ ပယ်တတ်၏။ မောဟံ၊ မောဟကို။ဝိနောဒေတိ၊ ပျောက်၏။ မာနံ၊မာနကို။ နိဟတိ၊ သတ်၏။ ဝိတက္ကံ၊မိစ္ဆာဝိတက်ကို။ ဘဉ္ဇတိ၊ ဖျက်ဆီး၏။စိတ္တံ၊ စိတ်ကို။ ဧကဂ္ဂံ၊ တည်ကြည်သည်ကို၊ကရောတိ၊ပြု၏။မာနသံ၊ စိတ်ကို။ သ္နေဟယတိ၊

ကောင်းစွာဘွဲ့၏။ ဟာသံ၊ ရွှင်ခြင်းကို။ ဇနေတိ၊ ဖြစ်စေတတ်၏။ ဂရုကံ၊ လေးမြတ်သည်ကို။ ကရောတိ၊ ပြု၏။ လာဘံ၊ လာဘ်ကို။ ဥပ္ပါဒယတိ၊ ဖြစ်စေတတ်၏။ မနသိကာံ၊ နှလုံးတည်ကြည်သည်၏အဖြစ်ကို။ ကရောတိ၊ ပြု၏။ ပီတိံ၊ နှစ်သက်ခြင်းသို့။ ပါပေတိ၊ ရောက်စေတတ်၏။ ပါမောဇ္ဇံ၊ ဝမ်းမြောက်သည်၏အဖြစ်ကို၊ ကရောတိ၊ ပြု၏။ သဒ္ဓါရာနံ၊ သဒ္ဓါရတရားတို့၏။ သဘာဝံ၊ သဘောကို။ ဒဿယတိ၊ ပြ၏။ ဘဝပဋိသန္ဓိံ၊ ဘဝ၌ ပဋိသန္ဓေနေခြင်းကို။ ဥဿ္သါဒေ့တိ၊ ခွါ၏။ သဗ္ဗသာမညံ၊ အလုံးစုံ ရဟန်း၏အဖြစ်ကို။ ဒေတိ၊ ပေး၏။ မဟာရာဇ၊ မင်းကြီး။ ယေဂုဏာ၊ အကြင်ဂုဏ်ကျေးဇူးတို့ကို။ သမနုဿရန္တာ၊ အောက်မေ့တော်မူကုန်သည်ဖြစ်၍။ တထာဂတာ၊ လာခြင်းကောင်းသော ဘုရားရှင်တို့သည်။ ပဋိသလ္လာနံ၊ ဆိတ်ငြိမ်ရာအရပ်ကို။ သေဝန္တိ၊ မှီဝဲတော်မူကုန်၏။ ပဋိသလ္လာနဂုဏာ၊ ပဋိသလ္လာနကျေးဇူးတို့သည်။ ဣမေအဋ္ဌဝီသတိ၊ ဤနှစ်ဆဲ့ရှစ်ပါးတို့တည်း။

မင်းကြီး၊ စင်စစ်သော်ကား ဘုရားရှင်တို့သည် ငြိမ်သက်ချမ်းသာသော သမာပတ်၌ မွေ့လျော်ခြင်းကို ခံစားတော်မူလို၏၊ ဆိတ်ငြိမ်ရာအရပ်ကို မှီဝဲတော်မူကုန်၏၊ ပြီးပြီးသော အကြံအစည်ရှိ၍လည်း ဘုရားရှင်တို့သည် ဆိတ်ငြိမ်ခြင်းကို မှီဝဲတော်မူကုန်၏။

**ဘုရားရှင်တို့ကိန်းခြင်းအကြောင်း ၄-ပါး**……တနည်းကား မင်းကြီး၊ လာခြင်းကောင်းသောဘုရားရှင်တို့သည် လေးပါးသော အကြောင်းတို့ကြောင့် ဆိတ်ငြိမ်ရာအရပ်ကိုမှီဝဲတော်မူကုန်၏၊ ထိုလေးပါးသော အကြောင်းဟူသည် အဘယ်သည်တို့နည်းဟူမူကား ချမ်းသာစွာနေတော်မူသည်ဖြစ်၍ရင်း, အပြစ်မရှိသည် ဖြစ်၍ရင်း, ဂုဏ်ကျေးဇူးများသည်ဖြစ်၍ရင်း, ကြွင်းသောအရိယာမြတ်တို့၏တရားကို ပွါးများစေသည်ဖြစ်၍ရင်း, ခပ်သိမ်းသော ဘုရားတို့သည် ကျေးဇူးကို ချီးမွမ်းအပ်သည် ဖြစ်၍ရင်း, မင်းကြီး၊ ဤလေးပါးသောအကြောင်းတို့ဖြင့် ဆိတ်ငြိမ်ရာအရပ်သို့ကပ်တော်မူကုန်၏၊ မင်းကြီး၊ လာခြင်းကောင်းသောဘုရာရှင်တို့သည် ပြုဘွယ်ကိစ္စ ရှိသည်၏အဖြစ်ကြောင့်ရင်း, ပြုအပ်သောအမှုကို ဆည်းပူးတော်မူသည်၏အဖြစ်ကြောင့်ရင်း, ဆိတ်ငြိမ်သောအရပ်ကို မှီဝဲတော်မူ

သည်မဟုတ်၊ စင်စစ်သော်ကား ဂုဏ်ကျေးဇူးအထူးကို ပြတော်မူလိုသည်ဖြစ်၍ ဆိတ်ငြိမ်သောအရပ်သို့ ကပ်တော်မူကုန်၏ဟု ဆိုသော် အရှင်ဘုရား၊ ဤစကားကို တကာတော်အား အရှင်မိန့်ဆိုအပ်သည့် အတိုင်း ဝန်ခံပါ၏ဟု ဝန်ခံလေ၏။

နတ္ထိတထာဂတဿဥတ္တရိကရဏီယပဉှာပြီး၏။

---

## ၉၆။ ဣဒ္ဓိဗလဒဿနပဉှာ

**ဣဒ္ဓိပါဒ် တန်ခိုး**……မိလိန္ဒမင်းသည် အရှင်ဘုရား၊ လာခြင်းကောင်းသောဘုရားရှင်သည် ချစ်သားအာနန္ဒာ၊၊ဘုရားတို့မည်သည် ဣဒ္ဓိပါဒ်လေးပါးတို့ကို ပွါးစေကုန်သော် များစွာလေ့ကျက်အပ်ကုန်သော် ယာဉ်ကဲ့သို့ပြုအပ်ကုန်သော် မြဲရာဟု ပြုအပ်ကုန်သော် မပြတ်လုံ့လပြုအပ်ကုန်သော် ဆည်းပူးအပ်ကုန်သော် ကောင်းစွာအားထုတ်အပ်ကုန်သော် အလိုတော်ရှိကုန်သော် တကပ်ပတ်လုံး သော်လည်း တည်တော်မူရာ၏၊ ကပ်၏ အကြွင်းပတ်လုံးသော်လည်း တည်တော်မူရာ၏ဟု ဟောတော်မူအပ်၏။

> တထာဂတဿ ခေါ အာနန္ဒ ဣဒ္ဓိပါဒါ ဘာဝိတာ ဗဟုလီကတာ ယာနီကတာ ဝတ္ထုကတာ အနုဋ္ဌိတာ ပရိစိတာ သုသမာရဒ္ဓါ အာကင်္ခမာနော အာနန္ဒ တထာဂတော ကပ္ပံ ဝါ တိဋ္ဌေယျ၊ ကပ္ပါဝသေသံ ဝါ။ ။ဟူသည်တည်း။

အာနန္ဒ၊ ချစ်သားအာနန္ဒာ။ တထာဂတော၊ လာခြင်းကောင်းသောဘုရားရှင်သည်။ စတ္တာရော၊ လေးပါးကုန်သော။ ဣဒ္ဓိပါဒါ၊ ဣဒ္ဓိပါဒ်တို့ကို။ ဘာဝိတာ၊ ပွါးစေအပ်ကုန်သော်။ ဗဟုလီကတာ၊ များစွာပြုအပ်ကုန်သော်။ ယာနီကတာ၊ ယာဉ်ကဲ့သို့ ပြုအပ်ကုန်သော်။ ဝတ္ထုကတာ၊ တည်ရာကိုပြုအပ်ကုန်သော်။ အနုဋ္ဌိတာ၊ လုံ့လပြုအပ်ကုန်သော်။ ပရိစိတာ၊ ဆည်းပူးအပ်ကုန်သော်။ သုသမာရဒ္ဓါ၊ ကောင်းစွာ အားထုတ်အပ်ကုန်သော်။ အာနန္ဒ၊ အာနန္ဒာ။ တထာဂတော၊ လာခြင်းကောင်းသောဘုရားရှင်သည်။ အာကင်္ခမာနော၊ အလိုတော်ရှိလတ်သော်။ ကပ္ပံ ဝါ၊ အာယုကပ်ပတ်လုံးလည်း။ တိဋ္ဌေယျ၊ တည်ရာ၏။ ကပ္ပါဝသေသံ ဝါ၊ အာယုကပ် အကြွင်းကာလပတ်လုံးလည်း။ တိဋ္ဌေယျ၊ တည်ရာ၏။

အရှင်ဘုရား၊ တဘန်လည်း ဤလမှ သုံးလတို့၏လွန်သဖြင့် လာခြင်းကောင်းသောငါဘုရားရှင်သည် ပရိနိဗ္ဗာန်ပြုလတ္တံ့ဟု ဟောတော်မူအပ်သောစကားသည်လည်း ရှိပြန်ခဲ့၏။

ဣတော တိဏ္ဏံ မာသာနံ အစ္စယေန တထာဂတော ပရိနိဗ္ဗာယိဿတိ။ ။ဟူသည်တည်း။

ဣတော၊ ဤတပို့တွဲလမှ။ တိဏ္ဏံ မာသာနံ၊ သုံးလတို့၏။ အစ္စယေန၊ လွန်သဖြင့်။ တထာဂတော၊ လာခြင်းကောင်းသော ဘုရားရှင်သည်။ ပရိနိဗ္ဗာယိဿတိ၊ ပရိနိဗ္ဗာန်ပြုလတ္တံ့။ ။ဟူ၍လည်း ဘုရားရှင်ဟောတော်မူအပ်၏။ ။အရှင်ဘုရား၊ လာခြင်းကောင်းသောဘုရားရှင်သည် အကယ်၍ ချစ်သားအာနန္ဒာ၊ ဘုရားတို့သည် လေးပါးသောဣဒ္ဓိပါဒ်ကို ပွါးစေအပ်ကုန်သော် အာယုကပ် တကပ်ပတ်လုံးသော်လည်း အသက်တော်တည်ရာ၏၊ အာယုကပ်အကြွင်းတိုင်အောင်သော်လည်း နေတော်မူရာ၏ဟု ဟောတော်မူအပ်သော စကားကို အမှန်ယူရသည်ဖြစ်က တေမာသပရိစ္ဆေဒ သုံးလအပိုင်းအခြား စကားတော်သည်မှားရာ၏။ (ဤလည်းတစွန်းထွက်သည်။)

အရှင်ဘုရား၊ အကယ်၍ ဤလမှ သုံးလလွန်သဖြင့် လာခြင်းကောင်းသော ဘုရားရှင်သည် ပရိနိဗ္ဗာန်ပြုလတ္တံ့ဟူသောစကားကို အမှန်ယူရသည်ဖြစ်က အာနန္ဒာ၊ လာခြင်းကောင်းသော ဘုရားရှင်တို့သည် လေးပါးသော ဣဒ္ဓိပါဒ်ကို ပွါးစေအပ် ကုန်သော် အာယုကပ် တကပ်ပတ်လုံးသော်လည်း အသက်တော် တည်လတ္တံ့၊ ကပ်ကြွင်းသော်လည်း အသက်တော်တည်လတ္တံ့ဟု ဟောတော်မူအပ်သောစကားတော်သည် မှားရာ၏။ (ဤလည်းတစွန်းထွက်သည်။)

အဘယ့်ကြောင့်နည်းဟူမူကား အရှင်ဘုရား၊ လာခြင်းကောင်းသော ဘုရားရှင်တို့အား အရာမဟုတ်သည်၌ ကြိုးဝါးတော်မူသော စကားမည်သည်မရှိ၊ ဘုန်းခြောက်ပါးနှင့် ပြည့်စုံတော်မူသော ဘုရားရှင်တို့သည် အချည်းနှီးသော စကားကို ဆိုတော်မမူကုန်၊ မှန်သောစကားကို သာဆိုတော်မူကုန်၏၊ နှစ်ခွန်းသော စကားကို ဆိုတော်မမူကုန်၊ ထို့ကြောင့် ဤစကားနှစ်ပြင်ကို ထောက်သော် နှစ်ဘက်အစွန်းထွက်သောပြဿနာသည် ကောင်းစွာနက်နဲ၏၊ ကောင်းစွာသိမ်မွေ့၏၊ ခက်

ခြင်နိုင်ခဲ့၏၊ ထိုပြဿနာသည် အရှင်ဘုရားအားရောက်ခဲ့၏၊ မှားသော ကွန်ရက်ကိုဖျက်တော်မူပါလော့၊ ပရဝါဒီပုဂ္ဂိုလ်တို့၏ အယူကိုဖျက်ဆီး၍ ဧကန္တအရာ၌တည်ပါလော့ဟုဆို၏။

မင်းကြီး၊ ဘုရားရှင်သည် လေးပါးသော ဣဒ္ဓိပါဒ်ကို ပွါးများစေသည်ရှိသော် အာယုကပ်တကပ်ပတ်လုံး အသက်တော် တည်ရာ၏၊ အာယုကပ်အကြွင်းတိုင်အောင်သော်လည်း တည်ရာ၏ဟု ဟောတော်မူအပ်သည်လည်းမှန်၏၊ တေမာသ ပရိနိဗ္ဗာန်ကို ဟောတော်မူအပ်သည်လည်းမှန်၏၊ မင်းကြီး၊ မှန်ကြောင်းကား တကပ်ပတ်လုံးတည်အံ့ဟူသောစကားတော်သည် အာယုကပ်ကိုဆိုအပ်၏၊ မင်းကြီး၊ ဘုရားရှင်သည်အာယုကပ်တကပ်ပတ်လုံး အသက်ရှည်လတ္တံ့ဟု ဟောတော်မူခြင်းသည် ကိုယ်တော်အားကိုထင်ရှားစွာကြားတော်မူလို၍ ဆိုတော်မမူ၊ ဣဒ္ဓိပါဒ်တရားလေးပါး၏ အစွမ်းသတ္တိကိုထင်ရှားစွာ ကြားတော်မူလို၍ အာနန္ဒာ၊ လာခြင်း ကောင်းသော ငါဘုရားသည် ဣဒ္ဓိပါဒ်လေးပါးကိုပွါးများစေသော် အာယုကပ်ပတ်လုံးတည်လတ္တံ့၊ အာယုကပ် အကြွင်းတိုင်အောင်သော်လည်း တည်လတ္တံ့ဟု ပြတော်မူအပ်သောစကားဖြစ်သည်၊ မင်းကြီး၊ ဥပမာသော်ကား အစိုးရသော ပြည့်ရှင်မင်းအား အဿာဇာနည် မြင်းသည်ရှိသည်ဖြစ်ရာ၏၊ ခရီးဆုံ ခရီးလေးမြွာအရပ်တို့၌ လေ၏လျင်ခြင်းကဲ့သို့ လျင်ခြင်း အစွမ်းသတ္တိရှိ၏၊ ထိုအစိုးရသော ပြည့်ရှင်မင်းသည် ထိုအဿာဇာနည်မြင်း၏ အစွမ်းသတ္တိအားကိုကြားလိုသည်ဖြစ်၍ များစွာသောနိဂုံးဇနပုဒ် သူရင်းငှါး ပုဏ္ဏား သူကြွယ်အမတ်တို့၏ အလယ်၌နေလျက် အချင်းတို့၊ ငါ၏ဤအဿာဇာနည်မြင်းမြတ်သည်အလိုရှိသော် သမုဒ္ဒရာ အဆုံး တိုင်အောင်မြေအပြင်၌ ကဲ့သို့သွား၍ တခဏခြင်း ဤငါ၏နေရာသို့ပြန်လာရာ၏ဟုဆို၍ ထိုအဿာဇာနည်မြင်း၏ လျင်ခြင်းကို ပရိသတ်၌မပြသည်လည်းဖြစ်အံ့၊ ထိုသို့မပြသော်လည်း ထိုသို့သောလျင်ခြင်းသည်လည်းရှိ၏၊ ထိုအဿာဇာနည်မြင်းအားလည်း သမုဒ္ဒရာ အဆုံးတိုင်အောင် မြေအပြင်၌ကဲ့သို့ အစဉ်အတိုင်းသွားခြင်းငှါ အစွမ်းသတ္တိရှိ၏၊ မင်းကြီး၊ ထိုကဲ့သို့ဘုရားရှင်သည်ကိုယ်တော်၏ ဣဒ္ဓိပါဒ် အစွမ်းသတ္တိကိုကြားတော်မူလို၏၊ အာနန္ဒာ၊ လာခြင်းကောင်းသောငါဘုရားသည် ဣဒ္ဓိပါဒ်လေးပါးကိုပွါးများစေအပ်သည်ရှိသော် အာယုကပ် အကြွင်း

တိုင်အောင်သော်လည်း ဂုဏ်လတ္တံ့ဟူသော ဤစကားတော်ကို ဝိဇ္ဇာသုံးပါးနှင့်ပြည့်စုံကုန်သော,အဘိညာဉ်ခြောက်ပါးနှင့် ပြည့်စုံကုန်သော, ကိလေသာဟူသောအညစ်အကြေးမရှိ၊ကုန်ပြီးသော အာသဝေါတရားရှိကုန်သော ရဟန္တာတို့၏ အလယ်၌ရင်း, လူနတ်တို့၏အလယ်၌ရင်း, နေတော်မူ၍ ဟောတော်မူအပ်သော စကားတော်ဖြစ်၏၊ မင်းကြီး၊ ထိုစကားတော်သည် ဘုရားရှင်၏ ဇာနိဒ္ဓိပါဒ်တန်ခိုးတော်၏ အစွမ်းသတ္တိကိုပြတော်မူအပ်သောစကားဖြစ်၏၊ ဘုရားရှင်သည် ထိုဇာနိဒ္ဓိပါဒ်တရား၏ အစွမ်းသတ္တိကိုပရိသတ်၌ ပြတော်မမူသည်ဖြစ်အံ့၊ ထိုသို့ပြတော်မမူသော်လည်း ထိုဇာနိဒ္ဓိပါဒ်လေးပါးတို့၏တန်ခိုးအစွမ်းသတ္တိသည် အာယုကပ်ပတ်လုံးတည်နိုင်သောအစွမ်းသတ္တိရှိ၏။

'မင်းကြီး၊ ဘုရားရှင်သည် အာယုကပ် ပတ်လုံးနေခြင်းကို အလိုတော်မရှိ၊ ဘုရားရှင်သည် အလုံးစုံသောဘဝတို့မှ စက်ဆုပ်တော်မူ၏၊ မင်းကြီး၊ ဘုရားရှင်သည် ခပ်သိမ်းသော ဘဝဖြစ်ခြင်းတို့မှ စက်ဆုပ်တော်မူကြောင်းကို ငါသာလျှင် ပြောဆိုသည်မဟုတ်၊ ဘုရားရှင်လည်း ဟောတော်မူအပ်၏။

> သေယျထာပိ ဘိက္ခဝေ အပ္ပမတ္တောပိ ဂူထော ဒုဂ္ဂန္ဓော
> ဟောတိ၊ ဧဝမေဝခေါ အဟံဘိက္ခဝေ အပ္ပမတ္တကံပိ ဘဝံ န
> ဝဏ္ဏေမိ၊ အန္တမသောအစ္ဆရာသင်္ဃာတမတ္တံပိ။ ။

ဟုဟောတော်မူ၏။

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ သေယျထာပိ၊ ဥပမာသော်ကား။ အပ္ပမတ္တောပိ၊ အနည်းငယ်သာဖြစ်သော။ဂူထော၊ မစင်သည်။ ဒုဂ္ဂန္ဓော၊ မကောင်းသောအနံ့ရှိသည်။ ဟောတိယထာ၊ ဖြစ်သကဲ့သို့။ ဧဝမေဝ၊ ထို့အတူလျှင်။ ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ ခေါ၊ စင်စစ်။ အဟံ၊ ငါဘုရားသည်။ အပ္ပမတ္တကံပိ၊ အနည်းငယ်လည်းဖြစ်သော။ ဘဝံ၊ ဘဝကို ။နဝဏ္ဏေမိ၊ ချီးမွမ်းတော်မမူ။ အန္တမသော၊ အယုတ်သဖြင့်။ အစ္ဆရာသင်္ဃာတမတ္တံပိ၊ လက်ဖျစ်တခွက်သော ကာလမျှသည်။ နဝဏ္ဏေမိ၊ ချီးမွမ်းတော်မမူ။ ။မင်းကြီး၊ စင်စစ်သော်ကား ဘုရားရှင်သည် ခပ်သိမ်းသော ဘဝဂတိယောနိကို မစင်နှင့်တူသည်ဟု မြင်တော်မူလျက် ဇာနိဒ္ဓိပါဒ်လေးပါးတရား၏ အစွမ်းသတ္တိကို မှီတော်မူ၍

ဘဝတို့၌ ဖြစ်သော ဆန္ဒရာဂရှိတော်မူရာ သလောဟုဆိုသော် အရှင်ဘုရား၊ ဘုရားရှင်သည်ဘဝတို့၌ တပ်မက်သော ဆန္ဒရာဂမရှိချေဟု ဆိုသော် မင်းကြီး၊ ဘုရားရှင်သည် ဣဒ္ဓိပါဒ်လေးပါး တရား၏ အစွမ်းသတ္တိရှိကြောင်းကို ကြားတော်မူလို၍ ခြင်္သေ့မင်း၏ ဟောက်သော ကြိုးဝါးသောအသံကဲ့သို့သော ဤစကားကို ပရိသတ်တို့၏ အလယ်၌ ကြားတော်မူ၏ဟု ဆိုသော် ထိုအခါ မိလိန္ဒမင်းသည် အရှင်ဘုရား၊ ကောင်းလှပေ၏၊ ဤစကားကိုအရှင်ဘုရားဆိုတိုင်း တကာတော်ဝန်ခံပါ၏ဟု ဝန်ခံလေ၏။

ဣဒ္ဓိဗလဒဿနပဉှာပြီး၏။

ဣဒ္ဓိဗလဝဂ္ဂေါ။ ။ဣမသ္မိံဝဂ္ဂေဒသပဉှာဟောန္တိ။

---

## ၆၇။ ခုဒ္ဒါနုခုဒ္ဒကပဉှာ

**ခုဒ္ဒါနုခုဒ္ဒကအာပတ်**……မိလိန္ဒမင်းသည် အရှင်ဘုရား၊ ဘုရားရှင်သည် ချစ်သားရဟန်းတို့၊ ငါဘုရားသည် သဗ္ဗညုတဉာဏ်ဖြင့် သိအပ်သော တရားကို သိတော်မူ၍သာ တရားကိုဟော၏၊ သဗ္ဗညုတဉာဏ်တော်ဖြင့် မသိသည်ကိုမဟောဟု ဟောတော်မူ၏။

အဘိညာယာဟံ ဘိက္ခဝေ ဓမ္မံ ဒေသေမိ၊ နာဘိညာယ။

ဟူသည်တည်း။

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ အဟံ၊ ငါဘုရားသည်။ အဘိညာယ၊ ပိုင်းခြား၍သိသည်ဖြစ်၍။ ဓမ္မံ၊ တရားကို။ ဒေသေမိ၊ ဟော၏။ အနဘိညာယ၊ ပိုင်းခြား၍မသိမူ၍၊ နော ဒေသေမိ၊ ငါမဟောဟု မိန့်တော်မူ၏။

အရှင်ဘုရား၊ တဖန်လည်း ဘုရားဝိနည်းပညတ်တော်၌ အာနန္ဒာ၊ သံဃာအပေါင်းသည်အလိုရှိအံ့၊ ငါပရိနိဗ္ဗာန်ပြုသဖြင့်ခုဒ္ဒါနုခုဒ္ဒကသိက္ခာပုဒ်တို့ကိုနုတ်ကြလေလော့ဟုဟောတော်မူပြန်ခဲ့၏။

အာကင်္ခမာနော အာနန္ဒသံဃော မမစ္စယေန ခုဒ္ဒါနုခုဒ္ဒကာနိ သိက္ခာပဒါနိသမူဟနတု။ ။ဟုဟောတော်မူအပ်၏။

အာနန္ဒ၊ အာနန္ဒာ။ သံဃော၊ သံဃာအပေါင်းသည်။ အာကင်္ခမာနော၊ အလိုတူကြအံ့။ မမစ္စယေန၊ ငါပရိနိဗ္ဗာန် စံလွန်တော်မူသဖြင့်။ ခုဒ္ဒါနုခုဒ္ဒကာနိ၊ ခုဒ္ဒါနုခုဒ္ဒကသိက္ခာပုဒ်တို့ကို။ သမူဟနတု၊ နုတ်ကြလေလော့ဟုဟောတော်မူအပ်၏။

အရှင်ဘုရား၊ ဘုရားရှင်သည် ခုဒ္ဒါနုခုဒ္ဒက သိက္ခာပုဒ်ကို မကောင်းသဖြင့် ပညတ်တော်မူမိ၍ မိန့်တော်မူအပ်လေသလော၊ ထိုသို့မဟုတ် ဘုရားရှင်သည် အာနန္ဒာ၊ ငါပရိနိဗ္ဗာန်လွန်တော်မူပြီးသော် သံဃာအပေါင်းအလိုတူကြအံ့၊ ခုဒ္ဒါနုခုဒ္ဒက သိက္ခာပုဒ်တို့ကို နုတ်လေတော့ ဟူသော အကြင်စကားတော်သည်ရှိ၏၊ ထိုစကားသည် အကြောင်း မဟုတ်ရာ၌ မသိ၍ ပညတ်တော် မူအပ် သလော။ ။အရှင်ဘုရား၊ အကယ်၍ ချစ်သားရဟန်းတို့၊ ငါဘုရားသည် သဗ္ဗညုတဉာဏ်တော်ဖြင့် ပိုင်းခြား၍သိသောကြောင့်တရားကိုဟော၏၊ မသိဘဲကို ငါမဟော ဟူသောစကားသည်မှန်အံ့၊ ထိုစကားကိုအမှန်ယူအပ်သော် အာနန္ဒာ၊ သံဃာအပေါင်းအလိုတူကြအံ့၊ ငါပရိနိဗ္ဗာန်လွန်သည်ရှိသော် ခုဒ္ဒါနုခုဒ္ဒကသိက္ခာပုဒ်တို့ကို နုတ်ရစ်လေတော့ ဟူသော အကြင်စကားသည် ရှိ၏၊ ထိုစကားသည်မှားရာ၏။ ။(ဤလည်းတစ္စန်းထွက်သည်။)

အရှင်ဘုရား၊ အကယ်၍ မြတ်စွာဘုရားသည် ဝိနည်းပညတ်၌ အာနန္ဒာ၊ သံဃာအလိုတူကြအံ့၊ ခုဒ္ဒါနုခုဒ္ဒက သိက္ခာပုဒ်တို့ကို နုတ်ရစ်လေတော့ဟူသောစကားသည်မှန်အံ့၊ ထိုစကားကို အမှန်ယူအပ်သော် ချစ်သားရဟန်းတို့၊ ငါဘုရားသည် သဗ္ဗညုတ ဉာဏ်တော်ဖြင့် သိ၍ တရားကိုဟော၏၊ ငါမသိဘဲလျက်တရားကိုမဟော ဟူသော အကြင်စကားသည်ရှိ၏၊ ထိုစကားသည်မှားရာ၏။(ဤလည်းတစ္စန်းထွက်သည်။)

အရှင်ဘုရား၊ ဤနှစ်ဘက်အစွန်းထွက်သော စကားသည် သိမ်မွေ့၏၊ ကောင်းစွာ နက်နဲ၏၊ ထိုးထွင်း၍ ကြံနိုင်ခဲ၏၊ ထိုပြဿနာသည် အရှင်ဘုရားအား ရောက်၏၊ ထိုပြဿနာ၌အရှင်ဘုရား၏ဉာဏ်ပြန့်ပြောခြင်းကိုပြုတော်မူပါလေလော့ဟုဆိုသော်–

မင်းကြီး၊ ဘုရားရှင်သည် ချစ်သားရဟန်းတို့၊ ငါဘုရားသည် ပိုင်းခြား၍သိသောကြောင့် တရားကိုဟောတော်မူ၏၊အပိုင်းအခြားကို မသိ

ဘဲ တရားကို မဟောဘဟု မိန့်တော်မူအပ်သည်လည်း မှန်၏၊ ဝိနည်း
ပညတ်တော်၌ အာနန္ဒာ၊ သံဃာအလိုတူကြသော် ခုဒ္ဒါနု ခုဒ္ဒကသိက္ခာ
ပုဒ်ကို နုတ်လေတော့ဟု ဟောတော်မူအပ်သည်လည်းမှန်၏၊ မင်းကြီး၊
ထိုစကားနှစ်ပြင်တွင် ဘုရားရှင်သည် သံဃာအလိုတူသော်ခုဒ္ဒါနု ခုဒ္ဒက
သိက္ခာပုဒ်ကို နုတ်လေတော့ဟု မိန့်တော်မူချက်သည် တပည့်ရဟန်း
သံဃာတို့ကိုစုံစမ်းတော်မူလို၍ ငါ၏တပည့်သံဃာသည် ငါနှင့်ကင်း
သော် ငါပရိနိဗ္ဗာန်လွန်တော်မူသဖြင့် ခုဒ္ဒါနုခုဒ္ဒက သိက္ခာပုဒ်တို့ကို ဆုတ်
ယုတ်စေကုန်လတ္တံ့လော၊ ထိုသို့မဟုတ် ငါ၏အမိန့်ကို ယူကုန်လတ္တံ့
လောဟု မိန့်တော်မူသော စကားတော်ဖြစ်သည်၊မင်းကြီး၊ဥပမာသော်
ကား စကြဝတေးမင်းသည် သားတော်တို့ကို အို-ငါ၏သားတော်တို့၊
ဤတိုင်းနိုင်ငံ ဇနပုဒ်သည် အလုံးစုံသော အရပ်မျက်နှာ၌ သမုဒ္ဒရာ
အဆုံးရှိ၏၊ ချစ်သားတို့သည် ထိုမျှလောက်သော အားအစွမ်းဖြင့်
ဆောင်ရွက်ခြင်းကို ပြုနိုင်ခဲ၏၊ဒိုချစ်သားတို့၊ငါလွန်သဖြင့် ရွာစွန်ဇနပုဒ်
တို့ကို မသိမ်းဆည်းလင့်ကုန် စွန့်ပစ်ကြလေကုန်ဟုဆို၏၊ မင်းကြီး၊
စင်စစ်သော်ကား ထိုမင်းသားတို့သည် ဘခင်စကြာမင်းလွန်သဖြင့်
လက်သို့ရောက်လေပြီးသော တိုင်းနိုင်ငံဇနပုဒ်တို့ကို စွန့်ကုန်ရာသလော
ဟုဆိုသော် အရှင်ဘုရား၊ ထိုမင်းသားတို့သည် လက်သို့ရောက်လေပြီး
သောတိုင်းနိုင်ငံဇနပုဒ်တို့ကို မစွန့်ကုန်ရာ၊အရှင်ဘုရား၊အဘစကြာမင်း
ထက် ပြည့်စည်းစိမ်လောဘဖြင့် ထိုမင်းသားတို့သည် အဆအရာအလိုရှိ
ကုန်၏၊ထိုအဘစကြာမင်းထက် အလွန်နှစ်ဆတက် သုံးဆတက် သိမ်း
ဆည်းကုန်ရာ၏၊ အဘယ့်ကြောင့် လက်သို့ ရောက်လေပြီးသော
တိုင်းနိုင်ငံဇနပုဒ်တို့ကို လွှတ်လေကုန်အံ့နည်းဟုဆို၏၊မင်းကြီး၊ထို့အတူ
လာခြင်းကောင်းသော ဘုရားရှင်သည် တပည့်တော်တို့ကို စုံစမ်းလို
သည် ဖြစ်၍ အာနန္ဒာ၊ ငါပရိနိဗ္ဗာန်လွန်သော် သံဃာအလိုတူကြကုန်အံ့၊
ခုဒ္ဒါနု ခုဒ္ဒကသိက္ခာပုဒ်တို့ကို နုတ်လေတော့ဟု မိန့်တော်မူသည်ဖြစ်၏၊
မင်းကြီး၊ ဘုရားရှင်သာသနာတော်၌ ရဟန်းတို့သည် ဝဋ်ဆင်းရဲမှ
လွတ်စိမ့်သောငှါ တရား၌ကျင့်ချင်သော လောဘရှိသဖြင့် ပညတ်တော်
မူပြီးသော သိက္ခာပုဒ်ထက် အလွန် တရာ့ငါးဆယ်မျှလောက်သော
သိက္ခာပုဒ်ကို စောင့်ရှောက်လိုကုန်၏၊ပြကတေ့ ငါပညတ်လေပြီးသော
သိက္ခာပုဒ်ကို အဘယ်သို့ လွှတ်လေအံ့နည်းဟု ဘုရားမိန့်တော်မူလို၏၊

ချဒ္ဒါနှုချဒ္ဒကသိက္ခာပုဒ်ကို စင်စစ်နုတ်စေလိုသောကြောင့် မိန့်တော်မမူဟု ဆိုသော် အရှင်ဘုရား၊ ဘုရားရှင်သည် ချဒ္ဒါနှုချဒ္ဒကသိက္ခာပုဒ်တို့ကို နုတ်ရစ်တော့ဟု အကြင်စကားကို ဟောတော်မူ၏၊ ဤစကား၌ လူအပေါင်းသည် တွေဝေခဲ့၏၊ ယုံမှားသက်ာရှိခဲ့၏၊ သံသယသို့ ပြေးဝင်ခဲ့၏၊ ချဒ္ဒါနှုချဒ္ဒကသိက္ခာပုဒ်တို့သည် အဘယ်သိက္ခာပုဒ်တို့နည်းဟု မေးသော် မင်းကြီး၊ ဒုက္ကဋ်အာပတ်သည် ချဒ္ဒကသိက္ခာပုဒ်မည်၏၊ ဒုဗ္ဘာသိအာပတ်သည် အနုချဒ္ဒကသိက္ခာပုဒ်မည်၏၊ ဤနှစ်ပါးသော သိက္ခာပုဒ်တို့သည် ချဒ္ဒါနှုချဒ္ဒကသိက္ခာပုဒ်မည်ကုန်၏၊ မင်းကြီး၊ ရှေးမဟာထေရ်မြတ်တို့သည် ဤချဒ္ဒါနှု ချဒ္ဒကသိက္ခာပုဒ်၌ ယုံမှားသက်ာကို ဖြစ်စေအပ်၏၊ ထိုမဟာထေရ်မြတ်တို့သည်လည်း ဘုရားရှင် ဟောတော်မူအပ်သော, ဓမ္မသနာ၌ ညွှန်အပ်သော ဤပြဿနာကို သင်္ဂါယနာတင်သော ဆရာမြတ်တို့သည် အညီအညွတ် တပေါင်းထည်း သင်္ဂါယနာတင်ခြင်းကို မပြုအပ်လေဟုဆိုသော် အရှင်ဘုရား၊ ဘုရားရှင်၏ လျှို့ဝှက်အပ်တော်မူသော စကားတော်သည် ကာလရှည်လျားစွာ ထားအပ်ပြီ၊ ဤယခု အရှင်ဘုရားသည် လောက၌ ဟင်းလင်းဖွင့်တော်မူအပ်ပြီ၊ ထင်ရှားစွာပြုတော်မူအပ်လေပြီဟု ဝန်ခံ၏။

ချဒ္ဒါနုချဒ္ဒကပဥ္စာပြီး၏။

---

## ၉၈။ ဥပနိယပဥ္စာယအဗျာကရဏပဥ္စာ

**ဘုရားတရားဟောရာ အဘိုအခ ယူလိုသလော…မိလိန္ဒမင်းသည် အရှင် ဘုရား၊**

ဘုရားရှင်သည် အာနန္ဒာ၊ လာခြင်းကောင်းသောဘုရားရှင်အား ဆရာစား အဘိုကိုထား၍တရားတို့ကို ဟောတော်မူအပ်သော မည်သည်မရှိဟု ဟောဟောတော်မူအပ်၏။

နတ္ထာနန္ဒတထာဂတဿ ဓမ္မေသု အာစရိယမုဋ္ဌိ။

အာနန္ဒ၊ အာနန္ဒာ။ တထာဂတဿ၊ လာခြင်းကောင်းသောဘုရားအား။ ဓမ္မေသု၊ တရားတို့၌။ အာစရိယမုဋ္ဌိ၊ ဆရာစားအကြွင်း အဘိုကိုထား၍။ ဘာသိတံ၊ ဟောတော်မူအပ်သောမည်သည်။ နတ္ထိ၊ မရှိ။ ။ဟုဟောတော်မူအပ်၏။

တဘန်လည်း မာလုကျ၏သားမထေရ်သည် ပြဿနာမေးအပ်သည် ရှိသော် ဖြေတော်မမူ၊ အဘယ့်အခါကို အလိုရှိတော်မူသလော။

အဖျာကတောဝ ထေရေန မာလုကျပုတ္တေန ပုန္တိတော ပဉှော။ (အနက်ကား သိသာပြီ။)

အရှင်ဘုရား၊ ဤပြဿနာသည် ဧကန္တစင်စစ် နှစ်ဘက်အစွန်းထွက်ခဲ့၏၊ ဘုရားရှင်သည် သိတော်မမူသောကြောင့် ဖြစ်သလော၊ လျှို့ဝှက်အပ်သောစကားဖြစ်သလော၊ အရှင်ဘုရား၊ အကယ်၍ ဘုရားရှင်သည် အာနန္ဒာ၊ လာခြင်းကောင်းသော ငါဘုရားအား တရားတို့၌ ဆရာစား အဘို့အခကို လိုအပ်သောမည်သည်မရှိဟူသောစကားသည် မှန်အံ့၊ ထို စကားကို အမှန်ယူအပ်သော် မာလုကျမထေရ်မေးသောပြဿနာ၌ သိတော်မမူသောကြောင့် ကြားတော်မမူဘဲနေလေသလော။ ။ (ဤလည်းတစွန်းထွက်သည်။)

အကယ်၍သိတော်မူလျက် ကြားတော်မမူဘဲနေအံ့၊ လာခြင်းကောင်း သောဘုရားရှင်သည် ဆရာစားအဘို့အခကို အလိုရှိခဲ့၏တကား။ ။ (ဤလည်းတစွန်းထွက်သည်။)

ဤပြဿနာသည် နှစ်ဘက်အစွန်းထွက်ခဲ့၏၊ အရှင်ဘုရားအားရောက်၏၊ ထိုပြဿနာကိုအရှင်ဘုရားသည် ငြိမ်းစေလော့ဟု ဆိုသော်။ ။ မင်းကြီး၊ ဘုရားရှင်သည် အာနန္ဒာ၊ လာခြင်းကောင်းသော ငါဘုရား အား တရားတို့၌ ဆရာစား အဘို့အခမည်သည်မရှိဟု ဟောတော်မူ သည်လည်း မှန်၏၊ မာလုကျမထေရ် မေးအပ်သောပြဿနာကို ဖြေ ကြားတော်မမူသည်လည်း မှန်၏၊ ထိုအမေးပြဿနာကို သိတော်မမူ သောကြောင့်လည်းမဟုတ်၊ လျှို့ဝှက်အပ်သောကြောင့်လည်း မဟုတ်၊ မဟုတ်ကြောင်းကား မင်းကြီး၊ အမေးပြဿနာတို့၏ သဘောသည် လေးပါးအပြားရှိကုန်၏၊ လေးပါးဟူသော်ကား၊ (၁)ဧကံသဗျာကရဏာ ပဉှာ၊ (၂) ဝိဘဇ္ဇဗျာကရဏာပဉှာ၊ (၃) ပဋိပုစ္ဆာ ဗျာကရဏာပဉှာ၊ (၄) ဌပနီယပဉှာဟူ၍ လေးပါးအပြားရှိကုန်၏။

မင်းကြီး၊ ထိုလေးပါးတို့တွင်—

(၁) ဧကံသဗျာကရဏာပဉှာ ဟူသော်ကား ရူပံအနိစ္စံ၊ ဝေဒနာ အနိစ္စာ၊ သညာအနိစ္စာ၊ သင်္ခါရာအနိစ္စာ၊ ဝိညာဏံအနိစ္စံ၊ ရူပက္ခန္ဓာ

သည့် အနိစ္စလော၊ ဝေဒနာက္ခန္ဓာသည် အနိစ္စလော၊ သညာက္ခန္ဓာသည် အနိစ္စလော၊ သင်္ခါရက္ခန္ဓာသည်အနိစ္စလော၊ ဝိညာဏက္ခန္ဓာသည် အနိစ္စလောဟူသော်အမေး၌ မေးသောစကားအတွင်း၌ တစိတ်အဖြေ ဝင်ပြီးဖြစ်သောကြောင့် ဧကံသဗျာကရဏပဥှာမည်၏။

(၂) ဝိဘဇ္ဇဗျာကရဏပဥှာဟူသည်ကား အနိစ္စံပနရူပံ၊ အနိစ္စာ ပနဝေဒနာ၊ အနိစ္စာပနသညာ၊ အနိစ္စာ ပန သင်္ခါရာ၊ အနိစ္စံပနဝိညာဏံ၊ အနိစ္စမည်သော တရားသည်ကား ရူပက္ခန္ဓာလော၊ အနိစ္စမည်သော တရားသည်ဝေဒနာက္ခန္ဓာ,သညာက္ခန္ဓာ,သင်္ခါရက္ခန္ဓာ,ဝိညာဏက္ခန္ဓာ, လောဟူသောအမေး၌ ဝေဘန်ခွဲခြမ်း၍ ဖြေအပ်သော စကားသည် အမေး အတွင်းက ပါလေပြီးဖြစ်သောကြောင့် ဝိဘဇ္ဇဗျာကရဏပဥှာ မည်၏။

(၃) ပဋိပုစ္ဆာဗျာကရဏပဥှာဟူသည်ကား ကိန္နုခေါ စက္ခုနာ သဗ္ဗံဝိဇာနာတိ၊အသို့နည်း စက္ခုဝိညာဉ်ဖြင့် အလုံးစုံကို သိသလော ဟူသောအမေး၌ စက္ခုဝိညာဉ်ဖြင့် အလုံးစုံကိုမသိနိုင်သည်ဖြစ်၍ စက္ခု ဝိညာဉ်သည် ရူပါရုံကို သိခြင်းလက္ခဏာ ရှိသည်မဟုတ်လောဟု တဘန်မေး၍ ဖြေရမည်ဖြစ်သောကြောင့် ပဋိပုစ္ဆာဗျာကရဏပဥှာ မည်၏။

(၄) ဌပနီယပဥှာဟူသည်ကား သဿတော လောကော၊အသဿ တောလောကော၊ အန္တဝါလောကော၊အနန္တဝါလောကောတိ၊လောက သည် မြဲသလော၊လောကသည်မမြဲသလော၊လောကသည် အဆုံးရှိသ လော၊လောကသည် အဆုံးမရှိသလော၊လောကသည် အဆုံးလည်းရှိ၊ အဆုံးလည်းမရှိသလော၊ လောကသည် အဆုံးရှိသည်လည်း မဟုတ်၊ အဆုံးမရှိသည်လည်း မဟုတ်သလော၊ အသက်တခြား ကိုယ်တခြား လော၊ သတ္တဝါတို့သည် သေသည်မှ နောက်ကာလ၌ ဖြစ်သလော၊ သတ္တဝါတို့သည် သေသည်မှ နောက်ကာလ၌ မဖြစ်သလော၊သတ္တဝါ တို့သည် သေသည်မှ နောက်ကာလ၌ ဖြစ်သည်လည်းရှိ၊ မဖြစ်သည် လည်းရှိသလော၊ သတ္တဝါတို့သည် သေသည်မှနောက်ကာလ၌ ဖြစ် သည်လည်း မဟုတ်၊ မဖြစ်သည်လည်း မဟုတ်သလောဟု မေ သော အမေးသည် ရှိ၏၊ ဤအမေးသည် မေးသောအတိုင်း ထားအပ်သော အမေးဖြစ်သောကြောင့် ဌပနီယပဥှာ မည်၏။

မင်းကြီး၊ မြတ်စွာဘုရားသည် မာလုကျပုတ္တထေရ်၏ ဌပနီယပြဿနာကိုဖြေတော်မမူ၊ ထိုပြဿနာသည် အဘယ့်ကြောင့် ဌပနီယပြဿနာမည်လေသနည်းဟူမူကား ထိုအမေးကိုဖြေအံ့ ပြအံ့သော ဌါ အကြောင်းလည်းမရှိ ပြဘွယ်လည်းမရှိ၊ ထို့ကြောင့် ဌပနီယပဉှာ မည်၏၊ မင်းကြီး၊ ဘုန်းခြောက်ပါးနှင့် ပြည့်စုံတော်မူသော ဘုရားရှင် တို့အား အကြောင်းပြဘွယ်မရှိသောပြဿနာကို အသံတော်ဖြင့် မြွက်ဆိုတော်မူခြင်းမရှိဟု ဆိုသော် အရှင်ဘုရား၊ ကောင်းလှပေ၏၊ ဤစကားကို တကာတော်ဝန်ခံပါ၏ဟု ဝန်ခံ၏၊

ဌပနီယပဉှာယ အဗျာကရဏပဉှာပြီး၏။

---

## ၄၄။ သတ္တာနံမစ္စုနော ဘာယနာဘာယနပဉှာ

**သတ္တ၀ါတိုင်းသေဘေးကြောက်သလော**…မိလိန္ဒမင်းသည် အံ့ရှင်ဘုရား၊ဘုရားရှင်သည် ခပ်သိမ်းသောသတ္တဝါတို့သည် ဒဏ်မှ ထိတ်လန့်ကြကုန်၏၊ သေခြင်းမှ ကြောက်ကြကုန်၏ဟု ဟောတော်မူအပ်၏။ ။ဟောတော်မူကြောင်းကား—

သဗ္ဗေတသန္တိ ဒဏ္ဍဿ၊သဗ္ဗေဘာယန္တိ မစ္စုနော။

ဟူသည်တည်း။

သဗ္ဗေ၊ခပ်သိမ်းသောသတ္တဝါတို့သည်။ဒဏ္ဍဿ၊ ဒဏ်မှ။ တသန္တိ၊ လန့်ကြကုန်၏။သဗ္ဗေ၊ခပ်သိမ်းသောသတ္တဝါတို့သည်။မစ္စုနော၊သေခြင်းမှ။ဘာယန္တိ၊ကြောက်ကြကုန်၏။ ။ဟုဟောတော်မူအပ်၏။

တဘန်လည်း ဘုရားရှင်သည် ရဟန္တာပုဂ္ဂိုလ်တို့သည် ခပ်သိမ်းသော ဘေးမှ လွန်ကုန်၏ဟု ဟောတော်မူအပ်သည်လည်း ရှိခဲ့၏၊ အရှင်ဘုရား၊ အဘယ်သို့နည်း၊ရဟန္တာပုဂ္ဂိုလ်တို့သည် ထိတ်လန့်ကုန်သလော၊ငရဲ၌ ငရဲသူသတ္တဝါတို့သည် ပြောင်ပြောင်တောက်ကုန်လျက် ကျိုက်ကျိုက်ဆူကုန်လျက် ပူပန်သော ကိုယ်ရှိကုန်လျက် ထိုပြောင်ပြောင်တောက်သော ငရဲမှ စုတေကုန်သည်ရှိသော် အဘယ်သို့ ကြောက်လေကုန်အံ့နည်း။

ကိန္နုခေါ ဘန္တေ နာဂသေန အရဟာ ဒဏ္ဍဘယာ တသတိ၊ နိရယေ ဝါ နေရယိကာ သတ္တာ ဇလိတာ ကုထိတာ တတ္တာ သန္တတ္တာ တမှာ ဇလိတဂ္ဂိဇာလကာ မဟာနိရယာ စဝမာနာ မစ္စုနော ဘာယန္တိ။ ။ဟူသည်တည်း။

နာဂသေန၊နာဂသေနအမည်ရှိသော။ဘန္တေ၊အရှင်ဘုရား။ကိန္နုခေါ၊ အသို့နည်း။အရဟာ။ရဟန္တာပုဂ္ဂိုလ်သည်။ ဒဏ္ဍဘယာ၊ ဒဏ်ဘေးမှ။ တသတိ၊ ထိတ်လန့်ရာသလော။နိရယေဝါ၊ ငရဲ၌လည်း။ နေရယိကာ၊ ငရဲသူဖြစ်ကုန်သော။သတ္တာ၊သတ္တဝါတို့သည်။ ဇလိတာ၊ ပြောင်ပြောင် တောက်ကုန်လျက်။ ကုထိတာ၊ ကျိုက်ကျိုက်ဆူကုန်လျက်။ တတ္တာ၊ ပူလောင်ကုန်လျက်။သန္တတ္တာ၊ ပြင်းစွာ ပူလောင်ကုန်လျက်။ ဇလိတဂ္ဂိဇာလကာ၊ ပြောင်ပြောင်လောင်သော မီးလျှံရှိသော။ တမှာ မဟာနိရယာ၊ထိုငရဲကြီးမှ။စဝမာနာ၊စုတေကုန်သော်။ မစ္စုနော၊သေခြင်းမှ။ကိန္နုခေါ၊အသို့နည်း။ဘာယန္တိ၊ကြောက်ကုန်သလော။

အရှင်ဘုရား၊ဘုရားရှင်သည် အကယ်၍ ခပ်သိမ်းသော သတ္တဝါတို့သည် ဒဏ်မှလန့်ကုန်၏၊ ခပ်သိမ်းသော သတ္တဝါတို့သည် သေခြင်းမှ ကြောက်ကုန်၏ဟုဟောတော်မူသော စကားတော်သည်ရှိ၏၊ ထိုစကားကို အမှန်ယူအပ်သော် ရဟန္တာတို့သည် ခပ်သိမ်းသောဘေးမှ လွန်ကုန်၏ဟူသော အကြြင်စကားသည်ရှိ၏၊ ထိုစကားသည်မှားရာ၏။ ။ (ဤလည်းတစွန်းထွက်သည်။)

အရှင်ဘုရား၊ဘုရားရှင်သည် အကယ်၍ ရဟန္တာတို့သည် ခပ်သိမ်းသော ဘေးမှ လွန်ကုန်၏ဟု ဟောတော်မူအပ်သောစကားသည်မှန်အံ့၊ ထိုစကားကို အမှန်ယူအပ်သော် ခပ်သိမ်းသောသတ္တဝါတို့သည် ဒဏ်မှ လန့်ကုန်၏၊သေခြင်းမှကြောက်ကုန်၏ဟု ဟောတော်မူသော အကြင် စကားသည် ရှိ၏၊ထိုစကားသည်မှားရာ၏။ ။(ဤလည်းတစွန်းထွက်သည်။)

ဤနှစ်ဘက်အစွန်းထွက်သော ပြဿနာသည် အရှင်ဘုရား အား ရောက်၏၊ထိုပြဿနာကို အရှင်ဘုရားသည် ငြိမ်းပါစေလော့ဟုဆို၏။

မင်းကြီး၊ ခပ်သိမ်းသော သတ္တဝါတို့သည် ဒဏ်မှထိတ်လန့်ကုန်၏၊ သေခြင်းမှကြောက်ကုန်၏ ဟူသောအမိန့်တော်သည် ရဟန္တာပုဂ္ဂိုလ်

တို့ကို အကြောင်းပြု၍ ဟောတော်မူအပ်သော စကားမဟုတ်၊ ထိုအကြောင်းတရားစကား၌ ရဟန္တာတို့ကို ထားအပ်၏၊ ရဟန္တာပုဂ္ဂိုလ်တို့သည် ထိုဘေးအကြောင်းတရားကို မဂ်ဉာဏ်ဖြင့် နှုတ်အပ်လေပြီ၊ အကြင်သတ္တဝါတို့သည် ကိလေသာရှိကုန်၏၊ အကြင်သတ္တဝါတို့အားလည်း လွန်စွာ မိမိကိုယ်ကိုအမြဲစွဲလမ်းကုန်၏၊ အကြင်သတ္တဝါတို့အားလည်း ချမ်းသာဆင်းရဲခြင်း၌ ညွတ်သောစိတ်ရှိကုန်၏၊ ထိုသတ္တဝါတို့ကို ရည်၍ "သဗ္ဗေ တသန္တိ ဒဏ္ဍဿ၊ သဗ္ဗေ ဘာယန္တိ မစ္စုနော" ဟု ဟောတော်မူအပ်၏၊ မင်းကြီး၊ ရဟန္တာပုဂ္ဂိုလ်တို့အား ခပ်သိမ်းသော ဂတိယောနိပဋိသန္ဓေတို့ကို သတ်ဖြတ် ဖျက်ဆီး ပယ်နှုတ်အပ်ပြီ၊ ခပ်သိမ်းသောဘဝတို့၌ တပ်မက်မောခြင်းကို ကောင်းစွာ နှုတ်အပ်ပြီ၊ အလုံးစုံသောသင်္ခါရတရားတို့ကို ဖြတ်အပ်ပြီ၊ အဝိဇ္ဇာကင်းပြီ၊ မျိုးစေ့မရှိသော ဝိညာဉ်ကိုပြုအပ်ပြီ၊ အလုံးစုံသော ကိလေသာတို့ကို မြိုက်အပ်ကုန်ပြီ၊ လောကဝတ် တရားတို့မှ လွန်မြောက် ကူးမြောက်ကုန်ပြီ၊ ထို့ကြောင့် ရဟန္တာပုဂ္ဂိုလ်သည် အလုံးစုံသော ဘေးတို့မှမထိတ်လန့်၊ မင်းကြီး၊ ဥပမာသော်ကား ဤလောက၌ အစိုးရသော ပြည့်ရှင်မင်းအား လေးယောက်သောအမတ်တို့သည်ရှိသည်ဖြစ်ကုန်၏၊ အစဉ်အတိုင်း ပြည်တိုင်းကားကို စောင့်ရှောက်ကုန်၏၊ ရအပ်သောအခြံအရံလည်းရှိကုန်၏၊ အကျွမ်းလည်းဝင်ကုန်၏၊ မြားမြောင်ကြီးကျယ်စွာအစိုးရသောအရပ်၌ ထားအပ်ပြီးသော် ထိုအခါအစိုးရသောမင်းသည် တစုံတခုပြုဘွယ်ကိစ္စဖြစ်သောကာလ၌ မိမိ၏တိုင်းနိုင်ငံ၌ အလုံးစုံသောလူအပေါင်းတို့၏ အထံသို့ အလုံးစုံသောပြည်သူတို့သည် ငါ၏အထံသို့ အခွန်ဆက်သလာကြကုန်၊ သင်အမတ်ကြီး လေးယောက်တို့သည် ထိုအခွန်တောင်းဘွယ်ကိစ္စကိုမှတ်သားလေကုန်ဟုစေလိုက်၏၊ မင်းကြီး၊ ထိုအမတ်ကြီးလေးယောက်တို့သည် စင်စစ်အခွန်အတုပ်ဘေးမှ ထိတ်လန့်ခြင်းသည် ဖြစ်ရာသလောဟုဆိုသော် အရှင်ဘုရား၊ ထိုအမတ်တို့မတုန်မလှုပ်ရာဟုဆို၏၊ မင်းကြီး၊ အဘယ့်ကြောင့်နည်းဟု ဆိုသော် အရှင်ဘုရား၊ အစိုးရသော ပြည့်ရှင်မင်းသည် ထိုအမတ် လေးယောက်တို့ကိုမြတ်သောအရာ၌ထားအပ်ကုန်သည်ဖြစ်၍ ထိုအမတ်လေးယောက် တို့အား အခွန် အတုပ်မှလွတ်လေကုန်ပြီ၊ ထိုလေးယောက်သော အမတ်တို့ကို ငါ၏အခွန်ကိုတောင်းချေဟု ကြွင်းသောပြည်သူအပေါင်းကို ခွဲစေအပ်

ကုန်ပြီ၊ထို့ကြောင့် ထိုအမတ်လေးယောက်တို့သည် အခွန်အတုပ်ဘေး မှမထိတ်လန့်ကုန်ဟုဆိုသော် ထို့အတူ မင်းကြီး၊ ဘုရားရှင်သည် "သဗ္ဗေတသန္တိ ဒဏ္ဍဿ၊ သဗ္ဗေဘာယန္တိ မစ္စုနော"ဟုဟောတော်မူ အပ်သောစကားသည် ရဟန္တာပုဂ္ဂိုလ်တို့ကိုရည်၍ ဟောတော်မမူ အပ်၊ ရဟန္တာပုဂ္ဂိုလ်တို့ကိုထားအပ်၏၊ရဟန္တာပုဂ္ဂိုလ်တို့သည် ဘေး ကို ကြောက်တတ်သော တရားတို့ကို မဂ်ဉာဏ်ဖြင့် ပယ်နုတ်အပ်ပြီ၊ မင်းကြီး၊ ဘုရားရှင်သည် အကြင်သတ္တဝါတို့သည် ကိလေသာရှိကုန်၏၊ အကြင်သတ္တဝါတို့သည် လွန်စွာမိမိကိုယ်ကိုစွဲလမ်းကုန်၏၊ အကြင် သတ္တဝါတို့သည်ချမ်းသာဆင်းရဲတို့၌ညွတ်သောစိတ်ရှိကုန်၏၊ထိုသတ္တဝါ တို့ကိုရည်၍ ခပ်သိမ်းသော သတ္တဝါတို့သည် ဒဏ်မှလန့်ကုန်၏ဟု ဟောတော်မူခြင်းဖြစ်သည်ဟုဆိုသော် အရှင်ဘုရား၊ "သဗ္ဗေတသန္တိ ဒဏ္ဍဿ၊ သဗ္ဗေဘာယန္တိမစ္စုနော" ဟူသော စကား တော်သည် သာဝသေသစကားတော်မဟုတ်စကောင်း၊ နိရဝသေသစကားဖြစ်ခဲ့၏ တကား၊ထိုစကားနှစ်ပြင်၌ တကာတော်အား လွန်စွာသော အကြောင်း ကို တည်စိမ့်သောငှါ ဟောတော်မူဦးလော့ဟုဆိုသော်-

မင်းကြီး၊ ဥပမာသော်ကား ဤလူ့ဘုံ၌ ရွာစားသူကြီး တို့သည် စေအပ်သောယောကျ်ားကို အချင်း၊ လာလှည့်၊ ဤရွာ၌အကြင်နေ့ရွှေ လောက် ရွာသူရွာသားတို့သည်ရှိကုန်၏၊ထိုအလုံးစုံသော ရွာသားတို့ကို လျင်စွာ ငါ၏အထံသို့ စုဝေးစေလော့ဟုစေအံ့၊ ထိုစေအပ်သော ယောကျ်ားသည် အရှင်၊ ကောင်းပြီဟုဝန်ခံပြီးသော် ရွာ၏အလယ်၌ ရပ်၍သုံးကြိမ်မြောက်အောင် အကြင်နေ့ရွှေလောက် ရွာ၌ လူရှိကုန်၏၊ ထိုလူအပေါင်းတို့သည် လျင်စွာလျင် အရှင်သူကြီး၏ အထံသို့စုဝေးကြ ကုန်လော့ဟု အသံကို ဟစ်အော် ကြော်ကြားစေအံ့၊ ထို့နောင်ရွာသူ လူအပေါင်းတို့သည်စေအပ်သောယောကျ်ား၏စကားဖြင့် လျင်စွာလျင် စုဝေးကြကုန်ပြီးသော် ရွာရှင်သူကြီးအား အရှင်သား၊ အလုံးစုံသော ရွာသားတို့သည် စုဝေးလေကုန်ပြီ၊ အရှင်ရွာသူကြီးအား အကြင်ပြု ဘွယ်အမှုသည်ရှိအံ့၊ ထိုအမှုကိုပြုလော့ဟု ကြားရကုန်၏၊ မင်းကြီး၊ ထိုရွာသူကြီးသည် တကုဋေမျှလောက်သော ပရိသတ်တို့ စုဝေးပြီး သော် အလုံးစုံသောရွာသူရွာသားတို့ကို စုဝေးစေဟု စေခိုင်းစကား ရှိ၏၊ ထိုစေအပ်သောအလုံးစုံသောသူတို့သည်မစုဝေးကုန်၊ ရွာသူကြီ

သည် ငါ၏ရွာ၌ဤမျှလောက်သော ပရိသတ်တို့သည်ရှိကုန်၏ဟု ထိုလာသောပရိသတ်ကိုဝန်ခံ၏၊ လာသော ပရိသတ်မှတပါး များစွာမလာသေးကုန်သောမိန်းမ,ယောကျ်ား, ကျွန်မိန်းမ, ကျွန်ယောကျ်ား,သူရင်းငှါး, အမှုလုပ်, သူနာ, နွား, ကျွဲ, ဆိတ်,ခွေးတို့ကို မရေတွက်အပ်ကုန်ဘဲလျက် အလုံးစုံသောရွာနေလူအပေါင်းတို့စုဝေးကြကုန် ဟူသောစကားကို အကုန်သိမ်းရုံး၍ဆိုသော်လည်း လိုအပ်သော သူတို့စုဝေးကုန်သော် အလုံးစုံသောရွာသားအစု စုဝေးကုန်ပြီဟု ဆိုအပ်သကဲ့သို့ ထို့အတူ မင်းကြီး၊ ဘုရားရှင်သည် ရဟန္တာပုဂ္ဂိုလ်တို့ကိုစွဲ၍ ဟောတော်မူအပ်သောစကားမဟုတ်၊ရဟန္တာကိုထားအပ်၏၊ ထိုအကြောင်းစကား၌ ဘေးဟူသောအကြောင်းကိုရဟန္တာသည်နုတ်အပ်ပြီ၊ ကိလေသာရှိသောချမ်းသာဆင်းရဲတို့၌ညွတ်သောသတ္တဝါတို့ကိုရည်၍ ဘုရားရှင်ဟောတော်မူအပ်၏၊ ထိုအကြောင်းကြောင့် မင်းကြီး၊ ရဟန္တာပုဂ္ဂိုလ်သည် အလုံးစုံသောဘေးမှမလန့်ချေ။

**စကား ၄ မျိုး**……မင်းကြီး၊ သာဝဇ္ဇသ, နိရဝဇ္ဇသစကားတို့၏ သဘောကား လေးပါးအပြားရှိ၏။ ။

လေးပါးရှိကြောင်းကား—

အတ္ထိ မဟာရာဇ သာဝဇ္ဇံ ဝစနံ, သာဝဇ္ဇော အတ္ထော၊ အတ္ထိ သာဝဇ္ဇံ ဝစနံ, နိရဝဇ္ဇော အတ္ထော၊ အတ္ထိနိရဝဇ္ဇံ ဝစနံ, သာဝဇ္ဇော အတ္ထော၊ အတ္ထိ နိရဝဇ္ဇံ ဝစနံ, နိရဝဇ္ဇော အတ္ထော၊ တေန တေန အတ္ထော သမ္ပဋိစ္ဆိတဗ္ဗော။ ဟူသည်တည်း။

မဟာရာဇ၊ မင်းကြီး။ သာဝဇ္ဇံ၊ အကြွင်းရှိသော။ ဝစနံ၊ သဒ္ဒါသည်။ အတ္ထိ၊ ရှိ၏။ သာဝဇ္ဇော၊ အကြွင်းရှိသော။ အတ္ထော၊ အနက်သည်။ အတ္ထိ၊ ရှိ၏၊ သာဝဇ္ဇံ၊ အကြွင်းရှိသော။ ဝစနံ၊ သဒ္ဒါသည်။ အတ္ထိ၊ ရှိ၏။ နိရဝဇ္ဇော၊ အကြွင်းမရှိသော။ အတ္ထော၊အနက်သည်။ အတ္ထိ၊ ရှိ၏။ နိရဝဇ္ဇံ၊ အကြွင်းမရှိသော။ ဝစနံ၊ သဒ္ဒါသည်။ အတ္ထိ၊ ရှိ၏။ သာဝဇ္ဇော၊ အကြွင်းရှိသော။ အတ္ထော၊ အနက်သည်။ အတ္ထိ၊ ရှိ၏။ နိရဝဇ္ဇံ၊ အကြွင်းမရှိသော။ ဝစနံ၊ သဒ္ဒါသည်။ အတ္ထိ၊ ရှိ၏။

နိရဝသေသော၊ အကြွင်းမရှိသော။ အဝေတ္တာ၊ အနက်သည်။ အတ္ထိ၊ ရှိ၏။ တေန တေန၊ ထိုထို့သောအကြောင်းဖြင့်။ အဝေတ္တာ၊ အနက်ကို။ သမ္ပဋိစ္ဆိတဗ္ဗာ။ ဝန်ခံအပ်၏။

**အဓိပ္ပါယ်ကား**……စကားတို့၏သဘောသည် သဒ္ဒါလည်းအကြွင်းရှိသော,အနက်လည်းအကြွင်းရှိသောစကား၊သဒ္ဒါသာအကြွင်းရှိ၍ အနက်အကြွင်းမရှိသောစကား၊ အနက်သာအကြွင်းရှိ၍ သဒ္ဒါအကြွင်းမရှိသောစကား၊ သဒ္ဒါလည်းအကြွင်းမရှိ, အနက်လည်းအကြွင်းမရှိသောစကားဟူ၍ လေးပါးအပြားရှိ၏။

**အနက်အဓိပ္ပါယ်ဝန်ခံကြောင်း ၅-မျိုး**……ထိုသို့ဆိုအပ်ပြီးသောသာဝသေသ, နိရဝသေသစကားကို ငါးပါးသောအပြားအားဖြင့် အနက်ကိုဝန်ခံအပ်၏။

> ပဉ္စဝိဓေနအဝေတ္တာ သမ္ပဋိစ္ဆိတဗ္ဗာ၊ အာဟစ္စပဒေနခေါ မဟာရာဇ၊ရသေန၊အာစရိယဝံသတာယ၊ အဓိပ္ပါယေန၊ ကာရဏုတ္တရိယတာယ၊ ဧတ္ထဟိ အာဟစ္စပဒေနာတိသုတ္တံ အဓိပ္ပေတံ၊ ရသောတိ သုတ္တာနုလောမံ၊ အာစရိယဝံသောတိ အာစရိယဝါဒေါ၊ အဓိပ္ပါယေနာတိ အတ္တနောမတိ၊ ကာရဏုတ္တရိယတာယာတိဣမေဟိ စတူဟိ သမေန္တံ ကာရဏံ။ ဟူသည်တည်း။

မဟာရာဇ၊ မြတ်သောမင်းကြီး။ ပဉ္စဝိဓေန၊ ငါးပါးသောအပြားအားဖြင့်။ အဝေတ္တာ၊ အနက်ကို။ သမ္ပဋိစ္ဆိတဗ္ဗာ၊ ဝန်ခံအပ်၏။ မဟာရာဇ၊ မြတ်သောမင်းကြီး။ အာဟစ္စပဒေန၊ ဘုရားရှင်တိုက်ရိုက်ဟောတော်မူအပ်သောပါဠိတော်ဖြင့်၎င်း၊ ရသေန၊ ပါဠိတော်အား လျော်စွာသောသုတ္တာနုလောမဖြင့်၎င်း။ အာစရိယဝံသတာယ၊ အဋ္ဌကထာဆရာတို့၏ဝါဒဖြင့်၎င်း။ အဓိပ္ပါယေန၊ အတ္တနောမတိ ဖြစ်သော ပဋိဘာန်ဖြင့်၎င်း။ ကာရဏုတ္တရိယတာယ၊ဆိုအပ်ပြီးသော လေးပါးသော အကြောင်းတို့နှင့် လွန်စွာညီညွတ်သောအကြောင်းရှိသည်၏အဖြစ်ကြောင့်၎င်း။ ဣတိ၊ ဤသို့။ ပဉ္စဝိဓေန၊ ငါးပါးသောအပြားအားဖြင့်။ အဝေတ္တာ၊ အနက်ကို။ သမ္ပဋိစ္ဆိတဗ္ဗာ၊ ဝန်ခံအပ်၏၊ ဧတ္ထ၊ ဤငါးပါးသော အပြားတို့တွင်။ အာဟစ္စပဒေနာတိ၊အာဟစ္စပဒေန ဟူသည်ကား။ သုတ္တံ၊ပါဠိတော်ကို။

အဓိပ္ပေတံ၊ အလိုရှိအပ်၏။ ရသောတိ၊ ရသောဟူသည်ကား။ သုတ္တာနုလောမံ၊ သုတ္တာနုလောမကို။ အဓိပ္ပေတော၊ အလိုရှိအပ်၏။ အာစရိယဝံသောတိ၊ အာစရိယဝံသဟူသည်ကား။ အာစရိယဝါဒေါ၊ အဋ္ဌကထာဆရာတို့၏အယူကို။ အဓိပ္ပေတော၊ အလိုရှိအပ်၏။ အဓိပ္ပါယေနာတိ၊ အဓိပ္ပါယေနဟူသည်ကား။ အတ္တနောမတိ၊ မိမိပညာဖြင့် ယူ၍ဆုံးဖြတ်သောဋီကာအတ္တနောမတိကို။ အဓိပ္ပေတာ၊ အလိုရှိအပ်၏။ ကာရဏုတ္တရိယတာယာတိ၊ ကာရဏုတ္တရိယတာယဟူသည်ကား။ ဣမေဟိ စတူဟိ၊ ဤဆိုအပ်ပြီးသော လေးပါးသောအကြောင်းတို့နှင့်။ သမေန္တံ၊ ညီညွတ်သော။ ကာရဏံ၊ အကြောင်းကို။ အဓိပ္ပေတံ၊ အလိုရှိအပ်၏။

မင်းကြီး၊ အနက်အဓိပ္ပါယ်အရာရာ၌ အဆုံးအဖြတ်ကို ငါးပါးသော အကြောင်းတို့ဖြင့် ဝန်ခံအပ်၏၊ ဤကဲ့သို့ ထို"သဗ္ဗေ တသန္တိ ဒဏ္ဍဿ၊ သဗ္ဗေ ဘာယန္တိ မစ္စုနော" ဟူသော ပြဿနာ၌ ရဟန္တာကိုရည်၍ မဟော၊ ကိလေသာရှိသောသတ္တဝါကိုရည်၍ ဟောတော်မူအပ်သော ကြောင့် ရဟန္တာကိုအကြွင်းထားအပ်သော သာဝသေသစကားတော် ဖြစ်သည်ဟူ၍ ပြဿနာကို ဆုံးဖြတ်အပ်၏ဟု ဆိုသော် အရှင်ဘုရား၊ ရဟန္တာပုဂ္ဂိုလ်ကိုထား၍ ထိုအကြောင်းစကား၌ ကြွင်းသော သတ္တဝါတို့သည် ထိတ်လန့်သည်ဖြစ်စေကုန်၊ ထိုစကားကို အရှင်ဘုရားဆိုတိုင်း တကာတော်ဝန်ခံ၏၊ ငရဲ၌ကျင်လည်သောသတ္တဝါတို့သည် ဆင်းရဲကုန်လျက်ပြင်းစွာကျင်နာကုန်လျက် ဝေဒနာတို့ကိုခံရကုန်လျက်ပြောင်ပြောင်တောက်သော အင်္ဂါကြီးငယ် ရှိကုန်လျက် သနားဘွယ် မြည်တမ်းငိုကြွေးယောင်ယမ်းသောမျက်နှာရှိကုန်လျက် သည်းမခံနိုင်သောဆင်းရဲနှိပ်စက်ကုန်လျက် ကိုးကွယ်ဆောက်တည်ရာမရဖြစ်ကုန်လျက် အတိုင်းမသိသော စိုးရိမ်ကျင်နာခြင်းရှိကုန်လျက် အဆုံးစွန် အရပ်ဟူ၍ ရေတွက်အပ်ကုန်သည်ဖြစ်၍ စိုးရိမ်ခြင်းတရားသာလျှင် လည်းလျောင်းရာရှိကုန်၏၊ ထက်လှစွာသော မီးပူတို့သည် ကြမ်းထမ်းရှန့်ရင်းစွာ အလွန်ပူကုန်လျက် ကြောက်ဘွယ်သော ဘေးကိုဖြစ်စေကုန်လျက် ထွေးရှက်သော မီးလျှံအစည်းအနှောင်သို့ ညွတ်ရကုန်လျက် ထက်ဝန်းကျင်ယူဇနာ တရာတိုင်တိုင် ကိုင်းညွတ်သော မီးလျှံအဟုန်၌ ဆင်းရဲစွာပူကုန်လျက် ငရဲမှုရတေ့သော သတ္တဝါတို့သည် သေခြင်း ရတေ့ခြင်းမှ ကြောက်အံ့လောဟုမေးသော် –

မင်းကြီး၊ ငရဲ၌ကျင်လည်သော သတ္တဝါတို့သည် သေခြင်း, ရတေ့ခြင်းမှ ကြောက်ကုန်၏ဟုဆိုသော် အရှင်ဘုရား၊ ငရဲသည် စင်စစ်ဆင်းရဲကို ခံရရာ အရပ်ဖြစ်ပါ၏၊ အဘယ့်ကြောင့် ငရဲသူ သတ္တဝါတို့သည် စင်စစ်ဆင်းရဲကို ခံရရာဖြစ်သော ငရဲမှ ရတေ့ကုန်သော် သေခြင်းမှ ကြောက်ကုန်အံ့နည်း၊ ထိုငရဲသူတို့သည် ငရဲမှ လွတ်ခြင်းကိုသာလျှင် အလိုရှိကုန်၏တကားဟုဆိုသော် မင်းကြီး၊ သေခြင်းမှ ထိတ်လန့်သော ထိုအာနုဘော်သည် ထိုငရဲသူတို့အား အကြင့်ကြောင့်ဖြစ်၏ဟု ဆို၏၊ အရှင်ဘုရား၊ တကာတော်သည်လွတ်ခြင်းကို အလိုရှိသော ငရဲသူတို့အား ရတေ့သော ကာလ၌ ထိတ်လန့်ခြင်း ရှိသည်ဖြစ်၏ ဟူသော ဤစကားကို တကာတော်မယုံ၊အရှင်ဘုရား၊မယုံကြောင်းလည်း ငရဲ၌ ကျင်လည်ကုန်သော ထိုသူအပေါင်းတို့သည် ကိုးကွယ်ရာကို မရကုန်ဘဲလျက် ရတေ့မနေသေသောကာလထိတ်လန့်ကြောက်သောအဖြစ်ကို တကာတော်အား အကြောင်းယုံဘွယ်ဖြင့် သိပါစေလော့ဟု ဆိုသော် မင်းကြီး၊သေခြင်းတရားသည် အရိယသစ္စာကိုမမြင်သောသူတို့အားရှိ၏၊ သေခြင်းတရား၌ ဤအရိယသစ္စာကို မမြင်သော လူအပေါင်းသည် ထိတ်လည်းထိတ်လန့်၏၊ကြောက်လည်းကြောက်၏၊ မင်းကြီး၊ အကြင် သတ္တဝါသည် မြွေဟောက်မြွေပွေးမှကြောက်၏၊ထိုသူသည် သေခြင်း သဘောမှလည်း ကြောက်၏၊အကြင်သတ္တဝါသည် ခြင်္သေ့,ကျား,သစ်,ဝံ,အောင်း,ကျွဲ,နွား,ရေဘေး,သစ်ငုတ်ဆူးဘေးမှကြောက်၏၊ မင်းကြီး၊ ထိုသတ္တဝါသည် သေခြင်းတရား၏ ကိစ္စသဘော အာနုဘော်ရှိ၏၊ ထိုသေခြင်းကိစ္စတရား၏ သဘော အာနုဘော်ဖြင့် ကိလေသာရှိသော သတ္တဝါတို့သည် သေခြင်းမှလန့်ကုန်ကြောက်ကုန်၏၊မင်းကြီး၊ငရဲမှလွတ်ခြင်း၌ အလိုရှိသော သတ္တဝါတို့သည် သေခြင်းမှလည်း လန့်ကုန်၏၊ ကြောက်လည်းကြောက်ကုန်၏၊မင်းကြီး၊ဥပမာသော်ကား ဤလူ့ရွာတွင် ယောကျ်ား၏ကိုယ်၌ အိုင်းထွတ်မြင်း အနာသည်ဖြစ်၏၊ ထိုယောကျ်ားသည် ထိုအနာဖြင့် ဆင်းရဲခြင်း၏ ဘေးဥပဒ်မှ လွတ်လိုသော် အနာကို နှုတ်တတ်သော ဆေးသမားကိုခေါ်ရာ၏၊ထိုသူနာယောကျ်ား၏ စကားကို ဆေးသမားဝန်ခံ၍ ထိုအနာကိုနှုတ်ယူအံ့သော၌ ထားငယ် အဆောက်အဦတို့ကို ပြုရာသွေးရာ၏၊မီး၌ လှံတံတို့ကိုထည့်ရာ၏၊ ဆပ်ပြာဆားကို ကျောက်ဖျာ၌ကြိတ်ရာ၏၊မင်းကြီး၊စင်စစ် ထိုအနာနှိပ်စက်

သော သူအား ထက်လှစွာသော ထားငယ်နှင့် အလုံးစုံသော မီးပူ လှံကံဖြင့် ဆပ်ပြာဆားကို သွင်းလတ်မည်ဖြစ်သဖြင့် ထိတ်လန့်ရာသလောဟု ဆိုသော် အရှင်ဘုရား၊ ထိုအိုင်းထွက်ခြင်းအနာရှိသော ယောကျ်ားသည် ထိုအမှုအရာကိုမြင်သဖြင့် ထိတ်လန့်ရာ၏ဟုဆိုသော် မင်းကြီး၊ အနာမှ လွတ်ခြင်း၌ အလိုရှိသော ထိုယောကျ်ားအား နာကျင်သောဘေးမှ ထိတ်လန့်ခြင်းသည်ဖြစ်သကဲ့သို့ ထို့အတူ မင်းကြီး၊ ဝဲမှလွတ်ခြင်း၌ အလိုရှိကုန်သော ဝဲသူသတ္တဝါတို့အား သေခြင်းမှ ထိတ်လန့်ခြင်း ကြောက်ခြင်းသည်ဖြစ်၏။

မင်းကြီး၊ ဥပမာသော်ကား ဤလူ့ရွာ၌ အစိုးရသောမင်းအားပြစ်မှားသော ယောကျ်ားကို ခြေကျင်း အနှောင်အဖွဲ့ဖြင့် ဖွဲ့အပ်သည်ဖြစ်၍ တိုက်နှောင်အိမ်၌ ထား၏၊ တဖန် လွတ်စေခြင်းကို အလိုရှိသည်ဖြစ်၏၊ ထိုအစိုးရသောမင်းသည် ထိုယောကျ်ားကို လွတ်စေလိုသည်ဖြစ်၍ သူတပါးကိုစေလိုက်သော် ငါသည်အစိုးရသော မင်းကြီးအား ပြစ်မှားခြင်းကို ပြုအပ်ပြီဟု သိသော ထိုယောကျ်ားအား အစိုးရသော မင်းကိုမြင်သဖြင့် ထိတ်လန့်ခြင်းဖြစ်ရာသလောဟုဆိုသော် အရှင်ဘုရား၊ ထိုပြစ်မှားသောယောကျ်ားသည် လွတ်ခြင်းကို အလိုရှိသော်လည်း ထိတ်လန့်ရာ၏ဟုဆိုသော် မင်းကြီး၊ ထို့အတူ ဝဲမှစုတေ့သောသတ္တဝါတို့အား သေဘေးမှထိတ်လန့်သော သဘောသည်ဖြစ်ရာ၏ဟုဆိုသော် အရှင်ဘုရား၊ တကာတော်သည် အကြင်အကြောင်းဖြင့် ယုံကြည်အံ့၊ ထိုအကြောင်းကို လွန်စွာ ဟောပါလော့ဟုဆိုလျှင် မင်းကြီး၊ ဥပမာသော်ကား ပြင်းသောအဆိပ်ရှိသော မြွေသည်ကိုက်အပ်သည်ဖြစ်အံ့၊ ထိုမြွေကိုက်အပ်သောယောကျ်ားသည် အဆိပ်ဘောက်ပြန်သဖြင့် တပြောင်းပြန်ပြန် လူးလည်းရာ၏၊ ထိုအခါ တယောက်သော ယောကျ်ားသည် တန်ခိုးထက်သော မန္တန်မန္တရားဖြင့်ထိုကိုက်သော မြွေကို ဆောင်ခဲ့၍ မျက်မှောက်၌ ကြည့်စေအံ့၊ မင်းကြီး၊ စင်စစ် ထိုမြွေဆိပ်ရှိသော ယောကျ်ားအား ထိုကိုက်သောမြွေကြောင့် ချမ်းသာမည်ရှိသည်ဖြစ်စေ အနီးသို့ မြွေရောက်လာသော် ထိတ်လန့်ခြင်းဖြစ်သည် မဟုတ်လောဟု ဆိုလျှင် အရှင်ဘုရား၊ အနီးသို့မြွေရောက်လာသော် ထိတ်လန့်ရာ၏ဟု ဆိုလျှင် မင်းကြီး၊ ထို့ကြောင့်ချမ်းသာသည်ဖြစ်စေ အနီးသို့ရောက်လာသော် ထိတ်လန့်ခြင်းဖြစ်ရာသကဲ့သို့ ထို့အတူမင်းကြီး၊ ဝဲမှလွတ်အံ့

သော၌ါ အလိုရှိကုန်သောငရဲသူသတ္တဝါတို့အား သေအံ့သော ဘေးမှ ထိတ်လန့်ခြင်းဖြစ်ရာ၏၊ မင်းကြီး၊ ခပ်သိမ်းသော သတ္တဝါတို့သည် သေခြင်းတရားကိုမမြင် နှစ်သက်ခြင်းလည်းမရှိ၊ ထို့ကြောင့် ငရဲသူ သတ္တဝါတို့သည်ငရဲမှ လွတ်ကုန်သော်လည်း သေခြင်းမှကြောက်ကုန် သည်သာတည်းဟုဆိုသော် အရှင်ဘုရား၊ကောင်းလှပေ၏၊ဤစကားကို တကာတော်ဝန်ခံပါ၏ဟုဝန်ခံလေ၏။

သတ္တာနံမစ္စုနောဘာယနာဘာယနပဥ္စာပြီး၏။

---

## ၁၀၀။ မစ္စုပါသမုတ္တိပဥ္စာ

**ဘယ်၌ာနတွင်နေနေ-သေမင်း၏အစာတွေဖြစ်ပုံ**……မိလိန္ဒမင်း သည် အ ရှင်ဘုရား၊ ဘုရားရှင်သည်အကြွင်းအရပ်၌ တည်သော သတ္တဝါသည် သေမင်းနိုင်ငံမှ လွတ်ရာ၏ဟု ကောင်းကင်သမုဒ္ဒရာ တောင်ကြားသို့ ဝင်အံ့၊ ထိုသတ္တဝါတို့အား ထိုဖြစ်ရာတည်ရာ အရပ်မည်သည် ကောင်း ကင်၌လည်းမရှိ၊ သမုဒ္ဒရာ၌လည်းမရှိ၊တောင်ကြား၌လည်းမရှိ ဟူသော ဤစကားကိုဟောတော်မူအပ်၏။

နအန္တလိက္ခေ နသမုဒ္ဒမဇ္ဈေ၊ နပဗ္ဗတာနံဝိဝရံပဝိဿ။
နဝိဇ္ဇတိသောဇဂတိပ္ပဒေသော၊ယတ္ထဋ္ဌိတောမုစ္စေယျမစ္စုပါသာ။ ။
ဟူသည်တည်း။

ယတ္ထ၊ အကြွင်းအရပ်၌။ ဌိတော၊ တည်သောသတ္တဝါသည်။ မစ္စုပါ သာ၊ သေမင်းနိုင်ငံမှ။မုစ္စေယျ၊ လွတ်ရာ၏ဟူ၍။အန္တလိက္ခေ၊ ကောင်း ကင်သို့။ ပဝိဿ၊ ဝင်ငြားအံ့။ သောဇဂတိပ္ပဒေသော၊ ထိုဖြစ်ရာတည် ရာအရပ်သည်။ နဝိဇ္ဇတိ၊မရှိ။သမုဒ္ဒမဇ္ဈေ၊သမုဒ္ဒရာ အလယ်သို့။ပဝိဿ၊ ဝင်ငြားအံ့။ သောဇဂတိပ္ပဒေသော၊ ထိုဖြစ်ရာ တည်ရာအရပ်သည်။ နဝိဇ္ဇတိ၊ မရှိ။ ပဗ္ဗတာနံ၊ တောင်တို့၏။ ဝိဝရံ၊ ဟင်းလင်းအပြင်သို့။ ပဝိဿ၊ ဝင်ငြားအံ့။ သောဇဂတိပ္ပဒေသော၊ ထိုဖြစ်ရာ တည်ရာအရပ် သည်။ နဝိဇ္ဇတိ၊ မရှိ။

အရှင်ဘုရား၊တဘန်လည်းဘုရားရှင်သည် ရတနပရိတ်,မေတ္တာပရိတ်, ခန္ဓပရိတ်,မောရပရိတ်, ဓဇဂ္ဂပရိတ်, အာဋာနာဋိယပရိတ်,အင်္ဂုလိမာလ

ပရိတ်တို့ကိုသတ္တဝါတို့အား အရံအတားဖြစ်စိမ့်သောငှါ ဟောတော်မူအပ်၏၊ အရှင်ဘုရား၊ အကယ်၍ ဘုရားရှင်သည် ကောင်းကင်သမုဒ္ဒရာ တောင်ဇွမ်းတောင်ခေါင်းတို့၌ဝင်၍နေငြားသော်လည်း သေခြင်းတရားမှမလွတ်ရာဟုဟောတော်မူအပ်သောစကားကို အမှန်ယူရသည်ဖြစ်အံ့၊ ထိုစကားကို အမှန်ယူရသော် ပရိတ်ရွတ်၍ သေဘေးမှ ကင်းလွတ်၏ ဟူသောစကားသည်မှားရာ၏။ ။(ဤလည်းတစွန်းထွက်သည်။)

အကယ်၍ပရိတ်ရွတ်ခြင်းကိုပြုသဖြင့် သေခြင်းဘေးမှ လွတ်သည် မှန်အံ့၊ ထိုစကားသည်မှန်ခဲ့သည်ရှိသော် ကောင်းကင်သမုဒ္ဒရာ တောင်ခေါင်းသို့ဝင်၍နေငြားသော်လည်း သေဘေးမှမလွတ်ရာဟုဟောတော်မူအပ်သောစကားသည်မှားရာ၏။ ။(ဤလည်းတစွန်းထွက်သည်။)

ဤသို့နှစ်ဘက်အစွန်းထွက်သော ပြဿနာသည် ထွေးရှက်သည် ထက်လည်းထွေးရှက်၏၊ အရှင်ဘုရားအား ရောက်၏၊ အရှင်ဘုရားသည်ဖြေမ်းပါစေလော့ဟုဆိုသော် မင်းကြီး၊ ဘုရားရှင်သည် ကောင်းကင်သမုဒ္ဒရာတောင်ခေါင်းသို့ဝင်၍ နေငြားသော်လည်း သေဘေးမှ မလွတ်ရာဟု ဟောတော်မူအပ်သည်လည်းမှန်၏၊ ရတနပရိတ်, မေတ္တပရိတ်, ခန္ဓပရိတ်, မောရပရိတ်, ဓဇဂ္ဂပရိတ်, အာဋာနာဋိယပရိတ်, အင်္ဂုလိမာလပရိတ်တို့ကိုသတ္တဝါတို့အား သေဘေးမှ လွတ်စိမ့်သောငှါ ဟောတော်မူအပ်သည်လည်းမှန်၏၊ ထိုသို့ဟောတော်မူအပ်သော်လည်း အသက်ကြွင်းသောအရွယ်နှင့်ပြည့်စုံသော ကံမပိတ်မပင်သော သူအား ရည်၍ဟောတော်မူအပ်သော ပရိတ်တော်စကားဖြစ်သည်၊ မင်းကြီး၊ ကုန်ပြီးသောအသက်ရှိသောသူအား အသက်ရှင်စိမ့် တည်စိမ့်သောငှါ အမှုအရာလုံ့လသည်မရှိချေ၊ မင်းကြီး၊ ဥပမာသော်ကား ခြောက်သောကင်းသောအစေးရှိသော,ကင်းသောမျိုးစေ့ရှိသော,အကာမရှိသော, သေပြီးသောသစ်ပင်အား အိုးအရေအထောင်တို့ဖြင့် ရေခပ်၍လောင်းငြားသော်လည်း စိုသောအဖြစ်သည်ရှင်း၊ အရွက် အညွန့်စိမ်းရှင်သောအဖြစ်သည်ရှင်း မဖြစ်နိုင်ရာသကဲ့သို့ ထို့အတူ မင်းကြီး၊ ကုန်ပြီးသော အသက်ရှိသော သူအား ဆေးကုသဖြင့်ရှင်း, ပရိတ်ရွတ်သောအားဖြင့်ရှင်း, အသက်ရှည်စိမ့်သောငှါအမှုအရာပြုသဖြင့် လုံ့လပြုကျိုးမရှိနိုင်ရာချေ၊ မင်းကြီး၊မြေအပြင်၌အကြင်ဆေးတို့သည် ရှိကုန်၏၊

ထိုဆေးအမျိုးမျိုးတို့သည် အသက်ကုန်သောသူအား ပြုဘွယ်ကိစ္စမရှိသည်ဖြစ်ကုန်၏၊ မင်းကြီး၊ အသက်ကြွင်းသော အရွယ်နှင့်ပြည့်စုံသော ကံပိတ်ပင်ခြင်း ကင်းသောသူကို ဘုရားရှင်ပရိတ်တော်သည် စောင့်ရှောက်၏၊ ထိုကံကြွင်းရှိသော အရွယ်နှင့် ပြည့်စုံသော ကံမပိတ်မပင်သောသူ၏အကျိုးငှါဘုရားရှင်သည် ပရိတ်တော်ကိုညွှန်ပြတော်မူအပ်၏။

မင်းကြီး၊ ဥပမာသော်ကား လယ်ထွန်ယောကျ်ားသည် စပါးမှည့်ပြီးသော် တဘက်ဆည်းကန်၌ ရေသွင်းခြင်းကိုမြစ်တားရာ၏၊ အကြင်ကောက်ပင်သည် နုသေး၏၊ မိုးယံတိမ်တိုက်သည် ရှာအံ့သော အချိန်ကာလနှင့် ပြည့်စုံ၏၊ ထိုရေသည် ကောက်ပင်ပွါးစိမ့်သောငှါဖြစ်သကဲ့သို့ ထို့အတူ မင်းကြီး၊ ကုန်ပြီးသော အသက်ရှိသောသူအား ဆေးကုခြင်း ပရိတ်ရွတ်ခြင်းအမှုအရေးဖြင့် မြစ်တားခြင်းကိုပယ်အပ်၏၊ အကြင်သူတို့သည် ကြွင်းသောအသက်ရှိကုန်သည်ဖြစ်၍ အရွယ်နှင့်ပြည့်စုံ၏၊ ထိုသူတို့အကျိုးငှါ ပရိတ်တော်ရွတ်စေခြင်း, ဆေးကုခြင်းတို့ကို ဟောတော်မူအပ်ကုန်၏၊ ထိုလူတို့သည် ပရိတ်တော်ကို နာရခြင်း, ဆေးကုခြင်းတို့ဖြင့် ပွါးများကုန်၏ဟု ဖြေသော်-

အရှင်ဘုရား၊ အကယ်၍ ကုန်သော အသက်ရှိသောသူဖြစ်မူကား သေအံ့, ကြွင်းသောအသက်ရှိသော သူသာ ရှင်အံ့၊ ထိုသို့တပြီးကား ပရိတ်ရွတ်ခြင်း, ဆေးကုခြင်းတို့သည် အကျိုးမရှိတကားဟု ဆိုသော် မင်းကြီး၊သင်မင်းကြီးသည် တစုံတခုသောအနာသည် ဆေးတို့ကြောင့်နောက်သို့ဆုတ်၏၊ထိုအနာကိုမြင်ဘူး၏လောဟုဆိုသော် အရှင်ဘုရား၊ ဆေးတို့ကြောင့်ဆုတ်သောအနာတို့ကို များစွာမြင်ဘူးပါ၏ဟု ဆိုလျှင် မင်းကြီး၊ ထိုသို့တပြီးကား ပရိတ်ရွတ်ခြင်း, ဆေးကုခြင်းအမှုအရာတို့သည် အကျိုးမရှိဟု ဆိုအပ်သောစကားသည် မှား၏ဟု ဆိုသော် အရှင်ဘုရား၊ ဆေးသမားတို့၏လုံ့လပြုသဖြင့် ဆေးလိမ်းကျံခြင်းတို့သည် တည်ကုန်ရာ၏၊ ထိုဆေးလိမ်းကျံခြင်းကြောင့်, ထိုဆေးသမားတို့၏လုံ့လကြောင့် အနာသည်တဘန် မပေါ်လာပြန်ပြီဟုဆို၏။

မင်းကြီး၊ ပရိတ်တော်ကိုရွတ်စေ ဖြစ်စေကုန်သောသူတို့၏အသံကို ကြားဘူး၏လော၊ လျှာခြောက်၏၊ နှလုံးကြောင့်ကြခြင်း ရှိ၏၊ လည်ချောင်းနာ၏၊ထိုသို့ပရိတ်ရွတ်သောသူတို့၏အသံကို ဖြစ်စေသဖြင့်

ခပ်သိမ်းသော ဘေးရောဂါအနာတို့သည် ငြိမ်းကုန်၏၊ ခပ်သိမ်းသော
ဥပဒ္ဒဝေါတို့သည် ဘဲကြည်ကြကုန်၏ဟု ကြားဘူး၏လော၊ မင်းကြီး၊
သင်မင်းကြီးသည် တစုံတယောက်သောသူကို မြွေခဲအပ်သည်ကို မန္တန်
မန္တရားဖြင့် အထက်သို့တက်သောအဆိပ်ကို အောက်သို့ကျစေ ရုဝေး
စေသည်ကိုမြင်ဘူး၏ရလောဟုဆိုသော် အရှင်ဘုရား၊ မြင်ဘူးပါ၏၊ လူ့
ရွာ၌ ဤကာလ၌ပင်ဖြင်ချေ၏ဟုဆိုသော် မင်းကြီး၊ ထိုသို့ တပြီးကား
ပရိတ်ရွတ်ခြင်း ဆေးကုခြင်း အမှုအရာသည် အကျိုးမရှိဟု ဆိုသော
စကားသည် မှားသည်ဖြစ်၏၊ မင်းကြီး၊ ပြုအပ်သော မန္တန် မန္တရား
ပရိတ်အရံအတားရှိသောယောက်ျားကို ကိုက်သောမြွေသည် မကိုက်
ဝံ့ရာ၊ ဟင်းလင်းရှိသောခံတွင်းကိုပိတ်၏၊ ခိုးသူတို့သည် ပစ်အပ်သော
လောက်လေးသည် မပစ်ရာ၊ ထိုခိုးသူတို့သာ လောက်လေးကိုကိုင်၍
ချစ်မြတ်နိုးခြင်းကို ပြုကုန်၏၊ အမျက်ယစ်သောဆင်ပြောင်ကြီးသည် ငွေ့
အံ့သော၍လာသော် အနီးသို့ရောက်လျှင် ဘဲကြည်လေ၏၊ ပြောင်ပြောင်
တောက်သောမီးပုံကြီးသည်လည်း အနီးသို့ရောက်သော် ငြိမ်းလေ၏၊
ပြင်းသောအဆိပ်အတောက်ကိုစားမိသော်လည်း ဆေးဖြစ်၍ အာဟာ
ရအလို့၌ါနှံ့လေ၏၊ သူသတ်ယောက်ျားတို့သည် သတ်ခြင်း၌ါ အလိုရှိ
ကုန်သော်လည်း အနီးသို့ရောက်သော် စေအပ်သောကျွန်ကဲ့သို့ ကောင်း
စွာကျင့်ကုန်၏၊ နင်းမိသောကြော့ကွင်းသည်လည်း မနှေး၊ မင်းကြီး၊
သင်မင်းကြီးသည် ပြုအပ်သောပရိတ်ရှိသော ဥဒေါင်းမင်းအား တော
မုဆိုးသည် ကြော့ကွင်းဖြင့်ထောင်အံ့သော၍ မတတ်နိုင်လေ၊ ပရိတ်ကို
မရွတ်မိသောဥဒေါင်းမင်းအား ထိုနေ့၌ပင်လျှင် ကြော့ကွင်းဖြင့်ဆောင်
လေ၏ဟူသောစကားကို ကြားဘူး၏လောဟု ဆိုသော် အရှင်ဘုရား၊
ကြားဘူးပါ၏၊ ထိုအသံသည် နတ်နှင့်တကွသောလူအပေါင်း၌ အနှံ့
ကျော်စော၏ဟု ဆိုသော် မင်းကြီး၊ ထိုသို့တပြီးကား ပရိတ်ရွတ်ခြင်း
ဆေးကုခြင်းသည် အကျိုးမရှိဟုဆိုသောစကားသည် မှားရာ၏။

**ဘီလူးဒါနဝ-သာဓက**...... မင်းကြီး၊ သင်မင်းကြီးသည် ဒါနဝမည်
သော နတ်ဘီလူးသည် မိမိမယားကို
စောင့်ရှောက်လိုသည်ဖြစ်၍ ပခြုပ်၌ထည့်လျက်မျို၍ ဝမ်း၌ဆောင်လေ
၏၊ ထိုအခါ တယောက်သောဝိဇ္ဇာဓိုရ်တတ်သောလုလင်သည် ထိုဒါနဝ

ဘီလူးမင်း၏ခံတွင်းဖြင့်ဝင်၍ ထိုပခြုပ်ထဲ၌ရှိသော မိန်းမနှင့် မွေ့လျော်ပျော်ပါး၏၊ အကြင်အခါ၌ဒါနဝဘီလူးသည် သိ၏၊ ထိုအခါပခြုပ်ကိုအန်၍ အဆောတလျင်ဘွင့်၏၊ ပခြုပ်ဘွင့်သော် အလိုရှိတိုင်း သွားလေ၏ ဟူသော စကားကို ကြားဘူး၏လောဟု ဆိုသော် အရှင်ဘုရား၊ ကြားဘူးပါ၏၊ ထိုအသံသည်နတ်နှင့်တကွသော လူအပေါင်း၌ အနှံ့ ကျော်စော၏ဟုဆိုလျှင် မင်းကြီး၊ ထိုဝိဇ္ဇာဓိုရ်တတ်သောလုလင်သည် အရံအတားမန္တရား၏ အစွမ်းသတ္တိကြောင့်ဒါနဝ ဘီလူးဘမ်းယူခြင်းမှ လွတ်လေသည်မဟုတ်လောဟု ဆိုသော် အရှင်ဘုရား၊ ဟုတ်ပါချေ၏ ဟုဆိုလျှင် မင်းကြီး၊ ထိုသို့တပြီးကား ပရိတ်မန္တန်ရွတ်ခြင်း, ဆေးကုခြင်းအမှုသည်အကျိုးမရှိဟူသောစကားသည်မှားရာ၏။

**ဝိဇ္ဇာဓိုရ်မန္တရားနှင့်စကားကပ်ဆိုပုံ**·····မင်းကြီး၊ ဝိဇ္ဇာဓိုရ်တတ်သော လုလင်တယောက်သည် ဗာရာဏသီမင်း၏ နန်းတော်၌ မိဖုရားနှင့်အတူ ပြစ်မှားခြင်းရှိ၍ ဘမ်းယူခြင်းမှ လွတ်သည်ဖြစ်၍ တခဏဖြင့် မှီအပ်သော မန္တရား၏ အစွမ်းသတ္တိကြောင့် မမြင်ခြင်းသို့ ရောက်လေ၏ ဟူသော စကားကို ကြားဘူး၏လောဟုမေးသော် အရှင်ဘုရား၊ ကြားဘူးပါ၏ ဟုဆိုလျှင် မင်းကြီး၊ ထိုဝိဇ္ဇာဓိုရ်ဘတ်သော လုလင်သည် အရံအတား မန္တရား အာနုဘော်ကြောင့် ဘမ်းယူခြင်းမှ လွတ်သည် မဟုတ်လောဟုဆိုသော် အရှင်ဘုရား၊ ဟုတ်ပါချေ၏ဟုဆိုလျှင် ထိုသို့တပြီးကား မင်းကြီး၊ ပရိတ်၏အကျိုးဆက်သည် ရှိသည်မဟုတ်ပါချေလောဟုဆိုလျှင်။ ။ အရှင်ဘုရား ခပ်သိမ်းသောသူတို့အား ပရိတ်သည် စောင့်ကုန်သလော ဟု မေးပြန်သော် မင်းကြီး၊ အချို့သောသူတို့ကို ပရိတ်တော်သည် စောင့်ကုန်သည်၊ အချို့သော သူတို့ကို မစောင့်ကုန်ဟု ဆိုသော် အရှင်ဘုရား၊ ထိုသို့တပြီးကား ပရိတ်တော်သည် အလုံးစုံကိုမနှံ့ပါ တကားဟုဆို၏၊ မင်းကြီး၊ ဘောဇဉ်သည် ခပ်သိမ်းသော လူတို့၏ အသက်ကိုစောင့်သလောဟုဆိုသော် အရှင်ဘုရား၊ အချို့သောသူတို့ကို စောင့်၏၊ အချို့သောသူတို့ကိုမစောင့်ဟုဆိုလျှင် မင်းကြီး၊ အဘယ့် ကြောင့်မစောင့်လေသနည်းဟု ဆိုသော် အရှင်ဘုရား၊ အချို့သောသူတို့ သည် ထိုဘမင်းကိုပင်လျှင် လွန်စွာစားသည်ဖြစ်၍ ဝမ်းမီးခါတ်မကျေ နိုင်သောကြောင့်သေကြကုန်၏ဟုဆို၏။

မင်းကြီး၊ ထိုသို့တပြီးကား ထမင်းဘောဇဉ်သည် ခပ်သိမ်းသော လူတို့၏အသက်ကိုမစောင့်ဟုဆိုသော် အရှင်ဘုရား၊ နှစ်ပါးသောအကြောင်းတို့ကြောင့် ထမင်းဘောဇဉ်သည် အသက်ကို ပယ်တတ်၏၊ နှစ်ပါးသော အကြောင်းဟူသော်ကား အလွန်အစားကြူးသောကြောင့်ဇင်း, ဝမ်းတွင်း၌ မီးအားနည်းသောကြောင့်ဇင်း,ဤနှစ်ပါးသော အကြောင်းတို့ကြောင့် ဘောဇဉ်သည် အသက်ကိုပယ်တတ်၏၊ အရှင်ဘုရား၊ ထမင်းဘောဇဉ်သည် အသက်ကိုလည်းပေးတတ်၏၊ လွန်စွာစားသောကြောင့်လည်း အသက်ကိုပယ်တတ်၏ဟုဆို၏၊ မင်းကြီး၊ ထိုကဲ့သို့ပရိတ်တော်သည်အချို့သော သူတို့ကိုစောင့်၏၊ အချို့သော သူတို့ကိုမစောင့်၊

**ပရိတ်အာနိသင်-မရှုးဝင်ကြောင်း ၃-မျိုး**……မင်းကြီး၊ မစောင့်ကြောင်း လည်း သုံးပါးသော အကြောင်းတို့ကြောင့် ပရိတ်သည်မစောင့်၊ သုံးပါးဟူသော်ကား၊ (၁) ကံတရားပိတ်ပင်သောကြောင့်ဇင်း၊ (၂)ကိလေသာပိတ်ပင်သောကြောင့်ဇင်း၊ (၃)တရားကို မယုံကြည်သော ကြောင့်ဇင်း၊ ဤသုံးပါးသော အကြောင်းတို့ကြောင့် ပရိတ်သည်မစောင့်၊ မင်းကြီး၊ သတ္တဝါကို စောင့်ရှောက်တတ်သောပရိတ်တော်သည် မိမိပြုအပ်သော ပြစ်မှားသောအမှုဖြင့် စောင့်ရှောက်ခြင်းကိုစွန့်၏၊မင်းကြီး၊ ဥပမာသော်ကား ဝမ်း၌တည်သောသားငယ်ကို မိခင်သည် ဘွားမြင် ကျွေးမွေးသုတ်သင်၍၊ မိမိအနီး၌ ကျင်လည်စေ၍ ကြီးစေဖြစ်စေ၏၊ မစင်အညစ်အကြေးနှပ်အစရှိသည်ကိုပယ်၏၊မွှန်မြတ်ကောင်းမွှန်သော အနံ့ရှိသည်ကို လိမ်းကျံ၏၊ထိုသားငယ်သည် သူတပါးတို့၏သားငယ်တို့ကိုဆဲရေးသည်ကိုဇင်း,ရိုက်ခတ်သည်တို့ကိုဇင်းမြင်ကုန်၍ ထိုခံရသောသူငယ်၏ မိဘတို့သည်နှလုံးတုန်လှုပ်ခြင်းရှိကုန်၍ ကိုင်ငင်ဆွဲကြကုန်လျက် အစိုးရသော ရွာသူကြီး၏အထံသို့ဆောင်လေ၏၊ ထိုမိန်းမ၏သားငယ်သည် အတိုင်းအရှည်ကိုကျူးလွန်စွာ ပြစ်မှားခြင်းရှိသည်ဖြစ်၏၊ ထိုအခါ ထိုအပြစ်ရှိသောသူငယ်ကို ထိုရွာသူကြီးသည်အကာယ်၍လှံတံဆောက်ပုတ် ပုဆစ်တတောင်ဖြင့်ယောင်းထု ရိုက်ခတ်သည်ဖြစ်အံ့၊ မင်းကြီး၊ ထိုသူငယ်၏အမိသည် အဘယ့်ကြောင့် ငါ၏သားကို ရွာသူကြီးအထံသို့ဆောင်ယူခြင်းကိုပြုအပ်မည်နည်းဟု တားဆီးပိတ်ပင်ခြင်းကို ရအပ်မည်လောဟု

ဆိုသော် အရှင်ဘုရား၊ မိခင်တားဆီးပိတ်ပင်ခြင်း၌ မရကောင်းချေ၊ အဘယ့်ကြောင့်နည်းဟုဆိုသော်အရှင်ဘုရား၊မိမိ၏သားသည်လွန်ကျူး သောအပြစ်ကို ပြုမိသောကြောင့်တည်းဟု ဆို၏၊ မင်းကြီး၊ထို့အတူ သတ္တဝါတို့အား အစောင့်အရှောက်ဖြစ်သော ပရိတ်တော်သည် မိမိ ၏အပြစ်ကြောင့်အကျိုးမပေး၊ အကျိုးမရှိသည်ကို ပြု၏ ဟုဆိုသော် အရှင်ဘုရား၊ ကောင်းစွာပြဿနာကို ဆုံးဖြတ်တော်မူအပ်၏၊ ချုံပိတ် ပေါင်းနှင့်တူသော တရားစကားကို ချုံပိတ်ပေါင်း မဟုတ်သည်ကိုပြု အပ်၏၊ အမိုက်တိုက်ကို အလင်းဖြစ်အောင်ပြုအပ်ပေ၏၊ မြေးရှက်လှ သောဒိဋ္ဌိတို့၏ကွန်ရက်ကိုဖြတ်သောဂိုဏ်းတို့၏ ဆရာမြတ်သည် ဆုံး ဖြတ်စီရင်တော်မူပေ၏ဟုဆို၏။

မစ္စုပါသမုတ္တိပဥှာပြီး၏။

---

## ၁၀၁။ ဘဂ္ဂဝတောလာဘဏ္ဍရာယပဥှာ

**လာဘ်လာဘအန္တရာယ်**……မိလိန္ဒမင်းသည် အရှင်ဘုရား၊ လာ ခြင်းကောင်းသော ဘုရားရှင်သည် ဆွမ်း,သင်္ကန်း,ကျောင်း, ဆေး,ပရိက္ခရာတို့ကို ရလွယ်ခြင်းရှိတော် မူ၏ဟုအရှင်ဘုရားတို့သည်ဆိုတော်မူကြကုန်၏။

လာဘီ တထာဂတော စီဝရ,ပိဏ္ဍပါတ,သေနာသန,ဂိလာန- ပ္ပစ္စယဘေသဇ္ဇပရိက္ခာရာနံ။ ။ဟူသည်တည်း။

သင်္ကန်း, ဆွမ်း,ကျောင်း, သူနာတို့အားအထောက်အပံ့ ဖြစ်သော ဆေးပရိက္ခရာတို့ကို ရလွယ်ခြင်းရှိတော်မူ၏ဟု အရှင်ဘုရားတို့သည် ဆိုတော်မူကြကုန်၏။ ။တဖန်လည်းလာခြင်း ကောင်းသော ဘုရား ရှင်သည်ပဉ္စသာလပုဏ္ဏားရွာသို့ဆွမ်းခံဝင်တော်မူသော် တစုံတခုကိုမျှ ရတော်မမူရှိခဲ့၍ ဆေးကြောတိုင်းသော သပိတ်ဖြင့် ထွက်တော်မူခဲ့၏ ဟူသောစကားကိုလည်းဆိုတော်မူကြကုန်၏။

ပုန စ တထာဂတော ပဉ္စသာလံ ဗြာဟ္မဏဂါမံ ပိဏ္ဍာယပဝိဋ္ဌော ကိဉ္စိ ဒေဝ အလဘိတွာ ယထာဓောတေန ပတ္တေန နိက္ခမန္တော။ ဟူသည်တည်း။

ပုန စ၊ တဖန်လည်း။ တထာဂတော၊ လာခြင်းကောင်းသော ဘုရား ရှင်သည်။ ပဉ္စသာလံ၊ ပဉ္စသာလ အမည်ရှိသော။ ဗြာဟ္မဏဂါမံ၊ ပုဏ္ဏား

ရွာသို့။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှါ၊ ပဝိသိတွာ၊ ဝင်တော်မူသော်။ ကိဉ္စိဒေဝ၊ တစုံတခုမျှကိုလျှင်။ အလဘိတွာ၊ ရတော်မမူသည်ဖြစ်၍။ ယထာဓောတေန၊ ဆေးကြောတိုင်းသော။ပတ္တေန၊ သပိတ်တော်ဖြင့်၊ နိက္ခမန္တော၊ ထွက်တော်မူခဲ့ရ၏။ ဣတိ၊ ဤသို့။ တုမှေ၊အရှင်ဘုရားတို့သည်။ဘာဿထ၊ ဆိုတော်မူကုန်၏။

အရှင်ဘုရား၊ လာခြင်းကောင်းသော ဘုရားရှင်သည် အကယ်၍ သင်္ကန်း,ဆွမ်း, ကျောင်း, အိပ်ရာနေရာ, ဆေးပရိက္ခရာတို့ကို ရလွယ်ခြင်းရှိတော်မူ၏ဟူသော စကားသည်မှန်အံ့၊ ပဉ္စသာလပုဏ္ဏားရွာသို့ ဆွမ်းခံအံ့သောငှာ ဝင်တော်မူသော် တစုံတခုကိုမျှ မရ၊ဆေးကြောတိုင်းသောသပိတ်တော်ဖြင့်ထွက်တော်မူခဲ့သည်ဟူသော အကြင်စကားသည် ရှိ၏၊ ထိုစကားသည်မှားရာ၏။ (ဤလည်းတစွန်းထွက်သည်။)

အရှင်ဘုရား၊ လာခြင်းကောင်းသော ဘုရားရှင်သည် ပဉ္စသာလပုဏ္ဏားရွာ၌ တစုံတခုကိုမျှမရ၊ ဆေးကြောတိုင်းသော သပိတ်ဖြင့် ထွက်တော်မူရသည်ဟူသောစကားသည်မှန်အံ့၊ ထိုသို့ဖြစ်သော် လာခြင်းကောင်းသောဘုရားရှင်သည် ဆွမ်း, သင်္ကန်း, ကျောင်း, အိပ်ရာ သူနာတို့ကိုအထောက်အပံ့ဆေး ပစ္စည်းပရိက္ခရာတို့ကို ရလွယ်ခြင်းရှိတော်မူ၏ဟူသော အကြင်စကားသည်ရှိ၏၊ ထိုစကားသည်မှားရာ၏။ (ဤလည်းတစွန်းထွက်သည်။)

ဤနှစ်ဘက် အစွန်းထွက်သော ပြဿနာသည် အရှင်ဘုရားအား ရောက်၏၊ထိုပြဿနာကိုအရှင်ဘုရားသည်ငြိမ်းပါစေလော့ဟုဆိုသော်- မင်းကြီး၊ လာခြင်းကောင်းသော ဘုရားရှင်သည် သင်္ကန်း, ဆွမ်း, ကျောင်း, အိပ်ရာ, ဆေးပရိက္ခရာတို့ကို ရလွယ်ခြင်း ရှိတော်မူသည်လည်းမှန်၏၊ ပဉ္စသာလ ပုဏ္ဏားရွာသို့ ဆွမ်းခံအံ့သောငှါ ဝင်တော်မူသော် တစုံတခုကိုမျှမရသည်ဖြစ်၍ဆေးကြောတိုင်းသောသပိတ်တော်ဖြင့် ထွက်တော်မူရသည်လည်းမှန်၏၊ မင်းကြီး၊ ထိုသို့ဖြစ်ခြင်းကား မာရ်နတ်သားဆီးတားသောအကြောင်းကြောင့် ဆွမ်းမရဘဲထွက်တော်မူခဲ့ရသည်ဟုဆိုသော် အရှင်ဘုရား၊ ထိုသို့တပြီးကား ဘုရားရှင်အားရေတွက်ခြင်းအကြောင်းကိုလွန်၍ ဖြစ်သောကပ်ကမ္ဘာ၌ လွန်စွာပြုကျင့် ဆည်းပူးတော်မူအပ်သော ကုသိုလ်သည် အဘယ်အကျိုးကို ပြီးစေသနည်း၊ ဤယခုကပ်ကာလ၌ ယုတ်မာသော မာရ်နတ်သားသည် အ

စွမ်းသတ္တိအဟုန် ပြန့်ပြောခြင်း ရှိသော ထိုဆည်းပူးတော်မူအပ်သော ကုသိုလ်တော်ကိုအဘယ့်ကြောင့်မိတ်ပင်နိုင်လေသနည်း၊ ထိုသို့မိတ်ပင်နိုင်ခဲ့သော် အရှင်ဘုရား၊ ထိုအကြောင်းကြောင့် နှစ်ပါးသော အရာတို့ဖြင့်စွပ်စွဲခြင်းသည်ရောက်ခဲ့၏၊ ရောက်သောအကြောင်းလည်း ကုသိုလ်တရားထက် အကုသိုလ်တရားသည် အားကြီးသည် ဖြစ်ရာ၏၊ ဘုရားရှင် အားတော်ထက်လည်း မာရ်နတ်သား၏ အားသည် အထူး ကြီးသည်ဖြစ်ရာ၏၊ ထို့ကြောင့် သစ်ပင်ရင်း ပင်စည်ပင်မထက် အညွန့်အခက်များသည်အားကြီးသည်ဖြစ်သကဲ့သို့ ဂုဏ်ကျေးဇူးတော်ဖြင့် ထက်ဝန်းကျင်စွမ်းတော်မူသော ဘုရားရှင်ထက် မာရ်နတ်သား၏ အစွမ်းသတ္တိဂုဏ်ကျေးဇူးသည် အထူးကြီးသည် ဖြစ်ရာခဲ့၏ဟုဆိုသော် မင်းကြီး၊ ထိုမျှလောက်ဖြစ်ကာမျှဖြင့် ကုသိုလ်ကံတရားထက် အကုသိုလ်ကံတရားအားကြီးသည်မည်သည်မဖြစ်ရာ၊ ဘုရားရှင်ဂုဏ်ကျေးဇူး အာနုဘော်ထက် မာရ်နတ်သားဂုဏ်ကျေးဇူးအစွမ်းသတ္တိအားကြီးသည် မည်သည်မဖြစ်ရာ၊မင်းကြီး၊ဤစကား၌ အကြောင်းကိုရှာပြန်ရာ၏၊အကြောင်းဥပမာသော်ကား မင်းကြီး၊ ယောကျ်ားသည် အစိုးရသော စကြာမင်းအလို့ငှါ ပျားရည်တင်လဲစိုင်ကိုရင်း, တပါးသော လက်ဆောင်ကိုရင်း, ဈေးရှုဆောင်ခဲ့အံ့၊ထိုဆောင်ခဲ့အပ်သော လက်ဆောင်ကို မင်း၏ တံခါးစောင့်သည် ရှင်မင်းကြီးကို ဖူးမြင်အံ့သောငှါ အခါမဟုတ်သေး၊အချင်းယောကျ်ား၊ သင်၏လက်ဆောင်ကို ယူ၍ လျင်စွာ သွားလေ၊ သင်ယောကျ်ားအား မင်းဒဏ်ပေးလတ္တံ့ဟုဆိုသော် ထိုအခါ ထိုယောကျ်ားသည် ဒဏ်ပေးအံ့သော ဘေးမှ ကြောက်လန့်သည်ဖြစ်၍ လျင်စွာပြန်ခဲ့ရာ၏၊ မင်းကြီး၊ ထိုစကြာမင်းသည် ထိုမျှလောက် လက်ဆောင်ချီ့တဲ့ကာမျှဖြင့် တံခါးစောင့်သောသူ့အောက် အားနည်းသည် ဖြစ်ရာသလော၊ တစုံတခု တပါးသော လက်ဆောင်သည် မဖြစ်ရာသလောဟုဆိုသော် အရှင်ဘုရား၊ထိုလက်ဆောင် ချီ့ကာမတ္တဖြင့် စကြာမင်း အားလက်ဆောင်ချို၏ဟု မဆိုသာချေ၊ ထိုတံခါးစောင့်သည် လက်ဆောင်ငြူစူသည်ဖြစ်၍ လက်ဆောင်လာဘ်သပ္ပကာကို တားမြစ်သည်မည်၏၊ မင်းဒဏ်ရောက်ခြင်းငှါလည်း ထိုက်၏၊တပါးသောတံခါးဖြင့် အသိန်း မျှလောက်သော ဂုဏ်ကျေးဇူး ရှိသော လက်ဆောင်တို့သည် ရောက်လေသေး၏ဟု ဆိုသော် မင်းကြီး၊ ထိုငြူစူစောင် မြောင်းသော သဘော

ရှိသော အလွန်ယုတ်သောမာရ်နတ်သည် ပဉ္စသာလ ပုဏ္ဏားရွာသို့ဝင်၍ မှိုက်လေ၏[၁]၊ အသိန်းမကများစွာသောနတ်ငှါသည်, အမြိုက်အရသာနှင့် ပြည့်စုံသော နတ်ဩဇာကိုယူ၍ ကပ်လေကုန်လျက် ဘုရားရှင်ကိုယ်တော်၌ ဩဇာသွင်းကုန်အံ့ဟု ဘုရားရှင်ကို ရှိခိုးကုန်လျက် ရပ်ကြကုန်၏ ဟုဆိုသော် အရှင်ဘုရား၊ လောက၌မြတ်သော ယောက်ျားဖြစ်သော ဘုရာရှင်အား လေးပါးသော ပစ္စည်းတို့ကို ရလွယ်သည်ဖြစ်စေ၊ ဘုရားရှင်သည် နတ်လူတို့တောင်းပန်၍ လှူအပ်သော ပစ္စည်းလေးပါးတို့ကို သုံးဆောင်တော်မူပေ၏၊ စင်စစ် တကာတော်အယူ၌ မာရ်နတ်သား၏ အကြင်အလိုသည်ဖြစ်၏၊ထိုအလိုသည် ထိုမှုလောက်ဖြင့် ပြည့်ရလေ၏၊ထိုမာရ်နတ်သားသည် ဘုရားရှင်အား ဆွမ်းဘောဇဉ်အန္တရာယ်ကို ပြုလေ၏၊ဤသို့ ပြုနိုင်ရလေသော အရာ၌ အရှင်ဘုရား၊ တကာတော်အား ယုံမှားသက်ာသည် မပြတ်၊တကာတော်သည် ယုံမှားခြင်းဖြစ်ခဲ့၏ တကား၊ ထိုစကား၌ သံသယသို့ပြေးဝင်ခဲ့၏တကား၊နတ်နှင့်တကွသော လောက၌ မြတ်သောပုဂ္ဂိုလ်ဖြစ်တော်မူသော, မြတ်သောကုသိုလ်တော်ဘုန်းတော်ကြောင့်ဖြစ်တော်မူသော, တုဘက်မရှိသည် ဖြစ်၍ ဘုရားချင်းသာတူတော်မူသော,နှိုင်းရှည့်စရာမရှိသည်ဖြစ်၍ ပစ္စည်းလေးပါးကို ခံတော်မူထိုက်သောသဗ္ဗညုဘုရားရှင်အား မာရ်နတ်သားသည် လာဘ်အန္တရာယ်ကိုပြုနိုင်ခဲ၏၊ ထိုသို့ပြုနိုင်ခဲလေသောအဖြစ်ကို တကာတော်ယုံမှားသက်ာမပြေရှိခဲ့၏ဟုဆိုသော်—

**အန္တရာယ် ၄–ပါး**··· မင်းကြီး၊ အန္တရာယ်တို့သည် အဒိဋ္ဌန္တရာယ်, ဥဒ္ဒိဿန္တရာယ်, ဥပက္ခဋန္တရာယ်, ပရိဘောဂန္တရာယ်ဟူ၍ လေးပါး အပြားရှိကုန်၏၊ ထို–လေးပါးသောအန္တရာယ်တို့တွင်—

(၁) အဒိဋ္ဌန္တရာယ်မည်သည်ကား မရည်ရူးခင်,မမြင်ခင်, မပြုပြင်မစီရင်ခင်, တစုံတယောက်သောသူသည် သူတပါးအား ပေးလှူသဖြင့် အဘယ်အကျိုးရှိအံ့နည်းဟု အလှူ၏ အန္တရာယ်ကိုပြု၏၊ ဤအန္တရာယ်သည်အဒိဋ္ဌန္တရာယ်မည်၏။

---

၁။ မှိုက်လေ၏–ဟူသည်မှာ အန္ဓါဝိသိဟူသောပါဠိကို ဘာသာပြန်ထားခြင်းဖြစ်၍ ပူးဝင်ခြင်း–ကို ဆိုလိုပါသည်။

(၂) ဥဒ္ဒိဿန္တရာယ်မည်သည်ကား တယောက်သော ပုဂ္ဂိုလ်ကို ရည်ညွှန်း၍ ဘောဇဉ်ကို စီရင်အပ်သည်ဖြစ်၍ ထိုအခါတစုံတယောက် သောသူသည် အန္တရာယ်ကိုပြု၏၊ ဤအန္တရာယ်သည် ဥဒ္ဒိဿန္တရာယ် မည်၏။

(၃) ဥပက္ခဋန္တရာယ် မည်သည်ကား တစုံတယောက်သော လှူ ဘွယ်ဝတ္ထုကို စီရင်ပြီးသည်ဖြစ်၍ မကပ်သေး၊ထိုအခါ တစုံတယောက် သော သူသည် ထိုလှူဘွယ်ဝတ္ထုကို အန္တရာယ်ကိုပြု၏၊ ဤအန္တရာယ် သည် ဥပက္ခဋန္တရာယ်မည်၏။

(၄) ပရိဘောဂန္တရာယ်မည်သည်ကား တစုံတခု အသုံးအဆောင် သည်ရှိ၏၊ ထိုအသုံးအဆောင်၌ တစုံတယောက်သောသူသည် အန္တ ရာယ်ကိုပြု၏၊ ထိုအန္တရာယ်သည် ပရိဘောဂန္တရာယ်မည်၏။ ။မင်း ကြီး၊အန္တရာယ်တို့သည် ဤလေးပါးတို့တည်း။

မင်းကြီး၊ ယုတ်မာသောမာရ်နတ်သားသည် ပဉ္စသာလပုဏ္ဏားတို့ကို မှိုက်လေစေ၏၊ ထိုမာရ်နတ်မှိုက်လေ ဘိလေသော အခြင်းအရာသည် ဘုရားရှင်၏ အသုံးအဆောင်လည်း မဟုတ်လေသေး၊ ဘုရားရှင်တို့အလို ငှါ စီရင်အပ်သော လာဘ်လည်း မဟုတ်လေသေး၊ ဘုရားရှင်အား ရည်မှတ်၍ပြုအပ်သော လာဘ်လည်းမဟုတ်လေသေး၊ ကိုယ်တော်သို့ မလာခင် မရောက်ခင်ဖြစ်၍ မမြင်သဖြင့် အဒိဋ္ဌန္တရာယ်ကို ပြုအပ်၏၊ထို အဒိဋ္ဌန္တရာယ်သည် ဘုရားရှင်တပါးထည်းသာမဟုတ်၊ ထိုအခါ ထို ပုဏ္ဏားရွာသို့ ဆွမ်းခံအံ့သောငှါသွားကုန်၍ ဆွမ်းမရဘဲလျက် ဇျှးရှု လာကုန်သော သူအပေါင်းတို့သည် ထိုနေ့၌ ထမင်းဘောဇဉ်ကိုမရကုန်၊ မင်းကြီး၊ မာရ်နတ်နှင့်တကွ, ရဟန်းပုဏ္ဏားနှင့်တကွသော နတ်လူအ ပေါင်းဖြစ်သောလောက၌ဘုရားရှင်အားရည်မှတ်လေပြီးသောဥဒ္ဒိဿက လာဘ်တော်ကိုရင်း, ဘုရားရှင်ဘို့ဟု စီရင်အပ်သော ဥပက္ခဋ လာဘ် တော်ကိုရင်း ဘုရားရှင်၏ အသုံးအဆောင်ဖြစ်သော ပရိဘောဂကို ရင်း,တစုံတယောက်သောသူသည် အကယ်၍ အန္တရာယ်ပြုအံ့၊ ထိုသူ၏ ဦးခေါင်းအစိတ်အရာ အထောင်ကွဲလေရာ၏၊မတတ်နိုင်ရာ၊ ပဉ္စသာလ ပုဏ္ဏားရွာ၌ မာရ်ဘိခြင်း အန္တရာယ်ကား ထိုရွာသားတို့သည် ဘုရားရှင် ဆွမ်းရပ်တော်မူမည့်အကြောင်းကိုလည်း မမြင်မသိ၊ဘုရားရှင်ကို ရည် မှတ်၍ ချက်ပြုတ်စီရင်သည်လည်း မဟုတ်၊ လက်တော်သို့ ရောက်ပြီး

သော အသုံးအဆောင်လည်းမဟုတ်၊ ဘုရားရှင်တို့၏ သဘောလည်း ဆွမ်းခံဝတ်တော်ကိုသာ ရည်မှတ်တော်မူသည်နှင့် ဆွမ်းမရရှိတော်မူခြင်းသည် အဒိဋ္ဌ အန္တရာယ်ဖြစ်သည်။

**အနာဝရဏီယဂုဏ် ၄-ပါး**·····မင်းကြီး၊ လာခြင်းကောင်းသော ဘုရားရှင်အား သူတပါးမပိတ်ပင်နိုင်ရာသော ဂုဏ်ကျေးဇူးတော်သည် လေးပါးအပြားရှိ၏၊ လေးပါးဟူသော်ကား—

(၁) ဘုရားရှင်အား ရည်မှတ်၍ စီရင်အပ်သော လာဘ်တော်ကိုလည်း သူတပါး အန္တရာယ်မပြုနိုင်ရာ။

(၂) မြတ်စွာဘုရားကိုယ်တော်၌ အစဉ်ရောက်အပ်သော တလံမျှလောက်သော ရောင်ခြည်တော်ကိုလည်း သူတပါးတို့ အန္တရာယ်ပြုအံ့သော၄ါ မတတ်နိုင်ရာ။

(၃) သဗ္ဗညုတ ဉာဏ်တော်ကိုလည်း သူတပါး အန္တရာယ်မပြုနိုင်ရာ။

(၄) ဘုရားရှင်အသက်တော်ကိုလည်း သူတပါးအန္တရာယ် မပြုနိုင်ရာ၊ ဤလေးပါးသော ဂုဏ်ကျေးဇူးတို့သည် ကြီးသောကိစ္စရှိကုန်၏၊ သူတပါး လုံ့လမပြုနိုင်၊မဖျက်ဆီးနိုင်၊ မထိပါးနိုင်၊ မင်းကြီး၊ ယုတ်မာသော မာရ်နတ်သားသည် ပုန်းလျှိုး၍ မထင်ရှားသဖြင့် ပဉ္စသာလ ပုဏ္ဏား သူကြွယ်တို့ကို မှိုက်ခြင်း ဘိတားခြင်းတို့ကိုပြု၏၊ မင်းကြီး၊ ဥပမာသော်ကား ရွာစွန်နေပုဒ်မိုးသူတို့သည် မထင်ရှားသဖြင့် ပုန်းလျှိုး၍ ခရီး၌ ဖျက်ဆီးကုန်၏၊မင်းသည် ထိုခိုးသူတို့ကို အကယ်၍တွေ့မြင်အံ့၊စင်စစ် ထိုခိုးသူတို့သည် ချမ်းသာခြင်းရှိကုန်ရာ၏လောဟုဆိုသော် အရှင်ဘုရား၊ ထားမ ပုဆိန်ဖြင့် အရာအထောင် ခွဲစိတ်ပဲ့ရာ၏၊ချမ်းသာခြင်းကို မရရာချေဟုဆိုလျှင် မင်းကြီး၊ထိုကဲ့သို့ရင်း မာရ်နတ်သားသည် မထင်ရှားသဖြင့် ပုန်းလျှိုး၍ ပဉ္စသာလပုဏ္ဏားတို့ကို ဘိတားလေ၏။

မင်းကြီး၊ ဥပမာသော်ကား လင်မရှိသောမိန်းမသည် မထင်ရှားသဖြင့် ပုန်းလျှိုး၍ တပါးသော ယောကျ်ားကိုမှီဝဲ၏၊မင်းကြီး၊အကယ်၍ ထိုမိန်းမသည် မိမိလင်၏မျက်မှောက်၌ တပါးသော ယောကျ်ားကိုမှီဝဲအံ့၊စင်စစ်ထိုမိန်းမသည် ချမ်းသာခြင်းကို ရရာအံ့လောဟုဆိုသော် အရှင်ဘုရား၊ထိုမိန်းမကို မိမိလင်သည် သတ်သော်သည်းသတ်ရာ၏၊ညှဉ်းဆဲ

သော်လည်း ညှဉ်းဆဲရာ၏၊ နှောင်ဖွဲ့သော်လည်း နှောင်ဖွဲ့ရာ၏ဟု ဆိုသော် မင်းကြီး၊ ထိုကဲ့သို့ရှင်း ယုတ်မာသော မာရ်နတ်သားသည် မထင်ရှားသဖြင့် ပုန်းလျှိုး၍ ပဥ္စသာလ ပုဏ္ဏားသူကြွယ်တို့ကို မှိုက်လေ ဘိတားလေ၏၊မင်းကြီး၊အကယ်၍ မာရ်နတ်သားသည် ဘုရားရှင်အား ရည်ညွှန်းအပ်ပြီးသောလာဘ်, စီရင်အပ်ပြီးသောလာဘ်, လက်တော်သို့ ရောက်ပြီးသော အသုံးအဆောင်တော်ကို အန္တရာယ်ပြုအံ့၊ မာရ်နတ် သား၏ ဦးခေါင်းသည် အရာအထောင်ကွဲ၍ ပြေသို့ကျရာ၏၊ကိုယ်သည် လည်း ဖွဲ့ပြာဖြစ်ရာ၏ဟု ဆိုသော် အရှင်ဘုရား၊ သင့်တင့်လှပေ၏၊ ထိုစကားကို တကာတော်ဝန်ခံပါ၏ဟု ဝန်ခံလေ၏။

ဘဂဝတောလာဘန္တရာယပဥ္စာပြီး၏။

---

## ၁၀၂။ အဇာနန္တသုတ္တပါပကရဏောဗဟုအပုညပဥ္စာ

**မသိဘဲလွန်ကျူးပြစ်**......မိလိန္ဒမင်းသည် အရှင်ဘုရား၊အရှင်ဘုရား တို့သည် အကြင်သူသည်မသိသည်ဖြစ်၍ ပါဏာတိပါတကံကိုပြုမိ၏၊ ထိုသူသည် အားကြီးသောမကောင်းမှုကို ပွါးများစေ၏ဟုဆိုကြကုန်၏။ ။တဘန်လည်း ဝိနည်းပညတ်တော်၌ မသိသောရဟန်းအား အာပတ်မသင့်ဟု ဟောတော်မူအပ်၏။

ဘန္တေ နာဂသေန တုမှေ ဘဏထ ယောအဇာနန္တော ပါဏာတိပါတံကရောတိ၊သောဗလဝတရံ အပုညံပသဝတီတိ၊ ပုန စပရံ ဘဂဝတာ ဝိနယ ပညတ္တိယာဘဏိတံ အနာပတ္တိ အဇာနန္တဿာတိ။ ။ဟူသည်တည်း။

ဘန္တေနာဂသေန၊ အရှင်နာဂသေနမထေရ်။ ယော၊ အကြင်သူသည်။ အဇာနန္တော၊ မသိသည်ဖြစ်၍။ ပါဏာတိပါတံ၊ ပါဏာတိပါတ ကံကို။ ကရောတိ၊ ပြု၏။ သော၊ ထိုသူသည်။ ဗလဝတရံ၊အားကြီးသော။ အပုညံ၊ မကောင်းမှုကို။ ပသဝတိ၊ ပွါးစေ၏။ ဣတိ၊ ဤသို့။ တုမှေ၊ အရှင်ဘုရား တို့သည်။ ဘဏထ၊ ဆိုကြကုန်၏။ ။ပုနစပရံ၊ တဘန်လည်း။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝိနယပညတ္တိယာ၊ ဝိနည်း ပညတ်တော်၌။ အဇာနန္တဿ၊ မသိသောရဟန်းအား။ အနာပတ္တိ၊ အာပတ်မသင့်။ ဣတိ၊ ဤသို့။ ဘဏိတံ၊ ဟောတော်မူအပ်၏။

အရှင်ဘုရား၊ အကယ်၍မသိဘဲလျက် ပါဏာတိပါတကံကို ပြုသောသူသည် ကြီးစွာသော မကောင်းမှုကို ပွါးများစေသည်ဖြစ်၏ ဟူသောစကားသည် မှန်အံ့၊ထိုသို့ ဖြစ်သော် အနာပတ္တိ အဇာနန္တဿ ဟူသော အကြင်စကားတော်သည်ရှိ၏၊ ထိုစကားတော်သည် မှားရာ၏၊ (ဤလည်းတစွန်းထွက်သည်။)

အနာပတ္တိ အဇာနန္တဿ ဟူသော အကြင်စကားသည် ရှိ၏၊ ထိုစကားသည် အကယ်၍မှန်အံ့၊ မသိဘဲလျက် ပါဏာတိပါတကံကို ပြုမိသောသူသည် မကောင်းမှုကိုပွါးများစေသည်မည်၏ ဟူသော အကြင်စကားသည် ရှိ၏၊ ထိုစကားသည် မှားရာ၏။ ။(ဤလည်းတစွန်းထွက်သည်။)

ဤပြဿနာသည် နှစ်ဘက်သောအစွန်းရှိခဲ့၏၊ သူတပါးကူးမြောက်နိုင်ခဲ၍ အရှင်ဘုရားအား ရောက်၏၊ ထိုပြဿနာကို အရှင်ဘုရားသည် ငြိမ်းပါစေလော့ဟု ဆိုသော်—

**ဝိမောက္ခ ၂-မျိုး**·····မင်းကြီး၊ ဘုရားရှင်သည် အကြင်သူသည် မသိ၍ ပါဏာတိပါတကံကို ပြုမိ၏၊ ထိုသူသည် အားကြီးသောမကောင်းမှုကို ပွါးများစေသည်ဟု ဟောတော်မူအပ်သည်လည်း မှန်၏၊ တဖန်လည်း ဝိနည်းပညတ်တော်၌ အနာပတ္တိ အဇာနန္တဿ ဟူ၍ ဟောတော် မူအပ်သည်လည်း မှန်၏၊ မင်းကြီး၊ မှန်ကြောင်းကား ထိုဝိနည်းပညတ်တော်၏ အတွင်း၌ လာသောစကားသည် သညာဝိမောက္ခ အာပတ်ဟူ၍၎င်း၊နောသညာဝိမောက္ခ အာပတ်ဟူ၍၎င်း နှစ်ပါးရှိ၏၊ ထိုနှစ်ပါးတို့တွင် ဘုရားရှင်သည် သညာဝိမောက္ခ အာပတ်ကိုရည်၍ အနာပတ္တိ အဇာနန္တဿဟု ဟောတော် မူအပ်သတည်းဟု ဆိုလေသော် အရှင်ဘုရား၊ ကောင်းမွန် သင့်တင့်ပေ၏၊ ထိုစကားကို တကာတော်ဝန်ခံပါ၏ဟု ဝန်ခံလေ၏။

(အဓိပ္ပါယ်ကား သညာဝိမောက္ခအာပတ်သည် ဝိတိက္ကမလွန်ကျူးလိုသောစိတ် မရှိသော်လည်း အာပတ်မှလွတ်၏၊ နောသညာဝိမောက္ခအာပတ်ဟူသော်ကား ဝိတိက္ကမ လွန်ကျူးလိုသောစိတ် မရှိသော်လည်း အာပတ်မှမလွတ်၊ဤနှစ်ချက်သောစကား၌ မိလိန္ဒမင်းသည်မသိသောသူသည် မကောင်းမှုကိုပြုသော် အားကြီးသောအပြစ်ရှိ၏ဟူသောစကားကိုထောက်၍ အနာပတ္တိ အဇာနန္တဿဟု ဝိနည်းပညတ်တော်၌

ရှိလေသည်ကို သံသယရှိသည့်နှင့် မေးလေသော် မသိသောသူသည် မကောင်းမှုကို ပြုသော် အပြစ်ကြီး၏ဟုဆိုရာ၌ ထိုမကောင်းမှုကိုပြုသောသူသည် လွန်ကျူးလိုသောစိတ် ရှိသည်ဖြစ်၍ အကုသိုလ်ပင်ဖြစ်၏ဟု အယူရှိ၍ ပါဏာတိပါတအစရှိသော အကုသိုလ်ကိုပြု၏၊ထိုသူကို ရည်၍"ယောအဇာနန္တော ပါဏာတိပါတံ ကရောတိ၊သော ဗလဝတရံ အပုညံ ပသဝတိ"ဟု ဟောတော်မူအပ်သည်၊ ဝိနည်းပညတ်တော်၌ လွန်ကျူးလိုသောစိတ် မရှိသော ရဟန်းကိုရည်၍ အနာပတ္တိအဇာနန္တဿပဉ္စ၍ ဟောတော်မူအပ်သတည်းဟု ဆိုလိုသည်။ ။ဤကား စကားချပ်။)

အဇာနန္တဿပါပကရဏေဗဟုအပုညပဉှာပြီး၏။

## ၁၀၃။ ဘဂဝတောဘိက္ခုဂဏောအနပေက္ခဘာဝပဉှာ

**ဘုရားသည် ရဟန်းများ၌ ငဲ့ကွက် မငဲ့ကွက်**······မိလိန္ဒ မင်းသည် အရှင်ဘုရား၊

ဘုရားရှင်သည် ချစ်သားအာနန္ဒာ၊ လာခြင်းကောင်းသောငါဘုရားသည် ရဟန်းသံဃာအပေါင်းကို ဆောင်အံ့ဟူ၍၎င်း, ရဟန်းသံဃာသည် ငါ၏အတတ်ကို သင်ကြားခြင်း ရှိ၏ဟူ၍၎င်း,ဤသို့သော အကြံသည် ငါ့အားရှိသည်မဖြစ်ဟု ဟောတော်မူအပ်၏၊ တဖန်လည်း မေတ္တေယျ ဘုရားရှင်၏ ဂုဏ်ကျေးဇူးကို ပြတော်မူသော ဘုရားရှင်သည် ဤယခု ငါသည် များစွာသောရဟန်းသံဃာကို ဆောင်သကဲ့သို့ ထိုမေတ္တေယျ ဘုရားလည်း များစွာသောရဟန်းသံဃာကိုဆောင်လတ္တံ့ဟု ဤသို့သော စကားကို ဟောတော်မူအပ်၏။ ။

ဘန္တေ နာဂသေန ဘာသိတမ္ပေတံ ဘဂဝတာ တထာဂတဿ ခေါ အာနန္ဒ န ဧဝံ ဟောတိ၊အဟံ ဘိက္ခုသံဃံ ပရိဟရိဿာမီတိဝါ,မမုဒ္ဒေသိကော ဘိက္ခုသံဃောတိဝါ။ ။ပုနစ မေတ္တေယျဿ ဘဂဝတော သဘာဝဂုဏံ ပရိဒီပယမာနေန ဧဝံ ဘဏိတံ၊ သောအနေက သဟဿံ ဘိက္ခုသံဃံ ပရိဟရိဿတိ၊သေယျထာပိ ဒါဟံ ဧတရဟိ အနေကသတံ ဘိက္ခုသံဃံ ပရိဟရာမီတိ။ ။

ဘဂ္ဂေန္တနာဂသေန၊ အရှင်နာဂသေနမထေရ်။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ အာနန္ဒ၊ ချစ်သား အာနန္ဒာ။ အဟံ၊ ငါဘုရားသည်။ ဘိက္ခုသံဃံ၊ ရဟန်းသံဃာကို။ ပရိဟရာမိတိဝါ၊ ဆောင်ရွက်၏ ဟူ၍ငင်း။ ဘိက္ခုသံဃော၊ ရဟန်းသံဃာသည်။ မမ၊ ငါ၏။ ဥဒ္ဒေသိ ကောတိဝါ၊ အတတ်ကိုသင်ကြား၏ဟူ၍ငင်း။ ဧဝံ၊ ဤသို့သော အကြံသည်။ တထာဂတဿ၊ လာခြင်းကောင်းသော ဘုရားအား။ နဟောတိ၊ မဖြစ်။ ။ ဘဂ္ဂေ၊ အရှင်ဘုရား။ ပုနစ၊ တဖန်လည်း။ မေတ္တေယျဿ၊မေတ္တေယျအမည်ရှိသော။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သဘာဝဂုဏံ၊ သဘောဂုဏ်ကျေးဇူးကို။ပရိဒီပယမာနေန၊ပြတော်မူသောဘုရားရှင်သည်။သေယျထာပိ၊ ဥပမာသော်ကား။ အဟံ၊ ငါဘုရားသည်။ဧတရဟိ၊ဤယခုအခါ၌။ အနေကသတံ၊ အရာမက များစွာသော။ဘိက္ခုသံဃံ၊ ရဟန်းသံဃာကို။ ပရိဟရာမိယထာ၊ ဆောင်ရွက်သကဲ့သို့။တထာ၊ ထို့အတူ။ သော၊ ထို မေတ္တေယျဘုရားသည်။ အနေကသဟဿံ၊ အထောင်မက များစွာသော။ ဘိက္ခုသံဃံ၊ ရဟန်းသံဃာကို။ ပရိဟရိဿတိ၊ ဆောင်ရွက်လတ္တံ့။ဧဝံ၊ ဤသို့။ဘဏိတံ၊ဟောတော်မူအပ်၏။

အရှင်ဘုရား၊ အကယ်၍ ဘုရားရှင်သည် အာနန္ဒာ၊ ငါဘုရားသည် သံဃာကိုဆောင်ရွက်၏ဟူ၍ငင်း၊ ရဟန်းသံဃာ အပေါင်းသည် ငါ၏ အတတ်ကိုသင်ကြား၏ဟူ၍ငင်း၊ အကြံတော်သည် ဘုရားရှင်အားမရှိဟု ဟောတော်မူသောစကားတော်သည် ရှိ၏၊ ထိုစကားတော်သည်မှန်အံ့၊ ထိုစကားမှန်သော် မေတ္တေယျဘုရားရှင်၏ ဂုဏ်ကျေးဇူးကို ပြတော်မူသောကာလ ဤယခုအခါငါဘုရားသည် ရဟန်းသံဃာကိုဆောင်ရွက်သကဲ့သို့ မေတ္တေယျ ဘုရားသည်လည်း အထောင်မက များစွာသော ရဟန်းသံဃာကို ဆောင်ရွက်လတ္တံ့ဟူသော အကြောင်းစကားသည် ရှိ၏၊ ထိုစကားသည် မှားရာ၏။ ။(ဤလည်းတစွန်းထွက်သည်။)

အကယ်၍ ဤယခုအခါ ငါဘုရားသည် ရဟန်းသံဃာကိုဆောင် သကဲ့သို့ မေတ္တေယျ ဘုရားသည်လည်း အထောင်မက များစွာသော ရဟန်းသံဃာကို ဆောင်လတ္တံ့ဟူသောအကြောင်းစကားသည် ရှိ၏၊ ထိုစကားသည် မှန်အံ့၊ အာနန္ဒာ၊ ငါဘုရားသည် ရဟန်းသံဃာကို ဆောင်

ရွက်၏ဟူ၍ငြင်း၊ ရဟန်းသံဃာအပေါင်းသည် ငါ၏အတတ်ကိုသင်ကြား၏ဟူ၍ငြင်း၊ ဤသို့သော အကြံမရှိဟူသော အကြင်စကားသည်ရှိ၏၊ထိုစကားသည် မှားရာ၏။ ၊(ဤလည်းတစွန်းထွက်သည်။)

ဤပြဿနာသည် နှစ်ဘက်သောအစွန်းထွက်ခဲ့၏၊ အရှင်ဘုရားအား ရောက်၏၊ အရှင်ဘုရားသည် ထိုပြဿနာကို ငြိမ်းပါစေလော့ဟု ဆိုသော်–

မင်းကြီး၊ ဘုရားရှင်သည် အာနန္ဒာ၊ ငါဘုရားသည် ရဟန်းသံဃာကို ဆောင်ရွက်၏ဟူ၍ငြင်း၊ ရဟန်းသံဃာသည် ငါ၏အတတ်ကို သင်ကြား၏ဟူ၍ငြင်း အကြံတော်မရှိဟု ဟောတော်မူအပ်သောစကားတော်သည်လည်း မှန်၏၊ ဘုရားရှင်သည် မေတ္တေယျ ဘုရားရှင်၏ သဘောဂုဏ်ကျေးဇူးကို ပြတော်မူသောအခါ ဤယခုငါသည် များစွာသော ရဟန်းသံဃာကိုဆောင်ရွက်သကဲ့သို့ ထိုမေတ္တေယျဘုရားသည်လည်း အထောင်မကများစွာသော ရဟန်းသံဃာကို ဆောင်ရွက် လတ္တံ့ဟု ဟောတော်မူအပ်သည်လည်း မှန်၏၊ မင်းကြီး၊ မှန်ကြောင်းလည်း ထိုအမေးပြဿနာ၌ တခုသောစကားသည် အကြွင်းရှိသော သာဝသေသ စကားဖြစ်သည်၊ တခုသောစကားသည်ကား နိရဝသေသစကားဖြစ်သည်၊ မင်းကြီး၊ လာခြင်းကောင်းသော ဘုရားရှင်သည် ပရိသတ်၏ အလိုသို့ လိုက်တော်မမူ၊ ပရိသတ်တို့သည်ကား လာခြင်းကောင်းသောဘုရားရှင်အလိုသို့ လိုက်ကြကုန်သည်၊ မင်းကြီး၊ အဟံဟူ၍ငြင်း, မမ ဟူ၍ငြင်း ဆိုတော်မူအပ်သောစကားသည် သမ္မုတိပညတ် စကားသာဖြစ်၏၊ ဤအဟံ ဟူ၍ငြင်း, မမ ဟူ၍ငြင်း, ဆိုအပ်သော စကားသည် ပရမတ္ထတရားမဟုတ်၊ မင်းကြီး၊ လာခြင်း ကောင်းသောဘုရားရှင်အား ချစ်ခြင်းတရားကင်း၏၊ ခင်မွတ်ခြင်းတရားကင်း၏၊ ငါ,ငါ၏ကိုယ်ဟူ၍အစွဲအလမ်းရှိသောပုဂ္ဂိုလ်ဖြစ်မှုကား အကြွင်းရှိသောစကား ဖြစ်၏၊ မင်းကြီး၊ ဥပမာသော်ကား မြေကြီးသည် မြေ၌တည်သော သတ္တဝါတို့၏ တည်ရာ မှီခိုရာဖြစ်၏၊ မင်းကြီး၊ မြေကြီးအား ထိုသတ္တဝါအပေါင်းတို့သည် ငါ၌မှီ၍တည်ရာ၏ဟု ငဲ့ကွက်ခြင်းသည်မရှိသကဲ့သို့ ထို့အတူ မင်းကြီး၊ လာခြင်းကောင်းသောဘုရားသည် ခပ်သိမ်းသောသတ္တဝါတို့၏ တည်ရာ မှီခိုရာဖြစ်ပေ၏။

**မိုဃ်းဥပမာ**·····မင်းကြီး၊ လာခြင်း ကောင်းသော ဘုရားအား ခပ်သိမ်းသော သတ္တဝါ အပေါင်းတို့သည် ငါ၌ တည်ရာမှီခိုရာဖြစ်ကုန်၏ဟုငဲ့ကွက်ခြင်းရှိတော်မမူ၊ မင်းကြီး၊ ဥပမာ သော်ကား သည်းစွာသောမိုဃ်းသည် ရွာသည်ရှိသော် မြက်သစ်ပင် အသက်ရှိသောသတ္တဝါတို့အား အစီးအပွါးကိုပေး၏၊ အစဉ် အတိုင်း စောင့်၏၊ မြေ၌တည်ကုန်သောမြက်သစ်ပင်သတ္တဝါတို့သည် ငါ၌မှီခို၍ တည်ကုန်၏ဟု မိုဃ်းအားငဲ့ကွက်ခြင်း မရှိသကဲ့သို့ ထို့အတူလာခြင်း ကောင်းသောဘုရားရှင်သည် ခပ်သိမ်းသောသတ္တဝါတို့အား ကုသိုလ် ပွါးများခြင်းကိုဖြစ်စေတော်မူ၏၊ အစဉ်အတိုင်း စောင့်ရှောက်တော်မူ ပေ၏။ ။မင်းကြီး၊ ထိုသတ္တဝါ အပေါင်းတို့သည် ဘုရားရှင်ကိုမှီ၍ အသက်မွေးကုန်၏၊ ထိုသတ္တဝါအပေါင်းတို့သည် ငါ၌မှီကုန်၏ဟု လာ ခြင်းကောင်းသော ဘုရားရှင်အား ငဲ့ကွက်ခြင်း ရှိတော်မမူ၊ အဘယ့် ကြောင့်နည်းဟူမူကား ငါ, ငါ၏ကိုယ်ဟူသောအယူကို ပယ်အပ်ပြီး သည်၏အဖြစ်ကြောင့် ငဲ့ကွက်ခြင်းရှိတော်မမူဟုဆိုသော် အရှင်ဘုရား၊ ကောင်းလှပေ၏၊ ပြဿနာကိုများသောအကြောင်းတို့ဖြင့် ထိုးထွင်းနိုင် ပေ၏၊ နက်နဲသောပြဿနာကို ထင်ရှားစွာပြုအပ်ပေ၏၊ အဖုအဆစ် အထုံးအဘွဲ့ကိုဖြတ်နိုင်ပေ၏၊ ချုပ်ပိတ်ပေါင်းနှင့် တူသော အယူကိုချုပ် ပိတ်ပေါင်းမဟုတ်သည်ကို ပြုနိုင် ထွင်နိုင်ပေ၏၊ အရိုက်တိုက်၍အလင်း ကိုပြုအပ်ပေ၏၊ ပရဝါဒီပုဂ္ဂိုလ်တို့၏အယူကိုဖျက်ဆီးပေ၏၊ ဘုရားရှင် သားတော်တို့အား ပညာမျက်စိကို ဖြစ်စေ၏ဟု မိလိန္ဒမင်းသည်ဝန်ခံ လေ၏။

(အဓိပ္ပါယ်ကား။ ။ငါဘုရားသည် ရဟန်းသံဃာကို မဆောင်၊ ရဟန်းသံဃာတို့ သည် ငါ၏အတတ်ကို သင်ကြားသည်ဟု အကြံတော်မရှိဟု ဆိုအပ်သော စကားသည် နိရဝသေသ အကြွင်းမရှိသော စကားဖြစ်သည်။ ။ငါကဲ့သို့ မေတ္တေယျ ဘုရားလည်း အထောင်မကသောရဟန်းကို ဆောင်လိမ့်မည်ဟူသောစကား၌ ငါဟူ၍ ဆိုတော်မူခြင်း သည် ဝေါဟာရ စကားပညတ်မျှသာဖြစ်၏၊ ပရမတ္ထ သဘောတရား မဟုတ်၊ ငါဟူသော အစွဲအလမ်းကို ပယ်တော်မူအပ်ပြီးဖြစ်သည်၊ ထို့ကြောင့် နောက်စကားသည်သာဝသေသ စကားဖြစ်သည်ဟု ဆိုလိုသည်။ ။ဤကား စကားချုပ်။)

ဘဂဝတော ဘိက္ခုဂဏောအနုပေက္ခဘာဝပဉှာပြီး၏။

## ၁၀၄။ တထာဂတဿအဘေဇ္ဇပရိသပဥှာ

**ဥမကွဲသိုက်မပျက်**......မိလိန္ဒမင်းသည် အရှင်ဘုရား၊ အရှင်ဘုရားတို့သည် လာခြင်းကောင်းသော ဘုရားရှင်သည် မပြိုမကွဲသော ပရိသတ်ရှိ၏ဟု ဆိုတော်မူကြကုန်၏၊ တဘန်လည်းရှင်ဒေဝဒတ်သည် တပြိုင်နက် ရဟန်းငါးရာတို့ကို ဖျက်ဆီးအပ်ကုန်၏ဟုဆိုကြကုန်၏။

ဘန္တေနာဂသေန တုမှေဘဏထ တထာဂတော အဘေဇ္ဇပရိသောတိ။ ။ပုနစဘဏထ ဒေဝဒတ္တေန ဧကပ္ပဟာရံပဉ္စဘိက္ခုသတာနိဘိန္နာနီတိ။

ဘန္တေနာဂသေန၊ အရှင်နာဂသေနမထေရ်။ တုမှေ၊ အရှင်ဘုရားတို့သည်။ တထာဂတော၊ လာခြင်းကောင်းသောဘုရားသည်။ အဘေဇ္ဇပရိသော၊ မပြိုမကွဲသောပရိသတ်ရှိတော်မူ၏။ ဣတိ၊ဤသို့။ ဘဏထ၊ ဆိုတော်မူကြကုန်၏။ ။ပုနစ၊ တဘန်လည်း။ဒေဝဒတ္တေန၊ ရှင်ဒေဝဒတ်သည်။ ဧကပ္ပဟာရံ၊ တပြိုင်နက်။ ပဉ္စဘိက္ခုသတာနိ၊ ငါးရာသော ရဟန်းတို့ကို။ ဘိန္နာနီတိ၊ ဖျက်ဆီးအပ်ကုန်၏ဟု။ ဘဏထ၊ ဆိုတော်မူကြကုန်၏။ ။အရှင်ဘုရား၊အကယ်၍လာခြင်းကောင်းသောဘုရားရှင်သည် မကွဲမပြိုနိုင်သော ပရိသတ်ရှိသည်မှန်အံ့၊ ထိုသို့တပြီးကား ရှင်ဒေဝဒတ်သည် တပြိုင်နက် ငါးရာသော ရဟန်းတို့ကို ဖျက်ဆီးအပ်ကုန်၏ဟူသော အကြောင်းစကားသည် ရှိ၏၊ထိုစကားသည် မှားရာ၏။ ။(ဤလည်းတစွန်းထွက်သည်။)

အရှင်ဘုရား၊ အကယ်၍ရှင်ဒေဝဒတ်သည် တပြိုင်နက်ငါးရာသော ရဟန်းတို့ကို ဖျက်ဆီးအပ်ကုန်သည်ဟူသောစကားသည်မှန်အံ့၊ ထိုသို့တပြီးကား လာခြင်းကောင်းသော ဘုရားရှင်သည် မကွဲမပြိုသော ပရိသတ်ရှိတော်မူ၏ဟူသော အကြောင်းစကားသည်ရှိ၏၊ ထိုစကားသည် မှားရာ၏။ ။(ဤလည်းတစွန်းထွက်သည်။)

ဤသို့နှစ်ဘက်အစွန်းထွက်သော ပြဿနာသည် အရှင်ဘုရားအား ရောက်၏၊ မြေ့ရစ်ထွေးရှက်သည်ထက်သည်း အထူးသဖြင့် မြေ့ရစ်

ထွေးရှက်၏၊ ဤအရာ၌တကာတော်တို့သည် ဝဲကဲ့သို့လည်း၏၊ မိတ်ပင်မြွေးရှက်ခဲ့၏၊ အရှင်ဘုရားဖြဲ့ဉာဏ်တော်ကို ဂရဝါဒိ ပုဂ္ဂိုလ်တို့အားပြပါလော့ဟုဆိုသော်—

**ရွှေစင်သော်မှ ပျက်စီးရ၏**..... မင်းကြီး၊ လာခြင်းကောင်းသော ဘုရားရှင်သည် မကွဲ မပြိုသော ပရိသတ်ရှိတော်မူသည်မှန်၏၊ ရှင်ဒေဝဒတ်သည် တပြိုင်နက် ငါးရာသေးရဟန်းတို့ကို ဖျက်ဆီးအပ်သည်လည်းမှန်၏၊မင်းကြီး၊မှန်ကြောင်းကား ဖျက်ဆီးတတ်သော သူ၏အစွမ်းကြောင့် ဖျက်ဆီးတတ်သောသူရှိသော် မပျက်သောပရိသတ်မည်သည် မရှိ၊ ဖျက်တတ်သောသူ ရှိသော် မိခင်သည် သားနှင့်ပျက်စီး၏၊ သားသည် အမိနှင့် ပျက်စီး၏၊ အဘသည်လည်း သွီးနှင့်ပျက်စီး၏၊ သွီးသည်လည်း အဘနှင့် ပျက်စီး၏၊ မောင်သည် နှမနှင့် နှမသည် မောင်နှင့်ပျက်စီး၏၊ အဆွေခင်ပွန်းသည် အဆွေခင်ပွန်းနှင့်ပျက်စီး၏၊မင်းကြီး၊ဖျက်ဆီးတတ်သောသူဖျက်ဆီးသောကြောင့် အသက်ရှိသော ပုဂ္ဂိုလ်တို့ကို မဆိုလင့်ဦး၊ အသက်မရှိသောလှေသည် သစ်တုံးခိုက်မိသောကြောင့်, ပြင်းစွာသော လေ၏အဟုန်တံပိုးကြောင့်, ပျက်စီး၏၊ ချိုသောသစ်သီးရှိသောသစ်ပင်သည် လေဟုန်ခတ်သဖြင့် ပျက်စီးကျိုးပဲ့၏၊ ရွှေစင်စစ် သည်လည်း ကြေးနီ, သလွဲဖြူ, သလွဲမည်းကြောင့် ပျက်စီး၏။

မင်းကြီး၊ လာခြင်းကောင်းသောဘုရားရှင်အား ကွဲပြိုသောပရိသတ်ရှိတော်မူခြင်းသည် စင်စစ်ပညာရှိတို့၏ အလိုမဟုတ်၊ ဘုရားရှင်တို့၏ အလိုတော်လည်းမဟုတ်၊ အကြင်အကြောင်းဖြင့် ဘုရားရှင်အား မပျက်စီးသောပရိသတ်ရှိ၏ဟု ဆိုအပ်သော ထိုအကြောင်းသည် ဤအရာ၌ ရှိ၏၊ ဤအရာ၌ အကြောင်းအဘယ်သို့ ရှိသနည်းဟူမူကား မင်းကြီး၊ လာခြင်းကောင်းသောဘုရား၏ စဉ်းလဲစဉ်းစားပြုသဖြင့်ရင်း အပေးအကမ်းမရှိသဖြင့်ရင်း, ချစ်ဘွယ်သောစကားကို မဆိုမပြောသဖြင့် ရင်း, အကျိုးကိုမကျင့်သဖြင့်ရင်း, အမှတ်မရှိ တစုံတခုသောအကျင့်ကို ကျင့်တော်မူမိသည်ဖြစ်၍ ပရိသတ်ပျက်စီးသည်ဟူ၍ မင်းကြီးကြားဘူးသလောဟုဆို၏၊ ထိုဆိုအပ်ပြီးသော အကြောင်းကြောင့် လာခြင်းကောင်းသောဘုရားရှင်အား ပရိသတ်တို့ပျက်စီး၏ဟု မကြားစဘူးချေဟူ၍ဆို

၏၊ မင်းကြီး၊ လာခြင်းကောင်းသော ဘုရားရှင်သည် မပျက်စီးသော ပရိသတ်ရှိတော်မူသည်မှန်၏၊ မင်းကြီး၊ ကိုးပါးသောအင်္ဂါနှင့်ပြည့်စုံသော ဘုရားရှင်၏တရားတော်တို့တွင် တစုံတခုသော ပါဠိတော်၌ လာသော တရားသည် ဤမည်သောအကြောင်းကြောင့်ရင်း, ဘုရားလောင်း၏ စဉ်းလဲစဉ်းစားပြုဘူးသောကြောင့်ရင်း, ဘုရားဖြစ်တော်မူသောကာလ ထိုလာခြင်းကောင်းသော ဘုရားရှင်၏ ပရိသတ်သည် ပျက်စီး၏ဟူသော အကြင်စကားရှိသလောဟုဆိုသော်အရှင်ဘုရားမရှိချေ၊ထိုစကားသည် လောက၌မထင်ချေ၊ ကြားလည်း မကြားဘူးပချေဟုဆို၍ အရှင်ဘုရား၊ ကောင်းလှပေ၏၊ ဤစကားကို တကာတော်ဝန်ခံပါ၏ဟုဆို၏။

တထာဂတဿအဘေဇ္ဇပရိသပဉှာပြီး၏။

အဘေဇ္ဇဝဂ္ဂေါ ဒုတိယော။ ။ဍုမသ္မိံဝဂ္ဂေ အဋ္ဌပဉှာဟောန္တိ။

---

## ၁၀၅။ သေဋ္ဌဓမ္မပဉှာ

**သောတာပန်လူနှင့် ပုထုဇဉ်ရဟန်း**····· မိလိန္ဒ မင်းသည် အရှင်ဘုရား၊ ဘုရားရှင်သည်

ဤလူအပေါင်း၌ ပဋ္ဌပြုပ်ချက်မှောက်၌ရင်း, တမလွန်ဘဝ၌ရင်း, လောကုတ္တရာတရားသည် မြတ်သည်ထက်မြတ်၏ဟု ဟောတော်မူအပ်၏။ ။ တဖန်လည်း ဘုရားရှင်သည် ပယ်အပ်ပြီးသော အပါယ်ပဋိသန္ဓေ ရှိသော နိဗ္ဗာန်ကိုမြင်ခြင်းသို့ရောက်သော ဘုရားရှင်ဆုံးမအပ်သော သာသနာတော်ကိုသိသောလူဖြစ်သော သောတာပန်ဥပါသကာသည် ပုထုဇဉ်ဖြစ်သော ရဟန်းကိုရင်,ပုထုဇဉ်ဖြစ်သော သာမဏေကိုရင်, ရှိခိုးရာ၏၊ ခရီးဦးကြိုဆိုရာ၏ဟု မိန့်တော်မူအပ်၏။

ဘန္တေ နာဂသေန ဘာသိတမ္ပေတံ ဘဂဝတာဓမ္မောဟိ ဝါ သေဋ္ဌော သေဋ္ဌော ဇနေ တသ္မိံ ဒိဋ္ဌေစေဝ ဓမ္မေ အဘိသမ္ပရာယေ စာတိ။ ။ပုနစ ဥပါသကော ဂိဟိ သောတာပန္နော ပဟီနာ ပါယော ဒိဋ္ဌပ္ပတ္တော ဝိညာတသာသနော ဘိက္ခုံဝါ သာမဏေရံ ဝါ ပုထုဇ္ဇနံ အဘိဝါဒေတိ ပစ္စုဋ္ဌေတီတိ။ ။ဟူသည်တည်း။

ဘန္တေ နာဂသေန၊ အရှင်နာဂသေနမထေရ်။ တသ္မိံ ခဏေ၊ ထိုလူအပေါင်း၌။ ဒိဗ္ဗေစေဝ ဓမ္မေ၊ ပစ္စုပ္ပန်အတ္တဘော၌ရင်း။အဘိသမ္ပရာယေစ၊ တမလွန်ဘဝ၌ရင်း။ ဓမ္မာဘိသမယော၊ လောကုတ္တရာတရားသာလျှင်။ သေဋ္ဌသေဋ္ဌာတိ၊ မြတ်သည်ထက် မြတ်၏ဟူ၍။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝုတ္တံ၊ ဤစကားကို။ ဘာသိတံ၊ ဟောတော်မူအပ်၏။ ။ ပုနစ၊ တဘန်လည်း။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ပဟီနာပါယော၊ ပယ်အပ်ပြီးသော အပါယ်ပဋိသန္ဓေရှိသော။ ဒိဋ္ဌပ္ပတ္တော၊ နိဗ္ဗာန်ကိုမြင်ခြင်းသို့ ရောက်သော။ ဝိညာတသာသနော၊ ဘုရားရှင် ဆုံးမအပ်သော သာသနာတော်ကို သိသော။ ဂိဟိသောတာပန္နော၊ လူသောတာပန်ဖြစ်သော။ ဥပါသကော၊ ဒါယကာသည်။ ပုထုဇ္ဇနံ၊ ပုထုဇဉ်ဖြစ်သော။ ဘိက္ခုံ ဝါ၊ ရဟန်းကိုရင်း။ သာမဏေရံ ဝါ၊ သာမဏေကိုရင်း။ အဘိဝါဒေတိ ဝါ၊ ရှိခိုးရာ၏ဟူ၍ရင်း။ ပစ္စုဋ္ဌေတိ ဝါ၊ ခရီးဦးကြိုဆိုရာ၏ ဟူ၍ရင်း။ ဣတိ၊ ဤသို့။ ဝုတ္တံ၊ ဤစကားကို။ ဘာသိတံ၊ ဟောတော်မူအပ်၏။

အရှင်ဘုရား၊ အကယ်၍ ပစ္စုပ္ပန်သံသရာနှစ်ပါး လူအပေါင်း၌ ဒိုဝါ သေဋ္ဌ၊ လောကုတ္တရာတရားသည်လျှင် မြတ်သည်ထက်မြတ်၏ဟူသော အကြောင်းစကားတော်သည် မှန်အံ့၊ ထိုသို့တပြီးကား ဘုရားရှင်ဆုံးမတော်မူအပ်သော တရားကို သိသောလူဖြစ်သော နိဗ္ဗာန်ကို မျက်မှောက်ပြုသော ဥပါသကာသည် ပုထုဇဉ် ရဟန်းသာမဏေကို ရှိခိုးရာ၏၊ ခရီးဦးကြိုဆိုရာ၏ဟူသော အကြောင်းစကားသည် ရှိ၏၊ ထိုစကားသည် မှားရာ၏။ ။(ဤလည်းတစွန်းထွက်သည်။)

အရှင်ဘုရား၊ အကယ်၍ ဘုရားရှင်သည် ဆုံးမအပ်သော တရားကို သိသော နိဗ္ဗာန်ကို မျက်မှောက် ပြုနိုင်သောလူဖြစ်သော သောတာပန် ဥပါသကာသည်ပုထုဇဉ်ရဟန်းသာမဏေကိုရှိခိုးရာ၏၊ခရီးဦးကြိုဆိုရာ၏ဟူသော အကြောင်းစကားသည် မှန်အံ့၊ ထိုသို့တပြီးကား ဒိုဝါသေဋ္ဌ၊ လောကုတ္တရာတရားသာလျှင် ပစ္စုပ္ပန်သံသရာဘဝ နှစ်ပါး၌ လူအများ ထက်မြတ်၏ ဟူသောစကားသည်ရှိ၏၊ ထိုစကားသည်မှားရာ၏။ ။ (ဤလည်းတစွန်းထွက်သည်။)

နှစ်ဘက်အစွန်းထွက်သော ဤပြဿနာသည် အရှင်ဘုရားအား ရောက်၏၊ အရှင်ဘုရားသည် ထိုပြဿနာကို ငြိမ်းပါစေလော့ဟု ဆိုသော်—

မင်းကြီး၊ ဘုရားရှင်သည် ဝါသေဋ္ဌလုလင်ကို အိုဝါသေဋ္ဌလုလင်၊ ပစ္စုပ္ပန် သံသရာဘဝနှစ်ပါး၌ ကျင်လည်သော လူအပေါင်းထက် လောကုတ္တရာစာရေးသာလျှင် မြတ်၏ဟု ဟောတော်မူအပ်သည် လည်း မှန်၏။ ။လူဖြစ်သော သောတာပန် ပုဂ္ဂိုလ်သည် ပုထုဇဉ်ဖြစ်သော ရဟန်းသာမဏေကိုရှိခိုးရာ၏၊ ခရီးဦးကြိုဆိုရာ၏ဟု ဟောတော်မူအပ် သည်လည်း မှန်၏၊ မှန်ကြောင်းကား မင်းကြီး၊ထိုစကားသည် အကြောင်း ရှိသော စကားဖြစ်သည်။

**ရဟန်းတို့အမူအရာနှင့်အသွင်** .... မင်းကြီး၊ ပုထုဇဉ်ရဟန်းအား ရဟန်း၏ အမူအရာ တို့သည် နှစ်ဆယ်အပြားရှိကုန်၏၊ သေက္ခပုဂ္ဂိုလ်အသွင် ရဟန္တာပုဂ္ဂိုလ်အသွင် လည်း ရှိကုန်၏၊ထိုနှစ်ပါးသောအသွင်နှင့် ပြည့်စုံသော ပုထုဇဉ်ရဟန်း တို့သည် ရှိခိုးခြင်း,ခရီးဦးကြိုဆိုခြင်း, လျှာဒါန်းပူဇော်ခြင်းငှါ ထိုက်သည် မည်၏၊ပုထုဇဉ်ရဟန်းအား ရဟန်းတို့၏ နှစ်ပါးသောအသွင်, နှစ်ဆယ် သောအမူအရာသည် အဘယ်နည်းဟူမူကား-

(၁) သူတပါးမြင်သည်ရှိသော် သေက္ခပုဂ္ဂိုလ်ဟုအမှတ်ရှိသည်။
(၂) ရဟန္တာပုဂ္ဂိုလ်ဟုအမှတ်ရှိသည်။
(၃) မြတ်သော အရိယာပုဂ္ဂိုလ်တို့နှင့်တူသော အကျင့်ရှိသည်။
(၄) တူသောနေခြင်းရှိသည်။
(၅) တူသောဇုန္ဓေ ငြိမ်သက်ခြင်းရှိသည်။
(၆) တူသောသည်းခံခြင်းရှိသည်။
(၇) တူသောဆင်းရဲခြင်းရှိသည်။
(၈) တကိုယ်ထီးထည်းအကျင့်ရှိသည်။
(၉) တကိုယ်ထီး၏အဖြစ်၌ မွေ့လျော်သည်။
(၁၀) တယောက်ထီးထည်းကျိန်းသည်။
(၁၁) မကောင်းမှုမှ ရှက်ခြင်းရှိသည်။
(၁၂) မကောင်းမှုမှလန့်ခြင်းရှိသည်။
(၁၃) အကျင့်ကိုအားထုတ်သည်။
(၁၄) ကုသိုလ်တရားတို့၌မမေ့မလျော့ရှိသည်။
(၁၅) သုက်လွှတ်ခြင်း ကာမဂုဏ်မှ ဘဲကြဉ်သည်။

(၁၆) ပါဠိကိုသင်သည်။
(၁၇) အဋ္ဌကထာကိုလည်းသင်သည်။
(၁၈) သီလအစရှိသော ဂုဏ်ကျေးဇူး၌ မွေ့လျော်သည်။
(၁၉) တပ်မက်မောခြင်းကင်းသည်။
(၂၀) သိက္ခာပုဒ်တော်ကိုဖြည့်သည်။
(၂၁) ဖန်ရည်စွန်းသော သင်္ကန်းကိုဆောင်သည်။
(၂၂) ဦးခေါင်းပြည်းသည်။

မင်းကြီး၊ ဤနှစ်ဆယ်သော ရဟန်းတို့၏အမှုအရာနှင့် သေက္ခပုဂ္ဂိုလ်၏ အသွင် ရဟန္တာပုဂ္ဂိုလ်၏ အသွင်နှစ်ပါးပေါင်းသော် နှစ်ဆဲ့နှစ်ပါးသော ဂုဏ်ကျေးဇူးတို့ကို ပုထုဇဉ်ရဟန်းသာမဏေတို့သည် ထိုဆိုအပ်ပြီးသော ဂုဏ်ကျေးဇူးတရားတို့၏ မယုတ်သည်၏အဖြစ်ကြောင့် ပြည့်စုံသည်၏အဖြစ်ကြောင့် ကောင်းစွာလာသည်၏အဖြစ်ကြောင့် အသေက္ခပုဂ္ဂိုလ်၏အရာ ရဟန္တာပုဂ္ဂိုလ်၏ အရာသို့သက်၏၊ မြတ်သော လောကုတ္တရာ တရား ဂုဏ်ကျေးဇူးအထူးသို့သက်၏၊ရဟန္တာ၏ အရာဌာနသို့ရောက်၏၊ မင်းကြီး၊ ထို့ကြောင့် လူဖြစ်သော သောတာပန်ပုဂ္ဂိုလ်သည် ပုထုဇဉ်ရဟန်းသာမဏေကို ရှိခိုးခြင်း၌ ခရီးဦးကြိုဆိုခြင်း၌ထိုက်၏၊ မင်းကြီး၊ ထိုသောတာပန်ပုဂ္ဂိုလ်သည် ကုန်ပြီးသော အာသဝေါတရားရှိ၍ အရဟတ္တဖိုလ်သို့ ရောက်အံ့၊ ထိုဆိုခဲ့ပြီးသော သမဏကာရကာ ရဟန်း၏အမှုအရာအကြောင်းသည် မရှိချေဟု နှလုံးသွင်း၍ လူဖြစ်သော သောတာပန်ပုဂ္ဂိုလ်သည် ပုထုဇဉ် ရဟန်းသာမဏေတို့ကို ရှိခိုးထိုက်၏၊ခရီးဦးကြိုဆိုထိုက်၏၊ မင်းကြီး၊ထိုလူဖြစ်သော သောတာပန်ပုဂ္ဂိုလ်သည် ငါကား မြတ်သော ပရိသတ်သို့ ရောက်ပြီဟု ဆိုအပ်ခဲ့ပြီးသော သမဏကာရကာ ရဟန်း၏အမှုအရာအကြောင်းသို့ မကပ်ချေဟုနှလုံးသွင်း၍ ပုထုဇဉ် ရဟန်းသာမဏေကို ရှိခိုးခြင်း, ခရီးဦးကြိုဆိုခြင်း၌ထိုက်၏၊ ထိုပုထုဇဉ်ရဟန်းသည် ပါတိမောက်ပြခြင်းကိုနာခြင်း၌ထိုက်၏၊ ထိုလူဖြစ်သော သောတာပန်ပုဂ္ဂိုလ်သည် ငါကား ပါတိမောက်ကိုနာခြင်း၌ မထိုက်ချေဟု နှလုံးထား၍ ပုထုဇဉ်ကိုရှိခိုးခြင်း, ခရီးဦးကြိုဆိုခြင်း၌ထိုက်၏၊ ထိုပုထုဇဉ် ရဟန်းသည် သူတပါးကိုရှင်ပြု၍ ပဉ္စင်းခံ၏၊ မြတ်စွာဘုရားသာသနာတော်ကို

ပွါးများစေ၏၊ ငါကားထိုအမှုအရာကိုမရချေဟုနှလုံးထား၍ လူဖြစ်သော သောတာပန်ပုဂ္ဂိုလ်သည် ပုထုဇဉ်ရဟန်းကိုရှိခိုးခြင်း, ခရီးဦး ကြိုဆိုခြင်းငှါ ထိုက်၏၊ ထိုလူဖြစ်သော သောတာပန်ပုဂ္ဂိုလ်သည် ငါကားအတိုင်းမသိ များစွာသောသိက္ခာပုဒ်တို့၌ ပြည့်စုံစွာမကျင့်နိုင်ချေဟု နှလုံးထား၍ လူဖြစ်သော သောတာပန်ပုဂ္ဂိုလ်သည် ပုထုဇဉ်ရဟန်းကို ရှိခိုးခြင်း,ခရီးဦးကြိုဆိုခြင်းငှါထိုက်၏၊ထိုပုထုဇဉ်ရဟန်းသည် ပွါးစိမ့်သောငှါ လက်သည်း ခြေသည်း မုတ်ဆိတ်မွေး ရှိသည်ဖြစ်၍ တန်ဆာဆင်ခြင်း မရှိချေ၊ အစဉ်အတိုင်း သီလတည်းဟူသောအနံ့နှင့် ပြည့်စုံပေ၏၊ ငါတမူကား သောတာပန်ဖြစ်ငြားသော်လည်း တန်ဆာဆင်ခြင်း, အပြေအပြစ်ပြုခြင်း၌ အလွန် မွေ့လျော်သေး၏ဟု နှလုံးသွင်း၍ လူဖြစ်သော သောတာပန်သည် ပုထုဇဉ်ရဟန်းကိုရှိခိုးခြင်း, လက်အုပ်ချီခြင်း, ခရီးဦးကြိုဆိုခြင်းငှါ ထိုက်၏။

မင်းကြီး၊ ဤနှစ်ဆယ်သော သမဏအမှုအရာနှင့် နှစ်ပါးသော အသွင်ပေါင်းသော် နှစ်ဆဲ့နှစ်ပါးသော ထိုအလုံးစုံတို့သည် ပုထုဇဉ် ရဟန်းအား ကောင်းစွာထင်ရှားရှိကုန်၏၊ မင်းကြီး၊ ထိုပုထုဇဉ်ရဟန်းသည် ထိုအလုံးစုံသောတရားကိုဆောင်၏၊ တပါးသောသူတို့ကိုလည်းတရား၌ကျင့်စေ၏၊ ထိုသောတာပန်ဥပါသကာသည် ငါ့အားထိုအလုံးစုံသောတရားမရှိချေဟု နှလုံးထား၍ လူဖြစ်သော သောတာပန် ပုဂ္ဂိုလ်သည် ပုထုဇဉ်ရဟန်းကိုရှိခိုးခြင်း ခရီးဦးကြိုဆိုခြင်းငှါ ထိုက်၏။

မင်းကြီး၊ ဥပမာသော်ကား အကြင်မင်းသားသည် ပုရောဟိတ်အထံ၌ အတတ်ပညာသင်ကြား၏၊ထိုမင်းသားသည် နောက်ကာလအဘိသိက်ခံပြီးသော် ဤပုရောဟိတ်သည် ငါ့ကိုအတတ်သင်ပေးသောဆရာဟူ၍ ရှိခိုးလေသကဲ့သို့ ခရီးဦးကြိုဆိုလေသကဲ့သို့ မင်းကြီး၊ထို့အတူ ပုထုဇဉ်ရဟန်းသည် သိက္ခာပုဒ်တော်ကို ကျင့်စေတတ်၏၊ ရဟန်း၏အနွယ်ကိုဆောင်၏ဟုနှလုံးထား၍ လူဖြစ်သော သောတာပန်ပုဂ္ဂိုလ်သည် ပုထုဇဉ်ရဟန်းကိုရှိခိုးခြင်း, ခရီးဦးကြိုဆိုခြင်းငှါထိုက်၏၊ မင်းကြီး၊ ဤသို့သောအကြောင်းဖြင့် ရဟန်းဂုဏ်၏ မြတ်သည်၏အဖြစ်ကို, အထူးပြန့်ပြောသည်၏အဖြစ်ကို သင်မင်းကြီးသည် သိလေလော့၊ မင်းကြီး၊ အကယ်၍ လူဖြစ်သောသောတာပန်ပုဂ္ဂိုလ်သည် အရဟတ္တဖိုလ်ကို မျက်မှောက်

ပြုရအံ့၊ ထိုပုဂ္ဂိုလ်အား ထိုနေ့၌ပင်လျှင် ပရိနိဗ္ဗာန်သော်လည်း ပြုရာ၏၊ ဖန်ရည်စွန်းသောရဟန်း၏ အဖြစ်သို့သော်ဘည်း ကပ်ရာ၏၊ ဤနှစ်ပါးသော အလားဂတိတို့သည် ရှိကုန်၏၊ မင်းကြီး၊ ထိုစကားသည် မှန်၏၊ မှန်ကြောင်းကား အကြင်ရဟန်းအရာ၌နသည် မြင့်မြတ်၏၊ ထိုရဟန်း၏အဖြစ်သည် မတုန်မလှုပ်သည်ဖြစ်၍ ဤအရဟတ္တဖိုလ်တည်းဟူသော လောကုတ္တရာတရားကို ဆောင်နိုင်၏ဟု ဆိုသော် အရှင်ဘုရား၊ အရှင်ဘုရားသည် အလွန်သောပညာနှင့်ပြည့်စုံသော အစွမ်းရှိသည်၏အဖြစ်ကြောင့် ပြဿနာကိုထိုးထွင်းနိုင်ပေ၏၊ အရှင်ဘုရားနှင့်တူသောပညာရှိကိုထား၍ သတ္တဝါတို့အား တပါးသောသူသည် ဤပြဿနာကို ဖြေခြင်းငှါ မစွမ်းနိုင်ရာဟုဆို၏။

သေဋ္ဌဓမ္မပဉှာပြီး၏။

## ၁၀၆။ တထာဂတဿ သဗ္ဗသတ္တာနံ ဟိတဖရဏပဉှာ

**သတ္တဝါအကျိုး သည်ပိုးရွက်ဆောင်**……မိလိန္ဒမင်းသည် အရှင်ဘုရား၊ အရှင်ဘုရားတို့သည် လာခြင်းကောင်းသောဘုရားရှင်သည် ခပ်သိမ်းသောသတ္တဝါ အပေါင်းတို့အား အကျိုးမရှိသည်ကိုပယ်၍ အကျိုးရှိသည်ကိုသာ ဆောင်၏ဟုဆိုတော်မူကြကုန်၏။ ။တဘန်လည်း အဂ္ဂိက္ခန္ဓူပမ သုတ္တန်ဒေသနာတော်ကို ဟောတော်မူအပ်သည်ရှိသော် ခြောက်ကျိပ်သောရဟန်းတို့အား ခံတွင်းမှ ပူသောသွေးသည် အန်ခဲ့၏ဟု ဆိုကြကုန်၏၊ အရှင်ဘုရား၊ လာခြင်းကောင်းသောဘုရားသည် ခြောက်ကျိပ်သော ရဟန်းတို့၏ အစီးအပွါးကိုပယ်၍ အစီးအပွါးမဲ့ကိုဆောင်ခဲ့၏တကား။

ဘန္တေနာဂသေန တုမှေ ဘဏထ တထာဂတော သဗ္ဗသတ္တာနံ အဟိတ မပနေတွာ ဟိတ မုပဒဟတီတိ၊ ပုန စ ဘဏထ အဂ္ဂိက္ခန္ဓူပမေ ဓမ္မပရိယာယေ ဘညမာနေ သဋ္ဌိမတ္တာနံ ဘိက္ခူနံ အနုပါဒါယ အာသဝေဟိ စိတ္တာနိ ဝိမုစ္စိံသု၊ သဋ္ဌိမတ္တာနံ ဘိက္ခူနံ သိက္ခံ ပစ္စက္ခာယ ဟီနာယာဝတ္တိံသု၊ သဋ္ဌိမတ္တာနံဘိက္ခူနံ ဥဏှံ လောဟိတံ မုခတော ဥဂ္ဂတန္တိ၊ အဂ္ဂိက္ခန္ဓူပမံဘန္တေ ဓမ္မပရိယာယံဒေသေန္တေန တထာဂတေန သဋ္ဌိမတ္တာနံ ဘိက္ခူနံ ဟိတ မပနေတွာ အဟိတ မုပဒဟတိ။ ။ဟူသည်တည်း။

ဘန္တေနာဂသေန၊ အရှင်နာဂသေနမထေရ်။ တုမှေ၊ အရှင်ဘုရားတို့သည်။ တထာဂတော၊ လာခြင်း ကောင်းသော ဘုရားသည်။ သဗ္ဗသတ္တာနံ၊ ခပ်သိမ်းသော သတ္တဝါတို့၏။ အဟိတံ၊ အစီးအပွါးမရှိသည်ကို။အပနေတွာ၊ ပယ်၍။ ဟိတံ၊ အစီးအပွါးရှိသည်ကို။ ဥပဒဟတိတိ၊ ရွက်ဆောင်တော်မူ၏ဟု။ ဘဏထ၊ ဆိုတော်မူကြကုန်၏။ ။ ပုနစ၊ တဘန်လည်း။ တုမှေ၊ အရှင်ဘုရားတို့သည်။ အဂ္ဂိက္ခန္ဓူပမေ၊ မီးပုံကြီးလျှင် ဥပမာရှိသော။ ဓမ္မပရိယာယေ၊ တရားဒေသနာ၌တော်ကို။ ဘညမာနေ၊ ဟောတော်မူအပ်သည်ရှိသော်။ သဋ္ဌိမတ္တာနံ၊ခြောက်ကျိပ်အတိုင်းအရှည်ရှိကုန်သော။ ဘိက္ခူနံ၊ ရဟန်းတို့အား။ အနုပါဒါယ၊စွဲလမ်းခြင်းမရှိမူ၍။ အာသဝေဟိ၊ အာသဝေါတရားတို့မှ။စိတ္တာနိ၊ စိတ်တို့သည်။ ဝိမုစ္စိံသု၊ လွတ်ကုန်၏။ သဋ္ဌိမတ္တာ၊ ခြောက်ကျိပ်အတိုင်းအရှည်ရှိကုန်သော။ ဘိက္ခူ၊ ရဟန်းတို့သည်။ သိက္ခံ၊ သိက္ခာကို။ ပစ္စက္ခာယ၊ ချ၍။ ဟီနာယာဝတ္တိံသု၊ လူထွက်ကုန်၏။ သဋ္ဌိမတ္တာနံ၊ ခြောက်ကျိပ် အတိုင်းအရှည်ရှိကုန်သော။ ဘိက္ခူနံ၊ ရဟန်းတို့အား။ ဥဏှလောဟိတံ၊ ပူသောသွေးသည်။ မုခတော၊ ခံတွင်းမှ။ ဥဂ္ဂတန္တိ၊ အန်၏ဟု။ ဘဏထ၊ ဟောတော်မူကုန်၏။ ။ဘန္တေ၊ အရှင်ဘုရား။ အဂ္ဂိက္ခန္ဓူပမံ၊မီးပုံကြီးလျှင်ဥပမာရှိသော။ဓမ္မပရိယာယံ၊တရားဒေသနာတော်ကို။ ဒေသေန္တေန၊ ဟောတော်မူသော။ တထာဂတေန၊ လာခြင်းကောင်းသောဘုရားရှင်သည်။ သဋ္ဌိမတ္တာနံ၊ ခြောက်ကျိပ် အတိုင်း အရှည်ရှိကုန်သော။ ဘိက္ခူနံ၊ ရဟန်းတို့၏။ ဟိတံ၊ အစီးအပွါးကို။ အပနေတွာ၊ ပယ်၍။ အဟိတံ၊ အစီးအပွါးမရှိသည်ကို။ ဥပဒဟတိ၊ ရွက်ဆောင်ခဲ့၏တကား။

အရှင်ဘုရား၊ အကယ်၍ ဘုရားရှင်သည် ခပ်သိမ်းသော သတ္တဝါတို့အား အစီးအပွါးမရှိသည်ကိုပယ်၍ အစီးအပွါးရှိသည်ကို ရွက်ဆောင်တော်မူ၏ ဟူသော စကားသည် မှန်အံ့၊ ထိုသို့တပြီးကား အဂ္ဂိက္ခန္ဓူပမသုတ္တန် ဒေသနာတော်ကို ဟောတော်မူသည်ရှိသော် ခြောက်ကျိပ်သောရဟန်းတို့အား ပူသောသွေးသည် ခံတွင်းမှအန်၏ ဟူသောအကြောင်းစကားသည်ရှိ၏၊ ထိုစကားသည်မှားရာ၏။ ။(ဤလည်း တစွန်းထွက်သည်။)

အရှင်ဘုရား၊ အကယ်၍ ဘုရားရှင်သည် အင်္ဂုတ္တရနိကာယ် အဂ္ဂိက္ခန္ဓူပမသုတ္တန်ဒေသနာတော်ကို ဟောတော်မူအပ်သည်ရှိသော် ခြောက်ကျိပ်သောရဟန်းတို့အား ပူသောသွေးသည် ခံတွင်းမှအန်သည်မှန်အံ့၊ ထိုသို့တပြီးကား လာခြင်းကောင်းသော ဘုရားသည် ခပ်သိမ်းသော သတ္တဝါတို့အား အကျိုးမရှိသည်ကိုဖယ်၍ အကျိုးရှိသည်ကိုသာ ရွက်ဆောင်တော်မူ၏ဟူသော အကြောင်းစကားသည်ရှိ၏၊ ထိုစကားသည် မှားရာ၏။ ။ (ဤလည်းတစွန်းထွက်သည်။)

နှစ်ဘက်အစွန်းထွက်သော ဤပြဿနာသည် အရှင်ဘုရားအားရောက်၏၊ ထိုပြဿနာကို အရှင်ဘုရားသည် ဖြေမိန့်ပါစေလော့ဟုဆိုသော်—

**ဘုရားကြောင့် ပျက်စီးသလော**……မင်းကြီး၊ လာခြင်း ကောင်းသော ဘုရားရှင်သည် ခပ်သိမ်းသောသတ္တဝါတို့၏ အစီးအပွါးမရှိသည်ကိုပယ်၍ အစီးအပွါးရှိသည်ကိုသာ ဆောင်တော်မူသည်လည်းမှန်၏၊ အဂ္ဂိက္ခန္ဓူပမသုတ္တန်ဒေသနာတော်ကို ဟောတော်မူသည် ရှိသော် ခြောက်ကျိပ် သော ရဟန်းတို့အား ပူသောသွေးသည်ခံတွင်းမှ အန်သည်လည်းမှန်၏။ ။ မင်းကြီး၊ မှန်ကြောင်းလည်း ထိုသွေးအန်သော အမူအရာကို ဘုရားရှင်ပြုတော်မူအပ်သည်မဟုတ်၊ ထိုခြောက်ကျိပ်သော ရဟန်းတို့သည် မိမိတို့ ပြုအပ်သော မကောင်းမှုကြောင့် သွေးအန်သည်ဟုဆို၏၊ အရှင်ဘုရား၊ ဘုရားရှင်သည် အကယ်၍ ထိုအဂ္ဂိက္ခန္ဓူပမ သုတ္တန်ကို ဟောတော်မမူပါသည်ဖြစ်အံ့၊ ထိုခြောက်ကျိပ်သော ရဟန်းတို့အား ခံတွင်းမှသွေးအန်ရာချေအံ့လောဟုဆိုပြန်၏၊ မင်းကြီး ထိုသို့လည်းမအန်ရာချေ၊ မင်းကြီး၊ ဘုရားရှင်၏ဒေသနာတော်ကိုကြား၍ မကောင်းသောအကျင့်ရှိသော ထိုရဟန်းတို့အား ကိုယ်၌ပူပန်ခြင်းသည်ဖြစ်၏၊ ပူသောသွေးသည် ခံတွင်းမှအန်လေ၏ဟု ဆိုပြန်သော် အရှင်ဘုရား၊ ထိုသို့တပြီးကား လာခြင်းကောင်းသောဘုရားရှင်သည် ပြုအပ်သော အမှုကြောင့် ထိုရဟန်းတို့အား ပူသောသွေးသည် ခံတွင်းမှ အန်၏၊ ထိုအခါ ထိုရဟန်းတို့၏ ပျက်စီးကြောင်းကို ဘုရားရှင်ပြုသည်မည်၏၊ အရှင်ဘုရား၊ ဥပမာဆိုသော် အကြင်မြွေတို့သည် တောင်ပို့သို့ဝင်ကုန်၏၊ ထိုအခါ တယောက်သောယောကျ်ားသည်မြေခဲ့ကို အလိုရှိ၍

တောင်ပို့ကိုဖျက်ဆီး၍ယူ၏၊ မြေမှုန့်ကိုယူသဖြင့် ထိုတောင်ပို့၏အခဝ သည်ပိတ်ရာ၏၊ ထိုအခါထိုမြွေအား ထွက်သက် ဝင်သက်ကိုမရ၍ သေလေရာ၏၊ အရှင်ဘုရား၊ ထိုမြွေသည် ထိုယောကျ်ားပြုအပ်သော အမှုကြောင့်သေခြင်းသို့ရောက်သည်မဟုတ်လောဟုဆိုသော် မင်းကြီး၊ ဟုတ်ပချေ၏ဟုဝန်ခံလျှင် အရှင်ဘုရား၊ထို့အတူလာခြင်းကောင်းသော ဘုရားရှင်သည် ထိုခြောက်ကျိပ်သောရဟန်းတို့ကို ပျက်စီးစိမ့်သော၄ါ ထိုအခါ ပြုတော်မူသည်မည်၏ဟုဆို၏။

**ဘယ်သူမပြု မိမိမှု**......မိလိန္ဒမင်းသည် ဥပမာဖြင့်ဆောင်၍ စကား ကို ဖျက်ဆီး၍ ဆိုသော် ဆိုတိုင်း ရှင်နာဂ သေနက မင်းကြီး ဟုတ်ပချေ၏ဟုဝန်ခံလိုက်ပြီးလျှင် မင်းကြီး၊တရားကို ဟောသော ဘုရားရှင်သည် တဏှာနှင့် စပ်လျဉ်းသော ချစ်ခြင်း, ဒေါသနှင့် စပ်လျဉ်းသော မုန်းထားခြင်းရှိတော်မူ၍ ဟောတော်မမူ၊ ချစ်ခြင်းမုန်းခြင်းမှ လွတ်တော်မူ၍သာ တရားကိုဟောတော်မူ၏၊ဤသို့ တရားကို ဟောတော်မူသည်ရှိသော် အကြင်သူတို့သည် ထိုအခါ ကောင်းသောအကျင့်ရှိကုန်၏၊ ထိုသူတို့သည် တရားကိုသိကြကုန်၏၊ အကြင်သူတို့သည် မကောင်းသောအကျင့် ရှိကုန်၏၊ ထိုသူတို့သည် သာသနာတော်မှကျကုန်၏၊မင်းကြီး၊ဥပမာသော်ကား အကြင်သစ်ပင်၌ မြင့်ရှည်စွာ တည်ကုန်သော သစ်သီးတို့သည် ထိုသစ်ပင်၌ ပပ်သော အညှာရှိကုန်၍ အားနည်းသော အခွဲရှိကုန်လျှင် ထိုသစ်သီးတို့သည် မြေ၌ကျကုန်သကဲ့သို့ မင်းကြီး၊ ထို့အတူ လာခြင်းကောင်းသော ဘုရား ရှင်သည် တရားကိုဟောတော်မူအပ်သည်ရှိသော် ချစ်ခြင်း မုန်းထား ခြင်းကိုပြုတော်မမူ၊ချစ်ခြင်းမုန်းထားခြင်းမှ ကင်းလွတ်တော်မူ၍ တရား ကို ဟောတော်မူသည်ရှိသော် ထိုအခါ အကြင်သူတို့သည် ကောင်းစွာ ကျင့်ကုန်၏၊ ထိုသူတို့သည် တရားကိုသိကုန်၏၊ အကြင်သူတို့သည် မကောင်းသော အကျင့်ရှိကုန်၏၊ ထိုသူတို့သည် သာသနာတော်မှ ကျကုန်၏။

မင်းကြီး၊ ဥပမာသော်ကား စပါးကိုစိုက်ပျိုးခြင်း၄ါ အလိုရှိသော လယ်ထွန်ယောကျ်ားသည် လယ်ကိုထွန်၏၊ထိုယောကျ်ားသည် လယ် ကို ထွန်စဉ် များစွာသော မြက်တို့သည် သေကုန်သကဲ့သို့ ထို့အတူ လာခြင်းကောင်းသော ဘုရားရှင်သည် ရင့်သောစိတ်ရှိသော သတ္တဝါ

တို့အားတရားကို ရှင့်စေသိစေတော်မူသည်ရှိသော် ချစ်ခြင်းမုန်းခြင်းမှ လွတ်တော်မူ၍ တရားကိုဟောတော်မူ၏။- ဤသို့ ဟောတော်မူသည် ရှိသော် ထိုအခါ အကြင်သူတို့သည် ကောင်းသောအကျင့်ရှိကုန်၏၊ ထိုသူတို့သည် တရားကို သိကုန်၏၊ အကြင်သူတို့သည် မကောင်းသော အကျင့်ရှိကုန်၏၊ ထိုသူတို့သည် မြက်ကဲ့သို့သေခဲ့ကုန်၏။

မင်းကြီး၊ ဥပမာတနည်းသော်ကား လူတို့သည် ကြံရည်ကို လိုသော ကြောင့် ကြံညှစ်ယန္တရားဖြင့် ကြံကိုညှစ်ကုန်စဉ် ထိုအခါ အကြင် ပိုးမျိုးတို့သည် ယန္တရားဘဝသို့ရောက်လာခဲ့ကုန်၏၊ ထိုပိုးမျိုးတို့သည် ကြိတ်မိလေကုန်သကဲ့သို့ ထို့အတူ မင်းကြီး၊ လာခြင်းကောင်းသော ဘုရားရှင်သည် ရင့်သောစိတ်ရှိသော သတ္တဝါတို့ကို သိစေလိုသည်ဖြစ် ၍ တရားတည်းဟူသော ယန္တရားကိုညှစ်တော်မူ၏၊ ထိုအခါ မကောင်း သော အကျင့်ရှိသော သူတို့သည်ရှိကုန်၏၊ထိုသူတို့သည် ပိုးကဲ့သို့သေ ကုန်၏ဟုဆိုသော် အရှင်ဘုရား၊ ထိုခြောက်ကျိပ်သော ရဟန်းတို့သည် ထိုတရားဒေသနာတော်ကြောင့် ကျလေသည် မဟုတ်လောဟု စကား ကို ဘိစီး၍ဆိုပြန်လျှင် မင်းကြီး၊ တစည်းသွားသည် သစ်ပင်ကို ရွေ သည်ရှိသော် ဖြောင့်ဖြောင့် အကာကိုပစ်၍ အနှစ်ကို စင်ကြယ်စွာ ပြုအပ်သည်မဟုတ်လောဟုဆိုသော် ဟုတ်ပချေ၏၊ အရှင်ဘုရား၊ တစည်းသွားသည် ပယ်အပ်သော အဖုအဆစ်ကို ပယ်၍ ဖြောင့်မတ် စင်ကြယ်စွာပြု၏ဟု ဆိုလျှင် မင်းကြီး၊ထို့အတူ လာခြင်းကောင်းသော ဘုရားသည် အဆစ်အဖုနှင့်တူသော မကျွတ်ထိုက်သော သတ္တဝါတို့ကို ငဲ့ကွက်စောင့်ရှောက်၍ နေတော်မူခဲ့သော် ကျွတ်ထိုက်သော သတ္တဝါ တို့ကို ကျွတ်စေသိစေခြင်းငှါ မတတ်ကောင်းနိုင်ရာ၊မကျွတ်ထိုက်သော သတ္တဝါတို့ကိုပယ်၍ ကျွတ်ထိုက်သော သတ္တဝါတို့ကို ကယ်ချွတ် သိစေတော်မူ၏၊ မကောင်းသောအကျင့်ရှိသော သတ္တဝါတို့သည် မိမိ ပြုအပ်သော အမှုကြောင့် သာသနာတော်မှ ကျလေကုန်၏၊ မင်းကြီး၊ ဥပမာသော်ကား ငှက်ပျောပင် ဝါးပင်သည် မိမိ၏အသီးကြောင့် သေသကဲ့သို့၊အဿတိုရ်မြင်း၏အမိသည် မိမိသားကြောင့် သေရသကဲ့ သို့၊ ထိုမကောင်းသော အကျင့်ရှိသောသူတို့သည် မိမိတို့ပြုအပ်သော အမှုကြောင့် သာသနာတော်မှ ကျလေကုန်၏၊ မင်းကြီး၊ထိုမကျွတ်ထိုက်

သော မကောင်းသောသတ္တဝါတို့သည် မိမိတို့ပြုအပ်သော မကောင်းမှုကြောင့်သေကုန်၏။

မင်းကြီး၊ ဥပမာတနည်းသော်ကား ခိုးသူတို့သည် မိမိတို့ပြုအပ်သောအမှုကြောင့် မျက်စိကို ထုတ်ခြင်း, တံကျင်သို့ တင်လေခြင်း, ဦးခေါင်းကိုဖြတ်လေခြင်းသို့ရောက်ကုန်၏၊ထို့အတူ မင်းကြီး၊မကောင်းသော အကျင့်ရှိသော သူတို့သည် မိမိတို့အမှုကြောင့်သေကုန်၏၊ဘုရားရှင် သာသနာတော်မှ ဈေ့ာကျကုန်၏။ ။မင်းကြီး၊ခြောက်ကျိပ်သောရဟန်းတို့အား ပူသောသွေးသည် ခံတွင်းမှအန်လေသည်ကား ထိုအမှုကိုဘုရားရှင်ပြုသည်မဟုတ်၊ စင်စစ်သော်ကား မိမိတို့သည်ပင်လျှင်ပြုအပ်သောအမှုဖြစ်၏၊ ထိုအခါ တယောက်သော ယောကျ်ားသည် အနတ္တရာယ်ကင်းစေလို၍ လူခပ်သိမ်းအား အမြိုက်အရသာ ဆေးကိုပေး၏၊ ထိုလူခပ်သိမ်းတို့သည် အမြိုက်အရသာကို စား၍ ရောဂါကင်းကုန်လျက်ရှည်သော အသက်ရှိကုန်၏၊ အန္တရာယ်ကင်းကုန်၏၊ ထိုအခါတယောက်သော ယောကျ်ားသည် ဝမ်းမီးခတ်မီးအားနည်းသဖြင့် ထိုအမြိုက်ဆေးကိုစားမိ၍ သေခြင်းသို့ရောက်ရာ၏၊ မင်းကြီး၊ ထိုအရသာဆေးကို ပေးသော ယောကျ်ားသည် ထိုအမြိုက်အရသာဆေးကိုပေးမိသောကြောင့် တစုံတခုမကောင်းမှုသို့ ရောက်ရာသလောဟုဆိုသော် အရှင်ဘုရား၊ မရောက်ရာချေဟုဆိုလျှင် မင်းကြီး၊ထို့အတူလာခြင်းကောင်းသောဘုရား၏ တသောင်းသော လောကဓာတ်၌ နတ်လူတို့အားအမြိုက်တည်းဟူသော တရားအလှူကိုပေးတော်မူ၏၊ ထိုနတ်လူကျွတ်ထိုက်သောသတ္တဝါတို့သည် တရားတည်းဟူသော အမြိုက်အရသာကြောင့် တရားကိုသိကြကုန်၏၊ အကြင်သတ္တဝါတို့သည် မကျွတ်ထိုက်ကုန်၊ထိုသတ္တဝါတို့သည် တရားတော်တည်းဟူသော အမြိုက်အရသာကြောင့် သေကုန်၏၊ သာသနာတော်မှကျကုန်၏။

မင်းကြီး၊ ဥပမာသော်ကား ဘောဇဉ်သည် ခပ်သိမ်းသောသတ္တဝါတို့၏ အသက်ကိုစောင့်၏၊ ထိုဘောဇဉ်ကို အချို့သောသူတို့သည်စားကုန်သော် ဝမ်းစာမကျေ ထိုးကျင့်သည်ဖြစ်၍ သေကုန်၏၊ မင်းကြီး၊ ထမင်းပေးသောယောကျ်ားသည် ထိုထမင်းကို ပေးသောအကြောင်းကြောင့် တစုံတခုမကောင်းမှုသို့ ရောက်ရာသလောဟုဆိုသော် အရှင်ဘုရား၊ မရောက်ရာချေဟုဆိုလျှင် မင်းကြီး၊ ထို့အတူ လာခြင်း

ကောင်းသောဘုရားရှင်သည် လောကဓာတ်၌ နတ်လူတို့အား အမြိုက်အရသာတည်းဟူသော တရားအလှူကိုပေးဟော်မူ၏၊ အကြင်သတ္တဝါတို့သည် ကျွတ်ထိုက်ကုန်၏၊ ထိုသတ္တဝါတို့သည်တရားတည်းဟူသော အမြိုက်အရသာကြောင့် သိကြ ပွင့်လင်းကြကုန်၏၊ အကြင်သတ္တဝါတို့သည် မကျွတ်ထိုက်ကုန်၊ ထိုသတ္တဝါတို့သည် တရားတည်းဟူသော အမြိုက်အရသာကြောင့်သေကုန်၏၊ သာသနာတော်မှ ကျကုန်၏ဟုဆိုသော် အရှင်ဘုရား၊ကောင်းလှပေ၏၊ ထိုစကားကိုအရှင်ဘုရားဆိုတိုင်း တကာတော်ဝန်ခံပါ၏ဟုဝန်ခံလေ၏။

တထာဂတဿသဗ္ဗသတ္တာနံဟိတဖရဏပဥှာပြီး၏။

---

## ၁၀၇။ ဝတ္ထုဂုယှနိဒဿနပဥှာ

**စောင့်စည်းခြင်းနှင့်လျှို့ဝှက်အင်္ဂါ**......မိလိန္ဒမင်း သည် အရှင်ဘုရား၊ လာခြင်း ကောင်းသောဘုရားရှင်သည်ကိုယ်ဖြင့် စောင့်စည်းခြင်းသည်လည်း ကောင်း၏၊ နှုတ်ဖြင့် စောင့်စည်းခြင်းသည်လည်း ကောင်း၏၊ နှလုံးဖြင့် စောင့်စည်းခြင်းသည်လည်း ကောင်း၏၊ အလုံးစုံ စောင့်စည်းခြင်းသည်လည်း ကောင်း၏ဟု ဟောတော်မူအပ်၏။ ။တဘန်လည်း လာခြင်းကောင်းသော ဘုရားရှင်သည်ပရိသတ်လေးပါးတို့၏ အလယ်၌ နေတော်မူ၍ နတ်လူတို့၏မျက်မှောက်၌ သေလအမည်ရှိသောပုဏ္ဏားအား လျှို့ဝှက်အပ်သော အရပ်ဖြင့်ဖုံးလွှမ်းအပ်သော အင်္ဂါဇာတ်တော်ကို ပြတော်မူ၏ တကား။

ဘန္တေနာဂသေန ဘာသိတမ္ပေတံ တထာဂတေန–
ကာယေန သံဝရောသာဓု၊ သာဓုဝါစာယသံဝရော။
မနသာ သံဝရောသာဓု၊ သာဓု သဗ္ဗတ္ထ သံဝရောတိ။
 ပုနစ တထာဂတော စတုန္နံ ပရိသာနံ မဇ္ဈေ နိ သိဒိတွာ
ပုရတော ဒေဝမနုဿာနံ သေလဿ ဗြာဟ္မဏဿ ကောသော
ဟိတဝတ္ထဂုယှံ ဒဿေတိ။ ။ဟူသည်တည်း။

ဘန္တေနာဂသေန၊ ရှင်နာဂသေနမထေရ်။ တထာဂတေန၊ လာခြင်း ကောင်းသောဘုရားသည်။ ကာယေန၊ ကိုယ်ဖြင့်။ သံဝရော၊ စောင့်

စည်းခြင်းသည်။ သာရ၊ ကောင်း၏။ ဝါစာသာ၊ နှုတ်ဖြင့်။ သံဝရော၊ စောင့်စည်းခြင်းသည်။ သာဓု၊ ကောင်း၏။ မနသာ၊ နှလုံးဖြင့်။ သံဝရော၊ စောင့်စည်းခြင်းသည်။ သာရ၊ ကောင်း၏။ သဗ္ဗတ္ထ၊ ကိုယ်နှုတ်နှလုံး အလုံးစုံတို့၌။ သံဝရော၊ စောင့်စည်းခြင်းသည်။ သာဓုတိ၊ ကောင်း၏ ဟု။ ဇောတံပိ၊ ဤစကားကိုလည်း။ ဘာသိတံ၊ ဟောတော်မူအပ်၏။ ပုနစ၊ တဖန်လည်း။ တထာဂတော၊ လာခြင်းကောင်းသော ဘုရား သည်။ စတုန္နံ၊ လေးပါးကုန်သော။ ပရိသာနံ၊ ပရိသတ်တို့၏။ မဇ္ဈေ၊ အလယ်၌။ နိသိဒိတွာ၊ နေတော်မူ၍။ ဒေဝမနုဿာနံ၊ နတ်လူတို့၏။ ပုရ တော၊ မျက်မှောက်။ သေလသာ၊ သေလအမည် ရှိသော။ ဗြာဟ္မဏဿ၊ ပုဏ္ဏားအား။ ကောသောဟိတဝတ္ထဂုယှံ၊ လျှို့ဝှက်အပ်သော အင်္ဂါ ဇာတ်တော်ကို။ ဒဿေတိ။ ပြတော်မူ၏။

အရှင်ဘုရား၊ ဘုရားရှင်သည် အကယ်၍ ကိုယ်နှုတ်နှလုံးကို စောင့် ရှောက်ခြင်းသည်လည်း ကောင်း၏ဟု ဟောတော်မူအပ်သော စကား သည် မှန်အံ့၊ ထိုသို့တပြီးကား သေလမည်သောပုဏ္ဏားအား လျှို့ဝှက် အပ်သောအင်္ဂါဇာတ်တော်ကို ပြတော်မူ၏ဟူသောအကြောင်းစကားသည် ရှိ၏၊ ထိုစကားသည် မှားရာ၏။ ။(ဤလည်းတစွန်းထွက်သည်။)

အကယ်၍ သေလမည်သောပုဏ္ဏားအား လျှို့ဝှက်အပ်သော အင်္ဂါ ဇာတ်တော်ကိုပြ၏ဟူသောစကားသည် မှန်အံ့၊ ထိုသို့တပြီကား ကိုယ် နှုတ်နှလုံးကိုစောင့်စည်းခြင်းသည် ကောင်းမြတ်၏ဟူသောအကြောင်းစကား သည် ရှိ၏၊ ထိုစကားသည် မှားရာ၏။ ။(ဤလည်းတစွန်းထွက်သည်။)

နှစ်ဘက်အစွန်းထွက်သော ဤပြဿနာသည် အရှင်ဘုရားအားရောက် ၏၊ထိုပြဿနာကို အရှင်ဘုရားသည် ဖြေမိန့်ပါစေလော့ ဟု ဆိုသော်-

မင်းကြီး၊ လာခြင်းကောင်းသော ဘုရားရှင်သည် ကိုယ်နှုတ်နှလုံးကို စောင့်စည်းခြင်းသည် ကောင်းမြတ်၏ဟု ဟောတော်မူအပ်သည် လည်း မှန်၏၊ သေလမည်သောပုဏ္ဏားအား လျှို့ဝှက်အပ်သော အင်္ဂါ ဇာတ်တော်ကို ဘုင့်လှစ်၍ပြတော်မူသည်လည်း မှန်၏၊ မင်းကြီး၊ မှန် ကြောင်းကား အကြင်သေလပုဏ္ဏားအား လာခြင်းကောင်းသော ဘုရားရှင်၌ ယုံမှားတွေးတော သက်သည်ဖြစ်၏၊ ထိုပုဏ္ဏားကို သိစိမ့်

သော၌ ဘုရားရှင်သည် တန်ခိုးတော်ဖြင့် ထိုအခါအင်္ဂါဇာတ်ကို ပြတော်
မူ၏၊ ထိုပုဏ္ဏားသည်သာလျှင် ထိုပြာဒိုဟာကိုမြင်၏ဟုဆိုသော် အရှင်
ဘုရား၊ဤစကားကို အဘယ်သူယုံကြည်နိုင်အံ့နည်း၊ ထိုအခါ ပရိသတ်အ
ပေါင်းတို့သည်မမြင်ကုန်၊ ပုဏ္ဏားတယောက်သာလျှင်လျှို့ဝှက်အပ်သော
အင်္ဂါဇာတ်တော်ကို မြင်ကြောင်းကိုညွှန်၏၊ တကာတော်ကိုသိပါစေ
လော့ဟု ဆိုသော် မင်းကြီး၊သင်မင်းကြီးသည် တစုံတယောက် နာဖျား
မကျန်းရှိသောဆွေမျိုးဉာတိတို့ဖြင့် ပြွမ်းသောယောက်ျားကို မြင်ဘူး၏
လောဟုဆိုသော် အရှင်ဘုရား၊ မြင်ဘူးပါ၏ဟုဆို၏၊ မင်းကြီး၊ ထို
ယောက်ျားသည် အကြင်ဝေဒနာဖြင့် နာကျင်၏၊ ထိုဝေဒနာကိုပရိသတ်
တို့သည်မြင်ကုန်၏လောဟုဆိုသော် အရှင်ဘုရား၊ ထိုဝေဒနာကိုမမြင်ကြ
လေကုန်၊ ထိုယောက်ျားသာလျှင် ထိုဝေဒနာကို ခံစားရ၏ဟု ဆို၏၊
မင်းကြီး၊ ထို့အတူ အကြင်သေလပုဏ္ဏားအားသာလျှင် ယုံမှားသက်ာ
သည်ဖြစ်၏၊ ထိုသေလပုဏ္ဏားကိုသာလျှင် လာခြင်းကောင်းသော
ဘုရားရှင်သည် သိစိမ့်သော၌ တန်ခိုးတော်ဖြင့် ထိုအင်္ဂါဇာတ်တော်၏
အတုအရိပ် အမြွက်ကို ပြတော်မူ၏၊ထိုပုဏ္ဏား တယောက်သာလျှင် ထို
ပြာဒိုဟာကို မြင်၏၊ မင်းကြီး၊ ဥပမာသော်ကား တစုံတယောက်သော
ယောက်ျားကို မြေဘုတ်ဘီလူးသည်ဝင်၏၊ ပရိသတ်တို့သည် ထို
ယောက်ျားကို မြေဘုတ်ဘီလူးဘမ်း၏ဟု ဘီလူးကို မြင်ရာသလောဟု
ဆိုသော် အရှင်ဘုရား၊ဘမ်းသောဘီလူးကို မမြင်ချေ၊ထိုယောက်ျားသာ
လျှင် နာကျင်စွာ နှိပ်စက်သော ဘီလူး၏လာခြင်းကို မြင်၏ဟုဆိုသော်
မင်းကြီး၊ထိုကဲ့သို့ အကြင်သေလပုဏ္ဏားအား ယုံမှားသက်ာသည့်ဖြစ်၏၊
ထိုပုဏ္ဏားသာလျှင် ထိုပြာဒိုဟာကိုမြင်ရာ၏၊ တပါးသောသူ မမြင်ရာဟု
ဆိုသော် အရှင်ဘုရား၊ ဘုရားရှင်သည် တယောက်သောပုဏ္ဏားအား
အကြင် မမြင်အပ်သော အင်္ဂါဇာတ်တော်သည် ရှိ၏၊ ထိုအင်္ဂါဇာတ်
တော်ကို ပြတော်မူသဖြင့် ပြုခဲလှသောအမှုအရာကိုပြုတော်မူခဲ့၏တကား
ဟု စကားကိုဘိစိုး၍ဆိုပြန်သော် မင်းကြီး၊ ဘုရားရှင်သည် လျှို့ဝှက်
အပ်သော အင်္ဂါဇာတ်တော်ကို ပြတော်မမူ၊ တန်ခိုးတော်ဖြင့်အရိပ် အ
မြွက်ကိုသာ ကျွတ်ထိုက်သောသတ္တဝါကို သိစိမ့်သော၌ ပြတော်မူ
သည်၊မင်းကြီး၊ လာခြင်းကောင်းသောဘုရားရှင်သည် ထိုအရိပ်အခြည်
အမြွက်အရာကို သိတော်မူ၏၊ ထို့ကြောင့် လာခြင်းကောင်းသော

လုံ့လဖြင့် ကျွတ်ထိုက်သော သတ္တဝါတို့သည် သိကုန်အံ့၊ ထိုထိုသို့သော လုံ့လဖြင့် ကျွတ်ထိုက်သောသတ္တဝါတို့ကို သိစေတော်မူ၏။

မင်းကြီး၊ ဥပမာသော်ကား အနာကို ထုတ်စေတတ်သော ဆေးသွားသည် အကြင်အကြင်ဆေးဖြင့်ကုသော် နှိပ်စက်သောအနာသည် ကင်းလွတ်သည်ဖြစ်၏၊ ထိုထိုသို့သောဆေးဖြင့် အနာနှိပ်စက်သော သူအားကပ်၍ ဆေးဖြင့် အန်စေအပ်သောအနာကို အန်စေသကဲ့သို့ ဝမ်းနုတ်အပ်သော အနာကို ဝမ်းနုတ်သကဲ့သို့, လိမ်းကျံအပ်သောအနာကို လိမ်းကျံသကဲ့သို့, အငွေ့မှိုင်းခံအပ်သောအနာကို အငွေ့မှိုင်းခံသကဲ့သို့, ထို့အတူ လာခြင်းကောင်းသောဘုရားရှင်သည် အကြင် အကြင်လုံ့လဖြင့် ကျွတ်ထိုက်သောသတ္တဝါတို့သည် သိကုန်၏၊ ထိုထိုသို့သောလုံ့လဖြင့် သိစေတော်မူ၏။

မင်းကြီး၊ ဥပမာတနည်းသော်ကား ကိုယ်ဝန်မဘွားနိုင်သောမိန်းမသည် ဆေးသွားကိုလျှို့ဝှက်သဖြင့် မမြင်အပ်သောအကြောင်းကို ပြသကဲ့သို့ ထို့အတူ လာခြင်းကောင်းသောဘုရားသည် ကျွတ်ထိုက်သော သတ္တဝါတို့ကို သိစိမ့်သောငှါ လျှို့ဝှက်အပ်သော အင်္ဂါဇာတ်တော်ကို တန်ခိုးတော်ဖြင့် အရိပ်အမြွက်ကို ပြတော်မူ၏ဟုဆို၍ ရှင်နာဂသေနသည်လည်း သာဓကစကားကို ဘိစီးလို၍ ပြပြန်လေ၏။ ။ပြသော အကြောင်းကား မင်းကြီး၊ကျွတ်ထိုက်သောပုဂ္ဂိုလ်ကို ထောက်တော်မူ၍ မပြအပ်သော မည်သည်မရှိ၊ မင်းကြီး၊ အကယ်၍ တယောက်သော သူသည် ဘုရားရှင်၏ နှလုံးသည်းပွတ်တော်ကိုမြင်၍ တရားကိုသိသည် ဖြစ်အံ့ ၊ထိုသူအားလည်း ဘုရားရှင်သည် နှလုံးသည်းမွတ်တော်ကို ပြရာ၏၊မင်းကြီး၊ဘုရားရှင်သည် လုံ့လပြုခြင်း၌ လိမ္မာတော်မူ၏၊ဒေသနာ၌ လိမ္မာတော်မူ၏၊ မင်းကြီး၊ လာခြင်းကောင်းသော ဘုရားရှင်သည် ညီတော် နန္ဒမင်းသား၏ စိတ်ကို သိတော်မူ၍ ထိုနန္ဒမင်းသားကို တာဝတိံသာနတ်ပြည်သို့ဆောင်၍ ဤအမျိုးသားသည် ဤနတ်သမီးတို့ကို မြင်၍ တရားကိုရလတ္တံ့ သိလတ္တံ့ဟု နတ်သမီးတို့ကို ပြတော်မူ၏၊ ထို့ကြောင့် ထိုအမျိုးသားသည် တရားကို သိရလေ၏၊မင်းကြီး၊ လာခြင်းကောင်းသောဘုရားရှင်သည် များစွာသောအကြောင်းဖြင့် လှပရည်သွေးကောင်းခြင်းနှင့် ပြည့်စုံသော မာတုဂါမအာရုံကို ကဲ့ရဲ့တော်မူလျက်, ကြဉ်တော်မူလျက်,စက်ဆုပ်တော်မူလျက်,ထိုနန္ဒမင်းသားအား တရားကို

သိစေအပ်ံပာသော အကြောင်းကြောင့် ခိုခြေ၏အဆင်းကဲ့သို့ လက်ဘဝါး ခြေဘဝါးရှိကုန်သောနတ်သို့တို့ကိုပြတော်မူ၏၊ ဤသို့လျှင် မင်းကြီး၊ လာခြင်းကောင်းသောဘုရားသည် အမူအရေပျဉ်ခြင်း၌ လိမ္မာတော်မူ၏၊ ဒေသနာတော်၌လိမ္မာတော်မူ၏။

မင်းကြီး၊တနည်းလည်း လာခြင်းကောင်းသောဘုရားရှင်သည် အကို မဟာပန္ထက မထေရ်သည် နှင်ထုတ်အပ်သော ဆင်းရဲခြင်း၊နှလုံးမသာ ခြင်းရှိသောစူဠပန္ထကမထေရ်အားသိမ်မွေ့ညံ့လွင်ပြူစင်သော ပုဆိုးပိုင်း ကို ပေးတော်မူ၍ ဤအမျိုးသားသည် တရားကို ရလတ္တံ့၊ သိလတ္တံ့ဟု ဟောတော်မူ၍ထိုအမျိုးသားသည် ထိုအကြောင်းကြောင့်မြတ်စွာဘုရား သာသနာတော်၌ ဝသီဘော်အလေ့ သို့ရောက်၏၊ ဤသို့သော အခြင်းအ ရာဖြင့်လည်းလာခြင်းကောင်းသောဘုရားရှင်သည် လုံ့လပျဉ်ခြင်း၌ သိ တော်မူ၏၊ဒေသနာ၌လိမ္မာတော်မူ၏။

မင်းကြီး၊ တဘန်လည်း လာခြင်းကောင်းသော ဘုရားရှင်သည် မောဃရာဇမည်သောပုဏ္ဏားသည် သုံးကြိမ်မြောက်အောင် ပြဿနာကို လည်းဆယ်၍မေးသော် ထိုပုဏ္ဏားအား ဖြေကြားတော်မမူသောကြောင့် ထိုပုဏ္ဏား၏ခက်ထန်သော မာနသည် ငြိမ်းလတ္တံ့၊ ခက်ထန်သော မာန ငြိမ်းခြင်းကြောင့် တရားကိုရသည်ဖြစ်လတ္တံ့ဟု ထိုမောဃရာဇပုဏ္ဏား အား ဖြေကြားတော်မမူ၊ထို့ကြောင့် ထိုမောဃရာဇပုဏ္ဏား၏မာနသည် ငြိမ်းလေ၍ ခြောက်ပါးသော အဘိညာဉ်တို့၌ အလေ့အကျက် ဝသီ ဘော်သို့ ရောက်၏၊မင်းကြီး၊ဤသို့သော အကြောင်းဖြင့်လည်း လာခြင်း ကောင်းသောဘုရားရှင်သည် လုံ့လပျဉ်ခြင်း၌ လိမ္မာတော်မူ၏၊ဒေသနာ ၌လည်း လိမ္မာတော်မူ၏ဟုဆိုသော် အရှင်ဘုရား၊ ကောင်းစွာပြဿနာ ကို ထုံးထွင်းနိုင်ပေ၏၊များစွာသော အထူးထူးသော အကြောင်းတို့ဖြင့် ချုပ်ပိတ်ပေါင်းကဲ့သို့ ရှုတ်ထွေးသောအရာကို ချုပ်ပိတ်ပေါင်းကို ထွင် သကဲ့သို့ ပြုအပ်ပေ၏၊ အမိုက်တိုက်ကို လင်းသည်ကို ပြုအပ်ပေ၏၊ အထုံးအဘွဲ့ကို ချိုးဖျက်ပေ၏၊ပရဝါဒီပုဂ္ဂိုလ်တို့၏အယူကို ချိုးဖျက် အပ်ပေ၏၊အရှင်ဘုရားသည် ဘုရားရှင်သားတို့အား ပညာမျက်စိကို ဖြစ်စေ၏၊တိတ္ထိတို့သည် အရောင်အဝါ မရှိလေကုန်ပြီ၊အရှင်ဘုရားသည် မြတ်သောဂိုဏ်း၌မြတ်သည်ဖြစ်၍ စိရင်ဆုံးဖြတ်ပေ၏ဟုဆို၏။

ဝတ္ထဂုယှနိဒဿနပဥှာပြီး၏။

## ၁၀၈။ ထထာဂတဿ ဝါစာဖရုသာနုဉ္ဉာတိပဉ္ဟာ

**ဘုရား၌ဖရုသဝါစာမရှိ**……မိလိန္ဒမင်းသည် အရှင်ဘုရား၊ တရားစစ်သူကြီးဖြစ်သော ရှင်သာရိပုတ္တရာမထေရ်သည် ငါ့ရှင်တို့၊ လာခြင်းကောင်းသောဘုရားရှင်သည် စင်ကြယ်ကောင်းမွန်သော နှုတ်အကျင့်ရှိတော်မူ၏၊ လာခြင်းကောင်းသော ဘုရားရှင်အား ဝစီဒုစရိုက်သည်မရှိ၊ လာခြင်းကောင်းသော ဘုရားရှင်သည် အကြင်ဒုစရိုက်ကို စောင့်တော်မူ၏၊ ဤသို့သောအကြောင်းကို ငါမှတပါးသောသူသည်မသိလေ၊ ငါ့အားသာလျှင် သိ၏ဟုပြောဟော၏။ ။ တဘန်လည်းလာခြင်း ကောင်းသော ဘုရားသည် ကလန္ဒသူဌေးသားရှင်သုဒိန် မထေရ်အား ပါရာဇိက သိက္ခာပုဒ်ကို ပညတ်တော်မူသည်ရှိသော် ရုန့်ရင်းသောစကား, မောဃပုရိသစကားဖြင့် ဆိုတော်မူခဲ့၏တကား၊ ထိုရှင်သုဒိန်မထေရ်သည် ထိုမဂ်ဖိုလ်မှ အချည်းနှီးဖြစ်သည်ဟု မောဃပုရိသ စကားဖြင့် ဆိုတော်မူသော် စိတ်ကိုအဘန်တလဲလဲရှုသဖြင့်နှလုံးမသာရှိ၍ လောကုတ္တရာမဂ်ဖိုလ်ကို ထိုးထွင်း၍သိခြင်းငှါ မတတ်နိုင်လေ။

ဘန္တေနာဂသေန ဘာသိတမ္ပေတံ ထေရေန သာရိပုတ္တေန ဓမ္မသေနာပတိနာ ပရိသုဒ္ဓေါ ဝစီသမာစာရော အာဝုသော တထာဂတော၊ နတ္ထိတထာဂတဿ ဝစီဒုစ္စရိတံ ယံတထာဂတော ရက္ခေယျ မာမေဣဒံပရော အညာသီတိ။ ။ပုနစ တထာဂတော ထေရဿ သုဒိန္နဿ ကလန္ဒပုတ္တဿ အပရာဓေ ပါရာဇိကံ ပညပေန္တော ဖရုသာဟိ ဝါစာဟိ မောဃ ပုရိသဝါဒေန သမုဒါစရတိ၊ တေနစ သောထေရော မောဃပုရိသဝါဒေန မင်္ကုစိတ္တဝသေန ဝိပ္ပဋိသာရီ နာသက္ခိ အရိယမဂ္ဂံ ပဋိဝိဇ္ဈိတုံ။ ။ဟူသည်တည်း။

ဘန္တေ နာဂသေန၊ ရှင်နာဂသေနမထေရ်။ ဓမ္မသေနာ ပတိနာ၊ တရားစစ်သူကြီး ဖြစ်သော။ သာရိပုတ္တေန၊ သာရိပုတ္တရာအမည်ရှိသော။ ထေရေန၊ မထေရ်သည်။ အာဝုသော၊ ငါ့ရှင်တို့။ တထာဂတော၊ လာခြင်းကောင်းသောဘုရားသည်။ ပရိသုဒ္ဓေါ၊ စင်ကြယ်စွာသော။ ဝစီသမာစာရော၊ ကောင်းမွန်သိမ်မွေ့သော နှုတ်အကျင့်တော်သည်။

အဗ္ဘုံ၊ ရှိ၏။ တထာဂတဿ၊ လာခြင်းကောင်းသောဘုရားရှင်အား။ ဝစီဒုစ္စရိတံ၊ ဝစီဒုစရိုက်သည်။ နတ္ထိ၊ ရှိတော်မမူ။ တထာဂတော၊ လာခြင်းကောင်းသောဘုရားသည်။ ယံ၊ အကြင်ဒုစရိုက်ကို။ ရက္ခေယျ၊ စောင့်ရတော်မူ၏။ ဣဒံ၊ ဤဝစီဒုစရိုက်ကို စောင့်တော်မူကြောင်းကို။ ပရော၊ ငါမှ တပါးသော သူသည်။ မာအညာသိ၊ မသိတတ်လေ။ အဟမေဝ၊ ငါသည်သာလျှင်။ အညာသိ၊ သိ၏။ ။ပုနစ၊ တဘန်လည်း။ တထာဂတော။ လာခြင်းကောင်းသောဘုရားသည်။ ကလန္ဒပုတ္တဿ၊ ကလန္ဒသူဌေး၏သားဖြစ်သော။ သုဒိန္နဿ၊ သုဒိန်အမည်ရှိသော။ ထေရဿ၊မထေရ်၏။ အပရာဓေ၊လွန်ကျူးသောအပြစ်ကြောင့်။ ပါရာဇိကံ၊ပါရာဇိကအာပတ်ကို။ဖရုသာဟိ၊ရုန့်ရင်းကုန်သော။ ဝါစာဟိ၊ စကားတို့ဖြင့်။ပညပေန္တော၊ပညတ်တော်မူသည်ရှိသော်။ မောဃပုရိသ ဝါဒေန၊ မောဃပုရိသစကားဖြင့်။ သမုဒါစရတိ၊ ပြောဆိုတော်မူခဲ့၏။ သောထေရော၊ ထိုရှင်သုဒိန်သည်။ တေနစ မောဃပုရိသ ဝါဒေန၊ ထို မောဃပုရိသစကားဖြင့်။ရုက္ခိတတ္တာ၊တားမြစ်ပိတ်ပင်အပ်သောကြောင့်။ မက္ကုစိတ္တာဝသေန၊ လွန်ကျူးမိသော မကောင်းသောစိတ်ကို အဘန်တလဲလဲ အောက်မေ့သည်၏ အစွမ်းဖြင့်။ ဝိပ္ပဋိသာရီ၊ နှလုံးမသာသည် ဖြစ်၍။ အရိယမဂ္ဂံ၊ မြတ်သော လောကုတ္တရာတရားကို။ ပဋိဝိဇ္ဈိတုံ၊ ထိုးထွင်း၍ သိခြင်းငှါ။ နာသက္ခိ၊ မတတ်နိုင်လေ။

အရှင်ဘုရား၊ အကယ်၍လာခြင်းကောင်းသော ဘုရားရှင်သည် စင်ကြယ်သိမ်မွေ့သော ဝစီသမာစာရနှင့်ပြည့်စုံတော်မူ၍ မကောင်းသော ဝစီဒုစရိုက် ရှိတော်မမူသည်မှန်အံ့၊ ထိုသို့တပြီးကား ကလန္ဒသူဌေး၏ သားဖြစ်သော ရှင်သုဒိန်မထေရ်အား လွန်ကျူးမိသော အပြစ်ကြောင့် မောဃပုရိသဟူသော စကားဖြင့် ခေါ်ဆိုတော်မူ၏ဟူသော အကြင်စကားသည်ရှိ၏၊ ထိုစကားသည်မှားရာ၏။ ။(ဤလည်းတစွန်းထွက်သည်။)

အရှင်ဘုရား၊ အကယ်၍ ဘုရားရှင်သည် ရှင်သုဒိန် မထေရ်အား လွန်ကျူးမိသောအပြစ်ကြောင့် မောဃပုရိသစကားဖြင့် ဆိုတော်မူသည်မှန်အံ့၊ လာခြင်းကောင်းသော ဘုရားရှင်သည် ကောင်းမွန်စင်ကြယ်သောဝစီသမာစာရရှိတော်မူ၏၊ ဝစီဒုစရိုက်ရှိတော်မမူဟူသော အကြင်စကားသည်ရှိ၏၊ ထိုစကားသည် မှားရာ၏၊ ။(ဤလည်းတစွန်းထွက်သည်။)

ဤနှစ်ဘက် အစွန်းထွက်သော ပြဿနာသည် အရှင်ဘုရားအား ရောက်၏၊ ထိုပြဿနာကို အရှင်ဘုရားသည် ဖြေမိန်းပါစေလော့ဟု ဆိုသော်–

**ဆိုရေးရှိက–ဆိုအပ်လှ၏**······မင်းကြီး၊ သာရိပုတ္တရာမထေရ်သည် ငါ့ရှင်တို့၊ လာခြင်း ကောင်း သော ဘုရားရှင်သည် စင်ကြယ်သန့်ရှင်းသော ဝစီသမာစာရ ရှိတော်မူ၏၊ ဝစီဒုစရိုက်ကို စောင့်ရှောက်တော်မူပေ၏၊ ဤအကြောင်းကိုငါမှတပါး သောသူမသိ၊ ငါသာလျှင် သိ၏ဟု ဆိုအပ်သည်လည်း မှန်၏။ ။ ရှင်သုဒိန်၏ လွန်ကျူးသော အပြစ်ကြောင့် ပါရာဇိက သိက္ခာပုဒ်ကို ပညတ်တော်မူသော ဘုရားရှင်သည် မောဃပုရိသ စကားဖြင့်ဆို တော်မူသည်လည်းမှန်၏။ ။မင်းကြီး၊ မှန်ကြောင်းကား ဘုရားရှင် သည် ရှင်သုဒိန်အား ပြစ်မှားလိုသော ဒေါသစိတ်ဖြင့် ဆိုတော်မမူ၊ နှိပ်စက်တော်မမူ၊ သဘောအတိုင်းဖြင့်ဆိုတော်မူ၏၊ မင်းကြီး၊ ထိုသုဒိန် ပုဂ္ဂိုလ်အား မောဃပုရိသဟုဆိုတော်မူအပ်သော စကားသည် တစို တစိလက္ခဏာသဘောရှိ၏၊ ရှိကြောင်းကား မင်းကြီး၊ အကြင်ပုဂ္ဂိုလ် အား ဤပစ္စုပ္ပန်အတ္တဘော၌ သစ္စာလေးပါးတရားကို သိမြင်သည် မဖြစ်၊ ဤပစ္စုပ္ပန်ဘဝ၌မဂ်ဖိုလ်ကိုမရဟူ၍ ဆိုအပ်ကုန်သော ပုဂ္ဂိုလ် တို့တွင် ထိုသုဒိန်သည် မောဃပုဂ္ဂိုလ် တယောက် ဖြစ်သည်၊ ထို့ကြောင့် မောဃပုရိသဟုဆိုတော်မူအပ်၏၊ မဟုတ်သောစကားဖြင့် ဆိုတော်မမူဟု ဆိုသော်။ ။အရှင်ဘုရား၊ အကြင်သူ တယောက်သည် အကြင်သူ တယောက်အား သဘောအတိုင် သာလျှင် ကျို လျှင်ကျို ၏၊ ကန်းလျှင်ကန်း ၏ဟု ဆဲရေး ဆိုအံ့၊ ထိုဆဲရေး သူအား တကာတော်တို့ သည် တသပြာသော ဥစ္စာဒဏ်ကို ဆောင်ရွက် စီရင်ကြကုန်၏၊ အကြောင်းအရပ် ဝတ္ထုကိုအမှီပြု၍ ထိုသူသည်သူ့ဘပါ ကို ဆဲရေး တတ်သောသူဟု အပြစ်တင်၍ သာလျှင် ပညာရှိတို့သည် တရား ဆုံး ဖြတ်သည်၏ အဖြစ်ကို ကျင့်ကြကုန်၏ဟုဆို၏။

(ဤစကားကိုကား မိလိန္ဒမင်းက ဘိစီး၍ ဆိုလိုက်ပြန်သည်၊ ရှင်နာဂသေနကလည်း တဘန်လှန်ပြန်လိုက်၏။)

မင်းကြီး၊ သင်မင်းကြီးသည် အမှု၌ချွတ်ယွင်းသောသူအာ ရှိခိုး ခြင်း, ခရီးဦးကြိုဆိုခြင်း, ဆုလာဘ်သပ္ပကာ ပေးခြင်းသည် ရှိသလောဟုဆို

သော် အရှင်ဘုရား၊ အမှုန်၌ ချွတ်ယွင်းသောသူအား အဘယ်မှာလျှင် တစုံတခုပြုဘွယ်ကိစ္စရှိမည်နည်း၊ အရှင်ဘုရား၊ အမှုန်၌ချွတ်ယွင်းသော သူအား ဆဲရေးခြင်း၌ထိုက်၏၊ မြိမ်းချောက်ခြင်း၌ ထိုက်၏၊ ထိုသူ၏ ဦးခေါင်းကိုသော်လည်း ဖြတ်၏၊ ရိုက်ခြင်း, နှောင်ဖွဲ့ခြင်း, မီးတိုက် ခြင်းကိုသော်လည်း ပြု၏ဟုဆိုသော် မင်းကြီး၊ ထိုသို့တပြီးကား ဘုရား သည်လည်း ရဟန်းတို့ မပြုအပ် မကျင့်အပ်သည့်အမှုကို ကျင့်သော ကြောင့် မောဃပုရိသဟု ဆိုတော်မူသည်၊ ကျင့်အပ်သောတရားကို မကျင့်သောကြောင့် ဆိုတော်မူသည် မဟုတ်ဟု ဆိုပြန်လျှင် အရှင် ဘုရား၊ ရဟန်းတို့မပြုအပ် မကျင့်အပ်သည်ကို ပြုမိကျင့်မိသော်လည်း သင့်တင့် လျောက်ပတ်သောအရပ် မဟုတ်သည်၌ နားကြား ရခြင်း မလျောက်ပတ်သဖြင့် မပြုအပ်ပါ၊ အရှင်ဘုရား၊ နတ်နှင့်တကွသော လူ အပေါင်းတို့သည် လာခြင်းကောင်းသောဘုရားရှင်ကို ဖူးမြင်ရသဖြင့် ထို့ထက်အလွန်ချဉ်းကပ်ရပါသဖြင့် လွန်စွာကြောက်ခြင်း ရှက်ခြင်းရှိ ကြပါ၏၊ ရဟန်းတို့မပြုအပ်သည်ကို ပြုလေခြင်းကြောင့် မောဃပုရိသ ဟုဆိုတော်မူခြင်းသည် မတင့်အပ်မလျောက်ပတ်ပါတကားဟုဆို၏။ ။ ဤစကားဖြင့် မိလိန္ဒမင်းက ဘိစီး၍ဆိုသော်။ ။မင်းကြီး၊ ဥပမာသော် ကား ဆေးသမားသည် နာသောသူ၏ကိုယ်၌ စမြင်းဒေါသ ဝမ်းအနာရှိ သော် လျက်အပ်သောဆေးတို့ကိုပေး၏လောဟုဆိုလျှင် အရှင်ဘုရား၊ ဤသို့ပေးသော်လည်း ထက်လှစွာသော ဝမ်းကျဆေးတို့ကို အနာကင်း စေလို၍ ပေးသည်ဟုဆိုလျှင် မင်းကြီး၊ ထိုဆေးသမား ကဲ့သို့ လာခြင်း ကောင်းသောဘုရားရှင်သည် အလုံးစုံကိလေသာတည်းဟူသော အနာ မရှိငြိမ်းစေခြင်း၌ အစဉ်အတိုင်းသောအဆုံးအမကိုပေးတော်မူ၏။

မင်းကြီး၊ လာခြင်းကောင်းသော ဘုရားရှင်၏ စကားတော်သည် အပေါ်ကြမ်းသော်လည်း သတ္တဝါတို့အား ပျော့ညံ့သည်ကိုဖြစ်စေတတ် ၏၊ နူးညံ့သည်တို့ကို ပြုတော်မူ၏၊ မင်းကြီး၊ ဥပမာသော်ကား ပူသော ရေသည် အမှတ်မရှိသောမြေစိုင်အစရှိသော ဝတ္ထုကို ပျော့ညံ့စေသကဲ့ သို့, နူးညံ့စေသကဲ့သို့, ထို့အတူ လာခြင်းကောင်းသော ဘုရားရှင်၏ စကားတော်သည် ကြမ်းသော်လည်း အကျိုးရှိသောစကားတော် ဖြစ် ၏၊ ကရုဏာတော်နှင့်ယှဉ်သောစကားဖြစ်၏။ ။မင်းကြီး၊ ဥပမာ သော်ကား မိခင်ဘခင်တို့၏စကားသည် သားသမီးတို့အား အကျိုးရှိ

သည်ဖြစ်၏၊ ကရုဏာအနှင့်ယှဉ်၏၊ မင်းကြီး၊ ထို့အတူ လာခြင်းကောင်းသောဘုရားရှင်၏စကားတော်သည် အပေါ်အားဖြင့်ကြမ်းသော်လည်း အကျိုးရှိ၏၊ ကရုဏာအနှင့်ယှဉ်တော်မူ၏။ မင်းကြီး၊ ဘုရားရှင်၏စကားတော်သည်ကြမ်းသော်လည်း သတ္တဝါတို့၏ကိလေသာကိုပယ်တတ်၏၊ မင်းကြီး၊ ဥပမာသော်ကား မကောင်းသောအနံ့ရှိသောနွား၏ ကျင်ငယ်ကို သောက်အပ်,လျက်အပ်,မျိုအပ်သည်ရှိသော် သတ္တဝါတို့၏အနာကိုပျောက်တတ်၏၊ထို့အတူ လာခြင်းကောင်းသော ဘုရားရှင်၏စကားတော်သည် ကြမ်းသော်လည်းအကျိုးရှိသည်သာဖြစ်၏၊ ကရုဏာအနှင့်ယှဉ်တော်မူ၏။ ။မင်းကြီး၊ ဥပမာတနည်းသော်ကား များစွာသော လဲဝါဂွမ်းသည် သူ့တပါး၏ကိုယ်သို့ရောက်သော် နာကျင်ခြင်းကိုမပြုသကဲ့သို့ ထို့အတူ လာခြင်းကောင်းသော ဘုရားရှင်၏ စကားတော်သည် ကြမ်းသော်လည်း တစုံတယောက်သောသူအား ဆင်းရဲခြင်းကို မဖြစ်စေတတ်ဟုဆိုသော် အရှင်ဘုရား၊ ပြဿနာကို များစွာသောအကြောင်းတို့ဖြင့် ကောင်းစွာ ဆုံးဖြတ်ပေ၏၊ အရှင်ဘုရား၊ တကာတော်သည် ကောင်းပြီဟု ဝန်ခံပါ၏ဟုဆို၍ ဝန်ခံလေ၏။

တထာဂတဿဝါစာဖရုသာနတ္ထိတိပဉှာပြီး၏။

---

## ၁၀၉။ ရူက္ခာနံ စေတနာ စေတနာဘာဝပဉှာ

**သစ်ပင်၌ စေတနာ ရှိ-မရှိ**····မိလိန္ဒမင်းသည် အရှင်ဘုရား၊ လာခြင်းကောင်းသောဘုရားသည် အိုပုဏ္ဏား၊မကြားတတ်မသိတတ်သော စိတ်ဝိညာဉ်မရှိသော ဤပေါက်ပင်ကို ကြားတတ် သိတတ်ရှိသောသင်သည် မမေ့မလျော့ အားထုတ်လုံ့လပြု၍ အဘယ့်ကြောင့် ချမ်းသာစွာအိပ်ရခြင်းကို မေးလေသနည်းဟု ဤစကားကိုဟောကြားတော်မူအပ်၏။ ။တဘန်လည်း ကြို့ပင်သည် အို-ဘာရဒွါဇ ပုဏ္ဏား၊ ငါ၏စကားကိုသင်နာဦးလော့ဟု ထိုခဏ၌ပင်လျှင် စကားကိုပြောဆို၏ဟူသောစကားကို ဘုရားရှင်သည် မိန့်တော်မူအပ်၏။

ဘာသိတမ္ပေတံ ဘဂ္ဂေ တထာဂတေန
အစေတနံ ဗြာဟ္မဏ အသုဏန္တံ၊ ဇာနံ အဇာနန္တ မိမံ ပလာသံ။

အာရဒ္ဓဝိရိယော တုဝံ အပ္ပမတ္တော၊ သုခသေယျံ ပုစ္ဆသိ ကိဿဟေတု တိ။

ပုနစ ဘဂဝါ တံ။

ဇာတိ ဗန္ဓနရက္ခောပိ၊ တာဝဒေ အဇ္ဈဘာသထ။

မယှံပိ ဝစနံ အတ္ထိ၊ ဘာရဒွါဇ သုဏောဟိ မေ တိ။ ။

ဟူသည်တည်း။

ဘဒ္ဒန္တနာဂသေန၊ ရှင်နာဂသေနမထေရ်။ တထာဂတေန၊ ဘုရားရှင်သည်။ပြာဟ္မဏာ၊ဒိုပုဏ္ဏားအသုဏန္တံ၊ မကြားတတ်သော။ အဇာနန္တံ၊ မသိတတ်သော။ အစေတနံ၊ စိတ်ဝိညာဉ်မရှိသော။ ဇာမံပလာသံ၊ ဤပေါက်ပင်ကို။ဇာနံဇာနန္တော၊သိသော၊ အာရဒ္ဓဝိရိယော၊ အားထုတ်လုံ့လပြုသော။အပ္ပမတ္တော၊မမေ့မလျော့သော။တုဝံ၊သင်သည်။ သုခသေယျံ၊ ချမ်းသာစွာ အိပ်ရခြင်းကို။ကိဿဟေတု၊ အဘယ်အကြောင်းကြောင့်။ပုစ္ဆသိ၊ မေးသနည်း။ ဣတိပိ၊ ဤစကားကိုလည်း၊ ဘာသိတံ၊ ဟောတော်မူအပ်၏။ ။ပုနစ၊တဘန်လည်း။ ဗန္ဓနရက္ခော၊ ကြို့ပင်သည်။ ဘာရဒွါဇ၊ဘာရဒွါဇပုဏ္ဏား။ တွံ၊သင်သည်။ မေ၊ငါ၏။ ဝစနံ၊ စကားကို။သုဏောဟိ၊ နာလော့။ မယှံပိ၊ ငါ့အားလည်း။ ဝစနံ၊ စကား ပြောခြင်းသည်။အတ္ထိ၊ရှိပါ၏။ဇာတိပိ၊ဤသို့လည်း။တာဝဒေ၊ ထိုခဏ၌ပင် လျှင်။အဇ္ဈဘာသထာတိ၊ဆိုလေ၏ဟူ။ဘဂဝါ တံ၊ဟောတော်မူအပ်၏။

အရှင်ဘုရား၊ အကယ်၍ သစ်ပင်သည် စိတ်ဝိညာဉ်မရှိသည်မှန်အံ့၊ ထိုသို့တပြီးကား ကြို့ပင်နှင့်ဘာရဒွါဇပုဏ္ဏားအတူတကွ စကားပြောကြကုန်၏ဟူသော အကြင်စကားသည်ရှိ၏၊ ထိုစကားသည်မှားရာ၏။ ။ (ဤလည်းတစွန်းထွက်သည်။)

အရှင်ဘုရား၊အကယ်၍ကြို့ပင်သည် ဘာရဒွါဇပုဏ္ဏားနှင့်အတူတကွ စကားပြောသည်မှန်အံ့၊ထိုသို့တပြီးကား သစ်ပင်သည် စိတ်ဝိညာဉ်မရှိ ဟူသောအကြင်စကားသည်ရှိ၏၊ထိုစကားသည်မှားရာ၏။ ။( ဤလည်း တစွန်းထွက်သည်။)

နှစ်ဘက်အစွန်းထွက်သော ဤပြဿနာသည် အရှင်ဘုရားအားရောက်၏၊ထိုပြဿနာကိုအရှင်ဘုရားသည် ဖြေမိန့်ပါစေလော့ဟုဆိုသော်—

**ကြို့ပင်နှင့်ပုဏ္ဏား စကားပြောရာ** ......မင်းကြီး၊ သစ်ပင်သည် ဝိညာဉ်မရှိဟု၊ဘုရားရှင်

ဟောတော်မူအပ်သည်လည်း မှန်၏၊ ကြို့ပင်နှင့် ဘာရဒွါဇပုဏ္ဏားအတူ တကွ စကားပြောကြ၏ဟု ဆိုအပ်သော စကားသည်လည်း မှန်၏၊ မင်းကြီး၊ မှန်ကြောင်းကား ထိုစကားသည် လောကဝေါဟာရအားဖြင့် ဆိုအပ်သောစကားဖြစ်သည်၊ စိတ်ဝိညာဉ်မရှိသော သစ်ပင်အား စကား ပြောခြင်းမည်သည် မရှိ၊ မင်းကြီး၊ စင်စစ်သော်ကား ပြောဆို၏ဟူ သော စကားသည် လူတို့ခေါ်ဝေါ်အပ်သော စကားသာဖြစ်သည်၊ ဤ စကားသည် ထိုကြို့ပင်၌ စောင့်သော နတ်၏စကားသာ ဖြစ်သည်။

(အမိပ္ပါယ်ကား မဥ္စာဃောသန္တိ၊ ညောင်စောင်းကြွေးကြော်၏ဟု ဆိုအပ်သကဲ့သို့ ဌာနူပစာရအားဖြင့် တင်စား၍ ကြို့ပင်သည် ဘာရဒွါဇပုဏ္ဏားနှင့် စကားပြောဆိုသည်ဟု ဆိုလိုသည်၊ ဤကားစကားချပ်။)

မင်းကြီး၊ ဥပမာသော်ကား စပါးဖြင့်ပြည့်သော လှည်းကိုစပါးလှည်းဟူ၍ လူအပေါင်းခေါ်ဝေါ်အပ်သကဲ့သို့ ထို့အတူ ကြို့ပင်သည် စကား ပြော၏ဟု ဆိုခြင်းသည် ကြို့ပင်၌ စိတ်ဝိညာဉ်မရှိ၊ ထိုကြို့ပင်၌ စောင့် သော အကြင်နတ်သည် ရှိ၏၊ ထိုနတ်ဆိုသောစကားကို သစ်ပင်သည် စကားပြော၏ဟု လူတို့ဝေါဟာရပညတ်သည် ဖြစ်၏။ ။မင်းကြီး၊ ဥပမာတနည်းသော်ကား နို့ရည်ကို အလိုရှိသောသူသည် ရက်တက် ရည်ကိုငါလို၏ဟု ဆိုသကဲ့သို့ရင်း, ရက်ဘက်ရည်ကိုအလိုရှိသောသူ သည် နို့ရည်ကိုငါအလိုရှိ၏ဟု ဆိုသကဲ့သို့ရင်း၊ ထို့အတူ,စိတ်ဝိညာဉ် မရှိသောသစ်ပင်သည် စကားမပြော၊ သစ်ပင်ကိုမလိုအပ်၊ သစ်ပင်၌ စောင့်သောနတ်ပြောသည်ကို လိုအပ်၏၊ ထိုသို့လိုအပ်ချက် သစ်ပင် စကားပြော၏ဟူသောခေါ်ဝေါ်ခြင်းသည် လူတို့ဝေါဟာရ ပညတ်သာ လျှင်တည်း။

မင်းကြီး၊ ဥပမာတနည်းသော်ကား ထင်ရှားမျက်မှောက်မရှိသော သူကိုလျက် ငါခေါ်ပြီဟုဆိုသကဲ့သို့ရင်း, မပြီးသေးသောအမှုကို ပြီးပြီဟု ဆိုသကဲ့သို့ရင်း, လူတို့ဝေါဟာရရှိ၏၊ လူတို့သမုတ်ကြ၏၊ မင်းကြီး၊ ထိုကဲ့သို့ စိတ်ဝိညာဉ်မရှိသော သစ်ပင်သည် စကားပြော၏ဟုဆိုခြင်း သည် ထိုသစ်ပင်၌ စောင့်သောနတ်ပြောအပ်သောစကားကို သစ်ပင် စကားပြော၏ဟု လောက၌ လူတို့ခေါ်ဝေါ် ပညတ်ဝေါဟာရရှိ၏၊ လာ ခြင်းကောင်းသော ဘုရားသည်လည်း ထိုလူတို့ခေါ်ဝေါ်သော ပညတ်

ဝေါဟာရဖြင့်သာလျှင် သတ္တဝါတို့အား တရားဒေသနာတော်ကိုဟောတော်မူပေ၏ဟုဆိုသော် အရှင်ဘုရား၊ ဤစကားကို တကာတော် ကောင်းပြီဟုဝန်ခံပါ၏ဟူ၍ ဝန်ခံလေ၏။

ရုက္ခာနံစေတနာစေတနာ ဘာဝပဉှာပြီး၏။

---

## ၁၁၀။ ဒွိန္နံပိဏ္ဍပါတာနံမဟပ္ဖလဘာဝပဉှာ

**ဆွမ်းနှစ်မျိုးအကျိုးထူး** ····မိလိန္ဒမင်းသည် အရှင်ဘုရား၊ သင်္ဂါယနာတင်သော မထေရ်မြတ်တို့သည် ဘုရားရှင်သည် ရွှေပန်းထိမ်သည်၏သား စုန္ဒ၏ဝက်သားပြွမ်းဆွမ်းကို ဘုဉ်းပေးတော်မူသောကြောင့် ပြင်းပြစွာ ပရိနိဗ္ဗာန်ပြုတော်မူခြင်း အဆုံးသို့ ရောက်တော်မူသောအနာကို တွေ့တော်မူရ၏ဟု ဆိုအပ်သော စကားကို တကာတော် ကြားခဲ့ရ၏။ ။တဖန်လည်း ဘုရားရှင်သည် အာနန္ဒာ၊ဤနှစ်ပါးသောဆွမ်းတို့သည် တူကြကုန်၏၊ တူသော အကျိုးရှိကုန်၏၊ အလွန်တရာလျှင် တပါးသောဆွမ်းတို့ထက် အထူးသဖြင့် အကျိုးရှိ၏၊ အထူးသဖြင့် အကျိုးဆက်ကိုခံတော်မူရ၏၊ ထိုဆွမ်းနှစ်ပါးဟူသည် အဘယ်သည်တို့နည်းဟူမူကား ချစ်သားအာနန္ဒာ၊ သုဇာတာသည် လှူအပ်သော နို့ဃနာဆွမ်းကို ဘုဉ်းပေးတော်မူ၍ ငါဘုရားသည် မိမိအလိုလိုကောင်းစွာ သစ္စာလေးပါးတရားကို သိတော်မူရ၏။ ။အကြင်ရွှေပန်းထိမ်သည်၏သား စုန္ဒသည် လှူအပ်သော ဝက်သားပြွမ်းဆွမ်းကို ဘုဉ်းပေးတော်မူရသောကြောင့် ကမ္မဇရုပ် အကြွင်းမရှိ ပရိနိဗ္ဗာန်ပြုတော်မူရ၏၊ထို့ကြောင့် ဤနှစ်ပါးသောဆွမ်းတို့သည် တပါးသော ဆွမ်းတို့ထက် ကြီးမြတ်သော အကျိုးဆက် ရှိကုန်၏ဟု ဟောတော်မူအပ်၏။

ဘန္တေ နာဂသေန ဘာသိတမေ့တံ သင်္ဂီတိ ကာရကေဟိ ထေရေဟိ။

စုန္ဒဿဘတ္တံ ဘုဉ္ဇိတွာ၊ ကမ္မာရဿာတိ မေသုတံ။
အာဗာဓံ သမ္ဖုသီဓီရော၊ ပဗာဠှံ မရဏန္တိကန္တိ။

ပုနစ ဘဂဝတာ ဘဏိတံ၊ ဒွေမေအာနန္ဒပိဏ္ဍပါတာ သမဖလာ သမဝိပါကာ အတိဝိယ အညေဟိပိဏ္ဍပါတေဟိ မဟပ္ဖလတရာစေဝ မဟာနိသံသတရာစာတိ၊ ကတမေဒွေ၊ယဉ္စပိဏ္ဍပါတံ

ဘုဉ္ဇိတွာ တထာဂတော အနုတ္တရံ သမ္မာသမ္ဗောဓိံ အဘိ
သမ္ဗုဇ္ဈိ၊ ယဉ္စ ပိဏ္ဍပါတံ ဘုဉ္ဇိတွာ အနုပါဒိသေသာယ နိဗ္ဗာန
ဓာတုယာ ပရိနိဗ္ဗာယိတိ ဣမေ ဒွေ ပိဏ္ဍပါတာ သမသမဖလာ
သမဝိပါကာ အတိဝိယ အညေဟိ ပိဏ္ဍပါတေဟိ မဟပ္ဖလ
တရာစေဝ မဟာနိသံသတရာစာတိ။ ။ဟူသည်တည်း။

ဘန္တေ နာဂသေန၊ ရှင်နာဂသေနမထေရ်။ သင်္ဂီတိကာရကေဟိ၊ သင်္ဂါယနာတင်ကုန်သော။ ထေရေဟိ၊ မထေရ်တို့သည်။ ကမ္မာရဿ၊ ရွှေပန်းထိမ်သည်၏သားဖြစ်သော။ စုန္ဒဿ၊ စုန္ဒ၏။ ဘတ္တံ၊ ဝက်သားပြွမ်းဆွမ်းကို။ ဘုဉ္ဇိတွာ၊ ဘုဉ်းပေးတော်မူသောကြောင့်။ ဗုဒ္ဓေါ၊ ဘုရားရှင်သည်။ ပဗာဠှံ၊ ပြင်းပြစွာသော။ မရဏန္တိကံ၊ ပရိနိဗ္ဗာန်ပြုခြင်းအဆုံးသို့ရောက်သော။ အာဗာဓံ၊ အနာကို။ ဖုသီ၊ တွေ့တော်မူ၏ဟူ၍။ ဣတိ၊ ဤစကားကို။ မေမယာ၊ တကာတော်သည်။ သုတံ၊ ကြားခဲ့ရ၏။ ပုန စ၊ တဖန်လည်း။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ အာနန္ဒ၊ အာနန္ဒာ။ ဣမေ ဒွေ ပိဏ္ဍပါတာ၊ ဤဆွမ်းနှစ်ပါးတို့သည်။ သမဖလာ၊ တူမျှသောအကျိုးရှိကုန်၏။ သမဝိပါကာ၊ တူမျှသောအကျိုးကိုပေးကုန်၏။ အတိဝိယ၊ အလွန်လျှင်။ အညေဟိ၊ တပါးကုန်သော။ ပိဏ္ဍပါတေဟိ၊ ဆွမ်းတို့ထက်။ မဟပ္ဖလတရာစေဝ၊ အထူးသဖြင့်လည်း အကျိုးကြီးကုန်၏။ မဟာနိသံသတရာစ၊ များမြတ်သော အကျိုးဆက်လည်းရှိကုန်၏။ အာနန္ဒ၊ အာနန္ဒာ။ ကတမေ ဒွေ၊ အဘယ်ဆွမ်းနှစ်ပါးတို့နည်းဟူမူကား။ ယဉ္စ ပိဏ္ဍပါတံ၊ သုဇာတာသည် လှူအပ်သော အကြင်နို့ဃနာဆွမ်းကို။ ဘုဉ္ဇိတွာ၊ ဘုဉ်းပေးတော်မူသောကြောင့်။ တထာဂတော၊ လာခြင်းကောင်းသောငါဘုရားသည်။ အနုတ္တရံ၊ အတုမရှိသော။ သမ္မာသမ္ဗောဓိံ၊ မိမိအလိုလို သစ္စာလေးပါးတရားကို။ အဘိသမ္ဗုဇ္ဈိ၊ ထိုးထွင်း၍သိတော်မူ၏။ ယဉ္စ ပိဏ္ဍပါတံ၊ ရွှေပန်းထိမ်သည်၏သား စုန္ဒသည် လှူအပ်သော အကြင် သားပြွမ်းဆွမ်းကို။ ဘုဉ္ဇိတွာ၊ ဘုဉ်းပေးတော်မူသောကြောင့်။ အနုပါဒိသေသာယ၊ ကမ္မဇရုပ်အကြွင်းမရှိသော။ နိဗ္ဗာနဓာတုယာ၊ နိဗ္ဗာနဓာတ်ဖြင့်။ ပရိနိဗ္ဗာယိ၊ ပရိနိဗ္ဗာန်ပြုတော်မူ၏။ ဣမေ ဒွေ ပိဏ္ဍပါတာ၊ ဤဆွမ်းနှစ်ဦးတို့သည်။ သမဖလာ၊ တူမျှသောအကျိုးရှိကုန်၏။ သမဝိပါကာ၊ တူမျှသောအကျိုးကိုပေးကုန်၏။ အတိဝိယ၊ အလွန်လျှင်။ အညေဟိ၊ တပါးကုန်သော။ ပိဏ္ဍပါတေဟိ၊ ဆွမ်းတို့ထက်။ မဟပ္ဖလတရာစေဝ၊ အထူးသဖြင့်လည်း အကျိုးရှိကုန်

၏။ မဟာနိသံသတရာစာတိ၊ များမြတ်သော အကျိုးဆက်လည်း ရှိကုန်၏ဟု။ဘဏိတံ၊ ဟောတော်မူအပ်၏။

အရှင်ဘုရား၊အကယ်၍ဘုရားရှင်သည် ရွှေပန်းထိမ်သည်၏သား စုန္ဒ၏ဝက်သားပြွမ်းဆွမ်းကို ဘုဉ်းပေးတော်မူသောကြောင့် ဘုရားရှင်အား ပြင်းပြစွာသောဝေဒနာဖြစ်၍ ပြင်းပြသောဝေဒနာကြောင့် ပရိနိဗ္ဗာန်ပြု၍ အဆုံးသို့ရောက်တော်မူသည်ဟု သင်္ဂါယနာတင်သောမထေရ်တို့၏ စကားသည်မှန်အံ့၊ ထိုသို့တပြီးကား ချစ်သားအာနန္ဒာ၊ သုဇာတာသည် လှူအပ်သောနို့ဃနာဆွမ်း, စုန္ဒသည်လှူအပ်သော ဝက်သားပြွမ်းဆွမ်း, ဤဆွမ်းနှစ်ဦးတို့သည် တူမျှသောအကျိုးရှိ၏၊ တပါးသောဆွမ်းတို့ထက် အထူးသဖြင့် မြတ်သောအကျိုးရှိ၏ဟု ဟောတော်မူအပ်သော အကြင်စကားသည်ရှိ၏၊ ထိုစကားသည် မှားရာ၏။ ။(ဤလည်းတစွန်းထွက်သည်။)

အကယ်၍ ဤနှစ်ပါးသောဆွမ်းတို့သည် အကျိုးတူမျှကုန်၏၊ တပါးသောဆွမ်းတို့ထက် အထူးသဖြင့်မြတ်ကုန်၏ဟု ဟောတော်မူသော စကားသည် မှန်အံ့၊ ထိုသို့တပြီးကား စုန္ဒ၏ ဝက်သားပြွမ်း ဆွမ်းကို ဘုဉ်းပေးသောကြောင့် ပြင်းစွာသောဝေဒနာ ရှိတော်မူ၍ ပရိနိဗ္ဗာန်ပြုတော်မူရ၏ဟူသော အကြင်စကားသည်ရှိ၏၊ ထိုစကားသည် မှားရာ၏။ (ဤလည်းတစွန်းထွက်သည်။)

အရှင်ဘုရား၊ ထိုစုန္ဒ၏ဝက်သားပြွမ်းဆွမ်းသည် အဆိပ်အတောက်နှင့်ရောသောကြောင့် အကျိုးကြီးလေသလော၊ အနာကို ဖြစ်စေတတ်သောကြောင့် အကျိုးကြီးလေသလော၊ အသက်တော်ကိုဖျက်ဆီးတတ်သောကြောင့် အကျိုးကြီးလေသလော၊ ဘုရားရှင်၏ အသက်ကို ပယ်သောကြောင့် အကျိုးကြီးလေသလော၊ ထိုစကား၌ တကာတော်အား ပရဝါဒီပုဂ္ဂိုလ်တို့ကို နှိပ်စက်အံ့သော၄ါ အကြောင်းကို ဟောတော်မူပါလော့၊ ဤအရာ၌ တွေဝေသောလူအပေါင်းသည် လောဘ၏ အစွမ်းဖြင့် လွန်စွာ စားတော်မူသောကြောင့် ဝမ်းသွေးထွက်သော ရောဂါအနာသည် ဖြစ်၏ဟု တွေဝေ၏။ ။နှစ်ဘက်အစွန်းထွက်သော ဤပြဿနာသည် အရှင်ဘုရားအား ရောက်၏၊ ထိုပြဿနာကို အရှင်ဘုရားသည် ငြိမ်းပါစေလော့ဟု ဆိုသော်—

**ဝုန္နဆွမ်းနှင့် သုဇာတာနို့ဃနာ**……မင်းကြီး၊ သင်္ဂါယနာတင်သော မထေရ်မြတ်တို့သည် ဘုရားရှင်သည် စုန္ဒ၏ဝက်သားပြွမ်းဆွမ်းကို ဘုဉ်းပေးတော် မူသောကြောင့် ပြင်းပြစွာ ပရိနိဗ္ဗာန် ပြုတော်မူသော အဆုံးသို့ ရောက်သောအနာကို တွေ့တော်မူရသည်ဟု ဆိုကြရုန်သည်လည်း မှန်၏၊ ဘုရားရှင်သည် ချစ်သားအာနန္ဒာ၊ ဤနှစ်ပါးသောဆွမ်းတို့သည် တူမျှသောအကျိုးရှိကုန်၏၊ တပါးသောဆွမ်းတို့ထက် အထူးသဖြင့်မြတ်ကုန်၏ဟု ဟောတော်မူအပ်သည်လည်းမှန်၏။ ။မှန်ကြောင်းကား မင်းကြီး၊ ထိုသားပြွမ်းဆွမ်းသည် များသောကျေးဇူးရှိ၏၊ များသောအကျိုးဆက်ရှိ၏၊ နတ်အပေါင်းတို့သည် နှစ်သက်ကြည်ညိုသောစိတ်ရှိကုန်သည်ဖြစ်၍ ဘုရားရှင်အား ဤဆွမ်းသည် အဆုံးစွန်သောဆွမ်းတည်းဟု နတ်ဩဇာတို့ကို သားပြွမ်းဆွမ်း၌ ထည့်ကြ လောင်းကြကုန်၏၊ ထိုသားပြွမ်းဆွမ်းသည် ကောင်းစွာ ညီညွတ်စွာကျက်သည်ဖြစ်၍ နှစ်လိုဘွယ် ရှိ၏၊ ထက်လှစွာသော ဝမ်းမီးဓာတ်နှင့်ယှဉ်၏၊ မင်းကြီး၊ ထိုသားပြွမ်းဆွမ်းကိုဘုဉ်းပေးသောကြောင့် မဖြစ်ဘူးသောအနာသည်ဖြစ်၏။ ။မင်းကြီး၊ စင်စစ်သော်ကား ဘုရားရှင်အား ပြကတေ့ကိုယ်တော်၌ အားနည်းခဲ့သော် အသက်တော်ကုန်ခါနီးခဲ့သော် အနာသည် ဖြစ်ပွါး၏၊ မင်းကြီး၊ ဥပမာသော်ကား ပြကတေ့ဖြင့် ပြောင်ပြောင်တောက်သောမီးသည် တပါးသောလောင်စာ ထည့်ပြန်သော် လွန်စွာတောက်သကဲ့သို့ ထို့အတူ ပြကတေ့သော အားတော်နည်းခဲ့သော် အသက်တော်ကုန်ခါနီးခဲ့သော် အနာသည်လွန်စွာပွါး၏။ ။မင်းကြီး၊ ဥပမာတနည်းသော်ကား ပြကတေ့စီးသောရေအယဉ်သည် မိုးသည်းစွာ ရွာပြန်သော် လွန်စွာစီးသကဲ့သို့ ထို့အတူ မင်းကြီး၊ ဘုရားရှင်အား ကိုယ်တော်ပြကတေ့အားနည်းခဲ့သော် အသက်တော်ကုန်အံ့သည်ဖြစ်၍ ဖြစ်သောအနာသည် လွန်စွာပွါး၏။

မင်းကြီး၊ ဥပမာသော်ကား ပြကတေ့သော အားဖြင့် ဝမ်းဓာတ်ပြောသောသူသည် တပါးသောအစာကို မျိုပြန်သောကြောင့် လွန်စွာအစာမကျေသကဲ့သို့ ထို့အတူ ဘုရားရှင်အား ပြကတေ့သော ကိုယ်တော် အားနည်းခဲ့သော်, အသက်တော် ကုန်ခါနီးခဲ့သော်, ဖြစ်သော

ရောဂါသည် လွန်စွာပွါး၏။ ။မင်းကြီး၊ ထိုဘွမ်း၌ အပြစ်ဒေါသမရှိ၊ ထို ရန္တအား အပြစ်တင်ခြင်း၌ မတတ်ကောင်းချေဟု ဆိုသော် အရှင်ဘုရား၊ အဘယ်အကြောင်းကြောင့် နှစ်ပါးသောဆွမ်းတို့သည် တူမျှသော အကျိုးဆက်ရှိကုန်သနည်း၊ အလွန်လျှင် တပါးသောဆွမ်းတို့ထက်ကြီး မြတ်သောအကျိုးဆက် ရှိလေကုန်သနည်းဟုဆိုသော် မင်းကြီး၊ သမာ ပတ်တရားတို့ကို သုံးသပ်တော်မူသည်၏အစွမ်းဖြင့် နှစ်ပါးသော ဆွမ်း တို့သည် တူမျှသောအကျိုးဆက်ရှိကုန်၏၊ တပါးသောဆွမ်းတို့ထက် ကြီး မြတ်သောအကျိုးဆက်ရှိကုန်၏ဟုဆိုသော် အရှင်ဘုရား၊ အဘယ်တရား တို့ကို အစဉ်အတိုင်းသုံးသပ်တော်မူသည်၏ အစွမ်းဖြင့် ထိုနှစ်ပါးသော ဆွမ်းတို့သည်တူမျှသောအကျိုးဆက်ရှိရလေကုန်သနည်း၊ တပါးသော ဆွမ်းတို့ထက် အလွန်မြတ်ကုန် လေသနည်းဟု ဆိုသော် မင်းကြီး၊ ကိုးပါးသောသမာပတ်ကို အစဉ်အတိုင်း အနုလောမ ပဋိလောမပင် စားတော်မူသည်၏အစွမ်းဖြင့် ထိုနှစ်ပါးသောဆွမ်းတို့သည် အကျိုးတူ ကြကုန်သည်ဖြစ်၍ တပါးသော ဆွမ်းတို့ထက် အလွန်ကြီးမြတ်သော အကျိုးအာနိသင်ရှိကုန်၏ဟု ဆိုသော် အရှင်ဘုရား၊ ထိုနှစ်ပါးသော နေ့တို့၌သာလျှင် အစဉ်အတိုင်းကိုးပါးသောသမာပတ်တို့ကိုအနုလောမ ပဋိလောမ ဝင်စားတော်မူသလောဟု ဆိုသော် မင်းကြီး၊ ထိုနှစ်ပါး သောနေ့တို့၌သာလျှင်အစဉ်အတိုင်းကိုးပါးသော သမာပတ်ကို ဝင်စား တော်မူသည်မှန်၏ဟုဆိုသော်၊ အရှင်ဘုရား၊ ဘုရားရှင်ဖြစ်တော်မူသော ဤကာလ၌ အံ့ဘွယ်သရဲသော မဖြစ်စဘူးသော အသဒိသဒါနအလှူ သည်ရှိပါ၏၊ ထိုအသဒိသအလှူကို ဤနှစ်ပါးသော ဆွမ်းတို့ဖြင့်မရေ တွက်အပ်လေ၊ အရှင်ဘုရား၊ အံ့ဘွယ်သရဲ မဖြစ်ဘူးမြဲရှိ၏ တကား၊ အစဉ်အတိုင်းကိုးပါးသောသမာပတ်တို့သည် မြတ်ပေကုန်၏၊ ကိုးပါး သောသမာပတ်၏ အစွမ်းဖြင့် ထိုနှစ်ပါးသောနိဿယ, ဝက်သားပြွမ်း ဆွမ်းအလှူသည် အထူးသဖြင့်အကျိုးအာနိသင်ရှိပေ၏၊ အရှင်ဘုရား၊ ဤစကားကိုအရှင်ဘုရားဆိုတိုင်းတကာတော်ဝန်ခံပါ၏ဟု ဝန်ခံလေ၏။

ဒွိန္နံပိဏ္ဍပါတာနံမဟပ္ဖလဘာဝပဉှာပြီး၏။

## ၁၁၁။ ဗုဒ္ဓပူဇာယာ‌နုညာတာနုညာတပဉှာ

**ပူဇော်မှုကိုကြောင့်ကြပြု-မပြု**·····မိလိန္ဒမင်းသည် အရှင်ဘုရား၊ လာခြင်း ကောင်းသော ဘုရားရှင်သည် ချစ်သား အာနန္ဒာ၊ သင်ချစ်သားတို့သည် ကောင်းသောလာခြင်းရှိသောငါဘုရား၏ကိုယ်တော်ကိုလှူဒါန်းပူဇော်အံ့သော၌ ကြောင့်ကြစိုးရိမ်မရှိကြကုန်လင့်ပါသော စကားကိုလည်း မိန့်တော်မူအပ်၏၊ တဖန်လည်း လာခြင်းကောင်းသော ဘုရားရှင်သည် လှူဒါန်းပူဇော်ခြင်း၌ထိုက်သော ငါဘုရား၏ ထိုသရီရဓာတ်တော်ကို အကြင်သူတို့သည် လှူဒါန်းပူဇော်ကုန်၏၊ ဤသို့လှူဒါန်း, ပူဇော်ခြင်းကို ပြုသော ထိုသူတို့သည်ဤကိုယ်၏အဖြစ်မှစုတေသော် နတ်ရွာသို့ ရောက်လတ္တံ့ဟုပြောတော်မူအပ်၏။

ဘန္တေ့ နာဂသေန ဘာသိတမ္ပေတံ တထာဂတေန အဗျာဝဋာ တုမှေ အာနန္ဒ ဟောထ တထာဂတဿ သရီရပူဇာယာတိ။ ။ပုနစ ဘဏိတံ-

ပူဇေထနံ ပူဇနိယဿဓာတုံ၊ဧဝံ ကရာသဂ္ဂမိတောဂမိဿထာတိ။ ။ဟူသည်တည်း။

ဘန္တေနာဂသေန၊ ရှင်နာဂသေနမထေရ်။ တထာဂတေန၊ လာခြင်းကောင်းသောဘုရားသည်။ အာနန္ဒ၊ ချစ်သားအာနန္ဒာ။ တုမှေ၊ သင်ချစ်သားတို့သည်။ တထာဂတဿ၊ လာခြင်းကောင်းသော်ဘုရားရှင်၏။ သရီရပူဇာယ၊ ကိုယ်တော်ကို လှူဒါန်းပူဇော်ခြင်း၌။ အဗျာဝဋာ၊ ကြောင့်ကြကင်းကုန်သည်။ ဟောထ၊ ဖြစ်လေကုန်လော့။ ဣတိ၊ ဤသို့။ ဧတံပိဝစနံ၊ ဤစကားကိုလည်း။ ဘာသိတံ၊ ဟောတော်မူအပ်၏။ ။ ပုနစ၊ တဖန်လည်း။ တထာဂတေန၊ လာခြင်းကောင်းသောဘုရားသည်။ ပူဇနိယဿ၊ လူတို့ပူဇော်လှူဒါန်းခြင်း၌ထိုက်သောငါဘုရား၏။ နံဓာတုံ၊ ထိုသရီရဓာတ်တော်ကို။ ပူဇေထ၊ လှူဒါန်းပူဇော်လေကုန်၊ ဧဝံကရာ၊ ဤသို့ပြုကုန်သော သူတို့သည်။ ဣတော၊ ဤလူ့ရွာမှ။ စုတာ၊ စုတေကြကုန်သော်။ သဂ္ဂံ၊ နတ်ရွာသို့။ ဂမိဿထ၊ ရောက်ကုန်လတ္တံ့။ ဣတိ၊ ဤသို့။ ဘဏိတံ၊ ဟောတော်မူအပ်၏။

အရှင်ဘုရား၊ အကယ်၍ လာခြင်းကောင်းသော ဘုရားရှင်သည် ချစ်သားအာနန္ဒာ၊ သင်တို့သည် လာခြင်းကောင်းသော ဘုရားရှင်၏ကိုယ်တော်ကို လှူဒါန်းပူဇော် အံ့သော်ငှါ ကြောင့်ကြမရှိကုန်လင့်ဟု ဟောတော်မူအပ်သော စကားသည်မှန်အံ့၊ ထိုသို့တပြီးကား လှူဒါန်းပူဇော်ခြင်းငှါထိုက်သောငါဘုရား၏ သရီရဓာတ်တော်ကို လှူဒါန်းပူဇော်ကြကုန်၏၊ ဤသို့လှူဒါန်းပူဇော်ကြကုန်သောသူတို့သည် ဤကိုယ်၏အဖြစ်မှစုတေသော် နတ်ရွာသို့ရောက်ကုန်လတ္တံ့ဟု ဟောတော်မူအပ်သော အကြင်စကားသည်ရှိ၏၊ ထိုစကားသည် မှားရာ၏။ ။(ဤလည်းတစွန်းထွက်သည်။)

အရှင်ဘုရား၊ အကယ်၍ လာခြင်းကောင်းသော ဘုရားရှင်သည် ပူဇော်အံ့သော်ငှါထိုက်သော ငါဘုရား၏သရီရဓာတ်တော်ကို လှူဒါန်းကြကုန်၍ ဤကိုယ်၏အဖြစ်မှ စုတေသော် နတ်ရွာသို့လားရကုန်လတ္တံ့ဟုဟောတော်မူသောစကားသည်မှန်အံ့၊ ထိုသို့တပြီးကား အာနန္ဒာ၊ သင်တို့သည်လာခြင်းကောင်းသော ငါဘုရား၏ကိုယ်တော်ကို လှူဒါန်းပူဇော်ခြင်းငှါ ကြောင့်ကြမရှိကုန်လင့်ဟု ဟောတော်မူသော အကြင်စကားသည်ရှိ၏၊ထိုစကားသည်မှားရာ၏။ ။(ဤလည်းတစွန်းထွက်သည်။)

နှစ်ဘက်အစွန်းထွက်သော ဤပြဿနာသည် အရှင်ဘုရားအားရောက်၏၊ထိုပြဿနာကိုအရှင်ဘုရားသည်ငြိမ်းပါစေလော့ဟုဆိုသော်-

**ရဟန်းကိစ္စနှင့် လူ့တာဝန်**……မင်းကြီး၊ လာခြင်း ကောင်းသော ဘုရားရှင်သည် ချစ်သားအာနန္ဒာ၊

သင်တို့သည် လာခြင်းကောင်းသော ငါဘုရား၏ ကိုယ်တော်ကို ပူဇော်လှူဒါန်းအံ့သော်ငှါ ကြောင့်ကြ မရှိကုန်လင့်ဟု ဟောတော်မူအပ်သည်လည်း မှန်၏၊တဘန်လည်း လှူဒါန်းပူဇော်ခြင်းငှါထိုက်သော ငါဘုရား၏ သရီရဓာတ်တော်ကို လှူဒါန်းပူဇော်ကြကုန်၊ ဤသို့လှူဒါန်းပူဇော်ကြကုန်သော သူတို့သည် ဤကိုယ်၏အဖြစ်မှ စုတေကြကုန်သော် နတ်ရွာသို့လားရကုန်လတ္တံ့ဟု ဟောတော်မူအပ်သည်လည်းမှန်၏၊ မင်းကြီး၊ မှန်ကြောင်းကား အာနန္ဒာ၊ ငါဘုရား၏ကိုယ်တော်ကို ပူဇော်ခြင်းငှါ ကြောင့်ကြမရှိကုန်လင့်ဟု ဟောတော်မူအပ်သော ထိုစကားသည် အလုံးစုံသော ဘုရားတပည့်သားရဟန်းတို့အား အာရုံပြု၍ ဟောတော်မူအပ်သည်မဟုတ်၊ မင်းကြီး၊ အကြင်အာမိသဖြင့် လှူဒါန်းပူဇော်ခြင်း

သည် ရှိ၏၊ ထိုအမှုသည် ဘုရားရှင်သားတော်တို့၏ အမှုမဟုတ်၊ ရဟန်းတို့၏ အမှုကား ယောနိသော မနသိကာရဖြင့် သင်္ခါရတရားတို့ကို သုံးသပ်ခြင်း,သတိပဋ္ဌာန် တရားကိုရှုခြင်း,အာရုံ၌ အရသာကိုစွဲလမ်းတတ်သော ကိလေသာကိုစစ်ထိုးခြင်း, မိမိအကျိုး၌ အဘန်တလဲလဲ လုံ့လပြုခြင်း, ဤအမှုသည် ဘုရားရှင် တပည့်သားတော်တို့၏ အမှု၊ လှူဒါန်းပူဇော်ခြင်းအမှုသည် ရဟန်းတို့မှကြွင်းသော လူတို့၏အမှုဖြစ်၏။

မင်းကြီး၊ ဥပမာသော်ကား မြေအပြင်၌ မင်းသားတို့၏အမှုသည် ဆင်အတတ်, မြင်းအတတ်, ရထားအတတ်, ထားအတတ်, သန်လျက်အတတ်,မန္တရားအတတ်,သဒ္ဒါကျမ်းအတတ်,ဓမ္မသတ်အတတ်, စစ်ထိုးအတတ်,သူတပါးကိုစစ်ထိုးစေခြင်းအတတ်, ဤအမှုတို့သည်မင်းသားတို့၏ အတတ်တည်း၊ မင်းသားတို့မှ ကြွင်းသော ကုန်သွယ်လယ်လုပ်လူဆင်းရဲတို့၏အမှုတို့သည် လယ်ထွန်ခြင်း,ကုန်သွယ်ခြင်း,နွားကျောင်းခြင်း အမှုဖြစ်ကုန်သကဲ့သို့ မင်းကြီး၊ထို့အတူ အကြင်လှူဒါန်းပူဇော်ခြင်းအမှုသည် ဘုရားရှင်သားတော်တို့၏ အမှုမဟုတ်၊ယောနိသော မနသိကာရဖြင့် သင်္ခါရတရားကို သုံးသပ်ခြင်း,သတိပဋ္ဌာန်တရားကို အဘန်တလဲလဲရှုခြင်း, အာရုံ၌အရသာကို စွဲလမ်းတတ်သော ကိလေသာကို စစ်ထိုးခြင်း,မိမိအကျိုး၌ လုံ့လပြုခြင်းသည် ဘုရားရှင်သားတော်တို့၏ အမှုတည်း၊ ဘုရားရှင်သရီရဓာတ်တော်အား လှူဒါန်းပူဇော်ခြင်းအမှုသည် ဘုရားရှင်သားတော်မှ တပါးသော လူနတ်တို့၏အမှုတည်း။

မင်းကြီး၊ဥပမာသော်ကား ပုဏ္ဏားတို့၏အမှုသည် ဣရုဗေဒင်, ယဇုဗေဒင်,သာမဗေဒင်, အထဗ္ဗနဗေဒင်တို့ကိုသင်ခြင်း, လက္ခဏာကျမ်း, ဣတိဟာသကျမ်း,နိဃဏ္ဍုကျမ်း,ကေဋုဘကျမ်း,အက္ခရပ္ပဘေဒကျမ်း, ဝေယျာကရဏကျမ်း, ဘာသာသင်္ကရိုက်,ဥပ္ပါတ်,အိပ်မက်,နိမိတ်, ဆဋင်္ဂ,လကိုရာဟုဘမ်းသည်,လွတ်သည်, သွားသည်, ကြယ်ပျံသည်, ကြယ်ခွပ်သည်, တော်ရိုက်သည်, ကြယ်ကျသည်, ဥက္ကာပျံသည်, မြေကောင်းသည်,မကောင်းသည်,အရပ်ကိုမီးလောင်သည်, တိမ်တိုက်သည်,လောကနှင့်သျှဉ်သောအဘတ်၌ ငှက်စုဝေးသည်, သားသမင်တို့စုဝေးသည်,အစုအစုနေသည်, ရောနှောသည်, ငှက်တွန်သည်, ဤအမှုအတတ်တို့သည် ပုဏ္ဏားတို့၏အလုပ်တည်း။ ပုဏ္ဏားတို့မှကြွင်းသော သူကြွယ် သူဆင်းရဲတို့၏အလုပ်သည် လယ်လုပ်ခြင်း, ကုန်သွယ်ခြင်း,

နွားကျောင်းခြင်းအမှုတည်း၊ မင်းကြီး၊ ထို့အတူ အကြင်လှူဒါန်းပူဇော်သော အမှုသည်ရှိ၏၊ ထိုလှူဒါန်းပူဇော်သောအမှုသည် ဘုရားရှင်သားတော်တို့၏ အမှုမဟုတ်၊ သင်္ခါရတရားတို့ကို ယောနိသော မနသိကာရဖြင့် သုံးသပ်ခြင်း, သတိပဋ္ဌာန်တရားတို့ကို ရှုဆင်ခြင်ခြင်း, အာရုံ၌တပ်သော ကိလေသာကို စစ်ထိုးခြင်း,မိမိအကျိုးကို အဘန်တလဲလဲလုံ့လပြုခြင်း,ဤအမှုသည်သာလျှင် ဘုရားသားတော်တို့၏ အမှုဖြစ်၏၊လှူဒါန်းပူဇော်ခြင်း အမှုသည်ကား နတ်လူတို့၏ အမှုဖြစ်၏ဟုဆိုသော် အရှင်ဘုရား၊လာခြင်းကောင်းသောဘုရားရှင်လည်းမပြုအပ်သောဤအမှုတို့ကို မယှဉ်ကုန်လင့်၊ ပြုအပ်သော ဤအမှုတို့ကို ယှဉ်ကုန်လော့ဟူ၍ကား မိန့်တော်မမူ၊အာနန္ဒာ၊လာခြင်းကောင်းသောငါဘုရား၏ ကိုယ်တော်ကို လှူဒါန်းပူဇော်ခြင်း၌ ကြောင့်ကြကို သင်တို့မပြုကုန်လင့်ဟု အဘယ့်ကြောင့် ဟောတော်မမူအပ်လေသနည်းဟု ဆိုပြန်သော် မင်းကြီး၊ ဘုရားရှင်သည် အာနန္ဒာ၊လာခြင်းကောင်းသော ငါဘုရား၏ကိုယ်တော်ကို လှူဒါန်းပူဇော်ခြင်း၌ ကြောင့်ကြကို မပြုကုန်လင့်ဟု အကယ်၍ ဤစကားကို ဟောတော်မမူချေသည်ဖြစ်အံ့၊ ဘုရားရှင်တပည့်တော်တို့သည် မိမိတို့၏ သပိတ်သင်္ကန်းတို့ကို သိမ်းယူ၍ဘုရားရှင်အားလှူဒါန်းပူဇော်ခြင်းကိုသာ ပြုကုန်ရာ၏ဟု ဆိုသော် အရှင်ဘုရား၊ ဤစကားကို ကောင်းပြီဟူ၍ တကာတော်ဝန်ခံပါ၏ဟုဝန်ခံလေ၏။

ဗုဒ္ဓပူဇာယာနုညာတာနုညာတပဉှာပြီး၏။

---

## ၁၁၂။ ဘဂဝတောပါဒေ ပပဋိကာပတနပဉှာ

**ခြေတော်နှင့်ကျောက်လွှာ**……မိလိန္ဒ မင်းသည် အရှင်ဘုရား၊ အရှင်ဘုရားတို့သည် ဘုရားရှင်ကြွတော်မူသော် စိတ်ဝိညာဉ်မရှိသော ဤမြေကြီးသည် ချိုင့်ဝှမ်းသောအရပ်ကိုမြင့်စေလျက် မြင့်သောအရပ်ကို နိမ့်စေလျက် ညီညွတ်စွာခံ၏ဟုဆိုတော်မူကြကုန်၏၊ တဘန်လည်း ဘုရားရှင်၏ ခြေတော်ကိုရှင်ဒေဝဒတ်ကျောက်ဖြင့်ဘိသောအခါ ကျောက်လွှာသည် ခိုက်တိုက်အပ်လေ၏ဟူ၍လည်းဆိုတော်မူကြကုန်၏။

ဘန္တေနာဂသေန တုမှေ ဘဏထ ဘဂဝတောဂစ္ဆန္တဿ
အယံ အစေတနာပိ ပထဝီ နိန္နံ ဥန္နမတိ၊ ဥန္နတံ ဩနမတီတိ။ ။
ပုနစ ဘဏထ ဘဂဝတော ပါဒေါ သကလိကာယ ခတောတိ။ ။
ဟူသည်တည်း။

ဘန္တေနာဂသေန၊ ရှင်နာဂသေနမထေရ်။ တုမှေ၊ အရှင်ဘုရားတို့သည်။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ဂစ္ဆန္တဿ၊ ကြွတော်မူစဉ်။ အစေတနာ၊ စိတ်ဝိညာဉ်မရှိသော။ အယံပထဝီ၊ ဤမြေကြီးသည်။ နိန္နံ၊ ချိုင့်ဝှမ်းသောအရပ်ကို။ ဥန္နမတိ၊ မြင့်စေလျက်ခံ၏။ ဥန္နတံ၊ မြင့်သောအရပ်ကို၊ ဩနမတိ၊ နိမ့်စေလျက်ခံ၏။ ဣတိ၊ ဤသို့။ ဘဏထ။ ဆိုတော်မူကြကုန်၏။ ။ပုနစ၊ တဖန်လည်း။ တုမှေ၊ အရှင်ဘုရားတို့သည်။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ပါဒေါ၊ ခြေတော်ကို။ သကလိကာယ၊ ကျောက်လွှာသည်။ ခတော၊ ခိုက်အပ်လေ၏။ ဣတိ၊ ဤသို့။ ဘဏထ၊ ဆိုကုန်၏။

အရှင်ဘုရား၊ ဘုရားရှင်၏ခြေတော်ကိုခိုက်သော အကြင်ကျောက်လွှာသည်ရှိ၏။ ထိုကျောက်လွှာသည် အဘယ့်ကြောင့် ဘုရားရှင်ခြေတော်ကိုမရှောင်မလွှဲလေသနည်း၊ အရှင်ဘုရား၊ အကယ်၍ ဘုရားရှင်ကြွတော်မူသော် စိတ်ဝိညာဉ်မရှိသော ဤမြေကြီးသည် ချိုင့်ဝှမ်းသောအရပ်တို့ကိုမြင့်စေလျက် မြင့်သောအရပ်တို့ကိုနိမ့်စေလျက် ညီညွတ်စွာခံသည်ဟူသောစကားသည်မှန်အံ့၊ ထိုသို့တပြီးကား ခြေတော်ကိုကျောက်လွှာသည် ခတ်မိလေ၏ဟူသော အကြင်စကားသည်ရှိ၏၊ ထိုစကားသည်မှားရာ၏။ ။(ဤလည်းတစွန်းထွက်သည်။)

အရှင်ဘုရား၊ အကယ်၍ ဘုရားရှင်ခြေတော်ကို ကျောက်လွှာသည် ခတ်မိလေ၏ဟူသောစကားသည်မှန်အံ့၊ ထိုသို့တပြီးကား စိတ်ဝိညာဉ်မရှိသော ဤမြေကြီးသည် နိမ့်သောအရာကို မြင့်စေလျက် မြင့်သောအရာကိုနိမ့်စေလျက် ညီညွတ်စွာခံ၏ဟူသော အကြင်စကားသည်ရှိ၏၊ ထိုစကားသည်မှားရာ၏။ ။(ဤလည်းတစွန်းထွက်သည်။)

နှစ်ဘက် အစွန်းထွက်သော ဤပြဿနာသည် အရှင်ဘုရားအား ရောက်၏၊ထိုပြဿနာကိုအရှင်ဘုရားသည် ဖြေပါစေလော့ဟုဆိုသော်-

မင်းကြီး၊ ဘုရားရှင် ကြွတော်မူသော် စိတ်ဝိညာဉ်မရှိသော ဤမြေကြီးသည် နိမ့်သောအရပ်ကို မြင့်စေလျက် မြင့်သောအရပ်ကိုနိမ့်စေလျက် ညီညွတ်စွာခံ၏ဟူသော စကားသည်လည်းမှန်၏၊ ဘုရားရှင်ခြေတော်ကို ကျောက်လွှာခတ်မိအပ်သည်လည်းမှန်၏။ ။မှန်ကြောင်းကား မင်းကြီး၊ ထိုကျောက်လွှာသည် မိမိ၏သဘောအလိုအလျောက်ခြေတော်ကိုမကျ၊ ရှင်ဒေဝဒတ်၏ လုံ့လကြောင့် ကျ၏၊ မင်းကြီး၊ ရှင်ဒေဝဒတ်သည် များစွာသော ဘဝတို့ပတ်လုံး ဘုရားရှင်ကို ရန်ငြိုးဖွဲ့၏၊ ဒေဝဒတ်သည် ထိုသို့ရန်ငြိုးဖွဲ့သဖြင့် ကြီးစွာသောတောင်ထွတ်ပမာဏရှိသော ကျောက်ကို ဘုရားရှင်၏ ကိုယ်တော်ထက်သို့ကျစေအံ့ဟုချလိုက်လေ၏၊ ထိုအခါ နှစ်လုံးသော ကျောက်တို့သည် မြေမှထွက်ထည့်၍ နွယ်ကဲ့သို့ညွတ်ကုန်၍ သမင်ကဲ့သို့ ခုန်သွားကုန်၍ ဆင်ပြောင်ကြီးကဲ့သို့ အားရှိကုန်၍ ခြင်္သေ့မင်းကဲ့သို့ မတုန်မလှုပ်ဖြစ်ကုန်၍ မိခင်ကဲ့သို့အကျိုးကိုလိုကုန်၍ ဘခင်ကဲ့သို့ ကရုဏာရှိကုန်၍ တပည့်သည် ဆရာအား ခန့်ညားသကဲ့သို့ အမှုရှိသော် မပစ်စွန့်သော အဆွေခင်ပွန်းကောင်းကဲ့သို့ မင်း၏အမတ်ကဲ့သို့ နတ်တို့သည်သိကြားအားကိုင်းညွတ်သကဲ့သို့ ဗြဟ္မာတို့သည် ဗြဟ္မာကြီးအား ကိုင်းညွတ်သကဲ့သို့ ထိုလာသောကျောက်တောင်ထွတ်ကို ဆီးကြို၍ ခံလင့်ကုန်၏။

ထိုအခါ ကျောက်သွားတို့၏ ရိုက်မိသော အကြောင်း ကြောင့် ကျောက်လွှာတို့မှအစိတ်အမြွာဖြစ်သော ကျောက်တို့သည် ခြေတော်ကိုရိုက်တိုက်မိလေ၍ ဟုတ်ဟုတ်ညားညား တည်ရာမရှိကျလေကုန်၏ဟုဆိုသော် အရှင်ဘုရား၊ ထိုကျောက်တောင်ထွတ်နှစ်လုံးတို့သည်လာ၍ဆီးကာခံလင့်သကဲ့သို့ ထို့အတူထိုကွဲသောကျောက်လွှာတို့သည်လည်းခံလင့်အပ်ပါကုန်၏တကားဟု ဆိုပြန်သော် မင်းကြီး၊ ထိုသို့ခံလင့်အပ်သော်လည်း ဘိတ်စင်၍သွားသည်ဖြစ်၍ ဆီးကာသောအရာသို့မရောက်ချေ၊ မင်းကြီး၊ ဥပမာသော်ကား ရေကိုလက်ဖြင့်ယူအပ်သည်ရှိသော်လက်ချောင်း၏အကြားတို့မှ ယိုထွက်၍စီး၏၊ တည်ရာလက်ဝါး၌မတည်သကဲ့သို့ နို့ရည်၊ ရက်တက်၊ ပျား၊ ထောပတ်၊ ဆီ၊ ငါးရည်၊ အမဲရည်ကိုလက်ဖြင့်ယူအပ်သည်ရှိသော် လက်ချောင်း၏ အကြားမှ ယိုစီး၏၊ တည်ရာလက်ဝါး၌မတည်သကဲ့သို့ ထို့အတူမင်းကြီး၊ ခံအံ့သောငှါအနီး

သို့ရောက်လာကုန်သော နှစ်လုံးသော ကျောက်တို့၏ ခိုက်တိုက်မိခြင်း ကြောင့် ထိုကျောက်လွှာတို့သည် ဘုရားရှင်၏ခြေတော်၌ကျ၍ ဟုတ် ဟုတ်ညားညား တည်ရာမရှိကျလေကုန်၏။

မင်းကြီး၊ ဥပမာသော်ကား နူးညံ့သိမ်မွေ့သော မြူနှင့်တူသောသဲ ရကို လက်ချပ်ဖြင့် ယူအပ်သည်ရှိသော် လက်ချောင်း၏အကြားမှ ယို ထွက်သကဲ့သို့ လက်ဝါး၌မတည်သကဲ့သို့ မင်းကြီး၊ထို့အတူ ဆီးကာအံ့ သော၄ါ လာကုန်သော နှစ်လုံးသောကျောက်တို့၏ ခိုက်တိုက်မိလေသော ကြောင့် ထိုကျောက်မှအလွှာကွဲ၍ဘုရားရှင်ခြေတော်သို့ကျလေ၍ ဟုတ် ဟုတ်ညားညား တည်ရာမရှိကျလေကုန်၏။ ။မင်းကြီး၊ဥပမာသော်ကား ထမင်းလုပ်ကို ခံတွင်းဖြင့် ယူအပ်သည်ရှိသော် အချို့သော ထမင်း တို့သည် ခံတွင်းမှလွတ်၍ ယိုကျသကဲ့သို့ တည်ရာမရှိသကဲ့သို့ ထို့ အတူ မင်းကြီး၊ ကောင်းစွာခံအံ့သော၄ါလာသော နှစ်လုံးသောကျောက် တို့၏ခိုက်တိုက်မိသောကြောင့် ကျောက်လွှာတို့သည်ကွဲကုန်၍ ခြေတော် သို့ကျလျက် ဟုတ်ဟုတ်ညားညားတည်ရာမရှိ ကျလေကုန်၏ဟုဆိုသော် အရှင်ဘုရား၊ နှစ်လုံးသောကျောက်တို့သည် ထိုလာသောကျောက်ကို ဆီးကာခံအပ်သည်ဖြစ်စေ၊ မြေကြီးသည် ကိုင်းညွှတ်သကဲ့သို့ ထိုအခါ ထိုကျောက်လွှာသည် အရိုအသေပြုအပ်သည်တကားဟု ဆိုပြန်သော်-

**အရှိအသေမပြုသူ ၁၂-ဦး**……မင်းကြီး၊ အရိုအသေပြုထိုက်သော သူကို မပြုကုန်သော သူတို့သည် တကျိပ်နှစ်ယောက်တည်း၊ ထိုတကျိပ်နှစ်ယောက်သော သူတို့သည် အ ဘယ်နည်းဟူမူကား—

(၁) မင်းကြီး၊ ရာဂပြောသောသူသည် တပ်ခြင်းပြင်းသည်၏အစွမ်း ဖြင့် အရိုအသေမပြု။

(၂) ဒေါသပြောသောသူသည် ဒေါသ၏အစွမ်းဖြင့် အရိုအသေမပြု။

(၃) မောဟပြောသောသူသည် မိုက်သည်၏အစွမ်းဖြင့် အရိုအသေ မပြု။

(၄) မာနတက်သောသူသည် မာန၏အစွမ်းဖြင့် အရိုအသေမပြု။

(၅) သူတပါး၏ဂုဏ်ကျေးဇူးကိုမသိသောသူသည် ဂုဏ်ကျေးဇူး ရှိသည်၏အဖြစ်ကိုမသိသောအစွမ်းဖြင့် အရိုအသေမပြု။

(၆) အလွန်ခက်ထန်သောသူသည် သူတပါးကိုမရှိုလိုသောအဖြစ် ဖြင့် အရိုအသေမပြု။

(၇) ယုတ်သောသူသည် ယုတ်သောသဘောရှိသည်၏ အဖြစ်ဖြင့် အရိုအသေမပြု။

(၈) အမျိုးရသောသူသည် အမျိုးရသည်၏ အဖြစ်ဖြင့် အရိုအသေ မပြု။

(၉) သူယုတ်မာသည် စဉ်းလဲစဉ်းစား ဝန်တိုသည်၏ အဖြစ်ဖြင့် အရိုအသေမပြု။

(၁၀) ဆင်းရဲစေအပ်သောသူသည် တဘန်ဆင်းရဲစေပြန်လတ္တံ့သည် ၏အဖြစ်ဖြင့် အရိုအသေမပြု။

(၁၁) ရမက်ကြီးသောသူသည် လောဘနှိပ်စက်သည်၏ အဖြစ်ဖြင့် အရိုအသေမပြု။

(၁၂) အားထုတ်လုံ့လရှိသောသူသည် အမှုကိုပြီးစေလိုသောအဖြစ် ဖြင့် အရိုအသေမပြု။

မင်းကြီး၊ ဤတကျိပ်နှစ်ယောက်သောသူတို့သည် သူတပါးအား အ ရိုအသေမပြုကုန်။

(ဤစကား၌ မိလိန္ဒမင်းက ထိုကျောက်လွှာသည်အရိုအသေမပြုပါတကားဟု ဆိုသည် ကို အရိုအသေမပြုတတ်သောပုဂ္ဂိုလ် တကျိပ်နှစ်ယောက်လက္ခဏာစကားကိုသာ သိမ်းရုံး ၍ ပြလိုက်သည်၊ ထိုကျောက်လွှာသည် တကျိပ်နှစ်ယောက်ပုဂ္ဂိုလ်သို့မဝင်၊ ထိုကျောက် လွှာသည် ဘုရားရှင်အား အရိုအသေပြုအပ်လျက် မပြုသောအဖြစ်ကိုမူကား အခြားပြ ပြန်သည်။ ။ဤကား စကားချပ်။)

မင်းကြီး၊ ရိုက်ခတ်မိသောအကြောင်းကြောင့် ကွဲသောထိုကျောက် လွှာသည် ဘုရားရှင်ခြေတော်သို့ ကျလေ၍ အမှတ်မရှိသော အရပ် မျက်နှာသို့ ဟုတ်ဟုတ်ညားညား အတည်မရှိ ကျလေ၏၊ မင်းကြီး၊ အ ကယ်၍ ထိုကျောက်လွှာသည် ထိုခံသောကျောက်လုံးမှ ကွဲပြားသည် မဖြစ်အံ့၊ ထိုကျောက်လွှာကို ထိုကျောက်တို့သည် တပေါင်းတည်း ယူ လေကုန်ရာ၏၊ မင်းကြီး၊ ထိုဘုရားရှင်ကို တိုက်ခိုက်မိသော ကျောက် လွှာသည် မြေပေါ်၌လည်းမတည်၊ ကောင်းကင်၌လည်းမတည်၊ တိုက်

ခိုက်မိသောအဟုန်ကြောင့် ပျက်စီးကွဲပြို၍ ဘုရားရှင်ခြေတော်သို့ ကျလေသော် အမှတ်မဲ့ရှိ ဟုတ်ဟုတ်ညားညား အရပ်လေးမျက်နှာသို့ ကျလေ၏၊ မင်းကြီး၊ ဥပမာသော်ကား လေဖွေသည်တိုက်အပ်သည်ဖြစ်သောကြောင့် ခပ်သိမ်းသောသစ်ရွက်တို့သည် အမှတ်မရှိသော အရပ်သို့ကျလေသကဲ့သို့ထို့အတူ မင်းကြီး၊ ထိုကျောက်လွှာသည် တိုက်ခိုက်မိသောအဟုန်ကြောင့် ဘုရားရှင်ခြေတော်သို့ကျ၍ အမှတ်မရှိ ဟုတ်ဟုတ် ညားညား ကျလေ၏။ ။မင်းကြီး၊စင်စစ်သော်ကားသူ၏ကျေးဇူးကို မသိတတ်သော အလေ့ရှိသောအရှင်ဒေဝဒတ်အား ဆင်းရဲကိုခံစားစိမ့်သော၄ါ ထိုကျောက်လွှာသည် ဘုရားရှင်ခြေတော်မြတ်သို့ ကျရှား လေ၏ဟုဆိုသော် အရှင်ဘုရား၊ဤစကားကို အရှင်ဘုရားဆိုတိုင်းတကာ တော်ဝန်ခံပါ၏ဟု ဝန်ခံလေ၏။

ဘဂဝတော ပါဒေ ပပဋိကာပတနပဉှာပြီး၏။

---

## ၁၁၃။ အဂ္ဂသမဏပဉှာ

**သမဏနှင့်တရား၄-ပါး**·····မိလိန္ဒမင်းသည် အရှင်ဘုရား၊ ဘုရားရှင်သည် အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့် သမဏမည်သည်ဖြစ်၏ဟု ဟောတော်မူအပ်၏။ ။ တဖန်လည်း ဘုရားရှင်သည် လေးပါးသောတရားတို့နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် လောက၌ သမဏမည်သည် ဖြစ်၏ဟူ၍လည်း ဟောတော်မူအပ်၏။

ဘန္တေ နာဂသေန ဘာသိတမ္ပေတံ ဘဂဝတာ အာသဝါနံ ခယာ သမဏော ဟောတီတိ။ ။ပုန စ ဘဏိတံ စတူဟိ ဓမ္မေဟိ သမင်္ဂီဘူတံ တံ ဝေ နရံ သမဏံ အာဟု လောကေတိ၊ တတြိမေ စတ္တာရော ဓမ္မာ ခန္တိ, အပ္ပါဟာရတာ, ရတိဝိပ္ပဟာနံ, အကိဉ္စနန္တိ။ ။ဟူသည်တည်း။

ဘန္တေ နာဂသေန၊ရှင်နာဂသေနမထေရ်။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ အာသဝါနံ၊၊ အာသဝတရားတို့၏။ ခယာ၊ ကုန်ခြင်းကြောင့်။ သမဏော၊သမဏမည်သည်။ ဟောတိ၊ ဖြစ်၏။ဣတိ၊ ဤသို့။ ဧတံပိ၊ ဤစကားကိုလည်း။ ဘာသိတံ၊ ဟောတော်မူအပ်၏။ ။ပုန စ၊ တဖန်

လည်း။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ စတုဟိဓမ္မေဟိ၊ လေးပါးသော တရားတို့နှင့်။ သမင်္ဂိဘူတံ၊ ပြည့်စုံသော။ တံနရံ၊ ထိုပုဂ္ဂိုလ်ကို။ ဝေ၊ စင်စစ်။ လောကော၊ လောကဥ္စ။ သမဏာနွိ၊ ရဟန်းဟူ၍။ အာဟု၊ ဆိုကုန်၏။ ဇွတိ၊ ဤသို့၊ ဘဏိတံ၊ ဟောတော်မူအပ်၏။ ။ တတြ၊ ထိုစကား၌။ ခန္တိ၊ သည်းခံခြင်းရင်း။ အပ္ပါဟာရတာ၊ အစာ အာဟာရကို ရှောင်ခြင်းရင်း။ ရတိဝိပ္ပဟာနံ၊ မွေ့လျော်ဘွယ်ကို ပယ်ခြင်းရင်း။ အကိဉ္စနံ၊ ကြောင့်ကြ ကင်းခြင်းရင်း။ ဣမေဓမ္မာ၊ ဤတရားတို့သည်။ စတ္တာရော၊ လေးပါး တို့တည်း။

(ဤတရားလေးပါးတို့သည် ဝိဓူရဇာတ်၌ နဂါး, ဂဠုန်, သိကြား, ကောရဗျ, မင်းတို့ကို ရည်၍ထားသောစကားတည်း။)

အရှင်ဘုရား၊ ထိုလေးပါးသော တရားတို့သည် ကိလေသာ မကုန်သော, ကိလေသာရှိသောသူအားပင်လျှင် ထင်ရှားရှိကုန်၏ တကား၊ အရှင်ဘုရား၊ အကယ်၍ဘုရားရှင်သည် အာသဝတရားတို့၏ ကုန်ခြင်းကြောင့် သမဏမည်၏ဟူသော စကားသည် မှန်အံ့၊ ထိုသို့တပြီးကား လေးပါး သော တရားတို့နှင့်ပြည့်စုံသော ပုဂ္ဂိုလ်ကို လောကဥ္စ စင်စစ် သမဏ မည်၏ ဟူသော အကြင်စကားသည်ရှိ၏၊ ထိုစကားသည်မှားရာ၏။ ။ (ဤလည်းတစွန်းထွက်သည်။)

အရှင်ဘုရား၊ အကယ်၍လေးပါးသော တရားတို့နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် သမဏမည်၏ဟူသော စကားသည်မှန်အံ့၊ ထိုသို့တပြီးကား အာသဝတရားတို့၏ ကုန်ခြင်းကြောင့် သမဏမည်၏ဟူသော အကြင် စကားသည် ရှိ၏၊ ထိုစကားသည် မှားရာ၏။ ။ (ဤလည်းတစွန်းထွက်သည်။)

နှစ်ဘက် အစွန်းထွက်သော ဤပြဿနာသည် အရှင်ဘုရားအား ရောက်၏၊ ထိုပြဿနာကို အရှင်ဘုရားသည် ငြိမ်းပါစေလော့ဟု ဆို သော်—

မင်းကြီး၊ ဘုရားရှင်သည် အာသဝတရားတို့၏ ကုန်ခြင်းကြောင့် သမဏမည်၏ဟု ဟောတော်မူအပ်သည်လည်း မှန်၏၊ တဘန်လည်း လေးပါးသော တရားနှင့်ပြည့်စုံသော ပုဂ္ဂိုလ်ကိုလောကဥ္စ သမဏမည်၏ ဟု ဟောတော်မူအပ်သည်လည်းမှန်၏၊ မင်းကြီး၊ မှန်ကြောင်းကား လေးပါးသော တရားနှင့်ပြည့်စုံသော ပုဂ္ဂိုလ်ကို သမဏဟု လောကဥ္စ

ဆို၏ဟု အကြင်စကားကို ဟောတော်မူ၏၊ ဤစကားသည် ထိုထိုသော ပုဂ္ဂိုလ်တို့၏ ဂုဏ်ကျေးဇူး၏အစွမ်းဖြင့် ဟောတော်မူအပ်သည်ဖြစ်၍ သာဝသေသ အကြွင်းရှိသော စကားတော်မည်၏။ ။အာသဝတရားတို့၏ကုန်ခြင်းကြောင့် သမဏမည်၏ဟု ဟောတော်မူအပ်သော အကြင်စကားသည်ရှိ၏၊ ဤစကားတော်သည် နိရဝသေသအကြွင်းမရှိ သော စကားတော်မည်၏။ ။မင်းကြီး၊ စင်စစ်သော်ကား အကြင်သူခပ်သိမ်းတို့သည် ကိလေသာကို ငြိမ်းစိမ့်သော ငှါ အားထုတ်ကုန်၏၊ ထိုသူခပ်သိမ်းတို့ကို ထောက်၍ ထောက်၍ ကုန်ပြီးသော အာသဝရှိသော ရဟန္တာပုဂ္ဂိုလ်ကိုသမဏဟု ဟောတော်မူခြင်းသည် မြတ်သည်ကိုစွဲ၍ ဟောတော်မူ အပ်၏။ ။မင်းကြီး။ ဥပမာသော်ကား အမှတ်မရှိသော ကြည်းပန်း ရေပန်းတို့သည်ရှိကုန်၏၊ ထိုပန်းအပေါင်းတို့တွင် မိုးဆွေပန်းကို ပန်းမြတ်ဟူ၍ဆိုအပ်၏၊ အကြင်အမှတ်မရှိ အထူးထူးသော ကြည်းပန်း ရေပန်းတို့သည်ရှိကုန်၏၊ထိုအလုံးစုံသောပန်းတို့ကိုထောက်၍ ထောက်၍ မိုးဆွေပန်းကိုသာလျှင် လူအပေါင်းသည် တောင့်တအပ်သကဲ့သို့ မင်းကြီး၊ ထို့အတူအကြင်သူခပ်သိမ်းတို့သည် ကိလေသာငြိမ်းစိမ့်သောငှါကျင့်ကုန်၏၊ ထိုသူတို့ကိုထောက်၍ ထောက်၍ကုန်ပြီးသော အာသဝရှိသော ရဟန္တာပုဂ္ဂိုလ်ကို မြတ်သော သမဏဟု ဟောတော်မူ၏၊ မင်းကြီး၊ ဥပမာသော်ကား ခပ်သိမ်းသော မျိုးစပါးတို့တွင် သလေးစပါးကိုမြတ်သောစပါးဟူ၍ဆိုအပ်၏၊ အကြင်ကြွင်းသော အမှတ်မရှိသော စပါးမျိုးတို့သည်ရှိကုန်၏၊ ထိုစပါးမျိုးတို့ကို ထောက်၍ ထောက်၍ ဘောဇဉ်တို့တွင်ကိုယ်ကိုမွေးခြင်းငှာ သလေးစပါးကိုသာလျှင်မြတ်၏ဟု ဆိုအပ်သကဲ့သို့ ထို့အတူ အကြင်သူခပ်သိမ်းတို့သည် ကိလေသာငြိမ်းခြင်းငှါကျင့်ကုန်၏၊ ထိုသူတို့ကိုထောက်၍ထောက်၍ ကုန်ပြီးသောကိလေသာရှိသောရဟန္တာပုဂ္ဂိုလ်ကို မြတ်သော သမဏဟူ၍ ဟောအပ်၏ဟုဆိုသော် အရှင်ဘုရား၊ ဤစကားကိုကောင်းပြီဟု တကာတော်ဝန်ခံပါ၏ဟုဆို၍ဝန်ခံလေ၏။

အဂ္ဂသမဏပဉှာပြီး၏။

## ၁၁၄။ ဝဏ္ဏဘဏနပဉှာ

**ဘုရားရှင်နှင့်ချီးကျူးစကား**......မိလိန္ဒ မင်း သည် အရှင်ဘုရား၊ ဘုရားရှင်သည် ချစ်သားရဟန်းတို့၊ သူတပါးတို့သည် ငါဘုရား၏ရင်း, တရားတော်၏ရင်း, သံဃာတော်၏ရင်း ဂုဏ်ကျေးဇူးတို့ကို ချီးမွမ်းပြောဆိုကြကုန်သည် ဖြစ်အံ့၊ ထိုအခါ၌ သင်ချစ်သားတို့သည် နှစ်လိုခြင်းကိုရင်း, ဝမ်းမြောက်ခြင်းကိုရင်း, စိတ်၏လျှပ်ပေါ်သည်၏ အဖြစ်ကိုရင်း, မပြုအပ်ဟု ဤစကားကိုလည်း ဟောတော်မူအပ်၏၊ တဖန်လည်း လာခြင်းကောင်းသော ဘုရားရှင်သည် သေလမည်သောပုဏ္ဏားအား ဟုတ်သောအတိုင်း ဂုဏ်ကျေးဇူးကို ဟောတော်မူသည်ရှိသော် နှစ်လိုဝမ်းသာလျှပ်ပေါ်သောအကြံတော်ရှိ၍ လွန်ကဲစွာကိုယ်တော်၏ ဂုဏ်ကျေးဇူး တော်ကို သေလမည်သောပုဏ္ဏား၊ ငါဘုရားသည်မင်းဖြစ်၏၊ အတုမရှိသော တရားမင်းဖြစ်၍ သူတပါး မဖြစ်စေနိုင်သော တရားဟူသော စက်အာဏာကိုဖြစ်စေ၏ဟု ဟောတော်မူအပ်၏။

ဘန္တေ နာဂသေန ဘာသိတ မွေတံ ဘဂဝတာ မမံဝါ ဘိက္ခဝေ ပရေဝဏ္ဏံ ဘာသေယျုံ၊ ဓမ္မဿဝါ သံဃဿဝါ ဝဏ္ဏံဘာသေယျုံ၊ တတြတုမှေဟိနအာနန္ဒော နသောမနဿံ နစေတသော ဥပ္ပိလာဝိတတ္တံ ကရဏီယန္တိ။ ။ပုနစတထာဂတော သေလဿ ဗြာဟ္မဏဿ ယထာဘုစ္စံဝဏ္ဏေ ဘာညမာနေ အာနန္ဒိတော သုမနော ဥပ္ပိလာဝိတော ဘိယျောဥတ္တရိ သကံ ဂုဏံ ကိတ္တေသိ၊

ရာဇာဟမသ္မိ သေလ၊ ဓမ္မရာဇာ အနုတ္တရော။
ဓမ္မေန စက္ကံဝတ္တေမိ၊ စက္ကံ အပ္ပဋိဝတ္တိယန္တိ။ ။ဟူသည်တည်း။

ဘန္တေနာဂသေန၊ ရှင်နာဂသေန မထေရ်။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဘိက္ခဝေ၊ ရဟန်းတို့။ ပရေ၊ သူတပါးတို့သည်။ မမံ၊ ငါ၏။ ဝဏ္ဏံဝါ၊ ကျေးဇူးတော်ကိုလည်း။ ဘာသေယျုံ၊ ချီးမွမ်းပြောဆိုကုန်အံ့။ ဓမ္မဿ၊ တရားတော်၏။ ဝဏ္ဏံဝါ၊ ကျေးဇူးတော်ကိုလည်း။ ဘာသေယျုံ၊ ချီးမွမ်းပြောဆိုကုန်အံ့။ သံဃဿ၊ သံဃာတော်၏။

ဝဏ္ဏံဝါ၊ ကျေးဇူးတော်ကိုလည်း၊ ဘာသေယျုံ၊ ချီးမွမ်း ပြောဆိုကုန်အံ့။ တတြ၊ ထိုအခါ၌။ တုမှေဟိ၊ သင်ချစ်သားတို့သည်။ အာနန္ဒော၊ နှစ်လိုခြင်းကို၊ နကရဏီယော၊ မပြုအပ်။ သောမနဿံ၊ ဝမ်းမြောက်ခြင်းကို၊ နကရဏီယံ၊ မပြုအပ်။ စေတသော၊ စိတ်၏။ ဥပ္ပိလာဝိတတ္တံ၊ လျှပ်ပေါ်သည့်၏ အဖြစ်ကို။ နကရဏီယံ၊ မပြုအပ်။ ဣတိ၊ ဤသို့။ ဧတံပိ၊ ဤစကားကိုလည်း။ ဘာသိတံ၊ ဟောတော်မူအပ်၏။ ။ပုနစ တဘန်လည်း။ တထာဂတော၊ ဘုရားရှင်သည်။ သေလသသ၊ သေလအမည်ရှိသော။ ဗြာဟ္မဏဿ၊ ပုဏ္ဏားအား။ ယထာဘူတွေ၊ဟုတ်မှန်သောအတိုင်း။ ဝဏ္ဏေ၊ ကျေးဇူးတော်ကို။ ဘာသမာနေ၊ ချီးမွမ်းပြောဆိုအပ်သည်ရှိသော်။ အာနန္ဒိတော၊ နှစ်လိုတော်မူသည်ဖြစ်၍။ သုမနော၊ ဝမ်းမြောက်တော်မူသည် ဖြစ်၍။ ဥပ္ပိလာဝိတော၊ လျှပ်ပေါ်တော်မူသည်ဖြစ်၍။ ဘိယျောဥတ္တရိ၊ အတိုင်းထက်လွန်စွာ။ သကဂုဏံ၊ ကိုယ်တော်၏ဂုဏ်ကျေးဇူးကို။ သေလသသ၊ သေလ ပုဏ္ဏားအား။ သေလ၊ သေလပုဏ္ဏား။အဟံ၊ငါသည်။ရာဇာ၊မင်းတည်း။ အနုတ္တရော၊အတုမရှိသော။ ဓမ္မရာဇာ၊တရားမင်းဖြစ်၍။ ဓမ္မေန၊ တရားသဖြင့်။ စက္ကံ၊ တရားတည်းဟူသော အာဏာစက်ကို။ ဝတ္တေမိ၊ ဖြစ်စေတော်မူ၏။ စက္ကံ၊ တရားတည်းဟူသော အာဏာစက်ကို၊အပ္ပဋိဝတ္တိယံ၊သူတပါးတို့သည် မဖြစ်စေနိုင်။ ဣတိ၊ ဤသို့။ ဘာသိတံ၊ ဟောတော်မူအပ်၏။

အရှင်ဘုရား၊ အကယ်၍ဘုရားရှင်သည် ချစ်သားရဟန်းတို့၊ သူတပါးတို့သည် ငါ၏ဂုဏ်ကျေးဇူးကို ပြောဆိုကုန်သည် ဖြစ်အံ့၊ ထိုအခါ သင်ချစ်သားတို့သည် နှစ်လိုခြင်း, ဝမ်းမြောက်ခြင်း, စိတ်၏လျှပ်ပေါ်လွင်ခြင်းအမှုအရာကိုမပြုအပ်ဟု ဟောတော်မူသောစကားသည် မှန်အံ့၊ ထိုသို့တံပြီးကား သေလပုဏ္ဏားအား ဟုတ်သောအတိုင်း ဂုဏ်ကျေးဇူးတော်ကို ဟောတော်မူအပ်သည်ရှိသော် နှစ်လိုဝမ်းသာ အတိုင်းထက်လွန်စွာ ကိုယ်တော်၏ဂုဏ်ကျေးဇူးကို ချီးမွမ်းတော်မူ၏ဟူသောအကြောင်းစကားသည် ရှိ၏၊ ထိုစကားသည်မှားရာ၏။ ။(ဤလည်းတစွန်းထွက်သည်။)

အရှင်ဘုရား၊ အကယ်၍ သေလပုဏ္ဏားအား ဟုတ်မှန်သောအတိုင်း ဂုဏ်ကျေးဇူးတော်ကို ဟောတော်မူအပ်သည်ရှိသော် နှစ်လိုဝမ်းသာ စိတ်တော်၏လျှပ်ပေါ်ခြင်းရှိ၍ အတိုင်းထက်အလွန် ကိုယ်တော်၏ဂုဏ်

ကျေးဇူးကို ချီးမွမ်းသည့်မှန်အံ့၊ ချစ်သား ရဟန်းတို့၊ သူတပါးတို့သည် ငါ၏ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်းပြောဆို ကြကုန်အံ့၊ တရားတော်၏ ကျေးဇူးကိုငင်း,သံဃာတော်၏ကျေးဇူးကိုငင်း, ချီးမွမ်းပြောဆိုကြကုန် အံ့၊ ချစ်သားတို့သည် နှစ်လိုခြင်း, ဝမ်းသာခြင်း, စိတ်၏ လျှပ်ပေါ်ခြင်း အမူအရာကိုမပြုအပ်ဟု ဟောတော်မူအပ်သော အကြင်စကားသည်ရှိ ၏၊ ထိုစကားသည် မှားရာ၏၊ ။(ဤလည်းတစွန်းထွက်သည်။)

နှစ်ဘက်အစွန်းထွက်သော ဤပြဿနာသည် အရှင်ဘုရားအား ရောက်၏၊ ထိုပြဿနာကို အရှင်ဘုရားသည် ဖြေမ်းပါစေလော့ဟု ဆိုသော်—

မင်းကြီး၊ ဘုရားရှင်သည် ချစ်သား ရဟန်းတို့၊ သူတပါးသည် ငါ ဘုရား၏ငင်း, တရားတော်၏ငင်း, သံဃာတော်၏ငင်း ဂုဏ်ကျေးဇူးကို ချီးမွမ်းပြောဆိုကုန်အံ့၊ ထိုအခါ သင်ချစ်သားတို့သည် နှစ်လိုခြင်း,ဝမ်း မြောက်ခြင်း, စိတ်၏လျှပ်ပေါ်သောအမူအရာကို မပြုအပ်ဟု ဟောတော် မူအပ်သည်လည်း မှန်၏။ ။သေလပုဏ္ဏားအား ဟုတ်သည့်အတိုင်း ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်းအပ်သည်ရှိသော် အတိုင်းထက် အလွန် ကိုယ်တော်မြတ်၏ဂုဏ်ကျေးဇူးကို သေလပုဏ္ဏား၊ ငါသည် မင်းဖြစ်၏၊ အတုမရှိသောတရားမင်းဖြစ်၍ တရားတည်းဟူသော အာဏာစက်ကို ဖြစ်စေ၏၊ သူတပါးတို့မဖြစ်စေနိုင်သော တရားအာဏာစက်ကို ဖြစ်စေ နိုင်ဘော်မူ၏ဟု အတိုင်းထက်အလွန် ကိုယ်တော်ကို ချီးမွမ်းတော်မူ သည်လည်း မှန်၏၊မင်းကြီး၊မှန်ကြောင်းကား ဘုရားရှင်သည် ရှေးဦးစွာ သော စကားကို တရား၏ သဘောလက္ခဏာ ရှိတိုင်း မဘောက်မပြန် ဟုတ်မှန်သည်ကိုအကြောင်းပြုတော်မူ၍ ချစ်သားတို့၊ ငါဘုရား၏ငင်း, တရားတော်၏ငင်း, သံဃာတော်၏ငင်း, ဂုဏ်ကျေးဇူးကို သူတပါးတို့ သည် ပြောဆို ချီးမွမ်းကြကုန်အံ့၊ ထိုအခါသင်တို့သည် နှစ်လိုခြင်း, ဝမ်းမြောက်ခြင်း, စိတ်၏လျှပ်ပေါ်သော အမူအရာကိုမပြုအပ်ဟု ထင် ရှားစွာသဘောဟုတ်တိုင်းကို ဟောတော်မူအပ်၏၊ သေလပုဏ္ဏားအား ဟုတ်မှန်သောအတိုင်း ကျေးဇူးတော်ကို ဟောတော်မူအပ်သည်ရှိသော် အတိုင်းထက်အလွန်ကိုယ်တော်မြတ်၏ဂုဏ်ကျေးဇူးကို သေလပုဏ္ဏား၊ ငါသည် မင်းတည်း၊ ငါသည်အတုမရှိသည်ဖြစ်၍ တရားမင်း ဖြစ်၏ဟု အကြင်စကားကို ဟောဘော်မူအပ်၏၊ ထိုစကားသည် လာဘ်သပ္ပကာ

ကိုလိုတော်မူသောကြောင့် ဟောဟောတော်မမူ၊ အခြံအရံအပင်းအသင်းကို လိုတော်မူသောကြောင့်လည်း ဟောတော်မမူ၊ ကိုယ်တော်မြတ်ကိုငဲ့သောကြောင့်လည်း ဟောတော်မမူ၊ အန္တေဝါသိကတပည့်ပြုလိုသောကြောင့်လည်း ဟောတော်မမူ၊ စင်စစ်သော်ကား အစဉ်အတိုင်းသနားတော်မူသောကြောင့် အစီးအပွါးကို အလိုတော်ရှိသည်၏ အစွမ်းဖြင့် ဟောတော်မူအပ်၏၊ ဤသို့ငါဟောတော်မူအပ်သည်ရှိသော် ဤသေလပုဏ္ဏားအား တရားကိုရလတ္တံ့၊ သုံးရာသောတပည့်လုလင်တို့အားလည်း တရားကိုရကြကုန်လတ္တံ့ဟု သေလပုဏ္ဏားအား ငါသည် မင်းတည်း၊ငါသည်အတုမရှိသောမင်းဖြစ်၍ တရားတည်းဟူသော အာဏာစက်ကို ဖြစ်စေ၍ သူတပါးတို့သည် မဖြစ်စေနိုင်သော တရားတည်းဟူသော အာဏာစက်ကို ဖြစ်စေ၏ဟု အတိုင်းထက်အလွန် ကိုယ်တော်မြတ်၏ ဂုဏ်ကျေးဇူးကို ဟောတော်မူအပ်၏ဟုဆိုသော် အရှင်ဘုရား၊ဤစကားကို တကာတော်သည် ထိုဆိုတိုင်းဝန်ခံပါ၏ဟု ဝန်ခံလေ၏။

ဝဏ္ဏဘာဏပဉှာပြီး၏။

---

## ၁၁၅။ အဟိံသာနိဂ္ဂဟပဉှာ

**ချီးမြှောက်မှုနှင့်နှိမ်နင်းမှု**······မိလိန္ဒမင်းသည်အရှင်ဘုရား၊ ဘုရားရှင်သည် လောက၌ သူတပါးအား မညှဉ်းဆဲသောသူကိုချစ်အပ်သည် မြတ်နိုးအပ်သည်ဟု ဟောတော်မူအပ်၏၊ အရှင်ဘုရား၊ တဘန်လည်း ဘုရားရှင်သည် နှိပ်စက်ခြင်းငှါ ထိုက်သောသူကို နှိပ်စက်ရာ၏၊ ချီးမြှင့်ခြင်းငှါ ထိုက်သော သူကို ချီးမြှင့်ရာ၏ဟု ဟောတော်မူအပ်၏။

ဘန္တေ နာဂသေန ဘာသိတမ္ပေတံ ဘဂဝတာ၊
အဟိံသယံ ပရံ လောကေ၊ပိယော ဟောဟိသိ မာမကောတိ။
ပုန စ ဘဏိတံ နိဂ္ဂဏှေ နိဂ္ဂဟာရဟံ၊ပဂ္ဂဏှေ ပဂ္ဂဟာရဟန္တိ။

ဟူသည်တည်း။

ဘန္တေ နာဂသေန၊ ရှင်နာဂသေနမထေရ်။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ လောကေ၊ လောက၌။ ပရံ၊ သူတပါးကို။ အဟိံသယံ အဟိံသယန္တော၊ မညှဉ်းဆဲ တတ်သောသူကို။ ပရံပရေန၊ သူတပါး

သည်။ပိယော၊ချစ်အပ်သည်။ဟောဟိသိ။ဖြစ်လတ္တံ့။မာမကော၊ မြတ်နိုး အပ်သည်။ဟောဟိသိ၊ဖြစ်သတ္တံ့။ဆုတိ၊ဤသို့ဖော်ပို၊ ဤစကားကိုလည်း။ ဘာသိတံ၊ ဟောတော်မူအပ်၏။ ။ပုနစ၊ တဘန်လည်း။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ နိဂ္ဂဟာရဟံ၊ နှိပ်စက်ခြင်းငှါ ထိုက်သောသူကို။ နိဂ္ဂဏှေ၊ နှိပ်စက်ရာ၏။ ပဂ္ဂဟာရဟံ၊ ချီးမြှင့်ခြင်းငှါ ထိုက်သော သူကို။ ပဂ္ဂဏှေ၊ ချီးမြှင့်ရာ၏။ ဣတိ၊ ဤသို့။ ဘဏိတံ၊ ဆိုအပ်၏။

အရှင်ဘုရား၊ နှိပ်စက်ခြင်းမည်သည်ကား လက်ခြေကို ဖြတ်ခြင်း, သတ်ခြင်း, နှောင်ဖွဲ့ခြင်း, ကမ္မကာရဏာကို ပြုခြင်း, သေစိမ့် သောငှါ ဇီဝိတိန္ဒြေအစဉ်ကို ဖျက်ဆီးခြင်းတည်း၊ ဤအလုံးစုံသော အမှုသည် ဘုရားရှင်အား မလျောက်ပတ်ပါတကား၊ နှိပ်စက်ခြင်းငှါ ထိုက်သော သူကို နှိပ်စက်ရာ၏ ဟူသော ဤစကားကိုလည်း ဘုရားရှင်သည် မိန့် တော်မူအံ့သောငှါ ယုတ္တိမရှိပါတကား၊ အရှင်ဘုရား၊ အကယ်၍ဘုရား ရှင်သည် လောက၌ သူတပါးအား မညှဉ်းဆဲသောသူကို ချစ်မြတ်နိုး အပ်၏ဟူသော စကားသည် မှန်အံ့၊ ထိုသို့တပြီးကား နှိပ်စက်ခြင်းငှါ ထိုက်သောသူကို နှိပ်စက်ရာ၏၊ ချီးမြှောက်ခြင်းငှါထိုက်သောသူကို ချီး မြှောက်ရာ၏ဟု ဟောတော်မူအပ်သော အကြွင်းစကားသည်ရှိ၏၊ ထိုစကားသည် မှားရာ၏။ ။(ဤလည်းတစွန်းထွက်သည်။)

အကယ်၍ ဘုရားရှင်သည် နှိပ်စက်ခြင်းငှါထိုက်သောသူကို နှိပ်စက် ရာ၏၊ ချီးမြှင့်ခြင်းငှါထိုက်သောသူကို ချီးမြှင့်ရာ၏ဟု ဟောတော်မူအပ် သောအကြွင်းစကားသည် မှန်အံ့၊ ထိုသို့တပြီးကား လောက၌သူတပါး အား မညှဉ်းဆဲသောသူကို ချစ်မြတ်နိုးအပ်၏ဟု အကြွင်းစကားသည် ရှိ၏၊ ထိုစကားသည် မှားရာ၏။ ။(ဤလည်းတစွန်းထွက်သည်။)

နှစ်ဘက်အစွန်းထွက်သောဤပြဿနာသည်အရှင်ဘုရားအားရောက် ၏၊ ထိုပြဿနာကိုအရှင်ဘုရားသည် ဖြေမိန့်ပါစေလော့ဟုဆိုသော်—

မင်းကြီး၊ ဘုရားရှင်သည် လောက၌ သူတပါးအား မညှဉ်းဆဲသော သူကို ချစ်မြတ်နိုးအပ်၏ဟု ဟောတော် မူအပ်သည်လည်း မှန်၏၊ နှိပ် စက်ခြင်းငှါထိုက်သောသူကို နှိပ်စက်ရာ၏၊ ချီးမြှင့်ခြင်းငှါထိုက်သောသူ ကိုချီးမြှင့်ရာ၏ဟု ဟောတော်မူအပ်သည်လည်း မှန်၏၊ မင်းကြီး၊ မှန် ကြောင်းကား လောက၌ သူတပါးအား မညှဉ်းဆဲသောသူကို ချစ်

မြတ်နိုးအပ်၏ဟု ဟောတော်မူအပ်သောစကားတော်သည် လာခြင်းကောင်းသော ခပ်သိမ်းသောဘုရားရှင်တို့၏ အလိုတော်တည်း၊ ဤစကားတော်သည် အစဉ်အတိုင်း ဆုံးမတော်မူအပ်သော တရားဒေသနာတော်တည်း၊ မင်းကြီး၊ ထိုစကားသည် မှန်၏၊ တရားတော်သည် သူတပါးကို မညှဉ်းဆဲခြင်းလက္ခဏာရှိ၏၊ဤစကားတော်သည်သဘောအတိုင်း ဟုတ်မှန်သောလက္ခဏာတော်တည်း။ ။မင်းကြီး၊ နှိပ်စက်ခြင်းငှါ ထိုက်သောသူကို နှိပ်စက်ရာ၏၊ ချီးမြှင့်ခြင်းငှါထိုက်သောသူကို ချီးမြှင့်ရာ၏ဟု အကြင်စကားတော်ကို ဟောတော်မူအပ်၏၊ ထိုစကားတော်၏အရသည်ကား မင်းကြီး၊ မြင့်သောစိတ်ကို နှိပ်အပ်၏၊ တွန့်တိုသောစိတ်ကိုချီးမြှင့်အပ်၏၊ အကုသိုလ်စိတ်ကိုနှိပ်အပ်၏၊ ကုသိုလ်စိတ်ကို ချီးမြှင့်အပ်၏၊ မသင့်သောနှလုံးသွင်းခြင်းကို နှိပ်အပ်၏၊ အသင့်အားဖြင့် နှလုံးသွင်းခြင်းကို ချီးမြှင့်အပ်၏၊ မှားသော အကျင့်ရှိသောသူကို နှိပ်အပ်၏၊ ကောင်းသောအကျင့်ရှိသောသူကို ချီးမြှင့်အပ်၏၊သူတော်ကောင်းမဟုတ်သည်ကိုနှိပ်အပ်၏၊ သူတော်ကောင်းကို ချီးမြှင့်အပ်၏၊ ခိုးသူကိုနှိပ်စက်အပ်၏၊ ခိုးသူမဟုတ်သောသူကို ချီးမြှင့်အပ်၏ဟု ဆိုသော် မိလိန္ဒမင်းသည် ထိုစကားကိုဘိစိး၍ ဆိုပြန်လိုသည်ဖြစ်၍—

အရှင်ဘုရား၊ ထိုသို့ဖြစ်တန်စေဦး၊ဤအခါ အရှင်ဘုရားသည် တကာတော်၏အယူသို့ နောက်လိုက်ပြန်သည်ဖြစ်၏တကား၊ အကြင်စကားကို တကာတော်မေးပါ၏၊ ထိုအနက်အဓိပ္ပါယ်သည် တကာတော်အယူသို့ ရောက်ပြန်၏တကား၊ အရှင်ဘုရား၊ ရောက်ကြောင်းလည်း ခိုးသူကို နှိပ်စက်သောသူသည် အဘယ်သို့ နှိပ်စက်အပ်သနည်းဟု ဆိုသော် နာဂသေနမထေရ်သည် မင်းကြီး၊ နှိပ်စက်အပ်သောခိုးသူကို နှိပ်စက်အပ်၏၊ ဆဲရေးအပ်သောခိုးသူကို ဆဲရေးအပ်၏၊ ဒဏ်ပေးထိုက်သောခိုးသူကို ဒဏ်ပေးအပ်၏၊ နိုင်ငံမှ နှင်ထုတ်အပ်သော ခိုးသူကိုနှင်ထုတ်အပ်၏၊ နှောင်ဖွဲ့အပ်သော ခိုးသူကိုနှောင်ဖွဲ့အပ်၏၊ သတ်အပ်သောခိုးသူကို သတ်အပ်၏ဟု စကားကိုသွေးငင်လိုက်လျော၍ ဆိုပြန်လျှင် အရှင်ဘုရား၊ ခိုးသူတို့ကိုသတ် ညှဉ်းဆဲခြင်းသည် လာခြင်းကောင်းသော ဘုရားရှင်တို့၏အယူဝါဒအလိုတော်လောဟုဆိုသော် မင်းကြီး၊ထိုခိုးသူတို့ကို သတ်ညှဉ်းဆဲခြင်းသည် ဘုရားရှင်တို့၏အယူဝါဒ အလိုတော် မဟုတ်ဟု ဆိုပြန်လျှင် အရှင်ဘုရား၊ ဘုရားရှင်တို့ အလိုတော်သည်

အဘယ်သို့လျှင် ခိုးသူတို့ကို ဆုံးမစီရင်အပ်သနည်းဟု ဆိုပြန်သော် မင်းကြီး၊ အကြင်ခိုးသူကို သတ်အပ်၏ဟူသော စကားသည်ရှိ၏၊ ထိုခိုးသူကိုသတ်ခြင်းသည်လာခြင်းကောင်းသော ဘုရားရှင်တို့၏ အလိုတော် မဟုတ်၊ ထိုခိုးသူကိုသတ်ခြင်းသည်မိမိပြုအပ်သော အမှုကြောင့်သာ ဖြစ်လေ၏၊ စင်စစ်သော် တရားနှင့်လျော်သော ဆုံးမခြင်းကိုသာလျှင် ဆုံးမအပ်၏။

မင်းကြီး၊ အကြောင်းမရှိအပြစ်မရှိသော ယောကျ်ားသည် ခရီးသွားသည်ကို ဘမ်းဆီး၍ အလိုအားဖြင့်သတ်ခြင်းငှါ တတ်ကောင်းအံ့လောဟုဆိုသော် အရှင်ဘုရား၊ အပြစ်မရှိသော သူကိုသတ်ခြင်းငှါ မတတ်ကောင်းချေဟုဆို၏၊ မင်းကြီး၊ အဘယ့်ကြောင့်နည်းဟု ဆိုပြန်လျှင် အရှင်ဘုရား၊ အပြစ်မရှိသည်ဖြစ်၍ ကြဉ်ရှောင် စောင့်ရှောက်အပ်သောသူဖြစ်သောကြောင့်တည်းဟုဆိုသော် မင်းကြီး၊ ထိုကဲ့သို့ ခိုးသူကိုလာခြင်းကောင်းသော ဘုရားရှင်တို့သည် သတ်တော် မမူအပ်၊ မိမိပြုအပ်သောအမှုကြောင့်သာ ခိုးသူသည်သတ်အပ်သောသူဖြစ်သည်၊ ဤစကား၌ အစဉ်အတိုင်း ဆုံးမတတ်သော ဘုရားရှင်သည် တစုံတခုသောအပြစ်တင်ဘွယ်သို့ ရောက်ရာသလောဟုဆိုသော် အရှင်ဘုရား၊ ဘုရားရှင်အားအပြစ်တင်ဘွယ်မရောက်ချေဟုဆိုလျှင် ထိုသို့ဖြစ်သော် မင်းကြီး၊ လာခြင်းကောင်းသောဘုရားရှင်တို့၏ အဆုံးအမတော်သည် ကောင်းသော အဆုံးအမတော်သာ ဖြစ်ပေ၏ဟုဆိုလျှင် အရှင်ဘုရား၊ တကာတော် ထိုစကားကိုအရှင်ဘုရားဆိုတိုင်းဝန်ခံပါ၏ဟု ဝန်ခံလေ၏။

(အဓိပ္ပါယ်ကား ခိုးသူတို့ကိုသတ်အပ် နှောင်ဖွဲ့အပ်သည်ဟု ဆိုအပ်သောစကားသည် စင်စစ်သတ်အပ်သောသူဟူ၍ဘုရားရှင်တို့အယူတော်မရှိ၊ မိမိတို့ဝန်၏အမှုကြောင့်သာ သတ်အပ် နှောင်ဖွဲ့အပ်သည်ဟုဆိုလိုသည်ဟူလိုသော်။ ။ဤကားစကားချပ်။)

အဟိံသာနိဂ္ဂဟပဉှာပြီး၏။

---

## ၁၁၆။ ဘိက္ခုပရိဏာမိတပဉှာ

**ဒေါသစိတ်ဖြင့်မနှင်**······မိလိန္ဒမင်းသည် အရှင်ဘုရား၊ ဘုရားရှင်သည် အမျက်ဒေါသ ရှိတော်မမူ၊ နှလုံး တံသင်းကင်းတော်မူ၏ဟု ဟောတော်မူ၏၊ တဘန်လည်း လာခြင်း

ကောင်းသော ဘုရားရှင်သည်· ပရိသတ်နှင့်တကွ ရှင်သာရိပုတ္တရာ ရှင်မောဂ္ဂလာန်တို့ကို နှုတ်ဆက်တော်မူသော စကားလည်းရှိခဲ့၏တကား။

ဘဂ္ဂဝါ နာဂသေန ဘာသိတမ္မွတံ ဘဂဝတာ အကော ဓနော ဝိဂတဝိလော ဟာ မသ္တိတိ။ ။ပုန စ တထာဂတော ထေရေသာရိပုတ္တ မောဂ္ဂလာနေ သ ပရိသေ ပဏာမေသိ။ ။

ဟူသည်တည်း။

ဘဂ္ဂဝါနာဂသေန၊ ရှင်နာဂသေနမထေရ်။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ အဟံ၊ ငါဘုရားသည်ကား။ အကောဓနော၊ အမျက်ဒေါသမရှိသည်။ ဝိဂတဝိလော၊ နှလုံးတံသင်းကင်းသည်။ အသ္တိ၊ ဖြစ်တော်မူ၏။ ဣတိ၊ ဤသို့။ ဝုတ်ံပိ၊ ဤစကားကိုလည်း။ ဘာသိတံ၊ ဟောတော်မူအပ်၏။ ပုန စ၊ တဖန်လည်း။ တထာဂတော၊ မြတ်စွာဘုရားသည်။ သာရိပုတ္တမောဂ္ဂလာနေ၊ သာရိပုတ္တရာ- မောဂ္ဂလာန်ဟုဆိုအပ်ကုန်သော။ သပရိသေ၊ ပရိသတ်နှင့်တကွကုန်သော။ ထေရေ၊ မထေရ်တို့ကို။ ပဏာမေသိ၊ နှင်ထုတ်တော်မူခဲ့၏တကား။

အရှင်ဘုရား၊ အသို့နည်း၊ လာခြင်းငှါကောင်းသော ဘုရားရှင်သည် အမျက်ဒေါသရှိ၍ ပရိသတ်ကို နှင်ထုတ်တော် မူလေသလော၊ ထိုသို့ မဟုတ် နှစ်သက်တော်မူလျက်နှင်ထုတ်တော်မူသလော၊ထိုအကြောင်းကို ဤမည်သောအကြောင်းကြောင့် နှင်ထုတ်တော်မူ၏ဟု အရှင်ဘုရားသည် တကာတော်ကိုသိပါစေလော့။ ။အရှင်ဘုရား၊ အကယ်၍ ဘုရားရှင် သည်သူတပါးအားအမျက်တော်ရှိ၍ နှင်ထုတ်သည်မှန်အံ့၊ ထိုသို့တပြီးကား လာခြင်းကောင်းသော ဘုရားရှင်အား ဒေါသကို ပယ်တော်မမူသည် ဖြစ်ရာ၏။ ။(ဤလည်းတစွန်းထွက်သည်။)

အကယ်၍ နှစ်သက်တော်မူလျက် နှင်ထုတ်တော်မူသည်မှန်အံ့၊ထိုသို့တပြီးကား အကြောင်းအရာ မရှိရာ၌ သိတော်မမူသဖြင့် နှင်ထုတ်တော်မူသည်ဖြစ်ရာ၏။ ။(ဤလည်းတစွန်းထွက်သည်။)

နှစ်ဘက်အစွန်းထွက်သောဤပြဿနာသည်အရှင်ဘုရားအားရောက် ၏၊ထိုပြဿနာကိုအရှင်ဘုရားသည် ဖြေ့မ်းပါစေလော့ဟုဆိုသော်-

မင်းကြီး၊ ဘုရားရှင်သည် ငါဘုရားအား အမျက်ဒေါသမရှိ၊နှလုံးတံသင်းကင်းတော်မူသည်လည်း မှန်၏၊ ရှင်သာရိပုတ္တရာ ရှင်မောဂ္ဂလာန်တို့ကို ပရိသတ်နှင့်တကွ နှင်တော်မူအပ်သည်လည်းမှန်၏၊ထိုသို့နှင်တော်မူခြင်းသည် အမျက်ဒေါသဖြင့် နှင်တော်မမူ၊မင်းကြီး၊ဥပမာသော်ကား တစုံတယောက်သော ယောကျ်ားသည် မြေကြီးထက်သစ်မြစ်၌ရင်း,သစ်ငုပ်၌ရင်း, အိုးခြမ်းကျောက်စရစ်၌ရင်း, မညီမညွတ်သော မြေစရစ်တို့၌ရင်း,ချော်၍လည်းလဲအံ့၊ မင်းကြီး၊ စင်စစ် မြေကြီးသည် အမျက်ဒေါသရှိသောကြောင့် လည်းလေသလောဟုဆိုသော်အရှင်ဘုရား၊ မြေကြီးအား အမျက်ဒေါသသည်ရင်း, ဝမ်းသာရွှင်ပျကြည်ညိုခြင်းသည်ရင်းမရှိချေ၊မြေကြီးသည်ရာဂဖြင့်ချစ်ခင်သနားခြင်း, အမျက်ထွက်ခြင်းမှကင်း၏၊ ထိုယောကျ်ားသည် မိမိအလိုလို အမှတ်သညာမရှိသဖြင့် ချော်၍ လည်း၏ဟုဆိုသော် မင်းကြီး၊ ထို့အတူဘုရားရှင်အား အမျက်ဒေါသမှုရင်း, ဝမ်းမြောက်ကြည်လင်ခြင်းမှုရင်း,ချစ်ခြင်းမုန်းထားခြင်းမှုရင်း ကင်းတော်မူ၏၊စင်စစ်သော်ကား မိမိတို့ပြုသောအမှုသည်သာလျှင် ထိုသူတို့ကို နှင်ထုတ်သည်ဖြစ်၏။

မင်းကြီး၊ဥပမာသော်ကား မဟာသမုဒ္ဒရာသည် သေသောအကောင်ပုပ်နှင့်အတူမနေ၊ မဟာသမုဒ္ဒရာ၌ အကြင်အကောင်ပုပ်သည်ရှိ၏၊ ထိုအကောင်ပုပ်ကို မဟာသမုဒ္ဒရာသည် ကြည်းကုန်းထက်သို့ လွှင့်လိုက်တင်လိုက်၏၊မင်းကြီး၊စင်စစ်သော်ကား မဟာသမုဒ္ဒရာသည် အမျက်ထွက်သည်ဖြစ်၍ အကောင်ပုပ်ကို လွှင့်လိုက်လေသလောဟုဆိုသော်အရှင်ဘုရား၊ မဟုတ်ပချေဟုဆိုလျှင် မင်းကြီး၊ မဟာသမုဒ္ဒရာသည်အမျက်ဒေါသထွက်ခြင်း, ဝမ်းသာရွှင်ပျခြင်း မရှိသကဲ့သို့ ချစ်ခြင်းမုန်းခြင်းမှ လွတ်သကဲ့သို့ ထို့အတူ မင်းကြီး၊ လာခြင်းကောင်းသောဘုရားရှင်တို့အား အမျက်ထွက်ခြင်း, ဝမ်းသာရွှင်ပျခြင်းမရှိ၊ ချစ်ခြင်းမုန်းထားခြင်းမှ လွတ်တော်မူ၏၊ မင်းကြီး၊စင်စစ်သဖြင့်ကား ထိုရဟန်းတို့ကို မိမိတို့သည် ပြုအပ်သောအမှုကြောင့် မိမိတို့အပြစ်ကြောင့်နှင်တော်မူအပ်၏၊ မင်းကြီး၊ ဥပမာသော်ကား မြေကြီးထက်၌ ချော်၍လည်းသကဲ့သို့ ထို့အတူ ဘုရားရှင်၊သာသနာတော်၌ ချော်သောသူကိုနှင်ထုတ်တော်မူအပ်၏၊မင်းကြီး၊ဥပမာသော်ကား မဟာသမုဒ္ဒရာသည်

သေသောအကောင်ပုပ်ကို နှိပ်လိုက်သကဲ့သို့ ထို့အတူ ဘုရားရှင် သာသနာတော်မြတ်၌ ချော်သောပုဂ္ဂိုလ်ကို နှင်ထုတ်တော်မူအပ်၏၊ မင်းကြီး၊ လာခြင်းကောင်းသော ဘုရားရှင်သည် အကြင်ပုဂ္ဂိုလ်ကို နှင်ထုတ်တော်မူ၏၊ အကျိုးကိုအလိုရှိတော်မူ၏၊ အစီးအပွါးကို အလိုရှိတော်မူ၏၊ ထိုပုဂ္ဂိုလ်တို့ကို ဤသို့ နှင်ထုတ်လိုက်အပ်သည်ရှိသော် ဇာတိ, ဇရာ, ဗျာဓိ,မရဏ,တရားတို့မှ လွတ်ကုန်လတ္တံ့ဟု စင်ကြယ်ခြင်းကို အလိုရှိ၍ နှင်ထုတ်တော်မူ၏ဟုဆိုသော် အရှင်ဘုရား၊ ကောင်းစွာ၍စကားကို တကာတော်ဝန်ခံပါ၏ဟု ဝန်ခံလေ၏။

ဘိက္ခုပရိဏာမိတပဉှာပြီး၏။

ပရိဏာမိတဝဂ္ဂေါ တတိယော။ ။ဇာမသိမ္ဘိဝဂ္ဂေဋ္ဌါဒသပဉှာ။

---

## ၁၁၇။ ဣဒ္ဓိယာကမ္မဝိပါကပဉှာ

**မောဂ္ဂလာန်သော်မှ လောက်လေးမှန်သေး၏…မိလိန္ဒမင်းသည် အရှင်ဘုရား၊**

ဘုရားရှင်သည် ချစ်သားရဟန်းတို့၊ ငါ၏တပည့်သား တန်ခိုးနှင့် ပြည့်စုံကုန်သော သူတို့တွင် အကြင်မောဂ္ဂလာန်သည်ရှိ၏၊ ဤမောဂ္ဂလာန်သည် မြတ်၏ဟုဧတဒဂ်ထားတော်မူ၏၊တဘန်လည်း ထိုရှင်မောဂ္ဂလာန်ကို လောက်လေးတို့ဖြင့် ပစ်ခတ်အပ်သည်ဖြစ်၍ ကွဲသောဦးခေါင်း ရှိလျက် မုန့်မုန့်ညက်ညက် အရိုး အသား အကြော ကြေသော ကိုယ်တော်ရှိ၍ ပရိနိဗ္ဗာန်ပြု၏ဟု ကြားရ၏တကား။

> ဘန္တေနာဂသေန ဘာသိတမ္ပေတံ ဘဂဝတာ ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ဣဒ္ဓိ မန္တာနံ ယဒိဒံ မဟာ မောဂ္ဂလာနောတိ။ ။ပုန စ ကိရ သော လဂုဠေဟိ ပရိပေါထိတော ဘိန္နသီသော သံစုဏ္ဏိတဋ္ဌိမံသ ဓမနိဆိန္နပရိဂတ္တော ပရိနိဗ္ဗုတောတိ။ ။ဟူသည်တည်း။

ဘန္တေနာဂသေန၊ရှင်နာဂသေနမထေရ်။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ဘိက္ခဝေ၊ရဟန်းတို့။မမ၊ငါ၏။ သာဝကာနံ၊တပည့်ဖြစ်ကုန်သော။ ဣဒ္ဓိမန္တာနံ၊တန်ခိုးနှင့်ပြည့်စုံကုန်သော။ ဘိက္ခူနံ၊ ရဟန်းတို့တွင်။ယဒိဒံ ယံဣဒံ ယောအယံဧသောမောဂ္ဂလာနော၊ အကြင်မောဂ္ဂလာန်သည်။

အတ္ထိ၊ ရှိ၏။ ဇေတံဝေသော မောဂ္ဂလာနေ၊ ဤမောဂ္ဂလာန်သည်။ အင်္ဂ အင်္ဂေ၊ မြတ်၏။ ဥုတိ၊ ဤသို့။ ဇေတံပိ၊ ဤစကားကိုလည်း။ ဘာသိတံ၊ ဟောတော်မူအပ်၏။ ပုန စ၊ တဘန်လည်း။ သော၊ ထိုမောဂ္ဂလာန်သည်။ လဂုဠေဟိ၊ လောက်လေးတို့ဖြင့်။ ပရိပေါထိတော၊ ပစ်ခတ် အပ်သည်ဖြစ်၍။ ဘိန္န သီသော၊ ကွဲသောဦးခေါင်းရှိသည်ဖြစ်၍။ သံစုဏ္ဏိတ ဋ္ဌိမံသဓမနိသိန္နပရိကတ္တော၊ မုန့်မုန့်ညက်ညက် အရိုး အသား အကြော ကြေပြတ်သော ကိုယ်ရှိသည်ဖြစ်၍။ ပရိနိဗ္ဗုတောကိရ၊ ပရိနိဗ္ဗာန်ပြုတော်မူသတတ်။

အရှင်ဘုရား၊ အကယ်၍ ရှင်မောဂ္ဂလာန် မထေရ်သည် တန်ခိုး၏အစွမ်းနှင့်ပြည့်စုံသည်မှန်အံ့၊ ထိုသို့တပြီးကား လောက်လေးတို့ဖြင့် ပစ်အပ်သည်ဖြစ်၍ ပရိနိဗ္ဗာန်ပြုတော်မူ၏ဟူသော အကြင်စကားသည်ရှိ၏၊ ထိုစကားသည် မှားရာ၏။ ။(ဤလည်းတစွန်းထွက်သည်။)

အကယ်၍ လောက်လေးတို့ဖြင့် ပစ်အပ်သည် ဖြစ်၍ ပရိနိဗ္ဗာန်ပြုတော်မူရ၏ဟူသောစကားသည် မှန်အံ့၊ ထိုသို့တပြီးကား ရှင်မောဂ္ဂလာန်သည် တန်ခိုးအစွမ်းနှင့်ပြည့်စုံ၏ဟူသောအကြင်စကားသည်ရှိ၏၊ ထိုစကားသည် မှားရာ၏။ ။အရှင်ဘုရား၊ အရှင်မောဂ္ဂလာန်သည် မိမိ၏တန်ခိုးအာနုဘော်ဖြင့် သတ်ခြင်းကို ပယ်ရှောင်အံ့သောငှါ အဘယ့်ကြောင့် မစွမ်းနိုင်လေသနည်း၊ နတ်နှင့်တကွသောလူအပေါင်းတို့၏ ကိုးကွယ်ဆောက်တည်ရာဖြစ်ခြင်းငှါ စွမ်းနိုင်တော်မူ၏တကား။ ။(ဤလည်း တစွန်းထွက်သည်။)

နှစ်ဘက်အစွန်းထွက်သောဤပြဿနာသည်အရှင်ဘုရားအား ရောက်၏၊ အရှင်ဘုရားသည် ထိုပြဿနာကိုဖြေမိန့်ပါစေလော့ဟု ဆိုသော်—

မင်းကြီး၊ ဘုရားရှင်သည် ချစ်သား ရဟန်းတို့၊ ငါ၏တပည့် တန်ခိုးအာနုဘော်နှင့်ပြည့်စုံသောရဟန်းအပေါင်းတို့တွင် အကြင်မောဂ္ဂလာန်သည်မြတ်၏ဟု ဇေတဒဂ်ထားတော်မူသည်လည်း မှန်၏၊ ရှင်မောဂ္ဂလာန်မထေရ်ကို လောက်လေးဖြင့် ပစ်အပ်သည်ဖြစ်၍ ပရိနိဗ္ဗာန်ပြု အပ်သည်လည်းမှန်၏၊ မင်းကြီး၊ မှန်ကြောင်းကား ထိုရှင်မောဂ္ဂလာန် မထေရ်ကို အကုသိုလ် နှိပ်စက်အပ်လေသောကြောင့်တည်းဟု ဆို သော် အရှင်ဘုရား၊ တန်ခိုးနှင့်ပြည့်စုံသောသူ၏ တန်ခိုး၏အရာသည်၎င်း,

ကံ၏အကျိုးဆက်သည်ရင်း, နှစ်ဖါးသောအစိန္တေယျဖြစ်ကြကုန်၏၊ ထို နှစ်ပါးတို့တွင် တန်ခိုးတည်းဟူသော အစိန္တေယျဖြင့် ကံအကျိုးတည်း ဟူသောအစိန္တေယျကို ပယ်ရှောင်နိုင်ကောင်းပါသည်မဟုတ်လောဟု ဆို၍ အရှင်ဘုရား၊ ဥပမာအားဖြင့်ဆိုသော် သီးသီးကိုလိုသောသူသည် သီးသီးဖြင့် သီးသီးကို ပစ်ချလေကုန်သကဲ့သို့,သရက်သီးကိုလိုသောသူ သည် သရက်သီးဖြင့် သရက်သီးကိုပစ်ချရိုက်ခတ်လေကုန်သကဲ့သို့ ထို့ အတူ အရှင်ဘုရား၊အစိန္တေယျတပါးဖြင့် အစိန္တေယျတပါးကို ရိုက်ခတ် ရှောင်လွှဲ၍ ဆောင်အပ်ပါသည် မဟုတ်လေလောဟု ဆိုပြန်သော် မင်းကြီး၊ တရသော ကမ္မဝိပါကအစိန္တေယျတပါးသည် လွန်စွာအထူး သဖြင့်အားကြီး၏၊ မင်းကြီး၊ ဥပမာသော်ကား မြေကြီးထက်၌ တူမျှ သော အမျိုးအဆွေရှိကုန်သော လူတို့တွင် အမိုးရသောမင်းတို့သည် ဖြစ်ကုန်၏၊ထိုမျှသော သူအပေါင်းတို့တွင် တယောက်သာလျှင် ခပ်သိမ်း သော သူအပေါင်းတို့ကိုနှိပ်၍ အာဏာကိုဖြစ်စေသကဲ့သို့ ထို့အတူ ထို နှစ်ပါးသော ဣဒ္ဓိအစိန္တေယျ,ကမ္မဝိပါကအစိန္တေယျတို့တွင် ကမ္မဝိပါက အစိန္တေယျ သာလျှင် လွန်စွာအထူးသဖြင့် အားကြီး၏၊ ကမ္မဝိပါက အစိန္တေယျသာလျှင် အလုံးစုံသောသူတို့ကို နှိပ်စက်၍ အာဏာကို ဖြစ် စေတတ်၏၊ ကံနှိပ်စက်သောပုဂ္ဂိုလ်အား ကြွင်းသောအမှုအရာတို့သည် အခွင့်ကို ရကုန်၊ မင်းကြီး၊ ဤလောက၌ တစုံတယောက်သော ယောကျ်ားသည် တစုံတခုသောပြစ်မှုကိုပြု၍ ချွတ်ယွင်း၏၊ ထိုချွတ် ယွင်းသောယောကျ်ား၏ မိခင်ဘခင်အကို ညီသား သဘောတူ အဆွေ ခင်ပွန်းတို့သည် မတတ်နိုင် ကုန်ရာ၊ စင်စစ်သော်ကား ထိုအခါ မင်းသာ လျှင် လွန်စွာသော အာဏာကိုဖြစ်စေနိုင်၏၊ အဘယ့်ကြောင့်နည်း ဟူမူကား မင်းအား ပြစ်မှားမိသောအကြောင်းကြောင့်ဖြစ်လေသကဲ့သို့ ထို့အတူ အစိန္တေယျနှစ်ပါးတို့တွင် ကမ္မဝိပါကအစိန္တေယျသာလျှင် လွန်စွာအထူးသဖြင့် အားကြီး၏၊ကမ္မဝိပါကအစိန္တေယျသာလျှင် အလုံး စုံတို့ကိုနှိပ်စက်၍ အာဏာကိုဖြစ်စေနိုင်၏၊ကံနှိပ်စက်သောပုဂ္ဂိုလ်အား ကြွင်းသောအမှုအရာတို့သည် အခွင့်ကိုမရနိုင်ကုန်။

မင်းကြီး၊ ဥပမာသော်ကား မြေကြီးထက်၌ တောမီးလောင်၍ ကောင်းစွာ ထက်လတ်သော် အရာအထောင်မျှသော အိုးတို့ဖြင့် ခပ်ယူအပ်သော ရေသည် ငြိမ်းစိမ့်သော၄ါ မတတ်နိုင်ရာသကဲ့သို့

ထိုအခါ ထိုတောမီးသာလျှင် နှိပ်စက်၍မလောင်ခြင်းအာဏာကိုဖြစ်စေနိုင်၏၊အဘယ့်ကြောင့်နည်းဟူမူကား ထိုလောင်သောကာလ မီး၏သာလျှင် ထိုအခါ အားကြီးလေသည်၏အဖြစ်သည် ဖြစ်သကဲ့သို့ မင်းကြီး၊ ထို့အတူ ထိုအစိန္တေယျနှစ်ပါးတို့တွင် ကမ္မဝိပါကအစိန္တေယျ သာလျှင် လွန်စွာအားကြီး၏၊ ကမ္မဝိပါက အစိန္တေယျသာလျှင် ခပ်သိမ်းသော ပုဂ္ဂိုလ်တို့အားနှိပ်စက်၍ အာဏာကို ဖြစ်စေတတ်၏၊ ကံနှိပ်စက်သော ပုဂ္ဂိုလ်အား ကြွင်းသောအမှုအရာတို့သည် အခွင့်ကို မရနိုင်ကုန်၊ ထို့ကြောင့် လောက်လေးတို့ဖြင့် ပစ်ခတ်ခြင်းရှိသော နှိပ်စက်ခြင်းရှိသော ရှင်မဟာမောဂ္ဂလာန်အား တန်ခိုးဖြင့်ကောင်းစွာ ပယ်ရှောင်ခြင်းသည် မဖြစ်နိုင်ချေဟုဆိုသော် အရှင်ဘုရား၊ ဤစကားကိုတကာတော်ကောင်း ပြီဟု ဝန်ခံပါ၏ဟုဆို၍ ဝန်ခံလေ၏။

ဇုဒ္ဒိယဝဂ်ကမ္မဝိပါကပဉှာပြီး၏။

---

## ၁၁၈။ ဓမ္မဝိနယာနံပဋိစ္ဆန္နာပဋိစ္ဆန္နပဉှာ

**သုံးဖြာပိဋကတ်**······မိလိန္ဒမင်းသည် အရှင်ဘုရား၊ ဘုရားရှင်သည် ချစ်သားရဟန်းတို့၊ လာခြင်း ကောင်းသော ငါဘုရားသည် ဟောတော်မူအပ်သော သုတ္တန်,အဘိဓမ္မာ,ဝိနည်းတရားတော်သည် ဟင်းလင်းပွင့်သော် တင့်တယ်၏၊ ဖုံးလွှမ်းသည်ရှိသော် မထွန်းမပ မတင့်တယ်ဟု မိန့်တော်မူအပ်၏။ ။တဘန်လည်း ပါတိမောက်ကိုပြခြင်း၌ စင်စစ်လျှင် ဝိနည်းပိဋကတ်ကို ပိတ်အပ်၏၊ဖုံးလွှမ်းအပ်၏ဟု ဟောတော်မူပြန်ခဲ့သည်တကား။

> ဘန္တေနာဂသေန ဘာသိတမ္ပေတံ ဘဂဝတာ၊တထာဂတပ္ပဝေဒိတော ဘိက္ခဝေ ဓမ္မဝိနယော ဝိဝဋော ဝိရောစတိ၊ နော ပဋိစ္ဆန္နောတိ။ ။ပုနစပရံ ပါတိမောက္ခုဒ္ဒေသော ကေဝလဉ္စ ဝိနယ ပိဋကံ ပိဟိတံ ပဋိစ္ဆန္နံ။ ။ဟူသည်တည်း။

ဘန္တေနာဂသေန၊ရှင်နာဂသေနမထေရ်။ဘဂဝတာ၊ မြတ်စွာဘုရားသည်။ဘိက္ခဝေ၊ရဟန်းတို့။ တထာဂတပ္ပဝေဒိတော၊ ကောင်းသော လာခြင်းရှိသော ငါဘုရားသည် ဟောတော်မူအပ်သော။ ဓမ္မဝိနယော၊ သုတ်အဘိဓမ္မာဝိနည်းတရားသည်။ ဝိဝဋော၊ ဟင်းလင်းပွင့်သော်။

ဝိရောစတိ၊ တင့်တယ်၏။ ပဋိစ္ဆန္နော၊ ပိတ်ပင်ဖုံးလွှမ်းခဲ့သော်။ နော ဝိရောစတိ၊ မတင့်တယ်။ ဣတိ၊ ဤသို့။ တေံ ဝစနံ၊ ဤစကားကို။ ဘာသိတံ၊ ဟောတော်မူအပ်၏။ ။ပုန စ၊ တဘန်လည်း။ ပါတိမောက္ခုဒ္ဒေသော၊ ပါတိမောက်ကိုပြရာ၌။ ကေဝလန္တု၊ စင်စစ်သော်ကား။ ပရံ၊ လွန်စွာ။ ဝိနယ ပိဋကံ၊ ဝိနည်းပိဋကတ်ကို။ ပိဟိတံ၊ ပိတ်အပ်၏။ ပဋိစ္ဆန္နံ၊ ဖုံးလွှမ်းအပ်၏။ ဣတိပိ၊ ဤသို့လည်း။ ဘာသိတံ၊ ဟောတော်မူအပ်၏။

အရှင်ဘုရား၊ ဘုရားရှင်သည် သာသနာတော်၌ သင့်တင့်လျောက်ပတ်သောကာလသို့ ကျပါကုန်၏၊ ဝိနည်းပညတ်တော်သည် ဟင်းလင်းပွင့်ပါသော် တင့်တယ်ကောင်းပါ၏၊ ထို့ကြောင့် စင်စစ်လျှင် ထိုဝိနည်းသိက္ခာပုဒ်တော်၌ အကျင့်ကိုစောင့်စည်းခြင်း,မြဲခြင်း,သီလ ဂုဏ်ကျေးဇူး အကျင့်,ပညတ်,အတ္ထရသ,ဓမ္မရသ, ဝိမုတ္တိရသ,သည် ဟင်းလင်းပွင့်ပါသော် တင့်တယ်ကောင်းပါ၏တကား၊ အရှင်ဘုရား၊ အကယ်၍ ဘုရားရှင်သည် ချစ်သားရဟန်းတို့၊ ငါဘုရားသည် ဟောတော်မူအပ်သော သုတ်အဘိဓမ္မာဝိနည်းတရားသည် ဟင်းလင်းပွင့်သော် တင့်တယ်၏၊ ဖုံးလွှမ်း၍ရှိသော် မတင့်တယ်ဟုဟောတော်မူအပ်သော စကားသည် မှန်အံ့၊ ထိုသို့တပြီးကား ပါတိမောက်ကိုပြရာ၌ စင်စစ် ဝိနည်းပိဋကတ်ကို ပိတ်အပ်၏၊ ဖုံးလွှမ်းအပ်၏ဟူသော အကြင်စကားသည်ရှိ၏၊ ထိုစကားသည် မှားရာ၏။ ။(ဤလည်းတစွန်းထွက်သည်။)

အကယ်၍ ပါတိမောက်ကိုပြရာ၌ စင်စစ် ဝိနည်းပိဋကတ်ကို ပိတ်ရာ၏ ဟူသော စကားသည် မှန်အံ့၊ ထိုသို့တပြီးကား ချစ်သားရဟန်းတို့၊ လာခြင်းကောင်းသော ငါဘုရားသည် ဟောတော်မူအပ်သော သုတ္တန် အဘိဓမ္မာ ဝိနည်းတရားတော်သည် ပွင့်လင်းသည်ရှိသော် တင့်တယ်၏၊ ဖုံးလွှမ်းပိတ်ပင်သော် မတင့်တယ်ဟူသော အကြင်စကားသည်ရှိ၏၊ ထိုစကားသည်မှားရာ၏။ ။(ဤလည်းတစွန်းထွက်သည်။)

နှစ်ဘက်အစွန်းထွက်သော ဤပြဿနာသည် အရှင်ဘုရားအား ရောက်၏၊ ထိုပြဿနာကို အရှင်ဘုရားသည် ဖြေမ်းပါစေလော့ဟုဆိုသော်-

မင်းကြီး၊ ဘုရားရှင်သည် ချစ်သားရဟန်းတို့၊ လာခြင်းကောင်းသော ငါဘုရားသည် ဟောတော်မူအပ်သော သုတ္တန်,အဘိဓမ္မာ,ဝိနည်းတရားတော်သည် ဟင်းလင်းပွင့်သော် တင့်တယ်၏၊ ဖုံးလွှမ်းသော်မတင့်တယ်

ထိုအခါ ထိုတောမီးသာလျှင် နှိပ်စက်၍မလောင်ခြင်းအာဏာကိုဖြစ်စေနိုင်၏၊အဘယ့်ကြောင့်နည်းဟူမူကား ထိုလောင်သောကာလ မီး၏သာလျှင် ထိုအခါ အားကြီးလေသည်၏အဖြစ်သည် ဖြစ်သကဲ့သို့ မင်းကြီး၊ ထို့အတူ ထိုအစိမ္မေယျာနှစ်ပါးတို့တွင် ကမ္မဝိပါကအစိမ္မေယျ သာလျှင် လွန်စွာအားကြီး၏၊ ကမ္မဝိပါက အစိမ္မေယျသာလျှင် ခပ်သိမ်းသော ပုဂ္ဂိုလ်တို့အားနှိပ်စက်၍ အာဏာကို ဖြစ်စေတတ်၏၊ ကံနှိပ်စက်သော ပုဂ္ဂိုလ်အား ကြွင်းသောအမှုအရာတို့သည် အခွင့်ကို မရနိုင်ကုန်၊ ထို့ကြောင့် လောက်လေးတို့ဖြင့် ပစ်ခတ်ခြင်းရှိသော နှိပ်စက်ခြင်းရှိသော ရှင်မဟာမောဂ္ဂလာန်အား တန်ခိုးဖြင့်ကောင်းစွာ ပယ်ရှောင်ခြင်းသည် မဖြစ်နိုင်ချေဟုဆိုသော် အရှင်ဘုရား၊ ဤစကားကိုတကာတော်ကောင်း ပြီဟု ဝန်ခံပါ၏ဟုဆို၍ ဝန်ခံလေ၏။

ဣဒ္ဓိယာကမ္မဝိပါကပဉှာပြီး၏။

---

## ၁၁၈။ ဓမ္မဝိနယာနံပဋိစ္ဆန္နာပဋိစ္ဆန္နပဉှာ

**သုံးဖြာပိဋကတ်**......မိလိန္ဒမင်းသည် အရှင်ဘုရား၊ ဘုရားရှင်သည် ချစ်သား ရဟန်းတို့၊ လာခြင်း ကောင်းသော ငါဘုရားသည် ဟောတော်မူအပ်သော သုတ္တန်,အဘိဓမ္မာ,ဝိနည်းတရားတော်သည် ဟင်းလင်းပွင့်သော် တင့်တယ်၏၊ ဖုံးလွှမ်းသည်ရှိသော် မထွန်းမပ မတင့်တယ်ဟု မိန့်တော်မူအပ်၏။ ။တဘန်လည်း ပါတိမောက်ကိုပြခြင်း၌ စင်စစ်လျှင် ဝိနည်းပိဋကတ်ကို ပိတ်အပ်၏၊ဖုံးလွှမ်းအပ်၏ဟု ဟောတော်မူပြန်ခဲ့သည်တကား။

> ဘန္တေနာဂသေန ဘာသိတမ္ပေတံ ဘဂဝတာ၊တထာဂတပ္ပဝေဒိတော ဘိက္ခဝေ ဓမ္မဝိနယော ဝိဝဋော ဝိရောစတိ၊ နော ပဋိစ္ဆန္နောတိ။ ။ပုနစပရံ ပါတိမောက္ခုဒ္ဒေသေ ကေဝလဉ္စ ဝိနယ ပိဋကံ ပိဟိတံ ပဋိစ္ဆန္နံ။ ။ဟူသည်တည်း။

ဘန္တေနာဂသေန၊ရှင်နာဂသေနမထေရ်။ဘဂဝတာ၊ မြတ်စွာဘုရားသည်။ဘိက္ခဝေ၊ရဟန်းတို့။ တထာဂတပ္ပဝေဒိတော၊ ကောင်းသော လာခြင်းရှိသော ငါဘုရားသည် ဟောတော်မူအပ်သော။ ဓမ္မဝိနယော၊ သုတ်အဘိဓမ္မာဝိနည်းတရားသည်။ ဝိဝဋော၊ ဟင်းလင်းပွင့်သော်။

ဝိရောစတိ၊ တင့်တယ်၏။ ပဋိစ္ဆန္နော၊ ပိတ်ပင်ဖုံးလွှမ်းခဲ့သော်။ နော ဝိရောစတိ၊ မတင့်တယ်။ ဇာတိ၊ ဤသို့။ ဧတံဝစနံ၊ ဤစကားကို။ ဘာသိတံ၊ ဟောတော်မူအပ်၏။ ။ပုန စ၊ တဖန်လည်း။ ပါတိမောက္ခုဒ္ဒေသော၊ ပါတိမောက်ကိုပြရာ၌။ ကေဝလဉ္စ၊ စင်စစ်သော်ကား။ ပရံ၊ လွန်စွာ။ ဝိနယ ပိဋကံ၊ ဝိနည်းပိဋကတ်ကို။ ပိဟိတံ၊ ပိတ်အပ်၏။ ပဋိစ္ဆန္နံ၊ ဖုံးလွှမ်းအပ်၏။ ဇာတိပိ၊ ဤသို့လည်း။ ဘာသိတံ၊ ဟောတော်မူအပ်၏။

အရှင်ဘုရား၊ ဘုရားရှင်သည် သာသနာတော်၌ သင့်တင့်လျောက်ပတ်သောကာလသို့ ကျပါကုန်၏၊ ဝိနည်းပညတ်တော်သည် ဟင်းလင်းပွင့်ပါသော် တင့်တယ်ကောင်းပါ၏၊ ထို့ကြောင့် စင်စစ်လျှင် ထိုဝိနည်းသိက္ခာပုဒ်တော်၌ အကျင့်ကိုစောင့်စည်းခြင်း,မြဲခြင်း,သီလဂုဏ်ကျေးဇူး အကျင့်,ပညတ်,အတ္ထရသ,ဓမ္မရသ,ဝိမုတ္တိရသ,သည် ဟင်းလင်းပွင့်ပါသော် တင့်တယ်ကောင်းပါ၏တကား၊ အရှင်ဘုရား၊ အကယ်၍ ဘုရားရှင်သည် ချစ်သားရဟန်းတို့၊ ငါဘုရားသည် ဟောတော်မူအပ်သော သုတ်အဘိဓမ္မာဝိနည်းတရားသည် ဟင်းလင်းပွင့်သော် တင့်တယ်၏၊ ဖုံးလွှမ်း၍ရှိသော် မတင့်တယ်ဟုဟောတော်မူအပ်သော စကားသည် မှန်အံ့၊ ထိုသို့တပြီးကား ပါတိမောက်ကိုပြရာ၌ စင်စစ် ဝိနည်းပိဋကတ်ကို ပိတ်အပ်၏၊ ဖုံးလွှမ်းအပ်၏ဟူသော အကြင်စကားသည်ရှိ၏၊ ထိုစကားသည် မှားရာ၏။ ။(ဤလည်းတစွန်းထွက်သည်။)

အကယ်၍ ပါတိမောက်ကိုပြရာ၌ စင်စစ် ဝိနည်းပိဋကတ်ကို ပိတ်ရာ၏ ဟူသော စကားသည် မှန်အံ့၊ ထိုသို့တပြီးကား ချစ်သားရဟန်းတို့၊ လာခြင်းကောင်းသော ငါဘုရားသည် ဟောတော်မူအပ်သော သုတ္တန်အဘိဓမ္မာ ဝိနည်းတရားတော်သည် ပွင့်လင်းသည်ရှိသော် တင့်တယ်၏၊ ဖုံးလွှမ်းပိတ်ပင်သော် မတင့်တယ်ဟူသော အကြင်စကားသည်ရှိ၏၊ ထိုစကားသည်မှားရာ၏။ ။(ဤလည်းတစွန်းထွက်သည်။)

နှစ်ဘက်အစွန်းထွက်သော ဤပြဿနာသည် အရှင်ဘုရားအားရောက်၏၊ ထိုပြဿနာကို အရှင်ဘုရားသည် ဖြေမ်းပါစေလော့ဟုဆိုသော်-

မင်းကြီး၊ ဘုရားရှင်သည် ချစ်သားရဟန်းတို့၊ လာခြင်းကောင်းသော ငါဘုရားသည် ဟောတော်မူအပ်သော သုတ္တန်,အဘိဓမ္မာ,ဝိနည်းတရားတော်သည် ဟင်းလင်းပွင့်သော် တင့်တယ်၏၊ ဖုံးလွှမ်းသော်မတင့်တယ်

ဟုဟောတော်မူသည်လည်းမှန်၏၊တဘန်လည်း ပါတိမောက်ကိုပြရာ၌ စင်စစ်ပိနည်းပိဋကတ်ကို ဖုံးလွှမ်းအပ်၏ဟု ဟောတော်မူအပ်သည် လည်းမှန်၏၊ မင်းကြီး၊ မှန်ကြောင်းကား ထိုစကားကို ခပ်သိမ်းသော ရဟန်းတို့အား သိမ်းသမုတ်ခြင်းကိုပြု၍ သုံးပါးသောအကြောင်းအရာ အားဖြင့် ပိတ်အပ်၏၊ဘုရားရှင်သည် ပါတိမောက်ပြခြင်းကို သိမ်းသမုတ် ၍ပိတ်အပ်၏ဟု လာခြင်းကောင်းသော ရှေးဘုရားတို့၏ အနွယ်တော်၏ အစွမ်းဖြင့် ပါတိမောက်ပြခြင်းကို သိမ်းသမုတ်၍ ပိတ်အပ်၏၊ တရား၌ ရိုသေသည့်၏အဖြစ်ကြောင့် ပိတ်အပ်၏၊ရဟန်းတို့၏ဂုဏ်၌ ရိုသေလေး မြတ်သည့်၏အဖြစ်ကြောင့် ပိတ်အပ်၏၊ ဤသုံးပါးသော အကြောင်း ဖြင့် ပိတ်အပ်၏၊မင်းကြီး၊ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူကုန် သော ဘုရားရှင်တို့၏.အနွယ်တော်အားဖြင့် ပါတိမောက်ကို သိမ်အပိုင်း အခြားပြု၍ အဘယ်သို့ ပိတ်တော်မူအပ်သနည်းဟူမူကား မင်းကြီး၊ ရဟန်းတို့၏အလယ်၌နေတော်မူ၍ အကြင်ပါတိမောက်ကိုပြတော်မူခြင်း သည်ရှိ၏၊ဤပါတိမောက်ကိုပြတော်မူခြင်းသည်လာခြင်း ကောင်းသော ခပ်သိမ်းသောဘုရားရှင်တို့၏အနွယ်တော်ဖြစ်၍ ကြွင်းသောနတ် လူတို့ အား ပိတ်တော်မူအပ်၏၊မင်းကြီး၊ ဥပမာသော်ကား မင်းတို့၏မာယာ ကို မင်းတို့သာလျှင် လေ့ကျက်ကျင်သည်ကုန်သကဲ့သို့ ဤသို့လျှင် မင်းတို့၏ မာယာသည် လောက၌ ပဝေဏီအစဉ်ဖြစ်၍ ကြွင်းသော လူတို့အားပိတ်အပ်သကဲ့သို့ မင်းကြီး၊ ထို့အတူ ရဟန်းတို့၏အလယ်၌ နေတော်မူလျက် အကြင်ပါတိမောက်ကို ပြတော်မူခြင်းသည်ရှိ၏၊ထိုသို့ ပြတော်မူခြင်းသည် လာခြင်းကောင်းသော ခပ်သိမ်းသော ဘုရားရှင် တို့၏ အနွယ်တော်တည်း၊ကြွင်းသောနတ်လူတို့အားပိတ်အပ်၏။

**ဂိုဏ်းပေါင်းစုံ**……မင်းကြီး၊ ဥပမာတနည်းသော်ကား မြေအပြင်၌ ဂိုဏ်းအပေါင်းအစုတို့သည် ရှိသည်ဖြစ်ကုန်၏၊ ထိုဂိုဏ်း အပေါင်းအစုသည် အဘယ်နည်း ဟူမူကား။ ။မလ္လာဂိုဏ်း, အတောဏာဂိုဏ်း, ပဗ္ဗတာဂိုဏ်း,ဓမ္မဂိရိယဂိုဏ်း,ဗြဟ္မဂိရိဂိုဏ်း, နဋကာဂိုဏ်း, နစ္စဂိုဏ်း, လင်္ဃကဂိုဏ်း, ပိသာစဂိုဏ်း,မဏိဘဒ္ဒဂိုဏ်း, စန္ဒိမဂိုဏ်း,သူရိယဂိုဏ်း, သိရိဒေဝတာဂိုဏ်း, ကာဠီဒေဝတာဂိုဏ်း, သိဝါဂိုဏ်း, ဝသုဒေဝဂိုဏ်း, ဃနိကာဂိုဏ်း, အသိပါသာဂိုဏ်း,

ဘန္ဒိပုတ္တာဂိုဏ်းဟူ၍ ဂိုဏ်းအပေါင်းအစုရှိကြကုန်၏၊ ထိုထိုဂိုဏ်း အတတ်တို့၏လျှို့ဝှက်အပ်သော အတတ်ပညာကို ထိုထိုဂိုဏ်းတို့၌သာ ကျင့်ကုန်၏၊ တပါးသော ဂိုဏ်းတို့အား ပိတ်ပင်အပ်ကုန်သကဲ့သို့ (ဤဂိုဏ်းအစုကိုဆိုရာ၌ ပါဠိအကွဲကွဲရှိသည်များ၏၊ သင့်ရာယူအပ်သည်။)

မင်းကြီး၊ ထို့အတူ ရဟန်းတို့၏အလယ်၌ ဖနေတော်မူ၍ အကြင် ပါတိမောက်ကို ပြတော်မူခြင်းသည်ရှိ၏၊ ဤသို့ပြတော်မူခြင်းသည် လာခြင်းကောင်းသောရှေးဘုရားတို့၏ အနွယ်တော်ဖြစ်၍ ကြွင်းသော လူနတ်တို့အားပိတ်အပ်၏၊ ဤသို့လျှင် ရှေးဘုရားတို့ အနွယ်တော်၏အ စွမ်းဖြင့်ပါတိမောက်ကိုပြတော်မူခြင်းသည်အပိုင်းအခြားသိမ်ပြု၍ ပိတ် တော်မူအပ်၏။ ။(ပါတိမောက်ကို ရဟန်းတို့၏ အလယ်၌ နေတော်မူ၍ပြတော်မူ ခြင်းဓမ္မတာဟူလိုသည်။)

မင်းကြီး၊ တရားတော်ကို ရိုသေလေးမြတ်ပြုအပ်သည်၏ အဖြစ် ကြောင့် သိမ်အပိုင်းအခြားပြု၍ ဒါဘယ်သို့ ပိတ်အပ်သနည်းဟူမူကား မင်းကြီး၊ တရားတော်သည် အလေးအမြတ် ပြုအပ်သော ဝန်ခံဖြစ်၏၊ ထိုတရားတော်၌ ပြည့်စုံစွာ ကျင့်လေ့ရှိသော ပုဂ္ဂိုလ်ကိုအရဟတ္တဖိုလ် တရားသည် နှစ်သက်စေတတ်၏၊ ထိုတရားတော်၌အဆက်ဆက်ပြည့်စုံ စွာကျင့်လေ့ရှိသည်၏ အဖြစ်ကြောင့် ထိုအရဟတ္တဖိုလ်သို့ ရောက်၏၊ ထိုတရားတော်၌ အဆက်ဆက် ပြည့်စုံစွာကျင့်လေ့မရှိသည်၏ အဖြစ် ကြောင့် ထိုအရဟတ္တဖိုလ်သို့မရောက်ချေ၊ မင်းကြီး၊ ဤသို့သောအနှစ် ရှိသော မြတ်စွာဘုရားတရားတော်သည်ပြည့်စုံစွာ ကျင့်လေ့မရှိသော သူတို့၏ လက်သို့ရောက်ခဲ့သော်မထေမဲ့မြင် စက်ဆုပ်ကဲ့ရဲ့ဘွယ်မဖြစ် စေသတည်းဟူ၍၎င်း၊ ဤသို့မြတ်သောအနှစ်ရှိသော တရားတော်သည် သူယုတ်တို့၏ လက်သို့ရောက်ခဲ့သော် မထေမဲ့မြင်စက်ဆုပ်ကဲ့ရဲ့ဘွယ် မဖြစ်စေသတည်းဟူ၍၎င်း၊ ဤသို့တရားကို လေးမြတ်အပ်သည်၏ အ ဖြစ်ကြောင့် ပါတိမောက်ပြခြင်းကို သိမ်အပိုင်းအခြားပြု၍ ပိတ်တော် မူအပ်၏။

မင်းကြီး၊ ဥပမာသော်ကား ကောင်းမြတ်သော အနှစ်မြတ်သော အဆင်းဇာတိနှင့်ပြည့်စုံသော စန္ဒကူးနီကို ပညာမရှိသော သူတို့သည် မထေမဲ့မြင်စက်ဆုပ်ကဲ့ရဲ့ဘွယ်ဖြစ်သကဲ့သို့ ထို့အတူမင်းကြီး၊ အနှစ်

ရှိသောမြတ်သောတရားတော်သည် ပြည့်စုံစွာ မကျင့်သေးသောပုဂ္ဂိုလ်တို့၏ လက်သို့အဆင့်ဆင့်ရောက်ခဲ့သော် မထေမဲ့မြင် စက်ဆုပ် ကဲ့ရဲ့ဘွယ် မဖြစ်စေသတည်း၊ ဤအနှစ်သာရရှိသော မြတ်သော တရားတော်သည် မသူတော်လက်သို့ရောက်ခဲ့သော် မထေမဲ့မြင် စက်ဆုပ်ကဲ့ရဲ့ဘွယ် မဖြစ်စေသတည်းဟု ဤသို့လျှင် တရားတော်၏ လေးမြတ်ရိုသေအပ်သည့်၏အဖြစ်ကြောင့် ပါတိမောက် ပြခြင်းကို သိမ်အပိုင်းအခြားပြု၍ ပိတ်တော်မူ၏၊ မင်းကြီး၊ ရဟန်းဘို၏ မြတ်နိုးလေးမြတ်အပ်သည့်၏ အဖြစ်ကြောင့် အဘယ်သို့လျှင် ပါတိမောက်ပြခြင်းကို သိမ်အပိုင်း အခြားပြု၍ ပိတ်အပ်လေသနည်းဟူမူကား မင်းကြီး၊ ရဟန်း၏အဖြစ်သည် နှိုင်းရှည့်စရာမရှိ၊ အတိုးအတိုင်းမသိ ထိုက်သော ဝတ္ထုကို တစုံတယောက်သောသူကို အဘိုးပြတ်စေခြင်းငှါ နှိုင်းရှည့်စေခြင်းငှါ လည်ဆယ်စေခြင်းငှါ မတတ်ကောင်း၊ ဤသူသည် ရဟန်း၏ အဖြစ်၌ တည်ပေ၏၊ လူနှင့်အမျှတူသောသဘောသည် မဖြစ်စေလင့်ဟု ရဟန်းတို့၏အလယ်၌သာလျှင် ပါတိမောက်ပြခြင်းကိုပြုအပ်၏။ ။မင်းကြီး၊ ဥပမာသော်ကား လောက၌ မွန်မြတ်သောပုဆိုး၊ အခင်း၊ကော်ဇော၊ ဆင်၊မြင်း၊ ရထား၊ ရွှေ၊ ငွေ၊ ပတ္တမြား၊ ပုလဲ၊ သွီးကညာ ရတနာတို့သည်၎င်း၊ ကုန်သွယ်အံ့မှုလုပ် သူဆင်းရဲတို့သည်၎င်း ရှိကုန်၏၊ ထိုသူအပေါင်းတို့သည် မင်းသို့သာလျှင် ဆည်းကပ်ရကုန်သကဲ့သို့ ထို့အတူ မင်းကြီး၊ လောက၌ဘုရားဟောတော်မူအပ်သောပါဠိတော်ကို အာဂုံသင်ကြားခြင်း၊ ပရိယတ္တိ၊ အာစာရ၊ စင်္ကြအစရှိသောဈာန်ကြွေကိုဆုံးမခြင်း၊ သီလကိုစောင့်စည်းခြင်း ဂုဏ်ကျေးဇူးတို့သည်ရှိကုန်၏၊ ထိုဂုဏ်ကျေးဇူး အပေါင်းတို့သည် ရဟန်းသံဃာတော်သို့ ချဉ်းကပ်ရောက်လာကုန်၏၊ ဤသို့လျှင် ရဟန်းဘို၏ လေးမြတ် ရိုသေအပ်သည့်၏ အဖြစ်ကြောင့် ပါတိမောက်ပြခြင်းကို သိမ်အပိုင်းအခြားပြု၍ ပိတ်တော်မူ၏ဟုဆိုသော် အရှင်ဘုရား၊ ဤစကားကိုကောင်းပြီဟု တကာတော်ဝန်ခံပါ၏ဟူ၍ဝန်ခံလေ၏။

ဓမ္မဝိနယာနံပဋိစ္ဆန္နာပဋိစ္ဆန္နပဉှာပြီး၏။

## ၁၁၉။ မုသာဝါဒသံယုတ္တကလဟကာဘာဝပဉှာ

**အပြစ်ထွေပြား–မုသာစကား**..... မိလိန္ဒမင်းသည် အရှင်ဘုရား၊ ဘုရားရှင်သည် သိလျက်ချွတ်ယွင်းသော မုသာဝါဒစကားကို ဆိုခြင်းကြောင့် သာသနာတော်မှ ရှုံးသောပါရာဇိကသို့ ရောက်၏ဟု ဟောတော်မူအပ်၏၊ တဖန်လည်း သိလျက်ချွတ်ယွင်းသော မုသာဝါဒစကားကို ဆိုခြင်းကြောင့် လဟုကဖြစ်သော အာပတ်သို့ရောက်၏၊ တယောက်သော ရဟန်း၏ အထံ၌ဒေသနာကြားအပ်၏ဟုဟောတော်မူပြန်ခဲ့၏တကား။

> ဘန္တေနာဂသေန ဘာသိတမ္ပေတံ ဘဂဝတာ သမ္ပဇာနမုသာဝါဒေ ပါရာဇိကော ဟောတီတိ။ ။ပုနစ ဘဏိတံ သမ္ပဇာနမုသာဝါဒေလဟုကံ အာပတ္တိံအာပဇ္ဇတိ၊ ဧကဿ သန္တိကေဒေသနာဝတ္ထုကန္တိ။ ။ဟူသည်တည်း။

ဘန္တေနာဂသေန၊ရှင်နာဂသေနမထေရ်၊ဘဂဝတာ၊ မြတ်စွာဘုရားသည်၊ သမ္ပဇာနမုသာဝါဒေ၊ သိလျက် ချွတ်ယွင်းသောစကားကိုဆိုခြင်းကြောင့်၊ ပါရာဇိကော၊ သာသနာတော်မှရှုံးသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤစကားကိုလည်း။ ဘာသိတံ၊ ဟောတော်မူအပ်၏။ ။ပုနစ၊တဖန်လည်း။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ သမ္ပဇာန မုသာဝါဒေ၊ သိလျက်ချွတ်ယွင်းသောစကားကို ဆိုခြင်းကြောင့်။ လဟုကံ၊ လဟုကဖြစ်သော။ အာပတ္တိံ၊ အာပတ်သို့။ အာပဇ္ဇတိ၊ ရောက်၏။ ဧကဿ၊ တယောက်သောရဟန်း၏။ သန္တိကေ၊ အထံ၌။ ဒေသနာဝတ္ထုကံ၊ ဒေသနာကြားခြင်းလျှင် အကြောင်းရင်းရှိ၏။ ဣတိ၊ဤစကားကိုလည်း။ ဘဏိတံ၊ ဟောတော်မူအပ်၏။

အရှင်ဘုရား၊ ဤအရာ၌ အကြောင်းအဘယ်သို့ ထူးလေသနည်း၊ အဘယ့်ကြောင့် တယောက်သော ရဟန်းသည် တခွန်းသော မုသာဝါဒကြောင့် သာသနာတော်မှ ပျက်လေသနည်း၊ တယောက်သော ရဟန်းသည်ကား တခွန်းသော မုသာဝါဒကြောင့် ကုစားကောင်းသော အာပတ်သို့ ရောက်လေသနည်း၊ အရှင်ဘုရား၊ အကယ်၍ ဘုရားရှင်သည် သိလျက် ချွတ်ယွင်းသောမုသာဝါဒကြောင့်

သာသနာတော်မှရှုံး၏ဟု ဟောတော်မူအပ်သော စကားတော်သည် မှန်အံ့၊ ထိုသို့တပြီးကား သမ္ပဇာနမုသာဝါဒကြောင့် လဟုကအာပတ်သို့ရောက်၏၊ တယောက်သော ရဟန်းအထံ၌ ဒေသနာကြားအပ်၏ဟူသော အကြင် စကားသည်ရှိ၏၊ ထိုစကားသည် မှားရာ၏။ ။ (ဤလည်းတစွန်းထွက်သည်။)

အရှင်ဘုရား၊ အကယ်၍ ဘုရားရှင်သည် သမ္ပဇာန မုသာဝါဒကြောင့် လဟုကအာပတ်သို့ရောက်၍ တယောက်သော ရဟန်း၏ အထံ၌ ဒေသနာကြားအပ်၏ဟု ဟောတော်မူအပ်သော စကားသည် မှန်အံ့၊ ထိုသို့တပြီးကား သမ္ပဇာန မုသာဝါဒကြောင့် ပါရာဇိကအာပတ်သို့ရောက်၏ဟူသော အကြင်စကားသည်ရှိ၏၊ ထိုစကားသည်မှားရာ၏။ ။(ဤလည်းတစွန်းထွက်သည်။)

နှစ်ဘက် အစွန်းထွက်သော ဤပြဿနာသည် အရှင်ဘုရားအား ရောက်၏၊ ထိုပြဿနာကို အရှင်ဘုရားသည် ငြိမ်းပါစေလော့ဟု ဆိုသော်—

(မိလိန္ဒမင်းက မုသာဝါဒချည်းဖြစ်၍ အာပတ်သင့်ချင်း အတူတူ ဖြစ်ကောင်းပါ၏ဟုဆိုလိုသည်။)

မင်းကြီး၊ ဘုရားရှင်သည် သမ္ပဇာန မုသာဝါဒကြောင့် ပါရာဇိက အာပတ်သို့ရောက်၏ဟု ဟောတော်မူအပ်သည်လည်းမှန်၏၊ သမ္ပဇာန မုသာဝါဒကြောင့်လည်း လဟုက အာပတ်သို့ရောက်၍ တယောက်သော ရဟန်း၏အထံ၌ ဒေသနာကြားအပ်၏ဟု ဟောတော်မူအပ်သည် လည်းမှန်၏၊ မှန်ကြောင်းကား မင်းကြီး၊ ထိုစကားတော်ကို လွန်ကျူးသော ဝတ္ထုအစွမ်းဖြင့် ဂရုကအာပတ်, လဟုက အာပတ်ဖြစ်၏ဟု ဟောတော်မူအပ်၏။ ။မင်းကြီး၊ ထိုစကားကို အသို့ အောက်မေ့သနည်း၊ ဥပမာဆိုသော် ဤလူ့ရွာ၌ တစုံတယောက်သောယောကျ်ား သည် သူတပါးအားလက်ဖြင့်ရိုက်ခတ်ခြင်းကိုပြုအံ့၊ ထိုရိုက်ခတ်သော သူအား သင်မင်းကြီးတို့သည် အဘယ်မျှလောက်သော ဒဏ်ပေးကြကုန်သနည်းဟု ဆိုသော် အရှင်ဘုရား၊ ထိုသူသည်မခံလိုဟုဆိုအံ့၊ ထိုသို့မခံလိုသောသူအား တကာတော်တို့သည် မခံလိုသောအရာ၌ တသပြာသော ဥစ္စာဒဏ်ဖြင့် ဆောင်ရွက်စီရင်ကြကုန်၏ဟု ဆိုသော် မင်းကြီး၊ ထိုယောကျ်ားသည်ပင်လျှင် သင်မင်းကြီးအား လက်ဖြင့်ရိုက်

ခတ်ခြင်းကိုပြုအံ့၊ ထိုယောက်ျားကို အဘယ်မျှလောက် ဒဏ်ပေးအံ့နည်း ဟုဆိုပြန်လျှင် အရှင်ဘုရား၊ ထိုယောက်ျား၏လက်ကိုသော်၎င်း, ခြေကို သော်၎င်း ဖြတ်စေကုန်ရာ၏၊ ဦးခေါင်းတိုင်အောင် သော်လည်း စဉ်း စေရာ၏၊ အလုံးစုံသောဥစ္စာအိမ်ကိုသော်လည်း သိမ်းယူမီးတိုက်စေ ရာ၏၊ ထိုယောက်ျား၏မိမျိုး,ဘမျိုး,အမျိုးခုနစ်ဆက်တိုင်အောင် ဖျက် ဆီးကုန်ရာ၏ဟုဆိုသော် မင်းကြီး၊ ရိုက်ခတ်ခြင်းအတူတူဖြစ်လျက် အကြောင်းအထူးအဘယ့်ကြောင့်ရှိရာသနည်း၊ တယောက်သော့သူအား လက်ဖြင့် ရိုက်ခတ်မိခြင်းကြောင့် အနည်းငယ်တသပြာသော ဒဏ်ကို စီရင်ခဲ့၏တကား၊ မင်းကြီးအား လက်ဖြင့်ရိုက်ခတ်မိခြင်းကြောင့် လက် ခြေဖြတ်ခြင်း,ဦးခေါင်းတိုင်စဉ်းခြင်း,အလုံးစုံသောဥစ္စာအိမ်ကို သိမ်းယူ မီးတိုက်ခြင်း,မိမျိုး,ဘမျိုး,အမျိုးခုနစ်ဆက်တိုင်အောင် ဖျက်ဆီးခြင်းကို အဘယ့်ကြောင့် ပြုရလေသနည်းဟုဆိုသော် အရှင်ဘုရား၊ လူထူးသော ကြောင့် ဖြစ်ရသည်ဟုဆို၏၊ မင်းကြီး၊ ထို့အတူ သမ္ဗဓာနမုသာဝါဒ သည် ဝတ္ထုအစွမ်းဖြင့် ဂရုကအာပတ် လဟုက အာပတ်သည် ဖြစ်၏ဟု ဆိုသော် အရှင်ဘုရား၊ ဤစကားကို ကောင်းပြီဟု တကာတော်ဝန်ခံ ပါ၏ဟု ဝန်ခံလေ၏။

မုသာဝါဒသဂရုက လဟုကဘာဝပဉှာပြီး၏။

---

## ၁၂၀။ ဗောဓိသတ္တသမ္မတာပဉှာ

**ကြည့်ခြင်းကြီး-၈-ပါး**......မိလိန္ဒမင်းသည် အရှင်ဘုရား၊ ဘုရားရှင် သည် ဓမ္မတာသဘောတရား ဒေသနာ တော်၌ ရှေးဦးမဆွ ဗျာဒိတ်ခံတော်မူသောကာလ ဘုရားလောင်းတို့အား မိခင်ဘခင်တို့သည် မြစ္စာမှတ်အပ်ကုန်သည် ဖြစ်ကုန်၏၊ ပွင့်တော်မူရာ ဗောဓိပင်လည်းမြဲ၏၊ အဂ္ဂသာဝကလည်းမြဲ၏၊ သားလည်းမြဲ၏၊ အလုပ် အကျွေးလည်းမြဲ၏ဟု အမှတ်အသားမြဲကြောင်းကို ဟောတော်မူအပ် ၏။ ။တဘန်လည်း အရှင်ဘုရားတို့သည် တုသိတာနတ်ပြည်၌ နေသောကာလ ဘုရားလောင်းသည်—

(၁) ကာလကိုကြည့်ခြင်း။

(၂) ကျွန်းကိုကြည့်ခြင်း။

(၃) အရပ်ဒေသကိုကြည့်ခြင်း။
(၄) အမျိုးကိုကြည့်ခြင်း။
(၅) မိခင်ကိုကြည့်ခြင်း။
(၆) အသက်ကိုကြည့်ခြင်း။
(၇) လ ကိုကြည့်ခြင်း။
(၈) တောထွက်အံ့သည်ကိုကြည့်ခြင်း။

ဤရှစ်ပါးသော ကြည့်ခြင်းတို့ကို ကြည့်ကုန်၏ဟုဆိုကြကုန်၏။

ဘန္တေနာဂသေန ဘာသိတမ္ပေတံ ဘဂဝတာ ဓမ္မတာ ဓမ္မပရိယာယေ ပုဗ္ဗေဝ ဗောဓိသတ္တာနံ မာတာပိတရောနိယတာ ဟောန္တိ၊ ဗောဓိ နိယတာ ဟောတိ၊ အဂ္ဂသာဝကာ နိယတာ ဟောန္တိ၊ ပုတ္တော နိယတော ဟောတိ၊ ဥပဋ္ဌာကော နိယတော ဟောတီတိ။ ။ပုန စတုမှေဘဏထ တုသိတကာယေဌိတော ဗောဓိသတ္တော အဋ္ဌမဟာဝိလောကနာနိ ဝိလောကေတိ၊ ကာလံဝိလောကေတိ၊ ဒီပံဝိလောကေတိ၊ ဒေသံဝိလောကေတိ၊ ကုလံဝိလောကေတိ၊ ဇနေတ္တိံဝိလောကေတိ၊ အာယုံ ဝိလောကေတိ၊ မာသံဝိလောကေတိ၊ နေက္ခမ္မံဝိလောကေတီတိ။ ။ ဟူသည်တည်း။

ဘန္တေနာဂသေန၊ ရှင်နာဂသေနမထေရ်။ဘဂဝတာ၊ မြတ်စွာဘုရားသည်။ဓမ္မတာဓမ္မပရိယာယေ၊ဓမ္မတာ တရားဒေသနာ၌။ပုဗ္ဗေဝ၊ ဗျာဒိတ်ရသော ရှေးကာလ၌ပင်လျှင်။ဗောဓိသတ္တာနံ၊ ဘုရားလောင်းတို့အား။ မာတာပိတရော၊ မိခင် ဘခင်တို့သည်။နိယတာ၊မြဲကုန်သည်။ဟောန္တိ၊ ဖြစ်ကုန်၏။ ဗောဓိ၊ ပွင့်ရာဗောဓိသည်။ နိယတာ၊ မြဲသည်။ ဟောတိ၊ ဖြစ်၏။ အဂ္ဂသာဝကာ၊ အဂ္ဂသာဝကတို့သည်။ နိယတာ၊ မြဲကုန်သည်။ ဟောန္တိ၊ဖြစ်ကုန်၏။ပုတ္တော၊သားသည်။ နိယတော၊ မြဲသည်။ ဟောတိ၊ ဖြစ်၏။ ဥပဋ္ဌာကော၊အလုပ်အကျွေးသည်။နိယတော၊မြဲသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ဟောပြီး၍စကားကိုလည်း။ဘာသိတံ၊ဟောတော်မူအပ်၏။ပုန စ၊တဖန်လည်း။ တုမှေ၊ အရှင်ဘုရားတို့သည်။ တုသိတကာယေ၊တုသိတာနတ်ပြည်၌။ ဌိတော၊ တည်လျက်။ ဗောဓိသတ္တော၊ ဘုရားလောင်းသည်။ကာလံ၊ကာလကို။ဝိလောကေတိ၊ ကြည့်၏။ ဒီပံ၊

ပွင့်ရာကျွန်းကို၊ ဝိလောကေတိ၊ ကြည့်၏။ ဒေသ၊ ပွင့်ရာဒေသကို။ ဝိလောကေတိ၊ ကြည့်၏။ ကုလံ၊ အမျိုးကို။ ဝိလောကေတိ၊ ကြည့်၏။ ဇနေတ္တိံ၊ မိခင်ကို။ ဝိလောကေတိ၊ ကြည့်၏။ အာယုံ၊ အသက်ကို။ ဝိလောကေတိ၊ ကြည့်၏။ မာသံ၊ လ ကို။ ဝိလောကေတိ၊ ကြည့်၏။ နေက္ခမ္မံ၊ တောထွက်အံ့သည်ကို။ ဝိလောကေတိ၊ ကြည့်၏။ ဣတိ၊ ဤသို့။ အဋ္ဌမဟာဝိလောကနာနိ၊ ရှစ်ပါးသောကြည့်ခြင်းကြီးတို့ကို။ ဝိလောကေတိ၊ ကြည့်၏။ ဣတိ။ ဤသို့။ ဇေတံပိ၊ ဤစကားကိုလည်း။ ဘဏာထ၊ ဆိုတော်မူကြ၏။

အရှင်ဘုရား၊ ဉာဏ်မရင့်ခဲ့သော် သဗ္ဗညုတပါးတရားကိုသိခြင်းမရှိရာ၊ ဉာဏ်ရင့်ပြီးသော် ဤအကြောင်းအရာတို့၏ အထူးကိုလည်း ငံ့အံ့သောဌါမတတ်ကောင်း၊ စိတ်ရင့်ပြီးသော် ဤကြည့်ခြင်းအမှုကိုလွန်ရာ၏၊ အဘယ့်ကြောင့် ဘုရားလောင်းသည် အဘယ်ကာလ၌ ဘုရားဖြစ်အံ့ဟု ကာလကိုကြည့်လေသနည်း၊ အဘယ့်ကြောင့် အမျိုးကို ကြည့်လေသနည်း၊ အရှင်ဘုရား၊ အကယ်၍ ဗျာဒိတ်ပေးသောရှေးကာလ၌ မိခင်ဘခင်တို့သည် မြဲကုန်၏ဟူသောစကားသည် မှန်အံ့၊ ထိုသို့ တပြီးကား အမျိုးကိုကြည့်၏ဟူသော အကြွင်စကားသည် ရှိ၏၊ ထိုစကားသည်မှားရာ၏။ ။(ဤလည်းတစွန်းထွက်သည်။)

အကယ်၍ အမျိုးကိုကြည့်၏ဟူသောစကားသည် မှန်အံ့၊ ထိုသို့တပြီးကား ဗျာဒိတ်ပေးသောရှေးကာလ၌ ဘုရားလောင်း၏ မိခင်ဘခင် အမှတ်အသား မြဲကုန်၏ဟူသော အကြွင်စကားသည်ရှိ၏၊ ထိုစကားသည် မှားရာ၏။ ။(ဤလည်းတစွန်းထွက်သည်။)

နှစ်ဘက်အစွန်းထွက်သောဤပြဿနာသည် အရှင်ဘုရားအားရောက်၏၊ ထိုပြဿနာကိုအရှင်ဘုရားသည် ဖြေမ်းပါစေလော့ဟုဆိုသော်—

မင်းကြီး၊ ဗျာဒိတ်ရသော ကာလကပင် ဘုရားလောင်းအား မိခင်ဘခင်တို့သည် အမှတ်အသားမြဲကုန်၏ဟူသော စကားသည်လည်း မှန်၏၊ ဘုရားလောင်းသည် အမျိုးကို ကြည့်သည်လည်း မှန်၏၊ အမျိုးကိုအဘယ့်ကြောင့်ကြည့်လေသနည်းဟူမူကား ငါ၏မိခင်ဘခင် တို့သည် မင်းမျိုးဖြစ်သလော၊ ထိုသို့တည်း မဟုတ်၊ ပုဏ္ဏားမျိုး ဖြစ်သလောဟု ဤသို့လျှင် အမျိုးကိုကြည့်၏။

**အနာဂတ်ကို မျှော်ကြည့်သင့်သူ ၈-ဦး** .... မင်းကြီး၊ ရှစ်ယောက်သောပုဂ္ဂိုလ်တို့သည် ရှေးဦးစွာအနာဂတ်ကာလကို ကြည့်အပ်သည်ဖြစ်၏၊ ထိုရှစ်ယောက်သောပုဂ္ဂိုလ်တို့သည် အဘယ်နည်းဟူမူကား—

(၁) မင်းကြီး၊ ကုန်သွယ်သောယောကျ်ားသည် ရှေးဦးမဆွကပင်လျှင် ဝယ်အပ်သောဥစ္စာကိုကြည့်အပ်၏။

(၂) ဆင်ပြောင်ကြီးသည် ရှေးဦးကလျှင် နှာမောင်းဖြင့် လာလတ္တံ့သောခရီးကို ကြည့်အပ်၏။

(၃) လှည်းကုန်သည်သည် ရှေးဦးကလျှင် ခိုင်ခံ့အံ့လောဟု အနာဂတ်ကိုကြည့်အပ်၏။

(၄) လှေသူကြီးသည်ရှေးဦးစွာ အနာဂတ်ကမ်းတဘက်ကို ကြည့်၍ လှေကိုလွှင့်အပ်၏။

(၅) ဆေးသမားသည် ရှေးဦးစွာသူနာ၏အသက်ကိုကြည့်၍ အနာရှိသောသူသို့ကပ်အပ်၏။

(၆) တံတား၏ ထိမှာဘက်သို့ ကူးလိုသော သူသည် ရှေးဦးစွာ တံတား ခိုင်လုံသည် မခိုင်လုံသည်ကိုသိရ၍ တက်သွားအပ် ကူးအပ်၏။

(၇) ရဟန်းသည် အနာဂတ်ကာလကိုကြည့်ရှုဆင်ခြင်၍ ဘောဇဉ်ကို သုံးဆောင်အပ်၏။

(၈) ဘုရားလောင်းတို့သည် မင်းမျိုးကိုဎင်း, ပုဏ္ဏားမျိုးကိုဎင်း ရှေးဦးစွာကြည့်အပ်၏။ ။မင်းကြီး၊ဤရှစ်ယောက်သောပုဂ္ဂိုလ်တို့သည် ရှေးဦးစွာ လာလတ္တံ့သောအနာဂတ်ကို ကြည့်အပ်၏ဟုဆိုသော် အရှင်ဘုရား၊ တကာတော်သည် ဤစကားကိုကောင်းပြီဟူ၍ဝန်ခံပါ၏ဟုဝန်ခံလေ၏။

မောဓိသတ္တဿဓမ္မတာပဉှာပြီး၏။

---

## ၁၂၁။ အတ္တာနံ နိပါတနပဉှာ

**ဇာတိကြောင့် မိမိကိုယ်ကိုသတ်သူ**......မိလိန္ဒ မင်းသည် အရှင်ဘုရား၊ ဘုရား ရှင်သည် ချစ်သားရဟန်းတို့၊ မိမိကိုယ်ကို မသတ်အပ်၊ အကြင် ရဟန်းသည်

မိမိကိုယ်ကို သတ်အံ့၊ ထိုရဟန်းကို တရားရှိသော အတိုင်း ဒုက္ကဋ်
အာပတ်သို့တင်၍ ဆုံးဖြတ်အပ်၏ဟု ဟောတော်မူအပ်၏။ ။တဖန်
လည်း အရှင်ဘုရားတို့သည် အမှတ်မရှိသော အရပ်၌ ဘုရားရှင်သည်
တပည့်တော်တို့အား တရား ဒေသနာကို ဟောတော် မူအပ်သည်ရှိ
သော် များစွာသောအကြောင်းဖြင့် ဇာတိ,ဇရာ,ဗျာဓိ, မရဏတရား၏
ပြတ်စိမ့်သောငှါ တရားကို ဟောတော်မူအပ်၏၊ အမှတ်မရှိသောပုဂ္ဂိုလ်
သည် ဇာတိ,ဇရာ, ဗျာဓိ, မရဏတရားကို လွန်နိုင်လေ၏၊ ထိုပုဂ္ဂိုလ်
ကို မွန်မြတ်သောချီးမွမ်းခြင်းဖြင့် ချီးမွမ်း၏ဟု ဆိုတော်မူကြကုန်၏။

ဘန္တေ နာဂသေန ဘာသိတမ္ပေတံ ဘဂဝတာ နဘိက္ခဝေ အတ္တာနံ ပါတေတဗ္ဗံ၊ ယော ပါတေယျ ယထာဓမ္မော ကာရေတဗ္ဗောတိ။ ။ပုနစ တုမှေ ဘဏထ ယတ္ထ ကတ္ထစိ ဘဂဝါ သာဝကာနံ ဓမ္မံ ဒေသယမာနော အနေကပရိယာယေန ဇာတိယာ ဇရာယ ဗျာဓိနော မရဏဿ သမုစ္ဆေဒါယ ဓမ္မံ ဒေသေတိ၊ ယော ဟိ ကောစိ ဇာတိဇရာ ဗျာဓိမရဏံ သမတိက္ကမတိ၊ တံ ပရမာယ ပသံသာယ ပသံသတီတိ။ ။ဟူသည်တည်း။

ဘန္တေနာဂသေန၊အရှင်နာဂသေ နမထေရ်။ ဘဂဝတာ၊ မြတ်စွာ
ဘုရားသည်။ ဘိက္ခဝေ၊ ရဟန်းတို့။ အတ္တာနံ၊ မိမိကိုယ်ကို။ ဇီဝိတာ၊
အသက်မှ။ နပါတေတဗ္ဗံ၊ မချအပ်။ ယောဘိက္ခု၊ အကြင် ရဟန်း
သည်။ ပါတေယျ၊ မိမိအသက်ကိုချအံ့။ ယထာဓမ္မော၊ တရားရှိသော
အတိုင်း။ အာပတ္တိယာ၊ အာပတ်ဖြင့်။ ကာရေတဗ္ဗော၊ ပြုစေအပ်၏။
ဣတိ၊ ဤသို့။ ဧတံပိ၊ ဤစကားကိုလည်း။ ဘာသိတံ၊ ဟောတော်မူအပ်
၏။ ပုနစ၊ တဖန်လည်း။ တုမှေ၊ သင်တို့သည်။ ယတ္ထကတ္ထစိ၊ အမှတ်
မရှိသောအရပ်၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ သာဝကာနံ၊ တပည့်
တော်တို့အား။ ဓမ္မံ၊ တရားတော်ကို။ ဒေသယမာနော၊ ဟောတော်မူ
သည်ရှိသော်။ အနေကပရိယာယေန၊ များစွာသောအကြောင်းဖြင့်။ ဇာ
တိယာ၊ ပဋိသန္ဓေနေခြင်း၏ရင်း။ ဇရာယ၊ အိုခြင်း၏ရင်း။ ဗျာဓိနော၊
ဖျားနာခြင်း၏ရင်း။ မရဏဿ၊ သေခြင်း၏ရင်း။ သမုစ္ဆေဒါယ၊ ကောင်း
စွာပြတ်စိမ့်သောငှါ။ ဓမ္မံ၊ တရားတော်ကို။ ဒေသေတိ၊ ဟောတော်မူ၏။
ယော ဟိ ကောစိ၊ အမှတ်မရှိသောသူသည်။ ဇာတိဇရာ ဗျာဓိမရဏံ၊

ပဋိသန္ဓေနေခြင်း, အိုခြင်း, နာခြင်း, သေခြင်း တရားကို။ သမတိက္ကမတိ၊ လွန်နိုင်လေ၏။ တံ၊ ထိုပုဂ္ဂိုလ်ကို။ ပဝုမာယ၊ လွန်စွာသော။ ပသံသာယ၊ ချီးမွမ်းခြင်းဖြင့်။ ပသံသတိ၊ ချီးမွမ်းတော်မူ၏။ ဣတိဝေဝံပိ၊ ဤစကားကိုလည်း။ ဘဏထ၊ ဆိုကြကုန်၏။

အရှင်ဘုရား၊ အကယ်၍ဘုရားရှင်သည် ချစ်သား ရဟန်းတို့၊ မိမိကိုယ်ကိုမသတ်အပ်၊ သတ်သောရဟန်းကို တရားရှိသောအတိုင်း အာပတ်သို့တင်အပ်၏ဟု ဟောတော်မူအပ်သောစကားသည်မှန်အံ့၊ ထိုသို့တပြီးကား ဇာတိဇရာ ဗျာဓိမရဏတရား၏ ကောင်းစွာပြတ်စိမ့်သော ငှါ တရားကိုဟော၏ဟူသောအကြွင်းစကားသည် ရှိ၏၊ ထိုစကားသည် မှားရာ၏။ ။(ဤလည်းတစွန်းထွက်သည်။)

အကယ်၍ဘုရားရှင်သည် ဇာတိဇရာ ဗျာဓိမရဏတရား၏ ပြတ်စိမ့်သောငှါ တရားတော်ကိုဟော၏ဟူသောစကားသည် မှန်အံ့၊ ထိုသို့တပြီးကား ချစ်သားရဟန်းတို့၊ ရဟန်းသည် မိမိကိုယ်ကို မသတ်အပ်၊ သတ်သောရဟန်းကို တရားရှိသောအတိုင်း အာပတ်သို့တင်အပ်၏ ဟူသော အကြွင်းစကားသည်ရှိ၏၊ ထိုစကားသည် မှားရာ၏။ ။(ဤလည်း တစွန်းထွက်သည်။)

နှစ်ဘက်အစွန်းထွက်သောဤပြဿနာသည် အရှင်ဘုရားအားရောက်ခဲ့၏၊ထိုပြဿနာကို အရှင်ဘုရားသည် ငြိမ်းပါစေလော့ဟုဆိုသော်—

မင်းကြီး၊ ဘုရားရှင်သည် ချစ်သား ရဟန်းတို့၊ ရဟန်းသည် မိမိကိုယ်ကို မသတ်အပ်၊ သတ်သောရဟန်းကို တရားရှိသောအတိုင်း အာပတ်သို့တင်အပ်၏ဟု ဟောတော်မူအပ်သည်လည်း မှန်၏၊ အမှတ်မရှိသောအရပ်၌ ဘုရားရှင်သည် တရားကိုဟောတော်မူသည် ရှိသော် များစွာသောအကြောင်းဖြင့် ဇာတိဇရာ ဗျာဓိမရဏတရား၏ပြတ်စိမ့်သောငှါ တရားကို ဟောတော်မူအပ်သည်လည်း မှန်၏။ ။မင်းကြီး၊ မှန်ကြောင်းကား ဘုရားရှင်သည် အကြွင်းအကြောင်းဖြင့် ပယ်တော်မူ၏၊ ကောင်းစွာလည်း ဆောက်တည်စေအပ်၏၊ ဤစကား၌ အကြောင်းရှိသေး၏ဟုဆိုသော် အရှင်ဘုရား၊ ဘုရားရှင်သည် အကြွင်းအကြောင်းဖြင့် ပယ်လည်း ပယ်တော်မူ၏၊ ဆောက်တည်လည်း ဆောက်တည်

စေ၏ဟူသော ဤစကား၌ အကြောင်း အဘယ်သို့နည်းဟု ဆို၏။ ။ မင်းကြီး၊ သီလရှိသောပုဂ္ဂိုလ်သည် သီလနှင့်ပြည့်စုံသည်ဖြစ်၍ ကိလေသာ တည်းဟူသောအဆိပ်ကို ဖျက်ဆီးခြင်းကြောင့် အဆိပ်မရှိသော မြွေနှင့်တူ၏၊ သီလကို စောင့်စည်းခြင်းသည် သတ္တဝါတို့၏ကိလေသာ တည်းဟူသောအနာကို ငြိမ်းစေတတ်သောကြောင့် အနာကို လွတ်စေတတ်သောဆေးနှင့်တူ၏၊ သီလကို စောင့်စည်းခြင်းသည် သတ္တဝါတို့၏ ကိလေသာဟူသော မြူ အညစ်အကြေးကို လျှော်သောကြောင့် ရေနှင့်တူ၏၊သီလကို စောင့်စည်းခြင်းသည် ခပ်သိမ်းသောအလိုကိုပေးတတ်သောကြောင့် မနောဟာရ ပတ္တမြားရတနာနှင့် တူ၏၊ သီလကို စောင့်စည်းခြင်းသည် သြဃလေးပါး၏ အထက်သို့ရောက်ကြောင်းဖြစ်သောကြောင့် လှေနှင့်တူ၏၊ သီလကိုစောင့်စည်းခြင်းသည် ဇာတိကန္တာရကို ကူးမြောက်ကြောင်းဖြစ်သောကြောင့် လှည်းကုန်သည်မှူးနှင့်တူ၏၊ သီလကို ဆောက်တည်ခြင်းသည် ရာဂအစရှိသောကိလေသာကို လွင့်သောကြောင့် လေနှင့်တူ၏၊ သီလကိုဆောက်တည်ခြင်းသည် ရာဂ, ဒေါသ,မောဟတည်းဟူသော သုံးပါးသောမီးကို ငြိမ်းစေတတ်သောကြောင့် သည်းစွာသောမိုးနှင့်တူ၏၊သီလကိုဆောက်တည်ခြင်းသည် ကောင်းသောစိတ်၏ ပြည့်စုံခြင်းကြောင့် ရေအယဉ်ပြည့်သည်နှင့်တူ၏၊ သီလကိုဆောက်တည်ခြင်းသည် အမျိုးသားတို့အား အတတ်ကို သင်ခြင်း၌ သိမ္မာစေတတ်သောဆရာနှင့်တူ၏၊ သီလကို ဆောက်တည်ခြင်းသည် သတ္တဝါတို့အား ဘေးမရှိသောခရီးကို ကြားသောကြောင့် ခရီးညွှန် ယောကျ်ားနှင့်တူ၏။

မင်းကြီး၊ ဤသို့လျှင် သီလကိုစောင့်ခြင်းသည် ကြီးမြတ်သောဂုဏ်ရှိသော နှိုင်းရှည့်စရာမရှိသော ဂုဏ်ကျေးဇူးအစုအပုံ ရှိသည်ဖြစ်၍ သတ္တဝါတို့၏ အစီးအပွါးကိုသာပြုပေ၏၊ မင်းကြီး၊ ဘုရားရှင်သည် သီလကို မပျက်စီးစေလင့်ဟု သတ္တဝါတို့အား သနားတော်မူသဖြင့် ချစ်သားရဟန်းတို့၊မိမိကိုယ်ကိုမသတ်အပ်၊သတ်သောရဟန်းအားတရားရှိသော အတိုင်း ဒုက္ကဋ်အာပတ်တပ်စေဟု အာပတ်ကိုထင်၍ သိက္ခာပုဒ်ကို ပညတ်တော်မူပေသည်၊ မင်းကြီး၊ ဤအရာ၌ဘုရားရှင်ပယ်တော်မူခြင်းသည် သီလကိုမြင့်ရှည်စွာဆောက်တည်စေလိုသောကြောင့် မိမိအသက်

ကို မသတ်အပ်၊ သတ်သောရဟန်းအား အာပတ်တပ်စေဟု ပညတ်တော်မူသဖြင့် ပယ်တော်မူအပ်သတည်း။ မင်းကြီး၊ ငါသာလျှင် သီလကို ဆောက်တည်၍ မြင့်ရှည်စွာနေလို၏ဟု ဆိုသည်မဟုတ်၊ ဆန်းကြယ်သောတရားစကားကို ဟောတတ်သော အရှင်ကုမာရကဿပမထေရ်သည် တမလွန်ဘဝမရှိဟု မှားသော ဒိဋ္ဌိအယူရှိသော ရာဇညမင်းအားတမလွန်ဘဝရှိကြောင်းကို ပြလိုသဖြင့် ရာဇညမင်း၊ အကြင်အကြင်ရဟန်းပုဏ္ဏားတို့သည် သီလနှင့် ပြည့်စုံကုန်သည်ဖြစ်၍ ကာလမြင့်ရှည်စွာ တည်ကုန်အံ့၊ ထိုထိုရဟန်းပုဏ္ဏားတို့သည် များစွာသောလူအပေါင်းတို့အကျိုး၌ ကျင့်သည်မည်ကုန်၏၊ ချမ်းသာစေခြင်း၌ ကျင့်သည်မည်ကုန်၏၊လူအပေါင်းတို့ကို သနားသဖြင့် ကျင့်သည်မည်ကုန်၏၊ နတ်လူတို့၏ အကျိုးစီးပွါးချမ်းသာများစိမ့်သော၌ ကျင့်သည်မည်ကုန်၏ဟု ဟောတော်မူကြောင်းကို သာဓကပြ၏။

(ဘုရားရှင်သည် အသုဘတရားကို ဟောတော်မူသောကြောင့် နာသောရဟန်းတို့သည် မိမိကိုယ်ကိုငြီးငွေ့၍ မိမိကိုယ်ကိုသတ်ခြင်း, သူတပါးတို့ကိုသတ်စေခြင်းအမှုကိုပြုလေကုန်သောကြောင့် မိမိကိုယ်ကို မသတ်အပ်ဟု ပညတ်တော်မူသည်။ ။မိလိန္ဒမင်းသည် ဘုရားရှင်ကား မိမိကိုယ်ကိုမသတ်အပ်ဟူ၍လည်း ပညတ်တော်မူပြန်ခဲ့၏၊ မိမိကိုယ်ကိုငြီးငွေ့အောင် ဇာတိဇရာ ဗျာဓိမရဏနှင့်စပ်သော အသုဘတရားကိုလည်း ဟောတော်မူပြန်ခဲ့၏ဟုနှလုံးနှစ်ခွရှိ၍ မေးလျှောက်လေသည်။ ။ဤကားစကားချပ်။)

အရှင်ဘုရား၊ အဘယ်အကြောင်းကြောင့် ဇာတိဇရာ ဗျာဓိမရဏအစရှိသောတရားကို ဘုရားရှင်သည် ဆောက်တည် စေအပ်သနည်းဟု ဆိုသော် မင်းကြီး၊ ပဋိသန္ဓေ နေရခြင်းသည်လည်း ဆင်းရဲ၏၊ အိုရခြင်းသည်လည်းဆင်းရဲ၏၊ နာရခြင်းသည်လည်းဆင်းရဲ၏၊ သေရခြင်းသည်လည်းဆင်းရဲ၏၊ စိုးရိမ်ရခြင်းသည်လည်း ဆင်းရဲ၏၊ ငိုကြွေးရခြင်းသည်လည်းဆင်းရဲ၏၊ ပင်ပန်းခြင်းသည်လည်း ဆင်းရဲ၏၊ နှလုံးမသာခြင်းသည်လည်းဆင်းရဲ၏၊ သက်ကြီး ရှိုက်တငင် ပင်ပန်းခြင်းသည်လည်းဆင်းရဲ၏၊ မချစ်မနှစ်လိုသောသူတို့နှင့် ပေါင်းဘော်ရခြင်းသည်လည်းဆင်းရဲ၏၊ ချစ်နှစ်လိုသောသူတို့နှင့် ကွေကွင်းရခြင်းသည်လည်းဆင်းရဲ၏၊ မိခင်, ဘခင်, အကို, နှမ, သား, မြေး, ကျေးကျွန်သေသဖြင့်လည်းဆင်းရဲ၏၊ ဆွေမျိုးသေသဖြင့်လည်း ဆင်းရဲ၏၊ ဉာတိပျက်စီးခြင်း, အနာနှိပ်စက်၍ ပျက်စီးခြင်း, စည်းစိမ်ဥစ္စာ ပျက်စီးခြင်း,

သီလပျက်စီးခြင်း, အယူမှား၍ ပျက်စီးခြင်း သည်လည်း ဆင်းရဲ၏၊ မင်းဘေး, ခိုးသူဘေး, ရန်သူဘေး, တော်မွတ်သောဘေး, မီးလောင်သောဘေး, ရေဘေး, လှိုင်းတံပိုးလှိုက်သောဘေး, ဝဲကတော့ဘေး, မိကျောင်း လပိုင်ဘေး, မိမိကိုယ်ကို မိမိစွပ်စွဲသောဘေး, သူတပါး စွပ်စွဲသောဘေး, ဒဏ်သင့်သောဘေး, ဒုဂ္ဂတိဘေး, ပရိသတ်၌ တပ်မက်သောကြောင့်ဖြစ်သောဘေး, ကြွမ်လုံးလှင်ကန်တို့ဖြင့် ခတ်မိသောဘေး, ထိတ်ခတ်ခြင်း, နှောင်အိမ်သွင်းခြင်းဘေး, လက်ခြေနှာခေါင်းကိုဖြတ်ခြင်းဘေး အစရှိသော သုံးဆဲ့နှစ်ပါးသော ကမ္မကရဏဘေး အပေါင်း များစွာသော ဆင်းရဲတို့ကို သံသရာဝဋ်ဆင်းရဲ၌ ကျင်လည်၍သွားသောသူအပေါင်းသည် ခံရချေ၏။

မင်းကြီး၊ ဥပမာသော်ကား ဟိမဝန္တာတောင်၌ ရှာသော ရိုစင်းရေသည် ဂင်္ဂါမြစ်၌ ကျောက်ခဲကျောက်စရစ် ကျောက်ဖွေးလည်သော ဝဲလှိုင်းတံပိုး ကန်ပေါင်ရိုးသစ်ပင် သစ်ခက်မြက်တို့၌သွမ်းမိုး၍စီး သကဲ့သို့ ထို့အတူ မင်းကြီး၊ ဤသို့သဘောရှိကုန်သော အထူးထူးသော ဆင်းရဲအပေါင်းတို့ကိုသံသရာ၌ ကျင်လည်၍သွားရသော သူအပေါင်းသည်ခံရချေ၏၊ မင်းကြီး၊ ဇာတိအစရှိသောတရားဖြစ်ခဲ့သော် ဆင်းရဲဖြစ်၏၊ ဇာတိအစရှိသောတရားမရှိချုပ်ခဲ့သော် ဝဋ်ဆင်းရဲတရားမရှိသည်ဖြစ်၍ ချမ်းသာ၏၊ ဇာတိအစရှိသော တရားမရှိသော် ဂုဏ်ကျေးဇူးနှင့်ပြည့်စုံ၏၊ ဇာတိ အစရှိသော တရားရှိသော် ဘေးများစွာဖြစ်၏၊ ဇာတိအစရှိသောတရား၏မဖြစ်ခြင်းကိုပြတော်မူသော ဘုရားရှင်သည် ဇာတိအစရှိသော ဝဋ်ဆင်းရဲတို့၏မရှိရာဖြစ်သော နိဗ္ဗာန်ကို မျက်မှောက်ပြုစိမ့်သောငှါ ဇာတိ, ဇရာ,ဗျာဓိ, မရဏ အစရှိသော ဝဋ်ဆင်းရဲကို ကူးမြောက်စိမ့်သောငှါ ဇာတိ, ဇရာ, ဗျာဓိ, မရဏ တရားကို ကောင်းစွာဆောက်တည်စေတော်မူ၏၊ ဤသို့ဆောက်တည်စေခြင်းသည် ဤအရာ၌ အကြောင်းတည်းဟုဆိုသော် အရှင်ဘုရား၊ ပြဿနာကိုကောင်းစွာထိုးထွင်း၍ သိပေ၏၊အကြောင်းကို ကောင်းစွာ ဟောပြောပေ၏၊ ဤစကားကို တကာတော်ဝန်ခံပါ၏ဟု ဝန်ခံလေ၏။

အဏ္ဏာနံနိပါတနပဥ္စာပြီး၏။

## ၁၂၂။ မေတ္တာဘာဝနာနိသံသပဥှာ။

**မေတ္တာအကျိုး—၁၁ မျိုး**·····မိလိန္ဒမင်းသည် အရှင်ဘုရား၊ ဘုရားရှင်သည် ချစ်သားရဟန်းတို့၊ ဘေးလွတ်ကြောင်းဖြစ်သော မေတ္တာစိတ်ကို အဘန်တလဲလဲ မှီဝဲအပ်သည်ရှိသော် ပွါးစေအပ်သည်ရှိသော် များစွာပြန့်ပြော စေအပ်သည်ရှိသော် ယာဥ်ကဲ့သို့ ပြုအပ်သည်ရှိသော် တည်ရာကို ပြုအပ်သည်ရှိသော် အဘန်တလဲလဲ တည်သည်ရှိသော် ဆည်းပူးအပ်သည်ရှိသော် ကောင်းစွာအားထုတ်အပ်သည်ရှိသော် တဆဲ့တပါးသော အကျိုးတို့ကို အလိုရှိအပ်ကုန်၏၊ တဆဲ့တပါးသော မေတ္တာအကျိုးတို့ဟူသည် အဘယ်သည်တို့နည်းဟူမူကား—

(၁) မင်းကြီး၊မေတ္တာပွါးသောပုဂ္ဂိုလ်သည် ချမ်းသာစွာအိပ်ရ၏။

(၂) ချမ်းသာစွာနိုးရ၏။

(၃) မကောင်းသောအိပ်မက်ကိုမမြင်မက်။

(၄) လူဘို့သည်ချစ်အပ်၏။

(၅) နတ်တို့သည် ချစ်အပ်၏။

(၆) နတ်တို့သည်စောင့်ကုန်၏။

(၇) ထိုမေတ္တာပွါးသောသူအား မီးသည်လည်းမလောင်ရာ၊အဆိပ်အတောက် လေး,သေနတ်, ထား,လက်နက်သည်လည်း မဝင်နိုင်ရာ။

(၈) စိတ်သည်တည်ကြည်၏။

(၉) မျက်နှာအဆင်းသည် ကြည်ညိုဘွယ်ရှိ၏။

(၁၀) မတွေဝေသည်ဖြစ်၍ စုတေသည်ကိုပြုရ၏။

(၁၁) အထက်၌ လောကုတ္တရာ တရားကို ထိုးထွင်း၍ မသိသော်လည်း မေတ္တာဈာန်နှင့်ပြည့်စုံ၍ စုတေသော် ဗြဟ္မာ့ပြည်သို့လားရ၏ဟု ဟောတော်မူ၏။

တဘန်လည်း အရှင်ဘုရားတို့သည် သုဝဏ္ဏသျှံသတို့သားသည် မေတ္တာ ဖြဟ္မဝိဟာရ တရားနှင့်ပြည့်စုံသည်ဖြစ်၍ သမင်အပေါင်းခြံရံလျက် တောအရပ်၌ ရေခတ်အံ့သောငှါသွားစဉ် ပီဠိယက္ခမင်းသည် အဆိပ်လူးသောမြားဖြင့် ပစ်အပ်သည်ဖြစ်၍ ထိုအရပ်၌ပင်လျှင် မိန်းမောရလေ၏ဟု ဆိုကြကုန်၏။

ဘန္တေနာဂသေန ဘာသိတမ္ပေတံ ဘဂဝတာ မေတ္တာယဟိ ဘိက္ခဝေ စေတောဝိမုတ္တိယာ အာသေဝိတာယ ဗဟုလီကတာယ ယာနီကတာယ ဝတ္ထုကတာယ အနုဋ္ဌိတာယ ပရိစိတာယ သုသမာရဒ္ဓါယ ဧကာဒသာနိသံသာ ပါဋိကင်္ခါ၊ ကတမေ ဧကာဒသ သုခံသုပတိ၊ သုခံပဋိဗုဇ္ဈတိ၊ နပါပကံသုပိနံပဿတိ၊ မနုဿာနံပိယော ဟောတိ၊ အမနုဿာနံ ပိယောဟောတိ၊ ဒေဝတာရက္ခန္တိ၊ နာဿအဂ္ဂိဝါ ဝိသံဝါ သတ္ထံဝါကမတိ၊ တုဝဋံ စိတ္တံ သမာဓိယတိ၊ မုခဝဏ္ဏောဝိပ္ပသီဒတိ၊ အသံမူဠှောကာလံ ကရောတိ၊ ဥတ္တရိ အပ္ပဋိဝိဇ္ဈန္တော ဗြဟ္မလောကူပဂေါ ဟောတီတိ။ ။ပုနစ တုမှေ ဘဏထ၊ သာမော ကုမာရော မေတ္တာဝိဟာရီ မိဂ သံဃေန ပရိဝုတော ပဝနေ ဝိစရန္တော ပိဠိယက္ခေန ရညာ ဝိဒ္ဓေါ ဝိသပီတေန သလ္လေန မုစ္ဆိတောတိ။ ။ ဟူသည်တည်း။

ဘန္တေနာဂသေန၊ ရှင်နာဂသေနမထေရ်။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဘိက္ခဝေ၊ ရဟန်းတို့။ စေတော၊ စိတ်ကို။ ဝိမုတ္တိယာ၊ ဘေးမှ လွတ်ကြောင်းဖြစ်သော။ မေတ္တာယ၊ မေတ္တာကို။ အာသေဝိတာယ၊ အဘန် တလဲလဲ မှီဝဲအပ်သည်ရှိသော်။ ဘာဝိတာယ၊ ပွါးစေအပ်သည်ရှိသော်။ ဗဟုလီကတာယ၊ များစွာ ပြုအပ်သည်ရှိသော်။ ယာနီကတာယ၊ ယာဉ်ကဲ့သို့ပြုအပ်သည်ရှိသော်။ ဝတ္ထုကတာယ၊ မှီရာကိုပြုအပ်သည် ရှိသော်။ အနုဋ္ဌိတာယ၊ တည်စေအပ်သည်ရှိသော်။ ပရိစိတာယ၊ ဆည်းပူးအပ်သည်ရှိသော်။ သုသမာရဒ္ဓါယ၊ ကောင်းစွာ အားထုတ်အပ်သည် ရှိသော်။ ဧကာဒသာနိသံသာ၊ တဆဲ့တပါးသော အကျိုးဆက်တို့ကို။ ပါဋိကင်္ခါ၊ အလိုရှိအပ်ကုန်၏။ ဧကာဒသ၊ တဆဲ့တပါးသော အကျိုးဆက်တို့သည်။ ကတမေ၊ အဘယ်သည်တို့နည်းဟူမူကား။

(၁) သုခံ၊ ချမ်းသာစွာ။ သုပတိ၊ အိပ်ရ၏။

(၂) သုခံ၊ ချမ်းသာစွာ။ ပဋိဗုဇ္ဈတိ၊ နိုးရ၏။

(၃) ပါပကံ၊ မကောင်းသော။ သုပိနံ၊ အိပ်မက်ကို။ နပဿတိ၊ မမြင်မက်။

(၄) မနုဿာနံ၊ လူတို့သည်။ ပိယော၊ ချစ်အပ်သည်။ ဟောတိ၊ ဖြစ်၏။

(၅) အဓမ္မသာနံ၊ဘိလူးတို့သည်။ပိယော၊ ချစ်အပ်သည်။ဟောတိ၊ ဖြစ်၏။

(၆) ဒေဝတာ၊ နတ်တို့သည်။ ရက္ခန္တိ၊ စောင့်ရှောက်ကုန်၏။

(၇) အဿ၊ထိုမေတ္တာပွါးသောသူအား။ အဂ္ဂိဝါ၊ မီးသည်၎င်း။ ဝိသံဝါ၊ အဆိပ်သည်၎င်း။ သတ္ထံဝါ၊ ထား လက်နက်သည် ၎င်း။ နကမတိ၊ မဝင်နိုင်ချေ။

(၈) တုဝဋံ၊လျင်မြန်စွာ။စိတ္တံ၊စိတ်သည်။ သမာဓိယတိ၊ကောင်းစွာ တည်၏။

(၉) မုခဝဏ္ဏော၊ မျက်နှာအဆင်းသည်။ ပသီဒတိ၊ ကြည်လင်၏။

(၁၀) အသံမူဠှော၊ မတွေဝေသည်ဖြစ်၍။ ကာလံကရောတိ၊ စုတေ ခြင်းကိုပြုရ၏။

(၁၁) ဥတ္တရိအပ္ပဋိဝိဇ္ဈန္တော၊ လောကုတ္တရာ တရားကို ထိုးထွင်း၍ မသိသော်လည်း။ ဗြဟ္မလောကူပဂေါ၊ ဗြဟ္မာ့ပြည်သို့လားရ သည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဧတံပိ၊ ဤစကားကို လည်း။ ဘာသိတံ၊ ဟောတော်မူအပ်၏။ ။ပုန စ၊ တဘန် လည်း။ တုမှေ၊ သင်ချစ်သားတို့သည်။ သာမော၊ သုဝဏ္ဏ သာမည်သော။ ကုမာရော၊ သတို့ သားသည်။ မေတ္တာ ဝိဟာရီ၊ မေတ္တာတည်းဟူသော ဗြဟ္မဝိဟာရဖြင့် နေလေ့ရှိ သည်ဖြစ်၍။ မိဂသံဃေန၊ သမင်အပေါင်းဖြင့်။ ပရိဝုတော၊ ခြံရံအပ်လျက်။ ပဝနေ၊ တောအရပ်၌။ ဝိစရန္တော၊ ရေခပ်အံ့ သောငှါသွားစဉ်။ ပိဠိယက္ခေန၊ပိဠိယက္ခမည်သော။ ရညာ၊ မင်းသည်။ ဝိသပီတေန၊အဆိပ်လူးသော။ သလ္လေန၊မြားဖြင့်။ ဝိဒ္ဓေါ၊ ပစ်အပ်သည်ဖြစ်၍။ တတ္ထေဝ၊ ထိုအရပ်၌ ပင်လျှင်။ မုစ္ဆိတောတိ၊ မိန်းမော၏ဟူ၍။ ဧတံပိ၊ ဤစကားကိုလည်း။ ဘဏထ၊ ဆိုတော်မူကြကုန်၏။

အရှင်ဘုရား၊ ဘုရားရှင်သည်အကယ်၍ချစ်သားရဟန်းတို့၊ မေတ္တာ ကိုပွါးစေအပ်သည်ရှိသော် တဆဲ့တပါးသောအကျိုးဆက်ကို အလိုရှိ အပ်၏ဟုဟောတော်မူအပ်သော စကားသည်မှန်အံ့၊ ထိုသို့တပြီးကား သုဝဏ္ဏသျှံ သတို့သားသည် မေတ္တာကို ပွါးစေလျက် နေလေ့ရှိသည်

ဖြစ်၍ သမင်အပေါင်းခြံရံလျက် တောအရပ်၌ ရေခပ်သွားသည့်ရှိသော် ဗိဋ္ဌယက္ခမင်းသည် အဆိပ်လူးသော မြားဖြင့် ပစ်အပ်သည် ဖြစ်၍ ထိုအရပ်၌ပင်လျှင် မိန်းမော၏ ဟူသော အကြွင်းစကားသည် ရှိ၏၊ ထိုစကားသည်မှားရာ၏။ ။(ဤလည်းတစ္ခန်းထွက်သည်။)

အရှင်ဘုရား၊ အကယ်၍သုဝဏ္ဏသျှံသတို့ သားသည် မေတ္တာပွါး၍ နေလေ့ရှိသောကြောင့် သမင်အပေါင်းခြံရံလျက် တောအရပ်၌ ရေခပ်သွားသော် ဗိဋ္ဌယက္ခမင်းသည် အဆိပ်လူးသောမြားဖြင့် ပစ်အပ်သည်ဖြစ်၍ ထိုအရပ်၌ပင်လျှင် မိန်းမော၏ဟူသော စကားသည်မှန်အံ့၊ ထိုသို့တပြီးကား ချစ်သားရဟန်းတို့၊ မေတ္တာကို ပွါးစေအပ်သည့်ရှိသော် တဆဲ့တပါးသောအကျိုးဆက်ကို အလိုရှိအပ်၏ဟူသောအကြွင်းစကားသည်ရှိ၏၊ ထိုစကားသည်မှားရာ၏။ ။(ဤလည်းတစ္ခန်းထွက်သည်။)

နှစ်ဘက်အစွန်းထွက်သော ဤပြဿနာသည် ကောင်းစွာ သိမ်မွေ့၏၊ နက်နဲ၏၊ စင်စစ် လူတို့၏ကိုယ်ချွေးယိုရာသော ပြဿနာတည်း၊ ထိုပြဿနာသည် အရှင်ဘုရားအားရောက်၏၊ လူအပေါင်းတို့သည်ရှုပ်ထွေးခဲ့၏၊ ထိုအရှုပ်အထွေးကို အရှင်ဘုရားသည် ဖြေတော်မူပါလော့၊ လာလတ္တံ့သော ဘုရားရှင်သားတော်တို့အား ငြိမ်းစိမ့်သောငှါ ပညာတည်းဟူသောမျက်စိကိုပေးတော်မူပါလော့ဟုဆိုသော်—

**မေတ္တာမေ့လျော့-မြားမှန်တော့၏**……မင်းကြီး၊ ဘုရားရှင်သည် ချစ် သား ရဟန်း တို့၊ မေတ္တာစိတ်ကိုပွါးစေအပ်သည့်ရှိသော် တဆဲ့တပါးသောအကျိုးဆက်ကိုအလိုရှိအပ်၏ဟု ဟောတော်မူအပ်သည်လည်းမှန်၏၊ သုဝဏ္ဏသျှံသတို့သားသည် မေတ္တာပွါးလေ့ရှိ၍ သမင်အပေါင်း ခြံရံလျက် တောအရပ်၌ရေခပ်အံ့သောငှါသွားစဉ် ဗိဋ္ဌယက္ခမင်းသည် အဆိပ်လူးသောမြားဖြင့်ပစ်အပ်သည်ဖြစ်၍ ထိုအရပ်၌ပင်လျှင် မိန်းမော၍ လည်းသည်လည်းမှန်၏။ ။မင်းကြီး၊ မှန်ကြောင်းကား ထိုမြားမှန်သောအခါ အကြောင်းရှိသည်ဖြစ်၏၊ အကြောင်း အဘယ်နည်းဟူမူကား မင်းကြီး၊ ထိုတဆဲ့တပါးသော မေတ္တာပွါးခြင်း၏ ကျေးဇူးတို့သည် ဖြစ်သည်မှန်၏၊ သုဝဏ္ဏသျှံ သတို့သားသည်ကား ရေအိုးကို ချီကြွစဉ်အခါ မေတ္တာပွါးခြင်းမေ့လျော့သည်ဖြစ်၏၊ အကြင်အခါပုဂ္ဂိုလ်သည် မေတ္တာ

ရောက်သည်ဖြစ်အံ့၊ ထိုအခါထိုခဏ၌မီးသည်၎င်း, အဆိပ်သည်၎င်း, ထားလက်နက်သည်၎င်း မဝင်နိုင်ရာ၊ အမှတ်မရှိသော အစီးအပွါးကို အလိုမရှိသောသူတို့သည် အနီးသို့ ရောက်လာကုန်အံ့၊ ထိုမေတ္တာပွါး သောသူကိုမမြင်နိုင်ရာ၊ ထိုမေတ္တာကိုပွါးသောအခါ၌ အခွင့်ကိုမရနိုင် ကုန်ရာ၊ မင်းကြီး၊ ထိုဂုဏ်ကျေးဇူးတို့သည် ပုဂ္ဂိုလ်၏ ဂုဏ်ကျေးဇူး မဟုတ်၊ မေတ္တာ၏ ဂုဏ်ကျေးဇူးတို့တည်း၊ မင်းကြီး၊ ဥပမာသော်ကား ဤလူ့ပြည်၌စစ်မြေပြင်သို့တက်သောသူရဲကောင်းသည် မပျက်စီး သော ချပ်တန်ဆာ ကွန်ရက်ကိုကောင်းစွာဝတ်၍ စစ်မြေပြင်သို့တက်အံ့၊ ထိုယောကျ်ားအား ပစ်အပ်သော မြားတို့သည်အနီးသို့ ရောက်သော် လည်း ဖရိုဖရဲကျလေကုန်၏၊ ထိုတဘက်သား ရန်သူတို့သည် အခွင့် ကိုမရ နိုင်ကုန်၊ မင်းကြီး၊ ဤသို့သောဂုဏ်ကျေးဇူးသည် ထိုသူရဲ ကောင်း၏ဂုဏ်ကျေးဇူးမဟုတ်၊ မပျက်မစီးသောချပ်တန်ဆာ ကွန်ရက် ၏ ဂုဏ်ကျေးဇူးတည်း၊ မင်းကြီး၊ ထို့အတူ ထိုတဆဲ့တပါးသော ဂုဏ် ကျေးဇူးတို့သည် ပုဂ္ဂိုလ်၏ ဂုဏ်ကျေးဇူးမဟုတ်၊ မေတ္တာပွါးခြင်း၏ ဂုဏ်ကျေးဇူးတို့တည်း၊ မင်းကြီး၊အကြင်အခါ၌ ပုဂ္ဂိုလ်သည် မေတ္တာ ရောက်၏၊ ထိုပုဂ္ဂိုလ်အား ထိုခဏ၌မီးသည်၎င်း, အဆိပ်သည်၎င်း, ထားလက်နက်သည်၎င်း မဝင်နိုင်ရာ၊ ထိုမေတ္တာရောက်သောသူအား တစုံတယောက်သောသူတို့သည် အစီးအပွါးကို အလိုမရှိကုန်သည် ဖြစ်၍ အနီးသို့ရောက်လာသော် ထိုမေတ္တာပွါးသော သူကိုမမြင်နိုင် ကုန်ရာ၊ ထိုမေတ္တာရောက်သော ပုဂ္ဂိုလ်၌ အခွင့်ကို မရနိုင်ကုန်ရာ၊ မင်းကြီး၊ ထိုဂုဏ်ကျေးဇူးသည် ပုဂ္ဂိုလ်၏ ဂုဏ်ကျေးဇူး မဟုတ်၊ ထိုတဆဲ့တပါးသောဂုဏ်ကျေးဇူးတို့သည် မေတ္တာပွါးသောစိတ်၏ဂုဏ် ကျေးဇူးတို့တည်း။

မင်းကြီး၊ ဥပမာသော်ကား အကြင်ယောကျ်ားသည် ဤလောက၌ ကိုယ်ကိုမမြင်စေတတ်၊ ရှိမ်းပြီးသော နတ်၏ဆေးမြစ်ကို လက်၌ထား၏၊ အကြင်ရွှေလောက် ထိုဆေးမြစ်သည် ထိုယောကျ်ား၏လက်၌ တည် သည်ဖြစ်အံ့၊ထိုရွှေလောက်တပါးသောပြကတေ့လူသည်ထိုယောကျ်ား ကိုမမြင်နိုင်ရာ၊ မင်းကြီး၊ ထိုမမြင်နိုင်သော ဂုဏ်ကျေးဇူးသည် ထို ယောကျ်ား၏ဂုဏ်ကျေးဇူးမဟုတ်၊ ကွယ်ခြင်းဂုဏ်ကျေးဇူးသည် နတ် ဆေးမြစ်၏ဂုဏ်ကျေးဇူးဖြစ်၏၊ ထိုယောကျ်ားကို ပြကတေ့သောလူတို့

သည် မျက်စိမြင်ရာအရပ်၌ မထင်လေ သကဲ့သို့ ထို့အတူ မင်းကြီး၊ ထိုတဆဲ့တပါးသောဂုဏ်ကျေးဇူးတို့သည် မေတ္တာပွါးသော ပုဂ္ဂိုလ်၏ ဂုဏ်ကျေးဇူးမဟုတ်၊ မေတ္တာပွါးသောစိတ်၏ ဂုဏ်ကျေးဇူးတို့တည်း၊ မင်းကြီး၊ ဥပမာသော်ကား ကောင်းမွန်လုံခြုံစွာပြုအပ်သော ဂူလိုဏ်သို့ ဝင်သော ယောကျ်ားကို သည်းစွာသောမိုးကြီးသည် စွတ်စိမ့်သော ငှါမတတ်နိုင်၊ မင်းကြီး၊ ထိုမိုးကြီးမစွတ်ခြင်းဂုဏ်သည် ယောကျ်ား၏ဂုဏ်ကျေးဇူးမဟုတ်၊ ကြီးစွာသော လုံခြုံသော ဂူလိုဏ်၏ဂုဏ်ကျေး ဇူးဖြစ်သကဲ့သို့ ထို့အတူ မင်းကြီး၊ ထိုတဆဲ့တပါးသောဂုဏ်ကျေးဇူး တို့သည် ထိုပုဂ္ဂိုလ်တို့၏ ဂုဏ်ကျေးဇူး မဟုတ်၊ မေတ္တာရောက်သော စိတ်၏ဂုဏ်ကျေးဇူးပေတည်း၊မင်းကြီး၊အကြင်အခါပုဂ္ဂိုလ်သည်မေတ္တာ ရောက်၏၊ ထိုခဏ၌ ထိုပုဂ္ဂိုလ်အား မီးသည်၎င်း, အဆိပ်အတောက် သည်၎င်း, ထားလက်နက်သည်၎င်း မဝင်နိုင်ရာ၊ ထိုမေတ္တာပွါးသောသူ အား အစီးအပွါးကိုအလိုမရှိသောသူတို့သည်ချဉ်းကပ်ကုန်သော် အနီး သို့ရောက်သော် ထိုပုဂ္ဂိုလ်ကိုမမြင်နိုင်ကုန်၊ ထိုမေတ္တာရောက်သောသူ အား အစီးအပွါးမရှိသည်ကိုပြုအံ့သောငှါ မတတ်နိုင်ကုန်ရာ၊ ထိုတဆဲ့ တပါးသောဂုဏ်ကျေးဇူးတို့သည် ထိုပုဂ္ဂိုလ်၏ဂုဏ်ကျေးဇူး မဟုတ်၊ မေတ္တာရောက်သောစိတ်၏ဂုဏ်ကျေးဇူးဖြစ်၏ဟုဆိုသော်အရှင်ဘုရား၊ အံ့ဘွယ်ရှိပေစွ၊ အရှင်ဘုရား၊ ဤစကားကဲ့သို့ မဖြစ်ဘူးလေတကား၊ မေတ္တာကိုပွါးခြင်းသည် အလုံးစုံမကောင်းသောအမှုကို မြစ်တားပေ၏ ဟု ဆိုလျှင် မင်းကြီး၊ အကျိုးလိုသော သူတို့အား၎င်း, မလိုသောသူတို့ အား၎င်း မေတ္တာကိုပွါးခြင်းသည် အလုံးစုံသော ကုသိုလ်တရားတို့၏ ဂုဏ်ကျေးဇူးတို့ပေတည်း၊ အသက်ဝိညာဉ်နှင့်စပ်ယှဉ်သော ခပ်သိမ်း သောသတ္တဝါတို့အား ကြီးမြတ်သော အကျိုးဆက်ရှိသော မေတ္တာစိတ် ကို ပွါးစေအပ်၏ဟုဆို၏။

မေတ္တာဘာဝနာနိသံသပဥှာပြီး၏။

---

## ၁၂၃။ ကုသလာ ကုသလကာရိနေသမ ဝိသမပဥှာ

**ကုသိုလ်နှင့်အကုသိုလ်အကျိုးပေးကွာပုံ**……မိလိန္ဒမင်းသည်အရှင် ဘုရား၊ ကုသိုလ် ကောင်းမှုကိုပြုသောသူအား၎င်း, အကုသိုလ်ကိုပြုသောသူအား၎င်း, အ

ကျိုးဆက်သည် အမျှရှိသလော၊ ထိုသို့မဟုတ်မူကား တစုံတခု ထူးသောအကျိုးရှိသလောဟု ဆိုသော် မင်းကြီး၊ ကုသိုလ်အကုသိုလ်တို့အား ထူးသောအကျိုးရှိ၏၊ မင်းကြီး၊ ကုသိုလ်တရားသည် အပြစ်မရှိ ချမ်းသာသောအကျိုးကိုဖြစ်စေတတ်၏၊ အကုသိုလ်သည်အပြစ်နှင့်တကွ မကောင်းကျိုးပေး၍ ငရဲကိုဖြစ်စေတတ်၏ဟုဆိုသော် အရှင်ဘုရားတို့သည် ဒေဝဒတ်သည် စင်စစ် မကောင်းသော အကျင့်ရှိ၏၊ စင်စစ်မကောင်းသောအကျင့်တရားတို့နှင့် ပြည့်စုံ၏၊ ဘုရားလောင်းသည် စင်စစ် ဖြူစင်သောကုသိုလ်တရားတို့နှင့်ပြည့်စုံ၏ဟု ဆိုကြကုန်၏။

ဘန္တေ နာဂသေန ကုသလကာရိဿပိ အကုသလကာရိဿပိ ဝိပါကော သမသမော၊ ဥဒါဟု ကောစိ ဝိသေသော အတ္ထီတိ၊ အတ္ထိ မဟာရာဇ ကုသလဿစ အကုသလဿစ ဝိသေသော၊ ကုသလံ မဟာရာဇ သုခဝိပါကံ သဂ္ဂသံဝတ္တနိကံ၊ အကုသလံ ဒုက္ခဝိပါကံ နိရယသံဝတ္တနိကန္တိ။ ။ဘန္တေ နာဂသေန တုမှေ ဘဏထ ဒေဝဒတ္တော ဧကန္တကဏှော ဧကန္တကဏှေဟိ ဓမ္မေဟိ သမန္နာဂတော၊ ဗောဓိသတ္တော ဧကန္တသုက္ကော ဧကန္တသုက္ကေဟိ ဓမ္မေဟိ သမန္နာဂတောတိ။ ။ ဟူသည်တည်း။

ဘန္တေ၊ နာဂသေန၊ အရှင်နာဂသေန မထေရ်။ ကုသလကာရိဿပိ၊ ကုသိုလ်ကိုပြုသောသူ၏ရင်း။ အကုသလကာရိဿပိ၊ အကုသိုလ်ကိုပြုသောသူ၏ရင်း။ ဝိပါကော၊ အကျိုးတရားသည်။ သမသမော၊ အမျှမျှရှိကြသလော။ ဥဒါဟု၊ ထိုသို့မဟုတ်မူကား။ ကောစိဝိသေသော၊ တစုံတခုသော အထူးသည်။ အတ္ထိ၊ ရှိသလော။ ဣတိ၊ ဤသို့။ ဝုတ္တေ၊ ဆိုလတ်သော်။ မဟာရာဇ၊ မင်းကြီး။ ကုသလဿစ၊ ကုသိုလ်တရား၏ရင်း။ အကုသလဿစ၊ အကုသိုလ်တရား၏ရင်း။ ဝိသေသော၊ အထူးသည်။ အတ္ထိ၊ ရှိ၏။ မဟာရာဇ၊ မင်းကြီး။ ကုသလံ၊ ကုသိုလ်သည်။ သုခဝိပါကံ၊ အပြစ်မရှိချမ်းသာသော အကျိုးကိုဖြစ်စေတတ်၏။ သဂ္ဂသံဝတ္တနိကံ၊ နတ်ပြည်၌ ဖြစ်စေတတ်၏။ အကုသလံ၊ အကုသိုလ်သည်။ ဒုက္ခဝိပါကံ၊ ဆင်းရဲသောအကျိုး ကို ဖြစ်စေတတ်၏။ နိရယသံဝတ္တနိကံ၊ ငရဲ၌ဖြစ်စေတတ်၏။ ဣတိ၊ ဤသို့။ ဝုတ္တေ၊ ဆိုအပ်သည်ရှိသော်၊ ဘန္တေ၊ နာဂသေန၊ အရှင်နာဂသေန မထေရ်။

ဒေဝဒတ္တော၊ဒေဝဒတ်သည်။ ဧကန္တကဏှော၊စင်စစ် မကောင်းမှုတည်းဟူသော မည်းနက်သောအရေးရှိ၏။ ဧကန္တကဏှေဟိ၊စင်စစ် မကောင်းမှု တည်းဟူသော မည်းနက်ကုန်သော။ ဓမ္မေဟိ၊ တရားတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံ၏။ ဗောဓိသတ္တော၊ ဘုရားလောင်းသည်။ ဧကန္တသုက္ကော၊ စင်စစ် ဖြူစင်သောကုသိုလ်ရှိ၏။ ဧကန္တသုက္ကေဟိ၊ စင်စစ် ဖြူစင်ကုန်သော။ ဓမ္မေဟိ၊တရားတို့နှင့်။ သမန္နာဂတော၊ပြည့်စုံ၏။ ဣတိ၊ ဤသို့။ဘဂဝ၊ ဆိုတော်မူကြကုန်၏။

**ဘုရားလောင်းဘဝဒေဝဒတ်အောက်-နိမ့်ပုံ**…ဤသို့ ဆိုပြီး၍ ထို စကားကို အကျယ်

ပြပြန်၏၊ အကျယ်သရုပ်ကား အရှင်ဘုရား၊ ဒေဝဒတ်သည် သံသရာဘဝ၌ ဘုရားအလောင်းတော်နှင့် အခြံအရံအားဖြင့်ရင်း, အပင်းအသင်းအားဖြင့်ရင်း တူမျှသောသဘောရှိသည်ဖြစ်၏တကား၊ရံခါအထူးသဖြင့် လွန်သောသဘောရှိ၏တကား၊အရှင်ဘုရား၊ဒေဝဒတ်သည် အကြင်အခါဗာရာဏသီပြည်၌ဗြဟ္မဒတ်မင်း၏ ပုရောဟိတ်ပုဏ္ဏားသားဖြစ်၏၊ထိုဘဝ၌ ဘုရားအလောင်းတော်သည် ဒွန်းစဏ္ဍာလအမျိုး၌ ဝိဇ္ဇာရှိ၍ လုလင်ဖြစ်၍ မန္တရားကိုရွတ်၍ အခါမဲ့သရက်ပင်၌ သရက်သီးတို့ကို သီးစေ၏၊ ထိုဘဝ၌ ဘုရားလောင်းသည် ရှင်ဒေဝဒတ်အောက် အမျိုးအားဖြင့် ယုတ်ခဲ့၏။ ။တဘန်လည်း အကြင်အခါ ရှင်ဒေဝဒတ်သည် ခပ်သိမ်းစုံအစိုးရသော မဟာမဟီပတိမည်သော မင်းဖြစ်၏၊ ထိုအခါ ဘုရားလောင်းသည် ထိုမင်း၏အသုံးအဆောင်ဖြစ်၍ အလုံးစုံသောလက္ခဏာနှင့် ပြည့်စုံသော ဆင်ပြောင်ဖြစ်၏၊ ထိုဆင်ပြောင်ကြီး၏ အသွားအလာ၏ တင့်တယ်ခြင်းကို သည်းမခံနိုင်၊ သတ်ခြင်းကို အလိုရှိသည်ဖြစ်၍ ထိုမဟီပတိမင်းသည် ဆင်ထိန်းဆရာ၊ ဆင်ပြောင်ကို သင်သည် ကောင်းကင်ဖြင့်သွားကြောင်းကို သွန်သင်လော့ဟုဆို၏၊ထိုဘဝ၌လည်း ဘုရားလောင်းသည် ရှင်ဒေဝဒတ်အောက် ယုတ်သော အမျိုး၌ ဖြစ်ခဲ့၏၊ တဘန်လည်း အကြင်အခါ ရှင်ဒေဝဒတ်သည်လူဖြစ်၍ ဆင်ပြောင်ကြီး၏ အားကိုဆောင်သော သောဏုတ္တိုရ်မုဆိုးဖြစ်၏၊ထိုအခါ ဘုရားလောင်းသည်ဆဒ္ဒန်ဆင်မင်းဖြစ်၏၊ ထိုအခါ သောဏုတ္တိုရ်မုဆိုးသည် ဆဒ္ဒန်ဆင်မင်းကိုသတ်၏၊ထိုဘဝ၌လည်း ရှင်ဒေဝဒတ်သည်ဇာတိအဖြစ်ဖြင့် မြတ်ခဲ့၏၊တဘန်လည်း ရှင်ဒေဝဒတ်သည် လူဖြစ်၍ တောအရပ်၌နေရာ အမြဲ

မရှိသော မုဆိုးဖြစ်၏၊ ထိုအခါ ဘုရားလောင်းသည် အတိုင်အပင် အကြံ အစည်နှင့် ပြည့်စုံသော ခါဌက်၏အမျိုး၌ဖြစ်၏၊ ထိုမုဆိုးသည် ထိုခါကို သတ်၏၊ ထိုဘဝ၌လည်း ရှင်ဒေဝဒတ်သည် ဇာတိအားဖြင့်မြတ်၏။ ။ တဘန်လည်း အကြင်အခါ ရှင်ဒေဝဒတ်သည် ကလာဗုမည်သော ကာသိကရာဇ်မင်းဖြစ်၏၊ ထိုအခါဘုရားလောင်းသည်ခန္တိဝါဒီရှင်ရသေ့ ဖြစ်၏၊ ထိုကလာဗုမင်းသည် အမျက်ထွက်၍ ထိုခန္တိဝါဒီရှင်ရသေ့၏ ခြေလက်တို့ကို ကျူ့ကြောက်ကဲ့သို့ ဖြတ်လေ၏၊ ထိုဘဝ၌လည်း ရှင်ဒေ ဝဒတ်သည် ဇာတိအမြိအရံအားဖြင့် လွန်မြတ်၏။ ။တဘန်လည်း ရှင်ဒေဝဒတ်သည် တယုဇနာသော အရပ်ကောင်းကင်ပြင်သို့ သွားခြင်း ၌ စွမ်းနိုင်သော ဥပစရမည်သောမင်းဖြစ်၏၊ ထိုအခါ ဘုရားလောင်း သည် ကပိလမည်သောပုဏ္ဏားဖြစ်၏၊ ထိုဘဝ၌လည်းရှင်ဒေဝဒတ်သည် ဇာတိအားဖြင့်၎င်း, အမြိအရံအားဖြင့်၎င်း မြတ်၏။ ။တဘန်လည်း ရှင်ဒေဝဒတ်သည် သောမမည်သောလူဖြစ်၏၊ ထိုအခါ ဘုရားလောင်း သည် ရုရုမည်သော သမင်ဖြစ်၏၊ ထိုဘဝ၌လည်း ရှင်ဒေဝဒတ်သည် ဇာတိအားဖြင့် လွန်မြတ်၏။ ။တဘန်လည်း ရှင်ဒေဝဒတ်သည် တော၌ ကျက်စားသောမုဆိုးဖြစ်၏၊ ထိုအခါ၊ ဘုရားလောင်းသည် ဆင်ပြောင် ကြီးဖြစ်၏၊ ထိုမုဆိုးသည် ထိုဆင်ပြောင်ကြီး၏ အစွယ်ကို ခုနစ်ကြိမ် ဆောင်၏၊ ထိုဘဝ၌လည်း ဇာတိအားဖြင့်မြတ်၏၊ တဘန်လည်း အကြင် အခါ ရှင်ဒေဝဒတ်သည် ခတ္တိယဓမ္မနှင့် ပြည့်စုံသော သိင်္ဂါလမည်သော မင်းဖြစ်၏၊ ဇမ္ဗူဒိပါကျွန်း၌ ပဒေသရာဇ်မင်းအပေါင်းတို့နှင့် ယှဉ်ခြင်းကို ပြု၏၊ ထိုအခါ ဘုရားလောင်းသည် မြမြိခိုင်ခံ့တည်ကြည်သော ပညာရှိ ဖြစ်၏၊ ထိုဘဝ၌ ရှင်ဒေဝဒတ်အား ပရိသတ်အမြိအရံအားဖြင့်လွန်၏။

**ဒေဝဒတ်နှင့်အဆင့်အတန်းတူပုံ**......ရှင်ဒေဝဒတ်သည်လွန်သော ဇာတိယသ ရှိကြောင်းကို ပြပြီး၍ သမဇာတိကိုပြပြန်၏။ ။တဘန်အကြင်အခါ ရှင်ဒေဝဒတ်သည် ဆင်ပြောင်ဖြစ်၍ နှံစုတ်ငှက်ငယ်၏ သားတို့ကိုဖျက်ဆီး၏၊ ထိုအခါ၌ ဘုရားလောင်းသည်လည်း ဆင်ပြောင်ကြီးဖြစ်၍ ဆင်အပေါင်းတို့၏ အရှင်ဖြစ်၏၊ ထိုဘဝ၌ ထိုနှစ်ယောက်သော သူတို့သည် မျှသော ဇာတိရှိကုန်၏။ ။တဘန်လည်း ရှင်ဒေဝဒတ်သည် အဓမ္မမည်သော

ဘီလူးဖြစ်၏၊ ထိုအခါ ဘုရားလောင်းသည် ဝမ္ဗမည်သော ဘီလူး ဖြစ်၏၊ ထိုဘဝ၌လည်း ထိုနှစ်ယောက်သော သူတို့သည် တူမျှသော ဇာတိ ရှိကုန်၏။ ။တဘန်လည်း ရှင်ဒေဝဒတ်သည် ငါးရာသော သဘော်သားတို့၏ အကြီးဖြစ်၏၊ ထိုအခါ ဘုရားအလောင်းသည် လည်း ငါးရာသော သဘော်သားတို့၏ အကြီးဖြစ်၏၊ ထိုဘဝ၌ လည်း ထိုနှစ်ယောက်တို့သည် တူမျှသော ဇာတိရှိကုန်၏။ ။တဘန် လည်း ရှင်ဒေဝဒတ်သည် ငါးရာသော လှည်းကုန်သည်တို့၏ အကြီး ဖြစ်၏၊ ထိုအခါဘုရားလောင်းသည်လည်း ငါးရာသော လှည်းကုန် သည်တို့၏အကြီးအမှူးဖြစ်၏၊ ထိုဘဝ၌လည်း ထိုနှစ်ယောက်တို့သည် တူမျှသော အမျိုးဇာတိရှိကုန်၏။ ။တဘန်လည်း ရှင်ဒေဝဒတ်သည် သာခမည်သောသမင်မင်းဖြစ်၏၊ ထိုအခါ ဘုရားလောင်းသည်လည်း နိဂြောဓမည်သောသမင်မင်းဖြစ်၏၊ ထိုအခါ၌လည်း ထိုနှစ်ယောက် တို့သည် တူမျှသောဇာတိရှိကုန်၏။ ။တဘန်လည်း အကြင် အခါ ရှင်ဒေဝဒတ်သည် သာခမည်သော စစ်သူကြီးဖြစ်၏၊ ထိုအခါဘုရား လောင်းသည် နိဂြောဓမည်သောမင်းဖြစ်၏၊ ထိုဘဝ၌လည်း ထိုနှစ် ယောက်တို့သည် ဇာတိတူကြ၏။

တဘန်လည်း အကြင်အခါ ရှင်ဒေဝဒတ်သည် ခဏ္ဍဟာလပုဏ္ဏား ဖြစ်၏၊ ထိုအခါ ဘုရားလောင်းသည် စန္ဒကုမာရ မင်းသားဖြစ်၏၊ ထိုဘဝ၌ ခဏ္ဍဟာလ ပုဏ္ဏားသာလျှင် အစိုးတရဖြစ်၏။ ။တဘန် လည်း အကြင်အခါ ရှင်ဒေဝဒတ်သည် ဗြဟ္မဒတ်မင်းဖြစ်၏၊ ထိုအခါ ဘုရားလောင်းသည် ဗြဟ္မဒတ်မင်း၏ သားပဒုမမင်းသား ဖြစ်၏။ ထိုအခါ ဗြဟ္မဒတ်မင်းသားသည် မိမိ၏သားကို ခိုးသူတို့အားချရာ ကမ်းပါးပြတ်သို့ချစေ၏။ ။တဘန်လည်း ရှင်ဒေဝဒတ်သည် မဟာ ပတာပမင်းဖြစ်၏၊ထိုအခါ ဘုရားလောင်းသည် ဓမ္မပါလ သတို့သား ဖြစ်၏၊ ထိုအခါ ထိုမဟာပတာပမင်းသည် မိမိသားဓမ္မပါလ၏လက် ခြေဦးခေါင်းတို့ကိုဖြတ်စေ၏၊ ထိုဘဝ၌ ဒေဝဒတ်သာလျှင် အစိုးတရ ရှိ၏၊ ဤအခဲ့စွန်သောဘဝ၌လည်း သာကီဝင်မျိုး၌ ဖြစ်ကြကုန်၍ ဘုရားလောင်းသည် ဘုရားဖြစ်၏၊ ရှင်ဒေဝဒတ်သည် သာသနာတော်၌ ရဟန်းပြု၍ တန်ခိုးအဘိညာဉ်နှင့်ပြည့်စုံ၍ ဘုရားဖြစ်အံ့တု ခြင်းကိုပြု၏ ။ အရှင်ဘုရား၊ တကာတော်သည် အကြင်အကြင်စကားကိုဆို၏၊ ထိုထို

စကားသည် အသို့နည်းမှန်သလော၊ ထိုသို့မဟုတ် ချွတ်ယွင်းသလောဟု ဆိုသော် မင်းကြီး၊ သင်မင်းကြီးသည်များသော အကြောင်းကိုပြု၍ ဆုံးစေ၏၊ ထိုအလုံးစုံသော စကားသည် သင်တကာဆိုတိုင်းမှန်၏ဟု စကားကို လိုက်လျော၍ ဝန်ခံသော် အရှင်ဘုရား၊ အကုသိုလ်တရားသည်၎င်း,ကုသိုလ်တရားသည်၎င်း, တူမျှသော အလားရှိ ကြကုန်သည် ဖြစ်ခဲ့၏၊ ထို့ကြောင့်ကုသိုလ်အကုသိုလ်သည်တူမျှသော အကျိုးဆက်ရှိသည်ဖြစ်၏ဟု စကားကို ဘိစိး၍ဆိုပြန်၏။ ။မတူကြောင်းကိုပြပြန်လို၍ မင်းကြီး၊ ကုသိုလ် အကုသိုလ်တရားသည် တူမျှသောအကျိုးဆက်မရှိ၊ မင်းကြီး၊ မရှိကြောင်းကား ရှင်ဒေဝဒတ်သည် အလုံးစုံသောသူတို့နှင့်ဆန့်ကျင်သည်မဟုတ်လော၊ ဘုရားလောင်းသည်မူကား အလုံးစုံသော သူတို့နှင့် မဆန့်ကျင်သည် မဟုတ်လော၊ ထို့ကြောင့် ထိုဒေဝဒတ်သည် ဘုရားလောင်းနှင့် ဆန့်ကျင်၏၊ ဘုရားလောင်းသည် ထိုထိုသော ဘဝ၌လျှင် အကျိုးဆက်ကိုခံရအံ့သော ကောင်းမှုကိုပြုလိုသဖြင့် အလှူကိုပေး၏၊ မင်းကြီး၊ ရှင်ဒေဝဒတ်သည်လည်း အစိုးရသောအရာ၌တည်၍ဇနပုဒ်တို့၌ အစောင့်အရှောက်ကိုပေး၏၊ တံတားခင်းခြင်း, စရပ်ဆောက်ခြင်း ကုသိုလ်ကိုပြု၏၊ ရသေ့ရဟန်းတို့အား၎င်း, ပုဏ္ဏားတို့အား၎င်း, ဘုန်းတောင်းယာစကာတို့အား၎င်း,ကိုးကွယ်ရာမရသောသူတို့အား၎င်း မွန်မြတ်သော အလှူကိုပေး၏၊ ထိုကုသိုလ်၏အကျိုးဖြင့် ထိုရှင်ဒေဝဒတ်အား ထိုထိုသို့သောဘဝတို့၌ ပြည့်စုံခြင်းကိုရ၏၊ မင်းကြီး၊ ထိုရှင်ဒေဝဒတ်အား အလှူဒါန သီလ ဥပုသ်ဆောက်တည်ခြင်း, ကုသိုလ်တရားနှင့်ကင်း၍စည်းစိမ်ချမ်းသာနှင့် ပြည့်စုံခြင်းကိုခံစားရလေ၏ဟုဆိုခြင်းငှါ မတတ်နိုင်စကောင်း၊မင်းကြီး၊သင်မင်းကြီးသည်ဒေဝဒတ်သည်၎င်း, ဘုရားလောင်းသည်၎င်း အတူတကွသံသရာဝဋ်တရား၌ တပြောင်းပြန်ပြန် ကျင်လည်ကြကုန်၏ဟူသော အကြင်စကားကိုဆို၏၊ ထိုဒေဝဒတ်သည် ဘုရားလောင်းနှင့် အတူဘဝ အရာလွန်သဖြင့်အတူဖြစ်ကြ၏၊ဘဝအထောင် လွန်သဖြင့်၎င်း, ဘဝ အသိန်းလွန်သဖြင့်၎င်း, တရံတခါများစွာသော နေ့ညဥ့်လွန်သဖြင့်၎င်း, အတူတကွပေါင်းမိကြသည်ဖြစ်၏။ ။မင်းကြီး၊ထိုသို့ ဖြစ်ရခြင်းကို မြတ်စွာဘုရားသည် လူ့အဖြစ်ကိုရခြင်းငှါ ခဲယဉ်းကြောင်းကို ကာဏကစ္ဆပေါပမာဖြင့် ဟောတော်မူအပ်၏။

(အမိပ္ပါယ်ကား ကာဏာကဠွပေါပမာဟူသည် လိပ်ကန်း ဥပမာကို ဆိုလိုသည်၊ လိပ်ကန်းဥပမာ အဘယ်သို့ ဖြစ်ရသနည်းဟူမူကား မဟာသမုဒ္ဒရာ၌ လိပ်ကန်းသည် ရှိ၏၊ ထိုလိပ်ကန်းသည် အနှစ်အရာ အထောင်ကျမှ တခါရေပေါ်သို့ပေါ်၏၊ အကြင်တောင်သူတို့၏ လယ် ထွန်အမှုဖြစ်သော ထွန်တုံး, ထွန်ပိုး, ထွန်သွား, ထွန်သံ, ကြိုး, ထွန်ပိုးကျစ်တို့သည် ရှိကုန်၏၊ ထိုထွန်တုံး, ထွန်ပိုး, ကြိုးတန်ဆာ အလုံးစုံတို့ကို အနှစ်တရာမှ တခု, အနှစ်တထောင်မှ တခုစီ အသီး အသီး မဟာသမုဒ္ဒရာသို့ မျှောလိုက်အံ့၊ ထိုထွန်တုံး ထွန်ပိုး ကြိုး တန်ဆာအလုံးစုံတို့သည် လှိုင်းတံပိုး အကြိမ်များစွာ ရိုက်ခတ်သဖြင့် ထိုထွန်တုံး, ထွန်ပိုး, ကြိုးတန်ဆာ, ထွန်သွားတို့သည် ရှေးတပ်မြဲတည် မြဲတိုင်း စွပ်ကြလေကုန်၍ ထိုအနှစ်အရာအထောင်မှပေါ်သောလိပ်ကန်း သည်လည်း ထမ်းပိုးခွင်သို့ဝင်မိ၍ နွားကသကဲ့သို့ဖြစ်သော်လည်း ဖြစ် ရာ၏၊ထို့ထက် လူ၏အဖြစ်သည် ခဲစွာလေ၏ဟု ဘုရားဟောတော်မူအပ် သည်ဖြစ်ရာ၏ဟု ဆိုလိုသည်။)

**သံသရာတွင် ကျင်လည်ကြစဉ်က**······မင်းကြီး၊ ထို့အတူ ထိုရှင်ဒေ ဝဒတ်နှင့် ဘုရားလောင်းတို့ ၏ ပေါင်းဘော်မိခြင်းကို မှတ်လေလော့ မင်းကြီး၊ သံသရာဝဋ်၌ ဘုရား လောင်း၏ ရှင်ဒေဝဒတ်နှင့်သာလျှင် ပေါင်းဘော်မိကြခြင်းသည် မဟုတ် လေသေး၊ မင်းကြီး၊ ရှင်သာရိပုတ္တရာမထေရ်သည် အဖြစ်တသိန်းမက များစွာသောဘဝသံသရာတို့၌ ဘုရားလောင်း၏အဘသည် ဖြစ်ဘူး၏၊ ဘကြီးသည်လည်း ဖြစ်ဘူး၏၊ ဘထွေးသည်လည်း ဖြစ်ဘူး၏၊ အကို ညီသားသည်လည်း ဖြစ်ဘူး၏၊ အဆွေခင်ပွန်းသည်လည်း ဖြစ်ဘူး၏၊ ဘုရားလောင်းသည်လည်း အသိန်းမက များစွာသော သံသရာဘဝတို့၌ ရှင်သာရိပုတ္တရာ၏ အဘ,ဘကြီး, ဘထွေး,အကို, ညီသား, တူ,အဆွေ ခင်ပွန်းလည်း ဖြစ်ဘူး၏၊ မင်းကြီး၊ ခပ်သိမ်းသောသတ္တဝါအပေါင်းတို့ သည် သံသရာဝဋ်ဆင်းရဲတည်းဟူသော အယဉ်သို့သွားရ ကုန်သော် သံသရာတည်းဟူသောအယဉ်ဖြင့် မျောရကုန်သော် ချစ်သောသူတို့နှင့် ဖွင်း, မချစ်သောသူတို့နှင့်ဖွင်း ပေါင်းဘော်ရကုန်၏၊ မင်းကြီး၊ ဥပမာ သော်ကား မြစ်ရေအယဉ်၌ မစင်ကြယ်သော ဝတ္ထုသည် စင်ကြယ်

သောဝတ္ထုနှင့်အတူ, ကောင်းသောဝတ္ထုသည် မကောင်းသော ဝတ္ထုနှင့်အတူ ရောနှောပေါင်းဘော်မိကြသကဲ့သို့ ထို့အတူ မင်းကြီး၊ သံသရာဝဋ်၌ အကြိုးဝင်ရကုန်သော သတ္တဝါ အပေါင်း တို့သည် သံသရာတည်းဟူသောအလယ်သို့သွားရကုန်သော်,မျောရကုန်သော်,မချစ်သောသူတို့နှင့်ရင်း,ချစ်သောသူတို့နှင့်ရင်း ကျင်လည်ရ သွားရကုန်၏၊ မင်းကြီး၊ ရှင်ဒေဝဒတ်သည် အဓမ္မမည်သောဘီလူးဘဝ၌ မိမိသည် အဓမ္မအကျင့်ကိုကျင့်၏၊သူတပါးကိုလည်း အဓမ္မအကျင့်ကိုကျင့်စေ ယှဉ်စေ၍ သေလေသော် အနှစ်ငါးဆဲ့ခုနစ်ကုဋေ ခြောက်သန်းတို့ပတ်လုံး ငရဲကြီး၌ ကျက်ရလေ၏၊မင်းကြီး၊ဘုရားလောင်းသည် ဓမ္မမည်သောဘီလူး ဖြစ်သော ဘဝ၌ တရားကိုကျင့်၍ သူတပါးတို့အား တရားကိုကျင့်စေ ယှဉ်စေ၍ စုတေမနေ သေလွန်သော် အနှစ်ငါးဆဲ့ခုနစ်ကုဋေခြောက်သန်းတို့ပတ်လုံး ခပ်သိမ်းစုံလိုအင်နှင့် ပြည့်စုံသည်ဖြစ်၍ နတ်ရွာ၌မွေ့လျော်ရ၏။ ။မင်းကြီး၊စင်စစ်သော်ကား ရှင်ဒေဝဒတ်သည် ဤပတ္တပြုန်ဘဝ၌ ဘုရားရှင်နှစ်သက်ကော်မမူသည်ကို ဆောက်တည်၍ သံဃာတော်ကို သင်းခွဲ၍ မြေမျိုလေ၏၊လာခြင်းကောင်းသော ဘုရားရှင်သည် အလုံးစုံသော တရားတို့ကို အကြွင်းမဲ့သိတော်မူ၏၊ ဥပဓိမရှိသော ပရိနိဗ္ဗာန်ဖြင့်ပရိနိဗ္ဗာန်ပြုတော်မူ၏ဟု ဆိုသော် အရှင်ဘုရား၊ဤစကားကိုတကာတော် ဝန်ခံပါ၏ဟု ဝန်ခံလေ၏။

ကုသလာကုသလကာရိနေ၁သမဝိသမပဉှာပြီး၏။

---

## ၁၂၄။ အမရာဒေဝီပဉှာ

**မိန်းမပြုတ်-အမရာ**····· မိလိန္ဒမင်းသည်အရှင်ဘုရား၊ ဘုရားရှင်သည် အလုံးစုံသော မိန်းမတို့သည် ဆိတ်ငြိမ်ရာ အရပ်အခွင့်ကို အကယ်၍ရကုန်အံ့၊ တိုင်ပင်ခွင့်ကိုအကယ်၍ ရကုန်အံ့၊ ခပ်သိမ်းသောမိန်းမတို့သည် မကောင်းမှုကို ပြုကုန်ရာ၏၊ တပါးသော ယောကျ်ားကို မရအပ်သည်ရှိသော် လူဆွံ့, လူအ, နားပင်းတို့နှင့်အတူ မကောင်းမှုကိုပြုကုန်ရာ၏ဟု ဟောတော်မူအပ်၏၊ တဘန်လည်း အရှင်ဘုရား၊ ဘုရားရှင်သည် မဟောသဓာ ဘုရားလောင်းသည် အမရာမည်သောမိန်းမကို ရွာငယ်တချ၌ ထားအပ်သော် ဆိတ်ငြိမ်ရာအရပ်၌ လင်

ကွာ လင်မရှိသောမိန်းမဖြစ်၍နေစဉ် အစိုးရသောပြည့်ရှင်မင်းနှင့်အတူ ပြု၍ တထောင်သောဥစ္စာဖြင့် ပျော်ရွှင်မှု အခွင့်ကို တောင်းပန်ဆိုငြား သော်လည်း မကောင်းမှုကိုမပြု။

ဘဏ္ဍေနာဂသေန ဘာသိတမွေတံ ဘဂဝတာ။

သစေလဘေထ ခဏံဝါ ရဟောဝါ၊နိမန္တနံဝါပိ လဘေထ တာဒိသံ။

သဗ္ဗာပိ ဣတ္ထိယောကရေယျုံ ပါပံ၊ အညံ အလဒ္ဓါ ပီဌသပ္ပိနာ သဒ္ဓိံ့န္တိ။

> ပုနစ ကထိယတိ မဟောသဓေဿ ဘရိယာ အမရာနာမ ဣတ္ထီဂါမကေ ပဝုတ္ထ ပတိကာ ရဟော နိသိန္နာ ဝိဝိတ္တာ ရာဇပ္ပဋိသမံ သာမိကံ ကရိတွာ သဟာဿေန နိမန္တိယမာနာ ပါပံ နာကာသီတိ။ ။ဟူသည်တည်း။

ဘဏ္ဍေနာဂသေန၊ ရှင်နာဂသေနမထေရ်။ ဘဂဝတာ၊မြတ်စွာဘုရား သည်။ သဗ္ဗာပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ ဣတ္ထိယော၊ မိန်းမတို့ သည်။ ရဟောဝါ၊ဆိတ်ငြိမ်ရာအရပ်ကိုငင်း။ ခဏံဝါ၊ အခွင့်ကာလကို ငင်း။ သစေလဘေထ၊ အကယ်၍ ရကုန်အံ့။ နိမန္တနံဝါပိ၊ တိုင်ပင်ဘိတ် ဆိုခြင်းကိုလည်း။ သစေလဘေထ၊ အကယ်၍ရကုန်အံ့။ တာဒိသံ၊ ထိုသို့သဘောရှိသော။ ပါပံ၊ မကောင်းမှုကို။ ကရေယျုံ၊ ပြုကုန်ရာ၏။ အညံ၊ တပါးသော ယောကျ်ားကို။ အလဒ္ဓါ၊ မရကုန်သည်ရှိသော်။ ပီဌသပ္ပိနာ၊ လူဆွံ့, လူအ, နားပင်းနှင့်။ သဒ္ဓိံ၊ အတူတကွ။ ပါပံ၊ မကောင်းမှုကို။ ကရေယျုံ၊ ပြုကုန်ရာ၏။ ဣတိ၊ ဤသို့။ ဓေတံပိ၊ ဤစကား ကိုလည်း။ ဘာသိတံ၊ ဟောတော်မူအပ်၏။ ။ပုနစ၊ တဘန်လည်း။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ မဟောသဓဿ၊ မဟောသဓာဘုရား လောင်း၏။ အမရာနာမ၊ အမရာအမည်ရှိသော။ ဘရိယာ၊ မယားဖြစ် သော။ ဣတ္ထီ၊ မိန်းမကို။ ဂါမကေ၊ ရွာငယ်တချို့။ ပဝုတ္ထပတိကာ၊ လင်နှင့်ကင်းသောမိန်းမဖြစ်၍။ ဝါ၊ လင်မရှိသောမိန်းမဖြစ်၍။ ရဟော၊ နားမျက်စိကွယ်ရာ၌။ ဝိဝိတ္တာ၊ဆိတ်ငြိမ်ရာ၌။ နိသိန္နာ၊ နေစဉ်။သာမိကံ၊ အစိုးရသော။ ရာဇပ္ပဋိသမံ၊ မင်းနှင့် တူသည်ကို။ ကရိတွာ၊ ပြု၍။ သဟာဿေန၊ တထောင်သောအသပြာဖြင့်။ နိမန္တိယမာနာ၊ တိုင်ပင်

ဘိတ်ဆိုအပ်သည်ရှိသော်။ ပါပံ၊ မကောင်းမှုကို။ နာကာသိ၊ မပြု။ ဇူတိ၊ ဤသို့။ ဇတံပိ။ ဤစကားကိုလည်း။ ဂာထိယတိ၊ ဆိုအပ်၏။

အရှင်ဘုရား၊ ဘုရားရှင်သည် အကယ်၍ ခပ်သိမ်းသောမိန်းမတို့ သည်နားမျက်စိဆိတ်ကွယ်ရာ အရပ်ကိုရကုန်အံ့၊ မကောင်းသော အမှုကိုပြုကုန်ရာ၏၊ တယောက်သော ယောကျ်ားကို မရကုန်သည်ရှိ သော်လူဆွံ့ လူအ နားပင်းတို့နှင့်အတူတကွ မကောင်းမှုကို ပြုကုန်၏ ဟူသောအကြောင်းစကားသည်မှန်အံ့၊ ထိုသို့တပြီးကား မဟောသဓာ၏ မယား အမရာမည်သောမိန်းမသည်လင်နှင့်ကင်း၍ ဆိတ်ငြိမ်ရာ အရပ်၌ နေစဉ် အစိုးရသော မင်းနှင့်တူသည်ကိုပြု၍ တထောင်သော ဥစ္စာ အသပြာဖြင့် ဘိတ်ဆိုအပ်သော်လည်း မကောင်းသော အမှုကိုမပြုဟူ သော အကြောင်းစကားသည်ရှိ၏၊ ထိုစကားသည်မှားရာ၏။ ။(ဤလည်း တစွန်းထွက်သည်။)

အရှင်ဘုရား၊ အကယ်၍မဟောသဓာ၏ မယား အမရာသည် ဆိတ် ငြိမ်ရာ အရပ်၌နေစဉ် တထောင်သော ဥစ္စာဖြင့် ဘိတ်ဆိုသော်လည်း မကောင်းမှုကို မပြုဟူသော စကားသည်မှန်အံ့၊ ထိုသို့တပြီးကား ခပ် သိမ်းသောမိန်းမတို့သည် ဆိတ်ငြိမ်ရာ၌ အခွင့်ကိုရကုန်အံ့၊ မကောင်းမှု ကိုပြုကုန်၏၊ တယောက်သောယောကျ်ားကို မရအပ်ကုန်သော် လူဆွံ့ လူအ နားပင်းတို့နှင့်အတူတကွမကောင်းမှုကို ပြုကုန်၏ဟူသော အကြောင်း စကားသည်ရှိ၏၊ ထိုစကားသည်မှားရာ၏။ ။( ဤလည်းတစွန်းထွက်သည်။)

နှစ်ဘက်အစွန်းထွက်သောဤပြဿနာသည်အရှင်ဘုရားအား ရောက် ၏၊ ထိုပြဿနာကို အရှင်ဘုရားသည် ငြိမ်းပါစေလော့ဟုဆိုသော်—

မင်းကြီး၊ ဘုရားရှင်သည် ခပ်သိမ်းသော မိန်းမတို့သည်ဆိတ်ငြိမ် ရာ၌အခွင့်အရပ်တိုင်ပင်ရာကိုရကုန်အံ့၊ မကောင်းမှုကိုပြုကုန်၏၊ တပါး သောယောကျ်ားကိုမရအပ်ကုန်သည်ရှိသော် လူဆွံ့ လူအ နားပင်းတို့နှင့် အတူတကွမကောင်းသောအကျင့်ကို ကျင့်ကုန်ရာ၏ဟု ဟောတော်မူ အပ်သည်လည်းမှန်၏။ ။မဟောသဓာ ဘုရားလောင်း၏မယား အမရာ မည်သောမိန်းမသည် ရွာငယ်တရွာ၌ လင်နှင့်ကင်း၍ ဆိတ်ငြိမ်ရာ နား မျက်စိကွယ်ရာအရပ်၌နေစဉ် အစိုးရသောမင်းနှင့်အတူ အမှုအရာကို ပြု၍တထောင်သော အသပြာဖြင့် ဘိတ်ဆိုတိုင်ပင် လာသော်လည်း မကောင်းမှုကို မပြုဟု ဟောတော်မူအပ်သည်လည်း မှန်၏။ ။

မှန်ကြောင်းကား မင်းကြီး၊ ထိုအမရာမည်သော မိန်းမသည်တထောင်သော ဥစ္စာကို ရသည်ရှိသော် ထိုထိုသို့သော ယောကျ်ားနှင့် မကောင်းသောအကျင့်ကိုကျင့်ရာ၏၊ အမရာမိန်းမမူကား ထိုအကျင့်ကိုမကျင့်၊ မကျင့်ကြောင်းကား ထိုအမရာမည်သော မိန်းမသည် ဆိတ်ငြိမ်ရာသောအခွင့်ကို စုံစမ်းရှာသော်လည်း ဤလောက၌ သူတပါးကဲ့ရဲ့အံ့သော ဘေးမှလွတ်ခြင်းကို ရှာသော်လည်းမမြင်၊ တမလွန်ဘဝ၌ ငရဲခံရသောဘေးမှလွတ်ခွင့်ကို ရှာသော်လည်းမမြင်၊ မကောင်းသောအကျင့်သည်မကောင်းသော အကျိုးကိုပေးတတ်၏ဟုနှလုံးထား၍ ဘေးမှလွတ်ခြင်းကိုမမြင်၊ မကောင်းမှုမှလွတ်လိုသောအခွင့်ကို ရှာသော်လည်းမမြင်၊ လင်ဖြစ်သောအပ်လျှို သွားအားအရိုအသေ အလေးအမြတ်ရှိသောကြောင့် လွန်ကျူးအံ့သောအကျင့်ကိုမမြင်၊ သူ့လင် သူ့သားကို မလွန်အပ်ဟုတရား၌ အရိုအသေရှိ၍ လွန်ကျူးအံ့သော အခွင့်ကိုမမြင်၊ မမြတ်သောအကျင့်ဖြစ်၍ သူတော်ကောင်းတို့သည် ကဲ့ရဲ့အပ်၏ဟုနှလုံးထား၍ အခွင့်လွတ်ကြောင်းကိုမမြင်၊ စောင့်ရှောက်အပ်သောအမှုအရာကိုဖျက်ဆီးခြင်းငှါ အလိုမရှိ၍ လွန်ကျူးအံ့သော အခွင့်ကိုမမြင်၊ ဤသို့သဘောရှိသော များစွာသော အကြောင်းတို့ဖြင့် ဆိတ်ငြိမ်ရာ အရပ်၌ အခွင့်ကို အမရာမည်သော မိန်းမသည် မမြင်။

**လူမသိ–နတ်သိမည်ပင်**……မင်းကြီး၊ ထိုအမရာမည်သော မိန်းမသည် လောက၌ ဆိတ်ငြိမ် ရာသော အခွင့်ကိုကြည့်သော် လူတို့မှ ဆိတ်ကွယ်ရာကို အကယ်၍ ရငြားသည်ဖြစ်အံ့၊နတ်တို့မှဆိတ်ကွယ်ရာကိုမရ၊နတ်တို့မှဆိတ်ကွယ်ရာကို အကယ်၍ရငြားသည်ဖြစ်အံ့၊ ထိုအခါသူတပါး၏စိတ်ကို သိတတ်သော ရဟန်းသူတော်ကောင်းတို့မှ ဆိတ်ကွယ်ရာကိုမရ၊ အကယ်၍သူတပါးစိတ်ကို သိတတ်သော ပညာရှိတို့မှ ဆိတ်ကွယ်ရာကို ရငြားအံ့၊ သူတပါးတို့စိတ်ကို သိတတ်သောနတ်တို့မှ ဆိတ်ကွယ်ရာကိုမရ၊ အကယ်၍ သူတပါးတို့စိတ်ကို သိတတ်သောနတ်တို့မှ ဆိတ်ကွယ်ရာကို ရငြားအံ့၊ မိမိသည် ပြုအပ်သောမကောင်းမှုမှ ဆိတ်ကွယ်ခြင်းကိုမရ၊ မိမိသည် ပြုအပ်သောမကောင်းမှုမှ ဆိတ်ကွယ်ရာကိုရငြားအံ့၊ အဓမ္မ၏ဆိတ်ကွယ်ရာကိုမရ၊ ဤသို့သဘောရှိသော များစွာသော အကြောင်းအရာဖြင့် အခွင့်မရနိုင်သည်ဖြစ်၍ မကောင်းမှုကိုမကျင့်၊ ထိုအမရာ မည်သော

မိန်းမသည် ဥစ္စာထောင်ထုပ်ဖြင့် ဘိတ်ဆို ခွင့်တောင်း သော်လည်း လောက၌ ထိုမှ ဤမှ စုံစမ်း ရှာဖွေသော် ဘိုသိုသဘောရှိသောအခွင့် ကိုမရနိုင်၍ မကောင်းသောအကျင့်ကို မကျင့်။

**မဟောသဓာ၏ဂုဏ် ၂၈-ပါး**......မင်းကြီး၊ မဟောသဓာပညာ ရှိသည် နှစ်ဆဲ့ရှစ်ပါးသော အင်္ဂါဂုဏ်ကျေးဇူးတို့နှင့် ပြည့်စုံ၏၊ နှစ်ဆဲ့ရှစ်ပါးသော ဂုဏ်ကျေးဇူး တို့သည် အဘယ်နည်းဟူမူကား-

(၁) မင်းကြီး၊ မဟောသဓာပညာရှိသည် ရဲရင့်သည်။
(၂) မကောင်းမှုမှ ရှက်တတ်သည်။
(၃) မကောင်းမှုမှ ကြောက်တတ်သည်။
(၄) အပင်းအသင်းများသည်။
(၅) အဆွေခင်ပွန်းနှင့်ပြည့်စုံသည်။
(၆) သည်းခံခြင်းရှိသည်။
(၇) သီလနှင့် ပြည့်စုံသည်။
(၈) မှန်သောစကားကို ဆိုတတ်သည်။
(၉) စင်ကြယ်သောတရားနှင့်ပြည့်စုံသည်။
(၁၀) အမျက်ဒေါသနည်းသည်။
(၁၁) အလွန်မာန် မခက်ထန်သည်။
(၁၂) သူတပါးကို ငြူစူစောင်းမြောင်းခြင်းမရှိသည်။
(၁၃) ဝီရိယနှင့် ပြည့်စုံသည်။
(၁၄) သူတပါးကိုလည်း အားထုတ်စေတတ်သည်။
(၁၅) ပေးကမ်းဝေဘန် ခွဲခြမ်းခြင်းနှင့် ပြည့်စုံသည်။
(၁၆) ပြေပြစ်သည်။
(၁၇) မိမိကိုယ်ကို နှိမ့်ချတတ်သည်။
(၁၈) သိမ်မွေ့သောစကားကို ဆိုတတ်သည်။
(၁၉) ခိုင်ခံ့သည်။
(၂၀) စဉ်းလဲစဉ်းစား မရှိသည်။
(၂၁) အလွန်သောပညာနှင့် ပြည့်စုံသည်။
(၂၂) ထုံးနည်းနယနှင့် ပြည့်စုံသည်။

(၂၃) ကျော်စောသည်။
(၂၄) အတတ်ပညာနှင့် ပြည့်စုံသည်။
(၂၅) အစီးအပွါးကို ရှာလေ့ရှိသည်။
(၂၆) ခိုမှီလာသောသူတို့၏ အစီးအပွါးကို ကျင့်ဆောင်တတ်သည်။
(၂၇) သူအပေါင်းတို့ထက် ဥစ္စာများသည်။
(၂၈) အခြံအရံများသည်။ ပေါင်း (၂၈)ပါး။ ။မင်းကြီး၊ မဟော သဓာပညာရှိသည် ဤနှစ်ဆဲ့ရှစ်ပါးသောဂုဏ်ကျေးဇူးအင်္ဂါနှင့် ပြည့်စုံသည်ဖြစ်၍ ထိုအမရာ မည်သော မိန်းမသည် မိမိလင်မှ တပါးသော ယောကျ်ား၏ တိုင်ပင်ခြင်းကိုမရမူ၍ မကောင်းမှုကို မပြုဟုဆိုသော် အရှင်ဘုရား၊ ဤစကားကို ကောင်းပြီဟု တကာတော်ဝန်ခံပါ၏ဟု ဝန် ခံလေ၏။

အမရာဒေဝီပဥ္စာပြီး၏။

---

## ၁၂၅။ ဒီဃာသဝါနံ အဘာယနပဥ္စာ

**ရဟန္တာများ ကြောက်-မကြောက်**.....မိလိန္ဒမင်းသည် အရှင် ဘုရား၊ ဘုရားရှင်သည် ရဟန္တာပုဂ္ဂိုလ်တို့ဘေးမှ ကြောက်ခြင်း, ထိတ်လန့်ခြင်း ကင်းကုန်၏ဟု ဟောတော်မူအပ်၏။ ။တဘန်လည်း ရာဇဂြိုဟ်ပြည်၌ နာဠာဂိရိအမည် ရှိသောဆင်သည် ဘုရားရှင်သို့ရှေးရှုနှင်းအံ့ဟု လာလတ်သည်ကို မြင် ကုန်၍ ငါးရာသောရဟန္တာမထေရ်တို့သည် မြတ်စွာဘုရားကိုပစ်စွန့်၍ ရှင်အာနန္ဒာတပါးကိုသာ ထားခဲ့ကုန်၍ အရပ်တပါးသို့ ဘဲကြကုန်၏၊ အရှင်ဘုရား၊ အဘယ့်ကြောင့် ထိုရဟန္တာမထေရ်တို့သည် သေဘေး မှကြောက်ကုန်သည်ဖြစ်၍ အရပ်တပါးသို့ ဘဲကြလေကုန်သနည်း၊ မိမိ တို့၏အမှုဖြင့် ထင်ရှားကုန်လတ္တံ့သည်တကား၊ အားဆယ်ပါးနှင့် ပြည့် စုံတော်မူသော ဘုရားရှင်ကိုသာ နင်းစေလိုကုန် သောကြောင့် အရပ် တပါးသို့ ဘဲကြလေကုန်သလော၊ထိုသို့မဟုတ်မူကား လာခြင်းကောင်း သောဘုရားရှင်၏ အတုမရှိ ပြန့်ပြောစွာတန်ခိုးပြာဋိဟာတော်ကို ဖူးမြင် ခြင်းငှါ အလိုရှိကုန်သည်ဖြစ်၍ အရပ်တပါးသို့ ဘဲကြဉ်ကြ လေကုန် သလော။

ဘဂ္ဂေနာဂသေန ဘာသိတမ္ပေတံ ဘဂဝတာ ဝိဂတဘယ သန္တာသာ အရဟန္တောတိ။ ။ပုနစ နဂရေ ရာဇဂဟေ ဓနပါလကံ ဟတ္ထိံ ဘဂဝတိ ဩပတန္တံ ဒိသွာ ပဉ္စခီဏာသဝ သတာနိ ပရိစ္စဇိတွာ ဇိနဝရံ ပက္ကန္တာနိ ဒိသာဝိဒိသံ ဧကံ ဌပေတွာ ထေရံ အာနန္ဒံ၊ ကိန္နုခေါ ဘန္တေ နာဂသေန တေ အရဟန္တော ဘယာ ပက္ကန္တာ၊ပညာယိဿန္တိ သကေန ကမ္မေနာတိ ဒသဗလံ ပါတေတု ကာမာ ပက္ကန္တာ၊ ဥဒါဟု တထာဂတဿ အတုလံ ဝိပုလပါဋိဟာရိယံ ဒဋ္ဌုကာမာ ပက္ကန္တာတိ။ ။ဟူသည်တည်း။

ဘန္တေနာဂသေန၊ ရှင်နာဂသေနမထေရ်။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ အရဟန္တော၊ ရဟန္တာပုဂ္ဂိုလ်တို့သည်။ ဝိဂတဘယသန္တာသာ၊ ကြောက်ခြင်း, ထိတ်လန့်ခြင်းဘေးမှကင်းကုန်၏။ ဣတိ၊ ဤသို့။ ဧတံပိ၊ ဤစကားကိုလည်း။ ဘာသိတံ၊ဟောတော်မူအပ်၏။ ။ပုနစ၊ တဖန်လည်း။ရာဇဂဟေ၊ရာဇဂြိုဟ်အမည်ရှိသော။နဂရေ၊ပြည်၌။ ဓနပါလကံ၊ ဓနပါလအမည်ရှိသော။ ဝါ၊ နာဠာဂိရိအမည်ရှိသော၊ ဟတ္ထိံ၊ ဆင်ကို။ ဘဂဝတိ၊ မြတ်စွာဘုရား၌။ ဩပတန္တံ၊ ဇော့နင်းအံ့ဟုလာသည်ကို။ ဒိသွာ၊မြင်ကြကုန်၍။ပဉ္စခီဏာသဝသတာနိ၊ငါးရာသော ရဟန္တာပုဂ္ဂိုလ်တို့သည်။ ဇိနဝရံ၊ ဘုရားမြတ်ကို။ ပရိစ္စဇိတွာ၊စွန့်၍။ဧကံ၊တယောက်သော။ထေရံအာနန္ဒံ၊အာနန္ဒာမထေရ်ကို။ဌပေတွာ၊ထားခဲ့၍။ဒိသာဝိဒိသံ၊ ဟုရှုဘိလာအရပ်သို့။ ပက္ကန္တာနိ၊ ဘဲလေကုန်၏။ ဘန္တေနာဂသေန၊ ရှင်နာဂသေနမထေရ်။ ကိန္နုခေါ၊ အသို့နည်း။ တေအရဟန္တော၊ ထိုရဟန္တာပုဂ္ဂိုလ်တို့သည်။ ဘယာ၊ ဘေးမှ ကြောက်ကုန်သည်ဖြစ်၍။ ပက္ကန္တာတိ၊အရပ်တပါးသို့ဘဲကြကုန်၏ဟူ၍။ သကေနကမ္မေန၊မိမိတို့၏ ပြုအပ်သောအမှုအရာဖြင့်။ ပညာယိဿန္တိ၊ ထင်ရှားကုန်လတ္တံ့သည်တကား။ဒသဗလံ၊အားဆယ်ပါးနှင့်ပြည့်စုံတော်မူသောဘုရားကို။ပါတေတု ကာမာ၊ဇော့စေလိုက်စေလိုကုန်သည်ဖြစ်၍။ ပက္ကန္တာ၊ အရပ်တပါးသို့ ဘဲကြည့်ကြကုန်သလော။ဥဒါဟု၊ ထိုသို့မဟုတ်မူကား။ တထာဂတဿ၊ လာခြင်းကောင်းသောဘုရားရှင်၏။ အတုလံ၊အတုမရှိသော။ ဝိပုလပါဋိ ဟာရိယံ၊ပြန့်ပြောသော ပြာဋိဟာတော်ကို။ဒဋ္ဌုကာမာ၊ ဖူးမြင်လိုကုန်သည်ဖြစ်၍။ပက္ကန္တာ၊ဘဲကြကုန်သလော။

အရှင်ဘုရား၊ အကယ်၍ ဘုရားရှင်သည် ရဟန္တာပုဂ္ဂိုလ်တို့သည် ဘေးမှကြောက်ခြင်း, ထိတ်လန့်ခြင်း ကင်းကြကုန်၏ဟု ဟောတော်မူအပ်သော စကားသည်မှန်အံ့၊ ထိုသို့တပြီးကား ရာဇဂြိုဟ်ပြည်၌ နာဠာဂိရိဆင်သည် ဘုရားရှင်ကို ဝှေ့အံ့ဟုလာသည်ကို မြင်ကြကုန်၍ ငါးရာသော ရဟန်းတို့သည် ဘုရားမြတ်စွာကို စွန့်ပစ်၍ ရှင်အာနန္ဒာမထေရ် တပါးထည်းကိုသာ ထားခဲ့ကုန်၍ အရပ်တပါးသို့ ဘဲကြကုန်၏ ဟူသောအကြင်စကားသည်ရှိ၏၊ ထိုစကားသည် မှားရာ၏။ ။(ဤလည်း တစွန်းထွက်သည်။)

အရှင်ဘုရား၊ အကယ်၍ ရာဇဂြိုဟ်ပြည်၌ နာဠာဂိရိဆင်သည် ဘုရားရှင်ကို ဝှေ့အံ့ဟုလာသည်ကို မြင်ကြကုန်၍ ငါးရာသောရဟန္တာတို့သည် ဘုရားမြတ်စွာကို စွန့်ပစ်၍ ရှင်အာနန္ဒာမထေရ် တပါးထည်းကိုသာ ထားခဲ့၍ အရပ်တပါးသို့ဘဲကြကုန်၏ဟူသော စကားသည်မှန်အံ့၊ ထိုသို့တပြီးကား ရဟန္တာပုဂ္ဂိုလ်တို့သည် သေဘေးမှကြောက်လန့်ခြင်း ကင်းကုန်၏ဟူသောအကြင်စကားသည်ရှိ၏၊ ထိုစကားသည်မှားရာ၏။ ။ (ဤလည်းတစွန်းထွက်သည်။)

နှစ်ဘက်အစွန်းထွက်သော ဤပြဿနာသည် အရှင်ဘုရားအား ရောက်၏၊ ထိုပြဿနာကို အရှင်ဘုရားသည် ငြိမ်းပါစေလော့ဟုဆိုသော်-

**အာနန္ဒာကိုဂုဏ်ပြုလိုသောကြောင့်**······မင်းကြီး၊ ဘုရားရှင်သည် ရဟန္တာ ပုဂ္ဂိုလ်တို့သည် သေဘေးမှကြောက်ခြင်း, ထိတ်လန့်ခြင်း ကင်း ကုန်၏ဟူသောစကား သည်လည်း မှန်၏၊ ရာဇဂြိုဟ်ပြည်၌ နာဠာဂိရိဆင်သည် ဘုရားရှင်ကို ဝှေ့အံ့ဟု လာလတ်သော် ငါးရာသော ရဟန္တာတို့သည် မြင်ကုန်၍ ဘုရားမြတ်ကို ပစ်စွန့်ခဲ့ကုန်၍ အာနန္ဒာတပါးထည်းကိုသာ ထားခဲ့၏ ဟူသော စကားသည်လည်း မှန်၏၊ ။မှန်ကြောင်းကား မင်းကြီး၊ ထိုစကားသည် ရဟန္တာတို့သေဘေးမှ ကြောက်သောကြောင့်လည်း မဟုတ်၊ဘုရားရှင်ကို နင်းစေလိုသောကြောင့်လည်း မဟုတ်၊ မင်းကြီး၊ အကြင်အကြောင်းကြောင့် ကြောက်ကုန်၏ဟူ၍ရင်း, ထိတ်လန့်ကုန်၏ ဟူ၍ရင်း မရှိကုန်၊ ထိုအကြောင်းကို ပယ်အပ်ပြီးဖြစ်၍ ရဟန္တာပုဂ္ဂိုလ်

တို့သည် အေးမှ ထိတ်လန့်ခြင်း ကြောက်ခြင်း ကင်းကုန်၏၊ မင်းကြီး၊ ဥပမာသော်ကား မြေကြီးသည် တူးဆွသော်၎င်း, ခွဲသော်၎င်း, သမုဒ္ဒရာ မြင့်မိုရ်တောင်ထွတ်နှင့်ဆောင့်သော်၎င်း ထိတ်လန့် တုန်လှုပ်ရာသလော ဟု ဆိုလျှင် အရှင်ဘုရား၊ မြေကြီးသည်မတုန်မလှုပ်ရာချေဟုဆိုသော် မင်းကြီး၊ မြေကြီးသည် အဘယ့်ကြောင့်မတုန်မလှုပ်နေသနည်းဟု ဆို ပြန်သော် အရှင်ဘုရား၊ မြေကြီးအား ကျောက်တောင်ထွတ်ကို ကြောက် ရာ၏ ဟူ၍၎င်း,တုန်လှုပ်ရာ၏ဟူ၍၎င်း ထိုအကြောင်းသည် မရှိချေဟုဆို သော် မင်းကြီး၊ထို့အတူ ရဟန္တာပုဂ္ဂိုလ်တို့သည် ကြောက်ကုန်ရာ၏ ဟူ၍၎င်း,ထိတ်လန့်ကုန်ရာ၏ဟူ၍၎င်း မရှိ၊ မင်းကြီး၊ တသောင်းသော စကြဝဠာတို့၌နေကုန်သော သတ္တဝါအပေါင်းတို့သည် ရှိကုန်၏၊ ထို အလုံးစုံသောသတ္တဝါတို့သည် လက်နက်စွဲကိုင်ကုန်လျက် ပြေးလာကုန် ၍ တယောက်သောရဟန္တာ၏ စိတ်ကိုတပါးသောက်ပြန်သည်၏အဖြစ် ကိုပြုပြားသော်လည်း မဖြစ်ရာ၊မင်းကြီး၊အဘယ့်ကြောင့်နည်းဟူမူကား တုန်လှုပ်ခြင်း၏အခွင့်မရှိသောကြောင့်အရာမဟုတ်၊ မင်းကြီး၊ စင်စစ် ထိုရဟန္တာပုဂ္ဂိုလ်တို့အား ဤသို့သောစိတ်အကြံသည် ထင်ရှားဖြစ်၏၊ ဤယခုနေ့နတ်လူတို့ထက်မြတ်သော မာရ်ငါးပါးကိုအောင်တော်မူသော ဘုရားမြတ်စွာသည် ရာဇဂြိုဟ်ပြည်သို့ဆွမ်းခံအိမ်စဉ်အတိုင်းဝင်တော် မူလတ်သော် ခရီး၌နာဠာဂိရိဆင်သည် တုံ့ဝပ်လတ္တံ့၊ ယုံမှားမရှိနတ် တကာတို့ထက် မြတ်တော်မူသော ဘုရားရှင်ကို အလုပ်အကျွေးဖြစ် သောရှင်အာနန္ဒာမထေရ်သည်မစွန့်လတ္တံ့၊ငါတို့သည် အကယ်၍ဘုရား ရှင်ကို မစွန့်သည်ဖြစ်အံ့၊အာနန္ဒာ၏ ဂုဏ်ကျေးဇူးသည် ထင်ရှား စွာမဖြစ် လတ္တံ့၊နာဠာဂိရိဆင်သည် လာခြင်းကောင်းသော ဘုရားရှင်သို့မရောက် နိုင်လတ္တံ့၊ငါတို့သည် ဤယခု ဘဲကြကုန်အံ့၊ ဤသို့ဘဲကြသည်ရှိသော် များစွာသောလူအပေါင်းအားကိလေသာတည်းဟူသော အနှောင်အဖွဲ့ မှလွတ်ခြင်းသည်ဖြစ်လတ္တံ့၊ အာနန္ဒာ၏ ဂုဏ်ကျေးဇူးသည် ထင်ရှား လတ္တံ့ဟုထိုရဟန္တာပုဂ္ဂိုလ်တို့သည် ဤသို့အကျိုးဆက်ကို မြင်ကုန်၍ တူရူဘိလာ အရပ်တို့သို့ဘဲကြကုန်၏ဟူ၍ ပြဿနာကို ကောင်းစွာ ဝေဘန်အပ်၏ဟုဆိုသော်အရှင်ဘုရား၊ ရဟန္တာတို့အား ကြောက်ခြင်း ထိတ်လန့်ခြင်းမရှိပချေ၊ အကျိုးဆက်ကို မြင်ရ၍ ရဟန္တာပုဂ္ဂိုလ်တို့

သည် တုရုတ္တိလာဒအရပ်တို့သို့ ဘဲကြွလေကုန်သည်ကို တကာတော် ဝန်ခံပါ၏ဟုဝန်ခံလေ၏။

ဒိဏ္ဏာသဝါန်အဘာယနပဥှာပြီး၏။

## ၁၂၆။ တထာဂတဿအသဗ္ဗညုပဥှာ

**ဘုရားသည်သဗ္ဗညုဟုတ်ပါသလော**.... မိလိန္ဒ မင်း သည် အရှင် ဘုရား၊ ဘုရားရှင် သည် လာခြင်းကောင်းသော ဘုရားရှင်တို့သည် အလုံးစုံသော တရားတို့ကို သိတော်မူ၍ သဗ္ဗညုမည်တော်မူ၏ဟု ဆိုတော်မူကြကုန်၏။ ။တဖန် လည်း လာခြင်း ကောင်းသော ဘုရားရှင်သည် ရှင်သာရိပုတ္တရာ ရှင် မောဂ္ဂလာန် အမှူးရှိသော ရဟန်းအပေါင်းကို နှင်ထုတ်သည်ရှိသော် ချစ်နှစ်လိုဘွယ်သော စကားကို ဆိုတတ်ကုန်သော သာကီဝင်မင်းတို့ သည်ရှင်း, သဟံပတိဗြဟ္မာမင်းသည်ရှင်း, မျိုးစေ့ဥပမာကိုရှင်း, နွား သားငယ်ဥပမာကိုရှင်းပြ၍ ဘုရားရှင်ကိုကြည်ညိုစေကုန်၏၊ ဘုရားရှင် ကိုသည်းခံစေကုန်၏၊ နှလုံးတော်သွင်းစေကုန်၏၊ အရှင်ဘုရား၊ လာခြင်း ကောင်းသောဘုရားရှင်ကို အကြင်ဥပမာတို့ဖြင့် အောက်မေ့စေအပ် သည်ဖြစ်၏၊ သည်းခံစေအပ်သည်ဖြစ်၏၊ ငြိမ်သက်စေအပ်သည်ဖြစ်၏၊ နှလုံးတော်သွင်းစေအပ်သည်ဖြစ်၏၊ ထိုဥပမာတို့ကို လာခြင်းကောင်း သော ဘုရားရှင်သည် ထင်ရှားစွာ ကိုယ်တော်မြတ်၌မရှိ မသိသော ကြောင့်သာလျှင် ပြုကြလေသလော။

ဘန္တေ နာဂသေန တုမှေ ဘဏထ ဝဲထာဂတော သဗ္ဗညူတိ။ ။ပုန စ ဘဏထ တထာဂတေန သာရိပုတ္တ မောဂ္ဂလာနပ္ပမုခေ ဘိက္ခုသံဃေ ပဏာမိတေ စာတုမေယျ ကာစ သကျာ ဗြဟ္မာစ သဟံပတိ ဗီဇူပမဥ္စ ဝစ္ဆ တရုဏူပမဥ္စ ဥပဒံသေတွာ ဘဂဝန္တံ ပသာဒေသုံ၊ ခမာပေသုံ၊ နိဇ္ဈတ္တံအကံ သူတိ၊ ကိန္နု ခေါ ဘန္တေ နာဂသေန အညာတာ တာဥပမာ တထာဂတဿ ယာဟိ တထာဂတော ဥပမာဟိ ဩသာရိတော ခမိတော ဥပသန္တော နိဇ္ဈတ္တံဂတောတိ။ ။ဟူသည်တည်း။

ဘန္တေနာဂသေန၊ ရှင်နာဂသေနမထေရ်။ တုမှေ၊ အရှင်ဘုရားတို့ သည်။ တထာဂတော၊ လာခြင်းကောင်းသောဘုရားသည်။ သဗ္ဗညူတိ၊

အလုံးစုံသောတရားကို သိတော်မူသောကြောင့် သဗ္ဗညု မည်တော်မူ၏ဟု။ ဘဏာထ၊ ဆိုကုန်၏။ ။ပုန စ၊ တဖန်လည်း။ တုမှေ၊ အရှင်ဘုရားတို့သည်။ တထာဂတေန၊ မြတ်စွာဘုရားသည်။ သာရိပုတ္တမောဂ္ဂလာနပ္ပမုခေ၊ ရှင်သာရိပုတ္တရာ ရှင်မောဂ္ဂလာန် အမှူးရှိသော။ ဘိက္ခုသံဃေ၊ ရဟန်းသံဃာကို။ ပဏာမိတေ၊ နှင်ထုတ်အပ်သည်ရှိသော်။ စာတုမေယျကာ၊ ချစ်နှစ်လိုဖွယ်သော စကားကို ဆိုတတ်ကုန်သော။ သကျာစ၊ သာကီဝင်မင်းတို့သည်၎င်း။ ဗြဟ္မာစသဟံပတိ၊ သဟံပတိ ဗြဟ္မာမင်းသည်၎င်း။ ဗီဇူပမဥ္စ၊ မျိုးစေ့ ဥပမာကို၎င်း။ ဝစ္ဆတရုဏူပမဥ္စ၊ နွားသားငယ်ဥပမာကို၎င်း။ ဥပဒဿေတွာ၊ ညွှန်ပြ၍။ ဘဂဝန္တံ၊ မြတ်စွာဘုရားကို။ ပသာဒေသုံ၊ ကြည်ညိုစေကုန်၏။ ဝါ၊ ရွှင်စေကုန်၏။ ခမာပေသုံ၊ သည်းခံတော်မူစေကုန်၏။ နိဇ္ဈတ္တံ၊ နှလုံးသွင်းတော်မူခြင်းကို။ အကံသု၊ ပြုစေကုန်၏။ ဘဂ္ဂေနာဂဿေန၊ ရှင်နာဂသေနမထေရ်။ တထာဂတော၊ လာခြင်းကောင်းသော ဘုရားရှင်ကို။ ယာဟိဥပမာဟိ၊ အကြင်ဥပမာတို့ဖြင့်။ သြသာရိတော၊ အောက်မေ့စေအပ်၏။ ခမိတော၊ သည်းခံစေအပ်၏။ ဥပသန္တော၊ ငြိမ်သက်စေအပ်၏။ နိဇ္ဈတ္တံဂတော၊ နှလုံးသွင်းခြင်းသို့ ရောက်စေအပ်၏။ ကိန္နုခေါ၊ အဘယ့်ကြောင့်နည်း။ တာဥပမာ၊ ထိုဥပမာတို့ကို။ တထာဂတဿ၊ မြတ်စွာဘုရားသည်။ အညာတာဝ၊ ထင်ရှားစွာ သိတော်မူအပ်သည်မဟုတ်လေသလော၊ ဝါ၊ထင်ရှားသိတော်မမူလေသလော။

အရှင်ဘုရား၊ လာခြင်းကောင်းသောဘုရားသည် ထိုဆောင်သော ဥပမာတို့ကို သိတော်မမူသည်ဖြစ်အံ့၊ ထိုသို့တပြီးကား ဘုရားရှင်သည် အလုံးစုံသော တရားကို သိတော်မူသော သဗ္ဗညုမမည်ရာ။ ။ (ဤလည်းတစွန်းထွက်သည်။)

အကယ်၍ ထိုဥပမာကို သိတော်မူသည်ဖြစ်က ထိုသို့တပြီးကား ရယ်မြူးတော်မူလို၍ နှိပ်စက်တော်မူလို၍ နှင်ထုတ်တော်မူသည်ဖြစ်ခဲ့သော် ဘုရားရှင်သည်မဟာကရုဏာ မရှိသောစကားသည်ဖြစ်ရာ၏။ ။ (ဤလည်းတစွန်းထွက်သည်။)

(အဓိပ္ပါယ်ကား အကြင်ပုဂ္ဂိုလ်အားတရားကိုဟောအံ့သော် နားမလည်,နှလုံးမသွင်းမိ၊ ထိုပုဂ္ဂိုလ်ကို ဥပမာဖြင့်ပြသော် ထိုစကားကို နားလည်နှလုံးသွင်းမိ၍သိလေ၏၊ ထိုပုဂ္ဂိုလ်

သည်နေယျာပုဂ္ဂိုလ်မည်၏၊ဘုရားရှင်ကိုနေယျပုဂ္ဂိုလ်ကဲ့သို့ ထိုသာကီဝင်မင်း မြဟ္မာမင်းတို့သည်ဥပမာဖြင့် ပြ၍သည်းခံစေသည်ဟူသောစကားကို မိလိန္ဒမင်း မနှစ်သက်၍ဘုရားရှင် သိတော်မမူသောကြောင့် ဥပမာဆောင်ရ လေသလောဟု ဆိုလိုသည်။ ။ဤကား စကားချပ်)။

ဤနှစ်ဘက် အစွန်းထွက်သော ပြဿနာ သည် အရှင်ဘုရားအား ရောက်၏၊ထိုပြဿနာကိုအရှင်ဘုရားသည်ဖြေမ်းပါစေလော့ဟုဆိုသော်-

မင်းကြီး၊ လာခြင်းကောင်းသောဘုရားရှင်ကို ထိုသာကီဝင်မင်း ဗြဟ္မာမင်းတို့သည် ထိုဥပမာတို့ဖြင့် ရွှင်စေအပ်သည်မှန်၏၊ လာခြင်း ကောင်းသောဘုရားရှင်ကိုအောက်မေ့အပ် သည်းခံစေအပ် ငြိမ်သက် စေအပ် နှလုံးတော်၌ တည်စေအပ်သည် လည်း မှန်၏။ ။မင်းကြီး၊ မှန်ကြောင်းကား တရား၏အရှင်ဖြစ်သော လာခြင်းကောင်းသောဘုရား ရှင်သည်ဟောတော်မူအပ်သောဥပမာတို့ဖြင့်ပင် ဘုရားရှင်ကို နှစ်သက် စေကုန်၏၊ထိုသာကီဝင်မင်း ဗြဟ္မာမင်းတို့အားလည်း လာခြင်းကောင်း သောဘုရားရှင်သည် ကြည်ညိုတော်မူသည်ဖြစ်၍ ကောင်းပြီဟု ဝမ်း မြောက်တော်မူ၏၊ မင်းကြီး၊ ဥပမာသော်ကား လင်၏ဥစ္စာဖြင့်သာလျှင် လင်ကိုနှစ်သက်စေသော် လင်သည်ကောင်းပြီဟု ဝမ်းမြောက်သကဲ့သို့ ထို့အတူမင်းကြီး၊ သာယာချိုမြိန်သော စကားကို ဆိုတတ်ကုန်သော သာကီဝင်မင်းတို့သည်၎င်း,သဟံပတိဗြဟ္မာသည်၎င်း လာခြင်းကောင်း သောဘုရားရှင်၏ဥပမာစကားဖြင့်ပင်လျှင်လာခြင်းကောင်းသော ဘုရား ကိုနှစ်သက်ကြည်ညိုစေကုန်၏၊ ထိုသူတို့အားလည်း ဘုရားရှင်သည် သာဓုသာဓုဟု ဝမ်းမြောက်တော်မူ၏။

(ဘုရားရှင်သည် ဓမ္မသာမိဖြစ်တော်မူသောကြောင့် ထိုသူတို့ပြသော ဥပမာသည် ဘုရားရှင်စကားတော်ပင်ဟုဆိုသည်။)

မင်းကြီး၊ဥပမာတနည်းသော်ကား ဆေတ္တာသည်သည် မင်း၏ဥစ္စာ ဖြစ်သော ရွှေမွေးညှပ်ဖြင့် မင်း၏ မြတ်သောအင်္ဂါကိုပြင်ဆင်၍ကြည်ညို စေသော် အစိုးရသော မင်းသည် ထိုဆေတ္တာသည်အား ကောင်းပြီ ဟုကြည်ညိုဝမ်းမြောက်စွာ သာဓုခေါ်သကဲ့သို့ အလိုရှိတိုင်းဖြစ်စေ သကဲ့သို့ မင်းကြီး၊ ထို့အတူ ချစ်ဘွယ်သောစကားကို ဆိုတတ်သော သာကီဝင်မင်း သဟံပတိဗြဟ္မာမင်းတို့သည် လာခြင်းကောင်းသော ဘုရားရှင်၏ဥပမာတို့ဖြင့်ပင်လျှင် ဘုရားရှင်အား နှစ်သက်စေကုန်၏၊

ကြည်ညိုစေကုန်၏၊ ထိုသူတို့အားလည်းဘုရားရှင်သည် ကြည်ညိုတော်မူ၍ ဝမ်းမြောက်တော်မူ၏၊ မင်းကြီး၊ ဥပမာ တနည်းသော်ကား သဒ္ဒိဝိဟာရိကတပည့်သည်ဆရာဥပဇ္ဈာယ်၏ ဆွမ်းကိုယူ၍ ဥပဇ္ဈာယ်အားကပ်သည်ရှိသော် ဥပဇ္ဈာယ်ကိုနှစ်သက် ဝမ်းသာ ရွှင်လန်းစေ၏၊ ထိုတပည့်ကိုလည်း ဆရာဥပဇ္ဈာယ်သည် ကောင်းပြီဟု ဝမ်းမြောက်သကဲ့သို့ ထို့အတူမင်းကြီး၊ ချစ်ဘွယ်သာယာသော စကားကို ဆိုတတ်ကုန်သော သာကီဝင်မင်း သဟံပတိ ဗြဟ္မာ မင်းတို့သည် လာခြင်းကောင်းသောဘုရားရှင်၏ဥပမာတို့ဖြင့်လျှင် လာခြင်းကောင်းသောဘုရားကိုနှစ်သက် ရွှင်လန်းစေကုန်၏၊ ထိုသူတို့အားလည်း ဘုရားရှင်သည်နှစ်သက်ဝမ်းမြောက်တော်မူသည်ဖြစ်၍ ခပ်သိမ်းသောဆင်းရဲမှလွတ်စိမ့်သော ငှါ တရားဒေသနာကို ဟောတော်မူ၏ဟု ဆိုသော် အရှင်ဘုရား၊ ဤစကားကို အရှင်ဘုရား ဆိုတော်မူတိုင်း တကာတော်ဝန်ခံပါ၏ဟု ဝန်ခံ၏။

တထာဂတဿ အသဗ္ဗညုပဥှာပြီး၏။

သဗ္ဗညုတညာဏဝဂ္ဂေါစတုတ္ထော။ ။ဇုမသ္မိံဝဂ္ဂေဒသပဥှာ။

---

## ၁၂၇။ သန္ထဝပဥှာ

**ရဟန်းကောင်းနှင့် နေရာကျောင်း**.... မိလိန္ဒမင်းသည် အရှင်ဘုရား၊ ဘုရားရှင်သည် လေတိုက်ရာကျောင်းအရပ်၌နေခြင်းသည် ဘေးဖြစ်၏၊ ကျောင်းအိပ်ရာနေရာကြောင့် ကိလေသာဟူသောမြူသည် ဖြစ်၏၊ အိပ်ရာ နေရာလည်း မရှိ၊ အပေါင်းအဘော်လည်းမရှိသောသူကို စင်စစ်ရဟန်းဟူ၍ ဖူးမြင်အပ်၏ဟု ဟောတော်မူအပ်၏။ ။တဖန်လည်း ဘုရားရှင်သည် နှလုံးမွေ့လျော် ပျော်ဘွယ်ရှိသောကျောင်း၌ အကြားအမြင်နှင့် ပြည့်စုံသော ရဟန်းတို့ကိုနေစေရာ၏ဟု ဟောတော်မူအပ်၏။

ဘယ္တော နာဂသေန ဘာသိတမ္ပေတံ ဘဂဝတာ
"သန္ထဝတော ဘယံဇာတံ၊ နိကေတာဇာယတေ ရဇော။
အနိကေတမသန္ထဝံ၊ ဧတံ ဝေ မုနိဒဿနန္တိ"။ ။

ပုနစ ဘဂဝတာ ဘာသိတံ
ဝိဟာရေ ကာရယေ ရမ္မေ၊ ဝါသယေတ္ထ ဗဟုဿုတေတိ။
ဟူသည်တည်း။

ဘန္တေ နာဂသေန၊ ရှင်နာဂသေနမထေရ်။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ သန္ထဝတော၊ လေတိတ်ရာအရပ်၌ငြိမ်သက်စွာနေသောသူအား။ ဘယံ၊ ဘေးသည်။ ဇာတံ၊ ဖြစ်၏။ နိကေတာ၊ ကျောင်းအိပ်ရာနေရာကြောင့်။ ရဇော၊ ကိလေသာတည်းဟူသော မြူသည်။ ဇာယတေ၊ ဖြစ်၏။ အနိကေတံ၊ ကျောင်းအိပ်ရာ နေရာမရှိသော။ အသန္ထဝံ ၊ အပေါင်းအဘော်လည်းမရှိသော။ ဧတံ၊ ဤပုဂ္ဂိုလ်ကို။ ဝေ၊ စင်စစ်။ မုနိတိ၊ ရဟန်းဟူ၍၊ ဒဿနံ၊ ဖူးမြင်အပ်၏။ ဣတိ၊ ဤသို့။ ဝုတ္တံ၊ ဤစကား ကိုလည်း။ ဘာသိတံ၊ ဟောတော်မူအပ်၏။ ။ပုနစ၊ တဖန်လည်း။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ရမ္မေ၊ မွေ့လျော်ပျော်ဘွယ် ရှိသော။ ဝိဟာရေ၊ ကျောင်းကို။ ကာရယေ၊ ပြုရာ၏။ ဧတ္ထ၊ ဤကျောင်း၌။ ဗဟုဿုတေ၊ များသောအကြားအမြင်ရှိကုန်သော။ ဘိက္ခူ၊ ရဟန်းတို့ကို။ ဝါသယေ၊ နေစေရာ၏။ ဣတိ၊ ဤသို့။ ဝုတ္တံ၊ ဤစကားကိုလည်း။ ဘာသိတံ၊ ဟောတော်မူအပ်၏။

အရှင်ဘုရား၊ အကယ်၍ လာခြင်းကောင်းသော ဘုရားရှင်သည် လေတိတ်ရာ ဆိတ်ငြိမ်သောအရပ်၌နေခြင်းသည် ဘေးဖြစ်၏၊ ကျောင်းအိပ်ရာ နေရာကြောင့် ကိလေသာဟူသော မြူဖြစ်၏၊ ကျောင်းအိပ်ရာ နေရာမရှိ အပေါင်းအဘော်မရှိသောပုဂ္ဂိုလ်ကို စင်စစ်မုနိဟူ၍ ဖူးမြင်အပ်၏ ဟူ၍ ဟောတော်မူသောစကားသည် မှန်အံ့၊ ထိုသို့တပြီးကား နှလုံးမွေ့လျော် ပျော်ဘွယ်ရာရှိသောကျောင်းကို ပြုရာ၏၊ ထိုကျောင်း၌ အကြားအမြင်များသော ရဟန်းတို့ကို နေစေရာ၏ဟု ဟောတော်မူအပ်သော အကြင်စကားသည်ရှိ၏၊ ထိုစကားသည်မှားရာ၏။ (ဤလည်းတစွန်းထွက်သည်။)

အကယ်၍ ဘုရားရှင်သည် နှလုံးမွေ့လျော် ပျော်ဘွယ်ရာ ရှိသော ကျောင်းကို ပြုရာ၏၊ ထိုကျောင်း၌ များသောအကြားအမြင်ရှိသောရဟန်းတို့ကို နေစေရာ၏ဟု ဟောတော်မူအပ်သောစကားသည် မှန်အံ့၊ ထိုသို့တပြီးကား လေတိတ်ရာ ဆိတ်ငြိမ်သောအရပ်၌နေခြင်းသည် ဘေးဖြစ်၏၊ ကျောင်းအိပ်ရာနေရာကြောင့် ကိလေသာ တည်းဟူသောမြူသည် ဖြစ်၏၊ ကျောင်းအိပ်ရာနေရာမရှိ အပေါင်းအဘော်မရှိသော ပုဂ္ဂိုလ်ကို

မနိဟူ၍ ဖူးမြင်အပ်၏ဟု ဟောတော်မူအပ်သော အကြင်စကားသည် ရှိ၏၊ ထိုစကားသည် မှားရာ၏။ ။(ဤလည်းတစ္စန်းထွက်သည်။)

နှစ်ဘက်အစွန်းထွက်သောဤပြဿနာသည် အရှင်ဘုရားအားရောက်၏၊ ထိုပြဿနာကိုအရှင်ဘုရားသည် ဖြေမိန်ပါစေလော့ဟု ဆိုသော်—

မင်းကြီး၊ ဘုရားရှင်သည် လေတိတ်ရာ ဆိတ်ငြိမ်သောအရပ်၌ နေခြင်းသည် ဘေးဖြစ်၏၊ ကျောင်းအိပ်ရာနေရာကြောင့် ကိလေသာတည်းဟူသောမြူသည် ဖြစ်၏၊ ကျောင်းအိပ်ရာနေရာမရှိ အပေါင်းအဘော်မရှိသောပုဂ္ဂိုလ်ကို စင်စစ်မုနိဟူ၍ ဖူးမြင်အပ်၏ဟု ဟောတော်မူအပ်သည်လည်း မှန်၏။ ။နှလုံးမွေ့လျော် ပျော်ဘွယ်ရာရှိသောကျောင်းကို ပြုရာ၏၊ ထိုကျောင်း၌ များသောအကြားအမြင်ရှိသောရဟန်းတို့ကိုနေစေရာ၏ဟု ဟောတော်မူအပ်သည်လည်း မှန်၏၊ မင်းကြီး၊ မှန်ကြောင်းကား လေတိတ်ရာ ဆိတ်ငြိမ်ရာအရပ်၌နေခြင်းသည်ဘေးဖြစ်၏၊ ကျောင်းအိပ်ရာနေရာကြောင့် ကိလေသာတည်းဟူသောမြူသည်ဖြစ်၏၊ ကျောင်းအိပ်ရာနေရာမရှိ၊ အပေါင်းအဘော်မရှိသောပုဂ္ဂိုလ်ကို မုနိဟူ၍ ဖူးမြင်အပ်၏ဟု ဟောတော်မူအပ်သောစကားတော်သည် သဘောအတိုင်း ဟုတ်သောစကား အကြွင်းမရှိသောစကားတည်း၊ ရဟန်းတို့အား လျောက်ပတ်သင့်တင့်ပေသောစကား၊ ရဟန်းတို့အား ထိုက်သော, ရဟန်းတို့ ကျက်စားရာ,ရဟန်းတို့၏ အစဉ်ကျင့်ရာဖြစ်ပေ၏၊ မင်းကြီး၊ ဥပမာ သော်ကား တော၌ကျင်လည့်သောသမင်သည် တောအရပ်၌ကျက်စားသော် အိပ်ရာနေရာ၌ တပ်မက်မောခြင်းမရှိသည်ဖြစ်၍ အလိုရှိတိုင်းအိပ်နေသကဲ့သို့ ထို့အတူ မင်းကြီး၊ လေတိတ်ရာအရပ်၌နေခြင်းသည်ဘေးဖြစ်၏၊ ကျောင်းအိပ်ရာနေရာကြောင့်ကိလေသာတည်းဟူသောမြူသည် ဖြစ်၏၊ ကျောင်းအိပ်ရာနေရာမရှိ အပေါင်းအဘော်လည်း မရှိသော ပုဂ္ဂိုလ်ကို မုနိဟူ၍ ဖူးမြင်အပ်၏ဟု ကြံ၏။ ။မင်းကြီး၊ နှလုံးမွေ့လျော် ပျော်ဘွယ်ရှိသောကျောင်းကို ပြုအပ်၏၊ ထိုကျောင်း၌ အကြားအမြင်နှင့်ပြည့်စုံသောရဟန်းတို့ကို နေစေအပ်၏ဟူသောစကားကို ဘုရားရှင်သည် နှစ်ပါးသောအကျိုးကိုမြင်တော်မူသောကြောင့် ဟောတော်မူအပ်၏၊ အဘယ်နှစ်ပါးသောအကျိုးတို့နည်းဟူမူကား ကျောင်းဟူသောအလှူကို ခပ်သိမ်းသောဘုရားရှင်တို့သည် ချီးမွမ်းတော်မူအပ်၏၊ ချီးမြှောက်

တော်မူအပ်၏၊ ကျောင်းအလှူကို ပေးသောကြောင့် ဇာတိဇရာ မရဏ တရားမှလွတ်လတ္တံ့၊ ဤသည်ကား ရှေးဦးစွာသောအကျိုးတည်း၊ တဘန် လည်း ကျောင်းထင်ရှားရှိပါသော် ကျောင်း၌နေသောရဟန်းတို့ကို ဖူး မြင်ခြင်း၌ ရလွယ်ကုန်လတ္တံ့၊ ကောင်းစွာဖူးမြင်လိုကုန်သောသူတို့အား ကျောင်းမရှိသော်ဖူးမြင်ရခဲ၏၊ထို့ကြောင့်ကျောင်းလှူခြင်း၌နှစ်ခုမြောက် သောအကျိုးဆက်တည်း။ ဤအကျိုးဆက်နှစ်ပါးကို မြင်တော်မူသဖြင့် နှလုံးမွေ့လျော် ပျော်ဘွယ်ရှိသောကျောင်းကို ပြုရဆောက်တည့်ရာ၏၊ ထိုကျောင်း၌ များသောဗဟုသုတနှင့်ပြည့်စုံသောရဟန်းတို့ကို နေစေ ရာ၏ဟု ဘုရားရှင်ဟောတော်မူအပ်၏၊ ထိုကျောင်း၌ ဘုရားရှင်သား တော်တို့သည် တပ်ခက်မောခြင်းအာလယကို မပြုအပ်ကုန်ဟုဆိုသော် အရှင်ဘုရား၊ ဤစကားကို တကာတော်ဝန်ခံပါ၏ဟု ကောင်းစွာ ဝန်ခံ ၏။

(ဤစကား၌ ရှေ့စကားကို ရဟန်းသံဃာကိုရည်၍ ဟောအပ်သည်၊နောက်စကား ကို အလှူဒါယကာကိုရည်၍ ဟောအပ်သည်ဟုဆိုလိုသည်။)

သန္ထဝပဉှာပြီး၏။

---

## ၁၂၈။ ဥတ္တိဠ္ဌေအပ္ပမာဒပဉှာ

**ဘုရားရှင်နှင့် ဆွမ်းခံဝတ်**......မိလိန္ဒမင်းသည် အရှင်ဘုရား၊ ဘုရား ရှင်သည် သပိတ်လက်စွဲ၍ဆွမ်းခံ ခြင်း၌ မမေ့မလျော့ရာ၊ ဝမ်းစာ၌ စောင့်ရှောက်ခြင်းသည် ဖြစ်ရာ၏ဟု ဟောတော်မူအပ်၏။ ။တဘန်လည်းဘုရားရှင်သည် ဥဒါယီ၊ ငါဘုရား သည် တရံရောအခါ ဤသပိတ်တော်နှင့်အမျှ ဆွမ်းကို ဘုဉ်းပေးတော် မူ၏၊ ထို့ထက်အလွန်လည်း ဘုဉ်းပေးတော်မူ၏ဟုဟောတော်မူအပ်၏။

ဘန္တေ နာဂသေန ဘာသိတမ္ပေတံ ဘဂဝတာ။
ဥတ္တိဠ္ဌေ နပ္ပမဇ္ဇေယျ၊ ဥဒရေ သံယတော သိယာတိ။
ပုန စ ဘဂဝတာ ဘဏိတံ အဟံ ခေါ ပနုဒါယိ အပ္ပေကဒါ
ဣမိနာ ပတ္တေန သမတိတ္တိကမ္ပိ ဘုဉ္ဇာမိ၊ ဘိယျောပိ ဘုဉ္ဇာ
မီတိ။ ။ဟူသည်တည်း။

ဘန္တေ့နာဂသေန၊ ရှင်နာဂသေနမထေရ်။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဥက္ကဋ္ဌေ၊ သပိတ်လက်စွဲ၍ ဆွမ်းခံခြင်း၌။ နပ္ပမဇ္ဇေယျ၊ မမေ့မလျော့ရာ။ ဥဒရေ၊ ဝမ်းစာ၌။ သံယတော၊ စောင့်စည်းခြင်းသည်။ သိယာ၊ ဖြစ်ရာ၏။ ဣတိ၊ ဤသို့။ ဧတံပိ၊ ဤစကားကိုလည်း။ ဘာသိတံ၊ ဟောတော်မူအပ်၏။ ။ပုနစ၊ တဘန်လည်း။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဥဒါယိ၊ အိုဥဒါယိ။ အဟံပန၊ ငါဘုရားသည်ကား။ အပ္ပေကဒါ၊ တရံရောအခါ၌။ ဣမိနာပတ္တေန၊ ဤသပိတ် တော်နှင့်။ သမတိတ္တိကမ္ပိ၊ အမျှသောဆွမ်းကိုလည်း။ ဘုဉ္ဇာမိ၊ ဘုဉ်းပေးတော်မူ၏။ ဘိယျောပိ၊ လွန်စွာလည်း။ ဘုဉ္ဇာမိ၊ ဘုဉ်းပေးတော်မူ၏။ ဣတိ၊ ဤသို့။ ဧတံပိ၊ ဤစကားကိုလည်း။ ဘဏိတံ၊ဟောတော်မူအပ်၏။

အရှင်ဘုရား၊ အကယ်၍ဘုရားရှင်သည် သပိတ်လက်စွဲ အမြဲဆွမ်းခံခြင်း၌ မမေ့မလျော့ရာ၊ ဝမ်းစာ၌ စောင့်စည်းခြင်းသည် ဖြစ်ရာ၏ဟူသောစကားသည် မှန်အံ့၊ ထိုသို့တပြီးကား ဥဒါယိ၊ ငါဘုရားသည် တရံရောအခါ ဤသပိတ်နှင့်အမျှဆွမ်းကို ဘုဉ်းပေးတော်မူ၏၊ ထို့ထက်လွန်စွာလည်း ဘုဉ်းပေးတော်မူ၏ဟူသော အကြင်စကားသည် ရှိ၏၊ ထိုစကားသည် မှားရာ၏။ ။(ဤလည်းတစွန်းထွက်သည်။)

အကယ်၍ လာခြင်းကောင်းသော ဘုရားရှင်သည် အိုဥဒါယိ၊ငါဘုရားသည် တရံရောအခါ၌ဤသပိတ်တော်နှင့်အမျှသောဆွမ်းကို ဘုဉ်းပေးတော်မူ၏၊ ထို့ထက်လွန်စွာလည်း ဘုဉ်းပေးတော်မူ၏ဟူသောစကားသည်မှန်အံ့၊ ထိုသို့တပြီးကား သပိတ်လက်စွဲမြဲလျက် ဆွမ်းခံအံ့သော၌ မမေ့မလျော့ရာ၊ဝမ်းစာ၌စောင့်စည်းခြင်းသည် ဖြစ်ရာ၏ဟူသောအကြင်စကားတော်သည် ရှိ၏၊ ထိုစကားသည်မှားရာ၏။ (ဤလည်းတစွန်းထွက်သည်။)

နှစ်ဘက်အစွန်းထွက်သောဤပြဿနာသည်အရှင်ဘုရားအားရောက်၏၊ ထိုပြဿနာကို အရှင်ဘုရားသည် ဖြေပါစေလော့ဟုဆိုသော်—

မင်းကြီး၊ဘုရားရှင်သည် သပိတ်လက်စွဲ အမြဲဆွမ်းခံခြင်းကို မမေ့မလျော့ရာ၊ ဝမ်းစာ၌စောင့်စည်းခြင်းသည် ဖြစ်ရာ၏ဟု ဟောတော်မူအပ်သည်လည်း မှန်၏။ ။ဥဒါယိ၊ ငါဘုရားသည် တရံရောအခါ၌ ဤသပိတ်တော်နှင့် အမျှသောဆွမ်းကို ဘုဉ်းပေးတော်မူ၏၊ ထို့ထက်အလွန်လည်းဘုဉ်းပေးတော်မူ၏ဟူသောစကားသည်လည်းမှန်၏။ ။

မင်းကြီး၊ မှန်ကြောင်းကား သပိတ်လက်စွဲ အမြဲဆွမ်းခံခြင်းကို မမေ့မလျော့ရာ၊ ဝမ်းစာ၌ စောင့်စည်းခြင်းသည် ဖြစ်ရာ၏ဟု ဟောတော်မူသော စကားသည်သဘောတရားတော်တည်း၊အကြွင်းမရှိသောစကား, မုချစကား, ဟုတ်သောစကား, မဘောက်မပြန်သောစကား, ရသေ့ရဟန်းတို့၏စကား,ဘုန်းခြောက်ပါးတို့နှင့်ပြည့်စုံသောဘုရားတို့၏စကား, ပစ္စည်းလေးပါးကိုခံထိုက်သော ရဟန္တာတို့၏စကား, ရှင်ပစ္စေကဗုဒ္ဓါတို့၏စကား, မာရ်ငါးပါးကို အောင်တော်မူသော ဘုရားတို့၏စကား, ခပ်သိမ်းသော တရားကိုသိတော်မူသော သဗ္ဗညုတို့၏စကား, လာခြင်းကောင်းသော သမ္ဗုဒ္ဓ၏ စကားတော်ပေတည်း။

မင်းကြီး၊ဝမ်းစာကို မစောင့်ရှောက်သောသူသည် သူ၏အသက်ကိုသတ်၏၊သူ၏ဥစ္စာကိုခိုး၏၊ သူတပါး၏သားမယားကိုပြစ်မှား၏၊ မုသာဝါဒစကားကိုဆို၏၊သေအရက်ကိုသောက်၏၊မိခင်ကိုသတ်၏၊ဘခင်ကိုသတ်၏၊ ရဟန္တာကို သတ်၏၊ လာခြင်းကောင်းသော ဘုရားရှင်ကိုသွေးစိမ်းတည်အောင်ကျင့်၏၊ သံဃာတော်ကို သင်းခွဲ၏၊ မင်းကြီး၊ ရှင်ဒေဝဒတ်သည် ဝမ်းစာကိုမစောင့်စည်းသည်ဖြစ်၍ သံဃာတော်ကိုသင်းခွဲ၏၊တကပ်ထိုက်သော မကောင်းမှုကံကို အားထုတ်၏၊ မင်းကြီး၊ ဤသို့သော အမှုအရာကို မြင်တော်မူ၍ ဘုရားရှင်သည် သပိတ်လက်စွဲ အမြဲဆွမ်းခံခြင်းကို မမေ့မလျော့ရာ၊ ဝမ်းစာ၌ စောင့်ရှောက်ခြင်းကို ဖြစ်စေရာ၏ဟု ဟောတော်မူအပ်၏။ မင်းကြီး၊ ဝမ်းစာ၌ စောင့်ရှောက်သောသူသည် သစ္စာလေးပါးတရားကို သိရသည်ဖြစ်၍•လေးပါးသော မဂ်ဖိုလ်ကို မျက်မှောက်ပြုရ၏၊လေးပါးသော ပဋိသမ္ဘိဒါ ရှစ်ပါးသော သမာပတ် ခြောက်ပါးသော အဘိညာဉ်တို့၌ သိခြင်းသို့ရောက်၏၊စင်စစ်သော်ကား ရဟန်းတရားကိုပြည့်စုံစေ၏၊ မင်းကြီး၊ ကျေးသားငယ်သည်ဝမ်းစာ၌ စောင့်ရှောက်ခြင်းရှိသည်ဖြစ်၍ တာဝတိံသာနတ်ပြည်ကိုတုန်လှုပ်စေ၍ နတ်တို့ကို အစိုးရသော သိကြားမင်းသို့ ချဉ်းကပ်လေသည်မဟုတ်လော၊ မင်းကြီး၊ဤသို့သဘောရှိသော များစွာသော အကြောင်းတို့ကို မြင်တော်မူ၍ ဘုရားရှင်သည် သပိတ်လက်စွဲ မြဲလျက်ဆွမ်းခံငတ်၌ မမေ့မလျော့ရာ၊ ဝမ်းစာ၌ အတိုင်းအရှည် အစောင့်အရှောက်သည် ဖြစ်ရာ၏ဟုဟောတော်မူအပ်၏၊ မင်းကြီး၊ ဘုရားရှင်

သည် ဥဒါယီ၊ ငါဘုရားသည် တရံရောအခါ၌ ဤသပိတ်နှင့်အမျှသော ဆွမ်းကို ဘုဉ်းပေးတော်မူ၏၊ ထို့ထက်အလွန်လည်း ဘုဉ်းပေးတော်မူ၏ဟုဟောတော်မူအပ်သော အကြွင်စကားသည်ရှိ၏၊ ထိုစကားကိုပြုပြီးသော ကိစ္စရှိတော်မူသော,ပြီးသော အမှုရှိသော,အကျိုးရှိသော သိတင်း၏အဆုံးသို့ ရောက်တော်မူသော, သဗ္ဗညု မည်တော်မူသော, သယမ္ဘူ ဖြစ်တော်မူသော လာခြင်းကောင်းသော ဘုရားရှင်သည် ကိုယ်တော်မြတ်ကိုစွဲ၍ဟောတော်မူအပ်၏။

မင်းကြီး၊ဥပမာသော်ကား ပျိုအန်သော သဘောရှိသော ထိုးကျင်သောလေသည် အစဥ်အတိုင်းတက်သော် နာကျင်သောသူအား သင့်တင့်လျောက်ပတ်သော ဆေးအမှုအရာကို အလိုရှိအပ်သည်ဖြစ်၏၊ မင်းကြီး၊ ထို့အတူ ကိလေသာရှိသော အရိယာသစ္စာကို မမြင်သော သူအား ဝမ်းစာ၌ စောင့်ရှောက်ခြင်းတို့ကို ပြုအပ်သည်ဖြစ်၏။ ။ မင်းကြီး၊ဥပမာတနည်းသော်ကား အလုံးစုံအရောင်ရှိသော အလွန် ဇာတိစင်ကြယ်ခြင်းရှိသော ပတ္တမြား ရတနာအား သုံးသပ်ခြင်း, အဘန်တလဲလဲသုံးသပ်ခြင်း, ဖွပ်ခြင်း, စင်ကြယ်ခြင်းဖြင့် ပြုဘွယ်မရှိသကဲ့သို့ ထို့အတူ မင်းကြီး၊ဘုရားအရာ၌ ပါရမီအဆုံးသို့ရောက်တော်မူသော လာခြင်းကောင်းသောဘုရားအား ပြုဘွယ်ကိစ္စအရာတို့၌ အပိတ်အပင်မည်သည်မရှိဟု ဖြေသော် အရှင်ဘုရား၊ ဤစကားကို ကောင်းပြီဟူ၍ တကာတော်ဝန်ခံပါ၏ဟုဝန်ခံလေ၏။

(အဓိပ္ပါယ်ကား သပိတ်လက်စွဲ မြဲလျက် ဆွမ်းခံဝတ်ကိုမမေ့မလျော့ရာ၊ ဝမ်းအစာ၌ စောင့်စည်း၍ အတိုင်းအရှည်ကို သိရာ၏ဟုဟောတော်မူအပ်သော စကားကို အရိယသစ္စာကို မမြင်သေးသော ပုဂ္ဂိုလ်တို့ကို ရည်၍ဟောတော်မူသည်၊ ဥဒါယီ၊ ငါဘုရားသည် ရံခါ၌သပိတ်နှင့်အမျှ၊ ရံခါသည့်ထက်အလွန်ဆွမ်းကို ဘုဉ်းပေးတော်မူသည်ဟု ဟောတော်မူအပ်သော စကားသည်သဗ္ဗညု ကိုယ်တော် မြတ်ကိုရည်၍ ဟောတော်မူသည်၊ အရိယသစ္စာကို မမြင်သေးသော တပည့်တို့ကို ရည်၍ဟောတော်မမူဟူလိုသည်။)

ဥတ္တိဋ္ဌေ အပ္ပမာဒ ပဉှာပြီး၏။

## ၁၂၉။ ဘဂဝတောအပ္ပါဗာဓပဉှာ

**ဘုရားရှင်နှင့်အနာရောဂါ**......မိလိန္ဒ မင်းသည် အရှင် ဘုရား၊ ဘုရားရှင်သည် ချစ်သားရဟန်းတို့၊ ငါဘုရားသည် မြတ်သောအကျင့်ရှိ၏၊ မကောင်းမှုကိုလည်းအပပြု၏၊ ဘုန်းတောင်းယာစကာအား ပေးကမ်းခြင်းနှင့်ယှဉ်၏၊ ဖြန့်အပ်သော လက်ရှိတော်မူ၏၊ အတုမရှိသည်ဖြစ်၍ အဆုံးစွန်သော ကိုယ်တော်ကိုဆောင်၏၊ ကိုယ်တော်၌ အနာရှိ၍ ဆေးကုတော်မူရ၏ဟု ဟောတော်မူအပ်၏။ ။တဘန်လည်း အရှင်ဘုရား၊ ဘုရားရှင်သည် ချစ်သားရဟန်းတို့၊ ငါ၏တပည့်အနာမရှိသော ရဟန်းအပေါင်းတို့တွင် အကြင်ဗာကုလသည်ရှိ၏၊ ဤဗာကုလသည် မြတ်၏ဟု ဟောတော်မူအပ်သည်ဖြစ်၍ ဘုရားရှင်၏ ကိုယ်တော်မြတ်၌ အကြိမ်များစွာအနာဖြစ်ခြင်းသည်ထင်ရှား၏တကား။

ဘန္တေ နာဂသေန ဘာသိတမ္ပေတံ ဘဂဝတာ အဟမသ္မိ ဘိက္ခဝေ ဗြာဟ္မဏော ယာစယောဂေါ သဒါ ပယတပါဏိ အန္တိမဒေဟဓရောအနုတ္တရော ဘိသက္ကော သလ္လကတ္တောတိ။ ။ ပုနစ ပရံဘဏိတံ ဘဂဝတာ ဧတဒဂ္ဂံဘိက္ခဝေ မမသာဝကာနံ အပ္ပါဗာဓာနံ ယဒိဒံ ဗာကုလောတိ၊ ဘဂဝတောစ သရီရေ ဗဟုက္ခတ္တုံအာဗာဓော ဥပ္ပန္နောဒိဿတိ။ ။ဟူသည်တည်း။

ဘန္တေနာဂသေန၊ ရှင်နာဂသေန မထေရ်။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဘိက္ခဝေ၊ ရဟန်းတို့။ အဟံ၊ ငါဘုရားသည်။ ဗြာဟ္မဏော၊ မကောင်းမှုကိုအပပြု၍ မြတ်သောအကျင့်ရှိတော်မူ၏။ ယာစယောဂေါ၊ ဘုန်းတောင်းယာစကာအား ပေးကမ်းခြင်းနှင့် ယှဉ်တော်မူ၏။ သဒါ၊ အခါခပ်သိမ်း။ ပယတပါဏိ၊ ဖြန့်သောလက်ရှိတော်မူ၏။ အန္တိမဒေဟဓရော၊ အဆုံးစွန်သော ကိုယ်တော်ကိုလည်း ဆောင်၏။ အနုတ္တရော၊ အတုမရှိသည်။ အသ္မိ၊ ဖြစ်၏။ သလ္လကတ္တော၊ အနာဖြင့် နှိပ်စက်ခြင်းရှိ၏။ ဘိသက္ကော၊ ဆေးကု တော်မူရ၏။ ဣတိ၊ ဤသို့။ ဧတံပိ၊ ဤစကားကိုလည်း။ ဘဏိတံ၊ ဟောတော်မူအပ်၏။ ။ ပုနစ၊ တဘန်လည်း။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဘိက္ခဝေ၊

ရဟန်းတို့။ မေ၊ ငါ၏။ သာဝကာနံ၊ တပည့်ဖြစ်ကုန်သော။ အပ္ပါဗာဓာနံ၊ အနာမရှိကုန်သော။ ဘိက္ခူနံ၊ ရဟန်းတို့တွင်။ ယဒိဒံယံဣဒံ ယောအသံဧသော ဗာကုလော၊ အကြင်ဗာကုလသည်။ အဂ္ဂေါ၊ ရှိ၏။ ဧတံဧသော ဗာကုလော၊ ဤဗာကုလသည်။ အဂ္ဂ အဂ္ဂေါ၊ မြတ်၏။ ဣတိ၊ ဤသို့။ ဧတံပိ၊ ဤစကားကိုလည်း။ ပရံ၊ လွန်စွာ။ ဘာသိတံ၊ ဟောတော်မူအပ်၏။ ဘဂဝတာစ၊ မြတ်စွာဘုရား၏လည်း။ သရီရေ၊ ကိုယ်တော်မြတ်၌။ ဗဟုက္ခတ္တုံ၊ အကြိမ်များစွာ။ အာဗာဓော၊ အနာသည်။ ဥပ္ပန္နော၊ ဖြစ်ခြင်းသည်။ ဒိဿတိ၊ ထင်၏။

အရှင်ဘုရား၊ အကယ်၍ လာခြင်းကောင်းသော ဘုရားရှင်သည် အတုမရှိပုဂ္ဂိုလ်မြတ်ဖြစ်၏ဟူသောစကားသည် မှန်အံ့၊ ထိုသို့တပြီးကား ချစ်သားရဟန်းတို့၊ငါ၏တပည့်အနာမရှိသော ရဟန်းအပေါင်းတို့တွင် အကြင်ဗာကုလသည်ရှိ၏၊ ဤဗာကုလသည်မြတ်၏ဟု ဟောဒေသနာ တော်မူသောစကားသည်မှားရာ၏။ ။( ဤလည်းတစွန်းထွက်သည်။)

အရှင်ဘုရား၊ အကယ်၍ ဗာကုလမထေရ်သည် အနာမရှိသောသူ အပေါင်းတို့တွင်မြတ်၏ဟုဟောဒေသနာတော်မူအပ်သော စကားသည် မှန်အံ့၊ ထိုသို့တပြီးကား ချစ်သားရဟန်းတို့၊ ငါဘုရားသည်မကောင်း မှုမှအပပြုပြီ၊ ဘုန်းတောင်းယာစကာအား ပေးကမ်းခြင်းနှင့် ယှဉ်၏၊ အခါခပ်သိမ်းဖြန့်သောလက်ရှိတော်မူ၏၊ အဆုံးစွန်သော ကိုယ်တော်ကိုဆောင်၏၊ အတုမရှိဖြစ်၏၊ ကိုယ်တော်၌ အနာရောဂါရှိ၍ ဆေးကု တော်မူရ၏ဟူသော အကြင် စကားသည်ရှိ၏၊ ထိုစကားသည် မှား ရာ၏။ ။(ဤလည်းတစွန်းထွက်သည်။)

နှစ်ဘက်အစွန်းထွက်သော ဤပြဿနာသည် အရှင်ဘုရား အား ရောက်၏၊ ထိုပြဿနာကို အရှင်ဘုရားသည် ဖြေမ်းပါစေလော့ဟု ဆိုသော်—

မင်းကြီး၊ မြတ်စွာဘုရားသည် ချစ်သားရဟန်းတို့၊ ငါဘုရားသည် မကောင်းမှုမှအပပြုပြီ၊ ဘုန်းတောင်းယာစကာတို့အား ပေးကမ်းခြင်း နှင့်ယှဉ်တော်မူ၏၊ အခါခပ်သိမ်းဖြန့်သောလက်ရှိ၏၊ အဆုံးစွန်သော ကိုယ်တော်ကိုဆောင်၏၊ အတုမရှိဖြစ်တော်မူ၏၊ ကိုယ်တော်၌အနာရှိ

၍ဆေးကုတော် မူရသည်ဟူ၍ ဟောတော်မူအပ်သော စကားတော်သည်လည်းမှန်၏။ ။တဘန်လည်း ချစ်သားရဟန်းတို့၊ ငါ၏တပည့်အနာမရှိသော ရဟန်းအပေါင်းတို့တွင် အကြင် ဗာကုလသည် ရှိ၏၊ ထိုဗာကုလသည် မြတ်၏ဟု တေဒဂ် ထားတော် မူအပ်သည်လည်းမှန်၏။ ။မှန်ကြောင်းကား မင်းကြီး၊ထိုတေဒဂ်ထားတော်မူအပ်သောစကားတော်သည် မကောင်းမှုကိုအပပြုကုန်သော ပရိယတ္တိအာဂုံနှင့် ပြည့်စုံကုန်သော သူတို့အား မိမိတို့၏ကိုယ်၌ ဂုဏ်ကျေးဇူး ထင်ရှားရှိသည်၏ အဖြစ်ကိုရည်၍ ဟောတော်မူအပ်သောစကားဖြစ်သည်။ ။မင်းကြီး၊ ဘုရား၏တပည့်တော်တို့သည်ရပ်ခြင်း,သွားခြင်း,ဣရိယာပုထ်ဖြင့်ကိုယ်၌ တခုတခုသောအင်္ဂါဖြင့် လွန်စွာနေသည်ဖြစ်ကုန်၏။ ။မင်းကြီး၊ဘုရားရှင်၏တပည့်တော်တို့သည် ကောသနိက် ဓုတင်ကို ဆောက်တည်ကုန်၍ အသက်ရှည်လို သောကြောင့်နှစ်ထပ်သော အစာကို မစားကုန်၊ ဘုရားရှင်မူကား နှစ်ကြိမ်ဝရင်း,သုံးကြိမ်ဝရင်း ဘုဉ်းပေးတော်မူ၏၊အကြင်ရဟန်းတို့သည် ကောသနိက်ဓုတင်ကိုဆောက်တည်ကုန်၏၊ ထိုရဟန်းတို့သည် ထိုဣရိယာပုထ် အင်္ဂါဖြင့် ဘုရားထက် လွန်၏။ ။မင်းကြီး၊ တပါးမက များစွာသော အကြောင်းတို့ကို တပည့်တော်ရဟန်းတို့အား ထိုထိုသော ဂုဏ်ကျေးဇူးအထူးရှိသည်ကိုရည်၍ ဟောတော်မူအပ်ကုန်သည်။

(အမိပ္ပါယ်ကား ရှင်ဗာကုလအနာမရှိ၊ ဘုရားရှင်ကား အနာရောဂါရှိ၏ဟု ဆိုရာ၌ တပည့်တော်တို့၏ဂုဏ်ကျေးဇူးအထူးရှိသည်ကို တေဒဂ်ထားတော်မူအပ်သည်၊ ထိုစကားဖြင့် ဘုရားရှင်ကို ခိုင်းနှိုင်းရာ၏ဟု ဆိုလိုသည်။)

မင်းကြီး၊ ဘုရားရှင်သည် သီလ,သမာဓိ,ပညာ, ဝိမုတ္တိ ဉာဏ်အဖြင်, ဆယ်ပါးသော ဒသဗလဉာဏ်, လေးပါးသော စတုဝေသာရဇ္ဇဉာဏ်, တဆဲ့ရှစ်ပါးသောဘုရားကျေးဇူး, ခြောက်ပါးသော အသာဓာရဏ သူတပါးတို့နှင့် မဆက်ဆံသောဉာဏ်တော်တို့ကြောင့် တစုံ တယောက်သောသူ မတူနိုင်သည်ဖြစ်၏၊ အနှုတ္တရမည်တော်မူ၏၊ စင်စစ်သော်ကား ချစ်သားရဟန်းတို့၊ ငါဘုရားသည် မကောင်းမှုမှ အပပြုပြီ၊ ဘုန်းတောင်းယာစကာတို့အား ပေးကမ်းခြင်းနှင့် ယှဉ်တော်မူ၏၊ဖြန့်သောလက်ရှိတော်မူ၏၊ အဆုံးစွန်သောကိုယ်တော်ကိုဆောင်၏၊ အတုမရှိ အနုတ္တရဖြစ်တော်မူ၏၊ အနာရောဂါရှိ၍ ဆေးကုတော် မူရ၏ဟု

ဟောတော်မူအပ်သောစကားသည် ဘုရားရှင်ကိုရည်၍ ထိုစကားကို ဟောတော်မူအပ်သောစကားဖြစ်၏။ ။မင်းကြီး၊ ဥပမာ သော်ကား ဤလူ့ပြည်၌ လူအပေါင်းတို့တွင် တယောက်သောသူသည် အမျိုးမြတ်၏၊ တယောက်သောသူသည် ဥစ္စာရှိ၏၊ တယောက်သောသူသည် ပညာရှိ၏၊ တယောက်သောသူသည် အတတ်တတ်၏၊ တယောက်သောသူသည် ရဲရင့်၏၊ တယောက်သောသူသည် အမြော်အမြင်ရှိ၏၊ ထိုအလုံးစုံသောသူတို့ကိုအစိုးရသောမင်းသာလျှင်နှိပ်စက်၍မြတ်သကဲ့သို့ မင်းကြီး၊ ထို့အတူ ဘုရားရှင်သည် ခပ်သိမ်းသောသတ္တဝါတို့ထက်မြတ်၏၊ အထူးသဖြင့် ချီးမွမ်းအပ်သောသူ ဖြစ်တော်မူ၏၊ မင်းကြီး၊ ရှင်ဗာကုလမထေရ်သည် အနာရောဂါမရှိသည်ဖြစ်၏ဟူသောအကြောင်းစကားသည်ရှိ၏၊ ထိုစကားကို ရှင်ဗာကုလဆုတောင်းရင်း အကြောင်းတရား၏ အစွမ်းဖြင့် ဟောတော်မူအပ်၏။ ။မင်းကြီး၊အနောမဒဿီဘုရားရှင်အား ဝမ်းတော်၌လေထိုးကျင်သော အနာဖြစ်လတ်သည်ရှိသော်ရင်း, တပည့်တော် ခြောက်သန်းရှစ်သိန်းသောသူတို့အား ရောဂါဖြစ်လတ်သည်ရှိသော်ရင်း ဤဗာကုလမထေရ်သည် ထိုအခါရသေ့ဖြစ်၍ တောဆေးမြစ်တို့ဖြင့် အနာကိုပယ်၍ အနာမရှိသည်ကို ပြုဘူးသောကုသိုလ်မှုကြောင့် အနာမဲ့ဖြစ်သည်၏အဖြစ်သို့ရောက်၍—

ဧတဒဂ္ဂံ ဘိက္ခဝေ မမသာဝကာနံ ဘိက္ခူနံ အပ္ပါဗာဓာနံ ယဒိဒံ ဗာကုလော'တိ။ ။

ဟု ဧတဒဂ်ထားတော်မူအပ်၏။ ။မင်းကြီး၊ဘုရားရှင်အား အနာရောဂါသည် ဖြစ်သော်ရင်း, မဖြစ်သော်ရင်း, ဓုတင်အကျင့်ကို ကျင့်တော်မူသော်ရင်း, ကျင့်တော်မမူသော်ရင်း, ဘုရားရှင်နှင့်တူသော ဟဲစုံတယောက်သောသတ္တဝါတို့သည်မရှိ၊ မင်းကြီး၊ ဝါသာလျှင်လည်းဘုရားရှင်ကို ဤလောကဌအတုမရှိ အနုတ္တရ ဖြစ်တော်မူ၍ မြတ်တော်မူကြောင်းကိုမဆို၊ ဘုရားရှင်လည်း ကိုယ်တော်တိုင် သံယုတ္တနိကာယ်၌ ဟောတော်မူအပ်၏။ ။ဟောကြောင်းကား—

ယာဝတာ ဘိက္ခဝေ သတ္တာ အပဒါဝါ ဒွိပဒါဝါ စတုပ္ပဒါဝါ ဗဟုပ္ပဒါဝါ ရူပိနောဝါ အရူပိနောဝါ သညိနောဝါ အသညိ

နေဝါ နေဝသညာနာသညိနော၀ါ တထာဂတော တေသံ
အဂ္ဂမက္ခာယတိ အရဟံ သမ္မာသမ္ဗုဒ္ဓေါတိ။ ။ဟူသည်တည်း။

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ ယာဝတာ၊ အကြင်မျှလောက်
ကုန်သော။ အပဒါ၀ါ၊ အခြေမရှိသည်လည်း ဖြစ်ကုန်သော။ ဒွိပဒါ
၀ါ၊ အခြေနှစ်ချောင်းရှိသည်လည်းဖြစ်ကုန်သော။ စတုပ္ပဒါ၀ါ၊ အခြေ
လေးချောင်းရှိသည်လည်းဖြစ်ကုန်သော။ ဗဟုပ္ပဒါ၀ါ၊ များသောအခြေ
ရှိသည်လည်းဖြစ်ကုန်သော။ရူပိနော၀ါ၊ရုပ်ရှိသည်လည်း ဖြစ်ကုန်သော။
အရူပိနော၀ါ၊ ရုပ်မရှိသည်လည်းဖြစ်ကုန်သော။ သညိနော၀ါ၊ သညာရှိ
သည်လည်းဖြစ်ကုန်သော။ အသညိနော၀ါ၊ သညာမရှိသည်လည်းဖြစ်
ကုန်သော။ နေဝသညိနာသညိနော၀ါ၊ သညာ ရှိသည်လည်း မဟုတ်
သညာမရှိသည်လည်း မဟုတ်ကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။
သန္တိ၊ ရှိကုန်၏။ တေသံ၊ ထိုသတ္တဝါအပေါင်းတို့ထက်။ အရဟံ၊လူနတ်
တို့၏ ပူဇော်သက္ကာကို ခံတော်မူထိုက်သော။ သမ္မာသမ္ဗုဒ္ဓေါ၊ သစ္စာ
လေးပါးတို့ကိုကောင်းစွာ အလိုလိုသိတော်မူသော။ တထာဂတော၊
လာခြင်းကောင်းသောဘုရားကို။ အဂ္ဂံအဂ္ဂေါတိ၊ မြတ်၏ဟူ၍။ အက္ခာ
ယတိ၊ ကြားအပ်၏။ ဣတိ၊ ဤသို့။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။
ဘာသိတံ၊ဟောတော်မူအပ်၏။ ။ဟူ၍ဆိုသော် အရှင်ဘုရား၊ဤစကား
ကိုကောင်းပြီဟူ၍ တကာတော်ဝန်ခံပါ၏ဟု ဝန်ခံလေ၏။

ဘဂဝတောအပ္ပါဗာဓပဋ္ဌာပြီး၏။

---

## ၁၃၀။ အနုပုဗ္ဗသီသမဂ္ဂသီဥပဒေါဒေတာပဋ္ဌာ

**ဘုရားရှင်နှင့်သယမ္ဘူဥာဏ်**..... မိလိန္ဒမင်းသည် အရှင်ဘုရား၊
လာခြင်းကောင်းသော ဘုရား
ရှင်သည်ချစ်သားရဟန်းတို့၊ သစ္စာလေးပါးတရားကို သိတော်မူသော
နတ်တို့၏ ပူဇော်သက္ကာအထူးကို ခံတော်မူထိုက်သော ငါဘုရားသည်
သူတပါးတို့မဖြစ်စေနိုင်သော မဂ္ဂင်တရားကို ဖြစ်စေတော်မူအပ်၏ဟု
ဟောတော်မူအပ်၏။ ။တဘန်လည်း ချစ်သားရဟန်းတို့၊ လာခြင်း
ကောင်းသော ငါဘုရားသည် ရှေးလွန်လေပြီးသော ဘုရားရှင်တို့သည်

အစဉ်အတိုင်းသွားတော်မူအပ်သော ခရီးသဘွယ် ဖြစ်သော ဈေးမဂ္ဂင် တရားကို မြင်တော်မူ၏ဟုဟောတော်မူအပ်၏။

ဘဂ္ဂေနာဂသေန ဘာသိတမေ့တံ ဘဂဝတာ တထာ ဂတော ဘိက္ခဝေ အရဟံ သမ္မာသမ္ဗုဒ္ဓေါ အနုပ္ပန္နဿ မဂ္ဂဿ ဥပ္ပါဒေတာ တိ။ ။ပုနစ ဘဏိတံ အဒ္ဒသံခွါ ဟံဘိက္ခဝေ ပေါရာဏံ မဂ္ဂံ အဥ္ဇသံ ပုဗ္ဗကေဟိ သမ္မာသမ္ဗုဒ္ဓေဟိ အနုယာတန္တိ။ ။ဟူသည်တည်း။

ဘန္တေနာဂသေန၊ ရှင်နာဂသေနမထေရ်။ ဘဂဝတာ၊ မြတ်စွာဘုရား သည်။ဘိက္ခဝေ၊ရဟန်းတို့။ အရဟံ၊ လူနတ်တို့၏ ပူဇော်လေးပါးကို ခံတော်မူထိုက်သော။သမ္မာသမ္ဗုဒ္ဓေါ၊ သစ္စာလေးပါးတရားတို့ကို မိမိ အလိုလိုကောင်းစွာသိတော်မူသော။တထာဂတော၊ လာခြင်းကောင်း သော ငါဘုရားသည်။ အနုပ္ပန္နဿ၊ သူတပါးသည်မဖြစ်စေနိုင်သော။ မဂ္ဂဿ၊ မဂ္ဂင်တရားကို။ ဝါ၊ လောကုတ္တရာတရားကို။ ဥပ္ပါဒေတာ၊ ဖြစ် စေတော်မူအပ်၏။တေမ္ပိ ဤစကားကိုလည်း။ ဘာသိတံ၊ ဟောတော် မူအပ်၏။ ။ပုနစ၊တဘန်လည်း။ဘိက္ခဝေ၊ချစ်သားရဟန်းတို့။ပုဗ္ဗကေ ဟိ၊ ရှေ့လွန်လေပြီးကုန်သော။သမ္မာသမ္ဗုဒ္ဓေဟိ၊ ဘုရားရှင်တို့သည်။ အနုယာတံ၊ အစဉ်အတိုင်း သွားတော်မူအပ်သော။ အဥ္ဇသံ၊ ခရီးသ ဘွယ်ဖြစ်သော။ ပေါရာဏံ။ ရှေး၌ဖြစ်သော။ မဂ္ဂံ၊လောကုတ္တရာမဂ်တ ရားကို။အဟံ၊ ငါဘုရားသည်။အဒ္ဒသံ၊ မြင်တော်မူ၏။ ဒိသွာန၊မြင်တော် မူပြီး၍။အနုယာတံ၊အစဉ်အတိုင်း လိုက်တော်မူ၏။ဣတိပိ၊ ဤသို့လည်း။ ဘဏိတံ၊ဟောတော်မူအပ်၏။

အရှင်ဘုရား၊ လာခြင်းကောင်းသော ငါဘုရားသည် သူတပါးတို့ သည်မဖြစ်စေအပ်သောမဂ်တရားတို့ကို ဖြစ်စေတော်မူအပ်၏ဟုဟော တော်မူအပ်သောစကားသည်မှန်အံ့၊ထိုသို့တပြီးကား ချစ်သားရဟန်းတို့၊ ငါဘုရားသည် ရှေ့လွန်လေပြီးသော ဘုရားတို့သည် အစဉ်အတိုင်း သွားအပ်သော ရှေးသူတော်ကောင်းတို့၏ ခရီးသဘွယ် ဖြစ်သောမဂ် တရားကို အစဉ် အတိုင်းလိုက်၏ဟု ဟောတော် မူအပ်သော အကြောင်း စကားသည်ရှိ၏၊ ထိုစကားသည်မှားရာ၏။ ။(ဤလည်းတစွန်းထွက်သည်။)

အကယ်၍ လာခြင်းကောင်းသော ဘုရားရှင်သည် ချစ်သားရဟန်းတို့၊ ရှေးလွန်လေပြီသော ဘုရားရှင်တို့သည် အစဉ်အတိုင်း သွားအပ်ပြီးသော ရှေးခရီးကို ငါမြင်တော်မူ၏၊ မြင်တော်မူ၍ ငါလည်း ရှေးခရီးသို့ အစဉ်အတိုင်း လိုက်တော်မူ၏ဟု ဟောတော်မူအပ်သော စကားသည် မှန်အံ့၊ ထိုသို့တပြီးကား ချစ်သားရဟန်းတို့၊ သံဃာလေးပါးကျေးကို သိသောငါဘုရားသည် သူတပါးတို့ မဖြစ်စေနိုင်သော မဂ္ဂင်တည်းဟူသောခရီးကိုဖြစ်စေအပ်၏ဟူသော အကြောင်းစကားသည် ရှိ၏၊ ထိုစကားသည်မှားပေ၏။ ။(ဤလည်းတစွန်းထွက်သည်။)

နှစ်ဘက်အစွန်းထွက်သော ဤပြဿနာသည် အရှင်ဘုရားအား ရောက်၏၊ ထိုပြဿနာကိုအရှင်ဘုရားသည်ငြိမ်ပါစေလော့ဟုဆိုသော်-

**ဆရာမရှိ အလိုလိုသိ** ... မင်းကြီး၊ သစ္စာလေးပါးတရားတို့ကိုမိမိ အလိုလိုသိတော်မူ၍ သူတပါးတို့သည် မဖြစ်စေအပ်သောမဂ္ဂင်တည်းဟူသော နိဗ္ဗာန်သို့ရောက်ကြောင်းခရီးကို ဖြစ်စေတော်မူအပ်၏ဟု ဟောတော်မူသော စကားတော်သည်လည်း မှန်၏။ ။ချစ်သားရဟန်းတို့၊ ရှေးလွန်လေပြီးသော ဘုရားတို့သည် အစဉ်အတိုင်း သွားအပ်သောခရီးကို ငါသွားတော်မူသည်၊ လိုက်တော်မူသည်ဟုဟောတော်မူအပ်သည် လည်းမှန်၏။ ။မင်းကြီး၊မှန်ကြောင်းကား ထိုနှစ်ပါးသော စကားတော်ကို သဘောအတိုင်း ဟုတ်မှန်သော စကားတော်ပင်ဟု ယူရမည်၊ယူကြောင်းသည်း ရှေးလွန်လေပြီးသော ဘုရားတို့ ကွယ်လွန်တော်မူသဖြင့် ဆုံးမလွန်သင် တတ်သောသူ မရှိခဲ့သော် မဂ်တရားတည် ဟူသော နိဗ္ဗာန်ခရီးသည် ကွယ်ခဲ့၏၊ ထိုလာခြင်းကောင်းသော ငါတို့ဘုရားရှင်သည် ပျက်စီးလေပြီးသော ပိတ်ပင်ဖုံးလွှမ်း၍ရှိလေပြီးသော အသွားအလာမရှိ လေပြီ ဖြစ်သော မဂ်တည် ဟူသော နိဗ္ဗာန်ခရီးကို ပညာမျက်စိတော်ဖြင့် ရှေးဘုရားတို့ အစဉ်အတိုင်း သွားအပ်သောခရီးဖြစ်၍ ကောင်းစွာမြင်တော်မူ၏၊ ထိုအကြောင်းဟုဆို၍ ချစ်သားရဟန်းတို့၊ ငါဘုရားသည် ရှေးလွန်လေပြီးသော ဘုရားတို့သည် အစဉ်အတိုင်းသွားအပ်သော မဂ်တည်းဟူသော နိဗ္ဗာန်ခရီးကို မြင်တော်မူ၏ဟု ဟောတော်မူအပ်၏။ ။ရှေးဘုရားတို့ ပရိနိဗ္ဗာန်ပြုတော်မူ၍ ကွယ်တော်မူသဖြင့် ဆုံးမသွန်သင် တတ်သော ဆရာမရှိခဲ့သော်

စနောင့်စနင်းပျက်စီးသော မဂ္ဂင်ခရီးသည်ပိတ်ပင်ဖုံးလွှမ်း၍ ရှိသည်ကို လာခြင်းကောင်းသောငါတို့ဘုရားရှင်သည် ကောင်းစွာအလေ့အကျက် ပြု၍ သွားတော်မူသည်ကိုပြုတော်မူပေ၏၊ထိုအကြောင်းကိုစွဲ၍ ချစ်သား ရဟန်းတို့၊ လာခြင်းကောင်းသောငါဘုရားသည် သူတပါးမဖြစ်စေအပ် သော မဂ္ဂင်တည်းဟူသောနိဗ္ဗာန်ခရီးကို ဖြစ်စေအပ်၏ဟု ဟောတော် မူအပ်သည်။

(အဓိပ္ပါယ်ကား နိဗ္ဗာန်သို့ ရောက်ကြောင်းခရီးသည် မဂ္ဂင်ရှစ်ပါးတည်း၊ ထိုမဂ္ဂင် ရှစ်ပါးခရီးသည် ရှေးဘုရားတို့ လမ်းခရီးပင် ဖြစ်ငြားသော်လည်း ရှေးဘုရားတို့ ပရိနိဗ္ဗာန် ပြုတော်မူခဲ့လျှင် ကွယ်ပျောက်လေသည့် ခရီးကို ငါတို့ ဘုရားရှင်သည် တဘန် ပညာ မျက်စိတော်ဖြင့် ရှာဖွေ ဘောက်ထွင်း၍ သွားပြန်သော် ကိုယ်တော် ရှေးဦး စွာ နိဗ္ဗာန်သို့ ကြွတော်မူပြီးလျှင် ကျွတ်ထိုက်သော ဝေနေယျ တို့ကိုလည်း နိဗ္ဗာန် ခရီးမဂ္ဂင်သို့သွားစေတော်မူသည်၊ထိုသို့သွားစေတော်မူသည်ကို သူတပါးမဖြစ်စေနိုင်သော ခရီးမဂ္ဂင်ကို ဖြစ်စေနိုင်သည်ဟု ဆိုလိုသည်။ ။ဤကားစကားချပ်။)

**ဥဒါဟ်စဉ်ဖြောင့်တန်း မဂ္ဂင်လမ်းသို့**..... မင်းကြီး၊ ဤလောကဌ် ဥပမာသော်ကား စကြ ဝတေးမင်း သေပျောက်ကွယ်လွန်သဖြင့် ပတ္တမြားရတနာသည် တောင်ထွတ်၏ အတွင်းသို့ဝင်လျိုးလေ၏၊ တယောက်သောစကြဝတေး မင်းသည် ကောင်းစွာ ဖြစ်ပြန်သဖြင့် တဘန်ဖြစ်လာပြန်၏၊ မင်းကြီး၊ စင်စစ်သော်ကား ထိုပတ္တမြားရတနာသည် အချင်းခပ်သိမ်း ထင်ရှားစွာ ဖြစ်ရာသလောဟုဆိုသော် အရှင်ဘုရား၊ အချင်းခပ်သိမ်း ပတ္တမြား ရတနာသည် ထင်ရှားစွာ မဖြစ်ချေ၊ စကြာမင်း ထင်ရှားစွာ ဖြစ်သော် သာလျှင် ပတ္တမြားရတနာ ထင်ရှားစွာပေါ်၏၊ ထိုပတ္တမြားရတနာကို ထိုစကြာမင်းသာလျှင်ဖြစ်စေသည်မည်၏ဟုဆိုသော် မင်းကြီး၊ဤကဲ့သို့ ရှေးလွန်လေပြီးသော ဘုရားရှင်တို့သည် အစဉ်အတိုင်း ကျင့်တော်မူ အပ်သော အင်္ဂါရှစ်ပါးရှိသော ချမ်းမြေ့စွာသော မဂ္ဂင်တရားတော်သည် ပြကတေ့သော ခရီးမည်၏၊ထိုပြကတေ့သော ခရီးကို ဆုံးမသွန်သင် တတ်သော ဆရာမရှိခဲ့သော် စနောင့်စနင်း ပျက်စီးသော ခရီးသည် ပိတ်ပင်ဖုံးလွှမ်း၍ အသွားအလာမရှိ၊ ငါတို့ဘုရားရှင်သည် ပညာမျက်စိ ဖြင့် ကောင်းစွာ မြင်တော်မူ၍ ရှေးဘုရားတို့ သွားရာခရီးကို ပြုတော် မူပေ၏၊ ထွင်တော်မူပေ၏၊ ထိုအကြောင်းကိုစွဲ၍ ချစ်သားရဟန်းတို့၊

လာခြင်းကောင်းသော ငါဘုရားသည် သူတပါး မဖြစ်စေနိုင်သော နိဗ္ဗာန်ခရီးကို ဖြစ်စေတော်မူ၏ဟုဟောတော်မူ၏။

မင်းကြီး၊ ဥပမာသော်ကား ထင်ရှားရှိသောသားကို မိခင်သည် ယောနိဖြင့် ဘွားစေတတ်သောကြောင့် မိခင်ကို ဇနိကာဟု ဆိုအပ်သကဲ့သို့ ထို့အတူ မင်းကြီး၊ လာခြင်းကောင်းသော ဘုရားရှင်သည် စနေ့ာင့်စနင်းပိတ်ပင်ဖုံးကွယ်လေပြီးသော နိဗ္ဗာန်သို့ ရောက်ကြောင်းခရီးကို ပညာမျက်စိတော်ဖြင့် ကောင်းစွာမြင်တော်မူသည်ဖြစ်၍ ဖြစ်စေတော်မူအပ်၏၊ ကောင်းစွာ သွားတော်မူသည်ကို ပြုတော်မူပေ၏၊ ထိုအကြောင်းကိုစွဲ၍ လာခြင်းကောင်းသော ဘုရားသည် သူတပါး မဖြစ်စေနိုင်သော နိဗ္ဗာန်သို့ရောက်ကြောင်း မဂ္ဂင်ခရီးကို ဖြစ်စေတော်မူအပ်၏။

**ပျောက်သောဥစ္စာ-ဖေါ်ယူရာသို့**··မင်းကြီး၊ဥပမာ တနည်းသော်ကား တစုံတယောက်သော ယောက်ျားသည် အမှတ်မရှိ တစုံတခုသော ပျောက်သောဥစ္စာကို ဖြစ်စေ၏၊ထိုပျောက်သော ဥစ္စာကိုဖြစ်စေတတ်သောကြောင့် ဤယောက်ျားသည် ထိုဥစ္စာကို ဖြစ်စေအပ်၏ဟု လူအပေါင်းသည် ခေါ်ဝေါ်အပ်သကဲ့သို့ ထို့အတူ မင်းကြီး၊လာခြင်းကောင်းသောဘုရားသည် စနေ့ာင့်စနင်း ပိတ်ပင်ဖုံးလွှမ်းသော သူတော်ကောင်းတို့သွားရာဖြစ်သော ခရီးကို ထင်ရှားစွာလျှင် ပညာမျက်စိဖြင့် ကောင်းစွာမြင်တော်မူ၍ ဖြစ်စေ၏၊ ကောင်းစွာလေ့ကျက်၍ သွားတော်မူသည်ကို ပြုတော်မူပေ၏၊ ထိုအကြောင်းကိုစွဲ၍ ချစ်သားရဟန်းတို့၊ ငါဘုရားသည် သူတပါးမထင်နိုင် မဖြစ်စေနိုင်အပ်သော နိဗ္ဗာန်သို့ရောက်ကြောင်းခရီးကို ဖြစ်စေတော်မူအပ်၏ဟု ဟောတော်မူ၏။

မင်းကြီး၊ ဥပမာ တနည်းသော်ကား တစုံတယောက် သော ယောက်ျားသည် တောအရပ်ကို သုတ်သင်ခုတ်ထွင်၍ မြေအပြင်ကို ကောင်းစွာပြုပြင်ထုတ်ယူ၏၊ ထိုပြင်ဆင်အပ်သောမြေအပြင်ကို လူအပေါင်းသည် ထိုယောက်ျားသည် ဖြစ်စေပေ၏၊ ပြင်ဆင်ပေ၏ဟု ခေါ်ဝေါ်ကြ၏၊• ထိုမြေအရပ်ကို ထိုယောက်ျား အစိုးရသည်မဖြစ်၊ မင်းကြီး၊ ထိုကဲ့သို့ လာခြင်းကောင်းသော ဘုရားသည် စနေ့ာင့်စနင်း

ပိတ်ပင်ဖုံးလွှမ်း၍ သူတပါးတို့မသွားနိုင်သော နိဗ္ဗာန်သို့ရောက်ကြောင်း မဂ္ဂင်ခရီးကို ပညာတော်ဖြင့်ကောင်းစွာမြင်သော်မူ၍ အသွားအလာကို ဖြစ်စေကုန်၏၊ အသွား အလာ လမ်းထွင်သည်ကို ပြုတော်မူပေ၏၊ ထိုအကြောင်းကိုစွဲ၍ ချစ်သားရဟန်းတို့၊ လာခြင်း ကောင်းသော ငါဘုရားသည် သဗ္ဗညုလေးပါး တရားကို သိတော်မူသည်နှင့် အညီ သူတပါးတို့သည် မဖြစ်စေနိုင်သောနိဗ္ဗာန်လမ်းခရီးကို ဖြစ်စေတော်မူ အပ်၏ဟူ၍ ဟောတော်မူအပ်၏ဟုဆိုသော် အရှင်ဘုရား၊ဤစကားကို ကောင်းပြီဟူ၍ တကာတော်ဝန်ခံပါ၏ဟုဝန်ခံလေ၏။

အနုပ္ပန္နသမဂ္ဂသဉ္ပါဒေတာပဉှာပြီး၏။

## ၁၃၁။ ဘဂဝတောပုဗ္ဗေအဝိဟေဌနပဉှာ

**ဘုရားအလောင်းနှင့်ညှဉ်းဆဲမှု**……မိလိန္ဒမင်းသည် အရှင်ဘုရား၊ ဘုရား ရှင် သည် ချစ် သား ရဟန်းတို့၊ ငါသည် ရှေးသံသရာဘဝ၌ လူဖြစ်၍ ဖြစ်သော ကာလ သတ္တဝါတို့ကို မညှဉ်းဆဲသော သဘောရှိသည် ဖြစ်၏ဟုဟောတော်မူ အပ်၏။ ။တဖန်လည်း လောမသ ကဿပ ရသေ့ဖြစ်သော ကာလ တပါးမကများလှစွာသော သတ္တဝါတို့ကိုသတ်၍ ကြီးစွာသော ယဇ် ပူဇော်ခြင်းကို ပူဇော်ခဲ့၏တကား။

သ္မဘန္တေနာဂသေန ဘာသိတမ္ပေတံ ဘဂဝတာ ပုဗ္ဗေဝါဟံ ဘိက္ခဝေ မနုဿဘူတော သမာနော သတ္တာနံ အဝိဟေဌက ဇာတိကော အဟောသိန္တိ။ ။ပုနစ ဘဏိတံ လောမသ ကဿပေါနာမ ဣသိ သမာနော အနေကသတေ ပါဏေ ဃာတ ယိတွာ ဝါဇပေယျံမဟာယညံယဇိတိ။ ။ဟူသည်တည်း။

ဘန္တေနာဂသေန၊ ရှင်နာဂသေနမထေရ်။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဘိက္ခဝေ၊ ရဟန်းတို့။ အဟံ၊ ငါသည်။ ပုဗ္ဗေ၊ ရှေးသံသရာဘဝ၌လျှင်။ မနုဿဘူတော၊ လူစင်စစ်ဖြစ်၍။ သမာနော၊ ဖြစ်သောကာလ၌။ သတ္တာနံ၊ သတ္တဝါတို့ကို။အဝိဟေဌကဇာတိကော၊ မညှဉ်းဆဲသောသဘောရှိသည်။ အဟောသိ၊ ဖြစ်ခဲ့၏။ ဣတိ၊ ဤသို့။

ဇေတံပိ၊ ဤစကားကိုလည်း။ ဘာသိတံ၊ ဟောတော်မူအပ်၏။ ။ပုန၊ တဘာန်လည်း။ လောမသ ကဿပေါ နာမဏ္ဏသိ၊ လောမသကဿပ ရသေ့သည်။ သမာနော၊ ဖြစ်သောကာလ၌။ အနေကသတေ၊ အရာ မကများစွာကုန်သော။ ပါဏေ၊သတ္တဝါတို့ကို။ဃာတယိတ္ဝာ၊ သတ်၍။ ဝါဇပေယျံ၊ ဝါဇပေယျအမည်ရှိသော။ မဟာယညံ၊ ကြီးစွာသော ယဇ်ပူဇော်ခြင်းကို။ ယဇိ၊ ပူဇော်ပြီ။ ဣတိ၊ ဤသို့။ ဇေတံပိ၊ ဤစကားကို လည်း။ ဘဏိတံ၊ ဟောတော်မူအပ်၏။

အရှင်ဘုရား၊ အကယ်၍ ဘုရားရှင်သည် ချစ်သားတို့၊ ငါသည်အ ကယ်၍ ရှေးသံသရာဘဝ၌ လူစင်စစ်ဖြစ်သောကာလ သတ္တဝါတို့ကို ညှဉ်းဆဲသော သဘောမရှိဟု ဟောတော်မူအပ်သော စကားသည် မှန်အံ့၊ ထိုသို့တပြီးကား လောမသ ကဿပ ရသေ့ဖြစ်သောကာလ များစွာသော သတ္တဝါတို့ကို သတ်၍ ကြီးစွာသောယဇ်ကို ပူဇော်၏ ဟူသော စကားသည်မှားရာ၏။ ။(ဤလည်းတစွန်းထွက်သည်။)

အကယ်၍ ငါဘုရားသည် လောမသ ကဿပဖြစ်သော ကာလ များစွာသော သတ္တဝါတို့ကိုသတ်၍ ကြီးစွာသောယဇ်ကို ပူဇော်၏ ဟူသော စကားသည်မှန်အံ့၊ ထိုသို့တပြီးကား ချစ်သားတို့၊ ငါသည် ရှေးသံသရာ၌ လူဖြစ်၍ဖြစ်သော ကာလ သတ္တဝါတို့ကို ညှဉ်းဆဲသော အလေ့သဘောမရှိဟူသော အကြင်စကားသည်ရှိ၏၊ ထိုစကားသည် မှားရာ၏။ ။(ဤလည်းတစွန်းထွက်သည်။)

နှစ်ဘက်အစွန်းထွက်သောဤပြဿနာသည်အရှင်ဘုရားအား ရောက် ၏၊ ထိုပြဿနာကိုအရှင်ဘုရားသည် ဖြေမိန်းပါစေလော့ဟုဆိုသော်–

မင်းကြီး၊ ဘုရားရှင်သည် ချစ်သားရဟန်းတို့၊ ငါသည်ရှေးသံသရာ ၌ လူဖြစ်၍ ဖြစ်သော ကာလ သတ္တဝါတို့ကို ညှဉ်းဆဲသော အလေ့ မရှိဟုဟောတော်မူအပ်သည်လည်းမှန်၏၊ လောမသ ကဿပ ရသေ့ ဖြစ်သောဘဝ၌ အရာမကများစွာသောသတ္တဝါတို့ကိုသတ်၍ ကြီးစွာ သောယဇ်ကို ပူဇော်အပ်သည်လည်းမှန်၏။ ။မှန်ကြောင်းကား မင်းကြီး၊ ထိုလောမသကဿပ ရသေ့သည် စန္ဒဝတီမည်သော မင်းသမီးကိုမြင်၍

ကြိုက်နှစ်သက်ခြင်း, မိန်းမောခြင်းဖြင့် ပြင်းသောရာဂ၏ အစွမ်းဖြင့် ယဇ်ပူဇော်ခြင်းကို စိရင်အပ်သည်၊ ဒေါသစိတ်စေတနာဖြင့် သေစေလိုသော အကြောင်းကြောင့် စိရင်အပ်သည်မဟုတ်ဟု ဆိုသော်—

**လူသတ်သမား ၈-ဦး**·····အရှင်ဘုရား၊ ရှစ်ယောက်သော ပုဂ္ဂိုလ်တို့သည် သူတပါးတို့၏အသက်ကို သတ်တတ်ကုန်၏၊ ရှစ်ယောက်သောပုဂ္ဂိုလ်တို့သည် အဘယ်နည်းဟူမူကား—

(၁) ရာဂပြောသောစိတ်ရှိသောသူသည် ရာဂ၏အစွမ်းဖြင့် သတ္တဝါတို့ကိုသတ်တတ်၏။

(၂) ဒေါသပြောသောသူသည် ဒေါသ၏အစွမ်းဖြင့် သတ္တဝါတို့ကို သတ်တတ်၏။

(၃) မောဟပြောသောသူသည် မောဟ၏အစွမ်းဖြင့်—

(၄) မာနရှိသောသူသည်မာန၏အစွမ်းဖြင့်—

(၅) ဥစ္စာ၌လောဘကြီးသောသူသည် လောဘ၏အစွမ်းဖြင့်—

(၆) အသက်မွေးခြင်း၌ ကြောင့်ကြစိုးရိမ်ရှိသောသူသည် အသက်မွေးလိုသောအစွမ်းဖြင့်—

(၇) မိုက်သောသူသည် မသိသည်၏အစွမ်းဖြင့်—

(၈) အစိုးရသောမင်းသည် ဆုံးမလိုသည်၏အစွမ်းဖြင့် သတ္တဝါတို့ကိုသတ်တတ်၏။

အရှင်ဘုရား၊ ဤရှစ်ယောက်သောပုဂ္ဂိုလ်တို့သည်သတ္တဝါတို့ကိုသတ်တတ်၏၊ အရှင်ဘုရား၊ လောမသ ကဿပ ဘုရားလောင်းရသေ့သည် ပြကတေ့ပင်ယဇ်ပူဇော်ခြင်းကိုပြုအပ်လေသလောဟုဆိုသော် မင်းကြီး၊ ဘုရားလောင်းရသေ့သည် ပြကတေ့ပူဇော်ခြင်းကို မပြုအပ်၊ မင်းကြီး၊ ဘုရားလောင်းသည် ပြကတေ့သဘောဖြင့် အကယ်၍ ယဇ်ပူဇော်ခြင်း၌ ညွတ်သောစိတ်ရှိသည်ဖြစ်အံ့၊ ဤဂါထာကိုမဆိုရာ။

သသမုဒ္ဒပရိယာယံ၊ မဟိံသာဂရကုဏ္ဍလံ။
နဣစ္ဆေ သဟ နိန္ဒာယ၊ ဧဝံ သယှ ဝိဇာနာဟိ။ ။ဟူသည်တည်း။

သသမုဒ္ဒပရိယာယ၊ ပတ်လည်ဝန်းကျင်နှင့် တကွသော သမုဒ္ဒရာ၏။ မဟီသာဂရကုဏ္ဍလံ၊ မြေကြီးသမုဒ္ဒရာ တည်းဟူသော နားဋောင်းကို။ သဟာနိန္ဒာယ၊ တကွကဲ့ရဲ့ခြင်းဖြင့်။ နဇ္ဇနွေ၊ ငါအလိုမရှိ။ ဇေ၀ံ၊ ဤသို့။ သယ္ဟ၊ အိုသယှအမတ်။ တွံ၊ သင်သည်။ ဝိဇာနာဟိ၊ သိလေလော့။

(ဤစကားသည် တွေဝေမိန်းမော ရှုံးသောရသေ့ အဆိုချွတ်သောစကား ဟူလိုသည်။)

မင်းကြီး၊ လောမသ ကဿပ ဘုရားလောင်းရသေ့သည် ဤသို့သော စကားကိုဆိုလျက် စန္ဒဝတီမင်းသမီးကို မြင်သည်နှင့်တကွ တွေဝေခြင်း ရှိသည်ဖြစ်လေ၏၊ ထိုရသေ့သည် ပျံ့လွင့်သောစိတ် မိန်းမောသော စိတ် နှောင့်ရှက်သော စိတ်ရှိ၍ ထို ပျံ့လွင့်သောစိတ်နှလုံးနောက်သော စိတ်ဖြင့် များစွာသော သတ္တဝါတို့ကိုသတ်၍ လည်ချောင်းသွေး အစု ဖြင့် ဝါဇပေယျမည်သောယဇ်ပူဇော်ခြင်းကို ပူဇော်၏၊ မင်းကြီး၊ ဥပ မာသော်ကား ပျံ့လွင့်သောစိတ် ရှိသော သူရူးသည် ပြောင်ပြောင် တောက်သောမီးကိုသော်လည်း နင်း၏၊ ဒေါသထန်သော မြွေကိုသော် လည်း ကိုင်၏၊ အမုန်ယစ်သော ဆင်ပြောင်ကိုသော်လည်း ချဉ်း၏၊ထို မှာဘက်ကမ်းကို မမြင်နိုင်သောသမုဒ္ဒရာကိုသော်လည်း ကူး၏၊ထိုမှတ ပါးလည်း များစွာမပြုအပ်သောအမှုကိုပြုအပ်သကဲ့သို့ မင်းကြီး၊ ထို့အ တူ ဘုရားလောင်း လောမသ ကဿပရသေ့သည် စန္ဒဝတီသတို့သမီးကို မြင်သည်နှင့်တကွ မိန်းမောတွေဝေခြင်းရှိ၏၊ ပျံ့လွင့်သောစိတ်,မိန်းမော သောစိတ်,နှောင့်ရှက်သောစိတ်ရှိ၍ အဆောတလျင် ထိုနှောင့်ရှက်သော စိတ်,ပျံ့လွင့်သောစိတ်,တုန်လှုပ်ချောက်ချားသောစိတ်ဖြင့်,များစွာသော သတ္တဝါတို့ကိုသတ်၍ လည်ချောင်းသွေးဖြင့် ဝါဇပေယျ မည်သော ယဇ် ကြီးကိုပူဇော်၏၊ မင်းကြီး၊ ပျံ့လွင့်သောစိတ်ရှိသောရူးသောသူသည် မကောင်းသောအမှုကို ပြုသည်ဖြစ်၏၊ ထိုအမှုသည် ဤပစ္စုပ္ပန် ဘဝ၌ လည်း အပြစ်ကြီးသည်မဖြစ်၊ တမလွန်ဘဝသံသရာ၌လည်း အပြစ်ကြီး သည်မဖြစ်၊ တမလွန်ဘဝသံသရာ၌လည်း မကောင်းကျိုးသည် ကြီးစွာ မဖြစ်။

**ရူးသွပ်သူအား-အပြစ်မထားသလို**······မင်းကြီး၊ဥပမာသော်ကား ဤလူ့ပြည်၌အရူးဖြစ်သော သူ၌ အပြစ်ရောက်အံ့၊ သင်မင်းကြီးတို့သည် ထိုရူးသောသူအား ဒဏ်

အဘယ်သို့ပေးကြကုန်သနည်းဟု ဆိုသော် အရှင်ဘုရား၊ ရှူးသောသူအား ဥစ္စာဒဏ်ပေးအပ်သောအမှုသည် အဘယ်မှာဖြစ်နိုင်ရာအံ့နည်း၊ ထိုရှူးသောသူကို တကာတော်တို့သည် ရိုက်ခတ်၍ နှင်ယုတ်စေခြင်းသည် ထိုသူရှူးအား ဒဏ်ပေးခြင်းဖြစ်တော့သည်ဟု ဆိုသော် မင်းကြီး၊ ရှူးသောသူ၏ ဤမှုသော အပြစ်ဖြင့် ဒဏ်ရောက်သည် မဖြစ်၊ ထိုရှူးသောသူ၏အမှုသည် သတောကိစ္စ ကုစားကောင်းသောအမှုဖြစ်လေသကဲ့သို့ ထို့အတူ မင်းကြီး၊ လောမသ ကဿပရသေ့သည်မြင်သည်နှင့်တကွ စန္ဒဝတီမင်းသမီး၌ မိန်းမောတွေဝေခြင်းရှိသည်ဖြစ်၍၊ ပျံ့လွင့်သောစိတ် ရာဂဖြင့် တပ်သောစိတ် မိန်းမောသောစိတ် နှောင့်ရှက်သောစိတ်ရှိ၍၊ အဆောတလျင် ပျံ့လွင့်တုန်လှုပ် နှောင့်ရှက်သော စိတ်ဖြင့် များစွာသော သတ္တဝါတို့ကိုသတ်၍ လည်ချောင်းသွေးအစုဖြင့် ဝါဇပေယျ မည်သော ယဇ်ပူဇော်ခြင်းကို စီရင်၏၊ မင်းကြီး၊ ထိုလောမသ ကဿပ ရသေ့သည် ပြကတေ့သော စိတ်ရှိသည်ဖြစ်၍ ထိုအခါသတိကိုရလျက်ရသေ့အကျင့်ကိုကျင့်၍ ငါးပါးသော အဘိညာဉ်ကိုဖြစ်စေ၍ ဗြဟ္မာ့ပြည်သို့လားလေ၏ဟုဆိုသော် အရှင်ဘုရား၊ ဤစကားကို ကောင်းပြီဟု တကာတော်ဝန်ခံပါ၏ဟု ဝန်ခံလေ၏။

ဘဂဝတော ပုဗ္ဗေ အဝိဟေဌန ပဉှာပြီး၏။

## ၁၃၂။ ဆဒ္ဒန္တဇောတိပါလာရဗ္ဘပဉှာ

**ဆင်မင်းဘဝနှင့်-လုလင်အဖြစ်**......မိလိန္ဒမင်းသည် အရှင်ဘုရား၊ ဘုရားရှင်သည် ဆဒ္ဒန်ဆင်မင်းသည် မိမိအားသတ်ညှဉ်းဆဲသော မုဆိုး၏အနွယ်ကို သုံးသပ်ဆုင်ခြင်းလိုက်သော် ရသေ့ရဟန်း သူတော်ကောင်းတို့၏ တန်ခွန်သဘာယ်ဖြစ်သော ဖန်ရည်စွန်းသော သင်္ကန်းကိုမြင်လေ၏၊ ဆင်းရဲတွေ့သော ဆဒ္ဒန်ဆင်မင်းအား အရဟတ္တဓဇမိုလ်၏ တန်ခွန်ဖြစ်သော သင်္ကန်းဝတ်သောသူကို သူတော်ကောင်းတို့သည် မပြစ်မှားအပ် မသတ်အပ်ဟူသော အမှတ်သည် ဖြစ်၏ဟု ဟောတော်မူအပ်၏။ ။တဘန်လည်း ဇောတိပါလ ပုဏ္ဏားလုလင်ဖြစ်သောအခါ နတ်လူတို့၏ ပူဇော်သက္ကာအထူးကို ခံတော်မူထိုက်သော သဗ္ဗညုလေးပါးတရားတို့ကို မဘောက်မပြန် မိမိ

အလိုလို သိတော်မူသော ကဿပ ဘုရားရှင်ကို ဦးခေါင်းပြည်းရဟန်း ဟူသောစကား မလျောက်ပတ်သော ရှိနှ့ရင်းသောစကားတို့ဖြင့် ဆဲရေးဆိုမြည်၏ဟု ဟောတော်မူအပ်သည်ဖြစ်၏။

ဘဏ္ဍေနာဂသေန ဘာသိတမ္ပေတံ ဘဂဝတာ ဆဒ္ဒန္တေ နာဂရာဇာ

ဝဓိဿမေတန္တိ ပရာမသန္တော၊ ကာသာဝမဒ္ဒက္ခိဓဇံ ဣသီနံ။

ဒုက္ခေနဖုဋ္ဌဿုဒပါဒိသညာ၊အရဟဒ္ဓဇော သဗ္ဘိ အဝဇ္ဈရူပေါတိ။

ပုနစ ဘဏိတံ ဇောတိပါလမာဏဝေါသမာနော ကဿပံ ဘဂဝန္တံ အရဟန္တံ သမ္မာသမ္ဗုဒ္ဓံ မုဏ္ဍက ဝါဒေန သမဏက ဝါဒေန အသဗ္ဘာ ဟိ ဖရုသာ ဟိ ဝါစာ ဟိ အက္ကောသတိ ပရိဘာသတီတိ။ ။ဟူသည်တည်း။

ဘဏ္ဍေနာဂသေန၊ ရှင်နာဂသေနမထေရ်။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဆဒ္ဒန္တေ နာဂရာဇာ၊ ဆဒ္ဒန်ဆင်မင်းသည်။ မေ၊ ငါ့အား။ ဝဓိဿ၊ သတ်ညှဉ်းဆဲသော မုဆိုး၏။ တန္တိ၊ အနွယ်ကို။ ပရာမသန္တော၊ သုံးသပ်ဆင်ခြင်လိုက်သော်။ ဣသီနံ၊ ရဟန်း ရသေ့သူတော်ကောင်းတို့၏။ ဓဇံ၊ တန်ခွန်သဘွယ်ဖြစ်သော။ ကာသာဝံ၊ ဖန်ရည်စွန်းသော သင်္ကန်းကို။ အဒ္ဒက္ခိ၊ မြင်လေ၏။ တဒါ၊ ထိုအခါ၌။ ဒုက္ခေန၊ ဆင်းရဲနှင့်။ ဖုဋ္ဌဿ၊ တွေ့ထသော။ တဿ၊ ထိုဆဒ္ဒန်ဆင်မင်းအား။ တံ၊ ထိုဖန်ရည်စွန်းသောသင်္ကန်းရှိသောသူကို။ အရဟဒ္ဓဇော၊ ရဟန်းတို့၏တန်ခွန်ဟူ၍။ သဗ္ဘိ၊ သူတော်ကောင်းတို့သည်။ အဝဇ္ဈရူပေါ၊ သတ်အပ်သော သဘောမရှိချေ။ ဣတိ၊ ဤသို့။ သညာ၊ အမှတ်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ဣတိ၊ ဤသို့။ ဧတံပိ၊ ဤစကားကိုလည်း။ ဘာသိတံ၊ ဟောတော်မူအပ်၏။ ပုနစ၊ တဖန်လည်း။ ဇောတိပါလမာဏဝေါ၊ ဇောတိပါလလုလင်သည်။ သမာနော၊ ဖြစ်လျက်။ အရဟန္တံ၊ နတ်လူတို့၏ပူဇော်သက္ကာကိုခံတော်မူထိုက်သော။ သမ္မာသမ္ဗုဒ္ဓံ၊ သစ္စာလေးပါးတရားကို ကောင်းစွာ မိမိအလိုလိုသိတော်မူသော။ ဘဂဝန္တံ၊ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော။ ကဿပံ၊ ကဿပဘုရားရှင်ကို။ မုဏ္ဍကဝါဒေန၊ ဦးခေါင်းပြည်းဟူသော စကားဖြင့်၎င်း။ သမဏကဝါဒေန၊ ရှင်ယောင်ဟူသောစကားဖြင့်၎င်း။ ဣတိ၊ ဤသို့။ အသဗ္ဘာဟိ၊ မလျောက်ပတ်ကုန်သော။ ဖရုသာဟိ၊ ကြမ်းကြုတ်

ကုန်သော။ဝါစာဟိ၊စကားတို့ဖြင့်။အက္ကောသတိ၊ဆဲရေး၏။ပရိဘာသတိ၊ ရေရွတ်၏။ဣတိ၊ဤသို့။ဧတံပိ၊ဤစကားကိုလည်း။ဘဏိတံ၊ဆိုအပ်၏။

အရှင်ဘုရား၊ဘုရားလောင်း တိရစ္ဆာန်အမျိုးဖြစ်သော ဆဒ္ဒန်ဆင်မင်းသည် အကယ်၍ ဖန်ရည်စွန်းသောသင်္ကန်းကို ပူဇော်သက္ကာပြုသည်မှန်အံ့၊ထိုသို့တပြီးကား ဇောတိပါလ ပုဏ္ဏားလုလင်သည် ကဿပဘုရားရှင်ကို ဦးခေါင်းပြည်းဟူသောစကား, ရဟန်းယောင်ဟူသောစကား, ဤမလျောက်ပတ်သော ဖရုသဝါစာတို့ဖြင့် အမျက်ထွက်၍ ဆဲရေး၏ဟူသော အကြွင်စကားသည်ရှိ၏၊ထိုစကားသည်မှားရာ၏။ ။ (ဤလည်းတစွန်းထွက်သည်။)

အကယ်၍ ဇောတိပါလပုဏ္ဏားလုလင်သည်ကဿပမြတ်စွာဘုရားကို ဦးခေါင်းပြည်းဟူသောစကား,ရဟန်းယောင်ဟူသော စကားတို့ဖြင့် ဆဲရေးရေရွတ်သည်မှန်အံ့၊ထိုသို့တပြီးကား အရှင်ဘုရား၊ဆဒ္ဒန်ဆင်မင်းသည် ဖန်ရည်စွန်းသော သင်္ကန်းကိုမြင်၍ ရိုသေစွာ မြတ်နိုးတနာကို ပြု၏ဟူသော အကြွင်စကားသည်ရှိ၏၊ ထိုစကားသည်မှားရာ၏။ ။ (ဤလည်းတစွန်းထွက်သည်။)

အရှင်ဘုရား၊လာခြင်းကောင်းသောဘုရားရှင်အလောင်း ဆဒ္ဒန်ဆင်မင်းသည် ကြမ်းထမ်းရှန့်ရင်းသောဝေဒနာကို မုဆိုးသည် ခံစားစေအပ်လျက် ဖန်ရည်စွန်းသောသင်္ကန်းကို မြတ်နိုးတနာပူဇော်အပ်လေသည်ဖြစ်အံ့၊ လူစင်စစ်ဖြစ်၍ဖြစ်သော ရင့်သောဉာဏ်ရှိသော ဇောတိပါလပုဏ္ဏားသည် အဘယ့်ကြောင့် ဝန်းကျင်ပတ်လည် ပြောင်ပြောင်တောက်သော အရောင်တော်တဝင်းဝင်း တလင်းလင်းရှိတော်မူသော နတ်လူတကာတို့ထက် မြတ်သော မွန်မြတ်သော ကာသိကရာဇ်အထည် ဖန်ရည်စွန်းသော သင်္ကန်းကို ကောင်းစွာ ဝတ်ရုံတော်မူသော လောကသုံးပါးတို့၏ အမှူးအကြီး ဖြစ်တော်မူ၍ အားဆယ်ပါးနှင့်ပြည့်စုံတော်မူသော ကဿပဘုရားရှင်ကိုမြင်၍ မပူဇော်လေသနည်း၊ နှစ်ဘက်အစွန်းထွက်သော ဤပြဿနာသည် အရှင်ဘုရားအားရောက်၏၊ ထိုပြဿနာကို အရှင်ဘုရားသည်ငြိမ်းပါစေလော့ဟုဆိုသော်—

မင်းကြီး၊ ဘုရားရှင်သည်ဆဒ္ဒန် ဆင်မင်းဖြစ်သောကာလ ညှဉ်းဆဲနှိပ်စက်သော မုဆိုး၏ အစဉ်ကို သုံးသပ်ဆင်ခြင်လိုက်သော် ရသေ့ရဟန်းသူတော်ကောင်းတို့၏ တန်ခွန်သဘွယ်ဖြစ်သော ဖန်ရည်စွန်း

သောသက်နဲကိုမြင်၏၊ ထိုအခါဆင်ခြင်တွေးတောသော အမှတ်သည် အရဟတ္တဖိုလ်၏တန်ခွန်ဖြစ်သော ဖန်ရည်စွန်းသော သင်္ကန်းရှိသော သူတော်ကောင်းအား မပြစ်မှားအပ်ချေဟုအမှတ်ရှိသည်လည်းမှန်၏။ ။ ဇာတိပါလပုဏ္ဏားလုလင်သည် ဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံတော်မူသော ကဿပ မြတ်စွာဘုရားကို ဦးခေါင်းပြည်းရဟန်းယောင်ဟု ဖရုသဝါစာဖြင့် ဆဲရေးရေရွတ်သည်လည်း မှန်၏။

**တိတ္ထိအမျိုး–မိုက်ရိုးထုံးစံ**…မင်းကြီး၊ မှန်ကြောင်းကား ထိုစကားသည် အမျိုးအနွယ်၏ အစွမ်းဖြင့် ဖြစ်သည်၊ ဖြစ်ကြောင်းလည်း ၎င်းဇာတိပါလ လုလင်သည့် မသဒ္ဓါ မကြည်ညိုသော အမျိုး၌ဖြစ်၏၊ ထိုဇာတိပါလပုဏ္ဏား လုလင်၏ အမိ အဘ နှမ အကို ညီ သား ကျွန်မိန်းမ ကျွန်ယောကျ်ား အစေအပါး အလုပ်အကျွေး ဖြစ်သောလုလင်တို့သည် ဗြဟ္မာမင်းကိုသာလျှင် အမိုအသေ ပြုကုန်၏၊ ဗြဟ္မာသာလျှင်မြတ်၏ဟု အယူရှိကုန်၏၊ ဗြဟ္မာမှကြွင်းသောသူတို့ကို ကဲ့ရဲ့ကုန်၏၊ စက်ဆုပ်ကုန်၏၊ ထိုအမျိုး အဆွေတို့ ဆိုအပ်သော စကားကိုကြား၍ ထိုဇာတိပါလ ပုဏ္ဏား သည် ဃဋိကာရ ဒိုးထိန်းသည်သည် ကဿပ မြတ်စွာဘုရားကို ဖူးမြင်အံ့သောငှါ ပင့်အပ်သည်ရှိသော် သင်၏ ဦးခေါင်းပြည်းရဟန်း ကို ဖူးမြင်သဖြင့် အဘယ်အကျိုးရှိအံ့နည်းဟု ဆိုလေ၏။ ။မင်းကြီး ဥပမာသော်ကား အမြိုက်အရသာ ဆေးသည် အဆိပ်ရှိသောရေနှင့် ပေါင်းတော်ရောရှက်မိခြင်းကြောင့် မချိုပြီ ခါးစပ်လေသကဲ့သို့ ချမ်းဧ သောရေသည် မီး၏အနီး၌ ရောနှောမိသောကြောင့်ပူသကဲ့သို့ ထို့အတူ ဇာတိပါလပုဏ္ဏားလုလင်သည် မသဒ္ဓါမကြည်ညိုသောအမျိုး၌ဖြစ်၍ အမျိုး၏ အစွမ်းဖြင့်မိုက်သည်ဖြစ်၍ လာခြင်းကောင်းသော ကဿပ ဘုရားရှင်ကို ဆဲရေးဆိုမြည်၏၊ မင်းကြီး၊ ဥပမာသော်ကား ပြောင် ပြောင်တောက်သောမီးပုံကြီးသည် အလုံးစုံကိုအရောင်ထွန်း၏၊ ထိုမီးပုံ ကြီးသည် ရေသို့ရောက်သော် ကင်းသော အရောင်ရှိ၏၊ ချမ်း၏၊ မည်းနက်သော ကြောင်ပန်းသီးနှင့်အတူ မီးသွေးဖြစ်၏၊ မင်းကြီး၊ ထိုကဲ့သို့ဇာတိပါလပုဏ္ဏားလုလင်သည် ပညာနှင့်ပြည့်စုံ၏၊ သဒ္ဓါနှင့် ပြည့်စုံ၏၊ ဉာဏ်နှင့်ပြန့်ဖြောသောအရောင်လည်းရှိ၏၊ မသဒ္ဓါမကြည် ညိုသောအမျိုး၌ဖြစ်၍ ထိုပုဏ္ဏားလုလင်သည် မိုက်သောကြောင့် လာ

ခြင်းကောင်းစွာသော ကဿပ ဘုရားရှင်ကို ဆဲရေး ရေရွတ်မိလေ၏၊ ဘုရားရှင်အနီးသို့ ရောက်သော် ကျေးဇူးတော်မြတ်ကို သိရ၍ အစေ့ အပါးကျွန်ကဲ့သို့ဖြစ်၏၊ ဘုရားရှင်သာသနာတော်၌ရဟန်းပြု၍ လောကီ အဘိညာဉ် သမာပတ်တို့ကို ဖြစ်စေ၍ ဗြဟ္မာ့ပြည်သို့ လားလေ၏ဟု ဆိုသော် အရှင်ဘုရား၊ ဤစကားကိုကောင်းပြီဟု တကာတော်ဝန်ခံ ပါ၏ဟုဝန်ခံလေ၏။

ဆဒ္ဒန္တဇောတိပါလာရဗ္ဘပဥှာပြီး၏။

---

## ၁၃၃။ ဃဋီကာရဿအာဝေသနံကဿပဿဘဂဝတောကုဋိ ဩဝဿာနောဝဿပဥှာ

**ဂန္ဓကုဋီနှင့်ဃဋီကာရအိမ်**……မိလိန္ဒ မင်း သည် အ ရှင် ဘုရား၊ ဘုရားရှင်သည် ကဿပဘုရားရှင် လက်ထက်တော်၌ ဃဋီကာရအိုးထိန်းသည်၏ အလုံးစုံသော အိမ်သည် ဝါတွင်းသုံးလပတ်လုံး ဟင်းလင်း အပြင် ကောင်းကင်သာ အမိုးဖြစ်၍ မိုးမစွတ်ဟု ဟောတော်မူအပ်၏။ ။တဖန်လည်း ကဿပမြတ်စွာ ဘုရား၏ ကုဋိတော်သည် မိုးစွတ်၏ဟူသောစကားကို ဟောတော် မူအပ်၏။

> ဘဏ္ဍေ နာဂသေန ဘာသိတမ္ပေတံ ဘဂဝတာ ဃဋိကာ ရဿ ကုမ္ဘကာရဿ အာဝေသနံ သဗ္ဗံ တေမာသံ အာကာ သစ္ဆဒနံ အဋ္ဌာသိ၊ နစာဘိ ဝဿီတိ။ ။ပုနစ ဘဏိတံ ကဿပဿ တထာဂတဿ ကုဋိ ဩဝဿတီတိ။ ။ ဟူသည့်တည်း။

ဘဏ္ဍေ နာဂသေန၊ ရှင်နာဂသေနမထေရ်။ဘဂဝတာ၊ မြတ်စွာဘုရား သည်။ ကဿပဿ၊ ကဿပဘုရားရှင်၏။ ကာလေ၊ လက်ထက်တော် ၌။ ဃဋိကာရဿ၊ ဃဋီကာရအမည်ရှိသော။ ကုမ္ဘကာရဿ၊အိုးထိန်း သည်၏။ သဗ္ဗံ၊ အလုံးစုံသော။ အာဝေသနံ၊ အိုးထိန်းအိမ်သည်။ တေမာ သံ၊ ဝါတွင်းသုံးလပတ်လုံး။ အာကာသစ္ဆဒနံ၊ ကောင်းကင်သာလျှင် အ မိုးရှိသည်ဖြစ်၍။ အဋ္ဌာသိ၊တည်၏။ နစာဘိဖဿတိ၊ မိုးမစွတ်။ ဣတိ၊ ဤသို့။ ဧတံပိ၊ ဤစကားကိုလည်း။ ဘာသိတံ၊ ဟောတော်မူအပ်၏။ ။

ပုနစ၊ တဘန်လည်း။ ကဿပဿ၊ ကဿပမည်တော်မူသော။ တထာဂတဿ၊ လာခြင်းကောင်းသောဘုရား၏။ ကုဋိ၊ ကုဋိတိုက်တော်သည်။ ဩဝဿတိ၊ မိုးယိုစွတ်၏။ ဣတိ၊ ဤသို့။ ဧတံပိ၊ ဤစကား ကိုလည်း။ ဘဏိတံ၊ ဆိုတော်မူ၏။

အရှင်ဘုရား၊ အဘယ့်ကြောင့် ဆည်းပူးအပ်သော များသော ကုသိုလ်လျှင် အရင်းရှိသော ကဿပဘုရားရှင်၏ ကုဋိတော်ကို မိုးစွတ်ရလေသနည်း၊ ဘုရားရှင်တို့မည်သည် ထိုသို့သောမိုးမစွတ်အပ်သော အာနုဘော်တန်ခိုးတော်ကို အလိုရှိအပ်ပါ၏တကား။ ။အရှင်ဘုရား၊ အကယ်၍ ဃဋိကာရအိုးထိန်းသည်၏ အိမ်သည် မိုးမစွတ်၊ ကောင်းကင်ဟင်းလင်းသာလျှင် ရှိသည်ဟူသောစကားသည်မှန်အံ့၊ ထိုသို့တပြီးကား ကဿပဘုရားရှင် ကုဋိတော်သည် မိုးစွတ်၏ ဟူသော အကြွင်းစကားသည်ရှိ၏၊ ထိုစကားသည်မှားရာ၏။ ။(ဤလည်းတစွန်းထွက်သည်။)

အကယ်၍ ကဿပဘုရားရှင်၏ ကုဋိတော်သည် မိုးစွတ်သည် မှန်အံ့၊ ထိုသို့တပြီးကား ဃဋိကာရအိုးထိန်းသည်၏အိမ်သည် မိုးမစွတ်ဟူသော အကြွင်းစကားသည် ရှိ၏၊ ထိုစကားသည် မှားရာ၏။ (ဤလည်းတစွန်းထွက်သည်။)

နှစ်ဘက်အစွန်းထွက်သော ဤပြဿနာသည်အရှင်ဘုရားအားရောက်၏၊ ထိုပြဿနာကိုအရှင်ဘုရားသည် ဖြေမ်းပါစေလော့ဟုဆိုသော်—

မင်းကြီး၊ ဘုရားရှင်သည် ကဿပဘုရား လက်ထက် ဃဋိကာရအိုးထိန်းသည်၏ အိုးထိန်းအိမ်ကို ဝါတွင်းသုံးလပတ်လုံး မိုးမစွတ်၊ ကောင်းကင်သာလျှင် အမိုးဖြစ်၍ တည်၏ဟု ဟောတော် မူအပ်သည်လည်း မှန်၏၊ ကဿပဘုရား၏ကုဋိတော်ကို မိုးစွတ်သည်ဟု ဟောတော်မူအပ်သည်လည်း မှန်၏။ ။မှန်ကြောင်းကား မင်းကြီး၊ ဃဋိကာရအိုးထိန်းသည်သည် သီလနှင့်ပြည့်စုံ၏၊ ကောင်းသော အကျင့်လည်းရှိ၏၊ များစွာဆည်းပူးအပ်သော ကုသိုလ်တရားအရင်း ရှိသည်လည်းဖြစ်၏၊ မိခင်ဘခင် မျက်မမြင်တို့ကိုလည်း ကျွေးမွေး၏၊ ထိုဃဋိကာရအိုးထိန်းသည်မရှိခိုက် မျက်ကွယ်မပန်မကြားဘဲလျက်လျှင် ထိုဃဋိကာရအိမ်၌ မြက်သက်ငယ်ပြစ်တို့ကိုယူ၍ လူတို့သည်ဘုရားရှင်ကုဋိကို မိုး

ကြကုန်၍ ဖလိုဃငိုကာရသည် ထိုအိမ်မိုးကိုဖျက်၍ မြက်ကိုဆောင်လေ သဖြင့် မတုန်မလှုပ် ကောင်းစွာတည်ကြည်ခြင်း ပြန့်ပြောခြင်းသတိကို ရလေ၏၊ အတိုင်းထက်အလွန်လျှင် ငါ့အား အံ့ဘွယ်ရှိပေစွ တကား၊ လောကသုံးပါးတို့ထက် မြတ်တော်မူသောမြတ်စွာဘုရားသည် ကောင်း စွာ အကျွမ်းဝင်တော်မူပေ၏ဟု ဝမ်းမြောက်ဝမ်းသာ ကုသိုလ်ကိုဖြစ် စေ၏၊ ထိုအားကြီးသောကုသိုလ်စေတနာကြောင့် ထိုဃငိုကာရအိုးထိန်း သည်အား မျက်မှောက်ပစ္စုပ္ပန် ဒိဋ္ဌဓမ္မဝေဒနီယအကျိုးသည်ဖြစ်၏။ ။ မင်းကြီး၊ လာခြင်းကောင်းသောကဿပဘုရားရှင်သည် ထိုမျှလောက် ကုဋိတော်ကို မိုးစွတ်ကာမျှဖြင့် တုန်လှုပ်တော်မမူ၊ မင်းကြီး၊ဥပမာ သော်ကား မြင့်မိုရ်တောင်မင်းသည် အသိန်းမကသော မုန်တိုင်းလေ ရိုက်ခတ်သဖြင့် မတုန်မလှုပ် မပျက်မစီးသကဲ့သို့ရင်း, များသော ရေရှိ သော မဟာသမုဒ္ဒရာသည် အရာမက,အထောင်မက, အသောင်းမက သော ဂင်္ဂါရေတို့ဖြင့် မပြည့်နိုင် ဘောက်ပြန်ခြင်းသို့ မရောက်နိုင် သကဲ့သို့ရင်း ထို့အတူ လာခြင်းကောင်းသော ဘုရားရှင်သည် ထိုသို့ ကုဋိတော်ကိုမိုးစွတ်ကာမျှဖြင့် တုန်လှုပ်တော်မမူ၊ မင်းကြီး၊ လာခြင်း ကောင်းသောကဿပဘုရားရှင်၏ အကြင်ကုဋိတော်ကို မိုးစွတ်ခြင်း သည် များစွာသောလူအပေါင်းအား သနားတော်မူသောကြောင့် ကုဋိ တော်ကို မိုးစွတ်စေတော်မူသည်။

မင်းကြီး၊ ဘုရားတို့မည်သည် နှစ်ပါးသောအကျိုးဆက်တို့ကို မြင် တော်မူ၍ ကိုယ်တော် ဘန်ဆင်းအပ်သောကျောင်းကို မှီဝဲတော်မမူ ကုန်၊ လူနတ်တို့၏ဆရာဖြစ်တော်မူသောဘုရားသည် မြတ်သောအလှူ ကိုခံတော်မူထိုက်၏ဟု ဘုရားရှင်အား နတ်လူတို့သည် ဆွမ်း,သင်္ကန်း, ကျောင်း, ဆေး, ပစ္စည်းလေးပါးတို့ကို လှူဒါန်း ပူဇော်၍ ဂပ်သိမ်း သောဆင်းရဲမှ လွတ်ကုန်လတ္တံ့ ဟူ၍ရင်း၊ မင်းကြီး၊ စင်စစ်သော်ကား ပြာဋိဟာပြတော်မူ၍ အသက်မွေးခြင်းကို ရှာတော်မူသည်ဖြစ်အံ့၊သူတ ပါးတို့ ကဲ့ရဲ့ကုန်ရာ၏၊ထိုသို့သူတပါးတို့ မကဲ့ရဲ့စေကုန်သတည်းဟု ပြာ ဋိဟာပြတော်မူ၍ ဘန်ဆင်းတော်မူ၍ကျောင်းကိုနေတော်မမူကုန်၊ဤနှစ် ပါးသော အကျိုးကိုမြင်တော်မူ၍ လာခြင်းကောင်းသော ဘုရားရှင်တို့ သည်ဘန်ဆင်းတော်မူအပ်သော ကျောင်းကိုနေတော်မမူကုန်၊မင်းကြီး၊ အကယ်၍သိကြားမင်းသည်လည်း ထိုကုဋိကိုမိုးမစွတ်သည်ကိုပြုနိုင်

ရာ၏၊ ဗြဟ္မာမင်းသည်လည်း ကိုယ်တိုင်ပြုနိုင်ရာ၏၊ ထိုသိကြားမင်း ဗြဟ္မာမင်းတို့ မိုးမလွတ်အောင် ပြုပြားသော်လည်း အပြစ်ရှိသေး၏၊ သူတပါးနှိပ်စက်အပ်သေး၏၊ နှိပ်စက်ခြင်း အကြောင်းကား ဤသို့ သိကြားမင်းဗြဟ္မာမင်းတို့သည် ထင်ရှားစွာပြုလာကုန်၍ လူအပေါင်းကို မိုက်စေကုန်၏၊ ကုသိုလ်မှ ကင်းသည်ကို ပြုလာကုန်၏ဟု နှိပ်စက်သော အပြစ်သည်ဖြစ်ရာ၏၊ ထို့ကြောင့် ထိုအကြောင်းကိုလည်း ကြဉ်အပ်၏၊ မင်းကြီး၊ လာခြင်းကောင်းသောဘုရားရှင်တို့သည် ကျောင်း, သင်္ကန်း, ဆွမ်း, ဆေး ပစ္စည်း လေးပါးတို့ကို တောင့်တတော်မမူကုန်၊ ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး, ပစ္စည်းလေးပါး မဟုတ်သည်ကို တောင့်တ တော်မူခြင်းမှလည်း အပဖြစ်တော်မူကုန်၏ဟုဆိုသော် အရှင်ဘုရား၊ ဤစကားကို တကာတော်ဝန်ခံပါ၏ဟု ဝန်ခံလေ၏။

ဇယ်ဋ္ဌိကာရဿအာဝေသနံကဿပဿဘဂဝတောကုဋိဩဝဿာနေဝဿပဉ္စာပြီး၏။

---

## ၁၃၄။ ဘဂဝတောဗြာဟ္မဏာရာဇဝါဒပဉ္စာ

**ပုဏ္ဏားဘဝနှင့်အစိုးရအဖြစ်**......မိလိန္ဒမင်းသည် အရှင်ဘုရား၊ လာခြင်းကောင်းသောဘုရားရှင် သည် ချစ်သားရဟန်းတို့၊ငါဘုရားသည်ပုဏ္ဏားဖြစ်၍ တောင်းစားခြင်း နှင့်ယှဉ်၏ဟု ဟောတော်မူအပ်၏။ ။တဘန်လည်း အိုသေလအမတ်၊ ငါဘုရားသည်အစိုးရသောမင်းဖြစ်၏ဟုဟောတော်မူအပ်၏။

> ဘန္တေ နာဂသေန ဘာသိတမ္ပေတံ တထာဂတေန အဟ
> မသ္မိဘိက္ခဝေဗြာဟ္မဏော ယာစယောဂေါတိ။ ။ပုနစ ဘဏိ
> တံ ရာဇာဟမသ္မိသေလာတိ။ ။ဟူသည်တည်း။

ဘန္တေနာဂသေန၊ ရှင်နာဂသေနမထေရ်။ တထာဂတေန၊ မြတ်စွာ ဘုရားသည်။ဘိက္ခဝေ၊ ရဟန်းတို့။အဟံ၊ငါဘုရားသည်။ ဗြာဟ္မဏော၊ ဗြာဟ္မဏမည်၏။ ယာစယောဂေါ၊ တောင်းစားခြင်းနှင့်ယှဉ်၏။ ဣတိ၊ ဤသို့။ ဧတံပိ၊ ဤစကားကိုလည်း။ဘာသိတံ၊ ဟောတော်မူအပ်၏၊ ။ ပုနစ၊ တဘန်လည်း။ သေလ၊ အိုသေလအမတ်။အဟံ၊ ငါသည်။ရာဇာ၊ အစိုးရသောမင်းသည်။ အသ္မိ၊ဖြစ်၏။ ဣတိ၊ဤသို့။ ဧတံပိ၊ ဤစကားကို လည်း။ဘဏိတံ၊ဟောတော်မူအပ်၏။

အရှင်ဘုရား၊ အကယ်၍ ဘုရားရှင်သည် ချစ်သားရဟန်းတို့၊ ငါဘုရားသည် ဗြာဟ္မဏဖြစ်၏၊ တောင်းစားခြင်းနှင့် ယှဉ်၏ဟု ဟောတော်မူအပ်သော စကားသည် မှန်အံ့၊ ထိုသို့တပြီးကား အိုသေလ၊ ငါသည် အစိုးရသောမင်းဖြစ်၏ဟူသော စကားသည်မှားရာ၏။ ။ (ဤလည်းတစွန်းထွက်သည်။)

အကယ်၍ လာခြင်းကောင်းသော ဘုရားရှင်သည် အိုသေလ၊ ငါဘုရားသည်အစိုးရသော မင်းဖြစ်၏ဟူသော စကားသည် မှန်အံ့၊ ထိုသို့တပြီးကား ရဟန်းတို့၊ ငါဘုရားသည် ပုဏ္ဏားဖြစ်၏၊ တောင်းစားခြင်းနှင့် ယှဉ်၏ ဟူသော အကြွင်စကားသည်ရှိ၏၊ ထိုစကားသည် မှားရာ၏။ ။ (ဤလည်းတစွန်းထွက်သည်။)

အရှင်ဘုရား၊ ဘုရားသည် မင်းမျိုးသော်လည်းဖြစ်ရာ၏၊ ပုဏ္ဏားမျိုးသော်လည်းဖြစ်ရာ၏၊ တဘဝထည်း၌ နှစ်မျိုးဖြစ်သော မည်သည် မရှိစကောင်း၊ နှစ်ဘက်အစွန်းထွက်သော ဤပြဿနာသည် အရှင်ဘုရားအား ရောက်၏၊ ထိုပြဿနာကို အရှင်ဘုရားသည် ငြိမ်းပါစေလော့ဟု ဆိုသော်—

မင်းကြီး၊ ဘုရားရှင်သည် ချစ်သားရဟန်းတို့၊ ငါဘုရားသည် ဗြာဟ္မဏဖြစ်၏၊ တောင်းစားခြင်းနှင့် ယှဉ်၏ဟု ဟောတော်မူအပ်သည်လည်းမှန်၏။ ။တဘန်လည်း အိုသေလ၊ ငါသည်အစိုးရသောမင်းဖြစ်၏ဟု ဟောတော်မူအပ်သည်လည်းမှန်၏။ ။မင်းကြီး၊ မှန်ကြောင်းကား ထိုစကား၌ အကြောင်းရှိ၏၊ အကြွင်အကြောင်းဖြင့် လာခြင်းကောင်းသော ဘုရားသည် ဗြာဟ္မဏလည်းမည်တော်မူ၏၊ ရာဇလည်းမည်တော်မူ၏၊ ထိုအကြောင်းကား မင်းကြီး၊ လာခြင်းကောင်းသော ဘုရားသည် အလုံးစုံသော အကုသိုလ်တရားတို့ကို ပယ်တော်မူအပ်ကုန်ပြီ၊ ကင်းကုန်ပြီ၊ ဖြတ်အပ်ကုန်ပြီ၊ ကင်းခြင်းသို့ ရောက်တော်မူ၍ ငြိမ်းကုန်ပြီ၊ ထို့ကြောင့်ဘုရားရှင်ကို ဗြာဟ္မဏဟူ၍ဆိုအပ်၏။

(ဤအရာ၌ ဗြာဟ္မဏသဒ္ဒါသည် ဗာဟိတပါပတ္တာ ဗြာဟ္မဏောဟူသော ဝစနတ္ထကြောင့် ဗြာဟ္မဏမည်၏ဟူလိုသည်။)

တနည်းကား မင်းကြီး၊ ဗြာဟ္မဏမည်သည်ကား ယုံမှားသက်ဒ သံသယကို လွန်သောကြောင့် ဗြာဟ္မဏမည်၏၊ ဘုရားရှင်သည်

ယုံမှားသက်ာသံသယကို လွန်တော်မူ၏၊ ထို့ကြောင့် လာခြင်းကောင်းသောဘုရားကို ဗြာဟ္မဏာဟူ၍ ဆိုအပ်၏။

(ဤအရာ၌ ဗြာဟ္မဏာသဒ္ဒါသည် ဝိမတိပထံ ဗိတိဝတ္တတ္တာ ဗြာဟ္မဏောဟူသော ဝစနတ္ထကြောင့် ဗြာဟ္မဏာမည်၏ဟူလိုသည်။)

တနည်းကား မင်းကြီး၊ ဗြာဟ္မဏာမည်သည်ကား ခပ်သိမ်းသော ဘဝဂတိမှ ကျွတ်၍ ကိလေသာဟူသော အညစ်အကြေးမှ လွတ်သော ပုဂ္ဂိုလ်သည်ဗြာဟ္မဏာမည်၏၊ ဘုရားရှင်လည်း အလုံးစုံသော ဘဝဂတိမှ ကျွတ်၍ အညစ်အကြေးကိလေသာမှ လွတ်သည်ဖြစ်၍ အဘော်မရှိ၊ ထို့ကြောင့် လာခြင်းကောင်းသောဘုရားကို ဗြာဟ္မဏာဟူ၍ဆိုအပ်၏။

(ဤအရာ၌ ဗြာဟ္မဏာသဒ္ဒါသည် မလရဇဝိမုတ္တတ္တာ ဗြာဟ္မဏော ဟူသော ဝစနတ္ထကြောင့်ဗြာဟ္မဏာမည်၏ဟူလိုသည်။)

မင်းကြီး၊ဗြာဟ္မဏာမည်သည်ကား မြတ်သော ဗြဟ္မဝိဟာရတရား၌ များစွာအလေ့အကျက်ရှိသောကြောင့် ဗြာဟ္မဏာမည်၏၊ဘုရားရှင်သည် မြတ်သော ဗြဟ္မဝိဟာရတရား၌ များစွာ နေတော်မူလေ့ရှိ၏၊ ထို့ကြောင့် လာခြင်းကောင်းသောဘုရားကို ဗြာဟ္မဏာဟူ၍ဆိုအပ်၏။

(ဤအရာ၌ ဗြာဟ္မဏာသဒ္ဒါသည် ဒိဗ္ဗဝိဟာရ ဗဟုတ္တာ ဗြာဟ္မဏော ဟူသော ဝစနတ္ထကြောင့် ဗြာဟ္မဏာ မည်၏ဟူလိုသည်။)

တနည်းကား မင်းကြီး၊ ဗြာဟ္မဏာမည်သည်ကား မိမိကိုယ်တိုင်တရားကို ဟောခြင်း, သူတပါး တပည့်သားတို့ကို ဟောစေခြင်းဖြင့် အလှူကို ခံခြင်း, ဆုံးမခြင်း, မြဲစွာမှတ်စေခြင်း, ရှေးဘုရားတို့၏ အကျင့်ဖြစ်သော အစဉ်အတိုင်း ပဝေဏီက ကျင့်တတ်သော ပုဂ္ဂိုလ်သည် ဗြာဟ္မဏာမည်၏၊မင်းကြီး၊ဘုရားရှင်သည်လည်း မိမိကိုယ်တိုင်တရားကိုဟောခြင်း, တပည့်သားတို့ကို ဟောစေခြင်းဖြင့် အလှူကိုခံခြင်း, ဆုံးမခြင်း, စောင့်စည်းခြင်း, မြဲစွာမှတ်ခြင်း, ရှေးဘုရားတို့၏ အကျင့်ဖြစ်သောအစဉ်အတိုင်း ပဝေဏီအနွယ်ကို ကျင့်တော်မူတတ်၏၊ ထို့ကြောင့် လာခြင်းကောင်းသော ဘုရားကို ဗြာဟ္မဏာဟု ဆိုအပ်၏။

(ဤအရာ၌ဗြာဟ္မဏာသဒ္ဒါသည် ပဝေဏီဝံသစရဏတ္တာ ဗြာဟ္မဏော ဟူသော ဝစနတ္ထကြောင့် ဗြာဟ္မဏာမည်၏ဟူလိုသည်။)

တနည်းကား မင်းကြီး၊ ဗြာဟ္မဏမည်သော ပုဂ္ဂိုလ်သည် မြတ်သော ဈာန်ချမ်းသာဖြင့် နေလေ့ရှိ၏၊ ဘုရားရှင်သည်လည်း မြတ်သော ဈာန်ချမ်းသာဖြင့်နေတော်မူလေ့ရှိ၏၊ထို့ကြောင့် လာခြင်းကောင်းသော ဘုရားကို ဗြာဟ္မဏဟူ၍ဆိုအပ်၏။

(ဤအရာ၌ဗြာဟ္မဏသဒ္ဒါသည်ဈာနသုခ ဝိဟာရတ္ထာ ဗြာဟ္မဏောဟူသော ဝစနတ္ထကြောင့် ဗြာဟ္မဏမည်၏ဟူလိုသည်။)

တနည်းကား မင်းကြီး၊ ဗြာဟ္မဏမည်သောပုဂ္ဂိုလ်သည် အလုံးစုံသော ဘဝဂတိတို့၌ ဖြစ်လတ္တံ့သော အကျင့်ကိုသိတတ်၏၊ထိုပုဂ္ဂိုလ်သည် ဗြာဟ္မဏမည်၏၊မင်းကြီး၊ဘုရားရှင်လည်း အလုံးစုံသော ဘဝဂတိတို့၌ ပဋိသန္ဓေနေလတ္တံ့သော အကျင့်ကိုသိတော်မူ၏၊ထို့ကြောင့် လာခြင်းကောင်းသော ဘုရားရှင်ကို ဗြာဟ္မဏဟူ၍ဆိုအပ်၏။

(ဤအရာ၌ ဗြာဟ္မဏသဒ္ဒါသည် အဘိဇာတိဝတ္တိတအန္နုံစရိတံ ဉာတတ္တာ ဗြာဟ္မဏောဟူသော ဝစနတ္ထကြောင့် ဗြာဟ္မဏမည်၏ဟူလိုသည်။)

မင်းကြီး၊ လာခြင်းကောင်းသော ဘုရားရှင်၏ ဗြာဟ္မဏဟူသော အမည်ကို မယ်တော်မာယာ,ခမည်းတော်သုဒ္ဓေါဒနဆွေတော်မျိုးတော် အမှုးအမတ် ရဟန်းပုဏ္ဏားတို့သည် မှည့်၍မဖြစ်၊ နတ်သိကြားဗြဟ္မာတို့သည်လည်း မှည့်၍မဖြစ်၊ဗြာဟ္မဏဟူသော နာမပညတ်တော်သည် ဗောဓိပင်ရင်း၌ မာရ်နတ်စစ်သည်ကို ဖျက်ဆီးတိုက်လွှင့်တော်မူပြီး၍ အတိတ် အနာဂတ် ပစ္စုပ္ပန်တရားတို့ကို အရဟတ္တမဂ်ဉာဏ်တော်ဖြင့် ဖျောက်လွှင့်တော်မူ၍ သဗ္ဗညုတဉာဏ်တော်ကို ရတော်မူသဖြင့် ထင်ရှားစွာရတော်မူအပ်သော အမည်တော်တည်း၊ ဘုရားရှင်သည် အရဟတ္တမဂ်ကို ရသည်နှင့်တကွ ဗြာဟ္မဏမည်တော်မူ၏၊ ထို့ကြောင့် လာခြင်းကောင်းသော ဘုရားရှင်ကို ဗြာဟ္မဏဟုဆိုအပ်၏။

(ဤအရာ၌ ဗြာဟ္မဏသဒ္ဒါသည် အကုသလေဓမ္မေ ဗာဟိတတ္တာဗြာဟ္မဏော ဟူသော ဝစနတ္ထကြောင့် ဗြာဟ္မဏမည်၏ ဟူလိုသည်။ ။နောက် ဗြာဟ္မဏသဒ္ဒါကား နိပ္ဖန္နပါဋိပဒိကပုဒ်ဖြစ်၏၊ရှေးဗြာဟ္မဏသဒ္ဒါတို့ကား အနိပ္ဖန္နပါဋိပဒိကပုဒ်ဖြစ်၏ဟုယူအပ်၏။)

မင်းကြီး၊ ဘုရားရှင်သည် အဘယ်အကြောင်းကြောင့် ရာဇမည်သနည်းဟုဆိုသော် မင်းကြီး၊ မင်းမည်သည်ကား အမှတ်မရှိသောသူသည် မင်း၏အဖြစ်ကိုပြု၏၊ ထိုမင်းသည် လူအပေါင်းကို ဆုံးမသွန်သင်၏၊

မင်းကြီး၊ ဘုရားရှင်သည်လည်း တသောင်းသော လောကဓာတ်၌ တရားသဖြင့် မင်းအဖြစ်ကို ပြုတော်မူ၏၊ နတ်,ဗြဟ္မာ, ရဟန်း,ပုဏ္ဏား, လူအပေါင်းကို အစဉ်အတိုင်း ဆုံးမသွန်သင်တော်မူတတ်၏၊ ထို့ကြောင့် ဘုရားရှင်ကို ရာဇာဟူ၍ဆိုအပ်၏။

(ဤအရာ၌ ရာဇသဒိသတ္တာရာဇာဟူသော ဝစနတ္ထကြောင့် ဘုရားရှင်သည် ရာဇာ မည်၏ဟူလိုသည်။)

တနည်းကား မင်းကြီး၊ မင်းမည်သည်ကား အလုံးစုံသော လူအပေါင်းကိုနှိပ်စက်၍ ထိုလူအပေါင်းကိုနှစ်သက်စေ၍ ဆွေမျိုးညာတိ အပေါင်းကိုစိုးရိမ်စေလျက် ရန်သူအပေါင်းကို ကြီးကျယ် များမြတ်စွာ သော အခြံအရံအသရေကိုဆောင်လျက် နှိမ်နင်းဆုံးမ၏၊ အရိုးအတံ၌ တန်ဆာဆင်အပ်သော အညစ်အကြေးမရှိ၊ဖြူစင်သောထီးဖြူကိုဆောင်း ၏၊ ဘုရားရှင်လည်း မင်းကြီး၊ မှားသောအကျင့်ရှိသော မာရ်စစ်သည် ကိုစိုးရိမ်စေလျက် ကောင်းသောအကျင့်ရှိသောနတ်လူတို့ကို နှစ်သက် စေလျက် တသောင်းသောလောကဓာတ်၌ ကြီးကျယ်များစွာသောအခြံ အရံ အသရေကိုဆောင်တော်မူလျက် သည်းခံခြင်းတည်းဟူသော မြဲမြံ သောအရိုးအတံ, မြတ်သောဉာဏ်တော်ဖြစ်တည်းဟူသော လှံတံထီးလက် ၌ဆင်အပ်သော လောကဓာတ်၌ကြီးကျယ်စွာသော အခြံအရံတန်ဆာ ရှိသော မြတ်လှစွာသော အရဟတ္တဖိုလ် တည်းဟူသော အညစ်အ ကြေးမရှိသောထီးဖြူကိုဆောင်းတော်မူလျက် ဆုံးမတော်မူတတ်၏၊ထို့ ကြောင့် လာခြင်းကောင်းသောဘုရားကို ရာဇာဟူ၍ ဆိုအပ်၏။

(ဤ၌လည်းရာဇသဒိသတ္တာရာဇာဟူသော ဝစနတ္ထကြောင့် ရာဇာမည်၏။)

တနည်းကား မင်းကြီး၊ မင်းမည်သည်ကား အနီးသို့ ရောက်လာ သော လူအပေါင်းတို့သည် ရှိခိုးခြင်းငှါ ထိုက်သည်ဖြစ်၏၊ မင်းကြီး၊ ဘုရားရှင်သည်လည်း အနီးသို့ရောက်လာချဉ်းလာသော များစွာသော နတ်လူတို့သည် ရှိခိုးခြင်းငှါထိုက်၏၊ ထို့ကြောင့် ဘုရားရှင်ကို ရာဇာဟူ ၍ ဆိုအပ်၏။

(ဤ၌လည်း ရာဇသဒိသတ္တာရာဇာ ဟူသောဝစနတ္ထကြောင့် ရာဇာမည်၏။)

မင်းကြီး၊ မင်းတို့မည်သည် တစုံတယောက် နှစ်သက် စေတတ်သောသူအား မြတ်နိုးအပ်သောဆုလာဘ်ကိုပေး၍ အလိုရှိတိုင်း ပြုစေတတ်၏၊ ဘုရားရှင်သည်လည်း ကိုယ်နှုတ်နှလုံးဖြင့် ဘုရားရှင်အား နှစ်သက်စေတတ်သော တစုံတယောက်သောသူအား ကြည်ညိုတော်မူ၍ အလုံးစုံသောဆင်းရဲမှလွတ်သော လောကုတ္တရာတရားဆုကိုပေးတော်မူ၍ ကြွင်းသောတရားကို အလိုရှိတိုင်းပြုစေတတ်၏၊ ထို့ကြောင့်လည်း ဘုရားရှင်ကို ရာဇာဟုဆိုအပ်၏။ (ဤ၌လည်း သဒိသအနက်ရှိသည်။)

မင်းကြီး၊မင်းမည်သည်ကား တရားကိုစောင့်ကုန်သော ရှေးရှေးသော မင်းတို့ ပဝေဏီကိုဆုံးမသဖြင့် တရားဟုတ်သည် မဟုတ်သည်ကို အစဉ်အတိုင်း ပြဋ္ဌာန်၍ မင်း၏အဖြစ်ကို ပြုသည်ရှိသော် လူအပေါင်း တို့သည် ကြာမြင့်စွာပတ်လုံး မင်းမျိုးမင်းနွယ်တည်ပါစေသတည်းဟု ဂုဏ်ကျေးဇူး၏အစွမ်းဖြင့် ခင်မင်ခြင်း ချစ်ခြင်း ရှိသည်ဖြစ်၏၊ ဘုရားရှင်သည်လည်း မင်းကြီး၊ ရှေးရှေးသောဘုရားတို့၏အစဉ်ကို ဆုံးမတော်မူသဖြင့် တရားဟုတ်သည် မဟုတ်သည်ကို အစဉ်အတိုင်း ပြတော်မူ၍ တရားနှင့်လျော်သဖြင့် လောကကိုဆုံးမသွန်သင်တော် မူသည်ရှိသော် နတ်လူတို့သည် ချစ်မြတ်နိုးသည်ဖြစ်၍ တရားတော်၏ ဂုဏ်ကျေးဇူးအစွမ်းဖြင့် သာသနာတော်သည် ကြာမြင့်စွာ တည်ပါစေ သတည်းဟု တောင့်တ၏၊ ထို့ကြောင့် မင်းကြီး၊ လာခြင်းကောင်းသော ဘုရားကို ရာဇာဟူ၍ ဆိုအပ်၏။ (ဤ၌လည်း သဒိသ အနက်ရှိသည်။)

မင်းကြီး၊ အကြင်အကြောင်းဖြင့် လာခြင်းကောင်းသော ဘုရားရှင်သည် ဗြာဟ္မဏမည်သည်လည်းဖြစ်ရာ၏၊ရာဇာမည်သည်လည်း ဖြစ်ရာ၏၊ ဤအကြောင်းသည် များစွာ ရှိသေး၏။ သိမ်မွေ့၏၊ အကြင်ရဟန်းသည် တကပ်ပတ်လုံးတည်၍ ဘုရားရှင်အမည်တော်ကို ဘွင့်၍ ပြောဆိုချီးမွမ်းအံ့၊ အမည်နာမတော်သည် မပြီးမပြည့်စုံနိုင်ရာ၊ အလွန်ပြောဆိုသဖြင့် အကျိုးမရှိစကောင်း၊ အကျဉ်းဖြင့် တကာတော် ဝန်ခံလော့ဟု ဆိုလျှင် အရှင်ဘုရား၊ ဤစကားကို တကာတော်ဝန်ခံပါ၏ဟု ဝန်ခံလေ၏။

ဘဂဝတော ဗြာဟ္မဏရာဇဝါဒပဉှာပြီး၏။

## ၁၃၅။ ဂါထာဘိဂီတဘောဇနကထာ ယကထနပဥ္စာ

**ဂါထာရွတ်လျက်-အသက်မွေးမှု**...ဒိလိန္ဒမင်းသည် အရှင်ဘုရား၊ ဘုရားရှင်သည် ပုဏ္ဏား၊ ငါ သည့် ဂါထာဖြင့်မြွက်ဆို၍ရအပ်သောအစာကို စားအပ်သည် မဟုတ်၊ ဘုရားတို့သည်ဂါထာဖြင့် မြွက်ဆို၍ ရအပ်သောအစာကိုပယ်အပ်၏၊ ဤ သည်ကား ပုဏ္ဏား၊ အပြစ်ကို မြင်ကုန်သော ဘုရားရှင်တို့၏ ဓမ္မတာသ ဘောတည်း၊ ပုဏ္ဏား၊ ဘုရားတို့မည်သည် တရားထင်ရှားရှိလျက် အသက် ကိုမွေးကုန်၏၊ ဤသို့အသက်ကိုမွေးခြင်းသည် ဓမ္မတာသဘောတည်းဟု ဟောတော်မူအပ်၏။ ။ဘဘန်လည်း ဘုရားရှင်သည် ပရိသတ်၌ တရားတော်ကိုဟောတော်မူသည်ရှိသော် အစဉ်အတိုင်း ဈေးဦးစွာအလှူ ဒါနနှင့်စပ်ယှဉ်သောတရားကို ဟောတော်မူ၏၊ ထို့နောင်မှ သီလနှင့်စပ် ယှဉ်သောတရားကို ဟောတော်မူ၏၊ အလုံးစုံသော လောကကို အစိုးရ တော်မူသော ဘုရားရှင်သည် ဟောတော် မူအပ်သော တရားတော်ကို နာကြား၍ နတ်လူတို့သည် အလွန်ကောင်းမွန်စွာ ပြုပြင်၍ အလှူကိုပေး ကြကုန်၏၊ ထိုဘုရား တိုက်တွန်းယှဉ်စေအပ်သောအလှူကို တပည့်သား တော်တို့သည် သုံးဆောင်ထိုက်ကုန်၏။

ဘဏ္ဍနာဂသေန ဘာသိတမ္ပေတံ ဘဂဝတာ၊
ဂါထာဘိဂီတံမေ အဘောဇနီယံ၊သမ္ပဿတံ ဗြာဟ္မဏနေသဓမ္မော။
ဂါထာဘိဂီတံ ပနုဒန္တိ ဗုဒ္ဓါ၊ ဓမ္မေ သတိဗြာဟ္မဏ ဝုတ္တိ ရေသာတိ။

ပုန စ ဘဂဝါ ပရိသာယံဓမ္မံ ဒေသေန္တော ကထေန္တော အနုပုဗ္ဗိ ကထံ ပဌမံ တာဝ ဒါနကထံ ကထေသိ၊ ပစ္ဆာသီလ ကထံ၊ တဿဘဂဝတော သဗ္ဗ လောကိဿရဿ ဘာသိ တံ သုတွာ ဒေဝမနုဿာ အဘိသင်္ခရိတွာ ဒါနံဒေန္တိ၊တဿတံ ဥယျောဇိတံ ဒါနံ သာဝကာပရိဘုဉ္ဇန္တိ။ ။ဟူသည်တည်း။

ဘန္တေနာဂသေန၊ ရှင်နာဂသေနမထေရ်။ ဘဂဝတာ၊ မြတ်စွာဘုရား သည်။ ဗြာဟ္မဏ၊ ပုဏ္ဏား။ မေ၊ ငါဘုရားသည်။ ဂါထာဘိဂီတံ၊ ဂါထာ

ဖြင့်မြွက်ဆိုအပ်သော။ ဘောဇနံ၊ အစာကို။ အဘောဇနီယံ၊ သုံးဆောင်အပ်သည်မဟုတ်။ ဗြာဟ္မဏ၊ ပုဏ္ဏား။ ဧသ၊ ဧသောဓမ္မော၊ ဤသို့သောအကျင့်သဘောတရားသည်။ သမ္ပဿတံ သမ္ပဿန္တာနံ၊ အပြစ်ကိုမြင်ကုန်သော ဘုရားတို့၏။ န ဓမ္မတာ၊ သဘောဓမ္မတာမဟုတ်။ ဗုဒ္ဓါ၊ ဘုရားရှင်တို့သည်။ ဂါထာဘိဂီတံ၊ ဂါထာဖြင့်မြွက်ဆိုအပ်သော သဘောအရာကို။ ပနုဒေန္တိ၊ ပယ်တော်မူကုန်၏။ ဗြာဟ္မဏ၊ ပုဏ္ဏား။ ဓမ္မေသတိ၊ တရားထင်ရှားလျက်။ ဧသာဝုတ္တိ၊ ဤသို့သောအသက်မွေးခြင်းသည်။ ဓမ္မတာ၊ သဘောတည်း။ ဣတိ၊ ဤသို့၊ ဧတံပိ၊ ဤစကားကိုလည်း။ ဘာသိတံ၊ ဟောတော်မူအပ်၏။ ။ပုန စ၊ တဖန်လည်း။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ပရိသာယံ၊ ပရိသတ်၌။ ဓမ္မံ၊ တရားကို။ ဒေသေန္တော၊ ဟောတော်မူသည်ရှိသော်။ အနုပုဗ္ဗိကထံ၊ အစဉ်အတိုင်းဖြစ်သောစကားကို။ ကထေန္တော၊ ပြောတော်မူသည်ရှိသော်။ ပဌမံ တာဝ၊ ရှေးဦးစွာလျှင်။ ဒါနကထံ၊ အလှူနှင့်စပ်သောစကားကို။ ကထေသိ၊ ဟောတော်မူ၏။ ပစ္ဆာ၊ နောက်မှ။ သီလကထံ၊ သီလနှင့်စပ်သောစကားကို။ ကထေသိ၊ ဟောတော်မူ၏။ သဗ္ဗလောကိဿရဿ၊ အလုံးစုံသောလောကကို အစိုးရတော်မူသော။ တဿ ဘဂဝတော၊ ထိုမြတ်စွာဘုရား၏။ ဘာသိတံ၊ ဟောအပ်သောတရားကို။ သုတွာ၊ နာရကြားရ၍။ ဒေဝမနုဿာ၊ နတ်လူတို့သည်။ အဘိသင်္ခရိတွာ၊ အလှူပြုပြင်စီရင်၍။ ဒါနံ၊ အလှူကို။ ဒေန္တိ၊ လှူကုန်၏။ တဿ၊ ထိုဘုရားရှင်သည်။ ဥယျောဇိတံ၊ တိုက်တွန်းအပ်သော။ ဒါနံ၊ အလှူကို။ သာဝကာ၊ တပည့်တော်တို့သည်။ ပရိဘုဉ္ဇန္တိ၊ သုံးဆောင်ကုန်၏။

အရှင်ဘုရား၊ ဘုရားရှင်သည် အကယ်၍ ဂါထာဖြင့် မြွက်ဆိုအပ်သောဘောဇဉ်ကို မသုံးဆောင်သည်မှန်အံ့၊ ထိုသို့တပြီးကား ဘုရားရှင်သည် ရှေးဦးစွာဒါနကထာကို ဟောတော်မူအပ်သောအကြင်စကားသည်ရှိ၏၊ ထိုစကားသည် မှားရာ၏။ ။(ဤလည်းတစွန်းထွက်သည်။)

အကယ်၍ ရှေးဦးစွာ ဒါနကထာကို ဟောတော်မူသည်မှန်အံ့၊ ထိုသို့တပြီးကား ဂါထာဖြင့်မြွက်ဆို၍ ဘောဇဉ်ကို သုံးဆောင်တော်မမူဟူသော အကြင်စကားသည်ရှိ၏၊ ထိုစကားသည်မှားရာ၏။ ။(ဤလည်းတစွန်းထွက်သည်။)

အရှင်ဘုရား၊ မြတ်သော ဒက္ခိဏေယျဖြစ်တော်မူသော ဘုရားရှင်သည် အဘယ်အကြောင်းကြောင့် လူတို့အားဆွမ်းလှူသောအလှူ၏အကျိုး

ကို ဟောတော်မူလေသနည်း၊အဘယ့်ကြောင့် ထိုဘုရား၏တရားတော်ကို ထိုနတ်လူတို့သည်ကြား၍ ကြည်ညိုသောစိတ်ရှိကုန်၍ အဆင့်ဆင့်သောအလှူကို ပေးကုန်သနည်း၊အဘယ့်ကြောင့် ထိုအလုံးစုံသော ဘုရားတို့သည် ဂါထာဖြင့် မြွက်ဆို၍ဆွမ်းကို သုံးဆောင်တော်မူကြကုန်သနည်း။ ။နှစ်ဘက်အစွန်းထွက်သော ဤပြဿနာသည် သိမ်မွေ့နက်နဲ၏၊ အရှင်ဘုရားအားရောက်၏၊ထိုပြဿနာကို အရှင်ဘုရားသည် ငြိမ်းပါစေလော့ဟု ဆိုသော်—

မင်းကြီး၊ ဘုရားရှင်သည် ငါသည်ဂါထာဖြင့် မြွက်ဆိုသောအစာကိုမစား၊ ဘုရားတို့သည် ဂါထာဖြင့် မြွက်ဆိုအပ်သော အစာကိုပယ်တော်မူ၏၊ ပုဏ္ဏား၊ ဤသို့သော အသက်ကိုမွေးခြင်းသည် အပြစ်ကိုမြင်ကုန်သောဘုရားရှင်တို့၏ ဓမ္မတာသဘောတည်းဟု ဟောတော်မူအပ်သည်လည်း မှန်၏။ ။ဘုရားရှင်သည် ရှေးဦးစွာဒါနကထာကို ဟောတော်မူအပ်သည်လည်း မှန်၏၊ မင်းကြီး၊ မှန်ကြောင်းကား ထိုသို့သော အမူအရာကို လာခြင်းကောင်းသော ခပ်သိမ်းသောဘုရားရှင်တို့သည် ရှေးဦးစွာ ဒါနကထာဖြင့် ထိုအလှူရှင်ဒါယကာ စိတ်ကို မွေ့လျော် စေကုန်၏၊ မင်းကြီး၊ ဥပမာသော်ကား လူတို့သည် သူငယ်တို့အား ရှေးဦးစွာ ကလူစဘွယ်ဖြစ်သော ထွန်ငယ် အိုးပုတ် စင်ဂလယ် ထန်းရွက်စကြာ သစ်ရွက် ထမ်းပိုး ရထားငယ် ဒွှေငယ်တို့ဖြင့် ကစားစေကုန်၏၊ နောက်မှမိမိအမှုကို ယှဉ်စေကုန်သကဲ့သို့ မင်းကြီး၊ ထို့အတူ လာခြင်းကောင်းသောဘုရားရှင်သည် ရှေးဦးစွာ ဒါနကထာဖြင့် စိတ်ကို မွေ့လျော်စေကုန်၍ နောက်မှ သီလ၌ ယှဉ်စေကုန်၏၊မင်းကြီး၊ ဥပမာသော်ကား ဆေးသမားသည် အနာရှိသော သူတို့အား ရှေးဦးစွာလေးငါးရက် အားကိုပြုစိမ့်သောငှါ ဆီကိုသောက်စေ၍ နောက်မှ ဝမ်းချသကဲ့သို့ ထို့အတူ မင်းကြီး၊လာခြင်းကောင်းသော ဘုရားသည် ရှေးဦးစွာ ဒါနကထာဖြင့် မွေ့လျော်စေ၍ နောက်မှ သီလ၌ယှဉ်စေ၏၊ မင်းကြီး၊ ဒါယကာအလှူရှင်တို့၏ စိတ်သည် နူးညံ့ပြေပြစ်ချောမွေ့သည်ဖြစ်၏၊ထိုဒါယကာတို့သည် အလှူတည်းဟူသောလှေဖြင့် သံသရာတည်းဟူသော ကမ်းဘက်သို့ အစဉ်အတိုင်း သွား၏၊ ထိုအကြောင်းကြောင့် မင်းကြီး၊ ထိုအလှူဒါယကာတို့သည် အလှူတည်းဟူသော တံတားကို လျှောက်သဖြင့် အလှူတည်းဟူသော လှေဖြင့် ရှေးဦးစွာ ကုသိုလ်

ကံတည်းဟူသော အရာကို ဆုံးမတော်မူ၏၊ ထို့ကြောင့် မင်းကြီး၊ ဘုရားရှင်တို့အားဝိညတ်သို့မရောက်ဟုဆိုသော်—

**ဝိညတ် ၂-ပါး**…အရှင်ဘုရား၊ဝိညတ်ဟူ၍ဆို၏၊ ထိုဝိညတ်တို့သည် အဘယ်မျှ ရှိကုန်သနည်းဟု ဆိုသော် မင်းကြီး၊ ဝိညတ်တို့သည် ကာယဝိညတ်, ဝစီဝိညတ်ဟူ၍ နှစ်ပါးအပြားရှိ၏၊ ထိုနှစ်ပါးတို့တွင် ကာယဝိညတ်သည် သာဝဇ္ဇကာယဝိညတ် အနဝဇ္ဇကာယဝိညတ်ဟူ၍ နှစ်ပါးအပြားရှိ၏၊ ဝစီဝိညတ်သည်လည်း သာဝဇ္ဇဝစီဝိညတ် အနဝဇ္ဇဝစီဝိညတ်ဟူ၍ နှစ်ပါးအပြားရှိ၏ဟု ဆိုသော် အရှင်ဘုရား၊အဘယ်သည်လျှင် သာဝဇ္ဇ ကာယ ဝိညတ်ဖြစ်သနည်းဟု ဆိုလျှင် မင်းကြီး၊ ဤသာသနာတော်၌ အချို့သော ရဟန်းတို့သည် ဒါယကာသို့ကပ်၍ အရာမဟုတ်သည်၌ ရပ်ခြင်းကိုပြု၏၊ ဤသည်ကား သာဝဇ္ဇကာယဝိညတ်မည်၏၊ ထိုအပြစ်ရှိသော ကာယဝိညတ်ဖြင့် တောင်းအပ်သောအစာကို အရိယာပုဂ္ဂိုလ်တို့သည် မသုံးဆောင်ကုန်၊ ထိုပုဂ္ဂိုလ်တို့၏ အယူ၌ မထေမဲ့မြင် မှတ်အပ်၏၊ စက်ဆုပ် ရွံရှာအပ်၏၊ သုံးဆောင်သောသူအား အလေ့အလာမပြုအပ်၊ ပျက်သော အသက်မွေးခြင်းရှိသောသူဟူ၍သာလျှင် ရေတွက်ခြင်းသို့ရောက်၏။ ။တဖန်လည်း မင်းကြီး၊ဤသာသနာတော်၌ အချို့သောရဟန်းသည် ဒါယကာသို့ကပ်၍ အရာမဟုတ်သည်၌ ရပ်လျက် လည်ပင်းကို ညွတ်၍ ဥဒေါင်းငှက်၏ ကြည့်ခြင်းကဲ့သို့ ကြည့်သော် ဤလူတို့သည် မြင်ကုန်လတ္တံ့ဟုကြည့်၏၊ဤသို့သောကာယဝိညတ်သည် အပြစ်ရှိသော ကာယဝိညတ်တည်း၊ ထိုဥဒေါင်းကြည့်သကဲ့သို့ လည်ပင်းကို စောင်း၍ ကြည့်သောဝိညတ်ဖြင့် တောင်းခြင်းကို အရိယာပုဂ္ဂိုလ်တို့သည် ပြုတော်မမူကုန်၊ တောင်းအပ်သော အစာကို အရိယာ ပုဂ္ဂိုလ်တို့သည်မသုံးဆောင်ကုန်၊ ထိုပုဂ္ဂိုလ်ကို အရိယာပုဂ္ဂိုလ်တို့၏ အယူ၌ မထေမဲ့မြင်ဖြစ်၏၊ စက်ဆုပ် ရွံရှာအပ်၏၊ထိုသုံးဆောင်သောရဟန်းအား အရိုအသေမပြု၊ပျက်သောအသက်မွေးခြင်းရှိ၏ဟူ၍သာလျှင် ရေတွက်ခြင်းသို့ရောက်၏။

အပြစ်မရှိသော ကာယဝိညတ်သည် အဘယ်နည်းဟူမူကား ဤသာသနာတော်၌ရဟန်းသည်ဒါယကာသို့ကပ်၍ သတိနှင့် ပြည့်စုံသည်ဖြစ်၍

ရပ်ခွင့်မရပ်ခွင့် အရပ်ဌာနကို ပညာဖြင့်သိလျက် ဆုံးမတော်မူတိုင်း တရားသို့လျှောက်၍ ရပ်သင့်ရာအရပ်၌တည်လျက် လှူကုန်သော်ရပ်၏၊ အလိုမရှိကုန်သော် ပယ်၏၊ ဤသည်ကား အပြစ်မရှိသော အနဝဇ္ဇကာယ ဝိညတ်တည်း၊ ထိုအပြစ်မရှိသော ဝိညတ်ဖြင့် တောင်းအပ်သော ဆွမ်းကို အရိယာတို့သည် သုံးဆောင်တော်မူကုန်၏၊ ထိုပုဂ္ဂိုလ်ကို အရိယာတို့၏အယူ၌ ချီးမွမ်းအပ်သည် ဖြစ်၏၊ ခေါင်းပါးသောအကျင့်နှင့် ပြည့်စုံသောသူဟူ၍ နှစ်သက်စွာ ထောမနာအပ်၏၊ စင်ကြယ်သော အသက်မွေးခြင်း ရှိ၏ဟူသော အရေအတွက်သို့ ရောက်၏။ ။မင်းကြီး၊ နတ်တကာတို့ထက် နတ်မြတ် ဖြစ်တော်မူသော ဘုရားရှင်သည်လည်း ဤအကြောင်းကို ဟောတော်မူအပ်၏။

ဘာသိတမေ္ဝတံ မဟာရာဇ ဘဂဝတာ ဒေဝါတိဒေဝေန။
နေဝယာစန္တိ သပ္ပညာ၊ အရိယာဂရဟန္တိ ယာစနံ။
ယံ ဥဒ္ဒိဿ အရိယာတိဋ္ဌန္တိ၊ ဧသာ အရိယာနယာစနာ။ ။
ဟူသည်တည်း။

မဟာရာဇ၊ မင်းကြီး၊ ဒေဝါတိဒေဝေန၊ နတ်တကာတို့ထက် နတ်မြတ်ဖြစ်တော်မူသော။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ သပ္ပညာ၊ ပညာနှင့် ပြည့်စုံကုန်သော။ အရိယာ၊ အရိယာပုဂ္ဂိုလ်တို့သည်။ ဂရဟန္တိ၊ ကဲ့ရဲ့အပ်သော။ ယာစနံ၊ တောင်းခြင်းကို။ နေဝယာစန္တိ၊ တောင်းတော်မမူကုန်။ ယံ၊ အကြင်ပုဂ္ဂိုလ်ကို။ ဥဒ္ဒိဿ၊ ရည်မှတ်၍။ အရိယာ၊ အရိယာပုဂ္ဂိုလ်တို့သည်။ တိဋ္ဌန္တိ၊ တည်ကုန်၏။ ဧသာယာစနာ၊ ဤသို့ရည်မှတ်၍ တောင်းခြင်းသည်။ အရိယာနယာစနာ၊ အရိယာပုဂ္ဂိုလ်တို့၏ တောင်းခြင်း တည်း။

အပြစ်ရှိသော ဝစီဝိညတ်သည် အဘယ်နည်းဟူမူကား မင်းကြီး၊ ရဟန်းသည် နှုတ်ဖြင့်အဆွေမတော်သောသူ, မဖိတ်သောဒါယကာတို့၌ ဆွမ်း သင်္ကန်း ကျောင်း ဆေး ပရိက္ခရာကို များစွာတောင်းလေ့ရှိ၏၊ ဤသို့သော တောင်းခြင်းသည် အပြစ်ရှိသော ဝစီဝိညတ်ဖြစ်၏၊ ထိုအပြစ်ရှိသော ဝစီဝိညတ်ဖြင့် တောင်းအပ်သောအစာကို အရိယာပုဂ္ဂိုလ်တို့သည် မသုံးဆောင်ကုန်၊ ထိုပုဂ္ဂိုလ်ကိုအရိယာတို့၏ အယူ၌မထေမဲ့မြင်ဖြစ်၏၊ စက်ဆုပ်ရွံရှာကဲ့ရဲ့အပ်၏၊ သုံးဆောင်သော ရဟန်းအား အရိ

အသေအလေးအမြတ် မပြု၊ အသက်မွေးခြင်းပျက်၏ ဟူ၍သာလျှင် အရေအတွက်သို့ရောက်၏၊မင်းကြီး၊ တဘန်လည်း ဤသာသနာတော်၌ အချို့သောရဟန်းသည် အဆွေမတော်မဘိတ်သော ဒါယကာတို့ကို ဤမည်သော ဆွမ်း, သင်္ကန်း,ကျောင်း,ဆေး, ပစ္စည်းဖြင့် အလိုရှိ၏ဟု ကြားစေလျက် ဆို၏၊ သူတပါးတို့ကို ထိုသို့ သောတောင်းခြင်းဖြင့် ထို ရဟန်းအား လာဘ်သပ္ပကာဖြစ်၏၊ဤဝိညတ်သည်လည်း အပြစ်ရှိသော ဝိညတ်မည်၏၊ ထိုအပြစ်ရှိသော ဝိညတ်ဖြင့်ဆောင်၍ ရအပ်သော အစာကို အရိယာတို့သည် သုံးဆောင်တော်မမူကုန်၊ ထိုပုဂ္ဂိုလ်ကိုလည်း အရိယာတို့၏အယူဝါဒ၌ မထေမဲ့မြင်ဖြစ်၏၊စက်ဆုပ် ရွံရှာ ကဲ့ရဲ့အပ်၏၊သုံးဆောင်သော ရဟန်းအား အရိုအသေမပြုအပ်၊ အသက်မွေးခြင်းဖြင့် ပျက်စီးသောသူဟူ၍ ရေတွက်ခြင်းသို့ရောက်၏။

တဘန်လည်း မင်းကြီး၊သာသနာတော်၌ အချို့သောရဟန်းသည် နှုတ်မြွက်၍ ပရိသတ်၌ ရဟန်းတို့အား ဤမည်ဤမည်သော အလှူကို လှူအပ်၏ဟု ဒါယကာတို့အား ကြားစေ၏၊ထိုလူတို့သည် ထိုစကားကို ကြားသော် အလှူဝတ္ထုကို ဆောင်ခဲ့ကုန်၏၊ ဤသို့သော ဝိညတ်သည်လည်း ဝစီဝိညတ်မည်၏၊ ထိုအပြစ်ရှိသော ဝစီဝိညတ်ဖြင့် တောင်းအပ်သောပစ္စည်းကို အရိယာပုဂ္ဂိုလ်တို့သည် မသုံးဆောင်ကုန်၊ ထိုပုဂ္ဂိုလ်ကိုလည်းအရိယာတို့၏ အယူ၌ မထေရ်မဲ့မြင်ဖြစ်၏၊ စက်ဆုပ် ရွံရှာကဲ့ရဲ့အပ်၏၊ သုံးဆောင်သောရဟန်းအား အရိုအသေ အလေးအမြတ်မပြုအပ်၊အသက်မွေးခြင်း ပျက်စီးသောသူဟူ၍ ရေတွက်ခြင်းသို့ရောက်၏။ ။ထိုစကားကို ထင်ရှားစွာ ပြပြန်လို၍ မင်းကြီး၊ ရှင်သာရိပုတ္တရာမထေရ်သည် နေဝင်သော ညဉ့်ကာလ၌ အနာနှိပ်စက်သည်ဖြစ်၍ ရှင်မောဂ္ဂလာန်မထေရ်သည် မေးအပ်သည်ရှိသော် စကားမြွက်ဆိုပြောဟော၏၊ထိုရှင်သာရိပုတ္တရာ၏ နှုတ်မြွက်အပ်သော စကားကြောင့် ဆေးသည်ဖြစ်၏၊ထိုအခါ ရှင်သာရိပုတ္တရာမထေရ်သည် ငါ့အား ဤဆေးဖြစ်ခြင်းသည် ငါနှုတ်မြွက်မိသောစကားကြောင့်ဖြစ်၏၊ငါ့အား အသက်မွေးခြင်း အာဇီဝသည် ပျက်အံ့ဟု အာဇီဝပျက်ခြင်းကို ကြောက်သဖြင့် ထိုဆေးကို စွန့်လေ၏၊မမှီဝဲ။

အပြစ်မရှိသော ဝစီဝိညတ်သည်အဘယ်နည်းဟူမူကား မင်းကြီး၊ဤသာသနာတော်၌ အချို့သောရဟန်းသည်အနာရောဂါ တည်းဟူသော

အကြောင်းရှိသော် ဉာတိပဝါရိတ ဒါယကာတို့၌ တောင်း၍ သုံးဆောင်၏၊ ဤဝိညတ်သည် အပြစ်မရှိသော ဝိညတ်မည်၏၊ ထိုအပြစ်မရှိသော ဝစီဝိညတ်ဖြင့် တောင်း၍ ရအပ်သော အစာကို အရိယာတို့သည် သုံးဆောင် ကြကုန်၏၊ ထိုရဟန်းကို အရိယာတို့၏ အယူ၌ ချီးမွမ်းထောမနာ အပ်သည်ဖြစ်၏၊ စင်ကြယ်သော အသက်မွေးခြင်း ရှိ၏ ဟူသော အရေအတွက်သို့ ရောက်၏၊ လာခြင်းကောင်းသော ဘုရားရှင်တို့သည် ကသိဘာရဒွါဇ ပုဏ္ဏား၏ဆွမ်းကို အဘန်တလဲလဲ နှိပ်စက်သော စကားဖြင့် နှိပ်စက်သောသူ၏ ဆွမ်းဖြစ်သောကြောင့် ဘုဉ်းပေးတော်မမူ၊ ထိုကသိဘာရဒွါဇ ပုဏ္ဏား၏ဆွမ်းကို ပယ်တော်မူ၏၊ မှီဝဲ၍ အသက်မွေးတော်မမူဟု ဆိုသော် အရှင်ဘုရား၊ ဘုရားရှင်သည် အခါခပ်သိမ်း ဆွမ်းဘုဉ်းပေးတော် မူသည်ရှိသော် နတ်တို့သည် နတ်တို့ဩဇာကို သပိတ်တော်၌ ထည့်ကြကုန်သလော၊ ထိုသို့မဟုတ် ရှေးဦးစွာသော နှုံးနှာ,အဆုံးစွန်သော ဝက်သားပြွမ်း, နှစ်ပါးသောဆွမ်းတို့၌သာလျှင် ထည့်ကြကုန်သလောဟုဆိုသော် မင်းကြီး၊ လာခြင်းကောင်းသော ဘုရားရှင်သည် ဆွမ်းဘုဉ်းပေးသည်ရှိသော် အခါခပ်သိမ်းနတ်တို့သည် နတ်ဩဇာကိုယူခဲ့၍ အနီး၌ ရပ်တည်၍ ဆွမ်းလုပ်တော် ချီတိုင်းချီတိုင်း ထည့်ကြကုန်၏။

မင်းကြီး၊ ဥပမာသော်ကား အစိုးရသော မင်း၏ စဖိုသည်သည် ထမင်းကိုစားသောမင်း၏ အနီး၌တည်၍ လက်သုပ်ဟင်းလျာကို လုပ်တိုင်း လုပ်တိုင်း လောင်းသကဲ့သို့ ထို့အတူ မင်းကြီး၊ အခါခပ်သိမ်း လာခြင်းကောင်းသော ဘုရားသည် ဆွမ်းဘုဉ်းပေးတော်မူသည်ရှိသော် နတ်တို့သည် နတ်ဩဇာဖြင့် ဆွတ်၍ ရှေးရှု ဘုရားရှင်သို့ ကပ်ကုန်၏၊ ထိုမှယောဆန်မှုဖြင့် ကိုယ်တော်မြတ်ကို တည်စေအပ်၏ဟုဆိုသော် အရှင်ဘုရား၊ နတ်တို့သည် ဘုရားရှင် ကိုယ်တော်ကို စောင့်ရှောက် လုပ်ကျွေးခြင်း,မပြတ် လုံ့လပြုခြင်းကို အရတော်ကြပေ၏ဟု ချီးမွမ်း၍ အရှင်ဘုရား၊ ဤစကားကိုကောင်းပြီဟု တကာတော် ဝန်ခံပါ၏ဟူ၍ ဝန်ခံလေ၏။

ဂါထာဘိဂီတဘောဇနကထာယ ကထန ပဥှာပြီး၏။

## ၁၃၆။ ဘဂဝတောဓမ္မဒေသနာယအပ္ပေါသုက္ကပဥှာ

**တရားဟောရန်–စိတ်မသန်ခဲ့**......မိလိန္ဒမင်းသည် အရှင်ဘုရား၊ အရှင်ဘုရား တို့သည် ဘုရားရှင်သည် လေးသင်္ချေနှင့်ကမ္ဘာတသိန်းအတွင်း၌ သဗ္ဗညုတဉာဏ်တော်ကို ရင့်စေခြင်းသည် များစွာသောလူနတ်တို့ကို သံသရာဝဋ်မှ ပယ်ထုတ်တော်မူလိုသောငှါ ရင့်စေအပ်သည်ဟု ဆိုတော်မူကြကုန်၏။ ။တဖန်လည်း သဗ္ဗညုအဖြစ်သို့ရောက်တော်မူသော ဘုရားရှင်စိတ်တော်သည် ကြောင့်ကြကင်းသည်၏အဖြစ်ဖြင့် တရားဟောတော်မူအံ့သောငှါ ညွတ်တော်မမူလိုခဲ့တကား။

> ဘန္တေနာဂသေန တုမှေ ဘဏထ တထာဂတေန စတူဟိ အသင်္ချေယျေဟိကပ္ပါနံ သတ သဟဿေနစ ဧတ္ထန္တရေ သဗ္ဗညုတညာဏံ ပရိပါစိတံ မဟတော ဇနကာယဿ သမုဒ္ဓရဏာယာတိ။ ။ပုနစ သဗ္ဗညုတံ ပတ္တဿ အပ္ပေါသုက္ကတာယ စိတ္တံ နမိ၊ နောဓမ္မဒေသနာယာတိ။ ။ဟူသည်တည်း။

ဘန္တေနာဂသေန၊ ရှင်နာဂသေနမထေရ်။ တုမှေ၊ အရှင်ဘုရားတို့သည်။ တထာဂတေန၊ လာခြင်းကောင်းသော ဘုရားသည်။ ကပ္ပါနံ၊ ကမ္ဘာတို့၏၊စတူဟိ အသင်္ချေယျေဟိစ၊လေးအသင်္ချေတို့ဖြင့်ရင်း။သတ သဟဿေနစ၊ ကမ္ဘာတသိန်းဖြင့်ရင်း။ ဧတ္ထန္တရေ၊ ဤအတွင်း၌။မဟတော၊ များစွာသော။ ဇနကာယဿ၊ လူအပေါင်းကို။ သမုဒ္ဓရဏာယ၊ သံသရာဝဋ်မှ ထုတ်အံ့သောငှါ။ သဗ္ဗညုတညာဏံ၊ သဗ္ဗညုတ ဉာဏ်တော်ကို။ ပရိပါစိတံ၊ ရင့်စေအပ်၏။ ဣတိ၊ ဤသို့။ ဘဏထ၊ ဆိုကုန်၏။ ။ပုနစ၊ တဖန်လည်း။ သဗ္ဗညုတံ၊ သဗ္ဗညု အဖြစ်သို့။ ပတ္တဿ၊ ရောက်သောဘုရား၏။ စိတ္တံ၊ စိတ်သည်။ အပ္ပေါသုက္ကတာယ၊ ကြောင့်ကြကင်းသည်၏ အဖြစ်ငှါ။ နမိ၊ ညွတ်၏။ ဓမ္မဒေသနာယ၊ တရားဟောတော်မူအံ့သောငှါ။ နောနမိ၊ ညွတ်တော်မမူ။ ဣတိ၊ ဤသို့။ ဘဏထ၊ ဆိုကုန်၏။

အရှင်ဘုရား၊ ဥပမာသော်ကား လေးသမားသည်ရင်း လေးသမား၏ တပည့်သည်ရင်း များစွာသောနေ့ရက်တို့ပတ်လုံး စစ်ထိုးအံ့သောငှါ ဖြောင့်ဖြောင့်မှန်သော လေးအတတ်ကိုသင်၍ စစ်ပွဲရောက်သတ်သော်

လုံ့လမပြု လျှော့သကဲ့သို့ ထို့အတူ အရှင်ဘုရား၊ လာခြင်း ကောင်းသောဘုရားရှင်သည် လေးသင်္ချေနှင့် ကမ္ဘာတသိန်းအတွင်း၌ များစွာသောလူအပေါင်းတို့ကို သံသရာဝဋ်မှ ကယ်ထုတ်အံ့သော၌ါ သဗ္ဗညုတဉာဏ်တော်ကို ဆည်းပူးတော်မူပြီး၍ သဗ္ဗညုအဖြစ်သို့ရောက်တော်မူသော် တရားဟောအံ့သော၌ါ လုံ့လမပြု လျှော့တော်မူခဲ့၏ တကား၊ အရှင်ဘုရား၊ ဥပမာတနည်းသော်ကား လက်ပမ်းသည်သည်ရင်း,လက်ပမ်းသည်၏ တပည့်သည်ရင်း များစွာသောနေ့ညဉ့်ပတ်လုံး လုံ့လမပြုတ် လက်ပမ်းအတတ်ကိုသင်၍ လက်ပမ်းပွဲခတ်သောအခါ ရောက်လတ်သော် နောက်သို့ဆုတ်သကဲ့သို့ ထို့အတူ လာခြင်းကောင်းသောဘုရားရှင်သည် လေးသင်္ချေနှင့်ကမ္ဘာတသိန်း၏အတွင်း၌ လူနတ်ဗြဟ္မာသတ္တဝါအပေါင်းကို သံသရာဝဋ်မှ ကယ်ချွတ် ထုတ်အံ့သော၌ါ သဗ္ဗညုတဉာဏ်တော်ကိုရင့်စေပြီး၍ သဗ္ဗညုအဖြစ်သို့ ရောက်တော်မူသော် တရားဟောအံ့သော၌ါ လုံ့လမပြု လျှော့တော်မူခဲ့၏ တကား၊ အရှင်ဘုရား အသို့နည်း၊ လာခြင်းကောင်းသောဘုရားသည် ကြောက်တော်မူသောကြောင့် လျှော့တော်မူသလော၊ ထိုသို့မဟုတ်မူကား ထင်ရှားမရှိသောကြောင့် လျှော့တော်မူလေသလော၊အားနည်းသောကြောင့် လျှော့တော်မူလေသလော၊ ထိုသို့မဟုတ်သော် သဗ္ဗညုအဖြစ်သို့ရောက်တော်မမူသောကြောင့် လျှော့တော်မူလေသလော၊ ထိုအရာ၌အကြောင်း အသို့ရှိသနည်း၊ အရှင်ဘုရားသည် တကာတော်အား ယုံမှားသက်ကိုကူးမြောက်စိမ့်သော၌ါဟောပြောပြသပါလော့။ ။အရှင်ဘုရား၊အကယ်၍ လာခြင်းကောင်းသောဘုရားသည် လေးသင်္ချေနှင့်ကမ္ဘာတသိန်း အတွင်း၌ သတ္တဝါတို့ကိုသံသရာဝဋ်မှထုတ်လိုသော၌ါ သဗ္ဗညုတ ဉာဏ်တော်ကိုရင့်စေအပ်သည်မှန်အံ့၊ ထိုသို့တပြီးကား သဗ္ဗညု အဖြစ်သို့ရောက်တော်မူသောဘုရားရှင်၏စိတ်တော်သည် ကြောင့်ကြကင်း၍ နေသည်၏အဖြစ်ဖြင့် တရားဟောတော်မူအံ့သော၌ါ အာရုံမပြု ဟူသောအကြင်စကားသည်ရှိ၏၊ ထိုစကားသည် မှားရာ၏။ ။(ဤလည်း တစွန်းထွက်သည်။)

အကယ်၍ သဗ္ဗညုအဖြစ်သို့ ရောက်တော်မူသော ဘုရားရှင်၏စိတ်တော်သည် ကြောင့်ကြကင်းသဖြင့် တရားဟောတော်မူအံ့သော၌ါ အာရုံပြုတော်မမူဟူသောစကားသည်မှန်အံ့၊ ထိုသို့တပြီးကား ဘုရားရှင်သည်

လေးသင်္ချေနှင့် ကမ္ဘာတသိန်းတို့၏ အတွင်း၌ သတ္တဝါတို့ကို သံသရာဝဋ်မှ ထုတ်အံ့သောငှါ သဗ္ဗညုတ ဉာဏ်တော်ကို ရင့်စေအပ်သည်ဟူသော အကြောင်းစကားသည်ရှိ၏၊ထိုစကားသည် မှားရာ၏။ (ဤလည်းတစ္စန်းထွက်သည်။)

နှစ်ဘက်အစွန်း ထွက်သော ဤပြဿနာသည် အရှင်ဘုရားအားရောက်၏၊ ထိုပြဿနာကို အရှင်ဘုရားသည် ငြိမ်းပါစေလော့ဟု ဆိုသော်—

မင်းကြီး၊ လာခြင်းကောင်းသောဘုရားသည် လေးသင်္ချေနှင့် ကမ္ဘာတသိန်းအတွင်း၌ များစွာသောလူအပေါင်းတို့ကို သံသရာဝဋ်မှကယ်ထုတ်အံ့သောငှါ သဗ္ဗညုတဉာဏ်တော်ကိုရင့်စေအပ်သည်လည်းမှန်၏၊ သဗ္ဗညူအဖြစ်သို့ ရောက်တော်မူသော ဘုရားရှင်၏ စိတ်တော်သည် ကြောင့်ကြကင်းသဖြင့် တရားဟောတော် မူအံ့သောငှါ အာရုံပြုတော်မမူသည်လည်းမှန်၏၊မှန်ကြောင်းကား မင်းကြီး၊ထိုစကားကိုတရားတော်၏နက်နဲသည်၏အဖြစ်, ဖြူစင်သည်၏အဖြစ်, မြင်နိုင်ခဲသည်, သိနိုင်ခဲသည်,သိမ်မွေ့သည်, ထိုးထွင်း၍ သိနိုင်ခဲသည်၏အဖြစ်ကိုရင်း, သတ္တဝါတို့၏လည်း အာရုံ၌တပ်မက်မောသောရာဂရှိသည်၏ အဖြစ်ကိုရင်း, သက္ကာယဒိဋ္ဌိ၌ မြဲစွာစွဲလမ်း ယူသည်၏ အဖြစ်ကိုရင်း, မြင်တော်မူ၍ အပြေါသုက္ကာ ကြောင့်ကြမဲ့နေတော်မူ၏၊ သို့ဖြစ်ရာသလော, သို့မဖြစ်ရာသလောဟု သတ္တဝါတို့၏စိတ်ကိုသာလျှင် ထိုးထွင်းတော်မူသဖြင့် တရားဟောရအံ့သောငှါ စိတ်ညွတ်တော်မမူသေး။ ။မင်းကြီး၊ ဥပမာသော်ကား ဆေးသမားသည် များသောအနာဖြင့်နှိပ်စက်ခြင်းရှိသောလူသို့ကပ်၍ အဘယ်သို့သောလုံ့လဖြင့်ရင်း၊ အဘယ်သို့သောဆေးဖြင့်ရင်း၊ ဤသူ၏ အနာကို ငြိမ်းပါစေအံ့နည်းဟု ဤသို့သောအကြံ ဖြစ်သကဲ့သို့ မင်းကြီး၊ ထို့အတူ လာခြင်းကောင်းသောဘုရားရှင်၏ စိတ်တော်သည် အလုံးစုံသော ကိလေသာ တည်းဟူသော အနာ နှိပ်စက်ခြင်းရှိသော လူအပေါင်းကို မြင်တော်မူ၍ရင်း၊ တရားတော်၏နက်နဲသည်, ဖြူစင်သည်, မြင်နိုင်ခဲသည်, သိမ်မွေ့သောအားဖြင့် ထိုးထွင်း၍ သိနိုင်ခဲသည်၏အဖြစ်ကို မြင်တော်မူ၍ရင်း၊ သို့ဖြစ်ရာသလော, သို့မဖြစ်ရာသလောဟု သတ္တဝါတို့၏စိတ်ကို ထိုးထွင်းလျက် ကြံတော်မူ၍ သာလျှင်

တရားဟောတော်မူအံ့သော၌ အပွေါသုက္ကာ၏ အဖြစ်ဖြင့် စိတ်တော်သည် ညွှတ်တော်မမူသေး။

မင်းကြီး၊ ဥပမာတနည်းသော်ကား အဘိသိက်ခံပြီးသော မင်း၏ စိတ်သည် အဘယ်သို့လျှင် တံခါးစောင့်,ဆင်စီး,မြင်းစီး,ရထားစီး သူရဲ, အနီး၌ခစားသောသူ, နိဂုံး သူရင်း၄ါး, ဗိုလ်အစုအပေါင်း, အမှုးအမတ်, မင်းမှီယောကျ်ား၊ ဤသူတို့ကို အသို့လျှင် ငါချီးမြှောက် ရပါအံ့နည်းဟု အကြံဖြစ်သကဲ့သို့ မင်းကြီး၊ ထို့အတူ လာခြင်းကောင်းသောဘုရားရှင် ၏စိတ်တော်သည် တရားတော်၏ နက်နဲပြူစင် မြင်နိုင်ခဲ သိနိုင်ခဲသော သိမ်မွေ့စွာသောအဖြစ်ကိုရင်း၊ သတ္တဝါတို့၏တပ်မက်မောခြင်း၌ မွေ့လျော်ပျော်ပါးသည်၏အဖြစ်ကိုရင်း၊ သက္ကာယဒိဋ္ဌိ၌မြဲစွာစွဲလမ်းသည် ၏အဖြစ်ကိုရင်း မြင်တော်မူ၍ သို့လော သို့လောဟု သတ္တဝါတို့၏ စိတ် ကို တိုးထွင်းကြံဆတော်မူ၍သာလျှင် အပွေါသုက္ကာ၏ အဖြစ်ဖြင့် စိတ် တော်သည် မညွှတ်သေး၊ စင်စစ်သော်ကား ဗြဟ္မာမင်းသည် တောင်း ပန်အပ်သော် ခပ်သိမ်းကုန်သော ဘုရားရှင် တို့သည် တရားတော်ကို ဟောတော်မူအပ်ကုန်၏၊ ဤသို့ဗြဟ္မာမင်းတောင်းပန်၍ တရားကိုဟော ခြင်းသည် ဓမ္မတာသဘောတည်း။ ။ထိုဗြဟ္မာမင်းတောင်းပန်မှ တရား ဟောသော၌အရာ၌ အကြောင်းစကား ရှိသေး၏၊ အကြောင်းစကား သည်ကား ထိုအခါ ပရိဗိုဇ်,ရဟန်း, ပုဏ္ဏားဖြစ်သော အလုံးစုံသော လူအပေါင်းတို့သည် ဗြဟ္မာနတ်ကိုရိုသေ လေးမြတ်ကုန်၏၊ ကိုးကွယ် လည်းလျောင်းရာ ပြုကုန်၏၊ ထို့ကြောင့် ကြီးသောအားနှင့် ပြည့်စုံ သော အခြံအရံနှင့်ပြည့်စုံသော ထင်ရှားသောသူတို့ထက် လွန်မြိုး၍ ထင်ရှားသည်၏အဖြစ်ဖြင့် ဗြဟ္မာမင်းသည် ကိုင်းညွှတ်သဖြင့် နတ်နှင့် တကွသော လူအပေါင်းသည် ကိုင်းညွှတ်လတ္တံ့၊ လွတ်လွတ်ရှိကုန် လတ္တံ့ဟု မင်းကြီး၊ ဤသို့သောအကြောင်းကြောင့် လာခြင်းကောင်း သောဘုရားရှင်တို့သည် ဗြဟ္မာမင်းတောင်းပန်အပ်သော် တရားတော် ကို ဟောတော်မူကုန်၏။ ။မင်းကြီး၊ ဥပမာတနည်းသော်ကား အစိုးရ သောမင်းသည်ရင်း မင်း၏အမတ်သည်ရင်း အကြင်ပုဂ္ဂိုလ်အား ကိုင်း ညွှတ်ရိုသေပြုကုန်အံ့၊အားကြီးသောသူ ရိုသေကိုင်းညွှတ်သည်၏အဖြစ် ကြောင့် ကြွင်းသောလူအပေါင်းတို့သည် ရိုသေကိုင်းညွှတ်ပြုသကဲ့သို့ ထို့အတူ မင်းကြီး၊ ဗြဟ္မာမင်းသည် ကိုင်းညွှတ်ရိုသေသည်ရှိသော် လာ

ခြင်းကောင်းသောဘုရားအား နတ်နှင့်တကွသော လူအပေါင်းတို့သည် ကိုင်းညွတ်လတ္တံ့၊ မင်းကြီး၊ လူတို့သည် ပူဇော်အပ်သော ပြဿနာမင်း သည် လာခြင်းကောင်းသော ဘုရားရှင်အား တရားဟောစိမ့်သောငှါ တောင်းပန်၏၊ ထို ပြဿနာမင်း တောင်းပန်သောကြောင့် တရားကို ဟော တော်မူ၏ဟု ဆိုသော် အရှင်ဘုရား၊ ကောင်းလှပါပြီ၊ ပြဿနာကို ထိုး ထွင်း၍ ဖြေတော်မူအပ်ပေပြီ၊ ဤစကားကို တကာတော်ဝန်ခံပါ၏ဟု ဝန်ခံလေ၏။

ဘဂဝတောဓမ္မဒေသနာယ အဇ္ဈေသနပဉှာပြီး၏။

---

## ၁၃၇။ ဗုဒ္ဓဿအာစရိယာနာစရိယပဉှာ

**ဘုရားရှင်၌ ဆရာရှိ-မရှိ**····မိလိန္ဒမင်းသည် အရှင်ဘုရား၊ ဘုရား ရှင်သည် ဥပက တက္ကတွန်းနှင့် တွေ့ သောကာလ အိုဥပက၊ ငါ့အားဆရာမရှိ၊ ငါနှင့် တူသော သူသည် နတ်နှင့်တကွသောလောက၌မရှိ၊ ငါ့အားပြိုင်ဘက်မရှိဟု ဟောတော်မူ အပ်၏။ ။တဖန်လည်း ချစ်သားရဟန်းတို့၊ ကာဠာမ၏ သားဖြစ် သောအာဠာရ ရသေ့သည် ဆရာဖြစ်၍ အန္တေဝါသိက တပည့်ဖြစ် သောငါ့ကို မိမိကိုယ်နှင့်ထပ်တူထားပေ၏၊ ငါ့အား မွန်မြတ်သော ပူဇော်ခြင်းဖြင့်ပူဇော်၏ဟုဟောတော်မူအပ်၏။

ဘန္တေ နာဂသေန ဘာသိတမ္ပေတံ ဘဂဝတာ။
နမေ အာစရိယော အတ္ထိ၊ သဒိသော မေ နဝိဇ္ဇတိ။
သဒေဝကသ္မိံ လောကသ္မိံ၊နတ္ထိ မေ ပဋိပုဂ္ဂလောတိ။ ။
ပုနစ ဘဏိတံ ဣတိခေါ ဘိက္ခဝေ အာဠာရော ကာဠာမော
အာစရိယောမေသမာနော အန္တေဝါသိံ မံ သမာနံ အတ္တနာ
သမသမံ ဌပေသိ၊ဥဠာရာယစပူဇာယ ပူဇေသီတိ။ ။

ဟူသည်တည်း။

ဘန္တေနာဂသေန၊ ရှင်နာဂသေနမထေရ်။ ဘဂဝတာ၊ မြတ်စွာ ဘုရားသည်။ ဥပက၊ အိုဥပကရသေ့။ မေ၊ ငါ့အား။ အာစရိယော၊

ဆရာသည်။ နတ္ထိ၊ မရှိ။ မေ၊ ငါ့နှင့်။ သဒိသော၊ တူသော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ သဒေဝကသ္မိံ၊ နတ်နှင့် တကွသော။ လောကသ္မိံ၊ လောက၌။ နပိဋ္ဌတိ၊ မရှိ။ မေ၊ ငါ့အား။ပဋိပုဂ္ဂလော၊ ပြိုင်ဘက်ပုဂ္ဂိုလ်သည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ဤသို့။ ဧတံပိ၊ ဤစကားကိုလည်း။ဘာသိတံ၊ ဟောတော်မူအပ်၏။ ။ပုန စ၊ တဘန်လည်း။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဘိက္ခဝေ၊ ရဟန်းတို့။ ခေါ၊ စင်စစ်။ ကာဋ္ဌာမေ၊ ကာဋ္ဌာမ၏သားဖြစ်သော။ အာဋ္ဌာရော၊ အာဋ္ဌာရအမည်ရှိသော။ ဣသိ၊ ရသေ့သည်။ မေ၊ ငါ၏။ အာစရိယော၊ ဆရာသည်။ သမာနော၊ ဖြစ်လျက်။ အန္တေဝါသိံ၊ အန္တေဝါသိက တပည့်ဖြစ်သော။ မံ၊ ငါ့ကို။ အတ္တနာ၊ မိမိနှင့်။ သမသမံ၊ အမျှထပ်တူ။ ဌပေသိ၊ထားပေ၏။ ဥဠာရာယ၊ မွန်မြတ်သော။ ပူဇာယစ၊ ပူဇော်ခြင်းဖြင့်လည်း။ မံ၊ ငါ့ကို။ ပူဇေသိ၊ပူဇော်၏။ဣတိ၊ ဤသို့။ဧတံပိ၊ ဤစကားကိုလည်း။ ဘာသိတံ၊ ဟောတော်မူအပ်၏။

အရှင်ဘုရား၊ အကယ်၍ဘုရားရှင်သည် ဒိုဥပကာ၊ ငါ့အား ဆရာမရှိ၊ ငါနှင့်တူသောပုဂ္ဂိုလ်မရှိ၊ နတ်နှင့်တကွသောလောက၌ ပြိုင်ဘက်မရှိဟူသောစကားသည်မှန်အံ့၊ ထိုသို့တပြီးကား ချစ်သား ရဟန်းတို့၊ အာဋ္ဌာရ ရသေ့သည် ငါ့ဆရာဖြစ်လျက် အန္တေဝါသိက တပည့်ဖြစ်သော ငါ့ကို မိမိကိုယ်နှင့်အတူအမျှထားပေ၏ဟူသော အကြောင်းစကားသည်ရှိ၏၊ ထိုစကားသည်မှားရာ၏။ ။(ဤလည်းတစွန်းထွက်သည်။)

အကယ်၍ လာခြင်းကောင်းသော ဘုရားရှင်သည် ချစ်သားရဟန်းတို့၊ အာဋ္ဌာရ ရသေ့သည် ငါ၏ဆရာဖြစ်လျက် အန္တေဝါသိက တပည့်ဖြစ်သော ငါ့ကိုမိမိကိုယ်နှင့်ထပ်တူထားပေ၏ ဟူသောစကားသည်မှန်အံ့၊ ထိုသို့တပြီးကား ငါ့အားဆရာမရှိ ငါနှင့်တူသောသူမရှိ၊ နတ်နှင့်တကွသောလောက၌ ငါနှင့် ပြိုင်ဘက်မရှိ ဟူသော အကြောင်းစကားသည်ရှိ၏၊ ထိုစကားသည်မှားရာ၏။ ။(ဤလည်းတစွန်းထွက်သည်။)

နှစ်ဘက်အစွန်းထွက်သောဤပြဿနာသည် အရှင်ဘုရားအားရောက်၏၊ထိုပြဿနာကို အရှင်ဘုရားသည် ဖြေမိန့်ပါစေလော့ဟုဆိုသော်–

မင်းကြီး၊ ဘုရားရှင်သည် ဥပကာ၊ ငါ့အားဆရာမရှိ၊ ငါနှင့်တူသောသူမရှိ၊ နတ်နှင့်တကွသောလောက၌ပြိုင်ဘက်မရှိဟု ဟောတော်မူအပ်

သည်လည်းမှန်၏။ ။ချစ်သားရဟန်းတို့၊ ကာဠုဒါယီ၏ သားဖြစ်သော အာဠုဒါယီရ ရသေ့သည် ငါ၏ဆရာဖြစ်လျက် အင်္ဂေဝါသိကတပည့်ဖြစ်သော ငါ့ကို မိမိကိုယ်နှင့်ထပ်တူထား၍ ပူဇော်သက္ကာပြုပေ၏ဟုဟော တော်မူအပ်သည်လည်းမှန်၏။ ။မင်းကြီး၊ မှန်ကြောင်းကား ထိုစကား ကိုသစ္စာလေးပါးတရားကိုသိပြီးသည်မှ ရှေးကာလ၌သဗ္ဗညုတ ဉာဏ် တော်ကိုမရမီ ဘုရားလောင်းဖြစ်စဉ် ဆရာအဖြစ်ကိုရည်၍ ဟော တော်မူအပ်၏။

**ဘုရားလောင်းဘဝဆရာ ၅-ဦး**·····မင်းကြီး၊ ဘုရားရှင် သည် သစ္စာလေးပါး တရား တို့ကို မသိမီ ရှေးကာလ၌ဘုရားလောင်းဖြစ်စဉ် ငါးယောက်သော ဆရာ တို့သည် ထိုထိုသို့သောနေ့တို့၌ ဆုံးမသွန်သင်အပ်သည်ဖြစ်၍ အခါ ကိုလွန်စေ၏၊ ဆရာငါးယောက်တို့သည် အဘယ်သည် တို့နည်း ဟူမူကား။

(၁) မင်းကြီး၊ ဘုရားလောင်းဖွားသော ကာလ၌ ရှစ်ယောက် သောပုဏ္ဏားတို့သည် လက္ခဏာတို့ကိုဘတ်၍ သိမ်းဆည်းကုန်၏၊ ထို ပုဏ္ဏားတို့သည် အဘယ်နည်းဟူမူကား။ (၁)ရာမပုဏ္ဏား။ (၂)ဓဇ ပုဏ္ဏား။ (၃)လက္ခဏပုဏ္ဏား။ (၄)မန္တီပုဏ္ဏား။ (၅)ယညပုဏ္ဏား။ (၆) သုဘောဇပုဏ္ဏား၊ (၇) သုယာမပုဏ္ဏား။ (၈) သုဒတ္တပုဏ္ဏား။ ။ ဤရှစ်ယောက်သောပုဏ္ဏားတို့သည် ချမ်းသာကြောင်းကို ကြားကုန်၍ အစောင့်အရှောက်ကိုပြုကုန်၏၊ထိုပုဏ္ဏားတို့သည်ရှေးဦးစွာသောဆရာ မည်ကုန်၏။

(၂) တဖန်လည်း မင်းကြီး၊ ဘုရားလောင်း၏ခမည်းတော်သုဒ္ဓေါ ဒနမင်းမြတ်သည် ထိုအခါ အမျိုးအားဖြင့် ထင်ရှားသော သဗ္ဗမိတ္တမည်သော ဗျာကရဏ်းကျမ်း ဆဋင်္ဂကျမ်းတို့ကိုတတ်သော သဗ္ဗမိတ္တမည်သော ပုဏ္ဏားကိုဆောင်၍ ရွှေကရားဖြင့် ရေစင်သွန်း၍ မင်းသားကိုအတတ်သင် စေလော့ဟုပေး၏၊ ဤကား နှစ်ယောက်မြောက်သော ဆရာမည်၏။

(၃) မင်းကြီး၊ တဖန်လည်း အကြင်နတ်သားသည် ဘုရားလောင်း ကို ထိတ်လန့်သံဝေဂ ရစေ၏၊ထိုသံဝေဂ ရစေအပ်သော နတ်သား၏

စကားကိုကြားရ၍ ဘုရားလောင်းသည်ထိတ်လန့်သည်ဖြစ်၍ ထိုအခါ ပင်လျှင် တောသို့ထွက်၍ရဟန်းပြုရ၏၊ ဤသည်ကား သုံးကြိမ်မြောက်သော ဆရာမည်၏။

(၄) တဖန်လည်း မင်းကြီး၊ ကာလာမ၏သားဖြစ်သော အာဠာရ ရသေ့သည် နေ၀သညာ နာသညာယတနဈာန်၏ ပရိကံကိုကြား၏၊ ဤ သည်ကား လေးကြိမ်မြောက်သောဆရာမည်၏။

(၅) တဖန်လည်း မင်းကြီး၊ ရာမ၏သားဖြစ်သော ဥဒကရသေ့ သည် ငါးယောက်မြောက်သောဆရာမည်၏။

မင်းကြီး၊ ဤငါးယောက်သောဆရာတို့သည် သစ္စာလေးပါးတရား ကိုမသိမီရှေးကာလ၌ သဗ္ဗညုတဉာဏ်တော်ကိုမရမီ ဘုရားလောင်း၏ ဆရာမည်ကုန်၏၊ ထိုငါးယောက်သော သူတို့သည် လောကီယဓမ္မ၌ ဆရာမည်ကုန်၏၊ မင်းကြီး၊ လောကုတ္တရာတရား၌ သဗ္ဗညုတ ဉာဏ် တော်ကိုရခြင်း၌ လာခြင်းကောင်းသော ဘုရားအား သွန်သင်သော ပုဂ္ဂိုလ်မည်သည်မရှိ၊ ထို့ကြောင့် ဘုရားရှင်သည် ဥပက၊ ငါ့အားဆရာ မရှိ၊ ငါနှင့်တူသောသူမရှိ၊ ငါနှင့် ပြိုင်ဘက်မရှိဟု ဟောတော် မူအပ် သတည်းဟု ဆိုသေ၀် အရှင်ဘုရား၊ ဤစကားကို ကောင်းစွာတကာ တော်ဝန်ခံပါ၏ဟု ဝန်ခံလေ၏။

ဗုဒ္ဓဿအာစရိယာနာစရိယပဉှာ ပြီး၏။
သန ္ထဝဝဂ္ဂေါပဉ္စမော၊ဇမယိမ္ပိ ဝဂ္ဂေ ကောဒသ ပဉှာ။

---

## ၁၃၈။ ဝိနီ္ဒ ဗုဒ္ဓါနံ လောကေ အနုပ္ပတ္တနပဉှာ

**ဘုရားနှစ်ဆူ-ပြိုင်တူမပွင့်နိုင်**..... မိလိန္ဒ မင်းသည် အရှင်ဘုရား၊ ဘုရားရှင်သည် ဤလောကဓာတ် ၌ နတ်လူတို့၏ပူဇော်အထူးတို့ကို ခံတော်မူထိုက်ကုန်သော သဗ္ဗညု ဘုရားနှစ်ဆူတို့သည် မရှေးမနှောင်း တပြိုင်နက်ဖြစ်ကုန်ရာ၏ ဟူသော စကားသည် အခွင့်အရာမဟုတ်၊ ဤအကြောင်းသည်မရှိဟုဟောတော် မူအပ်၏။ ။အရှင်ဘုရား၊ ခပ်သိမ်းသော ဘုရားတို့သည် တရားဟော တော်မူကုန်သော်လည်း ၁၇ဘုံးဆဲ့ခုနစ်ပါးသော ဗောဓိပက္ခိယ တရားတို့ ကို ဟောတော်မူကုန်၏၊ ဟောတော်မူအပ်ကုန်သော်လည်း သစ္စာ လေးပါးတရားတို့ကို ဟောတော်မူအပ်ကုန်၏၊ သိက္ခာပုဒ်ကို ကျင့်စေ

သော်လည်း သုံးပါးသော သိက္ခာပုဒ်၌ ကျင့်စေကုန်၏၊ အစဉ်အတိုင်း ဆုံးမတော်မူသော်လည်း အပ္ပမာဒတရားကို ကျင့်စိမ့်သောငှါ ဆုံးမတော်မူကုန်၏။

> ဘန္တေ နာဂသေန ဘာသိတမ္ပေတံ ဘဂဝတာ အဋ္ဌာနမေတံ ဘိက္ခဝေ အနဝကာသော ယံ ဧကိဿာ လောကဓာတုယာ ဒွေ အရဟန္တော သမ္မာသမ္ဗုဒ္ဓါ အပုဗ္ဗံ အစရိမံ ဥပ္ပဇ္ဇေယျုံ၊ နေတံ ဌာနံ ဝိဇ္ဇတီတိ။ ။ဒေသေန္တာစ ဘန္တေ နာဂသေန သဗ္ဗေပိ တထာဂတာ သတ္တတ္တိံသ ဗောဓိပက္ခိယဓမ္မေ ဒေသေန္တိ၊ ကထယမာနာစ စတ္တာရိ အရိယသစ္စာနိ ကထေန္တိ၊ သိက္ခာပေန္တာစ တီသု သိက္ခာသု သိက္ခာပေန္တိ၊ အနုသာသမာနာစ အပ္ပမာဒ ပဋိပတ္တိယာ အနုသာသန္တီတိ။ ။ဟူသည့်တည်း။

ဘန္တေ နာဂသေန၊ ရှင်နာဂသေန မထေရ်၊ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဘိက္ခဝေ၊ ရဟန်းတို့။ ဧကိဿာလောကဓာတုယာ၊ တခုသော လောကဓာတ်၌။ ဒွေ၊ နှစ်ဆူကုန်သော။ အရဟန္တော၊ ပစ္စည်းလေးပါးကို ခံတော်မူထိုက်ကုန်သော။ သမ္မာသမ္ဗုဒ္ဓါ၊ ဘုရားရှင်တို့သည်။ အပုဗ္ဗံ အစရိမံ၊ မရှေးမနှောင်း တပြိုင်နက်။ ဥပ္ပဇ္ဇေယျုံ၊ ဖြစ်ကုန်ငြားအံ့။ ဧတံဌာနံ၊ ဤအကြောင်း စကားသည်။ အဋ္ဌာနံ၊ အကြောင်း မဟုတ်။ ဧတံဌာနံ၊ ဤသို့သောအကြောင်းသည်။ နဝိဇ္ဇတိ၊ မရှိ။ ဣတိ၊ ဤသို့။ ဧတံပိ၊ ထိုစကားကိုလည်း။ ဘာသိတံ၊ ဟောတော်မူအပ်၏။ ။ဘန္တေ နာဂသေန၊ ရှင်နာဂသေနမထေရ်။ သဗ္ဗေပိ၊ အလုံးစုံလည်းဖြစ်ကုန်သော။ တထာဂတာ၊ လာခြင်းကောင်းသော ဘုရားတို့သည်။ ဒေသေန္တာစ၊ ဟောတော်မူကုန်သော်လည်း။ သတ္တတ္တိံသ ဗောဓိပက္ခိယဓမ္မေ၊ သုံးဆဲ့ခုနစ်ပါးသော ဗောဓိပက္ခိယတရားတို့ကို။ ဒေသေန္တိ၊ ဟောတော်မူကုန်၏၊ ကထယမာနာစ၊ ဟောတော် မူကုန်သော်လည်း။ စတ္တာရိအရိယသစ္စာနိ၊ အရိယာသစ္စာလေးပါးတို့ကို။ ကထေန္တိ၊ ဟောတော်မူကုန်၏။ သိက္ခာပေန္တာစ၊ ကျင့်စေတော် မူကုန်သော်လည်း။ တီသုသိက္ခာသု၊ သုံးပါးသောသိက္ခာတို့၌။ သိက္ခာပေန္တိ၊ ကျင့်စေတော် မူကုန်၏။ အနုသာသမာနာစ၊ အစဉ်အတိုင်း ဆုံးမတော်မူကုန်သော်လည်း။ အပ္ပမာဒပဋိပတ္တိယာ၊ အပ္ပမာဒတရားကိုကျင့်စိမ့်သောငှါ။ အနုသာသန္တိ၊ ဆုံးမတော်မူကုန်၏။

အရှင်ဘုရား၊ အကယ်၍လာခြင်းကောင်းသောအလုံးစုံသော ဘုရားတို့၏ဒေသနာတော်သည် တူမျှသောဒေသနာတော်, တူမျှသောစကားတော်, တူမျှသောအကျင့်, တူမျှသောအဆုံးအမတော်ရှိလျက် အဘယ်အကြောင်းကြောင့် နှစ်ဆူသောဘုရားတို့သည် တပြိုင်နက် ဖြစ်တော်မမူကြကုန်သနည်း၊ ဘုရားတဆူဖြစ်တော်မူသဖြင့် ဤလောကသည် ပြောင်ပြောင်တောက်သောသဘောရှိ၏၊ ဘုရားနှစ်ဆူ အကယ်၍ဖြစ်ပါအံ့၊ နှစ်ဆူသောဘုရားတို့၏အရောင်တော်ဖြင့်သောကသည် အတိုင်းထက်အလွန်ပြောင်ပြောင်တောက်သည် ဖြစ်ရာ၏၊ နှစ်ဆူသော ဘုရားတို့သည်ဆုံးမတော်မူသော်လည်း ချမ်းသာစွာ ဆုံးမသွန်သင်တော်မူကုန်ရာ၏၊ ဤစကား၌ အကြောင်းကို ယုံမှားသက်ဘမရှိအောင် အရှင်ဘုရားသည် ဆိုတော်မူပါလော့ဟုဆိုသော်—

**သောင်းလောကဓာတ် မတတ်နိုင်ရာ** .... မင်းကြီး၊ ဤတသောင်းသော လော က ဓာတ်သည် တဆူသောဘုရားရှင်ကျေးဇူးကိုသာ ဆောင်ရွက်နိုင်၏၊ နှစ်ဆူသောဘုရားတို့သည်ဖြစ်တော်မူကုန်အံ့၊ ဤတသောင်းသော လောကဓာတ်သည် ဂုဏ်ကျေးဇူးတော်ကို မဆောင်နိုင်ရာ၊ တုန်လှုပ်ရာ၏၊ ယိုင်ညွှတ်ရာ၏၊ ဖရိုဖရဲရှိရာ၏၊ ပျက်စီးရာ၏၊ တည်ရာ အရပ်သို့မရောက်လေရာ၊ မင်းကြီး၊ ဥပမာသော်ကား ယောက်ျားတယောက်ကိုသာဆောင်နိုင်သော လှေသည်ဖြစ်အံ့၊ တယောက်သော ယောက်ျားသည် တက်စီးသော်သာ ကောင်းစွာ ဖြစ်စေနိုင်ရာ၏၊ ထိုအခါနှစ်ယောက်မြောက်သောယောက်ျားသည်ထိုရှေးဦးစွာသောယောက်ျားနှင့်အသက်အရွယ်အတိုင်းအရှည်အကြီးအဆူ အင်္ဂါငါးပါးသဘောတူဖြစ်၍ ထိုလှေကို ထိုယောက်ျားတက်စီးအံ့၊ မင်းကြီး၊ စင်စစ်ထိုလှေသည် ထိုနှစ်ယောက်သော ယောက်ျားတို့ကို ဆောင်နိုင်ရာအံ့လောဟုဆိုသော် အရှင်ဘုရားနှစ်ယောက်သောယောက်ျားတို့ကို မဆောင်နိုင်ရာချေ၊တုန်လှုပ်ရာ၏၊ ယိုင်ညွှတ်ရာ၏၊ဖရိုဖရဲပျက်စီးရာ၏၊ တည်ရာသို့မရောက်နိုင်ရာချေ၊ ရေ၌နှစ်ရာ၏ဟုဆိုသော် မင်းကြီး၊ ထို့အတူ ဤတသောင်းသော လောကဓာတ်သည် မဆောင်နိုင်ရာသည် ဖြစ်၍ တုန်လှုပ်ပျက်စီးဖရိုဖရဲရှိ၍ တည်ရာသို့ မရောက်နိုင်ရာ။ ။မင်းကြီး၊

ဥပမာတနည်းသော်ကား ယောက်ျားသည် အလိုရှိတိုင်း ထမင်းကို လည်းချောင်းတိုင်အောင်ပြည့်စေ၍စားအံ့၊ ထိုငတ်မွတ်သောယောက်ျား သည် ဖြိုးသောကိုယ် ပြည့်ရုံသော ကိုယ်ရှိ၏၊ မပြတ်လျှင် ငိုကြွေး လျက်မကိုင်းမညွတ်နိုင်သော သဘောရှိလတ်သော် အစာကို တဘန် စားနိုင်ရာအံ့လော၊ ထိုယောက်ျားသည် ချမ်းသာခြင်း ဖြစ်နိုင် ရာအံ့လောဟုဆိုသော် အရှင်ဘုရား၊ ချမ်းသာစွာ မဖြစ်နိုင်ရာချေ၊ ထိုယောက်ျားသည် တကြိမ်စားကာမျှဖြင့် သေရာ၏ဟု ဆိုသော် မင်းကြီး၊ ထို့အတူ ဤတသောင်းသော လောကဓာတ်သည် တဆူ သာလျှင်ဖြစ်သောဘုရားရှင်ကျေးဇူးတော်ကိုဆောင်နိုင်ရာ၏၊ အကယ် ၍ဘုရားနှစ်ဆူဖြစ်တော်မူကုန်အံ့၊ ဤတသောင်းသော လောကဓာတ် သည်မတတ်နိုင်ရာ၊ တုန်လှုပ်၍ ဖရိုဖရဲ ပျက်စီးခြင်းသို့ ရောက်ရာ၏ တည်ရာသို့ မရောက်နိုင်ရာချေဟုဆိုသော် အရှင်ဘုရား၊ အဘိဓမ္မာ တရားတည်းဟူသော ဝန်ကြောင့် မြေကြီး တုန်လှုပ်ရာသလောဟုမေး သော် မင်းကြီး၊ ဤလောက၌နှစ်စီးသော လှည်းတို့ကို ရတနာတို့ဖြင့် ပြည့်စေအပ်ကုန်သည်ဖြစ်အံ့၊ တစီးသောလှည်း၌တင်အပ်သောရတနာ ကိုယူ၍ တစီးသောလှည်း၌တင်အံ့။

မင်းကြီး၊ တစီးထည်းသောလှည်းသည်နှစ်စီးတင်အပ်သောရတနာ တည်းဟူသော ဝန်ကို ရွက်ဆောင်နိုင်ရာအံ့လောဟုဆိုသော်၊ အရှင် ဘုရား၊လှည်းနှစ်စီးတင်အပ်သောဝန်ကို လှည်းတစီးထည်း မဆောင်နိုင် ရာချေ၊ ထိုလှည်း၏ ပုံတောင်းသော်လည်း ကွဲရာ၏၊ အကန့်သော် လည်းကျိုးရာ၏၊ အကွပ်သော်လည်းပြတ်ရာ၏၊ ဝင်ရိုးသော်လည်း ကျိုးရာ၏ဟုဆိုလျှင် မင်းကြီး၊ အလွန်သော ရတနာတည်းဟူသော ဝန်ဖြင့် လှည်းကျိုးရာသည် မဟုတ်လောဟုဆိုသော် အရှင်ဘုရား၊ ဟုတ်ပါချေ၏ဟုဆိုလျှင် မင်းကြီး ထို့အတူ အဘိဓမ္မာတရားတည်း ဟူသောဝန်ဖြင့် မြေကြီးသည်တုန်လှုပ်လေ၏။

မင်းကြီး၊ဘုရားရှင်၏အစွမ်းသတ္တိပြသဖြင့် ဤအကြောင်းကို ဆုံးစေ ဦး၍ တပါးသော အကြောင်းသည် ရှိသေး၏၊ အကြင်အကြောင်းဖြင့် ဘုရားနှစ်ဆူတို့သည် တပြိုင်နက်သောခဏ၌ ဖြစ်တော်မမူကုန်၊ ထို အကြောင်းကို နာဦးလော့ဟုဆို၍ မင်းကြီး၊ဘုရားနှစ်ဆူတို့သည် တပြိုင်

နက်သော ခဏ၌ အကယ်၍ ဖြစ်တော်မူကုန်အံ့၊ ထိုဘုရားရှင်တို့၏ ပရိသတ်တို့သည် အငြင်းအခုံဖြစ်ရာ၏၊ သင်တို့၏ဘုရား ငါတို့၏ဘုရားဟု ဥဘတော ပက္ခတို့သည်ဖြစ်ကုန်ရာ၏၊ မင်းကြီး၊ ဥပမာသော်ကား အားကြီးသော အမတ်နှစ်ယောက်တို့၏ ပရိသတ်တို့သည် အငြင်းအခုံဖြစ်ရာ၏၊ငါတို့၏အမတ် သင်တို့၏အမတ်ဟူ၍ ဥဘတောပက္ခတို့သည် ဖြစ်တတ်ကုန်သကဲ့သို့ ထို့အတူ နှစ်ဆူသောဘုရားတို့သည် တပြိုင်နက်သော ခဏ၌ အကယ်၍ ဖြစ်တော်မူကုန်အံ့၊ထိုဘုရားရှင်တို့၏ ပရိသတ်တို့သည် ဝိဝါဒ အငြင်းအခုံဖြစ်ရာ၏၊ သင်တို့၏ဘုရားဟူ၍၎င်း၊ငါတို့၏ဘုရားဟူ၍၎င်း၊ဥဘတောပက္ခသည် ဖြစ်ကုန်ရာ၏၊မင်းကြီး၊ ဤသည်ကား တပြိုင်နက်သောခဏ၌ ဘုရားရှင်တို့သည် မဖြစ်ကုန်ဟူသော အကြောင်းစကားတည်း။

**အတုမဲ့ရတဆူသာ**····· မင်းကြီး၊ ဘုရားနှစ်ဆူတို့သည် တပြိုင်နက်ဖြစ်သောခဏ၌ မဖြစ်ကုန်ရာဟု ဆိုအပ်သော အရာ၌ လွန်စွာသော အကြောင်းကို နာဦးလော့၊ မင်းကြီး၊ ဘုရားသည် မြတ်ပေ၏ဟူသောအကြင်စကားသည်ရှိ၏၊ထိုစကားသည် မှားရာ၏၊ ဘုရားရှင်သည်လောကထက် အထူးသဖြင့် ကြီး၏ဟူသော အကြင်စကားသည်ရှိ၏၊ထိုစကားသည် မှားရာ၏၊ဘုရားသည် လောက၌ အထူးသဖြင့် မြတ်ပေ၏ဟူသော အကြင်စကားသည် ရှိ၏၊ ထိုစကားသည်လည်း မှားရာ၏၊ ဘုရားသည် လောကထက်လွန်၏၊ ဘုရားသည် လောကထက် အပြားအားဖြင့် မြတ်၏၊ဘုရားသည်လောက၌ မျှသောသူမရှိ၊ဘုရားသည် လောက၌ အတူမရှိဖြစ်၍ ဘုရားချင်းသာ တူကြ၏၊ ဘုရားသည် လောက၌ တုံဘက်မရှိ ပြိုင်ဘက်မရှိဟူသော အကြင်စကားတို့သည်ရှိကုန်၏၊ ထိုစကားတို့သည်လည်းမှားကုန်ရာ၏၊မင်းကြီး၊ သင်မင်းကြီးသည် ဤသို့သောအကြောင်းကြောင့် တပြိုင်နက်သော ခဏ၌ ဘုရားနှစ်ဆူမဖြစ်ကုန်ရာဟု ဝန်ခံလော့၊ မင်းကြီး၊စင်စစ်သော်ကား လောက၌တဆူသောဘုရားသာလျှင် ဖြစ်တော်မူ၏၊ ဤသို့ ဘုရားတဆူသာလျှင် ဖြစ်တော်မူခြင်းသည် ဘုန်းခြောက်ပါးနှင့် ပြည့်စုံတော်မူသော ဘုရားတို့ ပြကတေ့တရားတော်တည်း၊ အဘယ့်ကြောင့်နည်းဟူမူကား သဗ္ဗညုဘုရားရှင်ဂုဏ်ကျေးဇူးတော်တို့၏ မြတ်သည်၏အဖြစ်ကြောင့် နှစ်ဆူတပြိုင်နက်ဖြစ်တော်မမူ၊မင်းကြီး၊လောက၌ များစွာသော

တရား၏ အမြစ်သည်တခုသာလျှင်ဖြစ်မြဲသဘောတည်း၊မင်းကြီး၊ မြေကြီးသည် မြားမြောင်ကြီးကျယ်၏၊ ထိုမြေကြီးလည်း တခုသာတည်း၊ သမုဒ္ဒရာသည် မြားမြောင်ကြီးကျယ်၏၊ ထိုသမုဒ္ဒရာသည် တစင်းသာတည်း၊ မြင့်မိုရ်တောင်မင်းသည် ကြီးကျယ်၏၊ ထိုမြင့်မိုရ်တောင်မင်းသည် တလုံးသာတည်း၊ကောင်းကင်သည် ကြီးကျယ်၏၊ ထိုကောင်းကင်သည် တခုထည်းသာတည်း၊ သိကြားမင်းသည် ကြီးမြတ်၏၊ ထိုသိကြားမင်းသည် တယောက်ထည်းသာတည်း၊ ဗြဟ္မာမင်းသည် ကြီးမြတ်၏၊ထိုဗြဟ္မာမင်းသည် တယောက်ထည်းသာတည်း၊ သစ္စာလေးပါးတရားကို သိတော်မူသော လာခြင်းကောင်းသောဘုရားသည်ကြီးမြတ်၏၊ ထိုဘုရားသည် တဆူသာတည်း၊တခုသောခေတ်ကာလ၌ ဘုရားတို့သည် တဆူသာ ဖြစ်တော်မူကုန်၏၊ တပါးသော ဘုရားဖြစ်ခွင့်ရှိတော်မမူ၊ ထို့ကြောင့် မင်းကြီး၊ သဗ္ဗညုတဉာဏ်တော်ကို သိတော်မူပြီးသော ဘုရားသည် တဆူသာလျှင် လောက၌ဖြစ်၏၊နှစ်ဆူတပြိုင်နက်ဖြစ်တော်မမူဟုဆိုသော် အရှင်ဘုရား၊ ပြဿနာကို ဥပမာ အကြောင်းအရာဖြင့် သိမ်မွေ့စွာ ဖြေအပ်ပေ၏၊ဤစကားကိုကြားသည်ရှိသော် ဝမ်းမြောက်ဝမ်းသာဖြစ်ရာ၏၊ အကျွန်ုပ်ကဲ့သို့သော မင်းသည် ကြီးသောပညာနှင့် ပြည့်စုံလျက် အဘယ်သို့ဝမ်းမမြောက် ရှိပေတုံအံ့နည်း၊ အရှင်ဘုရား၊ ဤစကားကို ကောင်းပြီဟု တကာတော် ဝန်ခံပါ၏ဟူ၍ ဝန်ခံလေ၏။

ဒွိန္နံဗုဒ္ဓါနံလောကေ အနုပ္ပဇ္ဇနပဉှာပြီး၏။

---

## ၁၃၉။ ဂေါတမီဝတ္ထဒါနပဉှာ

**ဗုဒ္ဓဒါနနှင့်သံဃိကအရှု**……မိလိန္ဒမင်းသည် အရှင်ဘုရား၊ ဘုရားရှင်သည် မိထွေးတော် မဟာပဇာပတိဂေါတမီသည် မိုးစမ်းရေခံ သက်နီးလှူအပ်သည်ရှိသော် မိထွေးတော်၊ သံဃာတော်အားလှူလေ၊ သံဃာတော်အား လှူအပ်သည်ရှိသော် ငါဘုရားသည်လည်း သံဃာတော်ကို ပူဇော်အပ်သည်သာဖြစ်ရာလတ္တံ့ဟု ဟောတော်မူအပ်၏။ ။အရှင်ဘုရား၊ လာခြင်းကောင်းသောဘုရားရှင်သည် သံဃာရတနာထက် မမြတ်ဇကာင်းပါတကား၊ မရှိသေအပ်လေကောင်းတကား၊ မြတ်သောအလှူကို မခံထိုက်လေ

ကောင်းတကား၊ လာခြင်းကောင်းသော ဘုရားသည် မိထွေးတော်ကိုယ်တိုင် ကြိတ်ခြင်း,ဖန်ခြင်း, ဝင့်ခြင်း, ယက်ခြင်းကိုပြုအပ်သောမိုးယံရေခံသက်န်းကို ကိုယ်တော်မြတ်အားလှူဒါန်းသည်ကို အဘယ့်ကြောင့်သံဃာတော်အား လှူဒါန်းစေသနည်း။

ဘန္တေနာဂသေန ဘာသိတမ္ပေတံ ဘဂဝတာ မာတုစ္ဆာယ မဟာပဇာပတိယာ ဂေါတမိယာ ဝဿိကသာဋိကာယ ဒိယျမာနာယ သံဃေ ဂေါတမိ ဒေဟိ၊ သံဃေ ဒိန္နေ အဟာဉ္စေဝ ပူဇိတော ဘဝိဿာမိ သံဃောစာတိ။ ကိန္နု ခေါ ဘန္တေနာဂသေန တထာဂတော သံဃရတနတော နဘာရိကော နဂရုကော နဒက္ခိဏေယျော၊ ယံ တထာဂတော သကာယ မာတုစ္ဆာယ သယံပိဉ္ဇိတံ သယံလုဉ္စိတံ သယံပေါဋိတံ သယံကန္တိတံ သယံဝါယိတံ ဝဿိကသာဋိကံ အတ္တနော ဒိယျမာနံ သံဃဿ ဒါပေသီတိ။ ။ဟူသည်တည်း။

ဘန္တေ နာဂသေန၊ ရှင်နာဂသေနမထေရ်။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ မဟာပဇာပတိယာ၊ မဟာပဇာပတိအမည်ရှိသော။ မာတုစ္ဆာယ၊ မိထွေးတော်ဖြစ်သော။ ဂေါတမိယာ၊ ဂေါတမိမိဖုရားသည်။ ဝဿိကသာဋိကာယ၊ မိုးယံရေခံသက်န်းကို။ ဒိယျမာနာယ၊ လှူအပ်သည်ရှိသော်။ ဂေါတမိ၊ မိထွေးတော်ဂေါတမိ။ တွံ၊ သင်သည်။ သံဃေ၊ သံဃာအား။ ဒေဟိ၊ လှူလေလော့။ သံဃေ၊ သံဃာအား။ ဒိန္နေ၊ လှူအပ်သည်ရှိသော်။ အဟာဉ္စေဝ၊ ငါဘုရားကိုရင်း။ သံဃောစ၊ သံဃာတော်ကိုရင်း။ ပူဇိတော၊ ပူဇော်အပ်သည်။ ဘဝိဿာမိ၊ ဖြစ်လေအံ့။ ဣတိ၊ ဤသို့။ ဧတံပိ၊ ဤစကားကိုလည်း။ ဘာသိတံ၊ ဟောတော်မူအပ်၏။ ။ ဘန္တေ နာဂသေန၊ ရှင်နာဂသေနမထေရ်။ ကိန္နုခေါ၊ အကြောင်းအသို့နည်း။ တထာဂတော၊ လာခြင်းကောင်းသောဘုရားသည်။ သံဃရတနတော၊ သံဃာ့ရတနာထက်။ နဘာရိကော၊ မမြတ်လေကောင်းတကား။ နဂရုကော၊ မရိုသေအပ်လေကောင်းတကား။ နဒက္ခိဏေယျော၊ မြတ်သောအလှူကို မခံထိုက်လေကောင်းတကား။ အယံတထာဂတော၊ ဤလာခြင်းကောင်းသောဘုရားသည်။ သကာယမာတုစ္ဆာယ၊ မိမိ၏မိထွေးတော်သည်။ သယံ၊ ကိုယ်တိုင်။ ပိဉ္ဇိတံ၊ ကြိတ်အပ်သော။ သယံ၊ ကိုယ်

တိုင်။ လုဋ္ဌိတံ၊ဖြန့်အပ်သော။ သဃံ၊ ကိုယ်တိုင်။ ပေါထိတံ၊ ဖတ်အပ်သော။ သဃံ၊ ကိုယ်တိုင်။ကန္တိတံ၊ ဝင့်အပ်သော။ သဃံ၊ ကိုယ်တိုင်။ ဝါယိတံ၊ ယက်အပ်သော။ ဝဿိကသာဋိကံ၊ မိုးစမ်းရေခံ သင်္ကန်းကို။ အတ္တနော၊ ကိုယ်တော်မြတ်အား။ဒိယျမာနံ၊ လှူအပ်သည်ကို။သံဃဿ၊ သံဃာတော်အား။ ဒါပေသိ၊ လှူစေသနည်း။

အရှင်ဘုရား၊လာခြင်းကောင်းသောဘုရားရှင်သည် အကယ်၍သံဃာရတနာထက် မြတ်တော်မူသည်ဖြစ်အံ့၊ လွန်သည်ဖြစ်အံ့၊ ထူးသည် ဖြစ်အံ့၊ မိထွေးတော်အား လှူအပ်သည်ရှိသော် အကျိုးရှိသည်ဖြစ်လတ္တံ့ဟု လာခြင်းကောင်းသော ဘုရားသည် သံဃာအား မိုးစမ်းရေခံ သင်္ကန်းကို မလှူစေရာ။ ။အရှင်ဘုရား၊ လာခြင်းကောင်းသောဘုရားသည် ကိုယ်တော်မြတ်ကိုတောင့်တတော်မမူ၊ မှီတော်မမူသည်ဖြစ်၍ မိထွေးတော် လှူအပ်သောမိုးစမ်းရေခံသင်္ကန်းကို သံဃာတော်အား လှူစေသည်တကားဟု ဆိုသော်—

**သံဃိကအလှူဂုဏ်တင်လိုသောကြောင့်**·····မင်းကြီး၊ ဘုရားရှင်သည် မိထွေးတော် ဂေါတမီသည် မိုးစမ်းရေခံသင်္ကန်းကိုလှူအပ်သည်ရှိသော် မိထွေးတော်၊ သံဃာတော်အား လှူလေ၊ ငါဘုရားကိုရင်း, သံဃာကိုရင်း ပူဇော်အပ်သည်ဖြစ်လတ္တံ့ဟု ဟောတော်မူအပ်သောစကားသည် ရှိ၏၊ မင်းကြီး၊ ထိုစကားကို ကိုယ်တော်မြတ်အား လှူသော် အကျိုးမရှိသည်၏ အဖြစ်ကြောင့် ဟောတော်မူအပ်သည်မဟုတ်၊ မြတ်သောအလှူကိုခံတော်မမူထိုက်သောကြောင့် ဟောတော်မူအပ်သည်လည်း မဟုတ်၊ မင်းကြီး၊ စင်စစ်သော်ကား အစီးအပွါးကိုအလိုရှိသည်၏အဖြစ်ကြောင့် သနားတော်မူသောကြောင့် လာလတ္တံ့သောလူအပေါင်းတို့သည် ငါ့ပရိနိဗ္ဗာန်လွန်တော်မူသည်ဖြစ်အံ့၊ သံဃာတော်ကို အရိုအသေ အံ့လေးအမြတ်ပြုခြင်းသည် ဖြစ်ပါလတ္တံ့ဟု ထင်ရှား ရှိတော်မူစဉ် တပည့်တော်တို့၏ ဂုဏ်ကျေးဇူးကိုလျှင် ကြားတော် မူလိုသည်ဖြစ်၍ မိထွေးတော်၊ သံဃာတော်အား လှူအပ်သည်ရှိသော် ငါဘုရားကိုရင်း, သံဃာကိုရင်း ပူဇော်အပ်သည်ဖြစ်လတ္တံ့ဟူသော စကားကို မိန့်တော်မူ၏၊ မင်းကြီး၊ ဥပမာသော်ကား အစိုးရသောမင်းသည် ထင်ရှား ရှိစဉ်လျှင် အ

မတ်, သူရင်ဌါး, ဗိုလ်ရ, တံခါးစောင့်, မြင်းစီး, ဆင်စီးသူရဲ,ခြေရင်းအမှုလုပ်သောသူတို့၏အလယ်၌နေလျက် သား၏ထင်ရှားရှိသောဂုဏ်ကျေးဇူးကိုသာလျှင် လူအပေါင်းတို့၏အလယ်၌ ပူဇော်အပ်သောသူဟူ၍ ထင်ရှားစွာကြားသကဲ့သို့ ထို့အတူ မင်းကြီး၊ လာခြင်းကောင်းသောဘုရားသည် လာလတ္တံ့သော လူအပေါင်းအား အကျိုးဖြစ်စိမ့်သောငှါ သနားတော်မူသဖြင့် ငါ ပရိနိဗ္ဗာန်လွန်တော်မူသဖြင့် အရှိအသေဖြစ်ပါလတ္တံ့ဟု ထင်ရှားရှိတော်မူစဉ် တပည့်တော်တို့၏ ဂုဏ်ကျေးဇူးကိုကြားတော်မူလို၍၊ "သံဃေ ဂေါတမိ ဒေဟိ၊ သံဃေ ဒိန္နေ အဟဉ္စေဝ ပူဇိတော ဘဝိဿာမိ သံဃော စာတိ"။ ။ဟု မိန့်တော်မူသတည်း။ ။ မင်းကြီး၊ ထိုမျှသောမိထွေးရေခံ သင်္ကန်းကို လှူကာမတ္တဖြင့် သံဃာတော်သည် လာခြင်းကောင်းသော ဘုရားထက် လွန်မြတ်သောမည်သည်မဖြစ်၊ ထူးသောမည်သည်မဖြစ်၊ မင်းကြီး၊ ဥပမာသော်ကား မိခင်ဘခင်တို့သည် သားတို့အား အဝတ်ပေးကမ်းခြင်း,ဖုံးလွှမ်းခြင်း, အဘန်တလဲလဲ သုံးသပ်ခြင်း, ခြေလက်ဆုပ်နယ်ခြင်း အဖြစ်တို့ကို ပြုကြကုန်၏၊ မင်းကြီး၊ စင်စစ်သော်ကား ထိုမျှလောက်သော အမှုတို့ကိုပြုကာမတ္တဖြင့် သားသည် မိခင်ဘခင်တို့ထက် လွန်မြတ်သည် ထူးသည်မည်ရာသလောဟုဆိုသော် အရှင်ဘုရား။ ထိုသို့မိခင်ဘခင်တို့ ဆုပ်နယ်ခြင်းအစရှိသည်တို့ကို ပြုကာမျှဖြင့် သားသည် မိခင်ဘခင်တို့ထက် မြတ်၏၊ထူး၏ဟုမဆိုသာချေဟုဆို၏ မင်းကြီး၊ သားတို့ကို မိခင်ဘခင်တို့သည် အလိုမတူဘဲလျက် အဝတ်ပေးကမ်းခြင်း,သုံးသပ်ခြင်း, ရေချိုးခြင်း, ခြေလက်ဆုပ်နယ်ခြင်းတို့ကို ပြုကုန်သကဲ့သို့ ထို့အတူ မင်းကြီး၊ ထိုမျှလောက်သော မိထွေးရေခံသင်္ကန်း လှူကာမတ္တဖြင့် သံဃာတော်သည် လာခြင်းကောင်းသောဘုရားထက် လွန်မြတ်သောမည်သည် ထူးသောမည်သည် မဖြစ်၊ မင်းကြီး၊ စင်စစ်သော်ကားလာခြင်းကောင်းသောဘုရားသည် မိထွေးတော်လှူသော မိထွေးရေခံသင်္ကန်းကို သံဃာတော်အား အလိုမတူဘဲလျက်ပြုတော်မူ၍ လှူစေ၏။

မင်းကြီး၊ဥပမာသော်ကား တစုံတယောက်သော ယောကျ်ားသည် အစိုးရသောမင်း၏ အလို့ငှါ လက်ဆောင်ယူခဲ့၏၊ ထိုလက်ဆောင်ကို အစိုးရသောမင်းသည်တယောက်ယောက်သော သူရင်ဌါး,ဗိုလ်,စစ်သူကြီး, ပုရောဟိတ်အား ပေးပြားအံ့၊ မင်းကြီး၊ထိုသူသည် ထိုမျှလောက်

သော လက်ဆောင်ကို ရကာမတ္တဖြင့် အစိုးရသောမင်းထက် မြတ်သည် မည်သည် ဖြစ်ရာသလော၊ ထူးရာသလောဟုဆိုသော် အရှင်ဘုရား၊ မင်းထက်မမြတ်ရာချေ၊အရှင်ဘုရား၊ ထိုသူတို့သည် မင်းခယောက်ျား တို့တည်း၊မင်းကိုမှီ၍ အသက်မွေး သောအရာ၌တည်စေ၍ အစိုးရသော မင်းသည် လက်ဆောင်ကို ပေးသနားသတည်းဟုဆို၏၊ မင်းကြီး၊ ထို့အတူ ထိုမှလောက်သော မိုးယံရေခံသက်နှးကို လှူစေကာမှဖြင့် သံဃာတော်သည် လာခြင်းကောင်းသော ဘုရားထက် မြတ်သည်၊ ထူးသည်၊လွန်သောမည်သည် မဖြစ်ရာချေ၊စင်စစ်သော်ကား မင်းကြီး၊ သံဃာတော်သည် ဘုရားရှင်၏သူရင်းငှါးတည်း၊လာခြင်းကောင်းသော ဘုရားကိုမှီ၍ အသက်မွေးသောအရာ၌ တည်စေသည်ဖြစ်၍ လာခြင်း ကောင်းသော ဘုရားလည်း သံဃာတော်အား မိုးယံရေခံသက်နှးကို လှူစေ၏။ ။မင်းကြီး၊တနည်းသော်ကား ဘုရားရှင်၏အကြံတော်သည် သံဃာတော်ကို သဘောအားဖြင့် ပူဇော်အပ်၏ဟု အကြံတော်ရှိသည် ဖြစ်၍ ငါ၏ဥစ္စာဖြင့် သံဃာတော်ကို တဘန်ပူဇော်စေအံ့ဟု သံဃာ တော်အား မိုးယံရေခံသက်နှးကို လှူစေ၏၊မင်းကြီး၊ ဘုရားရှင်သည် ကိုယ်တော်အားသာလျှင် အဘန်တလဲလဲပူဇော်ခြင်းကိုချီးမွမ်းတော်မမူ၊ စင်စစ်သော်ကား လောက၌အကြင်သူတို့သည် အဘန်တလဲလဲပူဇော် ခြင်းငှါထိုက်ကုန်၏၊ထိုသူတို့အားလည်း အဘန်တလဲလဲ ပူဇော်ခြင်းကို ဘုရားရှင်သည် ချီးမွမ်းတော်မူပေ၏။

မင်းကြီး၊နတ်ထက်တို့ထက် နတ်မြတ်ဖြစ်တော်မူသော ဘုရားရှင် သည် မဇ္ဈိမနိကာယ်ဒေသနာ ဓမ္မဒါယာဒ သုတ္တန်၌ ရောင့်ရဲလွယ် သောအကျင့်၏အဖြစ်ကို ကြားတော်မူသဖြင့် ငါသည်ရှေးဦးစွာသော ရဟန်းတို့ကို ပူဇော်အပ်သည်လည်းဖြစ်၏၊ ချီးမွမ်းအပ်သည်လည်း ဖြစ်၏ဟုဟောတော်မူအပ်၏၊ မင်းကြီး၊လောကသုံးပါးတို့တွင် တစုံ တယောက်သော သတ္တဝါသည် လာခြင်းကောင်းသောဘုရားရှင်ထက် မြတ်သောအလှူကို ခံထိုက်၏ဟူ၍၎င်း၊မြတ်၏ဟူ၍၎င်း၊ ထူး၏ဟူ၍၎င်း မရှိ၊ မင်းကြီး၊ သံယုတ္တနိကာယ်၌ ဂါမိကနတ်သားသည် ဘုရားရှင်ရှေ့ တော်၌ရပ်၍ နတ်လူတို့၏အလယ်၌နေလျက် ရာဇဂြိုဟ်ပြည်၌ရှိသော တောင်တို့တွင် ဝေပုလ္လတောင်သည်မြတ်၏၊ဟိမဝန္တာ တောင်တို့တွင် သေတမည်သော တောင်သည်မြတ်၏၊ကောင်းကင်သွားသော လ,နေ,

နက္ခတ်တာရာအပေါင်းတို့တွင် နေမိမာန်သည်မြတ်၏၊ မြစ်အပေါင်းတို့တွင် သမုဒ္ဒရာသည် မြတ်၏၊ နက္ခတ်အပေါင်းတို့တွင် လမိမာန်သည် မြတ်၏၊ နက္ခတ်နှင့်တကွသော လူအပေါင်းထက် ဘုရားသည်မြတ်၏၊ မင်းကြီး၊ ဂါမိကနတ်သားဆိုအပ်သော စကားသည် ကောင်းသောဆိုခြင်း ဖြစ်၏၊မကောင်းသော စကားမဟုတ်ချေဟု မြတ်စွာဘုရားသည် ဟောတော်မူအပ်သည်ဖြစ်၏။

မင်းကြီး၊ နတ်တကာတို့ထက် နတ်မြတ်ဖြစ်တော်မူသော ဘုရားရှင်သည် ချစ်သားရဟန်းတို့၊ လောကၡတယောက်သော ပုဂ္ဂိုလ်မြတ်ဖြစ်တော်မူသည်ရှိသော် များစွာသော သူတို့၏စီးပွါး ချမ်းသာခြင်းငှါ လောကကိုသနားတော်မူလိုသောငှါ နတ်လူတို့၏ အစီးအပွါးများခြင်း ချမ်းသာခြင်းငှါ ဖြစ်တော်မူ၏၊ ထိုတယောက်သော ပုဂ္ဂိုလ်သည် အဘယ်နည်းဟူမူကား သစ္စာလေးပါးတရားတို့ကို အကြွင်းမရှိသိတော်မူသောလာခြင်းကောင်းသော ဘုရားတည်းဟုဆိုသော် အရှင်ဘုရား၊ ဤစကားကိုကောင်းပြီဟု တကာတော်ဝန်ခံပါ၏ဟု ဝန်ခံလေ၏။

ဝေါတမိတ္တေဒါနပဥှာပြီး၏။

---

## ၁၄၀။ ဂိဟိ ပဗ္ဗဇိတသဿသမ္မာပဋိပတ္တိပဥှာ

**ရဟန်းတော်များနှင့် ထူးခြားချက်**......မိလိန္ဒမင်းသည် အရှင်ဘုရား၊ ဘုရားရှင်သည် ချစ်သားရဟန်းတို့၊ငါဘုရားသည် ကောင်းသောအကျင့်နှင့်ပြည့်စုံသော ပုဂ္ဂိုလ်ကို အိမ်ရာထောင်သော လူအားရင်း၊ အိမ်ရာထောင်သော လူ၏ ဘောင့်မှ ထွက်မြောက်၍ ရဟန်းဖြစ်သောသူအားရင်း၊ ချီးမွမ်းတော်မူ၏၊ ချစ်သားရဟန်းတို့၊ အိမ်ရာထောင်သော လူအပေါင်းသည်ရင်း, ရဟန်းသည့်ရင်း လောကီသမာပတ် လောကုတ္တရာ သမာပတ်သို့ ရောက်ကြောင်း အကျင့်ကို ကောင်းစွာကျင့်သည်ဖြစ်အံ့၊ နှစ်ပါးစုံသော ကုသိုလ်အကျင့်တရားကိုနှစ်သက်ခြင်းရှိတော်မူသည်ဖြစ်၏ဟု ဤစကား ကိုလည်း ဟောတော်မူအပ်၏။

ဘန္တေ နာဂသေန ဘာသိတမ္ပေတံ ဘဂဝတာ ဂိဟိနော ဝါဟံ ဘိက္ခဝေ ပဗ္ဗဇိတဿဝါ သမ္မာ ပဋိပတ္တိံ ဝဏ္ဏေမိ၊

ဂိဟိဝါဓိဘိက္ခုဝေပဗ္ဗဇိတောဝါ သမ္မာပဋိပန္နော သမ္မာပဋိပတ္တိ
ပတ္တာဓိ ကရဏံ အာရာဓကော ဟောတိ၊ ဉာယံဓမ္မံကုသ
လန္တိ။ ။ဟူသည်တည်း။

ဘန္တေနာဂသေန၊ ရှင်နာဂသေနမထေရ်၊ ဘဂဝတာ၊မြတ်စွာဘုရား
သည်။ ဘိက္ခဝေ၊ ရဟန်းတို့၊ အဟံ၊ ငါဘုရားသည်။ သမ္မာပဋိပတ္တိံ၊
ကောင်းသော အကျင့်ရှိသောပုဂ္ဂိုလ်ကို။ ဂိဟိနောဝါ၊ လူဖြစ်သောသူ
အားရင်း။ ပဗ္ဗဇိတဿဝါ၊ ရဟန်းအားရင်း။ ဝဏ္ဏေမိ၊ ချီးမွမ်းတော်မူ၏။
ဘိက္ခဝေ၊ ရဟန်းတို့။ အဟံ၊ ငါဘုရားသည်။ဂိဟိဝါ၊ လူသည်ရင်း။
ပဗ္ဗဇိတောဝါ၊ ရဟန်းသည်ရင်း။ သမ္မာပဋိပတ္တိံ၊ လောကီသမာပတ်
လောကုတ္တရာသမာပတ်သို့။ ပတ္တာဓိကရဏံ၊ ရောက်ကြောင်း အကျင့်
ကို။ သမ္မာပဋိပန္နော၊ ကောင်းစွာ ကျင့်သည်ဖြစ်အံ့။ ဉာယံ၊နှစ်ပါးစုံ
သော။ ကုသလံဓမ္မံ၊ ကုသိုလ်အကျင့်တရားကို။ အာရာဓကော၊ ငါဘုရား
နှစ်သက်တော်မူသည်။ ဟောတိ၊ဖြစ်၏။ ဣတိ၊ ဤသို့။ ဇောတိ၊ ဤစကား
ကိုလည်း။ ဘာသိတံ၊ ဟောတော်မူအပ်၏။

အရှင်ဘုရား၊အကယ်၍ဖြူစင်သောအဝတ်ကိုဝတ်လျက် ကာမဂုဏ်
ချမ်းသာကို ခံစားလျက် သားမယားနှင့် တကွ ကျဉ်းမြောင်းစွာ နေ
လျက် ကာသိကရာဇ်ပုဆိုးကိုဝတ်၍ စန္ဒကူးနံ့သာကို ခံစားသုံးဆောင်
လျက် ပန်းနံ့သာ နံ့သာပျောင်းကိုဆောင်လျက် ရွှေငွေရတနာကို
သာယာလျက် ပတ္တမြားနားဒောင်း ဆန်းကြယ်သော ဥဿျောင်ကိုထုံး
လျက်လူဖြစ်သောသူသည်နှစ်ပါးသောလောကီကုသိုလ် လောကုတ္တရာ
ကုသိုလ်ကို ကျင့်သည် ဖြစ်အံ့၊ ဘုရားရှင် နှစ်သက်တော်မူသည်ဖြစ်
၏။ ။အရှင်ဘုရား၊ ဖန်ရည်စွန်းသော သင်္ကန်းကိုဝတ်လျက်သူတပါး
သည် လှူအပ်သောဆွမ်းကိုမှီ၍ အသက်မွေးရသော ရဟန်းသည်
သီလက္ခန္ဓ တရားလေးပါးတို့၌ ကောင်းစွာ ပြည့်စုံစေလေ့ရှိ၍ တရာ့
ငါးဆယ်သောသိက္ခာပုဒ်တို့၌ ဆောက်တည်၍ကျင့်လျက် တဆဲ့သုံးပါး
သောဓုတင်အကျင့်ကိုမကြွင်းမကျန်ပြည့်စုံစေ၍ နှစ်ပါးသော လောကီ
လောကုတ္တရာ ကုသိုလ်အကျင့်ကို ကောင်းစွာကျင့်သည်ဖြစ်အံ့၊ ဘုရား
ရှင်နှစ်သက်ခြင်းရှိတော်မူသည်ဖြစ်၏၊ အရှင်ဘုရား၊ ထိုစကား၌ လူဖြစ်
သောသူအားရင်း, ရဟန်းအားရင်း, အထူးအဘယ်သို့ ရှိရာသနည်း၊
အရှင်ဘုရား၊ ရဟန်း၏အဖြစ်သည်ထူးသော အကျိုးမရှိခဲ့သော် ကျင့်

သော ကုသိုလ်တရားသည် အကျိုးမရှိ၊ မြုံသည်ဖြစ်ရာ၏၊ သိက္ခာပုဒ်တော်ကိုစောင့်စည်းခြင်းသည် အချည်းနှီးဖြစ်ရာ၏၊ ခုတင်ကိုဆောက်တည်ခြင်းသည်အဘယ်အကျိုးရှိလေသနည်း၊ အစဉ်အတိုင်း ကျင့်အပ်သဖြင့်ဆင်းရဲရာ၏၊ နှုတ်ဖြင့်သာလျှင်ရဟန်းဟူ၍ အရေအတွက်သို့သာရောက်ရာသည်မဟုတ်လောဟုဆိုသော်—

မင်းကြီး၊ ဘုရားရှင်သည် ချစ်သား ရဟန်းတို့၊ ငါဘုရားသည် လူဖြစ်သော်ရင်း ရဟန်းဖြစ်သော်ရင်း ကောင်းသော အကျင့်ရှိသော ပုဂ္ဂိုလ်ကို ချီးမွမ်းတော်မူအပ်၏၊ ချစ်သား ရဟန်းတို့၊ လူသည်ရင်း ရဟန်းသည်ရင်း လောကီလောကုတ္တရာ သမာပတ်သို့ရောက်ကြောင်းအကျင့်ကိုကောင်းစွာကျင့်လေ့ရှိအံ့၊ နှစ်ပါးစုံသော ကုသိုလ်နှင့်ပြည့်စုံသောသူကို နှစ်သက်ခြင်းရှိတော်မူ၏ဟု ဟောတော်မူ၏။ မင်းကြီး၊ ကောင်းသောအကျင့်ရှိသော ပုဂ္ဂိုလ်သည်ဘုရားရှင်သည် ချီးမွမ်းအပ်သောသူဖြစ်၏၊ မင်းကြီး၊ ရဟန်းဖြစ်သော်လည်း ငါသည်ဘုရားသားဟူ၍ကောင်းသောအကျင့်နှင့် မပြည့်စုံသည်ဖြစ်အံ့၊ စင်စစ်သော်ကား ထိုပုဂ္ဂိုလ်သည်ရဟန်း၏ အဖြစ်မှဝေး၏၊ မြတ်သော အဖြစ်မှဝေး၏၊ မင်းကြီး၊ ဖြူသောအဝတ်ကို ဝတ်သောလူပင်ဖြစ်သော်လည်း လောကီကုသိုလ်လောကုတ္တရာကုသိုလ်ကို ကောင်းစွာကျင့်သည်ဖြစ်အံ့၊ ဆိုရာမရှိ၊ ဘုရားနှစ်သက်တော်မူသည်သာဖြစ်၏၊ မင်းကြီး၊ ရဟန်းဖြစ်သောသူသည်လည်း နှစ်ပါးစုံသောကုသိုလ်အကျင့်ကို ကောင်းစွာကျင့်သည်ဖြစ်အံ့၊ ဘုရားနှစ်သက်တော်မူသည်သာတည်း၊ မင်းကြီး၊ စင်စစ်သော်ကား ရဟန်းဖြစ်သောသူသာလျှင် ရဟန်း၏အဖြစ်၌အစိုးရ၏၊ အကြီးအမှူးဖြစ်၏၊ မင်းကြီး၊ ရဟန်း၏အဖြစ်သည် တပါးမကများစွာသောဂုဏ်ကျေးဇူးရှိ၏၊ နှိုင်းရှည့်စရာမရှိ၊ ရဟန်း၏ဂုဏ်ကျေးဇူးကို နှိုင်းရှည့်ခြင်းကိုပြုအံ့သော၌ါမတတ်နိုင်ရာ၊ မင်းကြီး၊ ဥပမာသော်ကား ခပ်သိမ်းစုံလုံတို့၏ အကြင်အလိုကို ပေးတတ်သော ပတ္တမြားရတနာ၏ အဘိုးကို တစုံတခုသောဥစ္စာဖြင့် ပတ္တမြားရတနာ၏အဘိုးသည် ဤမျှထိုက်၏ဟူ၍ နှိုင်းရှည့်ခြင်းကို ပြုအံ့သော၌ါ မထိုက် မတတ်နိုင်ရာသကဲ့သို့ ထို့အတူ မင်းကြီး၊ ရဟန်း၏အဖြစ်သည် များစွာကျေးဇူးရှိပေ၏၊ ရဟန်း၏ဂုဏ်ကျေးဇူးကို ဤရွေ့ ဤမျှရှိ၏ဟု နှိုင်းရှည့်အံ့သော၌ါ မတတ်နိုင်ရာ။

မင်းကြီး၊ ဥပမာတနည်းသော်ကား မဟာသမုဒ္ဒရာ၌ တံပိုးကို ဤ၌ရှေ့ဤမျှရှိ၏ဟု ရေတွက် နိုင်းရှည့်အံ့သောငှါ မတတ်နိုင်သကဲ့သို့ မင်းကြီး၊ ထို့အတူ ရဟန်း၏အဖြစ်သည့် များသော ကျေးဇူးရှိ၏၊ ဤ၌ရှေ့ဤမျှရှိ၏ဟု မရေမတွက်နိုင်ရာ၊ ရဟန်း၏ ကျေးဇူးကိုနှိုင်းရှည့်ခြင်းပြုအံ့သောငှါ မတတ်စကောင်း၊ မင်းကြီး၊ ရဟန်းပြုသောသူအား တစုံတယောက်သောသူသည် ကုသိုလ်တရားကိုပြုလိုအံ့၊ ထိုအလုံးစုံသောကုသိုလ်သည် နေ့ရက်မကြာ လျင်စွာပြည့်စုံသည်ဖြစ်၏၊ မင်းကြီး၊ အဘယ့်ကြောင့်နည်းဟူမူကား ရဟန်းဖြစ်သော သူသည် အလိုနည်းသည်၊ ရောင့်ရဲလွယ်သည်၊ ဆိတ်ငြိမ်ခြင်းသို့ကပ်သည်၊ လူနှင့်မရောနှောသည်၊ အားထုတ်ခြင်းရှိသည်၊ တပ်ခြင်းကင်းသည်၊ နေရာအတည်မရှိသည်၊ ပြည့်စုံသောသီလရှိသည်၊ ခေါင်းပါးသောအကျင့်ရှိသည်၊ ဓုတင်အကျင့်ကို ကျင့်သည်ဖြစ်၍ ရဟန်းအား တစုံတရ ပြုဘွယ်သည် ရှိအံ့၊ ထိုအလုံးစုံသောပြုဘွယ်ကိစ္စသည်လျင်စွာပြည့်စုံ၏၊ နေ့ရက်မကြာဟု ဆိုသော် အရှင်ဘုရား၊ ဤစကားကိုကောင်းပြီဟူ၍ တကာတော် ဝန်ခံပါ၏ဟု ဝန်ခံလေ၏။

ဂိဟိပဗ္ဗဇိတသဿသမ္မာပဋိပတ္တိပဉှာပြီး၏။

---

## ၁၄၁။ ပဋိပဒါဒေါသပဉှာ

**ဒုက္ကရစရိယာပြဿနာ**......မိလိန္ဒမင်းသည် အရှင်ဘုရား၊ အကြင်အခါ ဘုရားလောင်းသည် ပြုနိုင်ခဲသော ကျင့်နိုင်ခဲသော ဒုက္ကရစရိယာ အကျင့်ကိုကျင့်တော်မူ၏၊ ဒုက္ကရစရိယာ အကျင့်ကိုထား၍ အားထုတ်အပ်သော တပါးသော အကျင့်မည်သည်မရှိ၊ ကိလေသာကို စစ်ထိုးလိုခြင်း၊ မာရ်စစ်သည်ကို နှိမ်နင်းဖျက်ဆီးလိုခြင်းကို ပြုတော်မူလို၍အာဟာရကို သိမ်းဆည်းခြင်းအမှုမရှိသည်ဖြစ်၍ ဒုက္ကရစရိယာ အကျင့်ကို ကျင့်တော်မူ၏၊ ဤသို့သောအကျင့်ကို အားထုတ်တော်မူခြင်း၌ တစုံတခုမျှ သာယာခြင်းကိုရတော်မမူသည်ဖြစ်၍ ထိုအားထုတ်သောစိတ်ကို လျော့တော်မူ၍ ချစ်သားရဟန်းတို့၊ ငါဘုရားသည် ဆင်းရဲငြိုငြင်သော ဒုက္ကရစရိယာ အကျင့်ဖြင့် မြတ်သောဉာဏ်အမြင်ဖြင့် မြင်ခြင်းငှါထိုက်သော ဉတ္တရိ

မနုဿဓမ္မတရားအထူးကိုမရနိုင်ချေသေး၊ သဗ္ဗညုတဉာဏ်ကို ရခြင်း၏ တပါးသောအကြောင်းသည်ဖြစ်ရာ သလောဟု အကြံရှိတော်မူ၏၊ ထိုဒုက္ကရစရိယာအကျင့်မှငြီးငွေ့၍ တပါးသောအကြောင်းဖြင့် သဗ္ဗညုတဉာဏ်တော်သို့ရောက်၏။ ။တဘန်လည်းထိုသို့သောလုံ့လ အကျင့်တရားဖြင့် ချစ်သားရဟန်းတို့၊ ငါဘုရားသာသနာတော်၌ အားထုတ်ကြကုန်၊ ကိလေသာမှထွက်ကြကုန်၊ လုံ့လပြုကြကုန်၊ ဥပမာသော်ကား ဆင်ပြောင်ကြီးသည် ကျူထရံကို နင်းနယ်သကဲ့သို့ သေမင်း၏စစ်သည်အပေါင်းကို ဖျက်ဆီးကြကုန်ဟု ဆုံးမသွန်သင် ဟောတော်မူအပ်၏။

ဘဂ္ဂေနာဂသေန ယဒါဗောဓိသတ္တော ဒုက္ကရ ကာရိကံ အကာသိ၊ နေတာဒိသော အညတြ အာရမ္ဘော အဟောသိ နိက္ကမောကိလေသယုဒ္ဓံ မစ္စုသေန ဝိဓမနံ အာဟာရပရိဂ္ဂဟော ဒုက္ကရကာရိကံ ဧဝရူပေ ပရက္ကမေ ကိဉ္စိ အဿာဒံ အလဘိတွာ တမေဝ စိတ္တံ ပရိဟာပေတွာ ဧဝမဝေါစ၊ နခေါ ပနာဟံ ဣမာယကဋုကာယ ဒုက္ကရကာရိကာယ အဓိဂစ္ဆာမိ ဥတ္တရိမနုဿဓမ္မံ အလမရိယဉာဏဒဿနဝိသေသံ၊ သိယာ နုခေါ အညော မဂ္ဂေါ ဗောဓိယာတိ။ တတော နိဗ္ဗိန္ဒိတွာ အညေနမဂ္ဂေန သဗ္ဗညုတံပတ္တော။ ။ပုနစ တာယပဋိပဒါယ သာဝကေ အနုသာသတိ၊သမာဒပေတိ။

အာရမ္ဘထနိက္ခမထ၊ယုဉ္စထ ဗုဒ္ဓသာသနေ။

ဓုနာထ မစ္စုနောသေနံ၊ နဠာဂါရံဝကုဉ္ဇရောတိ။

ဟူသည်တည်း။

ဘဂ္ဂေနာဂသေန၊ ရှင်နာဂသေနမထေရ်။ ယဒါ၊ အကြင်အခါ၌။ ဗောဓိသတ္တော၊ ဘုရားလောင်းသည်။ ဒုက္ကရကာရိကံ၊ ပြုခဲလှစွာသော ဒုက္ကရစရိယာအံ့မှုကို။ အကာသိ၊ပြု၏။ တဒါ၊ ထိုအခါ၌။ ဧတာဒိသော၊ ထိုသို့သဘောရှိသောအကျင့်ကို။အညတြ၊ဥပေတွာ၊ထား၍။အာရမ္ဘော၊ အားထုတ်အပ်သော အကျင့်မည်သည်။ နအဟောသိ၊ မဖြစ်။ကိလေသယုဒ္ဓံ၊ကိလေသာကို စစ်ထိုးခြင်းကိုရင်း။ မစ္စုသေနဝိဓမနံ၊ သေမင်း၏စစ်သည်ကိုဖျက်ဆီးခြင်းကိုရင်း။ကတွာ၊ ပြုတော်မူလို၍။အာဟာရပရိဂ္ဂဟော၊ အာဟာရကို သိမ်းဆည်းခြင်းသည်။ နိက္ကမော၊ အမှုမရှိသည်။

ဟုတ္တွာ၊ဖြစ်၍၊ဒုက္ကရကာရိကံ၊ဒုက္ကရစရိယာအကျင့်တော်ကို။အကာသိ၊ ပြုတော်မူ၏။ဧဝရူပေ၊ဤသို့သဘောရှိသော။ ပရက္ကမေ၊အား ထုတ်ခြင်း၌။ ကိဉ္စိအဿာဒံ၊ တစုံတခုမိုးစဉ်းမျှသောသာယာခြင်းကို။ အလဘိတွာ၊ ရတော်မမူသည်ဖြစ်၍။ တမေဝစိတ္တံ၊ ထိုအားထုတ်သောစိတ်တော်ကို လျှင်။ ပရိဟာပေတွာ၊ ယုတ်လျော့စေ၍။ ဘိက္ခဝေ၊ရဟန်းတို့။ ခေါ်ပန်၊ စင်စစ်သော်ကား၊အဟံ၊ငါဘုရားသည်။ကဒု ကြာယ၊ဆင်းရဲလှစွာသော။ ဣမာယဒုက္ကရကာရိကာယ၊ ဤဒုက္ကရစရိယာအကျင့်ဖြင့်။ ဥတ္တရိမနုဿဓမ္မံ၊ လူတို့၏ကုသိုလ်ကမ္မပထတရားထက် လွန်သော။ အလမရိယ ဉာဏဒဿနဝိသေသံ၊ အရိယမဂ်ကိုမြင်ခြင်း၌ စွမ်းနိုင်သောဉာဏ် အထူးကို။ နအဓိဂစ္ဆာမိ၊ မရနိုင်ချေသေး။ မေ၊ ငါ့အား။ ဗောဓိယာ၊ သဗ္ဗညုတဉာဏ်၏။ မဂ္ဂေါ၊ အကြောင်းသည်။ အညော၊ တပါးသည်။ သိယာနုခေါ၊ ရှိသလော။ ဣတိဧဝံ၊ ဤသို့။ အဝေါစ၊ မိန့်တော်မူ၏။ တတော၊ ထိုဒုက္ကရစရိယာ အကျင့်မှ။ နိဗ္ဗိန္ဒိတွာ၊ ငြီးငွေ့တော်မူ၍။ အညေန၊ တပါးသော။ မဂ္ဂေန၊ အကြောင်းဖြင့်။ သဗ္ဗညုတံ၊ သဗ္ဗညု အဖြစ်သို့။ပတ္တွာ၊ ရောက်တော်မူ၏။ပုန၊ တဖန်လည်း။ တာယပဋိ ပဒါယ၊ ထိုသို့သောလုံ့လအကျင့်ဖြင့်။သာဝကေ၊ တပည့်တော်တို့ကို။ အနုသာသတိ၊ ဆုံးမတော်မူ၏။ သမာဒပေတိ၊ ဆောက်တည်စေတော် မူ၏။ ။ဘိက္ခဝေ၊ ရဟန်းတို့။ တုမှေ၊ သင်တို့သည်။ ဗုဒ္ဓသာသနေ၊ ငါဘုရားသာသနာတော်၌။ အာရဘထ၊ အားထုတ်ကြကုန်လော့။ နိက္ခမထ၊ကိလေသာမှ ထွက်မြောက်ကြကုန်လော့။ယုဉ္ဇထ၊လုံ့လပြုကြ ကုန်လော့။ကုဉ္ဇရော၊ ဆင်ပြောင်သည်။ နဠာဂါရံ၊ ကျူထရံကို။ဓုနာတိ ဣဝ၊ နင်းနယ်သကဲ့သို့။ မစ္စုနော၊ သေမင်း၏။ သေနံ၊ဇရာမရဏာအစ ရှိသော စစ်သည်ကို။ဓုနာထ၊ဖျက်ဆီးကုန်လော့၊ဣတိ၊ဤသို့။ အနုသာ သတိ၊ဆုံးမတော်မူ၏။သမာဒပေတိ၊ကောင်းစွာဆောက်တည်စေတော် မူ၏။

အရှင်ဘုရား၊ အဘယ်အကြောင်းကြောင့် လာခြင်းကောင်းသော ဘုရားရှင်သည် အကြင်လုံ့လအားထုတ်သောအကျင့်၌ ကိုယ်တော်မြတ် ငြီးငွေ့တော်မူလေသနည်း၊ စက်ဆုပ်ဘော်မူလေသနည်း အဘယ် အကြောင်းကြောင့် ထိုလုံ့လအားထုတ်သော အကျင့်၌ တပည့်တော် တို့ကို ဆုံးမတော်မူသနည်း၊ ဆောက်တည် စေတော်မူသနည်း၊

ထိုအခါ၌ရင်း, ဤယခုအခါ၌ရင်း, ထိုလို့လအားထုတ်သော အကျင့်၌သာလျှင် အကျင့်ကိုကျင့်၍ ဘုရားလောင်းသည် သဗ္ဗညုအဖြစ်သို့ ရောက်တော်မူသည်မဟုတ်လောဟုဆိုသော်—

မင်းကြီး၊ စင်စစ်သော်ကား ဘုရားလောင်းသည် လွန်စွာသော ဝိရိယကို ပြုသည်ရှိသော် အာဟာရကို အကြွင်းမထားသောအားဖြင့် ပိတ်၍ ချုပ်၍နေ၏၊ အာဟာရကို ချုပ်သဖြင့် ဘုရားလောင်း၏ စိတ်သည် အားနည်းသည်ဖြစ်ခဲ့၏၊ ထိုဘုရားလောင်းသည် ထိုသို့ အားနည်းသည်၏အဖြစ်ဖြင့် သဗ္ဗညုအဖြစ်သို့ ရောက်ခြင်းငှါမတတ်နိုင်၊ ထိုဘုရားလောင်းသည် သုံးသပ်အပ်သော ကဗဠီကာရအာဟာရကို မှီဝဲတော်မူသည်ရှိသော် ထိုလို့လတည်းဟူသောအကျင့်ဖြင့်သာလျှင် မကြာမြင့်မီ သဗ္ဗညု၏အဖြစ်သို့ ရောက်တော်မူ၏၊ မင်းကြီး၊ ထိုလို့လ တည်းဟူသောအကျင့်တရားသာလျှင် ခပ်သိမ်းသော လာခြင်းကောင်းသောဘုရားတို့အား သဗ္ဗညုတဉာဏ်ကိုရခြင်းငှါ အကျင့်ဖြစ်ပေ၏၊ မင်းကြီး၊ ခပ်သိမ်းသော သတ္တဝါတို့အား အစာအာဟာရသည် အထောက်အပံ့ဖြစ်၍ အာဟာရကိုမှီကုန်သောသတ္တဝါတို့သည် ချမ်းသာကိုခံစားနိုင်ကုန်၏၊ မင်းကြီး၊ ထို့အတူ ခပ်သိမ်းသောဘုရားတို့အား သဗ္ဗညုတဉာဏ်ကိုရခြင်းငှါ အားထုတ်တော်မူသည်ဖြစ်၏၊ မင်းကြီး၊ ထိုသဗ္ဗညုတဉာဏ်ကိုမရဟူသော အပြစ်သည် အားထုတ်တော် မူခြင်း၏ အပြစ်မဟုတ်၊ တဏှာမှမထွက်မြောက်သေးသည်၏ရင်း, ကိလေသာတည်းဟူသောစစ်ကို မထိုးနိုင်သည်၏ရင်း အပြစ်မဟုတ်၊ လာခြင်းကောင်းသော ဘုရားသည် ထိုဒုက္ကရစရိယာအကျင့်ကို ကျင့်သောကာလ၌ သဗ္ဗညုတဉာဏ်တော်သို့မရောက်၊ စင်စစ်သော်ကား ဤသို့မရောက်သေးသော အပြစ်သည် အစာအာဟာရကို ချုပ်တည်းခြင်း၏ သာလျှင် အပြစ်တည်း။ ။မင်းကြီး၊ ထိုလို့လဟူသော အကျင့်တရားသည် အခါခပ်သိမ်းနှင့်ယှဉ်သောတရားပေတည်း။ ။မင်းကြီး၊ ဥပမာသော်ကား ယောကျ်ားသည် အဓွန့်ရှည်သောခရီးကို လျင်စွာသွားအံ့၊ ထိုသို့လျင်စွာသွားသောကြောင့် ထိုယောကျ်ားသည် ခြေဆွံ့သည်ဖြစ်ရာ၏၊ နားပင်းသည့်ဖြစ်ရာ၏၊ မြေအပြင်၌ ရှေးကာလကဲ့သို့မသွားနိုင်ရာ၊ မင်းကြီး၊ စင်စစ်သော်ကား ထိုယောကျ်ား မသွားနိုင်သောအပြစ်သည် မြေကြီးအား အပြစ်ရှိသလောဟုဆိုသော် အရှင်ဘုရား၊ မြေကြီးသည် အခါ

ခပ်သိမ်းနှင့်စပ်ယှဉ်သည်ဖြစ်၍ အဘယ်မှာ မြေကြီးအား အပြစ်ရှိရာအံ့နည်း၊ လုံ့လလွန်သော ယောက်ျားအားသာလျှင် ခြေဆွံ့ နားပင်းခြင်း အပြစ်သည်ဖြစ်ရာ၏ဟုဆိုသော် မင်းကြီး၊ ထို့အတူ သဗ္ဗညုတ ဉာဏ်တော်ကိုမရသောအပြစ်သည် အားထုတ်ခြင်း၏အပြစ်မဟုတ်၊ ထိုဒုက္ကရစရိယာကျင့်တော်မူသော ကာလ၌ ဘုရားရှင်သည် သဗ္ဗညုတဉာဏ်တော်သို့မရောက်သေး၊ စင်စစ်သော်ကား အာဟာရကိုချုပ်ခြင်း၏သာလျှင် အပြစ်တည်း၊ ထိုလုံ့လဟူသော အကျင့်သည် အခါခပ်သိမ်းနှင့်စပ်ယှဉ်၏။

မင်းကြီး၊ ဥပမာ တနည်းသော်ကား ယောက်ျားသည် ညစ်နွမ်းသောပုဆိုးကိုဝတ်အံ့၊ ထိုယောက်ျားသည် ထိုပုဆိုးကို မဖွပ်မလျှော်အံ့၊ ထိုအပြစ်သည် ရေအားအပြစ်မရှိ၊ ရေသည်အခါခပ်သိမ်းနှင့် စပ်ယှဉ်သည်မည်၏၊ ထိုအပြစ်သည် ယောက်ျားအား သာလျှင် အပြစ်ရှိသကဲ့သို့ မင်းကြီး၊ ထို့အတူ သဗ္ဗညုတဉာဏ်တော်ကိုမရသောအပြစ်သည် လုံ့လအားထုတ်ခြင်း၏အပြစ်မဟုတ်၊ထိုဒုက္ကရစရိယာကျင့်သောကာလ၌ ဘုရားရှင်သည် သဗ္ဗညုတဉာဏ်အဖြစ်သို့ မရောက်၊ ထိုအခါ အစာအာဟာရကို ချုပ်တော်မူခြင်း၏အပြစ်တည်း၊ ထိုလုံ့လဟူသော အကျင့်တရားသည် အခါခပ်သိမ်းနှင့်စပ်ယှဉ်သော အကျင့်တရားတည်း၊ ထိုအကြောင်းကြောင့် လာခြင်းကောင်းသောဘုရားသည်ပင်လျှင် ဘုရားတကာတို့၏အကျင့်နှင့် တပည့်တော်တို့ကို ဆုံးမတော်မူ၏၊ ဆောက်တည်စေတော်မူ၏၊ မင်းကြီး၊ ထိုလုံ့လဟူသော အကျင့်တရားသည် အခါခပ်သိမ်းနှင့်စပ်ယှဉ်သောတရား, အစဉ်အတိုင်း ဆုံးမတော်မူအပ်သောစကားတော်တည်းဟုဆိုသော် အရှင်ဘုရား၊ ဤစကားကိုကောင်းပြီဟု တကာတော်ဝန်ခံပါ၏ဟူ၍ ဝန်ခံလေ၏။

ပဌီပဒါဒေါသပဉှာပြီး၏။

---

## ၁၄၂။ ဟီနာယာဝတ္တနပဉှာ

### လူထွက်မည့်သူကို ရဟန်းပြုပေးသင့်သလော...မိလိန္ဒမင်းသည်

အရှင်ဘုရား၊

လာခြင်းကောင်းသောဘုရားရှင်၏ ဤသာသနာတော်သည် မြတ်သော

အနှစ်သာရရှိ၏၊ အထူးသဖြင့်မြတ်၏၊ အပြားအားဖြင့်လည်း မြတ်၏၊ နှိုင်းရှည့်စရာမရှိ စင်ကြယ်၏၊ အညစ်အကြေးမရှိ ဖြူစင်၏၊ အပြစ်မရှိ သည့်နှင့်ယှဉ်၏၊ထိုမျှလောက် လူသာမညကို ရဟန်းပြုအံ့သော၌ မသင့် စကောင်း၊ တချသောအကျိုးရှိရာ၌ ဆုံးမသွန်သင်ဦး၍ အကြင်အခါ လူ မထွက်သည်ဖြစ်အံ့၊ ထိုအခါ ထိုသူ့ကိုအရှင်ဘုရားတို့သည် ရဟန်းပြု အပ်ပါကောင်း၏တကား၊ အဘယ့်ကြောင့် မကောင်းသောလူတို့သည် စင်ကြယ်သန့်ရှင်းသောဘုရားရှင်သာသနာတော်၌ရဟန်းပြုပြီး၍ တဘန် လူ၏ဘောင်သို့ပြန်၍ လူထွက်ကြကုန်သနည်း၊ ထိုလူယုတ်တို့၏ တဘန် ဒိမ်ရာထောင်သောလူ၏ဘောင်သို့ပြန်သဖြင့် ဤလူအပေါင်းသည်ဘုရား ဂေါတမ၏ သာသနာသည် ဤသို့ဖြစ်ပြန်သတတ်၊ဤလူတို့သည်တဘန် ပြန်လာပြန်၏တကား၊ ဤသာသနာတော်သည် အချည်းနှီးတကားဟု ကြံရာ၏၊ဤအရာ အကြောင်း အဘယ်သို့ရှိရာအံ့နည်းဟုဆိုသော်—

မင်းကြီး၊ ဥပမာသော်ကား ကောင်းစွာရေပြည့်သော သန့်ရှင်းစင် ကြယ် အညစ်အကြေးမရှိ ချမ်းဧသော ရေရှိသော တဘက်ဆည်းကန် သည် ရှိသည်ဖြစ်၏၊ ထိုအခါ ညွှန်အလိမ်းလိမ်း ကပ်သော ကိုယ်ရှိ သော တစုံတယောက်သော ယောကျ်ားသည် ထို တဘက်ဆည်း ကန်သို့ ရောက်၍ ရေမချိုးဘဲ ညစ်နွမ်းသောကိုယ် ရှိလျက်လျှင် ပြန်ခဲ့အံ့၊ မင်းကြီး၊ ထိုအခါလူအပေါင်းသည် အဘယ်သူကို ကဲ့ရဲ့ကုန်သနည်း၊ ယောကျ်ားကိုသော်လည်းကဲ့ရဲ့ရာသလော၊ရေကန်ကိုသော်လည်းကဲ့ရဲ့ ရာ သလောဟုဆိုသော် အရှင်ဘုရား၊ ညစ်နွမ်းသော ကိုယ်ရှိသော ယောကျ်ားကို ဤယောကျ်ားသည် တဘက်ဆည်းကန်သို့ ရောက်၍ ရေ ကိုမချိုးဘဲ ညစ်နွမ်းသောကိုယ်ရှိလျက် ပြန်ခဲ့၏တကားဟု ယောကျ်ား ကိုကဲ့ရဲ့ရာ၏၊ရေကန်အား အဘယ်အပြစ်ရှိအံ့နည်းဟုဆိုသော် မင်းကြီး၊ ထို့အတူ လာခြင်းကောင်းသောဘုရားသည် မြတ်သော ဝိမုတ္တိဟု ဆို အပ်သော ရေဖြင့်ပြည့်သော မြတ်သောသူတော်ကောင်းတရားတည်း ဟူသော တဘက်ဆည်းကန်သို့ရောက်၍ ကိလေသာတည်းဟူသော အညစ်အကြေးကို မဖွပ်လျှော်ဘဲ ညစ်နွမ်းသော ကိလေသာရှိလျက်လျှင် ဒိမ်ရာထောင်သော လူ၏ဘောင်သို့ ပြန်၍ လူထွက်၏၊မင်းကြီး၊ ကိလေ သာတည်းဟူသော အညစ် အကြေးလိမ်းကျံသော စိတ်စေတနာရှိကုန် သော အကြင်သူတို့သည် ပညာရှိကုန်၏၊ ထိုပညာရှိသောသူတို့သည်

ဤသာသနာတော် ဟူသော တဘက်ဆည်းကန်၌ ကိလေသာကို ဖွပ်လျှော်၍ ကိလေသာတို့ကို ဖျောက်ကုန်လတ္တံ့ဟု တဘန်ဆည်တော်မူလေ၏၊ မင်းကြီး၊ တစုံတယောက်သော သူသည် မြတ်သောသူတော်ကောင်းတရားတည်းဟူသော တဘက်ဆည်းကန်သို့ရောက်၍ ကိလေသာတည်းဟူသော ရေ၌ မဖျောဘဲလူထွက်အံ့၊ ထိုလူထွက်သော သူကိုသာလျှင် လူအပေါင်းသည် ဤသူကား သာသနာတော်၌ ရဟန်းပြုလျက် ထိုသာသနာတော်၌ ဆောက်တည်ရာကိုမရ၍ လူထွက်လာခဲ့၏ တကားဟု ကဲ့ရဲ့လတ္တံ့၊ မင်းကြီး၊ဘုရားရှင်သာသနာတော်ကို မကျင့်သော ဤလူယုတ်ကို သာသနာတော်မြတ်သည်အလိုလိုအဘယ်သို့တရားကို သိစေနိုင်အံ့နည်း၊ ထိုအပြစ်သည်သာသနာတော်မြတ်အားအဘယ်အပြစ်ရှိပေအံ့နည်း။

**အနာကိုဆေးကုသည့်ပမာ**…… မင်းကြီး၊ ဥပမာ တနည်း သော်ကား ယောကျ်ားသည် အနာနှိပ်စက်ခဲ့အံ့၊ အနာ၏ အကြောင်း၌ လိမ္မာသောအချည်းနှီးမရှိ အမြဲလျှင် အနာကိုငြိမ်းစေတတ်သောအမှုရှိသော ဆေးသမားကိုမြင်၍ ဆေးမကုစေဘဲ အနာနှိပ်စက်လျက် ပြန်လေအံ့၊ထိုအခါ လူအပေါင်းသည် အနာနှိပ်စက်သောသူကိုရင်း, ဆေးသမားကိုရင်း ကဲ့ရဲ့ရာသလောဟု ဆိုသော် အရှင်ဘုရား၊ အနာ၏အကြောင်းကို သိသော လိမ္မာသောဆေးသမားကို မြင်၍မျှဆေးမကုဘဲ အနာနှိပ်စက်လျက် ပြန်လေ၏တကားဟု ထိုနာသောသူကို လူအပေါင်းသည် ကဲ့ရဲ့ရာ၏၊ ဤဆေးသမားကို ဆေးမကုစေဘဲနေခဲ့သော် ဆေးသမားသည် အလိုလို အဘယ့်ကြောင့် ဆေးကုပေးအံ့နည်း၊ ဆေးသမားအား အဘယ်အပြစ်ရှိလေအံ့နည်းဟု ဆိုသော် မင်းကြီး၊ ထို့အတူ လာခြင်းကောင်းသော ဘုရားသည် သာသနာ၏အတွင်း၌အလုံးစုံသော ကိလေသာကိုငြိမ်းစေခြင်း၌ အမြိုက်တည်းဟူသော တရားဆေးကိုတည်တော်မူ၏၊ အကြွင်းအမှတ် မရှိသောစိတ်စေတနာနှင့်ပြည့်စုံသော ပညာရှိတို့သည် ကိလေသာဘည်းဟူသော အနာနှိပ်စက်ခြင်းရှိကုန်သည်ဖြစ်၏၊ ဤအမြိုက် တရားတည်းဟူသော ဆေးကိုသောက်၍ အလုံးစုံသော ကိလေသာတည်းဟူသော အနာကို ငြိမ်းစေကုန်လတ္တံ့၊ မင်းကြီး၊ တစုံတယောက်သော သူသည် အမြိုက်

အရသာတည်းဟူသောဆေးကိုမသောက်မူ၍ ကိလေသာရှိလျက်လျှင် သာသနာတော်မှပြန်၍အကယ်၍လူထွက်အံ့၊ ထိုလူထွက်သော လူကို သာလျှင် ဤသူသည် သာသနာတော်၌ ရဟန်းပြုလျက် ကိုးကွယ် ဆောက်တည်ရာမရ၍ ဒိမိရာထောင်သောလူ၏ဘောင်သို့ ပြန်လေ၏ တကား၊ ဤတရားကို မကျင့်လိုသော သူကို သာသနာတော်မြတ်သည် အလိုလို အဘယ့်ကြောင့် တရားကို သိစေနိုင်အံ့နည်း၊ ဘုရားရှင် သာသနာတော်အား အဘယ်အပြစ်ရှိလေအံ့နည်း။

**ဆာလောင်သူကိုကျွေးမွေးသည့်ပမာ**… မင်းကြီး၊ ဥပမာတနည်း သော် ကား ငတ် မွတ်

ဆာလောင်သော ယောကျ်ားသည် များစွာသော ကုသိုလ်ကိုအလိုရှိ၍ ထမင်းကျွေးရာအရပ်သို့ရောက်သော် ထိုထမင်းကိုမစားမူ၍ ငတ်မွတ် ဆာလောင်လျက်လျှင် ပြန်လေအံ့၊ ထိုအခါ လူအပေါင်းသည် ငတ်မွတ် သောသူကိုသော်လည်းကဲ့ရဲ့ရာသလော၊ ကောင်းမှုကိုအလိုရှိ၍ ထမင်း ကျွေးသောသူကိုသော်လည်းကဲ့ရဲ့ရာသလော၊ အဘယ်သူကိုသာ ကဲ့ရဲ့ ရာသနည်းဟုဆိုသော် အရှင်ဘုရား၊ ငတ်မွတ်သော ယောကျ်ားကို သာကဲ့ရဲ့ရာ၏၊ ထမင်းမစားသောယောကျ်ားအားထမင်းသည် အလိုလို ခံတွင်းသို့အဘယ့်ကြောင့်ဝင်လေအံ့နည်း၊ ထမင်းအား အဘယ် အပြစ် ရှိအံ့နည်းဟုဆိုသော် မင်းကြီး၊ ထို့အတူ လာခြင်းကောင်း သော ဘုရားသည်သာသနာတော်တည်းဟူသော တံတင်းသေတ္တာ၏အတွင်း ၌ အလွန်မွန်မြတ်စွာ ထက်သောငြိမ်သက်ချမ်းမြေ့သော အလွန်မြိန်စွာ တည်သော မသေစေတတ်သော ကာယဂတာသတိ တည်းဟူသော ဘောဇဉ်ကိုစားစေခြင်းငှါထားတော်မူပေ၏၊အကြင်ခပ်သိမ်းကုန်သော ပညာရှိတို့သည် ကိုယ်တွင်း၌ ကိလေသာရှိကုန်သည် ဖြစ်၍ တဏှာ တည်းဟူသော တပ်မက်မောခြင်း ရှိကုန်သည်ဖြစ်၍ ထိုသူတို့သည် ဤကာယဂတာသတိတည်းဟူသော ဘောဇဉ်ကို စားမူကား ကာမရူပ အရူပ တို့၌ ဖြစ်တတ်သောအလုံးစုံသော တဏှာကိုပယ်နိုင်၏၊မင်းကြီး၊ တစုံတယောက်သောသူသည် ထိုကာယဂတာ သတိတည်းဟူသော ထမင်းကိုမစားမူ၍ တဏှာ၌ တပ်မက်မောခြင်းရှိသည် ဖြစ်လျက် ဒိမိရာထောင်သောလူ၏ဘောင်သို့ ပြန်၍လူထွက်အံ့၊ ထိုလူထွက်သော

သူကိုသာလျှင် လှူအပေါင်းသည်ဤသူကား ဘုရား သာသနာတော်၌ ရဟန်းပြု၍ဆောက်တည်ရာမရဘဲ လူထွက်၏ဟုကဲ့ရဲ့ရာ၏၊ ဘုရားရှင်, သာသနာတော်သည် အဘယ်မှာ တရားကိုအလိုလိုသိစေနိုင်အံ့နည်း၊ ထိုအပြစ်သည် ဘုရားရှင်သာသနာတော်အားအဘယ်မှာရှိအံ့နည်း။ ။ မင်းကြီး၊ လာခြင်းကောင်းသော ဘုရားရှင်သည် ဆုံးမတော်မူအပ်သောလူကိုသာလျှင် မဂ်ဖိုလ်တည်းဟူသော မြတ်သော အကျိုးကြောင့် အကယ်၍ရဟန်းပြုတော်မူအံ့၊ ဤသူသည်ကိလေသာ တည်းဟူသော အညစ်အကြေးကိုပယ်ခြင်းငှါရင်း, ကိလေသာမှ စင်ကြယ်ခြင်းငှါရင်း ရဟန်းပြုသည် မည်သည်မဟုတ်လော၊ ရဟန်းပြုလေပြီးသောသူအား အထူးတဘန်ပြုဘွယ်ကိစ္စမရှိစကောင်း။

**သန့်ရှင်းစေနိုင်သောတဘက်ဆည်းကန်ပမာ**...မင်းကြီး၊ ဥပမာ တ နည်း သော်ကား ယောကျ်ားသည် များစွာသောအမှုဖြင့် တဘက် ဆည်းကန်ကို တူးစေ၍ ပရိသတ် အပေါင်းအား အချင်းလူအပေါင်းတို့၊ အညှိုသော သူတို့သည် ညစ်နွမ်းသော ကိုယ်ရှိကုန်အံ့၊ ငါ၏တဘက်ဆည်းကန် သို့သက်ပါကုန်လော့၊ မြူကြေးညှင်း အညစ်အကြေးကို ဖျောက်အပ်ကုန်ပြီးသည်ဖြစ်၍ စင်ကြယ်သန့်ရှင်းစွာ အညစ်အကြေး မရှိကုန်လေပြီ၊သက်၍ ချိုးပါကုန်လော့ဟုကြွေးရာ၏၊ စင်စစ်သော်ကား မင်းကြီး အညစ်အကြေးကိုဖျောက်ကုန်ပြီးသော စင်ကြယ်သော အညစ်အကြေး ရှိကုန်သောထိုလူတို့အား ထိုတဘက် ဆည်းကန်သည် ပြုအပ်သော အမှုမည်သည် ဖြစ်ရာသလောဟုဆိုသော် အရှင်ဘုရား၊ တဘက် ဆည်းကန်အား ပြုဘွယ်ကိစ္စမရှိချေ၊ အကြင်သူအား ရေချိုးအံ့သောငှါ အလိုရှိအံ့၊ ထိုသူသည်ထိုတဘက်ဆည်းကန်သို့ ချဉ်းကပ်ရာ၏၊ ထိုဖွပ် လျှော်စင်ကြယ်ခြင်းကို ကြည့်၍ ထိုချဉ်းကပ်လာသော သူတို့အား ထိုတဘက်ဆည်းကန်သည် အထူးပြုဘွယ် အဘယ်ရှိလေအံ့နည်းဟု ဆိုသော် မင်းကြီး၊ ထို့အတူ လာခြင်းကောင်းသော ဘုရားသည် ဆုံးမတော်မူအပ်သောလူကိုသာလျှင် မြတ်သောအကျိုးရှိရာ၌ ရဟန်းပြု ပေ၏၊ ထိုသာသနာတည်းဟူသော တဘက်ဆည်းကန်၌ ထိုသူတို့၏ ရဟန်း၏အဖြစ်သည်ရှိ၏၊ အဘယ်သို့ထိုသူတို့အား သာသနာတော်

တည်းဟူသော တဘက်ဆည်းကန်သည့် ပြဘွယ်ကိစ္စ အထူးရှိလေအံ့နည်း။

**ဆေးဆရာထံချဉ်းကပ်သည့်လူနာပမာ**..မင်းကြီး၊ဥပမာတနည်းသော်ကား လူ၏အစာကိုမှီ၍ အသက်မွေးသောရသေ့သည် အကြားအမြင် မန္တရားပုဒ်တို့ကိုဆောင်၍ ရောဂါ၏အကြောင်း၌ လိမ္မာသည်ဖြစ်၍ အချည်းနှီးမရှိ၊ အမြဲလျှင်အမှု၌လိမ္မာသောဆေးသွားဖြစ်၍ ခပ်သိမ်းသော ရောဂါငြိမ်းကြောင်းဖြစ်သောဆေးကိုစုဝေး၍ ပရိသတ်လူအပေါင်းအား အချင်းလူအပေါင်းတို့၊ အနာရှိသော အချို့သောလူတို့သည် ငါ၏အထံသို့ချဉ်းကပ်လာကုန်လော့၊ အနာရောဂါမရှိသော လူတို့သည် ငါ့အထံသို့မချဉ်းကပ်လာကုန်လင့်၊ ဤသို့သော စကားကို ကြားအံ့၊ မင်းကြီး၊ စင်စစ်သော်ကား အနာရောဂါမရှိကုန်သောသူတို့အား ထိုဆေးဖြင့်ပြဘွယ်ကိစ္စရှိရာသလောဟုဆိုသော် အရှင်ဘုရား၊ အနာရောဂါမရှိကုန်သောထိုလူတို့အား ထိုဆေးဖြင့် ပြုဘွယ်ကိစ္စမရှိချေ၊ အကြင်အနာရှိသောသူအားသာလျှင် အနာလွတ်ခြင်း အကျိုး၄ါ ထိုဆေးသွားသို့ချဉ်းကပ်ရာ၏၊ ထိုဆေးသွားကိုချဉ်း၍ ထိုအနာမရှိသောသူတို့အားတပါးပြုဘွယ်မရှိ၊ ထိုအနာမရှိသော သူတို့အား ထိုဆေးဖြင့်လည်းအဘယ်အကျိုးရှိအံ့နည်းဟုဆိုသော် မင်းကြီး၊ ထို့အတူ လာခြင်းကောင်းသောဘုရားသည် ထိုပုဂ္ဂိုလ်အပေါင်းတို့တွင် ဆုံးမအပ်သောကိလေသာတည်းဟူသောအညစ်အကြေးရှိသော လူကိုသာလျှင် မြတ်သောအကျိုးကြောင့် ရဟန်းပြုတော်မူ၏၊ ထိုသာသနာတော်၌ ထိုကိလေသာရှိသောပုဂ္ဂိုလ်တို့အားသာလျှင် ရဟန်း၏ အဖြစ်ပြုဘွယ်ကိစ္စရှိရာ၏၊ ထိုကိလေသာမရှိသော ပုဂ္ဂိုလ်တို့အား ရဟန်း၏အဖြစ်ပြုဘွယ်အဘယ်ရှိလေအံ့နည်း။

**ထမင်း၀လျှင် စားဘွယ်မလိုသည့်ပမာ**...မင်းကြီး၊ဥပမာတနည်းသော် ကား တစုံတယောက်သော ယောက်ျားသည် များစွာသော အိုးဖြင့် ချက်အပ်သောထမင်းကိုစီရင်ပြီး၍ ပရိသတ်အပေါင်းအား အိုလူများတို့၊ အချို့သောသူတို့သည် ဝတ်မွတ်ဆာလောင်ကုန်အံ့၊ ငါ၏ကျွေးသော ထမင်းသို့

ချဉ်းကပ်လှည့်ကုန်၊ ကောင်းစွာစားပြီး တည်ကြည်ပြီး ဖြိုးဝပြီး ပြည့်စုံပြီး သောသူတို့သည် ငါကျွေးရာသို့ မကပ်ကုန်လင့်ဟု ကြွေးကြော်အံ့၊ မင်းကြီး၊ စင်စစ်သော်ကား ထမင်းစားပြီး ကောင်းစွာတည်ကြည်ပြီး ဖြိုးဝပြီး ပြည့်စုံပြီးသော သူတို့အား ထို ထမင်းဖြင့် ပြုဘွယ်ကိစ္စရှိရာ သလောဟုဆိုသော် 'အရှင်ဘုရား၊ ထမင်းဝပြီးသောသူအား မချဉ်းကပ် ရာ၊ အကြင်ငတ်မွတ်သောသူ၏ အလို၌ ထမင်းကိုကျွေး၏၊ ထိုငတ်မွတ် သော သူတို့သည် ထိုထမင်းကျွေးရာ၌ကပ်ကုန်၏၊ ထိုထမင်းဝပြီးသော သူတို့ကိုထား၍ ထိုထမင်း ငတ်မွတ်သောသူတို့သည် စားသောအမှုကို ပြုရာ၏၊ ထိုထမင်းဝသောသူတို့အား ကျွေးမွေးသဖြင့် အဘယ်အကျိုး ရှိအံ့နည်းဟု ဆိုသော် မင်းကြီး၊ထို့အတူ လာခြင်းကောင်းသောဘုရား သည် ဆုံးမတော်မူအပ်သော လူကိုသာလျှင် မြတ်သောအကျိုးကြောင့် ရဟန်းပြုတော်မူပေ၏၊ထိုသာသနာတော်မြတ်၌ ထိုကိလေသာရှိသေး သောသူတို့အားပြုဘွယ်ကိစ္စရှိ၏၊ထိုကိလေသာမရှိသောပုဂ္ဂိုလ်တို့အား ရဟန်း၏အဖြစ်ဖြင့် အဘယ် အကျိုးထူးရှိလေအံ့နည်း၊ ကိလေသာ တည်းဟူသော အညစ်အကြေး စင်ကြယ်လိုသောကြောင့် ရဟန်းပြု တော်မူစေအပ်၏။

**သာသနာ့ဂုဏ် ၅-ပါး**......မင်းကြီး၊ စင်စစ်သော်ကား အကြင် သူတို့သည် သာသနာတော်မှ အိမ်ရာ ထောင်သော လူ၏ဘောင်သို့ ပြန်လေကုန်အံ့၊ ထိုလူ၏ဘောင်သို့ ပြန် သော သူတို့သည် သာသနာတော်မြတ်၏ ဂုဏ်ကျေးဇူး ငါးပါးတို့၏ အတုမရှိနိုင်သည်တို့ကို ပြသည်မည်ကုန်ရာ၏၊မင်းကြီး၊ အဘယ်ငါးပါး တို့နည်းဟူမူကား—

(၁) သာသနာတော်၏ အရာမြတ်သည်၏အဖြစ်ကို ပြသည်မည် ကုန်ရာ၏။

(၂) သန့်ရှင်းစင်ကြယ်သည်၏အဖြစ်ကို ပြသည်မည်ကုန်ရာ၏။

(၃) မကောင်းသောသူယုတ်တို့နှင့် မရောမနှောသည်၏ အဖြစ်ကို ပြသည်မည်ကုန်ရာ၏။

(၄) တရားတော်မြတ်ကို သိနိုင်ခဲသည်၏ အဖြစ်ကို ပြသည်မည် ကုန်ရာ၏။

(၅) များစွာစောင့်စည်း စောင့်ရှောက်ရသည့်၏အဖြစ်ကို ပြသည် မည်ကုန်ရာ၏။

(၁) မင်းကြီး၊ထိုငါးပါးသောအရာတို့တွင် သာသနာတော်၏အရာ ကျယ်ဝန်းသည့်၏အဖြစ်ကို အဘယ်သို့ ပြသည်မည်ကုန်ရာသနည်းဟူ မူကား မင်းကြီး၊ဥပမာသော်ကား ဥစ္စာမရှိ အမျိုးအနွယ်မရှိ တန်ခိုး မရှိ ပညာမရှိသောယောကျ်ားသည် ကျယ်ဝန်းသောမင်း၏ စည်းစိမ် ကိုရသော် မကြာမြင့်မီလျှင် လျှောကျပျက်စီးဆုတ်ယုတ်လေ၏၊ အခြံ အရံအားဖြင့် အစိုးရသောအဖြစ်ကို ကောင်းစွာ တည်ကြည်ခြင်းငှါမ တတ်နိုင်၊အဘယ့်ကြောင့်နည်းဟူမူကား အစိုးရခြင်း၏ကျယ်ဝန်းသော ကြောင့် ကောင်းစွာမတည်သကဲ့သို့ ထို့အတူ မင်းကြီး၊ အကြင်သူတို့ သည် တန်ခိုးမရှိ၊ရှေးပြုအပ်ဘူးသောကောင်းမှုမရှိ၊ပညာမရှိသောသူတို့ သည် သာသနာတော်၌ရဟန်းပြုကုန်အံ့၊ ထိုသူတို့သည် အပြားအားဖြင့် မြတ်သော ထိုရဟန်းတို့၏အဖြစ်ကို ကောင်းစွာတည်စိမ့်သောငှါ မစွံ သည်ဖြစ်၍ မကြာမြင့်မီလျှင် သာသနာတော်မှ လျှောကျ ပျက်စီးဆုတ် ယုတ်၍ လူထွက်ကုန်၏၊ ဘုရားသာသနာတော်ကို ကောင်းစွာတည်စိမ့် သောငှါမတတ်နိုင်ကုန်၊ အဘယ့်ကြောင့်နည်းဟူမူကား သာသနာတော် ၏ကျယ်ဝန်းသောအရာရှိသည့်၏အဖြစ်ကြောင့်တည်း၊ မင်းကြီး၊ ဤသို့ လျှင် သာသနာတော်၏ အရာကျယ်ဝန်းသည့်၏အဖြစ်ကို ပြသည်မည် ကုန်၏။

(၂) မင်းကြီး၊ သန့်ရှင်းစင်ကြယ်သည့်၏ အဖြစ်ကို အဘယ်သို့ပြ ကုန်သနည်းဟူမူကား မင်းကြီး၊ ဥပမာသော်ကား ကြာဘက်ပေါ်၌ ရေပေါက်သည် ဖရိုဖရဲပျက်စီးခြင်းသို့ရောက်၏၊ကြာရွက်၌မသိမ်းကျုံ၊ အဘယ့်ကြောင့်နည်းဟူမူကား ကြာရွက်၏ သန့်ရှင်းစင်ကြယ် မှုကြေး ညှင်း မရှိသောအဖြစ်ကြောင့် ရေပေါက်မတင်လေသကဲ့သို့ ထို့အတူ မင်းကြီး၊ အချို့သောလူတို့သည် စဉ်းလဲစဉ်းစား ကောက်ကျစ်သော သဘောရှိကုန်သည်ဖြစ်၍ မညီမညွတ်သော အယူရှိကုန်လျက် သာသ နာတော်၌ ရဟန်းပြုကုန်အံ့၊ ထိုသူတို့သည် စင်ကြယ်သန့်ရှင်း အညစ် အကြေးမရှိ၊ တပ်စွန်းခြင်းမရှိ၊ ပြူစင်စွာသော သာသနာတော် မြတ်မှ မကြာမြင့်မီလျှင် ဖရိုဖရဲပျက်စီး၍ ကောင်းစွာမတည်၊ ကိုလေသာလိမ်း

ကျုံခြင်းရှိလျက် လူထွက်ကုန်၏၊ အဘယ့်ကြောင့်နည်းဟူမူကား သာသနာတော်မြတ်၏ သန့်ရှင်းစင်ကြယ် အညစ်အကြေး မရှိသည်၏ အဖြစ်ကြောင့် လူထွက်လေကုန်သတည်း၊ ဤသို့လျှင် သာသနာတော်၏မြတ်သည်၏အဖြစ်ကို ပြသည်မည်၏၊

(၃) မကောင်းသောသူတို့နှင့် သာသနာတော် မရောနှောမလိမ်းကျံသည်၏အဖြစ်ကို အဘယ်သို့ ပြသနည်းဟူမူကား မဟာသမုဒ္ဒရာသည် အကောင်ပုပ်နှင့်အတူမနေ၊ မဟာသမုဒ္ဒရာသည် အကောင်ပုပ်ကို လျင်စွာကမ်းတဘက်သို့ဆောင်၍ ကြည်းကုန်းထက်သို့လွှင့်လိုက်၏၊အဘယ့်ကြောင့်နည်းဟူမူကား အာနန္ဒာအစရှိသော ငါးတို့၏နေရာ ဖြစ်သောကြောင့်တည်း။ ။မင်းကြီး၊ ထို့အတူ အကြင် ယုတ်မာသောသဘောရှိကုန်သော ဖျော်၍ပြဲဘူးသောကုသိုလ်မရှိကုန်သော ဈော့သောဝီရိယရှိကုန်သော စဉ်းလဲစဉ်းစား ပြုကုန်သော မကောင်းသော သူတို့သည် သာသနာတော်၌ ရဟန်းပြုကုန်၏၊ ထိုသူတို့သည် မကြာမြင့်မီလျှင် ဘုရားသာသနာတော်၌ ကင်းသောအညစ်အကြေး ကိလေသာ ရှိကုန်ပြီးသော မြတ်သောရဟန္တာသူတော်ကောင်းတို့၏နေရာဖြစ်သော သူတော်ကောင်းတို့နှင့် ကောင်းစွာမနေနိုင်ဘဲ လူထွက် လေကုန်၏။ အဘယ့်ကြောင့် နည်းဟူမူကား ယုတ်သောသူတို့သည် သာသနာတော် မြတ်အား နေရာအရပ် မဟုတ်သည်၏ အဖြစ်ကြောင့်တည်း မင်းကြီး၊ဤသို့လျှင် ယုတ်သောသူတို့နှင့် မရောနှောသည်၏အဖြစ်ကိုပြ၏။

(၄) မင်းကြီး၊ တရားတော်၏ သိနိုင်ခဲသည်၏အဖြစ်ကို အဘယ်သို့ ပြသနည်းဟူမူကား အချို့သောလေးသမားတို့သည် လေး၏အတတ်၌ လိမ္မာအောင်မသင်ကုန်သောကြောင့် သားကောင်များကို ပစ်အံ့သော ငှါ မဝံ့စားကုန်၊ အကြင်သူတို့သည် လောက၌ အသက်မွေးအံ့သောငှါ တစုံတခုသောပညာကို တတ်စွမ်းလိမ္မာအောင် မသင်ကုန်၊ ပညာမရှိကုန်သည်ဖြစ်၍ သားမြေးများကိုကျွေးမွေးအံ့သောငှါ မဝံ့စားကုန်သော သူတို့သည် သာသနာတော်၌ ရဟန်းပြုကုန်၏၊ ထိုပညာနည်းသောသူတို့သည် လွန်စွာသိမ်မွေ့နူးညံ့သော သစ္စာလေးပါး တရားတို့ကို ထိုးထွင်း၍သိခြင်းငှါ မဝံ့စားကုန်သည်ဖြစ်၍ သာသနာတော်မှ ဈော့ဆင်းဘဲကြဉ်ကြကုန်၍ မကြာမြင့်မီလျှင် လူထွက်ကုန်၏၊ အဘယ့်ကြောင့်

နည်းဟူမူကား ဘုရားရှင်သာသနာတော်၏အလွန်ထိုးထွင်း၍သိနိုင်ခဲသည့်၏အဖြစ်ကြောင့်တည်း၊ မင်းကြီး၊ ဤသို့လျှင်ထိုးထွင်း၍ သိနိုင်ခဲသည့်၏အဖြစ်ကိုပြကုန်၏။

(၅) မင်းကြီး၊ များစွာစောင့်ရှောက်ရသည့်၏ အဖြစ်ကို အဘယ်သို့ပြကုန်သနည်းဟူမူကား မင်းကြီး၊ တစုံတယောက်သောယောကျ်ားသည် ကြီးကျယ်သောစစ်မြေပြင်သို့ ရောက်သည်ရှိသော် အရပ်လေးမျက်နှာတို့မှသူတပါး၏စစ်သည်အပေါင်းဝန်းရံလျက် လှံခက်ရင်းလက်၌ရှိသောစစ်သည်အနီးသို့ရောက်လာသည်ကိုမြင်၍ ကြောက်လန့်လျက်နောက်သို့ပြန်ဆုတ်ပြေးလေ၏၊ အဘယ့်ကြောင့်နည်းဟူမူကား များစွာထိုးပစ်ခြင်း ဆင်းရဲခြင်းဘေးမှ ကြောက်သောကြောင့်၊ ရှောင်လွှဲပြေးသကဲ့သို့ မင်းကြီး၊ထို့အတူ အကြင်ယုတ်မာကုန်သော စောင့်ရှောက်ခြင်းမရှိကုန်သော သည်းမခံကုန်သော လျှပ်ပေါ်တုန်လှုပ်ကုန်သော သူတို့သည် ဘုရားရှင်သာသနာတော်၌ ရဟန်းပြုကုန်၏၊ ထိုသူယုတ်မာတို့သည် အထူးထူးအပြားပြား ရှိကုန်သော သိက္ခာပုဒ်တော်ကို စောင့်ရှောက်ခြင်းငှါ မဝံ့ကုန်သည်ဖြစ်၍ နောက်သို့ ပြန်ဆုတ်ပြေးလေ၏၊ မကြာမြင့်မီလျှင် လူထွက်ကုန်၏၊ အဘယ့်ကြောင့်နည်း ဟူမူကား သာသနာတော်မြတ်၏အထူးထူးအပြားပြား များစွာ စောင့်ရှောက်အပ်သည့်၏အဖြစ်ကြောင့်တည်း၊ မင်းကြီး၊ ဤသို့လျှင်များစွာ စောင့်ရှောက်အပ်သည့်၏အဖြစ်ကိုပြကုန်၏။

မင်းကြီး၊ ဥပမာသော်ကား မိုးခေါင်ပန်းချုံ၌ အထူးထူးသောပိုးတို့သည် ရှိသည်ဖြစ်ကုန်၏၊ ထိုပန်းညွှန့်တို့သည် တွန့်ကုန်၏၊ ထိုအခါ အန္တရာယ်ရှိ၍လျှင်တွန့်ကုန်၏၊ ထိုပန်းတို့သည် တွန့်ကုန်သည်ရှိသော် မိုးခေါင်ပန်းချုံကို စက်ဆုပ်အပ်သော မည်သည်မဖြစ်၊ ထိုမိုးခေါင်ပန်းချုံ၌အကြင်ပန်းပွင့်သည်ရှိကုန်၏၊ ထိုပန်းပွင့်တို့သည် ကောင်းသောအနံ့ဖြင့်တရှုဘီလာ အရပ်တို့ကို နံ့စေကုန်သကဲ့သို့ ထို့အတူ မင်းကြီး၊ အကြင်သူတို့သည် ဘုရားရှင်သာသနာတော်၌ ရဟန်းပြု၍လူထွက်ကုန်၏၊ ထိုလူထွက်တို့သည် ဘုရားရှင် သာသနာတော်၌ ထိုပိုးကိုက်သော မိုးခေါင်ပန်းတို့သည် အဆင်းအနံ့ ကင်းကုန်သကဲ့သို့ ထို့အတူ သီလတည်းဟူသော ကောင်းသောအနံ့၏ ပြီးပြည့်စုံခြင်းငှါရင်း,ပြန့်ပြောခြင်းငှါရင်း မထိုက်ကုန်သည်ဖြစ်၍ လူထွက်ကုန်၏၊ ထိုသူတို့၏လူထွက်ခြင်း

ကြောင့် ဘုရားရှင်သာသနာတော်ကို စက်ဆုပ်ရွံရှာအပ်သောမည်သည် မဖြစ်၊ အကြင်ရဟန်းတို့သည် သာသနာတော်၌ရဟန်းပြု၍ တည်ကုန်၏၊ ထိုရဟန်းတို့သည် နတ်နှင့်တကွသောလောကကို သီလစောင့်စည်းခြင်းအနံ့ဖြင့်နံ့စေကုန်၏၊ သလေးမွှေးနီ စပါးတို့၏အလယ်၌ကရုမ္ဗကမည်သောစပါးမျိုးတို့သည်ဖြစ်ကုန်၍ အကြား၌ပင်လျှင်ပျက်စီး၏၊ ထိုကရုမ္ဗက သလေးစပါး၏ပျက်စီးခြင်းကြောင့်သလေးမွှေးနီစပါးကိုစက်ဆုပ်အပ်ကုန်သောမည်သည်မဖြစ်ကုန်၊ထိုစပါးမျိုး၌အကြင်သလေးမွှေးနီစပါးမျိုးတို့သည်ထင်ရှားရှိကုန်၏၊ထိုသလေးမွှေးနီ စပါးတို့သည် အစိုးရသောမင်းတို့သုံးဆောင်ရာသကဲ့သို့ ထို့အတူ မင်းကြီး၊ အကြင်သူတို့သည် ဘုရားရှင်သာသနာတော်၌ ရဟန်းပြုကုန်၍ လူထွက်ကုန်၏၊ ထိုလူထွက်ကုန်သောသူတို့သည် သလေးမွှေးနီစပါးတို့၏အလယ်၌ကရုမ္ဗကစပါးတို့ကဲ့သို့ ဘုရားသခင်သာသနာတော်တွင်း၌ ကြီးရင့်ပွါးများသည့်အတွင်းပင်လျှင်လူထွက်ကုန်၏၊လူထွက်သောသူတို့သည် သလေးမွှေးနီစပါးတို့၏အလယ်၌ကရုမ္ဗကစပါး တို့ကဲ့သို့ ဘုရားသခင်သာသနာတော်အတွင်း၌ ကြီးရင့်ပွါးများသည့်အတွင်းပင်လျှင် လူထွက်ကုန်၏၊ ထိုလူထွက်ခြင်းကြောင့် ဘုရားသခင် သာသနာတော်ကို စက်ဆုပ်အပ်သောမည်သည်မဖြစ်စကောင်း၊ အကြင်ရဟန်းတို့သည် ဘုရားရှင်သာသနာတော်၌တည်ကုန်၏၊ထိုရဟန်းတို့သည် အရဟတ္တဖိုလ်တရားအားလျော်ကုန်၏။

မင်းကြီး၊ ဥပမာတနည်းသော်ကား ခပ်သိမ်းသော အလိုကိုပေးတတ်သော ပတ္တမြားရတနာအား တစိတ်တဒေသအရပ်၌ ဂေါပင်လေတွင်းအသားပုပ်ရှိသည်ဖြစ်အံ့၊ ထိုပတ္တမြားရတနာ၌ ဂေါပင်လေတွင်းအသားပုပ် စဉ်းငယ်ရှိသောကြောင့်စက်ဆုပ်အပ်သော မည်သည်မဖြစ်စကောင်း၊ ထိုပတ္တမြားရတနာ၌ အကြင်စင်ကြယ် သန့်ရှင်းသောအရပ်သည်ရှိ၏၊ ထိုစင်ကြယ်သော အရပ်သည် လူအပေါင်းတို့အားရွှင်ခြင်းကိုပြုသကဲ့သို့ ထို့အတူမင်းကြီး၊ အကြင်သူတို့သည် ဘုရားရှင်သာသနာတော်၌ရဟန်းပြု၍လူထွက်ကုန်၏၊ ထိုလူထွက်သော သူတို့သည် သာသနာတော်၌ အပွေးအကာဖြစ်ကုန်၏၊ ထိုသူတို့၏လူထွက်ခြင်းကြောင့် သာသနာတော်မြတ်ကို စက်ဆုပ်အပ်သည့် မည်သည်မဖြစ်စကောင်း၊ အကြင်ရဟန်းတို့သည် သာသနာတော်၌တည်ကုန်၏၊

ထိုရဟန်းတို့သည် နတ်လူအပေါင်းတို့အား ရွှင်မြူးခြင်းကို ဖြစ်စေနိုင်ကုန်၏။

မင်းကြီး၊ ဥပမာတနည်းသော်ကား ဇာတ်နှင့်ပြည့်စုံသောစန္ဒကူးနီအား တစိတ်တဒေသ အရပ်သည် ပုပ်ဆွေးမြည့်သည်ဖြစ်၏၊ နည်းသောအနံ့ရှိ၏၊ ထိုစန္ဒကူးနီကို စက်ဆုပ်အပ်သော မည်သည်မဖြစ်၊ ထိုစန္ဒကူး၌မပုပ်မဆွေးသောအရပ်၌ကောင်းသောအနံ့ရှိ၏၊ ထက်ဝန်းကျင်လှိုင်၍ နှံ့လေသကဲ့သို့ ထို့အတူ မင်းကြီး၊ ဘုရားရှင်သာသနာတော်၌ အကြင်သူတို့သည် ရဟန်းပြု၍ လူထွက်ကုန်၏၊ ထိုသူတို့ကို စန္ဒကူးနီအတွင်း၌ တစိတ်တဒေသ ပုပ်ဆွေးမြည့်သကဲ့သို့ ဘုရားရှင်သာသနာတော်သည်စွန့်အပ်ကုန်၏၊ ထိုသူတို့၏ လူထွက်ခြင်းကြောင့် သာသနာတော်ကိုစက်ဆုပ်အပ်သည်မဖြစ်၊ အကြင် ရဟန်းတို့သည် သာသနာတော်မြတ်၌ကောင်းစွာတည်ကုန်၏၊ ထိုရဟန်းတို့သည် နတ်နှင့်တကွသော လောကကိုသီလတည်းဟူသောအနံ့ဖြင့် လိမ်းကျံနှံ့ကြကုန်၏ဟုဆိုသော် အရှင်ဘုရား၊ ကောင်းမွန်စွာ ထိုထိုသောလျှောက်ပတ်ခြင်းဖြင့် ထိုထိုသော အကြောင်းဖြင့် အပြစ်မရှိသော အဖြစ်သို့ရောက်စေ၍ သာသနာတော်ကို မြတ်သည်၏ အဖြစ်ဖြင့် ပြအပ်ပေ၏၊ လူထွက် လေသော်လည်း သာသနာတော် မြတ်သည်၏ အဖြစ်ကို ပြပေကုန်၏ဟုဆို၏။

ဟီနာယာဝတ္တနပဥှာပြီး၏။

---

## ၁၄၃။ အရဟတောကာယိကနစေတသိကဝေဒနပဥှာ

**ရဟန္တာနှင့်ဝေဒနာ**·····မိလိန္ဒမင်းသည် အရှင် ဘုရား၊ အရှင်ဘုရားတို့သည် ရဟန္တာ ပုဂ္ဂိုလ်သည် တခုသောကာယိကဒုက္ခဝေဒနာကိုခံစား၏၊ စေတသိက ဝေဒနာကို မခံစားဟုဆိုကြကုန်၏၊ အရှင်ဘုရား၊ ရဟန္တာတို့၏စိတ်သည် အသို့နည်း၊ အကြင်ကိုယ်ကိုမှီ၍ဖြစ်လေ၏၊ ထိုကိုယ်၌ရဟန္တာပုဂ္ဂိုလ်သည် အစိုးမရလေသလော၊ အရှင်မဟုတ်လေသလော၊ အလိုသို့မလိုက်လေသလောဟုဆိုသော် မင်းကြီး၊ ဓာတိဇရာသည်အစိုးမရ၊ အလိုသို့မလိုက်ချေဟုဆိုလျှင် အရှင်ဘုရား၊ ထိုရဟန္တာပုဂ္ဂိုလ်သည် မိမိ

စိတ်ဖြစ်လေသည့်ရှိသော် ကိုယ်၌အစိုးမရဟူသောစကားသည် ယုတ္တိမရှိခဲ့တကား၊ အရှင်ဘုရား၊ ဥပမာအားဖြင့်ဆိုသော် အယုတ်သဖြင့် ကောင်းကင်ပျံတတ်သော ငှက်မျှသော်လည်း မိမိအသိုက်တွင်း၌နေ၏၊ ထိုအသိုက်၌အစိုးရပါ၏၊ အလိုသို့လိုက်၍ အစိုးရပါ၏ဟု ဆိုလျှင် မင်းကြီးဆယ်ပါးသော တရားတို့သည် ကိုယ်၌အစဉ်အတိုင်းတည်၍ ဖြစ်တိုင်းဖြစ်တိုင်းသော ဘဝတို့၌ ကိုယ်သို့ အစဉ်လိုက်၍ ကျင်လည်ကုန်၏။

ကတမေဒသ၊ သိတံ,ဥဏှံ, ဇိဃစ္ဆာ, ပိပါသာ, ဥစ္စာရော,
ပဿာဝေါ, ထိနမိဒ္ဓံ, ဇရာ, ဗျာဓိ, မရဏံ, ဣမေခေါမဟာ
ရာဇ ဒသ ကာယာ နုဂတာဓမ္မာ ဘဝေ ဘဝေ ကာယံအနုဓာ
ဝန္တိ အနုပရိဝတ္တန္တိ။ ။ဟူသည်တည်း။

ဒသ၊ ဆယ်ပါးသောတရားတို့သည်။ ကတမေ၊ အဘယ်သည့်တို့နည်းဟူမူကား။ သိတံ၊ အချမ်းဒဏ်။ ဥဏှံ၊ အပူဒဏ်။ ဇိဃစ္ဆာ၊ ငတ်မွတ်ခြင်းဒဏ်။ ပိပါသာ၊ဆာလောင်ခြင်းဒဏ်။ဥစ္စာရော၊ကျင်ကြီးဒဏ်။ ပဿာဝေါ၊ကျင်ငယ်ဒဏ်။ ထိနမိဒ္ဓံ၊ ငိုက်မျည်းခြင်းဒဏ်။ ဇရာ၊ အိုခြင်းဒဏ်။ဗျာဓိ၊ ဖျားနာခြင်းဒဏ်။ မရဏံ၊ သေခြင်းဒဏ်။ မဟာရာဇ၊မင်းကြီး။ ကာယာနုဂတာ၊ကိုယ်၌အစဉ်တည်ကုန်သော။ ဣမေဒသဓမ္မာ၊ ဤဆယ်ပါးသောတရားတို့သည်။ ဘဝေဘဝေ၊ ဖြစ်တိုင်းဖြစ်တိုင်းသောဘဝ၌။ ကာယံ၊ကိုယ်ကို။အနုဓာဝန္တိ၊ အစဉ်အတိုင်းလိုက်တတ်ကုန်၏။အနုပရိဝတ္တန္တိ၊အစဉ်အတိုင်းကျင်လည်တတ်ကုန်၏။

မင်းကြီး၊ ထိုဆယ်ပါးသောတရားတို့၌ ရဟန္တာပုဂ္ဂိုလ်သည် အစိုးမရ အရှင်မဟုတ် အလိုသို့ မလိုက်ဟုဆိုသော် အရှင်ဘုရား၊အဘယ်အကြောင်းကြောင့် ရဟန္တာပုဂ္ဂိုလ်အား ကိုယ်၌ အာဏာ မဖြစ်ရလေသနည်း၊အစိုးမရလေသနည်း၊ထိုစကား၌ တကာတော်အား အကြောင်းကို ကြားပါလော့ဟုဆိုသော် မင်းကြီး၊ဥပမာသော်ကား အကြင်သတ္တဝါတို့သည် မြေကြီးကိုမှီ၍ဖြစ်ကုန်၏၊ ထိုအလုံးစုံသော သတ္တဝါတို့သည် မြေကြီးကို မှီ၍ သွားကုန်၏၊ အသက်မွေးကုန်၏၊ မင်းကြီး၊ထိုသတ္တဝါတို့၏ အာဏာသည် မြေကြီး၌ရှိရာသလော၊အစိုးတရစိတ်ရှိတိုင်း ဖြစ်ရာသလေသဲဟုဆိုသော် အရှင်ဘုရား၊စိတ်ရှိတိုင်း အာဏာမဖြစ်ရာချေဟုဆိုလျှင် မင်းကြီး၊ထို့အတူထိုရဟန္တာပုဂ္ဂိုလ်၏ စိတ်သည် ကိုယ်ကိုမှီ၍

သော်ကားဖြစ်၏၊ရဟန္တာအား ကိုယ်၌အာဗာာသည့် အစိုးတရ မဖြစ်နိုင်ရာချေဟုဆိုသော် အရှင်ဘုရား၊အဘယ်အကြောင်းကြောင့် ပုထုဇဉ်ပုဂ္ဂိုလ်သည်ကား ကာယိကဝေဒနာစေတသိကဝေဒနာကို ခံစားလေသနည်းဟုဆိုသော်-

မင်းကြီး၊ ပုထုဇဉ် ပုဂ္ဂိုလ်သည် မပွါးစေအပ်သော ဘာဝနာရှိသည့်၏အဖြစ်ကြောင့် ကာယိကဝေဒနာ စေတသိကဝေဒနာကိုခံစား၏၊မင်းကြီး၊ ဥပမာသော်ကား ငတ်မွတ်ဆာလောင်သောနွားကို အားနည်းသောမြက်ပင်တို့၌ရင်း၊နွယ်၌ရင်း ဘွဲချည်၍ထားအပ်သည်ဖြစ်အံ့၊အကြင်အခါ ထိုနွားသည် အမျက်ထွက်သည်ဖြစ်၍ ထိုဘွဲ့သောမြက်ပင်နွယ်နှင့်တကွ ဘဲလေ၏၊ မင်းကြီး၊ ထိုနွားကဲ့သို့ မပွါးစေအပ်သော ဘာဝနာရှိသော ပုထုဇဉ်ပုဂ္ဂိုလ်အား ဝေဒနာရှိသည်ဖြစ်၍ စိတ်ကို အမျက်ထွက်စေ၏၊ အမျက်ထွက်သောစိတ်သည် ကိုယ်၌ ယှဉ်၍ တွန့်သော သဘောရှိ၏၊ ပျက်စီး၏၊ တပြောင်းပြန်ပြန်ပြု၏၊ ထိုအခါ ပုဂ္ဂိုလ်သည် မပွါးသော စိတ်ရှိသည်ဖြစ်၍ မည်တွန်၏၊ကြောက်ဘွယ်သောအသံဖြင့် မြည်တမ်း၏၊ မင်းကြီး၊ အကြင်အကြောင်းဖြင့် ပုထုဇဉ် ပုဂ္ဂိုလ်သည် ကိုယ်၌ ဖြစ်သောဝေဒနာ, စိတ်၌ဖြစ်သော ဝေဒနာကို ခံစား၏၊ဤသည်လျှင်အကြောင်းတည်း၊ အကြင်အကြောင်းဖြင့် ရဟန္တာပုဂ္ဂိုလ်သည် တခုသော ကာယိကဝေဒနာကို ခံစား၏၊ စေတသိကဝေဒနာကို မခံစားဟုဆို၏၊ထိုစကား၌အကြောင်း အဘယ်သို့ ရှိသနည်းဟု ဆိုပြန်သော် မင်းကြီး၊ရဟန္တာပုဂ္ဂိုလ်အား ကောင်းစွာပွါးစေအပ်သော ကောင်းစွာ ဆုံးမအပ်သောစကားတို့ကို လိုက်နာလွယ်သော စိတ်သည် ထင်ရှားဖြစ်၏၊ ထိုရဟန္တာပုဂ္ဂိုလ်သည် ဒုက္ခဝေဒနာဖြင့် တွေ့သည်ရှိသော် အနိစ္စဟု အမြဲယူ၍ သမာဓိတည်းဟူသော တိုင်၌ စိတ်ကိုမြဲစွာဘွဲ၏၊ထိုရဟန္တာ၏စိတ်သည် သမာဓိတည်းဟူသောတိုင်၌ မြဲစွာဘွဲ့အပ်ပြီးသော် မတုန်မလှုပ်တည်၏၊ မပျံ့လွင့်သော ထိုရဟန္တာပုဂ္ဂိုလ်၏စိတ်သည် ဝေဒနာပျောက်သဖြင့် မတွန့်သောသဘောရှိ၏၊မင်းကြီး၊အကြင်အကြောင်းဖြင့်ရဟန္တာပုဂ္ဂိုလ်သည် တခုသော ကာယိကဒုက္ခဝေဒနာကို ခံစား၏၊ စေတသိကဝေဒနာကိုမခံစားဟူသော စကား၌ ဤသည်လျှင် အကြောင်းတည်း။

အရဟတောကာယိကနစေတသိကဝေဒနပဉ္စာပြီး၏။

## ၁၄၄။ နိဗ္ဗာနသံဝါသကာယိကစေတသိကဝေဒနာယ နာနာကရဏပဥှာ

**ကိုယ်နှင့်စိတ်တုန်လှုပ်မတုန်လှုပ်**......မိလိန္ဒမင်းသည် အရှင်ဘုရား၊ လောက၌ ကိုယ်တုန်လှုပ်သည် ရှိသော် စိတ်သည် မတုန်လှုပ် လေတကား၊ ဤစကား၌ အကြောင်းကို ဆိုပါလော့၊ ထိုစကားသည် အံ့ဘွယ်ရှိစွတကားဟုဆို၏။

ဘန္တေ နာဂသေန တံ နာမလောကေ အစ္ဆရိယံ ကာယေ
စလမာနေ စိတ္တံ နစလတိ၊ တတ္ထကာရဏံ ဗြူဟိတိ။ ။
ဟူသည်တည်း။

ဘန္တေ နာဂသေန၊ ရှင်နာဂသေနမထေရ်။ ကာယေ၊ ကိုယ်သည်။ စလမာနေ၊ တုန်လှုပ်သည်ရှိသော်။ စိတ္တံ၊ စိတ်သည်။ နစလတိ၊ မတုန်မလှုပ်လေ။ လောကေ၊ လောက၌။ တံနာမ၊ ထိုအခြင်းအရာမည်သည်။ အစ္ဆရိယံ၊ အံ့ဘွယ်ရှိစွတကား။ တတ္ထ၊ ထိုအခြင်းအရာ၌။ ကာရဏံ၊ အကြောင်းကို။ ဗြူဟိ၊ ဆိုပါလော့၊ ဣတိ၊ ဤသို့မေး၏။

မင်းကြီး၊ ဥပမာသော်ကား ပင်စည်အခက်အပွေးနှင့် ပြည့်စုံသော သစ်ပင်ကြီး၌ အားရှိသော လေ ခတ်အပ်သည်ရှိသော် တုန်လှုပ်၏၊ စင်စစ် ထိုသစ်ပင်၏ ပင်စည်သည် တုန်လှုပ်ရာသလောဟု ဆိုသော် အရှင်ဘုရား၊ လေမုန်တိုင်း ခတ်အပ်သည်ရှိသော်လည်း ပင်စည်မလှုပ်ချေဟုဆိုလျှင် မင်းကြီး၊ ထို့အတူ ရဟန္တာပုဂ္ဂိုလ်တို့သည် ဒုက္ခဝေဒနာနှင့်တွေ့ကြုံသော်လည်း အနိစ္စကိုမြဲစွာယူ၏၊ သမာဓိတည်းဟူသော တိုင်၌ စိတ်ကိုမြဲစွာဘွဲ့၏၊ ထိုရဟန္တာပုဂ္ဂိုလ်၏ စိတ်သည် သမာဓိတည်းဟူသောတိုင်၌ မြဲစွာဘွဲ့ပြီးဖြစ်၍ မတုန်မလှုပ် တည်သည်ဖြစ်၏။ ၊ထိုရဟန္တာ၏မပျံ့လွင့်သောစိတ်သည် ဝေဒနာ၏ ပျံ့လွင့်သော သဘောဖြင့် မတွန့်တိုသည်ဖြစ်၏၊ ထိုရဟန္တာ၏စိတ်သည် သစ်ပင်၏ ပင်စည်ကဲ့သို့ ဝေဒနာကိုမခံစား မတုန်လှုပ်ဟုဆိုသော် အရှင်ဘုရား၊ အံ့ဘွယ်ရှိပေစွ၊ ရှေးကာလ၌မဖြစ်ဘူးလေတကား၊ တကာတော်သည် ဤသို့သဘော ရှိသော အခါခပ်သိမ်း ထွန်းပြုခြင်းနှင့် ယှဉ်သော တရားတည်းဟူသောဆီမီးကို မြင်စဘူးသည်မရှိပါဟုဆို၏။

နိဗ္ဗာနသံဝါသ ကာယိက စေတသိက ဝေဒနာယ နာနာကရဏပဥှာ။

## ၁၄၅။ ဂိဟိပါရာဇိကာပန္နဿအဘိသမယန္တရာယ ကရဏပဉှာ

ပါရာဇိကရောက်သူလူသည်တရားထူးရသလော…မိလိန္ဒမင်း သည် အရှင်

ဘုရား၊ ဤသာသနာတော်တွင်း၌ တစုံတယောက်သော သူသည် သာသနာတော်မှ ရှုံးခြင်းသို့ရောက်ခဲ့၏၊ နောက်ကာလ၌ ရဟန်းပြုပြန်၍ မိမိကိုယ်တိုင်လည်း ငါသည်လူဖြစ်လျက် ပါရာဇိကသို့ ရောက်သောသူတည်းဟုမသိ၊ တပါးသောသူသည်လည်း သင်သည် ပါရာဇိကသို့ ရောက်သောသူတည်းဟူသော စကားကိုလည်းမကြားမပြော၊ ထိုပါရာဇိကသို့ ရောက်သောသူသည် မဂ်ဖိုလ်အကျိုးငှါ ကောင်းစွာကျင့်အံ့၊ ထိုသူအားမဂ်ဖိုလ်တရားကို ရရာသလောဟုဆို၏။

> ဘန္တေ နာဂသေန ဣဓ ယောကောစိ ဂိဟိ ပါရာဇိကံ အဇ္ဈာပန္နော ဘဝေယျ၊ သော အပရေန သမယေန ပဗ္ဗဇေယျ၊ အတ္တနာပိ သော နဇာနေယျ ဂိဟိပါရာဇိကံ အဇ္ဈာပန္နောမှိတိ၊ နပိ တဿ အညော ကောစိ အာစိက္ခေယျ ‘ဂိဟိပါရာဇိကံ အဇ္ဈာပန္နော သီတိ၊ သော စ တဒတ္တာယ ပဋိပဇ္ဇေယျ၊ အပိနုတဿ ဓမ္မာ ဘိသမယော ဘဝေယျာတိ။ ။ဟူသည်တည်း။

ဘန္တေနာဂသေန၊ အရှင်နာဂသေနမထေရ်။ ဣဓ၊ ဤသာသနာတော်၌။ ယောကောစိ၊ တစုံတယောက်သော။ ဂိဟိ၊ လူသည်။ ပါရာဇိကံ၊ ပါရာဇိကသို့။ အဇ္ဈာပန္နော၊ ရောက်သည်။ ဘဝေယျ၊ ဖြစ်ရာ၏။ သော၊ ထိုသူသည်။ အပရေန၊ တပါးသော။ သမယေန၊ အခါ၌။ ပဗ္ဗဇေယျ၊ ရဟန်းပြုရာ၏။ သော၊ ထိုသူသည်။ ဂိဟိပါရာဇိကံ၊ လူပါရာဇိကသို့။ အဟံ၊ ငါသည်။ အဇ္ဈာပန္နော။ ရောက်သည်။ အမှိတိ၊ ဖြစ်၏ ဟူ၍။ အတ္တနာပိ၊ မိမိသည်လည်း။ နဇာနေယျ၊ မသိရာ။ အညော၊ တပါးသော။ ကောစိပိ၊ တစုံတယောက်သောသူသည်လည်း။ တွံ၊ သင်သည်။ ပါရာဇိကံ၊ ပါရာဇိကအာပတ်သို့။ အဇ္ဈာပန္နော၊ ရောက်သည်။ အသိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ တဿ၊ ထိုသူအား။ နအာစိက္ခေယျ၊ မပြောကြားရာ။ သော၊ ထိုသူသည်။ တဒတ္တာယစ၊ ထိုမှာန်မဂ်ဖိုလ်အကျိုးငှါလည်း။ ပဋိ

ပတ္ထေယျ၊ ကျိုင့်ရော်၏။ အပိနု၊ စင်စစ်။ တဿ၊ ထိုသူအား။ ဓမ္မာဘိသမယော၊ ဈာန်မဂ်ဖိုလ်တရားကို ရခြင်းသည်။ ဘဝေယျ၊ ဖြစ်ရာအံ့လော။ ဣတိ၊ ဤသို့။ မိလိန္ဒရာဇာ၊ မိလိန္ဒမင်းသည်။ အာဟ၊ ဆို၏။

မင်းကြီး၊ မဂ်ဖိုလ်ကို မရရာချေဟုဆို၏၊ အရှင်ဘုရား၊ အဘယ်အကြောင်းကြောင့်နည်းဟုဆိုလျှင်မင်းကြီး၊ ထိုပုဂ္ဂိုလ်အား မဂ်ဖိုလ်ရခြင်း၏အကြောင်းတရားသည် ရှိ၏၊ ထိုပုဂ္ဂိုလ်သည် အကြောင်းတရားကို ဖျက်ဆီးအပ်ပြီးဖြစ်သောကြောင့် မဂ်ဖိုလ်တရားကို မရနိုင်ချေဟုဆိုသော် အရှင်ဘုရား၊ အရှင်ဘုရားတို့သည် တရားကိုသိသောသူအား ကျွတ်လွတ်သည် ဖြစ်တတ်၏၊ ကျွတ်လွတ် ဖြစ်သည်ရှိသော် ပိတ်ပင်ခြင်း နီဝရဏတရားသည်ဖြစ်တတ်၏၊ ပိတ်ပင်သည်ရှိသော် မဂ်ဖိုလ်တရားကိုရသောမည်သည် မဖြစ်ဟုဆိုတော်မူကြကုန်၏တကား၊ ပါရာဇိက ရောက်မှန်းမသိ၊ ကျွတ်လွတ်လည်းမရှိ၊ ငြိမ်သက်သောသူအား အဘယ်အကြောင်း ကြောင့် မဂ်ဖိုလ် တရားကို ရခြင်း မဖြစ်နိုင်လေသနည်း၊ ထိုပြဿနာသည် မညီမညွတ်သောအားဖြင့်ရောက်ခဲ့၏၊ ကြံတော်မူ၍ ဖြေတော်မူကုန်လော့ဟုဆို၏။ ။မင်းကြီး၊ ဥပမာသော်ကား ကောင်းစွာထွန်ယက်သောညွန်ပျောင်းရှိသော ညီညွတ်သော လယ်၌ ကောင်းကျိုးကိုပေးတတ်သောကောင်းမွန်စွာကြဲအပ်သော မျိုးစေ့သည် ပေါက်ရောက်ရာသလောဟုဆိုသော် အရှင်ဘုရား၊ ကောင်းစွာထွန်ယက်အပ်သောညီညွတ်သောလယ်၌ပျိုးအပ်သောမျိုးစေ့သည် ကောင်းစွာပေါက်ရောက်ရာ၏ဟုဆိုလျှင် မင်းကြီး၊ထိုမျိုးစေ့ကိုပင်လျှင် တခဲနက်သော ကျောက်ဖျာအပြင်၌ ပျိုးအပ်သည်ရှိသော် ပေါက်ရောက်ရာသလောဟု ဆိုပြန်လျှင် အရှင်ဘုရား၊ တခဲနက်သော ကျောက်ဖျာသည် မျိုးစေ့၏ ရောက်ရာမဟုတ်၊ အကြောင်းမရှိရာ၌ မျိုးစေ့သည် မရောက်ချေဟု ဆိုသော် မင်းကြီး၊ ထို့အတူ ထိုပုဂ္ဂိုလ်အား တရားရအံ့သောအကြောင်းသည်ရှိ၏၊ ထိုအကြောင်းသည် ပုဂ္ဂိုလ်အားပြတ်ခဲ့၏၊ တရားရအံ့သော အကြောင်းမရှိသောကြောင့် မဖြစ်ချေ၊ မင်းကြီး၊ ဥပမာ တနည်းသော်ကား လှံတံ, အရှင်ခဲ, တံကျင်, ဆောက်ရိုက်ဟူသည် မြေကြီး၌တည်ခြင်းသို့ရောက်ကုန်၏၊မင်းကြီး၊ ထိုလှံတံ,အရှင်ခဲ အစရှိသည်တို့သည် ကောင်းကင်ပြင်၌ တည်ရာသို့ကပ်ကုန်ရာသလောဟုဆိုသော် အရှင်ဘုရား၊ ထို

လှံတံအစရှိသည်တို့သည် ကောင်းကင်ပြင်၌မတည်ရာချေဟု ဆိုသော် မင်းကြီး၊ အဘယ့်ကြောင့် ထိုလှံတံ ဒုန့်ခဲ တံကျင် ဆောက်ရိုက် တို့သည် အကြောင်းဖြစ်ရာ မြေကြီး၌ တည်လေကုန်သနည်း၊ အဘယ့်ကြောင့်ကား ကောင်းကင်၌မတည်လေကုန်သနည်းဟု ဆိုသော် အရှင်ဘုရား၊ ထိုလှံတံ ဒုန့်ခဲတို့၏တည်ရာ ကောင်းကင်၌မရှိ၊ ကောင်းကင်သည် လှံတံစသည်တို့၏ တည်ရာမဟုတ်ချေဟု ဆိုလျှင် မင်းကြီး၊ ထို့အတူ ပုဂ္ဂိုလ်အား ထိုအပြစ်ကြောင့် မဂ်ဖိုလ်ရခြင်း၏ အကြောင်းပြတ်၏၊ အကြောင်းကိုခွါ၍ အကြောင်းမရှိသောကြောင့် တရားကို မရသည် ဖြစ်၏။

မင်းကြီး၊ဥပမာတနည်းသော်ကား ကြည်း ကုန်းခင်အရပ်၌ မီးသည် ထိန်ထိန်တောက်၏၊ မင်းကြီး၊ ထိုမီးသည်ပင်လျှင် ရေ၌တောက်ရာသလော်ဟုဆိုသော် အရှင်ဘုရား၊ မီးသည် ရေ၌မတောက်ရာချေ၊ မီးတောက်ခြင်း၌ ရေ၌အကြောင်းမရှိချေ၊ အကြောင်းမဟုတ်သောကြောင့် မီးမတောက်ချေဟု ဆိုလျှင် မင်းကြီး၊ ထို့အတူ ထိုပုဂ္ဂိုလ်အား ထိုအပြစ်ကြောင့် တရားရခြင်း၏အကြောင်းပြတ်ခဲ့၏၊ အကြောင်းကိုခွါခဲ့၏၊ အကြောင်းမရှိသောကြောင့် တရားကိုရသောမည်သည် မဖြစ်ဟု ဆိုသော် အရှင်ဘုရား၊ တဘန်လည်း ဤအနက်အဓိပ္ပါယ်ကိုကြံပါဦးလော့ ထိုစကား၌ တကာတော်၏စိတ်သည် အမှတ်မရှိသောသူအား ကုက္ကုစ္စ မရှိပါသော် ပိတ်ပင်ခြင်းနီဝရဏတရားသည် ဖြစ်ကောင်းလေအံ့လော၊ အကြောင်းဖြင့်တကာတော်အားသိပါစေလော့ဟု ဆိုသော် မင်းကြီး၊ လတ်တလော သေစေတတ်သောအဆိပ်ကို အဆိပ်မှန်း မသိသောသူသည် စားအပ်သည်ဖြစ်အံ့၊ အသက်ကို ဆောင်ရာသလောဟုဆိုသော် အရှင်ဘုရား၊ အသက်ကို ဆောင်ရာ၏ဟုဆိုလျှင် မင်းကြီး၊ ထို့အတူ မသိသောသူသည် မကောင်းမှုကိုပြုမိအံ့၊ မဂ်ဖိုလ်၏ အန္တရာယ်ကို ပြုသည်ဖြစ်၏။ ။မင်းကြီး၊ မြွေဟူ၍မသိသောသူကို မြွေဟောက်သည် ကိုက်သည်ရှိသော် အသက်ကို ဆောင်ရာအံ့လောဟု ဆိုသော် အရှင်ဘုရား အသက်ကိုဆောင်ရာ၏ဟုဆိုလျှင်မင်းကြီး၊ ထို့အတူ မသိသောသူသည်မကောင်းမှုကိုပြုမိအံ့၊ထိုမကောင်းမှုသည် မဂ်ဖိုလ်၏အန္တရာယ်ကို ပြုသည်ဖြစ်၏။ ။မင်းကြီး၊ ရတနာ ဆယ်ပါးနှင့် ပြည့်စုံသော ကာလိင်္ဂရာဇာမင်းသည် ဆင်ရတနာစီးလျက် ကောင်းကင်ဖြင့် အဆွေအ

မျိုးတို့ကို ကြည့်ရှုအံ့သောငှါသွားသော် မသိသည်ဖြစ်၍ မဟာဗောဓိ မဏ္ဍိုင်၏အထက်ဖြင့် သွားအံ့သောငှါ မတတ်နိုင်လေ၊ မင်းကြီး၊ မသိသောသူသည် အကြင်အကြောင်းဖြင့် ပြုအပ်သော မကောင်းမှုသည် မဂ်ဖိုလ်၏အန္တရာယ်ကို ပြုသည်ဖြစ်၏၊ ဤစကား၌ ဤသည်လျှင် အကြောင်းတည်း။ ။မင်းကြီး၊ ဘုရားရှင် ဟောတော်မူအပ်သောတရားတော်ကို သူတပါးသည်မြစ်ခြင်းငှါ မတတ်နိုင်ချေဟု ဆိုသော် အရှင်ဘုရား၊ ထိုစကား၏ဤသို့သောအနက်အဓိပ္ပါယ်ကို တကာတော်သည် အရှင်ဘုရားဆိုတိုင်းဝန်ခံပါ၏ဟု ဝန်ခံလေ၏။

ဂိဟိပါရာဇိကာ ပဉှာသအဘိသမယန္တရာယကရဏပဉှာပြီး၏။

---

## ၁၄၆။ သမဏဒုဿီလဂိဟိဒုဿီလပဉှာ

**ရဟန်းဒုဿီလနှင့် လူဒုဿီလ** .... မိလိန္ဒမင်းသည် အရှင်ဘုရား၊ လူဒုဿီလ အားရင်း, ရဟန်းဒုဿီလအားရင်း, အထူးအဘယ်သို့ရှိအံ့နည်း၊ အကြောင်းအဘယ်သို့နည်း၊ ထိုနှစ်ယောက်သော သူတို့သည် တူမျှသော အလားရှိကြကုန်သလော နှစ်ယောက်သော သူတို့အားမျှသော အကျိုးရှိသလော၊ ထိုသို့မဟုတ်မူကား စိုးစဉ်းအကြောင်းထူးသည် ရှိသလောဟုဆို၏။

ဘန္တေ နာဂသေန ဂိဟိဒုဿီလဿ စ သမဏဒုဿီလဿ စ ကော ဝိသေသော ကိံ နာနာကရဏံ၊ ဥဘောပေတေ သမသမဂတိကာ၊ ဥဘိန္နံပိ သမသမော ဝိပါကော ဟောတိ၊ ဥဒါဟု ကိဉ္စိ နာနာကရဏံ အတ္ထီတိ။ ။ဟူသည်တည်း။

ဘန္တေနာဂသေန၊ ရှင်နာဂသေနမထေရ်။ ဂိဟိဒုဿီလဿစ၊ လူဖြစ်သောဒုဿီလပုဂ္ဂိုလ်အားရင်း။ သမဏဒုဿီလဿစ၊ ရဟန်းဖြစ်သော ဒုဿီလပုဂ္ဂိုလ်အားရင်း။ ဝိသေသော၊ အထူးသည်။ ကော၊ အဘယ်သို့နည်း။ နာနာကရဏံ၊ ထူးသောအကြောင်းသည်။ ကိံ၊ အသို့နည်း။ ဥဘောပိ၊ နှစ်ယောက်လည်းဖြစ်ကုန်သော။ ဧတေ၊ ဤသူတို့သည်။ သမသမဂတိကာ၊ အမျှအမျှသော အလားရှိကုန်သလော။ ဥဘိန္နံပိ၊ နှစ်ယောက်သော သူတို့အားလည်း။ သမသမော၊ အမျှအမျှသော။ ဝိပါကော၊ အကျိုး

သည်။ ဟောတိ၊ ဖြစ်ရာသလော။ ဥဒါဟု၊ ထိုသို့မဟုတ်မူကား။ ကိဉ္စိ၊ စိုးစဉ်းမျှသော။ နာနာကရဏံ၊ ထူးသောအကြောင်းသည်။ အတ္ထိ၊ ရှိလေသလော။ ဣတိ၊ ဤသို့။ ပုစ္ဆိ၊ မေး၏။

ရဟန်းဒုဿီလ၏ဂုဏ်–၁၀-ပါး·····မင်းကြီး၊ ရဟန်း ဒုသီလ အား ဆယ်ပါးသော ဂုဏ်ကျေးဇူးတို့သည်လူဒုသီလထက် အထူးသဖြင့် လွန်ကုန်၏၊ ဆယ်ပါးသောအကြောင်းတို့ဖြင့်လည်း လွန်မြတ်သည်ဖြစ်၍ အလှူရေစက်ကို သုတ်သင်နိုင်၏၊ လူဒုသီလထက် ရဟန်းဒုသီလအားဆယ်ပါးသော ဂုဏ်ကျေးဇူးတို့သည်အထူးသဖြင့် အဘယ်သို့ လွန်သနည်းဟူမူကား မင်းကြီး၊ ဤသာသနာတော်၌ ရဟန်းဒုသီလပုဂ္ဂိုလ်သည်

(၁) ဘုရားရှင်၌ရိုသေခြင်းရှိသည်။
(၂) တရားတော်၌ရိုသေခြင်းရှိသည်။
(၃) သံဃာတော်၌ရိုသေခြင်းရှိသည်။
(၄) သီတင်းသုံးဘော်တို့၌ ရိုသေခြင်းရှိသည်၊ ပါဠိသင်ခြင်း အဋ္ဌကထာသင်ခြင်း၌လုံ့လရှိသည်။
(၅) များသောအကြားအမြင်ရှိသည်။
(၆) သီလပျက်စီးသော်သည်း ရဟန်းဒုသီလသည် ပရိသတ်သို့ရောက်သော် ရဟန်း၏ အသွင်အပြင်ကို ဖြစ်စေသည်။
(၇) ကဲ့ရဲ့အံ့သော ဘေးကို ကြောက်သဖြင့် ကိုယ်နှုတ်ကို စောင့်ရှောက်သည်။
(၈) ကမ္မဋ္ဌာန်းသို့ရှေးရှုသောစိတ်ရှိသည်။
(၉) ရဟန်း၏အဖြစ်သို့ကပ်သည်။
(၁၀) ဒုသီလပုဂ္ဂိုလ်သည်မကောင်းမှုကိုပြုသော်လည်း ဖုံးလွှမ်း၍ကျင့်၏။

မင်းကြီး၊ ဥပမာသော်ကား လင်ရှိသောမိန်းမသည် ဖုံးလွှမ်းလျှို့ဝှက်၍ မကောင်းမှုကို ကျင့်သကဲ့သို့ ထို့အတူမင်းကြီး၊ ရဟန်းဒုသီလပုဂ္ဂိုလ်သည် မကောင်းမှုကို ကျင့်သော်လည်းဖုံးလွှမ်းလျှို့ဝှက်၍ကျင့်၏၊

ရဟန်းဒုဿီလနှင့်ထူးခြားချက်–၁၀–ပါး..မင်းကြီး၊ ဤဆယ်ပါး
သော ဂုဏ် ကျေးဇူး

တို့သည်ရဟန်းဒုဿီလအား လူဒုဿီလထက်အထူးသဖြင့်လွန်၏။ ။
ဆယ်ပါးသောအကြောင်းတို့ဖြင့် လွန်စွာအလှူရေစက်ကို အဘယ်သို့
သုတ်သင်သနည်းဟူမူကား......

(၁) မကောင်းမကျစ် အကျိုးရှိသောစကားကိုဆောင်တတ်သော
ကြောင့် အလှူရေစက်ကိုသုတ်သင်၏။

(၂) သူတော်ကောင်း ရသေ့ရဟန်း၏ဥစ္စာအသွင်ကို ဆောင်သော
ကြောင့်လည်းအလှူရေစက်ကိုသုတ်သင်၏။

(၃) သံဃာတော်ဟု မှတ်အပ်သော အယူသို့ ဝင်သည်၏ အဖြစ်
ကြောင့်လည်း အလှူရေစက်ကိုသုတ်သင်၏။

(၄) ဘုရားတရားသံဃာရတနာကို ကိုးကွယ်ဆောက် တည်ခြင်း
သို့ ရောက်သည်၏ အဖြစ်ကြောင့်လည်း အလှူရေစက်ကို
သုတ်သင်၏။

(၅) ကမ္မဋ္ဌာန်းအိမ်၌နေလေ့ရှိသောကြောင့်လည်း အလှူရေစက်ကို
သုတ်သင်၏။

(၆) ဘုရားရှင်သာသနာတော်မြတ်ကို ဆောင်သောသူကို ရှာလေ့
ရှိသောကြောင့်လည်းအလှူရေစက်ကိုသုတ်သင်၏။

(၇) မြတ်သောတရားဒေသနာကို ဟောတတ်သောကြောင့်လည်း
အလှူရေစက်ကိုသုတ်သင်၏။

(၈) တရားတည်းဟူသောဆီမီး၏ တည်ရာလားရာ ရှိသောကြောင့်
လည်းအလှူရေစက်ကိုသုတ်သင်၏။

(၉) ဘုရားရှင်သည် လောကသုံးပါးထက် မြတ်၏ဟု ဖြောင့်
မတ်သောအယူရှိသည်၏ အဖြစ်ကြောင့်လည်း အလှူရေစက်
ကိုသုတ်သင်၏။

(၁၀) ဥပုသ်ဆောက်တည်သော အားဖြင့်လည်း အလှူရေစက်ကို
သုတ်သင်၏။ ။မင်းကြီး၊ ဤဆယ်ပါးသောအကြောင်းတို့ဖြင့်
အလှူရေစက်ကို လွန်စွာသုတ်သင်နိုင်၏။

မင်းကြီး၊ မဘောက်မပြန်သော အကျင့်ရှိသော ရဟန်းဒုဿီလ ပုဂ္ဂိုလ်သည် ဒါယကာတို့၏အလှူရေစက်ကိုသုတ်သင်နိုင်၏၊ မင်းကြီး၊ ဥပမာသော်ကား ၊နောက်သောရေသည် ညွှန်ပျောင်းရွံ့ကိုပယ်နိုင် သကဲ့သို့ ထို့အတူမင်းကြီး၊ ဘောက်ပြန်သောအကျင့်ရှိသော ရဟန်း ဒုဿီလပုဂ္ဂိုလ်သည် ဒါယကာတို့၏ အလှူရေစက်ကိုသုတ်သင်နိုင်၏၊ မင်းကြီး၊ ဥပမာတနည်းသော်ကား၊ ကျိုက်ကျိုက်ဆူသော ရေပူသည် မီးပုံကြီးကို ငြိမ်းစေနိုင်သကဲ့သို့ ထို့အတူမင်းကြီး၊ ရဟန်းဒုဿီလ ပုဂ္ဂိုလ်သည်ဒါယကာတို့၏အလှူရေစက်ကိုသုတ်သင်နိုင်၏၊ မင်းကြီး၊ ဥပမာတနည်းသော်ကား ဘောဇဉ်သည် အရသာမရှိသော်လည်း တော်မွတ်ခြင်း အားနည်းခြင်းကို ပယ်တတ်သကဲ့သို့ ထို့အတူမင်းကြီး၊ ဘောက်ပြန်သောအကျင့်ရှိသောရဟန်းဒုဿီလပုဂ္ဂိုလ်သည် ဒါယကာ တို့၏အလှူရေစက်ကိုသုတ်သင်တတ်၏၊ မင်းကြီး၊ ထိုအကြောင်းကို လည်း နတ်တကာတို့ထက် နတ်မြတ်ဖြစ်တော်မူသော ဘုရားရှင်သည် မဇ္ဈိမနိကာယ် ဒက္ခိဏာဝိဘင်္ဂသုတ္တန်၌ ဟောတော်မူအပ်၏။

ယော သီလဝါ ဒုဿီလေသု ဒဒါတိ ဒါနံ၊
ဓမ္မေန လဒ္ဓံ သုပ္ပသန္နစိတ္တော။
အဘိသဒ္ဒဟံ ကမ္မဖလံ ဥဠာရံ၊
သာ ဒက္ခိဏာ ဒါယကတော ဝိသုဇ္ဈတိ။ ။

ဟု ဟောတော်မူအပ်၏။

ယော၊ အကြင်ဒါယကာသည်။ သီလဝါ၊ သီလနှင့်ပြည့်စုံ၏။ သော သီလဝါ၊ ထိုသီလနှင့်ပြည့်စုံသောဒါယကာသည်။ ဒုဿီလေသု၊ သီလ မရှိသောပုဂ္ဂိုလ်တို့အား။ ဓမ္မေန၊ တရားနှင့်လျော်သဖြင့်။ လဒ္ဓံ၊ ရအပ် သော။ ဒါနံ၊ အလှူဝတ္ထုကို။ ဒဒါတိ၊ လှူ၏။ သုပ္ပသန္နစိတ္တော၊ ကြည်လင် သောစိတ်ရှိ၏။ ဥဠာရံ၊ မွန်မြတ်သော။ ကမ္မဖလံ၊ ကံ၏အကျိုးကို။ အဘိ သဒ္ဒဟံ၊ ယုံကြည်၏။ သာ ဒက္ခိဏာ၊ ထိုအလှူဝတ္ထုသည်။ ဒါယကတော၊ အလှူဒါယကာကြောင့်။ ဝိသုဇ္ဈတိ၊ စင်ကြယ်၏။

အရှင်ဘုရား၊ အံ့ဘွယ်ရှိပေစွတကား၊ အရှင်ဘုရား မဖြစ်ဘူးလေ တကား၊ တကာတော်တို့သည် ထိုမျှလောက်သောပြဿနာကို မေးလေ

ကုန်ပြီ၊ မဖြစ်ဘူးလေ့၊ ထိုစကားကို အရှင်ဘုရားသည် ဥပမာအကြောင်းတို့ဖြင့်ထင်ရှားစွာဖြစ်စေ၍၊ ချိုမြိန်သောအရသာရှိသော နားတွင်းသို့ဝင်သောတရားစကားကို ပြုတော်မူပေ၏၊ အရှင်ဘုရား၊ ဥပမာကားစမို သည်သည်ရင်း၊ စမိုသည်၏တပည့်သည်ရင်း၊ ထိုမျှလောက်သောအမဲကိုရ၍ အထူးထူးသော ကရဝေး ဖီယာ ချင်း ငြုတ်တို့ဖြင့် ပြည့်စုံစေ၍ မင်းအား အသုံးအဆောင်ကိုပြုသကဲ့သို့ အရှင်ဘုရား၊ ထို့အတူ တကာတော်တို့သည် ထိုမျှလောက်သောပြဿနာကို မေးကုန်ပြီ၊ ထိုပြဿနာကို အရှင်ဘုရားသည် ဥပမာအကြောင်းအရာတို့ဖြင့်ထင်ရှားစေ၍ ချိုမြိန်သောအမြိုက်အရသာရှိသော နားတွင်းသို့ဝင်သောတရားစကားကို ပြုတော်မူပေ၏ဟုဆို၏။

သမဏဒုဿီလ ဂိဟိဒုဿီလပဉှာပြီး၏။

## ၁၄၇။ ဥဒကဿ သန္တတ္တဇီဝပဉှာ

**ရေ၌အသက်ရှိပါသလော**……မိလိန္ဒမင်းသည် အရှင်ဘုရား၊ ဤရေသည်မီး၌ကစားသောအသံဖြစ်ခဲ့၏၊ အသက်ရှိသလော၊ ထိုသို့မဟုတ်မူကား မီး၌ပူစေအပ်သည်ရှိသော် ဖျစ်ဖျစ်ဟူသောအသံများစွာ ဖြစ်ခဲ့၏တကား၊ အရှင်ဘုရား အသို့နည်း၊ ရေသည် အသက်ရှိသလော၊ ကစားသောအသံဖြစ်ခဲ့၏၊ တပါးသောသူသည် နှိပ်စက်အပ်သည်ဖြစ်၍ အသံဖြစ်သလောဟု မေး၏။

> ဘန္တေ နာဂသေန ဣမံ ဥဒကံ အဂ္ဂိမှိ တပ္ပမာနံ စိစ္စိဋာယတိ၊ စိဋိစိဋာယတိ၊ သဒ္ဒါယတိ ဗဟုဝိဓံ၊ ကိံ နု ခေါ ဘန္တေ နာဂသေန ဥဒကံ ဇီဝတိ၊ ကီဠမာနံ သဒ္ဒါယတိ၊ ဥဒါဟု အညေန ပဋိပီဠိတံ သဒ္ဒါယတိ။

ဘန္တေနာဂသေန၊ ရှင်နာဂသေနမထေရ်။ ဣမံဥဒကံ၊ ဤရေသည်။ အဂ္ဂိမှိ၊ မီး၌။ တပ္ပမာနံ၊ ပူစေအပ်သည် ရှိသော်။ စိစ္စိဋာယတိ၊ ဖျစ်ဖျစ်မြည်၏။ စိဋိစိဋာယတိ၊ တွြပ်တွြပ် မြည်၏။ ဗဟုဝိဓံ၊ များစွာ။ သဒ္ဒါယတိ၊ အသံမြစ်၏။ ဘန္တေနာဂသေန၊ ရှင်နာဂသေနမထေရ်။ ကိံနုခေါ၊ အသို့နည်း။ ဥဒကံ၊ ရေသည်။ ဇီဝတိ၊ အသက်ရှိသလော။ ကီဠမာနံ၊ ကစား

သည် ရှိသေ၁်။ သန္ဒါယတိ၊ အသံဖြစ်သလော။ ဥဒ္ဒါဟု၊ ထိုသို့မဟုတ်မှုကား။ အညေန၊ သူတပါးသည်။ ပဋိဗိဋ္ဌတံ၊ နှိပ်စက်အပ်သည်ဖြစ်၍။ သန္ဒါယတိ၊ အသံဖြစ်သလော။ ဣတိ၊ ဤသို့။ ပုစ္ဆိ၊ မေး၏။

မင်းကြီး၊ ရေသည် အသက်မရှိ၊ ရေ၌အသက်ဟူ၍ သတ္တဝါ ဟူ၍မရှိ၊ မင်းကြီး၊ စင်စစ်သော်ကား မီးပူခြင်း အဟုန်၏ များသည်၏အဖြစ်ကြောင့် ရေသည်ဖျစ်ဖျစ်မြည်၏၊ ကြွပ်ကြွပ်မြည်၏၊ များစွာအသံဖြစ်၏ဟုဆိုသော် အရှင်ဘုရား၊ ဤလောက၌ အချို့သောတိတ္ထိတို့သည် ရေကိုအသက်ရှိ၏ဟု ရေအေးကိုပယ်၍ ရေကိုနွေးစေ၍ ဘောက်ပြန်သောရေကိုသုံးဆောင်ကုန်၏။ ထိုတိတ္ထိတို့သည် အရှင်ဘုရားတို့ကို သာကီဝင်မင်း၏သား ရဟန်းတို့သည် တခုသော ဣန္ဒြေရှိသော အသက်ရှိသောရေကို အသက်ထက်ဆုံး သတ်ညှဉ်းဆဲကုန်၏ဟု ကဲ့ရဲ့ဆိုမြည်ကြကုန်၏၊ထိုတိတ္ထိတို့၏ ထိုကဲ့ရဲ့ဆိုမြည်ကြသော အယူဝါဒကိုဖျောက်ပါလော့၊ ပယ်တော်မူပါလော့၊ ဖြေတော်မူပါလော့ဟုဆိုသော် မင်းကြီး၊ ရေသည်အသက်မရှိ၊ ရေ၌အသက်ဟူ၍ရင်း, သတ္တဝါဟူ၍ရင်းမရှိ၊ မင်းကြီး၊စင်စစ်သော်ကား မီးပူ၏အဟုန်များသည်၏အဖြစ်ကြောင့် ရေသည် အသံဖြစ်၏၊ကြွပ်ကြွပ်မြည်၏၊များစွာအသံဖြစ်၏၊မင်းကြီး၊ရေသည်ထုံးအိုင်သို့စီး၍ထုံးအိုင်တဘက်ဆည်းကန် ချောင်းမြောင်း ရေတွင်း လေးဒေါင့်ကန်တို့၌တည်၏၊ထိုရေသည်လေနေပူ၏အဟုန်များသည်၏အဖြစ်ကြောင့် ခန်းခြင်း ကုန်ခြင်းသို့ရောက်၏၊ စင်စစ်သော်ကား ထိုထုံးအိုင်အစရှိသည်တို့၌ ရေသည် အသံဖြစ်ရာသလော၊ ကြွပ်ကြွပ်မြည်လေသလောဟုဆိုသော် အရှင်ဘုရား၊ထိုခန်းခြောက်သောရေသည် အသံမဖြစ်၊ကြွပ်ကြွပ်မမြည်ချေဟုဆိုလျှင် မင်းကြီး၊ရေသည်အကယ်၍အသက်ရှိသည်ဖြစ်အံ့၊ထိုခန်းခြောက်သောအခါလည်း အသံပြုရာ၏၊ မင်းကြီး၊ ဤသို့သော အကြောင်းကြောင့် ရေ၌အသက်မရှိ သတ္တဝါဟူ၍လည်းမရှိဟုမှတ်လေ၊ မီးပူအဟုန်ပြင်းသည်၏ အဖြစ်ကြောင့် ရေသည်အသံဖြစ်၏။

မင်းကြီး၊အကယ်၍ ရေသည် ဆန်တို့နှင့် ရောနှောသည်ဖြစ်၍ အိုး၌တည်သည်ဖြစ်အံ့၊ ပိတ်၍ခုံလောက်၌တည်ထားအံ့၊ စင်စစ်အသံဖြစ်နိုင်ရာအံ့လောဟု ဆိုသော် အရှင်ဘုရား၊ အသံမဖြစ်ရာချေ၊ မတုန်မလှုပ်

ငြိမ်သက်စွာဖြစ်၏ဟုဆိုလျှင် အရှင်ဘုရား၊ အိုး၌တည်သောရေကိုမီးညှိ၍ ခံလောက်ထက်၌ ထားအပ်သည်ဖြစ်အံ့၊ ထိုအိုး၌ ရေသည် ငြိမ်သက်စွာ မတုန်မလှုပ် စင်စစ်ဖြစ်ရာသလောဟုဆိုပြန်သော် အရှင်ဘုရား၊ အသံဖြစ်ချေ၏၊ တုန်လှုပ်ချောက်ချား၍ တံပိုးအဟုန်သည် ဖြစ်၏၊ အောက်အထက် တူရူဘီလာအရပ်တို့၏ အပေါ်သို့တက်လျှံ၏၊ ရေမြှုပ်အစည်အလျှည်ဖြစ်၏ဟုဆိုသော် မင်းကြီး၊ အဘယ့်ကြောင့်ပြကတေ့ရေသည် မလှုပ်ဘဲ ငြိမ်သက်စွာဖြစ်လေသနည်း၊ မီးသို့ ရောက်သောရေသည် အဘယ့်ကြောင့် လှုပ်လေ ချန်လေသနည်း၊ တံပိုးအဟုန်ဖြင့် ဖြစ်လေသနည်း၊ အောက်အထက် တူရူဘီလာသွားလေသနည်း၊ အမြှုပ်အစည်အလျှည်ဖြစ်လေသနည်းဟု ဆိုသော် အရှင်ဘုရား၊ ပြကတေ့သောရေသည် မတုန်မလှုပ်ချေ၊ မီး၌တည်သောရေသည် မီးပူဟုန်များသည်၏အဖြစ်ကြောင့် အသံမြည်၏၊ များစွာ တွင်တွပ်အသံဖြစ်၏ဟုဆိုသော် မင်းကြီး၊ ဤသို့သောအကြောင်းဖြင့် ရေ၌အသက်မရှိ သတ္တဝါဟူ၍လည်း မရှိ၊ မီးပူအဟုန်ကြီးသည်၏အဖြစ်ကြောင့် ရေသည်အသံဖြစ်၏၊ မင်းကြီး၊ ထိုရေသည် အိမ်တိုင်းအိမ်တိုင်း ရေအိုး၌တည်၏၊ အိမ်၌စုဝေး၍ရှိ၏၊ မင်းကြီး၊ လွန်စွာသောအကြောင်းကိုလည်း နာဦးလော့၊ ရေ၌ အသက်ဟူ၍ရင်း,သတ္တဝါဟူ၍ရင်းမရှိ၊ မီးပူအဟုန်ပြင်းသည်များသည်၏အဖြစ်ကြောင့် ရေသည်အသံဖြစ်၏၊ မင်းကြီး၊ ထိုရေသည် အိမ်တိုင်းအိမ်တိုင်း ရေအိုး၌တည်လျက်ပိတ်၍ ရှိ၏လောဟုဆိုသော် အရှင်ဘုရား၊ ရှိ၏ဟုဆိုလျှင် အသို့နည်း မင်းကြီး၊ ထိုရေသည် လှုပ်ချောက် ချန်ပွက် တံပိုးထသည်ဖြစ်သလော၊ တူရူဘီလာ အောက်အထက် လျှံသလောဟုဆိုသော် အရှင်ဘုရား၊ ပြကတေ့သောရေအိုး၌တည်၏၊ ထိုရေသည် မလှုပ်ချေဟုဆိုလျှင်—

မင်းကြီး၊ သင်မင်းကြီးသည် မဟာသမုဒ္ဒရာသည်လှုပ်၏၊ အသံဖြစ်၏၊ ချောက်ချား၏၊ လှိုင်းပွက်၏၊ တံပိုးအဟုန်သည်ထ၏၊ အောက်အထက် တူရူဘီလာသွား၏၊ လျှံ၍စီး၏၊ ရေမြှုပ်၏ အစည်အလျှည်ဖြစ်၏၊ ချန်၍ ကမ်းပါး၌ရိုက်၏ဟူသောစကားကို ကြားဘူး၏လောဟုဆိုသော် အရှင်ဘုရား၊ တကာတော်သည်ကြားလည်းကြားဘူးပါ၏၊ မြင်လည်းမြင်ဘူးပါ၏၊ မဟာသမုဒ္ဒရာ၌ ရေသည် အတောင်တရာ အနှတောင်ဖာထောင် ကောင်းကင်ပြင်သို့ တက်၏ဟုဆိုသော် မင်းကြီး၊ အဘယ့်ကြောင့် ရေအိုး

၌တည်သောရေသည် မလျှပ်လေသနည်း၊မဟာသမုဒ္ဒရာသည် အဘယ့်ကြောင့်လျှပ်လေသနည်း၊အသံဖြစ်လေသနည်းဟုဆိုလျှင် အရှင်ဘုရား၊ လေ၏အဟုန်ပြင်းသည်၏အဖြစ်ကြောင့် သမုဒ္ဒရာသည်လျှပ်၏၊ အသံဖြစ်၏၊ ရေအိုး၌တည်သောရေသည် မခိုက်မတိုး တစိုးတစိမျှမလျှပ် အသံမဖြစ်ဟုဆို၏၊မင်းကြီး၊မဟာသမုဒ္ဒရာရေသည် လေ၏အဟုန်ပြင်းသည်၏အဖြစ်ကြောင့် အသံဖြစ်သကဲ့သို့ ထို့အတူမီးပူ၏အဟုန်ဖြင့် ပြင်းသောကြောင့် ရေအိုး၌ ရေသည်အသံဖြစ်၏၊မင်းကြီး၊စည်မျက်နှာကို နွားရေဖြင့် မြွေးအပ် ကျက်အပ်သည် မဟုတ်လောဟုဆိုသော် အရှင်ဘုရား၊ ဟုတ်ပချေ၏ဟုဆို၏၊မင်းကြီး၊စည်ကြီး၌အသက်ဟူ၍၎င်း,သတ္တဝါဟူ၍၎င်း ရှိသလောဟုဆိုသော် အရှင်ဘုရား၊စည်ကြီး၌ အသက်မရှိချေဟုဆို၏၊မင်းကြီး၊အဘယ့်ကြောင့် စည်ကြီးအသံဖြစ်သနည်းဟုဆိုပြန်လျှင် အရှင်ဘုရား၊ မိန်းမ၏၎င်း, ယောကျ်ား၏၎င်း လျော်သောလုံ့လဖြင့် စည်ကြီးအသံဖြစ်၏ဟုဆိုလျှင် ထို့အတူ မီးပူ၏အဟုန် အားကြီးသည်ဖြစ်၍ ရေသည်အသံဖြစ်၏၊မင်းကြီး၊ ဤသို့သော အကြောင်းဖြင့် ရေ၌အသက်ဟူ၍၎င်း,သတ္တဝါဟူ၍၎င်းမရှိ၊ မီးပူ၏ အဟုန်ပြင်းသောကြောင့် ရေသည်အသံဖြစ်၏ဟု မှတ်လေ သိလေဟုဆို၏။

မင်းကြီး၊ ငါသည်လည်း သင်မင်းကြီးအား မေးအပ်သောအခြင်းအရာ စကားသည်ရှိသေး၏၊ ထိုပြဿနာကို ကောင်းစွာ ဖြေဦးလော့၊ မင်းကြီး၊ အသို့နည်း ခပ်သိမ်းသော အိုးတို့မှ ရေသည် ထိုပူသောရေအသံဖြစ်သကဲ့သို့ အတိုင်းအရှည်ရှိသလော၊ထိုသို့မဟုတ်မူကား အချို့သောအိုးမှသာလျှင် ထိုပူသောရေအသံဖြစ်သကဲ့သို့ အသံဖြစ်သလောဟုဆိုလျှင် အရှင်ဘုရား၊ အလုံးစုံသော အိုးမှရေသည် ထို့အတူ အသံမဖြစ်ချေ၊အချို့သောအိုးတို့မှရေသည်အသံဖြစ်၏ဟုဆိုသော်၊မင်းကြီး၊ ထိုသို့တပြီးကား ရေ၌အသက်ရှိ၏ဟု မိမိအယူကို တစိတ်တဒေသ ရောက်ပြန်၏ကာကား၊ ငါဆရာ၏ အယူ၌လည်း အသက်ဟူ၍၎င်း, သတ္တဝါဟူ၍၎င်းမရှိ၊ မင်းကြီး၊ အလုံးစုံသော အိုးတို့မှရေသည် ထိုဆိုအပ်ပြီးသော အတိုင်းအရှည် အသံသည်သာဖြစ်အံ့၊ရေသည် အသက်ရှိ၏ဟုဆိုခြင်းငှါ ယုတ္တိရှိ၏၊မင်းကြီး ၊အသံဖြစ်သောရေသည် အသက်ရှိ၏၊ အသံမရှိသော ရေသည် အသက်မရှိဟုရေနှစ်ခုသည် ဖြစ်လေရာ၏၊ မင်းကြီး၊ အကယ်၍ ရေသည် အသက်ရှိသည် ဖြစ်အံ့၊

မြားမြောင် ကြီးကျယ်သော ကိုယ်ရှိကုန်သော ဆင်ပြောင်ကြီးတို့၏ နှာမောင်းဖြင့် ရေကိုဖြတ်၍ ခံတွင်းသို့ သွင်းကုန်သော် ထိုဆင်တို့၏ သွားကြား၌ ထိုရေကို နှိပ်မိသည်ရှိသော် အသံဖြစ်လေ ကုန်ရာ၏၊ အတောင်တရာ မျှလောက်သော လှေကြီးသည် လေးသောဝန်ကို ရွက်ဆောင်၍ အသိန်းမကသော ဝန်ဖြင့်ပြည့်၍ မဟာသမုဒ္ဒရာ၌ သွားသည်ရှိသော် နှိပ်စက်မိသော ရေသည် အသံဖြစ်လေရာ၏၊ ယူဇနာအားဖြင့် အရာမကသော တိမိရ တိမိင်္ဂလ အစရှိသောငါးကြီး တို့သည်မဟာသမုဒ္ဒရာ၏ အတွင်း၌ ငုပ်လျှက် နေရာ ဖြစ်သောကြောင့် နေကုန်လျက် ကျင်ကြီး ကျင်ငယ်စွန့်ကုန်၏၊ ထိုငါးကြီးတို့၏ သွားကြား၌ ကြိတ်မိသောရေသည် အသံဖြစ်ရာ၏၊ မင်းကြီး၊ ဤသို့သဘောရှိကုန်သော သတ္တဝါတို့သည် နှိပ်စက်ခြင်းတို့ဖြင့် ရေသည် အသံမဖြစ်၊ ထို့ကြောင့် ရေ၌အသက်ဟူ၍ရင်း၊ သတ္တဝါဟူ၍ရင်း မရှိ၊ မင်းကြီး၊ ဤသို့လျှင် ဤအကြောင်းကို မှတ်လေ ဆောင်လေလော့ဟု ဆိုလျှင် အရှင်ဘုရား၊ ကောင်းပါပြီ၊ အပြစ်ဒေါသရှိသော ပြဿနာကို အပြစ် ဒေါသမှ ကင်းလေအောင် သင့်တင့်လျောက်ပတ်သော ဝေဘန်ခြင်း ဖြင့်ဝေဘန်အပ်ပေ၏။

အရှင်ဘုရား၊ ဥပမာသော်ကား များစွာအဘိုးထိုက်သောပတ္တမြား ရတနာသည် လိမ္မာစွာ ဆရာသင်အပ်ပြီးသော ကျောက်ပွတ်သွား လက်သို့ရောက်သော် ကျော်စောခြင်းကို ရသကဲ့သို့ ပုလဲရတနာ သည်လည်း ပုလဲသွားလက်သို့ ရောက်သော် ချီးမွမ်းထောမနာဖြစ် သကဲ့သို့, ပုဆိုးရတနာသည် ပုဆိုးယက်သူတို့ လက်သို့ရောက်သော် ချီးမွမ်းထောမနာသကဲ့သို့ ထို့အတူ အရှင်ဘုရားသည် အပြစ်ဒေါသသို့ ရောက်သောပြဿနာကို အပြစ်ဒေါသကင်းလေအောင် လျောက်ပတ် သော ဝေဘန်ခြင်းဖြင့် ဝေဘန်တော်မူပေ၏၊ ဤအဆုံးအဖြတ်ကို အရှင် ဘုရား ဆိုတိုင်းတ...တော်ဝန်ခံပါ၏ဟုဝန်ခံလေ၏။

ဥဒကာယ သတ္တဇီဝ ပဉှာပြီး၏။

ဗုဒ္ဓဝဂ္ဂေါ-ပဉ္စမော-ဇူမသ္မိံဝဂ္ဂေ ၁သပဉှာ။

## ၁၄၈။ နိပ္ပပဉ္စပဉှာ။

**နယ်ချဲ့သွား ၃၇–ဦး**·····မိလိန္ဒမင်းသည် အရှင်ဘုရား၊ ဘုရားရှင်သည် ချစ်သားရဟန်းတို့၊ သံသရာဝဋ်တရားကို အကျယ်ချဲ့တတ်သော တဏှာမာန ဒိဋ္ဌိမရှိသော တရားတို့၌ မွေ့လျော်၍ နေကုန်လော့၊ တဏှာမာန ဒိဋ္ဌိမရှိသော လောကုတ္တရာတရားတို့၌မွေ့လျော်ကြကုန်လော့ဟု ဟောတော်မူအပ်၏၊ ထိုနိပ္ပပဉ္စတရားကား အဘယ်နည်းဟုမေးသော်။ ။မင်းကြီး၊ သောတာပတ္တိဖိုလ်သည်နိပ္ပပဉ္စတရားဖြစ်၏၊ သကဒါဂါမိဖိုလ်သည် နိပ္ပပဉ္စ တရားဖြစ်၏၊ အနာဂါမိဖိုလ်သည် နိပ္ပပဉ္စတရားဖြစ်၏၊ အရဟတ္တဖိုလ်သည် နိပ္ပပဉ္စတရားဖြစ်၏ဟုဆို၏။

> ဘန္တေ နာဂသေန ဘာသိတမ္ပေတံ ဘဂဝတာ နိပ္ပပဉ္စာရာမာ ဘိက္ခဝေ ဝိဟရထ နိပ္ပပဉ္စရတိနောတိ၊ ကတမန္တံ နိပ္ပပဉ္စန္တိ၊ သောတာပတ္တိဖလံမဟာရာဇ နိပ္ပပဉ္စံ၊ သကဒါဂါမိဖလံနိပ္ပပဉ္စံ၊ အနာဂါမိဖလံ နိပ္ပပဉ္စံ၊ အရဟတ္တဖလံ နိပ္ပပဉ္စန္တိ။ ။ဟူသည်တည်း။

ဘန္တေနာဂသေန၊ရှင်နာဂသေနမထေရ်။ ဘဂဝတာ၊မြတ်စွာဘုရားသည်။ ဘိက္ခဝေ၊ရဟန်းတို့။ နိပ္ပပဉ္စာရာမာ၊ သံသရာဝဋ်တရားကိုအကျယ်ချဲ့တတ်သော တဏှာမာန ဒိဋ္ဌိမရှိသော တရားတို့၌မွေ့လျော်ကုန်သည်ဖြစ်၍။ဝိဟရထ၊နေကုန်လော့။နိပ္ပပဉ္စရတိနော၊ တဏှာမာန ဒိဋ္ဌိတည်းဟူသော ပပဉ္စတရားမရှိသော လောကုတ္တရာတရား၌ မွေ့လျော်ကုန်သည်ဖြစ်၍။ဝိဟရထ၊နေကုန်လော့။ဣတိ၊ဤသို့။ ဧတံပိ၊ဤစကားကိုလည်း။၊ဘာသိတံ၊ ဟောတော်မူအပ်၏။ တံနိပ္ပပဉ္စံ၊ ထိုပပဉ္စတရား မရှိသောတရားသည်။ကတမံ၊ အဘယ်နည်း။ဣတိ၊ဤသို့။ပုစ္ဆိတော၊မေးအပ်သည်ရှိသော်။ မဟာရာဇ၊ မင်းကြီး။ သောတာပတ္တိဖလံ၊ သောတာပတ္တိဖိုလ်သည်။ နိပ္ပပဉ္စံ၊ တဏှာမာန ဒိဋ္ဌိ တည်းဟူသော ပပဉ္စတရားမရှိ။သကဒါဂါမိဖလံ၊ သကဒါဂါမိဖိုလ်သည်။ နိပ္ပပဉ္စံ၊ ပပဉ္စ တရားမရှိ။ အနာဂါမိဖလံ၊ အနာဂါမိဖိုလ်သည်။နိပ္ပပဉ္စံ၊ ပပဉ္စတရားမရှိ။ အရဟတ္တဖလံ၊ အရဟတ္တဖိုလ်သည်။နိပ္ပပဉ္စံ၊ပပဉ္စတရားမရှိ။ဣတိ၊ဤသို့ဖြေတော်မူ၏။

အရှင်ဘုရား၊ အကယ်၍ လောကုတ္တရာဖိုလ်တရားသည် ပဗ္ဗဇ္ဇတရား မရှိသည်ဖြစ်အံ့၊ အရှင်ဘုရား၊ အဘယ့်ကြောင့် တပည့်ရဟန်းတို့သည် သုတ္တ, ဂေယျ, ဝေယျာကရဏ်း, ဂါထာ, ဥဒါန်း, ဇာတိဝုတ္တက, ဇာတက, အဗ္ဘုတဓမ္မ, ဝေဒလ္လဟုဆိုအပ်သော အင်္ဂါကိုးပါး ရှိသော တရားတော်ကို အမှုသစ်ပြုသဖြင့် ပါဠိအဋ္ဌကထာ သင်ကြားကြကုန်သနည်း၊ လျှူဒါန်းပူဇော်သဖြင့်လည်း နှောင့်ရှက်ကြကုန်သနည်း၊ ထိုတပည့်တော်ရဟန်းတို့သည် ဘုရားပယ်တော်မူအပ်သောအမှုကို ပြုကြကုန်၏ တကားဟုဆို၏။

(မိလိန္ဒမင်း၏အလိုကား ဘုရားရှင်သည် ချစ်သားရဟန်းတို့၊ ပဗ္ဗဇ္ဇတရားသုံးပါး မရှိသော လောကုတ္တရာဖိုလ်တရား၌ မွေ့လျော်ကြကုန်ဟု မိန့်တော်မူလျှင် ထိုလောကုတ္တရာတရားကိုသာ အားထုတ်ကောင်းတော့သည်၊ စာပေကျမ်းဂန်သင်ကြားခြင်း, လှူဒါန်းပူဇော်ခြင်းတို့ကို တပည့်တော်ရဟန်းတို့သည်ပြုဘွယ်မရှိ၊ ထိုစာပေသင်ကြားခြင်း၊လှူဒါန်းပူဇော်ခြင်းကိုပြုခြင်းသည် ဘုရားရှင်ပယ်တော်မူအပ်သောအမှုကို ပြုသည်ပင်မည်၏ဟု သွင်း၍ မေးသည်ဟူလိုသည်။)

မင်းကြီး၊အကြင်တပည့်တော်ရဟန်းတို့သည် သုတ္တ,ဂေယျ အစရှိသောတရားကို သင်ကြားကုန်၏၊ လှူဒါန်းပူဇော်ခြင်းဖြင့် နှောင့်ရှက်ကုန်၏၊ ထိုအလုံးစုံသော ရဟန်းတို့သည် ပဗ္ဗဇ္ဇတရား သုံးပါး မရှိသော လောကုတ္တရာတရားသို့ရောက်ကြောင်းကိုပြုကြကုန်၏၊မင်းကြီး၊ အကြင်တပည့်တော် ရဟန်းတို့သည် ရှေးသံသရာမှ ထုံမွမ်းသော ဝါသနာကြောင့် သဘောအားဖြင့် ကိလေသာ စင်ကြယ်၏၊ ထိုရဟန်းတို့သည် တကြိမ်သော စိတ္တက္ခဏဖြင့် တဏှာ,မာန, ဒိဋ္ဌိတည်းဟူသော ပဗ္ဗဇ္ဇတရားမရှိကုန်သည် ဖြစ်ကုန်၏၊ မင်းကြီး၊ အကြင်ရဟန်းတို့သည် ပညာတည်းဟူသောမျက်စိ၌များသောကိလေသာတည်းဟူသော မြူရှိကုန်၏၊ ထိုရဟန်းတို့သည် သုတ္တ,ဂေယျအစရှိကုန်သောတရားတော်တို့ကိုသင်ကြားခြင်းလုံ့လတို့ဖြင့် ပဗ္ဗဇ္ဇတရားမရှိကုန်သည်ဖြစ်ကုန်၏၊ မင်းကြီး၊ ဥပမာသော်ကား တယောက်သောယောကျာ်းသည် လယ်၌မျိုးစေ့ကို စိုက်ပျိုး၍ စောင်ရန်း စည်းခြံ မှကင်း၍ မိမိ၏လုံ့လအစွမ်းဖြင့် စပါးကို ထုတ်ရာ၏၊ တယောက်သောယောကျာ်းသည် လယ်မျိုးစေ့ကိုစိုက်ပျိုး၍ တောသို့ဝင်၍ ထင်းသစ်ခက်ကိုဖြတ်၍ စောင်ရန်းစည်းခြံ ပြု၍ စပါးကိုထုတ်ရာ၏၊ထိုအခါ ထိုယောကျာ်း၏ အကြင်စောင်ရန်း စည်းခြံကို ရှာမှီးခြင်းသည် ရှိ၏၊ ထိုရှာမှီးခြင်းသည် စပါး၏အလို့ငှါရှာမှီးသကဲ့သို့

မင်းကြီး၊ထို့အတူ အကြင်ရဟန်းတို့သည် ရှေးရှေးသောဘဝ၌ ထုံမွမ်းအပ်သောဝါသနာကြောင့် သဘောအားဖြင့် စင်ကြယ်ကုန်၏၊ထိုရဟန်းတို့သည်စောင်ရန်း စည်းခြံ မှကင်း၍ယောကျ်ားသည် စပါးကိုထုတ်နိုင်သကဲ့သို့ တကြိမ်သောစိတ္တက္ခဏဖြင့် ပပဉ္စတရားမရှိကုန်သည်ဖြစ်၏၊ မင်းကြီး၊ အကြင်ရဟန်းတို့သည် ပညာတည်းဟူသောမျက်စိ၌ များသောကိလေသာတည်းဟူသော မြူရှိကုန်၏၊ ထိုရဟန်းတို့သည် စည်းစောင်ရန်းပြု၍ စပါးကိုထုတ်ယူသကဲ့သို့ စာပေသင်ကြားခြင်း အစရှိသော ဤသို့သောလုံ့လဖြင့် ပပဉ္စတရားမရှိကုန်သည် ဖြစ်ကုန်၏။

မင်းကြီး၊ ဥပမာတနည်းသော်ကား ကြီးစွာသောသရက်ပင်၏ အထက်၌ အသီးအခိုင်သည်ရှိသည်ဖြစ်အံ့၊ ထိုအခါ ထိုသစ်ပင်၌ တစုံတယောက်သောတန်ခိုးနှင့် ပြည့်စုံသောပုဂ္ဂိုလ်သည်လာ၍ ထိုသရက်သီးကိုဆောင်နိုင်ရာ၏၊ ထိုအခါ အကြင်ပုဂ္ဂိုလ်သည် တန်ခိုးမရှိ၊ ထိုပုဂ္ဂိုလ်သည် သစ်ပင်နွယ်ကိုဖြတ်၍ လှေကားဖွဲ့၍ ထိုလှေကားဖြင့် ထိုသရက်သီးကို တက်၍ယူနိုင်ရာ၏၊ ထိုအခါယောကျ်ား၏အကြင်လှေကားရှာမှီးခြင်းသည် ရှိ၏၊ ထိုလှေကားကိုရှာမှီးခြင်းသည် သရက်သီး အလို့ငှါ ရှာမှီးသကဲ့သို့ ထို့အတူ မင်းကြီး၊အကြင်ရဟန်းတို့သည် ရှေးသံသရာဘဝ၌ ထုံမွမ်းအပ်သောဝါသနာရှိကုန်သည်ဖြစ်၍ သဘောအားဖြင့် စင်ကြယ်ကုန်၏၊ ထိုရဟန်းတို့သည် တကြိမ်ထည်းသော စိတ္တက္ခဏဖြင့် တန်ခိုးရှိသောပုဂ္ဂိုလ်သည် သရက်သီးကိုဆောင်နိုင်သကဲ့သို့ တကြိမ်သောစိတ္တက္ခဏဖြင့် တဏှာ, မာန, ဒိဋ္ဌိတည်းဟူသော ပပဉ္စတရားမရှိကုန်သည်ဖြစ်ကုန်၏၊ မင်းကြီး၊ အကြင်ရဟန်းတို့သည် ပညာတည်းဟူသော မျက်စိ၌များသောကိလေသာတည်းဟူသောမြူရှိကုန်၏၊ထိုရဟန်းတို့သည် လှေကားထောင်၍ ယောကျ်ားသည် သရက်သီးကိုဆောင်သကဲ့သို့ စာပေသင်ကြားခြင်း လှူဒါန်းပူဇော်ခြင်း တည်းဟူသော ဤအကြောင်းဖြင့် သစ္စာလေးပါးတရားကို သိနိုင်ကုန်၏။

မင်းကြီး၊ ဥပမာတနည်းသော်ကား အရှင်ရှိသော တယောက်သော ယောကျ်ားသည် မိမိအလိုလို အမှုပြုလို၍ တယောက်ထီးတည့်းလျှင် အရှင်ရှိရာသို့ ချဉ်းကပ်၍ အလိုလို ပြီးစေတတ်၏၊ တယောက်သော ယောကျ်ားသည် ဥစ္စာနှင့်ပြည့်စုံသည်၏အစွမ်းဖြင့် ပရိသတ်ကိုပွါးများ

စေ၍ ပရိသတ်ဖြင့် အလိုလိုပြီးစေတတ်၏၊ ထိုနှစ်ယောက်သောသူတို့တွင် ထိုဥက္ကာရှိသောသူ၏ အကြင်ပရိသတ်ကို ဆည်းပူးခြင်းသည်ရှိ၏၊ ထိုပရိသတ်ကို ဆည်းပူးခြင်းသည် မိမိ၏အကျိုးကို လိုသောကြောင့် ဆည်းပူး၏၊ မင်းကြီး၊ ထို့အတူ အကြင်ပုဂ္ဂိုလ်သည် ရှေးထုံမွမ်းသော ဝါသနာကြောင့် စင်ကြယ်သောသဘော ရှိကုန်၏၊ ထိုရဟန်းတို့သည် တယောက်ထီးထည်းအမှုကိုပြုနိုင်သောယောက်ျားကဲ့သို့ တကြိမ်သော စိတ္တက္ခဏဖြင့် ခြောက်ပါးသောပဋိသမ္ဘိဒါဉ်တို့၌ ဝသီဘော်အလေ့အကျင့်သို့ရောက်ကုန်၏၊ မင်းကြီး၊ အကြင်ရဟန်းတို့သည် ပညာ တည်းဟူသော မျက်စိ၌ များစွာသော ကိလေသာတည်းဟူသော မြူရှိကုန်၏၊ထိုရဟန်းတို့သည် အကျိုး၏ပြီးခြင်းကိုပြုသောယောက်ျားသည် ပရိသတ်တို့က ပြီးစေကုန်သကဲ့သို့ ဤသို့လျှင် ပါဠိသင်ခြင်း, အဋ္ဌကထာ သင်ကြားခြင်း အစရှိသော လုံ့လတို့ဖြင့် အရဟတ္တဖိုလ်ကို ပြီးစေကုန်၏၊ မင်းကြီး၊ ပါဠိသင်ကြားခြင်းသည် များသောကျေးဇူးရှိ၏၊ အဋ္ဌကထာ သင်ကြားခြင်းသည်လည်း များသောကျေးဇူးရှိ၏၊ ကုသိုလ်နှင့်စပ်သော အမှုသစ်ကိုပြုခြင်းသည်လည်း များသော ကျေးဇူးရှိ၏၊လျှုဒါန်းပူဇော်ခြင်းသည်လည်း များသောကျေးဇူးရှိ၏၊ထိုပါဠိအဋ္ဌကထာကိုသင်ကြားခြင်း, လှူဒါန်းပူဇော်ခြင်းသည် ပြုဘွယ်ကိစ္စတို့၌ များစွာသော ကျေးဇူးရှိကုန်၏။

မင်းကြီး၊ ဥပမာတနည်းသော်ကား အမှုပြုဘွယ်ကိစ္စ မရောက်မီ အထောက်အပံ့ကျေးဇူးဖြစ်ကုန်သကဲ့သို့ မင်းကြီး၊ ထို့အတူ ပါဠိသင်ခြင်း, အဋ္ဌကထာသင်ခြင်း,အမှုကိစ္စကိုပြုခြင်း,လှူဒါန်းပူဇော်ခြင်းသည် ထိုထိုသောပြုဘွယ်ကိစ္စတို့၌ များစွာသောကျေးဇူးရှိ၏၊ မင်းကြီး၊အလုံးစုံသောပုဂ္ဂိုလ်တို့သည် ကောင်းသော ပဋိသန္ဓေ နေကုန်၍ ပညာစင်ကြယ်ကုန်သည် အကယ်၍ဖြစ်ကုန်အံ့၊ ထိုပဋိသန္ဓေစင်ကြယ်သောပညာရှိကုန်သော်လည်း ဆုံးမသွန်သင်တတ်သောသူနှင့် ကင်း၍ ပြုဘွယ်ကိစ္စသည်မဖြစ်ရာ၊ မင်းကြီး၊ စင်စစ်သော်ကား နာရကြားရသဖြင့်သာလျှင် ပပဉ္စတရားမရှိအောင် ပြုဘွယ် ဖြစ်ခဲ့၏၊ မင်းကြီး၊ ရှင်သာရိပုတ္တရာ မထေရ်မြတ်သည် တသင်္ချေနှင့် ကမ္ဘာတသိန်းပတ်လုံး ကိုယ်ဖြင့်စွဲ၍ ဆည်းပူးအပ်သော ကုသိုလ်များစွာ၏ အရှင်ဖြစ်၏၊ပညာ၏ အဆုံးသို့ရောက်၏၊ ထိုရှင်သာရိပုတ္တရာသည်လည်း တရားတော်ကို နာရခြင်းမှ

ကင်း၍ အာသဝေါ ကုန်ခြင်းသို့ ရောက်အံ့သော၌ မတံတံနိုင်လေ၊ မင်းကြီး၊ ထို့ကြောင့် တရားကိုနာခြင်းသည် များသော ကျေးဇူးရှိ၏၊ ပါဠိအဋ္ဌကထာသင်ကြားခြင်းသည် များသောကျေးဇူးရှိ၏၊ ထို့ကြောင့် အဋ္ဌကထာသင်ကြားခြင်းသည် တဏှာ, မာန, ဒိဋ္ဌိတည်းဟူသော ပပဉ္စ တရားမရှိဟု ရေတွက်အပ်၏ဟုဆိုသော် အရှင်ဘုရား၊ ပြဿနာကို ကောင်းစွာဆုံးဖြတ်တော်မူအပ်၏၊ ဤစကားကို အရှင်ဘုရား ဆိုတိုင်း တကာတော်ဝန်ခံပါ၏ဟု ဝန်ခံလေ၏။

နိပ္ပပဉ္စ ပဥှာပြီး၏။

---

## ၁၄၉။ ဂိဟိပဗ္ဗဇိတာနံ ခိဏာသဝဘာဝပဥှာ

**လူရဟန္တာ** .... မိလိန္ဒမင်းသည် အရှင်ဘုရား၊ အရှင်ဘုရားတို့သည် အကြင်သူသည် လူဖြစ်လျက် အရဟတ္တဖိုလ်သို့ ရောက်အံ့၊ ထိုနေ့၌ပင်လျှင် ရဟန်းသော်လည်းပြုရာ၏၊ ပရိနိဗ္ဗာန်သော်လည်း ပြုရာ၏၊ ဤနှစ်ပါးသောကာလတို့သည် ဖြစ်ကုန်ရာ၏၊ ဤနှစ်ပါး သောကာလမှတပါး မဖြစ်ကုန်ရာ၊ ထိုနေ့ကိုလွန်အံ့သော၌ မတတ်နိုင် ရာဟု ဆို၏။

ဘန္တေ နာဂသေန တုမှေ ဘဏထ ယော ဂိဟီ အရဟတ္တံ ပတ္တော၊ ဒွေ ဝဿ ဂတိ ယော ဘဝန္တိ၊ န အညာ၊ တသ္မိံ ယေဝ ဒိဝသေ ပဗ္ဗဇတိ ဝါ ပရိနိဗ္ဗာယတိ ဝါ နသော ဒိဝသော သက္ကာ အတိက္ကမေတုန္တိ။ ။ဟူသည်တည်း။

ဘန္တေနာဂသေန၊ ရှင်နာဂသေန မထေရ်။ တုမှေ၊ အရှင်ဘုရားတို့ သည်။ ယော၊ အကြင်သူသည်။ ဂိဟီ၊ လူဖြစ်လျက်။ အရဟတ္တံ၊ ရဟန္တာ အဖြစ်သို့။ ပတ္တော၊ ရောက်၏။ အဿ၊ ထိုပုဂ္ဂိုလ်အား။ တသ္မိံယေဝဒိဝ သေ၊ ထိုနေ့၌ပင်လျှင်။ ပဗ္ဗဇတိဝါ၊ ရဟန်းသော်လည်းပြုရာ၏။ ပရိနိဗ္ဗာ ယတိဝါ၊ ပရိနိဗ္ဗာန်သော်လည်း ပြုရာ၏။ဇာတိ၊ ဤသို့။ အဿ၊ ထိုပုဂ္ဂိုလ် အား။ ဒွေဝဂတိယော၊ နှစ်ပါးသောအလားတို့သည်။ ဘဝန္တိ၊ ဖြစ်ကုန် ၏။ အညာ၊ တပါးသောဂတိတို့သည်။ နဘဝန္တိ၊မဖြစ်ကုန်။သော၊ထို ပုဂ္ဂိုလ်သည်။ဒိဝသော၊အရဟတ္တဖိုလ်ကိုရသောနေ့ကို။အတိက္ကမေတုံ၊ လွန်အံ့သော၌။ နသက္ကာ၊မတတ်ကောင်းနိုင်ရာ။ ဇာတိ၊ ဤသို့။ ဘဏထ၊ ဆိုတော်မူကြကုန်၏။

အရှင်ဘုရား၊ ထိုလူရဟန္တာပုဂ္ဂိုလ်သည် ထိုနေ့၌ဆရာဥပဇ္ဈာယ်ကိုရင်း, သပိတ်သင်္ကန်းကိုရင်း မရရှိလေအံ့၊ စင်စစ်သော်ကား ထိုရဟန္တာပုဂ္ဂိုလ်သည် မိမိအလိုလိုသော်လည်း ရဟန်းပြုလေရာအံ့လော၊ ထိုနေ့ကိုမူလည်းလွန်နိုင်ရာအံ့လော၊ တပါးသော တန်ခိုးနှင့်ပြည့်စုံသော ရဟန်းသည် လာ၍ ထိုပုဂ္ဂိုလ်ကို ရဟန်းပြုသော်လည်းပြုရာအံ့လော၊ ပရိနိဗ္ဗာန်သော်လည်းပြုရာအံ့လောဟုဆို၏။ ။မင်းကြီး၊ ရဟန္တာပုဂ္ဂိုလ်သည် မိမိအလိုလို ရဟန်းမပြုရာချေ၊ မိမိအလိုလိုအကယ်၍ရဟန်းပြုချေအံ့၊ထေယျသံဝါသကအဖြစ်သို့ရောက်၏၊ထိုနေ့ကိုမလွန်ရာ၊ တပါးသောရဟန္တာသည်လာ၍ ရဟန်းသော်လည်းပြုရာ၏၊ အကယ်၍ တပါးသောရဟန္တာသည် မလာသည့်လည်းဖြစ်အံ့၊ ထိုနေ့၌ပင်လျှင် ပရိနိဗ္ဗာန်ပြုရာ၏ဟုဆိုသော် အရှင်ဘုရား၊ ထိုသို့တပြီးကား ရဟန္တာပုဂ္ဂိုလ်၏ ထင်ရှားရှိသည်၏ အဖြစ်ကိုစွန့်အပ်သော မည်သည်ဖြစ်ခဲ့၏တကား၊ အကြင်ပုဂ္ဂိုလ်သည်ရအပ်သော အရဟတ္တဖိုလ်တရားသည် အသက်ကိုပယ်အပ်သည် မဖြစ်ပါကောင်းတကားဟု ဆိုသော် မင်းကြီး၊ လူ၏အသွင်သည် မညီမညွတ်ဖြစ်၏၊ မညီမညွတ်သောအသွင်သည် အားနည်းသည်၏ အဖြစ်ကြောင့် အရဟတ္တဖိုလ်သို့ရောက်သောလူသည် ထိုနေ့၌ပင်လျှင် ရဟန်းသော်လည်းပြုရာ၏၊ ပရိနိဗ္ဗာန်သော်လည်းပြုရာ၏၊ မင်းကြီး၊ ထိုအပြစ်သည် အရဟတ္တဖိုလ်တရား၏ အပြစ်မဟုတ်၊ အကြင်အပြစ်သည်ရှိ၏၊ ထိုအပြစ်သည်လူ၏ အသွင်အားနည်းသည်၏အဖြစ်ကြောင့်ဖြစ်သောအပြစ်တည်း။

မင်းကြီး၊ ဥပမာသော်ကား ထမင်းဘောဇဉ်သည် ခပ်သိမ်းသော သတ္တဝါတို့၏အသက်ကို စောင့်တတ်၏၊ အသက်ကိုစောင့်တတ်သော ဘောဇဉ်သည် မညီမညွတ်သော ဝမ်းခေါင်းရှိသော အားနည်းသော ပုဂ္ဂိုလ်အား အကျိုးမရှိသဖြင့်အသက်ကိုပယ်တတ်၏၊မင်းကြီး၊ထိုအပြစ်သည် ဘောဇဉ်၏ အပြစ်မဟုတ်၊ အကြင်အပြစ်သည်ရှိ၏၊ ထိုအပြစ်သည်ဝမ်းခေါင်းအားနည်းသည်၏ အဖြစ်ကြောင့် ဝမ်းခေါင်း၏အပြစ်ဖြစ်သကဲ့သို့ မင်းကြီး၊ ထို့အတူ မညီမညွတ်သောအသွင်ကြောင့် အသွင်၏အားနည်းသည့်၏အဖြစ်ကြောင့် ထိုနေ့၌ပင်လျှင် ရဟန်းသော်လည်းပြုရာ၏၊ ပရိနိဗ္ဗာန်သော်လည်းပြုရာ၏၊ ဤအပြစ်သည်အရဟတ္တဖိုလ်၏ အပြစ်မဟုတ်၊ အကြင်လူ၏အသွင်အားနည်းသည်၏ အပြစ်သည်ရှိ၏၊

ထိုအပြစ်သည်လူ၏အသွင်အားနည်းသည့်၏အပြစ်တည်း။ ။မင်းကြီး၊ ဥပမာတနည်းသော်ကား အနည်းငယ်သော မြက်လှံတံ၏အပေါ်၌ လေးသောကျောက်ဖျာအပြင်ကို ထားအပ်သည်ရှိသော် ပျက်စီး၍ကျ သကဲ့သို့ ထို့အတူ မင်းကြီး၊ လူသည် အရဟတ္တဖိုလ်သို့ရောက်၏၊ ထိုလူ၏အသွင်ဖြင့်အရဟတ္တဖိုလ်ကို ဆောင်ခြင်းငှါမတတ်နိုင်၊ ထိုနေ့၌ပင်လျှင် ရဟန်းသော်လည်းပြုရာ၏၊ ပရိနိဗ္ဗာန်သော်လည်းပြုရာ၏။ ။မင်းကြီး၊ ဥပမာတနည်းသော်ကား ယောကျ်ားသည်အစွမ်းသတ္တိမရှိ၊ အမျိုးယုတ်၏၊ နည်းသောပညာရှိ၏၊ ကြီးကျယ်စွာသော မင်း၏အဖြစ်ကိုရသော် တခဏခြင်းဖြင့်ဘောက်ပြန်၏၊ ပရိသတ်ကိုဖျက်ဆီး၏၊ နောက်သို့ဆုတ်၏၊ အစိုးရသော အဖြစ်ကိုဆောင်ရွက်ခြင်းငှါ မတတ်နိုင်လေ၊ မင်းကြီး၊ ထိုကဲ့သို့ရင်း လူသည်အရဟတ္တဖိုလ်သို့ရောက်၏၊ ထိုလူ၏ အသွင်ဖြင့် အရဟတ္တဖိုလ်ကို ဆောင်ရွက်ခြင်းငှါ မတတ်နိုင်၊ ထိုအကြောင်းကြောင့် ထိုနေ့၌ပင်လျှင် ရဟန်းသော်လည်းပြုရာ၏၊ ပရိနိဗ္ဗာန်သော်လည်းပြုရာ၏ဟုဆိုသော် အရှင်ဘုရား၊ ကောင်းလှပေ၏၊ ဤစကားကိုအရှင်ဆိုတိုင်းတကာတော်ဝန်ခံပါ၏ဟု ဝန်ခံလေ၏။

ဂိဟိပဗ္ဗဇိတာနံ နိဿာသဝ ဘာဝ ပဉှာပြီး၏။

---

## ၁၅၀။ နိဿာသဝါနံသတိသမ္မောသဘာဝပဉှာ

**ရဟန္တာနှင့်တွေဝေမေ့လျော့မှု**..... မိလိန္ဒမင်းသည် အရှင်ဘုရား၊ ရဟန္တာပုဂ္ဂိုလ်အား တွေဝေ သောအဖြစ်သည်ရှိသလောဟုဆို၏။

ဘန္တေ နာဂသေန အတ္ထိ အရဟတော သတိ သမ္မော သောတိ။ ။ဟူသည်တည်း။

ဘန္တေ နာဂသေန၊ ရှင်နာဂသေနမထေရ်။ အရဟတော၊ ရဟန္တာပုဂ္ဂိုလ်အား။သတိသမ္မောသော၊သတိတွေဝေခြင်းသည်။အတ္ထိ၊ ရှိသလော။ ဣတိ၊ ဤသို့မေး၏။

မင်းကြီး၊ ရဟန္တာပုဂ္ဂိုလ်သည်သတိတွေဝေခြင်းကင်း၏၊ရဟန္တာ ပုဂ္ဂိုလ်တို့အား သတိတွေဝေသောမည်သည်မရှိ။

ဝိဂတသမ္မောသာ ခေါ မဟာရာဇ အရဟန္တော၊ နတ္ထိ အ
ရဟန္တာနံ သတိသမ္မော သောတိ။ ။ဟူသည်တည်း။

မဟာရာဇ၊ မင်းကြီး။ အရဟန္တော၊ ရဟန္တာပုဂ္ဂိုလ် တို့သည်။ ဝိဂတသမ္မောသာ၊ သတိ တွေဝေခြင်း ကင်းကုန်၏။ အရဟန္တာနံ၊ ရဟန္တာပုဂ္ဂိုလ်တို့အား။ သတိသမ္မောသော၊ သတိတွေဝေသော မည်သည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ဤသို့။ ဝုတ္တေ၊ ဆိုသည်ရှိသော်—

အရှင်ဘုရား၊ရဟန္တာပုဂ္ဂိုလ်သည် အာပတ်သို့ ရောက်ရာသလော ဟုဆိုပြန်လျှင် မင်းကြီး၊ရဟန္တာပုဂ္ဂိုလ်သည် အာပတ်သို့ရောက်၏ ဟုဆို၏၊ အရှင်ဘုရား၊ အဘယ်အာပတ်သို့ ရောက်ရာသနည်းဟုမေးလျှင် မင်းကြီး၊ ကုဋိကာရသိက္ခာပုဒ်, သဉ္စရိတ္တ သိက္ခာပုဒ်ဖြင့်လည်း အာပတ်သင့်၏၊ နေမွန်းလွဲသောအခါ၌ ကာလဟူသော အမှတ်ရှိရာ၌ အာပတ်သင့်၏၊ ပင့်ဘိတ်သောညတိပဝါရိတအရာ၌ မပင့်ဘိတ်သော အညာတက အပ္ပဝါရိတဟူသောအမှတ်ရှိရာ၌ အာပတ်သင့်၏ဟုဆိုသော် အရှင်ဘုရား၊ရဟန္တာတို့သည်အာပတ်သို့ရောက်ကုန်၏၊ ထိုရဟန္တာတို့ သည်အနာဒရိယတို့ဖြင့်ရင်း, မသိသဖြင့်ရင်း, ဤနှစ်ပါးသောအကြောင်း တို့ကြောင့် အာပတ်သို့ရောက်ကုန်၏ဟု ဆိုတော်မူကြကုန်၏၊ အရှင် ဘုရား၊ ရဟန္တာပုဂ္ဂိုလ်သည် အကြင်အာပတ်သို့ရောက်၏၊ ရဟန္တာ ပုဂ္ဂိုလ်အား ထိုအာပတ်သည်ရှိ၏၊ မရိုသေသည်ဖြစ်၍ အနာဒရိယ ဖြစ်ရာသလောဟု ဆိုသော် မင်းကြီး၊ ရဟန္တာပုဂ္ဂိုလ်အား ပညတ် တော်မူအပ်ပြီးသော သိက္ခာပုဒ်ကိုအနာဒရိယ မည်သည် မဖြစ်ဟုဆို သော် အရှင်ဘုရားအကယ်၍ အာပတ်သို့ရောက်အံ့၊ ထိုအာပတ်သည် အနာဒရိယကြောင့်မသင့်ဟူ၍ကားဆို၏၊ ထိုသို့တပြီးကား ရဟန္တာ ပုဂ္ဂိုလ်အား သတိတွေဝေခြင်းရှိ၍ အာပတ်သို့ ရောက်သလေဟုဆို ပြန်သော် မင်းကြီး၊ ရဟန္တာပုဂ္ဂိုလ်သည် အာပတ်သင့်၏၊ ထိုသင့် သောအာပတ်သည် သတိတွေဝေသောကြောင့် သင့်သောမည်သည် မရှိဟုဆိုသော် အရှင်ဘုရား၊ ထိုသို့တပြီးကား အကြောင်းဖြင့် တကာတော်ကိုသိပါစေလော့၊ ထိုစကား၌ အကြောင်း အဘယ်သို့ တုံနည်းဟုဆိုငသော်—

**လောကဝဇ္ဇနှင့်ပဏ္ဏတ္တိဝဇ္ဇ**......မင်းကြီး၊ ညစ်နွမ်းခြင်းကိုပြုတတ်သော အာပတ်တို့သည် လောကဝဇ္ဇ အာပတ်ဟူ၍၎င်း, ပဏ္ဏတ္တိဝဇ္ဇ အာပတ်ဟူ၍၎င်း, ဤနှစ်ပါးတို့ တည်းဟုဆို၍ မင်းကြီး၊ လောကဝဇ္ဇအာပတ်သည် အဘယ်နည်းဟူမူကား ဆယ်ပါးသော အကုသလ ကမ္မပထတရားသည်ရှိ၏၊ ဤဆယ်ပါးသော အကုသလကမ္မပထကို လောကဝဇ္ဇအာပတ်ဟူ၍ ဆိုအပ်၏၊ ပဏ္ဏတ္တိဝဇ္ဇ အာပတ်သည် အဘယ်နည်းဟူမူကား လောက၌ ဘုရားတပည့်တော်ရဟန်းတို့အား မလျောက်ပတ်သော မလျော်သော အပြစ်သည်ရှိ၏၊ လူတို့အား အပြစ်မရှိ၊ ထိုအပြစ်တို့၌ ဘုရားရှင်သည် တပည့်တော်တို့အား သိက္ခာပုဒ်ကို အသက်ထက်ဆုံး မလွန်ကျူးအပ်ဟု ပညတ်တော်မူအပ်၏၊ မင်းကြီး၊ ဝိကာလဘောဇန သိက္ခာပုဒ်သည် လူတို့အားအပြစ်မရှိ၊ ထိုသိက္ခာပုဒ်သည် ဘုရားသခင် သာသနာတော်ကို ထမ်းသောသူ၌ အပြစ်ရှိ၏၊ မင်းကြီး၊ ဘူတဂါမသိက္ခာပုဒ်သည် လူတို့အား အပြစ်မရှိ၊ ထိုသိက္ခာပုဒ်သည် သာသနာတော်၌အပြစ်ရှိ၏၊ ရေ၌ ရွှင်မြူးတတ်သော ဟာသဓမ္မ သိက္ခာပုဒ်သည် လူတို့အား အပြစ်မရှိ၊ ထိုသိက္ခာပုဒ်သည် သာသနာတော်၌အပြစ်ရှိ၏၊ မင်းကြီး၊ ဤသို့ဤသို့ သဘောရှိကုန်သော သိက္ခာပုဒ်တို့သည် သာသနာတော်၌ အပြစ်ရှိကုန်၏၊ ဤသိက္ခာပုဒ်ကိုပဏ္ဏတ္တိဝဇ္ဇသိက္ခာပုဒ်ဟုဆိုအပ်၏။

အကြင်ညစ်နွမ်းသော လောကဝဇ္ဇသိက္ခာပုဒ်သည်ရှိ၏၊ ထိုလောကဝဇ္ဇ သိက္ခာပုဒ်ကို ရဟန္တာသည် လွန်၍ ကျင့်အံ့သောငှါမထိုက်၊ အကြင်ညစ်နွမ်းသော ပဏ္ဏတ္တိဝဇ္ဇ သိက္ခာပုဒ်သည်ရှိ၏၊ ထို ညစ်နွမ်းသော ပဏ္ဏတ္တိဝဇ္ဇ သိက္ခာပုဒ်ကို မသိသည်ဖြစ်၍ အာပတ်သို့ ရောက်၏၊ မင်းကြီး၊ အချို့သောရဟန္တာပုဂ္ဂိုလ်အား အလုံးစုံသော သိက္ခာပုဒ်တော်ကို သိခြင်းငှါအရာမဟုတ်ချေ၊ ထိုရဟန္တာပုဂ္ဂိုလ်အား အလုံးစုံသောသိက္ခာပုဒ်တော်ကို သိခြင်းငှါ အစွမ်းသတ္တိမရှိနိုင်ချေ၊ မင်းကြီး၊ ရဟန္တာပုဂ္ဂိုလ်အား မိန်းမယောကျ်ားတို့၏ အမည်နာမ အမျိုးအနွယ်ကိုသိအပ်သောမည်သည်မရှိ၊ ထိုရဟန္တာ ပုဂ္ဂိုလ်အား မြေအပြင်၌ အကြောင်း အဖြူပြုတ္တိကိုမသိနိုင်ချေ၊ မင်းကြီး၊ အချို့သောရဟန္တာသည် နိဗ္ဗာန်ကိုသာသိ၏၊ အဘိညာဉ် ခြောက်ပါးနှင့် ပြည့်စုံသော

ရဟန္တာသည် မိမိ၏ တရားအာရုံကိုသာသိနိုင်၏၊ မင်းကြီး၊ သဗ္ဗညု ဘုရားရှင်သာလျှင် ခပ်သိမ်းကုန်သော တရားကိုသိတော်မူ၏ဟုဆို သော် အရှင်ဘုရား၊ ကောင်းလှပေ၏၊ ဤစကားကို အရှင်ဆိုတိုင်း တကာတော်ဝန်ခံပါ၏ဟုဝန်ခံလေ၏။

ဒိဋ္ဌာသဝါနံသတိသမ္မောသဘာဝပဥှာပြီး၏။

---

## ၁၅၁။ လောကေနတ္ထိဘာဝပဥှာ

**လောက၌ မရှိသောတရား**......မိလိန္ဒ မင်း သည် အရှင် ဘုရား၊ လောက၌ ဘုရား, ပစ္စေက ဗုဒ္ဓါ, ရဟန္တာ စကြဝတေးမင်းတို့သည် ထင်ကုန်၏၊ နတ်လူတို့သည် ထင် ကုန်၏၊ ဥစ္စာရှိသောသူ, ဥစ္စာမရှိသောသူတို့သည်ထင်ကုန်၏၊ ကောင်း သောအလား, မကောင်းသောအလား ရှိသောသူတို့သည် ထင်ကုန်၏၊ ယောကျ်ားစင်စစ် ဖြစ်သောသူအား မိန်းမ၏လိင် ထင်ရှားစွာဖြစ်၍ဖြစ် ခြင်းသည်ထင်၏၊ မိန်းမစင်စစ်ဖြစ်သောသူအား ယောကျ်ား၏လိင်အသွင် ထင်ရှားစွာဖြစ်၍ ဖြစ်ခြင်းသည်ထင်၏၊ ကုသိုလ်ကံ အကုသိုလ်ကံ တို့ သည် ထင်ကုန်၏၊ ကုသိုလ်ကံ အကုသိုလ်ကံတို့၏ အကျိုးကိုမှီ၍ သုံး ဆောင်ကုန်သောသတ္တဝါတို့သည် ရှိကုန်၏၊ လောက၌ အဏ္ဍဇသတ္တဝါ, ဇလာဗုဇသတ္တဝါ, သံသေဒဇသတ္တဝါ, ဩပပါတိကသတ္တဝါတို့သည် ရှိကုန်၏၊ အခြေမရှိသောသတ္တဝါ, အခြေနှစ်ချောင်းရှိသော သတ္တဝါ, အခြေလေးချောင်းရှိသောသတ္တဝါ, များသောအခြေရှိသောသတ္တဝါတို့ သည် ရှိကုန်၏၊ လောက၌ ဘီလူး, ရက္ခိုသ်, ကုမ္ဘဏ်, အသုရာ, ဒါနဝ, ဂန္ဓဗ္ဗ, ပြိတ္တာ, နှိပ်စက်တတ်သော ဘီလူးတို့သည် ရှိကုန်၏၊ ကိန္နရာ, မြွေကြီး, နဂါး, ဂဠုန်, ဝိဇ္ဇာဓိုရ်တတ်သော သူတို့သည်လည်း ရှိကုန်၏၊ ဆင်, မြင်း, နွား, ကျွဲ, ကုလားအုပ်, မြည်း,ဆိတ်မြန်မာ, ဆိတ်ကုလား, သမင်,ဝက်, ခြင်္သေ့, ကျား, သစ်, ဝံ, တောခွေး, အောင်း, အိမ်ခွေး, မြေခွေးတို့သည် ရှိကုန်၏၊ များသောအပြားရှိသောငှက်တို့သည် ရှိကုန် ၏၊ ရွှေ, ငွေ, ပတ္တမြား, ခရုသင်း, သလင်း,သန္တာ, ပတ္တမြားနီ, ပတ္တ မြားပြောက်, ကြောင်မျက်စိ, စိန်, ဖလ်, ကြေးမည်း, ကြေးနီ, ကြေးဖြူ

တို့သည် ရှိကုန်၏၊ ခေါမပုဆိုး, ပိုးချည်ပုဆိုး, ဝါချည်ပုဆိုး, သာဏ မည်သော လျှော်ဖြင့်ယက်သောပုဆိုး, ငါးပါးစုံရော၍ယက်သောပုဆိုး, ကမ္ဗလာပုဆိုးတို့သည်ရှိကုန်၏၊ သလေးစပါး,မုယောစပါး, ဆတ်,လူး, ပြောင်း, နတ်ကောက်, ပဲနောက်, ပဲကြီး,နှမ်း, ကုလားပဲတို့သည် ရှိကုန်၏၊ အမြစ်နံ့သာ, အနှစ်နံ့သာ, အကာနံ့သာ, အခေါက်နံ့သာ, အရွက်နံ့သာ,အပွင့်နံ့သာ,အသီးနံ့သာ, အဆစ်နံ့သာတို့သည်ရှိကုန်၏၊မြက်, နွယ်, ချုံ, သစ်ပင်, အဓိကရဖြစ်သောသစ်ပင်ကြီး, မြစ်,တောင်, သမုဒ္ဒရာ, ငါး, လိပ်, အလုံးစုံသောသတ္တဝါတို့သည် လောက၌ ထင်ရှားရှိကုန်၏၊ အဘယ်တရားသည် လောက၌မရှိလေသနည်း၊ ထိုလောက၌ မရှိသောတရားကို တကာတော်အား ကြားပါလော့ဟု ဆို၏။

ဘန္တေ နာဂသေန ဒိဿန္တိ လောကေ ဗုဒ္ဓါ၊ ဒိဿန္တိ ပစ္စေကဗုဒ္ဓါ၊ ဒိဿန္တိ တထာဂတ သာဝကာ၊ ဒိဿန္တိ စက္ကဝတ္တိရာဇာနော၊ ဒိဿန္တိ ပဒေသရာဇာနော၊ ဒိဿန္တိ ဒေဝမနုဿာ၊ ဒိဿန္တိ သဓနာ၊ ဒိဿန္တိ အဓနာ၊ ဒိဿန္တိ သုဂတာ၊ ဒိဿန္တိ ဒုဂ္ဂတာ၊ ဒိဿတိ ပုရိသဿ ဣတ္ထိလိင်္ဂံ ပါတုဘူတံ၊ ဒိဿတိ ဣတ္ထိယာ ပုရိသလိင်္ဂံ ပါတုဘူတံ၊ ဒိဿတိ သုကတံ ဒုက္ကတံ ကမ္မံ၊ ဒိဿန္တိ ကလျာဏပါပကာနံ ကမ္မာနံ ဝိပါကူပဘောဂိနော သတ္တာ၊ အတ္ထိ လောကေ သတ္တာ အဏ္ဍဇာ ဇလာဗုဇာ သံသေဒဇာ ဩပပါတိကာ၊ အတ္ထိ သတ္တာ အပဒါ ဒွိပဒါ စတုပ္ပဒါ ဗဟုပ္ပဒါ၊ အတ္ထိ လောကေ ယက္ခာ ရက္ခသာ ကုမ္ဘဏ္ဍာ အသုရာ ဒါနဝါ ဂန္ဓဗ္ဗာ ပေတာ ပိသာစာ၊ အတ္ထိ ကိန္နရာ မဟောရဂါ နာဂါ သုပဏ္ဏာ သိဒ္ဓဝိဇ္ဇာဓရာ၊ အတ္ထိ ဟတ္ထိ အဿာ ဂါဝေါ မဟိံသာ ဩဋ္ဌာ ဂဒြဘာ အဇာ ဧဠကာ မိဂါ သူကရာ သီဟာ ဗျဂ္ဃါ ဒီပိ အစ္ဆာ ကောကာ တရစ္ဆာ သောဏာ သိင်္ဂါလာ၊ အတ္ထိ ဗဟုဝိဓာ သကုဏာ၊ အတ္ထိ သုဝဏ္ဏံ ရဇတံ မုတ္တာ မဏိ သင်္ခေါ သိလာ ပဝါဠံ လောဟိတင်္ဂေါ မသာရဂလ္လံ ဝေဠုရိယော ဝဇိရံ ဖလိကံ ကာဠလောဟံ တမ္ဗလောဟံ ကံသလောဟံ၊ အတ္ထိ ခေါမံ ကောသေယျံ ကပ္ပါသိကံ သာဏံ ဘင်္ဂံ ကမ္ဗလံ၊ အတ္ထိ သာလိ ဝီဟိ ယဝေါ ကင်္ဂု ကုဒြူသော ဝရကော ဂေါဓုမော မုဂ္ဂေါ

မာသော တိလံ ကုလတ္ထံ၊ အတ္ထိ မူလဂန္ဓော သာရဂန္ဓော ဖေဂ္ဂု
ဂန္ဓော တစဂန္ဓော ပတ္တဂန္ဓော ပုပ္ဖဂန္ဓော ဖလဂန္ဓော ပဗ္ဗ
ဂန္ဓော၊ အတ္ထိ တိဏ လတာ ဂစ္ဆ ရုက္ခံ ဩသဓံ ဝနပ္ပတိ နဒီပဗ္ဗ
တာ သမုဒ္ဒ မစ္ဆ ကစ္ဆပါ၊ သဗ္ဗာလောကေ အတ္ထိ၊ ယံ ဘန္တေ
လောကေ နတ္ထိ၊ တံ မေ ကထေဟိတိ။ ။ဟူသည်တည်း။

ဘန္တေ နာဂသေန၊ ရှင်နာဂသေနမထေရ်။ လောကေ၊ လောက၌။ ဗုဒ္ဓါ၊ ဘုရားရှင်တို့သည်။ ဒိဿန္တိ၊ ထင်ကုန်၏။ ပစ္စေကဗုဒ္ဓါ၊ ပစ္စေကဗုဒ္ဓါတို့သည်။ ဒိဿန္တိ၊ ထင်ကုန်၏။ တထာဂတ သာဝကာ၊ ဘုရားတပည့်တော်တို့သည်။ ဒိဿန္တိ၊ ထင်ကုန်၏။ စက္ကဝတ္တိ ရာဇာနော၊ စကြဝတေးမင်းတို့သည်။ ဒိဿန္တိ၊ ထင်ကုန်၏။ ပဒေသရာဇာနော၊ ပဒေသရာဇ်မင်းတို့သည်။ ဒိဿန္တိ၊ ထင်ကုန်၏။ ဒေဝမနုဿာ၊ နတ်လူတို့သည်။ ဒိဿန္တိ၊ ထင်ကုန်၏။ သဓနာ၊ ဥစ္စာရှိသောသူတို့သည်။ ဒိဿန္တိ၊ ထင်ကုန်၏။ အဓနာ၊ ဥစ္စာမရှိသောသူတို့သည်။ ဒိဿန္တိ၊ ထင်ကုန်၏။ သုဂတာ၊ ကောင်းသောအလားရှိသောသူတို့သည်။ ဒိဿန္တိ၊ ထင်ကုန်၏။ ဒုဂ္ဂတာ၊ မကောင်းသော အလားရှိသော သူတို့သည်။ ဒိဿန္တိ၊ ထင်ကုန်၏။ ပုရိသဿ၊ ယောကျ်ားအား။ ဣတ္ထိလိင်္ဂံ၊ မိန်းမ၏ အသွင်သည်။ ပါတုဘူတံ၊ ထင်ရှား ဖြစ်၍ ဖြစ်ခြင်းသည်။ ဒိဿတိ၊ ထင်၏။ ဣတ္ထိယာ၊ မိန်းမအား။ ပုရိသလိင်္ဂံ၊ ယောကျ်ား၏ လိင်သည်။ ပါတု ဘူတံ၊ ထင်ရှား ဖြစ်၍ ဖြစ်ခြင်း သည်။ ဒိဿတိ၊ ထင်၏။ သုကတံ၊ ကောင်းစွာပြုအပ်သော။ ဒုက္ကတံ၊ မကောင်းသဖြင့် ပြုအပ်သော။ ကမ္မံ၊ ကံသည်။ ဒိဿတိ၊ ထင်၏။ ကလျာဏ ပါပကာနံ၊ ကုသိုလ် အကုသိုလ်ဖြစ်ကုန်သော။ ကမ္မာနံ၊ ကံတို့၏။ ဝိပါကူပဘောဂိနော၊ အကျိုးကိုခံစားကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ ဒိဿန္တိ၊ ထင်ကုန်၏။ လောကေ၊ လောက၌။ အဏ္ဍဇာ၊ အဥ၌ဖြစ်ကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ အတ္ထိသန္တိ၊ ရှိကုန်၏။ ဇလာဗုဇာ၊ ရေကြည်ကလလ၌ဖြစ်ကုန်သော။ သံသေဒဇာ၊ အညှိအနံ့ကိုစွဲ၍ ဖြစ်ကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ အတ္ထိသန္တိ၊ ရှိကုန်၏။ ဩပပါတိကာ၊ အလုံးအဖျောင်း ဥပပါတ်ဖြစ်ကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ အတ္ထိသန္တိ၊ ရှိကုန်၏။ အပဒါ၊ အခြေမရှိကုန်သော။ ဒွိပဒါ၊ အခြေနှစ်ချောင်း

ရှိကုန်သော။ စတုပ္ပဒါ၊ အခြေလေးချောင်း ရှိကုန်သော"၊ ဗဟုပ္ပဒါ၊ များသော အခြေရှိကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ အတ္ထိသန္တိ၊ ရှိကုန်၏။ လောကေ၊ လောက၌။ ယက္ခရက္ခသာစ၊ ဘီလူး ရက္ခိုသ်တို့သည်၎င်း။ ကုမ္ဘဏ္ဍာစ၊ကုမ္ဘဏ်နတ်တို့သည်၎င်း။ အသုရာ၊ အသုရာနတ်တို့သည်၎င်း။ ဒါနဝါ၊ ဒါနဝနတ်တို့သည်၎င်း။ ဂန္ဓဗ္ဗာ၊ ဂန္ဓဗ္ဗ နတ်တို့သည်၎င်း။ ပေတပိသာစာ၊ ပြိတ္တာ, နှိပ်စက်တတ်သောဘီလူးတို့သည်၎င်း။ အတ္ထိသန္တိ၊ ရှိကုန်၏။ ကိန္နရာ၊ ကိန္နရာတို့သည်၎င်း။ မဟောရဂါ၊ မြွေကြီးတို့သည်၎င်း။နာဂါ၊ နဂါးတို့သည်၎င်း။ သုပဏ္ဏာ၊ ဂဠုန်တို့သည်၎င်း။ သိဒ္ဓိဝိဇ္ဇာဓရာ၊ပြီးစေအပ်သော အတတ်ရှိသော ဝိဇ္ဇာဓိုရ်တို့သည်၎င်း။ အတ္ထိသန္တိ၊ရှိကုန်၏။ ဟတ္ထိ၊ဆင်တို့သည်၎င်း။အဿာ၊ မြင်းတို့သည်၎င်း။ ဂါဝေါ၊နွားတို့သည်၎င်း။ မဟိံသာ၊ ကျွဲတို့သည်၎င်း။ သြဋ္ဌာ၊ ကုလားအုပ်တို့သည်၎င်း။ ဂဒြဘာ၊ မြည်းတို့သည်၎င်း။ အဇာ၊ ဆိတ်မြန်မာတို့သည်၎င်း။ ဠေဍကာ၊ ဆိတ်ကုလားတို့သည်၎င်း။ မိဂါ၊ သမင်တို့သည်၎င်း။သူကရာ၊ ဝက်တို့သည်၎င်း။သီဟာ၊ ခြင်္သေ့တို့သည်၎င်း။ဗျဂ္ဃါ၊ကျားတို့သည်၎င်း။ဒီပိ၊သစ်တို့ သည်၎င်း။အစ္ဆာ၊ ဝံတို့သည်၎င်း။ ကောကာ၊ တောခွေးတို့သည်၎င်း။တရစ္ဆာ၊အောင်းတို့သည်၎င်း။ သောဏာ၊ အိမ်ခွေးတို့သည်၎င်း။ သိင်္ဂါလာ၊ မြေခွေးတို့သည်၎င်း။ အတ္ထိသန္တိ၊ရှိကုန်၏။ဗဟုဝိဓာ၊များသောအပြားရှိကုန်သော။ သကုဏာ၊ ငှက်တို့သည်။ အတ္ထိသန္တိ၊ ရှိကုန်၏။ သုဝဏ္ဏံ၊ ရွှေသည်၎င်း။ ရဇတံ၊ ငွေသည်၎င်း။ မုတ္တာ၊ ပုလဲသည်၎င်း။မဏိ၊ ပတ္တမြားသည်၎င်း။သင်္ခေါ၊ ခရုသင်းသည်၎င်း။ သိလာ၊ သလင်းသည်၎င်း။ ပဝါဠံ၊သန္တာသည်၎င်း။ လောဟိတင်္ဂေါ၊ ပတ္တမြားနီသည်၎င်း။ မသာရဂလ္လံ၊ ပတ္တမြားပြောက်သည်၎င်း။ ဝေဠုရိယော၊ ကြောင်မျက်ရွဲသည်၎င်း။ ဝဇိရံ၊စိန်သည်၎င်း။ ဖလိကံ၊ဖလ်သည်၎င်း။ ကာဠလောဟံ၊ ကြေးမည်းသည်၎င်း။ တမ္ဗလောဟံ၊ ကြေးနီသည်၎င်း။ ကံသလောဟံ၊ ကြေးဖြူသည်၎င်း။ အတ္ထိ၊ ရှိ၏။ ခေါမံ၊ ခေါမမည်သောပုဆိုးသည်၎င်း။ ကောသေယျံ၊ ပိုးချည်ပုဆိုးသည်၎င်း။ ကပ္ပါသိကံ၊ ဝါချည်ပုဆိုးသည်၎င်း။ သာဏံ၊ သာဏမည်သောလျှော်ဖြင့်ယက်သော ပုဆိုးသည်၎င်း။ ဘင်္ဂံ၊ ရော၍ ယက်သော ပုဆိုးသည်၎င်း။ ကမ္ဗလံ၊ ကမ္ဗလာပုဆိုးသည်၎င်း။ အတ္ထိ၊ ရှိ၏။ သာလိ၊ သလေးသည်၎င်း။ ဝီဟိ၊ စပါးသည်၎င်း။ ယဝေါ၊ မုယောသည်၎င်း။

ကဂိ၊ ဆတ်သည့်ရင်း။ ကုဒြုသော၊ လူးသည့်ရင်း။ ဝရကော၊ ပြောင်းသည့်ရင်း။ ဂေါဓုမော၊ နတ်ကောက်သည့်ရင်း။ မုဂ္ဂေါ၊ ပဲနောက်သည့်ရင်း။ မာသော၊ ပဲကြီးသည့်ရင်း။ တိလံ၊ နှမ်းသည့်ရင်း။ ကုလတ္ထံ၊ ကုလားပဲသည့်ရင်း။ အတ္ထိ၊ ရှိ၏။ မူလဂန္ဓော၊ အမြစ်နံ့သာသည့်ရင်း။ သာရဂန္ဓော၊ အနှစ်နံ့သာသည့်ရင်း။ ဖေဂ္ဂုဂန္ဓော၊ အကာနံ့သာသည့်ရင်း။ တစဂန္ဓော၊ အခေါက်နံ့သာသည့်ရင်း။ ပတ္တဂန္ဓော၊ အရွက်နံ့သာသည့်ရင်း။ ပုပ္ဖဂန္ဓော၊ အပွင့်နံ့သာသည့်ရင်း။ ဖလဂန္ဓော၊ အသီးနံ့သာသည့်ရင်း။ ပဗ္ဗဂန္ဓော၊ အဆစ်အခွနံ့သာသည့်ရင်း။ အတ္ထိ၊ ရှိ၏။ တိဏလတာ၊ မြက်ပင်နွယ်သည့်ရင်း။ ဂစ္ဆရုက္ခံ၊ ချုံပိတ်ပေါင်း သစ်ပင်သည့်ရင်း။ ဩသဓံ၊ ဆေးသည့်ရင်း။ ဝနပ္ပတိ၊ အဓိကရသစ်ပင်သည့်ရင်း။ နဒီ၊ မြစ်သည့်ရင်း။ ပဗ္ဗတ သမုဒ္ဒ မစ္ဆ ကစ္ဆပါ၊ တောင် သမုဒ္ဒရာ ငါးလိပ်တို့သည့်ရင်း။ အတ္ထိသင်္ကာ၊ ရှိကုန်၏။ သဗ္ဗာ၊ အလုံးစုံတို့သည်။ လောကေ၊ လောက၌။ အတ္ထိသင်္ကာ၊ ရှိကုန်၏။ ဘန္တေ၊ အရှင်ဘုရား။ ယံ၊ အကြင်တရားသည်။ လောကေ၊ လောက၌။ နတ္ထိ၊ ထင်ရှားမရှိ။ တံ၊ ထိုလောက၌ထင်ရှားမရှိသော တရားကို။ မေ၊ တကာတော်အား။ ကထေဟိ၊ ဟောပြောပါလော့။ ဣတိ၊ ဤသို့။ ပုစ္ဆိ၊ မေး၏။

**မရှိတရား–၃–ပါး**·····မင်းကြီး၊ လောက၌ သုံးပါးသော တရားတို့သည် ထင်ရှားစွာအမြဲမရှိကုန်၊ အဘယ်သုံးပါးတို့နည်းဟူမူကား–

(၁) စိတ်ဝိညာဉ်ရှိသောတရားဖြစ်စေ, စိတ်ဝိညာဉ်မရှိသောတရားဖြစ်စေ, မအိုသောတရား, မသေ မရေတွေ့သောတရားမရှိ။

(၂) သင်္ခါရတရားတို့အားမြဲသောအဖြစ်သည်မရှိ။

(၃) ပရမတ္ထအားဖြင့် သတ္တဝါဟူ၍ ရအပ်သော သဘောသည် မရှိ။

မင်းကြီး၊ ဤသုံးပါးသောတရားတို့သည် လောက၌မြဲ၏ဟူ၍ မရှိကုန်ဟုဆိုသော် အရှင်ဘုရား၊ ကောင်းပေ၏၊ ဤစကားကိုတကာတော်သည် အရှင်ဆိုတိုင်း ဝန်ခံပါ၏ဟု ဝန်ခံလေ၏။

လောကေနတ္ထိဘာဝပဥှာပြီး၏။

## ၁၅၂။ နိဗ္ဗာနပဥှာ

**နိဗ္ဗာန်ပြဿနာ**……မိလိန္ဒမင်းသည် အရှင်ဘုရား၊ လောကၶ ကံ တရားကြောင့် ဖြစ်သောတရားတို့သည် ထင်ကုန်၏၊အကြောင်းကြောင့်ဖြစ်သော တရားတို့သည်လည်းထင်ကုန်၏၊ ဥတုကြောင့်ဖြစ်သော တရားတို့သည်လည်း ထင်ကုန်၏၊လောကၶကံကြောင့် လည်းမဖြစ်၊ အကြောင်းကြောင့်လည်းမဖြစ်၊ ဥတုကြောင့်လည်းမဖြစ် သော အကြင်တရားသည်ရှိအံ့၊ထိုတရားကို တကာတော်အားဟောကြား ပါလော့ဟုဆို၏။

ဘန္တေနာဂသေန ဒိဿန္တိ လောကေ ကမ္မနိဗ္ဗတ္တာ၊ ဒိဿန္တိ ဟေတုနိဗ္ဗတ္တာ၊ ဒိဿန္တိ ဥတုနိဗ္ဗတ္တာ၊ ယံလောကေ အကမ္မဇံ အဟေတုဇံ အနုတုဇံ တံ မေ အက္ခာဟီတိ။ ။ဟူသည်တည်း။

ဘန္တေနာဂသေန၊ ရှင်နာဂသေနမထေရ်၊ လောကေ၊ လောကၶ၊ ကမ္မနိဗ္ဗတ္တာ၊ကုသိုလ်အကုသိုလ်ကံကြောင့်ဖြစ်ကုန်သောတရားတို့သည်၊ ဒိဿန္တိ၊ထင်ကုန်၏။ ဟေတုနိဗ္ဗတ္တာ၊ အကြောင်းကြောင့်ဖြစ်ကုန်သော တရားတို့သည်၊ဒိဿန္တိ၊ထင်ကုန်၏၊ဥတုနိဗ္ဗတ္တာ၊ ဥတုကြောင့်ဖြစ်ကုန် သော တရားတို့သည်။ ဒိဿန္တိ၊ ထင်ကုန်၏။ လောကေ၊ လောကၶ၊ ယံအကမ္မဇံ၊အကြင်ကံကြောင့်ဖြစ်သည်လည်းမဟုတ်သောတရားသည် ၎င်း။ယံအဟေတုဇံ၊အကြင်အကြောင်းကြောင့် ဖြစ်သည်လည်း မဟုတ် သော တရားသည်၎င်း။ ယံအနုတုဇံ၊ အကြင်ဥတုကြောင့် ဖြစ်သည် လည်း မဟုတ်သော တရားသည်၎င်း။ အတ္ထိ၊ ရှိရာ၏၊ တံ၊ထိုတရားကို။ မေ၊ တကာတော်အား။ အက္ခာဟိ၊ ကြားတော်မူပါလော့၊ ဣတိ၊ ဤသို့။ ပုစ္ဆိ၊မေး၏။

**အကြောင်းမဲ့ဖြစ်သောတရား၂–ပါး**……မင်းကြီး၊ လောကၶ ကံတရားကြောင့်လည်း မဖြစ်၊ အကြောင်းကြောင့်လည်းမဖြစ်၊ ဥတုကြောင့်လည်း မဖြစ်သော တရားတို့သည် ဤနှစ်ပါးတို့တည်း၊ နှစ်ပါးဟူသော်ကား (၁)မင်းကြီး၊ ကောင်းကင်သည် ကံကြောင့်လည်းမဖြစ်၊ အကြောင်းကြောင့်လည်း မဖြစ်၊ဥတုကြောင့်လည်းမဖြစ်၊(၂)နိဗ္ဗာန်သည် ကံကြောင့်လည်းမဖြစ်၊

အကြောင်းကြောင့်လည်းမဖြစ်၊ ဥတုကြောင့်လည်းမဖြစ်၊ မင်းကြီး၊ ဤနှစ်ပါးသော တရားတို့သည် တစုံတခုသော အကြောင်းကြောင့် မဖြစ်ကုန်။

> ဒွေမေ မဟာရာဇ လောကသ္မိံ အကမ္မဇာ အဟေတုဇာ အနုတုဇာ၊ ကတမေ ဒွေ၊ အာကာသော မဟာရာဇ အကမ္မဇော အဟေတုဇော အနုတုဇော၊ နိဗ္ဗာနံ မဟာရာဇ အကမ္မဇံ အဟေတုဇံ အနုတုဇံ၊ ဣမေခေါ ဒွေမဟာရာဇ အကမ္မဇာ အဟေတုဇာ အနုတုဇာတိ။ ။ဟူသည်တည်း။

မဟာရာဇ၊ မင်းကြီး။ လောကသ္မိံ၊ လောက၌။ ဣမေဒွေ၊ ဤနှစ်ပါးသော တရားတို့သည်။ အကမ္မဇာ၊ ကံကြောင့်လည်းမဖြစ်ကုန်။ အဟေတုဇာ၊ အကြောင်းကြောင့်လည်းမဖြစ်ကုန်။ အနုတုဇာ၊ ဥတုကြောင့်လည်းမဖြစ်ကုန်။ ကတမေ ဒွေ၊ အဘယ်နှစ်ပါးတို့နည်းဟူမူကား။ မဟာရာဇ၊ မင်းကြီး။ အာကာသော၊ ကောင်းကင်သည်။ အကမ္မဇော၊ ကံကြောင့်လည်းမဖြစ်။ အဟေတုဇော၊ အကြောင်းကြောင့်လည်းမဖြစ်။ အနုတုဇော၊ ဥတုကြောင့်လည်းမဖြစ်။ မဟာရာဇ၊ မင်းကြီး။ နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ အကမ္မဇံ၊ ကံကြောင့်လည်းမဖြစ်။ အဟေတုဇံ၊ အကြောင်းကြောင့်လည်းမဖြစ်။ အနုတုဇံ၊ ဥတုကြောင့်လည်းမဖြစ်။ မဟာရာဇ၊ မြတ်သောမင်းကြီး။ ဒွေ၊ နှစ်ပါးကုန်သော။ ဣမေခေါ၊ ဤတရားတို့သည်။ အကမ္မဇာ၊ ကံကြောင့်လည်း မဖြစ်ကုန်။ အဟေတုဇာ၊ အကြောင်းကြောင့်လည်း မဖြစ်ကုန်။ အနုတုဇာ၊ ဥတုကြောင့်လည်းမဖြစ်ကုန်။ ဣတိ၊ ဤသို့ဖြေတော်မူ၏။

အရှင်ဘုရား၊ မြတ်စွာဘုရားစကားတော်ကို မချေမဖျက်ဆီးပါလင့်၊ မသိဘဲလျက် ဤပြဿနာကို မဖြေပါလင့်ဟုဆိုသော် မင်းကြီးသည် အဘယ့်ကြောင့် ဤသို့သော စကားကို ဆိုလေသနည်း၊ နိဗ္ဗာန်တရားသည် ကံကြောင့်မဖြစ်၊ အကြောင်းလည်းမရှိ၊ ဥတုကြောင့်လည်း မဖြစ်၊ ကောင်းကင်သည်လည်း ကံကြောင့်မဖြစ်၊ အကြောင်းလည်းမရှိ ဥတုကြောင့်လည်း မဖြစ်ဟူ၍သာ ဤစကားကိုဆိုခြင်းသည် သင့်တင့် လျောက်ပတ်ပါ၏ဟုဆိုသော် အရှင်ဘုရားများစွာသော အကြောင်းတို့ ဖြင့်ဘုရားရှင်သည် တပည့်တော်တို့အား နိဗ္ဗာန်ကိုအာရုံမျက်မှောက်ပြု စေခြင်း၌ ဟောတော်မူအပ်၏တကား၊ ထိုသို့လျက် အရှင်ဘုရားသည်

နိဗ္ဗာန်သည် အကြောင်းတရားမရှိဟူသော ဤစကားကို ဆိုပြန်၏ တကား၊ ထို့ကြောင့် ဆရာတော်သည် မြတ်စွာဘုရားစကားတော်ကို မချေပါလင့်၊ မဖျက်ဆီးပါလင့်၊ မသိဘဲလျက် ပြဿနာကို မဖြေပါလင့်ဟု ဆို၏၊ မင်းကြီး၊ မြတ်စွာဘုရားသည် များစွာသော အကြောင်းတို့ဖြင့် တပည့်တော်တို့အား နိဗ္ဗာန်ကို မျက်မှောက်အာရုံ ပြုစိမ့်သော၄ါ အကြောင်းတရားကို ဟောတော်မူအပ်သည်မှန်၏၊ နိဗ္ဗာန်တရားသည် အကြောင်းကိုဖြစ်စိမ့်သော၄ါ ဟောတော်မမူအပ်ဟုဆိုသော် ထိုစကားကို မိလိန္ဒမင်းသည် ထွေးယှက်လှသောကြောင့် မေးပြန်၏၊ အရှင်ဘုရား၊ တကာတော်တို့သည် နိဗ္ဗာန်ကို မျက်မှောက်ပြုစိမ့်သော၄ါ အကြောင်းတရားသည်ရှိ၏၊ ထိုနိဗ္ဗာန်၏အကြောင်းတရားသည် မရှိဟူသော ဤစကားကို တကာတော်သည် အမိုက်တိုက်တခုထက် အထူးသဖြင့် အမိုက်တိုက်သို့ ဝင်၏၊ တကာတော်သည် တောတခုမှသည် တောတခု၏ အတွင်းသို့ဝင်ပြန်ခဲ့၏တကား၊ ချုံပိတ်ပေါင်းတခုမှသည် ချုံပိတ်ပေါင်းတခုသို့ဝင်ပြန်ခဲ့၏တကား။

အရှင်ဘုရား၊ အကယ်၍ နိဗ္ဗာန်ကိုမြင်စိမ့်သော၄ါ အကြောင်းတရားသည်ရှိ၏၊ ထိုအကြောင်းကိုလည်း အလိုရှိအပ်၏ဟု ဆိုပြန်ခဲ့၏၊ ဥပမာသော်ကား သားအား အဘသည်ရှိ၏၊ ထိုအကြောင်းကြောင့် အဘအားလည်း အဘကို တဖန် အလိုရှိအပ်သကဲ့သို့ရင်း၊ တပည့်အား ဆရာသည် ရှိ၏၊ ထိုအကြောင်းကြောင့် ဆရာအားလည်း ဆရာကို အလိုရှိအပ်သကဲ့သို့ရင်း၊ သစ်ပင်၏ အညွန့်အား မျိုးစေ့သည်ရှိ၏၊ ထိုအကြောင်းကြောင့် တဖန်မျိုးစေ့အားလည်း မျိုးစေ့ကို အလိုရှိအပ် သကဲ့သို့ရင်း၊ ထို့အတူ အရှင်ဘုရား၊ နိဗ္ဗာန်ကိုမျက်မှောက်ပြုခြင်း၄ါ အကြောင်းသည် အကယ်၍ရှိအံ့၊ ထိုအကြောင်းကြောင့် နိဗ္ဗာန်အားလည်း အကြောင်းကိုစွဲ၍ အလိုရှိအပ်ပါ၏တကား၊ အရှင်ဘုရား၊ ဥပမာသော်ကား အစ်ပင်၏ရင်း, နွယ်၏ရင်း, အဖျားသည် ရှိပါသော် ထိုအဖျားဟူသော အကြောင်းကြောင့် အလယ်သည်လည်းရှိသကဲ့သို့ အရင်းသည်လည်းရှိသကဲ့သို့ အရှင်ဘုရား၊ ထို့အတူနိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း၄ါ အကြောင်းတရားသည်ရှိ၏၊ ထိုသို့ အကြောင်းရှိသောကြောင့် နိဗ္ဗာန်အား အကြောင်းကိုစွဲလမ်း၍ ဖြစ်၏ဟု ယူခြင်း၄ါလည်း အလိုရှိ ကောင်းပါ၏တကားဟုဆိုသော် မင်းကြီး၊ နိဗ္ဗာန်သည် အကြောင်းမရှိ

သော တရားမည်၏၊ နိဗ္ဗာန်အား အကြောင်းကိုစွဲ၍ဖြစ်၏ဟု ဟောတော်မမူ၊ နိဗ္ဗာန်သို့ ရောက်ကြောင်းတရားမူကား ရှိ၏၊ ထိုသို့ရှိသော်လည်း နိဗ္ဗာန်အား အကြောင်းတရားမရှိဟုဆို၍ မင်းကြီး၊ သင်မင်းကြီးသည် ရှိသေစွာနားထောင်လော့၊ ကောင်းစွာနားထောင်လော့၊ ထိုစကား၌ အကြောင်းကို ငါဟောအံ့၊ မင်းကြီး၊ ယောကျ်ားသည် ပြကတေ့သော အားအစွမ်းဖြင့် ဤအရပ်မှ ဟိမဝန္တာတောင်မင်းသို့ ချဉ်းကပ်အံ့သော ငှါ တတ်နိုင်ကောင်းအံ့လောဟုဆိုသော် အရှင်ဘုရား၊ တတ်နိုင်ကောင်း၏ဟု ဆိုလျှင် မင်းကြီး၊ ထိုယောကျ်ားသည် ပြကတေ့သော အစွမ်းသတ္တိအားဖြင့် ဟိမဝန္တာတောင်မင်းကို ဤအရပ်သို့ ဆောင်ယူခြင်းငှါ တတ်နိုင်ကောင်းအံ့လောဟုဆိုသော် ဟိမဝန္တာတောင်မင်းကို ဤအရပ်သို့ဆောင်ခြင်းငှါ မတတ်နိုင်ချေဟုဆိုလျှင် မင်းကြီး၊ ထို့အတူ နိဗ္ဗာန်ကို အာရုံမျက်မှောက် ပြုခြင်းငှါ အကြောင်းတရားကို ဟောတော်မူအံ့သော ငှါ တတ်နိုင်ကောင်း၏၊ နိဗ္ဗာန်အား အကြောင်းကိုစွဲလမ်း၍ အကြောင်းရှိ၏ဟု ပြခြင်းငှါ မတတ်နိုင်ရာ။

မင်းကြီး၊ ဥပမာ တနည်းသော်ကား ယောကျ်ားသည်ပြကတေ့သော အားအစွမ်းဖြင့် မဟာသမုဒ္ဒရာကို လှေဖြင့်ကူး၍ ထိုမှာဘက်ကမ်းသို့ ကူးသွားခြင်းငှါ တတ်ကောင်းအံ့လောဟုဆိုသော် အရှင်ဘုရား တတ်ကောင်း၏ဟုဆိုလျှင် မင်းကြီး၊ ထိုယောကျ်ားသည် ပြကတေ့သော အားဖြင့် မဟာသမုဒ္ဒရာ၏ထိုမှာဘက်ကမ်းကို ဤအရပ်သို့ ဆောင်ယူခြင်းငှါ တတ်နိုင်အံ့လောဟုဆိုပြန်သော် အရှင်ဘုရား၊ မဟာသမုဒ္ဒရာ၏ ထိုမှာဘက်ကမ်းကို ဤအရပ်သို့ ဆောင်ခြင်းငှါ မတတ်နိုင်ရာချေဟု ဆိုလျှင် မင်းကြီး၊ နိဗ္ဗာန်ကို အာရုံမျက်မှောက်ပြုခြင်းငှါ အကြောင်းတရားကိုဟောတော်မူအပ်၏၊ နိဗ္ဗာန်အားအကြောင်းကိုစွဲလမ်း၍ ပြုခြင်းငှါမတတ်နိုင်ရာ၊ မင်းကြီး၊ အဘယ့်ကြောင့်နည်းဟူမူကား နိဗ္ဗာန်တရားသည်အသင်္ခတတရားဖြစ်သောကြောင့် တည်းဟုဆိုသော် အရှင်ဘုရား၊ နိဗ္ဗာန်သည် ကံ,စိတ်,ဥတု,အာဟာရ လေးပါးတို့သည်မပြုပြင်အပ်သည် ဖြစ်၍ အသင်္ခတမည်သလောဟုဆိုသော် မင်းကြီး၊ နိဗ္ဗာန်သည်အသင်္ခတ ခေါ်မည်သည်ဟုတ်၏၊ မင်းကြီး၊ နိဗ္ဗာန်ကို တစုံတယောက်သောသူ သည် ပြုအပ်သောတရားမဟုတ်၊ မင်းကြီး၊ နိဗ္ဗာန်တရားကို ဥပ္ပန္နတရား

ဟူ၍ရင်း,အနုပ္ပန္နတရားဟူ၍ရင်း,ဥပ္ပါဒနီယတရားဟူ၍ရင်း,အနုပ္ပါဒနီယတရားဟူ၍ရင်း,အတိတ်တရား,အနာဂတ်တရား,ပစ္စုပ္ပန်တရားဟူ၍ရင်း,စက္ခုဝိညာဉ်၏ အာရုံဟူ၍ရင်း,သောတဝိညာဉ်၏အာရုံဟူ၍ရင်း, ဃာနဝိညာဉ်၏အာရုံဟူ၍ရင်း,ဇိဝှါဝိညာဉ်၏အာရုံဟူ၍ရင်း, ကာယဝိညာဉ်၏အာရုံဟူ၍ရင်း မဆိုအပ်ချေဟုဆိုပြန်သော် အရှင်ဘုရား၊ အကယ်၍နိဗ္ဗာန်သည်ဥပ္ပန္နဓမ္မလည်းမဟုတ်၊ အနုပ္ပန္နဓမ္မလည်းမဟုတ်၊ ဥပ္ပါဒနီယဓမ္မလည်းမဟုတ်၊ အနုပ္ပါဒနီယဓမ္မလည်းမဟုတ်၊ အတိတ်တရား,အနာဂတ်တရား, ပစ္စုပ္ပန်တရားလည်းမဟုတ်၊ စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယဝိညာဉ်တို့၏ အာရုံလည်းမဟုတ်သည်ဖြစ်အံ့၊ ထိုသို့တပြီးကား အရှင်ဘုရားတို့သည် နိဗ္ဗာန်တရားမရှိ၊ နိဗ္ဗာန်ဓမ္မမရှိဟု ထင်တော်မူကုန်သလောဟုဆိုသော်—

မင်းကြီး၊ နိဗ္ဗာန်သည်ရှိ၏၊ နိဗ္ဗာန်သည် မနောဝိညာဏ ဓာတ်၏အာရုံဖြစ်၏၊ စင်ကြယ်သန့်ရှင်းသော ပွန်မြတ် ဖြောင့်မတ်စွာသော နိဝရဏ ကင်းသော အာမိသ မရှိသောစိတ်ဖြင့် ကောင်းစွာကျင့်သော အရိယာတို့၏ တပည့်သားတော်သည် နိဗ္ဗာန်ကို မြင်၏ဟုဆိုသော် အရှင်ဘုရား၊ ထိုနိဗ္ဗာန်သည် အဘယ်အရပ်၌ရှိလေသနည်း၊ ထင်ရှားစွာမပြအပ်သောနိဗ္ဗာန်ကို ဥပမာအကြောင်းတို့ဖြင့် တကာတော်အားသိပါစေလော့ဟုဆိုလျှင် မင်းကြီး၊ လောက၌ ဝါယောဓာတ်ဟုဆိုအပ်သောလေသည်ရှိ၏လောဟုဆိုသော် အရှင်ဘုရား၊ ဝါယောဓာတ်ဟုဆိုအပ်သောလေသည်ရှိ၏ဟုဆိုလျှင်၊ မင်းကြီး၊ ထိုဝါယောဓာတ်လေကို အဆင်းသဏ္ဌာန်အငယ်အကြီး အရှည်အတိုရှိသည်၏ အဖြစ်ကိုပြပါလော့ဟုဆိုသော် အရှင်ဘုရား၊ ဝါယောဓာတ်လေကို အဆင်းသဏ္ဌာန်အတိုအရှည်အားဖြင့် ပြခြင်းငှါ မတတ်ကောင်းနိုင်ချေ၊ ထိုဝါယောဓာတ်လေကို လက်ဖြင့်ကိုင်ခြင်းသည်ရင်း, နှိပ်နှယ်ခြင်းသည်ရင်း မတတ်နိုင်ရာချေ၊စင်စစ်သော်ကား ဝါယောဓာတ်သည် တရားကိုယ်အားဖြင့် ထင်ရှားစွာရှိပေ၏ဟုဆိုလျှင် မင်းကြီး၊ ဝါယောဓာတ်ကိုပြခြင်းငှါမတတ်ကောင်းသော် ဝါယောဓာတ်မရှိဟူသော အနက်သည်ရောက်ခဲ့၏ တကားဟုဆိုလျှင် အရှင်ဘုရား၊ ဝါယောဓာတ်သည်ရှိပါ၏၊ တကာတော်သိပါ၏၊ တကာတော်၏နှလုံး၌အစဉ်အတိုင်း အနက်

အဓိပ္ပါယ်ဝင်ပေပြီ၊ တကာတော်သည် ထိုဝါယောဓာတ်ကိုပြခြင်းငှါ မတတ်နိုင်ချေဟုဆိုလျှင် မင်းကြီး၊ ထိုကဲ့သို့ရှင်း နိဗ္ဗာန်တရားသည် ရှိ၏၊ နိဗ္ဗာန်တရား၏ အဆင်းသဏ္ဌာန် အငယ်အကြီး အရှည်အတိုကို ပြခြင်း ညွှန်ခြင်းငှါမတတ်နိုင်ဟုဆိုသော် အရှင်ဘုရား၊ ကောင်းလှပေ၏၊ ထိုနိဗ္ဗာန်ရှိကြောင်းကိုကောင်းစွာပြအပ်ညွှန်အပ်ပေပြီ၊ အကြောင်းယုတ္တိကိုလည်း ဥပမာဖြင့်ပြတော်မူအပ်ပေပြီ၊ ဤစကားကိုအရှင်ဆိုတိုင်းတကာတော်ဝန်ခံပါ၏ဟုဝန်ခံလေ၏။

(အဓိပ္ပါယ်ကား မိလိန္ဒမင်းသည် နိဗ္ဗာန်သို့ ရောက် ကြောင်းတရားကိုဘုရားရှင်ဟောတော်မူအပ်၏၊ ထိုအကြောင်းကြောင့် နိဗ္ဗာန်သို့ရောက်၏ဟုအယူရှိ၍မေးသည်။ ။အရှင်နာဂသေန မထေရ်မှုကား ဘုရားသည် နိဗ္ဗာန်သို့ ရောက်ကြောင်းတရားကိုမူကား ဟောတော်မူအပ်သည်မှန်၏၊ နိဗ္ဗာန်သည်အသင်္ခတတရား, အပ္ပစ္စယတရားဖြစ်၍ အကြောင်း အထောက်အပံ့ ပစ္စည်းတရားမရှိဟု ဖြေတော်မူသည်၊ ခပ်သိမ်းသော အလောင်း သူတော်ကောင်းတို့သည် ဒါနသီလအစရှိသော ကုသိုလ်ကိုပြုကြကုန်၏၊ ထိုကုသိုလ်တို့သည် အဘယ်သို့သောတရားကို အထောက်အပံ့ပြုလေကုန်သနည်းဟူမူကား ဆည်းပူးအပ်သော ကာမာဝစရကုသိုလ်သည် သောတာပတ္တိမဂ်၏ရှေ့ဂေါတြဘူ,အထက်မဂ်သုံးခုတို့၏ ရှေ့ဝေါဒါန်တိုင်အောင် လောကုတ္တရာ မဂ်ဖိုလ်တို့ကို ပကတူပနိဿယ အစရှိသော ပစ္စည်း အထောက်အပံ့ပြု၍ ထိုသို့ဆည်းပူးအပ်သော ကာမာဝစရကုသိုလ်သည် လောကုတ္တရာ မဂ်ဖိုလ်တို့အား အကြောင်းပစ္စည်းဖြစ်၍ လောကုတ္တရာ မဂ်တို့သည် အကျိုးပစ္စယုပ္ပန်၊အကြောင်းအကျိုးဖြစ်ကြလေသည့်ရှိသော် ထိုမဂ်တို့၏ အာရုံဖြစ်သော နိဗ္ဗာန်တရားသည် အသင်္ခတ အပ္ပစ္စယ အကြောင်းတရားနှင့်ကင်း၍ဖြစ်လေသောကြောင့်နိဗ္ဗာန်သည်အကြောင်းမရှိ၊ အကြောင်းနှင့်ကင်းသော တရားဖြစ်လေတော့သည်ဟု ယူအပ်သည်၊ ဤစကား၌ အဓိပ္ပါယ်အလွန်ခဲခက်သည်ထက် ခဲခက်လှ၏၊ သဘောကို ရှေ့နောက်ထောက်ချင့်၍ ယူအပ်လေသည်။ ။ဤကားစကားချပ်။)

နိဗ္ဗာနပဉှာပြီး၏။

## ၁၅၃။ ကမ္မဇဟေတုဇုတဇပဉ္စာ

**ကံစသည်ကြောင့် ဖြစ်သောတရား**.....မိလိန္ဒမင်းသည် အရှင်ဘုရား၊ အဘယ်တရားသည် ကံကြောင့်ဖြစ်လေသနည်း၊ အဘယ်တရားသည် အကြောင်းကြောင့်ဖြစ်သနည်း၊ အဘယ်တရားသည် ဥတုကြောင့်ဖြစ်သနည်း၊ အဘယ်တရားသည် ကံကြောင့် မဖြစ်သနည်း၊ အဘယ်တရားသည် အကြောင်းကြောင့် မဖြစ်သနည်း၊ အဘယ်တရားသည် ဥတုကြောင့် မဖြစ်သနည်းဟုဆို၏။

မင်းကြီး၊ စိတ်ဝိညာဉ်ရှိကုန်သော အကြင်သတ္တဝါတို့သည် ရှိကုန်၏၊ ထိုခပ်သိမ်းသောသတ္တဝါအပေါင်းတို့သည် ကံကြောင့် ဖြစ်ကုန်၏၊ မီးသည်၎င်း၊အလုံးစုံသောမျိုးစေ့တို့သည်၎င်း အကြောင်းကြောင့် ဖြစ်ကုန်၏၊ မင်းကြီး၊ မြေ,တောင်, ရေ, လေ, အလုံးစုံတို့သည် ဥတုကြောင့် ဖြစ်ကုန်၏၊ ကောင်းကင်, နိဗ္ဗာန်, ဤနှစ်ပါးသော တရားတို့သည် ကံကြောင့်လည်းမဖြစ်၊ အကြောင်းကြောင့်လည်းမဖြစ်၊ ဥတုကြောင့်လည်း မဖြစ်၊ မင်းကြီး၊ နိဗ္ဗာန်ကို ကံကြောင့် ဖြစ်သော တရားဟူ၍၎င်း, အကြောင်းကြောင့်ဖြစ်သောတရားဟူ၍၎င်း ဥတုကြောင့်ဖြစ်သော တရားဟူ၍၎င်း မဆိုအပ်၊ဥပ္ပန္နဓမ္မဟူ၍၎င်း,အနုပ္ပန္နဓမ္မဟူ၍၎င်း,ဥပ္ပါဒနီယဓမ္မဟူ၍၎င်း,အနုပ္ပါဒနီယဓမ္မဟူ၍၎င်း,အတိတ်,အနာဂတ်,ပစ္စုပ္ပန်တရားဟူ၍၎င်း, စက္ခု သောတ ဃာန ဇိဝှါ ကာယဝိညာဉ်တို့သည် သိအပ်သော အာရုံဟူ၍၎င်း မဆိုအပ်၊ စင်စစ်သော်ကား မနောဝိညာဉ်သည် သိအပ်သောအာရုံဖြစ်၏၊ အကြင်နိဗ္ဗာန်သည်ရှိ၏၊ ထိုနိဗ္ဗာန်ကို ကောင်းသော အကျင့်နှင့်ပြည့်စုံသော အရိယာ၏တပည့်သည် စင်ကြယ်သန့်ရှင်းသော ဉာဏ်ဖြင့် မြင်၏ဟုဆိုသော် အရှင်ဘုရား၊ နှလုံးမွေ့လျော် ပျော်ဘွယ်ရှိပေပြီ၊ ပြဿနာကိုကောင်းစွာ ဆုံးဖြတ်ပေပြီ၊ ယုံမှားခြင်း ကင်းပေပြီ၊ ဇကန်စင်စစ် ယုံမှားသက်ာကိုဖြတ်တော်မူပေပြီ၊ အရှင်သည်မြတ်သော သဘောရှိ၍ မြတ်သောဂိုဏ်းတို့၏ဆရာဖြစ်တော် မူပေ၏ဟု ချီးမွမ်း၍ ဝန်ခံလေ၏။

ကမ္မဇဟေတုဇုတဇပဉ္စာပြီး၏။

---

## ၁၅၄။ ယက္ခသရီရပဉှာ

**ဘီလူးသေသော် ဘာတွေ့ဖြစ်သနည်း**……မိလိန္ဒမင်းသည် အရှင်ဘုရား၊ လောက၌ဘီလူး မည်သည်ရှိသလောဟုဆို၏။ ။မင်းကြီး၊ လောက၌ ဘီလူးမည်သည် ရှိ၏ဟု ဆိုသော် အရှင်ဘုရား၊ဘီလူးသည် ထိုဘီလူးအမျိုးမှ စုတေကုန် သလောဟုဆို၏၊ မင်းကြီး၊ ဘီလူးတို့သည် ထိုဘီလူးအမျိုးမှစုတေကုန် ၏ဟုဆိုသော် အရှင်ဘုရား၊ အဘယ်အကြောင်းကြောင့် သေသော ဘီလူးတို့၏ အကောင်သည် မထင်ရှိရသနည်း၊ အကောင်ပုပ်၏ အနံ့ သည်လည်း မထင်ပါတကားဟု ဆို၏။

ဘန္တေ နာဂသေန အတ္ထိလောကေ ယက္ခာ နာမာတိ၊ အာမ မဟာရာဇ အတ္ထိလောကေ ယက္ခာ နာမာတိ၊ စဝန္တိပန တေ ဘန္တေ ယက္ခာ တမှာ ယောနိယာတိ၊ အာမ မဟာရာဇ စဝန္တိ တေ ယက္ခာ တမှာ ယောနိယာတိ၊ ကိဿပန ဘန္တေ နာဂ သေန တေသံ မတာနံ ယက္ခာနံ သရီရံ နဒိဿတိ၊ ကုဏပ ဂန္ဓောပိ နဝါယတီတိ။ ။ဟူသည်တည်း။

ဘန္တေ နာဂသေန၊ ရှင်နာဂသေနမထေရ်။ လောကေ၊ လောက၌။— ယက္ခာနာမ၊ ဘီလူးတို့မည်သည်။ အတ္ထိ၊ ရှိကုန်သလော။ ဣတိ၊ ဤသို့။ ပုစ္ဆိတော၊ မေးအပ်သည်ရှိသော်။ မဟာရာဇ၊ မြတ်သောမင်းကြီး။ လောကေ၊ လောက၌။ ယက္ခာနာမ၊ဘီလူးတို့မည်သည်။အာမ အတ္ထိ၊ ဧကန် ရှိကုန်၏။ ဣတိ၊ ဤသို့။ ဝုတ္တေ၊ဆိုအပ်သည်ရှိသော်။ဘန္တေ၊အရှင်ဘုရား။ တေယက္ခာ၊ ထိုဘီလူးတို့သည်။ တမှာယောနိယာ၊ ထိုဘီလူး အမျိုးမှ။ စဝန္တိပန၊စုတေကြကုန်သလော။ဣတိ၊ ဤသို့။ပုစ္ဆိတော၊မေးအပ်သည်ရှိ သော်။ မဟာရာဇ၊ မြတ်သောမင်းကြီး။ တေယက္ခာ၊ ထိုဘီလူးတို့သည်။ တမှာယောနိယာ၊ထိုအမျိုးမှ။စဝန္တိ၊စုတေကုန်၏။ဣတိ၊ဤသို့။ဝုတ္တေ၊ဆို အပ်သည်ရှိသော်။ဘန္တေ နာဂသေန၊ ရှင်နာဂသေနမထေရ်။ ကိဿပန၊ အဘယ့်ကြောင့်ကား။မတာနံ၊ သေကုန်သော။ တေသံယက္ခာနံ၊ ထိုဘီလူး တို့၏။ သရီရံ၊ အကောင်သည်။ နဒိဿတိ၊မထင်သနည်း။ ကုဏပဂန္ဓော ပိ၊ အကောင်ပုပ်သည်လည်း။ နဝါယတိ၊ မလှိုင်တကား။ ဣတိ၊ ဤသို့။ ပုစ္ဆိ၊ မေး၏။

မင်းကြီး၊ သေကုန်သောထိုဘီလူးတို့၏ အခေါင်ပုပ်နံ့သည်မူကား မလှိုင်၊ မင်းကြီး၊ သေသောဘီလူး၏ ကိုယ်အဆင်းသဏ္ဍာန်သည် မူကား မထင်၊ ပိုးဘောက်ဖတ်သဏ္ဍာန်ဖြင့်လည်းထင်၏၊ ပိုးရွသဏ္ဍာန်ဖြင့်လည်းထင်၏၊ ပင့်ကူများ၏ အသွင်သဏ္ဍာန်ဖြင့်လည်းထင်၏၊ မြွေ၏သဏ္ဍာန်ဖြင့်လည်း ထင်၏၊ကင်းမြီးကောက်၏သဏ္ဍာန်ဖြင့်လည်းထင်၏၊ ကင်းခြေများ၏သဏ္ဍာန်ဖြင့်လည်း ထင်၏၊ ငှက်၏သဏ္ဍာန်, သမင်၏သဏ္ဍာန်ဖြင့်လည်းထင်၏ဟုဆိုသော် အရှင်ဘုရား၊ အရှင်ဘုရားနှင့်တူသောပညာရှိကိုထား၍ တပါးသောသူကို မေးအပ်သည်ရှိသော် အဘယ်သို့ပြဿနာကိုဖြေနိုင်အံ့နည်းဟုဆို၍ ဝန်ခံလေ၏။

ယက္ခသရီရပဥှာပြီး၏။

---

## ၁၅၅။ သိက္ခာပဒပဥှာ

**သိက္ခာပုဒ်ပြဿနာ**....မိလိန္ဒမင်းသည် အရှင်ဘုရား၊ ဆေးသမားတို့၏ ရှေးဆရာတို့သည် နံာရဒဆရာ,ဓမ္မန္တရိဆရာ, အင်္ဂီရသဆရာ, ကပိလဆရာ, ကဏ္ဍရဂ္ဂိသာမဆရာ, အတုလဆရာ, ပုဗ္ဗကစ္စာယနဆရာ ဟူ၍ ရှိသည် ဖြစ်ကုန်၏၊ ထိုရှေး၌ဖြစ်သော လောကီဆရာတို့သည် တကြိမ်ထည်းသာလျှင် အနာဖြစ်ခြင်းကိုရင်း, အနာ၏အကြောင်းကိုရင်း,အနာ၏ သဘောကိုရင်း, ဆေးကိစ္စကိုရင်း, ထင်ရှားရှိသော အနာအပြီးသို့ရောက်မည်မရောက်မည်ကိုရှင်း,အကြွင်းမဲ့သိ၍ ဤသူ၏ကိုယ်၌ အနာရောက်သော် ဤမျှလောက်သော အနာတို့သည် ဖြစ်ကုန်လတ္တံ့ဟု တပြိုင်နက် သွေးအစုအဝေးကိုပြု၍ ချည်ဖြင့်ချည်နှောင်ဖွဲ့ကုန်၏၊ ထိုအလုံးစုံသော ဆေးဆရာတို့သည် သဗ္ဗညုတဉာဏ်ကို မရကြကုန်တကား၊ အဘယ့်ကြောင့်ကား လာခြင်းကောင်းသော ဘုရားသည် သဗ္ဗညုတဉာဏ်နှင့် ပြည့်စုံတော်မူလျက် မလာသေးသော အပြစ်အမူအရာကို သဗ္ဗညုတဉာဏ်တော်ဖြင့် သိ၍ ဤမည်သော ဝတ္ထုကို လွန်ကျူးသည်ရှိသော် ဤမျှလောက်သော သိက္ခာပုဒ်ဟု အပိုင်းအခြားပြု၍ ပညတ်တော်မူအပ်၏ဟု ဉာဏ်ဖြင့် မိုင်းခြား၍ ဝတ္ထုအကြောင်းသည် ဖြစ်သော်ရင်း မဖြစ်သော်ရင်း အကြွင်းမရှိသောအားဖြင့် သိက္ခာပုဒ်တော်ကို ပညတ်တော်မမူပါတကား၊ တပည့်

တော်တို့၌ အပြစ်ထင်ရှားရှိသောအခါ စကားပြန့်ပွါးသော အားဖြင့် များသောအရပ်သို့ရောက်လတ်သော် လူတို့သိကုန်သည်ရှိသော် ထိုထို အပြစ်ပေါ်သောကာလ၌ တပည့်တော်တို့အား သိက္ခာပုဒ်ကို ပညတ် တော်မူခဲ့၏တကားဟူ၍ မေးလျှောက်သော်—

မင်းကြီး၊ လာခြင်းကောင်းသောဘုရားရှင်သည် ဤအခါ၌ ဤအမှုသည် ထင်ရှားလတ္တံ့၊ ဤလူအပေါင်းတို့သည် ကဲ့ရဲ့ကုန်သည် ရှိသော် ငါသည် တရာ့ငါးဆယ်သော သိက္ခာပုဒ်ကို ပညတ်တော်မူအပ်သည် ဖြစ်လတ္တံ့ဟု သိတော်မူ၏။ ။မင်းကြီး၊ စင်စစ်သော်ကား လာခြင်း ကောင်းသောဘုရားအား ဤသို့သောအကြံတော်သည်ဖြစ်၏၊ ငါသည် အကယ်၍ တရာ့ငါးဆယ်သောသိက္ခာပုဒ်ကို တပြိုင်နက်ပညတ်တော် မူသည်ဖြစ်အံ့၊ ဤသိက္ခာပုဒ်၌ လူအပေါင်းသည် များစွာ ရှောင်ရှား အပ် သည်ဖြစ်လတ္တံ့၊ အိုအချင်းလူများတို့၊ ရဟန်းဂေါတမ၏ သာသနာအဆုံး အမ၌ ရဟန်းပြုအံ့သောငှါ ခဲယဉ်းလှ၏တကားဟု ရဟန်းပြုလိုသောသူ တို့သည် ရဟန်းမပြုကုန်လတ္တံ့၊ ငါဘုရား၏စကားကိုလည်း မယုံကြည် ကုန်လတ္တံ့၊ မယုံကြည်ကုန်သောသူတို့သည် အပါယ်သို့လားကုန်သည် ဖြစ်ကုန်လတ္တံ့၊ အကြောင်းအရာ ထင်ရှားစွာဖြစ်သော်တမူကား တရား ဒေသနာဖြင့်သိစေ၍ထင်ရှားစွာသောအပြစ်ကြောင့် သိက္ခာပုဒ်ကိုပညတ် ရပါလတ္တံ့ဟု အကြံတော်ရှိ၏ဟု ဆိုသော် အရှင်ဘုရား၊ မဖြစ်ဘူးမြဲ တကား၊ လာခြင်းကောင်းသောဘုရား၏ သဗ္ဗညုတဉာဏ်တော်သည် ကြီးကျယ်ပေစွတကား၊ အရှင်ဘုရားသည် ဤသို့သောအနက်အဓိပ္ပါယ် ကို ကောင်းစွာမြင်တော်မူ၏၊ ဤစကား၌ များစွာမှတ်ဘွယ်ရှိပေ၏၊ သိက္ခာပုဒ်တော်ကို တပြိုင်နက်ပညတ်တော်မူသည်ရှိသော် ကြားရ၍ သတ္တဝါတို့အား ထိတ်လန့်ခြင်းသည်ဖြစ်၏၊ တယောက်သော သူသည် မျှလည်း သာသနာတော်၌ ရဟန်းမပြုလေရာချေ၊ ဤစကားကိုဘကာ တော်သည် အရှင်ဘုရားဆိုတိုင်း ဝန်ခံပါ၏ဟု ဝန်ခံလေ၏။

သိက္ခာပဒပဉှာပြီး၏။

## ၁၅၆။ သူရိယတပနပဥှာ

**နေပူရှိန်ပြဿနာ**······မိလိန္ဒမင်းသည် အရှင်ဘုရား၊ ဤနေမင်းသည် အခါခပ်သိမ်း ပြင်းပြင်း ပူသလော၊ ထိုသို့ မဟုတ်မူကား အချို့သောကာလ၌ ညံ့ညံ့ပူသလောဟု မေး၏။ ။မင်းကြီး၊ ဤနေသည် အခါခပ်သိမ်း ပြင်းပြင်းပင်ပူ၏၊ အချို့သောကာလ၌ ညံ့ညံ့ မပူဟုဆို၏။

> ဘန္တေနာဂသေန အယံသူရိယော သဗ္ဗကာလံ ကဋ္ဌံတပတိ၊ ဥဒါဟု ကိဉ္စိ ကာလံမန္ဒံ တပတီတိ၊ သဗ္ဗကာလံ မဟာရာဇ အယံ သူရိယော ကဋ္ဌံ တပတိ၊နကိဉ္စိ ကာလံ မန္ဒံတပတီတိ။ ။ ဟူသည်တည်း။

ဘန္တေနာဂသေန၊ ရှင်နာဂသေနမထေရ်။ အယံသူရိယော၊ ဤနေ မင်းသည်။ သဗ္ဗကာလံ၊ အခါခပ်သိမ်း။ ကဋ္ဌံ၊ ပြင်းပြင်း။ တပတိ၊ ပူသလော။ ဥဒါဟု၊ ထိုသို့မဟုတ်မူကား။ ကိဉ္စိကာလံ၊ အချို့သော ကာလ၌။ မန္ဒံ၊ ညံ့ညံ့။ တပတိ၊ ပူသလော။ ဣတိ၊ ဤသို့။ ပုစ္ဆိ၊ မေး၏။ ။မဟာရာဇ၊ မင်းကြီး။ အယံသူရိယော၊ ဤနေသည်။ သဗ္ဗကာလံ၊ အခါခပ်သိမ်း။ ကဋ္ဌံ၊ပြင်းပြင်း။တပတိ၊ပူ၏။ ကိဉ္စိကာလံ၊ စိုးစဉ်းသောကာလ၌။ မန္ဒံ၊ ညံ့ညံ့။ နတပတိ၊ မပူ။ ဣတိ၊ ဤသို့။ဝုတ္တေ၊ ဆိုအပ်သည်ရှိသော်–

အရှင်ဘုရား၊ အကယ်၍နေသည် အခါခပ်သိမ်း ပြင်းပြင်းပူသည် ဖြစ်အံ့၊ အဘယ့်ကြောင့်ကား ရံခါ ပြင်းပြင်းပူသနည်း၊ ရံခါညံ့ညံ့ပူ သနည်းဟုဆိုသော်–

**နေ၏အန္တရာယ်–၄–ပါး**······မင်းကြီး၊ နေ၏အန္တရာယ်တို့သည် လေးပါးအပြားရှိကုန်၏၊ ထိုလေးပါး သောအန္တရာယ်တို့တွင် တပါးပါးသောအနာရောဂါဖြင့် နှိပ်စက်အပ် သည်ရှိသော် ညံ့ညံ့ပူ၏၊ အဘယ် လေးပါးတို့ နည်းဟူမူကား– (၁) မင်းကြီး၊မိုးခိုးသည် နေ၏ရောဂါဖြစ်၏၊ ထိုမိုးခိုး တည်းဟူသော အန္တရာယ်သည်နှိပ်စက်အပ်သည်ရှိသော်ညံ့ညံ့ပူ၏။ ။(၂) မင်းကြီး၊ ဆီးနှင်းသည်နေ၏ရောဂါဖြစ်၏၊ ထိုနေ၏အန္တရာယ်သည် နှိပ်စက်အပ်

သည်ရှိသော် နေသည်ညှိုးညှို့ပူ၏။ ။(၃)မင်းကြီး၊မိုးသည်းတိမ်တိုက်သည် နေ၏အန္တရာယ်ဖြစ်၏၊ မိုးသည်းတိမ်တိုက်သည် နှိပ်စက်အပ်သည်ရှိသော် နေသည် ညှိုးညှို့ပူ၏။ ။(၄)မင်းကြီး၊ရာဟု အသုရိန်သည်နေ၏အန္တရာယ်ဖြစ်၏၊ထိုအသုရိန်နှိပ်စက်အပ်သည်ရှိသော် နေသည် ညှိုးညှို့ပူ၏။ ။မင်းကြီး၊ဤလေးပါးသော အန္တရာယ်တို့သည် နေ၏အန္တရာယ် တို့တည်း၊ လေးပါးသော အန္တရာယ်တို့တွင် တပါးပါးနှိပ်စက်အပ်သည်ရှိသော် နေသည်ညှိုးညှို့ပူ၏ဟုဆိုသော် အရှင်ဘုရား၊ အံ့ဘွယ်ရှိစွ၊အရှင်ဘုရား၊ မဖြစ်ဘူးလေတကား၊ တန်ခိုးနှင့်ပြည့်စုံသောနေမင်းအားလည်း ထိုမျှလောက်သောရောဂါအနာဖြစ်လေသတတ်၊ အရှင်ဘုရား၊ အသက်ရှိသောသတ္တဝါတို့အားကား ဆိုဘွယ်မရှိချေပြီတကား၊ အရှင်ဘုရား နှင့်တူသောပညာရှိနှင့်ကင်း၍ တပါးသောသူအား ဤအယူဝါဒသည် ဘောက်ပြန်ရာ၏။

သူရိယတပနပဉှာပြီး၏။

---

## ၁၅၇။ ဟေမန္တသူရိယတပနပဉှာ

**ဆောင်းအခါနေပူရှိန်**·····တဘန် မိလိန္ဒ မင်းသည် နေသည် ဆောင်းလအခါစပ်စပ်ပူသည်၊ နွေလအခါစပ်စပ်မပူသည်ကိုဖွဲ၍မေးပြန်၏၊ အရှင်ဘုရား၊ အဘယ်အကြောင်းကြောင့် ဆောင်းလအခါနေမင်းသည် စပ်စပ်ဖျဉ်းဖျဉ်း ပူလေသနည်း၊ နွေကာလ၌ကား အဘယ်အကြောင်းကြောင့် စပ်စပ်ဖျဉ်းဖျဉ်း မပူလေသနည်းဟုဆိုသော်—

မင်းကြီး၊နွေကာလ၌မင်းလွင်မြူကြေးညှင်းတို့သည် အထက်ကောင်းကင်သို့လွင့်သည်ဖြစ်၏၊လေခတ်အပ်သည်ဖြစ်၍ မြူမှုန့်တို့သည် ကောင်းကင်သို့လွင့်သည်ဖြစ်ကုန်၏၊ ကောင်းကင်၌လည်း တိမ်တိုက် တို့သည် အထူးထူးနှောင့်ရှက်သည်ဖြစ်ကုန်၏၊ သည်းစွာသော လေမုန်တိုင်းသည်လွန်စွာလှိုင်၏၊ ထိုအလုံးစုံသောမြူတိမ်တိုက်တို့သည် အထူးထူး နှောင့်ရှက်ကုန်၍ နေမင်း၏အရောင်ကိုပိတ်ကုန်၏၊ ထို့ကြောင့်နေမင်းသည် နွေကာလ၌ညှိုးညှို့ပူ၏၊မင်းကြီး၊ဆောင်းလအခါ၌ကားအောက်မြေ တို့သည် ငြိမ်း၏၊အထက်ကောင်းကင်၌ တိမ်တိုက်သည်ကင်းငြိမ်း၏၊

မြူကြေးညှင်းသည့်ငြိမ်သက်၏၊ ကင်းသောတိမ်တိုက်ရှိ၏၊ ကောင်းကင်၌လေသည် ညှင်းညှင်းလာ၏၊ ထိုဘေးရန် ကင်းသဖြင့် 'ကောင်းကင်စင်ကြယ်သောကြောင့် နေမင်း၏အရောင်သည် သန့်ရှင်းစင်ကြယ်၏၊ ဘေးအန္တရာယ်မှလွတ်သော နေမင်း၏အပူသည် ဖျဉ်းဖျဉ်းစင်စပ်ပူ၏၊ မင်းကြီး၊ ဤစကား၌ အကြင်အကြောင်းဖြင့်ဆောင်းကာလ၌ပြင်းပြင်းပူ၏၊ ဤကားအကြောင်းတည်း၊ မင်းကြီး၊ ထိုဆောင်းလအတူနွေကာလ၌မပူဟုဆိုသော် အရှင်ဘုရား၊ နေမင်းသည် ဘေးရန်မှလွတ်သောကာလပြင်းပြင်းပူ၏၊ နေမင်းသည်၊ ရိုဃ်းတိမ်နှင်းမြူတို့နှင့်တကွ သွားသောကာလ ညှံ့ညှံ့ပူ၏ဟုဆိုသော်ထိုစကားကို ကောင်းပြီဟု ဝန်ခံ၏။

ဟေမန္တသူရိယတပနပဉှာပြီး၏။

နိပ္ပပဉ္စဝဂ္ဂေါဒုတိယော

## ၁၅၈။ ဝေဿန္တရဒါနပဉှာ

**ဝေဿန္တရာ တဦးထည်း သားမယားလှူသလော**……မိလိန္ဒ မင်းသည် အရှင်ဘုရား၊ ခပ်သိမ်းသော ဘုရားလောင်းတို့သည် သားမယားကို လှူကြကုန်သလော၊ ထိုသို့မဟုတ်မူကား မင်းဝေဿန္တရာ တယောက်သာလျှင် သားမယားကိုပေးလှူအပ်လေသလောဟုမေးလေသော်—

မင်းကြီး၊ခပ်သိမ်းသောဘုရားလောင်းတို့သည် သားမယားကိုလှူကြကုန်၏၊ မင်းဝေဿန္တရာတယောက်သာလျှင် သားမယားကို လှူသည်မဟုတ်ဟု ဆို၏။

ဘန္တေ နာဂသေန သဗ္ဗေဝ ဗောဓိသတ္တာ ပုတ္တဒါရံ ဒေန္တိ၊ ဥဒါဟု ဝေဿန္တရေ နေဝ ရညာ ပုတ္တဒါရံ ဒိန္နန္တိ၊ သဗ္ဗေပိ မဟာရာဇ ဗောဓိသတ္တာ ပုတ္တဒါရံ ဒေန္တိ၊ န ဝေဿန္တရေနေဝ ရညာ ပုတ္တဒါရံ ဒိန္နန္တိ။ ။ဟူသည့်တည်း။

ဘန္တေ နာဂသေန၊ ရှင်နာဂသေနမထေရ်။ သဗ္ဗေဝ၊ အလုံးစုံသာလျှင်ဖြစ်ကုန်သော။ ဗောဓိသတ္တာ၊ ဘုရားလောင်း တို့သည်။ ပုတ္တဒါရံ၊ သားမယားကို။ ဒေန္တိ၊ လှူကြကုန်သလော။ ဥဒါဟု၊ ထိုသို့ မဟုတ်မူ

ကား။ ဝေဿန္တရေန၊ ဝေဿန္တရာအမည်ရှိသော။ ရညာဇေ၊ မင်းသည်သာလျှင်။ ပုတ္တဒါရံ၊ သားမယားကို။ ဒိန္နံ၊ လှူအပ်သလော။ ဉာတိ၊ ဤသို့။ ပုဋ္ဌော၊ မေး၏။ မဟာရာဇ၊ မြတ်သောမင်းကြီး။ သဗ္ဗေပိ၊ အလုံးစုံလည်းဖြစ်ကုန်သော။ ဗောဓိသတ္တာ၊ ဘုရားလောင်းတို့သည်။ ပုတ္တဒါရံ၊ သားမယားကို။ ဒေန္တိ၊ လှူကြကုန်၏။ ဝေဿန္တရေန၊ ဝေဿန္တရာအမည်ရှိသော။ ရညာဇေ၊ မင်းသည်သာလျှင်။ ပုတ္တဒါရံ၊ သားမယားကို။ နဒိန္နံ၊ လှူအပ်သည်မဟုတ်။ ဉာတိ၊ ဤသို့။ ဝုတ္တေ၊ ဆိုအပ်သည်ရှိသော်—

အရှင်ဘုရား၊ ထိုဘုရားလောင်းတို့သည် သားမယားကိုလှူကုန်သည်ရှိသော်ထိုသားမယားအလိုတူသဖြင့် ပေးလှူကြကုန်သလောဟုဆိုသော်မင်းကြီး၊ မယားသည် အလိုတူ၏၊ **ဤကား ရှေးဦးစွာပြုခဲသောအမှုကို ပြုပေ၏။** သားသူငယ်တို့သည် ရိုက်မဲမလိမ္မာ သောကြောင့် ငိုမြည်တမ်းကြကုန်၏၊ မင်းကြီး၊ သားငယ်သမီးငယ်တို့သည် အကျိုးစီးပွါးကို အကယ်၍သိကုန်အံ့၊ ထိုသူငယ်တို့သည်လည်း ဝမ်းမြောက်ကုန်ရာ၏၊ မငိုကုန်ရာဟုဆိုသော် အရှင်ဘုရား၊ သဗ္ဗညုဘုရားလောင်းတို့သည် အလွန်ပြုခဲသောအမှုကို ပြုပေသည်၊ ထိုဘုရားလောင်းမင်းဝေဿန္တရာသည် မိမိ၏ရင်သွေး ရင်သားတို့ကို ပုဏ္ဏားဇုဇကာအား ကျွန်အလို့ငှါ လှူဖြစ်လေ၏၊ **ဤကား နှစ်ကြိမ်မြောက်ပြုခဲသောအမှုကို ပြုပေ၏။** ထိုဘုရားလောင်းသည်မိမိရင်နှစ် ချစ်လှစွာသောသားသူငယ်တို့ကို နွယ်ဖြင့်ဘွဲ့ချည်၍ ပုဏ္ဏားဇုဇကာသည် နွယ်ဖြင့်ရိုက်ခတ်သည်ကို စိန်းစိန်းကြည့်၍ နေသည်ဖြစ်၏၊ **ဤသည်လည်း သုံးကြိမ်မြောက်ပြုခဲလှသည်ကိုပြု၏။** ထိုဘုရားလောင်းသည် မိမိတို့အစွမ်းဖြင့် အနှောင်အဘွဲ့မှလွတ်၍လာသောသူငယ်တို့ ချဉ်းကပ်သည်ကို တပ်ခြင်းကင်း၍ တဖန်လျှင် နွယ်ဖြင့်ဘွဲ့၍ ပေးပြန်ခဲ့၏၊ **ဤသည်လည်း လေးကြိမ်မြောက် ပြုခဲလှသောအမှုကိုပြု၏။** ထိုအခါဘခင်၊ ဘိလူးသည် အကျွန်ုပ်တို့ကိုစားအံ့သောငှါဆောင်ယူ၏ဟု ငိုမြည်တမ်းကုန်သော သူငယ်တို့ကို ချစ်သားတို့၊မကြောက်လင့်ဟု ဘုရားလောင်းသည် သက်သာရာကို ရစေ၏။ **ဤသည်လည်းငါးကြိမ်မြောက်ပြုခဲလှသောအမှုကိုပြု၏။** ဇာလိမင်းသားငိုကြွေးလျက် ခြေရင်း၌ ဝပ်၍ ဘခင်၊ ကဏှာဇိန်နှမကို ပြန်ပါစေလော့၊အကျွန်ုပ်သည် ဘိလူးနှင့်အတူ လိုက်ပါအံ့၊အကျွန်ုပ်ကို ဘိလူး

သည့် စိတ်ရှိ စားပါစေလော့ဟု ဤသို့တောင်းပန်ဖျောင်းဖျသော်လည်း ဇာလိမင်းသားအား ဝန်မခံ၊ **ဤသည်လျှင်လည်းခြောက်ကြိမ်မြောက်ပြုခဲလှသောအမှုကိုပြုသည်မည်၏။** ဘခင်၏နှုတ်လုံးသည်ကျောက်ခဲကျောက်ပြင်နှင့် တူ၏တကား၊ ဆင်းရဲခြင်းသို့ ရောက်ကုန်သော အကျွန်ုပ်တို့ကို ကြည့်ရှုလျက် လူမရှိသော တောကြီး အရပ်၌ဘီလူးသည် ဆောင်ယူအပ်သည့်ကိုမမြစ်မတားပါဟု ငိုမြည်တမ်းသော ဇာလိမင်းသားအား ထိုဘုရားလောင်းသနားသည့်ကိုမပြု၊ **ဤသည်လည်းခုနစ်ကြိမ်မြောက်ပြုခဲခြင်းအပေါင်းတို့ထက်အလွန်ပြုခဲလှသောအမှုကိုပြုသည်မည်၏။** အလွန်တိုး၍ တိုး၍ ကြောက်မက်ဘွယ်ငိုသောသားငယ်တို့ကို မမြင်ခြင်းသို့ရောက်သော် နှလုံးအရာအထောင် အစိတ်အစိတ်ကွဲရာ၏၊ ထိုသို့လျက်မကွဲ၊ ကောင်းမှုကိုအလိုရှိသော လူအပေါင်းသည် သူတပါးကိုဆင်းရဲစေသဖြင့် လှူ၍အဘယ်အကျိုးရှိပါအံ့နည်း၊ သားမယားကို လှူခြင်း၌ မတတ်စကောင်းသည် ဖြစ်ရာ၏ဟု ဆိုသော်—

မင်းကြီး၊ ဘုရားလောင်း မင်းဝေဿန္တရာသည် သူတပါး ပြုနိုင်ခဲသောအမှုကို ပြုသည်၏ အဖြစ်ကြောင့် ကျော်စောသော အသံသည် တသောင်းသောလောကဓာတ်တိုင်တိုင် နတ်လူတို့၌ နှံ့၍တက်၏၊ နတ်တို့သည် နတ်ပြည်၌ကျော်စောကုန်၏၊ အသုရာတို့သည် အသုရာပြည်၌ ကျော်စောကုန်၏၊ ဂဠုန်တို့သည် ဂဠုန်ပြည်၌ကျော်စောကုန်၏၊နဂါးတို့သည် နဂါးပြည်၌ ဘီလူးတို့သည် ဘီလူးပြည်၌ ကျော်စော ကုန်၏၊ ထိုဘုရားလောင်းမင်းဝေဿန္တရာ၏ ကျော်စောသောအသံသည် အစဉ်အတိုင်း အဆင့်ဆင့် ယနေ့ထက်တိုင်အောင် ငါတို့၏အလှည့်သို့ အစဉ်အတိုင်းရောက်လာ၏၊ ထိုမင်းဝေဿန္တရာ၏ အလှူကို ဖျက်ဆီးလိုကုန်သောသူတို့သည် အညီအညွတ်စုဝေးကုန်လျက်ကောင်းသောအလှူဖြစ်မည်လော၊ မကောင်းသောအလှူဖြစ်မည်လောဟုအထူးထူးဖရိုဖရဲ ဆိုကြကုန်၏။

**ဝေဿန္တရာအလှူ၏ဂုဏ်–၁၀–ပါး**····· မင်းကြီး၊ထိုအလှူ၏ကျော်စောသောအသံသည် သိမ်မွေ့စွာ ပညာရှိကုန်သော ထင်ရှားရှိကုန်သော ဘုရားလောင်းတို့အား ဆယ်ပါးသော ဂုဏ်ကျေးဇူးတို့ကို အစဉ်အတိုင်းပြ၏၊ ထိုဆယ်ပါး

သော ဂုဏ်ကျေးဇူး အဘယ်နည်း ဟူမူကား (၁) ဥစ္စာ၌မတပ်မက်သောသူ၏အဖြစ်။ (၂) ငဲ့ကွက်ခြင်းမရှိသည်၏အဖြစ်။ (၃) စွန့်ရက်ခြင်း။ (၄) ဥစ္စာ၌တပ်သော ကိလေသာကိုပယ်ခြင်း။ (၅) နောင်တပူပန်သောစိတ်မရှိခြင်း။ (၆) သိမ်မွေ့သည်၏အဖြစ်၊ (၇) မြတ်သောဆန္ဒရှိသည်၏အဖြစ်။(၈)သူတပါး ပြုနိုင်ခဲသည်၏အဖြစ်။ (၉)ကျေးဇူး၏ရခဲလှသည်၏အဖြစ်။ (၁၀) သူတပါးနှင့်မတူသည်၏အဖြစ်။

ဤသို့ကျော်စောသောအသံသည် သိမ်မွေ့သော ပညာရှိကုန်သော ပွါးသော ပညာရှိကုန်သော ဘုရားလောင်းတို့အား ဆယ်ပါးသော ဂုဏ်ကျေးဇူးတို့ကို အစဉ်အတိုင်း ပြ၏ဟုဆိုသော် အရှင်ဘုရား၊ အကြင်သူသည် သူတပါးကို ဆင်းရဲစေ၍အလှူကိုပေး၏၊စင်စစ်ထိုအလှူသည်ကောင်းသော အကျိုးကို ပေးသောမည်သည် ဖြစ်အံ့လောဟုဆိုသော် မင်းကြီး၊ နတ်ရွာသို့လားကြောင်း ဖြစ်သော အလှူတည်းဟုဆိုလျှင် အရှင်ဘုရား၊ အသို့ဆိုအပ်သနည်း၊ အကြောင်းကိုတကာတော်အားပြပါဦးလော့ဟုဆိုသော် မင်းကြီး၊ဤလောက၌သီလနှင့်ပြည့်စုံသော ရဟန်းပုဏ္ဏားသည်ရှိသည်ဖြစ်၏၊ ထိုကောင်းသော အကျင့်နှင့်ပြည့်စုံသောသူသည်ကိုယ်တခြမ်းမူလည်းသေအံ့၊နားမူလည်းပင်းအံ့၊တပါးပါးသောအနာသို့မူလည်းရောက်အံ့၊ ထိုသူ့နာကို ကောင်းမှု၌အလိုရှိသော တစုံတယောက်သောသူသည် နွားယာဉ်၊ဆင်ယာဉ်၊မြင်းယာဉ်သို့တင်၍ ရောက်စေအင်သောအရပ်သို့ အစဉ်အတိုင်းပို့ပေအံ့၊ မင်းကြီး၊ စင်စစ်သော်ကား ။ ထိုယာဉ်တို့ဖြင့်ပို့သော ယောကျ်ားအား ထိုပို့သောအကြောင်းကြောင့် တစုံတခုသော ချမ်းသာသည်ဖြစ်အံ့လော၊ ထိုအမှုသည် နတ်ရွာသို့ ရောက်ကြောင်းဖြစ်အံ့လောဟုဆိုသော် အရှင်ဘုရား၊ နတ်ရွာသို့ ရောက်ကြောင်းဟုတ်ပချေ၏၊ အဘယ်သို့ ဆိုရာအံ့နည်း၊ ယောကျ်ားသည် ဆင်ယာဉ်၊မြင်းယာဉ်၊ရထားယာဉ်ကိုရရာ၏၊ ကြည်းကုန်း၌ဖြစ်သောယာဉ်ကိုသော်လည်းရရာ၏၊နတ်ပြည်၌ဖြစ်သော နတ်တို့ယာဉ်၊လူတို့ပြည်၌လူတို့ယာဉ်ကိုရရာ၏၊ထိုနှင့်လျော်သော လျောက်ပတ်သောယာဉ်သည် ဖြစ်တိုင်းဖြစ်တိုင်းသောဘဝ၌ ရသည်ဖြစ်ရာ၏၊ ထိုယောကျ်ားအား ထိုနှင့်လျော်ကုန်သော ချမ်းသာတို့သည်လည်းဖြစ်ကုန်ရာ၏၊ သုဂတိဘဝမှသုဂတိဘဝသို့သွားရာ၏၊ ထိုကံ၏အကျိုးဆက်

ဖြင့် တန်ခိုးဖြင့်ပြီးသောဘုံသို့တက်၍ တောင့်တအပ်နှသောနိဗ္ဗာန်ပြည်သို့ ရောက်ရာ၏၊မင်းကြီး၊ သူတပါးကိုဆင်းရဲစေသဖြင့် လှူအပ်သောအလှူသည်ချမ်းသာသော အကျိုးရှိသည်ဖြစ်၏၊ နတ်ရွာသို့ ရောက်ကြောင်းဖြစ်၏၊ ထိုယောကျ်ားသည် နွားလားတို့ကိုဆင်းရဲစေ၍ ဤသို့သဘော ရှိသောကောင်းကျိုးချမ်းသာကို ခံစား၏၊ မင်းကြီး၊ သူတပါးကို ဆင်းရဲစေသဖြင့် ပေးအပ်သော အလှူသည် ကောင်းသော အကျိုးကိုရ၏၊ နတ်ရွာသို့ ရောက်ကြောင်းဖြစ်၏ဟု လွန်စွာသော အကြောင်းကို နာဦးလော့၊ မင်းကြီး၊ ဤလူ့ပြည်၌ တစုံတယောက်သော မင်းသည် မိမိအစိုးရပိုင်သော ဇနပုဒ်မှ တရားနှင့် လျော်သောအခွန်ကိုထုတ်စေ၍ အာဏာဖြင့်စေလျက် အလှူကိုပေးအံ့၊ မင်းကြီး၊ ထိုမင်းသည် ထိုအခွန်အတုတ်ကို အပြင်းယူသော အကြောင်းကြောင့် တစုံတခု ချမ်းသာသည် ဖြစ်ရာသလော၊ ထိုအလှူသည် နတ်ရွာသို့ ရောက်ရာသလောဟုဆိုသော် အရှင်ဘုရား၊ ထိုအာဏာဖြင့် ဆယ်ခိုင့် တခိုင်ရအပ်သောအခွန်ဖြင့် ပေးအပ်သောအလှူသည် ချမ်းသာကြောင်း နတ်ရွာသို့ရောက်ကြောင်းဖြစ်ပေ၏၊ အရှင်ဘုရား၊ ထိုအခွန်အတုတ်ကို ဆယ်ခိုင့်တခိုင်ယူခြင်းကြောင့် အပြစ်တင်ဘွယ် ဆိုဘွယ် အဘယ်ရှိပေအံ့နည်း၊ အရှင်ဘုရား၊ ထိုမင်းသည်လွန်စွာသော တသိန်းမကသော ကျေးဇူးကိုရရာ၏၊ မင်းတကာတို့ထက် မြတ်သောမင်းဖြစ်ရာ၏၊ နတ်တကာတို့ထက် နတ်မြတ်ဖြစ်ရာ၏၊ဗြဟ္မာတကာတို့ထက်လည်း ဗြဟ္မာမြတ်ဖြစ်ရာ၏၊ ရဟန်းတို့ထက်လည်း လွန်သော ရဟန်းဖြစ်ရာ၏၊ ရဟန္တာတို့ထက်လွန်သောရဟန္တာဖြစ်ရာ၏။

မင်းကြီး၊ ထိုသူတပါးကိုဆင်းရဲစေသဖြင့်ပေးအပ်သော အလှူသည် ကောင်းသော အကျိုးရှိ၏၊ နတ်ရွာသို့လားကြောင်းဖြစ်၏၊ မင်းကြီး၊ ထိုမင်းသည် အခွန်အတုတ်ကို လူများအား နှိပ်စက်၍ပေးအပ်သော အလှူဖြင့်ဤသို့သဘောရှိသောလွန်သောချမ်းသာကိုခံစားရ၏။

(ဤစကား၌ ဒသမဘာဂံပေါရာဏစာရိတ္တံ ဟူသောပါဠ်နှင့်အညီ အကြင်မင်းတို့သည် အခွန်အတုတ်ကို ဆယ်ခိုင့်တခိုင်ယူ၍ ရအပ်သော ဥစ္စာသည် တရားနှင့်လျော်၏၊ ရှေးသူဟောင်းတို့၏ ,အကျင့်ဖြစ်၏၊ထိုဆယ်ခိုင့်တခိုင်ကိုမပေးလို၍ အာဏာဖြင့်နှိပ်စက်၍ ယူသော်ရ၏၊ထိုရအပ်သောဥစ္စာသည်တရားနှင့်လျော်၏ဟုလိုသည်။ ။ဤကားစကားချပ်။)

အရှင်ဘုရား၊ မင်းဝေသန္တရာသည် လွန်သောအလှူကို လှူအပ်၏၊ ထိုမင်းဝေသန္တရာသည် အကြင်မိမိမယားကိုသူတပါးအား မယား အလို့ငှါ ပေးလှူ၏၊ မိမိရင်သွေးရင်သားတို့ကို ပုဏ္ဏားအားကျွန်ပြုစိမ့်သောငှါ ပေးလှူအပ်၏၊အရှင်ဘုရား၊ လောက၌ ပညာရှိတို့သည် သားမယားအလှူကို အလွန်သောအလှူဟူ၍ ကဲ့ရဲ့အပ်၏ဟု ဆိုပြီးလျှင် ထိုစကားကိုဘိစီး၍ ဥပမာဖြင့်ပြပြန်၏၊ အရှင်ဘုရား ဥပမာသော်ကား အလွန်သောဝန်လေးသဖြင့် လှည်း၏ဝင်ရိုးသည် ကျိုး၏၊ အလွန်သောဝန်လေးသဖြင့် လှေသည်ရေ၌နစ်၏၊ အလွန်အစားကြူးသောကြောင့် ဘောဇဉ်သည် မညီမညွတ်အစာမကျေရှိ၏၊ အလွန်မိုးရွာသောကြောင့် စပါးသည် ပျက်စီး၏၊ အလွန်ပေးလှူသောကြောင့် ဥစ္စာကုန်၏၊ အလွန်မီးပူသောကြောင့် မြေကြီးသည် လောင်၏၊ အလွန်တပ်မက်မောခြင်း ပြင်းသောကြောင့် ရူး၏၊ အလွန်ဒေါသ ကြီးသောကြောင့် သူ့အသက်ကိုသတ်၏၊ အလွန်မိုက်သောကြောင့် ပျက်စီးခြင်းသို့ ရောက်၏၊ အလွန်လောဘရှိသောကြောင့် ခိုးယူခြင်းသို့ရောက်၏၊ အလွန်ကြောက်သောကြောင့် သူတပါးနှင့် ဆန့်ကျင်၏၊ အလွန်ရေပြည့် လွန်းသောကြောင့် မြစ်သည် လွှမ်း၍စီး၏၊ အလွန် လေလာသောကြောင့် မိုးကြိုးကျ၏၊ အလွန်မီးပူသောကြောင့် ထမင်းသည်တူး၏၊အထက်သို့တက်၏၊အလွန်ရဲလွန်းသောကြောင့် ကြာမြင့်စွာအသက်မရှည်၊ အရှင်ဘုရား၊ ထိုသို့သောဥပမာကဲ့သို့ လောက၌ ပညာရှိတို့သည် လွန်သောအလှူမည်သည်ကို ကဲ့ရဲ့ရှုတ်ချအပ်၏၊အရှင်ဘုရား၊ မင်းဝေသန္တရာသည် အလွန်သောအလှူကိုလှူအပ်၏၊ ထိုအလွန်သောအလှူသည် တစုံတခုသောအကျိုးမရှိဟု ဆိုသော် ထိုစကားကို ရှင်နာဂသေနက ဥပမာနှင့်တကွ ဖြေပြန်၏။

မင်းကြီး၊ လောက၌ အလွန်သောအလှူကို ပညာရှိတို့သည် ချီးမွမ်းအပ်၏၊ ကောင်းချီးပေးအပ်၏၊ နှစ်သက်အပ်၏၊ မင်းကြီး၊ အကြင်သူတို့သည် အလွန်သောအလှူကိုလှူကုန်၏၊ လောက၌ အလွန်လှူလေ့ရှိသောသူသည် ကျော်စောခြင်းသို့ရောက်၏၊ မင်းကြီး၊ ဥပမာသော်ကား နတ်၌ဖြစ်သောဆေးမြစ်ကို အလွန်မြတ်သောကြောင့် ယူအပ်၏၊ ထိုနတ်ဆေးလက်သို့ရောက်သော် ဟတ္ထပါသ်သို့ရောက်ကုန်သော ဘာပါးသူတို့မမြင်နိုင်လေ၊ ဆေးသည် အလွန်မြတ်သောကြောင့် နှိပ်စက်သောအနာကို

ပျောက်တတ်၏၊ အနာတို့၏အဆုံးကို ပြုတတ်၏၊ မီးသည်အလွန်ပူသော ကြောင့် လောင်၏၊ ရေသည် အလွန်ချမ်းအေးသောကြောင့် ပူသောမီးကို ငြိမ်းစေတတ်၏၊ ကြာပဒုမာသည် အလွန်စင်ကြယ် သန့်ရှင်းသည်ဖြစ် သောကြောင့် ညွန်ရေဖြင့်မလိမ်းကျံ၊မနောဟာဒယပတ္တမြားရတနာသည် အလွန်မြတ်သောဂုဏ်ကျေးဇူးရှိသောကြောင့် အလိုကိုပေးတတ်၏၊ စိန် ကျောက်သည် အလွန်ထက်သောကြောင့် ပတ္တမြား,ပုလဲ,ဖလ်ကျောက် တို့ကို ထွင်းနိုင်၏၊ မြေကြီးသည် အလွန်ကြီးသည်၏ အဖြစ်ကြောင့် ယောကျ်ား,မိန်းမ,သားငှက်,ကျောက်တောင်,သစ်ပင်တို့ကိုဆောင်နိုင် ၏၊ သမုဒ္ဒရာသည် အလွန်ကျယ်ဝန်းသောကြောင့် ရေပြည့်၏ဟု မရှိ နိုင်၊ မြင်းမိုရ်တောင်မင်းသည် အလွန်လေးသောကြောင့် မတုန်မလှုပ်၊ ကောင်းကင်သည် အလွန်ကျယ်သောကြောင့် အဆုံးမရှိ၊ နေမင်းသည် အရောင်ရှိသောကြောင့် အမိုက်ကို ပျောက်တတ်၏၊ ခြင်္သေ့မင်းသည် အလွန်သောဇာတိရှိသည်၏အဖြစ်ကြောင့် ကြောက်ခြင်း ထိတ်လန့်ခြင်း မှ ကင်း၏၊ လက်ပမ်း လက်ဝှေ့ သည်သည် အလွန်အားကြီးသော ကြောင့် လက်ပမ်းသည် တယောက်ကို လျင်စွာချီနိုင်၏၊ မင်းသည် အလွန်ဘုန်းကြီးသောကြောင့် သူတပါးကို အစိုးရ၏၊ ရဟန်းသည် အလွန်သီလရှိသည်၏အဖြစ်ကြောင့် နဂါး ဘီလူး လူနတ် တို့သည် ရှိခိုး အပ်၏၊ ဘုရားရှင်သည် လောကသုံးပါးတို့ထက် မြတ်သည်၏ အဖြစ် ကြောင့် နှိုင်းရှည့်စရာမရှိ၊မင်းကြီး၊ထိုထိုသောဥပမာတို့ကဲ့သို့ လောက၌ ပညာရှိတို့သည် အလွန်သောအလှူမည်သည်ကိုချီးမွမ်းချီးမြှောက်ထော မနာအပ်၏၊လောက၌ အကြင်သူတို့သည် အလှူကိုလှူကြကုန်၏၊ အလွန် သောအလှူကို လှူလေ့ရှိသောသူသည် ကျော်စောခြင်းသို့ ရောက်၏၊ မင်းကြီး၊မင်းဝေဿန္တရာသည်အလွန်သောအလှူကိုလှူသောကြောင့် ဤ ယခုလောက၌ မြတ်သောဘုရားဖြစ်တော်မူ၏။ ။မင်းကြီး၊ လောက၌ အလှူခံပုဂ္ဂိုလ် ရောက်လာလတ်သော် မပေးမလှူအပ် ထားအပ်သော အလှူသည် ရှိသလောဟုဆိုသော်—

**အပါယ်ရောက်ကြောင်း အလှူ ၁၀-မျိုး**…အရှင်ဘုရား၊ လောက၌အလှူဒါနဟု မသမုတ်အပ်သော အကြင်အလှူတို့သည်ရှိကုန်၏၊ ထိုအလှူတို့သည် ဤဆယ်ပါးတို့တည်း၊ ထိုဆယ်ပါးသောအလှူကို ပေးလှူသောသူတို့သည် အပါယ်

သို့ ရောက်ရကြောင်းဖြစ်၏၊ ထိုဆယ်ပါးသောအလှူတို့သည် အဘယ်နည်းဟု ဆိုသော်-

ကတမာနိဒသ၊ သမဇ္ဇဒါနံ ဘင်္ဂေနာဂသေန လောကေ အဒါနသမ္မတံ၊ ယောတံဒါနံဒေတိ သော အပါယ ဂါမီဟောတိ၊ မဇ္ဇဒါနံ၊ ဇူတ္တိဒါနံ၊ ဥသဘဒါနံ၊ စိတ္တကမ္မဒါနံ၊ သတ္ထဒါနံ၊ ဝိသဒါနံ၊ သင်္ခလိကဒါနံ၊ ကုက္ကုဋ သူကရဒါနံ၊ တုလာကူဋမာနကူဋဒါနံ ဘင်္ဂေနာဂသေန လောကေ အဒါန သမ္မတံဟောတိ၊ ယောတံဒါနံ ဒေတိ သောအပါယဂါမီဟောတိ။ ။ဟူသည်တည်း။

ဒသ၊ ဆယ်ပါးသောအလှူတို့သည်။ ကတမာနိ၊ အဘယ်သည်တို့နည်းဟူမူကား။ (၁) ဘင်္ဂေ နာဂသေန၊ ရှင်နာဂသေန မထေရ်။ လောကေ၊လောက၌။သမဇ္ဇဒါနံ၊ကချေသည်အလှူသည်။ အဒါနသမ္မတံ၊ အလှူဟူ၍ မသမုတ်အပ်သည်။ ဟောတိ၊ ဖြစ်၏။ ယော၊ အကြင်သူသည်။တံဒါနံ၊ထိုကချေသည်အလှူကို။ ဒေတိ၊ ပေး၏။ သော၊ ထိုသူသည်။ အပါယဂါမီ၊ အပါယ်သို့ ရောက်သည်။ ဟောတိ၊ ဖြစ်၏။ (၂) မဇ္ဇဒါနံ၊ သေအရက် အလှူသည်။ အဒါနသမ္မတံ၊ အလှူဟူ၍ မသမုတ်အပ်။ (၃) ဇူတ္တိဒါနံ၊ မိန်းမအလှူသည်။ အဒါနသမ္မတံ၊ အလှူဟူ၍မသမုတ်အပ်။ (၄) ဥသဘဒါနံ၊ နွားဥသဘအလှူသည်။ အဒါနသမ္မတံ၊ အလှူဟူ၍မသမုတ်အပ်။ (၅) စိတ္တကမ္မဒါနံ၊ ပန်းချီဆေးရေးအလှူသည်။ အဒါနသမ္မတံ၊ အလှူဟူ၍မသမုတ်အပ်။ (၆) သတ္ထဒါနံ၊ လက်နက်အလှူသည်။ အဒါနသမ္မတံ၊ အလှူဟူ၍ မသမုတ်အပ်။ (၇) ဝိသဒါနံ၊ အဆိပ်ဟူသောအလှူသည်။ အဒါနသမ္မတံ၊ အလှူဟူ၍မသမုတ်အပ်။ (၈) သင်္ခလိကဒါနံ၊ သံခြေကျင်းအလှူသည်။ အဒါနသမ္မတံ။ အလှူဟူ၍ မသမုတ်အပ်။ (၉) ကုက္ကုဋသူကရဒါနံ၊ ကြက်ဝက် အလှူသည်။ အဒါနသမ္မတံ၊ အလှူဟူ၍မသမုတ်အပ်။ (၁၀)ဘင်္ဂေနာဂသေန၊ ရှင်နာဂသေနမထေရ်။ တုလာကူဋ မာနကူဋဒါနံ၊ ချိန်စဉ်းလဲ တင်းစဉ်းလဲအလှူသည်။ လောကေ၊ လောက၌။ အဒါနသမ္မတံ၊ အလှူဟူ၍ မသမုတ်အပ်သည်။ဟောတိ၊ ဖြစ်၏။ ယော၊ အကြင်သူသည်။ တံဒါနံ၊ ထိုအလှူကို။ ဒေတိ၊ ပေး၏။ သော၊ ထိုပေးလှူသော သူသည်။ အပါယဂါမီ၊ အပါယ်သို့လားသည်။ ဟောတိ၊ ဖြစ်၏။

အရှင်ဘုရား၊ ဤဆယ်ပါးသောအလှူတို့ကို လောက၌ အလှူဟူ၍ မသမုတ်အပ်ကုန်၊ အကြင်သူသည် ထိုအလှူကိုပေးအံ့၊ အပါယ်သို့လားကြောင်းဖြစ်၏ဟုဆို၏။

(ဆယ်ပါးသောအလှူ၌စကားထွေးရှက်စရာရှိ၏၊ ရှိကြောင်းကား ယခုအခါသာသနာတွင်း၌ လူတို့သည် စည်ပြောပတ်သာ တီးမှုတ်စေလျက် အလှူကိုပေးကြကုန်၏၊ ထိုအခါအလှူဒါယကာတို့သည် အသံဟူသော အလှူသည် ဖြစ်စေသတည်းဟု ယောနိသောမနသိကာရဖြင့် အသင့်နှလုံးသွင်းသော် သဒ္ဒဒါနဖြစ်၏၊ ပရမတ္ထအားဖြင့် အလှူသည် ရူပါရုံအလှူ,သဒ္ဒါရုံအလှူ, ဂန္ဓာရုံအလှူ, ရသာရုံအလှူ, ဖေါဋ္ဌဗ္ဗာရုံအလှူ, ဓမ္မာရုံအလှူဟူ၍ခြောက်ပါးအပြားရှိ၏၊ ထိုခြောက်ပါးသော အလှူတို့တွင်သဒ္ဒါရုံအလှူသို့ ဝင်၏၊ ထိုစည်ပြောပတ်သာ၌ ကချေသည်တို့ကို ကစေ၏၊ ဤသို့ကစေခြင်းလည်းတရားမဝင်၊ အဒါနသမ္မတဟု သမုတ်အပ်၏၊ မိန်းမအလှူဆိုရာ၌ မာတုဂါမကိုရော၍ယောကျ်ားတို့ကိုပျော်ရွှင်စေသော အလှူဖြစ်သည်၊ ဤလည်းတရားမဝင်၊ နွားဥသဘဒါနအလှူဆိုရာ၌လည်း နွားဥသဘကိုဝယ်၍ နွားမအပေါင်း၌ ပျော်ရွှင်စေသောအလှူ၊ ဤလည်းတရားမဝင်၊ ပန်းချီအလှူဆိုရာ၌ ပညာရှိသူတော်ကောင်းတို့ မြင်သော် မလျောက်ပတ်သော မိန်းမယောကျ်ားပျော်ပါးပုံအရုပ်အလှူဖြစ်သည်၊ ဤလည်းတရားမဝင်၊ လက်နက်အလှူဆိုရာ၌သူတပါးကို သေစိမ့်သော၄ါ လက်နက်ကိုလှူသည်၊ ဤလည်းတရားမဝင်၊သံခြေကျင်းအလှူဆိုရာ၌ သူတပါးကို နှောင်ဖွဲ့စိမ့်သော၄ါလှူသည်၊ ဤလည်းတရားမဝင်၊ ကြက်ဝက်အလှူဆိုရာ၌ ကြက်ဝက်တို့ကိုသတ်၍ စားစိမ့်သော၄ါလှူသည်၊ ဤလည်းတရားမဝင်၊ ချိန်စဉ်းလဲ တင်းစဉ်းလဲအလှူဆိုရာ၌သူတပါးကို လှည့်စားစိမ့်သော၄ါ စဉ်းချိန်မမှန် တောင်းတင်းမမှန်သည်ကိုပေးသည်၊ဤလည်းတရားမဝင်၊အဒါနသမ္မတဟု သမုတ်အပ်၏၊ ဆိုအပ်ခဲ့ပြီးသော အလှူတို့ကိုယောနိသောမနသိကာရအသင့်တရားနှင့် လျော်အောင်လှူသော်လည်း ကခြင်းအလှူသည် ထိုတရားသို့ သွင်းသော်မဝင်နိုင်ရှိခဲ့၏၊ သေအရက်ယစ်မျိုးကို အဆိပ်အာဟာရမရှိစေရ အနာရောဂါ ဆေးဘော်၍ လှူသော်အကျိုးရှိ၏၊ကျွန်မိန်းမ,နွားဥသဘတို့မှာ သေနာသနပရိဘောဂကျောင်းအသုံးအဆောင်အလို၄ါလှူသော် အကျိုးရှိသေး၏၊ထားလက်နက်သံခြေကျင်း

တို့ကိုဖျက်ဆီး၍ လှူသောအကျိုးရှိ၏၊ အဆိပ်ကိုဗာဟိရ အနာဆေး အလို့ငှါ လှူသောအကျိုးရှိ၏၊ ကြက်ဝက်တို့ကို ချမ်းသာစိမ့်သောငှါ လှူသောအကျိုးရှိ၏၊ ချိန်စဉ်းလဲ တင်းစဉ်းလဲကိုဖျက်ဆီး၍လှူသော အကျိုးရှိ၏ဟုယူအပ်၏။ ။ဤကားစကားချပ်။)

မင်းကြီး၊ သင်မင်းကြီးကို ငါသည်ဆယ်ပါးသော အဒါနသမ္မတကို မမေး၊ မင်းကြီး၊ လောက၌ အလှူခံရောက်လတ်သော် မပေးမလှူ အပ်သောအလှူသည်ရှိလေသလောဟူသော စကားကိုသာ ငါမေးပါသည်ဟုဆိုပြန်သော် အရှင်ဘုရား၊ လောက၌အလှူခံ ရောက်လာသော် မပေးမလှူ အပ်သော အလှူဟူ၍မရှိချေ၊ စိတ်ကြည်ညိုခြင်းရှိသော် အချို့သောသူတို့သည် ဘောဇဉ်ခဲဘွယ်ကို လှူကြကုန်၏၊ အချို့သော သူတို့သည် စရပ်ကျောင်းအိပ်ရာနေရာကို၊ အချို့သော သူတို့သည် အဝတ်အရုံကို၊ အချို့သောသူတို့သည် ကျွန်မိန်းမ ကျွန်ယောက်ျားကို၊ အချို့သော သူတို့သည်လယ်ယာကို၊ အချို့သော သူတို့သည် အခြေနှစ်ချောင်း အခြေ လေးချောင်းရှိသော သတ္တဝါတို့ကို၊ အချို့သော သူတို့သည် တသိန်းမျှလောက်သော အသပြာကိုလှူကုန်၏၊ အချို့သော သူတို့သည် ပြည်၏ စည်းစိမ်ကိုလှူကုန်၏၊ အချို့သော သူတို့သည် အသက်ကိုလှူကုန်၏ ဟုဆိုသော် မင်းကြီး၊ အချို့သော သူတို့သည် အသက်ကိုစဉ်လျက် စွန့်လှူကြကုန်၏တကား၊ မင်းဝေဿန္တရာသည် သားမယားကို လှူသည်ရှိသော် အလှူကြီးရှင်ဟူ၍အဘယ့်ကြောင့် ချီးမွမ်း ပြောဆိုခြင်း မရှိရလေသနည်း၊မင်းကြီး၊လောက၌ ပြကတေ့ လူတို့၏ အလေ့အဲကျက်သည်ရှိ၏ တကား၊ ရှိကြောင်းလည်းဘခင်သည် ရင်ဌသွေး ရင်သားကို သူ့ကြွေး သူ့မြီရှိသည်ဖြစ်၍ရင်း, အသက်မွေးလိုသော သဘောရှိသည် ဖြစ်၍ရင်း, ပေါင်နှံ အံ့သောငှါရင်း, ရောင်းစားအံ့သောငှါရင်း, ရစကောင်း၏ လောဟုဆိုသော် အရှင်ဘုရား၊ ဘခင်သည် သားကို ပေါင်နှံရောင်းစားအံ့သောငှါ ရစကောင်းပေ၏ဟုဆိုလျှင် မင်းကြီး၊ ဘခင်သည် အကယ်၍ မွေးသော သားသမီးကို သူ့ကြွေးသူ့မြီရှိ၍ရင်း, အသက်မွေး လိုသော သဘောရှိ၍ရင်း, ပေါင်နှံရောင်းစားအံ့သောငှါ ရသည်ဖြစ်အံ့၊ မင်းကြီး၊ ဝေဿန္တရာမည်သော မင်းသည်လည်း သဗ္ဗညုတဉာဏ်တော်ကို မရသော ဆင်းရဲခြင်းဖြင့် နှိပ်စက်ခြင်းရှိ၏၊မင်းကြီး၊ ထိုမင်းဝေဿန္တရာသည် သဗ္ဗညုတဉာဏ်

တော်တည်းဟူသော ဥစ္စာကိုရချင်သောကြောင့် သားမယားကို ပေါင်သည်လည်းမည်၏၊ ရောင်းလည်းရောင်းတော်မူ၏၊ မင်းဝေဿန္တရာသည် သူတပါးတို့ လှူအပ်သော အလှူကိုသာလျှင် လှူခြင်းကိုပြုအပ်ပါလျက် သူတပါး လှူခဲလှသောအလှူကို ပေးလှူ၏၊ အဘယ့်ကြောင့် မင်းကြီးသည် ထိုသားမယားဟူသော အလှူကြောင့် အလှူကြီးရှင်ဝေဿန္တရာကို ပြင်းပြစွာ သဒ္ဓါကြည်ညို မရှိလေသနည်းဟုဆိုသော်—

အရှင်ဘုရား၊ တကာတော်သည် အလှူကြီးရှင်ဖြစ်သော မင်းဝေဿန္တရာကို မကဲ့ရဲ့ပါ၊ အရှင်ဘုရား၊ မင်းဝေဿန္တရာသည် သားမယားကို တောင်းလာသည်ကို မိမိကိုယ်ကို ကိုယ်ချင်းစာနာ၍ မိမိကိုယ်ကိုပေးအပ်ပါ၏ တကားဟုဆိုပြန်သော် မင်းကြီး၊ သားမယားကို တောင်းလာသည်ကို မိမိကိုယ်ကိုအကယ်၍ ပေးအံ့၊ ဤသို့ မိမိကိုယ်ကို ပေးခြင်းသည် သူတော်ကောင်းတို့၏ အပြုအမူ မဟုတ်လေသေး၊ မင်းကြီး၊ ငါဆိုသော စကားသည်သင့်၏၊ သင့်ကြောင်းကား အကြင်အကြင် လိုဘွယ်ကိစ္စကိုသာလျှင် ပေးအပ်၏၊ ဤသို့ လိုဘွယ်ကိုသာ ပေးခြင်းသည် သူတော်ကောင်းတို့၏ အမှုတည်း၊ မင်းကြီး၊ ဥပမာသော်ကား ယောကျာ်းတယောက်သည် ရေကိုအလိုရှိ၍ တောင်းယူပါချေအံ့၊ ထိုရေကို အလိုရှိသောသူအား ထမင်းကို ပေးအံ့၊ စင်စစ်ထိုထမင်းပေးအပ်သော ယောကျာ်းသည် မင်းကြီး၊ ထိုရေကို အလိုရှိသော ယောကျာ်း၏ ကိစ္စကို ပြုသည်မည်ရာသလောဟု ဆိုသော် အရှင်ဘုရား၊ ထိုရေကိုအလိုရှိသော ယောကျာ်း၏ ကိစ္စမဟုတ်ပချေ၊ ထိုယောကျာ်းသည် ရေကိုအလိုရှိ၍ ဆောင်စေ၏၊ ထိုရေကိုသာလျှင် ထိုယောကျာ်းအား ပေးသောကိစ္စကို ပြုသည်မည်ရာ၏ဟု ဆိုသော် မင်းကြီး၊ ထို့အတူ မင်းဝေဿန္တရာသည် ပုဏ္ဏားသည် သားမယားကို တောင်းလတ်သော် သားမယားကိုသာလျှင်လှူ၏၊ မင်းကြီး၊ ဇူဇကာ ပုဏ္ဏားသည် မင်းဝေဿန္တရာ၏ကိုယ်ကို အကယ်၍တောင်းအံ့၊ ထိုမင်းဝေဿန္တရာသည် ကိုယ်ကိုမစောင့်ရာ၊ မဘပ်မကပ်မောရာ၊ ထိုပုဏ္ဏားအား မိမိကိုယ်ကိုစွန့်အပ်၊ လှူအပ်သည်ဖြစ်ရာ၏၊ မင်းကြီး၊ တစုံတယောက်သော သူတို့သည် မင်းဝေဿန္တရာသို့ ချဉ်းကပ်၍ ငါ၏ကျွန်အဖြစ်သို့ ကပ်လော့ဟုဆိုငြားအံ့၊ ထိုမင်းဝေဿန္တရာအား မိမိကိုယ်ကို

အပ်သည်ဖြစ်ရာ၏၊ ထိုမင်းဝေဿန္တရာသည် မိမိကိုယ်ကိုသှူ၍မျှသော်
လည်း မရောင့်ရဲရာ မင်းကြီး၊ မင်းဝေဿန္တရာ၏ကိုယ်သည် များသော
လူအပေါင်းနှင့် ဆက်ဆံ၏၊ ဥပမာအားဖြင့်ဆိုသော် မင်းကြီး၊ မီး၌ချက်၍
ကျက်ပြီးသော သားတစ်သည် များသောသူတို့နှင့် ဆက်ဆံရာသကဲ့သို့
ထို့အတူ မင်းဝေဿန္တရာ၏ကိုယ်သည်များသောသူတို့နှင့်ဆက်ဆံ၏၊
မင်းကြီး၊ ဥပမာတနည်းသော်ကား အသီးရှိသောသစ်ပင်သည် အထူး
ထူးသော ငှက်တို့နှင့် ဆက်ဆံသကဲ့သို့ ထို့အတူ မင်းဝေဿန္တရာ၏
ကိုယ်သည် များသောသူတို့နှင့် ဆက်ဆံ၏၊ အဘယ့်ကြောင့်နည်းဟူ
မူကား ငါသည်ဤသို့သော အကျင့်ကိုကျင့်သည်ရှိသော် သဗ္ဗညုတ
ဉာဏ်သို့ ရောက်လတ္တံ့ဟုကျင့်သတည်း။

မင်းကြီး၊ ဥပမာသော်ကား ယောကျ်ားသည် ဥစ္စာမရှိ၍ ဥစ္စာကို
အလိုရှိသော် ဥစ္စာကို လိုသည်ဖြစ်၍သွားသော်ဆိတ်ခွါကဲ့သို့သော ခရီး,
ပြောင့်တံသင်းရှိသောခရီး, ဆူးကြီး နွယ်ကြီးရှိသောခရီးသို့ သွား၏၊
ကိုယ်နှုတ်နှလုံးဖြင့် ကြည်းရေကုန်သွယ်ခြင်းကိုပြု၏၊ ဥစ္စာသည်ဥစ္စာရှင်
ကို နှစ်သက်စေ၏၊ ဥစ္စာကိုရခြင်းငှါ လုံ့လပြု၏၊ မင်းကြီး၊ ထိုကဲ့သို့ အလှူ
ရှင် မင်းဝေဿန္တရာသည် သဗ္ဗညုတဉာဏ်တည်းဟူသော ဥစ္စာမရှိ၍
သဗ္ဗညုတဉာဏ် ဥစ္စာရတနာကို ရခြင်းငှါ ပုဏ္ဏားယာစကာတို့အား
ဥစ္စာစပါး, ကျွန်မိန်းမ, ကျွန်ယောကျ်ား, နွား, ဆင်ယာဉ်, မြင်းယာဉ်,
အလုံးစုံသော ဥစ္စာနှစ်ကိုရင်း၊ သားမယားကိုရင်း၊ မိမိကိုယ်ကိုရင်း၊
စွန့်စား၍ သဗ္ဗညုတဉာဏ်ကိုသာလျှင် ရှာတော်မူ၏။ ။မင်းကြီး၊ ဥပမာ
သော်ကား မင်းအဖြစ်ကိုအလိုရှိသော အမတ်သည် အစိုးရခြင်းကို အလို
ရှိ၍ မိမိအိမ်၌ ဥစ္စာရွှေငွေအလုံးစုံကိုပေး၍ အစိုးရခြင်းငှါ အားထုတ်
သကဲ့သို့ မင်းကြီး၊ ထိုအလှူကြီးရှင် မင်းဝေဿန္တရာသည် အတွင်းဥစ္စာ
ဖြစ်သော ထိုအလုံးစုံကိုပေးလှူ၍ မိမိအသက်ကိုသော်လည်း သူတပါး
အား ပေးလှူ၍သဗ္ဗညုတဉာဏ်ကိုရှာ၏။ ။မင်းကြီး၊ တနည်းသော်ကား
အလှူကြီးရှင် မင်းဝေဿန္တရာအား ဤသို့သော အကြံသည်ဖြစ်၏၊ ထို
ပုဏ္ဏားသည် အကြင်လိုဘွယ်ကိစ္စကိုတောင်း၏၊ ထိုလိုဘွယ်ကိစ္စကို
သာလျှင် ထိုပုဏ္ဏားအားပေးသည်ရှိသော် လိုဘွယ်ကိစ္စကို ပြုသည်
မည်၏ဟု အကြံရှိ၍ ထိုဘုရားလောင်းသည် ထိုပုဏ္ဏားအား သားမယားကို
လှူ၏၊ မင်းကြီး၊ အလှူကြီးရှင် မင်းဝေဿန္တရာသည် သားမယားကိုမချစ်

မမြင်လိုသောကြောင့်လည်း မပေးမလှူ၊ငါ့အား သား၊သမီးများကုန်၏၊ ထိုသားမယားတို့ကို ကျွေးမွေးခြင်းငှါ မတတ်နိုင်ဟူ၍လည်း မပေးမလှူ၊ ငါ့အား ငြီးငွေ့သည့် မချစ်မမြတ်နိုးသည်ဟူ၍လည်း မပေးမလှူ၊နှင်ထုတ်လိုသော စိတ်ရှိ၍လည်း သားမယားကို မပေးမလှူ၊ စင်စစ်သော်ကား သဗ္ဗညုတဉာဏ်တော်ကို ချစ်သည့်၏အဖြစ်ကြောင့် သဗ္ဗညုတဉာဏ်တော်၏အကြောင်းကြောင့် မင်းဝေဿန္တရာသည် ဤသို့သဘောရှိသော နှိုင်းရှည့်စရာမရှိ ပြန့်ပြောစွာသော ချစ်နှစ်လိုဘွယ်သော အသက်နှင့်တူသော မြတ်သော သားမယားအလှူကို ပူဇော်အားလှူ၏။

မင်းကြီး၊နတ်တကာတို့ထက် နတ်မြတ်ဖြစ်တော်မူသော ဘုရားရှင်သည် စရိယာ ပိဋကကျမ်း၌ ဤသို့သော စကားကိုလည်း ဟောတော်မူအပ်၏။

နမေဒေဿာ ဥဘောပုတ္တာ၊ မဒ္ဒီဒေဝီ နဒေဿိယာ။
သဗ္ဗညုတံ ပိယံ မယှံ၊တသ္မာ ပိယေ အဒါသဟန္တိ။ ။

ဟူသည်တည်း။

ဘိက္ခဝေ၊ချစ်သားရဟန်းတို့။မေ၊ငါသည်။ဥဘော၊နှစ်ယောက်ကုန်သော။ပုတ္တာ၊သားငယ်သမီးငယ်တို့ကို။ နဒေဿာ၊မချစ်အပ်။မဒ္ဒီဒေဝီ၊ မဒ္ဒီမိဖုရားကို။နဒေဿိယာ။ မချစ်အပ်။မယှံ၊မယား။ ငါသည်။ သဗ္ဗညုတံ၊ သဗ္ဗညုတဉာဏ်တော်ကို။ပိယံ၊ချစ်အပ်၏။တသ္မာ၊ ထို့ကြောင့်။ ပိယေ၊ ချစ်အပ်လှစွာသောသားမယားတို့ကို။ အဟံ၊ ငါသည်။အဒါသိ၊ လှူဘူးလေ၏။ဣတိ၊ဤသို့။ဇေတ်ပိဝစနံ၊ဤသို့သော စကားကိုလည်း။ ဘာသိတံ၊ ဟောတော်မူအပ်၏။

မင်းကြီး၊ထို့ကြောင့် မင်းဝေဿန္တရာသည် သားသမီးအလှူကို ပေးလှူပြီး၍ ကျောင်းသခ်မ်းသို့ဝင်၍အိပ်၏၊ထိုမင်းဝေဿန္တရာအား အလွန်ချစ်ခြင်းပြင်းသဖြင့် ဆင်းရဲခြင်းရှိ၍ အားကြီးစွာသော စိုးရိမ်ခြင်းသည်ဖြစ်၍ နှလုံးပူသည်ဖြစ်၏၊ပူသော နှာသီး ခံတွင်းဖြင့် ထွက်သက်ဝင်သက်ကိုလွှတ်၏၊ မျက်ရည်ယိုထွက်သည်ရှိသော် သွေးစိမ်းခဲသည်ဖြစ်၍ မျက်စိတို့မှ ယိုထွက်ကုန်၏၊မင်းကြီး၊ ဤသို့သောကိုယ်၏ ဆင်းရဲခြင်းဖြင့် သဗ္ဗညုဇာဉာဏ်ကို လိုလှသောကြောင့် ငါ့အားအသွယ်သည် မယုတ်မလျော့စေလင့်ဟု သဗ္ဗညုတဉာဏ်ကိုအလိုရှိသောကြောင့် သားသမီးကိုလှူ၏၊

မင်းကြီး၊ တနည်းသော်ကား မင်းဝေဿန္တရာသည် နှစ်ပါးသော အကျိုးတို့ကိုစွဲ၍ ပုဏ္ဏားအား သားနှစ်ယောက်တို့ကိုလှူ၏၊ ထိုနှစ်ပါးသောအကျိုး အဘယ်သည်တို့နည်းဟူမူကား ငါ၏သားငယ် သမီးငယ်တို့သည် တောသစ်မြစ် သစ်သီးတို့ဖြင့် ဆင်းရဲကြကုန်၏၊ ငါ့အား အလှူကောင်းမှု၏ အကြောင်းသည်လည်း မယုတ်မလျော့ဖြစ်လတ္တံ့၊ ထိုလှူလိုက်သောအကြောင်းကြောင့် ဘိုးတော် သိဝိယမင်းမြတ်သည် ရွေးဆည်၍လွှတ်လတ္တံ့၊ ဤသို့ရွေးဆည်ပြီးသော် ငါတို့အားမြို့သို့ ပြန်ရလတ္တံ့ဟု ဤအကျိုးနှစ်ပါးကိုစွဲ၍ သားငယ်တို့ကို ပုဏ္ဏားအားလှူ၏။

မင်းကြီး၊ တနည်းသော်ကား မင်းဝေဿန္တရာသည် ဤပုဏ္ဏားသည်ကား အိုမင်းသည် အရွယ်ကြီးပြီ၊ အိုခင်းသည်ဖြစ်၍ အားနည်း၏၊ ကုန်းကွပြီ၊ သွားကျိုးပြီ၊ နည်းသောအသက်ရှိ၏၊ နည်းသောဘုန်းရှိ၏၊ ဤပုဏ္ဏားသည် ဤသူငယ်မောင်နှမတို့ကို ကျွန်၏သုံးဆောင်ခြင်းဖြင့် သုံးဆောင်ခြင်းငှါ မတတ်နိုင်ရာဟုသိ၏၊ မင်းကြီး၊ ဥပမာသော်ကား ယောကျ်ားသည် ပြကတေ့သော အားအစွမ်းဖြင့် တန်ခိုးအာနုဘော်နှင့် ပြည့်စုံကုန်သော နေလတို့ကိုယူ၍ ပခြုပ်၌ဖြင့်, သေတ္တာကြုတ်၌ဖြင့်, အရောင်အဝါ မရှိသည်တို့ကိုပြု၍ ခွက်ငယ်အမှတ်ဖြင့် သုံးဆောင်ခြင်းငှါ တတ်နိုင်ကောင်းအံ့သောဟု ဆိုသော် အရှင်ဘုရား မတတ်နိုင်ကောင်းချေဟုဆိုလျှင် မင်းကြီး၊ ထိုနေလအတူ ဤလောက၌ဝေဿန္တရာမင်းကြီး၏သားငယ် သမီးငယ်တို့သည် နေလနှင့်တူသော အဘို့ရှိကုန်၏၊ တစုံတယောက်သောသူသည် ကျွန်၏အသုံးအဆောင်ဖြင့် သုံးဆောင်ခြင်းငှါမတတ်နိုင်ရာ။ ။မင်းကြီး၊ မင်းဝေဿန္တရာ၏ သားငယ် သမီးငယ်တို့ကို တစုံတယောက်သောသူသည် ကျွန်၏ အသုံးအဆောင်ဖြင့် သုံးဆောင်ခြင်းငှါ မတတ်နိုင်သော အကြောင်းတပါးကိုလည်း လွန်စွာနာဦးလော့၊ မင်းကြီး၊ ဥပမာသော်ကား စင်ကြယ်သော် အရောင်ရှိသောရှစ်မြှောင့်အံပြေအပြစ်ပြုအပ်သော လေးတောင် အလျားရှိသော လှည်းပုံတောင်းသဏ္ဍာန်လုံးပတ်ရှိသော စကြာမင်း၏ ပတ္တမြားရတနာကိုတစုံတယောက်သော သူသည် ပုဆိုးနွမ်းဖြင့်ထုပ်မို၍ တားသွေးကျောက်ဟူသောအသုံးအဆောင်ဖြင့် သုံးဆောင်ခြင်းငှါ မတတ်နိုင်ရာသကဲ့သို့ ထို့အတူ မင်းကြီး၊ လောက၌ စကြာမင်းနှင့်တူသော မင်း

ဝေဿန္တရာ၏ သားငယ်သမီးငယ်တို့ကို တစုံတယောက်သော သူသည် ကျွန်ဟူသော အသုံးအဆောင်ဖြင့် သုံးဆောင်ခြင်းငှါ မတတ်ကောင်း။

မင်းကြီး၊ မင်းဝေဿန္တရာ၏သားငယ် သမီးငယ်တို့ကိုသူတပါးကျွန်ဟူသောအသုံးအဆောင်ဖြင့် သုံးဆောင်ခြင်းငှါ မတတ်နိုင်ကြောင်းကို လွန်စွာသောအကြောင်းဥပမာဖြင့်နာဦးလော့၊ မင်းကြီး၊ ဥပမာသော်ကား ကိုယ်လုံးပြူသော သုံးပါးသောအရပ်၌ရှည်သော ခုနစ်ပါးသော အရပ်၌ကောင်းစွာတည်သော တဆဲ့ရှစ်တောင် အမြင့်ရှိသော အထုကိုးတောင်ရှိသော ကြည်ညိုဘွယ် ရှုချင်ဘွယ်ရှိသော ဥပေါသထဆင်မင်းကိုတစုံတယောက်သော သူသည် အိုးခွံစလောင်းခွက်ငယ်ဖြင့် ဖုံးပိတ်အံ့သောငှါ မတတ်နိုင်သကဲ့သို့ ထို့အတူမင်းကြီး လောက၌ မင်းဝေဿန္တရာ၏သားငယ်သမီးငယ်တို့သည် ဥပေါသထဆင်ပြောင်နှင့်တူကုန်၏၊ တစုံတယောက်သော သူတို့သည်ကျွန်ဟူသော အသုံးအဆောင်ဖြင့် သုံးဆောင်ခြင်းငှါမတတ်နိုင်ရာ၊ ၊မင်းကြီး၊ တပါးသော အကြောင်းကိုလည်း လွန်စွာနာဦးလော့၊ မင်းကြီး၊ ဥပမာသော်ကား မဟာသမုဒ္ဒရာသည် အလျားအထု ကြီးကျယ်ပြန့်ပြော၏၊ နက်နဲ၏၊ နှိုင်းရှည့်စရာမရှိ၊ ကြီးခြင်းငှါခဲ၏၊ အလုံးစုံသောဆိပ်တို့၌ ပိတ်၍ တခုသောဆိပ်ဖြင့် သုံးဆောင်ခြင်းငှါ မတတ်နိုင်ရာသကဲ့သို့ မင်းကြီး၊ ထို့အတူ လောက၌ မဟာသမုဒ္ဒရာနှင့် တူသော မင်းဝေဿန္တရာ၏ သားငယ်သမီးငယ်တို့ကို တစုံတယောက်သောသူသည် ကျွန်ဟူသော သုံးဆောင်ခြင်းဖြင့် သုံးဆောင်အံ့သောငှါ မတတ်နိုင်စကောင်း။ ။ မင်းကြီး၊ တပါးသော အကြောင်းဖြင့် လွန်စွာသော အကြောင်းကို နာဦးလော့၊ မင်းကြီး၊ ဥပမာသော်ကား ဟိမဝန္တာတောင်မင်းသည် အထက်ကောင်းကင်သို့ ယူဇနာငါးရာ တက်၏၊ ယူဇနာတထောင် အလျားအနံရှိ၏၊ ရှစ်သောင်းလေးထောင်သော တောင်ထွတ်တို့ဖြင့် တန်ဆာဆင်အပ်၏၊ ငါးစင်းကုန်သော မြစ်ကြီးတို့သည် စီးကုန်၏၊ များစွာသောသတ္တဝါအပေါင်းတို့၏နေရာဖြစ်၏၊ အထူးထူး အပြားပြား အနံ့ဆောင်သောနတ်ဆေးတို့ဖြင့် တန်ဆာဆင်ခြင်းရှိ၍ ကောင်းကင်ပြင်သို့တက်သော တိမ်တိုက်ကဲ့သို့ထင်ရှား၏၊မင်းကြီး၊ ထိုဟိမဝန္တာတောင်မင်းကဲ့သို့ မင်းဝေဿန္တရာ၏သားတို့ကို သူတပါးကျွန်ဟူသော အသုံးအဆောင်ဖြင့် သုံးဆောင်ခြင်းငှါ မတတ်ကောင်း။ ။မင်းကြီး၊

တဘန်လည်း လျှန်စွာသော အကြောင်းကို နာဦးလော့၊ မင်းကြီး၊ ဥပမာသော်ကား အလွန်မိုက်သော ညဉ့်အခါ တောင်ထိပ်ထက်၌ တောက်သောမီးပုံကြီးသည်အလွန်ဝေးသောအရပ်ကထင်ရှားသကဲ့သို့ ထို့အတူ မင်းဝေဿန္တရာ၏ သားငယ်သမီးငယ်တို့ကို သူတပါးကျွန်ဟူသောအသုံးအဆောင်ဖြင့် သုံးဆောင်ခြင်းငှါမတတ်နိုင်ရာ။

မင်းကြီး၊ တဘန်လည်း အကြောင်းကို နာဦးလော့၊ မင်းကြီး၊ ဥပမာသော်ကား ဟိမဝန္တာတော၌ ကန့်ကော်ပန်း ပွင့်လတ်သော် လေပြေလာလတ်သော် တဆဲ့နှစ်ယူဇနာ တိုင်တိုင် ပန်း၏အနံ့သည် လှိုင်သကဲ့သို့ တောနေယူဇနာသုံးထောင်၊လူနေယူဇနာသုံးထောင်၊ ပေါင်းသော်ခြောက်ထောင်သောအရပ်တိုင်တိုင် အထက်အကနိဋ္ဌ ဗြဟ္မာ့ပြည်တိုင်အောင် ဤအတွင်း၌ နတ်,အသုရာ,ဂဠုန်, ဂန္ဓဗ္ဗ, ဘီလူး, ရက္ခိုသ်, နဂါး, ကိန္နရာ, သိကြားနေရာတိုင်တိုင် ကျော်စောသည်ဖြစ်၍ အနံ့တက်၏၊ ထိုမင်းဝေဿန္တရာ၏မြတ်သောသီလ၏ အနံ့သည်ကောင်းစွာလှိုင်၏၊ ထို့ကြောင့် ထိုမင်းဝေဿန္တရာ၏ သားငယ်သမီးငယ်တို့ကို သူတပါးတို့သည်ကျွန်ဟူသော အသုံးအဆောင်ဖြင့် သုံးဆောင်ခြင်းငှါ မတတ်ကောင်းရာ၊ မင်းကြီး၊ ဇာလိသတို့သားကိုဘခင်မင်းဝေဿန္တရာသည် အစဉ်အတိုင်း ဆုံးမသွန်သင်လိုက်၏၊ သွန်သင်လိုက်ကြောင်းကား ချစ်သားဇာလိ၊ သင်ချစ်သား၏ ဘိုးတော်မင်းကြီးသည် သင်ချစ်သားတို့ကို ထိုပုဏ္ဏားအား ဥစ္စာပေး၍ ဝယ်သည်ရှိသော် သင်ချစ်သားကို နိက္ခအချိန်တထောင်ပေး၍ ဝယ်စေလော့၊ ကဏှာဇိန်သတို့သမီးကိုကျွန်ယောကျ်ား တရာ, ကျွန်မိန်းမတရာ, ဆင်တရာ, မြင်းတရာ,နွားဥသဘတရာ, နိက္ခအချိန်တရာ,အလုံးစုံတရာစီ ချည်းပေး၍ဝယ်စေလော့၊ ချစ်သားဇာလိ၊ သင်ချစ်သား၏ ဘိုးတော်မင်းကြီးသည် သင်ချစ်သားတို့ကို ပုဏ္ဏား၏လက်မှ မင်းအာဏာဖြင့် အနိုင်အထက် အဘိုးမပေး အချည်းနှီး အကယ်၍ယူအံ့၊ သင်ချစ်သားတို့သည် ဘိုးတော်မင်းကြီးစကားကို မနာလေကုန်လင့်၊ ပုဏ္ဏား၏အလိုသို့သာလျှင် လိုက်လေကုန်ဟု ဤသို့ဆုံးမသွန်သင်လိုက်၍ သားသမီးတို့ကိုပေးလိုက်၏။ ထိုနောင် ဇာလိသတို့သားသည်လိုက်လေ၍ဘိုးတော်မင်းကြီးမေးအပ်သည်ရှိသော် ဘခင် ဝေဿန္တရာမှာလိုက်သော်အတိုင်း ပြောလေ၏။ ။ဘိုးတော်သိဉ္စယမင်းကြီးသည် မင်းဝေဿန္တရာ အဘိုး

ပြတ်ဆိုလိုက်သောအတိုင်း ဥစ္စာကို ပေးလေ၏ဟုဆိုအပ်သော အရှင်ဘုရား၊ ပြဿနာကို ကောင်းစွာ ထိုးထွင်းပေ၏၊ ဒိဋ္ဌိတည်းဟူသော အယူကွန်ရက်ကို ဖျက်ပေ၏၊ ပရဝါဒီပုဂ္ဂိုလ်တို့၏အယူကို ကောင်းစွာနှိပ်ပေ၏၊ သဒ္ဓါကိုကောင်းစွာသုတ်သင်အပ်ပေ၏၊ အနက်ကိုကောင်းစွာ ဝေဘန်အပ်ပေ၏၊ ဤစကားကို အရှင်ဘုရားဆိုတိုင်း တကာတော် ဝန်ခံပါ၏ဟု ဝန်ခံလေ၏။

ဝေဿန္တရဒါနပဥှာပြီး၏။

---

## ၁၅၉။ ဒုက္ကရကာရိကပဥ္စာ

**ဂေါတမဘုရားသာ ဒုက္ကရစရိယာကျင့်သလော**······မိလိန္ဒ မင်းသည် အရှင်ဘုရား၊ ခပ်သိမ်းသော ဘုရားလောင်းတို့သည် ခဲခက်လှသော ဒုက္ကရစရိယာအကျင့်ကို ကျင့်ကြကုန်သလော၊ ထိုသို့မဟုတ်မူကား ဂေါတမဘုရားလောင်းသာလျှင် ခဲခက်လှသော ဒုက္ကရစရိယာအကျင့်ကိုကျင့်သလောဟုဆိုသော် မင်းကြီး၊ ခပ်သိမ်းသောဘုရားလောင်းတို့သည် ခဲခက်လှသော ဒုက္ကရစရိယာအကျင့်ကို မကျင့်ကုန်၊ ဂေါတမဘုရားလောင်းသာလျှင် ခဲခက်လှသော ဒုက္ကရစရိယာအကျင့်ကို ကျင့်၏ဟု ဆို၏။

> ဘန္တေ နာဂသေန သဗ္ဗေဝ ဗောဓိသတ္တာ ဒုက္ကရကာရိကံ ကရောန္တိ၊ ဥဒါဟု ဂေါတမေနေဝ ဗောဓိသတ္တေန ဒုက္ကရကာရိကာ ကတာတိ။ ။နတ္ထိ မဟာရာဇ သဗ္ဗေသံ ဗောဓိသတ္တာနံ ဒုက္ကရကာရိကာ၊ ဂေါတမေနေဝ ဗောဓိသတ္တေန ဒုက္ကရကာရိကာ ကတာတိ။ ။ဟူသည်တည်း။

ဘန္တေနာဂသေန၊ ရှင်နာဂသေနမထေရ်။ သဗ္ဗေဝ၊ အလုံးစုံသာလျှင်ဖြစ်ကုန်သော။ ဗောဓိသတ္တာ၊ ဘုရားလောင်းတို့သည်။ ဒုက္ကရကာရိကံ၊ ပြုခဲလှသော ဒုက္ကရစရိယာအကျင့်ကို။ ကရောန္တိ၊ ပြုကုန်သလော။ ဥဒါဟု၊ ထိုသို့ မဟုတ်မူကား။ ဂေါတမေနေဝ ဗောဓိသတ္တေန၊ ဂေါတမဘုရားလောင်းသည်သာလျှင်။ ဒုက္ကရကာရိကာ၊ ပြုခဲလှသောဒုက္ကရစရိယာအကျင့်ကို။ကတာ၊ ပြုအပ်သလော။ဣတိ၊ ဤသို့။ ပုစ္ဆိ၊ မေး၏။ ။

မဟာရာဇ၊ မြတ်သောမင်းကြီး။ သဗ္ဗေသံ၊ အလုံးစုံကုန်သော။ ဗောဓိ သတ္တာနံ၊ ဘုရားအလောင်းတို့အား။ ဒုက္ကရကာရိကာ၊ ပြုခဲလှသောဒုက္ကရ စရိယာအကျင့်တို့သည်။ နတ္ထိနုသန္တိ၊ မရှိကုန်။ ဂေါတမေနေဝ ဗောဓိ သတ္တေန၊ ဂေါတမဘုရားလောင်းသည်သာလျှင်။ ဒုက္ကရကာရိကာ၊ ဒုက္ကရ စရိယာအကျင့်ကို။ ကတာ၊ ပြုအပ်၏။ ဣတိ၊ ဤသို့။ ဝုတ္တေ၊ ဆိုအပ်သည်ရှိ သော်—

အရှင်ဘုရား၊ ဂေါတမဘုရားအလောင်းသာလျှင် ပြုခဲလှသောဒုက္ကရ စရိယာ အကျင့်ကိုပြုကျင့်၏ဟူသော စကားကိုဆိုခြင်းသည် မသင့်စ ကောင်း၊ ဘုရားလောင်းတို့အား အကြင်ပဓာနစရိယာသည်ရှိ၏၊ ခပ်သိမ်း သော ဘုရားလောင်းတို့နှင့် ဂေါတမ ဘုရားလောင်းသည် တူသော အကျင့်ရှိသည်ဖြစ်ရာ၏ဟုဆို၏။

**ဘုရားလောင်းချင်း ထူးခြားချက် ၄ မျိုး**····· မင်းကြီး၊ လေးပါး သောအကြောင်းတို့ဖြင့် ဘုရားလောင်းတို့အား ဘုရားလောင်း အချင်းချင်းတို့မှ ထူးသော အကျင့်သဘောရှိ၏၊ အဘယ်လေးပါးတို့နည်းဟူမူကား၊ (၁) အမျိုးထူး သည်၏အဖြစ်ရင်း၊ (၂) ကမ္မဋ္ဌာန်းစီးဖြန်းခြင်း ထူးသည်၏အဖြစ်ရင်း၊ (၃) အသက်တို့ရှည် ထူးသည်၏အဖြစ်ရင်း၊ (၄) ကိုယ်တော်အတိုင်း အရှည် အနိမ့် အမြင့် ထူးသည်၏အဖြစ်ရင်း၊ ဤလေးပါးသောအကြောင်း တို့ဖြင့် အထူးဝေမတ္တတာရေး ဖြစ်၏။

> ကတမေဟိ စတူဟိ၊ ကုလဝေမတ္တတာ ပဓာနဝေမတ္တတာ အာယုဝေမတ္တတာ ပမာဏဝေမတ္တတာတိ၊ ဣမေဟိ ခေါ မဟာရာဇ စတူဟိ ဌာနေဟိ ဗောဓိသတ္တာနံ ဗောဓိသတ္တေဟိ ဝေမတ္တတာ ဟောတိ။ ။ဟူသည်တည်း။

ကတမေဟိ စတူဟိ၊ အဘယ်လေးပါးတို့ဖြင့်။ ဝေမတ္တတာ၊ ထူး သည်၏အဖြစ်သည်။ ဟောတိ၊ ဖြစ်လေသနည်းဟူမူကား။ ကုလဝေမတ္တ တာ၊ အမျိုးထူးသည်၏အဖြစ်ရင်း။ ပဓာနဝေမတ္တတာ၊ ကမ္မဋ္ဌာန်းစီးဖြန်း ခြင်း ထူးသည်၏ အဖြစ်ရင်း။ အာယုဝေမတ္တတာ၊ အသက်ထူးသည်၏ အဖြစ်ရင်း။ ပမာဏဝေမတ္တတာ၊ ကိုယ်တော်အတိုင်း အရှည် အနိမ့်

အမြင့် ထူးသည့်၏အဖြစ်ရင်း။ မဟာရာဇ၊ မြတ်သော မင်းကြီး။ ခေါ၊ စင်စစ်၊ဇာတိဇာမေဟိ စတူဟိ ဥာနေဟိ၊ ဤလေးပါးသော အကြောင်းတို့ဖြင့်။ဗောဓိသတ္တာနံ၊ဘုရားလောင်းတို့အား။ဗောဓိ သတ္တေဟိ၊တပါးသော ဘုရားလောင်းတို့နှင့်။ ဝေမတ္တတာဝေမတ္တဘာဝေါ၊ ထူးသော အဖြစ်သည်။ ဟောတိ၊ ဖြစ်၏။

ဤလေးပါးသောအကြောင်းတို့ဖြင့် တပါးသောဘုရားလောင်းတို့မှ ဂေါတမ ဘုရားအလောင်းသည် ထူး၏။ ။မင်းကြီး၊ ခပ်သိမ်းသော ဘုရားလောင်းတို့အား လက္ခဏာတော်ကြီး၊ လက္ခဏာတော်ငယ်၊ သီလ,သမာဓိ, ပညာ, ဝိမုတ္တိ, ဝိမုတ္တိညာဏဒဿန၊ လေးပါးသော ဝေသာရဇ္ဇဉာဏ်၊ ဆယ်ပါးသော ဒသဗလဉာဏ်၊ ခြောက်ပါးသော အသာဓာရဏဉာဏ်၊ တဆဲ့လေးပါးသော ဘုရားဉာဏ်၊ တဆဲ့ရှစ်ပါးသော ဘုရားကျေးဇူး၊ အလုံးစုံသောတရားတို့၌ အကွဲအပြားအထူးဟူ၍မရှိကုန်၊ ခပ်သိမ်းသော ဘုရားရှင်တို့အား ဘုရားကျေးဇူး တရားတို့ဖြင့် အမျှအမျှရှိကြကုန်၏ဟုဆိုသော် အရှင်ဘုရား၊ ခပ်သိမ်းသော ဘုရားကျေးဇူးတို့ဖြင့်အမျှအမျှရှိကုန်သော် အဘယ်အကြောင်းကြောင့် ဂေါတမဘုရားလောင်းသာလျှင်ပြုခဲ့လှသော ဒုက္ကရစရိယာ အကျင့်ကို ပြုလေသနည်းဟုဆိုသော်–

မင်းကြီး၊ ဉာဏ်မရင့်သေးသောကြောင့်ပြုခဲလှသောဒုက္ကရစရိယာ အကျင့်ကိုပြုတော်မူ၍ သဗ္ဗညုတဉာဏ်တော်မရင့်သည့်ဖြစ်၍ ဂေါတမ ဘုရားလောင်းသည်မရင့်သေးသောဉာဏ်ကို ရင့်စေလိုသော စိတ်ဖြင့် တောထွက်ခြင်းကိုထွက်တော်မူ၍ ဒုက္ကရစရိယာ ကျင့်တော်မူ၏ဟုဆိုသော် ,အရှင်ဘုရား၊ အဘယ်အကြောင်းကြောင့် ဘုရားလောင်းသည် ဉာဏ်ကိုမရင့်စေဘဲလျက် တောထွက်လေသနည်း၊ ဉာဏ်ကိုရင့်စေ၍ ဉာဏ်ရင့်ပြီးသော် တောထွက်အပ်သည် မဟုတ်လောဟု ဆိုသော် မင်းကြီး၊ ဘုရားလောင်းသည်ဘောက်ပြန်သော မောင်းမအပေါင်းကို မြင်၍နှလုံးမသာရှိ၍မမွေ့လျော်ခြင်းသည့်ဖြစ်၏၊ စိတ်၏မမွေ့လျော်ခြင်း ကိုမြင်၍,တယောက်သောမာရ်နတ်သား၏အပင်းအသင်းဖြစ်သော နတ်သားသည် ဤအခါသည် မမွေ့လျော်သောစိတ်၏ ဘောက်ပြန်သော အခါတည်းဟု ကောင်းကင်သို့တက်၍ အချင်းသိဒ္ဓတ်မင်းသား၊ သင်

သည် အိမ်ရှေ့ထောင်သောလူတို့၏ ဘောင်ကို မငြီးငွေ့ မဆန့်ကျင်ပါလင့်၊ ဤနေ့မှခုနစ်ရက်မြောက်သောနေ့၌ အကွပ်အကန့်အလုံးစုံ အခြင်းအရာနှင့်ပြည့်စုံသော နတ်တို့၏ စကြာရတနာသည် ရောက်လတ္တံ့၊ သင့်မင်းသားအား မြေ၌တည်သောရတနာ ကောင်းကင်၌တည်သော ရတနာတို့သည် အလိုလိုအနီးသို့ ရောက်လာကုန်လတ္တံ့၊ ကျွန်းငယ်နှစ်ထောင်အရံရှိသော လေးကျွန်းလုံး၌ စကားတခွန်းဖြင့် အာဏာတည်သည်ဖြစ်လတ္တံ့၊ တထောင်မကသောသားတို့သည်ဖြစ်ကုန်လတ္တံ့၊ ထိုသားတို့ဖြင့် ပြွမ်းလျက် ခုနစ်ပါးသော စကြာရတနာနှင့် ပြည့်စုံသည် ဖြစ်၍ လေးကျွန်းလုံး၌ ရှိကုန်သော လူအပေါင်းကို ဆုံးမရလတ္တံ့ဟု ဤစကားကိုဆို၏၊ ထိုသို့လျှင် မာရ်နတ်သား၏ အပင်းအသင်းနတ်သားဆိုအပ်သည်ကို ဘုရားလောင်းကြားရလျှင် အချင်းခပ်သိမ်း တနေ့ပတ်လုံး ပြင်းစွာသောင်သော သံတံကျင်ကိုနားတွင်းသို့ သွင်းလျှိုအပ်လာကဲ့သို့ ထို့အတူ မင်းကြီး၊ ဘုရားလောင်း၏နားတွင်းသို့ ထိုစကားသည်ဝင်လေ၏၊ ဤသို့လျှင် ထိုဘုရားလောင်းသည် ပြကတေ့အားဖြင့် ငြီးငွေ့ဆန့်ကျင်လျက် ထိုနတ်သား၏စကားကြောင့် အတိုင်းထက်အလွန် ထိတ်လန့်ခြင်းသို့ရောက်၏၊ မင်းကြီး၊ ဥပမာသော်ကား ကြီးလှစွာသော မီးပုံကြီးသည် ပြောင်ပြောင် တောက်လတ်ရာတွင် တပါးသောထင်းဖြင့် လောင်ပြန်စေအံ့၊ အတိုင်းထက် အလွန်တောက်လေသကဲ့သို့ ထို့အတူ မင်းကြီး၊ ဘုရားလောင်းသည် ပြကတေ့အားဖြင့် ဆန့်ကျင်လျက် နတ်၏စကားဖြင့် အတိုင်းထက်အလွန် သံဝေဂထိတ်လန့်ခြင်းသို့ရောက်၏။

မင်းကြီး၊ ဥပမာသော်ကား မြေ၌ ပြကတေ့ရောက်သော မြက်နွယ်တို့သည် စိမ်းရှင်ကုန်၏၊ ရေချမ်းလောင်းအပ်ကုန်သည်ဖြစ်၍ စိုသောညွန်ဖြစ်ကုန်၏၊ တဘန်ကြီးစွာသော မိုးသည်းရွာလတ်သော် အတိုင်းထက်အလွန် ရွှံ့ညွန်ဖြစ်လေသကဲ့သို့ ထို့အတူ မင်းကြီး၊ ဘုရားလောင်းသည် ပြကတေ့အားဖြင့်လျှင် ငြီးငွေ့ဆန့်ကျင်၏၊ ထိုနတ်သား စကားဖြင့် အတိုင်းထက် အလွန် ထိတ်လန့်ခြင်းသို့ ရောက်၏ဟု ဆိုသော် အရှင်ဘုရား၊ ဘုရားအလောင်း ရှင်သိဒ္ဓတ်အား ခုနစ်ရက်မြောက်သော နေ့၌ စကြာရတနာသည် ဖြစ်အံ့၊ ဘုရားလောင်းသည် ပြည်သို့ ပြန်ရာသလောဟုဆိုလျှင် မင်းကြီး၊ ဘုရားလောင်းသည် ပြည်သို့ မပြန်ရာ၊ မင်းကြီး၊ စင်စစ်သော်ကား နတ်သားနတ်သမီးတို့သည် ဖြားယောင်း၍

မုသာဝါဒဖြင့်ဆိုအပ်သောစကားဖြစ်၍၊ မင်းကြီး၊ အကယ်၍ခုနစ်ရက်မြောက်သောနေ့၌ စကြာရတနာသည်ရောက်ငြားအံ့၊ ထိုသို့ရောက်လာငြားသော်လည်းမပြန်ရာ၊ မင်းကြီး၊ အဘယ့်ကြောင့် မပြန်ရာသနည်းဟူမူကား အနောတတ္တအိုင်မှရေသည် ဂင်္ဂါမြစ်သို့ဝင်၏၊ ဂင်္ဂါမြစ်မှရေသည်မဟာသမုဒ္ဒရာသို့ဝင်၏၊ မဟာသမုဒ္ဒရာမှ ရေသည်ဗလဝါမုခသို့ဝင်၏၊ မင်းကြီး၊ ဗလဝါမုခသို့ဝင်လေပြီးသောရေသည် တဖန်ပြန်၍မဟာသမုဒ္ဒရာထဲသို့ဝင်ပြန်ရာသလော၊ မဟာသမုဒ္ဒရာ ရေသည် ဂင်္ဂါမြစ်သို့ပြန်၍ဝင်ပြန်ရာသလော၊ ဂင်္ဂါမြစ်မှရေသည် အနောတတ္တအိုင်သို့ပြန်၍ ဝင်ပြန်ရာသလောဟု ဆိုသော် အရှင်ဘုရား၊ ထိုသို့စီးဝင်လေပြီးသော ရေသည်တဖန်ပြန်၍ မစီးမဝင်ရာချေဟု ဆိုသော် မင်းကြီး၊ ထို့အတူဘုရားလောင်းသည်လေးသင်္ချေနှင့် ကမ္ဘာတသိန်းတို့ပတ်လုံး၍အဆုံးစွန်သောဘဝ၏ အကြောင်းကြောင့် ဆည်းပူးတော်မူအပ်သည်ဖြစ်၍ ထိုဘုရားလောင်းသည် အဆုံးစွန်သော ဘဝသို့ရောက်တော်မူလျှင် ငါသည် သဗ္ဗညုတဉာဏ်ကို ရင့်စေအပ်သည်ရှိသော် ခြောက်နှစ်တို့ဖြင့် ဘုရားဖြစ်လတ္တံ့ဟု ဒုက္ကရကာရီ အကျင့်ကိုကျင့်တော်မူ၏၊ မင်းကြီး၊ လောကဥ္စသဗ္ဗညုဘုရားသည် မြတ်သောပုဂ္ဂိုလ်ဖြစ်တော်မူ၏၊ မင်းကြီး၊ စင်စစ်ဘုရားလောင်းသည် စကြာရတနာကို အလိုရှိသော အကြောင်းကြောင့်ပြည်သို့ ပြန်ရာသလောဟုဆိုသော် အရှင်ဘုရား၊ ဘုရားလောင်းသည် သဗ္ဗညုတဉာဏ်နှင့်ပြည့်စုံတော်မူ၍ မြတ်သောပုဂ္ဂိုလ်ဖြစ်ခြင်းကိုသာ အလိုရှိတော်မူ၏၊ ပြည်သို့ပြန်တော်မမူရာဟုဆိုသော် မင်းကြီး၊ စင်စစ်သော်ကား တောတောင်နှင့် တကွ၍မြေကြီးသည် ပြောင်းပြန်လံသော်လည်းလံရာ၏၊ ဘုရားလောင်းရှင်သိဒ္ဓတ်သည် သဗ္ဗညုတဉာဏ်ကိုမရဘဲမပြန်ရာ။

မင်းကြီး၊ ဂင်္ဂါမြစ်ရေသည် အညာသို့ဆန်တက်ရာ၏၊ သဗ္ဗညုတဉာဏ်ကိုမရဘဲ ပြည်သို့မပြန်ရာ၊မင်းကြီး၊ မဟာသမုဒ္ဒရာသည်နိုင်းရှည့်စရာမတတ်နိုင်သောရေကိုဆောင်၍ ထိုသမုဒ္ဒရာသည် နွားခြေရာကွက်၌ရှိသော ရေကဲ့သို့ခန်းခြောက်ရာ၏၊ ဘုရားလောင်းသည် သဗ္ဗညုတဉာဏ်ကိုမရဘဲ ပြည်သို့မပြန်ရာ၊ မင်းကြီး၊ မြင်းမိုရ်တောင်မင်းသည် အစိတ်အခြာ အထောင်သော်လည်း ကွဲရာ၏၊ ဘုရားလောင်းသည် သဗ္ဗညုတဉာဏ်သို့မရောက်ဘဲပြည်သို့မပြန်ရာ၊မင်းကြီး၊ စင်စစ်သော်

ကား တာရာကြယ်အပေါင်းနှင့်တကွ လမိမာန် နေမိမာန်တို့သည် ကျောက်အုန်ခဲတို့ကဲ့သို့မြေ၌ကျရာ၏၊ ဘုရားလောင်းသည် သဗ္ဗညုတ ညာဏ်သို့မရောက်ဘဲပြည်သို့မပြန်ရာ၊ မင်းကြီး၊ ပေါင်းကင်ပြင်သည် ဖျာကဲ့သို့ လိပ်ရာတွန့်ရာ၏၊ ဘုရားလောင်းသည် သဗ္ဗညုတညာဏ်သို့ မရောက်ဘဲပြည်သို့မပြန်ရာ၊ မင်းကြီး၊ အဘယ့်ကြောင့်နည်းဟူမူကား ခပ်သိမ်းသော အနှောင်အဘွဲ့တို့ကို ခွါအပ်ပြီးသည်၏ အဖြစ်ကြောင့် တည်းဟုဆိုသော်—

**အနှောင်အဘွဲ့-၁၀-မျိုး**·····အရှင်ဘုရား၊ လောက၌အနှောင်အဘွဲ့တို့သည် အဘယ်မျှ လောက် ရှိကုန်သနည်းဟုဆိုလျှင် မင်းကြီး၊ လောက၌အနှောင်အဘွဲ့တို့သည်ဆယ်ပါး အပြားရှိကုန်၏၊ ဆယ်ပါးဟူသော်ကား၊ (၁) မင်းကြီး၊ လောက၌အမိသည်အနှောင်အဘွဲ့မည်၏၊ (၂) ဘခင်သည်ရင်း၊ (၃) မယားသည် ရင်း၊ (၄) သားသမီးသည်ရင်း၊ (၅) အဆွေအမျိုးတို့သည်ရင်း၊ (၆) အဆွေခင်ပွန်းသည်ရင်း၊ (၇) ဥစ္စာသည်ရင်း၊ (၈) လာဘ်သပ္ပကာ သည်ရင်း၊ (၉) အစိုးရခြင်းသည်ရင်း၊ (၁၀) ငါးပါးသောကာမဂုဏ် တို့သည်ရင်းအနှောင်အဘွဲ့မည်ကုန်၏၊ မင်းကြီး၊ ဤသည်လျှင်ဆယ်ပါး တို့တည်း။

အကြင်အနှောင်အဘွဲ့တို့ဖြင့် ဘွဲ့ကုန်သော သတ္တဝါတို့သည် တော မထွက်နိုင်ကုန်၊တောထွက်ငြားသော်သည်း တဘန်ပြန်၍ပြန်၍လာတတ် ကုန်၏၊ ထိုဆယ်ပါးသောအနှောင်အဘွဲ့တို့ကို မင်းကြီး၊ ဘုရားလောင်း သည်ဖြတ်အပ်ကုန်၏၊ ခွါရှဲအပ်ကုန်ပြီ၊ မင်းကြီး၊ ထို့ကြောင့်ဘုရား လောင်းသည်ပြည်သို့မပြန်ဟုဆိုသော် အရှင်ဘုရား၊ ဘုရားလောင်း သည်အကယ်၍ မနှစ်လျော်သော စိတ်ဖြစ်သောကြောင့်ရင်း နတ်၏ စကားကြောင့်ရင်းပြည်သို့ မပြန်သည်ဖြစ်စေ၊ သဗ္ဗညုတ ညာဏ်မရင့် သေးဘဲလျက် တောထွက်တော်မူ၍ ဒုက္ကရစရိယာအကျင့်ကို ပြုကျင့် သဖြင့် အဘယ် အကျိုးဖြစ်အံ့နည်း၊ ညာဏ်ရင့်ခြင်းကို ငံ့တွယ်တာ၍ အလုံးစုံသောအစာအာဟာရကိုစားသောက်သဖြင့် ဖြစ်ရာသည်မဟုတ် လောဟုဆိုသော် မင်းကြီး၊ လောက၌ မထေမဲ့မြင်ပြုအပ်သောပုဂ္ဂိုလ် တို့သည်ဤတကျိပ်သောသူတို့တည်း။

ဣတ္ထိ မဟာရာဇ ဝိဝဋ်လောကသ္မိံ ဩဇ္ဈာဝတာ အဝဇ္ဈာ တာဟိဋ္ဌိတာ ကိဋ္ဌိတာ ဂရဟိတာ ပရိဘူတာ အစိတ္တိ ကတာ၊ ဒုဗ္ဗလော ပုဂ္ဂလော၊အမိတ္တ ဉာတိပုဂ္ဂလော၊မဟာဂ္ဃသော ပုဂ္ဂလော၊ဂရုကာဗာဓပုဂ္ဂလော၊ ပါပမိတ္တောပုဂ္ဂလော၊ ဓနဟီနော ပုဂ္ဂလော၊ အာစာရဟီနောပုဂ္ဂလော၊ ကမ္မဟီနော ပုဂ္ဂလော၊ ပယောဂ ဟီနော ပုဂ္ဂလော လောကသ္မိံ ဩဇ္ဈာတော အဝဇ္ဈာ တော ဟိဋ္ဌိတော ကိဋ္ဌိတော ဂရဟိတော ပရိဘူတော အစိတ္တိ ကတောတိ။ ။ဟူသည်တည်း။

မဟာရာဇ၊ မင်းကြီး။ (၁) လောကသ္မိံ၊လောက၌။ ဝိဝဋ်၊ လင် ကွာလင်သေသော။ ဣတ္ထိ၊မိန်းမကို။ ဩဇ္ဈာတာ၊မထေမဲ့မြင်ပြုအပ်၏။ အဝဇ္ဈာတာ၊ မထေမဲ့မြင် အောက်မေ့အပ်၏။ ဟိဋ္ဌိတာ၊ ရှက်အပ်၏။ ကိဋ္ဌိတာ၊ သူတပါးတို့ကလူကစားပြုအပ်၏။ ဂရဟိတာ၊ ကဲ့ရဲ့အပ်၏။ ပရိဘူတာ၊ နှိပ်စက်အပ်၏။ အစိတ္တိကတာ၊ အရိုအသေ ပြုအပ်သော မိန်းမမဟုတ်။ (၂) ဒုဗ္ဗလော၊ အားနည်းသော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်ကို။ ဩဇ္ဈာတော၊ မထေမဲ့မြင်အောက်မေ့အပ်၏။ (၃) အမိတ္တဉာတိ၊ အမျိုး အဆွေမရှိသော။ ပုဂ္ဂလော၊ပုဂ္ဂိုလ်ကို။ဩဇ္ဈာတော၊မထေမဲ့မြင်အောက် မေ့အပ်၏။ (၄) မဟဂ္ဃသော၊ အစားကြူးသော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ် ကို။ ဩဇ္ဈာတော၊ မထေမဲ့မြင်အောက်မေ့အပ်၏။ (၅) ဂရုကာဗာဓ ပုဂ္ဂလော၊ လေးသောအနာရှိသောပုဂ္ဂိုလ်ကို။ ဩဇ္ဈာတော၊ မထေမဲ့ မြင်အောက်မေ့အပ်၏။ (၆) ပါပမိတ္တော၊ မကောင်းသော အဆွေ ခင်ပွန်းရှိသော။ ပုဂ္ဂလော၊ပုဂ္ဂိုလ်ကို။ ဩဇ္ဈာတော၊ မထေမဲ့မြင်ပြုအပ်၏။ (၇) ဓနဟီနော၊ ဥစ္စာမရှိသော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်ကို။ ဩဇ္ဈာတော၊ မထေမဲ့မြင် အောက်မေ့အပ်၏။ (၈) အာစာရဟီနော၊ အကျင့်ယုတ် သော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်ကို။ ဩဇ္ဈာတော၊ မထေမဲ့မြင်အောက်မေ့ အပ်၏။ (၉) ကမ္မဟီနော၊ အမှုကြီးငယ်၌ လျော့သော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်ကို။ ဩဇ္ဈာတော။ မထေမဲ့မြင် အောက်မေ့အပ်၏။ (၁၀) ပယောဂဟီနော၊လုံ့လချို့သော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်ကို။ လောကသ္မိံ၊ လောက၌။ ဩဇ္ဈာတော၊မထေမဲ့မြင်အောက်မေ့အပ်၏။ အဝဇ္ဈာတော၊ မထေမဲ့မြင် မှတ်အပ်၏။ ဟိဋ္ဌိတော၊ ရှက်အပ်၏။ ကိဋ္ဌိတော၊

သူတပါး ကိုလှူကားအပ်၏။ ဂရဟိတော၊ သူတပါး ကဲ့ရဲ့အပ်၏။ ပရိဘူတော၊ နှိပ်စက်အပ်၏။ အစိတ္တီကတော၊ အရိုအသေမပြုအပ်။

(အဓိပ္ပါယ်ကား အစာအာဟာရကိုရှောင်၍ ဒုက္ကရကာရိကအမှုကိုပြု၍ အကျိုး မရှိပါတကား ဟုမိလိန္ဒမင်းက အပြစ်တင်သော် အစားကြူးသောသူကိုလူတို့မထေမဲ့မြင် ပြုအပ်သောကြောင့် လူတို့မထေမဲ့မြင်ပြုအပ်သော ပုဂ္ဂိုလ်တကိုယ်ကို အကျယ်ပြသည့် အရာ၌ မဟဂ္ဃသော အစားကြူးသောသူကို လူတို့မထေမဲ့မြင်ပြုအပ်သည်ဟုတပါးသွင်း၍ အာဟာရကိုရှောင်ခြင်းအကျိုးရှိလေအောင်ပြဆိုအပ်လေသည်။ ဤကားစကားချပ်။)

မင်းကြီး၊ ထိုဆယ်ပါးသော အကြောင်းတို့ကို အောက်မေ့သော ဘုရားလောင်းအား ဤသို့သောအမှတ်သည်ဖြစ်၏၊ ဖြစ်ကြောင်းကား ငါသည်အမှုကိုလျော့သည်ဖြစ်အံ့၊ လုံ့လကိုလျော့သည်ဖြစ်အံ့၊ နတ်လူတို့သည် ငါ့ကိုကဲ့ရဲ့အပ်သည်ဖြစ်ရာ၏။ အကယ်၍ ငါသည်အမှု၏ အရှင်ဖြစ်လိုအံ့၊ အမှုကိုရိုသေလေးမြတ်အပ်သည်၊ အမှုကို အစိုးရလိုသည်ဖြစ်အံ့၊ ကမ္မဋ္ဌာန်းအမှု၌ လေ့ကျက်အပ်သည်၊ ကမ္မဋ္ဌာန်းအမှုကို ဆောင်အပ်သည်၊ ကမ္မဋ္ဌာန်းတည်းဟူသောအိမ်၌ နေလေ့ရှိသည်ဖြစ်၍ မမေ့မလျော့နေရာ၏ဟု ဤသို့သောအမှတ်သည်ဖြစ်၏၊ မင်းကြီး၊ ဤသို့အမှတ်ရှိ၍ ဘုရားလောင်းသည် ဉာဏ်ရင့်စေလိုသည် ဖြစ်၍ ဒုက္ကရကာရိပြုခဲလှသောအမှုကိုပြု၏ဟုဆိုသော် အရှင်ဘုရား၊ ဘုရားလောင်းသည်ပြုခဲလှသော ဒုက္ကရကာရိအကျင့်ကို ပြုသည်ဖြစ်ခဲ့သော် ငါသည်ဤဆင်းရဲငြိုငြင်သောဒုက္ကရကာရိအကျင့်ကိုကျင့်သဖြင့် ဥတ္တရိမနုဿ ဓမ္မဖြစ်သော မြတ်သော လောကုတ္တရာ ဉာဏ်အထူးကိုမရ၊ မဂ်ဖိုလ်ရခြင်း၏ အကြောင်းတရားကား တပါးရှိသေး၏ ဟူသော စကားကိုဆိုပြန်ခဲ့၏တကား၊ ထိုအခါ၌ ဘုရားလောင်းအား အကြောင်း ကိုရှာဘွေခါ အာရုံပြု၍ သတိတွေဝေခြင်းသည် ဖြစ်ခဲ့၏ တကားဟု မိလိန္ဒမင်းဆိုပြန်လျှင် မင်းကြီး၊ စိတ်၏ အားနည်းသည်၏ အဖြစ်ကို ပြုတတ်သောအကြောင်းတရားတို့သည် ဤနှစ်ဆဲ့ငါးပါးတို့တည်း။

ပဉ္စဝီသတိခေါပနိမေ မဟာရာဇ စိတ္တဒုဗ္ဗလီ ကရဏာဓမ္မာ
ယေဟိဒုဗ္ဗလီကတံ စိတ္တံ နသမာဓိယတိ အာသဝါနံခယာယ၊
ကတမေ ပဉ္စဝီသတိ၊ ကောဓော မဟာရာဇ စိတ္တဿ ဒုဗ္ဗလီ ကရ
ဏော ဓမ္မော ယေန ဒုဗ္ဗလီကတံ စိတ္တံ နသမာဓိယတိ အာသဝါနံ

ခယာယ၊ဥပနာဟော, မက္ခော, ပလာသော,ဣဿာ,မစ္ဆရိယံ, မာယာ, သာထေယျံ, ထမ္ဘော, သာရမ္ဘော, မာနော, အတိမာနော,မဒေါ,ပမာဒေါ,ထိနံ,မိဒ္ဓံ, အာလသျံ, ပါပမိတ္တတာ, ရူပံ, သဒ္ဒေါ,ဂန္ဓော,ရသော, ဖောဋ္ဌဗ္ဗော, ခုဒ္ဒါပိပါသာ, အရတိမဟာရာဇ စိတ္တဒုဗ္ဗလီ ကရဏော ဓမ္မော ယေန ဒုဗ္ဗလီကတံစိတ္တံ နသမာဓိယတိ အာသဝါနံ ခယာယ၊ ဣမေခေါ မဟာရာဇ ပဉ္စဝိသတိ စိတ္တ ဒုဗ္ဗလီကရဏာဓမ္မာ၊ ယေဟိ ဒုဗ္ဗလီကတံစိတ္တံ နသမာဓိယတိအာသဝါနံခယာယ။ ။ဟူသည်တည်း။

မဟာရာဇ၊ မင်းကြီး။ ခေါပန၊ စင်စစ်သော်ကား။ စိတ္တဒုဗ္ဗလီကရဏာ၊စိတ်ကို အားနည်းအောင် ပြုတတ်ကုန်သော။ဓမ္မာ၊ တရားတို့သည်။ ဣမေပဉ္စဝိသတိ၊ ဤနှစ်ဆဲ့ငါးပါးတို့တည်း။ယေဟိ၊ အကြင်တရားတို့သည်။ ဒုဗ္ဗလီကတံ၊ အားနည်းခြင်းကို ပြုအပ်သော။ စိတ္တံ၊ စိတ်သည်။ အာသဝါနံ၊ အာသဝတရားတို့ကို။ ခယာယ၊ ကုန်စေခြင်းငှါ။ နသမာဓိယတိ၊ကောင်းစွာ မတည်ကြည်နိုင်။ပဉ္စဝိသတိ၊ နှစ်ဆဲ့ငါးပါးတို့သည်။ ကတမေ၊အဘယ်သည်တို့နည်းဟူမူကား၊ (၁)မဟာရာဇ၊ မင်းကြီး။ ကောဓော၊ အမျက်ထွက်ခြင်းသည်။စိတ္တဿ၊စိတ်ကို။ ဒုဗ္ဗလီကရဏော၊ အားနည်းခြင်းကို ပြုတတ်သော။ ဓမ္မော၊ တရားတည်း။ ယေန၊အကြင်ဒေါသသည်။ ဒုဗ္ဗလီကတံ၊အားနည်းခြင်းကို ပြုအပ်သော။ စိတ္တံ၊စိတ်သည်။အာသဝါနံ၊အာသဝတရားတို့ကို။ ခယာယ၊ ကုန်စေခြင်းငှါ။နသမာဓိယတိ၊ကောင်းစွာမတည်ကြည်နိုင်။(၂)ဥပနာဟော၊ရန်ငြိုးဖွဲ့ခြင်းရင်း။ (၃)မက္ခော၊ချေပ်ချယ်ခြင်းရင်း။(၄) ပလာသော၊သူတပါး၏ဂုဏ်ကျေးဇူးကို အဖျင်းဖျင်းပြုခြင်းရင်း။(၅) ဣဿာ၊ သူတပါး၏ စည်းစိမ်ကို ငြူစူခြင်းရင်း။ (၆)မစ္ဆရိယံ၊ မိမိစည်းစိမ်ကို လျှို့ဝှက်ခြင်းရင်း။ (၇) မာယာ၊ သူတပါးကိုလှည့်ပတ်ခြင်းရင်း။ (၈) သာထေယျံ၊ သူတပါးကို စဉ်းလဲစဉ်းစားပြုခြင်းရင်း။ (၉) ထမ္ဘော၊ ကျောက်တိုင်ကဲ့သို့ခိုင်ခြင်းရင်း။ (၁၀) သာရမ္ဘော၊ သူတပါးကို သိလပျက်စီးအောင်ပြုခြင်းရင်း။ (၁၁) မာနော၊ ထောင်လွှားခြင်းရင်း။ (၁၂) အတိမာနော၊ အလွန်သောမာန်တက်ခြင်းရင်း။ (၁၃) မဒေါ၊ မာန်ဖြင့်ယစ်ခြင်းရင်း။ (၁၄) ပမာဒေါ၊ ကုသိုလ်မှမေ့လျော့ခြင်းရင်း။(၁၅) ထိနံ၊ ငိုက်ခြင်း

ဂုဏ်။ (၁၆)• မိဒ္ဓ၊ ငြိမ်းခြင်းဂုဏ်။ (၁၇) အာလသျ၊ ပျင်းရိသည်၏အဖြစ် ဂုဏ်။ (၁၈) ပါပမိတ္တတာ၊ မကောင်းသောအဆွေခင်ပွန်း ရှိသည်၏ အဖြစ်ဂုဏ်။ (၁၉) ရူပ၊ ရူပါရုံဂုဏ်။ (၂၀) သဒ္ဒ၊ သဒ္ဒါရုံ ဂုဏ်။ (၂၁)ဂန္ဓ၊ ဂန္ဓာရုံဂုဏ်။ (၂၂)ရသ၊ ရသာရုံဂုဏ်။ (၂၃)ဖောဋ္ဌဗ္ဗ၊ ဖောဋ္ဌဗ္ဗာရုံဂုဏ်။ (၂၄) ခုဒ္ဒါပိပါသာ၊ ဝတ်မွတ် ဆာလောင်ခြင်းဂုဏ်။ (၂၅) မဟာရာဇ၊ မင်းကြီး။ အရတိ၊ တရား၌မမွေ့မလျော်ခြင်းသည်။ စိတ္တဒုဗ္ဗလီကရဏာ၊ စိတ်ကိုအားနည်းအောင်ပြုတတ်သော။ ဓမ္မာ၊ တရားတည်း။ ယေန၊ အကြင်အရတိတရားသည်။ ဒုဗ္ဗလီကတံ၊ အား နည်းခြင်းကိုပြုအပ်သော။ စိတ္တံ၊ စိတ်သည်။ အာသဝါနံ၊ အာသဝ တရားတို့ကို။ ခယာယ၊ ကုန်စေခြင်းငှါ။ နသမာဓိယတိ၊ ကောင်း စွာမတည်ကြည်နိုင်။ မဟာရာဇ၊ မင်းကြီး။ ပဉ္စဝီသတိ၊ နှစ်ဆဲ့ငါးပါး သော။ဣမေ၊ဤတရားတို့သည်။ စိတ္တဒုဗ္ဗလီကရဏာ၊ စိတ်ကိုအားနည်း အောင်ပြုတတ်ကုန်သော။ဓမ္မာ၊တရားတို့တည်း။ယေဟိ၊ အကြင်တရား တို့သည်။ဒုဗ္ဗလီကတံ၊အားနည်းခြင်းကိုပြုအပ်သော၊ စိတ္တံ၊ စိတ်သည်။ အာသဝါနံ၊ အာသဝတရားတို့ကို။ ခယာယ၊ ကုန်စေခြင်းငှါ။ နသမာဓိ ယတိ၊ကောင်းစွာ မတည်ကြည်နိုင်။

မင်းကြီး၊ ဘုရားလောင်း၏ကိုယ်သည် ငတ်မွတ် ခေါင်းပါးသည်ဖြစ် ၍ ကိုယ်အား ကုန်ခန်းခဲ့၏၊ ကိုယ်အားကုန်ခန်းခဲ့သည်ရှိသော် စိတ်သည် အာသဝတရားကုန်စိမ့်သောငှါ မတည်ကြည်နိုင်ရှိခဲ့၏၊ မင်းကြီး၊ကမ္ဘာ တသိန်းအလွန်ရှိသော လေးသင်္ချေ ကာလပတ်လုံး မဂ်မိုလ်ရကြောင်းကို ထိုထိုသောဘဝတို့၌ ရှာဘွေ၍ လာခဲ့သော ဘုရားလောင်းအား အဆုံး သောဘဝ၌ကား မဂ်မိုလ်ရကြောင်းကို အာရုံပြု၍ သတိတွေဝေခြင်း သည် အဘယ်သို့ဖြစ်အံ့နည်း၊ မင်းကြီး၊ ဘုရားလောင်းအား စင်စစ် သဗ္ဗညုတ ဉာဏ်ကိုရအံ့သော တပါးသောအကြောင်းဟူ၍ရှိလေရာ သလောဟူသော အမှတ်သညာရှိ၏၊ မင်းကြီး၊ ဘုရားလောင်းသည် ရှေးဦးစွာမယ်တော်ဝမ်းမှဘွားမြင်၍ တလမြောက်သော် ဘခင်သုဒ္ဓေါဒန သာကီဝင် မင်းသည် လယ်ထွန်မင်္ဂလာအမှုကို ပြုသည်ရှိသော် ဇမ္ဗူ၊ သပြေပင်ရိပ်၌ ထက်ဝယ်ပလ္လင်ခွေ၍နေသောအခါ ပဌမဈာန်, ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်ကို ပြည့်စုံစေ၍နေဘူး၏။

ပုဗ္ဗေပိခေါ မဟာရာဇ ဗောဓိသတ္တော ဧကမာသိကော သမာနော ပိတု သက္ကာယ ကမ္မန္တေ သီတာယ ဇမ္ဗုစ္ဆာယာယ သိရိသယနေ ပလ္လင်္ကံ အာဘုဇိတွာ နိသိန္နော ဝိဝိစ္စေဝ ကာမေဟိ ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ သဝိတက္ကံ သဝိစာရံ ဝိဝေကဇံ ပီတိသုခံ ပဌမံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟာသိ၊ ပ။ စတုတ္ထံ ဈာနံ ဥပသမ္ပဇ္ဇဝိဟာသီတိ။ ။ဟူသည်တည်း။

မဟာရာဇ၊မင်းကြီး။ပုဗ္ဗေပိ၊ရှေးသူငယ်ဖြစ်သောအခါ၌လည်း။ခေါ၊ စင်စစ်။ဗောဓိသတ္တော၊ဘုရားလောင်းသည်။ဧကမာသိကော၊ဘွား၍တ လမြောက်သည်။ သမာနော၊ဖြစ်လျက်။ပိတုသက္ကာယ၊ ဘခင်သုဒ္ဓေါဒန သာကီဝင်မင်းသည်။ ကမ္မန္တေ၊ လယ်ထွန်မင်္ဂလာအမှုကို။ကတေ၊ပြုအပ် သည်ရှိသော်။သီတာယ၊ ဧမြသော။ ဇမ္ဗုစ္ဆာယာယ၊ သပြေပင်ရိပ်၌။ သိရိသယနေ၊အသရေရှိသောအိပ်ရာ၌။ ပလ္လင်္ကံ၊ ထက်ဝယ်ကို။ အာဘု ဇိတွာ၊ခွေ၍။ နိသိန္နော၊နေစဉ်။ ကာမေဟိ၊ကာမတို့မှ။ဝိဝိစ္စေဝ၊ ဆိတ်၍ သာလျှင်။ အကုသလေဟိ၊ အကုသိုလ်ဖြစ်ကုန်သော။ ဓမ္မေဟိ၊ တရား တို့မှ။ ဝိဝိစ္စ၊ဆိတ်၍သာလျှင်။ သဝိတက္ကံ၊ ဝိတက် ရှိသော။ သဝိစာရံ၊ ဝိစာရရှိသော။ ဝိဝေကဇံ၊ ဆိတ်ငြိမ်ခြင်းကြောင့် ဖြစ်သော။ ပီတိသုခံ၊ ပီတိသုခရှိသော။ပဌမံဈာနံ၊ပဌမဈာန်ကို။ဥပသမ္ပဇ္ဇ၊ပြည့်စုံစေ၍။ ဝိဟာ သိ၊ နေဘူးလေ၏။ပ။စတုတ္ထံဈာနံ၊စတုတ္ထဈာန်ကို။ဥပသမ္ပဇ္ဇ၊ ပြည့်စုံစေ ၍။ဝိဟာသိ၊ နေဘူးလေ၏။ဣတိ၊ ဤသည်လျှင် ဘွား၍ တလသားအရွယ် ငယ်စဉ်ကပင် သတိနှင့်ပြည့်စုံစွာ နေဘူးတော် မူခြင်းတည်း။

မင်းကြီး၊ သူငယ်ဖြစ်သော ကာလကပင် သတိလွတ်သော သတိ ကင်းသောမည်သည် ဘုရားလောင်း၌မရှိစဘူး၊ ကြီးသော အရွယ်သို့ ရောက်သော် အဘယ်သို့သတိလွတ်နိုင်အံ့နည်းဟုဆိုသော် အရှင်ဘုရား၊ ကောင်းလှပေ၏။ အရှင်ဘုရားဆိုတိုင်း တကာတော်ဝန်ခံပါ၏ဟု ဝန်ခံ လေ၏။

(အဓိပ္ပါယ်ကား ခပ်သိမ်းသောဘုရားလောင်းတို့သည် အဆုံးဘဝ၌ တောထွက်၍ သဗ္ဗညုတဉာဏ်အလို့ငှါကမ္မဋ္ဌာန်းစီးဖြန်းကုန်သော်လည်းနေ့ရက်မကြာသဗ္ဗညုတဉာဏ် တော်ကိုရကုန်သည်၊ ဂေါတမဘုရားလောင်းမူကား ခြောက်နှစ်ပတ်လုံးဒုက္ကရကာရီ အ

လွန်ပြီခဲ့လှသောဒုက္ကရစရိယာအမှုကိုပြုသော်လည်း သဗ္ဗညုတဉာဏ်ကိုမရ၍ မဂ်ဖိုလ်ရကြောင်းတရား တပါးရှိသေး၏ဟုအမှတ်ရှိ၍ ထိုဒုက္ကရကာရီအကျင့်ကိုပယ်၍ လျှုစာကိုခံ၍ ဘုဉ်းပေးမှ သဗ္ဗညုတဉာဏ်ကိုရတော်မူသည်၊ မိလိန္ဒမင်းက ဒုက္ကရကာရီ အကျင့်ကို ရှုန်း၍မျှမရ၊ အဆုံးသောဘဝသို့ရောက်၍လည်း သတိတွေဝေသည် မဟုတ်လေလော၊ လျှုစာကိုခံ၍စားမှ ဘုရားဖြစ်လေ၏တကားဟုဆိုသောစကားကိုရှင်နာဂသေနက အစာဟူသည် လောဘ ရာဂ၏အကြောင်းဖြစ်၏၊ မဟာသ္တသော အစားကြူးသောသူကိုလူတို့ကဲ့ရဲ့ မထေမဲ့မြင်ပြုအပ်၏ဟု ဘုရားလောင်းနှလုံးသွင်း၍ လျှုစာကိုပယ်သည့်အချက်ဖြစ်သည်၊ စိတ်၏ညစ်နွမ်းခြင်း အားနည်းခြင်းကိုပြုတတ်သော နှစ်ဆဲ့ငါးပါးသော အညစ်အကြေးတို့တွင် ပျင်းရိသောအညစ်အကြေးတို့ကိုပယ်လို၍ ဒုက္ကရကာရီအမှုကို ပြုခြင်းဖြစ်သည်၊ သတိတွေဝေသလောဟု ဆိုရာ၌လည်း ပစ္ဆိမဘဝိက အဆုံးဘဝသို့ရောက်လေပြီ၊ သတိတွေဝေ သည်ဟု မဆိုသာကြောင်းကား ဘုရားလောင်း ရှင်သိဒ္ဓတ်ဘွား၍ တလမြောက်၌ ခမည်းတော်သုဒ္ဓေါဒနမင်းလယ်ထွန်မင်္ဂလာပြုသောအခါ ဇမ္ဗူသပြေပင်ရိပ်၌နေစဉ်ထက်ဝယ်ပလ္လင်ခွေလျက် ဈာန်စီးဖြန်း၍ ပဌမဈာန် ဒုတိယဈာန် တတိယ ဈာန် စတုတ္ထဈာန် တည်း ဟူသော လောကီ ဈာန်ကို သတိနှင့်ပြည့်စုံသောကြောင့် ရဘူးသည်၊ ဉာဏ်ရင့်စေလို၍ ဒုက္ကရကာရီအကျင့်ကိုကျင့်သည်ပင်ဖြစ်သည်ဟု ဖြေတော်မူသည်။ ။ ဤကား စကားချပ်။)

ဒုက္ကရကာရိကပဉ္စာပြီး၏။

## ၁၆၀။ ကုသလာကုသလဗလဝတရပဉ္စာ

**ကုသိုလ်နှင့် အကုသိုလ်အင်အား**……မိလိန္ဒမင်းသည် အရှင်ဘုရား၊ ကုသိုလ်တရားသည်ရှင်း အကုသိုလ်တရားသည်ရှင်း အဘယ်တရားသည် လွန်စွာ အားကြီးရာသနည်းဟု မေးသော်—

မင်းကြီး၊ ကုသိုလ်တရားသည်လွန်စွာအားကြီး၏၊ အကုသိုလ်တရားသည် ကုသိုလ်ကဲ့သို့အားမကြီးဟု ဆို၏။

ဘန္တေ နာဂသေန ကတမံ အဓိမတ္တံ ဗလဝတရံ ကုသလံ ဝါ အကုသလံ ဝါတိ။ ။ကုသလံ မဟာရာဇ အဓိမတ္တံ ဗလဝတရံ၊ နော တထာ အကုသလန္တိ။ ။ဟူသည်တည်း။

ဘန္တေနာဂသေန၊ ရှင်နာဂသေနမထေရ်။ ကုသလံဝါ၊ ကုသိုလ်တရားသည်ရှင်း။ အကုသလံဝါ၊ အကုသိုလ်တရားသည်ရှင်း။ ကတမံ၊ အဘယ်တရားသည်။ အဓိမတ္တံ၊ လွန်စွာ။ ဗလဝတရံ၊ အထူးသဖြင့်အားကြီးသ

နည်း။ ဇာတိ၊ ဤသို့။ ပုန္တိ၊ မေး၏။ ။မဟာရာဇ၊ မင်းကြီး။ ကုသလံ၊ ကုသိုလ်သည်။ အဓိမတ္တံ၊ လွန်စွာ။ ဗလဝတရံ၊ အထူးသဖြင့်အားကြီး ၏။အကုသလံ၊အကုသိုလ်တရားသည်။တထာ၊ ထိုကုသိုလ် အတူ။ နော ဗလဝတရံ၊အားမကြီး။ဇာတိ၊ဤသို့။ဝုတ္တေ၊ဆိုအပ်သည်ရှိသော်-

အရှင်ဘုရား၊အကုသိုလ်သည် အားနည်း၏၊ ကုသိုလ်သည်အားကြီး ၏ဟူသော စကားကို တကာတော် ဝန်မခံလိုသေး၊ ဝန်မခံလိုသော အကြောင်းကား ဤလူ့ပြည်၌ သူ၏အသက်ကိုသတ်ကုန်သည်၊ သူ၏ ဥစ္စာကို ခိုးယူကြကုန်သည်၊သူ၏သားအိမ်ရာကို လွန်ကျူးကြကုန်သည်၊ မဟုတ်မမှန်သောစကားကို ပြောဆိုကြကုန်သည်၊ ရွာကိုဖျက်ဆီးကြ ကုန်သည်၊ခရီးလမ်း၌ လုယက်ကြကုန်သည်၊ စဉ်းလဲစဉ်းစား လှည့်ဖြား ကြကုန်သည်၊ထိုလူများအပေါင်းတို့သည် ထိုမျှလောက်သော မကောင်း မှုကိုပြုကြကုန်သဖြင့် လက်,ခြေ,နား,နှာခေါင်းကိုဖြတ်ခြင်း,ဦးခေါင်းကို ဖြတ်ခြင်းအမှုကိုရကြကုန်၏၊အချို့သောသူတို့သည် ညဉ့်အခါမကောင်း မှုကိုပြုကျင့်သောကြောင့် ညဉ့်အခါ၌ပင်လျှင် မကောင်းကျိုးကို ခံရ ကုန်၏၊ အချို့သောသူတို့သည် ညဉ့်အခါ မကောင်းမှုကို ပြုကျင့် သောကြောင့် နေ့အခါ မကောင်းကျိုးကို ခံရကုန်၏၊ အချို့သော သူတို့သည် နေ့အခါ မကောင်းမှုကိုပြုကျင့်၍ နေ့အခါ ပင်လျှင် မကောင်းကျိုးကို ခံစားကြရကုန်၏၊ အချို့သောသူတို့သည် နေ့အခါ မကောင်းမှုကိုပြုကျင့်၍ ညဉ့်အခါ မကောင်းကျိုးကို ခံစားကြရ ကုန်၏၊ အချို့သောသူတို့သည် မကောင်းမှုကို ပြုကျင့်မိ၍ နှစ်ရက် သုံးရက် လွန်လတ်သော် မကောင်းကျိုးကို ခံရကုန်၏၊ထိုမကောင်းမှုကို ပြုကျင့် သောသူတို့သည် ပစ္စုပ္ပန်အတ္တဘော၌ မကောင်းကျိုးကို ထင်ရှားစွာ ဒိဋ္ဌဓမ္မဝေဒနီယအကျိုးကို ခံစားရခဲ့ကုန်၏တကား၊ အရှင်ဘုရား၊ တစုံ တယောက်သောသူသည် တယောက်သောသူအား ဇင်း၊ နှစ်ယောက် သုံးယောက် လေးယောက်သောသူအားဇင်း၊ အရောအထောင်သော သူအားဇင်း၊ အသိန်းသောသူအားဇင်း၊ အခြံအရံနှင့်တကွ အလှူကို ပေးသဖြင့်ဇင်း သီလကိုဆောက်တည်သဖြင့်ဇင်း၊ ဒိဋ္ဌဓမ္မပစ္စုပ္ပန် မျက်မှောက်၌ အသုံးအဆောင်အခြံအရံကို ခံစားရဘူးသည် ရှိပါသ လောဟုဆိုသော်-

**လူ့ကိုယ်ဖြင့်နှတ်ပြည်ရောက်သူ၄–ဦး**…မင်းကြီး၊ လေးယောက်သော ယောက်ျားတို့သည် အလှူကိုပေးသောကြောင့် သီလကို ဆောက်တည်သောကြောင့် ဉပုသ်ဆောက်တည်သောကြောင့် ပစ္စုပ္ပန်မျက်မှောက်၌ ထိုလူ၏ ကိုယ်တိုင်ဖြင့် တာဝတိံသာသို့ ရောက်ဘူးကုန်၏ဟုဆိုသော် အရှင်ဘုရား၊ အဘယ်သူတို့နည်းဟုမေးပြန်လျှင် မင်းကြီး၊(၁)မန္ဓာတ်မင်း၊(၂)နေမိမင်း၊(၃)သာဓိနမင်း၊(၄)ဂုတ္တိလစောင်းသမား၊ ဤလေးယောက်သောသူတို့သည် ဤလူ့ကိုယ်၏ အဖြစ်ဖြင့်ပင်လျှင် ပစ္စုပ္ပန်မျက်မှောက်၌ ကုသိုလ်တရား၏ အကျိုးဆက် ဒိဋ္ဌဓမ္မဝေဒနီယ အကျိုး ထင်ရှားဘူးပါ၏ဟုဆိုသော် အရှင်ဘုရား၊ဘဝများစွာ ဆည်းပူးအပ်သော ကုသိုလ်တရားတို့သည် ဘဝလွန်းသည်ဖြစ်၍ တကာတော်တို့အား မျက်ကွယ်ဖြစ်၏၊ပစ္စုပ္ပန်ဘဝ၌ ပြည့်စုံသောအကျိုးရှိဘူးသည်ဖြစ်အံ့၊ ထိုပုဂ္ဂိုလ်သည် ပစ္စုပ္ပန် ဘဝ၌ ထင်ရှားရှိစဉ် အကျိုးကို ခံစားခြင်းသို့ရောက်၏၊ ထိုသူတို့ကို ဟောပါဦးလော့ဟုဆိုသော်-

**ဒိဋ္ဌဓမ္မကျိုးခံစားရသူ၆-ဦး**……မင်းကြီး၊ဘုရားထင်ရှား ရှိတော်မူသော ကာလပစ္စုပ္ပန်မျက်မှောက်၌ ဒိဋ္ဌဓမ္မအကျိုးကို ခံစားရသောသူတို့ကား **ပုဏ္ဏမည်သောကျွန်**သည် အရှင်သာရိပုတ္တရာအား ဆွမ်းလှူသောကြောင့် ထိုနေ့၌ပင်လျှင် သူဌေးအရာသို့ရောက်၍ ပုဏ္ဏသူဌေးဟုထင်ရှား၏၊ **ဂေါပါလမာတာဒေဝီ**သည် မိမိဦးခေါင်း၌ ဆံပင်ကို ဖြတ်၍ရောင်းသော် ရအပ်သော ရှစ်သပြာတို့ဖြင့် ရှင်မဟာကစ္စည်းထေရ်အား ဆွမ်းလှူသောကြောင့် ထိုနေ့၌ပင်ဥတေနမင်း၏မိဖုရားအဖြစ်သို့ရောက်လေ၏၊**သုပ္ပိယာဥပါသိကာမ**သည် တယောက်သော နာသောရဟန်းအား မိမိပေါင်သားကိုလှီး၍ လှူလေသောကြောင့်နှစ်ရက်မြောက်သောနေ့၌ ပေါင်၌အနာသည်ကောင်းသောအရေအသားရှိ၍ အမာရာမျှမရှိဖြစ်ဘူးပါ၏၊**မလ္လိကာမိဖုရား**သည် ဘုရားရှင်အား တည့်သိုးလေပြီးသော မုယောမှုံ့လုံးကိုလှူသောကြောင့် ထိုနေ့၌ပင်လျှင် ကောသလမင်း၏ မိဖုရားကြီးဖြစ်၏၊ **သုမနပန်းသည်**သည် မုလေးပန်းရှစ်ဆုပ်ဖြင့် ပူဇော်သောကြောင့် ထိုနေ့၌ပင်လျှင် များစွာသော စည်းစိမ်ချမ်းသာ ပြည့်စုံခြင်းသို့ရောက်၏၊**ကေသာဋက**

ပုဏ္ဏားသည် အပေါ်ရုံပုဆိုးဖြင့် ဘုရားရှင်ကို ပွဖေ်သောကြောင့် ထိုနေ့၌ပင်လျှင် အလုံးစုံ ရှစ်ချရှစ်ချစီသော ဥစ္စာကိုရ၏၊ ထိုသူ ခြောက်ယောက်တို့သည် ပစ္စုပ္ပန်ဘဝ၌ပင်လျှင် ဒိဋ္ဌဓမ္မဝေဒနီယ အကျိုးကို ခံစားရကုန်၏ဟုဆိုသော် ထိုရှင်နာဂသေနစကားကို ဘိစိး၍ ဆိုပြန်လိုသောကြောင့် အရှင်ဘုရား၊ အရှင်ဘုရားသည် ခြောက်ယောက်သော သူတို့ကို ရွေးချယ်စိစစ်၍ ပစ္စုပ္ပန် ဒိဋ္ဌဓမ္မဝေဒနီယကံ၏ အကျိုးကို ပြတော်မူသလောဟုဆိုလျှင် မင်းကြီး၊ဟုတ်ပချေ၏ဟုဆိုသော် အရှင်ဘုရား၊အရှင်သည် ထိုသို့ဆိုငြားသော်လည်း အကုသိုလ်တရားသာလျှင် လွန်စွာ အားကြီးလေသေး၏၊ကုသိုလ် တရားအားမကြီးဟုဆို၍ အရှင်ဘုရား အကုသိုလ်တရားအားကြီးကြောင်းလည်း မကောင်းသော အကုသိုလ် အကျိုးဆက်ဖြင့် တနေ့ခြင်းပင်လျှင် တကျိပ်သောယောကျ်ားတို့ကို တံကျင်သို့တင်သည်ကို တကာတော်မြင်ဘူးပါ၏တကား၊ ထိုထက်မက နှစ်ကျိပ် သုံးကျိပ် အစရှိသည်ဖြစ်၍ အရေအထောင်သောယောကျ်ားတို့ကို မကောင်းသောအကုသိုလ်ကံကြောင့် တံကျင်၌ တင်သည်တို့ကိုလည်း တကာတော်မြင်ဘူးပါ၏တကား၊နန္ဒမင်း၏ဘဒ္ဒသာလ အမည်ရှိသောသူသည် စစ်သူကြီး၏သားဖြစ်၏၊ ထိုဘဒ္ဒသာလစစ်သူကြီးသားသည်ရင်း၊စန္ဒဂုတ္တမင်းသည်ရင်း၊စစ်ဖြပြင်၌စစ်သည်ရုံးကြသော် ထိုအလုံးစုံသောသူတို့သည် မကောင်းမှု၏အကျိုးဆက်ဖြင့် ပျက်စီးခြင်းသို့ ရောက်ကုန်၏၊အရှင်ဘုရား၊ဤအကြောင်းဖြင့်လည်း အကုသိုလ်သာလျှင် လွန်စွာ အားကြီး၏၊ကုသိုလ်တရား အားမကြီး၊အရှင်ဘုရား၊သာသနာတော်တွင်း၌လည်း ကောသလမင်းကြီးသည် အသဒိသဒါန အလှူကို ပေး၏ဟုကြားဘူးပါသည်မဟုတ်လောဟုဆိုသော် မင်းကြီး၊ ကြားဘူး၏ဟုဆိုလျှင် အရှင်ဘုရား၊ ထိုကောသလမင်းကြီးသည် အသဒိသဒါန အလှူကိုပေး၍ ထိုကောင်းမှုကြောင့် တစုံတခု ပစ္စုပ္ပန်မျက်မှောက်၌ ဥစ္စာစည်းစိမ် အခြံအရံကိုရ၏လောဟုဆိုသော်-

မင်းကြီး၊ကောသလမင်းကြီးသည် အသဒိသဒါန အလှူကိုပေးသော်လည်း ဒိဋ္ဌဓမ္မဝေဒနီယအကျိုးကို မခံစားရချေဟု ဆိုပြန်သော် အရှင်ဘုရား၊ကောသလမင်းသည်ဤသို့သဘောရှိသောအတုမရှိသောအလှူကို ပေးသော်လည်းဒိဋ္ဌဓမ္မဝေဒနီယအကျိုးကိုမရ၊ထို့ကြောင့် အရှင်ဘုရား၊

တကာတော်သည့်အကုသိုလ်သည်လျှင် လွန်စွာအားကြီး၏၊အကုသိုလ် အတူ ကုသိုလ်အားမကြီးဟုဆိုပါ၏ဟူ၍ဆိုလျှင် မင်းကြီး၊ အကုသိုလ် သည် လျင်စွာအကျိုးပေးလွယ်ခြင်းသို့ညွှတ်၏၊ ကုသိုလ်သည် ကာလ ရှည်လျားစွာ အကျိုးပေးခြင်းသို့ ညွှတ်၏၊ မင်းကြီး၊ ဥပမာအားဖြင့် ဆိုသော် အပရန္တတိုင်း ဇနပုဒ်၌ ကုမုဒဘဏ္ဍိကာအမည်ရှိသော စပါး မျိုးသည် တလပြည့်သော် အိမ်သို့ရောက်၏၊ သလေးစပါးသည် ခြောက်လ ငါးလတို့ဖြင့်မှည့်၏၊ မင်းကြီး၊ ထိုစပါးမျိုးတို့အား အထူး အဘယ်သို့ ရှိသနည်းဟုဆိုသော် အရှင်ဘုရား၊ကုမုဒဘဏ္ဍိကာ အမည် ရှိသောစပါး၏အာနုဘော်သည် နည်းသောကြောင့် တလမြောက်သော် မှည့်၏၊ သလေးစပါးတို့၏ အာနုဘော်သည် ပြန့်ပြောသောကြောင့် ငါးလမြောက်သော်မှည့်၏၊အရှင်ဘုရား၊သလေးစပါးသည် မင်းတို့၏ အစာဖြစ်၏၊ ကုမုဒဘဏ္ဍိကာ စပါးသည် ကျွန်အမှုလုပ်သော သူတို့၏ အစာဖြစ်၏ဟုဆိုလျှင် မင်းကြီး၊ ထို့အတူ အကုသိုလ်သည် နည်းသော အာနုဘော်ရှိသောကြောင့် လျင်စွာ အကျိုးကို ပေးတတ်၏၊ ကုသိုလ် သည် ပြန့်ပြောသော အာနုဘော်ရှိသောကြောင့် ကာလရှည်လျားမှ အကျိုးကိုပေးတတ်၏ဟု ဤသို့ရှင်နာဂသေနမထေရ်သည် ဥပမာဖြင့်ဆို အပ်သော် မကောင်းမှုအားကြီးကြောင်းကိုသာ ထပ်ဆင့်၍ဆိုပြန်၏၊ ဆိုကြောင်းကား အရှင်ဘုရား၊ အကြင်အကုသိုလ်သည်လျင်စွာအကျိုး ကိုပေးတတ်၏၊ ထိုသို့လျင်စွာ အကျိုးပေးတတ်ခြင်းသည် လောက၌ အကုသိုလ် အလွန်အားကြီးသည်ဖြစ်သေး၏၊ ကုသိုလ်အားနည်းသည် ပင်မည်၏၊ အရှင်ဘုရား၊ဥပမာအားဖြင့်ဆိုသော် တစုံတယောက်သော သူရဲသည်များစွာသောစစ်သည်သို့ဝင်၍ ရန်သူတို့ကို ဖျက်ဆီးယူငင် ခဲ့၍ လျင်စွာအရှင်မင်းအားပို့ဆက်ရာ၏၊ ထိုသူရဲသည် လောက၌စွမ်း နိုင်သောသူရဲမည်၏၊ အကြင်ဆေးသမားသည် လျင်စွာ အနာကိုထုတ် တတ်၏၊ ထိုဆေးသမားသည် လိမ္မာသော ဆေးသမားမည်၏၊ အကြင် ဂဏန်းသင်္ချာတတ်သော သူသည် လျင်စွာ လျင်စွာ ရေတွက်ခြင်းကို ပြု၍ လျင်စွာအပေါင်းအစု ဤမျှရှိ၏ဟုပြ၏၊ ထိုဂဏန်းတတ်သော ယောကျာ်းသည် လိမ္မာသည်မည်၏၊ အကြင် လက်ပမ်းသည်သည် လျင်စွာတယောက်သောလက်ပမ်းသည်ကိုချီ၍ ပက်လက်လှည်းနိုင်၏၊ ထိုလက်ပမ်းသည်သည် စွမ်းနိုင်သော လက်ပမ်းသည်ကောင်းမည်၏၊

အရှင်ဘုရား၊ ထို့အတူ အကြင်ကုသိုလ်သည်ရင်း, အကုသိုလ်သည်ရင်း လျင်စွာအကျိုးပေးတတ်၏၊ ထိုသို့လျင်စွာ အကျိုးပေးတတ်သော တရားသာလျှင် ၎လွန်စွာအားကောင်းပါ၏၊ ထိုသို့ဖြစ်စကောင်းလျက် အရှင်ဘုရားသည် အကုသိုလ်တရားထက် ကုသိုလ်တရားအားကြီး၏ ဟုဆိုအပ်သောစကားသည်ရှိခဲ့၏တကားဟုဆို၏။

မင်းကြီး၊ ထိုနှစ်ပါးသောကုသိုလ်ကံ အကုသိုလ်ကံ တရားတို့သည် တမလွန်ဘဝ၌ အကျိုးကိုပေးတတ်သောတရားချည်းပင်ဖြစ်ခဲ့၏။ ။မင်းကြီး၊စင်စစ်သော်ကား အကုသိုလ်တရားသည် အပြစ်နှင့်တကွ မကောင်းကျိုးကိုပေးတတ်သောကြောင့် တခဏခြင်း မျက်မှောက် ဒိဋ္ဌ ဓမ္မ ဝေဒနီယ ကံသည်ဖြစ်တတ်၏၊ မင်းကြီး၊ ဖြစ်တတ်ကြောင်းကား အကြင်သူသည်သူ၏အသက်ကိုသတ်အံ့၊ သူ၏ဥစ္စာကိုခိုးအံ့၊ သူ့အိမ်ရာကိုပြစ်မှားအံ့၊ မဟုတ်မမှန်သောစကားကိုပြောဆိုအံ့၊ ရွာကိုဖျက်ဆီးအံ့၊ လှည့်စားခြင်းကိုပြုအံ့၊ထိုသူကိုအမြဲလျှင် ရှေးမင်းတို့သည်ဒဏ်ပေးထိုက်၏၊ ညှဉ်းဆဲအပ်၏၊ထိုအပြစ်ကိုစွဲ၍ရွေးချယ်စီစစ်၍ ဒဏ်ပေးကုန်၊သတ်ပုတ်ညှဉ်းဆဲကုန်ဟု အမှတ်အသားထား အပ်သည်ဖြစ်၏။မင်းကြီး၊ ထိုအကုသိုလ်ကိုကျင့်သောသူအားအပြစ်အားလျော်စွာစီရင်သကဲ့သို့ ထို့အတူ အကြင်သူသည် ဒါန သီလ ဥပုသ်သီတင်း အစရှိသော အကြင်ကုသိုလ်ကောင်းမှုကိုပြု၏၊ထိုအသျှသီဘင်းနှင့်ပြည့်စုံသောသူအားစည်းစိမ်ဥစ္စာ အခြံအရံကိုပေးအပ်၏ဟု ရှေးမင်းတို့အမြဲမှတ်သား ထားအပ်သည်ဖြစ်၍ ရွေးချယ်စီစစ်၍ စည်းစိမ်ဥစ္စာအခြံအရံကို ပေးကြကုန်သလောဟုဆိုသော် အရှင်ဘုရား၊ဒါန သီလ ဥပုသ်သီတင်းဆောက်တည်သောသူအား စည်းစိမ်ဥစ္စာ အခြံအရံပေးအပ်၏ဟု မရှိချေဟု ဆိုလျှင် မင်းကြီး၊ ဒါန သီလ ဥပုသ်သီတင်း ကောင်းမှုကုသိုလ်နှင့်ပြည့်စုံသော ဒါယကာတို့အား ရွေးချယ်စီစစ်၍ ဥစ္စာအခြံအရံကိုရှေးမင်းတို့သည် ငါတို့ပေးကုန်အံ့ဟု အကယ်၍ ပေးထုံးရှိအံ့၊ ကုသိုလ်ကံသည်လည်း မျက်မှောက် အကျိုးကို လျင်စွာ ပေးတတ်သည်ဖြစ်ရာ၏၊ ထို့ကြောင့် ကုသိုလ်ကံသည် မျက်မှောက်လျင်စွာ အကျိုးကို မပေးနိုင်ချေ၊ ဤသို့သော အကြောင်းဖြင့် မင်းကြီး၊ အကုသိုလ်အကျိုးပေးသော် မျက်မှောက်၌လည်း လျင်စွာအကျိုးကိုပေးတတ်၏၊တမလွန်ဘဝ၌လည်းလျင်စွာအကျိုးကိုပေးတတ်၏ ဟုဆိုသော်။ ။အရှင်ဘုရား၊ အရှင်ဘုရားနှင့်တူသော ပညာရှိသောသူ

သည် ဤပြဿနာကိုကောင်းစွာဆုံးဖြတ်နိုင်ရာ၏၊ အရှင်ဘုရား၊ လောကီ ပဏ္ဍုပြနှင့် ဇရှေးမင်းတို့ စိရင်ထုံးကို ပြ၍ဆုံးဖြတ်ပေ၏၊ လောကုတ္တရာ တရားကိုထောက်၍လည်း သိအပ်ပေသည်မှန်၏၊ တကာတော်သည် ကောင်းပြီဟူ၍ ဝန်ခံပါ၏ဟု ဝန်ခံလေ၏။

ကုသလာကုသလဗလဝတရပဉှာပြီး၏။

---

## ၁၆၁။ ပုဗ္ဗပေတာဒိသပဉှာ

**သေသူရည်မှန်း၍ ရှုဒါန်းမှု**......မိလိန္ဒ မင်းသည် အရှင်ဘုရား၊ ဒါယကာ တို့သည် တမလွန် ဘဝသို့သွားလေသောသူတို့အား ရည်မှတ်၍ပြုအပ်သော အလှူကောင်းမှုသည် ထိုတမလွန်ဘဝသို့ သွားလေသောသူတို့အား ထိုရည်မှတ်၍ ပေးသောအကြောင်းကြောင့် စင်စစ်အကျိုးကိုခံရကုန်၏လောဟုဆို၏။

မင်းကြီး၊ အချို့သောသူတို့သည် ရကုန်၏၊ အချို့သောသူတို့သည် မရကုန်ဟုဆိုသော် အရှင်ဘုရား၊ အဘယ်သူတို့သည် ရကုန်သနည်း၊ အဘယ်သူတို့သည် မရကုန်သနည်းဟု မေးပြန်လျှင် မင်းကြီး၊ ငရဲ၌ဖြစ်သောသူ၊ နတ်ရွာသို့သွားသောသူ၊ လူ့ပြည်သို့သွားသောသူ၊ တိရစ္ဆာန် အမျိုး၌ဖြစ်သောသူတို့သည် မရကုန်၊ ပြိတ္တာတို့သည် ဝန္တာသိကပြိတ္တာ၊ ခုပ္ပိပါသိကပြိတ္တာ၊ နိဇ္ဈာမတဏှိကပြိတ္တာ၊ ပရဒတ္တူပဇီဝိတပြိတ္တာဟု လေးပါးရှိကုန်၏၊ ထိုလေးပါးသောပြိတ္တာတို့တွင် ရှေ့ပြိတ္တာမျိုးသုံးပါးတို့ ၌ ဖြစ်သော သူတို့အား ရည်မှတ်၍ အလှူပေးသော်လည်း မရကုန်၊ ပရဒတ္တူပဇီဝိတပြိတ္တာဖြစ်သော သူတို့သည်လည်း အောက်မေ့သည် ရှိသော်သာလျှင်ရကုန်၏။

ဘန္တေနာဂသေန ဣမေဒါယကာ ဒါနံဒတွာ ပုဗ္ဗပေတာနံ အာဒိသန္တိ ဣဒံတေသံ ပါပုဏာတူတိ ဒေန္တိ၊ အပိနုတေ ကိဉ္စိတတော ဝိပါကံ ပဋိလဘန္တီတိ။ ။ကေစိ မဟာ ရာဇ ပဋိလဘန္တိ၊ ကေစိ နပ္ပဋိလဘန္တီတိ၊ ။ကေ ဘန္တေ ပဋိ လဘန္တိ၊ ကေ နပ္ပဋိလဘန္တီတိ၊ ။နိရယူပပန္နာ မဟာရာဇ နပ္ပဋိလဘန္တိ၊ သဂ္ဂဂတာနပ္ပဋိလဘန္တိ၊ တိရစ္ဆာနယောနိဂတာ နပ္ပဋိလဘန္တိ၊ စတုန္နံ ပေတာနံ တယောပေတာ နပ္ပဋိလဘန္တိ

ဝန္တာသိကာ,ခုပ္ပိပါသိနော,နိဇ္ဈာမတဏှိကာ၊ လဘန္တိ ပေတာ
ပရဒတ္တူပဇီဝိနော၊ တေပိ သရမာနာ ယေဝ လဘန္တီတိ။ ။
ဟူသည်တည်း။

ဘန္တေ နာဂသေန၊ ရှင်နာဂသေနမထေရ်။ ဣမေဒါယကာ၊ ဤဒါယကာတို့သည်။ ပုဗ္ဗပေတာနံ၊ တမလွန်သို့ သွားလေသောသူတို့အား။ အာဒိသန္တာ၊ ရည်မှတ်၍။ ဒါနံ၊ အလှူကို။ ဒေန္တာ၊ ပေးလှူကုန်သည်ရှိသော်။ ဣမံ၊ ဤကုသိုလ်ကောင်းမှုသည်။ တေသံ၊ ထိုတမလွန်သို့သွားလေသောသူတို့အား။ ပါပုဏာတူတိ၊ ရောက်ပါစေသောဟူ၍။ ဒေန္တိ၊ ပေးဝေကြကုန်၏။ အပိနု၊ စင်စစ်။ တေ၊ ထိုတမလွန်သို့သွားလေသောသူတို့သည်။ တတော နိဒါနံ၊ ထိုသူတို့ရည်မှတ်၍ပေးအပ်သောအလှူအတွက်ကြောင့်။ ကိဉ္စိ ဝိပါကံ၊ တစုံတခုသောအကျိုးကို။ ပဋိလဘန္တိ၊ ရပါကုန်၏လော။ ဣတိ၊ ဤသို့။ ပုစ္ဆိ၊ မေး၏။ ။ မဟာရာဇ၊ မင်းကြီး။ ကေစိ၊ အချို့သောသူတို့သည်။ ပဋိလဘန္တိ၊ ရကုန်၏။ ကေစိ၊ အချို့သောသူတို့သည်။ နပ္ပဋိလဘန္တိ၊ မရကုန်။ ဣတိ၊ ဤသို့။ ဝုတ္တေ၊ ဆိုအပ်သည်ရှိသော်။ ဘန္တေ၊ အရှင်ဘုရား။ ကေ၊ အဘယ်သူတို့သည်။ ပဋိလဘန္တိ၊ ရကုန်သနည်း။ ကေ၊ အဘယ်သူတို့သည်။ နပ္ပဋိလဘန္တိ၊ မရကုန်သနည်း။ ဣတိ၊ ဤသို့။ ပဋိပုစ္ဆိတေ၊ တဘန်မေးပြန်သော်။ မဟာရာဇ၊ မင်းမြတ်။ နိရယူပပန္နာ၊ ငရဲ၌ဖြစ်ကုန်သော သူတို့သည်။ နပ္ပဋိလဘန္တိ၊ မရကုန်။ သဂ္ဂဂတာ၊ လူ့ပြည် နတ်ပြည်သို့သွားသော သူတို့သည်။ နပ္ပဋိလဘန္တိ၊ မရကုန်။ တိရစ္ဆာနယောနိဂတာ၊ တိရစ္ဆာန်မျိုး၌ ဖြစ်ကုန်သော သူတို့သည်။ နပ္ပဋိလဘန္တိ၊ မရကုန်။ စတုန္နံ ပေတာနံ၊ ပြိတ္တာလေးမျိုးတို့တွင်။ ဝန္တာသိကာ၊ အစာကိုအန်ရသောပြိတ္တာ အမျိုးတို့သည်ရင်း။ ခုပ္ပိပါသိနော၊ စား၍မဝင် ငတ်မွတ်သော ပြိတ္တာအမျိုးတို့သည်ရင်း။ နိဇ္ဈာမတဏှိကာ၊ ဝမ်းခေါင်းပြောင်ပြောင်တောက်သော ပြိတ္တာအမျိုးတို့သည်ရင်း။ ဣတိ၊ ဤသို့။ တယော ပေတာ၊ ပြိတ္တာမျိုး သုံးပါးတို့သည်။ နပ္ပဋိလဘန္တိ၊ မရကုန်။ ပရဒတ္တူပဇီဝိနော၊ သူတပါး၏ အပေးအကမ်းကိုမှီ၍ အသက်မွေးကုန်သော၊ ပေတာ၊ ပြိတ္တာတို့သည်။ လဘန္တိ၊ ရကုန်၏။ တေပိ၊ ထိုပရဒတ္တူပဇီဝိတ ပြိတ္တာတို့သည်လည်း။ သရမာနာယေဝ၊ အောက်မေ့ကုန်သည်ရှိသော်သာလျှင်။ ဝါ၊ သာခေါ်နိုင်ကုန်သည့်ရှိသော်သာလျှင်။ လဘန္တိ၊ ရကုန်၏။ ဣတိ၊ ဤသို့။ ဝုတ္တေ၊ ဆိုအပ်သည်ရှိသော်—

အရှင်ဘုရား၊ ထိုသို့တပြီးကား ဒါယကာတို့သည်အလှူကို အကြင်တမလွန်သို့ သွားလေသောသူတို့အား ရည်မှတ်၍ပြုအပ်၏၊ ထိုသို့သောအလှူကိုအကယ်၍ ထိုသူတို့မရကုန်အံ့၊ ထိုအလှူသည် အကျိုးမရှိဖြစ်ဆောင်းခဲ့၏တကားဟု ဆိုသော် မင်းကြီး၊ ထိုအလှူသည် အကျိုးမရှိသည်မဟုတ်၊ အကျိုးမပေးသည်မဟုတ်၊ ဒါယကာတို့သာလျှင်ထိုအလှူ၏အကျိုးကို ခံစားရကုန်၏ဟုဆိုသော် အရှင်ဘုရား၊ ထိုသို့တပြီးကား အကြောင်းအရာတို့ဖြင့် တကာတော်ကို သိပါစေလောဟု ဆိုသော် မင်းကြီး၊ ဤလောက၌ အချို့သောသူတို့သည် ငါးအမဲ သေရက်ထမင်းခဲဘွယ်စားဘွယ်တို့ကို စီရင်၍ အဆွေအမျိုးတို့အိမ်သို့ သွားကုန်၏၊ ထိုအဆွေ အမျိုးတို့သည် ထိုလက်ဆောင်ကို မခံမလှမ်းကုန်အံ့၊ ထိုလက်ဆောင်သည်ခြောက်ခြင်း,ပျက်စီးခြင်းသို့ ရောက်ရာ သလောဟုဆိုသော် အရှင်ဘုရား၊ ထိုလက်ဆောင်ကို ပျက်စီးကောင်း၏ဟု မဆိုသာချေ၊ ထိုလက်ဆောင်ကို ဥစ္စာရှင်သိမ်းယူမြဲဖြစ်ချေသည်ဟု ဆိုသော်၊ မင်းကြီး၊ ထို့အတူ ထိုကုသိုလ်၏ အကျိုးကိုထိုဒါယကာတို့အားသာလျှင်ခံစားကြရကုန်၏။ ။မင်းကြီး၊ ဥပမာတနည်းသော်ကား၊ ယောကျာ်းသည်ကြက်သရေတိုက်သို့ဝင်၏၊ ရှေးရှုထွက်လာပြန်သော်အဘယ်တံခါးဖြင့် ထွက်ရာအံ့နည်းဟုဆိုသော် အရှင်ဘုရား၊ ဝင်အပ်သော တံခါးဖြင့်သာ ထွက်ရာ၏ဟုဆိုလျှင် မင်းကြီး၊ ထိုကဲ့သို့ရင်းထိုကုသိုလ်၏ အကျိုးကို ထိုဒါယကာတို့သာလျှင် ခံစားကြကုန်၏ဟုဆိုသော် အရှင်ဘုရား၊ ထိုသို့မှုလည်းဖြစ်စေ၊ အရှင်ဘုရား ဆိုတိုင်းတကာတော်ဝန်ခံပါ၏၊ ထိုအကြောင်းကိုမပျက်ဆီးပါ၊ သို့တမူကားအရှင်ဘုရား၊ အကယ်၍ ဒါယကာတို့လှူအပ်သောအလှူသည် တမလွန်သို့ သွားလေသောသူတို့အား ရောက်သည်ဖြစ်အံ့၊ ထိုကုသိုလ်၏အကျိုးကို တမလွန်သို့သွားသော သူတို့အားအကယ်၍ ခံစားရကုန်အံ့၊ ထိုသို့ဖြစ်သည်ရှိသော်အကြင်သူသည် သူ၏အသက်ကိုသတ်၏၊ ကြမ်းထမ်းရုန့်ရင်းသောလက်၌ သွေးအလိမ်းလိမ်းရှိသော ပြစ်မှားလိုသောအကြံရှိ၍လူတို့ကိုသတ်၍ ကြမ်းထမ်းသော အမှုကိုပြုပြီးသော် ဤငါပြုအပ်သောအကုသိုလ်၏ အကျိုးသည်ရှေးလွန်လေသော သူတို့အားရပါလေစေ၊ရောက်ပါလေစေသောဟု ရည်မှတ်၍ပေးအံ့၊ စင်စစ် ထိုအကုသိုလ်၏အကျိုးသည် ရှေးလွန်လေသောသူတို့အား ရောက်ရာသလော

ဟုဆိုသော် မင်းကြီး၊ မကောင်းမှု၏အကျိုးသည့်လွန်လေသောသူတို့အားမရရာမရောက်ရာဟုဆို၏။

(မိလိန္ဒမင်း၏နှလုံးသွင်းကား လွန်လေသောသူတို့အားရည်မှတ်၍ လှူသောအလှူ၏အကျိုးသည် ပရဒတ္တူပဇီဝိပြိတ္တာတို့အား ရည်၍ချမ်းသာခြင်းရှိ၏ဟုဆိုခဲ့သော် အခြင်သူသည်မကောင်းမှုကိုကျင့်၏၊လွန်လေသောသူတို့အားရည်မှတ်၍ အကုသိုလ်၏အကျိုးကိုရပါစေဟုဝေသော်ရပါမည်လော၊ ကုသိုလ်နှင့်အကျိုးပေးအလားတူမည်လောဟု တရားစကားကိုလှုပ်ချောက်ချား၍မေးပြန်သည်၊ ဤကားစကားချပ်။)

အရှင်ဘုရား၊ ထိုကုသိုလ် အကုသိုလ်တို့တွင်ကုသိုလ်အကျိုးမှုကား လွန်လေသော သူတို့အားရောက်၏၊ အကုသိုလ်၏ အကျိုးမှုကား မရောက်လေခြင်းသည့် အကြောင်း အဘယ်သို့ ရှိအံ့နည်းဟု ဆိုပြန်သော် မင်းကြီး၊ ဤအမေးပြဿနာကို ပညာရှိတို့အား မမေးအပ်၊ မင်းကြီး၊ သင်မင်းကြီး၏အမေးကို ဖြေတတ်သောသူရှိ၏ဟူ၍ မမေးပါလင့်၊ မင်းကြီး၊ သင်မင်းကြီးသည် ကောင်းကင်သည့် အဘယ်အကြောင်းကြောင့် စွဲလမ်းရာမရှိသနည်း၊ ဂင်္ဂါရေသည် အဘယ်အကြောင်းကြောင့် အညာသို့မဆန်သနည်း၊ ဤလူတို့ကား အဘယ့်ကြောင့် အခြေနှစ်ချောင်းရှိလေကုန်သနည်း၊ ဤငှက်တို့ကား အဘယ့်ကြောင့် အခြေနှစ်ချောင်းရှိလေကုန်သနည်း၊ ဤသားသမင်တို့ကား အဘယ့်ကြောင့် အခြေလေးချောင်းရှိလေကုန်သနည်းဟု မေးပြန် လတ္တံ့ဟုဆိုသော် အရှင်ဘုရား၊တကာတော်သည် ညှဥ်းဆဲနှိပ်စက် ပင်ပန်းစေလိုသောကြောင့် မမေးပါ၊ စင်စစ်သော်ကား တကာတော်သည် ယုံမှားသက်ာရှိသည်ကို ငြိမ်းစိမ့်သော၄ါသာ မေးပါသည်၊လောက၌ လူများတို့သည် ယုတ်သောအမှုအရာသို့လိုက်ကုန်၍ မိုက်မဲကုန်၏၊ ထိုလူအပေါင်းတို့သည် အခွင့်ကိုမရနိုင်ကုန်ရာ၊ အဘယ်သို့လျှင် သိအပ်သော အခွင့်ကိုရပါအံ့နည်းဟု တကာတော်မေးပါသည်ဟုဆိုသော်။ ။ မင်းကြီး၊ ဤတွေးတောသော အနုမာနဉာဏ်ဖြင့် အဆောတလျင် မကောင်းမှုကံကို ဝေဘန်ခွဲခြမ်းခြင်းငှါ မတတ်နိုင်ကောင်း၊ မင်းကြီး၊ ဥပမာသော်ကား လူတို့သည်ရေကိုဝေးသောအရပ်သို့ ဆောင်နိုင်ကုန်၏၊စင်စစ်သော်ကား ကျောက်အတိတခဲနက်ပြီးသောတောင်ကိုတက်စိမ့်သော၄ါ ရေမြောင်းဖြင့် အလိုရှိရာသို့ ဆောင်ယူခြင်းငှါ တက်နိုင်ကောင်းအံ့လောဟု ဆိုသော် အရှင်ဘုရား၊ ကျောက်တောင်ထက်သို့တင်

၍ တက်စိမ့်သော၄ါ မတတ်နိုင်ဟုဆိုလျှင် မင်းကြီး၊ ထို့အတူ ကုသိုလ်ကို ဝေဘန်ခြင်းငှါ တတ်နိုင်ကောင်းသော်လည်း အကုသိုလ်ကိုဝေဘန်ခြင်းငှါ မတတ်နိုင်စကောင်း။

မင်းကြီး၊ ဥပမာတနည်းသော်ကား ဆိဖြင့်မီးကို ထွန်းခြင်းငှါတတ်နိုင်၏၊ စင်စစ်ရေဖြင့်မီးထွန်းခြင်းငှါ တတ်နိုင်အံ့လောဟုဆိုသော် အရှင်ဘုရား၊ ရေဖြင့်မီးထွန်းခြင်းငှါ မတတ်နိုင်ရာချေဟု ဆိုပြန်လျှင် မင်းကြီး၊ ထို့အတူ ကုသိုလ်ကိုဝေဘန်ခြင်းငှါ တတ်နိုင်ကောင်း၏၊ အကုသိုလ်ကို ဝေဘန်ခြင်းငှါ မတတ်နိုင်ရာ၊ မင်းကြီး၊ ဥပမာ တနည်းသော်ကား လယ်လုပ်ယောကျ်ားတို့သည် တဘက်ဆည်းကန်မှရေကိုထုတ်၍ စပါးကိုအောင်စေကုန်၏၊ စင်စစ်သော်ကား ထိုယောကျ်ားတို့သည် သမုဒ္ဒရာမှရေကိုထုတ်၍ စပါးကိုအောင်စေ ရှင်စေအံ့သောငှါတတ်နိုင်အံ့လောဟု ဆိုသော် အရှင်ဘုရား၊ မတတ်နိုင်ရာချေဟုဆိုလျှင် မင်းကြီး၊ ထို့အတူ ကုသိုလ်ကိုဝေဘန်ခြင်းငှါ တတ်နိုင်ကောင်း၏၊ အကုသိုလ်ကိုဝေဘန်ခြင်းငှါမတတ်နိုင်ရာဟု ဆိုသော် အရှင်ဘုရား၊ အဘယ်အကြောင်းကြောင့် ကုသိုလ်ကိုဝေဘန်ခြင်းငှါတတ်နိုင်သနည်း၊ အကုသိုလ်ကို ဝေဘန်ခြင်းငှါ မတတ်နိုင်သနည်း၊ အကြောင်းဖြင့်တကာတော်ကို သိပါစေလော့၊ တကာတော်သည် ပညာဟူသော အလင်းကိုမရ၍သော ရှိပါသည့်၊ မိုက်မဲသောသူမဟုတ်၊ ကြားနာရသော် သိပါလတ္တံ့ဟု ဆိုသော် မင်းကြီး၊ အကုသိုလ်သည်နည်း၏၊ ကုသိုလ်သည်များ၏၊ အကုသိုလ်ကံ၏ နည်းသည်၏အဖြစ်ကြောင့် အပြစ်ကိုပြုဆဲဆဲ၌ သာလျှင် ကုန်၏၊ ပျောက်၏၊ ကုသိုလ်သည်များသည်၏အဖြစ်ကြောင့် နတ်နှင့်တကွသော လောကကို လွှမ်းမိုးနိုင်၏ဟု ဆိုသော် အရှင်ဘုရား၊ ဥပမာပြုဦးလော့ဟုဆိုပြန်လျှင် မင်းကြီး၊ ဥပမာသော်ကား အနည်းငယ်ဖြစ်သော ရေပေါက်သည် မြေ၌ကျ၏၊ ထိုအနည်းငယ် ကျသော ရေပေါက်သည် ဆယ်ယူဇနာ တဆဲ့နှစ်ယူဇနာ တိုင်တိုင် နှံ့နိုင်ရာ၏လောဟု ဆိုသော် အရှင်ဘုရား၊ ထိုရေပေါက်သည် မနှံ့နိုင်ရာချေ၊ ထိုကျရာအရပ်၌ ပင်လျှင် ကုန်ခန်းရာ၏၊ အဘယ့်ကြောင့်နည်းဟူမူကား အရှင်ဘုရား၊ ရေပေါက်ကိုသာဝေဘန်လောက်၊ နည်းသည်၏ အဖြစ်ကြောင့်တည်းဟု ဆိုသော် ထိုကဲ့သို့အကုသိုလ်သည် နည်းသည်၏အဖြစ်ကြောင့် နည်းသော အမှုကိုပြု၍ ကုန်ခန်းလေ၏၊ ဝေဘန်ခြင်းငှါမတတ်ကောင်း။

မင်းကြီး၊ ဥပမာတနည်းသော်ကား သည်းလှစွာသော မိုးသည်းကြီးသည် မြေအပြင်၌နှံ့စေလျက် အလွန်ရွာ၏၊ စင်စစ်ထိုမိုးသည်းကြီးသည် ထက်ဝန်းကျင်လွှမ်းမိုး၍ ရွာ၏လောဟုဆိုသော် အရှင်ဘုရား၊ ထိုမိုးသည်းကြီးသည် ထုံးအိုင်, သစ်ပင်, သစ်ခက်, ချောက်, တဘက်ဆည်းကာနို, ရေတွင်း,လေးထောင့်ကန်, ဆယ်ယူဇနာ, တဆဲ့နှစ်ယူဇနာ တိုင်တိုင်နှံ့ရာ၏ဟုဆိုသော် မင်းကြီး၊ အဘယ့်ကြောင့် နှံ့လေသနည်းဟုဆိုလျှင် အရှင်ဘုရား၊ ရေများသည်၏ အဖြစ်ကြောင့်တည်းဟုဆို၏၊ မင်းကြီး၊ ထိုကဲ့သို့ ကုသိုလ်များသည်၏ အဖြစ်ကြောင့် နတ်လူတို့သည်လည်း ကောင်းစွာ ဝေဘန်အံ့သော၌ တတ်ကောင်း၏ဟုဆိုသော် အရှင်ဘုရား၊ အဘယ်အကြောင်းကြောင့် ကုသိုလ်တရားသည် အကျိုးများလေသနည်းဟုဆိုပြန်သော် မင်းကြီး၊ ဤလောက၌ အကြင်သူသည် အလှူဒါနပေး၏၊ သီလဆောက်တည်၏၊ ဥပုသ်ကံကိုပြု၏၊ ထိုသူသည် ဝမ်းရွှင်ဝမ်းသာ ကြည်ညိုခြင်းသဘောရှိ၍ အဆင့်ဆင့်ပီတိဖြစ်၏၊ ပီတိဖြစ်သော် လွန်စွာကုသိုလ်ပွါး၏၊ မင်းကြီး၊ ဥပမာသော်ကား ရေပြည့်သော ရေတွင်း၌ တဘို့သောအရပ်ဖြင့် ရေသည်ဝင်၏၊ တဘို့သော အရပ်မှ ရေသည် ထွက်၏၊ ရေထွက်သော်လည်း အဆင့်ဆင့်ရေသည်ဖြစ်ပြန် ဝင်ပြန်၏၊ ခပ်ယူ၍မကုန်နိုင်ရာ၊ ကုန်ခြင်းသို့ ရောက်စိမ့် သော၌မတတ်နိုင်ရာ၊ မင်းကြီး၊ ထိုကဲ့သို့ ကုသိုလ်သည် လွန်စွာ လွန်စွာပွါး၏၊ မင်းကြီး၊ ယောကျ်ားသည် အကယ်၍ အနှစ် တရာပတ်လုံးလည်း ကုသိုလ်ကို ဆင်ခြင်သော် ဆင်ခြင်တိုင်း ဆင်ခြင်တိုင်း လွန်စွာ လွန်စွာကုသိုလ်ပွါး၏၊ ထိုယောကျ်ား၏ ကုသိုလ်ကို အလိုရှိသောသူတို့နှင့်အတူတကွ ဝေဘန်ခွဲခြမ်းခြင်း၌ တတ်ကောင်း၏၊ မင်းကြီး၊ ကုသိုလ်သည်များ၏ဟူသောစကား၌ ဤသည်လျှင်အကြောင်းတည်း။ ။မင်းကြီး၊ အကုသိုလ်ကို ပြုမိသည်ရှိသော် နောက်ကာလ၌ နှလုံးမသာရှိတတ်၏၊ နှလုံးမသာရှိသောသူအား စိတ်သည်တွန့်၏၊ စိတ်မပြန့်၊ ကုန်ခန်း၏၊ မပွါး၊ ထိုပြုဆဲကာလ၌ပင်လျှင်စိတ်ကိုသိမ်းဆည်းတတ်၏၊ မင်းကြီး၊ ဥပမာသော်ကား ရေခန်းခြောက်သောမြစ်၌ အညာမှကောက်တကျစ် အနည်းငယ်သော ရေသစ်လာသော်လည်း ယုတ်လျော့ ခန်းခြောက်၏၊ မပွါး၊ ထိုအရပ်၌ ပင်လျှင် ကုန်လေ၏၊ ထို့အတူ အကုသိုလ်ပြုသောသူ၏စိတ်သည် တွန့်၏၊ မပြန့်၊ စိုးရိမ်ပူပန်ကုန်ခန်း၏၊ ထိုအခါပင်လျှင် ကုန်လေ ခန်းလေ

ပျောက်လေ၏။ မင်းကြီး၊ ဤသည့်ပျှင် အနည်းငယ်သောအကုသိုလ်၏ အဖြစ်အကြောင်းတည်းဟုဆိုသော် အရှင်ဘုရား၊ ကောင်းလှပေ၏၊ အရှင်ဘုရားဆိုတိုင်း တကာတော်ဝန်ခံပါ၏ဟု ဝန်ခံလေ၏၊

ပုဗ္ဗပေတာဒိသပဉှာပြီး၏။

---

## ၁၆၂။ သုပိနပဉှာ

**အိပ်မက်ပြဿနာ**·····မိလိန္ဒမင်းသည် အရှင်ဘုရား၊ ဤလောကန္တဲ့ ယောကျ်ားမိန်းမတို့သည် အိပ်မက်ကို မြင်မက်ကြကုန်၏၊ ကောင်းသောအမူအရာ မကောင်းသောအမူအရာ ရှေး၌မြင်ဘူးသည် မမြင်ဘူးသည် ဘေးရှိသည်ဘေးမရှိသည်ကိုရင်း၊ ဝေးသောအရပ်၌ရင်း မြင်မက်ကုန်၏၊ အချို့သောသူတို့သည် အထူးထူး အပြားပြား အရာအထောင်မကသောအဆင်းသဏ္ဍာန်ကိုမြင်မက်ကုန်၏၊ အိပ်မက်သည်ကား အသို့နည်း၊ ထိုအိပ်မက်ကို အဘယ်သူမြင်မက်သနည်းဟု ဆို၏။

မင်းကြီး၊ အိပ်မက်သည် စိတ်အားထင်ခြင်းသို့ ရောက်၏၊ ဤထင်ခြင်းသို့ရောက်သောအာရုံသည် အိပ်မက်မည်၏ဟု ဖြေ၏။

ဘန္တေ နာဂသေန ဣမသ္မိံ လောကေ နရနာရိယော သုပိနံ ပဿန္တိ၊ ကလျာဏမ္ပိ ပါပကမ္ပိ ဒိဋ္ဌပုဗ္ဗမ္ပိ အဒိဋ္ဌပုဗ္ဗမ္ပိ ခေမမ္ပိ သဘယမ္ပိ ဒူရေပိ ဒိဿန္တိ၊ ကေစိ ဗဟုဝိဓာနိပိ အနေကဝဏ္ဏ သဟဿာနိ ဒိဿန္တိ၊ ကိမ္ဗေတံသုပိနံနာမ ကောစေတံ ပဿတိတိ၊ နိမိတ္တမေတံ မဟာရာဇ သုပိနံနာမ ယံ စိတ္တဿ အာပါတ မုပဂစ္ဆတိတိ။ ။ဟူသည်တည်း။

ဘန္တေနာဂသေန၊ ရှင်နာဂသေနမထေရ်။ ဣမသ္မိံလောကေ၊ ဤလောက၌။ နရနာရိယော၊ ယောကျ်ားမိန်းမတို့သည်။ သုပိနံ၊ အိပ်မက်ကို။ ပဿန္တိ၊ မြင်မက်ကုန်၏။ ကလျာဏမ္ပိ၊ ကောင်းသည်ကိုရင်း။ ပါပကမ္ပိ၊ မကောင်းသည်ကိုရင်း။ ဒိဋ္ဌပုဗ္ဗမ္ပိ၊ ရှေး၌မြင်ဘူးသည်ကိုရင်း။ အဒိဋ္ဌပုဗ္ဗမ္ပိ၊ ရှေး၌မမြင်ဘူးသည်ကိုရင်း၊ ခေမမ္ပိ၊ ဘေးမရှိသည်ကိုရင်း။ သဘယမ္ပိ၊ ဘေးရှိသည်ကိုရင်း။ ဒူရေပိ၊ ဝေးသောအရပ်၌ရင်း။ ဒိဿန္တိ၊ ထင်ကုန်

၏။ ကေစိ၊ အချို့သောသူတို့သည်။ ဗဟုပိဓာနိပိ၊ အထူးထူးအပြားပြား လည်းရှိကုန်သော။ အနေကဝဏ္ဏသဟာသာနိ၊ အထောင်မကသော အဆင်းသဏ္ဌာန်တို့ကို။ ဒိဿန္တိ၊ထင်ကုန်၏။ တေံသုပိနံနာမ၊ ထိုအိပ်မက် မည်သည်။ ကိဥ္စ၊ အဘယ်သို့နည်း။ တံ ထိုအိပ်မက်ကို။ ကောစ၊ အဘယ်သူ သည်လည်း။ ပဿတိ၊ မြင်မက်သနည်း။ ဇာတိ၊ ဤသို့။ ပုစ္ဆိ၊မေး၏။ မဟာ ရာဇ၊ မင်းကြီး။ ယံ၊အကြင်အိပ်မက်သည်။ စိတ္တဿ၊စိတ်အား။ အာပါတံ၊ ထင်ခြင်းသို့။ ဥပဂစ္ဆတိ၊ ရောက်၏။ တေံနိမိတ္တံ၊ ဤအာရုံထင်ခြင်းသည်။ သုပိနံနာမ၊ အိပ်မက်မည်၏။ ။ဤသို့လျှင် အိပ်မက်၏ဖြစ်ကြောင်းကို အကျဉ်းပြပြီး၍ အကျယ်ပြပြန်၏၊

ဆယိမေ မဟာရာဇ သုပိနံ ပဿန္တိ၊ဝါတိကော သုပိနံ ပဿ တိ၊ ပိတ္တိကော သုပိနံ ပဿတိ၊ သေမှိကော သုပိနံ ပဿတိ၊ဒေဝ တူပသံဟာရတော သုပိနံ ပဿတိ၊သမုဒါ စိဏ္ဏတော သုပိနံ ပဿတိ၊ ပုဗ္ဗနိမိတ္တတော သုပိနံပဿတိ၊ တတြ မဟာရာဇယံ ပုဗ္ဗနိမိတ္တတော သုပိနံ ပဿတိ၊ တံ ယေဝသစ္စံ၊ အဝသေသံ မိစ္ဆာတိ၊ ။ဟူသည်တည်း။

မဟာရာဇ၊ မင်းကြီး။ ဝါတိကော၊ လေဓာတ်ပျက်သောသူသည်။ သုပိနံ၊ အိပ်မက်ကို။ ပဿတိ၊ မြင်တတ်၏။ ပိတ္တိကော၊ သည်းခြေ ပျက်သော သူသည်။ သုပိနံ၊ အိပ်မက်ကို။ ပဿတိ၊ မြင်တတ်၏။ သေမှိကော၊သလိပ်ပျက်သောသူသည်။ သုပိနံ၊ အိပ်မက်ကို။ ပဿတိ၊ မြင်တတ်၏။ ဒေဝတူပသံဟာရတော။ နတ်တို့လှည့်ပတ်သည် ဖြစ်၍။ သုပိနံ၊ အိပ်မက်ကို။ ပဿတိ၊ မြင်တတ်၏။ သမုဒါစိဏ္ဏတော၊ လေ့ ကျက် သုံးဆောင်ခြင်းရှိသည်ဖြစ်၍။ သုပိနံ၊ အိပ်မက်ကို။ ပဿတိ၊ မြင်တတ်၏။ ပုဗ္ဗနိမိတ္တတော၊ ပုဗ္ဗနိမိတ်ဖြစ်သောကြောင့်။ သုပိနံ၊ အိပ် မက်ကို။ပဿတိ၊မြင်တတ်၏။ ဇာတိ၊ ဤသို့။ဇာမေဆ၊ဤခြောက်ယောက် သောသူတို့သည်။ သုပိနံ၊ အိပ်မက်ကို။ ပဿန္တိ၊ မြင်မက်ကုန်၏။ တတြ၊ ထိုခြောက်ပါးသောအိပ်မက်တို့တွင်။ ပုဗ္ဗနိမိတ္တတော။ ပုဗ္ဗနိမိတ် ကြောင့်။ယံသုပိနံ၊အကြင်အိပ်မက်ကို။ ပဿတိ၊မြင်တတ်၏။ တံယေဝ၊ ထိုပုဗ္ဗနိမိတ်သာလျှင်။ သစ္စံ၊ မှန်၏။ အဝသေသံ၊ ထိုမှကြွင်းသော အလုံးစုံသော အိပ်မက်သည်။ မိစ္ဆာ၊ မှား၏။ ဇာတိ၊ ဤသို့။ ဝုတ္တံ၊ ဆိုအပ်သည်ရှိသော်-

အရှင်ဘုရား၊ ပုဗ္ဗနိမိတ်အားဖြင့် အိပ်မက်ကိုမြင်မက်သော် ထိုမက်သောသူ၏စိတ်သည်မိမိအလိုလိုသွား၍ ထိုအာရုံကိုရွေးချယ်သလော၊ ထိုအာရုံသည်မှုလည်း စိတ်အား ထင်ခြင်းသို့ ရောက်လာသလော၊ တပါးသောသူသည်မှုလည်း လာ၍ ထိုသူအား ကြားလာသလောဟုဆိုသော် မင်းကြီး၊ ထိုသူ၏စိတ်သည် အလိုလိုသွား၍ ထိုအာရုံကိုမရွေးချယ်၊ တပါးသော သူသည်မှုလည်းလာ၍မကြား၊ ထိုအိပ်မက်သောကာလထိုနိမိတ်သည်လျှင် စိတ်အားထင်ခြင်းသို့ရောက်၏၊ မင်းကြီး၊ ဥပမာသော်ကား ကြေးမုံပြင်သည် တစုံတခုသို့သွား၍ အရိပ်ကိုမရွေးချယ်၊ တပါးသောသူသည်မှုလည်းအရိပ်ကို ဆောင်ခဲ့၍ ကြေးမုံပြင်ကိုမကြား၊ ထိုအခါတစုံတခုသော အရပ်မှအရိပ်လာ၍ ကြေးမုံပြင်အား ထင်ခြင်းသို့ရောက်၏၊ မင်းကြီး၊ ထို့အတူ ထိုသူ၏စိတ်သည်အလိုလိုသွား၍ ထိုနိမိတ်ကိုမရွေးချယ်၊ တပါးသော သူသည်မှုလည်းလာ၍ မကြား၊ ထိုအခါတစုံတခုသော အရပ်မှ အာရုံသည်လာ၍ စိတ်အား ထင်ခြင်းသို့ရောက်၏ဟုဆိုသော် အရှင်ဘုရား၊ အကြင်စိတ်သည်အိပ်မက်ကိုမြင်မက်၏၊ ထိုစိတ်သည်ဤမည်သော အကျိုးဖြစ်လတ္တံ့ဟူ၍ ငှင်း၊ ဘေးမရှိဟူ၍ငှင်း၊ ဘေးရှိ၏ဟူ၍ငှင်း သိရာသလောဟုဆိုသော် ထိုအိပ်မက်သောစိတ်သည်ဘေးမရှိသည် ဘေးရှိသည်ကိုမသိ၊ အာရုံနိမိတ်ဖြစ်သည်ရှိသော် တပါးသော သူတို့အား ပြော၏၊ ထိုအခါ ထိုတပါးသောသူတို့သည် အနက်အဓိပ္ပါယ်ကိုပြော၏ဟု ဆိုသော်—

အရှင်ဘုရား၊ ဥပမာပြပါဦးလော့ဟုဆို၏၊မင်းကြီး၊ဥပမာသော်ကား ကိုယ်၌ မှဲ့, ဝက်ခြံ, ပွေး, ညှင်း, တင်းတိပ်တို့သည် ပေါက်ကုန်၏၊ ထိုသို့ပေါက်သော မှဲ့, ဝက်ခြံ, ပွေး, ညှင်း, တင်းတိပ် တို့သည် ဤမည်သော အကျိုးကိုငါတို့ပေးကုန်အံ့ဟုသိ၍ ပေါက်ကြကုန်သလောဟုဆိုသော် အရှင်ဘုရား၊ အမှတ်မရှိသောအရပ်၌ မှဲ့, ဝက်ခြံ, ပွေး, ညှင်း, တင်းတိပ်တို့သည် ကောင်းစွာဖြစ်ကုန်၏၊ ထိုမှဲ့, ဝက်ခြံ, ပွေး, ညှင်း, တင်းတိပ်တို့သည်ဤမည်သော အကျိုးဖြစ်လတ္တံ့ဟု မကြားကုန်ဟုဆိုသော် မင်းကြီး၊ ထိုကဲ့သို့အကြင်စိတ်သည် အိပ်မက်ကိုမြင်မက်၏၊ ထိုစိတ်သည် ဤမည်သောအကျိုးဖြစ်လတ္တံ့ဟုမသိ၊ အိပ်မက်မြင်သည်ရှိသော်ဘေးမရှိမည်ကိုငှင်း၊ ဘေးရှိမည်ကိုငှင်း၊ သူတပါးအားပြော၏၊ ထိုအခါ ထိုသူတို့သည် အကျိုးအကြောင်းကို ပြောကြကုန်၏

ဟုဆိုလျှင် အရှင်ဘုရား၊ အကြွင်းသူသည် အိပ်မက်ကို မြင်မက်၏၊ ထိုသူသည်အိပ်ပျော်၍ဘဝင်ကျခိုက်မြင်မက်သလောဟုဆိုပြန်သော် အကြွင်းသူသည်အိပ်မက်ကိုမြင်မက်၏၊ ထိုသူသည် အိပ်ပျော်၍ ဘဝင်ကျခိုက် မမြင်မက်၊ နိုးစဉ်လည်းမမြင်မက်၊ မင်းကြီး၊ စင်စစ်သော်ကား ငိုက်မျဉ်းသောကာလ၌ ဘဝင်စိတ်သည်မဖြစ်တတ်သေး၊ ချမ်းသာဆင်းရဲကိုလည်းမသိသေး၊ မသိသေးသောသူအား အိပ်မက်သည်မမက်သေး၊ ဘဝင်မကျခင်ဖြစ်သောစိတ်သည်အိပ်မက်ကိုမြင်မက်၏။

မင်းကြီး၊ ဥပမာသော်ကား အရောင်မရှိသောအမိုက်တိုက်၌ကြေးမုံပြင်စင်ကြယ်သော်လည်း အရိပ်သည် မထင်နိုင်သကဲ့သို့ ထို့အတူ မင်းကြီး၊ ငိုက်မျဉ်းခြင်းသို့သက်ပြီးသော် ကိုယ်ထင်ရှား တည်ပြီးသော်လည်းသိအံ့သောစိတ်မဖြစ်၊ သိအံ့သော စိတ်မဖြစ်သည်ရှိသော် အိပ်မက်ကိုမမြင်မက်၊ မင်းကြီး၊ ကြေးမုံပြင်ကဲ့သို့ လူ၏ကိုယ်ကို မှတ်အပ်၏၊ အမိုက်တိုက်ကဲ့သို့ ငိုက်မျဉ်းသောအခါကိုမှတ်အပ်၏၊ အလင်းကလာသကဲ့သို့စိတ်ကိုမှတ်အပ်၏၊ မင်းကြီး၊ ဥပမာတနည်းသော်ကား ကြီးစွာဆီးနှင်းရှိသော်နေမင်း၏အရောင်သည်မထင်၊ နေမင်းသည် ထင်ရှားရှိငြားသော်သည်း အနည်းငယ်မျှ အရောင်ဖြင့် အလင်းကိုမဖြစ်စေနိုင်၊ ထို့အတူ မင်းကြီး၊ ငိုက်မျဉ်းခြင်းသို့သက်သော သူ၏စိတ်သည် ဘဝင်သို့ရောက်သည်ဖြစ်၏၊ ဘဝင်သို့သက်သော စိတ်သည် အိပ်မက်ကိုမဖြစ်စေနိုင်၊ အိပ်မက်မမြင်နိုင်ချေ၊ မင်းကြီး၊ နေမင်းကဲ့သို့ လူ၏ကိုယ်ကိုမှတ်အပ်၏၊ ဆီးနှင်းကဲ့သို့ ငိုက်မျဉ်းခြင်းကို မှတ်အပ်၏၊ နေရောင်ကဲ့သို့စိတ်ကိုမှတ်အပ်၏။

မင်းကြီး၊ နှစ်ယောက်သောသူတို့အား ကိုယ်ထင်ရှားသော်လည်း အိပ်မက်မြင်သောစိတ်မရှိ၊ နှစ်ယောက်သောသူဟူသည်ကား ငိုက်မျဉ်းခြင်းသို့ သက်၍ ဘဝင်ကျသောသူအား ကိုယ်ထင်ရှားရှိသော်လည်း အိပ်မက် မက်သောစိတ်မဖြစ်၊ နိရောဓ သမာပတ်ကို ဝင်စားသော ပုဂ္ဂိုလ်အား ကိုယ်ထင်ရှားရှိသော်လည်း စိတ်သည် ဟာင်းလင်းအပြင်ဖြစ်၍ အိပ်မက် မက်အံ့သောကိစ္စမပြီး၊ ဤသို့သဘောရှိသော သူအားစိတ်၌ အိပ်မက်အံ့သော အာရုံသည် ထင်ခြင်းသို့မရောက်လာ၊ မင်းကြီး၊ ဥပမာသော်ကား လျှို့ဝှက်တိတ်ဆိတ်သော အရပ်ကိုအလိုရှိ

ကုန်သောသူကိုသည်ပရိသတ်တို့ဖြင့် ပြွမ်းသော ဟင်းလင်းအပြင်ဖြစ်သောအရပ်ကို ဝေးစွာကြည့်သကဲ့သို့ မင်းကြီး၊ ထို့အတူ နှီးကြားသောသူအား အိပ်မက်အံ့သောအကြောင်းသည် မထင်၊ ထို့ကြောင့် နှီးကြားသောသူအား အိပ်မက်မမြင်မက်၊ မင်းကြီး၊ ဥပမာတနည်းသော်ကား အသက်မွေးခြင်း ပျက်သော မကောင်းသော အကျင့်ရှိသော သီလမရှိပျင်းရိသော လုံ့လကိုလျော့သော ရဟန်းအား ဗောဓိပက္ခိယကုသိုလ်တရားတို့သည် ထင်ခြင်းသို့ မရောက်ကုန်သကဲ့သို့ မင်းကြီး၊ ထို့အတူ နှီးကြားသောသူအား ထင်ရှားသော အိပ်မက်အံ့သောအကြောင်းသည်ထင်ခြင်းသို့မရောက်၊ ထို့ကြောင့် နှီးကြားသောသူသည် အိပ်မက်ကို မမြင်မက်ဟုဆိုသော် အရှင်ဘုရား၊ ငိုက်မျဉ်းခြင်း၏ အစ အလယ် အဆုံးသည် ရှိသလောဟုဆိုသော် မင်းကြီး၊ ငိုက်မျဉ်းခြင်း၏ အစ အလယ်အဆုံးသည်ရှိ၏ဟုဆိုလျှင် အရှင်ဘုရား၊ ထိုတို့နမိန္ဒ ငိုက်မျဉ်းခြင်း၏ အစ အလယ် အဆုံးသည် အဘယ်သို့ဖြစ်လေသနည်းဟုဆိုသော် မင်းကြီး၊ ကိုယ်၏လေးလံခြင်း, ဘွဲ့ရှက်ခြင်း, အားနည်းခြင်း, အမှုဋ္ဌမခံ့သည်၏ အဖြစ်သည်ရှိ၏၊ ဤသည်လျှင် ငိုက်မျဉ်းခြင်း၏ အစတည်း၊ မင်းကြီး၊ မျောက်မျဉ်းသောအခါ၌ ငိုက်မျဉ်းခြင်းသည် ရောနှောခြင်းသို့ ရောက်၏၊ ဤသည်လျှင် ငိုက်မျဉ်းခြင်း၏အလယ်တည်း၊ဘဝင်ကျသောအခါသည် ငိုက်မျဉ်းခြင်း၏ အဆုံးသို့ရောက်သည် မည်၏၊ငိုက်မျဉ်းခြင်း၏ အလယ်သို့ ရောက်သောသူသည် အိပ်မက်ကိုမြင်မက်၏။

မင်းကြီး၊ ဥပမာသော်ကား တစုံတယောက်သော သူသည် လုံ့လနှင့်ပြည့်စုံ၏၊ တည်ကြည်သောစိတ်လည်းရှိ၏၊ တရား၌လည်း တည်ကြည်၏၊ မတုန်လှုပ်သော ပညာနှင့်လည်းပြည့်စုံ၏၊ ပယ်အပ်သော အုတ်အုတ်ကျက်ကျက်သောအသံကိုပယ်အင်ပြီးသည် ဖြစ်၍ ဆိတ်ငြိမ်ရာအရပ်သို့သွား၍ သိမ်မွေ့သောအနက်အဓိပ္ပါယ်ကိုကြံ၏၊ ထိုပုဂ္ဂိုလ်သည်ထိုအခါ ငိုက်မျဉ်းခြင်းသို့ မသက်၊ ထိုပုဂ္ဂိုလ်သည် ထိုအခါ တည်ကြည်သောစိတ်ရှိသည်ဖြစ်၍ သိမ်မွေ့သော အနက်အဓိပ္ပါယ်ကို ထိုးထွင်း၍သိသကဲ့သို့ မင်းကြီး၊ ထို့အတူ နှီးကြားသော, ငိုက်မျဉ်းခြင်းသို့မရောက်သောသူသည် အိပ်မက်ကိုမမြင်မက်၊ မျောက်မျဉ်းခြင်း၏ အလယ်သို့ ရောက်သောသူသည် အိပ်မက်ကို မြင်မက်၏၊

မင်းကြီး၊ အုတ်အုတ်ကျက်ကျက် ဖြစ်သော အသံကဲ့သို့ နိုးကြား သောအခါကိုမှတ်အပ်၏၊ ဆိတ်ငြိမ်သော အခါကဲ့သို့ ပျောက်မျည်း သောအခါကို မှတ်အပ်၏၊ မင်းကြီး၊ အုတ်အုတ် ကျက်ကျက်သော အခါကို စွန့်၍ ငိုက်မျည်းသောအခါကိုကြဉ်၍ လျစ်လျူဖြစ်၍ ဖြစ်သော သူသည် သိမ်မွေ့သောအနက်ကို ထိုးထွင်း၍ သိသကဲ့သို့ ထို့အတူ နိုးကြားသောသူသည် ငိုက်မျည်းခြင်းသို့မရောက်၊ ပျောက်မျည်းသော အခါသို့ ရောက်သောသူသည် အိပ်မက်ကို မြင်မက်၏ဟု ဆိုသော် အရှင်ဘုရား၊ ကောင်း၏ဟု တကာတော်သည် အရှင်ဘုရားဆိုတိုင်း ဝန်ခံပါ၏ဟုဝန်ခံလေ၏။

သုပိနပဉှာပြီး၏။

## ၁၆၃။ အကာလမရဏပဉှာ

**လူတိုင်းသေချိန်ကျ၍ သေသလော**……မိလိန္ဒ မင်းသည် အရှင် ဘုရား၊ အကြင်သတ္တဝါ တို့သည်သေကုန်၏၊ ထိုအလုံးစုံသောသတ္တဝါတို့သည် သေချိန်ကာလ သို့ရောက်မှလျှင် သေကုန်သလော၊ ထိုသို့မဟုတ်မူကား သေချိန် ကာလသို့မရောက်မီ သေကုန်သလောဟုမေး၏။

မင်းကြီး၊ သတ္တဝါတို့သည် သေချိန်ကာလသို့ရောက်မှလည်း သေ ကုန်၏၊ သေချိန်ကာလသို့မရောက်မီလည်းသေကုန်၏ဟုဆို၏။

> ဘန္တေ နာဂသေန ယေတေ သတ္တာ မရန္တိ၊ သဗ္ဗေတေ ကာလေယေဝမရန္တိ၊ ဥဒါဟု အကာလေပိမရန္တီတိ။ ။အတ္ထိ မဟာရာဇ ကာလေပိမရဏံ၊ အတ္ထိအကာလေပိမရဏန္တိ။ ။ ဟူသည်တည်း။

ဘန္တေနာဂသေန၊ ရှင်နာဂသေနမထေရ်၊ ယေတေသတ္တာ၊ အကြင် သတ္တဝါတို့သည်။ မရန္တိ၊ သေကုန်၏။ သဗ္ဗေ၊ အလုံးစုံကုန်သော။ တေသတ္တာ၊ ထိုသတ္တဝါတို့သည်။ ကာလေယေဝ၊ သေအံ့သောအခါသို့ ရောက်မှသာလျှင်၊ မရန္တိ၊ သေကုန်သလော။ ဥဒါဟု၊ ထိုသို့မဟုတ်မူကား။ အကာလေပိ၊ သေအံ့သောအခါသို့မရောက်မီလည်း။ မရန္တိ၊ သေကုန်သ လော။ ဣတိ၊ ဤသို့။ ပုစ္ဆိ၊ မေး၏။ မဟာရာဇ၊ မင်းကြီး။ ကာလေပိ၊ သေအံ့

သောအခါသို့ရောက်မှလည်း။မရဏံ။သေခြင်းသည်။အတ္ထိ၊ရှိ၏။ အကာလေပိ၊ သေအံ့သောအခါသို့မရောက်ဘဲလည်း။ မရဏံ၊ သေခြင်းသည်။ အတ္ထိ၊ရှိ၏။ ဣတိ၊ဤသို့။ဝတွာ၊ဆိုပြီး၍။

မင်းကြီး၊ သင်မင်းကြီးသည် အသီးရှိသောသရက်ပင် သပြေပင် တပါးသော သစ်ပင်တို့၏ အသီးတို့သည် စိမ်းသော်ရင်း, အသီးမှည့်သော်ရင်း သစ်ပင်မှ ကြွေကျသည်တို့ကို မြင်ဘူး၏လောဟု မေးသော် အရှင်ဘုရား၊အသီးတို့သည် အစိမ်းသော်ရင်း၊ မှည့်၍သော်ရင်း ကြွေကျသည်တို့ကို မြင်ဘူးကုန်၏ဟု ဆိုလျှင် မင်းကြီး၊အကြင်အကြင် သစ်သီးတို့သည် သစ်ပင်မှကြွေကျကုန်၏၊ ထိုအလုံးစုံသောသစ်သီးတို့သည် အခါအချိန်ရောက်မှကြွေသလော ထိုသို့မဟုတ် အခါအချိန် မရောက်ဘဲလျက်လည်း ကြွေသလောဟုဆိုပြန်သော် အရှင်ဘုရား၊ အကြင်သစ်သီးတို့သည် မှည့်မှကြွေကုန်၏၊ ထိုသစ်သီးတို့သည် အခါအချိန်ရောက်မှ ကြွေသည်မည်ကုန်၏၊ ဆိုအပ်ပြီးသည်မှ ကြွင်းသော သစ်သီးတို့တွင် အကြင်သစ်သီးတို့သည် နုသောသဘောရှိကုန်၏၊ ထိုနုသော သစ်သီးတို့တွင် အချို့သောသစ်သီးတို့သည်မူကား ပိုးထိုး၍ ကျကုန်၏၊ အချို့သောသစ်သီးတို့သည်မူကား လှံတံဖြင့်ခတ်မိ၍ ကျကုန်၏၊ အချို့သောသစ်သီးတို့သည်မူကား လေခတ်သဖြင့်ကျကုန်၏၊ အချို့သောသစ်သီးတို့သည်မူကား အညှာပုပ်သောကြောင့် ကြွေကျကုန်၏၊ထိုသစ်သီးတို့သည် အခါအချိန်မရောက်ဘဲလျက် ကြွေကျကုန်သည် မည်ကုန်၏ဟုဆိုသော် မင်းကြီး၊ထို့အတူအကြင်သတ္တဝါတို့သည် ဇရာတရား၏အဟုန်သည် ခတ်အပ်သည်ဖြစ်၍ သေကုန်၏၊ ထိုသတ္တဝါတို့သည်သာ အခါအချိန် ရောက်သဖြင့် သေသည်မည်ကုန်၏။

ဆိုအပ်ပြီးသည်မှကြွင်းသော သတ္တဝါတို့၏သေခြင်းသည်ကား အချို့သော သတ္တဝါတို့သည် ကံနှိပ်စက်၍လည်း သေကုန်၏၊ဂတိနှိပ်စက်၍လည်း သေကုန်၏၊အမှုအရာနှိပ်စက်၍လည်း သေကုန်၏ဟုဆိုသော် အရှင်ဘုရား၊အကြင်သတ္တဝါတို့သည်ကံနှိပ်စက်သောကြောင့်ရင်း၊ဂတိနှိပ်စက်သောကြောင့်ရင်း အမှုအရာနှိပ်စက်သောကြောင့်ရင်း၊ဇရာ အိုခြင်းတရားအဟုန်သည် နှိပ်စက်သောကြောင့်ရင်း သေကြကုန်အံ့၊ ထိုသေခြင်းတို့သည် သေချိန်အခါကာလသို့ ရောက်၍ သေသည်မည်ကုန်၏

တကား၊ အချို့သောသတ္တဝါတို့သည် မိခင်ဝမ်းတွင်း၌သေ၏၊ ထိုသေခြင်းသည် အချိန်ကာလ၌သာလျှင် သေသည်မည်ကောင်း၏၊ အချို့သော သတ္တဝါတို့သည် သားဘွားရာအိမ်၌ သေ၏၊ ထိုသေခြင်းသည်လည်း အချိန်ကာလ၌ သေသည်မည်ကောင်း၏၊အကြွင်းသူသည် အနှစ်တရာရှိ၍သေ၏၊ ထိုသူအား ထိုကာလသည် အခါရောက်၍ သေသည်မည်၏၊အရှင်ဘုရား၊ထို့ကြောင့် အခါမရောက်ဘဲလျက် သေသောမည်သည် မဖြစ်စကောင်း၊ ထိုသေသော သတ္တဝါအပေါင်းသည် အခါအချိန်ရောက်၍ သေသည်မည်ကုန်၏တကားဟု ဆိုသော် မင်းကြီး၊ အသက်သည် အထက်ကာလ လွန်စွာရှိသေးလျက်လည်း အကာလအချိန်အခါမဟုတ်ဘဲလျက် ဤဆိုလတ္တံ့သော ခုနစ်ပါးသော အကြောင်းကြောင့်လည်း သေကုန်၏။

**အကာလမရဏ ၇–ပါး**······ခုနစ်ပါးဟူသော် အဘယ်သည်တို့နည်းဟူမူကား။ ။(၁)အစာ အာဟာရကိုမရ၊ မွတ်သိပ်၍သေရခြင်းသည် အသက်ကြွင်းရှိသေးလျက် အခါမဟုတ်သောသေခြင်းမည်၏၊(၂)သောက်ရေကိုမရ၊နှလုံးခြောက်ကပ်၍သေခြင်းသည် အသက်အထက်သို့ရှိသေးလျက် သေခြင်းကြောင့် အကာလသေခြင်းမည်၏။ (၃) မြွေခဲအပ်သည်ဖြစ်၍ အဆိပ်ဖြင့် မွှမ်းသောသူသည် ဆေးသမားကိုမရ၍ အထက်သို့အသက်ကြွင်းရှိသေးလျက်သေ၏၊ ဤသည်း အကာလသေသည်မည်၏၊ (၄) အဆိပ်ကိုစားမိသော သူသည်ကား အင်္ဂါကြီးငယ်တို့သည် လောလောပူသော်လည်း ဆေးကိုမရ၍ အသက်ကြွင်းရှိသေးလျက် သေ၏၊ဤလည်း အကာလသေသည်မည်၏၊ (၅)မီးလောင်သောသူသည် ငြိမ်းစေဘတ်သော ဆေးကိုမရ၍ အသက်ကြွင်းရှိသေးလျက် သေ၏၊ ဤလည်း အကာလသေသည် မည်၏၊ (၆) ရေနစ်သော သူသည် ကိုးကွယ်ဆောက်တည်ရာကို မရ၍ အသက်ကြွင်းရှိသေးလျက်သေ၏၊ ဤလည်း အကာလသေသည်မည်၏၊ (၇) ထား, လှံထိုးမိသောသူသည် ဆေးသမားကိုမရ၍ အထက်သို့ အသက်ကြွင်းရှိသေးလျက်သေ၏၊ ဤလည်း အကာလသေသည်မည်၏။ ။မင်းကြီး၊ ဤခုနစ်ပါးသောအကြောင်းတို့ဖြင့် သတ္တဝါတို့၏သေခြင်းသည် အထက်သို့အသက်ကြွင်းရှိသေးလျက် သေသည်မည်၏။

**သေခြင်း ၈ ရှစ်မျိုး**……မင်းကြီး၊ ထိုစကား၌ ငါသည် ဇောက်နိစ်စစ် အားဖြင့်ဆိုဦးအံ့၊ မင်းကြီး၊ သတ္တဝါတို့၏ သေခြင်းသည် ရှစ်ပါးအပြားရှိ၏၊ ရှစ်ပါးဟူသော်ကား (၁) လေထိုးကျင် သောကြောင့်ရင်း၊ (၂) သလိပ်ကြောင့်ရင်း၊ (၃)သည်းခြေပျက်သော ကြောင့်ရင်း၊ (၄)လေ,သည်းခြေ,သလိပ်စုဝေးသော သန္နိပါတ်ကြောင့် ရင်း၊ (၅)ဥတုဘောက်ပြန်သောကြောင့်ရင်း၊ (၆)အစာအာဟာရမညီ မညွတ်သောကြောင့်ရင်း၊ (၇)သူတပါး၏လုံ့လကြောင့်ရင်း၊ (၈)ကံ၏ အကျိုးကြောင့်ရင်း၊ ဤရှစ်ပါးသော အကြောင်းတို့ကြောင့် သတ္တဝါတို့၏ သေခြင်းသည်ဖြစ်၏၊ မင်းကြီး၊ ဤရှစ်ပါးသောအကြောင်းတို့တွင် ကံ၏ အကျိုးကြောင့် သေခြင်းသည်ရှိ၏၊ ထိုကံ၏အကျိုးကြောင့် သေခြင်း သည် သာမယိက မိမိကံကုန်သောကြောင့် သေသည်မည်၏၊ ဆိုအပ် ပြီးသည်မှ ကြွင်းသော ခုနစ်ပါးကြောင့် သေခြင်းသည် အသာမယိက မိမိ၏ကံမကုန်သေး၊အကြွင်းရှိသေးလျက် သေသည်မည်ကုန်၏။

ထိုစကားကို နိဂုံးချုပ်၍ပြပြန်၏။

ဇိဃစ္ဆာယ ပိပါသာယ၊ အဟိဒဋ္ဌာ ဝိသေန စ။
အဂ္ဂိဥဒကသတ္တီဟိ၊ အကာလေ တတ္ထ မီယတိ။ ။

ဝါတပိတ္တေန သေမှေန၊ သန္နိပါတေန ဥတုဟိ စ။
ဝိသမော ပက္ကမေဟိ၊ အကာလေ တတ္ထ မီယတိ။ ။

တတ္ထ၊ ထိုကာလသေခြင်း, အကာလသေခြင်းတို့တွင်။ အကာလေ၊ အခါမဟုတ်သည်၌။ သတ္တာနံ၊ သတ္တဝါတို့၏။ ဇိဝိတံ၊ အသက်သည်။ ဇိဃစ္ဆာယ စ၊ ထမင်းအစာငတ်မွတ်သဖြင့်ရင်း။ ပိပါသာယ စ၊ ရေဆိပ် သဖြင့်ရင်း။ အဟိဒဋ္ဌာ စ၊ မြွေကိုက်အပ်သဖြင့်ရင်း။ ဝိသေန စ၊ အဆိပ်ဖြင့် ရင်း။ အဂ္ဂိဥဒကသတ္တီဟိ စ၊ မီး,ရေ,ထားလှံ တို့ဖြင့်ရင်း။ မီယတိ၊ သေ၏။

တတ္ထ၊ ထိုကာလသေခြင်း အကာလသေခြင်းတို့တွင်။ အကာလေ၊ အခါမဟုတ်သည်၌။ သတ္တာနံ၊ သတ္တဝါတို့၏။ ဇိဝိတံ၊ အသက်သည်။ ဝါတပိတ္တေန စ၊ လေ, သည်းခြေပျက်သောကြောင့်ရင်း။ သေမှေန စ၊ သလိပ်ပျက်သောကြောင့်ရင်း။ သန္နိပါတေန စ၊ စုဝေးသောကြောင့်ရင်း။

ဥတုပဟိစ၊ ဥတုတို့ကြောင့်ရင်း။ ဝိသမဓမာပက္ကမကမ္မေပဟိစ၊ မညီမညွတ်သော အစာအာဟာရ, သူတပါး၏ လုံ့လ,ကံတို့ကြောင့်ရင်း။ မိယတိ၊ သေ၏။

ထိုကာလ၌သေခြင်း အကာလ၌သေခြင်း နှစ်ပါးတို့တွင် အချိန်အခါသို့ ရောက်၍ သေခြင်းသည်ကား ကာလ၊ကံကြောင့် သေသည်မည်၏၊ ထိုမှ ကြွင်းသောသေခြင်းသည်ကား အကာလ၊ကံကြွင်းရှိသေးလျက် သေသည်မည်၏ဟု ပြပြီး၍ ထိုရှေ့ဆိုအပ်ပြီးသော အကာလ သေခြင်းခုနစ်ပါးကို မိမိကံအရင်းကြောင့် သေသည်ဖြစ်မှုကား သာမယိက၊ ကံကြောင့်သာ ဖြစ်စကောင်းသည်ဟု ပြပြန်၏၊ ပြကြောင်းကား မင်းကြီး၊ အချို့သောသတ္တဝါတို့သည် ရှေးဘဝက မိမိပြုဘူးသော အကုသိုလ်ကံ၏အကျိုးကြောင့်သေကုန်၏။

ထိုကံကြောင့် သေသောသူတို့တွင်၊( ၁)အကြင်သူသည် ရှေးဘဝ၌ သူတပါးတို့ကို တော်မွတ်၍ သေစေ၏၊ ထိုသူသည် အနှစ်တသိန်းမက များသော နှစ်တို့ပတ်လုံးတော်မွတ်ခြင်း နှိပ်စက်လျက် ခြောက်သောနှလုံး ပူလောင်သော နှလုံးရှိလျက်လျှင် ပဌမအရွယ်၌သော်ရင်း၊မဇ္ဈိမအရွယ်၌ သော်ရင်း၊ ပစ္ဆိမအရွယ်၌သော်ရင်း၊တော်မွတ်သဖြင့်သာလျှင် သေရကုန်၏၊ဤသို့သောသေခြင်းသည်လည်း သာမယိကသေခြင်း၊မိမိကံကြောင့် ပင်ဟုဆိုလိုသည်။ ။(၂) အကြင်သူသည် ရှေးဘဝ၌ သူတပါးတို့ကို ရေသိပ်စေလျက် သေစေ၏၊ထိုသူသည် အသိန်းမက များလှစွာသော နှစ်တို့ပတ်လုံး နိရ္ဗာမ တဏှိက ပြိတ္တာဖြစ်၍ ခေါင်းပါးကြုံလှီခြောက်ကပ်သောနှလုံး တော်မွတ်သောရေရှိ၍ ပဌမအရွယ် မဇ္ဈိမအရွယ် ပစ္ဆိမအရွယ်တခုခု၌သေ၏၊ ဤသေခြင်းသည်လည်း သာမယိကသေခြင်းမည်၏။ ။(၃) အကြင်သူသည် ရှေးဘဝ၌ သူတပါးကို မြွေကိုက်စေ၍ သေစေ၏၊ ထိုသူသည် အနှစ်တသိန်းမက များစွာသော နှစ်တို့ကာလပတ်လုံး စပါးကြီးခံတွင်းတခုမှသည် စပါးကြီးခံတွင်းတခုသို့ မြွေဟောက်ခံတွင်းတခုမှသည် မြွေဟောက်ခံတွင်းတခုသို့ ပြောင်း၍ ပြောင်း၍ ထိုထိုသောမြွေတို့သည် ကိုက်အပ်သည်ဖြစ်၍လျှင် ပဌမအရွယ် မဇ္ဈိမအရွယ် ပစ္ဆိမအရွယ် တခုခု၌ သေရ၏၊ ဤသို့သေခြင်းသည်လည်း သာမယိက၊မိမိကံအကြောင်းရင်းကြောင့် သေသည်မည်

၏။ (၄) အကြင်သူသည် ရှေးဘဝ၌သူတပါးတို့ကိုသေစေတတ်သော အဆိပ်ကိုပေး၍သေစေ၏၊ ထိုသူသည် အနှစ်တသိန်းမကများစွာသော နှစ်တို့ပတ်လုံး ပူလှစွာသော အင်္ဂါကြီးငယ်, ပေါက်ပြဲသောကိုယ်, မကောင်းသောအဆိပ်ရှိသော ကိုယ်ဖြင့်သာလျှင် ပဌမအရွယ် မဇ္ဈိမအရွယ် ပစ္ဆိမအရွယ်တရချ၌ သေရ၏၊ ဤသို့သော သေခြင်းသည်လည်း သာမယိက သေခြင်း မည်၏။ (၅) အကြင်သူသည် ရှေးဘဝ၌ သူတပါးကိုမီးဖြင့်တိုက်၍ သေစေ၏၊ ထိုသူသည် အနှစ်တသိန်းမက များစွာသော နှစ်တို့ပတ်လုံး မီးကျီးစု တခုမှသည် မီးကျီးစုတခုသို့ ပြောင်း၍သာလျှင် ပဌမအရွယ်မဇ္ဈိမအရွယ် ပစ္ဆိမအရွယ် တရချ၌ သေရ၏၊ ဤသို့သေခြင်းသည်လည်း သာမယိက သေခြင်းမည်၏။ (၆) အကြင်သူသည် ရှေးဘဝ၌ ရေဖြင့် သူတပါးကိုသေစေ၏၊ ထိုသူသည် အနှစ်တသိန်းမက များစွာသောနှစ်တို့ပတ်လုံး စနောင့်စနင်း အားနည်းသောကိုယ်၊ တုန်လှုပ်သောစိတ်ရှိ၍ ရေ၌ပင်လျှင် ပဌမအရွယ် မဇ္ဈိမအရွယ် ပစ္ဆိမအရွယ်တရချ၌သေရ၏၊ ဤသို့သော သေခြင်းသည်လည်း သာမယိကသေခြင်းမည်၏။ (၇) အကြင်သူသည် ရှေးဘဝ၌သူတပါးကို ထားလှံတို့ဖြင့်သေစေ၏၊ ထိုသူသည် အနှစ်တသိန်းမက များစွာသော နှစ်တို့ပတ်လုံး အပိုင်းအပိုင်း အစုံအစုထားလှံတို့ဖြင့် ဖြတ်အပ်သော အကြောင်းနှင့် ပြည့်စုံ၏၊ ထားလှံတို့ဖြင့် သာလျှင်ပဌမအရွယ်မဇ္ဈိမအရွယ် ပစ္ဆိမအရွယ် တရချ၌သေရ၏၊ ဤသို့သောသေခြင်းသည်လည်း သာမယိကသေခြင်းမည်၏။

(အဓိပ္ပါယ်ကား အသက်အပိုင်းအခြားကုန်၍သေခြင်းသည် ကာလသို့ရောက်မှ ကံကုန်၍သေသည်မည်၏၊ အသက်အပိုင်းအခြားသို့မရောက်မီ ရှေးဘဝ၌ပြုခဲ့ဘူးသောအကုသိုလ်ကံနှိပ်စက်၍သေခြင်းသည် အကာလသေသည်မည်၏ဟုဆိုလိုသည်။)

မိလိန္ဒမင်းက ထိုစကား၏အကြောင်းကို သိပြန်လို၍ အရှင်ဘုရား၊ အကာလသေခြင်းသည်ရှိ၏ဟု အကြင်စကားကို အရှင်ဘုရားဆို၏၊ ထိုစကား၌ အကြောင်းကို တကာတော်အား ပြပါဦးလော့ဟု ဆိုသော် မင်းကြီး၊ ဥပမာသော်ကား ကြီးစွာသော မီးပုံကြီးသည် ထည့်အပ်သောလောင်စာ မြက် ထင်း သစ်ခြောက် အမှိုက်မီးစာ ကုန်ခြင်းသို့ ရောက်၍ ငြိမ်းလေ၏၊ ထိုမီးကိုနှိပ်စက်ခြင်းမရှိ ဘေးရန်မရှိ ငြိမ်းသော

မီးဟူ၍ဆိုအပ်သကဲ့သို့ ထို့အတူမင်းကြီး၊အကြင်သူသည် များစွာသော နေ့ရက်တို့ပတ်လုံးအသက်ရှည်လျက်အိုခြင်းသဘောနှိပ်စက်၍ အသက်အပိုင်းအခြားကုန်လတ်သော် နှိပ်စက်ခြင်းမရှိ ဘေးရန်မရှိသေ၏၊ ထိုသူကိုအခါရောက်သည်၌ သေခြင်းသို့ရောက်သည်ဟု ဆိုအပ်၏။ မင်းကြီး၊ ဥပမာသော်ကား မီးပုံကြီးသည် မြက် ထင်း သစ်ခက် လောင်စာမကုန်မီ သည်းစွာသောမိုးသည်ရွာ၍ ငြိမ်းလေအံ့၊ ထိုမီးသည် အချိန်အခါသို့ရောက်၍ငြိမ်းသည် ဖြစ်ရာသလောဟု ဆိုသော် အရှင်ဘုရား၊ မိုးကြီး သည်းစွာရွာလေသောကြောင့် အခါမဟုတ်ဘဲလျက် ငြိမ်းရလေ၏ဟု ဆိုလျှင် မင်းကြီး၊ထိုမီးပုံသည် အဘယ့်ကြောင့်ကား ရှေ့ မီးနှင့်တူမျှသော သဘောမရှိလေသနည်းဟု ဆိုသော် အရှင်ဘုရား၊အာဂန္တုကဖြစ်သော မိုးသည် နှိပ်စက်ခြင်းရှိသည်ဖြစ်၍ အခါအချိန်သို့ မရောက်ဘဲလျက် ငြိမ်းရလေ၏ဟုဆိုသော် မင်းကြီး၊ ထို့အတူ အကြင်သူသည်အခါ မရောက်ဘဲလျက်သေ၏၊ ထိုသူသည် လေ,သည်းခြေ,သလိပ်, သန္နိပါတ်, မညီမညွတ်သောအစာ, သူတပါး လုံ့လ,တော်မွတ်ခြင်း,မြွေကိုက်ခြင်း,ရေ,မီး,ထား,လှံတို့ဖြင့် နှိပ်စက်ခြင်းဖြစ်သောအာဂန္တုကအနာရောဂါဖြင့် အခါအချိန် မဟုတ် သည်၌သေ၏၊ ဤသေခြင်းကား မင်းကြီး၊အကာလသေခြင်းမည်၏။

မင်းကြီး၊ဥပမာတနည်းသော်ကား ကောင်းကင်၌များစွာသောတိမ်တိုက်တက်လတ်၍ ကြည်းကုန်း အရပ်သို့ ပြည့်စေလျက် အကြင်မိုးသည်ရွာ၏၊ထိုမိုးကိုနှိပ်စက်ခြင်း ဘေးရန်မရှိရွာသော မိုးဟူ၍ဆိုအပ်သကဲ့သို့ မင်းကြီး၊အကြင်သူသည် ကြာမြင့်စွာအသက်ရှည်၍အိုမင်းသောအခါ အသက်ကုန်ခြင်း သို့ရောက်သော် တစုံတခုနှိပ်စက်ခြင်း မရှိ၊ သေခြင်းသို့ရောက်၏၊ ထိုသူကို အချိန်အခါသို့ရောက်မှ သေသည်ဟုဆိုအပ်၏၊ မင်းကြီး၊ ကောင်းကင်၌ များစွာသော တိမ်တိုက်သည် တက်လတ်၍ ထိုအခါတွင်းဝ်ျှင် ကြီးစွာသော လေကြောင့် ထိုမိုး တိမ်တိုက်သည် ကင်းပျောက်ခြင်းသို့ ရောက်လေ၏၊မင်းကြီး၊ စင်စစ်လျှင် ထိုတိမ်တိုက်သည် ရှေ့တိမ်တိုက်နှင့် တူမျှသော အလားရှိသည်ဖြစ်ရာသလောဟုဆိုသော် အရှင်ဘုရား၊အာဂန္တုကဖြစ်သောလေသည် နှိပ်စက်အပ်သည်ဖြစ်၍ အခါအချိန်မရောက်ဘဲလျက် ကင်းပျောက်ရလေ၏ဟုဆိုသော်မင်းကြီး၊ထို့အတူ အကြင်သူသည်အခါမဟုတ်ဘဲလျက်သေ

ရ၏၊ ထိုသူသည် အာဂန္တုကဖြစ်သော လေ, သည်းခြေ, သလိပ်, သန္နိပါတ်, မညီမညွတ်ဖြစ်သောအစာ, သူတပါးလုံ့လ, ဝတ်မှတ်ခြင်း, မြွေကိုက်ခြင်း, ရေ, မီး, ထား, လှံ လက်နက်တို့ဖြင့် နှိပ်စက်အပ်သည်ဖြစ်၍ အခါအချိန်မဟုတ်ဘဲလျက် သေရ၏၊ မင်းကြီး၊ ဤသည်လျှင် အကာလသေခြင်း၏ အကြောင်းတည်း၊

မင်းကြီး၊ ဥပမာတနည်းသော်ကား အားကြီးသော လျှင်သောအဆိပ်ရှိသောမြွေသည် အမျက်ထွက်၍ တစုံတယောက်သော ယောကျ်ားကို ကိုက်၏၊ ထိုယောကျ်ားအား မြွေဆိပ်ကို ဆေးဝါးမန္တန်တို့ဖြင့် မနှိပ်စက်နိုင်သည်ဖြစ်၍ သေခြင်းသို့ရောက်၏၊ ထိုအဆိပ်ကိုဆေးဝါးမန္တရားတို့ဖြင့် မနှိပ်စက်နိုင် အဆုံးသို့ရောက်သော ဆေးမရှိသော အဆိပ်ဟုဆိုအပ်သကဲ့သို့ မင်းကြီး၊ ထို့အတူအကြင်သူသည် ကြာမြင့်စွာ အသက်ရှည်၍ အိုမင်းသောအခါအသက်ကုန်ခြင်းသို့ရောက်၍ တစုံတခု နှိပ်စက်ခြင်းမရှိလေ၊ ထိုသူကို အခါသို့ရောက်၍ သေသောသူဟုဆိုအပ်၏။ ။မင်းကြီး၊ ဥပမာတနည်းသော်ကား ပြင်းသောအဆိပ်လျှင်သော အဆိပ်ရှိသောမြွေသည်ကိုက်အပ်သောသူအား မြွေသွားသည်ဆေးပေး၍ အဆိပ်မရှိသည်ကိုပြုအံ့၊ မင်းကြီး၊ စင်စစ်သော်ကား ထိုအဆိပ်သည် အခါအချိန်သို့ ရောက်သောကြောင့် နောက်သို့ မဆုတ်သည် ဖြစ်ရာသလောဟုဆိုသော် အရှင်ဘုရား မဟုတ်ချေဟုဆိုလျှင် မင်းကြီး၊ အဘယ့်ကြောင့် နောက်တက်သောအဆိပ်သည်ရှေ့တက်သော အဆိပ်နှင့်အတူအမျှအလားမရှိသည်ဖြစ်လေသနည်းဟုဆိုသော် အရှင်ဘုရား၊ အာဂန္တုကဖြစ်သောဆေးဖြင့် နှိပ်စက်သော အဆိပ်သည် အပြီးသို့ မရောက်နိုင်၍ ကင်းငြိမ်းလေ၏ဟုဆိုသော် မင်းကြီး၊ ထို့အတူအကြင်သူသည်အခါမဟုတ်အကာလ၌ သေ၏၊ ထိုသူသည်လေ, သည်းခြေ, သလိပ်အစရှိသောအာဂန္တုကအနာဖြင့် နှိပ်စက်အပ်သည်ဖြစ်၍ အကာလ၌သေသည်မည်၏၊ မင်းကြီး၊ ဤအကြောင်းလည်း အကာလ၌ သေခြင်း၏ အကြောင်းတည်း။

မင်းကြီး၊ ဥပမာတနည်းသော်ကား လေးသမားသည်အကြင်မြားကို ပစ်လိုက်အံ့၊ ထိုမြားသည် သွားမြဲတိုင်းသော ခရီးအဆုံးသို့ရောက်၏၊ ထိုမြားကိုနှိပ်စက်ခြင်းဘေးရန်မရှိ သွားမြဲတိုင်းသော ခရီးအဆုံးသို့ရောက်လေ၏ဟုဆိုအပ်သကဲ့သို့မင်းကြီး၊ ထို့အတူအကြင်သူသည် ကြာမြင့်စွာ

အသက်ရှည်လျက် အိုမင်းသောအခါ့သို့ ရောက်သော် အသက်ကုန်၍ ဘေးအန္တရာယ်မရှိသေ၏၊ ထိုသူကိုဘေးရန်မရှိ၊အချိန်အခါသို့ရောက်၍ 'သေသောသူဟူ၍ဆိုအပ်၏။ ။မင်းကြီး၊ ဥပမာသော်ကား လေးသွား သည်မြားကိုပစ်လိုက်အံ့၊ ထိုမြားကို ထိုခဏ၌ တစုံတယောက်သောသူ သည် ကိုင်ဆွဲအံ့၊မင်းကြီး၊ထိုမြားသည် သွားမြဲတိုင်းသောခရီးသို့ရောက် သည် ဖြစ်ရာအံ့လောဟု ဆို၏၊ အရှင်ဘုရား၊ သွားမြဲတိုင်းသောခရီးသို့ မရောက်နိုင်ရာချေဟုဆိုလျှင် မင်းကြီး၊ အဘယ်သို့နည်း၊ နောက်မြား သည် ရှေ့မြားနှင့် အလားတူဖြစ်ရာသလောဟု ဆိုလျှင် အရှင်ဘုရား၊ အာဂန္တုကဖြစ်သော ကိုင်ဆွဲခြင်းကြောင့် ထိုမြားသွားခြင်းသည် ပြတ် လေ၏ဟု ဆိုလျှင် မင်းကြီး၊ထို့အတူ အကြွင်သူသည် အကာလ၌သေ ၏၊ ထိုသူသည် အာဂန္တုက ဖြစ်သော လေ, သည်းခြေ,သလိပ်စသည် တို့သည် နှိပ်စက်အပ်သည်ဖြစ်၍ အကာလ၌ သေ၏၊ ဤသည်လည်း အကာလ၌ သေခြင်း၏အကြောင်းတည်း။

မင်းကြီး၊ ဥပမာတနည်းသော်ကား အကြွင်သူသည် ကြေးခွက်ကို တီးအံ့၊ ထိုသို့တီးခြင်းကြောင့် ထိုကြေးခွက်၏အသံသည်ဖြစ်၍ သွား မြဲတိုင်းသောကာလသို့ ရောက်သည်တိုင်အောင်သွား၏၊ ထိုအသံကို ဘေးရန် မရှိ သွားခြင်းသို့ ရောက်သည်မည်၏ဟု ဆိုအပ်သကဲ့သို့ ထို့အတူ မင်းကြီး၊ အကြွင်သူသည် နေ့ရက်ရှည်စွာ အသက်ရှင်၍ အိုမင်းသောအခါအသက်ကုန်၍ ဘေးရန်မရှိသေ၏၊ ထိုသူကိုဘေးရန် မရှိ အခါရောက်မှသေ၏ဟုဆိုအပ်၏။ ။မင်းကြီး၊ဥပမာတနည်းသော် ကားအကြွင်သူသည် ကြေးခွက်ကိုတီးအံ့၊ ထိုသို့တီးခြင်းကြောင့်အသံ သည်ဖြစ်၏၊ အသံဖြစ်ပြီးသော်အသံကို အဝေးသို့ မရောက်မီ တစုံ တယောက်သောသူသည်သုံးသပ်အံ့၊ကိုင်အံ့၊ ထိုသုံးသပ်ခြင်း ကိုင်ခြင်း ကြောင့်အသံချုပ်ကုန်၏၊ မင်းကြီး၊ စင်စစ်ထိုအသံသည် သွားမြဲတိုင်း သို့ရောက်သည်ဖြစ်ရာသလောဟုဆိုသော် အရှင်ဘုရား၊ သွားမြဲတိုင်း သို့အသံမရောက်ချေဟုဆိုလျှင် အဘယ်သို့နည်း၊ နောက်ဖြစ်သော အသံသည် ရှေ့ဖြစ်သော အသံနှင့်တူမျှသော အလားရှိသည်ဖြစ်ရာ သလောဟုဆိုသော် အရှင်ဘုရား၊ အာဂန္တုကဖြစ်သော သုံးသပ်ခြင်း ကိုင်ခြင်းကြောင့်အသံသည် ကင်းလေပျောက်လေ၏ဟုဆိုသော် မင်း ကြီး၊ထို့အတူ အကြွင်သူသည်အကာလ၌သေ၏၊ ထိုသူသည် အာဂန္တု

က ဖြစ်သော လေ, သည်းခြေ, သုလိပ်စသည် နှိပ်စက်အပ်သည်ဖြစ်၍ အကာလ၌သေသည်မည်၏၊မင်းကြီး၊ဤသို့လျှင် အကာလ၌သေခြင်း၏ အကြောင်းသည်ရှိ၏။

မင်းကြီး၊ ဥပမာတနည်းသော်ကား လယ်၌ကောင်းစွာပျိုးအပ်သော စပါးသည်မျိုးစေ့ပြည့်သည်၏အစွမ်းဖြင့် တခဲနက်ပြွမ်းသော များသော အသီးရှိသည်ဖြစ်၍ ကောက်ကိုယူအပ်သောအခါသို့ရောက်၏၊ ထိုစပါး သည်ဘေးရန်မရှိ၊ အခါသို့ရောက်သော စပါးမည်သည် ဖြစ်သကဲ့သို့ ထို့အတူ မင်းကြီး၊ အကြင်သူသည် များစွာသော နေ့ရက်တို့ပတ်လုံး အသက်ရှည်၍ အိုမင်းသောအခါ အသက်ကုန်၍ ဘေးရန်မရှိသေ၏၊ ထိုသူကိုဘေးရန်မရှိ အခါသို့ရောက်၍သေ၏ဟုဆိုအပ်၏။ ။မင်းကြီး၊ ဥပမာတနည်းသော်ကား အကယ်၍လယ်၌ ကောင်းစွာပျိုးအပ်သော စပါးသည် ရေချိုတဲ့ ပျက်စီး၍ ဘေးရန်ရှိ၍ သေအံ့၊ မင်းကြီး၊ ထို စပါးသည် အခါအချိန်သို့ရောက်၍ ပြည့်စုံသည် ဖြစ်ရာသလောဟုဆို သော် အရှင်ဘုရား၊ ထိုစပါးသည်အခါအချိန်သို့ရောက်၏ဟု မဆိုရာ ချေဟုဆိုလျှင် မင်းကြီး၊အသို့နည်း၊ ထိုစပါးသည် ရှေ့စပါးနှင့်အလား တူဖြစ်ရာသလောဟုဆိုသော် အရှင်ဘုရား၊ အာဂန္တုကဖြစ်သောရေ သည် နှိပ်စက်အပ်သည်ဖြစ်၍ စပါးပြည့်စုံခြင်းသို့မရောက် ပျက်စီး၏ ဟုဆို၏၊ မင်းကြီး၊ ထို့အတူ အကြင်သူသည် အကာလ၌သေအံ့၊ ထိုသူသည် အာဂန္တုကဖြစ်သောလေ, သည်းခြေ, သလိပ်အစရှိသော အနာနှိပ်စက်သည်ဖြစ်၍ သေ၏၊ ဤသို့လည်းမင်းကြီး၊ အကာလ၌ သေခြင်း၏အကြောင်းသည်ရှိ၏။

မင်းကြီး၊သင်မင်းကြီးသည် အပြည့်အစုံသောကောက်ပင်ကိုပိုးတို့ သည် တက်ကုန်၍အမြစ်နှင့်တကွ ဖျက်ဆီးကုန်၏၊ဤသို့သောအကြောင်း ကို မြင်ဘူးပါ၏လောဟုဆိုသော် အရှင်ဘုရား၊ ကောက်ပင်ကို ပိုးတို့ သည် တက်ကုန်၍အမြစ်နှင့်တကွ ဖျက်ဆီးကုန်သည်တို့ကိုဘကာတော် တို့သည် ကြားလည်းကြားဘူးအပ်ကုန်၏၊ မြင်လည်း မြင်ဘူးအပ်ကုန်၏ ဟုဆိုသော်၊မင်းကြီး၊ထိုကောက်ပင်သည် အချိန်ကာလ၌ ပျက်စီးလေ သလော ထိုသို့မဟုတ် အချိန်ကာလမရောက်မီ ပျက်စီးလေသလောဟု ဆိုသော်အရှင်ဘုရား၊အခါမရောက်ဘဲ ပျက်စီးခြင်းသို့ရောက်ခဲ့၏၊အရှင် ဘုရား၊အကယ်၍ ထိုကောက်ပင်ကိုပိုးတို့သည် မကိုက်ကုန်သည်ဖြစ်အံ့၊

ကောက်ပင်သည် မှည့်၍ထုတ်ယူအပ်သောအခါသို့ ရောက်လေရာ၏ဟု ဆိုလျှင် မင်းကြီး၊ အာဂန္တုကဖြစ်သောမိုးတို့သည် ကောက်ပင်ကို မဖျက်ဆီးသည်ဖြစ်ကုန်အံ့၊ ဘေးရန်မရှိသည်ဖြစ်၍ ကောက်ပင်သည် ထုတ်ယူအပ်သောအခါသို့ ရောက်လေရာမည်လောဟု ဆိုသော် အရှင်ဘုရား၊အန္တရာယ်မရှိသော် ကောက်ပင်သည် ထုတ်ယူအပ်သောအခါသို့ ရောက်ရာ၏ဟုဆိုလျှင် မင်းကြီး၊အကြင်သူသည်အကာလ၌သေ၏၊ထိုသူ သည် အာဂန္တုကဖြစ်သောလေ, သည်းခြေ, သလိပ်အစရှိသော အနာ နှိပ်စက်သည်ဖြစ်၍သေ၏၊ မင်းကြီး၊ ဤသို့သောသေခြင်းသည် အကာလ ၌ သေခြင်းမည်၏။

မင်းကြီး၊ သင်မင်းကြီးသည် ပြည့်စုံသောကောက်ပင်သည် အသီး အနှံတည်းဟူသော ဝန်ကိုဆောင်၍ နှိရည်တည်ပြီးသော် ကျောက်ရွာ မိုးသည် ရွာခဲ့၍ ပျက်စီး၏ဟူသောစကားကို ကြားဘူး၏လောဟု ဆိုသော် အရှင်ဘုရား၊ တကာတော်သည် မြင်လည်းမြင်ဘူးပါ၏၊ ကြားလည်း ကြားဘူးပါ၏ဟုဆိုသော် မင်းကြီး၊ ထိုကောက်ပင်သည် အခါသို့ရောက်၍ ပျက်စီးသလော၊ ထိုသို့မဟုတ် အခါမရောက်ဘဲ ပျက်စီးသလောဟုဆိုပြန်လျှင် အရှင်ဘုရား၊ အကာလ၌ ပျက်စီးခြင်းသို့ ရောက်သည်မည်၏၊ အရှင်ဘုရား၊ ထိုကျောက်ရွာမိုးသည် မရွာ သည်ဖြစ်အံ့၊ကောက်ပင်သည် သိမ်းယူအပ်သောအခါသို့ရောက်ရာ၏ဟု ဆိုသော် မင်းကြီး၊အသို့နည်း အာဂန္တုကဖြစ်သော ကျောက်ရွာမိုး ဖျက်ဆီးသောကြောင့်ကောက်ပင်ပျက်စီး၏၊အကယ်၍ကျောက်ရွာမိုး မရွာနေပါသော် ကောက်ပင်သည် ရိပ်အပ်ထုတ်အပ်သောအခါသို့ ရောက် ရာသလောဟု ဆိုပြန်သော် အရှင်ဘုရား၊ ဖြေဲဟုတ်ပေ၏ဟုဆိုလျှင် မင်းကြီး၊ထို့အတူ အကြင်သူသည် အကာလ၌သေ၏၊ထိုသူသည် လေ, သည်းခြေ,သလိပ်, သန္နိပါတ်, ဥတုမညီမညွတ်ခြင်း, အစာအာဟာရ, သူတပါး၏လုံ့လ, ဝတ်မှတ်ဆာလောင်ခြင်း, မြွေခဲခြင်း, အဆိပ်ကိုမျိုမိ ခြင်း, မီး, ရေ, ထား, လှံတည်းဟူသော အာဂန္တုကအနာအဟုန်ဖြင့်နှိပ် စက်၍ အကာလ၌ သေသည်မည်၏၊ မင်းကြီး၊ထိုသူကို အကယ်၍ အာဂန္တုကဖြစ်သော ရောဂါမနှိပ်စက်သည်ဖြစ်အံ့၊ အခါကာလ၌ သေခြင်းသို့ရောက်ရာ၏၊ မင်းကြီး၊ အကြင်အကြောင်းဖြင့် အကာလ၌ သေခြင်းသည်ရှိ၏၊ ဤသည်ကား အကာလ၌သေခြင်း၏ အကြောင်း

တည်းဟုဆိုအပ်သော် အရှင်ဘုရား၊ စိတ်အလိုပြန့်လွင့်သော သူသည်လည်း တရုရုသော ဥပမာဖြင့် အကာလ၌ အခါမဟုတ်သော သေခြင်းသည် ရှိကောင်းပေ၏ဟု ပြဆိုနာကိုအပြီးသို့ရောက်စကောင်းပေ၏၊ စိတ်အလိုတိုင်း အယူဝါဒရှိသော သူသည်ကား အဘယ်ဆိုဘွယ်ရာရှိအံ့နည်း၊ တကာတော်သည် ရှေးဦးစွာသော ဥပမာဖြင့်ပင် အကာလမရဏ ရှိကြောင်းကို ထင်ရှားသိပါပြီ၊ စင်စစ်သော်ကား အဘန်တလဲလဲ နာလိုပါသည်ဖြစ်၍ အဆင့်ဆင့် ဥပမာဥပမေယျ ထုတ်တော်မူသည်ကိုဝန်မခံ နေပါသည်၊ အလွန်သောနှစ်သက်ခြင်းနှင့်တကွ ဝန်ခံပါ၏ဟုဆို၏။

အကာလမရဏပဉှာ ပြီး၏။

## ၁၆၄။ စေတိယပါဋိဟာရိယပဉှာ

**စေတီသည်တန်ခိုးပြနိုင်သလော**......မိလိန္ဒမင်းသည် အရှင်ဘုရား၊ ပရိနိဗ္ဗာန်ပြုတော်မူကုန်သော ခပ်သိမ်းသော ဘုရားပစ္စေကဗုဒ္ဓါရဟန္တာအရှင်မြတ်တို့၏စေတီတော်၌ တန်ခိုးပြာဋိဟာပြသောအခြင်းအရာသည်ဖြစ်လေသလော၊ ထိုသို့မဟုတ် အချို့သော ပုဂ္ဂိုလ်မြတ်တို့၏ စေတီ၌သာလျှင် တန်ခိုးပြာဋိဟာပြသော အခြင်းအရာသည် ဖြစ်သလောဟုဆိုသော် မင်းကြီး၊ အချို့သောပုဂ္ဂိုလ်မြတ်၏စေတီတော်သည် တန်ခိုးပြာဋိဟာကိုပြသည်ဖြစ်၏၊ အချို့သော ပုဂ္ဂိုလ်မြတ်၏ စေတီတော်သည် တန်ခိုးပြာဋိဟာ ပြသည်မဖြစ်ဟုဆိုသော် အရှင်ဘုရား၊ အဘယ်ပုဂ္ဂိုလ်တို့အား ဖြစ်ကောင်းသနည်း၊ အဘယ်ပုဂ္ဂိုလ်တို့အားမဖြစ်ကောင်းသနည်းဟုဆိုသော်—

**တန်ခိုးပြနိုင်သောစေတီ—၃—မျိုး**..... မင်းကြီး၊ သုံးယောက်သော ပုဂ္ဂိုလ်တို့ တွင် တယောက်သောသူ၏အဓိဋ္ဌာန်ပြုခြင်းကြောင့်ပရိနိဗ္ဗာန်ပြုသော ပုဂ္ဂိုလ်မြတ်၏ စေတီတော်၌ တန်ခိုးပြာဋိဟာသည်ဖြစ်၏၊ မင်းကြီး၊ သုံးယောက်သော ပုဂ္ဂိုလ် အဘယ်သည်တို့နည်းဟူမူကား။ ။(၁) ဤသာသနာတော်၌ ရဟန္တာပုဂ္ဂိုလ်မြတ်သည်နတ်လူတို့အား အစဉ်သနားသဖြင့် ရပ်တည်လျက် ငါ၏စေတီ၌ ဤသို့သောတန်ခိုးပြာဋိဟာသည် ဖြစ်စေသတည်းဟု အဓိဋ္ဌာန်၏၊ ထိုရဟန္တာ၏အဓိဋ္ဌာန်သောအတိုင်းစေတီ၌တန်ခိုးပြာဋိဟာ

သည်ဖြစ်၏၊ ဤသို့လျှင်ရဟန္တာပုဂ္ဂိုလ်၏ အဓိဋ္ဌာန်ပြုသော အတိုင်း ပရိနိဗ္ဗာန်ပြုတော်မူသော ပုဂ္ဂိုလ်မြတ်၏စေတီ၌ တန်ခိုးပြာဋိဟာသည် ဖြစ်၏။

(၂) မင်းကြီး၊ တဘန်လည်း နတ်တို့သည် လူတို့အားသနားသဖြင့် ပရိနိဗ္ဗာန်ပြုတော်မူသောပုဂ္ဂိုလ်မြတ်၏စေတီ၌ ဤသို့သော တန်ခိုးပြာဋိဟာဖြင့် သူတော်ကောင်းတရားသည် အမြဲပြည့်စုံစွာ အစီးအပွါးဖြစ်လတ္တံ့၊ လူတို့သည်လည်းကြည်ညိုကုန်သည်ဖြစ်၍ ကောင်းမှု ကုသိုလ်ကို ပွါးများကုန်လတ္တံ့ဟု တန်ခိုးပြာဋိဟာကိုပြကုန်၏၊ ဤသို့လျှင်နတ်တို့၏ အဓိဋ္ဌာန်သောအတိုင်း ပရိနိဗ္ဗာန်ပြုတော်မူသော ပုဂ္ဂိုလ်မြတ်၏ စေတီတော်၌တန်ခိုးပြာဋိဟာသည်ဖြစ်၏။

(၃) မင်းကြီး၊ တဘန်လည်းမိန်းမသည်ဖြစ်စေ, ယောကျ်ားသည်ဖြစ်စေ, သဒ္ဓါကြည်ညိုခြင်း ပညာအထူးအထွင်းအမြင်နှင့် ပြည့်စုံသည်ဖြစ်၍ ယောနိသောမနသိကာရဖြင့် ကြံစည်၍ နံ့သာပန်းပုဆိုး တစုံတခုကို အဓိဋ္ဌာန်သစ္စာပြု၍ ဤသို့သောတန်ခိုးပြာဋိဟာ ပြတော်မူစေသတည်းဟုစေတီတော်၌တင်ထား၏၊ ထိုသူ၏အဓိဋ္ဌာန် ဆောက်တည်သည်၏ အစွမ်းဖြင့် ပရိနိဗ္ဗာန်ပြုတော်မူသော ဘုရားရှင်စေတီတော်၌ တန်ခိုးပြာဋိဟာသည်ဖြစ်၏၊ မင်းကြီး၊ ဤသို့လျှင် သဒ္ဓါကြည်ညိုသောလူတို့၏ အဓိဋ္ဌာန်သစ္စာပြုသောအစွမ်းဖြင့် စေတီတော်၌ တန်ခိုးပြာဋိဟာသည် ဖြစ်၏။

မင်းကြီး၊ ဤသုံးယောက်သောသူတို့တွင် တယောက်သောသူ၏ ဆောက်တည် အဓိဋ္ဌာန်သောအတိုင်း ပရိနိဗ္ဗာန် ပြုတော်မူသောဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာအရှင်တို့၏ စေတီတော်၌ တန်ခိုးပြာဋိဟာသည် ဖြစ်ရာ၏၊ အကယ်၍ မင်းကြီး၊ ထိုသူတို့၏အဓိဋ္ဌာန်မရှိ၍ ထိုသို့တန်ခိုးပြာဋိဟာပြတော်မမူသော်လည်း ဘုရားရှင်သားတော်သည် ကောင်းသောအခြင်းအရာဖြင့် ပရိနိဗ္ဗာန်ပြုတော်မူပေ၏ဟုစေတီတော်ကို ဖူးမြင်ရ၍ ကောင်းမွန်စင်ကြယ်စွာ အပြီးသို့ရောက်အောင် ယုံကြည်မြတ်နိုးသဒ္ဓါအပ်၏ဟုဆိုသော် အရှင်ဘုရား၊ ကောင်းလှပေ၏၊ အရှင်ဘုရား ဆိုတိုင်း စကားတော်ဝန်ခံပါ၏ဟုဝန်ခံ၏။

စေတိယပါဠိဟာရိယပဥ္စာပြီး၏။

## ၁၆၅။ ဓမ္မာဘိသမယပဉှာ

**လူတိုင်းတရားထူးရနိုင်သလော**.....မိလိန္ဒမင်းသည် အရှင်ဘုရား၊ အကြွင်းသူတို့သည် တရားကို ကောင်းစွာကျင့်ကုန်၏၊ ထိုအလုံးစုံသောသူတို့သည်ပင်လျှင် ချွန်မဂ်ဖိုလ်တရားကို ရကြကုန်သလော၊ ထိုသို့မဟုတ်မူကား အချို့သော သူတို့သည်မရကြကုန်သလောဟုဆိုသော် မင်းကြီး၊ အချို့သောသူတို့သည်ချွန်မဂ်ဖိုလ်တရားကိုရကုန်၏၊ အချို့သော သူတို့သည် ချွန်မဂ်ဖိုလ်တရားကိုမရကုန်ဟုဆိုသော်–

**တရားမရနိုင်သူ ၁၆–ဦး**..... အရှင်ဘုရား၊အဘယ်ပုဂ္ဂိုလ်အား မရသနည်း၊ အဘယ်ပုဂ္ဂိုလ်အား ရလေသနည်းဟု ဆိုပြန်လျှင် မင်းကြီး၊ (၁) တိရစ္ဆာန် အမျိုးအား ကောင်းစွာကျင့်သော်လည်းချွန်မဂ်ဖိုလ်တရားကိုမရချေ၊ (၂) ပြိတ္တာ ဖြစ်သောသူအားရင်း၊ (၃) မိစ္ဆာဒိဋ္ဌိအားရင်း၊ (၄) ကုဟကပုဂ္ဂိုလ် အားရင်း၊ (၅) အမိကိုသတ်သောသူအားရင်း၊ (၆) အဘကိုသတ်သော သူအားရင်း၊ (၇) ရဟန္တာကိုသတ်သောသူအားရင်း၊ (၈) သံဃာကို သင်းခွဲသောသူအားရင်း၊ (၉) ဘုရားကို သွေးစိမ်းတည်အောင်ပြုကျင့် သောသူအားရင်း၊ (၁၀) ထေယျသံဝါသက ပုဂ္ဂိုလ်အားရင်း၊ (၁၁) တိတ္ထိတို့သို့ ပြေးဝင်သောပုဂ္ဂိုလ်အားရင်း၊ (၁၂) ဘိက္ခုနီမကို ဖျက်ဆီးသောသူအားရင်း၊ (၁၃) တဆဲ့သုံးပါးသော သံဃာဒိသိသ်အာပတ် တို့တွင်တပါးပါးသို့ရောက်၍ အာပတ်မှမထသေးသော သူအားရင်း၊ (၁၄) ပဏ္ဍုက်ပုဂ္ဂိုလ်အားရင်း၊ (၁၅) ဥဘတော ဗျည်းပုဂ္ဂိုလ်အား ရင်း၊ တရားကိုကောင်းစွာကျင့်ငြား သော်လည်း ချွန်မဂ်ဖိုလ် တရားကို မရနိုင်ရာချေ၊ (၁၆)လူစင်စစ်ဖြစ်သော်လည်း ခုနစ်နှစ်အောက် လျော့ သော အသက်ရှိသောသူအား ကောင်းသောအကျင့်နှင့် ပြည့်စုံသော် လည်း ချွန်မဂ်ဖိုလ်တရားကိုမရရာချေ၊ မင်းကြီး၊ ဤတဆဲ့ခြောက် ယောက်သောပုဂ္ဂိုလ်တို့အား ကောင်းစွာကျင့်ငြားသော်လည်း တရား ကိုမရရာချေဟုဆို၏။

ဘဏ္ဍေနာဂသေန ယေတေ သမ္မာပဋိပန္နာ၊တေသံသဗ္ဗေသံ ယေဝ ဓမ္မာဘိသမယောဟောတိ၊ ဉဒါဟုကောစိနဟောတိတိ–

ကာယဿစိ မဟာရာဇ ဟောတိ၊ ကဿစိ န ဟောတီတိ။ ။ ကဿ ဘန္တေ ဟောတိ၊ ကဿ န ဟောတီတိ။ ။တိရစ္ဆာနဂတဿ မဟာရာဇ သုပ္ပဋိပန္နဿပိ ဓမ္မာဘိသမယော န ဟောတိ၊ ပေတ္တိဝိသယူပပန္နဿ, မိစ္ဆာဒိဋ္ဌိကဿ, ကုဟကဿ, မာတုဃာတကဿ, ပိတုဃာတကဿ, အရဟန္တဃာတကဿ, သံဃဘေဒကဿ, လောဟိတုပ္ပါဒကဿ, ထေယျသံဝါသကဿ, တိတ္ထိယပက္ကန္တကဿ, ဘိက္ခုနိဒူသကဿ, တေရသန္နံ ဂရုကာပတ္တီနံ အညတရံ အာပဇ္ဇိတွာ အဝုဋ္ဌိတဿ, ပဏ္ဍကဿ, ဥဘတော ဗျဉ္ဇနကဿ သုပ္ပဋိပန္နဿပိ ဓမ္မာဘိသမယော န ဟောတိ၊ယောပိ မနုဿဒဟရကော ဦနက သတ္တဝဿိကော တဿ သုပ္ပဋိပန္နဿပိ ဓမ္မာဘိသမယော န ဟောတိ၊ဣမေသံ ခေါ မဟာရာဇ သောဠသန္နံ ပုဂ္ဂလာနံ သုပ္ပဋိပန္နာနံပိ ဓမ္မာဘိသမယော န ဟောတီတိ။ ။ဟူသည်တည်း။

ဘန္တေနာဂသေန၊ ရှင်နာဂသေနမထေရ်။ ယေတေ၊ အကြင်သူတို့သည်။သမ္မာ၊ကောင်းစွာ။ပဋိပန္နာ၊ အကျင့်ကိုကျင့်ကြကုန်၏။ တေသံ၊ ထိုသူတို့တွင်။ သဗ္ဗေသံယေဝ၊အလုံးစုံသာလျှင်ဖြစ်ကုန်သော ပုဂ္ဂိုလ်တို့အား။ ဓမ္မာဘိသမယော၊ တရားကိုရသည်။ ဟောတိ၊ ဖြစ်သလော။ဥဒါဟု၊ထိုသို့မဟုတ်မူကား။ကဿစိ၊အချို့သောသူအား။ဓမ္မာဘိသမယော၊ တရားကိုရသည်။နဟောတိ၊မဖြစ်သလော။ဣတိ၊ဤသို့။ ပုစ္ဆိ၊မေး၏။ ။ မဟာရာဇ၊ မင်းကြီး။ ကဿစိ၊ အချို့သောသူအား။ ဓမ္မာဘိသမယော၊ တရားကိုရသည်။ဟောတိ၊ဖြစ်၏။ ကဿစိ၊အချို့သောသူအား။ ဓမ္မာဘိသမယော၊တရားကိုရသည်။ နဟောတိ၊မဖြစ်။ ဣတိ၊ဤသို့။ဝုတ္တေ၊ဆိုအပ်သည်ရှိသော်။ ။ဘန္တေ၊ အရှင်ဘုရား။ ကဿ၊ အဘယ်သူအား။ ဟောတိ၊ဖြစ်သနည်း။ ကဿ၊အဘယ်သူအား။နဟောတိ၊မဖြစ်သနည်း။ ဣတိ၊ဤသို့။ပုစ္ဆိ၊မေး၏။ ။မဟာရာဇ၊ မင်းကြီး။ တိရစ္ဆာနဂတဿ၊ တိရစ္ဆာန်သတ္တဝါအား။ သုပ္ပဋိပန္နဿပိ၊ ကောင်းစွာကျင့်သော်လည်း။ ဓမ္မာဘိသမယော၊တရားကိုရသည်။ နဟောတိ၊ မဖြစ်။ ပေတ္တိဝိသယူပပန္နဿပိ၊ ပြိတ္တာဖြစ်သောသူအားလည်း။ နဟောတိ၊မဖြစ်။ မိစ္ဆာဒိဋ္ဌိကဿပိ၊ မိစ္ဆာအယူရှိသောသူအားလည်း။ နဟောတိ၊မဖြစ်။ ကုဟကဿပိ၊ အံ့ဘွယ်သူရဲလျှို့ဝှက်သော အမှုကိုပြုသော သူအားလည်း။

နဟောတိ၊မဖြစ်။ မာတုဃာတကဿပိ၊ မိခင်ကိုသတ်သောသူအားရင်း။ ပိတုဃာတကဿပိ၊ အဘကိုသတ်သောသူအားရင်း။ အရဟန္တဃာတကဿပိ၊ ရဟန္တာကိုသတ်သောသူအားရင်း။ သံဃဘေဒကဿပိ၊ သံဃာကို သင်းခွဲသောသူအားရင်း။ လောဟိတုပ္ပါဒကဿပိ၊ ဘုရားကို သွေးစိမ်းတည်အောင် ပြုသောသူအားရင်း။ ထေယျသံဝါသကဿပိ၊ ထေယျသံဝါသကပုဂ္ဂိုလ်အားရင်း။ တိတ္ထိယပက္ကန္တကဿပိ၊ တိတ္ထိတို့သို့ ပြေးဝင်သောသူအားရင်း။ ဘိက္ခုနီဒူသကဿပိ၊ ဘိက္ခုနီမကို ဖျက်ဆီးသောသူအားရင်း။ တေရသန္နံ၊တဆဲ့သုံးပါးကုန်သော။ ဂရုကာပတ္တီနံ၊ ဂရုကအာပတ်တို့တွင်။ အညတရံ၊တပါးပါးသို့။ အာပဇ္ဇိတွာ၊ရောက်၍။ အဝုဋ္ဌိတဿ၊အာပတ်မှ မထသောသူအားရင်း။ ပဏ္ဍကဿပိ၊ ပဏ္ဍုက်ပုဂ္ဂိုလ်အားရင်း။ ဥဘတောဗျဉ္ဇနကဿပိ၊ ဥဘတောဗျည်းပုဂ္ဂိုလ်အားရင်း။ သုပ္ပဋိပန္နဿပိ၊ ကောင်းစွာကျင့်သော်လည်း။ ဓမ္မာဘိသမယော၊ တရားကိုရသည်၊ နဟောတိ၊မဖြစ်။ မနုဿဒဟရကော၊ လူငယ်ဖြစ်သော။ယောပိ၊အကြင်သူသည်လည်း။ ဦနကသတ္တဝဿိကော၊ ခုနစ်နှစ်အောက် ငယ်သောအသက်ရှိ၏။တဿ၊ထိုသူငယ်အား။သုပ္ပဋိပန္နဿပိ၊ ကောင်းစွာကျင့်ငြားသော်လည်း။ ဓမ္မာဘိသမယော၊ တရားကိုရသည်။ နဟောတိ၊မဖြစ်။မဟာရာဇ၊မင်းကြီး။ ဧဝံ၊စင်စစ်။ သောဠသန္နံ၊တကျိပ်ခြောက်ယောက်ကုန်သော။ ဣမေသံပုဂ္ဂလာနံ၊ဤပုဂ္ဂိုလ်တို့အား။ သုပ္ပဋိပန္နာနံပိ၊ကောင်းစွာကျင့်ကုန်သော်လည်း။ဓမ္မာဘိသမယော၊တရားကိုရသည်။နဟောတိ၊မဖြစ်။ဣတိ၊ဤသို့။ဝုတ္တံ၊ဆိုအပ်သည်ရှိသော်—

**ခုနစ်နှစ်အောက်ငယ်လျှင်တရားမရနိုင်**…အရှင်ဘုရား၊တိရစ္ဆာန် အစရှိသော တကျိပ်ငါးယောက်သောပုဂ္ဂိုလ်တို့သည် သာသနာတော်နှင့် ဆန့်ကျင်ကုန်သည်သာတည်း၊ ထိုတကျိပ်ငါးယောက်သော ပုဂ္ဂိုလ်တို့အားတရားရသည်လည်းဖြစ်စေ၊ မရသည်လည်းဖြစ်စေ၊ အဘယ်အကြောင်းကြောင့်ကား ခုနစ်နှစ်အောက်ယုတ်သောအသက်ရှိသော သူငယ်အားကောင်းစွာကျင့်ပါသော်လည်းတရားမရဖြစ်သနည်း၊ ဤသူငယ်၌ ပြဿနာမေးဘွယ်ရှိ၏၊ ရှိကြောင်းကား အရှင်ဘုရား၊ သူငယ်အား ရာဂ, ဒေါသ, မောဟ, မာန, မိစ္ဆာဒိဋ္ဌိမဖြစ်စကောင်းပါ၊ တရား၌မမွေ့လျော်သည် မဖြစ်စကောင်းပါ၊ ကာမဝိတက် တရားလည်း မဖြစ်စကောင်းပါ၊

ကိလေသာတို့မှ မရောနှောသည်ဖြစ်၍ သူငယ်သည် အရိယာသစ္စာလေးပါးတို့ကို တပြိုင်နက် ထိုးထွင်းသဖြင့် သိခြင်းငှါ တတ်နိုင်ကောင်းပါ၏၊ သင့်တင့်လျောက်ပတ် ကောင်းပါ၏ ဟုဆိုသော် မင်းကြီး၊ ခုနစ်နှစ်အောက်ယုတ်သော အသက်ရှိသော သူငယ်အား ကောင်းစွာကျင့်ပြီးသော်လည်း တရားမရဟူသော ဤစကား၌ အကြောင်းကို ငါဆိုဦးအံ့ဟုဆို၍ မင်းကြီး၊ ခုနစ်နှစ်အောက် ယုတ်သော အသက်ရှိသော သူငယ်အား အကယ်၍ တပ်အပ်သော အာရုံ၌ တပ်ငြားအံ့၊ အမျက်ထွက်အပ်သောအာရုံ၌ အမျက်ထွက်ငြားအံ့၊ မိုက်သောအာရုံ၌ မိုက်ငြားအံ့၊မေ့လျော့သောအာရုံ၌ မေ့လျော့ငြားအံ့၊အယူဝါဒရှိငြားအံ့၊ နှစ်သက်ဘွယ်ရှိသည်မရှိသည်ကို သိငြားအံ့၊ကုသိုလ် အကုသိုလ်ကိုကြံငြားအံ့၊ထိုသူအားတရားရအံ့သော အမှုအရာဖြစ်ငြားအံ့၊မင်းကြီး၊စင်စစ်သော်ကား အသက်ခုနစ်နှစ်အောက်လျော့သော သူငယ်၏စိတ်သည် အစွမ်းသတ္တိ အားနည်းနုံ့နှေး၏၊ မထင်မရှားနိုင်၊အသင်္ခတ နိဗ္ဗာနဓာတ်သည် လေးသောဝန်သဘွယ်ဖြစ်၍ ပြန့်ပြောကြီးကျယ်၏၊မင်းကြီး၊ခုနစ်နှစ်အောက်လျော့သော အသက်ရှိသောသူငယ်အား ထိုစိတ်အားနည်းနုံ့နှေးမထင်ရှားသောကြောင့် လေးသောဝန်သဘွယ်ဖြစ်သော ပြန့်ပြောကြီးကျယ်သောအသင်္ခတဓာတ် နိဗ္ဗာန်ကို ထိုးထွင်း၍သိခြင်းငှါ မတတ်နိုင်ရာ။

မင်းကြီး၊ ဥပမာသော်ကား မြင့်မိုရ်တောင်မင်းသည် လေးသောဝန်ရှိ၏၊ ပြန့်ပြော ကြီးကျယ်၏၊ မင်းကြီး၊ ထိုမြင့်မိုရ်တောင်မင်းကို ယောကျ်ားသည် ပြကတေ့ အစွမ်းသတ္တိ အားလုံ့လဖြင့် ထုတ်ယူငြားသော် တတ်နိုင်ရာအံ့လောဟုဆိုလျှင် အရှင်ဘုရား၊ ထိုယောကျ်ားသည်မိမိ၏အစွမ်းသတ္တိ အား လုံ့လဖြင့် ထုတ်ယူခြင်းငှါ မတတ်နိုင်ချေဟု ဆိုသော် မင်းကြီး၊ အဘယ့်ကြောင့်နည်းဟုဆိုလျှင် အရှင်ဘုရား၊ ယောကျ်ား၏ အားနည်းသောကြောင့် မြင့်မိုရ်တောင်၏ အားကြီးသောကြောင့်တည်းဟု ဆို၏၊ မင်းကြီး၊ ထို့အတူ အသက်ခုနစ်နှစ်အောက်လျော့သောသူငယ်၏စိတ်သည် အားနည်းနုံ့နှေးမထင်ရှားနိုင်၊အသင်္ခတနိဗ္ဗာနဓာတ်သည် လေးသောဝန်သဘွယ် ဖြစ်၏၊ ပြန့်ပြောကြီးကျယ်၏၊ ခုနစ်နှစ်အောက်လျော့သော အသက်ရှိသော သူငယ်သည် နိဗ္ဗာနဓာတ်ကိုသိခြင်းငှါ မတတ်နိုင်ရာ၊ထို့ကြောင့် တရားကို ရခွင့်မရှိ။ ။မင်းကြီး၊

ဥပမာတနည်းသော်ကား ဤမြေကြီးသည်အလျားအနံ အထု ပြန့်ပြော ကြီးကျယ်၏၊ ထိုမြေကြီးကို အားငယ်သောရေပေါက်ဖြင့်ဆွတ်၍ ညွှန့် စိုးရွှံ့ကိုပြုအံ့သောငှာ တတ်နိုင်ကောင်းအံ့လောဟု ဆိုသော် အရှင်ဘုရား၊ အနည်းငယ်သောရေဖြင့် မြေကြီးကို ရွှံ့ညွှန်ဖြစ်စေခြင်းငှာ မတတ်ကောင်းချေဟုဆိုသော် မင်းကြီး၊ အဘယ့်ကြောင့်နည်းဟုမေး ပြန်၏၊အရှင်ဘုရား၊ ရေပေါက်အားနည်းသည်၏အဖြစ်ကြောင့် မြေကြီး၏ များသည်၏အဖြစ်ကြောင့်တည်းဟုဆိုသော် မင်းကြီး၊ထို့အတူ အသက်ခုနစ်နှစ်အောက် လျော့သောသူငယ်၏စိတ်သည် အစွမ်းသတ္တိအားနည်း နုံ့နွေးသည်ဖြစ်၏၊အသင်္ခတ နိဗ္ဗာန ဓာတ်ကား အလျားအနံအထု ပြန့်ပြောကြီးကျယ်၏၊ထို့ကြောင့်ကောင်းစွာကျင့်ငြားသော်လည်း ခုနစ်နှစ် အသက်မရှိသောသူအား တရားမရသည် ဖြစ်ရာ၏။ မင်းကြီး၊ဥပမာ တနည်းသော်ကား အားနည်းသော မီးပုံသည် ဖြစ်ရာ၏၊ မင်းကြီး၊ ထိုမျှလောက်အားနည်းသော မီးပုံဖြင့် နတ်နှင့်တကွသော လောက၌ အမိုက်တိုက်ကိုလွှင့်ဖျောက်၍၊အလင်းကိုပြုခြင်းငှာတတ်နိုင်အံ့လောဟု ဆိုသော် အရှင်ဘုရား၊ အားနည်းသောမီးပုံဖြင့် နတ်နှင့်တကွသော လောကကို လင်းစေခြင်းငှါ မတတ်နိုင်ရာဟုဆိုလျှင် မင်းကြီး၊အဘယ့် ကြောင့်နည်းဟုဆိုပြန်သော် အရှင်ဘုရား၊ မီး၏အားနည်းသည်၏အဖြစ် ကြောင့် လောက၏ကျယ်ဝန်းသည်၏အဖြစ်ကြောင့်တည်းဟု ဆိုလျှင် မင်းကြီး၊ထို့အတူခုနစ်နှစ်အောက် ယုတ်သောအသက်ရှိသောသူငယ်၏ စိတ်သည် အားနည်းနုံ့နွေးသည်ဖြစ်၍ ကြီးစွာသော မောဟတည်းဟူသောအမိုက်ဖြင့် ဖုံးလွှမ်းခြင်းကြောင့် ဉာဏ်အလင်းကို ပြုအံ့သောငှါ မတတ်နိုင်ရာ၊ထိုအကြောင်းကြောင့် ခုနစ်နှစ်အောက်ယုတ်သောအသက် ရှိသောသူငယ်အား တရားမရသည်ဖြစ်ရာ၏။

မင်းကြီး၊ ဥပမာတနည်းသော်ကား ကြုံလှီသောကိုယ် ပမာဏ ရှိသည်ဖြစ်၍ ငယ်နုသေးကွေးသောကိုယ်ရှိသော ကမျဉ်းနီငယ် မည်သောပိုးသည် သုံးပါးသော အရပ်မှ ယိုသောမုန်ရှိသော ကိုးတောင် အရှည်ရှိသော သုံးတောင်အထုရှိသော ဆယ်တောင်လုံးပတ်ရှိသော ရှစ်တောင်အမြင့်ရှိသော ဆင်ပြောင်ကြီးကိုမြင်၍မျိုအံ့သောငှါ ငင်ငြားအံ့၊ မင်းကြီး၊ စင်စစ်သဖြင့် ထိုကမျဉ်းနီအမည်ရှိသောပိုးသည် ထိုဆင်

ပြောင်ကြီးကို ငင်အံ့သောငှါ တတ်နိုင်ရာအံ့လောဟု ဆိုသော် အရှင်ဘုရား၊ မတတ်နိုင်ရာချေဟုဆိုလျှင် မင်းကြီး၊ အဘယ့်ကြောင့်နည်းဟု ဆိုပြန်သော် အရှင်ဘုရား၊ကမျဉ်းနိုင်ယ်မည်သောမျိုး၏အားနည်းသည်၏ အဖြစ်ကြောင့် ဆင်ပြောင်ကြီး၏ အားကြီးသည်၏ အဖြစ်ကြောင့်တည်းဟုဆိုသော် မင်းကြီး၊ထို့အတူချနစ်နှစ်အောက်လျော့သော အသက်ရှိသောသူငယ်၏စိတ်သည် အားနည်း နုံ့နှေးမထင်ရှားနိုင်ဖြစ်၍ အသင်္ခတ နိဗ္ဗာနဓာတ်ကိုထိုသူငယ်သည်အားနည်းသောစိတ် နုံ့နှေးသောစိတ်ဖြင့် ထိုးထွင်းခြင်းငှါ မတတ်နိုင်စကောင်း၊ ထို့ကြောင့် ထိုသူငယ်အား ကောင်းသောအကျင့်ရှိငြားသော်လည်း တရားရသည် မဖြစ်ချေဟုဆိုသော် အရှင်ဘုရား၊ကောင်းလှပေ၏၊ အရှင်ဘုရားဆိုတိုင်းတကာတော် ဝန်ခံပါ၏ဟုဝန်ခံလေ၏။

ဓမ္မာဘိသမယပဉှာပြီး၏။

---

## ၁၆၆။ ကေန္တသုခနိဗ္ဗာနပဉှာ

**နိဗ္ဗာန်ချမ်းသာပြဿနာ**......မိလိန္ဒမင်းသည် အရှင်ဘုရား၊ နိဗ္ဗာန်သည် ‘ဧကန်စင်စစ် ချမ်းသာခြင်းရှိသလော၊ ထိုသို့မဟုတ်မူကား ဆင်းရဲနှင့် ရောသလောဟု ဆိုသော် မင်းကြီး၊ နိဗ္ဗာန်သည်ဧကန်စင်စစ်ချမ်းသာခြင်းရှိ၏၊ ဆင်းရဲနှင့်မရော ဟုဆိုသော် အရှင်ဘုရား၊ တကာတော်တို့သည် နိဗ္ဗာန်သည် စင်စစ် ချမ်းသာ၏ဆိုသောစကားကိုမယုံကြည်နိုင်ဟုဆို၏။

> ဘန္တေနာဂသေန ကိံ ဧကန္တသုခံနိဗ္ဗာနံ၊ ဥဒါဟု ဒုက္ခေန မိဿိတန္တိ။ ။ဧကန္တသုခံ မဟာရာဇနိဗ္ဗာနံ၊ ဒုက္ခေနအမိဿိတန္တိ၊ နမယံတံ ဘန္တေနာဂသေန ဝစနံ သဒ္ဒဟာမဧကန္တသုခံ နိဗ္ဗာနန္တိ။ ။ဟူသည်တည်း၊

ဘန္တေ နာဂသေန၊ ရှင်နာဂသေနမထေရ်။ ကိံ၊ အသို့နည်း။ နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ ဧကန္တသုခံ၊ စင်စစ်ချမ်းသာခြင်း ရှိသလော။ ဥဒါဟု၊ ထိုသို့မဟုတ်မူကား။ ဒုက္ခေန၊ ဆင်းရဲနှင့်။ မိဿိတံ၊ ရောနှော

သလော။ ဣတိ၊ ဤသို့။ ပုစ္ဆိ၊ မေး၏။ ။မဟာရာဇ၊ မင်းကြီး။နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ ဧကန္တသုခံ၊ စင်စစ်ချမ်းသာ၏။ ဒုက္ခေန၊ ဆင်းရဲနှင့်။ အမိဿိတံ၊ မရောနှော။ ဣတိ၊ ဤသို့။ဝုတ္တေ၊ ဆိုအပ်သည်ရှိသော်။ ။ ဘန္တေ နာဂသေန၊ ရှင်နာဂသေနမထေရ်။ နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ ဧကန္တ သုခန္တိ၊ စင်စစ်ချမ်းသာ၏ဟူ၍။ ယံဝစနံ၊ အကြင်စကားကို။ ဝုတ္တံ၊ ဆိုအပ်၏၊ တံဝစနံ၊ ထိုစကားကို။မယံ၊ အကျွန်ုပ်တို့သည်။နသဒ္ဒဟာမ၊ မယုံကြည်နိုင်ကုန်။ ဣတိ၊ ဤသို့။ ဝတွာ၊ ဆို၍—

အရှင်ဘုရား၊ နိဗ္ဗာန်သည်ဆင်းရဲနှင့် ရောနှော၏ဟူသော စကားကို ဤအရာ၌တကာတော်တို့ယုံကြည်ကုန်၏၊ အကြောင်းအဘယ်သို့နည်း ဟူမူကား အရှင်ဘုရား၊ အကြင်အကြောင်းဖြင့် ထိုနိဗ္ဗာန်တရားကို အကြင်သူတို့သည် ရှာကြကုန်၏၊ ထိုနိဗ္ဗာန်ကိုရှာသော သူတို့သည် ဤကိုယ်၏ပင်ပန်းခြင်း, စိတ်၏ပင်ပန်းခြင်း, ပူပန်ခြင်း, ရပ်ခြင်း,"သွားခြင်း, လျောင်းခြင်း, ထိုင်ခြင်း, အစာအာဟာရကို စောစွာ ည်းခြင်း, ထိနမိဒ္ဓ ငိုက်မျည်းခြင်းကို ဖျောက်ခြင်း, စက္ခုသောတနိုင်းစရှိသော အာရုံကိုနှိပ်စက်ခြင်း, ဥစ္စာစပါးဆွေမျိုးညာတိ အဆွေခင်ပွန်းတို့ကို စွန့်ပစ်ခြင်းတို့သည် ထင်ရှားကုန်၏၊ အရှင်ဘုရား၊ လောက၌အကြင် သူတို့သည်ချမ်းသာကုန်၏၊ ချမ်းသာခြင်းနှင့် ပြည့်စုံကုန်၏၊ ထိုသူတို့ သည် အလုံးစုံလည်းဖြစ်ကုန်သော ငါးပါးသောကာမဂုဏ်တို့ဖြင့် ရူပါရုံ အစရှိသည်တို့၌ မွေ့လျော်ပျော်ပါးကုန်၏၊ နှစ်သက်စရာကောင်းသော ရူပါရုံ,သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ,ဖောဋ္ဌဗ္ဗာရုံ ဓမ္မာရုံ တို့၌ ကောင်းသော ကြိုးစည်ခြင်းဖြင့် စိတ်ကို မွေ့လျော်ပျော်ပါးစေကုန်၏၊ ပွါးစေကုန်၏၊ အရှင်ဘုရားတို့သည်မူကား စက္ခုသောတအစရှိသော အာရုံကိုလုံ့လ မပြုကုန်၊ သတ်ကုန်ပယ်ကုန်ဖြတ်ကုန်ပိတ်ထားကြကုန်၏၊ ထို့ကြောင့် ကိုယ်စိတ်သည်ပူပန်၏၊ ကိုယ်၏ ဆင်းရဲပူပန်ခြင်းရှိသော် ကာယိက ဒုက္ခဝေဒနာကိုခံစားရကုန်၏၊စိတ်၏ ဆင်းရဲပူပန်ခြင်းရှိသော်စေတသိက ဒုက္ခဝေဒနာကို ခံစားရကုန်၏၊ အရှင်ဘုရား၊ မာဂဏ္ဍိယမည်သော ပရိဗိုဇ်သည် မြတ်စွာဘုရားကို ကဲ့ရဲ့လိုသည်ဖြစ်၍ ရဟန်းဂေါတမ သည်အကျိုးစီးပွါးကိုဖျက်ဆီးသော သူတည်းဟုဆို၏တကား၊ အရှင် ဘုရား၊ တကာတော်သည်အကြင်အကြောင်းဖြင့် နိဗ္ဗာန်သည် ဆင်းရဲ

နှင့်ရောနှော၏ဟု ဆိုသည်ကား ဤသည်လျှင် အကြောင်းတည်းဟု ဆိုလျှင်—

မင်းကြီး၊ နိဗ္ဗာန်သည်ဆင်းရဲနှင့် မရောနှော၊ စင်စစ်ချမ်းသာ၏၊ မင်းကြီး၊ နိဗ္ဗာန်ကို မျက်မှောက်ပြုအံ့သောဌါ ရှေးအတို့၌ နိဗ္ဗာန်ကို ရှာဘွေသော်သာဆင်းရဲဖြစ်သည်၊ မင်းကြီး၊ နိဗ္ဗာန်သည် ဧကန္တချမ်းသာသည်သာဖြစ်၏၊ ဆင်းရဲနှင့်မရောနှော၊ မင်းကြီး၊ ထိုစကား၏ အကြောင်းကိုငါဆိုဦးအံ့၊ အကြောင်းကား မင်းကြီး၊ အစိုးရသောမင်းတို့အား ပြည်၏စည်းစိမ်ချမ်းသာ ရှိပါ၏လောဟုဆိုသော် အရှင်ဘုရား၊ ပြည်၏ စည်းစိမ်ချမ်းသာရှိပါ၏ဟုဆိုလျှင် မင်းကြီး၊ ပြည်၏စည်းစိမ် ချမ်းသာသည် ဆင်းရဲဒုက္ခနှင့် ရောနှောသလောဟုဆိုပြန်လျှင် အရှင်ဘုရား၊ မင်း၏စည်းစိမ်သည် ဆင်းရဲဒုက္ခနှင့် မရောနှောဟုဆိုသော် မင်းကြီး၊ အဘယ့်ကြောင့်ကား အစိုးရသောမင်းတို့သည်ရွာစွန်ဇနပုဒ် ပျက်စီးခဲ့သော် ထိုပစ္စန္တရာဇ်၌နေကုန်သော သူတို့ကို မြစ်တားအံ့သော ငှါ အမတ်စစ်သူကြီးအခြံအရံသူရင်းငှါး၊ ထိုအစုအပေါင်းတို့ဖြင့် ခြံရံ လျက်ထိုအရပ်သို့သွားသော် ခြင်မှက်လေနေပူတို့ဖြင့် နှိပ်စက်ခြင်းရှိ၍ မညီမညွတ်သောအရပ်သို့ ပြေးသွားကုန်လျက် ကြီးစွာသော စစ်ထိုး ခြင်းကိုပြုရကုန်၏လော အသက်သော်လည်းသေအံ့လောဟု တွေးတော ခြင်းသို့ ရောက်ကုန်၏လောဟုဆိုသော် အရှင်ဘုရား၊ မင်းစည်းစိမ် မည်သည်ကားချမ်းသာ၏၊ ဤသို့သော ဆင်းရဲခြင်းသည်ကား မင်းစည်း စိမ်ကိုရှာသော ရှေးကာလ၌ ဆင်းရဲခြင်းသာဖြစ်သည်၊ အရှင်ဘုရား၊ မင်းစည်းစိမ်သည်ချမ်းသာ၏၊ ဆင်းရဲနှင့် မရောနှော၊ထိုမင်းစည်းစိမ်၏ ချမ်းသာခြင်းလည်း တပါးတခြား၊ ဆင်းရဲခြင်းလည်း တပါးတခြားဟု ဆိုသော် မင်းကြီး၊ထို့အတူ နိဗ္ဗာန်သည်ဧကန်စင်စစ်ချမ်းသာ၏၊ ဆင်းရဲ နှင့်မရောနှော၊ အကြင်သူတို့သည် နိဗ္ဗာန်ကိုရှာကုန်၏၊ ထိုသူတို့သည် ကိုယ်စိတ်ကိုပင်ပန်းစေ၍ရပ်ခြင်း, သွားခြင်း,ထိုင်ခြင်း, လျောင်းခြင်းကို သိမ်းဆည်း၍ ထိနမိဒ္ဓငိုက်မျဉ်းခြင်းကိုဖျောက်၍ စက္ခုအစရှိသော ဣန္ဒြေကိုလည်း နှိပ်ကွပ်၍ ကိုယ်အသက်ကိုမငဲ့မကွက် စွန့်စား၍ဆင်းရဲ သဖြင့် နိဗ္ဗာန်ကိုရှာသော် ဧကန်စင်စစ် နိဗ္ဗာန်ချမ်းသာကိုခံစားရကုန်၏၊ ရန်သူကိုနှိမ်နင်းပြီးသော် မင်းတို့သည် ပြည်စည်းစိမ်ကိုခံစားရသကဲ့သို့ ထို့အတူ မင်းကြီး၊ နိဗ္ဗာန်သည်စင်စစ်ချမ်းသာ၏၊ ဆင်းရဲနှင့်မရောနှော၊

နိဗ္ဗာန်လည်းတပါးတခြား၊ ဆင်းရဲလည်းတပါးတခြား၊ မင်းကြီး၊ နိဗ္ဗာန်သည်ကေဝလသုခဖြစ်၍ ဆင်းရဲနှင့်မရောနှော၊ နိဗ္ဗာန်လည်းတပါးတခြား၊ ဆင်းရဲလည်း တပါးတခြားဖြစ်ကြောင်းကို နာဦးလော့ဟုဆို၍—

မင်းကြီး၊ အတတ်တတ်သော ဆရာတို့၏ အတတ်ပညာ ချမ်းသာမည်သည်ရှိ၏လောဟုဆိုသော် အရှင်ဘုရား၊ ဆရာတို့၏ အတတ်ပညာ ချမ်းသာသည်ရှိပေ၏ဟုဆိုသော် မင်းကြီး၊ ထိုအတတ်ပညာကြောင့်ဖြစ်သော ချမ်းသာသည် ဆင်းရဲနှင့်ရောနှောကောင်း၏လောဟု ဆိုပြန်လျှင် အရှင်ဘုရား၊ အတတ်ပညာသည် ဆင်းရဲနှင့် မရောနှောဟု ဆိုသော် မင်းကြီး၊ထိုအတတ်ပညာသင်သောသူတို့သည် ဆရာတို့အား ရှိခိုးခြင်း,လုပ်ကျွေးခြင်း, ရေခပ်ခြင်း, တံမြက်လှည်းခြင်း, ဒန်ပူမျက်နှာသစ်ရေကိုဖြစ်စေခြင်း, စားကြွင်းကိုသိမ်းဆည်းခြင်း, အဝတ်ကိုပေးရခြင်း, ရေချိုးခြင်း, ခြေလက်ဆုပ်နယ်ခြင်းတို့ဖြင့် မိမိစိတ်ကိုချိုးမြှောက်၍ သူတပါးစိတ်ကိုလိုက်ရသဖြင့် ဆင်းရဲစွာအိပ်ရခြင်း, မညီမညွတ်သော အစာကို စားရသဖြင့် ကိုယ်ကိုအဘယ့်ကြောင့် ဆင်းရဲပူပန်စေကုန်သနည်းဟုဆိုသော် အရှင်ဘုရား၊ဤသို့သောဆင်းရဲခြင်းသည် အတတ်ပညာကို ရှာမှီးအံ့သော၌ ရှေးအဘို့၌ ဖြစ်သော ဆင်းရဲခြင်းတည်း၊ထိုဆင်းရဲသည်အတတ်ပညာ၏ဆင်းရဲမဟုတ်၊ အရှင်ဘုရား၊ဆင်းရဲပြီးပြင်သဖြင့် ဆရာတို့၏အထံ၌ အတတ်ပညာကိုရှာ၍ သိပ္ပသုခမည်သော ချမ်းသာကိုခံစားကုန်၏၊ အရှင်ဘုရား၊ ဤအတတ်ပညာချမ်းသာသည် ဆင်းရဲနှင့် မရောနှော၊ အတတ်ပညာ ချမ်းသာလည်း တပါးတခြား၊ ဆင်းရဲသည်း တပါးတခြားဟုဆိုသော် မင်းကြီး၊ထို့အတူ နိဗ္ဗာန်သည် ကေနစင်စစ်ချမ်းသာ၏၊ ဆင်းရဲနှင့်မရောနှော၊ နိဗ္ဗာန်ကို ရှာသောသူတို့သည် ကိုယ်စိတ်ကိုဆင်းရဲစေ၍ အသက်ကိုမငဲ့မကွက်စွန့်စား၍ ဆင်းရဲသဖြင့် နိဗ္ဗာန်ကိုရှာသော် ကေနစင်စစ် ချမ်းသာသော နိဗ္ဗာန်ကို ခံစားရကုန်၏၊မင်းကြီး၊ ချမ်းသာသော ဆရာ့အတတ်ကဲ့သို့ စင်စစ်ကေနလျှင် နိဗ္ဗာန်သည်ချမ်းသာ၏၊ဆင်းရဲနှင့်မရောနှော၊ဆင်းရဲလည်းတပါးတခြား၊ နိဗ္ဗာန်လည်း တပါးတခြားဖြစ်၏ဟုဆိုသော် အရှင်ဘုရား၊ ကောင်းလှပေ၏၊အရှင်ဘုရားဆိုတိုင်း တကာတော်ဝန်ခံပါ၏ဟု ဝန်ခံလေ၏။

ကေဝလသုခနိဗ္ဗာနပဉှာပြီး၏။

---

## ၁၆၇။ နိဗ္ဗာနရူပသဏ္ဌာနပဉှာ

**နိဗ္ဗာန်၏အဆင်းသဏ္ဌာန်ပြဿနာ**······မိလိန္ဒ မင်းသည် အရှင်ဘုရား၊ နိဗ္ဗာန် တရားကို နိဗ္ဗာန်ဟူ၍ ဆိုတော်မူကြကုန်၏၊ ထိုနိဗ္ဗာန်၏ အဆင်းသဏ္ဌာန်အရှည် ပမာဏကို ဥပမာဖြင့်ရင်း၊ အကြောင်းဖြင့်ရင်း၊ နည်းနာနယဖြင့်ရင်း၊ ပြခြင်းငှါတတ်နိုင်ကောင်းအံ့လောဟုမေး၏။မင်းကြီး၊နိဗ္ဗာန်သည် အတုမရှိဖြစ်၍ အဆင်းသဏ္ဌာန်အရှည်ကို ပမာဏဥပမာအကြောင်းနည်းနာဖြင့် ပြခြင်းငှါ မတတ်နိုင်ချေဟုဆို၏။

ဘန္တေ နာဂသေန နိဗ္ဗာနံ နိဗ္ဗာနန္တိ ယံ ဝဒေသိ၊ သက္ကာ ပန တဿ နိဗ္ဗာနဿ ရူပံဝါ သဏ္ဌာနံဝါ ဝယံဝါ ပမာဏံဝါ ဩပမ္မေနဝါ ကာရဏေနဝါ ဟေတုနာဝါ နယေနဝါ ဥပဒဿယိတုန္တိ။ ။အပ္ပဋိဘာဂံမဟာရာဇ နိဗ္ဗာနံ၊ နသက္ကာနိဗ္ဗာနဿ ရူပံဝါ သဏ္ဌာနံဝါ ဝယံဝါ ပမာဏံဝါ ဩပမ္မေနဝါ ကာရဏေ နဝါ ဟေတုနာဝါ နယေနဝါ ဥပဒဿယိတုန္တိ။
ဟူသည်တည်း။

ဘန္တေနာဂသေန၊ ရှင်နာဂသေနမထေရ်။ ယံနိဗ္ဗာနံ၊ အကြင်နိဗ္ဗာန် တရားကို။ နိဗ္ဗာနန္တိ၊ နိဗ္ဗာန်ဟူ၍။ ဝဒေသိ၊ ဆိုတော်မူ၏။ တဿ နိဗ္ဗာနဿ၊ ထိုနိဗ္ဗာန်၏။ရူပံဝါ၊အဆင်းကိုရင်း။ သဏ္ဌာနံဝါ၊သဏ္ဌာန်ကို ရင်း။ဝယံဝါ၊အရှယ်ကိုရင်း။ပမာဏံဝါ၊ ပမာဏကိုရင်း။ ဩပမ္မေနဝါ၊ ဥပမာဖြင့်ရင်း။ ကာရဏေနဝါ၊ အကြောင်းဖြင့်ရင်း။ ဟေတုနာဝါ၊ ထောက်ထားသဖြင့်ရင်း။နယေနဝါ၊နည်းနာနယဖြင့်ရင်း။ဥပဒဿယိတုံ၊ ချဉ်း၍ပြအံ့သောငှါ။သက္ကာပန၊ တတ်နိုင်ကောင်းအံ့လော။ဣတိ၊ ဤသို့။ ပုစ္ဆိ၊မေး၏။ ။မဟာရာဇ၊မင်းကြီး။နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ အပ္ပဋိဘာဂံ၊ အတုမရှိ။ နိဗ္ဗာနဿ၊ နိဗ္ဗာန်၏။ ရူပံဝါ၊ အဆင်းကိုရင်း။ သဏ္ဌာနံဝါ၊ သဏ္ဌာန်ကိုရင်း ။ဝယံဝါ၊ အရှယ်ကိုရင်း။ ဩပမ္မေနဝါ၊ဥပမာဖြင့်ရင်း။ ကာရဏေနဝါ၊ အကြောင်းဖြင့်ရင်း။ဟေတုနာဝါ၊ ထောက်ထားသဖြင့် ရင်း။နယေနဝါ၊နည်းနာနယဖြင့်ရင်း။ဥပဒဿယိတုံ၊ ချဉ်း၍ပြအံ့သောငှါ။ နသက္ကာ၊မတတ်နိုင်ရာချေ။ဣတိ၊ဤသို့။ဝတ္တဗ္ဗ၊ဆိုအပ်သည်ရှိသော်။

အရှင်ဘုရား၊ ဤအနက်အဓိပ္ပါယ်ကို တကာတော် ဝန်မခံနိုင်ပါသေး၊ နိဗ္ဗာန်တရား၏ အဆင်းသဏ္ဌာန်အစရှိသည်ကို မပြနိုင်သည်ဖြစ်အံ့၊ အကြောင်းအားဖြင့် တကာတော်ကို သိပါစေလော့ဟုဆိုသော် မင်းကြီး၊ ထိုသို့သောနိဗ္ဗာန်ကို အဆင်းသဏ္ဌာန်ဖြင့်မပြနိုင်သော် ဝန်မခံသေးသည် ဖြစ်လင့်စေဦး၊ အကြောင်းဖြင့်သင်မင်းကြီးကို သိစေအံ့ဟုဆို၍ မင်းကြီး၊ မဟာသမုဒ္ဒရာဟူ၍ ထင်ရှားရှိ၏လောဟုဆိုလျှင် အရှင်ဘုရား၊ မဟာသမုဒ္ဒရာသည် ထင်ရှားရှိ၏ဟုဆိုလျှင် မင်းကြီး၊သင်မင်းကြီးသည် တစုံတယောက်သောသူသည် မဟာသမုဒ္ဒရာ၌ ရေသည် အရေအတွက် အဘယ်မျှလောက်ရှိသနည်း၊ မဟာသမုဒ္ဒရာ၌ အကြင်သတ္တဝါတို့သည် နေကုန်၏၊ထိုသတ္တဝါတို့သည် အဘယ်မျှလောက် အရေအတွက်ရှိကုန်သနည်းဟု အကယ်၍မေးအံ့၊ဤသို့သူတပါးမေးခဲ့သော် ထိုသူအားအသို့ ပြောဆိုမည်နည်းဟုဆိုသော် အရှင်ဘုရား၊အကယ်၍ တစုံတယောက်သောသူသည်မေးငြားအံ့၊ အိုယောက်ျား၊သင်ငါ့ကို မမေးလင့်၊ဤသို့သော အမေးကို တစုံတယောက်သောသူသည် မမေးအပ်သောပုစ္ဆာတည်း၊ မဖြေဘဲထားအပ်သော ပုစ္ဆာတည်းဟုဆိုရာ၏ ၊ဤသို့သောအမေးပြဿနာကို လောက၌ ကြားကြားသမျှသော သူအပေါင်းတို့သည် မဝေဘန်အပ်၊ မဟာသမုဒ္ဒရာရေကို နှိုင်းရှည့်ခြင်းငှါ မတတ်နိုင်ရာ၊ မဟာသမုဒ္ဒရာ၌နေသော သတ္တဝါတို့ကို ရေတွက် နှိုင်းရှည့်ခြင်းငှါ မတတ်နိုင်ကောင်းဟု တကာတော်သည် ထိုမေးသောသူအား စကားတုံ့ပြန်ရာ၏ဟုဆိုသော် မင်းကြီး၊ သင်မင်းကြီးသည် မဟာသမုဒ္ဒရာ၌ ရေသည် ထင်ရှားရှိလျက် မရေတွက်နိုင်၊ မချင့်တွက်နိုင်ဟူသော စကားကို အဘယ်သို့ ဆိုပြန်သနည်း၊ မဟာသမုဒ္ဒရာ၌ ဤရွေ့ဤမျှ အရေအတွက်ရှိ၏ဟု အပေါင်းအစုကို ကြားအပ်ပါ၏တကားဟု ဆိုသော် အရှင်ဘုရား၊မတတ်နိုင်ရာ၊ အရာမဟုတ်ချေဟုဆိုလျှင် မင်းကြီး၊ မဟာသမုဒ္ဒရာ၌ သဘောတရားထင်ရှားရှိလျက် ရေ၏အရေအတွက် သတ္တဝါတို့၏အရေအတွက်ကို ရေတွက်ခြင်းငှါမတတ်နိုင်ရာ၊ မင်းကြီး၊ ထို့အတူ နိဗ္ဗာန်တရားသည် ထင်ရှားရှိလျက် နိဗ္ဗာန်တရား၏ အဆင်းသဏ္ဌာန် အရွယ်ပမာဏကို ဥပမာအကြောင်း အထောက်အထားနည်းနာနယဖြင့်ချဉ်း၍ ပြအံ့သောငှါ မတတ်နိုင်ရာ၊ မင်းကြီး၊ တန်ခိုးနှင့် ပြည့်စုံသော စိတ်ဝသီဘော် အလေ့အကျက်ရှိသော ပုဂ္ဂိုလ်သည်

မဟာသမုဒ္ဒရာ၌ ရေကိုရေတွက်သော် ရေတွက်နိုင်ရာ၏၊ ထိုမဟာသမုဒ္ဒရာ၌နေသော သတ္တဝါတို့ကိုလည်း ရေတွက်ခြင်းငှါ တတ်နိုင်ရာ၏၊ ထိုတန်ခိုးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် နိဗ္ဗာန်၏ အဆင်းသဏ္ဍာန် အရွယ်ပမာဏကို ဥပမာအကြောင်းအထောက်အထားဖြင့် ချဉ်း၍ပြအံ့သောငှါ မတတ်နိုင်ရာ။

မင်းကြီး၊ နိဗ္ဗာန်တရား၏ အဆင်းသဏ္ဍာန်အစရှိသည်ကို ချဉ်း၍ ပြခြင်းငှါ မတတ်နိုင်ကြောင်းကို လွန်စွာနာဦးလော့၊မင်းကြီး၊ နတ်တို့တွင် အရူပပုဂ္ဂိုလ်ရှိသလောဟုဆိုသော် အရှင်ဘုရား၊ အရူပပုဂ္ဂိုလ်ရှိ၏ဟုကြားဘူးပါ၏ဟုဆိုလျှင် မင်းကြီး၊ထိုအရူပပုဂ္ဂိုလ်တို့၏ အဆင်းသဏ္ဍာန် အစရှိသည်ကို ဥပမာနည်းနာနယဖြင့် ချဉ်း၍ပြခြင်းငှါတတ်နိုင်ရာအံ့လောဟုဆိုသော် အရှင်ဘုရား၊အရူပပုဂ္ဂိုလ်တို့၏ အဆင်းသဏ္ဍာန်ကို ဥပမာနည်းနာနယဖြင့် ချဉ်း၍ပြခြင်းငှါ မတတ်နိုင်ရာဟုဆိုလျှင် မင်းကြီး၊ အရူပသတ္တဝါတို့သည် ထင်ရှားကားရှိ၏၊ထိုအရူပသတ္တဝါတို့၏ အဆင်းသဏ္ဍာန်အစရှိသည်တို့ကို ဥပမာဖြင့်ချဉ်း၍ ပြအံ့သောငှါ မတတ်နိုင်ရာ၊မင်းကြီး၊ထို့အတူ နိဗ္ဗာန်တရားသဘောကားရှိ၏၊နိဗ္ဗာန်၏ အဆင်းသဏ္ဍာန်အစရှိသည်ကို ဥပမာဖြင့် ချဉ်း၍ပြအံ့သောငှါ မတတ်နိုင်ရာဟုဆိုသော် အရှင်ဘုရား၊ ထိုနိဗ္ဗာန်သည် စင်စစ်ချမ်းသာ၏၊ ထိုနိဗ္ဗာန်၏ အဆင်းသဏ္ဍာန်ကို ဥပမာနည်းနာနယဖြင့် ပြအံ့သောငှါ မတတ်နိုင်သော် အရှင်ဘုရား ၊ နိဗ္ဗာန်တရား၏ ဂုဏ်ကျေးဇူးကို တစုံတခုသော ဥပမာဖြင့်ပြသော် တပါးသောအကြောင်းအရာတို့ဖြင့် ဝင်ရာအံ့လောဟုဆိုသော် မင်းကြီး၊ သရုပ်သဏ္ဍာန်အားဖြင့် နိဗ္ဗာန်သည်မရှိ၊ ဂုဏ်ကျေးဇူးအားဖြင့်ကား ထိုနိဗ္ဗာန်ကို တစုံတခုသော ဥပမာဖြင့် ချဉ်း၍ပြအံ့သောငှါ တတ်နိုင်ကောင်း၏ဟုဆိုသော် အရှင်ဘုရား၊ တကာတော်တောင်းပန်ပါ၏၊ နိဗ္ဗာန်၏ ဂုဏ်ကျေးဇူးအားဖြင့်လည်း တစိတ်တဒေသပြခြင်းကို တကာတော်ရချင်ပါ၏၊ ထိုအခြင်းအရာကို လျှင်စွာပြတော်မူပါလော့၊တကာတော်၏နှလုံးသည်ပူပန်၏၊ ချမ်းသောလေနှင့် တူသောစကားဖြင့် ချမ်းမြေ့စွာ ဆုံးမသွန်သင်ပါလော့ဟုဆို၏၊ ထိုစကားကို ရှင်နာဂသေနမထေရ်သည် နိဗ္ဗာန်အား ဂုဏ်ကျေးဇူး ရှိကြောင်းကို ဥပမာဖြင့်ဆောင်၍ပြ၏။

ပဒုမဿမဟာရာဇ ဧကောဂုဏော နိဗ္ဗာနံအနုပဝိဋ္ဌော၊ ဥဒကဿ ဒွေဂုဏာ၊ အဂဒဿ တယောဂုဏာ၊ မဟာသမုဒ္ဒဿ စတ္တာရောဂုဏာ၊ ဘောဇနဿ ပဉ္စဂုဏာ၊ အာကာသဿ ဒသ ဂုဏာ၊ မဏိရတနဿ တယောဂုဏာ၊ လောဟိတစန္ဒနဿ တယောဂုဏာ၊ သပ္ပိမဏ္ဍဿ တယောဂုဏာ၊ ဂိရိသိခရဿ ပဉ္စဂုဏာ နိဗ္ဗာနံ အနုပဝိဋ္ဌာတိ။ ။ဟူသည်တည်း။

မဟာရာဇ၊ မင်းကြီး။ ပဒုမဿ၊ ကြာပဒုမာ၏။ ဧကောဂုဏော၊ တခုသောဂုဏ်ကျေးဇူးသည်။ နိဗ္ဗာနံ၊ နိဗ္ဗာန်သို့။ အနုပဝိဋ္ဌော၊ ဝင်၏။ ဥဒကဿ၊ရေ၏။ဒွေဂုဏာ၊ နှစ်ခုသော ဂုဏ်ကျေးဇူးတို့သည်။ နိဗ္ဗာနံ၊ နိဗ္ဗာန်သို့။ အနုပဝိဋ္ဌာ၊ ဝင်ကုန်၏။ အဂဒဿ၊ဆေး၏။တယောဂုဏာ၊ သုံးခုသော ဂုဏ်ကျေးဇူးတို့သည်။နိဗ္ဗာနံ၊နိဗ္ဗာန်သို့။အနုပဝိဋ္ဌာ၊ ဝင်ကုန်၏။မဟာသမုဒ္ဒဿ၊ မဟာသမုဒ္ဒရာ၏။ စတ္တာရောဂုဏာ၊ လေးခုသော ဂုဏ်ကျေးဇူးတို့သည်။ နိဗ္ဗာနံ၊ နိဗ္ဗာန်သို့။ အနုပဝိဋ္ဌာ၊ ဝင်ကုန်၏။ ဘောဇနဿ၊ဘောဇဉ်၏။ပဉ္စဂုဏာ၊ငါးခုသော ဂုဏ်ကျေးဇူးတို့သည်။ နိဗ္ဗာနံ၊နိဗ္ဗာန်သို့။အနုပဝိဋ္ဌာ၊ဝင်ကုန်၏။အာကာသဿ၊ ကောင်းကင်၏။ ဒသဂုဏာ၊ ဆယ်ခုသော ဂုဏ်ကျေးဇူးတို့သည်။ နိဗ္ဗာနံ၊ နိဗ္ဗာန်သို့။ အနုပဝိဋ္ဌာ၊ ဝင်ကုန်၏။ မဏိရတနဿ၊ ပတ္တမြားရတနာ၏။ တယော ဂုဏာ၊သုံးခုသော ဂုဏ်ကျေးဇူးတို့သည်။နိဗ္ဗာနံ၊ နိဗ္ဗာန်သို့။ အနုပဝိဋ္ဌာ၊ ဝင်ကုန်၏။လောဟိတစန္ဒနဿ၊စန္ဒကူးနီ၏။တယောဂုဏာ၊ သုံးခုသော ဂုဏ်ကျေးဇူးတို့သည်။ နိဗ္ဗာနံ၊ နိဗ္ဗာန်သို့။ အနုပဝိဋ္ဌာ၊ ဝင်ကုန်၏။ သပ္ပိမဏ္ဍဿ၊ ထောပတ်ဦး၏။ တယောဂုဏာ၊ သုံးခုသောဂုဏ် ကျေးဇူးတို့သည်။နိဗ္ဗာနံ၊နိဗ္ဗာန်သို့။အနုပဝိဋ္ဌာ၊ဝင်ကုန်၏။ ဂိရိသိခရဿ၊ တောင်ထွဋ်၏။ ပဉ္စဂုဏာ၊ ငါးခုသောဂုဏ်ကျေးဇူးတို့သည်။ နိဗ္ဗာနံ၊ နိဗ္ဗာန်သို့။အနုပဝိဋ္ဌာ၊ဝင်ကုန်၏။ဣတိ၊ဤသို့။ဝိဿဇ္ဇေတိ၊ဖြေတော်မူ၏။

**ကြာပဒုမာ၏ ဂုဏ် ၁-ပါး**......ဤသို့ အကျဉ်းအားဖြင့် ပြသော ထိုစကားကို အကျယ်သိလို၍

အရှင်ဘုရား၊ကြာပဒုမာ၏တခုသော ဂုဏ်ကျေးဇူးသည် နိဗ္ဗာန်သို့ဝင်၏ ဟူသော စကားကို အရှင်ဘုရားမိန့်၏၊ ကြာပဒုမာ၏ ဂုဏ်ကျေးဇူးတခု သည် အဘယ်သို့လျှင် နိဗ္ဗာန်သို့ ဝင်ရာသနည်းဟုမေးသော်-မင်းကြီး၊

ကြာပဒုမာသည် ရေဖြင့်မလိမ်းကျံ ရေမစွတ်သကဲ့သို့ ထို့အတူ နိဗ္ဗာန်တရားသည် ခပ်သိမ်းသော ကိလေသာတရားဖြင့် မလိမ်းကျံ။ ။ ဤသည်ကား မင်းကြီး၊ပဒုမာ၏တခုသောဂုဏ်ကျေးဇူးသည် နိဗ္ဗာန်သို့ဝင်၏ဟု ဖြေတော်မူ၏။

**ရေ၏ဂုဏ် ၂-ပါး**…အရှင်ဘုရား၊ ရေ၏ဂုဏ်ကျေးဇူးနှစ်ပါးသည် နိဗ္ဗာန်သို့ဝင်၏ဟု မိန့်၏၊အဘယ်သို့လျှင် ရေ၏ ဂုဏ်ကျေးဇူးနှစ်ပါးတို့သည် နိဗ္ဗာန်သို့ ဝင်ကုန်သနည်းဟုဆိုသော် (၁)မင်းကြီး၊ ရေသည်ချမ်းအေးသည်ဖြစ်၍ ပူပန်ခြင်းကို ငြိမ်းစေတတ်သကဲ့သို့ ထို့အတူ မင်းကြီး၊နိဗ္ဗာန်သည်ချမ်းမြေ့လှသည်ဖြစ်၍ ခပ်သိမ်းသော ကိလေသာတို့၏ ပူပန်ခြင်းကို ငြိမ်းစေတတ်၏၊ ဤသည်ကား ရေ၏ပဌမဂုဏ်ကျေးဇူးသည် နိဗ္ဗာန်သို့ဝင်၏၊ (၂)မင်းကြီး၊ တဖန်လည်း ချမ်းအေးသောရေကို သောက်အပ်သည်ရှိသော် ငတ်ခြင်း ဆာလောင်ခြင်း ပူအိုက်ခြင်းရှိကုန်သော လူ,ကျွဲ,နွားအစရှိသော သတ္တဝါတို့၏ ငတ်မွတ်ဆာလောင်ခြင်းကို ရေသည် ပျောက်တတ်သကဲ့သို့ ထို့အတူ မင်းကြီး၊နိဗ္ဗာန်သည်ကာမတဏှာ,ဘဝတဏှာ,ဝိဘဝတဏှာ၏ ချင်ခြင်းကိုပျောက်တတ်၏၊ဤသည်ကား မင်းကြီး၊ ရေ၏ဒုတိယနှစ်ခုမြောက်သော ဂုဏ်ကျေးဇူးသည်နိဗ္ဗာန်သို့ဝင်၏၊ ။ဤသည်လျှင် မင်းကြီး၊ ရေ၏ဂုဏ်ကျေးဇူးနှစ်ပါးတို့သည် နိဗ္ဗာန်သို့ ဝင်ကုန်၏ဟု ဖြေတော်မူ၏။

**ဆေး၏ဂုဏ် ၃-ပါး**……အရှင်ဘုရား၊ ဆေး၏သုံးပါးသော ဂုဏ်ကျေးဇူးတို့သည် နိဗ္ဗာန်သို့ ဝင်ကုန်၏ဟု အရှင်ဘုရားမိန့်၏၊ ဆေး၏ဂုဏ်ကျေးဇူးသုံးပါးတို့သည် အဘယ်သို့ နိဗ္ဗာန်သို့ ဝင်ကုန်သနည်းဟု ဆိုသော်(၁)မင်းကြီး၊ဆေးသည် အဆိပ်တို့ဖြင့် နှိပ်စက်ခြင်းရှိသော သူတို့၏ကိုးကွယ်ရာဖြစ်သကဲ့သို့ ထို့အတူ မင်းကြီး၊နိဗ္ဗာန်သည် ကိလေသာတည်းဟူသော အဆိပ်တို့ဖြင့် နှိပ်စက်ခြင်း ရှိသော သတ္တဝါတို့၏ ကိုးကွယ်ရာဖြစ်ပေ၏၊ ဤသည်ကား မင်းကြီး၊ဆေး၏ ပဌမဂုဏ်ကျေးဇူးသည် နိဗ္ဗာန်သို့ဝင်၏၊ (၂)တဖန်လည်း မင်းကြီး၊ဆေးသည် အနာရောဂါတို့၏ အဆုံးကိုပြုတတ်သကဲ့သို့ ထို့အတူ နိဗ္ဗာန်သည် ခပ်သိမ်းသော ဆင်းရဲတို့၏ အဆုံးကိုပြုတတ်ပေ၏၊ဤသည်ကား မင်းကြီး၊ဆေး၏ဒုတိယမြောက်သော ဂုဏ်ကျေးဇူး

သည် နိဗ္ဗာန်သို့ဝင်၏၊ (၃)တဖန်လည်း မင်းကြီး၊ ဆေးသည်အသက်ကို မသေစေတတ်သကဲ့သို့ ထို့အတူ နိဗ္ဗာန်သည်မသေစေတတ်၊မင်းကြီး၊ ဤသည်ကား ဆေး၏တတိယမြောက်သော ဂုဏ်ကျေးဇူးသည် နိဗ္ဗာန်သို့ ဝင်၏။ ။ဤသို့လျှင် မင်းကြီး၊ ဆေး၏သုံးပါးသောဂုဏ်ကျေးဇူးတို့သည် နိဗ္ဗာန်သို့ဝင်ကုန်၏ဟုဖြေတော်မူ၏။

**သမုဒ္ဒရာ၏ဂုဏ် ၄-ပါး**…… အရှင်ဘုရား၊ အရှင်ဘုရားသည် မဟာသမုဒ္ဒရာ၏ လေးပါးသော ဂုဏ်ကျေးဇူးတို့သည် နိဗ္ဗာန်သို့ ဝင်ကုန်၏ဟု မိန့်၏၊မဟာသမုဒ္ဒရာ၏ ဂုဏ်လေးပါးတို့သည် အဘယ်သို့လျှင် နိဗ္ဗာန်သို့ ဝင်ကုန်သနည်းဟု ဆိုသော် (၁) မင်းကြီး၊ မဟာသမုဒ္ဒရာသည် ခပ်သိမ်းသော အကောင်ပုပ်မှ ဆိတ်ညံသကဲ့သို့ ထို့အတူ နိဗ္ဗာန်သည် ခပ်သိမ်းသော ကိလေသာတည်းဟူသော အကောင်ပုပ်တို့မှ ဆိတ်ညံ၏၊ ဤသည်ကား မင်းကြီး၊ မဟာသမုဒ္ဒရာ၏ ပဌမဖြစ်သော ဂုဏ်ကျေးဇူးသည် နိဗ္ဗာန်သို့ဝင်၏၊ (၂) တဖန်လည်း မင်းကြီး၊ မဟာသမုဒ္ဒရာသည် ကျယ်သော အပြောရှိ၏၊ ထိုမှာ ဘက်ကမ်းကို မမြင်နိုင်၊ ခပ်သိမ်းသော မြစ်တို့သည်စီးဝင်သော်လည်း မပြည့်နိုင်သကဲ့သို့ မင်းကြီး၊ ထို့အတူ နိဗ္ဗာန်သည် အပြောကျယ်၏၊ နိဗ္ဗာန်ကိုမမြင်နိုင် ခပ်သိမ်းသော ကျွတ်ထိုက်သော သတ္တဝါတို့ဖြင့်လည်း မပြည့်နိုင် မင်းကြီး၊ ဤသည်ကား မဟာသမုဒ္ဒရာ၏ ဒုတိယမြောက်သော ဂုဏ်သည် နိဗ္ဗာန်သို့ဝင်၏၊ (၃)မင်းကြီး၊တဖန်လည်း မဟာသမုဒ္ဒရာသည် ကြီးသည့်သတ္တဝါတို့၏ နေရာဖြစ်သကဲ့သို့ ထို့အတူ နိဗ္ဗာန်သည် ကိလေသာတည်းဟူသော အညစ်အကြေးမရှိ ကုန်ပြီးသော ဝသီဘော် အလေ့အကျက်ရှိသော ရဟန္တာတို့၏ နေရာဖြစ်၏၊ ဤသည်ကား မင်းကြီး၊ မဟာသမုဒ္ဒရာ၏ တတိယမြောက်သောဂုဏ်သည် နိဗ္ဗာန်သို့ ဝင်၏၊ (၄)တဖန်လည်း မင်းကြီး၊မဟာသမုဒ္ဒရာသည်မနိုင်းရှည့်အပ်သော အထူးထူးအပြားပြား အားဖြင့် ပြန့်ပြောသော တံပိုးတည်းဟူသော ပန်းတို့ဖြင့် ရောနှော သကဲ့သို့ ထို့အတူ မင်းကြီး၊နိဗ္ဗာန်သည်မနှိုင်းရှည့်အပ်သော အထူးထူး အပြားပြားအားဖြင့် ပြန့်ပြောသော အညစ်အကြေးမရှိ စင်ကြယ်သော ဝိဇ္ဇာဝိမုတ္တိဘည်းဟူသောပန်းနှင့် ရောနှော၏၊ ဤသည်ကား "မင်းကြီး၊ မဟာသမုဒ္ဒရာ၏ လေးခုမြောက်သော ဂုဏ်သည် နိဗ္ဗာန်သို့ဝင်၏။ ။

ဤသို့လျှင် မင်းကြီး၊ မဟာသမုဒ္ဒရာ၏ လေးပါးသော ဂုဏ်တို့သည် နိဗ္ဗာန်သို့ ဝင်ကုန်၏ဟု ပြေတော်မူ၏။

**ဘောဇဉ်၏ဂုဏ် ၅-ပါး**……အရှင်ဘုရား၊ဘောဇဉ်၏ငါးပါးသော ဂုဏ်ကျေးဇူးတို့သည် နိဗ္ဗာန်သို့ ဝင်ကုန်၏ဟု အရှင်ဘုရားမိန့်၏၊အဘယ်သို့လျှင် ဘောဇဉ်၏ ဂုဏ်ငါးပါးတို့သည် နိဗ္ဗာန်သို့ဝင်ကုန်သနည်းဟုဆိုသော်(၁)မင်းကြီး၊ ဘောဇဉ်သည် အသက်ရှိသော သတ္တဝါတို့၏ အသက်ကို ဆောင်တတ်သကဲ့သို့ ထို့အတူ မင်းကြီး၊ မျက်မှောက်ပြုအပ်သော နိဗ္ဗာန်သည် ဇရာမရဏာ တရားတို့၏ ငြိမ်းရာဖြစ်သောကြောင့် အသက်ကို ဆောင်တတ်၏၊ မင်းကြီး၊ဤသည်ကား ဘောဇဉ်၏ ပဌမဖြစ်သော ဂုဏ်သည် နိဗ္ဗာန်သို့ ဝင်၏(၂)တဘန်လည်း မင်းကြီး၊ဘောဇဉ်သည်ခပ်သိမ်းသော သတ္တဝါတို့၏ အားကို ပွါးစေတတ်သကဲ့သို့ ထို့အတူ မျက်မှောက်ပြုအပ်သော နိဗ္ဗာန်သည် တန်ခိုးဣဒ္ဓိပါဒ်တရားကိုပွါးစေတတ်၏၊ မင်းကြီး၊ ဤသည်ကား ဘောဇဉ်၏ နှစ်ခုမြောက်သော ဂုဏ်သည် နိဗ္ဗာန်သို့ ဝင်၏၊ (၃) တဘန်လည်း မင်းကြီး၊ ဘောဇဉ်သည် ခပ်သိမ်းသော သတ္တဝါတို့၏ အဆင်းကိုဖြစ်စေသကဲ့သို့ ထို့အတူ မျက်မှောက်ပြုအပ်သော နိဗ္ဗာန်သည် ကျွတ်ထိုက်သော ခပ်သိမ်းသော သတ္တဝါတို့၏ ဂုဏ်တည်းဟူသော အဆင်းကို ပွါးစေတတ်၏၊ မင်းကြီး၊ဤသည်ကား ဘောဇဉ်၏ သုံးခုမြောက်သော ဂုဏ်သည် နိဗ္ဗာန်သို့ဝင်၏၊ (၄)တဘန်လည်း မင်းကြီး၊ဘောဇဉ်သည် ခပ်သိမ်းသောသတ္တဝါတို့၏ ပူပန်ခြင်းကို ငြိမ်းစေသကဲ့သို့ ထို့အတူ မျက်မှောက်ပြုအပ်သော နိဗ္ဗာန်သည် ခပ်သိမ်းသော သတ္တဝါတို့၏ ကိလေသာတည်းဟူသော ပူပန်ခြင်းကို ငြိမ်းစေတတ်၏၊မင်းကြီး၊ ဤသည်ကား ဘောဇဉ်၏လေးခုမြောက်သော ဂုဏ်သည် နိဗ္ဗာန်သို့ဝင်၏၊(၅)မင်းကြီး၊တဘန်လည်း ဘောဇဉ်သည် ခပ်သိမ်းသော သတ္တဝါတို့၏ ဝေတ်မွတ်ခြင်း အားနည်းခြင်းကိုပျောက်တတ်သကဲ့သို့ ထို့အတူ မျက်မှောက်ပြုအပ်သော နိဗ္ဗာန်သည် အလုံးစုံသော ဝဋ်ဆင်းရဲ၌ ဝေတ်မွတ်ခြင်း အားနည်းခြင်းကိုပျောက်တတ်၏၊မင်းကြီး၊ ဤသည်ကား ဘောဇဉ်၏ ငါးခုမြောက်သောဂုဏ်သည် နိဗ္ဗာန်သို့ ဝင်၏။ ။မင်းကြီး၊ဤသို့လျှင် ဘောဇဉ်၏ ငါးပါးသော ဂုဏ်ကျေးဇူး တို့သည် နိဗ္ဗာန်သို့ ဝင်ကုန်၏ဟု ပြေတော်မူ၏။

**ကောင်းကင်၏ဂုဏ် ၁၀-ပါး**……အရှင်ဘုရား၊ ကောင်းကင်၏ ဆယ်ပါးသော ဂုဏ်တို့သည် နိဗ္ဗာန်သို့ဝင်ကုန်၏ဟု အရှင်ဘုရားသည်ဆို၏၊ နိဗ္ဗာန်သို့ဝင်သော ကောင်းကင်၏ ဂုဏ်ကျေးဇူး ဆယ်ပါးတို့သည် အဘယ်နည်းဟု ဆိုသော်၊ (၁) မင်းကြီး၊ ကောင်းကင်သည် ပဋိသန္ဓေမနေ။ (၂) ကောင်းကင်သည် မဒို၊ (၃) မသေမစုတေ၊ (၄) ဖြစ်ဆဲတရားမဟုတ်၊ (၅) သူတပါးတို့မညှဉ်းဆဲနိုင်၊ (၆) ခိုးသူတို့မဆောင်နိုင်၊ (၇) မှီခိုရာမရှိ၊ (၈) ငှက်တို့၏သွားရာဖြစ်၏၊ (၉) အဆီးအတားမရှိ၊ (၁၀) အဆုံးလည်းမရှိ၊ ဤဆယ်ပါးသော ဂုဏ်ကျေးဇူးရှိသကဲ့သို့ ထို့အတူ မင်းကြီး၊ နိဗ္ဗာန်သည်ပဋိသန္ဓေမနေတတ်၊ မဒိုတတ်၊ မသေမစုတေတတ်၊ ဖြစ်ဆဲတရားလည်းမဟုတ်၊ သူတပါးတို့မညှဉ်းဆဲနိုင်၊ ခိုးသူတို့မယူဆောင်နိုင်၊ မှီခိုရာမရှိ၊ အရိယာပုဂ္ဂိုလ်တို့၏သွားရာဖြစ်၏၊ အဆီးအတားမရှိ၊ အဆုံးလည်းမရှိ။ ။မင်းကြီး၊ ဤသို့လျှင်ကောင်းကင်၏ ဂုဏ်ကျေးဇူးတို့သည် နိဗ္ဗာန်သို့ ဝင်ကုန်သည်ကား ဤဆယ်ပါး တို့တည်းဟုဖြေတော်မူ၏။

**ပတ္တမြားရ၏ဂုဏ် ၃-ပါး**…အရှင်ဘုရား၊ ပတ္တမြားရတနာ၏သုံးပါးသော ကျေးဇူးတို့သည် နိဗ္ဗာန်သို့ဝင်ကုန်၏ဟုဆို၏၊ ထိုသုံးပါးသော ဂုဏ်ကျေးဇူးတို့သည် အဘယ်သည်တို့နည်းဟုဆိုသော်၊ (၁)မင်းကြီး၊ ပတ္တမြားရတနာသည်အလိုကိုပေးတတ်သကဲ့သို့ ထို့အတူ နိဗ္ဗာန်သည်အလိုကိုပေးတတ်၏၊ ဤကား၊ မင်းကြီး၊ ပတ္တမြားရတနာ၏ ရှေးဦးစွာသော ဂုဏ်သည် နိဗ္ဗာန်သို့ဝင်၏၊ (၂) တဖန်လည်း မင်းကြီး၊ ပတ္တမြားရတနာသည် ရွှင်ခြင်းကိုပြုတတ်သကဲ့သို့ထို့အတူ မင်းကြီး၊ နိဗ္ဗာန်သည်ရွှင်ခြင်းကိုပြုတတ်၏၊ ဤကား မင်းကြီး၊ ပတ္တမြားရတနာ၏ နှစ်ခုမြောက်သော ဂုဏ်သည် နိဗ္ဗာန်သို့ဝင်၏၊ (၃) တဖန်လည်းမင်းကြီး၊ ပတ္တမြားရတနာသည် ထွန်းပခြင်းကိုပြုတတ်၏၊ ထို့အတူ နိဗ္ဗာန်သည် ထွန်းပခြင်းကိုပြု၏၊ မင်းကြီး၊ ဤကားပတ္တမြားရတနာ၏ သုံးခုမြောက်သော ဂုဏ်သည် နိဗ္ဗာန်သို့ဝင်၏။ ။မင်းကြီး၊ ဤသို့လျှင်ပတ္တမြားရတနာ၏ သုံးပါးသောဂုဏ်တို့သည်နိဗ္ဗာန်သို့ဝင်ကုန်၏ဟုဖြေတော်မူ၏။

**စန္ဒကူးနီ၏ဂုဏ် ၃-ပါး**……အရှင်ဘုရား၊ စန္ဒကူးနီ၏သုံးပါးသော ဂုဏ်တို့သည် နိဗ္ဗာန်သို့ ဝင်ကုန်၏ဟု ဆို၏၊ အဘယ်သုံးပါးတို့သည် နိဗ္ဗာန်သို့ ဝင်ကုန်သနည်းဟု ဆိုသော် (၁) မင်းကြီး၊စန္ဒကူးနီသည် အလွန်ရခဲသကဲ့သို့ ထို့အတူနိဗ္ဗာန်သည် ရခဲလှသောအရာဖြစ်၏၊ ဤကားမင်းကြီး၊ စန္ဒကူးနီ၏ပဌမဖြစ်သော ဂုဏ်သည်နိဗ္ဗာန်သို့ဝင်၏၊ (၂) တဘန်လည်းမင်းကြီး၊ စန္ဒကူးနီသည် မမှုနိုင်သော ကောင်းသော အနံ့ရှိသကဲ့သို့ နိဗ္ဗာန်သည်မမှုနိုင်သော ကောင်းသောအနံ့ရှိ၏၊ ဤသည်ကား၊ မင်းကြီး၊စန္ဒကူးနီ၏နှစ်ခုမြောက် သောဂုဏ်သည်နိဗ္ဗာန်သို့ဝင်၏၊ (၃) တဘန်လည်းမင်းကြီး၊စန္ဒကူးနီ သည်သူတော်ကောင်းတို့ ချီးမွမ်းအပ်သည် ဖြစ်သကဲ့သို့ ထို့အတူ နိဗ္ဗာန်သည်အရိယာတို့ ချီးမွမ်းအပ်သောတရားဖြစ်၏၊ ဤကားမင်းကြီး၊ စန္ဒကူးနီ၏ သုံးခုမြောက်သောဂုဏ်သည် နိဗ္ဗာန်သို့ဝင်၏။ ။မင်းကြီး၊ ဤသို့လျှင်စန္ဒကူးနီ၏ သုံးပါးသောဂုဏ်တို့သည် နိဗ္ဗာန်သို့ဝင်ကုန်၏ဟု ဖြေတော်မူ၏။

**ထောပတ်၏ဂုဏ် ၃-ပါး**……အရှင်ဘုရား၊ထောပတ်စိုင်၏သုံးပါး သော ကျေးဇူးတို့သည် နိဗ္ဗာန်သို့ ဝင်ကုန်၏ဟု ဆို၏၊ ထိုသုံးပါးကား အဘယ်နည်းဟု ဆိုသော် (၁) မင်းကြီး၊ ထောပတ်စိုင်သည် အဆင်းနှင့်လည်းပြည့်စုံ၏၊ (၂) အနံ့နှင့် လည်းပြည့်စုံ၏၊ (၃) အရသာနှင့်လည်း ပြည့်စုံ၏၊ ထို့အတူမင်းကြီး၊ နိဗ္ဗာန်သည်သီလဟူသော အဆင်းနှင့်လည်း ပြည့်စုံ၏၊ သီလဟူသော အနံ့နှင့်လည်းပြည့်စုံ၏၊ သီလဟူသောအရသာနှင့်လည်းပြည့်စုံ၏။ ။ မင်းကြီး၊ ဤသို့လျှင် ထောပတ်စိုင်၏သုံးပါးသောဂုဏ်တို့သည် နိဗ္ဗာန် သို့ ဝင်ကုန်၏ဟုဖြေတော်မူ၏။

**တောင်ထွဋ်၏ဂုဏ် ၅-ပါး**……အရှင်ဘုရား၊ကျောက်တောင်ထွဋ် ၏ ငါးပါး သော ဂုဏ်တို့သည် နိဗ္ဗာန်သို့ဝင်ကုန်၏ဟု ဆို၏၊ ထိုငါးပါးကား အဘယ်နည်းဟုဆိုသော် (၁)မင်းကြီး၊ ကျောက်တောင်ထွဋ်သည် အထက်သို့တက်၏၊ မင်းကြီး၊ ထို့အတူ နိဗ္ဗာန်သည် အထက်သို့တက်၏၊ ဤသည်ကား မင်းကြီး၊ ကျောက်တောင်ထွဋ်၏ ပဌမဖြစ်သောဂုဏ်သည်နိဗ္ဗာန်သို့ဝင်၏၊ (၂)

တဘန်လည်းမင်းကြီး၊ ကျောက်တောင်ထွန့်သည် မတုန်မလှုပ် တည်သကဲ့သို့ထို့အတူ နိဗ္ဗာန်သည် မတုန်မလှုပ်အမြဲတည်၏၊ မင်းကြီး၊ ကျောက်တောင်ထွန့်၏ နှစ်ခုမြောက်သောဂုဏ်သည် နိဗ္ဗာန်သို့ဝင်၏၊ (၃) တဘန်လည်း မင်းကြီး၊ ကျောက်တောင်ထွန့်သည် တက်နိုင်ခဲသောသဘောရှိသကဲ့သို့ ထို့အတူ နိဗ္ဗာန်သည် အလုံးစုံကိလေသာရှိသောသူတို့အား တက်နိုင်ရောက်နိုင်အံ့သော သဘောမရှိ၊ မင်းကြီး၊ ကျောက်တောင်ထွန့်၏ သုံးခုမြောက်သောဂုဏ်သည် နိဗ္ဗာန်သို့ဝင်၏၊ (၄) တဘန်လည်း မင်းကြီး၊ ကျောက်တောင်ထွန့်သည် ခပ်သိမ်းသောမျိုးစေ့တို့၏ရောက်ရာဖြစ်ရာမဟုတ်သကဲ့သို့ ထို့အတူ နိဗ္ဗာန်သည် ခပ်သိမ်းသော ကိလေသာတို့၏ ရောက်ရာဖြစ်ရာမဟုတ်၊ မင်းကြီး၊ ကျောက်တောင်ထွန့်၏ လေးခုမြောက်သောဂုဏ်သည် နိဗ္ဗာန်သို့ဝင်၏။ (၅) တဘန်လည်းမင်းကြီး၊ ကျောက်တောင်ထွန့်သည် ချစ်ခြင်းမုန်းထားခြင်းမရှိ ကင်းသကဲ့သို့ ထို့အတူနိဗ္ဗာန်သည် ချစ်ခြင်းမုန်းထားခြင်းကင်း၏၊ မင်းကြီး၊ ကျောက်တောင်ထွန့်၏ ငါးခုမြောက်သောဂုဏ်သည်နိဗ္ဗာန်သို့ဝင်၏၊ ။မင်းကြီး၊ ဤငါးပါးသော ကျောက်တောင်ထွန့်၏ဂုဏ်တို့သည် နိဗ္ဗာန်သို့ဝင်ကုန်၏ဟုဆိုသော်အရှင်ဘုရား၊ ကောင်းလှပေ၏၊ ဤစကားကိုအရှင်ဘုရားဆိုတိုင်း တကာတော် ဝန်ခံပါ၏ဟု ဝန်ခံလေ၏။

နိဗ္ဗာနရူပသဏ္ဌာနပဉှာပြီး၏။

---

## ၁၆၈။ နိဗ္ဗာနနာတိတာဒိပဉှာ

**နိဗ္ဗာန်သည်အတိတ်စသည်ဟုတ်သလော**·····မိလိန္ဒမင်းသည်အရှင်ဘုရား၊ အရှင်ဘုရားတို့သည် နိဗ္ဗာန်တရားသည် လွန်လေပြီးသော အတိတ်တရားလည်းမဟုတ်၊ လာလတ္တံ့သောအနာဂတ်တရားလည်းမဟုတ်၊ ပစ္စုပ္ပန်လည်းမဟုတ်၊ ခဏတ္တယသို့ရောက်သောတရားလည်းမဟုတ်၊ ခဏတ္တယသို့ရောက်ဆဲလည်းမဟုတ်ဟု ဆိုတော်မူကြကုန်၏၊ အရှင်ဘုရား၊ သာသနာတော်၌ တစုံတယောက်သောပုဂ္ဂိုလ်သည်ကောင်းစွာကျင့်၍ နိဗ္ဗာန်ကိုမျက်မှောက်ပြု၏၊ ထိုပုဂ္ဂိုလ်သည် ဖြစ်ဆဲဖြစ်သော နိဗ္ဗာန်ကိုမျက်

မြောက်ပြုသလော၊ထိုသို့မဟုတ်မူကား ဖြစ်ပြီးသော နိဗ္ဗာန်ကိုမျက်မှောက်ပြုသလော၊ ဖြစ်လတ္တံ့သော နိဗ္ဗာန်ကို မျက်မှောက်အာရုံပြုသလောဟု ဆိုသော် မင်းကြီး၊ ကောင်းစွာကျင့်သောသူသည် နိဗ္ဗာန်ကိုမျက်မှောက် အာရုံပြု၏၊ ထိုပုဂ္ဂိုလ်သည် နိဗ္ဗာန်သည်ဖြစ်ဆဲဟူ၍ရင်း, ဖြစ်ပြီးဟူ၍ရင်း, ဖြစ်လတ္တံ့ဟူ၍ရင်း ကာလသုံးပါးနှင့်ယှဥ်၍ မျက်မှောက်မပြု၊ မင်းကြီး၊ ထို ကောင်းစွာကျင့်သော ပုဂ္ဂိုလ်သည် အကြင်နိဗ္ဗာန်ကိုအာရုံပြု၏၊ ထိုနိဗ္ဗာနဓာတ်သည် ထင်ရှားစင်စစ်ရှိသည်သာတည်းဟုဆို၏။ ။အရှင်ဘုရား တကာတော်တောင်းပန်ပါ၏၊ ဤဖုံးလွှမ်းကွယ်ဝှက်သည့်ပြဿနာကို ပြတော်မမူပါလင့်၊ ဟင်းလင်းထင်ရှားသည်ကိုသာထင်စွာပြု၍ ပြတော်မူပါလော့၊ တကာတော်ယူလိုသော ဆန္ဒရှိပါ၏ အားထုတ်သောသဘော ရှိပါ၏၊ အရှင်ဘုရားအား သင့်တင့်အပ်သော အကြင်တရားသည် ရှိ၏၊ ထိုအလုံးစုံရှိတိုင်းကို ဤအရာ၌ ကြားတော်မူပါ၊ နိဗ္ဗာန်တရား၏ အဆုံးအဖြတ်ကိုဆိုရာ၌ ဤလူအပေါင်းသည်တွေဝေခဲ့၏၊ ကိလေသာမှ လွတ်လိုသော သဘောရှိပါ၏၊ ယုံမှားသက်သို့ ပြေးဝင်ခဲ့၏၊ ကိုယ် တွင်း၌ မသိရသော အပြစ်တည်းဟူသော ဤဒေါသကိုဖျက်ဆီးတော်မူ ပါလော့ဟု တောင်းပန်သော် မင်းကြီး၊ ငြိမ်သက်ချမ်းသာ မွန်မြတ် ထသော နိဗ္ဗာနဓာတ်သည် ထင်ရှားရှိပါ၏၊ ထိုနိဗ္ဗာနဓာတ်သို့ ကောင်း စွာရောက်သောသူသည် မြတ်စွာဘုရား ဆုံးမတော်မူသဖြင့် သင်္ခါရ တရားတို့ကိုသုံးသပ်သည်ရှိသော် ပညာဖြင့်နိဗ္ဗာန်ကိုမျက်မှောက်ပြု၏၊ မင်းကြီး၊ ဥပမာသော်ကား အန္တေဝါသိကတပည့်သည် ဆရာဆုံးမ သွန်သင်သောအားဖြင့် အတတ်ကို ပညာဖြင့်မျက်မှောက်အာရုံ ပြုနိုင် သကဲ့သို့ ထို့အတူ ကောင်းစွာကျင့်သောသူသည် ဘုရားရှင် သွန်သင် ဆုံးမတော်မူသဖြင့် နိဗ္ဗာန်ကိုပညာဖြင့် မျက်မှောက်ပြုနိုင်၏ဟု ဆိုသော် အရှင်ဘုရား၊ အဘယ်သို့နိဗ္ဗာနဓာတ်ကို မှတ်အပ်သနည်းဟုမေးပြန်လျှင် မင်းကြီး၊ နိဗ္ဗာနဓာတ်ကို နှိပ်စက်ခြင်းမရှိသောအားဖြင့်ရင်း, ဥပဒ္ဒဝေါ မရှိသောအားဖြင့်ရင်း, ဘေးရန်မရှိသောအားဖြင့်ရင်း, ငြိမ်သက် ချမ်း သာသောအားဖြင့်ရင်း, နူးညံ့သက်သောအားဖြင့်ရင်း, စင်ကြယ်ချမ်းဇူး သောအားဖြင့်ရင်း မှတ်အပ်၏၊ မင်းကြီး၊ ဥပမာသော်ကား ယောကျ်ား သည် များစွာသောထင်းပုံဖြင့် ပြောင်ပြောင်ပြင်းစွာတောက်သော မီး သည် လောင်အပ်သည်ရှိသော်မိမိလုံ့လအားထုတ်သဖြင့် ထိုမီးလောင်

ရာအရပ်မှလွတ်၍ မီးမရှိရာအရပ်သို့ဝင်၍ ထိုအရပ်၌မွန်မြတ်သောချမ်းသာကို ရလေသကဲ့သို့ ထို့အတူ မင်းကြီး၊ အကြင်သူသည်ကောင်းစွာကျင့်၏၊ ထိုသူသည် ယောနိသောမနသိကာရဖြင့် ရာဂ ဒေါသ မောဟ တည်းဟူသော ပူပန်စေတတ်သော သုံးပါးသောမီးကိုပျောက်လွှင့်၍ ချမ်းမြေ့လှစွာသောနိဗ္ဗာန်ကို မျက်မှောက်ပြု၏၊ မင်းကြီး၊ မီးပုံကဲ့သို့ ရာဂ ဒေါသ မောဟတည်းဟူသော မီးသုံးပါးကိုမှတ်အပ်၏၊ မီးလောင်အပ်သောယောကျ်ားကဲ့သို့ ကောင်းစွာကျင့်သောသူကို မှတ်အပ်၏၊ မီးမရှိသောအရပ်ကဲ့သို့ နိဗ္ဗာနဓာတ်ကိုမှတ်အပ်၏။

မင်းကြီး၊ ဥပမာတနည်းသော်ကား မြွေကောင်ပုပ်, ခွေးကောင်ပုပ်, လူကောင်ပုပ်တို့ကို စွန့်ပစ်ရာအရပ်သို့ ရောက်သောသူသည် အကောင်ပုပ်ဖြင့်နှောင့်ယှက်သောအရပ်သို့ ဝင်ရောက်သော် မိမိ၏လုံ့လ အားထုတ်ခြင်းဖြင့် ထိုအကောင်ပုပ်ရှိရာအရပ်မှလွတ်၍ အကောင်ပုပ်မရှိရာအရပ်သို့ဝင်၍ ထိုအရပ်၌ မွန်မြတ်သောချမ်းသာကို ရသကဲ့သို့ မင်းကြီး၊ထို့အတူအကြင်သူသည်ကောင်းသောအကျင့်ရှိ၏၊ထိုသူသည် ယောနိသော မနသိကာရဖြင့် ကိလေသာတည်းဟူသော အကောင်ပုပ်ကို ဝေးစွာ လွှင့်လိုက်၏၊ မွန်မြတ်သော နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြု၏၊ မင်းကြီး၊ အကောင်ပုပ်ကိုကဲ့သို့ငါးပါးသော ကာမဂုဏ်တို့ကို မှတ်အပ်ကုန်၏၊အကောင်ပုပ်ရှိရာရောက်သော ယောကျ်ားကဲ့သို့ ကောင်းစွာကျင့်သော သူကိုမှတ်အပ်၏၊အကောင်ပုပ်မရှိသော အရပ်ကဲ့သို့ နိဗ္ဗာန်ကို မှတ်အပ်၏။ ။မင်းကြီး၊ ဥပမာတနည်းသော်ကား ကြောက်ထိတ်လန့်သော တုန်လှုပ်ဘောက်ပြန်သော စိတ်ရှိသောသူသည် မိမိလုံ့လ အားထုတ်ခြင်းဖြင့် ထိုတုန်လှုပ်ရာ အရပ်မှလွတ်၍ မြဲမြံခိုင်ခံ့ မတုန်မလှုပ် ဘေးမရှိသောအရပ်သို့ဝင်၍ ထိုအရပ်မှ မွန်မြတ်သော ချမ်းသာကို ရသကဲ့သို့ ထို့အတူ မင်းကြီး၊ အကြင်သူသည်ကောင်းစွာကျင့်၏၊ ထိုသူသည်ယောနိသော မနသိကာရဖြင့်ကိလေသာတည်းဟူသော ပူပန်သောဘေးကိုဝေးစွာခွါ၍ မွန်မြတ်သော နိဗ္ဗာန်ကိုမျက်မှောက်ပြု၏၊ မင်းကြီး၊ ဇာတိဇရာဗျာဓိမရဏတရားကိုစွဲ၍ တပြောင်းပြန်ပြန် သံသရာ၌ဖြစ်သော ဘေးကို မှတ်အပ်၏၊ ကြောက်သော ယောကျ်ားကဲ့သို့ ကောင်းစွာကျင့်သောသူကိုမှတ်အပ်၏၊ ဘေးမရှိရာ အရပ်ကဲ့သို့နိဗ္ဗာန်ကိုမှတ်အပ်၏။

မင်းကြီး၊ဥပမာတနည်းသော်ကား ယောကျ်ားသည် ညစ်နွမ်းစက်ဆုပ်ဘွယ်ရှိသော ညွန်ပျောင်းအရပ်၌ လည်းသည်ဖြစ်၍ မိမိလုံ့လအားထုတ်ခြင်းဖြင့် ထိုနွံညွန်ကိုမျှော၍ အညစ်အကြေးမရှိသော အရပ်သို့ရောက်၍ ထိုအရပ်၌ မွန်မြတ်သောချမ်းသာကိုရသကဲ့သို့ ထို့အတူ အကြင်သူသည်ကောင်းသော အကျင့်ကိုကျင့်၏၊ ထိုသူသည် ယောနိသောမနသိကာရဖြင့် ကိလေသာတည်းဟူသော အညစ်အကြေးကိုကင်းစေ၍ မွန်မြတ်သော နိဗ္ဗာန်ကို မျက်မှောက်ပြု၏၊ မင်းကြီး၊လာဘ်သပ္ပကာ ကျော်စောခြင်းကိုညွန်ပျောင်းကဲ့သို့ မှတ်အပ်၏၊ ညွန်ပျောင်းသို့ရောက်သောယောကျ်ားကဲ့သို့ ကောင်းစွာကျင့်သော သူကိုမှတ်အပ်၏၊ စင်ကြယ်သောအရပ်ကဲ့သို့ နိဗ္ဗာန်ကို မှတ်အပ်၏ဟု ဆိုသော် အရှင်ဘုရား၊ ကောင်းစွာကျင့်သော သူသည်နိဗ္ဗာန်ကို အဘယ့်ကြောင့် မျက်မှောက်ပြုလေသနည်းဟုဆိုပြန်သော် မင်းကြီး၊ အကြင်သူသည် ကောင်းစွာကျင့်၍ သင်္ခါရတရားဖြစ်သည်ကို သုံးသပ်၏၊ ဖြစ်သော သင်္ခါရတရားကိုသုံးသပ်ဆင်ခြင်သော် ထိုသင်္ခါရတရား၌ ဇာတိတရားကိုမြင်၏၊ ဇရာတရားကိုမြင်၏၊ ဗျာဓိတရားကိုမြင်၏၊ မရဏတရားကိုမြင်၏၊ ထိုသင်္ခါရတရား၌ တစုံတခုချမ်းသာကိုရင်း၊သာယာအပ်သည်ကိုရင်း၊ အစအလယ်အဆုံးကြည့်ရှု ဆင်ခြင်သော်လည်း ထိုသင်္ခါရတရား၌ ထိုယောကျ်ားသည် တစုံတခုစွဲလမ်း ယူအပ်သည်ကိုမမြင်လေ။ ။မင်းကြီး၊ ဥပမာသော်ကား တနေ့ပတ်လုံး ပြောင်ပြောင်တောက်သော သံတွေခဲသည်ရှိ၏၊ ထိုသံတွေခဲ၌ အစ အလယ် အဆုံး သုံးပါးသော အရပ်၌ တစုံတခုကိုင်ယူအပ်သောအရပ်ကို ယောကျ်ားသည် မမြင်သကဲ့သို့ ထို့အတူ မင်းကြီး၊သင်္ခါရတရားတို့၏ဖြစ်ကြောင်းကိုအကြင်ပုဂ္ဂိုလ်သည်သုံးသပ်၏၊ ထိုပုဂ္ဂိုလ်သည်ထိုသို့သုံးသပ်သော် ထိုသင်္ခါရတရားတို့၌ ဇာတိတရားကိုမြင်၏၊ ဇရာတရားကို မြင်၏၊ ဗျာဓိတရားကိုမြင်၏၊ မရဏတရားကိုမြင်၏၊ ထိုသင်္ခါရတရား၌ တစုံတခုချမ်းသာကိုရင်း၊ သာယာအပ်သည်ကိုရင်း မမြင်၊ အစ အလယ် အဆုံး သုံးပါးကိုကြည့်ရှုဆင်ခြင်သော် တစုံတခုစွဲလမ်းအပ်သည်ကို မမြင်၊ ထိုမမြင်သောသူအား စိတ်၌မမွေ့လျော်ခြင်းသည် ကောင်းစွာတည်၏၊ ကိုယ်၏ပူပန်ခြင်းသို့ရောက်၏၊ ထိုပုဂ္ဂိုလ်သည် ကိုးကွယ်ရာမရှိသည်ဖြစ်၍ဘဝတို့၌ငြီးငွေ့၏။

မင်းကြီး၊ ဥပမာသော်ကား ယောကျ်ားသည် အလျှံပြောင်ပြောင်တောက်သော မီးပုံကြီးသို့ ဝင်ရောက်အံ့၊ ထိုယောကျ်ားသည် ထိုမီးပုံကြီး၌ ကိုးကွယ်ဆောက်တည်ရာ ရ၍မီးပုံကြီး၌ ငြီးငွေ့ရာသကဲ့သို့ ထို့အတူမင်းကြီး၊ စွဲလမ်းယူအပ်သည်ကိုမမြင်သောသူ၏စိတ်၌ မငွေ့လျော်ခြင်းသည်အမြဲတည်၏၊ ကိုယ်၏ပူပန်ခြင်းသို့ရောက်၏၊ ထိုပုဂ္ဂိုလ်သည် ကိုးကွယ်ဆောက်တည်ရာမရှိသည်ဖြစ်၍ ဘဝသုံးပါးတို့၌ငြီးငွေ့၏၊ ဖြစ်သောသင်္ခါရတရား၌ ဘေးကိုမြင်လေ့ရှိသော ထိုပုဂ္ဂိုလ်အား ဤသို့စိတ်သည်ဖြစ်၏၊ ဖြစ်ကြောင်းကား ဤသင်္ခါရတရားသည်လည်း မပြတ်ပင်ဖြစ်တတ်၏၊ ပူပန်၏၊ ပြောင်ပြောင်တောက်၏၊ များစွာသော ဆင်းရဲခြင်းရှိ၏၊ များစွာသောပင်ပန်းခြင်းရှိ၏၊ သင်္ခါရတရား၏မဖြစ်ရာ အကြင်နိဗ္ဗာန်သည်ခပ်သိမ်းသော သင်္ခါရတရား၏ ငြိမ်းရာဖြစ်၏၊ ခပ်သိမ်းသောဥပဓိတို့၏လွတ်ရာဖြစ်၏၊ တဏှာ၏ကုန်ရာဖြစ်၏၊ ရာဂမရှိ၊ ဝဋ်တရား၏ချုပ်ရာဖြစ်၏၊ ဤနိဗ္ဗာန်သည်ငြိမ်သက်အေးမြ၏၊ ဝဋ်ဆင်းရဲမရှိသောနိဗ္ဗာန်ကို တစုံတယောက်သောသူသည် အကယ်၍ရလေအံ့၊ ထိုပုဂ္ဂိုလ်၏စိတ်သည်သင်္ခါရမဖြစ်ရာ၊ ထိုနိဗ္ဗာန်သို့ပြေးဝင်၏၊ ကြည်လင်၏၊ ရွှင်ပြ၏၊ ငါသည် ကိုးကွယ်ဆောက်တည်ရာကိုရအပ်ပေပြီဟု နှစ်သက်၏။ ။မင်းကြီး၊ ဥပမာသော်ကား ယောကျ်ားသည်ခရီးမှားသည်ဖြစ်၍အရပ်မဟုတ်သည်၌သွားလေသော် သွားရာခရီးကိုတွေ့မြင်၍ ဖြောင့်၏၊ ကြည်သောစိတ်ရှိ၍ ရယ်ရွှင်၏၊ ငါသည်သွားရာခရီးကိုရအပ်ပေပြီဟု နှစ်သက်သကဲ့သို့ ထို့အတူ မင်းကြီး၊ သင်္ခါရတရား၏ ဖြစ်ခြင်း၌ ဘေးကိုမြင်သော သဘောရှိသော ပုဂ္ဂိုလ်အား သင်္ခါရတရားမဖြစ်သည်၌ စိတ်သည်ပြေးဝင်၏၊ ငါ့အား ကိုးကွယ်ရာ ဆောက်တည်ရာ ရအပ်သည်ဟု ကြည်ညို့ရွှင်လန်းနှစ်သက်သော ပုဂ္ဂိုလ်သည် သင်္ခါရတရားမဖြစ်ပိမ့်သောငှါ အကြောင်းကိုအားထုတ်၏၊ ရှာ၍ဆည်းပူး၏၊ များစွာပြု၏၊ ထိုသင်္ခါရတရား၌ ထိုနိဗ္ဗာန်အကျိုးငှါ သတိသည် ကောင်းစွာတည်၏၊ ထိုနိဗ္ဗာန်အကျိုးငှါ ဝီရိယသည် ကောင်းစွာတည်၏၊ ပီတိသည် ကောင်းစွာတည်၏၊ ထိုပုဂ္ဂိုလ်၏စိတ်သည် အဘန်တလဲလဲ နှလုံးသွင်းသောအားဖြင့် ဖြစ်တတ်သော သင်္ခါရတရားကိုလွန်၍ သင်္ခါရတရား၏ မဖြစ်ရာသို့သက်၏၊ သင်္ခါရတရားမဖြစ်ရာသို့ အစဉ်ရောက်သောသူသည် မင်းကြီး၊ ကောင်းစွာကျင့်သည်ဖြစ်၍ နိဗ္ဗာန်ကို မျက်

မှောက်ပြုရာ၏ဟု ဆိုသော် အရှင်ဘုရား၊ ကောင်းလှပေ၏၊ အရှင်ဘုရား ဆိုတိုင်း ထိုကာထော်ဝန်ခံပါ၏ဟု ဝန်ခံ၏။

နိဗ္ဗာနနာတိတာဒိပဉှာပြီး၏။

---

## ၁၆၉။ နိဗ္ဗာနဋ္ဌာနပဉှာ

**အဘယ်အရပ်၌ နိဗ္ဗာန်ရှိသနည်း**·····မိလိန္ဒမင်းသည်အရှင်ဘုရား၊ ထိုနိဗ္ဗာန်အရပ်သည် အရှေ့ အနောက် တောင် မြောက်အရပ် အောက် အထက် ဘီလာ အရပ်၌ ရှိသလော၊ ထိုအရပ်တို့တွင် တခုခုသောအရပ်၌ စုဝေး၍ နိဗ္ဗာန် အရပ်ဟူ၍ရှိသလောဟုဆို၏။ ။မင်းကြီး၊ နိဗ္ဗာန်သည် အရှေ့ အနောက် တောင်မြောက် အောက် အထက် ဘီလာအရပ်တို့၌မရှိ၊ တခုခုသော အရပ်၌စုဝေး၍ နိဗ္ဗာန်ဟူ၍မရှိဟု ဆို၏။

> ဘန္တေ နာဂသေန အတ္ထိ သော ပဒေသော ပုရတ္ထိမာယ ဝါ ဒိသာယ, ဒက္ခိဏာယ ဝါ ဒိသာယ, ပစ္ဆိမာယ ဝါ ဒိသာယ, ဥတ္တရာယ ဝါ ဒိသာယ, ဥဒ္ဓံ ဝါ အဓော ဝါ တိရိယံ ဝါ၊ ယတ္ထ နိဗ္ဗာနံ သန္နိဟိတန္တိ။ ။နတ္ထိ မဟာရာဇ သော ပဒေသော ပုရတ္ထိမာယ ဝါ ဒိသာယ, ဒက္ခိဏာယ ဝါ ဒိသာယ, ပစ္ဆိမာယ ဝါ ဒိသာယ, ဥတ္တရာယ ဝါ ဒိသာယ, ဥဒ္ဓံ ဝါ, အဓော ဝါ, တိရိယံ ဝါ, ယတ္ထ နိဗ္ဗာနံ သန္နိဟိတန္တိ။ ဟူသည်တည်း။

ဘန္တေ နာဂသေန၊ ရှင်နာဂသေနမထေရ်။ ပုရတ္ထိမာယ ဝါ ဒိသာယ၊ အရှေ့အရပ်၌ရင်း။ ဒက္ခိဏာယ ဝါ ဒိသာယ၊ တောင်အရပ်၌ရင်း။ ပစ္ဆိမာယ ဝါ ဒိသာယ၊ အနောက် အရပ်၌ရင်း။ ဥတ္တရာယ ဝါ ဒိသာယ၊ မြောက်အရပ်၌ရင်း။ ဥဒ္ဓံ ဝါ၊ အထက်၌ရင်း။ အဓော ဝါ၊ အောက်၌ရင်း။ တိရိယံ ဝါ၊ ဘီလာအရပ်၌ရင်း။ ယတ္ထ၊ အကြင်အရပ်၌။ နိဗ္ဗာနံ၊ နိဗ္ဗာန် သည်။ သန္နိဟိတံ၊ စုဝေးတည်နေ၏။ သော ပဒေသော၊ ထိုအရပ်သည်။ အတ္ထိ၊ ရှိသလော။ ဣတိ၊ ဤသို့။ ပုစ္ဆိ၊ မေး၏။ ။မဟာရာဇ၊ မင်းကြီး။ သော ပဒေသော၊ ထိုနိဗ္ဗာန်အရပ်သည်။ ပုရတ္ထိမာယ ဝါ ဒိသာယ၊ အရှေ့ အရပ်၌ရင်း။ ဒက္ခိဏာယ ဝါ ဒိသာယ၊ တောင်အရပ်၌ရင်း။ ပစ္ဆိမာယ

ဝါ ဒိသာသယ၊ အနေခက်အရပ်၌ရင်း။ ဥတ္တရာယာဝါ ဒိသာယ၊ မြောက်အရပ်၌ရင်း။ ဥဒ္ဓံဝါ၊ အထက်၌ရင်း။ အဓောဝါ၊ အောက်၌ရင်း။ တိရိယံဝါ၊ ဘီလာအရပ်၌ရင်း။ ယတ္ထ၊ အကြင်အရပ်၌။ နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ သန္နိဟိတံ၊ကောင်းစွာစုဝေး၍တည်၏။သောပဒေသော၊ ထိုအရပ်သည်။ နတ္ထိ၊ မရှိ။ ဇာတိ၊ ဤသို့။ ဝုတ္တေ၊ ဆိုအပ်သည်ရှိသော်—

အရှင်ဘုရား၊ နိဗ္ဗာန်၏ စုဝေးရာ တည်ရာအရပ်မည်သည် အကယ်၍မရှိဟုဆိုသော် ထိုသို့တပြီးကား နိဗ္ဗာန်သည်မရှိလေပြီတကား၊အကြင်သူတို့သည် နိဗ္ဗာန်ကိုမျက်မှောက်ပြုအပ်၏ဟူသော အကြင်စကားသည်ရှိ၏၊ ထိုစကားသည် မှားခဲ့ရာ၏တကား၊ အရှင်ဘုရား၊ထိုစကား၌တကာတော်သည် ဆိုဦးအံ့၊ အရှင်ဘုရား၊ ဥပမာသော်ကား မြေအပြင်၌ စပါးရောက်ရာလယ်သည်ရှိ၏၊ အနံ့၏တည်ရာ ပန်းပွင့်သည်ရှိ၏၊ ပန်းပွင့်၏တည်ရာချုံသည်ရှိ၏၊ သစ်သီး၏တည်ရာ သစ်ပင်သည်ရှိပါ၏၊ ရတနာရွှေငွေပတ္တမြားတို့၏တည်ရာ သမုဒ္ဒရာသည်ရှိပါ၏၊ ထိုအရပ်၌ အကြင်သူသည် အကြင်ဝတ္ထုကိုအလိုရှိ၏၊ ထိုသူသည် ထိုရှိရာအရပ်သို့သွား၍ ထိုထိုလိုဘွယ်ကိစ္စကိုဆောင်ယူသကဲ့သို့ ထို့အတူ အရှင်ဘုရား၊နိဗ္ဗာန်ဟူသော အကြင်တရားသည် အကယ်၍ရှိပါအံ့၊ ထိုနိဗ္ဗာန်၏ အရပ်ဌာနကိုလည်း အလိုရှိအပ်ပါ၏တကား၊ အရှင်ဘုရား၊ နိဗ္ဗာန်၏တည်ရာအရပ်သည် အကယ်၍မရှိအံ့၊ ထို့ကြောင့်တကာတော်သည် နိဗ္ဗာန်မရှိဟူ၍ဆိုပေ၏၊ အကြင်သူတို့သည် နိဗ္ဗာန်ကိုမျက်မှောက်ပြုအပ်၏၊ထိုသူတို့အားလည်း မျက်မှောက်ပြုအပ်၏ဟူသောစကားသည်မှားရာ၏ဟုဆိုသော်-

" မင်းကြီး၊ နိဗ္ဗာန်၏စုဝေး၍ တည်ရာအရပ်သည်မရှိ၊ ထိုနိဗ္ဗာန်မည်သောတရားသည် ထင်ရှားရှိသည်သာတည်း၊ ကောင်းစွာကျင့်သောသူသည် ယောနိသောမနသိကာရဖြင့် နိဗ္ဗာန်ကိုမျက်မှောက်ပြု၏၊ မင်းကြီး၊ ဥပမာသော်ကား လောက၌မီးမည်သည်ထင်ရှားစွာရှိ၏၊ထိုမီး၏စုဝေး၍ အမြဲတည်ရာအရပ်မည်သည်မရှိ၊ ထင်းနှစ်ခုတို့ကိုစုဝေး၍ တည်စေသော်မီးသည် ထင်ရှားဖြစ်၍သွား၏၊ မင်းကြီး၊ ထို့အတူ နိဗ္ဗာန်သည် ထင်ရှားရှိ၏၊ နိဗ္ဗာန်၏ကောင်းစွာစုဝေး၍ တည်သောအရပ်သည် မရှိ၊ ယောနိသောမနသိကာရဖြင့် ကောင်းစွာကျင့်သောသူသည် နိဗ္ဗာန်ကိုမျက်မှောက်ပြု၏။ ။မင်းကြီး၊ ဥပမာ တနည်းသော်ကား လောက၌ခုနစ်ပါးသောရတနာတို့သည်ကား စကြာရတနာ, ဆင်ရတနာ, မြင်း

ရတနာ, ပတ္တမြားရတနာ, သူကြွယ်ရတနာ, မိဖုရားရတနာ, သားကြီး ရတနာပဟူ၍ရတနာခုနစ်ပါးထင်ရှားရှိ၏၊ ထိုရတနာခုနစ်ပါးတို့၏ကောင်း စွာစုဝေး၍ နေသောအရပ်ဌာနမည်သည်မရှိ၊ အစိုးရသောပြည့်ရှင်မင်း အား ကောင်းစွာကျင့်သောအကျင့်၏အစွမ်းဖြင့် ထိုရတနာတို့သည်ချဉ်း ကပ်ရောက်လာသကဲ့သို့ ထို့အတူမင်းကြီး၊ နိဗ္ဗာန်သည် ထင်ရှားရှိ၏၊ ထိုနိဗ္ဗာန်၏ဖြစ်ရာစုဝေးရာအရပ်မည်သည်မရှိ၊ ကောင်းစွာ ကျင့်သော သူသည် ယောနိသောမနသိကာရဖြင့် နိဗ္ဗာန်ကိုမျက်မှောက်ပြု၏ဟု ဆို သော်—

အရှင်ဘုရား၊ နိဗ္ဗာန်တရား၏စုဝေးရာ တည်ရာအရပ်သည်မရှိသည် ဖြစ်စေ၊ အကြင်အရပ်ဒေသ၌တည်လျက် ကောင်းစွာကျင့်သောသူသည် နိဗ္ဗာန်ကိုမျက်မှောက်ပြု၏၊ ထိုအရပ်ဒေသသည် ရှိသလောဟု မေးပြန် သော် မင်းကြီး၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရာ အရပ်သည် ရှိ၏ဟု ဆိုလျှင် အရှင်ဘုရား၊ အဘယ်အရပ်၌ တည်လျက် ကောင်းစွာကျင့် သောသူသည် နိဗ္ဗာန်ကိုမျက်မှောက်ပြုပါသနည်းဟုဆိုသော် မင်းကြီး၊ ဆောက်တည်အပ်သောအရပ်၌ သီလသည် နိဗ္ဗာန်ကို မျက်မှောက်ပြုရာ အရပ်တည်း၊ သီလ၌တည်လျက် ကောင်းစွာ နှလုံးသွင်းသောသူသည် မိမိ၏ တောအရပ်၌နေသော်၎င်း, စိနပ်လာတကျွန်း၌ နေသော်၎င်း၊ အလသန္ဒကျွန်း၌နေသော်၎င်း၊ နိဂုံး၌နေသော်၎င်း၊ ကာသိတိုင်း,ကော သလတိုင်း, ကသ္မီရတိုင်း, ဂန္ဓာရတိုင်း၌နေသော်၎င်း၊ တောင်ထိပ်၌ နေ သော်၎င်း၊ ဗြဟ္မာ့ပြည်၌နေသော်၎င်း၊ တစုံတခုသောအရပ်၌ တည်၍ သီလစောင့်လျက် ကောင်းစွာကျင့်သောသူသည် နိဗ္ဗာန်ကိုမျက်မှောက် ပြုနိုင်၏၊ မင်းကြီး၊ ဥပမာသော်ကား မျက်စိမြင်ခြင်းနှင့် ပြည့်စုံသော တစုံတယောက်သောယောကျ်ားသည် တခုခုသောအရပ်၌ နေလျက် အထက်ကောင်းကင်ကို ကြည့်သော် မြင်သကဲ့သို့ ထို့အတူ မင်းကြီး၊ သီလ၌တည်သောသူသည် ကောင်းစွာနှလုံးသွင်း၍ တစုံတခုသောဒေသ အရပ်၌တည်လျက် နိဗ္ဗာန်ကိုမျက်မှောက်ပြုအပ်၏၊ မင်းကြီး၊ တစုံ တခုသော မိမိနေရာအရပ်၌ နေသောသူအား အရှေ့မျက်နှာ အရပ် သည် ရှိသကဲ့သို့ ထို့အတူ သီလ၌တည်လျက် အသင့်နှလုံးသွင်းသည် ရှိသော် မိမိနေရာတစုံတခုသောအရပ်၌နေ၍ ကောင်းစွာကျင့်သော သူအား နိဗ္ဗာန်ကိုမျက်မှောက် ပြုနိုင်ခြင်းသည် ရှိ၏ဟုဆိုသော် အရှင်

ဘုရား၊ ကောင်းလှပေ၏၊ အရှင်ဘုရားသည် နိဗ္ဗာန်တရားကို ဟောပြအပ်ပေ၏၊ နိဗ္ဗာန်ကိုမျက်မှောက်ပြုနိုင်ကြောင်းကို ပြအပ်ပေ၏၊ သီလဂုဏ်ကျေးဇူးကို ပြုအပ်ပေ၏၊ ကောင်းသောအကျင့်ကို ပြအပ်ပေ၏၊ တရားတည်းဟူသောတန်ခွန်ကို ဆောက်အပ်ပေ၏၊ တရားတည်းဟူသောမျက်စိကို ကောင်းစွာတည်စေအပ်၏၊ ကောင်းစွာလုံ့လအားထုတ်ပေသောသူတို့၏ကောင်းသောလုံ့လနှင့်ယှဉ်ခြင်းသည် အကျိုးရှိပေ၏၊ မြင့်၊ မြတ်သောဂိုဏ်းတို့၏ဆရာဖြစ်သော အရှင်ဘုရား၏စကားကို တကာတော်သည် အရှင်ဘုရားဆိုတိုင်းဝန်ခံပါ၏ဟု ဝန်ခံလေ၏။

နိဗ္ဗာနဠာနပဉှာပြီး၏။

ဝေဿန္တရဒါနဝဂ္ဂေါ တတိယော၊ ဗုဒ္ဓဝဂ္ဂေါ ဇုဒ္ဒသမော၊ ဥပါဒသပဥှာ

## ၁၇၀။ အနုမာနပဥှာ

**ဘုရားရှင်ကို မြင်ဘူးသလော**..... ထိုအခါ မိလိန္ဒမင်းသည် အရှင်နာဂသေနမထေရ် ရှိရာသို့ ချဉ်းကပ်လေ၍ ရှင်နာဂသေနမထေရ်ကို ရိုသေစွာရှိခိုး၍ တင့်အပ်လျောက်ပတ်သောအရပ်၌နေပြီးသော် မိလိန္ဒမင်းသည် သိလိုသည်၊ နာလိုသည် ဆောက်တည်လိုသည်၊ ဉာဏ်တည်းဟူသောအလင်းကို မြင်လိုသည်၊ မသိမမြင်သည်ကိုသိမြင်လိုသည်၊ ငြိးငွေ့လိုသည်၊ ဉာဏ်တည်းဟူသော အလင်းကိုဖြစ်စေလိုသည်၊ အဝိဇ္ဇာတည်းဟူသော မှောဟကို ဖျက်ဆီးလိုသည်ဖြစ်၍ အတိုင်းထက်အလွန်သမာဓိတရားကိုရင်း၊ အားထုတ်လုံ့လပြုခြင်းကိုရင်း၊ ပညာသမ္ဘဇည်ကိုရင်းဖြစ်စေ၍ရှင်နာဂသေနမထေရ်ကို အရှင်ဘုရား၊ အသို့နည်း၊ အရှင်ဘုရားသည်ဘုရားရှင်ကို မြင်ဘူး၏လောဟုမေးသော် မင်းကြီး၊ဘုရားရှင်ကိုငါမမြင်စဘူးဟုဆိုလျှင် အရှင်မမြင်ဘူးသော် အရှင်၏ဆရာသည် မြင်ဘူးသလောဟုဆို၏၊ မင်းကြီး၊ ငါ၏ဆရာလည်းမမြင်စဘူးဟုဆိုသော် အရှင်ဘုရား၊ ဘုရားရှင်ကို အရှင်လည်းမမြင်စဘူး အရှင်၏ ဆရာလည်းမမြင်စဘူးသော် အရှင်ဘုရား၊ ဘုရားရှင်သည်မရှိတကား၊ ဘုရားသည် မထင်ရှားပါတကားဟုဆို၏၊ မင်းကြီး၊ ရှေး၌ဖြစ်သော သင်မင်းကြီး၏ အနွယ်အဆက် မင်းမျိုးတို့သည်ရှိကုန်၏လောဟုဆိုသော် အရှင်ဘုရား၊ တကာတော်၏ အနွယ်

အဆက်မင်းမျိုးတို့သည်ရှိကုန်၏ဟုဆို၏၊ မင်းကြီး၊ သင်မင်းကြီးသည် ရှေး၌ဖြစ်သောမင်းတို့ကိုမြင်ဘူးပါ၏လောဟုဆိုပြန်လျှင် အရှင်ဘုရား၊ မမြင်ဘူးချေဟုဆို၏၊ မင်းကြီး၊ ထိုသို့ရှေးမင်းတို့ကို မမြင်ဘူးသော် ထိုရှေးမင်းတို့ကို ဆုံးမသွန်သင်တတ်သော ပုရောဟိတ်ကို မြင်ဘူး၏လော၊ ထိုရှေးမင်းတို့၏ အမတ်စစ်သူကြီးတို့ကိုသော်လည်း မြင်ဘူး၏လောဟုဆိုသော် အရှင်ဘုရား၊ မမြင်ဘူးချေဟုဆိုပြန်လျှင် မင်းကြီးသည်ရှေးမင်းတို့ကိုလည်းမမြင်စဘူး၊ ထိုမင်း၏အမတ်ပုရောဟိတ်တို့ကိုလည်းမမြင်စဘူးသော် ဤစကား၌ ရှေးရှေးမင်းတို့ မရှိပါတကားဟုဆို၏၊ အရှင်ဘုရား၊ မင်းတို့၏ အသုံးအဆောင်ဥစ္စာတို့သည် ထီးဖြူ, သင်းကျစ်, ခြွေခြေနင်း, သားမြီးယပ်, ရတနာသန်လျက် မင်းမြောက်တန်ဆာ တို့သည်ရှင်း၊ မြတ်သော အိပ်ရာ တို့သည်ရှင်း ရှိကုန်၏၊ ထိုပရိက္ခရာ အသုံးအဆောင်တို့ကိုမြင်ရသိရကုန်၏၊ ထို့ကြောင့် ရှေးမင်းတို့ရှိကြောင်းကို သိရပါကုန်၏ဟုဆိုသော် မင်းကြီး၊ ထို့အတူ ငါတို့သည်လည်း အကြောင်းအရာဖြင့် ဘုရားထင်ရှား ရှိကြောင်းကို ယုံမှတ်ပါကုန်၏။

အကြောင်းအဘယ်သို့နည်းဟူမူကား ပစ္စည်းလေးပါးကို ခံတော်မူထိုက်သော ဘုရားရှင်သည် အစဉ်အတိုင်း ခံစားတော်မူအပ်သော သုံးဆောင်တော်မူအပ်သော သတိပဋ္ဌာန်လေးပါး၊ သမ္မပ္ပဓာန်လေးပါး၊ ဣဒ္ဓိပါဒ်လေးပါး၊ ငါးပါးသောဣန္ဒြေ၊ ငါးပါးသောဗိုလ်၊ ခုနစ်ပါးသော ဗောဇ္ဈင်၊ ရှစ်ပါးသောမဂ္ဂင် တည်းဟူသော အသုံးအဆောင်ဥစ္စာ ဘဏ္ဍာတော်သည် ထင်ရှားစွာရှိပါ၏၊ အကြင်သတိပဋ္ဌာန် အစရှိသော ဘဏ္ဍာတော်ကြောင့် နတ်နှင့်တကွသော လူအပေါင်းသည် ဘုရားထင်ရှားရှိတော်မူ၏ဟူ၍ သိရပါ၏၊ ယုံကြည်ပါ၏၊ မင်းကြီး၊ ဤအကြောင်းကြောင့်တွေးတောသောအားဖြင့် ဘုရားထင်ရှားရှိတော်မူ၏၊ ဘုရားရှင်သည်များစွာသော နတ်လူတို့ကို ဥပဓိတရား၏ကုန်ရာနိဗ္ဗာန် သို့ပို့တော်မူ၍ ပရိနိဗ္ဗာန်ပြုတော်မူကြောင်းကို အနုမာနဖြင့် သိအပ်၏ဟု ဆိုသော် အရှင်ဘုရား၊ ဥပမာ ပြုပါဦးလောဟုဆိုလျှင် မင်းကြီး၊ ဥပမာသော်ကား မြို့ကိုတန်ဆာင်းစီရင်ခြင်း၌ အလိုရှိသော လက်သမား ဗိသုကာသည်ရှေးဦးစွာလျှင် ကုန်းကြည်းမြင့်ရာ အရပ်ကို ညီညွတ်စွာ ကျောက်စစ်အိုးခြမ်းမရှိ၊ မြွေလျှော်ဘွယ် မြေအပြင်ကောင်းရာအရပ်ကို

ကြည့်၍ထိုအရပ်၌ ညီညွတ်သော အရပ်ကိုပြင်စေ၍ သစ်ငုတ်ခလုတ်တို့ကိုတူးစေဖယ်စေ၍ ထိုအရပ်၌မြို့ကို ဘန်ဆင်းစီရင်စေရာ၏၊ တင့်တယ်စွာဝေဘန်အပ်သော အားဖြင့် နှိုင်းရှည့်အပ်သော ထက်ဝန်းကျင်အရပ်မှ တက်ရာကျုံး,မြို့, မြဲသောတံခါး, ပြအိုး, ပစ်စင်, တံခါးမုတ်, ခရီးငယ်,လမ်းလေးမွှာ, ခရီးကွေ့, စင်ကြယ်သောတလင်း, မင်းတို့၏သွားရာခရီးကိုရင်း၊ ကောင်းစွာ ဝေဘန်အပ်သော အိမ်ဈေးသဘင်, အရံဥယျာဉ်,တဘက်ဆည်းကန်, လေးထောင့်ကန်, ရေတွင်းနှင့်ပြည့်စုံသည်ကိုရင်း၊ များသောအပြားရှိသော မင်းတို့၏နေရာဌာန နန်းအိမ်တို့ဖြင့် တန်ဆာဆင်အပ်ကုန်သည်ဖြစ်၍ အပြစ်ကင်းသောမြို့ကို ဘန်ဆင်းရာ၏၊ ထိုမြို့၌ အချင်းခပ်သိမ်းသော ပြန့်ပြောခြင်းသို့ ရောက်သည်ဖြစ်၍ ထိုလက်သွားသည် တပါးသောဒေသအရပ်သို့ ရောက်သည်ဖြစ်အံ့၊ ထိုနောင် တပါးသောကာလ၌ မိမိဘန်ဆင်းအပ်သောမြို့သည် ကြွယ်ဝသည်၊ ရလွယ်သောထမင်းရှိသည်၊ ဘေးမရှိသည်ဖြစ်၍ ပြည့်စုံစွာချမ်းမြေ့သည်ဖြစ်အံ့၊ နှိပ်စက်အပ်သောရန်သူမရှိ၊ ဥပဒ္ဒဝေါမရှိသည်ဖြစ်၍ အထူးထူးသောလူမျိုးတို့ဖြင့် ပြွမ်းသည်ဖြစ်ရာ၏။

များစွာသော မင်းပုဏ္ဏားကုန်သွယ်, သူဆင်းရဲ,ဆင်စီးသူရဲ, မြင်းစီးသူရဲ, ရထားစီးသူရဲ, ခြေသည်သူရဲ, လေးသွားအစရှိသောသူတို့သည်ရင်း, ရွှေပန်းထိမ်, ငွေပန်းထိမ်, သလွဲဖြူ, သလွဲမည်း, ခဲ, ကြေးနီ, ခပ်ပြာ, ပန်းဘဲ, ကျောက်ထွင်းသမား, ရက်ကန်းသည်, အိုးသည်, ဒေါင်းရွေသမား, သားရေနယ်သမား, ရွတ်တီသမား၊ဆင်စွယ်သမား, ကဝါသည်, ဆေးဘျာသည်,ဥတ်ပရိတ်ချည်သည်, ပန်းချီသမား, ပန်းဆိုးသမား, အပ်လျှိုသမား, ပန်းကုန်သည်, ထင်းရောင်းသောသူ, မြက်ရောင်းသောသူ, ဟင်းရွက်ရောင်းသောသူ, ထမင်းရောင်းသောသူ, မုန့်ရောင်းသောသူ, ငါးအမဲရောင်းသောသူ, အရက်ရောင်းသောသူ, ကချေသည်, ကျွမ်းသမား, တစလုလင်, ပန်းမှိုက်ကျုံး, မုဆိုးပြည့်တန်ဆာ, အစရှိသော သူတို့သည်ရင်း၊ စိန့်ပြည်၊ ဥဇ္ဇေနီပြည်၊ ကာသိတိုင်း၊ ကောသလတိုင်း၊ အပရန္တတိုင်း၊ သာကေတမြို့၊ ကောဋုမ္ဗရတိုင်း၊ အလသန္ဒရွာ၊ ကသ္မီရတိုင်း၊ ဂန္ဓာရတိုင်း၌ နေကုန်သော အထူးထူးသော သူတို့သည်နေလိုသောဌါ ရောက်လာကုန်သော် ကောင်းစွာဝေဘန်အပ်သော အရပ် မွေလျော်ဘွယ်သော ထိုမြို့ကိုဝင်၍ တွေးတော

ဆင်ခြင်သဖြင့် ထိုမြို့ကို တန်ဆင်းသော လက်သမားသည် လိမ္မာ ပေစွတကားဟု သိလေကုန်သကဲ့သို့ ထို့အတူ မင်းကြီး၊ ထိုမြတ်စွာ ဘုရားသည်တူမျှသောသူမရှိ၊ ဘုရားရှင်ချင်းသာတူတော်မူ၏၊ပြိုင်ဘက် မရှိ၊ချိန်နှိုင်းစရာမရှိ၊မရေတွက်နိုင်သော ကျေးဇူးတော်နှင့်ပြည့်စုံတော် မူ၏၊ကျေးဇူးတို့၏အဆုံးသို့လည်းရောက်တော်မူ၏၊ အတိုင်းမသိသော တည်ကြည်ခြင်း တန်ခိုးအာနုဘော်နှင့် ပြည့်စုံတော်မူသည် ဖြစ်၍ ဘုရားရှင်၏အားတော်အဆုံးသို့ ရောက်တော်မူ၏၊ စစ်သည်နှင့်တကွ သော မာရ်နတ်သားကို အောင်တော်မူ၏၊ မိစ္ဆာဒိဋ္ဌိတည်းဟူသော ကွန်ယက်ကို ဖျက်ဆီးတော်မူ၏၊ အဝိဇ္ဇာတည်းဟူသော မောဟကို ကုန်စေ၍ ဝိဇ္ဇာတည်းဟူသောပညာကိုဖြစ်စေ၍ တရားတည်းဟူသော စက်အာဏာကို ဆောင်တော်မူ၏၊သဗ္ဗညုအရာသို့ ရောက်တော်မူလျှင် အောင်အပ်ပြီးသော မာရ်တည်းဟူသော စစ်မြေပြင်ရှိသော ဘုရားရှင် သည် တရားတည်းဟူသောမြို့ကိုတန်ဆင်းတော်မူပေ၏။

တန်ဆင်းတော်မူသောကြောင့် မင်းကြီး၊ ဘုရားရှင်၏ တရားတည်း ဟူသောမြို့သည် သီလတည်းဟူသော တံတိုင်းရှိသည်၊ ဟိရီတည်းဟူ သော ကျုံးရှိသည်၊ ဉာဏ်တည်းဟူသော တံခါးမုတ်ရှိသည်၊ ဝီရိယ တည်းဟူသောပြအိုးရှိသည်၊သဒ္ဓါတည်းဟူသော တုရိုဏ်းတိုင်ရှိသည်၊ သတိတရားတည်းဟူသော တံခါးစောင့်ရှိသည်၊ ပညာတည်းဟူသော ပြာသာဒ်ရှိသည်၊သုတ္တန်ဒေသနာတည်းဟူသော ခရီးငယ်ရှိသည်၊ အဘိ ဓမ္မာတည်းဟူသော ခရီးအစပ်ရှိသည်၊ ဝိနည်းတည်းဟူသောတရား ဆုံးဖြတ်ရာသဘင်ရှိသည်၊ သတိပဋ္ဌာန်တည်းဟူသော ကျယ်သော ခရီးမ ရှိသည်ဖြစ်၍တရားတည်းဟူသောမြို့ကို တန်ဆင်းတော်မူပေ၏။

**ဖြန့်ခင်းအပ်သောဈေးပမာ**……မင်းကြီး၊ ထိုဘုရားရှင်၏ သတိ ပဋ္ဌာန် တည်းဟူသော ခရီးမ၌ ဖြန့်အပ်ခင်းအပ်သော ဇိမ်ဈေးသဘင်တို့သည်ရှိကုန်၏၊အဘယ်ဈေးတို့ နည်းဟူမူကား (၁)ပုပ္ဖာပဏ်၊ပန်းဈေးလည်းရှိ၏၊(၂)ဂန္ဓာပဏ်၊ နံ့သာ ဈေးလည်းရှိ၏၊(၃)ဖလာပဏ်၊သစ်သီးဈေးလည်းရှိ၏၊(၄)အဂဒါပဏ်၊ အဆိပ်ကိုပြယ်စေတတ်သော ဆေးဈေးလည်းရှိ၏၊ (၅)ဩသဓာပဏ်၊

အနာကိုလွတ်စေဘတ်သော ဆေးဈေးလည်းရှိ၏၊(၆) အမတာပဏ်၊ မသေစေတတ်သော အမြိုက်အရသာဆေးဈေးလည်းရှိ၏၊ရတနာပဏ်၊ ရတနာဈေးလည်းရှိ၏၊ သဗ္ဗာပဏံ၊ အလုံးစုံဈေးလည်းရှိ၏ဟုဆို၏။

**ပန်းဈေးပမာ**……အရှင်ဘုရား၊အဘယ်သည်လျှင် မြတ်စွာဘုရား၏ ပန်းဈေးဖြစ်သနည်းဟု မေးသော် မင်းကြီး၊ ပစ္စည်းလေးပါးကို ခံတော်မူထိုက်သော ဘုရားရှင်သည် သိတော်မူသည် မြင်တော်မူသည်ဖြစ်၍ အာရုံတရားတို့ကို ဝေဘန်တော်မူ၍ ဟော တော်မူအပ် ကုန်၏၊ ထိုဝေဘန်အပ်သောတရား အဘယ်သည်နည်း ဟူမူကား အနိစ္စသညာ, ဒုက္ခသညာ, အနတ္တသညာ, အသုဘသညာ, အာဒီနဝသညာ, ပဟာနသညာ, ဝိရာဂသညာ, နိရောဓသညာ, သဗ္ဗ လောကေအနဘိရတိသညာ, အနဘိရတိသညာ, သဗ္ဗသင်္ခါရေသု အနိစ္စ သညာ,အာနာပါနဿတိ,ဥဒ္ဓုမာတကသညာ,ဝိနီလကသညာ,ဝိပုဗ္ဗက သညာ, ဝိစ္ဆိဒ္ဒကသညာ, ဝိက္ခာယိတကသညာ, ဝိက္ခိတ္တကသညာ, ဟတဝိက္ခိတ္တကသညာ, လောဟိတကသညာ,ပုဠုဝကသညာ, အဋ္ဌိက သညာ, မေတ္တာသညာ, ကရုဏာသညာ, မုဒိတာသညာ, ဥပေက္ခာ သညာ, မရဏာနုဿတိ, ကာယဂတာသတိ, မင်းကြီး, ဘုရားရှင် သည် ဤအာရုံတရားတို့ကို ဝေဘန်တော်မူအပ်ကုန်၏၊ ထိုတရားအပေါင်း၌ အကြင်သူသည် အိုခြင်း သေခြင်းမှ လွတ်လို၏၊ ထိုသူသည် ထိုဝေဘန်အပ်သော တရားတို့တွင် တပါးပါးသော အာရုံကိုယူအံ့၊ ထိုအာရုံကြောင့် ရာဂ,ဒေါသ, မောဟ,မာန,ဒိဋ္ဌိ တို့မှလွတ်၏၊သံသရာ ဝဋ်ကို ကူးမြောက်နိုင်၏၊ တဏှာတည်းဟူသော အယဉ်ကိုဖြတ်နိုင်၏၊ သုံးပါးသောအညစ်အကြေးကိုလျှော်နိုင်၏၊အလုံးစုံသော ကိလေသာတို့ ကို သတ်၍ မြူအညစ်အကြေးမရှိ ဖြူစင်သန့်ရှင်းသော ပဋိသန္ဓေမနေ၊ မအိုမသေ၊ ချမ်းသာငြိမ်သက်သောသဘောရှိသော မြတ်သောအဘယ ပုရအမည်ရှိသော နိဗ္ဗာန်မြို့သို့ဝင်၍ အရဟတ္တဖိုလ်စိတ်၌ ယှဉ်လျက် ကိလေသာမှလွတ်စေ၏၊ မင်းကြီး၊ မြတ်စွာဘုရား၏ ပန်းဈေးသဘင် ဟုဆိုအပ်သောဤတရားကို ကံတည်းဟူသော အဘိုးအရင်းကိုယူ၍ ထိုပန်းဈေးသို့ကပ်၍အနိစ္စအစရှိသော အာရုံကိုဝယ်၍ ထိုဝဋ်တရားမှ လွတ်ကြလေကုန်၏၊ ထို့ကြောင့် အနိစ္စအစရှိသော သညာတရားကို ပန်းဈေးသဘင်ဟူ၍ ဆိုအပ်၏ဟုဟောတော်မူ၏။

**နံ့သာဈေးပမာ**……အရှင်ဘုရား၊ မြတ်စွာဘုရား၏ မြတ်သော နိဗ္ဗာန်မြို့သည်ရှိ၏၊ထိုမြို့၌ နံ့သာဈေး အဘယ် နည်းဟုမေးသော် 'မင်းကြီး၊ ထိုမြတ်စွာဘုရားသည် နိဗ္ဗာန်မြို့၌ သီလ တည်းဟူသောအနံ့၏ ဝေဘန်အပ်သည်တို့ကိုဟောတော်မူအပ်ကုန်၏။ အကြင်သီလတည်းဟူသော နံ့သာဖြင့် လိမ်းကျံကုန်သော ဘုရားသား တော်တို့သည် နတ်နှင့်တကွသောလောကကို သီလတည်းဟူသောအနံ့ ဖြင့် ထုံမွှမ်းခြင်းတို့ကို ကောင်းစွာထုံမွှမ်းစေကုန်၏၊ အရှေ့ အနောက် တောင် မြောက် အကြေအညာ အောက် အထက် ဘီလာအရပ် တို့သို့ လှိုင်စေ၍နှံ့စေ၍တည်စေကုန်၏၊ မင်းကြီး၊ထိုသီလတည်းဟူသောနံ့သာ ကို ဝေဘန်ခြင်းတရားတို့သည် အဘယ်နည်းဟူမူကား သရဏဂုံသီလ ပဉ္စင်္ဂသီလ, အဋ္ဌင်္ဂသီလ, ဒသင်္ဂသီလဥဒ္ဒေသ၌ အကျုံးဝင်သော ပါတိ မောက္ခသံဝရသီလတို့သည် ရှိကုန်၏။ ဤအလုံးစုံသောသီလကို နံ့သာ ဈေးသဘင်ဟူ၍ ဆိုအပ်၏။ ။မင်းကြီး၊ ထိုအကြောင်းကိုငါသာလျှင် လည်း ပန်းနံ့သာဈေးဖြစ်ကြောင်းကို မဆို၊ ဘုရားရှင်သည်လည်း လေ အောက် လေညာ သီလတည်းဟူသော ပန်းနံ့သာသည် လှိုင်ကြောင်း ကို ဟောတော်မူအပ်၏။

ဘာသိတမေ္ပတံ မဟာရာဇ ဘဂဝတာ ဒေဝါတိဒေဝေန။
နပုပ္ဖဂန္ဓော ပဋိဝါတမေတိ၊ နစန္ဒနံ တဂ္ဂရံ မလ္လိကာဝါ။
သတဉ္စဂန္ဓော ပဋိဝါတမေတိ၊သဗ္ဗာဒိသာ သပ္ပုရိသောပဝါယတိ။
စန္ဒနံ တဂ္ဂရံဝါပိ၊ ဥပ္ပလံ အထဝဿိကီ။
ဧတေသံ ဂန္ဓဇာတာနံ၊ သီလဂန္ဓော အနုတ္တရော။
အပ္ပမတ္တော အယံဂန္ဓော၊ ယာယံ တဂ္ဂရံ စန္ဒနံ။
ယောစ သီလဝတံ ဂန္ဓော၊ ဝါတိ ဒေဝေသု ဥတ္တမော။ ။

မဟာရာဇ၊ မင်းကြီး။ ဒေဝါတိဒေဝေန၊ နတ်တကာတို့ထက် နတ် မြတ်ဖြစ်တော်မူသော။ ဘဂဝတာ၊ မြတ်စွာဘုရားသည်၊ ပုပ္ဖဂန္ဓော၊ ပန်း၏အနံ့သည်။ ပဋိဝါတံ၊ လေညာသို့။ နဧတိ၊ မရောက်။ စန္ဒနံဝါ၊ စန္ဒ ကူးအနံ့သည်၎င်း။ တဂ္ဂရံဝါ၊ တောင်ဇလပ်ပန်း၏အနံ့သည်၎င်း။ မလ္လိ ကာဝါ၊ ကြက်ရုံးပန်း၏အနံ့သည်၎င်း။ ပဋိဝါတံ၊ လေညာသို့။ နဧတိ၊

မရောက်။ သတဉ္စ၊ သူတော်ကောင်းတို့၏ကား။ ဂန္ဓော၊ အနံ့သည်။
ပဋိဝါတံ၊ လေညာသို့၊ ဧတိ၊ ရောက်၏။ သပ္ပုရိသော၊ သူတော်ကောင်း
အနံ့သည်။သဗ္ဗာဒိသာ၊ခပ်သိမ်းသောအရပ်သို့။ ပဝါယတိ၊ လှိုင်၏။ ။
စန္ဒနံဝါ၊ စန္ဒကူးအနံ့သည်ရင်း။ တဂ္ဂရံဝါပိ၊ တောင်ဇလပ်ပန်း အနံ့
သည်ရင်း။ အထဝါ၊ ထိုမှတပါး။ ဥပ္ပလံဝါ၊ ကြာညိုပန်းအနံ့သည်ရင်း။
ဝဿိကီ၊ မိုးဆွေပန်းအနံ့သည်ရင်း။ အတ္ထိ၊ ရှိ၏။ ဧတေသံဂန္ဓဇာတာနံ၊
ထိုပန်းမျိုးတို့ထက်။သီလဂန္ဓော၊ သီလဟူသောအနံ့သည်။အနုတ္တရော၊
မြတ်၏။ ။ယံတဂ္ဂရံ၊အကြင်တောင်ဇလပ်ပန်းသည်ရင်း။ယံစန္ဒနံ၊ အကြင်
စန္ဒကူးနီ ပန်းအနံ့သည်ရင်း။အတ္ထိ၊ရှိ၏။အယံဂန္ဓော၊ဤပန်း၏ အနံ့သည်။
အပ္ပမတ္တော၊ အနည်းငယ်မျှသာတည်း။သီလဝတံ သီလဝန္တာနံ၊ သီလ
ရှိသောသူတို့၏။ ယောဂန္ဓော၊ အကြင်အနံ့သည်။ အတ္ထိ၊ ရှိ၏။ သော
ဂန္ဓော၊ ထိုအနံ့သည်။ ဒေဝေသု၊နတ်လူတို့၌။ ဥတ္တမော၊ကဲလွန်မြင့်မြတ်
သည်ဖြစ်၍။ ဝါတိ၊ လှိုင်၏။ ဣတိ၊ ဤသို့။ ဧတံဝစနံ၊ ဤစကားကို။ ဘာ
သိတံ၊ ဟောတော်မူအပ်၏။

**သစ်သီးဈေးပမာ**····· အရှင်ဘုရား၊ ဘုရားရှင်၏ နိဗ္ဗာန်တည်း
ဟူသောမြို့၌ သစ်သီးတည်းဟူသော အကြင်
ဈေးသည်ရှိ၏ဟုဆိုအပ်ပြီ၊ထိုသစ်သီးတည်းဟူသောဈေးသည် အဘယ်
နည်းဟုဆိုသော် မင်းကြီး၊ ဘုရားရှင်သည် ဟောတော် မူအပ်သော
သစ်သီးဈေးတို့ကား သောတာပတ္တိဖိုလ်, သကဒါဂါမိဖိုလ်, အနာဂါမိ
ဖိုလ်, အရဟတ္တဖိုလ်,သုညတဖလ သမာပတ္တိ, အနိမိတ္တဖလသမာပတ္တိ,
အပ္ပဏိဟိတဖလသမာပတ္တိတည်းဟူသောအသီးရှိ၏၊ ထိုနိဗ္ဗာန် တည်း
ဟူသောမြို့၌ အကြင်တစုံတယောက်သောသူသည် အကြင် အသီးကို
အလိုရှိအံ့၊ ထိုအသီးကိုအလိုရှိသောသူသည် အကြောင်းရင်း ကံတရား
ဟူသောအဘိုးကိုပေး၍၊ သောတာပတ္တိဖိုလ် တည်းဟူသော အသီး,
သကဒါဂါမိဖိုလ်တည်းဟူသောအသီး, အနာဂါမိဖိုလ် တည်းဟူသော
အသီး,အရဟတ္တဖိုလ်တည်းဟူသောအသီး,သုညတဖိုလ်တည်းဟူသော
အသီး, အနိမိတ္တဖိုလ်တည်းဟူသောအသီး, အပ္ပဏိဟိတဖိုလ် တည်းဟူ
သောအသီးကိုဝယ်၏၊မင်းကြီး၊ဥပမာသော်ကား တစုံတယောက်သော
ယောကျ်ားအား အမြဲသီးသောသရက်ပင်သည် ရှိသည်ဖြစ်ရာ၏၊အကြင်
ငွေလောက် ဝယ်လိုသောသူတို့သည် ရောက်လာ ကုန်၏၊ ထိုငွေ

လောက် ထိုယောက်ျားသည် ထိုသရက်ပင်မှ သရက်သီးကို မချိုသေး၊ ဝယ်လိုသောသူ ရောက်မှုကား အဘိုးကိုယူ၍ အို-အချင်းတို့၊ငါ၏သရက်ပင်သည် အမြဲလျှင်အသီးရှိ၏၊ ထိုသရက်ပင်မှအကင်းကိုရင်း, အနုကိုရင်း,အသီးဦးကိုရင်း,အစိမ်းကိုရင်း,အမှည့်ကိုရင်း,အကြင်အသီးကိုအလိုရှိအံ့၊ ဤမျှလောက်သောအသီးကိုယူလော့ဟုဆိုလျှင် ထိုဝယ်လိုသောယောက်ျားသည် ထိုမိမိသည်ပေးအပ်သောအဘိုးဖြင့် အကြင်အကြင်လိုအပ်သောအကင်းနု,အသီးဦး,အစိမ်း,အမှည့်တခုခုကိုယူသကဲ့သို့မင်းကြီး၊ ထို့အတူ အကြင်သူသည် လောကုတ္တရာတည်း ဟူသောအကြင်အသီးကိုအလိုရှိအံ့၊ ထိုသူသည် ကုသိုလ်ကံ တည်းဟူသောအရင်းအဘိုးကိုပေး၍ ထိုလိုအပ်သော အသီးကိုယူ၏၊ သောတာပတ္တိဖိုလ်တည်းဟူသော အသီးကိုအကယ်၍ အလိုရှိအံ့၊ ထိုဆောက်တည်ကိုင်းသောအသီးကိုယူလေ၏၊ အကယ်၍ သကဒါဂါမိဖိုလ်တည်းဟူသောအသီး၊ အနာဂါမိဖိုလ်တည်းဟူသောအသီး၊ အရဟတ္တဖိုလ်တည်းဟူသောအသီး၊ သုညတဖိုလ် တည်းဟူသောအသီး၊ အနိမိတ္တဖိုလ် တည်းဟူသောအသီး၊ အပ္ပဏိဟိတ ဖိုလ်တည်းဟူသောအသီးတို့ကိုအလိုရှိအံ့၊ ထိုဆောက်တည်တိုင်းသောအသီးကိုယူ၏၊ မင်းကြီး၊ မြတ်စွာဘုရား၏ လောကုတ္တရာတည်းဟူသော အသီးကို အသီးဈေးသဘင်ဟူ၍ဆိုအပ်၏ဟုဆို၍ ထိုစကားကိုနိဂုံးအုပ်ပြန်၏။

> ကမ္မမူလံဓနာဒတွာ၊ ဂဏှန္တိအမတပ္ဖလံ။
> တေနတေသုခိတာဟောန္တိ၊ ယေကီတာ အမတပလန္တိ။ ။
> ဟူသည်တည်း။

ယေဇနာ၊အကြင်သူတို့သည်။ ကမ္မမူလံ၊ ကုသိုလ်ကံတည်းဟူသောအဘိုးကို။ ဒတွာ၊ ပေး၍။ အမတပ္ဖလံ၊ မသေတတ်သော အသီးကို။ ဂဏှန္တိ၊ ယူကုန်၏။ ယေဇနာ၊အကြင်သူတို့သည်။အမတပ္ဖလံ၊ အမြိုက်အရသာ တည်းဟူသော အသီးကို။ ကီတာ၊ ဝယ်ကုန်၏။ တေန၊ ထို့ကြောင့်။ တေ၊ ထိုသူတို့သည်။ သုခိတာ၊ ချမ်းသာကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣတိ၊ ဤသို့ ဖြေတော်မူ၏။

**ဆိပ်ဖြေဆေးဈေးပမာ**...ဤသို့လျှင် သစ်သီးဈေးသဘင်ရှိကြောင်းကိုပြပြီးသော် အရှင်ဘုရား၊ ဘုရားရှင်၏

အဆိပ်အတောက်မရှိသော ဆေးဈေးသဘင်သည် အဘယ်နည်းဟု ဆိုသော် မင်းကြီး၊ ဘုရားရှင်သည် အဆိပ်အတောက်မရှိသော ဆေးဈေးသဘင်တို့ကိုဟောတော်မူအပ်ကုန်၏၊ အကြင်အဆိပ်ကို ပယ်စေဘတ်သောဆေးတို့ဖြင့် ဘုရားရှင်သည်နတ်နှင့်တကွသော လူအပေါင်းကိုကိလေသာတည်းဟူသော အဆိပ်အတောက်မှ လွတ်စေတော်မူတတ်၏၊ မင်းကြီး၊ထိုဆေးသည် အဘယ်တို့နည်းဟူမူကား ဒုက္ခသစ္စာ, သမုဒယသစ္စာ, နိရောဓသစ္စာ, မဂ္ဂသစ္စာတည်းဟူသော ဆေးတို့ကို ဟောတော်မူအပ်ကုန်၏၊အကြင်သူတို့သည်အရဟတ္တဖိုလ်ကို ငဲ့ကွက်ခြင်းရှိ၍ သစ္စာလေးပါးတရားကို နာကုန်၏၊ ထိုသူတို့သည် ဇာတိ, ဇရာ, ဗျာဓိ,မရဏ, သောက, ပရိဒေဝ,ဒုက္ခ, ဒေါမနဿ, ဥပါယာသ ဝဋ်တရားမှလွတ်ကုန်၏၊ မင်းကြီး၊ ဤသည်ကား ဘုရား၏အဂဒါပဏ ကိလေသာတည်းဟူသော အဆိပ်ကို ပြယ်စေဘတ်သော ဆေးဈေး သဘင်တည်းဟုဆို၏၊ မင်းကြီး၊ ထိုစကားကို ငါသာလျှင်လည်း အဆိပ်ကိုပြယ်စေတတ်သော ဆေးဈေးသဘင်ဖြစ်ကြောင်းကို ဟော တော်မူသည်မဟုတ်၊ ဘုရားရှင်လည်းဟောတော်မူအပ်၏။

ဘာသိတမေ့တံ မဟာရာဇ ဘဂဝတာ ဒေဝါတိဒေဝေန။
ယေကေစိ အဂဒါ လောကေ၊ ဝိသာနံ ပဋိဗာဟကာ။
ဓမ္မာဂဒသမံနတ္ထိ၊ဧတံပိဝထဘိက္ခဝေါတိ။ ။ဟူသည်တည်း။

မဟာရာဇ၊ မင်းကြီး။ ဒေဝါတိဒေဝေန၊ နတ်တကာတို့ထက် နတ်မြတ်ဖြစ်တော်မူသော။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဧတံပိ၊ ဤသို့သောစကားကိုလည်း။ ဘာသိတံ၊ ဟောတော်မူအပ်၏။ ။ဘိက္ခဝေ၊ ရဟန်းတို့။ လောကေ၊လောက၌။ ဝိသာနံ၊ အဆိပ်တို့ကို။ ပဋိဗာဟကာ၊ ဖျောက်တတ်ကုန်သော။ ယေကေစိ၊ အမှတ်မရှိကုန်သော။ အဂဒါ၊ဆေးတို့သည်။ အတ္ထိသန္တိ၊ ရှိကုန်၏။ ဓမ္မာဂဒသမံ၊ တရားတည်းဟူသောဆေးနှင့်တူသော။ အဂဒံ၊ကိလေသာကို ပယ်တတ်သော ဆေးသည်။ နတ္ထိ၊မရှိ။ ဧတံ၊ဤတရားတည်းဟူသောဆေးကို။ ဘိက္ခဝေါ၊ သင်ရဟန်းတို့သည်။ ပိဝထ၊ သောက်ကြကုန်လော့။ ဣတိ၊ ဤသို့။ ဧတံပိ၊ ဤစကားကိုလည်း။ ဘာသိတံ၊ ဟောတော်မူအပ်၏။

**အနာကင်းဆေးဈေးပမာ**……ဤသို့လည်း အဆိပ်ကို ပြယ်စေတတ်သော ဆေးဈေး သဘင်ကို ပြုပြီးသော် အရှင်ဘုရား၊ မြတ်စွာဘုရား၏ ရောဂါအနာကို လွတ်စေတတ်သောဆေးဈေးသဘင်သည် အဘယ်နည်းဟုဆိုသော် မင်းကြီး၊ ဘုရားရှင်သည် အကြင်ဆေးတို့ဖြင့် နတ်လူတို့ကို ကုစားတော်မူပေ၏၊ ထိုဆေးသည် အဘယ်သည်တို့နည်းဟူမူကား လေးပါးသော သတိပဋ္ဌာန်၊ လေးပါးသောသမ္မပ္ပဓာန်၊ လေးပါးသော ဣဒ္ဓိပါဒ်၊ ငါးပါးသော ဣန္ဒြေ၊ ငါးပါးသောဗိုလ်၊ ခုနစ်ပါးသောဗောဇ္ဈင်၊ ရှစ်ပါးသောမဂ္ဂင်၊ ထိုတရားတို့သည်ဆေးတို့တည်း၊ ထိုသတိပဋ္ဌာန်အစရှိသော ဆေးတို့ဖြင့်မြတ်စွာဘုရားသည် မိစ္ဆာဒိဋ္ဌိ အယူတည်းဟူသောအနာရောဂါကို ပျောက်စေတော်မူ၏၊ မိစ္ဆာသင်္ကပ္ပ, မိစ္ဆာဝါစာ, မိစ္ဆာကမ္မန္တ, မိစ္ဆာအာဇီဝ, မိစ္ဆာဝါယာမ, မိစ္ဆာသတိ, မိစ္ဆာသမာဓိတည်းဟူသော အနာရောဂါကို ပျောက်စေတော်မူ၏၊ လောဘ, ဒေါသ, မောဟ, မာန, ဒိဋ္ဌိ, ဝိစိကိစ္ဆာ, ဥဒ္ဓစ္စ, ထိန, မိဒ္ဓ, အဟိရိက, အနောတ္တပ္ပတည်းဟူသော အလုံးစုံသော ကိလေသာအနာကို အန်စေတတ်၏၊ မင်းကြီး၊ ဤသည်ကား ဘုရားရှင်၏ကိလေသာတည်းဟူသော အနာကို လွတ်စေတတ်သော ဆေးဈေးသဘင်တည်းဟုဆို၍ မင်းကြီး၊ ငါသည်လျှင်လည်းကိလေသာ တည်းဟူသော အနာကို လွတ်စေတတ်သောဆေးဈေးသဘင်ရှိကြောင်းကိုမဆို၊ မြတ်စွာဘုရားသည်လည်း ဟောတော်မူအပ်၏။

ဘာသိတမ္ပေတံ မဟာရာဇ ဘဂဝတာ ဒေဝါတိ ဒေဝေန။
ဧယကေစိ ဩသဓာလောကေ၊ ဝိဇ္ဇန္တိ ဝိဝိဓာဗဟူ။
ဓမ္မောသဓ သမံ နတ္ထိ၊ ဧတံပိဝထ ဘိက္ခဝေါ။
ဓမ္မော သဓံ ပိဝိတွာန၊ အဇရာ မရဏာသိယုံ။
ဘာဝယိတွာစ ပဿိတွာ၊ နိဗ္ဗုတာ ဥပဓိက္ခယေတိ။
ဟူသည်တည်း။

မဟာရာဇ၊ မင်းကြီး။ ဒေဝါတိ ဒေဝေန၊ နတ်တကာတို့ထက် နတ်မြတ်ဖြစ်တော်မူသော။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဧတံပိ၊ ဤသို့သောစကားတော်ကိုလည်း။ဘာသိတံ။ဟောတော်မူအပ်၏။ဘိက္ခဝေ၊

ရဟန်းတို့။ လောဏော၊ လောကဉ္စ၊ ဗဟူ၊ များစွာကုန်သော။ ဝိဝိဓာ၊ အထူးထူးအပြားပြားရှိကုန်သော။ ယေကေစိ၊ ခပ်သိမ်းကုန်သော။ ဩသဓာ၊ ဆေးတို့သည်။ ဝိဇ္ဇန္တိ၊ ရှိကုန်၏။ ဓမ္မောသဓသမံ၊ တရားတည်းဟူသောဆေးနှင့်တူသော။ ဩသဓံ၊ ဆေးသည်။ နတ္ထိ၊ မရှိ။ ဧတံ၊ ဤတရားတည်းဟူသောဆေးကို။ဘိက္ခဝေါ၊ သင်ရဟန်းတို့သည်။ ပိဝထ၊ သောက်ကြကုန်လော့။ ။ဓမ္မောသဓံ၊ တရားတည်းဟူသော ဆေးကို။ ပိဝိတွာန၊ သောက်ကုန်၍။ အဇရာ မရဏာ၊ မအိုမသေကုန်သည်။ သိယုံ၊ ဖြစ်ကုန်ရာ၏။ ဘာဝယိတွာစ၊ ကမ္မဋ္ဌာန်းကိုပွါးစေ၍ရင်း။ ပဿိတွာစ၊ ကမ္မဋ္ဌာန်းကိုရှု၍ရင်း။ ဥပဓိက္ခယေ၊ ဥပဓိတရား၏ ကုန်ခြင်းကြောင့်။ နိဗ္ဗုတာ၊ ငြိမ်းလေကုန်၏။ ဣတိ၊ ဤသို့။ ဧတံပိ။ ဤစကားကိုလည်း။ ဘာသိတံ၊ ဟောတော်မူအပ်၏။

**အမြိုက်အရသာဆေးဈေးပမာ**……ဤသို့လျှင် ကိလေသာတည်းဟူသော အနာလွတ်ကြောင်း တရားဆေးဈေးသဘင်ကိုပြုပြီးသော် အရှင်ဘုရား၊ ဘုရားရှင်၏အမြိုက်အရသာတည်းဟူသော အိမ်ဈေးသဘင်သည် အဘယ်သို့နည်းဟု ဆိုသော် မင်းကြီး၊ ဘုရားရှင်သည် အမြိုက်အရသာတည်းဟူသောဆေးကို ဟောတော်မူအပ်၏၊ အကြင်အမြိုက်အရသာ တည်းဟူသောဆေးဖြင့် နတ်နှင့်တကွသော လောကကို သွန်းတော်မူ၏၊ အကြင်အရသာတည်းဟူသောဆေးဖြင့် သွန်းအပ်ကုန်သောနတ်လူတို့သည် ဇာတိဇရာဗျာဓိ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသတရားတို့မှ ထွက်မြောက်ကုန်၏၊ ထိုအမြိုက် တည်းဟူသောဆေးသည် အဘယ်နည်းဟူမူကား အကြင်ကာယဂတာသတိသည် အမြိုက်တည်းဟူသောဆေးမည်၏၊ မင်းကြီး၊ ဝါသာလျှင် ကာယဂတာ သတိသည် အမြိုက်တည်းဟူသောဆေးဖြစ်ကြောင်းကို မဆို၊ ဘုရားရှင်လည်း ဟောတော်မူအပ်၏။

ဘာသိတမ္ပေတံ မဟာရာဇ ဘဂဝတာ ဒေဝါတိဒေဝေန၊ အမတံတေ ဘိက္ခဝေ ဘိက္ခူ ပရိဘုဉ္ဇန္တိ ယေကာယဂတာ သတိံ ပရိဘုဉ္ဇန္တီတိ။ ။ဟူသည်တည်း။

မဟာရာဇ၊ မင်းကြီး။ ဒေဝါတိ ဒေဝေန၊ နတ်တကာတို့ထက်နတ်မြတ်ဖြစ်တော်မူသော။ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဧတံပိ၊ ဤစကားကိုလည်း။ ဘာသိတုံ၊ဟောတော်မူအပ်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ယေဘိက္ခူ၊ အကြင်ရဟန်းတို့သည်။ ကာယဂတာသတိံ၊ကာယဂတာသတိကို။ပရိဘုဉ္ဇန္တိ၊ သုံးဆောင်လေ့ကျက်ကုန်၏။ တေဘိက္ခူ၊ထိုရဟန်းတို့သည်။ အမတံ၊ အမြိုက်အရသာတည်းဟူသော နိဗ္ဗာန်ကို။ ပရိဘုဉ္ဇန္တိ၊ သုံးဆောင်ရကုန်၏။ ဣတိ၊ဤသို့။ဧတံပိ၊ဤစကား ကိုလည်း။ ဘာသိတံ၊ ဟောတော်မူအပ်၏။

မင်းကြီး၊ ဤကာယဂတာသတိကို ဘုရားရှင်၏ အမြိုက်တည်းဟူသော ဆေးဈေးသဘင်ဟုဆိုအပ်၏၊ ထိုအမြိုက်အရသာကို ကုသိုလ်တည်းဟူသောအကြောင်းရင်းမူလ အဘိုးဖြင့်ဝယ်၍ သောက်သင့်ကြောင်းကိုလည်း ဟောတော်မူအပ်၏။

ဘာသိတမ္ပေတံ မဟာရာဇ ဘဂဝတာ ဒေဝါတိ ဒေဝေန။
ဗျာဓိတံ ဇနတံ ဒိသွာ၊ အမတာပဏံ ပသာရယိ။
ကမ္မေန တံ ကိဏိတွာန၊ အမတံ အာဒေထ ဘိက္ခဝေါတိ။ ။
ဟူသည်တည်း။

မဟာရာဇ၊မင်းကြီး။ဒေဝါတိ ဒေဝေန၊နတ်တကာတို့ထက် နတ်မြတ်ဖြစ်တော်မူသော။ ဘဂဝတာ၊မြတ်စွာဘုရားသည်။ ဧတံပိ၊ ဤစကားကိုလည်း။ဘာသိတံ၊ဟောတော်မူအပ်၏။ ။ဘိက္ခဝေ၊ ရဟန်းတို့။ အဟံ၊ ငါသည်။ဗျာဓိတံ၊ဖျားနာသော။ဇနတံ၊လူအပေါင်းကို။ ဒိသွာ၊ မြင်တော်မူ၍။ အမတာပဏံ၊ အမြိုက်တည်းဟူသော ဆေးဈေးသဘင်ကို။ ပသာရယိ၊ခင်းတော်မူ၏။ကမ္မေန၊ ကုသိုလ်ကံတည်းဟူသောအဘိုးဖြင့်။ တံ၊ ထိုအမြိုက်အရသာတည်းဟူသောဆေးကို။ကိဏိတွာန၊ဝယ်၍။တုမှေ၊ သင်တို့သည်။အမတံ၊မသေသောဆေးကို။အာဒေထ၊ ယူငင်သုံးဆောင်ကြကုန်လော့။ဣတိ၊ဤသို့။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဘာသိတံ၊ ဟောတော်မူအပ်၏။

**ရတနာဈေးပမာ**......အမြိုက်ဆေးကို ပြပြီး၍အရှင်ဘုရား၊ ဘုရားရှင်၏ ရတနာဈေးသည် အဘယ်နည်းဟု

ဆိုသော် မင်းကြီး၊ဘုရားရှင်သည် ရတနာတည်းဟူသောဈေးသဘင်ကို

ဟောတော်မူအပ်ကုန်၏၊ အကြင်ရတနာတို့ဖြင့် ဘုရားရှင်သားတော်တို့သည် တန်ဆာဆင်အပ်ကုန်လျက် နတ်နှင့်တကွသောလောကကို တင့်တယ်စေကုန်၏၊ အပြားအားဖြင့် ပြောင်ပြောင်တောက်ကုန်၏၊ အောက်အထက်ဘီလာအရပ်ကို အလင်းပြကုန်၏၊ ထိုရတနာဈေးသဘင်တို့သည် အဘယ်သည်တို့နည်းဟူမူကား သီလရတနာ, သမာဓိရတနာ, ပညာရတနာ, ဝိမုတ္တိရတနာ, ဝိမုတ္တိဉာဏဒဿနရတနာ, ပဋိသမ္ဘိဒါရတနာ, ဗောဇ္ဈင်ရတနာတို့တည်း၊ မင်းကြီး၊ မြတ်စွာဘုရား၏ သီလရတနာသည် အဘယ်နည်းဟူမူကား ပါတိမောက္ခသံဝရသီလ၊ ဣန္ဒြိယသံဝရသီလ, အာဇီဝပါရိသုဒ္ဓိသီလ, ပစ္စယသန္နိဿိတသီလ, စူဠသီလ, မဇ္ဈိမသီလ, မဟာသီလ, မဂ္ဂသီလ, ဖလသီလတည်း၊ မင်းကြီး၊ သီလတည်းဟူသောရတနာဖြင့် တန်ဆာဆင်သောပုဂ္ဂိုလ်အား နတ်နှင့်တကွသော လူအပေါင်းသည် ချစ်မြတ်နိုး၏၊ မင်းကြီး၊ သီလတည်းဟူသောပန်းကို ပန်ဆင်သောရဟန်းသည် တရူဘီလာ အောက်အထက်အလွန်လျှင် တင့်တယ်လွန်းပ၏၊ အောက်အဝီစိမှသည် အထက်ဘဝဂ်တိုင်အောင် အတွင်း၌အလုံးစုံသောရတနာတို့ကိုလွှမ်းမိုး၍တည်၏၊ မင်းကြီး၊ ဤသို့သဘောရှိသော ရတနာဟူသောဈေးကို ဘုရားရှင်သည် ခင်းအပ်ဖြန့်အပ်၏၊ သီလတည်းဟူသော ရတနာကို မြတ်သော ရတနာဈေးသဘင်ဟုဆိုအပ်၏၊ မင်းကြီး၊ သီလတည်းဟူသောရတနာ၏ဈေးသဘင်ဖြစ်သော အကြောင်းကို ငါသာလျှင်လည်းမဆို၊ ဘုရားရှင်သည်လည်း ဟောတော်မူအပ်၏။

ဘာသိတမ္ပေတံ မဟာရာဇ ဘဂဝတာ ဒေဝါတိဒေဝေန။
ဧဝရူပါနိ သီလာနိ၊ သန္တိ ဗုဒ္ဓဿ အာပဏေ။
ကမ္မေနတံ ကိဏိတွာန၊ ရတနံ ဝေါပိဠန္ဓထာတိ။
ဟူသည်တည်း။

မဟာရာဇ၊ မင်းကြီး။ ဒေဝါတိဒေဝေန၊ နတ်တကာတို့ထက် နတ်မြတ်ဖြစ်တော်မူသော။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဧတံပိ၊ ဤစကားကိုလည်း။ ဘာသိတံ၊ ဟောတော်မူအပ်၏။ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ အာပဏေ၊ အိမ်ဈေးသဘင်၌။ ဧဝရူပါနိ၊ ဤသို့သဘောရှိကုန်သော။ သီလာနိ၊ သီလတည်းဟူသော ရတနာဈေးတို့သည်။ သန္တိ၊ ရှိကုန်၏။

ဝေါ၊ သင်တို့သည်။ တံ၊ ထိုသီလတည်းဟူသော။ ရတနံ၊ ရတနာကို။ ကဖမ္ဘန္၊ ကုသိုလ်ကံတည်းဟူသောတရားဖြင့်။ ကိဏိတွာန၊ ဝယ်၍။ ပိဠန္ဓထ၊ ပန်ကြကုန်လော့။ ဣတိ၊ ဤသို့။ ဧတံပိ၊ ဤစကားကိုလည်း။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဘာသိတံ၊ ဟောတော်မူအပ်၏။

**သမာဓိရတနာ**......မင်းကြီး၊ ဘုရားရှင်၏ သမာဓိတည်းဟူသော ရတနာသည်အဘယ်နည်းဟုဆိုသော် မင်းကြီး၊ သဝိတက္ကသဝိစာရသမာဓိ, အဝိတက္ကသဝိစာရသမာဓိ, သဝိတက္က အဝိစာရသမာဓိ, အဝိတက္ကအဝိစာရသမာဓိ, သုညတသမာဓိ, အနိမိတ္တသမာဓိ,အပ္ပဏိဟိတသမာဓိသည် ရတနာမည်၏၊ မင်းကြီး၊ ဤသမာဓိရတနာကို ပန်ဆင်သော ရဟာန်းအား ကာမဝိတက်, ဗျာပါဒ ဝိတက်, ဝိဟိံသာဝိတက်,မာန,ဥဒ္ဓစ္စ,ဒိဋ္ဌိ,ဝိစိကိစ္ဆာ, ကိလေသာဝတ္ထုဟုဆိုအပ်သော အလုံးစုံသော အကုသိုလ်တရားတို့သည် သမာဓိရတနာသို့ ကပ်၍ ဖရိုဖရဲပျက်စီးကုန်၏၊ ကောင်းစွာမတည်ရပ်နိုင်ကုန်၊ မလိမ်း မကျံ နိုင်ကုန်၊ မင်းကြီး၊ဥပမာသော်ကား ကြာရွက်ပေါ်၌ရေပေါက်သည် ဖရိုဖရဲကောင်းစွာ မတည်ရပ်နိုင်သကဲ့သို့ ထို့အတူ သမာဓိရတနာကို ပန်ဆင်ရသောရဟာန်းအား ကာမဝိတက်အစရှိသော အကုသိုလ်တရားတို့သည် ဖရိုဖရဲပျက်စီးကုန်၏၊ မတည်ရပ်နိုင်ကုန်၊ အဘယ့်ကြောင့်နည်းဟူမူကား သမာဓိတရား၏ ကောင်းစွာ စင်ကြယ်သောကြောင့်တည်း၊ သမာဓိတရားကို ရတနာဟုဆိုအပ်၏၊ မင်းကြီး၊ ဤသို့သဘောရှိသော သမာဓိတရားတို့ကို ဘုရားရှင်၏ ရတနာတည်းဟူသော ဈေးသဘင်၌ ဖြန့်၍ခင်းအပ်သည်ဖြစ်၏၊မင်းကြီး၊ငါသာလျှင် သမာဓိတရားကို ရတနာ ဖြစ်ကြောင်းကိုမဆို၊ဘုရားရှင်သည်လည်း သမာဓိတရားကို ရတနာဖြစ် ကြောင်းကိုဟောတော်မူအပ်၏။

သမာဓိ ရတနမာလဿ၊ ကုဝိတက္ကာန ဇာယရေ။
နစ ဝိက္ခိပတေ စိတ္တံ၊ ဧတံ တုမှေ ပိဠန္ဓထာတိ၊ ။ဟူသည်တည်း။

ဘိက္ခဝေ၊ ရဟာန်းတို့။ သမာဓိရတနမာလဿ၊ သမာဓိတည်းဟူသော ရတနာကိုပန်ဆင်သောရဟာန်းအား။ ကုဝိတက္ကာ၊ မကောင်းသောမိစ္ဆာ ဝိတက်တရားတို့သည်။ နဇာယရေ၊ မဖြစ်ကုန်ရာ။ စိတ္တံ၊ စိတ်သည်။ နစဝိက္ခိပတေ၊ မပျံ့လွင့်ရာ။ ဧတံ၊ ထိုသမာဓိ တည်းဟူ

သော ရတနာပန်းကို။ တုမှေ၊ သင်တို့သည်။ ပိဠန္ဓထ၊ ပန်ဆင်ကြ ကုန်လော့။ ဣတိ၊ ဤသို့။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဘာသိတံ၊ ဟောတော်မူအပ်၏။

**ပညာရတနာ**····· မင်းကြီး၊ ဘုရားရှင်၏ပညာရတနာသည်အဘယ် နည်းဟုဆိုသော် မင်းကြီး၊ အကြင် ပညာဖြင့် ဘုရားရှင် တပည့်သားတော်သည် ဤသည်ကား ကုသိုလ် တရား၊ ဤသည်ကားအကုသိုလ်တရားဟု ဟုတ်မှန်သောအတိုင်းသိ၏၊ ဤတရား သည်အပြစ်ရှိသည်၊ ဤတရားသည် အပြစ်မရှိသည် မှီဝဲအပ်သည်, မမှီဝဲအပ်သည်,ယုတ်သည်,မြတ်သည်,မည်းသည်,ဖြူသည်ဟု ဟုတ်မှန် သောအတိုင်းကိုသိ၏၊ ဤသည်ကား ဒုက္ခသစ္စာ, ဤသည်ကား သမု ဒယသစ္စာ,ဤသည်ကား မဂ္ဂသစ္စာ,ဤသည်ကား နိရောဓသစ္စာဟု ဟုတ် သောအတိုင်းကိုသိ၏၊ ဤသည်လျှင် မင်းကြီး၊ ဘုရားရှင်၏ ပညာ ရတနာဟု ဆိုအပ်၏။ ။မင်းကြီး၊ ပညာသည်ရတနာဖြစ်ကြောင်းကို ငါသာလျှင် မဆို၊ ဘုရားရှင်သည်လည်းဟောတော်မူအပ်၏။

ပညာရတနမာလဿ၊ နစိရံဝတ္တတေဘဝေါ။
ခိပ္ပံ ပဿတိ အမတံ၊နစ သော ရောစတေဘဝေတိ။ ။
ဟူသည်တည်း။

ဘိက္ခဝေ၊ ရဟန်းတို့။ ပညာရတန မာလဿ၊ ပညာတည်းဟူ သော ပန်းသိုင်းကိုဆင်ယင်သော ရဟန်းအား။ ဘဝေါ၊ သုံးပါးသော ဘဝသည်။ စိရံ၊ ကြာမြင့်စွာ။ နဝတ္တတေ၊ မဖြစ်။ သော၊ ထိုရဟန်း သည်။ ခိပ္ပံ၊ လျင်စွာ။ အမတံ၊ သေခြင်းကင်းသောနိဗ္ဗာန်ကို။ ပဿတိ၊ မြင်ရ၏။ ဘဝေ၊ သုံးပါးသောဘဝ၌။ နစရောစတေ၊ နှစ်သက်ခြင်းမရှိ။ ဣတိ၊ ဤသို့။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဘာသိတံ၊ ဟောတော် မူအပ်၏။

**ဝိမုတ္တိရတနာ**··· မင်းကြီး၊ဘုရားရှင်၏ ဝိမုတ္တိရတနာသည် အဘယ် နည်းဟူမူကား မင်းကြီး၊ အရဟတ္တဖိုလ်ကို ဝိမုတ္တိရတနာဟု ဆိုအပ်၏၊ မင်းကြီး၊ အရဟတ္တဖိုလ်သို့ ရောက်သော ရဟန်းကို ဝိမုတ္တိရတနာကိုပန်ဆင်သောသူဟူ၍ မိန့်တော်မူအပ်၏။ ။

မင်းကြီး၊ ဥပမာသော်ကား ယောက်ျားသည် ပုလဲကုံး ပတ္တမြားကုံး သန္တာကုံးကို ဆင်ယင်လျက် အကျော်, တောင်ဇလပ်, ခေါင်ရန်း, စန္ဒကူးနီတို့ဖြင့် လိမ်းကျံ အပ်သော ကိုယ်ရှိ၏။ ကုံကော်, ပုန်းညက်, အင်ကြင်း,သရက်ီ,စကား,နေ့ဇာ, ပင်လယ်ကသစ်,ကြာညို, မိုးဆွေ, ကြက်ရုံးတို့ဖြင့် ဆန်းကြယ်စွာဖြစ်၍ ကြွင်းသောလူအပေါင်းတို့ကို လွှမ်းမိုး၍ ပန်းနံ့ သာနှစ်သက်ဘွယ်သောရတနာတို့ဖြင့် ထွန်းပတောက်လွှမ်းသကဲ့သို့ ထို့အတူ မင်းကြီး၊ အရဟတ္တဖိုလ်သို့ ရောက်သော ရဟန်းပုဂ္ဂိုလ်သည် ဝိမုတ္တိတည်းဟူသော ရတနာကိုဆင်လျက် စွဲလမ်းအပ်သောဥပါဒါန်တရားမှ လွတ်ဆဲ ခွါဆဲဖြစ်ကုန်သော ရဟန်းတို့ကို လွှမ်းမိုး၍ တင့်တယ်၏၊ အထူးသဖြင့်တင့်တယ်၏၊ ထွန်းလင်း၏၊ အပြားအားဖြင့် ထွန်းလင်း၏၊ ပြောင်ပြောင်တောက်၏၊ အထူးသဖြင့်ပြောင်ပြောင်တောက်၏၊ လွှမ်းမိုးကဲလွန်၏၊ မင်းကြီး၊ အဘယ့်ကြောင့်နည်းဟူမူကား ဤအရဟတ္တဖိုလ်တည်းဟူသော ရတနာတန်ဆာသည် ခပ်သိမ်းသော တန်ဆာတို့ထက်မြတ်၏၊ မင်းကြီး၊ ငါသာလျှင် အရဟတ္တဖိုလ်ကိုဝိမုတ္တိရတနာတန်ဆာဟူ၍မဆို၊ ဘုရားရှင်လည်း ဟောတော်မူအပ်၏။

မဏိမာလဓရံဂေဟံ၊ ဇနောသာမိ ဥဒိက္ခတိ။
ဝိမုတ္တိရတနမာလန္တုံ၊ ဥဒိက္ခန္တိ သဒေဝကာတိ။ ။
ဟူသည်တည်း။

ဘိက္ခဝေ၊ ရဟန်းတို့။ မဏိမာလဓရံ၊ ပတ္တမြားရတနာ တန်ဆာကို ဆောင်သော။ ဇနော၊ လူသည်။ သာမိဂေဟံ၊ အတ္တနောတည်းဟူသော မိမိအိမ်ကို။ ဥဒိက္ခတိ၊ ကြည့်ရှု၏။ ဝိမုတ္တိရတနမာလံ၊ ဝိမုတ္တိရတနာဟူသောတန်ဆာကို။ ဓရန္တုံ၊ဓရံပန၊ ဆောင်သောပုဂ္ဂိုလ်ကိုကား။ သဒေဝကာ၊ နတ်နှင့်တကွသောလူအပေါင်းတို့သည်။ ဥဒိက္ခန္တိ၊ ကြည့်ရှုကြကုန်၏။ ဣတိ၊ ဤသို့။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဘာသိတံ၊ ဟောတော်မူအပ်၏။

**ဝိမုတ္တိဉာဏဒဿနရတနာ** ။ မင်းကြီး၊ ဝိမုတ္တိဉာဏဒဿနသည် အဘယ်နည်းဟူမူကား မင်းကြီး၊ ပစ္စဝေက္ခဏာဉာဏ်ကို ဝိမုတ္တိဉာဏဒဿနရတနာတန်ဆာဟု ဆိုအပ်၏၊ အကြင်ပစ္စဝေက္ခဏာဉာဏ်ဖြင့်အရိယာတပည့်သည် မဂ်ဖိုလ်နိဗ္ဗာန်

ကိုရင်း၊ ပယ်အပ်ပြီးသော ကိလေသာတို့ကိုရင်း၊ ကြွင်းသော ကိလေသာတို့ကိုရင်း ဆင်ခြင်၏၊ မင်းကြီး၊ ငါသာလျှင်ပစ္စဝေက္ခဏာဉာဏ်ကို ဝိမုတ္တိညာဏဒဿန ရတနာဟုမဆို၊ ဘုရားရှင်လည်း ဆိုတော်မူအပ်၏။

ယေနဉာဏေန ဗုဇ္ဈန္တိ၊ အရိယာ ကတ ကိစ္စတံ။
တံ ဉာဏရတနံ လဒ္ဓုံ၊ ဝါယာမေထ ဇိနေဿ ရသာတိ။ ။
ဟူသည်တည်း။

အရိယာ၊ အရိယာတို့သည်။ ယေနဉာဏေန၊ အကြင် ပစ္စဝေက္ခဏာ ဉာဏ်ဖြင့်။ ကတကိစ္စတံ၊ ပြုအပ်သောကိစ္စ၏အဆုံးကို။ ဗုဇ္ဈန္တိ၊ သိကုန်၏။ ဇိနေဿရသာ၊ ငါဘုရားသားတော်ဖြစ်ကုန်သော။ တုမှေ၊ သင်တို့သည်။ တံဉာဏရတနံ၊ ထိုပစ္စဝေက္ခဏာဉာဏ်တည်းဟူသောရတနာကို။ လဒ္ဓုံ၊ ရခြင်းငှါ။ ဝါယာမေထ၊ လုံ့လပြုကြကုန်လော့။ ဣတိ၊ ဤသို့။ ဘဂဝတာ၊ မြတ်စွာဘုရားသည်၊ ဘာသိတံ၊ ဟောတော်မူအပ်၏။

**ပဋိသမ္ဘိဒါရတနာ**......မင်းကြီး၊ ဘုရားရှင်၏ပဋိသမ္ဘိဒါ ရတနာသည် အဘယ်နည်း ဟူမူကား မင်းကြီး၊ ပဋိသမ္ဘိဒါတရားတို့သည် အတ္ထပဋိသမ္ဘိဒါ, ဓမ္မပဋိသမ္ဘိဒါ, နိရုတ္တိပဋိသမ္ဘိဒါ, ပဋိဘာနပဋိသမ္ဘိဒါဟူ၍ လေးပါးအပြား ရှိကုန်၏၊ မင်းကြီး၊ ဤလေးပါးသောပဋိသမ္ဘိဒါရတနာတို့ဖြင့် ကောင်းစွာတန်ဆာဆင်ခြင်း ရှိသောရဟန်းသည် အကြင်အကြင် မင်းပုဏ္ဏားသူကြွယ် ရဟန်း ပရိသတ်သို့ချဉ်းကပ်ရောက်ပေါက်အံ့၊ နှလုံးမသာမရှိ ရဲရင့်သောသဘော မကြောက်ရွံ့သောသဘော မထိတ်လန့်သောသဘောဖြင့် ကြက်သီးမွေး ညှင်းထခြင်းမရှိသည်ဖြစ်၍ ချဉ်းကပ်၏၊ မင်းကြီး၊ ဥပမာ သော်ကား စစ်မြေပြင်အရပ်၌ ကျင်လည်သောသူရဲကောင်းသည် ငါးပါးသော ချပ် တန်ဆာလက်နက်ကိုဆောင်လျက် မကြောက်မရွံ့ စစ်မြေပြင်သို့လာ၏၊ အကယ်၍ရန်သူတို့သည် ဝေးသောအရပ်၌ ဖြစ်ကုန်အံ့၊ မြားဖြင့်ပစ် အံ့၊ ထိုနောင် ဤမှဘက်သို့ချဉ်းကပ်ရောက်အံ့၊ လှံဖြင့်ထိုးအံ့၊ ထိုနောင် ဤမှဘက်သို့ရောက်ပြန်အံ့၊ တောင့်ဖြင့်ရိုက်အံ့၊ ထိုနောင်ဤမှဘက်သို့ ရောက်ပြန်အံ့၊ ထင်ရှားစွာအနီးသို့ရောက်လာသောသူကို ဝန်းဝန်းလှည့် သောသန်လျက်သွားဖြင့် နှစ်ပိုင်းဖြတ်အံ့၊ ကိုယ်အနီးသို့ ရောက်လာခဲ့ သော် ထားဖြင့်ထိုးအံ့သကဲ့သို့ ထို့အတူ မင်းကြီး၊ လေးပါးသော ပဋိ

သမ္ဘိဒါရတနာတို့ဖြင့် တန်ဆာဆင်ခြင်းရှိသောရဟန်းသည် မကြောက် မရွံ့ ပရိသတ်သို့ကပ်၍၊ အကြင်တစုံတယောက်သောသူသည် ငါ့ကို အတ္ထပဋိသမ္ဘိဒါ၌ ပြဿနာကို မေးအံ့၊ ထိုသူအား ငါသည်အနက်ဖြင့် အနက်ကို၊ အကြောင်းဖြင့်အကြောင်းကို၊ အထောက်အထား နည်းနာနယဖြင့် အထောက်အထားနည်းနာနယကို ပြောဆိုအံ့၊ ယုံမှားကင်းသည်ကို ပြုအံ့၊ ယုံမှားသင်္ကာကိုစွန့်စေအံ့၊ ပြဿနာကိုဖြေသဖြင့်နှစ်သက်စေအံ့။ ။ အကြင်တစုံတယောက်သောသူသည်ငါ့ကိုဓမ္မဖြင့် ပဋိသမ္ဘိဒါ၌ပြဿနာကို မေးအံ့၊ ထိုသူအားငါသည် ဓမ္မဖြင့်ဓမ္မကို၊ အမတတရားဖြင့် အမတတရားကို၊ အသင်္ခတတရားဖြင့် အသင်္ခတတရားကို၊ နိဗ္ဗာန်ဖြင့်နိဗ္ဗာန်ကို၊ သုညတဖြင့် သုညတကို၊ အနိမိတ္တဖြင့် အနိမိတ္တကို၊ အပ္ပဏိဟိတဖြင့် အပ္ပဏိဟိတကို၊ အနေဇတရားဖြင့် အနေဇတရားကို ပြောဆိုအံ့၊ ယုံမှားသင်္ကာကိုစွန့်စေအံ့၊ ပြဿနာကိုဖြေသဖြင့် နှစ်သက်စေအံ့။ ။အကြင် တစုံတယောက်သောသူသည် နိရုတ္တိပဋိသမ္ဘိဒါ၌ ပြဿနာကိုမေးအံ့၊ နိရုတ္တိဖြင့် နိရုတ္တိကို၊ ပုဒ်ဖြင့် ပုဒ်ကို၊ ပုဒ်အစဉ်ဖြင့် ပုဒ်အစဉ်ကို၊ အက္ခရာဖြင့် အက္ခရာကို၊ သန္ဓိဖြင့် သန္ဓိကို၊ ဗျည်းဖြင့် ဗျည်းကို၊ ဗျည်းအစဉ်ဖြင့် ဗျည်းအစဉ်ကို၊ ဝဏ္ဏဖြင့် ဝဏ္ဏကို၊ သရဖြင့် သရကို၊ ပညတ်ဖြင့် ပညတ်ကို ယုံမှားမရှိဆိုအံ့၊ ယုံမှား တွေးတောခြင်းကို ဖျောက်အံ့၊ အမေးကိုဖြေသဖြင့်နှစ်သက်စေအံ့။ ။အကြင်အမှတ်မရှိသောသူသည် ပဋိဘာန ပဋိသမ္ဘိဒါ၌ ပြဿနာကိုမေးအံ့၊ ထိုသူအားငါသည် ပညာဖြင့် ပညာကို၊ ဥပမာဖြင့် ဥပမာကို၊ လက္ခဏာဖြင့် လက္ခဏာကို၊ ကိစ္စဖြင့် ကိစ္စကို ယုံမှားမရှိပြောဆိုအံ့၊ ယုံမှားခြင်းကိုဖျောက်အံ့၊ အမေးကို ဖြေသဖြင့် နှစ်သက်စေအံ့၊ ပဋိသမ္ဘိဒါသို့ရောက်သော ပုဂ္ဂိုလ်သည် ပဋိသမ္ဘိဒါသို့ချဉ်းကပ်၍၊ မင်းကြီး၊ ဤသည်ကား ဘုရားရှင်၏ ပဋိသမ္ဘိဒါရတနာတည်းဟု ဆို၍၊ မင်းကြီး၊ ငါသာလျှင်လည်း ပဋိသမ္ဘိဒါတရားကို ရတနာဟူ၍ မဆို၊ ဘုရားရှင်လည်း ရတနာဖြစ်ကြောင်းကို ဟောတော်မူအပ်၏၊

ပဋိသမ္ဘိဒါ ကိဏိတွာန၊ ဉာဏေန ပဿယေယျယော။
အသန္တ္တော အနုဗ္ဗိဂ္ဂေါ၊ အတိရောစတိ သဒေဝကေ။ ။
ဟူသည်တည်း။

ယောဘိက္ခူ၊ အကြင်ရဟန်းသည်။ ပဋိသမ္ဘိဒါ၊ ပဋိသမ္ဘိဒါတရားတို့ကို။ ကမ္မမူလေန၊ ကုသိုလ်ကံတည်းဟူသောအဘိုးဖြင့်။ ကိဏိတွာန၊ ဝယ်၍။ ဉာဏေန၊ ဉာဏ်ဖြင့်။ ပဿယေယျ၊ မြင်အံ့။ သောဘိက္ခူ၊ ထိုရဟန်းသည်။ အသန္တိတော၊ မကြောက်မရွံ့။ အနုဗ္ဗိဂ္ဂေါ၊မထိတ်မလန့်။ သဒေဝကေ၊ နတ်နှင့်တကွသော။ လောကေ၊ လောက၌။ အတိရောစတိ၊ လွန်စွာထွန်းတောက်ပ၏။ဇာတိ၊ ဤသို့။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဘာသိတံ၊ ဟောတော်မူအပ်၏။

**ဗောဇ္ဈင်ရတနာ**......မင်းကြီး၊ ဘုရားရှင်၏ ဗောဇ္ဈင်ရတနာသည် အဘယ်နည်းဟုဆိုသော် မင်းကြီး၊ ဗောဇ္ဈင်ရတနာသည် သတိသမ္ဗောဇ္ဈင်, ဓမ္မဝိစယသမ္ဗောဇ္ဈင်, ဝီရိယသမ္ဗောဇ္ဈင်,ပီတိသမ္ဗောဇ္ဈင်,ပဿဒ္ဓိသမ္ဗောဇ္ဈင်, သမာဓိသမ္ဗောဇ္ဈင်,ဥပေက္ခာသမ္ဗောဇ္ဈင်ဟု ဗောဇ္ဈင် ခုနစ်ပါး အပြားရှိ၏။ မင်းကြီး၊ ဤခုနစ်ပါးသောဗောဇ္ဈင်ရတနာဖြင့် တန်ဆာဆင်သော ရဟန်းသည် ခပ်သိမ်းသောအမိုက်ကိုပျောက်၍ နတ်နှင့်တကွသောလောကကို ထွန်းတောက်ပ၍အလင်းကိုဖြစ်စေ၏၊ မင်းကြီး၊ ဤသည်ကား ဘုရားရှင်၏ဗောဇ္ဈင်ရတနာတည်း၊ မင်းကြီး၊ ဗောဇ္ဈင်ရတနာကို ရတနာဟူ၍ ငါသာလျှင်မဆို၊ ဘုရားရှင်လည်း ဟောတော်မူအပ်၏။

ဘာသိတမ္ပေတံ မဟာရာဇ ဘဂဝတာ ဒေဝါတိဒေဝေန။
ဗောဇ္ဈင်္ဂရတန မာလဿ၊ ဥဋ္ဌဟန္တိ သဒေဝကာ။
ကမ္မေနတံ ကိဏိတွာန၊ ရတနံ ဝေါ ပိဠန္ဓထာတိ။ ။
ဟူသည့်တည်း။

မဟာရာဇ၊ မင်းကြီး။ ဒေဝါတိဒေဝေန၊ နတ်တကာ တို့ထက် နတ်မြတ်ဖြစ်တော်မူသော။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဗောဇ္ဈင်္ဂရတနမာလဿ၊ ဗောဇ္ဈင်ရတနာတန်ဆာကိုဆင်သောရဟန်းအား။ သဒေဝကာ၊ နတ်နှင့်တကွသော လူအပေါင်း တို့သည်။ ဥဋ္ဌဟန္တိ၊ လုပ်ကျွေးကုန်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ဝေါ၊ သင်တို့သည်။ တံရတနံ၊ ထိုဗောဇ္ဈင်တည်းဟူသောရတနာကို။ ကမ္မေန၊ ကုသိုလ်ကံတည်းဟူသောအဘိုးဖြင့်။ ကိဏိတွာန၊ ဝယ်၍၊ ပိဠန္ဓထ၊ ပန်ဆင်ကြကုန်လော့။ ဇာတိ၊ ဤသို့။ဘဂဝတာ၊မြတ်စွာဘုရားသည်။ ဘာသိတံ၊ ဟောတော်မူအပ်၏။

**အလုံးစုံဈေးသဘင်**······ ရတနာဈေးကိုပြပြီးသော် အရှင်ဘုရား၊ ဘုရားရှင်၏ ခပ်သိမ်းသော ဈေးသဘင်သည် အဘယ်နည်းဟုဆိုသော် မင်းကြီး၊ ဘုရားရှင်၏အင်္ဂါကိုးပါးနှင့် ပြည့်စုံသော တရားတော်သည် ခပ်သိမ်းစုံသော ဈေးသဘင်မည်၏၊ သရီရစေတီတော်,ပရိဘောဂစေတီတော်, သံဃာတော်အပေါင်းသည် ခပ်သိမ်းသောဈေးသဘင်မည်၏၊ မင်းကြီး၊ ထိုအလုံးစုံသောဈေးသဘင်တို့ကို အမျိုးအနွယ် စည်းစိမ်ဥစ္စာ အသက်၏ပြည့်စုံခြင်း, အနာရောဂါမရှိ အဆင်း၏ပြည့်စုံခြင်း, ပညာ၏ပြည့်စုံခြင်း,လူ့အဖြစ်၏ပြည့်စုံခြင်း, နတ်အဖြစ်၏ပြည့်စုံခြင်း, နိဗ္ဗာန်ချမ်းသာ၏ပြည့်စုံခြင်းကို အလိုရှိသော သူတို့သည် ခင်းအပ် ဖြန့်အပ်ကုန်သော ထိုကိုးပါးသောအင်္ဂါ, သရီရစေတီတော်, ပရိဘောဂစေတီတော်,သံဃာတော်တည်းဟူသော ဈေးသဘင်၌ အကြွင်းသူသည့် စည်းစိမ်ချမ်းသာပြည့်စုံခြင်းကို အလိုရှိကုန်အံ့၊ ထိုအလိုရှိသောသူတို့သည် ကုသိုလ်ကံတည်းဟူသော အဘိုးကိုပေး၍ တောင့်တတိုင်းသော စည်းစိမ်ချမ်းသာကို ဝယ်ကုန်၏၊ အချို့သောသူတို့သည် သီလဆောက်တည်၍ ဝယ်ယူကုန်၏၊ အချို့သောသူတို့သည် ဥပုသ် ဆောက်တည်၍ ဝယ်ယူကုန်၏၊ အနည်းငယ်သော ကုသိုလ်တည်းဟူသောအဘိုးကိုပေးသဖြင့် စွဲလမ်းတိုင်းသော သမ္ပတ္တိတို့ကိုရကုန်၏၊ ဥပမာသော်ကား အိမ်ဈေးသဘင်၌ နှမ်း, ပဲနောက်, ပဲကြီးတို့ကို အနည်းငယ်သော ငွေတပဲဖြစ်သော အဘိုးဖြင့် စွဲလမ်းတိုင်းကိုဝယ်ယူကြကုန်သကဲ့သို့ မင်းကြီး၊ ထို့အတူ မြတ်စွာဘုရား၏ ခပ်သိမ်းစုံသောဈေးသဘင်၌ အနည်းငယ်သော ကံဟူသောအဘိုးဖြင့် ဝယ်၍ စွဲလမ်းတိုင်း သမ္ပတ္တိကိုရကုန်၏၊ မင်းကြီး၊ ဤသည်ကားဘုရားရှင်၏ခပ်သိမ်းသောဈေးသဘင်မည်၏၊ မင်းကြီး၊ ဘုရားရှင်၏ခပ်သိမ်းသောဈေးသဘင်ဖြစ်ကြောင်းကိုဂါထာလျှင်မဆို၊ ဘုရားရှင်လည်းဟောတော်မူအပ်၏။

အာယု အာရောဂတာ ဝဏ္ဏံ၊ သဂ္ဂံ ဥစ္စာကုလီနတာ။
အသင်္ခတဉ္စ အမတံ၊ အတ္ထိ သဗ္ဗာ ပဏောဇနော။ ။
အပ္ပေန ဗဟုကေနာပိ၊ ကမ္မမူလေန ဂဏှတိ။
ကိဏိတွာ သဒ္ဓါမူလေန၊ သမိဒ္ဓါဟောထ ဘိက္ခဝေါတိ။ ။
ဟူသည်တည်း၊

ဘိက္ခဝေ၊ရဟန်းတို့။ မေ၊ ငါ၏။ သဗ္ဗာပဏော၊ ခပ်သိမ်းစုံသောအိမ်ဈေးဒို့။ အာယုစ၊ အသက်ရှည်ခြင်းသည်ရင်း။ အာရောဂတာစ၊ အနာမရှိသည့်၏အဖြစ်သည်ရင်း။ ဝဏ္ဏဥ္စ၊ အဆင်းလှခြင်းသည်ရင်း။ သဂ္ဂဥ္စ၊ လူ့ပြည် နတ်ပြည်၌ချမ်းသာသည်ရင်း။ဥစ္စကုလီနတာစ၊မြတ်သောအမျိုး၏အဖြစ်သည်ရင်း။ အသင်္ခတဥ္စ၊ အသင်္ခတတရားသည်ရင်း။ အမတဥ္စ။ အမြိုက်အရသာသည်ရင်း။ အဣ္ဍီ၊ ရှိ၏။ ဇနော၊ လူအပေါင်းသည်။အပ္ပေနာပိ၊ အနည်းငယ်လည်းဖြစ်သော။ ဗဟုကေနာပိ၊ အများလည်း ဖြစ်သော။ကမ္မမူလေန၊ ကုသိုလ်ကံတရားတည်းဟူသော အဘိုးဖြင့်။ကိဏိတွာ၊ ဝယ်၍။ သဒ္ဓါမူလေန၊ သဒ္ဓါတရား တည်းဟူသော အဘိုးဖြင့်။ ဂဏှတိ၊ ယူ၏။ ဘိက္ခဝေါ၊ ရဟန်းတို့။ တုမှေ၊ သင်တို့သည်။ သမိဒ္ဓါ၊ ပြည့်စုံကြွယ်ဝကုန်သည်။ ဟောထ၊ ဖြစ်ကုန်လော့။ ဇုတိ၊ ဤသို့။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဘာသိတံ၊ ဟောတော်မူအပ်၏။

မင်းကြီး၊ ဘုရားရှင်၏တရားတည်းဟူသောမြို့တော်၌နေသော လူတို့သည်ကား သုတ္တန်ကိုတတ်သောသူ, ဝိနည်းကိုတတ်သောသူ, အဘိဓမ္မာကိုတတ်သောသူ, တရားဟောပုဂ္ဂိုလ်, ဇာတ်ကိုတတ်သောသူ, ဒီဃနိကာယ်ကို တတ်သောသူ, မဇ္ဈိမနိကာယ်ကို တတ်သောသူ, သံယုတ္တနိကာယ်ကိုတတ်သောသူ, အင်္ဂုတ္တရနိကာယ်ကိုတတ်သောသူ, ခုဒ္ဒကနိကာယ်ကိုတတ်သောသူ, သီလနှင့်ပြည့်စုံသောသူ, သမာဓိနှင့်ပြည့်စုံသောသူ, ပညာနှင့်ပြည့်စုံသောသူ, ဗောဇ္ဈင် ဘာဝနာ၌ မွေ့လျော်သောသူ, မိမိအလိုရှိရာ ဝိပဿနာ၌ယှဉ်သောသူ, အာရညကင်အစရှိသော တဆဲ့သုံးပါးသော ဓုတင်ကို ဆောက်တည်သောသူ,သောတာပန်, သကဒါဂါမ်, အနာဂါမ်, အရဟတ္တဖိုလ်၌ တည်သောပုဂ္ဂိုလ်ဝိဇ္ဇာသုံးပါး အဘိညာဉ်ခြောက်ပါးတန်ခိုးနှင့်ပြည့်စုံသည်ဖြစ်၍ ပညာ၏အဆုံးသို့ရောက်သောသူ, သတိပဋ္ဌာန်, သမ္မပ္ပဓာန်, ဣဒ္ဓိပါဒ်, ဣန္ဒြေ, ဗိုလ်,ဗောဇ္ဈင်, မဂ္ဂင်, မြတ်သောဈာန်ဝိမောက္ခ, ရူပ, အရူပ, ငြိမ်သက်ချမ်းသာသောသမာပတ်တို့၌ လိမ္မာကုန်သော ပုဂ္ဂိုလ်တို့သည်နေကုန်၏၊ ထိုရဟန္တာမြတ်တို့ဖြင့် ကောင်းစွာ ပြည့်နှက်သည်ဖြစ်၍ ကျူတောပေါက်တောကဲ့သို့တရားတည်းဟူသောမြို့သည် ထင်ရှားစွာဖြစ်၏။

ထိုစကားကိုနိဂုံးအုပ်၍ဂါထာဖြင့်ပြပြန်၏။

(၁) ဝီတရာဂါ ဝီတဒေါသာ၊ ဝီတမောဟာ အနာသဝါ။
ဝီတတဏှာအနာဒါနာ၊ ဓမ္မနဂရေဝသန္တိတေ။ ။

(၂) အာရညိကာဓုတဓရာ၊ ဈာယိနော လူခစီဝရာ။
ဝိဝေကာဘိရတာ ဓီရာ၊ ဓမ္မနဂရေ ဝသန္တိတေ။ ။

(၃) နေသဇ္ဇိကာ သန္ထတိကာ၊ အထောပိ ဌာနစင်္ကမာ။
ပံသုကူလဓရာသဗ္ဗေ၊ ဓမ္မနဂရေ ဝသန္တိတေ။ ။

(၄) တိစီဝရဓရာသန္တာ၊ စမ္မခဏ္ဍ စတုတ္ထကာ။
ရတာဧကာသနေဝိညူ၊ ဓမ္မနဂရေဝသန္တိတေ။ ။

(၅) အပ္ပိစ္ဆာနိပကာဓီရာ၊ အပ္ပါဟာရာအလောလုပါ။
လာဘာလာဘေန သန္တုဋ္ဌာ၊ ဓမ္မနဂရေဝသန္တိတေ။ ။

(၆) ဈာယီ ဈာနရတာဓီရာ၊ သန္တစိတ္တာသမာဟိတာ။
အာကိဉ္စညံ ပတ္ထယာနာ၊ ဓမ္မနဂရေ ဝသန္တိတေ။ ။

(၇) ပဋိပန္နာဖလဋ္ဌာစ၊ သေက္ခာဖလသမင်္ဂိနော။
အာသီသကာဥတ္တမတ္ထံ၊ ဓမ္မနဂရေဝသန္တိတေ။ ။

(၈) သောတာပန္နာစဝိမလာ၊ သကဒါဂါမိနောစ ယေ။
အနာဂါမိစာ ရဟန္တာ၊ ဓမ္မနဂရေဝသန္တိတေ။ ။

(၉) သတိပဋ္ဌာနကုသလာ၊ ဗောဇ္ဈင်္ဂဘာဝနာရတာ။
ဝိပဿကာ ဓမ္မဓရာ၊ ဓမ္မနဂရေဝသန္တိတေ။ ။

(၁၀). ဣဒ္ဓိပါဒေသုကုသလာ၊ သမာဓိဘာဝနာရတာ။
သမ္မပ္ပဓာနာနု ယုတ္တာ၊ ဓမ္မနဂရေဝသန္တိတေ။ ။

(၁၁) အဘိညာပါရမိပ္ပတ္တာ၊ ပေတ္တိကေဂေါစရေရတာ။
အန္တလိက္ခမှိ စရဏာ၊ ဓမ္မနဂရေဝသန္တိတေ။ ။

(၁၂) ဩက္ခိတ္တစက္ခုမိတဘာဏီ၊ ဂုတ္တဒွါရာသုသံဝုတာ။
သုဒန္တာဥတ္တမေဓမ္မေ၊ ဓမ္မနဂရေဝသန္တိတေ။ ။

(၁၃) ထေပိဏ္ဍာနုဌ္ဌဘိညာစ၊ ဇုဋ္ဌိယာပါရမိံ ဂတာ။
ပညာယပါရမိပ္ပတ္တာ၊ ဓမ္မနဂရေဝသန္တိတေ။ ။

ဟူသည်တည်း။

(၁) ဘဂဝတော၊ မြတ်စွာဘုရား၏။ ဓမ္မနဂရေ၊ တရားတည်းဟူသောမြို့၌။ ဝီတရာဂါ၊ ကင်းသောရာဂရှိကုန်သော။ ဝီတဒေါသာ၊ ကင်းသော ဒေါသရှိကုန်သော။ ဝီတမောဟာ၊ ကင်းသောမောဟရှိကုန်သော။ အနာသဝါ၊ အာသဝတရားမရှိကုန်သော။ ဝီတတဏှာ၊ ကင်းသောတဏှာရှိကုန်သော။ အနာဒါနာ၊ ဥပါဒါန် တရားအစွဲအလမ်း မရှိကုန်သော။ တေ၊ ထိုပုဂ္ဂိုလ်မြတ်တို့သည်။ ဝသန္တိ၊ နေကုန်၏။

(၂) ဘဂဝတော၊ မြတ်စွာဘုရား၏။ ဓမ္မနဂရေ၊ တရားတည်းဟူသောမြို့၌။ ဓုတဓရာ၊ ဓုတင်ကို ဆောက်တည်ကုန်သော။ အာရညိကာ၊ တောကျောင်း၌နေသောပုဂ္ဂိုလ်တို့သည်ဖင်း။ ဈာယိနော၊ အကုသိုလ်ကိုဖုတ်ကြည်းသော ပုဂ္ဂိုလ်တို့သည်ဖင်း။ လူခစီဝရာ၊ ခေါင်းပါးသောသက်နိုးရှိကုန်သော။ ဝိဝေကာဘိရတာ၊ ဆိပ်ငြိမ်ရာအရပ်၌ မွေ့လျော်ကုန်သော။ ဓီရာ၊ ပညာရှိကုန်သော။ တေ၊ ထိုပုဂ္ဂိုလ် မြတ်တို့သည်။ ဝသန္တိ၊ နေကုန်၏။

(၃) ဘဂဝတော၊ မြတ်စွာဘုရား၏။ ဓမ္မနဂရေ၊ တရားတည်းဟူသောမြို့၌။ နေသဇ္ဇိကာ၊ နိသဇ္ဇဓုတင်ကို ဆောက်တည်ကုန်သော။ သန္ထတိကာ၊ သန္ထတိဓုတင်ကို ဆောက်တည်ကုန်သော။ အထောပိ။ ထိုမှတပါးလည်း။ဌာနစင်္ကမာ၊ ရပ်ခြင်း စင်္ကြံ သွားခြင်းရှိကုန်သော။ ပံသုကူလဓရာ၊ ပံသုကူကို ဆောက်တည်ကုန်သော။ သဗ္ဗေ၊ အလုံးစုံကုန်သော။ တေ၊ ထိုပုဂ္ဂိုလ်မြတ်တို့သည်။ ဝသန္တိ၊ နေကုန်၏။

(၄) ဘဂဝတော၊ မြတ်စွာဘုရား၏။ ဓမ္မနဂရေ၊ တရားတည်းဟူသောမြို့၌။ သန္တာ၊သူတော်ကောင်းဖြစ်ကုန်သော။ စမ္မခဏ္ဍစတုတ္ထကာ၊ စမ္မခဏ်သားရေနယ်လျှင် လေးခုမြောက် ဖြစ်ကုန်သော။ တိစီဝရဓရာ၊ သင်္ကန်းသုံးထည်ကို ဆောင်ကုန်သော။ ဧကာသနေ၊ ဧကာသနိက်ဆောက်တည်ခြင်း၌။ ရတာ၊ မွေ့လျော်ကုန်သော။ ဝိညူ၊ ပညာရှိကုန်သော။ တေ၊ထိုရဟန်းတို့သည်။ဝသန္တိ၊နေကုန်၏။

(၅) ဘဂဝတော၊မြတ်စွာဘုရား၏။ဓမ္မနဂရေ၊တရားတည်းဟူသော မြို့၌။အပ္ပိစ္ဆာ၊ အလိုနည်းကုန်သော။ နိပုဏာ၊သိမ်မွေ့ကုန်သော။ မိရော၊ ပညာရှိကုန်သော။ အပ္ပါဟာရာ၊ ခေါင်းပါးသော အစာရှိကုန်သော။ အလောလုပါ၊ မလျှပ်ပေါ်ကုန်သော။ လာဘာလာဘေန၊ ရတိုင်းရတိုင်း သော လာဘ်သပ္ပကာဖြင့်။သန္တုဋ္ဌာ၊ရောင့်ရဲကုန်သော။တေ၊ ထိုပုဂ္ဂိုလ် တို့သည်။ဝသန္တိ၊နေကုန်၏။

(၆) ဘဂဝတော၊မြတ်စွာဘုရား၏။ ဓမ္မနဂရေ၊ တရားတည်းဟူ သောမြို့၌။ဈာယီဈာနရတာ၊ ဈာန်ရ၍ဈာန်၌မွေ့လျော်ကုန်သော၊ မိရော၊ ပညာရှိကုန်သော။သန္တစိတ္တာ၊ငြိမ်သက်သောစိတ်ရှိကုန်သော။ သမာဟိ တာ၊ တည်ကြည်ကုန်သောပုဂ္ဂိုလ်တို့သည်။ အာကိဉ္စညံ၊ အာကိဉ္စညာ ယတနဈာန်ကို။ပတ္ထယာနာ၊တောင့်တကုန်သည်ဖြစ်၍။တေ၊ထိုရဟန္တာ ပုဂ္ဂိုလ်တို့သည်။ ဝသန္တိ၊နေကုန်၏။

(၇) ဘဂဝတော၊မြတ်စွာဘုရား၏။ဓမ္မနဂရေ၊တရားတည်းဟူသော မြို့၌။ ပဋိပန္နာစ၊ ကျင့်ဆဲဖြစ်သောပုဂ္ဂိုလ်တို့သည်၎င်း။ ဖလဋ္ဌာစ၊ ဖိုလ်၌ တည်ဆဲဖြစ်သော ပုဂ္ဂိုလ်တို့သည်၎င်း။ ဖလသမင်္ဂိနော၊ဖိုလ်နှင့်ပြည့်စုံ လိုကုန်သည်ဖြစ်၍။သေက္ခာ၊ကျင့်ဆဲပုဂ္ဂိုလ်တို့သည်၎င်း။ဥတ္တမတ္ထံ၊မြတ် သောအရဟတ္တဖိုလ်ကို။အာသိသကာ၊ တောင့်တကုန်သည်ဖြစ်၍။တေ၊ ထိုပုဂ္ဂိုလ်မြတ်တို့သည်။ဝသန္တိ၊နေကုန်၏။

(၈) ဘဂဝတော၊မြတ်စွာဘုရား၏။ဓမ္မနဂရေ၊တရားတည်းဟူသော မြို့၌။ဝိမလာ၊အညစ်အကြေးမရှိကုန်သော။သောတာပန္နာ၊ သောတာပန် ဖြစ်ကုန်သော။ယေစ၊အကြင်ပုဂ္ဂိုလ်တို့သည်၎င်း။သကဒါဂါမိနော၊သက ဒါဂါမ်ဖြစ်ကုန်သော။ ယေစ၊အကြင်ပုဂ္ဂိုလ်တို့သည်၎င်း။အနာဂါမိနော၊ အနာဂါမ်ဖြစ်ကုန်သော။ ယေစ၊အကြင်ပုဂ္ဂိုလ်တို့သည်၎င်း။ အရဟန္တာ၊ ရဟန္တာဖြစ်ကုန်သော။ ယေစ၊အကြင်ပုဂ္ဂိုလ်တို့သည်၎င်း။ အတ္ထိသန္တိ၊ ရှိကုန်၏။တေ၊ထိုပုဂ္ဂိုလ်မြတ်တို့သည်။ဝသန္တိ၊နေကုန်၏။

(၉) ဘဂဝတော၊ မြတ်စွာဘုရား၏။ ဓမ္မနဂရေ၊ တရားတည်းဟူ သောမြို့၌။သတိပဋ္ဌာနကုသလာ၊သတိပဋ္ဌာန်၌ လိမ္မာကုန်သော။ဗောဇ္ဈင် ဘာဝနာရတာ၊ဗောဇ္ဈင်ကိုပွားစေခြင်း၌ မွေ့လျော်ကုန်သော။ ဝိပဿ ကာ၊ ဝိပဿနာကိုဆင်ခြင်ကုန်သော။ ဓမ္မဓရာ၊ တရားကိုဆောင်ကုန် သော။တေ၊ထိုပုဂ္ဂိုလ်တို့သည်။ဝသန္တိ၊နေကုန်၏။

(၁၀) ဘဂဝတော၊ မြတ်စွာဘုရား၏။ ဓမ္မနဂရေ၊ တရားတည်းဟူသောမြို့၌။ ဈာဋ္ဌိပါဒေသု၊ ဈာဋ္ဌိပါဒ်တရားတို့၌။ ကုသလာ၊ လိမ္မာကုန်သော။ သမာဓိဘာဝနာရတာ၊ သမာဓိဘာဝနာ၌ မွေ့လျော်ကုန်သော။ သမ္မပ္ပဓာနာနုယုတ္တာ၊ သမ္မပ္ပဓာန်တရား၌ ယှဉ်ကုန်သော။ ယေ၊ ထိုပုဂ္ဂိုလ်တို့သည်။ ဝသန္တိ၊ နေကုန်၏။

(၁၁) ဘဂဝတော၊ မြတ်စွာဘုရား၏။ ဓမ္မနဂရေ၊ တရားတည်းဟူသောမြို့၌။ အဘိညာပါရမိပ္ပတ္တာ၊ အဘိညာဉ်၏အဆုံးသို့ရောက်ကုန်သော။ ပေတ္တိကေ၊ မြတ်နိုးတနာ ပေတ္တာပြုအပ်သော။ ဂေါစရေ၊ ဆွမ်းခံခြင်း၌။ ရတာ၊ မွေ့လျော်ကုန်သော။ အန္တလိက္ခမှိ၊ ကောင်းကင်၌။ စရဏာ၊ သွားခြင်းရှိကုန်သော။ ယေ၊ ထိုပုဂ္ဂိုလ်တို့သည်။ ဝသန္တိ၊ နေကုန်၏။

(၁၂) ဘဂဝတော၊ မြတ်စွာဘုရား၏။ ဓမ္မနဂရေ၊ တရားတည်းဟူသောမြို့၌။ ဩက္ခိတ္တစက္ခူ၊ ချသောမျက်လွှာ ရှိကုန်သော။ မိတဘာဏီ၊ အတိုင်းအရှည်ရှိသောစကားကို ဆိုတတ်ကုန်သော။ ဂုတ္တဒွါရာ၊ လုံခြုံသောသုံးပါးသော ဒွါရရှိကုန်သော။ သုသံဝုတာ၊ ကောင်းစွာစောင့်ရှောက်ခြင်းရှိကုန်သော။ ဥတ္တမေ၊ မြတ်သော။ ဓမ္မေ၊ တရား၌။ သုဒန္တာ၊ ကောင်းစွာ ယဉ်ကျေးကုန်သော။ ယေ၊ ထိုပုဂ္ဂိုလ်တို့သည်။ ဝသန္တိ၊ နေကုန်၏။

(၁၃) ဘဂဝတော၊ မြတ်စွာဘုရား၏။ ဓမ္မနဂရေ၊ တရားတည်းဟူသောမြို့၌။ တေဝိဇ္ဇာ၊ ဝိဇ္ဇာသုံးပါးနှင့်ပြည့်စုံကုန်သော။ ဆဠဘိညာစ၊ ခြောက်ပါးသောအဘိညာဉ်နှင့်လည်းပြည့်စုံကုန်သော။ ဈာဋ္ဌိယာ၊ တန်ခိုးအာနုဘော်၏။ ပါရမိံ ဂတာ၊ အဆုံးသို့ရောက်ကုန်သော။ ပညာယ၊ ပညာ၏။ ပါရမိပ္ပတ္တာ၊ အဆုံးသို့ရောက်ကုန်သော။ ယေ၊ ထိုပုဂ္ဂိုလ်တို့သည်။ ဝသန္တိ၊ နေကုန်၏။

ဤသို့အားဖြင့် တရားတည်းဟူသောမြို့၌ နေကုန်သော ပုဂ္ဂိုလ်မြတ်တို့ကို နိဂုံးဂါထာဖြင့် ပြပြီး၍ ထိုတရားတည်းဟူသောမြို့၌ နေကုန်သော ရဟန်းတို့ကို တရားစစ်သူကြီးဖြစ်ကြောင်း ပုရောဟိတ်ဖြစ်ကြောင်း အစရှိသည်တို့ကိုပြပြန်၏၊ ပြကြောင်းကား မင်းကြီး၊ ရဟန်းတို့သည် မနိုင်းရှည့်အပ်သော မြတ်သောညဏ်ကို ဆောင်ကုန်၏၊ ဗြဲတွယ်တပ်မက်မောခြင်းမရှိမနိုင်းရှည့်အပ်သောဂုဏ်မနိုင်းရှည့်အပ်သောအခြံအရံအစွမ်းသတ္တိတန်ခိုးအာနုဘော် တရားတည်းဟူသော အာဏာစက်ကို ဖြစ်စေကုန်၏၊ ပညာ၏အဆုံးသို့ရောက်ကုန်၏၊ မင်းကြီး၊ ထိုရဟန်းတို့

ကို တရားတည်းဟူသောမြို့၌ တရားစစ်သူကြီးဟုဆိုအပ်ကုန်၏။ ။ မင်းကြီး၊ အကြင်ရဟန်းတို့သည် တန်ခိုးနှင့် ပြည့်စုံကုန်သည်ဖြစ်၍ ရအပ်သော ပဋိသမ္ဘိဒါရှိ၏၊ ရဲရင့်ခြင်းသို့ ရောက်ကုန်၍ ကောင်းကင် ပျံခြင်းရှိကုန်၏၊သူတပါးမနှိပ်စက်နိုင် မညှဉ်းဆဲနိုင် စွဲလမ်း၍မကျင့်နိုင်၊ သမုဒ္ဒရာ မြင့်မိုရ်နှင့်ဘကွသော မြေကြီးကို တုန်လှုပ် စေနိုင် ကုန်၏၊ လဗိမာန်နေဗိမာန်တို့ကိုသုံးသပ်နိုင်ကုန်၏၊ တန်ခိုးအဓိဋ္ဌာန်ကို ရှေ့ရှုခြင်း ၌ လိမ္မာကုန်သည်ဖြစ်၍ တန်ခိုးအဆုံးသို့ရောက်ကုန်၏၊ ထိုရဟန်းတို့ကို ဘုရားရှင်၏ တရားတည်းဟူသောမြို့တော်၌ ပုရောဟိတ်ဟု ဆိုအပ်ကုန် ၏။ ။မင်းကြီး၊ အကြင်ရဟန်းတို့သည် ဓုတင်အကျင့်၌ အစဉ်အတိုင်း တည်ကုန်၏၊ အလိုနည်းကုန်၏၊ ရောင့်ရဲ လွယ်ကုန်၏၊ မအပ်သော ဝိညတ်၊ မအပ်သောအနေသန တို့မှ စက်ဆုပ်တတ်ကုန်၏၊ ဆွမ်းခံအံ့ သော၌ အိမ်စဉ်အတိုင်း သပ္ပဒါနစာရီကို ဆောက်တည်ကုန်၏၊ပိတုံး တို့သည် ပန်း၏အနံ့ကိုနမ်းလိုကုန်၍ တောသို့ဝင်ကုန်သကဲ့သို့ ထို့အတူ ဆိတ်ငြိမ်ရာတောအရပ်သို့ဝင်ကုန်၍ ကိုယ်အသက်၌ ငဲ့ကွက်ခြင်း မရှိ သည်ဖြစ်၍ အရဟတ္တဖိုလ်သို့ ရောက်ကုန်သော် ဓုတင်ကျေးဇူးတို့ကို မပစ်မချကုန်၊ မင်းကြီး၊ ထိုရဟန်းတို့ကို ဘုရားရှင်၏ တရားတည်းဟူ သောမြို့၌ အကျိုးအကြောင်းအရာ မဟုတ်သည်ကို ဆင်ခြင်တတ်သော အက္ခဒဿာတည္လာစိုးအမတ်ဟု ဆိုအပ်ကုန်၏။

မင်းကြီး၊ အကြင်ရဟန်းတို့သည် ကိလေသာတည်းဟူသောအညစ် အကြေး မရှိသည်ဖြစ်၍ စင်ကြယ်ကုန်၏၊ ညစ်ညူးခြင်း မရှိကုန်၊ စုတိ ပဋိသန္ဓေ၌လိမ္မာကုန်သည်ဖြစ်၍ ဒိဗ္ဗစက္ခုဉာဏ်အဆုံးသို့ရောက်ကုန်၏၊ မင်းကြီး၊ ထိုရဟန်းတို့ကို မြတ်စွာဘုရား၏တရားတည်းဟူသော ရွှေမြို့ တော်၌ မြို့၏အသရေ ထွန်းတောက်စေသော ပုဂ္ဂိုလ်တို့ဟူ၍ ဆိုအပ်ကုန် ၏။ ။မင်းကြီး၊ အကြင်ရဟန်းတို့သည် များသောအကြားအမြင်ရှိကုန် သည်ဖြစ်၍ နှုတ်တက်ဆောင်ကုန်၏၊ သုတ် အဘိဓမ္မာကို ဆောင်ကုန် ၏၊ ဝိနည်းကိုဆောင်ကုန်၏၊ မာတိကာကိုဆောင်ကုန်၏၊ သိထိလ ဓနိ တ ဒီဃ ရဿ ဂရုလဟု အက္ခရာအဆုံးအဖြတ်၌ လိမ္မာကုန်သည် ဖြစ် ၍ အင်္ဂါကိုးပါးနှင့်ပြည့်စုံသော ပရိယတ္တိ သာသနာတော်ကို ဆောင် ရွက်ကုန်၏၊ မင်းကြီး၊ ထိုရဟန်းတို့ကို မြတ်စွာဘုရား၏ တရားတည်း ဟူသောမြို့တော်၌ တရားတော်ကို စောင့်ရှောက်သော ပုဂ္ဂိုလ်တို့ဟူ၍

ဆိုအပ်ကုန်၏။ ။မင်းကြီး၊ အကြင် ရဟန်းတို့သည် ဝိနည်းတရား၌ လိမ္မာကုန်၏၊ နိဒါန်းအကြောင်းအရာ၌ လိမ္မာကုန်သည်ဖြစ်၍ အာပတ္တိပါ ရ, အနာပတ္တိဝါရ,ဂရုက, လဟုက, သတေကိစ္ဆ, အတေကိစ္ဆ, ဝုဋ္ဌာန ဂါမိ,ဒေသနာဂါမိ, နိဂ္ဂဟကံ, ပဋိကမ္မကံ, ဩသာရဏကံ, နိဿာရဏ ကံ, ပဋိသာရဏကံ တို့၌လည်း လိမ္မာကုန်သည်ဖြစ်၍ ဝိနည်းအဆုံးသို့ ရောက်ကုန်၏၊ မင်းကြီး၊ ဤရဟန်းတို့ကို ဘုရားရှင်၏ဘရားတည်းဟူ သောမြို့တော်၌ အဆင်းကို စောင့်ရှောက်ပေသော အမတ်တို့ဟူ၍ဆို အပ်ကုန်၏။ ။မင်းကြီး၊ အကြင်ရဟန်းတို့သည် ဝိမုတ္တိတည်းဟူသော မြတ်သောပန်းကိုပန်ဆင်လျက် အပြားအားဖြင့် မြတ်သောအဖြစ်ချီးမွမ်း အပ်သောအဖြစ်သို့ အစဉ်အတိုင်း ရောက်ကုန်သည်ဖြစ်၍ များစွာသော လူအပေါင်းတို့ကိုလည်း နှစ်သက်တောင့်တစေအပ်ကုန်၏၊ ဤရဟန်း တို့ကို ဘုရားရှင်၏တရားတော်တည်းဟူသောမြို့တော်၌ ပန်းဈေးသဘင် ခင်းတတ်ပေသောသူတို့ဟူ၍ ဆိုအပ်ကုန်၏။ ။မင်းကြီး၊ အကြင်ရဟန်း တို့သည် သစ္စာလေးပါးတရားတို့ကို ထိုးထွင်း၍ သိကုန်ပြီးသည်ဖြစ်၍ မြင်အပ်သောသစ္စာ, သိအပ်သောသာသနာတော် အဆုံးအမ, လေးပါး သောပုဂ္ဂိုလ်တရားတို့၌ ကူးမြောက်ပြီးသော ယုံမှားခြင်းမရှိအပ်သော ဖိုလ်ချမ်းသာရှိကုန်သည်ဖြစ်၍ ကျင့်လိုသော တပါးသော သူတို့အား လည်း ထိုဖိုလ်တရားတို့ကို ဝေဘန်တတ်ကုန်၏၊ မင်းကြီး၊ ဤရဟန်း တို့ကို ဘုရားရှင်၏တရားတည်းဟူသောမြို့တော်၌ သစ်သီးဈေး တို့ကို ခင်းပေးလာသောသူဟူ၍ ဆိုအပ်ကုန်၏။

မင်းကြီး၊ အကြင်ရဟန်းတို့သည် သီလစောင့်စည်းခြင်း တည်းဟူ သော ကောင်းသော အနံ့တို့နှင့် လိမ်းကျံကုန်သည်ဖြစ်၍ တပါးမက များသောအပြားရှိသော ဂုဏ်ကျေးဇူးကို ဆောင်ကုန်လျက် ကိလေ သာတည်းဟူသော မကောင်းသောအညစ်အကြေးကို ဖျောက်တတ်ကုန် ၏၊ထိုရဟန်းတို့ကို ဘုရားရှင်၏ တရားတည်းဟူသော မြို့တော်၌ နံ့သာ ဈေးသဘင်ကိုခင်းပေးတတ်သောသူဟူ၍ ဆိုအပ်ကုန်၏။ ။မင်းကြီး၊အ ကြင်ရဟန်းတို့သည် တရားကိုအလိုရှိကုန်သည်ဖြစ်၍ အဘိဓမ္မာဝိနည်း တရားတော်၌ မြတ်သောဝမ်းမြောက်ခြင်းရှိကုန်၏၊ အာရည်းဟင်ရကျွ မှုဆိတ်ငြိမ်ရာအရပ်သို့ ကပ်ကုန်၏၊တရားတည်းဟူသော မြတ်သောအရ သာကို သောက်ကုန်၏၊ ကိုယ်နှုတ်နှလုံး သုံးပါးတို့ဖြင့် တရားအရသာကို

ဇာင်ကုန်လျက် အတိုင်းထက်အလွန်ဘိအပ်သောတရားဝဲ၌ တရားကို ရှာ၍ကျင့်တတ်ကုန်၏၊ ထိုမှ၌မှအကြွင်အကြွင်အပ်ရ၌(၁)အပ္ပိစ္ဆကထာ၊ အလိုနည်းခြင်းနှင့်စပ်သောစကား။ (၂)သန္တုဋ္ဌိကထာ၊ ရောင့်ရဲလွယ် သောစကား။ (၃)ပဝိဝေကကထာ၊ ဆိတ်ငြိမ်ခြင်းနှင့် ယှဉ်သောစကား။ (၄)အသံသဂ္ဂကထာ၊ လူနှင့်မရောနှောသောစကား။ (၅)ဝိရိယာရမ္ဘ က ထာ၊ ဝိရိယအားထုတ်ခြင်းနှင့် စပ်သောစကား။ (၆) သီလကထာ၊ သီလနှင့်စပ်သောစကား။(၇)သမာဓိကထာ၊သမာဓိနှင့်စပ်သောစကား။ (၈) ပညာကထာ၊ ပညာနှင့်စပ်သော စကား။ (၉) ဝိမုတ္တိကထာ၊ ကိလေသာမှလွတ်သော ဝိမုတ္တိစကား။(၁၀) ဝိမုတ္တိဉာဏ ဒဿန ကထာ၊ ဝိမုတ္တိဉာဏ်ဖြင့်ဆင်ခြင်ခြင်းနှင့် စပ်သောစကား။ ဤဆယ်ပါး သောတရားစကားကိုပြောဆိုကြကုန်၍ ထိုထိုသို့သောအရပ်သို့ သွား ကုန်၍ ထိုထိုသို့သောတရားတည်းဟူသော အရသာကို သောက်ကုန် ၏၊ မင်းကြီး၊ ဤရဟန်းတို့ကို ဘုရားရှင်၏ တရားတည်းဟူသော မြို့တော်၌ ချင်ခြင်းပြင်း၍သောက်စားကြူးသောသူတို့ဟူ၍ဆိုကုန်၏။

မင်းကြီး၊ အကြွင်ရဟန်းတို့သည် နေ့ညဉ့်ပတ်လုံး နိုးကြားခြင်းလုံ့လ နှင့်ယှဉ်ကုန်သည်ဖြစ်၍ ထိုင်ခြင်း, ရပ်ခြင်း, သွားခြင်း, ဣရိယာပုထ်တို့ ဖြင့်ညဉ့်နေ့ကိုလွန်စေကုန်၏၊ ကမ္မဋ္ဌာန်းဘာဝနာ၌အဘန်တလဲလဲ ယှဉ် ကုန်လျက် ကိလေသာကိုဖျောက်အံ့သောငှါ မိမိအကျိုးစီးပွါး၌ သေ့ ကျက်ကုန်၏၊ မင်းကြီး၊ ဤရဟန်းတို့ကို ဘုရားရှင်၏ တရားတည်းဟူ သောမြို့တော်၌ မြို့စောင့် မြို့ဝန်ဟူ၍ဆိုအပ်ကုန်၏။

မင်းကြီး၊ အကြွင်ရဟန်းတို့သည် အင်္ဂါကိုးပါးရှိသော ဘုရားရှင် စကားတော်ကို အနက်သဒ္ဒါ အားဖြင့်၎င်း၊ နည်းနခနယ အကြောင်း အထောက်အပံ့အားဖြင့်၎င်း၊ ဥဒါဟရဏ်အားဖြင့်၎င်း သင်စေကုန်၏၊ အစဉ်အတိုင်းတတ်စေကုန်၏၊ဟောကုန်၏၊အစဉ်အတိုင်း သင်ကြားပြသ ကုန်၏၊ မင်းကြီး၊ ဤရဟန်းတို့ကို ဘုရားရှင်၏ တရားတည်းဟူသော မြို့တော်၌ တရားကို မပျောက်မပျက်ရအောင် စောင့်ရှောက် သော သူဟူ၍ဆိုအပ်၏။ ။မင်းကြီး၊အကြွင်ရဟန်းတို့သည် တရားအရသာကို သုံးဆောင်သောအားဖြင့်အံဂုံပရိယတ္တိ အကြားအမြင် တည်းဟူသော အသုံးအဆောင်ဟာရားတည်းဟူသော ဥစ္စာရှိကုန်သည်ဖြစ်၍ ဩန်းအပ် သောသရဖျည်းတို့၏ လက္ခဏာတို့ကို ထိုးထွင်း၍ သိကုန်သည်ဖြစ်၍

မသိခြင်းကိုကူးမြောက်နိုင်ကုန်၏၊ မင်းကြီး၊ ဤရဟန်းတို့ကို ဘုရားရှင်၏ တရားတည်းဟူသော မြို့တော်၌ တရားသူကြီးဟု ဆိုအပ်ကုန်၏။ ။ မင်းကြီး၊ အကြင်ရဟန်းသည် မြတ်သောဒေသနာကို ထိုးထွင်း၍သိကုန်၏၊ အဘန်တလဲလဲလေ့ကျက်သောအာရုံကို ဝေဘန်ကုန်၏၊ ညွှန်ပြတော်မူအပ်သော သိက္ခာပုဒ်တော်တည်းဟူသော ဂုဏ်ကျေးဇူးတို့၏ အဆုံးသို့ရောက်ကုန်၏၊ မင်းကြီး၊ ထိုရဟန်းတို့ကိုဘုရားရှင်၏ တရားတည်းဟူသောမြို့တော်၌ ထင်ရှားရှိသော တရားစောင့်ဟူ၍ ဆိုအပ်ကုန်၏။

မင်းကြီး၊ ဤသို့လျှင်ဘုရားရှင်၏တရားတည်းဟူသော မြို့ကိုကောင်းစွာ ဝေဘန်အပ်သည်ရှိသော် ဤသို့ကောင်းစွာ ဘန်ဆင်းအပ်သည် ရှိသော် ဤသို့စီရင်အပ်သည်ရှိသော် ဤသို့ကောင်းစွာပြည့်စုံစေအပ်သည်ရှိသော် ဤသို့ကောင်းစွာပိုင်းခြားအပ်သည်ရှိသော် ဤသို့စောင့်ရှောက်အပ်သည်ရှိသော် ဤသို့ကောင်းစွာ လုံခြုံစေအပ်သည်ရှိသော် သာသနာတော်မှအပဖြစ်ကုန်သော ရန်သူတို့သည် မနှိပ်စက်နိုင်လေ၊ မင်းကြီး၊ ဤသို့သော အကြောင်းအသောက်အပုံနည်းနာနယအနုမာနဖြင့်ဘုရားရှင်ထင်ရှားရှိတော်မူ၏ဟုသိအပ်ပါ၏။

မင်းကြီး၊ ဥပမာသော်ကား ကောင်းစွာဝေဘန်အပ်သော နှလုံးမွေ့လျော်ပျော်ဘွယ်ရှိသောမြို့ကို မြင်ရသော် စီရင်သော လက်သွား၏ ကျယ်ဝန်းသောပညာရှိသည်၏အဖြစ်ကိုသိကုန်သကဲ့သို့ ထို့အတူ မြတ်သောတရားတည်းဟူသောမြို့တော်ကိုမြင်သဖြင့် တွေးတော ဆသော အားဖြင့်ဘုရားရှင်၏ ထင်ရှားရှိကြောင်းကို သိအပ်ပါ၏။ ။မင်းကြီး၊ ဥပမာတနည်းသော်ကား တံပိုးအဟုန်ကိုမြင်ရ၍ ဤတံပိုးအဟုန်သည် ကြီးကျယ်စွာထင်၏၊ ထိုတံပိုးအဟုန်သည် သမုဒ္ဒရာ၌ ဖြစ်လတ္တံ့ဟု ပညာရှိသောလူတို့ဆို၍ အနုမာနဖြင့် သံကြကုန်သကဲ့သို့ ထို့အတူ ခပ်သိမ်းသောသတ္တဝါတို့၌ စိုးရိမ်ခြင်းတရားကို ပယ်တော်မူတတ်သော ရန်သူတို့သည် မအောင်သော သံသရာဘဝမှ လွတ်တော်မူပြီးသော တဏှာကုန်ခြင်းသို့ရောက်တော်မူသော ဘုရားရှင်ကို ပညာရှိတို့သည် နတ်နှင့်တကွသောလောက၌ တရားတော်တည်းဟူသော တံပိုးအဟုန်ကိုမြင်၍ ထင်ရှားစွာရှိကြောင်းကိုသိအပ်၏၊ အကြင်အခြင်းဖြင့်တရား

တော်သည်ဖြန့်ပြော၏၊ ထိုအခြင်းဖြင့် ဘုရားရှင်သည် ဖြစ်လတ္တံ့ဟု အနုမာနဖြင့်သိရကုန်၏၊ ကောင်းကင်သို့တက်သော တောင်ထွဋ်ကို မြင်သည့်ရှိသော် အထက်သို့တက်သောမတုန်မလှုပ် ကောင်းစွာတည် သောတရားတည်းဟူသော တောင်ကိုမြင်ရ၍ အနုမာနဖြင့်သိရကုန်၏၊ တရားတည်းဟူသော တောင်ကိုမြင်၍ သိအပ်သည့်ရှိသော် ထိုအ ကြောင်းကြောင့် ဘုရားရှင်သည် လောက သုံးပါးထက် မြတ်သော ကြီးသော လုံ့လရှိတော်မူသည်ဖြစ်လတ္တံ့ဟု အနုမာနဖြင့် သိအပ် ၏၊ မင်းကြီး၊ ဥပမာသော်ကား ဆင်မင်း၏ခြေရာကို မြင်ရကုန်သော လူတို့သည် ဤဆင်သည်ကြီး၏ဟု အနုမာနဖြင့်သိရကုန်သကဲ့သို့ ထို့ အတူ ဘုရားတည်းဟူသောဆင်မင်း၏ ခြေရာတည်းဟူသော တရား တော်ကိုမြင်ရ၍ ပညာရှိတို့သည် အနုမာနဖြင့် ထိုမြတ်စွာဘုရားသည် မြတ်သည်ဖြစ်လတ္တံ့ဟု တွေးတောဆသောအားဖြင့် သိရကုန်၏။

မင်းကြီး၊ ဥပမာတနည်းသော်ကား ခြသေ့်မင်း၏ဟောက်သောအသံ ကြောင့် တုန်လှုပ်ကြောက်လန့်ကုန်သောသတ္တဝါတို့ကိုမြင်လျှင်အနုမာန ဖြင့် ဤသတ္တဝါတို့သည် တုန်လှုပ်ကြောက်လန့်ကုန်၏ဟု သိရကုန်သကဲ့ သို့ ထို့အတူအခွန့်ရှည်စွာကြောက်လန့်သော စိတ်ရှိကုန်သော တိတ္ထိတို့ ကိုမြင်ရ၍ တရားမင်းဘုရားသည် ဟောတော်မူအပ်သော တရားစကား ကို သိအပ်၏။ ။မင်းကြီး၊ ဥပမာတနည်းသော်ကား များသောရေရှိ သော စိမ်းရှင်သော မြက်သစ်ပင်ရှိသော ငြိမ်းဧသောမြေအပြင်ကိုမြင်ရ သော်ကြီးစွာသော မိုးသည် ငြိမ်းဧချမ်းမြေ့စေအပ်၏ဟု အနုမာန ဖြင့် ဆ၍ သိရကုန်သကဲ့သို့ ထို့အတူအဘန်တလဲလဲ အပြားအားဖြင့် ဝမ်းမြောက် ဝမ်းသာသော လူအပေါင်းကိုမြင်ရ၍ တရား တည်းဟူ သော မိုးကြီးသည် စွတ်စေအပ်သောသူဟူ၍ အနုမာနဖြင့်သိအပ်၏၊ ရွံ့ညွှန်ပျောင်းသို့ရောက်သောပြင်းစွာကပ်သောသူကိုမြင်သော် ထိုမြေ အပြစ်၌ရေအစုတို့သည်များစွာတည်ဘူးလေ၏ဟု အနုမာနဖြင့် သိအပ် ကုန်သကဲ့သို့ ထို့အတူ ကိလေသာတည်းဟူသော ညွှန်သည် မောဟ နှင့်တကွ မျှောအပ်သော ဤလူ အပေါင်းကို မြင်ရသော် နတ်နှင့် တကွသော မြေအပြင်နှင့်တူသော ဤလူအပေါင်း၌ အနုမာနဖြင့် ဓမ္မက္ခန္ဓာသည် များစွာတည်၏ဟု သိရ၏။

ဥပမာတနည်းသော်ကား မြတ်သောပန်း၏အနံ့ကို နမ်းရသော် ဤပန်း၏အနံ့သည်လှိုင်၏၊ ပန်းသစ်ပင်တို့သည် ပွင့်ကုန်လတ္တံ့ဟု အနုမာနဖြင့် သိရကုန်သကဲ့သို့ ထို့အတူ မင်းကြီး၊ သီလတည်းဟူသော ပန်း၏အနံ့သည် နတ်နှင့်တကွသော လူအပေါင်း၌ လှိုင်သည်ဖြစ်၍ အနုမာနဖြင့် လောကဝယ် ဘုရားရှင်တည်းဟူသော ပုဂ္ဂိုလ်မြတ်သည် ထင်ရှားရှိ၏ဟု သိအပ်၏။ ။မင်းကြီး၊ ဤသို့သဘောရှိသော အကြောင်းတရား အထောက်အပံ့နည်းနာနယ ဥပမာအရာအထောင်ဖြင့် ငါသည်ဘုရားရှင်၏အစွမ်းသတ္တိတော်ကိုကျဉ်း၍ပြအံ့သော်၌ တတ်နိုင်သေး၏။ ။မင်းကြီး၊ ဥပမာသော်ကား လိမ္မာလှစွာသောပန်းကုံးသမားသည် အထူးထူးသော ပန်းအစုအပုံမှ ဆရာသွန်သင်အပ်သောနည်းဖြင့် နတ်၌ဖြစ်သောပန်းကဲ့သို့ မိမိအစွမ်းဖြင့်ဆန်းကြယ်စွာပန်းကုံးအစုအပုံကိုပြုသကဲ့သို့မင်းကြီး၊ ထို့အတူ ထိုမြတ်စွာဘုရားသည် အထူးထူးဆန်းကြယ်သောပန်းပုံအစုအဝေးကဲ့သို့ အတိုင်းမသိ နှိုင်းရှည့်စရာမရှိသော ဂုဏ်တော်ရှိ၏၊ ဤယခုငါသည် ဘုရားရှင်သာသနာတော်၌ ပန်းကုံးသူသည် ပန်းကို ကုံးသီဘိသကဲ့သို့ ရှေးရှေးသောဆရာမြတ်တို့၏ အကြောင်းဖြင့်၎င်း၊ ဘုရားရှင်၏အစွမ်းဖြင့်၎င်း၊ မရေတွက်နိုင်သဖြင့်၎င်း တွေးတောဆသောအနုမာနဖြင့် ဘုရားရှင်၏အစွမ်းသတ္တိတော်ကိုပြအံ့၊ ဤအရာ၌ တကာတော်သည် နားထောင်ခြင်း၌ အလိုဆန္ဒကို ဖြစ်စေလော့ ဟုဆိုသော် အရှင်ဘုရား၊ သာဓု သာဓု ကောင်းလှပေ၏၊ အရှင်ဘုရား၊ တပါးသော သူတို့သည် အနုမာနဖြင့် ဘုရားရှင်၏ အစွမ်းသတ္တိတော်ကို အကျဉ်းရုံး၍ပြအံ့သော်၌ ပြုနိုင်ခဲ၏၊ အရှင်ဘုရားတို့၏ လွန်စွာဆန်းကြယ်သော ပြဿနာကို ဖြေတော်မူပေသဖြင့် ငြိမ်းချမ်းခြင်းသို့ရောက်၏၊ တကာတော်ဝန်ခံပါ၏ဟုဆို၏။

အနုမာန ဗျာကရဏ ပဉှာပြီး၏။

---

## ၁၇၁။ ဓုတင်္ဂပဉှာ

**ဓုတင်ဆောက်တည်ခြင်းပြဿနာ**…မိလိန္ဒမင်းသည်ဓုတင်ကျေးဇူးတို့သို့သက်၍ တောကျောင်း ဆောက်တည်သောရဟန်းတို့ကိုမြင်ရ၍၊ တဖန် အိမ်ရာထောင်သော

လူ၏ဘောင်၌နေလျက် အနာဂါမိမိဖိုလ်၌တည်သော ပုဂ္ဂိုလ်တို့ကိုလည်း မြင်ရ၏၊ ထိုနှစ်ယောက်သော သူတို့ကို ကြည့်ရှုဆင်ခြင်သော် အိမ်ရာ ထောင်သောလူသည် အကယ်၍ စောင့်စည်းခြင်းနှင့် ပြည့်စုံသည်ဖြစ်၍ တရားမဂ်ဖိုလ်ကိုသိသည်ဖြစ်အံ့၊ ရဟန်းဆောက်တည်၍အကျိုးမရှိသည် ဖြစ်ရာ၏၊ ဤယခုငါသည် ပိဋကတ်သုံးပုံ၌ ပရဝါဒီပုဂ္ဂိုလ်တို့၏အယူ ဝါဒကို နှိမ်နင်းနိုင်သော သိမ်မွေ့သော ပြဿနာကို အဘယ်သို့လျှင် ရဟန်းတရားမြတ်ရာသနည်းဟုမေးအံ့၊ ထိုအရှင်နာဂသေနမထေရ်သည် ငါ၏ယုံမှားသက်ဘ်ကို ဖျောက်ပေလတ္တံ့ဟု အကြံရှိ၏၊ ထိုအခါ မိလိန္ဒ မင်းသည် အရှင်နာဂသေနမထေရ်ရှိရာသို့ ရှိသေစွာချဉ်းကပ်၍တင့်အပ် သောအရပ်၌ နေပြီးသော် အရှင်နာဂသေနမထေရ်ကို အရှင်ဘုရား၊ အကြင်သူသည် အိမ်ရာထောင်သော လူ၏ဘောင်၌နေ၍ ကာမဂုဏ် ချမ်းသာကိုခံစား၍ သားမယားမွေးမြူလျက် ကျဉ်းမြောင်းစွာ နေခြင်း သည်ရှိ၏၊ ထိုသူသည်ကား ကာသိကရာဇ်ပုဆိုး စန္ဒကူးနံ့သာကို သုံး ဆောင်လိမ်းကျံလျက် ပန်းနံ့သာ နံ့သာပျောင်းကိုဆောင်လျက် ရွှေငွေ ရတနာ၌သာယာလျက် ပုလဲကျောက်စိ ရွှေ ငွေတို့ဖြင့် ဆန်းကြယ်သော ဥဿျောင်သင်းကျစ်ကို ထုံး၏၊ အဘယ်အကြောင်းကြောင့်ကား ထိုသူ တို့သည် ငြိမ်သက်သော မြတ်သောနိဗ္ဗာန်တရားကို မျက်မှောက် အာရုံ ပြုနိုင်လေသနည်းဟု မေး၏။

> ဘန္တေ နာဂသေန အတ္ထိကောစိ ဂိဟိ အဂါရိကော ကာမ ဘောဂီ ပုတ္တဒါရ သမ္ဗာဓသယနံ အဇ္ဈာဝသန္တော၊ ကာသိက စန္ဒနံ ပစ္စနုဘောန္တော မာလာဂန္ဓ ဝိလေပနံ ဓာရယန္တော ဇာတ ရူပ ရဇတံ သာဒယန္တော မဏိမုတ္တာ ကဉ္စနဝိစိတ္တ မောဠိ ဗန္ဓော၊ ယေန သော သန္တံ ပရမတ္ထံ နိဗ္ဗာနံ သစ္ဆိကတန္တိ။ ။
> ဟူသည်တည်း။

ဘန္တေ နာဂသေန၊ ရှင်နာဂသေနမထေရ်။ ကောစိ၊ တစုံတယောက် သော။ ဂိဟိ၊ လူသည်။ အဂါရိကော၊ အိမ်ရာထောင်သော လူ၏ဘောင် ၌နေလျက်။ ကာမဘောဂီ၊ ကာမဂုဏ် ချမ်းသာကို သုံးဆောင်လျက်။ ပုတ္တဒါရသမ္ဗာဓသယနံ၊ သားမယားတို့ဖြင့်ကျဉ်းမြောင်းစွာအိပ်နေသည် ဖြစ်၍။ အဇ္ဈာဝသန္တော၊ လူ၏ဘောင်၌နေလျက်။ ကာသိကစန္ဒနံ၊ ကာသိ

ကရောဇ်ပုဆိုးစန္တကူးနံ့သာကို။ ပဋ္ဋနှဘောနွေ့ာ၊ အစဉ်မပြတ် သုံးဆောင်ဝတ်ဆင်လျက်။ မာလာဂန္ဓ ဝိလေပနံ၊ ပန်းနံ့သာ နံ့သာပျောင်းကို။ ဓာရယနွေ့ာ၊ ဆောင်လျက်။ ဇာတရူပရဇတံ၊ ရွှေငွေကို။ သာဒယနွေ့ာ၊ သာယာလျက်။ မဏိမုတ္တကဉ္စနဝိစိတ္တ မောဠိဗဒ္ဓေါ၊ ပတ္တမြားပုလဲ ရွှေပန်းဆန်းကြယ်စွာသော ဥဒေသျှောင်သင်းကျစ်ထုံးလျက်။ ဧကာနနွေ့ခါ၊ အဘယ်အကြောင်းကြောင့်၊ သန္တံ၊ ငြိမ်သက်စွာသော။ ပရမတ္ထံ၊ မြတ်သောသဘောရှိသော။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ သစ္ဆိကတံ၊ မျက်မှောက်ပြုနိုင်လေသနည်း။ ဣတိ၊ ဤသို့။ ပုစ္ဆိ၊ မေး၏။

အရောသောသူသာလျှင် တရားရသည်မဟုတ်၊ အထောင် အသောင်း အသိန်းအသန်း အကုဋေ၊ ကုဋေအရာ ကုဋေအထောင် ကုဋေအသိန်းမျှလောက်သောသူတို့သည်လည်း တရားကိုရသည် မဟုတ်လော၊ ထိုမျှလောက်သော အရေအတွက်ရှိသောသူကိုထားဘိဦးဟုဆိုသော် အရှင်ဘုရား၊ ထိုသို့သောအကြောင်းသာမညဖြင့် အဘယ်အကျိုးရှိကုန်အံ့နည်း၊ ထိုအကြောင်းအရာကို အရှင်ဘုရားသည်ပင်လျှင် ပြပါလော့၊ဆရာစားအဘို့အရာအလိုရှိရာကို တကာတော်ပေးအံ့ဟု ဆိုသော် မင်းကြီး၊ ထိုသို့တပြီးကား သင်မင်းကြီးအား ငါသည် အရာ အထောင် အသိန်း အသန်း ကုဋေအစရှိသည်ဖြင့် ပြောဆိုပြသအံ့ဟုဆို၍ အင်္ဂါကိုးပါးအပြားရှိသော ဘုရားရှင်သာသနာတော်၌ ခေါင်းပါးသော အကျင့် ပဋိပတ္တိ ရတင်ဂုဏ် ကျေးဇူးမြတ်သောအင်္ဂါကိုမှီ၍ ဟောအပ်ကုန်သော အလုံးစုံအမှတ်မရှိသော တရားစကားတို့ကို ဟောအပ်ကုန်၏၊ ခပ်သိမ်းသော တရားစကားတို့သည် ဤရတင် တရား၌ စုဝေး၍ ပေါင်းကုန် လတ္တံ့၊ မင်းကြီး၊ ဥပမာသော်ကား နိမ့်သော မြင့်သော ညီညွတ်သော မညီညွတ်သော ကြည်း၌တည်သော ရေ၌တည်သော အရပ်အဘို့၌ရှိသော အလုံးစုံသောမိုဃ်းရေသည်ထိုထိုအရပ်တို့မှစီးလျှော၍ မဟာသမုဒ္ဒရာသို့ စုဝေးပေါင်းမိကြလေသကဲ့သို့ ထို့အတူ မင်းကြီး၊ ပြည့်စုံခြင်းကိုလိုသည်ရှိသော် အင်္ဂါကိုးပါးရှိသောဘုရားရှင်သာသနာတော်၌ ခေါင်းပါးသောအကျင့် ပဋိပတ္တိ ရတင်ကျေးဇူး မြတ်သောအင်္ဂါကို မှီကုန်သော အမှတ်မရှိသော အကြင်စကားတို့ကို ဆိုအပ် ပြောဆိုအပ် ကုန်၏၊ ထိုစကားတို့သည် ဤရတင်အကျင့်တရား၌ စုဝေး၍ တည်ကုန်၏။ မင်းကြီး၊ ဤစကား၌ ငါ၏အသိပညာဖြင့်ပြခြင်းကို ပေါင်းချုံးအံ့၊ ထိုစုဝေး

ပေါင်းရုံးသောအားဖြင့် ထိုအနက်အဓိပ္ပါယ်ကို ကောင်းစွာဝေဘန်အပ်သည်ဖြစ်လတ္တံ့။

မင်းကြီး၊ ဥပဓာသေဒ်ကား အရေးအသား လက်ရေး တတ်သော ဆရာသည် သွန်သင်အပ်သောတပည့်ကို အရေးအသားလက်ရေးကို အောက်မေ့စေအပ်သည်ရှိသော် မိမိအားထင်ရှားရှိသော ပညာဖြင့် အကြောင်းကိုပြသောအားဖြင့် လက်ရေးအတတ်ကို ပြည့်စုံစေသကဲ့သို့ ထို့အတူ ဤအရာ၌ငါသည်ထင်ရှားရှိသောပညာဖြင့်အကြောင်းကိုပြ၍ ထိုအကြောင်းကိုဆိုအပ်သောအနက်အဓိပ္ပါယ်သည် ကောင်းစွာ ဝေဘန်အပ်သည်ကောင်းစွာဆန်းကြယ်သည်၊ကောင်းစွာဆောင်အပ်သည် ဖြစ်လတ္တံ့ဟုဆို၍ မင်းကြီး၊ သာဝတ္ထိပြည်၌ ငါးကုဋေမျှလောက်သော သူတို့သည် ဘုရားရှင်၏ အရိယာသာဝကဖြစ်ကုန်၏၊ သရဏဂုံ၌တည်သော၊ ယောကျ်ား မိန်းမတို့သည် သုံးသိန်း ငါးသောင်းခုနစ်ထောင် ရှိကုန်၏၊ အလုံးစုံသော သူတို့သည်လည်း လူဖြစ်၍ အနာဂါမိဖိုလ်၌ တည်ကြကုန်၏၊ ဖန်ရည်စွန်းသောသင်္ကန်းကိုဝတ်သော ရဟန်းမဟုတ်၊ တဘန်ထိုသာဝတ္ထိမြို့၊ ကဏ္ဍမည်သော သရက်ပင်၏ အနီး၌ အစုံအစုံသောပြာဋိဟာကိုပြတော်မူသောအခါ ကုဋေနှစ်ဆယ်မျှလောက်သော သူတို့သည် တရားကို ရကြကုန်၏။ ။တဘန်လည်း ရာဟုလောဝါဒသုတ်, မင်္ဂလသုတ်, သမစိတ္တသုတ်, ပရာဘဝသုတ်, ပုရာဘေဒသုတ်, ကလဟဝိဝါဒသုတ်, စူဠဗျူဟသုတ်, မဟာဗျူဟသုတ်, တုဝဋ္ဋကသုတ်, သာရိပုတ္တ သုတ္တန်ဒေသနာကို ဟောတော်မူသောအခါ၌ ရေတွက်အပ်သောအကြောင်းကို လွန်ကုန်သောနတ်တို့အား တရားရသည် ဖြစ်၏။

မင်းကြီး၊ ရာဇဂြိုဟ်ပြည်၌ ငါးသန်းသုံးသိန်းသောယောကျ်ားမိန်းမတို့သည် ဘုရားရှင်၏ အရိယာသာဝက ဖြစ်ကြကုန်၏၊ ထိုသူတို့သည် ရဟန်းမဟုတ်၊ တဘန်ထိုရာဇဂြိုဟ်မြို့၌ပင်လျှင် ဓနပါလဆင်ကို ဆုံးမတော်မူသောအခါ၌ ကုဋေကိုးဆယ်မျှလောက်သောသူတို့သည် လူဖြစ်လျက်တရားကိုရကြကုန်၏၊ထိုသူတို့သည် ရဟန်းမဟုတ်ကုန်၊ပါရာယနအစည်းအဝေး,ပါသာဏစေတီ၌ တဆဲ့လေးကုဋေသော သူတို့သည် လူဖြစ်လျက် တရားကိုရကြကုန်၏၊ထိုသူတို့သည်ရဟန်းမဟုတ်ကုန်၊တဘန်

ဇာနုဿောဏိ နဘဲပေါင်ရောက်သော ဂူလိုဏ်၌ ကုဋေရှစ်ဆယ်မျှလောက်သောနတ်တို့သည် တရားကိုရကုန်၏၊ ထိုသူတို့သည် ရဟန်းမဟုတ်ကုန်၊ တဘန်ဗာရာဏသီပြည် ဣသိပတနမိဂဒါဝုန်တော၌ ဇွေဦးစွာဓမ္မစကြာတရားကို ဟောတော်မူသောအခါ တဆဲ့ရှစ်ကုဋေသော ဗြဟ္မာ,မရေမတွက်နိုင်သောနတ်တို့သည်တရားကိုရကုန်၏၊ ထိုသူတို့သည် ရဟန်းမဟုတ်ကုန်၊ တာဝတိံသာ ပဏ္ဍုကမ္ဗလာကျောက်နေရာ၌ အဘိဓမ္မာတရားကို ဟောတော်မူသောအခါ ကုဋေရှစ်ဆယ်မျှလောက်သော နတ်ဗြဟ္မာတို့သည် တရားကိုရကုန်၏၊ နတ်ပြည်မှ သက်တော်မူ၍ သင်္ကဿနဂိုရ်ပြည်၌ လောကဝိဝရဏပြာဋိဟာကို ပြတော်မူသောအခါ ကြည်ညိုခြင်းပြင်းကုန်သော နတ်လူတို့အား ကုဋေသုံးဆယ်မျှလောက်သောသူတို့သည် တရားကိုရကုန်၏။ ။တဘန် သက္ကတိုင်းကပိလဝတ်ပြည် နိဂြောဓာရုံကျောင်းတော်၌ ဗုဒ္ဓဝင်ဒေသနာတော်ကို ဟောတော်မူသောကာလ မဟာသမယသုတ္တန်ဒေသနာကို ဟောတော်မူသောကာလ ရေတွက်ဖွံ့သောအကြောင်းကို လွန်ကုန်သော နတ်တို့အား တရားရသည်ဖြစ်၏။

တဘန်သုမနပန်းသည်၏အစည်းအဝေး, ဂရဟဒိန္န အစည်းအဝေး, အာနန္ဒာသူဌေး၏ အစည်းအဝေး, ဇမ္ဗုကအာဇီဝက အစည်းအဝေး, ဘားနတ်သား၏ အစည်းအဝေး, မဋ္ဌကုဏ္ဍလီ အစည်းအဝေး,သုလသာ ပြည့်တန်ဆာမအစည်းအဝေး, သိရိမာ ပြည့်တန်ဆာမ အစည်းအဝေး, ပေသကာရသတို့သမီးအစည်းအဝေး, ဓူဠသုဘဒ္ဒါ အစည်းအဝေး,သာကေတပုဏ္ဏား၏ သင်းချိုင်းသို့ရှုလာသောအစည်းအဝေး,သုနာပရန္တအစည်းအဝေး, သက္ကပဉှာအစည်းအဝေး, တိရောကုဍ္ဍအစည်းအဝေး, ရတနသုတ်အစည်းအဝေး, ထိုအစည်းအဝေးတို့၌ အသီးအသီးရှစ်သောင်းလေးထောင်သော သူတို့အား တရားရကြသည် ဖြစ်ကုန်၏၊ မင်းကြီး၊အကြင်မျှလောက်ဘုရားရှင်သည်လောက၌ ထင်ရှားတော်မူ၏၊ ထိုမျှလောက်အဝန်းအလျားနှင့်တကွ တဆဲ့ခြောက်ရပ်သော တိုင်းကြီးတို့တွင် အကြင်အကြင်အရပ်၌ ဘုရားရှင်သည် သီတင်းသုံးနေတော်မူ၏၊ ထိုထိုသောအရပ်၌ များသောအားဖြင့် နှစ်ရာ, သုံးရာ, လေးရာ, ငါးရာ,တထောင်, တသောင်း, တသိန်း, တသန်းကုန်သော နတ်လူတို့သည် ငြိမ်သက်သောမြတ်သော နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြုကြ

ဖဲာနံ၏၊ မင်းကြီး၊ ထိုနတ်တို့သည်, လူသာတည်း၊ ဖန်ရည်စွန်းသော သင်္ကန်းကိုဝတ်သော ရဟန်းမဟုတ်ကုန်ဟု ဆိုသော် အရှင်ဘုရား၊ အိမ်ရာထောင်သောလူ၏ဘောင်၌နေကုန်လျက် ကာမဂုဏ်ချမ်းသာကို ခံစားကုန်သောလူတို့သည်အကယ်၍ ငြိမ်သက်သော မြတ်သောနိဗ္ဗာန် ကိုမျက်မှောက်ပြုကုန်အံ့၊ ထိုသို့ဖြစ်ခဲ့သည်ရှိသော် ဤဓုတင်တရားတို့ သည်အဘယ်အကျိုးကိုပြီးစေနိုင်ကုန်သနည်း၊ အဘယ့်ကြောင့် ဓုတင် တို့သည်ကိစ္စကိုမပြုနိုင်ကုန်သနည်း။

အရှင်ဘုရား၊ ဥပမာသော်ကား မြတ်သောဆေးတို့မှကင်း၍အလုံးစုံ သောအနာတို့သည် အကယ်၍ငြိမ်းကုန်အံ့၊ ကိုယ်၏အားနည်းခြင်းကို ပြုတတ်သောဝမ်းကျဆေးဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ လက်သီးဆုပ် တို့ဖြင့်ရန်သူကိုနှိမ်နင်းနိုင်သည်အကယ်၍ဖြစ်အံ့၊ သန်လျက်, လှံ, ထား, မြား, လေး, အုန္နဲ, လှံတံ, ဆောက်ပုတ်, လက်ရိုက်တို့ဖြင့် အဘယ် အကျိုးရှိအံ့နည်း၊ ကိုင်အပ်သောသစ်သားကောက်, သစ်ခေါင်း, ထင်း, နွယ်သစ်ခက်၊ ကိုင်ငင်စွဲလမ်းရာရှိ၍ သစ်ပင်ကိုတက်နိုင်သည် အကယ် ၍ဖြစ်အံ့၊ ရှည်သောတန်ခြင်လှေကားကို ရှာမှီးသဖြင့် အဘယ်အကျိုးရှိ အံ့နည်း၊ မြေကြီးအခင်း၌ အိပ်သဖြင့် ဓာတ်လေးပါး ညီညွတ်မှုတခြင်း သဘောသည် အကယ်၍ဖြစ်အံ့၊ ကောင်းသော အတွေ့ရှိသော မြတ် သောအသရေရှိသော အိပ်ရာကိုရှာမှီးသဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ တယောက်ထီးထည်းယိုမှားသက်ဘေးရှိသော မညီညွတ်သော ခရီး ကန္တာရသို့ ကူးခြင်းငှါစွမ်းနိုင်လတ္တံ့သည် အကယ်၍ဖြစ်အံ့၊ ချပ် တန်ဆာဝတ်သော ကြီးကျယ်သော ခရီးသွားဘော်ကို ရှာသဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ မြစ်ထုံးအိုင်ကိုလက်ရုံးဖြင့် ကူးခြင်းငှါစွမ်း နိုင်သည် အကယ်၍ဖြစ်အံ့၊ အမြဲတည်သော တန်ဆာရှိသော လှေကို ရှာသဖြင့်အဘယ်အကျိုးရှိအံ့နည်း၊ မိမိဥစ္စာဖြင့် ဝမ်းစာကိုပြုအံ့သောငှါ အကယ်၍ စွမ်းနိုင်အံ့၊ သူတပါးကိုမှီဝဲခြင်း၊ ချစ်ဘွယ်သောစကားကို ပြောဆိုခြင်း၊ အမှုကိုဆောင်ခြင်းဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ ရေ တွင်းတဘက်ဆည်းကန်၌ရှိသောရေကိုအကယ်၍ရအံ့၊ တဘန်ရေတွင်း တဘက်ဆည်းကန်၊ လေးထောင့်ကန်တူးသဖြင့် အဘယ် အကျိုးရှိအံ့ နည်း၊ ထိုထိုသောဥပမာနှင့်အတူ အရှင်ဘုရား၊ အိမ်ရာထောင်သော လူ၏ဘောင်၌နေ၍ ကာမဂုဏ်ကို ခံစားသောလူသည် အကယ်၍ငြိမ်

သက်သောမြတ်သောဂုဏ်နိဗ္ဗာန်ကို ဖျက်မှောက်ပြုအံ့၊ ရတနာကျေးဇူးကို မြတ်၏ဟု ဆောက်တည် ခြင်းသည် အသာယ်အကျိုး ရှိအံ့နည်းဟု ဆိုသော်—

**ရတနာဂုဏ်ကျေးဇူး ၂၀-ပါး**.....မင်းကြီး၊ ရတနာတရား၏ ဂုဏ်ကျေးဇူး တို့သည် ဟုတ်သော

အတိုင်းနှစ်ဆဲ့ရှစ်ပါးသောကျေးဇူးရှိကုန်၏၊ အကြင် ဂုဏ်ကျေးဇူးတို့ကြောင့်ရတနာအကျင့်တို့ကိုခပ်သိမ်းသောဘုရားရှင်တို့သည် ချစ်မြတ်နိုးအပ်တော်မူအပ်ကုန်၏၊ ထိုနှစ်ဆဲ့ရှစ်ပါးသော ဂုဏ်ကျေးဇူးကား အဘယ်သို့နည်းဟုဆိုသော်—

> ကတမေ အဋ္ဌဝီသတိ၊ ဣဓမဟာရာဇ ရတနံ သုဒ္ဓါဇီဝံ၊ သုခဖလံ, အနဝဇ္ဇံ, နပရဒုက္ခာပနံ, အဘယံ, အသမ္ပီဠနံ, ဧကန္တဝဍ္ဎိကံ, အပရိဟာနိယံ, အမာယံ, အာရက္ခာ, ပတ္ထိတဒဒံ, သဗ္ဗသတ္တဒမနံ, သံဝရဟိတံ, ပတိရူပံ, အနိဿိတံ, ဝိပ္ပမုတ္တံ, ရာဂက္ခယံ, ဒေါသက္ခယံ, မောဟက္ခယံ, မာနပ္ပဟာနံ, ကုဝိတက္ကစ္ဆေဒနံ, ကင်္ခါ ဝိတရဏံ, ကောသဇ္ဇ ဝိဒ္ဓံသနံ, အရတိပ္ပဟာနံ, ခမနံ အတုလံအပ္ပမာဏံ, သဗ္ဗဒုက္ခက္ခယဂမနံ, ဣမေခေါ မဟာရာဇ အဋ္ဌဝီသတိ ရတနဂုဏာ။ ။ဟူသည် တည်း။

အဋ္ဌဝီသတိ၊ နှစ်ဆဲ့ရှစ်ပါးကုန်သော။ရတနဂုဏာ၊ရတနာကျေးဇူးတို့သည်။ ကတမေ၊အဘယ်သည်တို့နည်းဟူမူကား။ မဟာရာဇ၊ မင်းကြီး။ ဣဓ၊ ဤသို့ဟောတော်မူအပ်သော တရားအပေါင်း၌။ ရတနံ၊ ရတနာတရားသည်။ သုဒ္ဓါဇီဝံ၊ အသက်မွေးခြင်းစင်ကြယ်၏။ သုခဖလံ၊ ချမ်းသာသောအကျိုးရှိ၏။ အနဝဇ္ဇံ၊ အပြစ်မရှိ။ ပရဒုက္ခာပနံ၊ သူတပါးတို့အား ဆင်းရဲစေတတ်သည်။ န၊ မဟုတ်။ အဘယံ၊ ဘေးမရှိ။ အသမ္ပီဠနံ၊ သူတပါးကိုနှိပ်စက်ခြင်းမရှိ။ ဧကန္တဝဍ္ဎိကံ၊ စင်စစ်စီးပွါး၏။ အပရိဟာနိယံ၊ ကုသိုလ်တရားမှမဆုတ်။ အမာယံ၊ စဉ်းလဲစဉ်းစားမရှိ။ အာရက္ခာ၊ သေခြင်းကိုစောင့်ရှောက်တတ်၏။ပတ္ထိတဒဒံ၊ တောင့်တသောအတိုင်း အကျိုးကို ပေးတတ်၏။ သဗ္ဗသတ္တဒမနံ၊ ခပ်သိမ်းသောသတ္တဝါတို့ကို ဆုံးမတတ်၏။ သံဝရဟိတံ၊ စောင့်စည်း

ဖလသာအကျိုးရှိ၏။ ပတိရူပံ၊ လျောက်ပတ်သောတရားဖြစ်၏။ အနိဿိတံ၊ ကိလေသာတို့သည်မှီဝဲ၍ မနေအပ်။ ဝိပ္ပမုတ္တံ၊ ကိလေသာမှလွတ်၏။ ရာဂက္ခယံ၊ ရာဂကုန်၏။ ဒေါသက္ခယံ၊ ဒေါသကုန်၏။ မောဟက္ခယံ၊ မောဟကုန်၏။ မာနပ္ပဟာနံ၊ မာနကိုပယ်၏။ ကုဝိတက္ကသမုစ္ဆေဒနံ၊ မိစ္ဆာဝိတက်ကိုဖြတ်တတ်၏။ ကင်္ခါဝိတရဏံ၊ ယုံမှားသင်္ကာမှ ကူးမြောက်၏။ ကောသဇ္ဇဝိဒ္ဓံသနံ၊ ပျင်းရိခြင်းကိုဖျောက်တတ်၏။ အရတိပ္ပဟာနံ၊ မမွေ့လျော်ခြင်းကိုဖျောက်တတ်၏။ ခမနံ၊ သည်းခံတတ်၏။ အတုလံ၊ အတုမရှိသောတရားဖြစ်၏။ အပ္ပမာဏံ၊ မနှိုင်းရှည့်အပ်သောဂုဏ်ရှိ၏။ သဗ္ဗဒုက္ခက္ခယဂမနံ၊ အလုံးစုံဆင်းရဲ၏ကုန်ခြင်းသို့ရောက်၏။ မဟာရာဇ၊ မင်းကြီး။ အဋ္ဌဝီသတိ၊ နှစ်ဆဲ့ရှစ်ပါးကုန်သော။ ဣမေ၊ ဤ ကျေးဇူးတို့သည်။ ဓုတဂုဏာ၊ ဓုတင်တရား၏ ဂုဏ်ကျေးဇူးတို့တည်း။

**ဓုတင်ဆောင်ပုဂ္ဂိုလ်၏ဂုဏ်-၁၈-ပါး**……မင်းကြီး၊ နှစ်ဆဲ့ရှစ်ပါးသော ဂုဏ် ကျေးဇူးတို့ဖြင့်ဓုတင်တရားတို့ကိုခပ်သိမ်းသော ဘုရားရှင်တို့သည် ချစ်မြတ်နိုးတော်မူအပ်ကုန်သည်၊ တောင့်တတော်မူအပ်ကုန်သည် ဖြစ်ကုန်၏၊ မင်းကြီး၊ အကြင်သူသည် ဓုတင်ကျေးဇူးတို့ကို ကောင်းစွာဆောက်တည်မှီဝဲကုန်အံ့၊ ထိုဓုတင်ဆောက်တည်သော ပုဂ္ဂိုလ်တို့သည် တဆဲ့ရှစ်ပါးသောဂုဏ်ကျေးဇူးတို့နှင့်ပြည့်စုံကုန်၏။

ကတမေဟိ အဋ္ဌာရသဟိ၊ အာစာရောတေသံ သုဝိသုဒ္ဓေါ ဟောတိ၊ ပဋိပဒါ သုပူရိတာဟောတိ၊ ကာယိကဝါစသိကံ သုရက္ခိတံ ဟောတိ၊ မနော သမာစာရော သုဝိသုဒ္ဓေါ ဟောတိ၊ ဝီရိယံ သုပဂ္ဂဟိတံ ဟောတိ၊ ဘယံ ဝူပသမ္မတိ၊ အတ္တာနုဒိဋ္ဌိဗျပဂတော ဟောတိ၊ အာဃာတော ဥပရတော ဟောတိ၊ မေတ္တာ ဥပဋ္ဌိတာဟောတိ၊ အာဟာရော ပရိညာတော ဟောတိ၊ သဗ္ဗသတ္တာနံ ဂရုကတော ဟောတိ၊ ဘောဇနေ မတ္တညူ ဟောတိ၊ ဇာဂရိယမနုယုတ္တော ဟောတိ၊ အနိကေတော ဟောတိ၊ ယတ္ထဖါသုတတ္ထဝိဟာရီဟောတိ၊ ပါပဇေဂုစ္ဆီ ဟောတိ၊ ဝိဝေကာရာမော ဟောတိ၊ သတတံ အပ္ပမတ္တော ဟောတိ၊ ယေ တေ မဟာရာဇ ဓုတင်္ဂဂုဏာ သမ္မာ ဥပသေဝန္တိ၊

တေ ဣူမေဟို အဋ္ဌာရသဟိ သမ္ပေတာ ဘဝန္တိ။ ။ဟူသည်၌ တည်း။

မဟာရာဇ၊ မင်းကြီး။ ကတမေဟိ အဋ္ဌာရသဟိ၊ အဘယ် တဆဲ့ ရှစ်ပါးတို့နှင့်။ ဥပေတာ၊ ပြည့်စုံ ကုန်သနည်းဟူမူကား။ မဟာရာဇ၊ မင်းကြီး။ တေသံ၊ ထိုရတင်ဆောက်တည်သောရဟန်းတို့အား။ အာစာရော၊ အကျင့်တရားသည်။ သုဝိသုဒ္ဓေါ၊ ကောင်းစွာသန့်ရှင်းသည်။ ဟောတိ၊ ဖြစ်၏။ပဋိပဒါ၊ အကျင့်သည်။ သုပူရိတာ၊ ကောင်းစွာပြည့်သည်။ ဟောတိ၊ဖြစ်၏။ ကာယိက ဝါစသိကံ၊ ကိုယ်နှုတ်နှလုံးကို။ သုရက္ခိတံ၊ ကောင်းစွာ စောင့်စည်းသည်။ ဟောတိ၊ ဖြစ်၏။ မနောသမာစာရော၊ နှလုံး၏ကောင်းသောအကျင့်ရှိသည်။ သုဝိသုဒ္ဓေါ၊ ကောင်းစွာ စင်ကြယ်သည်။ဟောတိ၊ ဖြစ်၏။ ဝီရိယံ၊ လုံ့လကို။ သုပဂ္ဂဟိတံ၊ ကောင်းစွာ ချီးမြှောက်သည်။ ဟောတိ၊ ဖြစ်၏။ ဘယံ၊ ဘေးသည်။ ဝူပသမ္မတိ၊ ငြိမ်း၏။အတ္တာနုဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိအယူသည်။ ဗျပဂတော၊ ကင်းပျောက်သည်။ ဟောတိ၊ ဖြစ်၏။ အာဃာတော၊ ရန်ငြိုးသည်။ ဥပဂတော၊ ကင်းသည်။ ဟောတိ၊ ဖြစ်၏။ မေတ္တာ၊ မေတ္တာသည်။ ဥပဋ္ဌိတာ၊ အမြဲတည်သည်။ ဟောတိ၊ ဖြစ်၏။ အာဟာရော၊ အာဟာရကို။ ပရိညာတော၊ ပိုင်းခြားအပ်သည်။ ဟောတိ၊ ဖြစ်၏။ သဗ္ဗသတ္တာနံ၊ အလုံးစုံသောသတ္တဝါတို့၏။ ဂရုကတော၊ အလေးအမြတ် ပြုအပ်သည်။ ဟောတိ၊ ဖြစ်၏။ ဘောဇနေ၊ အစာဘောဇဉ်၌။ မတ္တညူ၊ အတိုင်း အရှည်ကို သိသည်။ ဟောတိ၊ ဖြစ်၏။ ဇာဂရိယမနုယုတ္တော၊ နိုးကြားခြင်း လုံ့လနှင့် ယှဉ်သည်။ ဟောတိ၊ ဖြစ်၏၊ အနိကေတော၊ နေရာအမြဲမရှိသည်။ ဟောတိ၊ ဖြစ်၏။ ယတ္ထ၊ အကြင်အရပ်၌။ ဖါသု၊ ချမ်းသာ၏။ တတ္ထ၊ ထိုချမ်းသာသောအရပ်၌။ ဝိဟာရီ၊ နေလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။ ပါပဇေဂုစ္ဆီ၊ မကောင်းမှုမှ စက်ဆုပ်ခြင်းရှိသည်။ ဟောတိ၊ ဖြစ်၏။ ဝိဝေကာရာမော၊ ဆိတ်ငြိမ်ရာအရပ်၌ မွေ့လျော်သည်။ "ဟောတိ၊ ဖြစ်၏။ သတတံ၊ မပြတ်မလပ်။ အပ္ပမတ္တော၊ ကုသိုလ်တရား၌ မမေ့မလျော့သည်။ ဟောတိ၊ ဖြစ်၏။ မဟာရာဇ၊ မင်းကြီး။ ယေ၊ အကြင်ရဟန်းတို့သည်၊ တေရတင်္ဂဓုတင်ကျင့်ဖွဲ့တို့ကို။ သမ္မာ၊ ကောင်းစွာ။ ဥပသေဝန္တိ၊ မှီဝဲကုန်၏။ တေ၊ ထိုသို့ မှီဝဲကုန်သော ရဟန်းတို့သည်။ ဣမေဟိ၊ ဤသို့သဘောရှိကုန်သော။ အဋ္ဌာရသဟိ ဂုဏေဟိ၊ တဆဲ့ရှစ်

ရှိသောဂုဏ်ကျေးဇူးတို့နှင့်။ သမုပေတာ၊ ကောင်းစွာပြည့်စုံကုန်သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။

(ရှေ့ပါဌ်၏အရကား ဓုတင်တရား၏ နှစ်ဆဲ့ရှစ်ပါးသောဂုဏ်ကျေးဇူးတို့ကိုပြသည်၊ နောက်ပါဌ်၏အရကား ဓုတင်ဆောက်တည်သောရဟန်းအား တဆဲ့ရှစ်ပါးသော ဂုဏ်ကျေးဇူးတို့နှင့် ပြည့်စုံကြောင်းကို ပြသည်။)

**ဓုတင်ကျေးဇူး ဆောင်ထိုက်သူ ၁၀-ဦး**……ဤ ဆိုလတ္တံ့ သော ပါဌ်၏ အရ ကား ဓုတင်ကျေးဇူးနှင့်ထိုက်သော တကျိပ်သောရဟန်းတို့၏ လက္ခဏာကို ပြသည်။

> ဒသယိမေ မဟာရာဇ ပုဂ္ဂလာ ဓုတဂုဏာရဟာ၊ ကတမေ ဒသ၊ သဒ္ဓေါ ဟောတိ၊ ဟိရိမာ၊ ဓိတိမာ၊ အကုဟော ဟောတိ အတ္ထဝတီ၊ အလောဘော၊ သိက္ခာကာမော၊ ဒဠှသမာဒါနော၊ အနုဇ္ဈာနဗဟုလော၊ မေတ္တာဝိဟာရီ၊ ဣမေခေါမဟာရာဇ ဒသပုဂ္ဂလာဓုတဂုဏာရဟာ။ ။ဟူသည်တည်း။

မဟာရာဇ၊ မင်းကြီး။ ဒသ၊ တကျိပ်ကုန်သော။ ဣမေပုဂ္ဂလာ၊ ဤပုဂ္ဂိုလ်တို့သည်။ ဓုတဂုဏာရဟာ၊ ဓုတင်တရား၏ကျေးဇူးကိုဆောင်ခြင်းငှါထိုက်ကုန်၏။ ကတမေဒသ၊ အဘယ်တကျိပ်တို့ နည်းဟူမူကား။ မဟာရာဇ၊ မင်းကြီး။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ သဒ္ဓေါ၊ သဒ္ဓါတရားနှင့်ပြည့်စုံသည်။ ဟောတိ၊ ဖြစ်၏။ ဟိရိမာ၊ ဟိရိတရားနှင့် ပြည့်စုံသည်။ ဓိတိမာ၊ ကောင်းစွာတည်ကြည်ခြင်းရှိသည်။ အကုဟော၊ အံ့ဘွယ်သရဲနှင့် စပ်သောအမှုကိုမပြုသည်။ ဟောတိ၊ ဖြစ်၏။ အတ္ထဝတီ၊ ကောင်းကျိုးကို အလိုရှိသည်။ အလောဘော၊ လောဘမရှိသည်။ သိက္ခာကာမော၊ သိက္ခာပုဒ်၌ ကောင်းစွာစောင့်လိုသောဆန္ဒရှိသည်။ ဒဠှသမာဒါနော၊ မြဲသောဆောက်တည်ခြင်းရှိသည်။ အနုဇ္ဈာနဗဟုလော၊ သူတပါးကိုကဲ့ရဲ့လေ့မရှိသည်။ မေတ္တာဝိဟာရီ၊ မေတ္တာပွါး၍ နေလေ့ရှိသည်၊ ဟောတိ၊ ဖြစ်၏။ မဟာရာဇ၊ မင်းကြီး။ ဒသ၊ တကျိပ် ကုန်သော။ ဣမေပုဂ္ဂလာ၊ ဤပုဂ္ဂိုလ်တို့သည်။ ဓုတဂုဏာရဟာ၊ ဓုတင်ကျေးဇူး တို့ကို ဆောင်နိုင်ကုန်၏။

မင်းကြီး၊ အကြင်ကာမဂုဏ်ချမ်းသာကိုခံစားသော အိမ်ရာထောင်သော လူတို့သည် ငြိမ်သက်သော မြတ်သောနိဗ္ဗာန်ကို မျက်မှောက်ပြုကုန်၏၊ ထိုအလုံးစုံသောသူတို့သည် ရှေးရှေးသောသံသရာဘဝ၌ တဆဲ့သုံးပါးသော ဓုတင်ကျေးဇူးတို့၌ ပြုဘူးဆည်းဘူးကျင့်ဘူးသော အလေ့ရှိကုန်၏၊ ပြုဘူးဆောက်တည်ဘူးသော ဆရာအမှုးရှိကုန်၏၊ ထိုသူတို့သည်ထိုရှေးရှေးသောဘဝ၌ စောင့်ရှောက် ဆောက်တည် ကျင့်ဘူးသည်ကိုသုတ်သင်၍ ဤပစ္စုပ္ပန်ဘဝ၌လူစင်စစ်ဖြစ်၍ ငြိမ်သက်မြတ်နိုးစွာသောနိဗ္ဗာန်ကိုမျက်မှောက်ပြုကုန်၏၊ မင်းကြီး၊ ဥပမာသော်ကား လိမ္မာသောလေးသမားသည် အန္တေဝါသိကတပည့်တို့ကို ရှေးဦးစွာဆည်းကပ်အပ်သောအရပ်၌ လေးကိုဖြန့်လိုက်ခြင်း, လေးကိုတင်ခြင်း, လက်ဆုပ်ကိုင်ခြင်း, နှိပ်ခြင်း, လက်ချောင်းဖြင့်နှိုင်းရှည့်ခြင်း, ခြေရင်း၌ထားခြင်း, မြားကိုကိုင်ခြင်း, ငင်ခြင်း, ဆောင်ခြင်း, အမှတ်မြဲစေ၍ပစ်စေအပ်သည်ရှိသော် မြက်ကောက်ရိုး မြေပုံ ပျဉ်တို့ကို အမှတ်ထား၍ ပစ်ရာ၌ အစဉ်အတိုင်းသင်စေပြီးသော် အဖိုးရသော မင်း၏ အထံသို့ ချဉ်းကပ်၍မင်းကိုနှစ်သက်စေပြီးသော် အာဇာနည် မြင်းကသောရထား, ဆင်, မြင်း, ဥစ္စာ, စပါး, ရွှေငွေ, ကျွန်ယောကျ်ား, ကျွန်မိန်းမ, မယား, ရွာဆုကိုရလေသကဲ့သို့ မင်းကြီး၊ "ထို့အတူ ကာမဂုဏ်ချမ်းသာကို သုံးဆောင်သောလူမျိုးတို့သည် ငြိမ်သက်သော မြတ်သောနိဗ္ဗာန်ကို မျက်မှောက်ပြုကုန်၏၊ ထိုအလုံးစုံသောသူတို့သည် ရှေးရှေးသော သံသရာဘဝ၌ ဆောက်တည်အပ်သောဓုတင်လျှင် အကြောင်းရင်းကံရှိသည်ဖြစ်၍ အကျင့်အာစာရကိုသုတ်သင်၍ ဤပစ္စုပ္ပန်ဘဝ၌လျှင် နိဗ္ဗာန်ကိုမျက်မှောက်ပြုနိုင်ကုန်၏၊ မင်းကြီး၊ ဓုတင်ကျေးဇူးတို့သည် ရှေးဘဝ၌ထုံမွမ်းခြင်းကိုကင်း၍ တဖြစ်ထည်းသောဘဝ၌လျှင် အရဟတ္တဖိုလ်ကိုမျက်မှောက်ပြုနိုင်သည်မဖြစ်ရာ၊ မြတ်သောဝီရိယ မြတ်သော အကျင့်ဖြင့် ကလျာဏမိတ္တဖြစ်သော ထိုသို့သော ဆရာမြတ်ကို မှီဝဲသောကြောင့် အရဟတ္တဖိုလ်နိဗ္ဗာန်ကိုမျက်မှောက်ပြုနိုင်သည်ဖြစ်ရာ၏။

မင်းကြီး၊ ဥပမာတနည်းသော်ကား ထိုးကျင်သော အနာကိုထုတ်တတ်သောဆေးသမားကိုဥစ္စာပေးသဖြင့်ရင်း၊ ဝတ်ကြီး ဝတ်ငယ်ပြုသဖြင့်ရင်း, နှစ်သက်စေ၍ ထားငယ်ကိုကိုင်၍ ဖြတ်ခြင်း, ငင်ခြင်း, နာကျင်သောပြောင့်ကိုထုတ်ယူခြင်း, အနာကိုဆေးကြောခြင်း, ခြောက်သော ဆေး

ဂါမ်းခြင်း, အထက်သို့အန်စေခြင်း,ဝမ်းချခြင်း, နှာနှတ်ခြင်းအမှုအရာကို သင်ပြီး၍ ဆေးအတတ်တို့၌ ကောင်းစွာသင်အပ်ပြီးသော ကောင်းစွာဆည်းကပ်အပ်ပြီးသော လက်သို့ရောက်သောအတတ်ရှိပြီးသော ကုအပ်သော ဌါ အနာရှိသောသူတို့သို့ချဉ်းကပ်လေသကဲ့သို့ မင်းကြီး၊ ထို့အတူ အိမ်ရာထောင်သော ကာမဂုဏ် ချမ်းသာကို သုံးဆောင်ကုန်သော အကြွင်းသူတို့သည် ငြိမ်သက်သော မြတ်သော နိဗ္ဗာန်ကို မျက်မှောက်ပြုကုန်၏၊ ထိုခပ်သိမ်းသော သူတို့သည်ရှေးရှေးသော သံသရာဘဝတို့၌ ဆည်းပူးအပ်သော အကြောင်းကံ တရားရှိသည်ဖြစ်၍ ထိုရှေးဘဝ၌ အကျင့်အာစာရတရားကို သုတ်သင်၍ လူစင်စစ်ဖြစ်လျက် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ကုန်၏၊ မင်းကြီး၊ ဓုတင်ကျေးဇူးတို့ဖြင့်မစင်ကြယ်သောသူတို့အားတရားကိုရသည်မဖြစ်။

မင်းကြီး၊ ဥပမာတနည်းသော်ကား ရေကိုမမိုးရသဖြင့် မျိုးစေ့တို့၏ ကြီးပွါးခြင်းကိုမဖြစ်စေနိုင်သကဲ့သို့ မင်းကြီး၊ ထို့အတူ ဓုတင်ကျေးဇူးတို့ဖြင့်မစင်ကြယ်သောသူတို့အားတရားကိုရသည်မဖြစ်။ ။မင်းကြီး၊ ဥပမာတနည်းသော်ကား ပြုအပ်သော ကောင်းမှု ကုသိုလ်မရှိသော သူတို့အားသုဂတိဘဝသို့လားရခြင်းမည်သည် မဖြစ်သကဲ့သို့ ထို့အတူ ဓုတင်ကျေးဇူးတို့ဖြင့် မစင်ကြယ်သောသူတို့အား တရားရသောမည်သည်မဖြစ်၊ မင်းကြီး၊ ဓုတင်၏ ကျေးဇူးသည်စင်ကြယ်ခြင်းကိုအလိုရှိကုန်သောသူတို့အား ကိုးကွယ်ရာ တည်ရာဖြစ်သော အနက်ရှိသော ကြောင့် မြေကြီးနှင့်တူ၏၊ မင်းကြီး၊ ဓုတင်၏ ကျေးဇူးသည်အလုံးစုံသောကိလေသာတည်းဟူသော မြူအညစ်အကြေးတို့ကို ဆေးတတ်သောအနက်ရှိသောကြောင့်ရေနှင့်လည်းတူ၏၊မင်းကြီး၊ဓုတင်ကျေးဇူးသည်စင်ကြယ်ခြင်းကိုအလိုရှိသောသူတို့အားအလုံးစုံသော ကိလေသာတည်းဟူသော အနာကို ငြိမ်းစေတတ်သော အနက်ရှိသောကြောင့် အဆိပ်ကိုပြယ်စေတတ်သောဆေးနှင့်လည်းတူ၏၊မင်းကြီး၊ဓုတင်ကျေးဇူးသည် စင်ကြယ်ခြင်းကို အလိုရှိကုန်သောသူတို့အား ကိလေသာကို ဖျောက်ဖျက်တတ်သောကြောင့် မီးကိုသေစေတတ်သော ရေနှင့်လည်းတူ၏၊ မင်းကြီး၊ ဓုတင်ကျေးဇူးသည် စင်ကြယ်ခြင်းကို အလိုရှိသော သူတို့အား ခပ်သိမ်းသောရဟန်းတို့၏ ဂုဏ်ကျေးဇူးတည်းဟူသော ကောက်ပင်၏ရောက်ရာဖြစ်သောကြောင့် လယ်နှင့်လည်းတူ၏၊မင်းကြီး၊

ရတင်ကျေးဇူးသည့်စင်ကြယ်ခြင်းကိုအလိုရှိသောသူတို့အား တောင့်တ အပ်တိုင်းသော အလုံးစုံသော ပြည့်စုံခြင်းသမ္ပတ္တိ, မြတ်သော ချမ်းသာကို ပေးတတ်သော အနက်ရှိသောကြောင့် မနောမယ ပတ္တမြားရတနာနှင့် လည်းတူ၏၊ မင်းကြီး၊ ရတင်ကျေးဇူးသည်စင်ကြယ်ခြင်းကို အလိုရှိ သောသူတို့အား သံသရာတည်းဟူသော မဟာသမုဒ္ဒရာ၏ ကမ်း တဘက်သို့ ရောက်ကြောင်းအနက်ရှိသောကြောင့် လှေနှင့်လည်းတူ၏။

မင်းကြီး၊ ရတင်ကျေးဇူးသည် စင်ကြယ်ခြင်းကို အလိုရှိသော အိုခြင်း, သေခြင်းဖြင့် နှိပ်စက်ကုန်သော သူတို့အား သက်သာရာကို ပြုတတ်သောအနက်ကြောင့် ဘေးကိုတားဆီးတတ်သောအဆွေခင်ပွန်း ကောင်းနှင့်လည်းတူ၏၊ မင်းကြီး၊ ရတင်ကျေးဇူးသည် စင်ကြယ်ခြင်း ကိုအလိုရှိကုန်သောကိလေသာတည်းဟူသော ဆင်းရဲခြင်းဖြင့် နှိပ်စက် ခြင်းရှိသောသူတို့အား အစဉ်အတိုင်း ချီးမြှောက်သော အနက်ရှိသော ကြောင့် မိခင်နှင့်လည်းတူ၏၊ မင်းကြီး၊ ရတင်ကျေးဇူးသည်စင်ကြယ် ခြင်းကိုအလိုရှိကုန်သော ကုသိုလ်များခြင်းကို အလိုရှိကုန်သောသူတို့ အား အလုံးစုံသောရဟန်း၏ ဂုဏ်ကျေးဇူးကို များစေတတ်သော အနက်ရှိသောကြောင့် ဘခင်နှင့်လည်းတူ၏၊ မင်းကြီး၊ ရတင်ကျေးဇူး သည် စင်ကြယ်ခြင်းကို အလိုရှိကုန်သော သူတို့အား အလုံးစုံသော ရဟန်းကျေးဇူးကိုရှာခြင်း၌မချွတ်မယွင်းစေတတ်သော အနက်ရှိသော ကြောင့် အဆွေခင်ပွန်းနှင့်လည်းတူ၏၊မင်းကြီး၊ရတင်ကျေးဇူးသည် စင် ကြယ်ခြင်းကို အလိုရှိသောသူတို့အား ခပ်သိမ်းသော ကိလေသာတို့နှင့် မလိမ်းမကျံတတ်သော အနက်ရှိသောကြောင့် ကြာပဒုမာနှင့် လည်း တူ၏၊ မင်းကြီး၊ ရတင်ကျေးဇူးသည် စင်ကြယ်ခြင်းကို အလိုရှိသော သူတို့အား ကိလေသာတည်းဟူသောမကောင်းသောအနံ့ကို ပျောက် တတ်သော အနက်ရှိသောကြောင့် စတုဇာတိမည်သော မြတ်သော နံ့သာနှင့်လည်းတူ၏၊မင်းကြီး၊ရတင်ကျေးဇူးသည်စင်ကြယ်ခြင်းကို အ လိုရှိသောသူတို့အား ရှစ်ပါးသောလောကဓံတရားတည်းဟူသော လေ တို့မှ မတုန်မလှုပ်သောအနက်ရှိသောကြောင့် မြတ်သောမြင့်မိုရ်တောင် မင်းနှင့်လည်းတူ၏၊ မင်းကြီး၊ ရတင်ကျေးဇူးသည်စင်ကြယ်ခြင်းကို အ လိုရှိသောသူတို့အား အလုံးစုံသောအရပ်တို့၌ ကိုင်ယူစွဲလမ်းသော များ

သော ကျယ်ဝန်းသော အနက်ရှိသောကြောင့် ကောင်းကင်နှင့်လည်း တူ၏။

မင်းကြီး၊ ဓုတင်ကျေးဇူးသည် စင်ကြယ်ခြင်းကို အလိုရှိသော သူတို့အား ကိလေသာတည်းဟူသော အညစ်အကြေးကို မျှောတတ်သော အနက်ရှိသောကြောင့် မြစ်နှင့်လည်းတူ၏၊ မင်းကြီး၊ ဓုတင်ကျေးဇူးသည်စင်ကြယ်ခြင်းကိုအလိုရှိသောသူတို့အား ဇာတိတည်းဟူသောဘေး, ကန္တာရကိလေသာတည်းဟူသောတောချုံမှ ထုတ်တတ်သော အနက်ရှိသောကြောင့် ကောင်းသော ခရီးညွှန်ယောက်ျားနှင့်လည်းတူ၏၊ မင်းကြီး၊ ဓုတင်ကျေးဇူးသည် စင်ကြယ်ခြင်းကို အလိုရှိသောသူတို့အား အလုံးစုံသောဘေးတို့၏ ဆိတ်ငြိမ်ရာ အဘယပုရမည်သောနိဗ္ဗာန်မြို့သို့ကောင်းစွာ ကူးတတ် ရောက်စေတတ်သော အနက်ရှိသောကြောင့် မြတ်သောလှည်းကုန်သည်မှူးနှင့်လည်းတူ၏၊ မင်းကြီး၊ ဓုတင်ကျေးဇူးသည်စင်ကြယ်ခြင်းကိုအလိုရှိသောသူတို့အား သင်္ခါရတရားတို့၏ မဖြစ်ကြောင်းကို ပြတတ်သော အနက်ရှိသောကြောင့် ကောင်းစွာ ပွတ်အပ်ပြီးသော အညစ်အကြေးကင်းသော ကြေးမုံနှင့်လည်းတူ၏။

မင်းကြီး၊ ဓုတင်ကျေးဇူးသည် စင်ကြယ်ခြင်းကို အလိုရှိသော သူတို့အား ကိလေသာတည်းဟူသော လောက်စာလုံး,မြား,လှံတံ တို့ကို တားမြစ်တတ်သော အနက်ရှိသောကြောင့် လွှားကာနှင့် လည်းတူ၏၊ မင်းကြီး၊ ဓုတင်ကျေးဇူးသည် စင်ကြယ်ခြင်းကို အလိုရှိသောသူတို့အား ကိလေသာတည်းဟူသော မိုးသည်းစွတ်ခြင်း, သုံးပါးသော မီးတို့၏ ပူပန်ခြင်းကိုတားမြစ်တတ်သော အနက်ရှိသောကြောင့် ထီးနှင့်လည်းတူ၏။

မင်းကြီး၊ ဓုတင်ကျေးဇူးသည်စင်ကြယ်ခြင်းကို အလိုရှိသော သူတို့အား ချစ်မြတ်နိုးအပ်သော တောင့်တအပ်သော အနက်ရှိသောကြောင့် လမိုယာန်နှင့်လည်းတူ၏၊မင်းကြီး၊ဓုတင်ကျေးဇူးသည် စင်ကြယ်ခြင်းကို အလိုရှိသောသူတို့အား မောဟတည်းဟူသောအမိုက်တိုက်ကို ဖျောက်တတ်သောကြောင့် နေမိုဃာန်နှင့်လည်းတူ၏၊ မင်းကြီး၊ ဓုတင်ကျေးဇူး သည် စင်ကြယ်ခြင်းကို အလိုရှိသော သူတို့အား များသော အပြားရှိသော ရဟန်းကျေးဇူး, မြတ်သောရတနာကို ဖြစ်စေတတ်သောကြောင့်

သမုဒ္ဒရာနှင့်လည်းတူ၏၊ မနှိုင်းရှည့်အပ်သောအနက်, မရေမတွက်နိုင်
သောအနက်ရှိသောကြောင့် သမုဒ္ဒရာနှင့်လည်းတူ၏။

မင်းကြီး၊ ဤသို့လျှင် ရတင်ကျေးဇူးသည်စင်ကြယ်ခြင်းကိုအလိုရှိ
သောသူတို့အား များစွာသော ကျေးဇူးရှိ၍ ခပ်သိမ်းသော ပူပန်ခြင်း
ပင်ပန်းခြင်းတို့ကိုပျောက်စေတတ်၏၊ မမွေ့လျော်ခြင်းကိုလည်း ပယ်
တတ်၏၊ ဘေးကိုလည်းပယ်တတ်၏၊ဘဝတရားကိုလည်း ပယ်တတ်၏၊
နှလုံး၌ရှိသော ငြောင့်ကိုလည်းပယ်တတ်၏၊ စိုးရိမ်ခြင်း, ဆင်းရဲခြင်း,
ရာဂ, ဒေါသ, မောဟ, မာန, ဒိဋ္ဌိ, အလုံးစုံသောအကုသိုလ်တို့ကိုလည်း
ပယ်တတ်၏၊ အခြံအရံ စီးပွါးချမ်းသာကိုဆောင်ခြင်း, နှစ်သက်ခြင်း,
ယောဂတရားလေးပါး၏ ကုန်ခြင်းကိုပြုတတ်၏၊ အပြစ်မရှိလိုအပ်သော
ချမ်းသာသောအကျိုးရှိ၏၊ ကျေးဇူးတရားရှိ၏၊ အစုအပုံ မနှိုင်းရှည့်အပ်
သောမြတ်သောဂုဏ်ရှိသည်ဖြစ်၍မြတ်၏။မင်းကြီး၊ဥပမာသော်ကားလူ
တို့သည် အားရှိသော အထောက်အပံ့၏အစွမ်းဖြင့် ဘောဇဉ်ကို မှီဝဲကြ
ကုန်၏၊အစီးအပွါး၏အစွမ်းဖြင့် ဆေးကိုမှီဝဲကုန်၏၊ ထိုမှာဘက်ကမ်းသို့
ဆောင်စေလိုသောအားဖြင့် လှေကိုမှီဝဲကုန်၏၊ ကောင်းသောအနံ့ကို
နမ်းလိုသည်၏အစွမ်းဖြင့် နံ့သာကိုမှီဝဲကုန်၏၊ ဘေးရန်ကို ကွယ်ကာ
လိုသည်၏အစွမ်းဖြင့် ဘေးကိုတားမြစ်တတ်သော လွှား ကာတို့ကို မှီဝဲ
ကုန်၏၊တည်ရာဌာန၏အစွမ်းဖြင့် မြေကြီးကိုမှီဝဲကုန်၏၊အတတ်ပညာကို
လိုသည်၏အစွမ်းဖြင့် ဆရာကိုမှီဝဲကုန်၏၊အခြံအရံကိုလိုသည်၏ အစွမ်း
ဖြင့် မင်းကိုမှီဝဲကုန်၏၊ အလိုကို ပေးတတ်သည်၏အစွမ်းဖြင့် ပတ္တမြား
ရတနာကို မှီဝဲကုန်၏၊ ထို့အတူ မင်းကြီး၊ ထိုအလုံးစုံသော ရဟန်းဂုဏ်
ကျေးဇူးတို့ကို ပေးတတ်သည်၏အစွမ်းဖြင့် မြတ်သောအရိယာပုဂ္ဂိုလ်
တို့သည် ရတင်ကျေးဇူးကိုမှီဝဲကုန်၏။

မင်းကြီး၊ ဥပမာတနည်းသော်ကား ရေသည်မျိုးစေ့ကိုရောက်စေ
ခြင်း၌,မီးသည်လောင်ခြင်း၌,အာဟာရသည် အားကို ဆောင်ခြင်း၌,
နွယ်သည် ဖွဲ့ချည်အံ့သော၌,ဓားသည်ဖြတ်အံ့သော၌, ရေသည် ရေ
သိပ်ခြင်းကို ပျောက်အံ့သော၌, ရွှေအိုးသည် သက်သာချောကို ရစိမ့်
သော၌,လှေသည် ကမ်းတဘက်သို့ရောက်ခြင်း၌, ဆေးသည်အနာကို
ငြိမ်းအံ့သော၌,ယာဉ်သည် ချမ်းသာသဖြင့် သွားအံ့သော၌, လွှားကာ
သည် ဘေးကိုပျောက်စိမ့်သော၌,မင်းသည် စောင့်ရှောက်စိမ့်သော၌,

ပျော့ချပ်သည့် လှံတံ, အနှိုခဲ, လောက်စာလုံး, မြား, လှံတံတို့ကိုတားမြစ် အပ်သော၄ါ,ဆရာသည်အစဉ်အတိုင်း ဆုံးမသွန်သင် အပ်သော၄ါ, မိခင် သည် ကျွေးမွေး သုတ်သင်အပ်သော၄ါ,ကြေးမုံသည် ကြည့်အပ်သော၄ါ, တန်ဆာသည် တင့်တယ်စွာဖုံးလွှမ်းအပ်သော၄ါ, လှေကားသည်. သက် အပ်သော၄ါ, စဉ်းချိန်သည် နှိုင်းရှည့်ခြင်း၄ါ, မန္တရားသည် မန်းမှုတ်အပ် သော၄ါ, လက်နက်သည် အခြိမ်းအချောက်ကို တားအပ်သော၄ါ, ဆီမီး သည် အမိုက်တိုက်ကိုဖျောက်အပ်သော၄ါ,လေသည်ပူပန်ခြင်းကိုငြိမ်းအပ် သော၄ါ, အတတ်သည်အစီးအပွါးကိုပြီးစေခြင်း၄ါ, ဆေးသည်အသက် ကိုစောင့်ရှောက်ခြင်း ကိုယ်၌ရောဂါ မဖြစ်စေခြင်း၄ါ, ရွှေငွေရတနာ သည် တန်ဆာဆင်ခြင်း၄ါ,အာဏာသည် မလွန်ကျူးစိမ့်သော၄ါ,အစိုး ရခြင်းသည် အလိုသို့လိုက်စေခြင်း၄ါ, ဖြစ်ကြသကဲ့သို့ မင်းကြီး၊ ထို့ အတူ ဓုတင်ကျေးဇူးသည် ရဟန်း၏ မျိုးစေ့ကို ရောက်စေခြင်း၄ါ, ကိလေသာအညစ်အကြေးကို ဖွပ်လျှော်ခြင်း၄ါ, တန်ခိုးဆူဒ္ဒိပါဒ်၏အစွမ်း သတ္တိကိုဆောင်ခြင်း၄ါ,သတိသံဝရ တရားကို အမြဲဘွဲ့ခြင်း၄ါ, ယုံမှား သက်ာတွေးတောခြင်းကို ကောင်းစွာဖြတ်ခြင်း၄ါ, တဏှာ တည်းဟူ သော ချင်ခြင်းကိုဖျောက်ခြင်း၄ါ,မဂ်ဖိုလ်ကို ရခြင်းသည် သက်သာရာ ကိုပြုခြင်း၄ါ,လေးပါးသော ဩဃတရားမှ ထုတ်ခြင်း၄ါ, ကိလေသာ တည်းဟူသော အနာမှကင်းငြိမ်းစိမ့်သော၄ါ, နိဗ္ဗာန်ကိုရခြင်း၄ါ, ဇာတိ ဇရာ ဗျာဓိ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ အစရှိသော ဘေး တို့ကို ဖျောက်ခြင်း၄ါ,ရဟန်းဂုဏ်ကျေးဇူးတို့ကိုစောင့်ရှောက်ခြင်း၄ါ, တရား၌ မမွေ့လျော်ခြင်းတည်းဟူသော မိစ္ဆာဝိတက်ကို ဖျောက်ခြင်း ၄ါ, အလုံးစုံသော ရဟန်းအကျိုးကို အစဉ်မပြတ် ဆုံးမခြင်း၄ါ, အလုံး စုံသော ရဟန်းကျေးဇူးကို ကျွေးမွေးခြင်း၄ါ, သမထဝိပဿနာ မဂ် ဖိုလ် နိဗ္ဗာန်ကိုမြင်ခြင်း၄ါ အလုံးစုံသောသူတို့သည် ကောင်းချီးထောမနာ များသော မြတ်သော အတင့်အတယ်ကိုပြုခြင်း၄ါ,အလုံးစုံသောအပါယ် ကိုပိတ်ခြင်း၄ါ, ရဟန်း၏အကျိုး တည်းဟူသော ကျောက်တောင်ထွဋ် သို့တက်အပ်သော၄ါ,လိမ်လည်ကောက်ကျစ် မညီမညွတ်သော စိတ်ကို ဖျောက်အပ်သော၄ါ, မှီဝဲအပ်သောတရား မမှီဝဲအပ်သောတရား တို့ကို ကောင်းစွာစီရင်ခြင်း ပြုကြအပ်သော၄ါ,အလုံးစုံသော ကိလေသာတည်း ဟူသော အညစ်အကြေးကိုပယ်ခြင်း၄ါ, အဝိဇ္ဇာတည်းဟူသော အမိုက်

တိုက်ကို ဖျော့ချက်အံ့သောငှါ လောဘ, ဒေါသ, မောဟ တည်းဟူသော သုံးပါးသောမီးတို့၏ ဖျက်ခြင်းကို ငြိမ်းစိမ့်သောငှါ နူးညံ့သိမ်မွေ့ ငြိမ်သက်သောသမာပတ်ကိုပြီးစီးစိမ့်သောငှါ, အလုံးစုံသောရဟန်းကျေးဇူးကို စောင့်ရှောက်အံ့သောငှါ, ဗောဇ္ဈင်တရားတည်းဟူသော မြတ်သောရတနာကိုဖြစ်စိမ့်သောငှါ, လုံ့လ၌ ယှဉ်ခြင်းကို ပြုအံ့သောငှါ, အထူးသဖြင့်အပြစ်မရှိ နူးညံ့သိမ်မွေ့ ငြိမ်သက်ချမ်းသာသောစိတ်ဖြင့် ကာလကိုလွန်စိမ့်သောငှါ, အလုံးစုံသော ရဟန်း၏အဖြစ်၌မြတ်သော တရားသို့ လိုက်အံ့သောငှါ, ဤသို့ ဆိုအပ်ပြီးသော နည်းဖြင့် ရတင်တရား၌ ကျေးဇူးတခုတခုစိရှိ၏၊ ထိုကျေးဇူးတို့ကိုရှာအံ့သောငှါ ရတင်ကိုကျင့်အပ်၏၊ မင်းကြီး၊ ရတင်တရားကျေးဇူးသည် ချိန်နှိုင်းစရာမရှိ၊ မရေမတွက်နိုင်မမှုနိုင် နှိုင်းရှည့်ဘက်မရှိ မြတ်၏၊ အထူးသဖြင့် ချီးမွမ်းအပ်၏၊ လွန်သော တရားဖြစ်၏၊ ပြန့်ပြောကြီးကျယ် သန့်ရှင်း၏၊ လေးသော ဝန်သဘွယ်ဖြစ်၍ ဖြစ်၏။

မင်းကြီး၊ အကြင်ပုဂ္ဂိုလ်သည် မကောင်းသော အလိုရမ္မက်ရှိ၏၊ အံ့ဘွယ်သရဲနှင့်ယှဉ်သည်ကို ပြုတတ်၏၊ လောဘကြီး၏၊ ဝမ်းစာ၌တပ်မက်မောခြင်းရှိ၏၊ လာဘ်သပ္ပကာကိုအလိုရှိ၏၊ အခြံအရံ အကျော်အစောကိုအလိုရှိ၏၊ ထိုပုဂ္ဂိုလ်သည် ရတင်ကိုဆောက်တည်အံ့၊ ထိုပုဂ္ဂိုလ်အား မလျောက်ပတ် လိုရာသို့မရောက်၊ သင့်တင့်သော သဘောမရှိ၊ ရတင်နှင့်မထိုက်မလျော်၊ ထိုပုဂ္ဂိုလ်သည်နှစ်ဆတက်သော ဒဏ်အပြစ်သို့ရောက်တတ်၏၊ ရောက်ကြောင်းကား မင်းကြီး၊ အလုံးစုံသောဂုဏ်ကျေးဇူးတရားကို ဖျက်ဆီးခြင်းသို့ရောက်လေ၏၊ ပစ္စုပ္ပန်မျက်မှောက်၌သူတပါးတို့စက်ဆုပ် ရွံရှာကဲ့ရဲ့နှိပ်စက်ခြင်း, ဖရိုဖရဲပြုခြင်းသို့ရောက်တတ်၏၊ သိဘင်းသုံးဘော်တို့ အသုံး အဆောင် မပြု၊ မြတ်နိုးတနာမအောက်မေ့၊ နှိပ်စက်အပ်၏၊ လွှင့်လိုက်အပ်သော ရဟန်း၏ အဖြစ်ကိုရ၏၊ တမလွန်ဘဝ၌လည်း ယူဇနာတရာရှိသောအဝီစိငရဲ၌ ကျိုက်ကျိုက်ဆူသော ပြောင်ပြောင်တောက်သော မီးတောက်မီးလျှံ၏ အပြင်၌ နှစ်အရေအတွက် ကုဋေတသိန်း မကသော နှစ်တို့ပတ်လုံး အောက်အထက် ဘီလာကန့်လန့် ဖူးဖူးရောင်သောကိုယ်ရှိလျက် တမြောင်းပြန်ပြန် ကျက်ရ၏၊ ထိုငရဲမှ လွတ်သည်ရှိသော် အင်္ဂါကြီးငယ် အကြောပြိုင်းပြိုင်းထလျက် ဝမ်းခေါင်းဟင်းလင်း ငတ်မွတ်ခေါင်းပါး မညီမညွတ်

အလွန်ကြောက်မက်ဘွယ်သောအဆင်း, ကျီးပဲ့သော နှာတံလောင်းရှိသည်ဖြစ်၍ရင်း, ဘွင့်ချေမြိတ်ချေမျက်စိရှိသည်ဖြစ်၍ရင်း, အရိုးအသားကျက်သောကိုယ် မိုးလောက်တို့ဖြင့် ပြွမ်းသော အလုံးစုံသောကိုယ်ရှိသည်ဖြစ်၍ရင်း၊ ပန်းဘဲတို့၏ဗိုဝ၌ တောက်သော မီးပုံသည်အတွင်း၌ ပြောင်ပြောင် တောက် သကဲ့သို့ ကိုယ်တွင်း၌ သောက်တည်ရာမရ၊ အဘန်တလဲလဲသနားဘွယ် ငိုကြွေးမြည်တမ်းသောဝမ်းခေါင်း၌ ပြောင်ပြောင်လောင်သော နိဇ္ဈာမတဏှိက အမည်ရှိသော ရဟန်းပြိတ္တာကြီးဖြစ်၍ ထိုမှဤမှမြေအပြင်၌ လှည့်ပတ်၍ နာကျင်သော အသံကိုပြု၏၊ မင်းကြီး၊ ဥပမာသော်ကား တစုံတယောက် အမှတ်မရှိသော လူသည်မင်း၏အဖြစ်၌မသင့်မလျော်ကပတ်၊ မထိုက်မတန် ယုတ်သောအမျိုးရှိ၏၊ ထိုသူသည် မင်းတို့၏အဘိသိက်ဖြင့် အဘိသိက်သွန်း၏၊ ထိုသူသည် လက်ခြေဖြတ်ခြင်းအစရှိသောသုံးဆဲ့နှစ်ပါးသော ကမ္မကရဏာကိုခံရ၏၊ အဘယ့်ကြောင့်နည်းဟူမူကား ယုတ်သောအမျိုးရှိသောသူသည် မြတ်သောအစိုးရ သောအရာ၌ မိမိကိုယ်ကိုထားသည်ဖြစ်အံ့၊ မိမိ၏အတိုင်းအရှည်ကိုမသိ၊ မလျော်မလျော်ကပတ် မထိုက်သည်ဖြစ်၍ သေကြေပျက်စီးသကဲ့သို့ ထို့အတူ မင်းကြီး၊ အမှတ်မရှိတစုံတယောက်သော ပုဂ္ဂိုလ်သည်မကောင်းသောအလိုရမ္မက်ဖြင့် နှိပ်စက်ခြင်းရှိ၍ လောဘကြီး၏၊ ဝမ်းစာကိုငဲ့၏၊ အခြံအရံအကျော်အစောကိုအလိုရှိ၏၊ ဓုတင်ကျေးဇူးကိုပစ္စုပ္ပန် သံသရာဘဝနှစ်ပါးတို့၌ မခံစားသည်ဖြစ်၍ ဝမ်းခေါင်းပြောင်ပြောင်လောင်သော နိဇ္ဈာမတဏှိက ပြိတ္တာဖြစ်၍ မြေအပြင်၌ နာကျင်သောအသံကိုပြုရ၏။

မင်းကြီး၊ အကြင်ပုဂ္ဂိုလ်သည်ကား ဓုတင်ကို ဆောက်တည်ခြင်း၌ သင့်တင့်လျော်ကပတ် ထိုက်သောသဘောရှိ၍ အလိုနည်း၍ရောင့်ရဲလွယ်၏၊ ဆိတ်ငြိမ်ရာသို့ကပ်၍ လူတို့နှင့်မရောနှော၊ အားထုတ်ခြင်းလုံ့လရှိ၏၊ ကိလေသာကိုပယ်၏၊ သဘောမခက်ထန်၊ စဉ်းလဲစဉ်းစားမရှိ၊ ဝမ်းစာကိုမငဲ့၊ လာဘ်သပ္ပကာအခြံအရံ အကျော်အစောကို မလို၊ သဒ္ဓါတရားနှင့်ပြည့်စုံ၏၊ သဒ္ဓါ၍ရဟန်းပြု၏၊ ဇရာမရဏာတရားမှ လွတ်လိုသည်ဖြစ်၍ ဘုရားရှင်သာသနာတော်ကို ချီးမြှောက်အံ့ဟု ဓုတင်ကျေးဇူးကိုဆောက်တည်၏၊ ထိုပုဂ္ဂိုလ်သည် နှစ်ဆတက် ပူဇော်ခြင်းကိုခံထိုက်၏၊နတ်လူတို့သည် ချစ်မြတ်နိုးအပ် တောင့်တအပ်သည့်ဖြစ်၍

ပန်းနံ့သာမျိုး လိမ်းခြင်း၌ အလိုရှိသောသူအား မုလေး, ကြက်ရုံး စံပယ်ပန်းတို့ကဲ့သို့ တောင့်တအပ်၏၊ ထမင်းတော်မွတ်သော သူသည် မြတ်နိုးသောဘောဇဉ်ကို တောင့်တအပ်သကဲ့သို့, ရေငတ်မွတ်သော သူသည် ချမ်းအေးကြည်လင်အညစ်အကြေးမရှိသော ရေကို တောင့်တ အပ်သကဲ့သို့, အဆိပ်မှုးသောသူသည် မြတ်သော ဆေးကို တောင့်တ အပ်သကဲ့သို့, လျင်စွာခရီးသွားလိုသောသူသည် အသဇာနည်မြင်းက အပ်သောရထားကို အလိုရှိအပ်သကဲ့သို့, အလိုကိုတောင့်တအပ်သော သူသည် မနောမယပတ္တမြားရတနာကို တောင့်တအပ်သကဲ့သို့ မင်းကြီး၊ အဘိသိက်သွန်းခြင်း၌ အလိုရှိသော မင်းသည် အညစ်အကြေးမတင်, ဖြူစင်သန့်ရှင်းသောထီးဖြူကိုအလိုရှိအပ်သကဲ့သို့,တရားကိုအလိုရှိသော သူသည် အတုမရှိသော အရဟတ္တဖိုလ်ကို ရလေသကဲ့သို့ မင်းကြီး၊ ထို့အတူ ရတင်ကျေးဇူးကို ဆောင်ခြင်း၌ ထိုက်သော ပုဂ္ဂိုလ်အား လေးပါးသောသတိပဋ္ဌာန်, လေးပါးသောသမ္မပ္ပဓာန်, လေးပါးသော ဣဒ္ဓိပါဒ်,ငါးပါးသောဣန္ဒြေ, ငါးပါးသောဗိုလ်,ခုနစ်ပါးသော ဗောဇ္ဈင်, ရှစ်ပါးသော မဂ္ဂင်တရားတို့ကို ပွါးများစေ၍ ပြည့်စုံခြင်းသို့ရောက်၏၊ သမထဝိပဿနာ ပြည့်စုံခြင်း ရင့်ခြင်းသို့ရောက်၏၊လေးပါးသောဖိုလ်, လေးပါးသော ပဋိသမ္ဘိဒါ, သုံးပါးသော ဝိဇ္ဇာ, ခြောက်ပါးသော အဘိညာဉ်, အလုံးစုံသောတရားနှင့်ပြည့်စုံသည်ဖြစ်၍ ထိုရဟန်းအား ခပ်သိမ်းသော ကျေးဇူးတရားနှင့် စပ်ကုန်သည်ဖြစ်ကုန်လတ္တံ့၊ ဝိမုတ္တိ တရား တည်းဟူသော သန့်ရှင်းဖြူစင်အညစ်အကြေးမရှိသော အရဟတ္တ ဖိုလ် တည်းဟူသော ထီးဖြူဖြင့် အဘိသိက်သွန်းလေ၏၊ မင်းကြီး၊ ဥပမာသော်ကား မြတ်သော အမျိုးအနွယ်ရှိသော မင်းအား အဘိသိက် ဖြင့် သွန်းပြီးသော် အလုံးစုံသောတိုင်းနိုင်ငံ နိဂုံးဇနပုဒ် သူရင်း၌း, ဗိုလ် အပေါင်း, ရှစ်မျက်နှာ၌ နေကုန်သောမင်းခယောကျ်ားတို့သည် မြူးတူး ကစားကြကုန်လျက် နတ်မင်္ဂလာချမ်းသာအံ့သောစကားကို ဆိုကုန် လျက် အလုံးစုံသော အရပ်တို့မှ ရသေ့ရဟန်းပုဏ္ဏားတို့သည်လာကြ ကုန်၏၊ အမှတ်မရှိ မြေအပြင်၌နေသော ရတနာ ရွှေငွေတို့၏ တည်ရာ မြို့အခွန်အတုတ်၌ ရန်သူပင်မရှိသည်ဖြစ်၍ ဖျက်ဆီးချိုးဘဲ့အချုပ်သော အပြစ်ရှိသော သူတို့၏လည်း အလုံးစုံနှောင်အိမ်တို့၌ လွတ်ခြင်းကို ရသောအရှင်သည်ဖြစ်၏။

မင်းကြီး၊ ထိုကဲ့သို့ရင်း အကြွင်ပုဂ္ဂိုလ်သည် ဓုတင်ကျေးဇူးကို ဆောက်တည်ခြင်း၌ သင့်တင့်လျောက်ပတ်၏၊ ထိုပုဂ္ဂိုလ်သည် ဝိမုတ္တိ တည်းဟူသော ဖြူစင်သော အညစ်အကြေးမရှိသော အရဟတ္တဖိုလ် ထီးဖြူကိုဆောင်းသဖြင့် အဘိသိက်ခံ၏၊ မင်းကြီး၊ တဆဲ့သုံးပါးသော ဓုတင်ကျေးဇူးတို့သည်ရှိကုန်၏၊ ထိုတဆဲ့သုံးပါးသော ဓုတင်ကျေးဇူး တို့ဖြင့် စင်ကြယ်စွာပြုအပ်ပြီးသောပုဂ္ဂိုလ်သည် နိဗ္ဗာန်တည်းဟူသော သမုဒ္ဒရာသို့ဝင်၍ များသောအပြားအားဖြင့် တရားတည်းဟူသော ကစား ခြင်းဖြင့် ကစားနိုင်၏၊ ရှစ်ပါးသောသမာပတ်တို့ကို သုံးဆောင်နိုင်၏၊ ဣဒ္ဓိဝိဓအဘိညာဉ်၊ ဒိဗ္ဗသောတအဘိညာဉ်၊ ပရစိတ္တဝိဇာနနအဘိညာဉ်၊ ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်၊ ဒိဗ္ဗစက္ခုအဘိညာဉ်၊ အာသဝက္ခယ အဘိညာဉ်သို့ရောက်နိုင်၏။

**ဓုတင်–၁၃–ပါး**·····မင်းကြီး၊ ထိုဓုတင်တဆဲ့သုံးပါး အဘယ် သည်တို့ နည်းဟူမူကား၊ (၁) ပံသုကူ လိကဓုတင်၊ (၂) တိစီဝရိက်ဓုတင်၊ (၃) ပိဏ္ဍပါတိကဓုတင်၊ (၄) သပဒါနစာရိကဓုတင်၊ (၅) ဧကာသနိကဓုတင်၊ (၆) ပတ္တပိဏ္ဍိက ဓုတင်၊ (၇) ခလုပစ္ဆာဘတ္တိကဓုတင်၊ (၈) အာရညိကဓုတင်၊ (၉) ရုက္ခမူလိကဓုတင်၊ (၁၀) အဗ္ဘောကာသိကဓုတင်၊ (၁၁) သောသာ နိကဓုတင်၊ (၁၂) ယထာသန္ထတိကဓုတင်၊ (၁၃) နေသဇ္ဇိကဓုတင်ဟူ၍ တဆဲ့သုံးပါးရှိကုန်၏၊ မင်းကြီး၊ ဤတဆဲ့သုံးပါးသော ဓုတင်ကျေးဇူး တို့ဖြင့် ရှေးသံသရာဘဝ၌ အဘန်တလဲလဲ မှီဝဲအပ်၊ လေ့ကျက်အပ်၊ ဆည်းပူးအပ်၊ ဖြည့်အပ်သောအကြောင်းတို့ဖြင့်စင်စစ်သျှင် အရဟတ္တ ဖိုလ်ကိုရ၏၊ ထိုဓုတင်ဆောက်တည်သော ရဟန်းတို့အား ထိုကျေးဇူး တရားတို့သည်စပ်ကုန်၏၊ အလုံးစုံငြိမ်သက်သော သမာပတ်တရားနှင့် ပြည့်စုံ၏၊ မင်းကြီး၊ ဥပမာသော်ကား ဥစ္စာရှိသောလှေသူကြီးသည် ကောင်းစွာပေးအပ်ပြီးသော ကင်းခွန်ရှိသည်ဖြစ်၍ လိုရောကူးအပ်သော ဆိပ်ဖြင့်မဟာသမုဒ္ဒရာသို့ဝင်၏၊ ဝင်္ဂတိုင်း၊ တက္ကသိုလတိုင်း၊ စိန့်ပြည်၊ သောဝိရတိုင်း၊ အလသန္ဒ၊ ကောလပဋ္ဋန၊ သုဝဏ္ဏဘူမိအရပ်သို့ရင်း၊ ထိုမှ တပါးအလိုရှိရာ အရပ်သို့ရင်း သွားလာနိုင်သကဲ့သို့ ထို့အတူ မင်းကြီး ဤတဆဲ့သုံးပါးသောဓုတင်ကျေးဇူးတို့ဖြင့် ရှေးသံသရာဘဝ၌ မှီဝဲလေ့ ကျက်ဆည်းပူးဖြည့်ကျင့်ခြင်း အကြောင်းတို့ဖြင့် ထုံမွမ်းအပ်သည်ရှိ

သော် စင်စစ်အရဟတ္တဖိုလ်ကိုရ၏၊ ထိုရတင်ဆောက်တည်အူးသော အကျင့်ရှိသောပုဂ္ဂိုလ်အား စင်စစ်အားဖြင့် ငြိမ်သက်သော သမာပတ်ချမ်းသာတို့သည် စပ်ယှဉ်သည်ဖြစ်ကုန်၏၊ မင်းကြီး၊ ဥပမာသော်ကား လယ်ထွန်ယောကျာ်းသည် ရှေးဦးစွာလယ်၌အပြစ်ရှိသော မြက်ထင်းကျောက်အနှင့်တို့ကိုပယ်၍ ထွန်ယက်ပြီးသော် မျိုးကိုပျိုးပြီးသော်ရေကို ကောင်းစွာသွင်း၍ ကျွဲနွားတို့ကို လုံခြုံစွာ စောင့်ရှောက်၍ ရိတ်ခြင်း နယ်ခြင်းကြောင့် များသောစပါးရှိသည်ဖြစ်၏၊ အကြင်ဥစ္စာမရှိ ကိုးကွယ်ရာမရှိ အထီးကျန်သောသူဆင်းရဲတို့သည် ဥစ္စာစပါးရှိသော သူတို့အား စပ်၍ အသက်မွေးခြင်းတို့သည် ဖြစ်ကုန်သကဲ့သို့ မင်းကြီး၊ ထို့အတူ ဤရတင်ကျေးဇူးတို့ဖြင့်ရှေးဘဝ၌ လေ့ကျက်မှီဝဲခြင်းတို့ဖြင့် စင်စစ် သမာပတ်ချမ်းသာတို့သည် ထိုပုဂ္ဂိုလ်အားစပ်လျဉ်းကုန်၏။

မင်းကြီး၊ ဥပမာတနည်းသော်ကား မြတ်သော အမျိုးအနွယ်နှင့် ပြည့်စုံသော အဘိသိက်ခံပြီးသော မင်းသည် လူတို့ကို အစိုးရသည်၊ အရှင်ဟူ၍ အလိုသို့လိုက်ရသည်၊ အလိုရှိတိုင်း ပြုရသည်ဖြစ်၍ အလုံးစုံသောမြေကြီးသည် ထိုအဘိသိက်ခံသော မင်းအား စပ်ယှဉ်သကဲ့သို့ ထို့အတူ မင်းကြီး၊ ဤတဆဲ့သုံးပါးသော ရတင်ကျေးဇူးတို့ဖြင့် ရှေးသံသရာဘဝ၌ ထုံမွမ်းအပ်သည်ရှိသော်အကြောင်း၏ ပြည့်စုံခြင်းတို့ဖြင့် သာသနာတော်မြတ်၌ အစိုးတရဖြစ်၏၊ အလိုရှိတိုင်း အလိုရှိတိုင်း အစိုးတရပြုနိုင်၏၊ အလုံးစုံသောရဟန်းကျေးဇူးတို့သည် ထိုရဟန်း၌ စပ်ကုန်၏။

ထိုစကားကို ထင်ရှားစွာပြလို၍ မင်းကြီး၊ ဝင်္ဂန္တပုဏ္ဏားအ၏ သားဖြစ်သော ဥပသေနမထေရ်သည် ခေါင်းပါးသောရတင်ကျေးဇူးကိုဖြည့်လေ့ရှိသည်ဖြစ်၍ သာဝတ္ထိပြည်၌ သံဃာတော်သည် ပြုအပ်သောကတိကဝတ်ကို နားမထောင်ဘဲ ပရိသတ်နှင့်တကွ ဘုရားရှင် ကိုယ်တော်ထီးကျိန်းတော်မူရာသို့ချဉ်းကပ်၍ ဘုရားရှင်၏ခြေတော်ကို ဦးဖြင့် ရှိခိုးပြီးသော် တင့်တယ်အပ်သောအရပ်၌နေ၏၊ ဘုရားရှင်လည်း ကောင်းစွာဆုံးမအပ်သော ဇာနေ့်ရှိသော ပရိသတ်ကိုကြည့်တော်မူ၍ ဝမ်းမြောက်တော်မူခြင်း နှစ်သက်တော်မူခြင်းရှိ၍ ပရိသတ်နှင့်တကွ ဥပသေနကို စကားပြောတော်မူလိုသည်ဖြစ်၍ မကြောက်မရွံ့ ဗြဟ္မာမင်း၏အသံနှင့်တူသော အသံတော်ဖြင့် ဥပသေန၊သင်၏ပရိသတ်သည် ကြည်ညိုဘွယ်

ရှိစွတကား၊ ဥပသေန၊သင်သည်အဘယ်သို့လျှင် ပရိသတ်တို့ကို ဆုံးမ
သွန်သင်သနည်းဟုမေးတော်မူ၏၊ သဗ္ဗညုဘုရားရှင် မေးတော်မူအပ်
သော ဥပသေနမထေရ်သည် ဟုတ်မှန်သောသဘော ဂုဏ်ကျေးဇူးတို့
၏အစွမ်းဖြင့် ဘုရားရှင်ကို အရှင်ဘုရား၊အကြင်သူသည် တပည့်တော်သို့
ကပ်၍ ရဟန်းပဉ္စင်း၏အဖြစ်ကိုရင်း, နိဿျည်းကိုရင်း, တောင်းပန်အံ့၊
ထိုသူအားဘုရားတပည့်တော်သည် ငါ့ရှင်၊ငါသည် အာရညကင်ဓုတင်,
ပိဏ္ဍပါတ်ဓုတင်, ပံသုကူဓုတင်, တိစီဝရိက်ဓုတင်ကို ဆောက်တည်
၏၊သင်သည်လည်း အကယ်၍အာရညကင်တောကျောင်းဆောက်တည်
သည်ဖြစ်အံ့၊ပိဏ္ဍပါတ်ဆောက်တည်သည်ဖြစ်အံ့၊ပံသုကူလိက ဆောက်
တည်သည်ဖြစ်အံ့၊တိစီဝရိက်ဆောက်တည်သည်ဖြစ်အံ့၊ ဤသို့စကားကို
လိုက်နာသော် ငါသည် သင့်အား ရဟန်းပြုအံ့၊ နိဿျည်းကိုပေးအံ့ဟူ၍
ဆိုလေ့ရှိပါ၏၊ အရှင်ဘုရား၊ထိုသူသည် အကယ်၍ နာခံနှစ်သက်အံ့၊
ထိုသူကို တပည့်တော်သည် ရဟန်းပြု၏၊နိဿျည်းကိုပေး၏၊အကယ်၍
တပည့်တော်ဆိုတိုင်းသော စကားကိုနှစ်သက်ခြင်းမရှိ၊ မွေ့လျော်ခြင်း
မရှိအံ့၊ထိုသူကို ရဟန်းပဉ္စင်းမပြု၊နိဿျည်းကိုမပေး၊အရှင်ဘုရား၊ ဤသို့
သော အဆုံးအမဖြင့် ပရိသတ်ကိုဆောင်ရွက်ပါ၏ဟု ရှင်ဥပသေနသည်
ဘုရားရှင်အားလျှောက်ဘူး၏၊မင်းကြီး၊ ဤသို့လျှင်ဓုတင်ကျေးဇူးမြတ်ကို
ကောင်းစွာဆောက်တည်သောရဟန်းသည် ဘုရားရှင်သာသနာတော်
မြတ်၌ အစိုးတရဖြစ်၏၊ အလိုရှိတိုင်း အစိုးရခြင်း, အလိုရှိတိုင်းပြုနိုင်
ခြင်း၏တည်ရာလည်းဖြစ်၏၊ အလုံးစုံငြိမ်သက်ချမ်းသာ၏၊ သမာပတ္တိ
ဂုဏ်ကျေးဇူးတို့သည်ဓုတင်ဆောက်တည်သောရဟန်းအားစပ်ကုန်၏။

မင်းကြီး၊ဥပမာသော်ကား ကြာပဒုမာသည် အလွန်တိုးပွါးစင်ကြယ်
ခြင်းရှိ၏၊ ထင်ရှားသော ဇာတိလျှင် အမွန်ရှိ၏၊ သိမ်မွေ့နူးညံ့သဖြင့်
တင့်တယ်ခြင်းလည်းရှိ၏၊ ကောင်းသောအနံ့ရှိသည်ဖြစ်၍ တောင့်တ
ချီးမွမ်းအပ်၏၊ ရေညွန်တို့ဖြင့်မလိမ်းကျံ၊ အစဉ်အတိုင်းသော ပွင့်ချပ်
ဝတ်မှုံ ဝတ်ရက် ကြာချပ်တို့ဖြင့် ပြွမ်းသည်ဖြစ်၍ ပိတုန်းအပေါင်း
သည် မှီဝဲအပ်သည်ဖြစ်၍ ချမ်းဧးသောရေကိုမှီ၍ ကြီးရင့်သကဲ့သို့
ထို့အတူ မင်းကြီး၊ ဤတဆဲ့သုံးပါးသော ဓုတင်ကျေးဇူးတို့ဖြင့် ရှေး
သံသရာဘဝ၌ အမြဲ မှီဝဲလေ့ကျက် ဆည်းပူး ဖြည့်ကျင့် အပ်သော

အကြောင်းရှိသည်ဖြစ်၍ အရိယာတို့၏ တပည့်သည် သုံးဆယ်သော မြတ်သောဂုဏ်ကျေးဇူးတို့နှင့် ပြည့်စုံ၏။

**ဂုဏ်ကျေးဇူး ၃၀**..... အဘယ်သို့သော သုံးဆယ်သော ဂုဏ်ကျေးဇူးတို့နှင့်ပြည့်စုံသနည်းဟူမူကား(၁)ကောင်းစွာ ပြေပြစ်နူးညံ့သိမ်မွေ့သော မေတ္တာစိတ်ရှိသည်၊(၂) ဖျက်ဆီးအပ်ပျောက်အပ်နှိပ်အပ်သောမာနရှိသည်၊ (၃) မတုန်မလှုပ် အမြဲထိုးထွင်း၍ ယုံကြည်ခြင်းသဒ္ဓါတရားရှိသည်၊ (၄) ရွှင်မြူးသောစိတ်ကိုပြည့်စုံစွာဆုံးမခြင်းရှိ၍ ငြိမ်သက်ချမ်းမြေ့သောသမာပတ်ကို ရခြင်းရှိသည်၊ (၅) မြတ်သောသီလအားဖြင့် မြတ်သည်ဖြစ်၍ အတုမရှိကောင်းသော အနံ့ဖြင့်ယုံမွှမ်းခြင်းရှိသည်၊(၆)နတ်လူတို့ ချစ်မြတ်နိုးတတ်သည်၊ (၇) နှစ်သက်အပ်သောသူဟူ၍ ကုန်ပြီးသော အာသဝရှိသော မြတ်သော ပုဂ္ဂိုလ်တို့သည်တောင့်တအပ်သည်၊ (၈) နတ်လူတို့အရိုအသေရှိခိုးအပ်သည်၊(၉) ဘုရားအစရှိသော ပညာရှိတို့ ဟုတ်မှန်သော ကောင်းချီးဖြင့် အထူးချီးမွမ်းအပ်သည်၊ (၁၀) ရောနှောခြင်း၌ စွမ်းနိုင်သော ဤလူ့ပြည်နတ်ပြည်၌လည်း လူအပေါင်းနှင့်မလိမ်းကျံမရောနှောသည်၊ (၁၁) အနည်းငယ်သောအပြစ်၌လည်း ဘေးကိုရှုလေ့ရှိသည်၊ (၁၂)ပြန့်ပြောသောမြတ်သော သမ္ပတ္တိကိုပြုကျင့်သော သူတို့အား မဂ်ဖိုလ် တည်းဟူသော မြတ်သောအကျိုးကို ပြီးစေတတ်သည်၊ (၁၃) အလိုရှိ၍တောင့်တသော် ပြန့်ပြောသော မြတ်သောပစ္စည်းကို ရသောအဘို့ရှိသည်၊(၁၄) မြဲသော ကျောင်း အိပ်ရာ နေရာမရှိသည်၊ (၁၅) ဈာန်၌ယှဉ်သော မြတ်သောနေလေ့ရှိသည်၊ (၁၆)ထွေးရှက်သော ကိလေသာတည်းဟူသော ကွန်ယက်ကို ဖျက်ဆီးသည်၊(၁၇) မြတ်သောတရားကို ကောက်ကျစ်၍ဖုံးလွှမ်းခြင်းရှိသည်၊(၁၈) လာလတ္တံ့သောဂတိကို မြင်ခြင်းရှိသည်၊ (၁၉) အပ္ပနာသို့ရောက်သောတရားရှိသည်၊ (၂၀) နှိမ့်ချသော၍နေခြင်းရှိသည်၊ (၂၁) အပြစ်မရှိသော အသုံးအဆောင် ရှိသည်၊(၂၂) ဂတိတရားမှလွတ်သည်၊ (၂၃) ယုံမှားသက်ဝမှ ကူးမြောက်သည်။ (၂၄) ဝိမုတ္တိဈာန်ကို အလိုရှိသည်၊ (၂၅) မြင်အပ်သောတရားရှိသည်၊ (၂၆) မတုန်မလှုပ် မြဲသည်ဖြစ်၍ ဘေးကိုတားမြစ်စေသော သူတို့၏မှီခိုရာသို့ ရောက်သည်၊ (၂၇) ကောင်းစွာ ဖြတ်အပ်သော အနုသယရှိသည်၊ (၂၈) အစိုးရသော အာသဝေါကုန်ခြင်းသို့ ရောက်သည်၊(၂၉) ငြိမ်

သက်ချမ်းမြွေ့သောသမာပတ်၌ များစွာနေလေ့ရှိသည်၊ (၃၀) အလုံးစုံ ရဟန်းကျေးဇူးတည်းဟူသော ဂုဏ်နှင့်ပြည့်စုံသည် ဖြစ်၏။

မင်းကြီး၊ ရှင်သာရိပုတ္တရာမထေရ်သည် တသောင်းသောလောက ဓာတ်၌ မြတ်သောယောကျ်ားဖြစ်၏၊ အားဆယ်ပါးနှင့် ပြည့်စုံတော်မူ သောဘုရားရှင်ကိုထား၍ လောက၌စင်ကြယ်ခြင်း ရှိတော်မူ၍ မနိူင်း ရှည့်အပ်သော အသင်္ချေယျကပ် ပတ်လုံး ကောင်းစွာ ဆည်းပူးအပ် သောကုသိုလ်လျှင် အရင်းရှိသည်ဖြစ်၍ ပုဏ္ဏားတို့၏ အမျိုးဖြစ်လျက် ကာမ ဂုဏ်ချမ်းသာ၌ မွေ့လျော်စံပယ်လျက် အရာမကများစွာသောအရေအ တွက်ရှိသောရွှေငွေရတနာကိုပစ်စွန့်၍ ဘုရားရှင်သာသနာတော်၌ရဟန်း ပြုပြီးသော် ဤတဆဲ့သုံးပါးသော ဓုတင်ကျေးဇူးတို့ဖြင့် ကိုယ်နှုတ် နှလုံး ကိုဆုံးမ၍ ဤယခုထက်တိုင် အတိုင်းမသိသောဂုဏ်ကျေးဇူးတို့နှင့်ပြည့် စုံသည်ဖြစ်၍ ဂေါတမ မြတ်စွာဘုရား၏ သာသနာတော်၌ မြတ်သော တရားတည်းဟူသော စက်အာဏာကို ဖြစ်စေတတ်သောပုဂ္ဂိုလ်ဟု ထင် ရှား၏။ ။ထို့ကြောင့် မင်းကြီး၊နတ်တကာတို့ထက် မြတ်တော်မူသော ဘုရားသခင်သည် ချစ်သားရဟန်းတို့၊ ငါဘုရားနှင့်အတူ တရားဓမ္မစက် ကို ဖြစ်စေနိုင်သော တစုံတယောက်သောသူကို ငါဘုရားမြင်တော်မမူ၊ ဤသာရိပုတ္တရာသည်သာ ငါဘုရားနှင့်အတူ တရားတည်းဟူသော ဓမ္မ စက်ကို ဖြစ်စေနိုင်၏ဟူသောစကားကို ဟောတော်မူ၏ဟု ဖြေသော် မိလိန္ဒမင်းသည် အရှင်ဘုရား၊ ကောင်းပေစွ၊ အလုံးစုံသော အင်္ဂါကိုး ပါးရှိသော အကြင် မြတ်စွာဘုရား စကားတော်သည်ရှိ်၊ အကြင် လောကုတ္တရာအခြင်းအရာသည်ရှိ်၊ အကြင်လောက၌ ပြန့်ပြောသော မြတ်သောအဖြစ်နှင့်ပြည့်စုံခြင်းသည်ရှိ်၊ ထိုအလုံးစုံသည် ဓုတင်ဂုဏ် ကျေးဇူးတို့၌ ပေါင်းစုခြင်းသို့ ရောက်ကုန် သက်ဝင်ကုန်၏ဟု ဝန်ခံ လေ၏။

ဓုတင်ပဉှာပြီး၏။ အနုမာနဝဂ္ဂေါ စတုတ္ထော။

---

### ၁၇၂။ အရဟတ္တဖလသစ္ဆိကိရိယာယအင်္ဂပဉှာ

အရဟတ္တဖိုလ်မျက်မှောက်ပြုနိုင်သည့်အင်္ဂါ......မိလိန္ဒ မင်းသည် မေဏ္ဍက ပြဿ

နာကို မေးပြီးသော် အရှင်ဘုရား၊ အဘယ်မျှလောက်သော ဂုဏ်ကျေးဇူးအင်္ဂါတို့နှင့်ပြည့်စုံသောရဟန်းသည် အရဟတ္တဖိုလ်ကို မျက်မှောက်ပြုနိုင်သနည်းဟု မေး၏။

ဘန္တေ နာဂသေန ကတိဟင်္ဂေဟိ သမန္နာဂတော ဘိက္ခု အရဟတ္တံ သစ္ဆိကရောတီတိ။ ။ဟူသည်တည်း။

ဘန္တေ နာဂသေန၊ ရှင်နာဂသေနမထေရ်။ ကတိဟင်္ဂေဟိ၊ အဘယ်မျှလောက်သော ဂုဏ်ကျေးဇူးအင်္ဂါတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံသော။ ဘိက္ခု၊ ရဟန်းသည်။ အရဟတ္တံ၊ အရဟတ္တဖိုလ်ကို။ သစ္ဆိကရောတိ၊ မျက်မှောက်ပြုနိုင်လေသနည်း။ ဣတိ၊ ဤသို့။ ပုစ္ဆိ၊ မေး၏။

မင်းကြီး၊ ဤသာသနာတော်၌ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုခြင်းငှါ အလိုရှိသောရဟန်းသည် မြည်း၏အင်္ဂါ တပါးကို ယူအပ်၏၊ ဤသို့အစရှိသည်ဖြင့် မာတိကာအစဉ်သည် တရာ့ငါးပါး အပြားရှိ၏၊ ထိုတရာ့ငါးပါးအစဉ်သည် အဘယ်သို့ဖြစ်သနည်းဟူမူကား—

## မာတိကာ ၁၀၅-ပါး

၁။ မြည်း ၏ အင်္ဂါ တပါး။
၂။ ကြက် ၏ အင်္ဂါ ငါးပါး။
၃။ ရှဉ့်မ ၏ အင်္ဂါ တပါး။
၄။ သစ်မ၏ အင်္ဂါ တပါး။
၅။ သစ်ဖို၏ အင်္ဂါ နှစ်ပါး။
၆။ ရေလိပ်၏ အင်္ဂါ ငါးပါး။
၇။ နှဲခြွေ၏ အင်္ဂါ တပါး။
၈။ လေး၏ အင်္ဂါ တပါး။
၉။ ကျီးငှက်၏ အင်္ဂါ နှစ်ပါး။
၁၀။ မျောက်၏ အင်္ဂါ နှစ်ပါး။
၁၁။ ဗူးနွယ်၏ အင်္ဂါတပါး။
၁၂။ ကြာပဒုမာ၏ အင်္ဂါ သုံးပါး။
၁၃။ မျိုးစေ့၏ အင်္ဂါ နှစ်ပါး။

၁၄။ သာလကလျှာကျိမည်သော သစ်ပင်၏အင်္ဂါတပါး။
၁၅။ လှေ၏အင်္ဂါသုံးပါး။
၁၆။ လှေကျောက်ဆူး၏အင်္ဂါနှစ်ပါး။
၁၇။ လင်းယဉ်တိုင်၏အင်္ဂါတပါး။
၁၈။ လှေသူကြီး၏အင်္ဂါသုံးပါး။
၁၉။ အမှုလုပ်သောသူ၏အင်္ဂါတပါး။
၂၀။ သမုဒ္ဒရာ၏အင်္ဂါငါးပါး။
၂၁။ မြေကြီး၏အင်္ဂါငါးပါး။
၂၂။ ရေ၏အင်္ဂါငါးပါး။
၂၃။ မီး၏အင်္ဂါငါးပါး။
၂၄။ လေ၏အင်္ဂါငါးပါး။
၂၅။ တောင်၏အင်္ဂါငါးပါး။
၂၆။ ကောင်းကင်၏အင်္ဂါ ငါးပါး။
၂၇။ လ၏အင်္ဂါငါးပါး။
၂၈။ နေ၏အင်္ဂါခုနစ်ပါး။
၂၉။ သိကြားမင်း၏အင်္ဂါသုံးပါး။
၃၀။ စကြဝတေးမင်း၏အင်္ဂါလေးပါး။
၃၁။ ခြ၏အင်္ဂါတပါး။
၃၂။ ကြောင်၏အင်္ဂါနှစ်ပါး။
၃၃။ ကြွက်၏အင်္ဂါတပါး။
၃၄။ ကင်းမြီးကောက်၏အင်္ဂါတပါး။
၃၅။ မြွေပါ၏အင်္ဂါတပါး။
၃၆။ မြေခွေးမို၏အင်္ဂါနှစ်ပါး။
၃၇။ သမင်၏အင်္ဂါသုံးပါး။
၃၈။ နွားအပေါင်း၏အင်္ဂါလေးပါး။
၃၉။ ဝက်၏အင်္ဂါနှစ်ပါး။
၄၀။ ဆင်၏အင်္ဂါငါးပါး။
၄၁။ ခြင်္သေ့၏အင်္ဂါခုနစ်ပါး။
၄၂။ စက္ကဝက်ငှက်၏အင်္ဂါသုံးပါး။
၄၃။ ဒေါက်ခြင်းစာငှက်၏အင်္ဂါနှစ်ပါး။

၄၄။ အိမ်၌နေသောခိုငှက်၏အင်္ဂါတပါး။
၄၅။ ခင်ပုပ်ငှက်၏အင်္ဂါနှစ်ပါး။
၄၆။ ကျိန်စာရှက်သောသူ၏အင်္ဂါတပါး။
၄၇။ လင်းနို့၏အင်္ဂါနှစ်ပါး။
၄၈။ မြော့၏အင်္ဂါတပါး။
၄၉။ မြွေ၏အင်္ဂါသုံးပါး။
၅၀။ စပါးကြီး၏အင်္ဂါတပါး။
၅၁။ အိမ်ဘွဲ့သောပင့်ကူ၏အင်္ဂါတပါး။
၅၂။ နို့ကိုမှီ၍အသက်မွေးသောသူငယ်၏အင်္ဂါတပါး။
၅၃။ ကြည်း၌ရှိသော လိပ်ပြောက်၏အင်္ဂါတပါး။
၅၄။ တောအုပ်၏အင်္ဂါငါးပါး။
၅၅။ သစ်ပင်၏အင်္ဂါသုံးပါး။
၅၆။ မိုးတိမ်တိုက်၏အင်္ဂါငါးပါး။
၅၇။ ပတ္တမြားရတနာ၏အင်္ဂါသုံးပါး။
၅၈။ သားမုဆိုး၏အင်္ဂါလေးပါး။
၅၉။ ငါးမျှားသောသူ၏အင်္ဂါနှစ်ပါး။
၆၀။ တစည်းသွား၏အင်္ဂါနှစ်ပါး။
၆၁။ ကျီး၏အင်္ဂါတပါး။
၆၂။ တီးတုတ်ငှက်၏အင်္ဂါနှစ်ပါး။
၆၃။ ထီး၏အင်္ဂါသုံးပါး။
၆၄။ လယ်၏အင်္ဂါသုံးပါး။
၆၅။ ဆေး၏အင်္ဂါနှစ်ပါး။
၆၆။ ဘောဇဉ်၏အင်္ဂါသုံးပါး။
၆၇။ လေးသွား၏အင်္ဂါလေးပါး။
၆၈။ အစိုးရသောသူ၏အင်္ဂါလေးပါး။
၆၉။ တံခါးစောင့်၏အင်္ဂါနှစ်ပါး။
၇၀။ ကျောက်ပျဉ်၏အင်္ဂါတပါး။
၇၁။ ဆီမီး၏အင်္ဂါနှစ်ပါး။
၇၂။ ဥဒေါင်း၏အင်္ဂါနှစ်ပါး။
၇၃။ မြင်း၏အင်္ဂါနှစ်ပါး။

၇၄။ ထုံးအိုင်၏အင်္ဂါနှစ်ပါး။
၇၅။ တုရိုဏ်းတိုင်၏အင်္ဂါနှစ်ပါး။
၇၆။ စဉ်းချိန်ခွင်၏အင်္ဂါတပါး။
၇၇။ သန်လျက်၏အင်္ဂါနှစ်ပါး။
၇၈။ အမတ်၏အင်္ဂါနှစ်ပါး။
၇၉။ သူကြွယ်၏ကြွေးမြီကိုယူသောသူ၏အင်္ဂါတပါး။
၈၀။ နာသောသူ၏အင်္ဂါနှစ်ပါး။
၈၁။ သေသောသူ၏အင်္ဂါနှစ်ပါး။
၈၂။ မြစ်၏အင်္ဂါနှစ်ပါး။
၈၃။ နွားလားဥသဘ၏အင်္ဂါတပါး။
၈၄။ ခရီး၏အင်္ဂါနှစ်ပါး။
၈၅။ ကင်းခွန်ကိုကြားသောသူ၏အင်္ဂါတပါး။
၈၆။ ခိုးသူ၏အင်္ဂါသုံးပါး။
၈၇။ ငှက်ဆင်၏အင်္ဂါတပါး။
၈၈။ အိမ်ခွေး၏အင်္ဂါတပါး။
၈၉။ ဆေးသမား၏အင်္ဂါသုံးပါး။
၉၀။ ကိုယ်ဝန်ဆောင်သောမိန်းမ၏အင်္ဂါနှစ်ပါး။
၉၁။ စခရိမည်သောသား၏အင်္ဂါတပါး။
၉၂။ တိတိဘူးငှက်၏အင်္ဂါနှစ်ပါး။
၉၃။ ခိုမ၏အင်္ဂါသုံးပါး။
၉၄။ တဘက်သောမျက်စိရှိသောသူ၏အင်္ဂါနှစ်ပါး။
၉၅။ လယ်လုပ်သောယောက်ျား၏အင်္ဂါနှစ်ပါး။
၉၆။ ဖ့မြေခွေး၏အင်္ဂါတပါး။
၉၇။ ကှာင်းစားသောသူ၏အင်္ဂါနှစ်ပါး။
၉၈။ ယောက်မ၏အင်္ဂါတပါး။
၉၉။ ကြွေးချသောသူ၏အင်္ဂါသုံးပါး။
၁၀၀။ တရားစီစစ်သောသူ၏အင်္ဂါတပါး။
၁၀၁။ ရထား၏အင်္ဂါနှစ်ပါး။
၁၀၂။ ဖောဇဉ်ကိုစားသောသူ၏အင်္ဂါနှစ်ပါး။
၁၀၃။ အပ်လျှိုသမား၏အင်္ဂါတပါး။

၁၀၄။ လှေစီးသောသူ၏အင်္ဂါတပါး။
၁၀၅။ ပိတုန်း၏အင်္ဂါနှစ်ပါး။
ဤသို့လျှင် ပေါင်း တရာ့ငါးရသောမာတိကာရှိ၏။

## ၁-မြည်း၏အင်္ဂါတပါး

ထိုမာတိကာတရာ့ ငါးပါးတို့ကိုခွဲဝေ၍ပြစိမ့်သော်ငှါ အရှင်ဘုရား၊ မြည်း၏အင်္ဂါတပါးကို ယူအပ်၏ဟု အရှင်ဆို၏၊ ထိုမြည်း၏ အင်္ဂါတပါး သည်အဘယ်သို့ဖြစ်ရာသနည်းဟုမေးသော်၊(၁) မင်းကြီး၊မြည်းမည် သည်ကား တံမြက်ချေး, နံရံ,ခရီးမြွာ,ခရီးကွေ့,ရွာတံခါး,စပါးစု,တခုခု သောအရပ်၌အိပ်၏၊ ထိုတခုခုသောအရပ်၌အိပ်သော်လည်း များစွာအိပ် လေ့မရှိသကဲ့သို့ ထို့အတူ မင်းကြီး၊ ယောဂါဝစရပုဂ္ဂိုလ်သည်မြက် အခင်း, သစ်ရွက်အခင်း, သစ်ပျဉ်ညောင်စောင်း, မြေအရပ်တခုခု၌ စမ္မခဏ်သားရေနယ်ကိုခင်း၍ အိပ်ရာ၏၊ အိပ်ခြင်းများသည်မဖြစ်ရာ၊ ဤသည်လျှင်မင်းကြီး၊ မြည်း၏အင်္ဂါ တပါးကို ယူအပ်၏၊ မင်းကြီး၊ ကမ္မဋ္ဌာန်း၌ မမေ့မလျော့ သင့် ကြောင်းကို ငါသည်လျှင်လည်း ပြောဆို သည် မဟုတ်၊ ဘုရားရှင်လည်း ဟောတော်မူအပ်၏ဟု သာဓကဖြင့်ပြ ပြန်၏။

ဘာသိတမ္ပေတံ မဟာရာဇ ဘဂဝတာ ဒေဝါတိဒေဝေန၊
ကလိင်္ဂရူပမာနာ ဘိက္ခဝေ ဧတရဟိ မမသာဝကာ ဝိဟရန္တိ
အပ္ပမတ္တာ အာတာပိနော ပဓာနသ္မိန္တိ။ ။ဟူသည်တည်း။

မဟာရာဇ၊ မင်းကြီး။ ဒေဝါတိ ဒေဝေန၊ နတ်တကာတို့ထက် နတ် မြတ်ဖြစ်တော်မူသော။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဧတံပိ၊ ဤ စကားကိုလည်း။ ဘာသိတံ၊ ဟောတော် မူအပ်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ဧတရဟိ၊ ဤယခုသာသနာတော်၌။ မမ၊ ငါ၏။ သာဝကာ၊ တပည့်သား သာဝကတို့သည်။ ကလိင်္ဂရူပမာနာ၊ ပျဉ်းရိုသည် ဖြစ်၍ အိပ်သောသဘောမရှိကုန်သည်ဖြစ်၍။ ပဓာနသ္မိံ၊ ကမ္မဋ္ဌာန်းစီးဖြန်းခြင်း ၌။ အာတာပိနော၊ ကိလေသာကိုပူပန်စေတတ်သော လုံ့လရှိကုန်သည် ဖြစ်၍။အပ္ပမတ္တာ၊ မမေ့မလျော့ကုန်သည်ဖြစ်၍။ဝိဟရန္တိ၊နေကုန်၏။

ထိုအကြောင်းကို ရှင်သာရိပုတ္တရာလည်း ဟောကြောင်းကို ပြ ပြန်၏။

ဘာသိတမေ့တံ မဟာရာဇ ထေရေန သာရိပုတ္တေန ဓမ္မသေနာပတိနာ။

ပလ္လင်္ကေန နိသိန္နဿ၊ ဇဏ္ဏုကေနာပိ ဝသတိ။
အလံဖာသု ဝိဟာရေယ၊ ပဟိတတ္တဿ ဘိက္ခုနောတိ။

မဟာရာဇ၊ မင်းကြီး၊ သာရိပုတ္တေန၊ သာရိပုတ္တရာအမည်ရှိသော။ ဓမ္မသေနာပတိနာ၊ တရားစစ်သည် အမှူးဖြစ်သော။ ထေရေန၊ မထေရ်သည်။ ဣတံပိ၊ ဤစကားကိုလည်း။ ဘာသိတံ၊ ဟောတော်မူအပ်၏။ ယောဂါဝစရော၊ ကမ္မဋ္ဌာန်းကို စီးဖြန်းသော ရဟန်းသည်။ ပလ္လင်္ကေနာပိ၊ ထက်ဝယ်ဖြင့်ရင်း။ ဇဏ္ဏုကေနာပိ၊ ပုဆစ်ဒူးဖြင့်ရင်း။ နိသိန္နဿ၊ ထိုင်လျက်။ ဝသတိ၊ နေ၏။ ပဟိတတ္တဿ၊ ကမ္မဋ္ဌာန်း၌လုံ့လရှိသော။ ဘိက္ခုနော၊ ရဟန်းအား။ ဖာသုဝိဟာရေယ၊ ချမ်းသာစွာနေခြင်းငှါ။ အလံ၊ ထိုက်၏။ ဣတိ၊ ဤသို့။ ဘာသိတံ၊ ဟောတော်မူအပ်၏။

## ၂-ကြက်၏အင်္ဂါငါးပါး

အရှင်ဘုရား၊ကြက်၏အင်္ဂါ ငါးပါးတို့ကို ယူအပ်ကုန်၏ဟု အကြင်စကားကိုဆို၏၊ ထိုငါးပါးသောအင်္ဂါသည် အဘယ်တို့နည်းဟုမေး၏။(၁) မင်းကြီး၊ ကြက်သည် အခါကိုမှတ်၍ အိပ်သကဲ့သို့ ထို့အတူ ယောဂါဝစရပုဂ္ဂိုလ်သည် စေတီအပြင်ကို တံမြက်လှဲ၍ နံနက်အခါ သောက်ရေ သုံးဆောင်ရေ တည်ထားပြီးသော် ကိုယ်ကိုသုတ်သင် ရေချိုးပြီးလျှင် စေတီကိုရှိခိုးပြီး၍ သီတင်းကြီးရဟန်းတို့အား ဖူးမြင်ခြင်းငှါသွား၍ အခါကိုမှတ်သဖြင့် ဆိတ်ငြိမ်ရာ အရပ်သို့ဝင်၍ အိပ်အပ်၏။ မင်းကြီး၊ ဤသည်ကား ကြက်၏ရှေးဦးစွာသောအင်္ဂါဟူ၍ မှတ်အပ်၏။(၂)တဘန်လည်း မင်းကြီး၊ ကြက်သည် အခါအချိန်ဖြင့်သာလျှင် ထသကဲ့သို့ ထို့အတူ မင်းကြီး၊ ယောဂါဝစရပုဂ္ဂိုလ်သည် အချိန်အခါကို မှတ်သဖြင့် အိပ်ရာမှထ၍ စေတီပြင်ကိုတံမြက်လှဲ၍ သောက်ရေ သုံးဆောင်ရေကို တည်ထားပြီးသော် ကိုယ်လက် သုတ်သင်ပြီးလျှင် စေတီကို ရှိခိုးဝတ်တက်ပြုပြီး၍ ကမ္မဋ္ဌာန်းအိမ် ဆိတ်ငြိမ်ရာသို့ ဝင်အပ်၏၊ ဤသည်ကား မင်းကြီး၊ ကြက်၏နှစ်ခုမြောက်သောအင်္ဂါကိုယူအပ်၏။ (၃) တဘန်လည်း မင်းကြီး၊ ကြက်သည်မြေကိုယက်၍ အစာကိုကောက်ယူသကဲ့သို့ ထို့အတူမင်းကြီး၊ယောဂါဝစရပုဂ္ဂိုလ်သည် ပစ္စဝေက္ခဏာဆင်ခြင်

၍ အစာကိုမျှိုအပ်စားအပ်၏။ ။နေဝ ဒဝါယ နမဒ္ဒါယ နမဏ္ဍနာယ နဝိဘူသနာယ ယာဝဒေဝ ဣမဿ ကာယဿ ဌိတိယာ ယာပနာယ ဝိဟိံသူပရတိယာ၊ ဗြဟ္မစရိယာ နုဂ္ဂဟာယ ဣတိပုရာဏဉ္စ ဝေဒနံ ပဋိ ဟင်္ခါမိ နဝဉ္စဝေဒနံ နဥပ္ပါဒေဿာမိ ယာတြာစမေဘဝိဿတိအနဝဇ္ဇတာစ ဖာသုဝိဟာရောစ ဟု ဆင်ခြင်အပ်၏။ ။မင်းကြီး၊ ဤသည်ကား ကြက်၏ သုံးခုမြောက်သောအင်္ဂါကိုယူအပ်၏၊ထိုစကားကို မင်းကြီး၊ ငါသာလျှင် ဆိုအပ်သည်မဟုတ်၊ဘုရားရှင်လည်း ဟောတော်မူအပ်၏ ဟု သာဓကကိုပြ၏။

ကန္တာရေ ပုတ္တမံသံဝ၊ အက္ခဿ ဘဉ္ဇနံ ယထာ။
ဧဝံ အာဟရိ အာဟာရံ၊ ယာပနတ္ထ မမုစ္ဆိတောတိ။
ဟူသည်တည်း။

ကန္တာရေ၊ ခရီးခဲအရပ်၌။ ပုတ္တမံသံဝ၊ မိမိသား၏ အသားကိုကဲ့သို့ ၎င်း။ အက္ခဿ၊ လှည်းဝင်ရိုး၏။ ဘဉ္ဇနံယထာ၊ ကျိုးအံ့သောအခါကဲ့သို့ ၎င်း။ ဧဝံတထာ၊ ထို့အတူ။ ဘိက္ခု၊ ယောဂါဝစရရဟန်းသည်။အမုစ္ဆိတော၊အစာ၌မက်မောတွေဝေခြင်းမရှိသည်ဖြစ်၍။ယာပနတ္ထံ၊ကိုယ်ကို မျှနိုင်ခြင်းငှါ။ အာဟာရံ၊ အစာအာဟာရကို။အာဟရိ၊ဆောင်၏။ဣတိ၊ ဤသို့။ ဘာသိတံ၊ဟောတော်မူအပ်၏။ (၄) တဘန်လည်း မင်းကြီး၊ ကြက်သည် မျက်စိရှိငြားသော်လည်း ညဥ့်အခါ ကန်းသည်ဖြစ်သကဲ့ သို့ ထို့အတူ မင်းကြီး၊ ယောဂါဝစရ ပုဂ္ဂိုလ်သည် မကန်းဘဲလျက် ကန်းသကဲ့သို့ တောအရပ်ဆွမ်းခံရာ၌ ဆွမ်းအလို့ငှါ သွားသဖြင့်လည်း တဏှာနှင့် စပ်ယှဉ်သော ရူပါရုံ, သဒ္ဒါရုံ,ဂန္ဓာရုံ,ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ, ဓမ္မာရုံတို့၌ ကန်းသကဲ့သို့ နားပင်းသကဲ့သို့ အထူးထူးသော အာရုံ၏ အကြောင်းလက္ခဏာကို မစွဲလမ်းအပ်၊ဤသည်လျှင် မင်းကြီး၊ ကြက်၏ လေးခုမြောက်သောအင်္ဂါကိုယူအပ်၏၊ မင်းကြီး၊ ထိုစကားကိုငါသာ လျှင်လည်းမဆို၊ ကစ္စည်းမဟာထေရ်မြတ်သည်လည်း ဟောဘူးပါ၏ ဟု သာဓကဖြင့်ပြပြန်၏။

စက္ခုမာဿ ယထာ အန္ဓော၊သောတဝါ ဗဓိရောယထာ။
ဇိဝှါဝဿ ယထာမူဂေါ၊ ဗလဝါ ဒုဗ္ဗလောရိဝ။
အတ္တ အတ္ထေ သမုပ္ပန္နေ၊ သယေထ မတသာယိကန္တိ။
ဟူသည်တည်း။

အစ္စာအရေ၊ မိမိ၏အကျိုးစီးပွါးသည်။ သမုပ္ပန္နေ၊ နှကောင်းစွာဖြစ်လတ္တံ့သည်ရှိသော်၊ စက္ခုမာ၊ မျက်စိအမြင်နှင့် ပြည့်စုံသောသူသည်။ အန္ဓောယထာ၊ ကန်းသောသူကဲ့သို့။ အသဘာဝေယျ၊ ဖြစ်ရာ၏။ သောတဝါ၊ သောတနှင့်ပြည့်စုံသောသူသည်။ ဗဓိရောယထာ၊ နားပင်းသောသူကဲ့သို့။ အသဘာဝေယျ၊ ဖြစ်ရာ၏။ ဇိဝှါဝါ၊ လျှာနှင့် ပြည့်စုံသော်လည်း။ မူဂေါယထာ၊ အ သောသူကဲ့သို့။ အသဘာဝေယျ၊ ဖြစ်ရာ၏။ ဗလဝါ၊ အားရှိသော်လည်း။ ဒုဗ္ဗလောဝ၊ အားနည်းသော သူကဲ့သို့။ အသဘာဝေယျ၊ ဖြစ်ရာ၏။ မတသာယိကာ၊ သူသေ၏ အိပ်ခြင်း ကဲ့သို့ အိပ်ခြင်းရှိသည်ဖြစ်၍။ သယေယျ၊ အိပ်ရာ၏။ ဇာတိ၊ ဤသို့။ ကစ္စာယနတ္ထေရော၊ ကစ္စည်းမထေရ်သည်၊ဘာသိတံ၊ ဟောတော်မူအပ်၏။ ။

(၅) တဘန်လည်း မင်းကြီး၊ ကြက်သည် အရှင်ခဲ လှံတံ ဒေါက်လုံး ဆောက်ရိုက်တို့ဖြင့် အဘန်တလဲလဲ ခြိမ်းချောက်သော်လည်း မိမိ၏ အိပ်ရာအရပ်ကိုမစွန့်သကဲ့သို့ ထို့အတူ မင်းကြီး၊ ယောဂါဝစရပုဂ္ဂိုလ်သည် သက်နှန်းချုပ်သောအမှုကိုပြုသဖြင့်ရင်း, အမှုသစ် ဝတ်ကြီးဝတ်ငယ်ကို ပြုခြင်းဖြင့်ရင်း,ပါဠိအဋ္ဌကထာ သင်ခြင်း သင်စေခြင်းဖြင့်ရင်း, မိမိသည် စွဲလမ်းအင်သော ယောနိသော မနသိကာရတရားကို မစွန့်အပ်၊ မင်းကြီး၊ ယောနိသောမနသိကာရသည် မိမိစွဲလမ်းရာအိမ်တည်း၊ ဤသည်လျှင် မင်းကြီး၊ ကြက်၏ငါးခုမြောက်သောအင်္ဂါကိုယူအပ်၏။ မင်းကြီး၊ ငါသာလျှင်လည်း ထိုစကားကိုဆိုအပ်သည်မဟုတ်၊ ဘုရားရှင်လည်း ဟောတော်မူအပ်၏ဟု သာဓကဖြင့်ပြ၏။

ဘာသိတမ္ပေတံ မဟာရာဇ ဘဂဝတာ ဒေဝါတိ ဒေဝေန၊
ကောစ ဘိက္ခဝေ ဘိက္ခုနော ဂေါစရောသကော ပတ္တိကော
ဝိသယော ယဒိဒံ စတ္တာရော သတိပဋ္ဌာနာတိ။
ဟူသည်တည်း။

မဟာရာဇ၊ မင်းကြီး။ ဒေဝါတိ ဒေဝေန၊ နတ်ဆကာတို့ထက် နတ်မြတ်ဖြစ်တော်မူသော။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဧတံပိ၊ ဤသို့သော စကားကိုလည်း။ ဘာသိတံ၊ ဟောတော်မူအပ်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ စတ္တာရောသတိပဋ္ဌာနာတိ၊ လေးပါးသောသတိပဋ္ဌာန်တရားဟူ၍။ ယဒိဒံ ယံဣဒံ ယောဇေသောဝမ္ဗော၊ အကြင်တရားသည်။ အတ္ထိ၊ ရှိ၏။

ဧသောခမ္ဘော၊ ဤသတိပဌာန်တရားသည်။ ကောစ၊ အဘယ် တရားနည်း။ ဘိက္ခုနော၊ ရဟန်း၏။ သင်္ကော၊ မိမိဥစ္စာဖြစ်သော။ ဂေါစရော၊ အာရုံသည်။ ကောစ၊ အဘယ်နည်း။ ပတ္တိကော၊ ဗိတ်၏သွားရာဖြစ်သော။ ဝိသယော၊ အာရုံသည်။ ကောစ အဘယ်နည်း။ ဣတိ၊ ဤသို့။ ဘာသိတံ၊ ဟောတော်မူအပ်၏။

ထိုစကားကိုမင်းကြီး၊ ရှင်သာရိပုတ္တရာလည်း ဟောတော် မူအပ်၏ဟု သာဓကပြပြန်၏။

ဘာသိတမ္ပေတံ မဟာရာဇ ထေရေန သာရိပုတ္တေန ဓမ္မသေနာပတိနာ။
ယထာ သုဒန္တော မာတင်္ဂေါ၊ သကံ သောဏ္ဍံ နမဒ္ဒတိ။
ဘက္ခာ ဘက္ခံ ဝိဇာနာတိ၊ အတ္တနော ဝုတ္တိကပ္ပနံ။
တထေဝ ဗုဒ္ဓပုတ္တေန၊ အပ္ပမတ္တေန ဝါ ပန။
ဇိန ဝစနံ နမဒ္ဒိတဗ္ဗံ၊ မနသိကာရ ဝရုတ္တမန္တိ။ ။ဟူသည်တည်း။

မဟာရာဇ၊ မင်းကြီး။ ဓမ္မသေနာပတိနာ၊တရားစစ်သူကြီးဖြစ်သော။ သာရိပုတ္တေန၊ သာရိပုတ္တရာမည်သော။ထေရေန၊ မထေရ်သည်။ ဧတံပိ၊ ဤစကားကိုလည်း။ ဘာသိတံ၊ ဟောတော် မူအပ်၏။ အာဒုသော၊ ငါ့ရှင်တို့။ သုဒန္တော၊ ကောင်းစွာ ယဉ်ကျေးပြီးသော။ မာတင်္ဂေါ၊ဆင်ပြောင်သည်။ သကံသောဏ္ဍံ၊ မိမိနှာမောင်းကို။ နမဒ္ဒတိ၊ မနင်း။ အတ္တနော၊ မိမိ၏။ဝုတ္တိကပ္ပနံ၊ အသက်မွေးခြင်းကိုပြုတတ်သော။ဘက္ခာ ဘက္ခံ၊ စားအပ်သည် မစားအပ်သည်ကို။ ဝိဇာနာတိယထာ၊ သိဆင်ခြင်သကဲ့သို့။ တထေဝ၊ ထို့အတူသာလျှင်။ ဗုဒ္ဓပုတ္တေန၊ ဘုရားရှင်သားတော်သည်။ အပ္ပမတ္တေနဝါ ပန၊ အနည်းငယ်ဖြင့်လည်း။ ဇိနဝစနံ၊ မြတ်စွာဘုရားစကားကို။ နမဒ္ဒိတဗ္ဗံ၊ မနင်းကျော်အပ်။ မနသိကာရဝရံ၊ နှလုံးသွင်းခြင်းမြတ်သည်ဖြစ်၍။ဥတ္တမံ၊မြတ်သောသဘောရှိသည်။ဘဝေယျ၊ ဖြစ်ရာ၏။ ဣတိ၊ ဤသို့။ ဘာသိတံ၊ ဟောတော်မူအပ်၏။

## ၃–ရှဉ့်၏အင်္ဂါတပါး

အရှင်ဘုရား၊ ရှဉ့်၏အင်္ဂါတပါးသည် အဘယ်နည်းဟု ဆိုသော် မင်းကြီး၊ရှဉ့်သည်ရန်သူထံသို့ရောက်လတ်သော်မိမိအမြီးကို ခါတွက်၍

ကြီးသော အမှုအရာကိုပြု၍ ထိုအမြီးဖြင့်လျှင် ရန်သူကိုခြစ်တားသကဲ့သို့ ထို့အတူ မင်းကြီး၊ ယောဂါဝစရ ပုဂ္ဂိုလ်သည် ကိလေသာ တည်းဟူသော ရန်သူတွေ့သည်ရှိသော် သတိပဋ္ဌာန် တည်းဟူသော အမြီးဖြင့် ကိလေသာတို့ကို ခါတွက်အပ်ကုန်၏၊ မင်းကြီး၊ဤသို့လျှင် ရှဉ့်၏ အင်္ဂါတပါးကိုယူအပ်၏။ ။မင်းကြီး၊ ငါသာလျှင်လည်းဆိုအပ်သည် မဟုတ်၊ ရှုဋ္ဌပန္ထကမထေရ်သည်လည်း သတိပဋ္ဌာန်တရားဖြင့် ကိလေသာကို သုတ်သင်အပ်ကြောင်းကိုဟောတော်မူအပ်၏။

ဘာသိတမ္ပေတံ မဟာရာဇ ထေရေန ရှုဋ္ဌပန္ထကေန၊
ယဒါကိလေသာ ဩပတန္တိ၊ သာမညဂုဏဓံသနာ။
သတိပဋ္ဌာန ကုဋ္ဌေန၊ ဟန္တဗ္ဗာတေ ပုနပ္ပုနန္တိ။
ဟူသည်တည်း။

မဟာရာဇ၊ မင်းကြီး။ ရှုဋ္ဌပန္ထကေန၊ ရှုဋ္ဌပန္ထက အမည်ရှိသော။ ထေရေန၊ မထေရ်သည်။ ဧတံပိ၊ ဤစကားကိုလည်း။ ဘာသိတံ၊ ဟောတော်မူအပ်၏။ ယဒါ၊ အကြင်အခါ၌။ သာမညဂုဏဓံသနာ၊ ရဟန်း၏ဂုဏ်ကျေးဇူးကိုဖျက်ဆီးတတ်ကုန်သော။ ကိလေသာ၊ ကိလေသာတို့သည်။ ဩပတန္တိ၊ ဝင်ရောက်လာကုန်အံ့။ တဒါ၊ ထိုအခါ၌။ ယောဂါဝစရော၊ ယောဂါဝစရပုဂ္ဂိုလ်သည်။ သတိပဋ္ဌာန ကုဋ္ဌေန၊ သတိပဋ္ဌာန်တည်းဟူသော လှံဖြင့်။ ပုနပ္ပုနံ၊ အဘန်တလဲလဲ။ တေ၊ ထိုကိလေသာတို့ကို။ ဟန္တဗ္ဗာ၊ သတ်အပ်ညှဥ်းဆဲအပ်ကုန်၏။ ဣတိ၊ ဤသို့။ ဘာသိတံ၊ ဟောတော်မူအပ်၏။

## ၄–သစ်မ၏အင်္ဂါတပါး

အရှင်ဘုရား၊ သစ်မ၏အင်္ဂါ တပါးသည် အဘယ်နည်းဟုဆိုသော် မင်းကြီး၊ သစ်မ၏သဘောသည် တကြိမ်သာလျှင် ကိုယ်ဝန်ဆောင်ယူရ၏၊ အဘန်တလဲလဲ သစ်မိုသို့ မချဉ်းကပ်သကဲ့သို့ ထို့အတူ မင်းကြီး၊ ထိုယောဂါဝစရပုဂ္ဂိုလ်သည် လာလတ္တံ့သောအခါ ပဋိသန္ဓေဖြစ်ရခြင်းကိုပယ်စွန့်သည်၏ အဖြစ်ဖြင့် သေရခြင်း ပျက်စီးရခြင်းကုန်ခြင်း သံသရာဘေး ဒုဂ္ဂတိဘယ မချမ်းသာသော နှိပ်စက်ခြင်းကို မြင်၍ တဘန်ဘဝသစ်၌ငါပဋိသန္ဓေမနေလတ္တံ့ဟု ယောနိသောမနသိကာရကို ပြုရာ၏၊ မင်းကြီး၊ ဤသည်လျှင်သစ်မ၏ တပါးသောအင်္ဂါကို ယူအပ်

၏။ ။မင်းကြီး၊ ငါသာလျှင်လည်းမဆို၊ ဘုရားရှင်လည်း ဟောတော်မူအပ်၏။

ဥသဘောဂရိဝဆေတွာ ဗန္ဓနာနိ၊နာဂေါပူတိလတံ ပဒါလယိတွာ။
နာဟံပုန ဥပေဿံဂဗ္ဘသေယျံ၊ အထ စေပတ္ထယသိ ပဝဿဒေဝ။
ဟူသည်တည်း။

ဥသဘော၊နွားလားဥသဘာသည်။ဗန္ဓနာနိ၊အဘွဲ့ကြိုးတို့ကို။ ဆေတွာ ရိဝ၊ဖျက်ဆီးသကဲ့သို့။နာဂေါ၊ဆင်ပြောင်သည်။ပူတိလတံ၊ဆင်သမန္တယ်ကို။ ပဒါလယိတွာဝိယ၊ ဖျက်ဆီးသကဲ့သို့။အဟံ၊ငါသည်။ ပုန၊ တဘန်။ ဂဗ္ဘသေယျံ၊ ပဋိသန္ဓေနေခြင်းကို။ နဥပေဿံ၊ မရောက်လိုအံ့။ အထ၊ ထိုအခါ၌။ စေပတ္ထယသိ၊ အကယ်၍အကျိုးကို တောင့်တသည်ဖြစ်အံ့။ ဒေဝ၊ မင်းကြီး။ ပဝဿ၊ ကမ္ဘဋ္ဌာန်းကိုပွါးစေပါလော့။

## ၅ – သစ်မို၏အင်္ဂါနှစ်ပါး

အရှင်ဘုရား၊ သစ်မို၏ အင်္ဂါနှစ်ပါးသည် အဘယ်တို့နည်းဟု ဆိုသော်၊ (၁)မင်းကြီး၊သစ်မိုသည် တောချုံပိတ်ပေါင်း တောင်ခေါင်းကို မှီခိုပုန်းအောင်း၍ သမင်တို့ကိုဘမ်းယူသကဲ့သို့ ထို့အတူ မင်းကြီး၊ယောဂါဝစရပုဂ္ဂိုလ်သည်တောချုံ၊သစ်ပင်ရင်း,တောင်ခေါင်း,သုသာန်,လွင်တီးခေါင်, ကောက်ရိုးပုံ, နည်းသောအသံ, ဆိတ်သောအသံ,သင့်တင့်လျောက်ပတ်ရာအရပ်ကိုမှီဝဲရသည်ရှိသော် မကြာမြင့်မီလျှင် ခြောက်ပါးသော ဝသီတော်အလေ့အင်္ဂါသို့ရောက်၏၊ ဤသည်ကား မင်းကြီး၊ သစ်မို၏ ရှေ့ဦးစွာသော အင်္ဂါကို ယူအပ်၏။ ။ထိုအကြောင်းကို မင်းကြီး၊ ငါသာလျှင်လည်းမဆို၊ သုတ်အဘိဓမ္မာဝိနည်း တရားတော်ကို သင်္ဂါယနာတင်သောအရှင်မြတ်တို့ ဆိုဘူးသော စကားလည်းရှိ၏ဟု သာဓကပြပြန်၏။

ယထာပိဒီပိကောနာမ၊ နိလီယိတွာ ဂဏှတေမိဂေ။
တထေဝါယံဗုဒ္ဓပုတ္တော၊ ယုတ္တယောဂေါဝိပဿကော။
အရညံပဝိသိတွာန၊ ဂဏှတေ ဖလမုတ္တမံ။ ။ဟူသည်တည်း။

ဒီပိကောနာမ၊ သစ်မိုမည်သည်ကား။ နိလီယိတွာ၊ ပုန်းလျှိုးကွယ်အောင်း၍။ မိဂေ၊သားသမင်တို့ကို။ဂဏှတေယထာ၊ ဘမ်းယူသကဲ့သို့။

တဝေဝ၊ထို့အတူသာလျှင်။ ယုတ္တယောဂေါ၊ ကမ္မဋ္ဌာန်း၌ယှဉ်သော။ ဝိပဿကော၊ ဝိပဿနာဆင်ခြင်သော။ အယံ ဗုဒ္ဓပုတ္တော၊ ဤဘုရားရှင်သားတော်သည်။ အရညံ၊ ဆိတ်ငြိမ်ရာတောအရပ်သို့။ ပဝိသိတွာန၊ ဝင်လျှိုး၍။ဥတ္တမံ၊မြတ်သော။ဖလံ၊ ဖိုလ်တရားကို။ဂဏှာတေ၊ဘမ်းယူ၏။

(၂) မင်းကြီး၊ တဘန်လည်းသစ်ဗိုသည် တစုံတခုသော သားကို သတ်အံ့၊ လက်ဝဲနံပါးဖြင့် လည်းသော သတ္တဝါကို မစားသကဲ့သို့ ထို့အတူ မင်းကြီး၊ ယောဂါဝစရပုဂ္ဂိုလ်သည် ဘုရားရှင် စက်ဆုပ်တော်မူအပ်သော မိစ္ဆာဇီဝဖြစ်သော ဝါးပေးခြင်း, သစ်ရွက်ပေးခြင်း, သစ်သီးပေးခြင်း, မြေပြုမြေနီပေးခြင်း, ရေချိုးကသယ်မှုန့်ပေးခြင်း, ဒန်ပူပေးခြင်း, မျက်သစ်ရေပေးခြင်း, ဒါယကာတို့ကို မွန်ဘုရားအကျွန်ဟုခေါ်ဝေါ်ထူးခြင်း,ပဲနောက်ဟင်းကဲ့သို့မဟုတ် တချက် ဟုတ်တချက်စကားကိုပြောခြင်း,သူငယ်တို့ကို နို့ထိန်းကဲ့သို့ထိန်းခြင်း, သလုံးမြင်းခေါင်းအစေကိုခံ၍ အသက်မွေးခြင်း, ဆေးကုခြင်း, အောင်တမန်သွားခြင်း, စေခိုင်းသော အမှုကိုလုပ်ခြင်း, ဆွမ်းကိုအတွံ့ပေးခြင်း, အပေးအကမ်းကိုပေးတုံ့ပေးခြင်း, လက်ခြာအတတ်, နက္ခတ်အတတ်, အင်္ဂါကြီးငယ် အတတ်ဖြင့်၎င်း, ထိုမှတပါးသော ဘုရားရှင်စက်ဆုပ်တော်မူအပ်သော အတတ်တို့ဖြင့်၎င်း အသက်မွေးခြင်းဖြင့် ပြီးသော ဘောဇဉ်ကို သစ်ဗိုသည် လက်ဝဲသို့ လည်းသော အသားကိုမစားသကဲ့သို့မစားမူ၍ရှောင်ကြဉ်အပ်၏။ ။မင်းကြီး၊ ဤသည်လျှင် သစ်ဗို၏ နှစ်ခုမြောက်သောအင်္ဂါကိုယူအပ်၏။ ။မင်းကြီး၊ ငါသာလျှင် လည်းလက်ဝဲသို့လည်းသောအသားကို သစ်ဗိုမစားသကဲ့သို့ ယောဂါဝစရပုဂ္ဂိုလ်သည် မိစ္ဆာဇီဝဖြင့် အသက်ကိုမမွေးအပ်ဟူသော စကားကိုမဆို၊ အရှင်သာရိပုတ္တရာမထေရ်သည်လည်း ဟောတော်မူအပ်၏။

ဘာသိတမွေတံ မဟာရာဇ ထေရေန သာရိပုတ္တေန ဓမ္မသေနာပတိနာ။
ဝစိဝိညတ္တိဝိပ္ဖါရာ၊ ဥပ္ပန္နံမဓုပါယာသံ။
သစေဘုတ္တော၊ဘဝေယျာဟံ၊ သာဇီဝေါဂရဟိတောမမ။ ။
ယဒိပိမေအန္တဂုဏံ၊ နိက္ခမိတွာဗဟိစရေ။
နေဝဘိန္ဒေယျမာဇိဝံ၊ စဇမာနောပိဇီဝိတန္တိ။ ။ဟူသည်တည်း။

မဟာရာဇ၊ မှင်းကြီး။ ဓမ္မသေနာပတိနာ၊ တရားစစ်သည်အမှူးဖြစ်သော။ သာရိပုတ္တေန၊ သာရိပုတ္တရာအမည်ရှိသော။ ထေရေန၊ မထေရ်သည်။ ဧတံပိ၊ ဤစကားကိုလည်း။ ဘာသိတံ၊ ဟောတော်မူအပ်၏။ အဟံ၊ ငါသည်။ ဝစီဝိညတ္တိဝိပ္ဖါရော၊ နှုတ်ဖြွက်၍ ဆိုရခြင်းအကြောင်းကြောင့်။ ဥပ္ပန္နံ၊ ဖြစ်သော။ မဓုပါယာသံ၊ ကောင်းမွန်သောနို့ဃနာကို။ ဘုဉ္ဇိတွာ၊ စားသည်။ သစေ ဘဝေယျံ၊ အကယ်၍ဖြစ်ငြားအံ့။ မေမ၊ ငါ၏။ သာဇိဝေါ၊ သာဇိဝတရားကို။ ဂရဟိတော၊ ကဲ့ရဲ့အပ်၏။ ။မေ၊ ငါ၏။ အန္တဂုဏံ၊ အအူအသွဲသည်။ ဗဟိ၊ ပြင်အပသို့။ နိက္ခမိတွာ၊ ထွက်၍။ ယဒိပိစရေ၊ အကယ်၍မူလည်း ကျက်စားအံ့။ ဇိဝိတံ၊ အသက်ကို။ စဇမာနောပိ၊ ပစ်စွန့်သော်လည်း။ အာဇိဝံ၊ အာဇီဝကို။ နေဝဘိန္ဒေယျံ၊ မဖျက်ဆီးအံ့။ ဣတိ၊ ဤသို့။ ဘာသိတံ၊ ဟောတော်မူအပ်၏။

## ၆-ရေလိပ်၏အင်္ဂါငါးပါး

အရှင်ဘုရား၊ ရေလိပ်၏ ငါးပါးသောအင်္ဂါကို ယူအပ်၏ဟု အကြင်စကားကိုဆို၏၊ ထိုငါးပါးသောအင်္ဂါသည် အဘယ်တို့နည်းဟုဆိုသော် (၁) မင်းကြီး၊ လိပ်သည်ရေ၌ကျင်လည်၍ ရေ၌သာလျှင် လေ့ကျက်ရာရှိသကဲ့သို့ ထို့အတူ မင်းကြီး၊ ယောဂါဝစရ ပုဂ္ဂိုလ်သည် ခပ်သိမ်းသောသတ္တဝါတို့အားအကျိုးစီးပွါးနှင့် ယှဉ်သော သနားခြင်း မေတ္တာမှုခြင်းနှင့်တကွပြန့်ပြောသောစိတ်ဖြင့် ရန်မရှိသဖြင့် ကြောင့်ကြစိုးရိမ်ခြင်းမရှိသဖြင့် အလုံးစုံသောလောကကိုနှံ့၍နေအပ်၏၊ မင်းကြီး၊ ဤသည်လျှင် ရှေ့ဦးစွာသော လိပ်၏အင်္ဂါကိုယူအပ်၏၊ (၂)တဘန်လည်း မင်းကြီး၊ လိပ်သည်ရေ၌ ဦးခေါင်းကိုချီ၍ ဖေါ်ဖေါ်ပေါ်သော် တစုံတယောက်သောသူကို အကယ်၍လည်း မြင်ထည့်အံ့၊ ထိုအရပ်၌ပင်လျှင် ငါ့ကို လူမမြင်စေသတည်းဟု ငုပ်လေသကဲ့သို့ ထို့အတူ မင်းကြီး၊ ယောဂါဝစရပုဂ္ဂိုလ်သည် မိမိအနီးသို့ရောက်လာကုန်သော ကိလေသာတို့သည် ငါ့ကို မမြင်စေကုန်သတည်းဟု အာရုံ၌စိတ်ကို ချုပ်တည်းသဖြင့် ငုပ်အပ်၏၊ မင်းကြီး၊ ဤသည်ကား လိပ်၏နှစ်ခုမြောက်သောအင်္ဂါကိုယူအပ်၏၊ (၃) တဘန်လည်း မင်းကြီး၊ လိပ်သည်ရေမှထွက်၍ မိမိကိုယ်ကိုနေလှန်းသကဲ့သို့ ထို့အတူ မင်းကြီး၊ ယောဂါဝစရပုဂ္ဂိုလ်သည်ထိုင်ခြင်း, ရပ်ခြင်း, လျှောင်းခြင်း, စင်္ကြံသွား

ခြင်း၌ မိမိစိတ်ကိုသိမ်းဆည်း၍ ဂူကမ္ဗဋ္ဌာန်းတရေး၌ စိတ်ကိုလှန်းအပ်၏။ မင်းကြီး၊ ဤသည်ကားလိပ်၏ သုံးချမြောက်သော အင်္ဂါကို ယူအပ်၏၊ (၄) တဘန်လည်း မင်းကြီး၊ လိပ်သည် မြေကိုတူး၍ ဆိတ်ငြိမ်ရာအရပ်၌ နေခြင်းကိုပြုသကဲ့သို့ ထို့အတူမင်းကြီး၊ ယောဂါဝစရပုဂ္ဂိုလ်သည်လာဘ်သပ္ပကာအကျော်အစောကိုစွန့်ပစ်၍ ဆိတ်ငြိမ်ရာတောအုပ်တောင်ခေါင်းဂူလိုဏ် နည်းသော အသံရှိသော လူတိတ်သည်ဖြစ်၍ နေခြင်း၌ လျောက်ပတ် သင့်တင့်သောအရပ်သို့ဝင်၍ ဆိတ်ငြိမ်ရာအရပ်၌သာလျှင် နေခြင်းကိုပြုအပ်၏၊ မင်းကြီး၊ ဤသည်ကား လိပ်၏ လေးချမြောက်သောအင်္ဂါကို ယူအပ်၏၊ မင်းကြီး၊ ငါသာလျှင်လည်း ဆိတ်ငြိမ်ရာအရပ်၌နေသင့်ကြောင်းကိုမဆို၊ ရှင်ဥပသေနမထေရ်သည်လည်းချီးမွမ်းပြောဘူးပါ၏ဟုသာဓကဖြင့်ပြပြန်၏။

ဘာသိတမ္ပေတံ မဟာရာဇ ထေရေန ဥပသေနေန ဝင်္ဂန္တပုတ္တေန။
ဝိဝိတ္တံ အပ္ပနိဂ္ဃောသံ၊ ဝါဠမိဂနိသေဝိတံ။
သေဝေသေနာသနံ ဘိက္ခု၊ ပဋိသလ္လာနကာရဏာတိ။ ။
ဟူသည်တည်း။

မဟာရာဇ၊ မင်းကြီး၊ ဝင်္ဂန္တပုတ္တေန၊ ဝင်္ဂန္တပုဏ္ဏားမ၏ သားဖြစ်သော။ ဥပသေနေန၊ ဥပသေနမည်သော။ ထေရေန၊ မထေရ်သည်။ ဧတံပိ၊ ဤစကားကိုလည်း။ ဘာသိတံ၊ ဟောတော်မူအပ်၏။ ။ဘိက္ခု၊ ယောဂါဝစရ ရဟန်းသည်။ ဝိဝိတ္တံ၊ တိတ်ဆိတ်သော။ အပ္ပနိဂ္ဃောသံ၊ အသံမရှိသော။ ဝါဠမိဂနိသေဝိတံ၊ သားရဲတို့အမြဲနေသော။ သေနာသနံ၊ တောကျောင်း၌ နေခြင်းကို။ ပဋိသလ္လာနကာရဏာ၊ ဆိတ်ငြိမ်လိုသောအကြောင်းကြောင့်။ သေဝေ၊ မှီဝဲရာ၏။ ဣတိ၊ ဤသို့။ ဘာသိတံ၊ ဟော‌တော်မူအပ်၏။

(၅) တဘန်လည်းမင်းကြီး၊ လိပ်သည် ကျက်စားအံ့သော၌ သွားသည်ရှိသော် တစုံတယောက်သော သူကိုမူလည်း မြင်အံ့၊ အသံကိုမူလည်းကြားအံ့၊ အင်္ဂါငါးပါးတို့ကို မိမိ၏အခွံ၌ သို၀ှက်၍ကြောင့်ကြမဲ့ တိတ်ဆိတ်စွာနေလျက် ကိုယ်ကို စောင့်ရှောက် သကဲ့သို့ ထို့အတူ မင်းကြီး၊ ယောဂါဝစရပုဂ္ဂိုလ်သည် အလုံးစုံသောအာရုံတို့သည် ရှေးရှုထင်လာတိသည်ရှိသော် ခြောက်ပါးသောဒွါရတို့၌ စောင့်ရှောက်မိတ်ပင်အပ်သောတံခါးကိုမဘွင့်မလှစ်မူ၍ မိမိစိတ်ကိုကောင်းစွာ သိမ်း၍စောင့်

စည်း၍ သတိသမ္ပဇဉ် အဆင်အခြင်အမြော်အမြင်ဖြင့် ရဟန်းတရားကို စောင့်ရှောက်လျက်နေအပ်၏။ ။မင်းကြီး၊ ငါသာလျှင် ဤစကားကို မဆို၊ ဘုရားရှင်လည်း သံယုတ္တနိကာယ်ဒေသနာ ကုမ္မောပမသုတ္တန်၌ ဟောတော်မူအပ်၏။

ကုမ္မောဝ အင်္ဂါနိ သကေ ကပါလေ၊ သမောဒဟံ ဘိက္ခု မနောဝိတက္ကေ။
အနိဿိတော အညမဟေဌယာနော၊ ပရိနိဗ္ဗုတော နူပဝဒေယျ ကိဉ္စိ။
ဟူသည်တည်း။

ဘိက္ခဝေ၊ ရဟန်းတို့။ ဘိက္ခု၊ ရဟန်းသည်။ သကေ ကပါလေ၊ မိမိ အခွံ၌။ သမောဒဟံ သမောဒဟန္တော၊ လျှို့ဝှက်သော။ ကုမ္မောဣဝ၊ လိပ်ကဲ့သို့။ မနောဝိတက္ကေ၊ မိစ္ဆာဝိတက်၌။ အနိဿိတော၊ မမှီဝဲဘဲ။ အညံ၊ သူတပါးကို။ အဟေဌယာနော၊ မညှဉ်းဆဲဘဲ။ ပရိနိဗ္ဗုတော၊ ငြိမ်းသက်စွာနေသင့်၏။ ကိဉ္စိ၊ တစုံတယောက်သောသူကို။ နူပဝဒေယျ၊ မစွပ်စွဲရာ။ ဣတိ၊ ဤသို့။ ဘာသိတံ၊ ဟောတော်မူအပ်၏။

## ၇—နှံ့မြွေ၏အင်္ဂါတပါး

အရှင်ဘုရား၊ နှံ့မြွေ၏ အင်္ဂါတပါးကိုယူအပ်၏ဟု အကြင်စကားကိုဆို၏၊ ထိုတပါးသောအင်္ဂါသည် အသို့နည်းဟုဆိုသော်၊ (၁) မင်းကြီး၊ နှံ့မြွေ၏အကြင်အခေါင်း၌ လေသည်ရှိ၏၊ ထိုအခေါင်း၌လေသည်လျှောက်၍ သွား၏၊ တပါးသို့မထွက်မပြေးသကဲ့သို့ မင်းကြီး၊ ထို့အတူ ယောဂါဝစရပုဂ္ဂိုလ်သည် မြတ်စွာဘုရားဟောတော်မူအပ်သော အင်္ဂါကိုးပါးရှိသောဒေသနာတော်ကို အစဉ်အတိုင်းလျှောက်၍ ရဟန်းတို့အားအပ်သော အပြစ်မရှိသောအကျင့်တရား၌တည်၍ ရဟန်းတရားကို ရှာဖွေအပ်၏၊ ဤသည်လျှင်မင်းကြီး၊ နှံ့မြွေ၏ တပါးသောအင်္ဂါကို ယူအပ်၏။ ။မင်းကြီး၊ ငါသာလျှင်ဤစကားကို ဆိုအပ်သည်မဟုတ်၊ သားတော်ရာဟုလာမထေရ်သည်လည်း တရားသို့လိုက်၍ အစဉ် အတိုင်း ကျင့်သင့်ကြောင်းကို ဟောတော်မူအပ်၏ဟု သာဓကဖြင့်ပြပြန်၏။

ဘာသိတမ္ပေတံ မဟာရာဇ ထေရေန ရာဟုလေန။
နဝင်္ဂံ ဗုဒ္ဓဝစနံ၊ အနုလောမေတွာန သဗ္ဗဒါ။
ကပ္ပိယေ အနဝဇ္ဇသ္မိံ၊ ဌတွာ ပါရံ သမုတ္တရိန္တိ။ ။ဟူသည်တည်း။

မဟာရာဇ၊ မင်းကြီး၊ ရာဟုလေန၊ ရာဟုလာအမည်ရှိသော၊ ထေရေန၊ မထေရ်သည်။ ဇေတံပိ၊ ဤစကားကိုလည်း။ ဘာသိတံ၊ ဟောတော်မူ အပ်၏။ ။အာဝုသော၊ ငါ့ရှင်တို့။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ နဝင်္ဂ၊ အင်္ဂါကိုး ပါးရှိသော။ ဗုဒ္ဓဝစနံ၊ မြတ်စွာဘုရားစကားတော်ကို။ အနုလောမေတွာ၊ အစဉ်အတိုင်းလျှောက်၍။ အနဝဇ္ဇသီ၊ အပြစ်မရှိသော။ ကပ္ပိယေ၊ အပ် သောအကျင့်တရား၌။ ဌတွာ၊ တည်၍။ ပါရံ၊ နိဗ္ဗာန်တည်းဟူသော ကမ်း တဘက်သို့။ သမုတ္တရိ၊ ကောင်းစွာကူးမြောက်နိုင်ပြီ။ ဣတိ၊ ဤသို့။ ရာဟုလတ္ထေရေန၊ ရာဟုလာမထေရ်သည်။ ဘာသိတံ၊ ဟောတော်မူ အပ်၏။

(သက်သေသာဓက ပါဠိတို့၏ သဘောသည် နီတတ္ထတိုက်ရိုက်သက်သေသာဓကပါဠိ လည်းရှိသည်၊ တိုက်ရိုက်မဆိုဘဲနည်းနာနယဖြင့်ဆောင်၍ အလားတူကို သိစေလိုသော ကြောင့် နေယျတ္ထသက်သေသာဓကလည်း ရှိသည်၊ အရာရာကိုသွတ်သွင်း၍ ဤသာဓ ကပါဠိသည် နီတတ္ထသက်သေဖြစ်မည်၊ ဤသာဓကပါဠိသည် နေယျတ္ထသက်သေဖြစ်မည် ဟုကြံလေ။)

## ဂ—လေး၏အင်္ဂါတပါး

မိလိန္ဒမင်းသည် အရှင်ဘုရား၊ လေး၏အင်္ဂါတပါးကိုယူအပ်၏ဟု အကြင်စကားကိုဆို၏၊ ထိုတပါးသောအင်္ဂါသည် အဘယ်နည်းဟု ဆို သော်(၁)မင်းကြီး၊ ကောင်းစွာချောမော်ပြေပြစ်စွာ လုပ်ဆောင်အပ်သော လေးသည်အစဉ်အတိုင်း ပျောင်းပြောင်းညွှတ်ကိုင်းခြင်းရှိ၏၊ ထော်လော် ကန့်လန့်မရှိသကဲ့သို့ ထို့အတူ ယောဂါဝစရ ပုဂ္ဂိုလ်သည် သီတင်းကြီး ထေရ်က သီတင်းငယ်ထေရ် မဇ္ဈိမထေရ်ဖြစ်သော ရဟန်းတို့၌ အစဉ် အတိုင်း တရားနှင့်လျော်စွာ ကိုင်းညွှတ်နူးညံ့သော သဘောရှိအပ်၏၊ ထော်လော်ကန့်လန့်ဆန့်ကျင်ဘက်ကိုမပြုအပ်၊ မင်းကြီး၊ ဤသည်ကား လေး၏တပါးသော အင်္ဂါကိုယူအပ်၏။ ။မင်းကြီး၊ ထိုစကားကိုငါသာ လျှင်လည်းမဆို၊ ဘုရားရှင်လည်း ဝိဓုရဇာတ်တော်၌ ဟောတော်မူအပ် ၏ ဟု သာဓကပြဖြင့်ပြ၏။

ဘာသိတမ္ပေတံ မဟာရာဇ ဘဂဝတာ ဒေဝါတိဒေဝေန
ဝိဓုရဇာတကေ။
စာပေါဝ နူနမေဓိရော၊ ဝံသောဝ အနုလောမယံ။
ပဋိလောမံ နဝတ္တေယျ၊ သောရာဇဝသတိံ ဝသေတိ။ ။
ဟူသည်တည်း။

မဟာရာဇ၊မင်းကြီး။ဒေဝါတိဒေဝေန၊ နတ်တကာတို့ထက်နတ်မြတ်ဖြစ်သော။ဘဂဝတာ၊မြတ်စွာဘုရားသည်။ ဝိရုဠ်ဗာတကော၊ ဝိရုဠ်ဗာတ်၌။ ဇော်ပိ၊ ဤစကားကိုလည်း။ ဘာသိတံ၊ ဟောတော်မူအပ်၏။ ။တာတ၊ အိုချစ်သားတို့။ မိရော၊ ပညာရှိသည်။ စာပေါဝ၊ လေးကဲ့သို့။ အနုနမေ၊ အစဉ်အတိုင်းကိုင်းညွတ်ပျောင်းပြေ့ရာ၏။ဝံသော၊ နှဲပြွသည်။ အနုလောမယံဝ အနုလောမယံဇ္ဇုဝ၊အစဉ်အတိုင်းလေလျှောက်သွားသကဲ့သို့။ မိရော၊ပညာရှိသည်။ ဝတ္တေယျ၊ကျင့်ရာ၏။ပဋိလောမံ၊ သူတပါးနှင့် ဆန့်ကျင်ဘက်ကို။ နဝတ္တေယျ၊မကျင့်ရာ။သော၊ ထိုသူသည်။ရာဇဝသတိံ၊မင်းကိုမှီခြင်းကို။ဝသေ၊နေရာ၏။ဣတိ၊ဤသို့ဟောတော်မူ၏။

## ၉—ကျီးငှက်၏ အင်္ဂါနှစ်ပါး

မိလိန္ဒမင်းသည်အရှင်ဘုရား၊ကျီးငှက်၏အင်္ဂါနှစ်ပါးတို့ကိုယူအပ်၏ဟု အကြင်စကားကိုဆို၏၊ထိုနှစ်ပါးသောအင်္ဂါသည် အဘယ်သည်တို့နည်းဟုဆိုသော်( ၁ )မင်းကြီး၊ ကျီးငှက်သည် အစာကိုရှာသွေသော်တွေးတောယုံမှားသက်ာခြင်းနှင့်ယှဉ်၍ ကျက်စားသကဲ့သို့ ထို့အတူယောဂါဝစရပုဂ္ဂိုလ်သည် အပ်သလော မအပ်သလောဟု တွေးတောသက်ာနှင့်ယှဉ်ခြင်း, မြဲစွာသောသတိ,ကောင်းစွာစောင့်အပ်သောဣန္ဒြေတို့ဖြင့် ဆွမ်းအစရှိသော အာဟာရကိုရှာမှီးအပ်၏၊ မင်းကြီး၊ ဤသည်လျှင် ကျီးအမည်ရှိသောငှက်၏ ရှေ့ဦးစွာသောအင်္ဂါကို ယူအပ်၏၊ (၂)တဘန်လည်း ကျီးမည်သောငှက်သည် တစုံတခုသော အစာအာဟာရကိုမြင်သော် ဆွေမျိုးဉာတိတို့နှင့်အတူစား၏၊ မင်းကြီး၊ထို့အတူယောဂါဝစရပုဂ္ဂိုလ်သည် တရားနှင့်လျော်သော လာဘ်သပ္ပကာကိုရသည်ဖြစ်အံ့၊အယုတ်သဖြင့် သပိတ်၌မိမိမျှလောက်ရုံ ဆွမ်းအစရှိသည်ကို ရအံ့၊ထိုရသမျှသော လာဘ်သပ္ပကာတို့ဖြင့် သီတင်းသုံးဖော်တို့နှင့်အတူ ဝေဘန်ခွဲခြမ်းလေ့ရှိသည်ဖြစ်၍ သုံးဆောင်အပ်၏၊ မင်းကြီး၊ ဤသည်လျှင် ကျီးမည်သောငှက်၏နှစ်ခုမြောက်သောအင်္ဂါကို ယူအပ်၏။ ။မင်းကြီး၊ငါသာလျှင် သီတင်းသုံးဖော်တို့အား ဝေဘန်ခွဲခြမ်း၍ သုံးဆောင်သင့်ကြောင်းကိုမဆို၊ တရားစစ်သူကြီးဖြစ်သော အရှင်သာရိပုတ္တရာသည်လည်း ဟောတော်မူအပ်၏ဟု သာကေပြပြန်၏။

ဘာသိတမေ့တံ မဟာရာဇ ထေရေန သာရိပုတ္တေန ဓမ္မ
သေနာပတိနာ။
သစေမေဥ္ပနာမေန္တိ၊ ယထာလဒ္ဓံတပသိနော။
သဗ္ဗေ သံဝိဘဇိတွာန၊ တတောဘုဥ္ဇာမိဘောဇနန္တိ။
ဟူသည်တည်း။

မဟာရာဇ၊ မင်းကြီး။ ဓမ္မသေနာပတိနာ၊ တရားစစ်သူကြီးဖြစ်သော။ သာရိပုတ္တေန၊ သာရိပုတ္တရာမည်သော။ ထေရေန၊ မထေရ်သည်။ ဧတံပိ၊ ဤစကားကိုလည်း။ ဘာသိတံ၊ ဟောတော်မူအပ်၏။ ။တပသိနော၊ မြိုးမြဲသော အကျင့်နှင့်ပြည့်စုံကုန်သော။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော သီတင်းသုံးဘော်တို့သည်။ မေ၊ ငါ့အား။ ယထာလဒ္ဓံ၊ ရတိုင်းသောပစ္စည်းကို။ သစေဥပနာမေန္တိ၊ အကယ်၍ကပ်လာကုန်အံ့။ အဟံ၊ ငါသည်။ တတော၊ ထိုရအပ်သောပစ္စည်းမှ။ သံဝိဘဇိတွာန၊ ကောင်းစွာဝေဘန်ခွဲခြမ်း၍။ ဘောဇနံ၊ ဘောဇဉ်ကို။ ဘုဥ္ဇာမိ၊ သုံးဆောင်စားသောက်အံ့။ ဣတိ၊ ဤသို့။ ထေရေနသာရိပုတ္တေန၊ ရှင်သာရိပုတ္တရာမထေရ်သည်။ ဘာသိတံ၊ ဟောတော်မူအပ်၏။

---

## ၁၀—မျောက်၏အင်္ဂါနှစ်ပါး

မိလိန္ဒမင်းသည် အရှင်ဘုရား၊ မျောက်၏အင်္ဂါနှစ်ပါးတို့ကို ယူအပ်၏ ဟု အကြင်စကားကိုဆို၏၊ ထိုနှစ်ပါးသောအင်္ဂါသည် အဘယ်နည်း ဟုမေးသော်(၁)မင်းကြီး၊ တောမျောက်သည် တောခြေသို့ကပ်သည် ရှိသော် ထိုတောအရပ် ဆိတ်ငြိမ်ရာ အလုံးစုံထွေးရှက်သော အခက်ရှိသော ဘေးကိုတားနိုင်သော ကြီးစွာသောသစ်ပင်၌ နေခြင်းသို့ကပ်၏၊ မင်းကြီး၊ ထို့အတူ ယောဂါဝစရပုဂ္ဂိုလ်သည် သီလကိုချစ်သော သီလနှင့်ပြည့်စုံသော ကောင်းသောအကျင့်ရှိသော များသောအကြား အမြင်ရှိသော တရားကိုဆောင်ရွက်သော ချစ်အပ်လေးမြတ်အပ်သော တရားစကားကို ဆိုတတ် ပြောဟောတတ်သော စကားကို ဆိုခြင်း၌ ခံ့သော ဆုံးမတတ်သော တရားကိုသိစေတတ် ကောင်းစွာပြတတ် ဆောက်တည်စေတတ် ထက်စေတတ် ရွှင်စေတတ်သော သဘော ရှိသော ကလျာဏမိတ္တဆရာကို အမှီပြု၍နေအပ်၏၊ မင်းကြီး၊ ဤသည်

ကား မျောက်၏ရှေဦးစွာသော အင်္ဂါကိုယူအပ်၏။(၂)တဘန်လည်း မင်းကြီး၊ မျောက်သည် သစ်ပင်၌သာလျှင် သွားခြင်း ရပ်ခြင်းထိုင်ခြင်း အိပ်ခြင်းသို့ရောက်၏၊ ထိုသစ်ပင်၌သာလျှင် ညဉ့်အခါနေခြင်းကို ခံစား၏၊ မင်းကြီး၊ ထို့အတူ ယောဂါဝစရပုဂ္ဂိုလ်သည် တောအရပ်သို့ ရှေးရှုသဖြင့်သာလျှင် ဖြစ်ရာ၏၊ တောအရပ်၌သာလျှင် ရပ်ခြင်းသွားခြင်း ထိုင်ခြင်း လျောင်းခြင်း အိပ်ခြင်းသို့သက်အပ်၏၊ ထိုတောအရပ်၌သာလျှင် သတိပဋ္ဌာန်တရားကို ခံစား၏၊ မင်းကြီး၊ ဤသည်လျှင် နှစ်ခုမြောက်သော မျောက်၏အင်္ဂါကို ယူအပ်၏၊ မင်းကြီး၊ ငါသာလျှင်လည်း ထိုစကားကိုမဆို၊ တရားစစ်သူကြီးဖြစ်သော ရှင်သာရိပုတ္တရာသည်လည်း ဟောအပ်၏ဟု သက်သေသာဓကဖြင့်ပြပြန်၏။

စင်္ကမန္တောပိ တိဋ္ဌန္တော၊ နိသဇ္ဇာသယနေနဝါ။
ပဝနေသောဘတေဘိက္ခု၊ ပဝနန္တံဝ ဝဏ္ဏိတန္တိ။
ဟူသည်တည်း။

ပဝနေ၊ တောအရပ်၌။ စင်္ကမန္တောပိ၊ စင်္ကြံသွားသော်၎င်း။ တိဋ္ဌန္တောပိ၊ ရပ်သော်၎င်း။ နိသဇ္ဇာသယနေနဝါ၊ ထိုင်ခြင်း လျောင်းခြင်းဖြင့်၎င်း။ ဘိက္ခု၊ ရဟန်းသည်။ သောဘတေ၊ တင့်တယ်၏။ ပဝနန္တံဝ၊ တောအရပ်ကိုသာလျှင်။ ဗုဒ္ဓေဟိ၊ ဘုရားရှင်တို့သည်။ ဝဏ္ဏိတန္တိ၊ ချီးမွမ်းတော်မူအပ်၏ဟု။ ထေရေနသာရိပုတ္တေန၊ ရှင်သာရိပုတ္တရာမထေရ်သည်။ ဧတံ၊ ဤစကားကို။ ဘာသိတံ၊ ဟောတော်မူအပ်၏။

ဂဒြဘဝဂ္ဂေါပဉ္စမော

---

## ၁၁—ဗူးနွယ်၏အင်္ဂါတပါး

မိလိန္ဒမင်းသည် အရှင်ဘုရား၊ ဗူးနွယ်၏တခုသောအင်္ဂါကိုယူအပ်၏ဟု အကြင်စကားကိုဆို၏၊ ထိုတပါးသောအင်္ဂါသည်. အဘယ်နည်းဟုဆိုသော်(၁)မင်းကြီး၊ ဗူးနွယ်သည် မြက်သစ်ပင် ထင်း တပါးသောနွယ်၌ မိမိနှာမောင်းဖြင့် စွဲလမ်း၍ ထိုမြက်သစ်ပင် ထင်း တပါးသောနွယ်၏ အထက်၌ ပွါးများ၏၊ မင်းကြီး၊ ထို့အတူ အရဟတ္တဖိုလ်အစိုးအပွါးကို အလိုရှိသော ယောဂါဝစရပုဂ္ဂိုလ်သည် မိမိ၏စိတ်ဖြင့် သင်္ခါရတရားတည်းဟူသော အာရုံကိုစွဲလမ်း၍ အရဟတ္တဖိုလ်၌ အလွန်

ပွါးအပ်၏ မင်းကြီး၊ ဤသည်ကား ဖူးနွယ်၏ တပါးသော အင်္ဂါကိုယူအပ်၏၊ မင်းကြီး၊ ငါသာလျှင်လည်း ဖူးနွယ်၏ဥပမာဖြင့် အရဟတ္တဖိုလ်ကိုအလိုရှိသော ယောဂါဝစရပုဂ္ဂိုလ်သည် ကျင့်အပ်သည်၏ အဖြစ်ကိုမဆို၊ တရားစစ်သူကြီးဖြစ်သော ရှင်သာရိပုတ္တရာသည်လည်း ဟောတော်မူအပ်၏ဟူသာဝေကသက်သေဖြင့်ပြပြန်၏။

ဘာသိတမ္ပေတံ မဟာရာဇ ထေရေန သာရိပုတ္တေန ဓမ္မ
သေနာပတိနာ။
ယထာ လာဗု လတာနာမ၊ တိဏေ ကဋ္ဌေ လတာယတိ။
အာလမ္ဗိတွာ သောဏ္ဍိကာယဟိ၊ တတောဝဍ္ဎတိဥပရိ။ ။
တထေဝ ဗုဒ္ဓပုတ္တေန၊ အရဟတ္တ ဖလကာမိနာ။
အာရမဏံ အာလမ္ဗိတွာ၊ ဝဍ္ဎိတဗ္ဗံ အသေက္ခဖလေတိ။ ။
ဟူသည်တည်း။

မဟာရာဇ၊ မင်းကြီး။ ဓမ္မသေနာပတိနာ၊ တရားစစ်သူကြီး ဖြစ်သော။ ထေရေနသာရိပုတ္တေန၊ အရှင်သာရိပုတ္တရာ မထေရ်သည်။ ဧတံပိ၊ ဤစကားကိုလည်း။ ဘာသိတံ၊ ဟောတော်မူအပ်၏။ ။ အာဝုသော၊ ငါ့ရှင်တို့။ ယထာ၊ ဥပမာသော်ကား။ လာဗုလတာနာမ၊ ဖူးနွယ်မည်သည်ကား။ တိဏေဝါ၊ မြက်၌ရင်း။ ကဋ္ဌေဝါ၊ သစ်ပင်၌ရင်း။ လတာယတိ၊ တပါးသောနွယ်၌ရင်း။ သောဏ္ဍိကာယဟိ၊ မိမိ၏နှာမောင်းတို့ဖြင့်။ အာလမ္ဗိတွာ၊ စွဲလမ်း၍။ တတော၊ ထိုမြက်သစ်ပင်အစရှိသည်၏။ ဥပရိ၊ အထက်၌။ ဝဍ္ဎတိယထာ၊ ပွါးသကဲ့သို့။ တထေဝ၊ ထို့အတူသာလျှင်။ အရဟတ္တဖလကာမိနာ၊ အရဟတ္တဖိုလ်ကို အလိုရှိသော။ ဗုဒ္ဓပုတ္တေန၊ ဘုရားသားတော်သည်။ အာရမဏံ၊ စွဲလမ်းရာအာရုံကို။ အာလမ္ဗိတွာ၊ စွဲလမ်း၍။ အသေက္ခဖလေ၊ အရဟတ္တဖိုလ်၌။ ဝဍ္ဎိတဗ္ဗံ၊ ပွါးအပ်၏။

(အထူးထူးသောဥပမာအင်္ဂါကိုဆိုရာ၌ ယောဂါဝစရပုဂ္ဂိုလ်အား လျော်ရာ အင်္ဂါကိုသာယူ၍၊ နာဂသေနမထေရ်သည်စကားသင့်လေအောင် သွတ်သွင်းလှစ်ဖွင့်၍ပြတော်မူသည်ဟုမှတ်အပ်၏။)

---

## ၁၂–ပဒုမာကြာ၏အင်္ဂါ သုံးပါး

မိလိန္ဒမင်းသည် အရှင်ဘုရား၊ ကြာပဒုမာ၏ သုံးပါးသော အင်္ဂါတို့ကိုယူအပ်ကုန်၏ဟု အကြင်စကားကိုဆို၏၊ ထိုယူအပ်သောအင်္ဂါသုံးပါး

ကား အဘယ်နည်းဟု မေးသော် (၁) မင်းကြီး၊ ကြာပဒုမာသည် ရေ၌ရောက်၏၊ ရေ၌ပွါး၏၊ ကြီး၏၊ ရေဖြင့်မလိမ်းကျံ၊ မင်းကြီး၊ ထို့အတူ ယောဂါဝစရပုဂ္ဂိုလ်သည် ဆွေမျိုးလာဘ်သပ္ပကာအခြံအရံ၌ ၎င်း, သုံးဆောင်အပ်သော ပစ္စည်းပရိက္ခရာတို့၌၎င်း, အလုံးစုံတို့၌ပင် အနှောင့်အယှက် လိမ်းကျံခြင်းကင်းသဖြင့် ဖြစ်ရာ၏၊ မင်းကြီး၊ ဤသည် ကား ကြာပဒုမာ၏ ရှေးဦးစွာ ပဌမအင်္ဂါကိုယူအပ်၏၊ (၂) မင်းကြီး၊ တဖန်လည်း ကြာပဒုမာသည် ရေမှအထက်သို့တက်၍တည်၏၊ မင်းကြီး၊ ထို့အတူ ယောဂါဝစရပုဂ္ဂိုလ်သည် အလုံးစုံသောလောကကို နှိပ်စက်လွှမ်းမိုး၍ လောကုတ္တရာတရား၌ တည်ရာ၏၊ မင်းကြီး၊ ဤသည် ကား ကြာပဒုမာ၏ နှစ်ခုမြောက်သော အင်္ဂါကိုယူအပ်၏၊ (၃) မင်းကြီး၊ တဖန်လည်း ကြာပဒုမာသည် အနည်းငယ်သော လေခတ်အပ်သည်ရှိ သော်လှုပ်၏၊ မင်းကြီး၊ ထို့အတူ ယောဂါဝစရပုဂ္ဂိုလ်သည် အနည်းငယ် သော ကိလေသာတို့၌ စောင့်စည်းခြင်းကို ပြုအပ်၏၊ ဘေးကိုရှုလေ့ရှိ သည်ဖြစ်၍နေရာ၏၊ မင်းကြီး၊ ဤသည်လျှင်ကြာပဒုမာ၏ သုံးခုမြောက် သောအင်္ဂါကိုယူအပ်၏။ ။မင်းကြီး၊ ငါသာလျှင်လည်း ဤစကားကို မဆို၊ ဘုရားရှင်လည်း ဟောတော်မူအပ်၏ဟုသာကေဖြင့်ပြ၏။

ဘာသိတမ္ပေတံ မဟာရာဇ ဘဂဝတာ ဒေဝါတိဒေဝေန။
အနုမတ္တေသု ဝဇ္ဇေသု ဘယဒဿာဝီ သမာဒါယ သိက္ခတိ
သိက္ခာပဒေသူတိ။ ။ဟူသည်တည်း။

မဟာရာဇ၊ မင်းကြီး။ ဒေဝါတိဒေဝေန၊ နတ်တကာတို့ထက် နတ် မြတ်ဖြစ်တော်မူသော။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဧတံပိ၊ ဤစကား ကိုလည်း။ ဘာသိတံ၊ ဟောတော်မူအပ်၏။ ဘိက္ခဝေ၊ ချစ်သားရဟန်း တို့။ ဘိက္ခု၊ ရဟန်းသည်။ အနုမတ္တေသု၊ မြူလုံးမျှ အနည်းငယ်ဖြစ်ကုန် သော။ ဝဇ္ဇေသု၊ အပြစ်တို့၌။ ဘယဒဿာဝီ၊ ဘေးကိုရှုလေ့ရှိသည်ဖြစ် ၍။ သိက္ခာပဒေသု၊ စောင့်ရှောက်အပ်သောသိက္ခာပုဒ်တို့၌။ သမာဒါယ၊ ဆောက်တည်၍။ သိက္ခတိ၊ ကျင့်၏။ ဣတိ၊ ဤသို့။ ဘဂဝတာ၊ မြတ်စွာ ဘုရားသည်။ ဘာသိတံ၊ ဟောတော်မူအပ်၏။

## ၁၃–မျိုးစေ့၏အင်္ဂါ နှစ်ပါး

မိလိန္ဒ မင်းသည် အရှင်ဘုရား၊ မျိုးစေ့၏ နှစ်ပါးသောအင်္ဂါတို့ကို ယူအပ်ကုန်၏ဟု ဒုံကြွင်စကားကို ဆို၏၊ ထိုမျိုးစေ့၏အင်္ဂါနှစ်ပါးကား အဘယ်နည်းဟု မေးသော်။ (၁) မင်းကြီး၊ မျိုးစေ့၏သဘောသည် အနည်းငယ်ဖြစ်သော်လည်း လယ်မြေအရပ်၌ စိုက်ပျိုးအပ်သည်ရှိသော် မိုးလင်းကောင်းစွာရွာသည်ရှိသော် ကောင်းမွန် များပြားစွာသော အသီးတို့ကိုအစဉ်အတိုင်းပြု၏၊ မင်းကြီး၊ထို့အတူ ယောဂါဝစရပုဂ္ဂိုလ်သည်အစဉ်အတိုင်းစောင့်ရှောက်အပ်သောသီလသည် စင်စစ် အရဟတ္တဖိုလ်တည်းဟူသောအသီးကိုလျော်စွာပြုတတ်၏၊ ဤသို့သောအကြောင်းကြောင့်ကောင်းစွာဘရားကိုကျင့်အပ်၏၊မင်းကြီး၊ ဤသည်လျှင်မျိုးစေ့၏ ရှေ့ဦးစွာသော ပဌမအင်္ဂါကိုယူအပ်၏၊ (၂) မင်းကြီး၊ တဘန်လည်း မျိုးစေ့သည် ကောင်းစွာ သုတ်သင်ပြင်ဆင်အပ်သော လယ်မြေ၌ စိုက်ပျိုးအပ်သည်ရှိသော် လျင်စွာရောက်၏၊ မင်းကြီး၊ ထို့အတူ ယောဂါဝစရပုဂ္ဂိုလ်သည် ကောင်းစွာသိမ်းဆည်းအပ်သော မိမိစိတ်ကို ဆိတ်ငြိမ်ရာအရပ်၌ သုတ်သင်အပ်သော သတိပဋ္ဌာန်တည်းဟူသော မြတ်သော လယ်မြေ၌ စိုက်ထားအပ်သည်ရှိသော် လျင်စွာကောင်းကျိုး၏ ပွါးများခြင်းသို့ရောက်၏၊ မင်းကြီး၊ ဤသည်လျှင်မျိုးစေ့၏ နှစ်ခုမြောက်သောအင်္ဂါကိုယူအပ်၏။ ။မင်းကြီး၊ ထိုစကားကို ငါသာလျှင်လည်း မဆို၊ ထိုအကြောင်းကို ရှင်အနုရုဒ္ဓါမထေရ်သည်လည်း ဟောတော်မူအပ်၏ဟုသာဓကဖြင့်ပြ၏။

ဘာသိတမ္ပေတံ မဟာရာဇ ထေရေနအနုရုဒ္ဓေန။
ယထာပိခေတ္တေဝိသုဒ္ဓေ၊ ဗီဇဥ္စဿပတိဋ္ဌိတံ။
ဝိပုလဿဖလံဟောတိ၊ အပိတောသေတိကဿကံ။ ။
ဧဝမေဝယောဂိနောစိတ္တံ၊ သုညာဂါရေဝိသောဓိတံ။
သတိပဋ္ဌာနခေတ္တမှိ၊ ခိပ္ပမေဝဝိရူဟတီတိ။ ။ဟူသည်တည်း။

မဟာရာဇ၊ မင်းကြီး။ထေရေန အနုရုဒ္ဓေန၊ အနုရုဒ္ဓါမထေရ်သည်။ ဧတံပိ၊ ဤစကားကို လည်း။ ဘာသိတံ၊ ဟောတော်မူအပ်၏။ ။ ယထာပိ၊ ဥပမာသော်ကား။ ဝိသုဒ္ဓေ၊ စင်ကြယ်သော။ ခေတ္တေ၊ လယ်မြေအရပ်၌။ ဗီဇံ၊ မျိုးစေ့ကို။ ပတိဋ္ဌိတံ၊ တည်စေအပ်သည်။ စေအသ

ဘဝေယျ၊ အကယ်၍ဖြစ်ငြားအံ့။ အဿ၊ ထိုမျိုးစေ့၏။ ဖလံ၊ အသီး သည်။ ဝိပုလံ၊ ပြန့်ပြောသည်။ ဟောတိ၊ ဖြစ်၏။ ဗီဇံ၊ မျိုးစေ့သည်။ ကဿကံ၊ လယ်ထွန်ယောက်ျားကို။ အပိ၊စင်စစ်။ တောသေတိယထာ၊ နှစ်သက်စေတတ်သကဲ့သို့။ တထေဝ၊ ထို့အတူသာလျှင်။ ယောဂိနော၊ ယောဂါဝစရပုဂ္ဂိုလ်၏။ စိတ္တံ၊ စိတ်သည်။ သုညာဂါရေ၊ ဆိတ်ငြိမ်ရာ အရပ်၌။ ဝိသောဓိတေ၊ စင်ကြယ်စေအပ်ပြီးသော။ သတိပဋ္ဌာနခေတ္တမှိ၊ သတိပဋ္ဌာန်ဟုဆိုအပ်သော လယ်မြေ၌။ ခိပ္ပမေဝ၊ လျင်စွာသာလျှင်။ ဝိရူဟတိ၊ ရောက်၏။ ဣတိ၊ ဤသို့။ ဧတံပိ၊ ဤစကားကိုလည်း။ ဘာသိတံ၊ ဟောတော်မူအပ်၏။

## ၁၄—သာလကလျာဏီသစ်ပင်၏အင်္ဂါတပါး

မိလိန္ဒမင်းသည် အရှင်ဘုရား၊ သာလကလျာဏီအမည်ရှိသော သစ်ပင်၏ အင်္ဂါတပါးကို ယူအပ်၏ဟု အကြင်စကားကိုဆို၏၊ ထိုသာလကလျာဏီသစ်ပင်၏ တပါးသောအင်္ဂါကား အဘယ်နည်းဟု မေးသော် (၁) မင်းကြီး၊သာလ ကလျာဏီမည်သောသစ်ပင်သည် မြေကြီး၏အတွင်း၌ သာလျှင် အတောင်တရာ၎င်း, ထို့ထက်အလွန်၎င်း ပင်စည်၏ပွါးများခြင်းရှိ၏၊ မင်းကြီး၊ ထို့အတူယောဂါဝစရပုဂ္ဂိုလ်သည် လေးပါးသော ဖိုလ်တရား, လေးပါးသော ပဋိသမ္ဘိဒါ, ခြောက်ပါးသော အဘိညာဉ်တို့ကို၎င်း, အလုံးစုံသော ရဟန်းတရားတို့ကို၎င်း, ဆိတ်ငြိမ်ရာအရပ်၌သာလျှင်ဖြည့်အပ်၏၊မင်းကြီး၊ဤသည်လျှင်သာလကလျာဏီ မည်သော သစ်ပင်၏တခုသော အင်္ဂါကိုယူအပ်၏။ ။မင်းကြီး၊ငါသာလျှင်လည်း ထိုစကားကိုဆိုအပ်သည် မဟုတ်၊ သားတော် ရာဟုလာ မထေရ်သည်လည်း ဟောဘူး၏ဟု သာဓကဖြင့်ပြ၏။

ဘာသိတမ္ပေတံ မဟာရာဇ ထေရေန ရာဟုလေန။
သာလကလျာဏိ ကာနာမ၊ ပါဒပေါ ဓရဏီရုဟော။
အန္တောပထဝိယံယေဝ၊ သတဟတ္ထံပိဝဍ္ဎတိ။
ယထာကာလမှိ သမ္ပတ္တော၊ ပရိပါကေန သော ဒုမော။
ဥဂ္ဂန္တွာန ဧကာဟံ၊ သတဟတ္ထံပဝဍ္ဎတိ။ ။

ဝေမေဝါယံမဟာဝိရ၊သာလကလျာဏိကာဝိယာ။
အဇ္ဈတ္တေရေသုညာဂါရေ၊ ဓမ္မတောအဘိဝဍ္ဎယိန္တိ။
ဟူသည်တည်း။

မဟာရာဇ၊ မင်းကြီး။ ယထာရေနု ရာဟုလေန၊ ရာဟုလာ မထေရ်သည်။ တံပိ၊ ဤစကားကိုလည်း။ ဘာသိတံ၊ ဟောတော်မူအပ်၏။ ။ မဟာဝိရ၊ ကြီးမြတ်သောလုံ့လနှင့် ပြည့်စုံတော်မူသော အရှင်ဘုရား။ ဓရဏိရုဟော၊ မြေကြီးကိုမှီ၍ ရောက်သော။ သာလကလျာဏိကာနာမ၊ သာလကလျာဏိအမည်ရှိသော။ ပါဒပေါ၊ သစ်ပင်သည်။ အန္တော ပထဝိယံယေဝ၊ မြေကြီး၏အတွင်း၌သာလျှင်။သတဟတ္ထော၊ အတောင်တရာ။ ပဝဍ္ဎတိ၊ ပွါးများ၏။ သောဒုမော၊ ထိုသစ်ပင်သည်။ ကာလမှိ၊ ဘုရားဖြစ်တော်မူသောအခါသို့။ သမ္ပတ္တေ၊ ရောက်လတ်သော်။ ပရိပါကေန၊ ရင့်မာသဖြင့်၊ ဥဂ္ဂန္တွာ၊ မြေမှထွက်၍။ ဧကာဟံ၊ တနေ့ခြင်း။ သတဟတ္ထော၊ အတောင်တရာ။ ပဝဍ္ဎတိယထာ၊ ပွါးတက်သကဲ့သို့။ဝေမေဝ၊ဤအတူသာလျှင်။မဟာဝိရ၊ကြီးသောလုံ့လနှင့်ပြည့်စုံတော်မူသောအရှင်ဘုရား။ အဟံ၊ အကျွန်ုပ်သည်။ အဇ္ဈတ္တေ၊ ကိုယ်တွင်း၌။ သာလကလျာဏိကာဝိယ၊ သာလကလျာဏိမည်သော သစ်ပင်ကဲ့သို့။ သုညာဂါရေ၊ ဆိတ်ငြိမ်ရာ အရပ်၌။ ဓမ္မတော၊ တရားအားဖြင့်။ အဘိဝဍ္ဎယိံ၊ ရှေးရှုပွါးများပေပြီ။ ဣတိ၊ ဤသို့။ ထေရေန ရာဟုလေန၊ ရာဟုလာမထေရ်သည်။ ဘာသိတံ၊ ဟောတော်မူအပ်၏။

---

## ၁၅-လှေ၏အင်္ဂါသုံးပါး

မိလိန္ဒမင်းသည် အရှင်ဘုရား၊ လှေ၏သုံးပါးသောအင်္ဂါတို့ကို ယူအပ်၏ဟု အကြင်စကားကိုဆို၏၊ ထိုသုံးပါးသောအင်္ဂါသည် အဘယ်နည်းဟု မေးသော် (၁) မင်းကြီး၊ လှေသည် အထူးထူး အပြားပြားသောသစ်တို့ကို စပ်ဟပ်ပေါင်းဖွဲ့သောအားဖြင့် များစွာသောလူတို့ကို ထိုမှာဘက်ကမ်းသို့ ပို့တင်ကူးမြောက် စေနိုင်၏၊ မင်းကြီး၊ ထို့အတူ ယောဂါဝစရ ပုဂ္ဂိုလ်သည် အကျင့်သီတင်း ဂုဏ်ကျေးဇူး ဝတ်ကြီး ဝတ်ငယ် များသောအပြားရှိသော တရားတည်းဟူသော အစေ့အစပ်ဖြင့် နတ်နှင့်တကွသော လူအပေါင်းကို သံသရာတည်းဟူသော

ဆင်းရဲမှ ကူးမြောက်စေအပ်၏၊ ဤသည်လျှင် မင်းကြီး၊ လှေ၏ ရှေးဦးစွာသော အင်္ဂါကိုယူအပ်၏။ (၂) တဘန်လည်း မင်းကြီး၊ လှေသည် လှိုင်းတံပိုးအဟုန်စီးသောထွေးရှက်သောအဟုန်ကို သည်းခံ၏၊ မင်းကြီး၊ ထို့အတူ ယောဂါဝစရပုဂ္ဂိုလ်သည် များသောအပြားရှိသော ကိလေသာဟူသောအနှောင့်အယှက် တံပိုးတည်းဟူသောအဟုန်ကိုလည်း, လာဘ်သပ္ပကာ အခြံအရံ အကျော်အစောကိုလည်း, ပူဇော်ခြင်း, ရှိခိုးခြင်း, တပါးသောသူတို့သည် ကဲ့ရဲ့ခြင်း, ချီးမွမ်းခြင်း, ချမ်းသာဆင်းရဲ တူမှုခြင်း, ကွဲလွဲခြင်း, များသောအပြားရှိသော အပြစ်တင်ခြင်းတည်းဟူသော တံပိုးအဟုန်ကိုလည်းသည်းခံအပ်၏၊ မင်းကြီး၊ ဤသည်ကား လှေ၏နှစ်ခုမြောက်သောအင်္ဂါကို ယူအပ်၏။ (၃) တဘန်လည်း မင်းကြီး၊ လှေသည် မနှိုင်းရှည့်အပ်သော အဆုံးမရှိထိုမှာဘက်သို့ ကူးမြောက်ခြင်းငှါ ခဲသော လှိုင်းတံပိုးတို့ဖြင့် နက်သောရေ ပြင်းသောအသံရှိသော တိမိတိမိင်္ဂလ အစရှိသော ငါးမကရ်းအပေါင်းတို့ဖြင့် နှောင့်ယှက်ခြင်း ရှိသော မဟာသမုဒ္ဒရာ၌ သွား၏၊ မင်းကြီး၊ ထို့အတူ ယောဂါဝစရ ပုဂ္ဂိုလ်သည် သုံးကြိမ်ထပ်၍ ဟောတော်မူအပ်သည်ဖြစ်၍ တဆဲ့နှစ်ပါးသော အခြင်းအရာရှိသော သစ္စာလေးပါးကိုထိုးထွင်း၍သိခြင်း၌ မိမိ၏စိတ်ကိုကောင်းစွာကျင့်အပ်၏၊ မင်းကြီး၊ ဤသည်ကား လှေ၏သုံးခုမြောက်သောအင်္ဂါကိုယူအပ်၏။ ။မင်းကြီး၊ ထိုစကားကို ငါသာလျှင်မဆို၊ ဘုရားရှင်လည်း သစ္စသံယုတ္တနိကာယ်၌ ဟောတော်မူအပ်၏ဟု သာဓကဖြင့် ပြပြန်၏။

ဘာသိတမ္ပေတံ မဟာရာဇ ဘဂဝတာ ဒေဝါတိ ဒေဝေန သံယုတ္တနိကာယဝရေ သစ္စသံယုတ္တေ။

ဝိတက္ကေန္တာ စ ခေါ တုမှေ ဘိက္ခဝေ ဣဒံ ဒုက္ခန္တိ ဝိတက္ကေယျာထ၊ အယံဒုက္ခသမုဒယောတိ ဝိတက္ကေယျာထ၊ အယံဒုက္ခနိရောဓောတိ ဝိတက္ကေယျာထ၊ အယံဒုက္ခနိရောဓဂါမိနီ ပဋိပဒါတိ ဝိတက္ကေယျာထာတိ။ ။ဟူသည်တည်း။

မဟာရာဇ၊ မင်းကြီး။ ဒေဝါတိဒေဝေန၊ နတ်တကာတို့ထက် နတ်မြတ်ဖြစ်တော်မူသော။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ သံယုတ္တနိကာယဝရေ။ မြတ်သော သံယုတ္တနိကာယ်ဖြစ်သော။ သစ္စသံယုတ္တေ၊ သစ္စ

သံယုတ်၌။ ဌတံပိ၊ ဤစကားကိုလည်း။ ဘာသိတံ၊ ဟောတော်မူအပ်၏။ ဣဒံ ဒုက္ခံ၊ ရဟန်းတို့။ တုမှေ၊ သင်တို့သည်။ ဝိတက္ကေန္တော၊ ကြံကုန်သော်လည်း။ ဧဝံ၊ ဤတရားသည်။ ဒုက္ခံ၊ ဒုက္ခသစ္စာ တည်းဟူ၍။ ဝိတက္ကေယျာထ၊ ကြံကြကုန်လော့။ အယံ၊ ဤတရားသည်။ ဒုက္ခသမုဒယောတိ၊ ဒုက္ခ၏အကြောင်းတရားဟူ၍။ ဝိတက္ကေယျာထ၊ ကြံကြကုန်လော့။ အယံ၊ ဤတရားသည်။ ဒုက္ခနိရောဓောတိ၊ ဒုက္ခ၏ချုပ်ရာဟူ၍။ ဝိတက္ကေယျာထ၊ ကြံကြကုန်လော့။ အယံ၊ ဤတရားသည်။ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါတိ၊ ဒုက္ခ၏ချုပ်ရာနိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်တရားဟူ၍။ ဝိတက္ကေယျာထ၊ ကြံကြကုန်လော့။ ဣတိ၊ ဤသို့။ ဘာသိတံ၊ ဟောတော်မူအပ်၏။

(တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကရဟူသည် ဒုက္ခသစ္စာ၌ သုံးပါး၊သမုဒယသစ္စာ၌သုံးပါး၊နိရောဓ သစ္စာ၌ သုံးပါး၊မဂ္ဂသစ္စာ၌သုံးပါးစီရသောကြောင့် တဆဲ့နှစ်ပါးသော အာကာရအခြင်း အရာရှိ၏၊ ရှိကြောင်းကား ဒုက္ခသစ္စာ၌ ဉာဏံဥဒပါဒိ၊ ဉာဏေန ပရိညေယျံ၊ ဉာဏေန ပရိညာတံဟူ၍ သုံးချက်။ ။သမုဒယသစ္စာ၌လည်း ဉာဏံဥဒပါဒိ၊ ဉာဏေန ပဟာတဗ္ဗံ၊ ဉာဏေန ပဟီနံဟူ၍ သုံးချက်။ ။နိရောဓသစ္စာ၌လည်း ဉာဏံဥဒပါဒိ၊ဉာဏေန သစ္ဆိကာတဗ္ဗံ၊ဉာဏေနသစ္ဆိကတံဟူ၍ သုံးချက်။ ။မဂ္ဂသစ္စာ၌လည်း ဉာဏံဥဒပါဒိ၊ ဉာဏေန ဘာဝေတဗ္ဗံ၊ ဉာဏေန ဘာဝိတံဟူ၍ သုံးချက်။ ။ဤသို့သုံးချက်စီ ထပ်၍ ဓမ္မစကြာတရားတော်ကို ဟောတော်မူအပ်သည်၏အဖြစ်ကြောင့် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကရဟူ သောသစ္စာကို ထိုးထွင်း၍သိအောင်ကျင့်အပ်၏ဟု ဆိုလိုသည်။)

---

## ၁၆–ကျောက်ဆူး၏အင်္ဂါနှစ်ပါး

မိလိန္ဒမင်းသည် အရှင်ဘုရား၊ လှေကိုဆွဲငင်တတ်သော ကျောက်ဆူး၏ အင်္ဂါနှစ်ပါးတို့ကိုယူအပ်၏ဟု အကြင်စကားကိုဆို၏၊ ထိုနှစ်ပါးသောအင်္ဂါသည် အဘယ်နည်းဟု မေးသော် (၁) မင်းကြီး၊ လှေကို ဆွဲငင်တတ်သောကျောက်ဆူးသည် များစွာသောတံပိုးဖြင့် နှောင့်ယှက်ခြင်း ချောက်ချားခြင်းရှိသော မဟာသမုဒ္ဒရာ၌ လှေကိုငင်ဆွဲ၍ တည်စေတတ်၏၊ တူရူဘိလာအရပ်ကို ဆောင်စိမ့် သွားစိမ့်သော၌ါ မပေး၊ မင်းကြီး၊ ထို့အတူ ယောဂါဝစရပုဂ္ဂိုလ်သည် ရာဂဒေါသ မောဟ ဟူသော တံပိုးအုပ်ဟုန် များစွာသောမိစ္ဆာဝိတက်အကြီးအစည်တို့သည် ရိုက်ခတ်သည်ရှိသော် မိမိစိတ်ကို ဆွဲငင်အပ်၏၊ ထိုမှ ဤမှ ဆောင်ယူခြင်းငှါ မပေးအပ်၊ မင်းကြီး၊ ဤသည်လျှင် လှေကျောက်ဆူး၏ ရှေ့ဦး

စွာ ပဌမအင်္ဂါရှိ ယူအပ်၏။ (၂) တဘန်လည်း မင်းကြီး၊ လှေကိုဆွဲငင်တတ်သောကျောက်ဆူးသည်မမျော၊ပေါ်လောအမြဲမနေ၊ အတောင့်တရာမျှလောက်သောရေ၌လည်း ရေကိုဆွဲ၏၊ တည့်ခြင်းကိုဆောင်၏၊ မင်းကြီး၊ 'ထို့အတူ ယောဂါဝစရပုဂ္ဂိုလ်သည် လာဘ်သပ္ပကာ အကျော်အစော မြတ်နိုးခြင်း ရှိခိုးခြင်း ပူဇော်ခြင်း အရိုအသေပြုခြင်း အခြံအရံအစရှိသည်တို့၌ မလျှပ်ပေါ်အပ်၊ ကိုယ်နှင့်မျှလောက်ရုံသော ပစ္စည်း၌သာလျှင် မိမိစိတ်ကို အမြဲထားအပ်၏။ မင်းကြီး၊ ဤသည်ကား လှေကျောက်ဆူး၏ နှစ်ခုမြောက်သော အင်္ဂါကိုယူအပ်၏၊ ။မင်းကြီး၊ထိုစကားကို ငါသာလျှင်လည်း မဆို၊ ရှင်သာရိပုတ္တရာသည်လည်း ဟောတော်မူအပ်၏ဟု သာဓကဖြင့်ပြ၏။

ဘာသိတမ္ပေတံ မဟာရာဇ ထေရေန သာရိပုတ္တေန ဓမ္မသေနာပတိနာ။
ယထာ သမုဒ္ဒေ လဂ္ဂနကံ၊ နပ္လဝတိ ဝိသီဒတိ။
တထေဝ လာဘသက္ကာရေ၊ မာပ္လဝထ ဝိသီဒထာတိ။
ဟူသည်တည်း။

မဟာရာဇ၊ မင်းကြီး။ ဓမ္မသေနာပတိနာ။ တရားစစ်သူကြီးဖြစ်သော။ ထေရေန သာရိပုတ္တေန၊ သာရိပုတ္တရာမထေရ်သည်။ ဧတံပိ၊ ဤစကားကိုလည်း။ ဘာသိတံ၊ ဟောတော်မူအပ်၏။ ။အာဝုသော၊ ငါ့ရှင်တို့။ယထာ၊ ဥပမာသော်ကား။ သမုဒ္ဒေ၊ သမုဒ္ဒရာ၌။ လဂ္ဂနကံ၊ ကျောက်ဆူးသည်။ နပ္လဝတိ၊ မမျော မပေါ်။ ဝိသီဒတိ၊ အမြဲဆွဲ၍နေ၏။ တထေဝ၊ ထို့အတူသာလျှင်။ တုမှေ၊ သင်တို့သည်။ လာဘသက္ကာရေ၊ လာဘ်သပ္ပကာ၌။ မာပ္လဝထ၊ မလျှပ်ပေါ်ကုန်လင့်။ ဝိသီဒထ၊ စိတ်ကိုမြဲစွာ နှိပ်ကွပ်ကုန်လော့။ ဣတိ၊ ဤသို့။ ဘာသိတံ၊ ဟောတော်မူအပ်၏။

---

## ၁၇-လင်းယင်တိုင်၏ အင်္ဂါတပါး

မိလိန္ဒမင်းသည်အရှင်ဘုရား၊လင်းယင်တိုင်၏အင်္ဂါတပါးကိုယူအပ်၏ဟု အကြဲင်စကားကိုဆို၏၊ထိုတပါးသောအင်္ဂါသည် အဘယ်နည်းဟု မေးသော် (၁) မင်းကြီး၊လင်းယင်တိုင် မည်သည်ကား ကြိုးပုဆိုး ရွက်

လက်တို့ကိုဆောင်ရွက်သကဲ့သို့ ထို့အတူမင်းကြီး၊ယောဂါဝစရပုဂ္ဂိုလ်သည်သတိသမ္ပဇဉ်နှင့်ပြည့်စုံခိုင်ခံ့သည်ဖြစ်၍ ရှေ့သို့တက်သည်,နောက်သို့ဆုတ်သည်,တူရူကြည့်သည်,တစောင်းကြည့်သည်,ကွေးသည်,ဆန့်သည်, သပိတ်သင်္ကန်းကိုယူသည်,စားသည်, သောက်သည်, ခဲသည်, လျက်သည်, ကျင်ကြီးကျင်ငယ်အမှုကိုပြုသည်, သွားသည်, ရပ်သည်, ထိုင်သည်,အိပ်သည်, နိုးသည်, စကားပြောသည်, တိတ်တိတ်နေသည်၌ ဆင်ခြင်ခြင်း အလေ့အလာရှိသည်ဖြစ်ရာ၏၊ မင်းကြီး၊ ဤသည်လျှင်လင်းယင်တိုင်၏အင်္ဂါတခုကိုယူအပ်၏။ ။မင်းကြီး၊ ငါသာလျှင်လည်းမဆို၊ ဘုရားရှင်လည်း ဟောတော်မူအပ်၏ဟု သာဓကဖြင့်ပြပြန်၏။

> ဘာသိတမွေတံ မဟာရာဇ ဘဂဝတာ ဒေဝါတိ ဒေဝေန၊
> သတော ဘိက္ခုဝေ ဘိက္ခုပိဟာရေယျ သမ္ပဇာနော၊အယံဝေါ
> အမှာကံအနုသာသနီတိ။ ။ဟူသည်တည်း။

မဟာရာဇ၊ မင်းကြီး။ ဒေဝါတိဒေဝေန၊ နတ်တကာတို့ထက် နတ်မြတ် ဖြစ်တော်မူသော။ ဘဂဝတာ၊ မြတ်စွာ ဘုရားသည်။ ဧတံပိ၊ ဤစကားကိုလည်း။ ဘာသိတံ၊ ဟောတော်မူအပ်၏။ ဘိက္ခဝေ၊ရဟန်းတို့။ ဘိက္ခု၊ ရဟန်းသည်။ သတော၊ သတိနှင့်ပြည့်စုံသည်။သမ္ပဇာနော၊ ပညာနှင့်ပြည့်စုံသည်။ ဟုတ္တွာ၊ဖြစ်၍။ဝိဟာရေယျ၊နေရာ၏။အယံ၊ ဤသို့သတိသမ္ပဇဉ်နှင့်ပြည့်စုံ၍နေသော ရဟန်းသည်။ အမှာကံ၊ ငါဘုရားတို့၏။ အနုသာသနီ၊ အဆုံးအမကိုလိုက်၍ နာခံသော ရဟန်းတည်း။ ဣတိ၊ ဤသို့။ ဘာသိတံ၊ ဟောတော်မူအပ်၏။

---

## ၁၈-လှေသူကြီး၏အင်္ဂါ သုံးပါး

မိလိန္ဒမင်းသည် အရှင်ဘုရား၊ လှေသူကြီး၏ သုံးပါးသော အင်္ဂါတို့ကိုယူအပ်၏ဟု အကြင်စကားကိုဆို၏၊ ထိုသုံးပါးသော အင်္ဂါသည်အဘယ်နည်းဟုမေးသော်၊ (၁) မင်းကြီး၊ သဘော်လှေသူကြီးသည်နေ့ညဉ့်မပြတ်မမေ့မလျော့လုံ့လနှင့် ယှဉ်သည်ဖြစ်၍ လှေကို အောက်မေ့သကဲ့သို့ ထို့အတူ 'မင်းကြီး၊ ယောဂါဝစရ ပုဂ္ဂိုလ်သည် မိမိစိတ်ကို ရှေးရှုဆောင်ရွက်သဖြင့် မမေ့မလျော့ မပြတ်လျှင်' လုံ့လရှိသည်ဖြစ်၍ ယောနိသောမနသိကာရဖြင့် ဆောင်အပ် အောက်မေ့အပ်

၏၊ မင်းကြီး၊ ဤသည်လျှင်လှေသူကြီး၏ ရှေ့ဦးစွာ ပဌမအင်္ဂါကိုယူ အပ်၏။ ။မင်းကြီး၊ ငါသာလျှင်လည်း ထိုစကားကိုမဆို၊ ဘုရားရှင် လည်းဓမ္မပဒတရားတော်၌ဟောတော်မူအပ်၏ဟု သုဘကေဖြင့်ပြပြန်၏။

ဘာသိတမွေတံ မဟာရာဇ ဘဂဝတာ ဒေဝါတိဒေဝေန ဓမ္မပဒေ။
အပ္ပမာဒ ရတာ ဟောထ၊ သစိတ္တမနုရက္ခထ။
ဒုဂ္ဂါဥဒ္ဓရထတ္တာနံ၊ ပင်္ကေသန္နောဝကုဉ္ဇရောတိ။ ။
ဟူသည်တည်း။

မဟာရာဇ၊ မင်းကြီး။ ဒေဝါတိဒေဝေန၊ နတ်တကာတို့ထက် နတ် မြတ် ဖြစ်တော်မူသော။ဘဂဝတာ၊ မြတ်စွာဘုရားသည်။ဓမ္မပဒေ၊ဓမ္မပဒ ကျမ်း၌။ဧတံပိ၊ ဤစကားကိုလည်း။ ဘာသိတံ၊ဟောတော်မူအပ်၏။ ။ ဘိက္ခဝေ၊ ရဟန်းတို့။ တုမှေ၊ သင်တို့သည်။ ပင်္ကေ၊ညွှန်၌။ သန္နော၊နစ် သော။ ကုဉ္ဇရော၊ဆင်ပြောင်သည်။ ဒုဂ္ဂါ၊ခရီးခဲမှ။အတ္တာနံ၊မိမိကိုယ်ကို။ ဥဒ္ဓရထဣဝ၊ ထုတ်သကဲ့သို့။အပ္ပမာဒရတာ၊အပ္ပမာဒတရား၌ မွေ့လျော် ကုန်သည်။ ဟောထ၊ ဖြစ်ကုန်လော့။သစိတ္တံ၊မိမိ၏စိတ်ကို။ အနုရက္ခထ၊ အစဉ်အတိုင်း ကောင်းစွာ စောင့် ရှောက် ကုန်လော့။ ဣတိ၊ ဤသို့။ ဘာသိတံ၊ ဟောတော်မူအပ်၏။

(၂) မင်းကြီး၊ တဘန်လည်း သင်္ဘောလှေသူကြီးသည် မဟာ သမုဒ္ဒရာ၌ တစုံတခု ကောင်းသည် မကောင်းသည်ဟု ဆိုအပ်သော အလုံးစုံကို သိသကဲ့သို့ ထို့အတူ မင်းကြီး၊ ယောဂါဝစရပုဂ္ဂိုလ်သည် ကုသိုလ်, အကုသိုလ်, အပြစ်ရှိသော တရား, အပြစ်မရှိသော တရား, အယုတ်အမြတ် အမည်း အဖြူ ဝေဘန်အပ်သော အတို့ကို သိအပ်၏၊ မင်းကြီး၊ ဤသည်လျှင် သင်္ဘောလှေသူကြီး၏ နှစ်ခုမြောက်သော အင်္ဂါ ကို ယူအပ်၏၊ (၃) မင်းကြီး၊ တဘန်လည်း သင်္ဘောလှေသူကြီးသည် တစုံတယောက်သောသူသည် စက်ယန္တရား မင်းတုပ် သံကောက်တို့ ကိုမသုံးသပ်ကြနှင့်ဟု ဆို၍ စက်ယန္တရား၌ မင်းတုပ် သံကောက်ကို ထိုးသကဲ့သို့ မင်းကြီး၊ထို့အတူ ယောဂါဝစရပုဂ္ဂိုလ်သည် မိမိစိတ်ကို စောင့်စည်းရာ၌ ယုတ်မာသောအကုသိုလ် အကြံအစည် ဝိတက်ကို ငါ မကြံဟု လုံ့ရိုစွာပိတ်ဆို့အပ်၏၊ မင်းကြီး၊ ဤသည်ကား သင်္ဘောလှေ သူကြီး၏ သုံးခုမြောက်သော အင်္ဂါကို ယူအပ်၏။ ။မင်းကြီး၊ ငါသာ

လျှင်လည်း အကုသိုလ် ဝိတက်ကို မကြံအပ်ဟုမဆို၊"ဘုရားရှင်လည်း သံယုတ္တနိကာယ်၌ ဟောတော်မူအပ်၏ဟု သာဓကဖြင့် ပြ၏။

ဘာသိတမ္ပေတံ မဟာရာဇ ဘဂဝတာ ဒေဝါတိဒေဝေန သံယုတ္တနိကာယဝရေ။

မာဘိက္ခဝေ ပါပကေ အကုသလေ ဝိတက္ကေဝိတက္ကယိတ္ထ၊ သေယျထိဒံ၊ ကာမ ဝိတက္ကံ ဗျာပါဒ ဝိတက္ကံ ဝိဟိံသာ ဝိတက္ကန္တိ။ ။ဟူသည်တည်း။

မဟာရာဇ၊ မင်းကြီး။ ဒေဝါတိဒေဝေန၊ နတ်တကာတို့ထက် နတ်မြတ်ဖြစ်သော။ဘဂဝတာ၊မြတ်စွာဘုရားသည်။သံယုတ္တ နိကာယဝရေ၊ သံယုတ္တနိကာယ်ကျမ်းမြတ်၌။ ဘိက္ခဝေ၊ ရဟန်းတို့။ တုမှေ၊ သင်တို့သည်။ ပါပကေ၊ ယုတ်မာကုန်သော။ အကုသလေ၊ အကုသိုလ်ဖြစ်ကုန်သော။ ဝိတက္ကေ၊ မိစ္ဆာဝိတက်တို့ကို။ မာဝိတက္ကယိတ္ထ၊ မကြံကုန်လင့်။ သေယျထိဒံ သေယျထာကတမံ၊ ထိုမိစ္ဆာ ဝိတက်ဟူသည် အဘယ်နည်းဟူမူကား။ ကာမဝိတက္ကံ၊ လောဘနှင့်ယှဉ်သော အာရုံကို ကြံခြင်းရင်း။ ဗျာပါဒဝိတက္ကံ၊ သူတပါးကို ဖျက်ဆီးခြင်းနှင့်ယှဉ်သော အာရုံကိုကြံခြင်းရင်း။ ဝိဟိံသာဝိတက္ကံ၊ သူတပါးအားညှဉ်းဆဲခြင်းနှင့် ယှဉ်သောအာရုံကိုကြံခြင်းရင်း ။ ဣတိ ဣမေတယော ဝိတက္ကေ၊ဤသုံးပါးသော မိစ္ဆာဝိတက်တို့ကို။ မာဝိတက္ကယိတ္ထ၊ မကြံကုန်လင့်။ ဣတိ၊ ဤသို့။ ဘာသိတံ၊ ဟောတော်မူအပ်၏။

---

## ၁၉-သူရင်းငှါး၏အင်္ဂါတပါး

မိလိန္ဒမင်းသည် အရှင်ဘုရား၊ သူရင်းငှါးအမှုလုပ်သော သူ၏အင်္ဂါ တပါးကို ယူအပ်၏ဟု အကြောင်စကားကိုဆို၏၊ ထိုတပါးသော အင်္ဂါ သည် အဘယ်နည်းဟုဆိုသော်၊ (၁) မင်းကြီး၊ အမှုလုပ်သူရင်းငှါး ယောကျ်ားသည် ငါ့အားဤငွေဖြင့် သူ၏အမှုကို ရွက်ဆောင်ရ၏၊ ငါသည်ဤငွေဖြင့် ရွက်ဆောင်အပ်သောဝန်ကြောင့်မျိုးရိက္ခာသူရင်းငှါး ခကိုရလတ္တံ့၊ ငါသည်ပြုအပ်သောအမှု၌ မေ့လျော့ခြင်းကိုမပြုအပ်ချေ၊ မပေါ့မလျော့သဖြင့်ငွေကို ဆောင်ရွက်သိမ်းဆည်းအပ်သည်ဟု နှလုံး ပြုအပ်သကဲ့သို့မင်းကြီး၊ ထို့အတူ ယောဂါဝစရပုဂ္ဂိုလ်သည် ဤသို့

သောအကြောင်းကိုကြံအပ်၏၊ ငါသည်လေးပါးသော မဟာဘုတ်တည်းဟူသောကိုယ်ကိုသုံးသပ်ဆင်ခြင်ခြင်း, မပြတ်မလပ် မမေ့မလျော့မြဲသော သတိသမ္ပဇဉ် ကောင်းသော တည်ကြည်ခြင်းစိတ်ရှိ၍ ဇာတိ, ဇရာ, ဗျာဓိ, မရဏ, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသတရားတို့မှလွတ်ရပါလတ္တံ့၊ အပ္ပမာဒတရား၌ မမေ့မလျော့အပ်ဟု အကြံကိုပြုအပ်၏၊ ဤသည်ကား မင်းကြီး၊ အမှုလုပ်သူရင်း၌ါး၏ တပါးသော အင်္ဂါကိုယူအပ်၏။ ။မင်းကြီး၊ ငါသာလျှင် ထိုစကားကိုမဆို၊ ရှင်သာရိပုတ္တရာသည်လည်းဟောတော်မူအပ်၏ဟု သာဓကဖြင့်ပြ၏။

ဘာသိတမ္ပေတံ မဟာရာဇ ထေရေန သာရိပုတ္တေန ဓမ္မသေနာပတိနာ။
ကာယံဣမံသမ္မသထ၊ ပရိဇာနာထပုနပ္ပုနံ၊
ကာယဿသဘာဝံဒိသွာန၊ ဒုက္ခဿန္တံကရိဿထာတိ။ ။
ဟူသည်တည်း။

မဟာရာဇ၊ မင်းကြီး၊ ဓမ္မသေနာပတိနာ၊ တရားစစ်သူကြီး ဖြစ်သော။ ထေရေနသာရိပုတ္တေန၊ ရှင်သာရိပုတ္တရာမထေရ်သည်။ ဧတံပိ၊ ဤစကားကိုလည်း။ ဘာသိတံ၊ ဟောတော်မူအပ်၏။ အာဝုသော၊ ငါ့ရှင်တို့။ တုမှေ၊ သင်တို့သည်။ ဣမံကာယံ၊ ဤတလံမျှလောက်သောကိုယ်ကို။ သမ္မသထ၊ သုံးသပ်ကြကုန်လော့။ ပုနပ္ပုနံ၊ အဘန်တလဲလဲ။ ပရိဇာနာထ၊ ပိုင်းခြား၍သိကြကုန်လော့။ ကာယဿ၊ တလံမျှလောက်သောကိုယ်၏။ သဘာဝံ၊ သဘောကို။ ဒိသွာန၊ မြင်၍။ ဒုက္ခဿန္တံ၊ ဆင်းရဲ၏အဆုံးကို။ ကရိဿထ၊ ပြုကြကုန်လော့။ ဣတိ၊ ဤသို့။ ဘာသိတံ၊ ဟောတော်မူအပ်၏။

## ၂၀-သမုဒ္ဒရာ၏အင်္ဂါ ငါးပါး

မိလိန္ဒမင်းသည် အရှင်ဘုရား၊ သမုဒ္ဒရာ၏ငါးပါးသော အင်္ဂါတို့ကိုယူအပ်၏ဟုအကြင်စကားကိုဆို၏၊ ထိုငါးပါးသောအင်္ဂါသည်အဘယ်နည်းဟုမေးသော်၊ (၁) မင်းကြီး၊ မဟာသမုဒ္ဒရာသည် သေသောအကောင်ပုပ်နှင့်အတူမနေသကဲ့သို့ မင်းကြီး၊ ထို့အတူ ယောဂါဝစရပုဂ္ဂိုလ်သည် ရာဂ, ဒေါသ, မောဟ, မာန, ဒိဋ္ဌိ, မက္ခ, ပဠာသ,

ဣဿာ,မစ္ဆရိယ, မာယာ,သာဌေယျ, ကုဒိုလ, ထမ္ဘ, ဒုစ္စရိတတည်း
ဟုသောအညစ်အကြေး ကိလေသာတို့နှင့်တကွ မနေအပ်၊ မင်းကြီး၊
ဤသည်ကားမဟာသမုဒ္ဒရာ၏ ရှေဦးစွာသော ပဌမအင်္ဂါကိုယူအပ်၏၊
(၂) တဘန်လည်းမင်းကြီး၊ မဟာသမုဒ္ဒရာသည် ပုလဲ, ပတ္တမြား,
ကြောင်မျက်စွဲ, ခရုသင်း, ကျောက်သလင်း, သန္တာ, ဖလ်ကျောက်
တည်းဟူသောအထူးထူးသောရတနာတို့ကို စုဝေးဆောင်ရွက်လျက်
ပိတ်ပင်၏၊ အပသို့ဖရိုဖရဲမပြုသကဲ့သို့ မင်းကြီး၊ထို့အတူယောဂါဝစရ
ပုဂ္ဂိုလ်သည် မဂ်, ဖိုလ်,ဈာန်,ဝိမောက္ခ,သမာဓိ,သမာပတ္တိ,ဝိပဿနာ,
အဘိညာဉ်တည်းဟူသောအထူးထူးသောရတနာတို့ကို ရသည်ရှိသော်
ပိတ်အပ်၏၊ ပြင်ပဖြစ်သောသူတပါးတို့ကိုသိအောင်မပြောအပ်၊မထုတ်
အပ်၊ ဤသည်ကား မင်းကြီး၊ မဟာသမုဒ္ဒရာ၏နှစ်ခုမြောက်သော အင်္ဂါ
ကိုယူအပ်၏၊ (၃) တဘန်လည်း မင်းကြီး၊ မဟာ သမုဒ္ဒရာသည်
ကြီးစွာသောကိုယ်ရှိသော သတ္တဝါတို့နှင့်အတူနေသကဲ့သို့ ထို့အတူ
ယောဂါဝစရပုဂ္ဂိုလ်သည်အလိုနည်းခြင်း, ရောင့်ရဲလွယ်ခြင်း, ဓုတင်
ဆောက်တည်ခြင်း, ခေါင်းပါးသောအသက်မွေးခြင်း, အကျင့်နှင့်ပြည့်စုံ
သော အလဇ္ဇီမကောင်းမှုကိုကဲ့ရဲ့တတ်သော ဆုံးမ ပဲ့ပြင်သွန်သင်တတ်
သောတရားကို ပြတတ်သော ထက်ဖစ ရွှင်စေတတ်သော ကလျာဏ
မိတ္တသီတင်းသုံးဘော်ကို အမှီပြု၍နေအပ်၏၊ ဤသည်လျှင် မင်းကြီး၊
မဟာသမုဒ္ဒရာ၏သုံးခုမြောက်သောအင်္ဂါကို ယူအပ်၏၊ (၄) တဘန်
လည်း မင်းကြီး၊ မဟာသမုဒ္ဒရာသည်အသစ်သောရေဖြင့် ပြည့်သော
ဂင်္ဂါ, ယမုနာ, အစိရဝတီ, သရဘူ, မဟီ, မြစ်ကြီး ငါးသွယ် တို့ဖြင့်
၎င်း, များသောမြစ်ငယ်တို့ဖြင့်၎င်း, ကောင်းကင်မှ ရွာသော ရေအယဉ်
တို့ဖြင့်၎င်း, ပြေတ်စီးဝင်သော်လည်း မိမိကမ်းကို မလွန်စေသကဲ့သို့
မင်းကြီး၊ ထို့အတူ ယောဂါဝစရပုဂ္ဂိုလ်သည်လာဘ်သပ္ပကာ အကျော်
အစော ရှိခိုးပူဇော် မြတ်နိုးတကျော ဟူသော အကြောင်းကြောင့်၎င်း,
အသက်ရှည်လိုသောကြောင့်၎င်း, ဘုရားရှင်ဟောတော်မူသော သိက္ခာ
ပုဒ်တော်ကိုလွန်ကျူးလိုသော စိတ်ရှိကုန်သည်ဖြစ်၍ လွန်ကျူးခြင်းကို
မပြုအပ်၊ မင်းကြီး၊ ဤသည်လျှင်မဟာသမုဒ္ဒရာ၏ လေးခုမြောက်သော
အင်္ဂါကို ယူအပ်၏၊ ထိုစကားကို ငါသာလျှင်လည်းမဆို၊ ဘုရားရှင်
လည်း ဟောတော်မူအပ်၏။

ဘာသိတမ္ပေတံ မဟာရာဇ ဘဂဝတာ ဒေဝါတိဒေဝေန။
သေယျထာပိ မဟာရာဇ မဟာသမုဒ္ဒေါ ဠိတဓမ္မော ဝေလံနာ
တိက္ကမတိ၊ ဧဝမေဝ မဟာရာဇ ယံ မယာသာဝကာနံ သိက္ခာ
ပဒံ ပညတ္တံ၊တံ မမသာဝကာ ဇီဝိတဟေတုပိ နာ တိက္ကမန္တီတိ။

မဟာရာဇ၊ မင်းကြီး။ ဒေဝါတိ ဒေဝေန၊ နတ်တကာတို့ထက် နတ်မြတ် ဖြစ်တော်မူသော။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဧတံပိ၊ ဤစကားကိုလည်း။ ဘာသိတံ၊ ဟောတော်မူအပ်၏၊မဟာရာဇ၊ မင်းကြီး။ သေယျထာပိ၊ ဥပမာ မည်သည်ကား။ ဠိတဓမ္မော၊ အမြဲတည်သော သဘောရှိသော။ မဟာသမုဒ္ဒေါ၊ မဟာသမုဒ္ဒရာသည်။ ဝေလံ၊ ကမ်းပါးကို။ နာတိက္ကမတိယထာ၊ မလွန်မကျူးသကဲ့သို့။ ဧဝမေဝ ဧဝံတထာ၊ ထို့အတူ။ မဟာရာဇ၊ မင်းကြီး။ မယာ၊ ငါသည်။ သာဝကာနံ၊ တပည့်တို့အား။ ယံ သိက္ခာပဒံ၊ အကြင်သိက္ခာပုဒ်ကို။ ပညတ္တံ၊ ပညတ်တော်မူအပ်၏။ မမ၊ ငါ၏။ သာဝကာ၊ တပည့်တို့သည်။ တံသိက္ခာပဒံ၊ ထိုသိက္ခာပုဒ်ကို။ ဇီဝိတဟေတုပိ၊ အသက်မွေးခြင်းဟူသော အကြောင်းကြောင့်လည်း။ နာတိက္ကမန္တိ၊ မကျူးမလွန်ကုန်။ ဣတိ၊ ဤသို့။ ဘာသိတံ၊ ဟောတော်မူအပ်၏။ ။(၅) တဘန်လည်းမင်းကြီး၊ မဟာသမုဒ္ဒရာသည် ထက်ဝန်းကျင်မှ စီးသော ဂင်္ဂါ, ယမုနာ, အစိရဝတီ, သရဘူ, မဟီ မြစ်ကြီးငါးစင်းတို့မှရင်း, ကောင်းကင်မှရေအယဉ်တို့ဖြင့်ရင်း, မပြည့်နိုင် သကဲ့သို့ မင်းကြီး၊ ထို့အတူ ယောဂါဝစရ ပုဂ္ဂိုလ်သည် ပါဠိသင်ခြင်း အဋ္ဌကထာသင်ခြင်း ဆောင်ရွက်ခြင်း ဆုံးဖြတ်ခြင်း အဘိဓမ္မာသုတ္တန်၌ အကြိုးဝင်သော ပါဠိတော်ကို ရုံးပေါင်းခြင်း မာတိကာ ပဒဘာဇနီတို့ဖြင့် ဝေဘန်ခြင်းရှိသော အင်္ဂါကိုးပါးနှင့်ပြည့်စုံသော သာသနာတော်မြတ်ကို ဆောင်ခြင်း နာခြင်း သင်ခြင်းဖြင့်မရောင့်ရဲအပ်၊ တန်ပြီဟု နှစ်သက်ခြင်းမရှိအပ်၊ မင်းကြီး၊ ဤသည်ကား မဟာသမုဒ္ဒရာ၏ ငါးခုမြောက်သော အင်္ဂါကိုယူအပ်၏။ ။မင်းကြီး၊ ငါသာလျှင်လည်း ထိုစကားကိုမဆို၊ ဘုရားရှင်လည်း ဟောတော်မူအပ်၏။

ဘာသိတမ္ပေတံ မဟာရာဇ ဘဂဝတာ ဒေဝါတိ ဒေဝေန
သုတသောမဇာတကေ။

အင်္ဂါယာထာ တိကာကင္ခံ ခုပ္ပာဒ္ဓြေ၊
နတပ္ပတိသာဂရော ဝါ နဒီဟိ။
ဇဝံဟိ မေ ပဏ္ဍိတာ ရာဇသေဋ္ဌ၊
သုတွာ နတပ္ပန္တိ သုဘာသိတေနာတိ။ ။ဟူသည်တည်း။

မဟာရာဇ၊ မင်းကြီး။ ဒေဝါတိ ဒေဝေန၊ နတ်တကာတို့ထက် နတ်မြတ်ဖြစ်တော်မူသော။ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဇတံပိ၊ ဤစကားကိုလည်း။ သုတသောမဇာတကေ၊ သုတသောမဇာတ်၌။ ဘာသိတံ၊ ဟောတော်မူအပ်၏။ အင်္ဂါ၊ မီးသည်။ ခုပ္ပာဒ္ဓြေ၊ လောင်သည်ရှိသော်။ တိဏကင္ခံ၊ မြက် ထင်းကို။ နတပ္ပတိယာထာစ၊ မရောင့်ရဲသကဲ့သို့ရင်း။ သာဂရောဝါ၊ သမုဒ္ဒရာသည်လည်း။ နဒီဟိ၊ စီးဝင်လာသောမြစ်တို့ဖြင့်။ နတပ္ပတိယာထာစ၊ မရောင့်ရဲသကဲ့သို့ရင်း။ ဇဝံတထာ၊ ထို့အတူ။ ရာဇသေဋ္ဌ၊ မင်းမြတ်။ ဇမေပဏ္ဍိတာ၊ ဤပညာရှိတို့သည်။ သုတွာ၊ကြားနာရသောကြောင့်။ သုဘာသိတေန၊ ကောင်းစွာဆိုအပ်သောစကားဖြင့်။ နတပ္ပန္တိ၊ မရောင့်ရဲကုန်၊

သမုဒ္ဒဝဂ္ဂေါ ဒုတိယော။

---

## ၂၁–မြေကြီး၏အင်္ဂါငါးပါး

မိလိန္ဒမင်းသည် အရှင်ဘုရား၊ မြေကြီး၏အင်္ဂါငါးပါးတို့ကို ယူအပ်၏ဟု အကြင်စကားကို ဆို၏၊ထိုငါးပါးသောအင်္ဂါသည် အဘယ်နည်းဟု ဆိုသော် (၁) မင်းကြီး၊ မြေကြီးသည် ဣဋ္ဌာရုံအနိဋ္ဌာရုံဖြစ်သော ပရုပ်,အကျော်,တောင်ဇလပ်,စန္ဒကူး,မာလာကျိုကျူ အစရှိသည်တို့ကို လောင်းသော်သွန်သော်ရင်း,သည်းခြေ သလိပ် သွေး ပြည် ချွေး အဆီ တံတွေး နှပ် အစေး ကျင်ကြီး ကျင်ငယ် အစရှိသည်တို့ကို လောင်းသော် သွန်သော်ရင်း သည်းခံသည်သာဖြစ်သကဲ့သို့ မင်းကြီး၊ ထို့အတူ ယောဂါဝစရပုဂ္ဂိုလ်သည် ဣဋ္ဌာရုံ, အနိဋ္ဌာရုံ, လာဘ်ရခြင်း, လာဘ်မရခြင်း,အခြံအရံရှိသည်,မရှိသည်,ကဲ့ရဲ့ချီးမွမ်းခြင်း, ချမ်းသာခြင်း,ဆင်းရဲခြင်း အလုံးစုံသောလောကဓံတရားတို့၌ သည်းခံခြင်းရှိသည် ဖြစ်ရာ၏၊ မင်းကြီး၊ ဤသည်လျှင် မြေကြီး၏ ရှေ့ဦးစွာသောအင်္ဂါကို ယူအပ်၏၊ (၂)၊ တဖန်လည်း မင်းကြီး၊ မြေကြီးသည် ပန်းနံ့သာ တန်ဆာဆင်

ယင်ခြင်းလည်းမရှိ၊ တန်ဆာဖြင့်ကုင်းလျက် မိမိ၏အနံ့ဖြင့်လှိုင်သကဲ့သို့ ထို့အတူ မင်းကြီး၊ ယောဂါဝစရပုဂ္ဂိုလ်သည် ပန်းနံ့သာ တန်ဆာဆင် ယင်ခြင်းမှကင်းသည်ဖြစ်၍ မိမိ၏သီလဟူသောအနံ့ဖြင့် ထုံမွှမ်းခြင်းဖြစ်ရာ၏၊မင်းကြီး၊ဤသည်ကား မြေကြီး၏နှစ်ခုမြောက်သော အင်္ဂါကို ယူအပ်၏။ (၃) တဖန်လည်း မင်းကြီး၊မြေကြီးသည် မပြတ်မပြိုမကွဲ၊ အခေါင်း အပေါက်မရှိ၊များစွာတခဲနက် ကျယ်ပြန့်ခြင်းရှိသကဲ့သို့ ထို့အတူ ယောဂါဝစရပုဂ္ဂိုလ်သည် မပြတ် မပြိုမကွဲ အခေါင်းအပေါက်မရှိ၊တခဲနက် ကျယ်ပြန့်သောသီလရှိသည် ဖြစ်ရာ၏၊ ဤသည်လျှင် သုံးခုမြောက်သောအင်္ဂါကိုယူအပ်၏။ (၄) တဖန်လည်းမင်းကြီး၊ မြေကြီးသည် ရွာ နိဂုံး ဇနပုဒ် သစ်ပင် တောင် မြစ် တဘက်ဆည်းကန် လေးထောင့်ကန် သားငှက် လူအပေါင်း ယောက်ျား မိန်းမတို့ကို မပေါ့မလျော့ ဆောင်ရွက်သကဲ့သို့ မင်းကြီး၊ ထို့အတူ ယောဂါဝစရပုဂ္ဂိုလ်သည် သူတပါးကို ဆုံးမသဖြင့်ရင်း, တရားကို သိစေသိသဖြင့်ရင်း, ကောင်းစွာပြုစေသဖြင့်ရင်း, ဆောက်တည်စေသဖြင့်ရင်း, ရွှင်စေသဖြင့်ရင်း, တရားဒေသနာ၌ မပေါ့မလျော့သည်ဖြစ်ရာ၏၊ မင်းကြီး၊ ဤသည်ကား မြေကြီး၏ လေးခုမြောက်သောအင်္ဂါကိုယူအပ်၏။ (၅)။ တဖန်လည်း မင်းကြီး၊မြေကြီးသည် ချစ်ခြင်းမုန်းခြင်းမှ ကင်းသကဲ့သို့ ထို့အတူ ယောဂါဝစရပုဂ္ဂိုလ်သည် ချစ်ခြင်းမုန်းခြင်းမှကင်းသော မြေကြီးနှင့်တူသောစိတ်ကို ဖြစ်စေရာ၏၊ ဤသည်ကား မင်းကြီး၊ မြေကြီး၏ ငါးခုမြောက်သောအင်္ဂါကို ယူအပ်၏၊ မင်းကြီး၊ ထိုစကားကို ငါသာလျှင်မဆို၊ စူဠသုဘဒ္ဒါ မည်သော ဥပါသိကာမ သည်လည်း ဆိုဘူးပါ၏ဟု သက်သေသာဓကဖြင့် ပြပြန်၏။

ဘာသိတမေ့တံ မဟာရာဇ ဥပါသိကာယ စူဠသုဘဒ္ဒါယ သကသမဏေ ပရိကိတ္တယမာနာယ။

ဧကဉ္စေ ဗာဟံဝါသိယာ၊ တစ္ဆေယျ ကုပိတမာနသော။
ဧကဉ္စေ ဗာဟံ ဂန္ဓေန၊ အာလိမ္ပေယျ ပမောဒိတော။
အမုကသ္မိံ ပဋိဃောနတ္ထိ၊ ရာဂေါ အသ္မိံ နဝိဇ္ဇတိ။
ပထဝိယာသမ စိတ္တာတေ၊ တာဒိသာ သမဏာ မမ။
ဟူသည်တည်း။

မဟာရာဇ၊ မင်းကြီး။ စူဠသုဘဒ္ဒါယ၊ စူဠသုဘဒ္ဒါ အမည်ရှိသော။ ဥပါသိကာယ၊ ဒါယိကာမသည်။ သကသမဏကေ ပရိကိတ္တယမာနာယ၊ မိမိ၏ဆရာဘုရားရဟန်းကို ထင်ရှားစွာချီးရာ၌။ ဧတံပိ၊ ဤစကားကို လည်း။ ဘာသိတံ၊ ဟောတော်မူအပ်၏။ ။သော၊ အိုအချင်းတို့။ မမ၊ ငါ၏။ သမဏာ၊ ဆရာဖြစ်သောရဟန်းဂေါတမ တို့သည်။ တာဒိသာ၊ သည်းခံလေ့ သဘောတော်ရှိကုန်၏။ ဧကံဗာဟံ၊ လက်ရုံးတဘက်ကို။ ဝါသိယာ၊ ပဲခွပ်ဖြင့်။ စေတဿယျ၊ အကယ်၍ ခွေပြားအံ့။ ကုပိတ မာနသာ၊ အမျက်ထွက်သောစိတ်သည်။ နတ္ထိ၊ မရှိ။ ဧကံဗာဟံ၊ လက်ရုံး တဘက်ကိုလည်း။ ဂန္ဓေန၊ နံ့သာဖြင့်။ စေအာလိမ္ပေယျ၊ အကယ်၍ လိမ်းပြားအံ့။ ပမောဒိတော၊ ဝမ်းမြောက်ခြင်းသည်။ နတ္ထိ၊ မရှိ။ အမုကသ္မိံ၊ ဤအမည်ရှိသော ငါတို့ဆရာ ဘုရားဂေါတမ၌။ ပဋိဃော၊ ငြိုးထားရန် သည်။ နတ္ထိ၊ မရှိ။ အသ္မိံ၊ ထိုငါ၏ဆရာဘုရားဂေါတမ၌။ ရာဂေါ၊ ရာဂ သည်။ နပိဇ္ဇတိ၊ မရှိ။ တေ၊ ထိုငါ၏ဆရာဘုရားတို့သည်။ ပထဝိယာ၊ မြေ ကြီးနှင့်။ သမစိတ္တာ၊ တူမျှသောစိတ် ရှိတော်မူကုန်၏။

---

## ၂၂–ရေ၏အင်္ဂါငါးပါး

မိလိန္ဒမင်းသည် အရှင်ဘုရား၊ ရေ၏ငါးပါးသောအင်္ဂါတို့ကို ယူ အပ်၏ဟု အကြင်စကားကိုဆို၏၊ ထိုငါးပါးသော အင်္ဂါသည် အဘယ် နည်းဟု မေးသော် (၁) မင်းကြီး၊ ရေသည် ငြိမ်သက်စွာ မတုန် မလှုပ်တည်၏၊ သဘောအားဖြင့် စင်ကြယ် ကြည်လင်၏၊ ထို့အတူ ယောဂါဝစရပုဂ္ဂိုလ်သည် သူတပါးအံ့ဘွယ်သရဲရှိအောင်ပြုသောကိုယ် အမူအရာ နှုတ်အမူအရာ နိမိတ်ကြောင့်ဖြစ်သောလာဘ်ကိုပယ်၍ မတုန် မလှုပ်လောက်လက်မခတ်သည်ဖြစ်၍ ကောင်းစွာတည်သော သဘော အားဖြင့် သံနှံ့ရှင်းစင်ကြယ်သောအကျင့်ရှိသည်ဖြစ်ရာ၏၊ မင်းကြီး၊ ဤ သည်ကား ရေ၏ရှေဦးစွာသောအင်္ဂါကို ယူအပ်၏။ (၂) တဘန်လည်း မင်းကြီး၊ ရေသည် ချမ်းမြေ့သောသဘောရှိလျက် ကောင်းစွာ တည်သ ကဲ့သို့ ထို့အတူယောဂါဝစရပုဂ္ဂိုလ်သည် အလုံးစုံသော သတ္တဝါတို့၌ ခန္တီ မေတ္တာ အနုဒ္ဒယာ ဟုဆိုအပ်သော သည်းခံခြင်း, မေတ္တာ မှုခြင်း, သနားခြင်းနှင့် ပြည့်စုံခြင်းရှိသည်၊ အစီးအပွါးကို ရှာလေ့ရှုလေ့ရှိသည်၊

အစဉ်အတိုင်း သနားခြင်းရှိသည်ဖြစ်ရာ၏၊ မင်းကြီး၊ ဤသည်ကား ရေ၌ နှစ်ခုမြောက်သော အင်္ဂါကို ယူအပ်၏၊ (၃) တဖန်လည်း မင်းကြီး၊ ရေသည် မစင်ကြယ်သော ဝတ္ထုကို စင်ကြယ်အောင် ပြုတတ်သကဲ့သို့ ထို့အတူ မင်းကြီး၊ ယောဂါဝစရပုဂ္ဂိုလ်သည် ရွာ၌ရင်း, တောအရပ်၌ ရင်း, ဆရာဥပဇ္ဈာယ် မျှလောက်သော အလုံးစုံသော သူတို့၌ ရှိသော ကိုင်းညွတ်စင်ကြယ်သော ဝတ်ကြီးဝတ်ငယ်ရှိသည် ဖြစ်ရာ၏၊ မထေမဲ့ မြင်မပြုအပ်၊ မင်းကြီး၊ ဤသည်လျှင် ရေ၏ သုံးခုမြောက်သောအင်္ဂါကို ယူအပ်၏၊ (၄) တဖန်လည်း မင်းကြီး၊ ရေကိုလူအပေါင်းတို့သည်တောင့် တအပ်သကဲ့သို့ ထို့အတူ မင်းကြီး၊ ယောဂါဝစရပုဂ္ဂိုလ်သည် အလို နည်းခြင်း, ရောင့်ရဲလွယ်ခြင်း,ဆိတ်ငြိမ်ရာအရပ်၌ နေလေ့ရှိသည်ဖြစ်၍ မချွတ်လျှင် လူအပေါင်းတို့တောင့်တအပ်ပေသည် ဖြစ်ရာ၏၊ မင်းကြီး၊ ဤသည်လျှင် ရေ၏လေးခုမြောက်သောအင်္ဂါကိုယူအပ်၏၊ (၅) တဖန် လည်း မင်းကြီး၊ ရေသည် တစုံတယောက်သောသူ၏ အစီးအပွါးမဲ့ကို မဆောင်သကဲ့သို့ ထို့အတူမင်းကြီး၊ ယောဂါဝစရပုဂ္ဂိုလ်သည် ကိုယ် ဖြင့်ရိုက်ခတ်ငြင်းခုံခြင်း၊ နှုတ်ဖြင့် ရိုက်ခတ် ငြင်းခုံခြင်းစိတ်မရှိသည်ဖြစ်၍ မကောင်းမှုကို ဖုတ်ကြည်းခြင်း၌ မမွေ့လျော် မပျော်ပါးသော လူအ ပေါင်းတို့ကို ကိုယ်နှုတ်စိတ်တို့ဖြင့် မကောင်းမှုကို မပြုအပ်၊ မင်းကြီး၊ ဤသည်လျှင် ရေ၏ ငါးခုမြောက်သော အင်္ဂါကိုယူ အပ်၏။ ။မင်းကြီး၊ ဤစကားကို ငါသာလျှင်မဆို၊ ဘုရားရှင်သည်လည်း ကဿပဇာတ်၌ဟော တော်မူအပ်၏။ ။

ဘာသိတမ္ပေတံ မဟာရာဇ ဘဂဝတာ ဒေဝါတိဒေဝေန ကဿ ပဇာတကေ။ ။

ဝရဉ္စေ မေ အဒေါသက္က၊ သဗ္ဗဘူတာနမိဿရ။
န မနောဝါ, သရီရံဝါ၊ မံကတော သက္က ကဿစိ၊
ကဒါစိ ဥပဟညေယျ၊ ဧတံ သက္က ဝရံဝရေတိ။ ။ဟူသည်တည်း။

မဟာရာဇ၊ မင်းကြီး။ ဒေဝါတိဒေဝေန၊ နတ်တကာတို့ထက်နတ်မြတ် ဖြစ်တော်မူသော။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ကဿပဇာတကေ၊ ကဿပဇာတ်၌။ ဧတံပိ၊ ဤစကားကိုလည်း။ ဘာသိတံ၊ ဟောတော်မူ

အပ်၏။ ။သဗ္ဗဘူတာ န မိဿရ၊ အလုံးစုံသော နတ်တို့ကို အစိုးရသော။ သက္က၊ သိကြားမင်း။ မေငါ၊ အား။ ဝရံ၊ ဆုကို။ ဧအဒေါ၊ အကယ်၍ ပေးပြားအံ့။ သက္က၊ သိကြားမင်း။ ကဿစိ၊ တစုံတယောက်သောသူသည်။ မံ၊ ငါ့ကို။ သင်္ဂါရဝ၊ ကိုယ်ဇာတိုင်း။ မနော၀၊ စိတ်ကိုင်း။ ဥပဟန်၊ ညှဥ်းဆဲခြင်းကို။ နကတော၊ မပြုစေလို။ ကဿစိ၊ တစုံတယောက်သော သူအား။ ကဒါစိ၊ တရံတခါမျှ။ နုပဟညေယျ၊ မညှဥ်းဆဲရလို။ သက္က၊ သိကြားမင်း။ ဧတံဝရံ၊ ဤသို့သောဆုသည်။ ဝရေ၊ မြတ်လှပါ၏။ ဣတိ၊ ဤသို့။ ဘာသိတံ၊ ဟောတော်မူအပ်၏။

---

# ၂၃—မီး၏အင်္ဂါငါးပါး

မိလိန္ဒမင်းသည် အရှင်ဘုရား၊ မီး၏အင်္ဂါငါးပါးတို့ကို ယူအပ်၏ဟု အကြောင်းစကားကိုဆို၍၊ ထိုငါးပါး သောအင်္ဂါသည် အဘယ်နည်း ဟုမေးသော်။ (၁) မင်းကြီး၊ မီးသည် မြက်ထင်းသစ်ခက်သစ်ရွက်တို့ ကိုလောင်တတ်သကဲ့သို့ ထို့အတူ မင်းကြီး၊ ယောဂါဝစရပုဂ္ဂိုလ်သည် အတွင်းအပ ဇ္ဈတ္တာရုံ အနိဋ္ဌာရုံတို့ကို ခံစားတတ်သော ကိလေသာတို့ သည်ရှိကုန်၏၊ ထိုအလုံးစုံသောကိလေသာတို့ကို ပညာဉာဏ်တည်းဟူ သောမီးဖြင့် တိုက်ဖျက်အပ်ကုန်၏၊ ဤသည်ကား မင်းကြီး၊ မီး၏ ရှေ့ ဦးစွာသောပဌမ အင်္ဂါကိုယူအပ်၏၊ (၂) တဘန်လည်း မင်းကြီး၊ မီး သည်သနားခြင်းကရုဏာ မရှိသကဲ့သို့ မင်းကြီး၊ ထို့အတူ ယောဂါဝ စရပုဂ္ဂိုလ်သည် ခပ်သိမ်းသော ကိလေသာတို့၌ သနားခြင်းကရုဏာ ကိုမပြုအပ်၊ ဤသည်ကား မင်းကြီး၊ မီး၏နှစ်ခုမြောက်သော အင်္ဂါကို ယူအပ်၏၊ (၃) တဘန်လည်းမင်းကြီး၊ မီးသည်အချမ်းကို ပယ်တတ် သကဲ့သို့ ထို့အတူ မင်းကြီး၊ ယောဂါဝစရပုဂ္ဂိုလ်သည် မကောင်းမှုကို ပူပန်စေတတ်သော ဝီရိယတည်းဟူသော မီးကိုဖြစ်စေ၍ ကိလေသာ တို့ကို တိုက်အပ်ကုန်၏၊ မင်းကြီး၊ ဤသည်ကားမီး၏သုံးခုမြောက်သော အင်္ဂါကိုယူအပ်၏၊ (၄) မင်းကြီး၊ တဘန်လည်း မီးသည် ချစ်ခြင်းမုန်း ခြင်းကင်း၍အပူကို ဖြစ်စေတတ်သကဲ့သို့ ထို့အတူ မင်းကြီး၊ ယောဂါ ဝစရပုဂ္ဂိုလ်သည် ချစ်ခြင်းမုန်းခြင်းကင်းသော မီးနှင့်တူသော စိတ်ဖြင့် နေအပ်၏၊ မင်းကြီး၊ ဤသည်ကား မီး၏လေးခုမြောက်သော အင်္ဂါကို

ယူအပ်၏။ (၅) တဘာန်လည်း မင်းကြီး၊ မိုးသည် အမိုက်တိုက်ကို ဖျောက်လွှင့်၍ အလင်းကိုပြသကဲ့သို့ ဤ့အတူ မင်းကြီး၊ ယောဂါဝစရ ပုဂ္ဂိုလ်သည် အဝိဇ္ဇာတည်းဟူသော အမိုက်တိုက်ကို ဖျောက်လွှင့်၍ ပညာဉာဏ်တည်းဟူသော အလင်းကို ပြုအပ်၏၊ ဤသည်ကား မင်းကြီး၊ မိုး၏ငါးခုမြောက်သော အင်္ဂါကိုယူအပ်၏။ ။မင်းကြီး၊ ထိုစကားကို ငါသာလျှင်လည်း မဆို၊ ဘုရားရှင်သည်လည်း ဟောတော်မူအပ်၏။

ဘာသိတမ္ပေတံ မဟာရာဇ ဘဂဝတာ ဒေဝါတိ ဒေဝေန သက်ံ ပုတ္တံ ရာဟုလံ ဩဝဒန္တေန။
တေဓောသမံ ရာဟုလ ဘာဝနံ ဘာဝေဟိ၊ တေဇော သမံ ဟိတေ ရာဟုလ ဘာဝနံ ဘာဝယတော အနုပ္ပန္နာစေဝ အကု သလာဓမ္မာ နုပ္ပဇ္ဇန္တိ၊ ဥပ္ပန္နာစ အကုသလာ ဓမ္မာစိတ္တံ နပရိ ယာ ဒါယ ဌဿန္တီတိ။ ။ဟူသည်တည်း။

မဟာရာဇ၊ မင်းကြီး။ ဒေဝါတိ ဒေဝေန၊ နတ်တကာတို့ထက် နတ် ဖြတ် ဖြစ်တော်မူသော။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ သက်ံပုတ္တံ၊ မိမိသားတော်ဖြစ်သော။ ရာဟုလံ၊ ရှင်ရာဟုလာမထေရ်ကို။ ဩဝဒန္တေ နာ၊ ဆုံးမတော်မူသဖြင့်။ ဧတံပိ၊ ဤစကားကိုလည်း။ ဘာသိတံ၊ ဟော တော်မူအပ်၏။ ။ရာဟုလ၊ ရာဟုလာ။ တေဓောသမံ၊ မိုးနှင့်တူသော။ ဘာဝနံ၊ ဘာဝနာကို။ ဘာဝေဟိ၊ ပွါးလော့။ ရာဟုလ၊ ရာဟုလာ။ တေ၊ သင်ချစ်သားအား။ တေဇောသမံ၊ မိုးနှင့်တူသော။ ဘာဝနံ၊ ဘာဝနာကို။ ဘာဝယတောပို၊ ပွါးသည်ရှိသော်ကား။ အနုပ္ပန္နာစေဝ၊ အလျှင်မဖြစ် ကုန်သေးသော။ အကုသလာ၊ အကုသိုလ်ဖြစ်ကုန်သော။ ဓမ္မာစ၊ တရား တို့သည်လည်း။ နုပ္ပဇ္ဇန္တိ၊ မဖြစ်ကုန်လတ္တံ့။ ဥပ္ပန္နာ၊ ဖြစ်ကုန်ပြီးသော။ အကုသလာ၊ အကုသိုလ်ဖြစ်ကုန်သော။ ဓမ္မာစ၊ တရားတို့သည်လည်း။ စိတ္တံ၊ စိတ်ကို။ ပရိယာဒါယ၊ သိမ်းပိုက်၍။ နဌဿန္တိ၊ မတည်ကုန်လတ္တံ့။ ဣတိ၊ ဤသို့။ ဘာသိတံ၊ ဟောတော်မူအပ်၏။

## ၂၄–လေ၏အင်္ဂါငါးပါး

မိလိန္ဒမင်းသည် အရှင်ဘုရား၊ လေ၏အင်္ဂါငါးပါးတို့ကို ယူအပ်၏ ဟု အကြင်စကားကိုဆို၏၊ ထိုငါးပါးသော အင်္ဂါသည် အဘယ်

နည်းဟု မေးသော် (၁) မင်းကြီး၊ လေသည် ကောင်းစွာပွင့်သော ပန်း တောအုပ်၏အကြား၌ အထူးသဖြင့်လှိုင်ကြူပျံ့မွှေးသကဲ့သို့ ထို့အတူ မင်းကြီး၊ ယောဂါဝစရပုဂ္ဂိုလ်သည် မုလေးပန်းမြတ်နှင့် တူသော ဝိမုတ္တိတည်းဟူသော လောကုတ္တရာ ပန်းတောအုပ်၏ အကြား၌ မွေ့လျော်အပ်၏၊ မင်းကြီး၊ ဤသည်ကား လေ၏ ရှေဦးစွာသော ပဌမအင်္ဂါကိုယူအပ်၏၊ (၂) တဘန်လည်း မင်းကြီး၊ လေသည် မြေ၌ရောက်သောသစ်ပင်အပေါင်းကို နှံ့၍လာသကဲ့သို့ ထို့အတူ မင်းကြီး၊ ယောဂါဝစရပုဂ္ဂိုလ်သည် တော၏အကြား၌တည်လျက် သင်္ခါရတရားတို့ကို ရွေးချယ်စိစစ်သဖြင့် ကိလေသာတို့ကို ဖရိုဖရဲဖြန့်အပ်၏၊ မင်းကြီး၊ ဤသည်ကား လေ၏နှစ်ခုမြောက်သောအင်္ဂါကိုယူအပ်၏။ (၃)တဘန်လည်းမင်းကြီး၊ လေသည် ကောင်းကင်၌ သွားသကဲ့သို့ ထို့အတူ ယောဂါဝစရ ပုဂ္ဂိုလ်သည် လောကုတ္တရာတရားတို့၌ မိမိ၏စိတ်ကို ကောင်းစွာ လွှေကျက်အပ်၏၊ ဤသည်ကား မင်းကြီး၊ လေ၏ သုံးခုမြောက်သောအင်္ဂါကို ယူအပ်၏။ (၄) တဘန်လည်း မင်းကြီး၊ လေသည် ပန်း၏အနံ့ကို လှိုင်စေတတ်သကဲ့သို့ ထို့အတူ ယောဂါဝစရပုဂ္ဂိုလ်သည် မိမိ၏မြတ်သောသီလတည်းဟူသော ကောင်းသော အနံ့ကို အစဉ်အတိုင်း လှိုင်စေအပ်၏၊ မင်းကြီး၊ ဤသည်ကား လေ၏လေးခုမြောက်သောအင်္ဂါကို ယူအပ်၏။ (၅) တဘန်လည်း မင်းကြီး၊ လေသည် တပ်ခြင်း မက်မောခြင်း ကင်း၏၊ နေရာဟူ၍အသီးအခြားမရှိသကဲ့သို့ ထို့အတူ ယောဂါဝစရပုဂ္ဂိုလ်သည် တပ်မက်မောခြင်းမရှိ၊ အမြဲနေရာမရှိ၊ အပေါင်းအဘော်မရှိသဖြင့် အလုံးစုံတို့၌ မတပ်မက်သည်ဖြစ်ရာ၏၊ မင်းကြီး၊ ဤသည်လျှင် လေ၏ငါးခုမြောက်သော အင်္ဂါကိုယူအပ်၏၊ မင်းကြီး၊ ငါသာလျှင်လည်း ထိုစကားကိုမဆို၊ ဘုရားရှင်လည်း ဟောတော်မူအပ်၏ဟု သာဓကဖြင့်ပြ၏။

ဘာသိတမ္ပေတံ မဟာရာဇ ဘဂဝတာ ဒေဝါတိဒေဝေန
သုတ္တနိပါတေ။

သန္ထဝတော ဘယံ ဇာတံ၊ နိကေတာ ဇာယတေ ရဇော။
အနိကေတမသန္ထဝံ၊ ဧတံ ဝေ မုနိဒဿနန္တိ။

ဟူသည်တည်း။

မဟာရာဇ၊ မင်းကြီး။ ဒေဝါတိဒေဝေန၊ နတ်တကာတို့ထက် နတ်မြတ်ဖြစ်တော်မူသော။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ သုတ္တနိပါတေ၊ သုတ္တနိပါတ်ပါဠိတော်၌။ ဧတံပိ၊ ဤစကားကိုလည်း။ ဘာသိတံ၊ ဟောတော်မူအပ်၏။ သန္ထဝတော၊ အပေါင်းအဘော်နှင့် အတူနေသောကြောင့်။ ဘယံ၊ ဘေးသည်။ ဇာတံ၊ ဖြစ်၏။ နိကေတာ၊ အိပ်ရာနေရာကြောင့်။ ရဇော၊ ကိလေသာ ဟူသော မြူသည်။ ဇာယတေ၊ ဖြစ်၏။ အနိကေတံ၊ ကျောင်းအိပ်ရာနေရာမရှိထသော။ အသန္ထဝံ၊အပေါင်းအဘော် ပေါင်ဘက်လည်းမရှိထသော။ ဧတံ၊ထိုသူကို။ မုနိ၊ မုနိဟူ၍။ ဒဿနံ၊ ဖူးမြင်အပ်၏။ ဝတ၊ ဤသို့။ ဘာသိတံ၊ ဟောတော်မူအပ်၏။

---

## ၂၅–တောင်၏အင်္ဂါငါးပါး

မိလိန္ဒမင်းသည် အရှင်ဘုရား၊ တောင်၏အင်္ဂါ ငါးပါးတို့ကို ယူအပ်၏ဟုအကြင်စကားကိုဆို၏၊ ထိုငါးပါးသော အင်္ဂါသည် အဘယ်နည်းဟုမေးသော်၊ (၁) မင်းကြီး၊ ကျောက်တောင်သည် မတုန်မလှုပ်သကဲ့သို့ ထို့အတူ မင်းကြီး၊ ယောဂါဝစရပုဂ္ဂိုလ်သည် မြတ်နိုးတနှာ အရိုအသေ ပြုသော်ငြား, မပြုသော်ငြား, အခြံအရံရှိသော်ငြား, မရှိသော်ငြား, ကဲ့ရဲ့သော်ငြား, ချီးမွမ်းသော်ငြား, ချမ်းသာသော်ငြား, ဆင်းရဲသော်ငြား, ဣဋ္ဌာရုံဖြစ်သော်ငြား, အနိဋ္ဌာရုံဖြစ်သော်ငြား, အလုံးစုံတပ်မက်ဘွယ်ရှိသော အာရုံခြောက်ပါးတို့၌ မတပ်မက်မော အပ်၊ အမျက်ထွက်အပ်သော အာရုံတို့၌ အမျက်မထွက်အပ်၊ တွေဝေအပ်သောအာရုံတို့၌ မတွေဝေအပ်၊ မတုန်လှုပ်သော တောင်ကဲ့သို့ဖြစ်ရာ၏၊ ဤသည်လျှင် မင်းကြီး၊ တောင်၏ ရှေ့ဦးစွာသော ပဌမအင်္ဂါကို ယူအပ်၏၊ (၂) တဖန်လည်း မင်းကြီး၊ ကျောက်တောင်သည် ခိုင်ခံ့သောကြောင့် တစုံတခုနှင့် မရောနှောသကဲ့သို့ မင်းကြီး၊ ထို့အတူ ယောဂါဝစရပုဂ္ဂိုလ်သည် အခိုင်အခံ့ဖြစ်၍ လူတို့နှင့် မရောနှောအပ်၊ တစုံတခုသောလူတို့နှင့်ရောနှော ပေါင်းဘော်ခြင်းကိုမပြုအပ်၊ မင်းကြီး၊ ဤသည်လျှင် တောင်၏ နှစ်ခုမြောက်သော အင်္ဂါကိုယူအပ်၏။ ။ မင်းကြီး၊ ငါ့သာလျှင်လည်း ထိုစကားကိုမဆို၊ ဘုရားရှင်သည်လည်း ဟောတော်မူအပ်၏။

ဘာသိတမေ့တံ မဟာရာဇ ဘဂဝတာ ဒေဝါတိဒေဝေန။
အသံသဋ္ဌံ ဂဟဋ္ဌေဟိ၊ အနာဂါရေဟိ စူဘယံ။
အနောကသာရိ အပ္ပိစ္ဆံ၊ တမဟံ ဗြူမိ ဗြာဟ္မဏန္တိ။
ဟူသည်တည်း။

မဟာရာဇ၊ မင်းကြီး။ ဒေဝါတိဒေဝေန၊ နတ်တကာတို့ထက် နတ်မြတ်ဖြစ်တော်မူသော။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဣတိပိ၊ ဤစကားကိုလည်း။ ဘာသိတံ၊ ဟောတော်မူအပ်၏။ ဂဟဋ္ဌေဟိစ၊ အိမ်ရာထောင်သော လူတို့နှင့်ရင်း။ အနာဂါရေဟိစ၊ အိမ်ရာမထောင်သော ရဟန်းတို့နှင့်ရင်း။ ဥဘယံဥဘယေဟိ၊ နှစ်ပါးစုံသောသူတို့နှင့်။ အသံသဋ္ဌံ၊ မရောနှောသင့်။ အနောကသာရိ၊ အစဉ်အတိုင်း အောက်မေ့အပ်သည်ဖြစ်၍။ အပ္ပိစ္ဆံ၊ အလိုနည်းခြင်းရှိသော။ တံ၊ ထိုသူကို။ အဟံ၊ ငါဘုရားသည်။ ဗြာဟ္မဏံ၊ ဗြာဟ္မဏာဟူ၍။ ဗြူမိ၊ ဟောတော်မူ၏။ ဣတိ၊ ဤသို့။ ဘာသိတံ၊ ဟောတော်မူအပ်၏။

(၃)တဘန်လည်း မင်းကြီး၊ ကျောက်တောင်၌ မျိုးစေ့သည်မပေါက် မရောက်သကဲ့သို့ ထို့အတူ ယောဂါဝစရ ပုဂ္ဂိုလ်သည် မိမိ၏စိတ်၌ ကိလေသာတို့ကို မပေါက်မရောက်စေကုန်၊ ဤသည်လျှင် မင်းကြီး၊ ကျောက်တောင်၏ သုံးခုမြောက်သောအင်္ဂါကိုယူအပ်၏။ ။မင်းကြီး၊ ထိုစကားကိုငါသာလျှင်လည်းမဆို၊ သုဘူတိ အမည်ရှိသော မထေရ်သည်လည်းဟောတော်မူအပ်၏ဟု သာဓကဖြင့်ပြပြန်၏။

ဘာသိတမေ့တံ မဟာရာဇ ထေရေန သုဘူတိနာ။
ရာဂူပသံ ဟိတံ စိတ္တံ၊ ယဒါ ဥပ္ပဇ္ဇတေ မမ။
သယမေဝ ပစ္စဝေက္ခိတွာ၊ ဧကောတံ ဒမေအဟံ။ ။
ရဇ္ဇသိ ရဇ္ဇနီယေသု၊ ဒုဿနီယေသု ဒုဿတိ။
မုယှသေ မောဟနီယေသု၊ နိက္ခမ သုဈနာ တုဝံ။ ။
ဝိသုဒ္ဓါနံ အယံဝါသော၊ နိမ္မလာနံ တပဿိနံ၊
မာခေါ ဝိသုဒ္ဓံ ဒူသေသိ၊ နိက္ခမသုဈနာတုဝန္တိ။ ။ဟူသည်တည်း။

မဟာရာဇ၊ မင်းကြီး။ "သုဘူတိနာ၊ သုဘူတိအမည်ရှိသော။ ထေရေန၊ မထေရ်သည်။ ဣတိပိ၊ ဤစကားကိုလည်း။ ဘာသိတံ၊ ဟောတော်မူအပ်၏။ ရာဂူပသံဟိတံ၊ ရာဂနှင့် ယှဉ်သော။ စိတ္တံ၊ စိတ်

သည်။ မမ၊ ငါ့အား။ ယဒါ၊ အကြင်အခါ၌။ ဥပဋ္ဌတေ၊ ဖြစ်ပြားအံ့။ တဒါ၊ ထိုအခါ၌။ အဟံ၊ ငါသည်။ တံစိတ္တံ၊ ထိုရာဂနှင့် ယှဉ်သောစိတ်ကို။ ဧကေကော၊ တယောက်အထီးထည်း။ သယမေဝ၊ မိမိအလိုလိုသာလျှင်။ ပဋိဝေက္ကိတွာ၊ ဆင်ခြင်၍။ ဒမေမ၊ ဆုံးမရာ၏။ ။ဘုဝံ၊ သင်သည်။ ရဇ္ဇနီယေသု၊ ရာဂနှင့် စပ်ယှဉ်သော အာရုံတို့၌။ ရဇ္ဇသိ၊ တပ်မက်မောသည်ဖြစ်အံ့။ ဒုဿနီယေသု၊ အမျက်ထွက်အပ်သော အာရုံတို့၌။ ဒုဿတိ၊ အမျက်ထွက်သည် ဖြစ်အံ့။ မောဟနီယေသု၊ မောဟနှင့်ယှဉ်သောအာရုံတို့၌။ မုယှသေ၊ မိုက်အံ့။ ဇနာ၊ လူအပေါင်းမှ။ နိက္ခမဿု၊ ထွက်မြောက်လေလော့။ ။အယံဝါသော၊ ဤတောအရပ်၌နေခြင်းသည်။ ဝိသုဒ္ဓါနံ၊စင်ကြယ်စွာသော ကိလေသာ ရှိကုန်သော။ နိမ္မလာနံ၊ အညစ်အကြေးမရှိကုန်သော။ တပဿီနံ၊ခြိုးခြံသောအကျင့်ရှိကုန်သောသူတော်ကောင်းတို့၏။ အာဝါသော၊ နေရာပေတည်း။ ခေါ၊ စင်စစ်။ တုဝံ၊ သင်သည်။ ဝိသုဒ္ဓံ၊ ကိလေသာစင်ကြယ်ရာ တောအရပ်ကို။ မာဒူသေသိ၊ မဖျက်ဆီးလင့်။ ဇနာ၊ လူအပေါင်းမှ။ နိက္ခမဿု၊ ထွက်သွားလေလော့။ ဣတိ၊ ဤသို့။ ထေရေန၊ သုဘူတိအမည်ရှိသော မထေရ်သည်။ ဘာသိတံ၊ ဟောတော်မူအပ်၏။ (၄) တဘန်လည်း မင်းကြီး၊ ကျောက်တောင်သည့် အထက်သို့တက်သကဲ့သို့ ထို့အတူ ယောဂါဝစရပုဂ္ဂိုလ်သည် အထက်လောကုတ္တရာတရားသို့တက်သဖြင့် ဖြစ်ရာ၏။ မင်းကြီး၊ ဤသည်ကား ကျောက်တောင်၏ လေးခုမြောက်သောအင်္ဂါကိုယူအပ်၏၊မင်းကြီး၊ ထိုစကားကို ငါသာလျှင်မဆို၊ ဘုရားရှင်လည်းဟောတော်မူအပ်၏။

ဘာသိတမ္ပေတံ မဟာရာဇ ဘဂဝတာ ဒေဝါတိ ဒေဝေန။
ပမာဒံ အပ္ပမာဒေန၊ ယဒါနုဒတိ ပဏ္ဍိတော။
ပညာပါသာဒ မာရုယှ၊ အသောကော သော ကိနိံ ပဇံ။
ပဗ္ဗတဋ္ဌောဝ ဘုမဋ္ဌေ၊ ဓီရော ဗာလေ အဝေက္ခတီတိ။
ဟူသည်တည်း။

မဟာရာဇ၊ မင်းကြီး။ ဒေဝါတိဒေဝေန၊ နတ်ဘကာတို့ထက် နတ်မြတ်ဖြစ်တော်မူသော။ဘဂဝတာ၊မြတ်စွာဘုရားသည်။ဧတံပိ၊ ဤစကားကိုလည်း။ ဘာသိတံ၊ ဟောတော် မူအပ်၏။ ။ဘိက္ခဝေ၊ ရဟန်းတို့။ ပဏ္ဍိတော၊ ပညာရှိသည်။ ယဒါ၊ အကြင်အခါ၌။ ပမာဒံ၊ မေ့

လျော့သောတရားကို။ အပ္ပမာဒေန၊ မမေ့မလျော့သဖြင့်။ နူဒတွာ၊ ပယ်၍။ ဝါ၊ ပစ်၍။ တဒါ၊ ထိုအခါ၌။ ပညာပါသာဒံ၊ ပညာတည်းဟူသောပြာသာဒ်သို့။ အာရုယှ၊ တက်၍။ အသောကော၊ စိုးရိမ်ခြင်းမရှိသည်ဖြစ်၍။ သောကိနံ၊ စိုးရိမ်ပူပန်ခြင်းရှိသော။ ပဇံ၊ သတ္တဝါကို။ ပဗ္ဗတဋ္ဌော၊ ကျောက်တောင်ထိပ်၌တည်သောသူသည်။ ဘူမဋ္ဌေ၊ မြေ၌တည်သော သူတို့ကို။ ပဿတိဣဝ၊ မြင်သကဲ့သို့။ ဓီရော၊ ပညာရှိသည်။ ဗာလေ၊ လူမိုက် တို့ကို။ အဝေက္ခတိ၊ မြင်၏။ ဣတိ၊ ဤသို့။ ဘာသိတံ၊ ဟောတော်မူအပ်၏။

(၅) တဘန်လည်း မင်းကြီး၊ ကျောက်တောင်သည် မကိုင်းမညွတ် ဖြောင့်မတ်သကဲ့သို့ ထို့အတူ ယောဂါဝစရပုဂ္ဂိုလ်သည် လာဘ်သပ္ပကာ အစရှိသည့်တို့၌ လျှပ်ပေါ် ကိုင်းညွတ်သည့်တို့ကို မပြုအပ်ကုန်၊ မင်းကြီး၊ ဤသည်ကား ကျောက်တောင်၏ ငါးခုမြောက်သောအင်္ဂါကို ယူအပ်၏၊ မင်းကြီး၊ ထိုစကားကို ငါသာလျှင်မဆို၊ စူဠသုဘဒ္ဒါ ဥပါသိကာမလည်း ဆိုဘူးပါ၏ဟု သာကေဖြင့် ပြပြန်၏။

ဘာသိတမ္ပေတံ မဟာရာဇ ဥပါသိကာယ စူဠသုဘဒ္ဒါယ သက
သမဏာ ပရိကိတ္တယ မာနာယ။

လာဘေန ဥန္နတော လောကော၊ အလာဘေနစ ဩနတော။
လာဘာ လာဘေန ဧကဋ္ဌာ၊ တာဒိသာ သမဏာ မမ။
ဟူသည်တည်း။

မဟာရာဇ၊ မင်းကြီး။ စူဠသုဘဒ္ဒါယ၊ စူဠသုဘဒ္ဒါ အမည်ရှိသော။ ဥပါသိကာယ၊ ဒါယိကာမသည်။ သကသမဏာ ပရိကိတ္တယမာနာယ၊ မိမိဆရာဘုရားတည်းဟူသောရဟန်းကို ထင်ရှားစွာပြုလိုသည် ဖြစ်၍။ ဧတံပိ၊ ဤစကားကိုလည်း။ ဘာသိတံ၊ ဟောတော်မူအပ်၏။ ။ဘော၊ အိုအချင်းတို့။ လောကော၊ လူအပေါင်းသည်။ လာဘေန၊ လာဘ်ရသဖြင့်၊ ဥန္နတော၊ အထက်သို့ မျက်နှာတက်တတ်၏။ အလာဘေနစ၊ လာဘ်မရသဖြင့်ကား။ ဩနတော၊ အောက်သို့မျက်နှာညွတ်တတ်၏။ မမ၊ ငါ၏။ သမဏာ၊ ဆရာရဟန်း တို့သည်။ လာဘာ လာဘေန၊ လာဘ်ရခြင်း လာဘ်မရခြင်းဖြင့်။ ဧကဋ္ဌာ၊ တူမျှသောသဘောရှိကုန်သည်ဖြစ်၍။ တာဒိသာ၊ သည်းခံတော်မူကုန်၏။

## ၂၆–ကောင်းကင်၏အင်္ဂါငါးပါး

မိလိန္ဒမင်းသည် အရှင်ဘုရား၊ ကောင်းကင်၏ အင်္ဂါငါးပါးတို့ကို ယူအပ်၏ဟုအကြင်စကားကိုဆို၏၊ထိုငါးပါးသောအင်္ဂါသည် အဘယ်နည်းဟု မေးသော် (၁) မင်းကြီး၊ ကောင်းကင်သည် အချင်းခပ်သိမ်း လှမ်းယူကိုင်ဆွဲခြင်းငှါ မတတ်ကောင်းသကဲ့သို့ ထို့အတူ ယောဂါဝစရပုဂ္ဂိုလ်သည် အချင်းခပ်သိမ်း ကိလေသာတို့ဖြင့် မကပ်သည် ဖြစ်ရာ၏၊ မင်းကြီး၊ ဤသည်ကား ကောင်းကင်၏ ရှေးဦးစွာသောပဌမ အင်္ဂါကိုယူအပ်၏။ (၂) တဖန်လည်းမင်းကြီး၊ ကောင်းကင်၌ ရသေ့ ရဟန်း နတ် ငှက်အပေါင်းတို့သည် အစဉ်မပြတ်သွားအပ်သကဲ့သို့ ထို့အတူ မင်းကြီး၊ ယောဂါဝစရ ပုဂ္ဂိုလ်သည် အနိစ္စ ဒုက္ခ အနတ္တ ဟူသော သင်္ခါရတရားတို့၌ မိမိစိတ်ကို ကောင်းစွာ လေ့ကျက်အပ်၏၊ မင်းကြီး၊ ဤသည်လျှင် ကောင်းကင်၏နှစ်ခုမြောက်သောအင်္ဂါကို ယူအပ်၏။ (၃) တဖန်လည်း မင်းကြီး၊ ကောင်းကင်သည် အစပ်အဟပ် မရှိသကဲ့သို့ ထို့အတူ ယောဂါဝစရပုဂ္ဂိုလ်သည် အလုံးစုံသော ဖြစ်ခြင်း ပဋိသန္ဓေတို့၌ မိမိ၏စိတ်ကိုစွန့်ပစ်အပ်၏၊ တဖန်ပဋိသန္ဓေ နေခြင်း၌ သာယာတပ်မက်မောခြင်းကို မပြုအပ်၊ မင်းကြီး၊ ဤသည်ကား ကောင်းကင်၏သုံးခုမြောက်သောအင်္ဂါကိုယူအပ်၏။ (၄)တဖန်လည်း မင်းကြီး၊ ကောင်းကင်သည် အပိုင်းအခြားမရှိ အဆုံးမရှိ နှိုင်းရှည့် ရေတွက်ခြင်းငှါမတတ်နိုင်ရာ သကဲ့သို့ ထို့အတူ ယောဂါဝစရ ပုဂ္ဂိုလ်သည် အဆုံးမရှိသောသီလ အတိုင်းမသိ မနှိုင်းရှည့်အပ်သော ပညာရှိသည် ဖြစ်ရာ၏၊ မင်းကြီး၊ ဤသည်လျှင်ကောင်းကင်၏ လေးခုမြောက်သောအင်္ဂါကို ယူအပ်၏၊ (၅) တဖန်လည်းမင်းကြီး၊ ကောင်းကင်သည် ငြိတွယ်ခြင်း တပ်စွန်းခြင်း မရှိ၊ တည်ရာမရှိသကဲ့သို့ ထို့အတူ ယောဂါဝစရပုဂ္ဂိုလ်သည် အမျိုးအနွယ်ဒါယကာ၌၎င်း, ဂိုဏ်းသီတင်းသုံးဘော်၌၎င်း, ကျောင်းအိပ်ရာနေရာ၌၎င်း, အနှောင့်အရှက်ကိုပြုတတ်သော ပစ္စည်း၌၎င်း အလုံးစုံသောကိလေသာတို့၌ မငြိမတွယ် ၊တပ်စွန်း၊ တည်ရာမရှိ၊ ကြောင့်ကြခြင်း အနှောင်အဖွဲ့မရှိသည် ဖြစ်ရာ၏၊ မင်းကြီး၊ ဤသည်ကား ကောင်းကင်၏ငါးခုမြောက်သော အင်္ဂါကိုယူအပ်၏။ ။မင်းကြီး၊ ထိုစကားကို ငါသာလျှင်မဆို၊ ဘုရားရှင်လည်း သားတော်ရာဟုလာမထေရ်ကို ဟောတော်မူအပ်၏။

ဘာသိတမေ့တံ မဟာရာဇ ဘဂဝတာ ဒေဝါတိဒေဝေန
သကံ ပုတ္တံ ရာဟုလံ ဩဝဒန္တေန။ ။သေယျထာပိ ရာဟုလ
အာကာသော နကတ္ထစိ ပတိဋ္ဌိတော၊ ဧဝမေဝ ခေါ တွံ ရာဟုလ
အာကာသ သမံ ဘာဝနံ ဘာဝေဟိ၊ အာကာသသမံ ဟိ တေ
ရာဟုလ ဘာဝနံ ဘာဝယတော ဥပ္ပန္နုပ္ပန္နာ မနာပါမနာပါ
ဖဿာ စိတ္တံ နပရိယာဒါယ ဌဿန္တီတိ။ ။ဟူသည်တည်း။

မဟာရာဇ၊ မင်းကြီး။ ဒေဝါတိဒေဝေန၊ နတ်တကာတို့ထက် နတ်မြတ်ဖြစ်တော်မူသော။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ သကံပုတ္တံ၊ မိမိသားတော်ဖြစ်သော။ ရာဟုလံ၊ ရာဟုလာကို။ ဩဝဒန္တေန၊ ဆုံးမတော်မူသဖြင့်။ ဧတံပိ၊ ဤစကားကိုလည်း။ ဘာသိတံ၊ ဟောတော်မူအပ်၏။ ။ရာဟုလ၊ ချစ်သားရာဟုလာ။ သေယျထာပိ၊ ဥပမာမည်သည်ကား။ အာကာသော၊ ကောင်းကင်သည်။ ကတ္ထစိ၊ တစုံတခုသောအရပ်၌။ နပတိဋ္ဌိတောယထာ၊ အမြဲမတည်သကဲ့သို့။ ဧဝမေဝ၊ ထို့အတူသာလျှင်။ ရာဟုလ၊ ရာဟုလာ။ တွံ၊ သင်ချစ်သားသည်။ ခေါ၊ စင်စစ်။ အာကာသသမံ၊ ကောင်းကင်နှင့် တူသော။ ဘာဝနံ၊ ဘာဝနာကို။ ဘာဝေဟိ၊ ပွါးစေလော့။ ရာဟုလ၊ ရာဟုလာ။ အာကာသသမံ၊ ကောင်းကင်နှင့်တူသော။ ဘာဝနံ၊ ဘာဝနာကို။ ဘာဝယတော၊ ပွါးစေသော။ တေ၊ သင်ချစ်သားအား။ ဥပ္ပန္နုပ္ပန္နာ၊ ဖြစ်ကုန်ဖြစ်ကုန်သော။ မနာပါ မနာပါ၊ စိတ်နှလုံးကိုပွါးစေတတ် မပွါးစေတတ်ကုန်သော။ ဖဿာ၊ ဖဿတို့သည်။ စိတ္တံ၊ စိတ်ကို။ ပရိယာဒါယ၊ သိမ်းပိုက်၍။ နဌဿန္တိ၊ မတည်ကုန်လတ္တံ့။ ဣတိ၊ ဤသို့။ ဘာသိတံ၊ ဟောတော်မူအပ်၏။

---

## ၂၇–လမင်း၏အင်္ဂါငါးပါး

မိလိန္ဒမင်းသည် အရှင်ဘုရား၊ လမင်း၏အင်္ဂါငါးပါးတို့ကိုယူအပ်၏ ဟုအကြောင်းစကားကိုဆို၍၊ ထိုငါးပါးသောအင်္ဂါသည် အဘယ်နည်းဟု မေးလေသော်၊ (၁) မင်းကြီး၊လမင်းသည် လဆန်းပက္ခ၌ တက်၍ ထွန်းသည်ရှိသော် တနေ့ရှတနေ့ရှ တနေ့တခြား ပွါးများသကဲ့သို့ ထို့အတူ မင်းကြီး၊ ယောဂါဝစရပုဂ္ဂိုလ်သည်အကျင့်သီလ ဂုဏ်ကျေးဇူး ဝတ်ကြီး ဝတ်ငယ်၌ရင်း, ပါဠိအာဂုံကို သိခြင်း၌ရင်း, ဆိတ်ငြိမ်ရာ၌ရင်း, သတိပဋ္ဌာန်၌ရင်း, စက္ခုအစရှိသော ဣန္ဒြေကို စောင့်စည်းခြင်းတို့၌

ရင်း, အစားအသောက်၌အတိုင်းအရှည်ကိုသိခြင်းဖြင့်ရင်း, နိုးကြားခြင်းနှင့်ယှဉ်ခြင်းဖြင့်ရင်း, တနေ့ရှတနေ့ရှတနေ့တခြားပွါးများအပ်၏၊ မင်းကြီး၊ ဤသည်လျှင် လမင်း၏ရှေ့ဦးစွာသော ပဌမအင်္ဂါကိုယူအပ်၏၊ (၂) တဖန်လည်း မင်းကြီး၊ လမင်းသည်နက္ခတ်တာရာတို့ထက်မြတ်သည်ဖြစ်၍ အစိုးရသကဲ့သို့ ထို့အတူ ယောဂါဝစရပုဂ္ဂိုလ်သည်ပြန့်ပြောသော ဆန္ဒာဓိပတိတရားရှိသည်ဖြစ်ရာ၏၊ ဤသည်ကား မင်းကြီး၊ လမင်း၏နှစ်ခုမြောက်သောအင်္ဂါကို ယူအပ်၏၊ (၃) တဖန်လည်း မင်းကြီး၊ လမင်းသည်နက္ခတ်ကိုမှီ၍ ယှဉ်တွဲ၍ သွားသကဲ့သို့ ထို့အတူယောဂါဝစရပုဂ္ဂိုလ်သည် ဆိတ်ငြိမ်ရာ အရပ်ကိုမှီသဖြင့် ဖြစ်ရာ၏၊ မင်းကြီး၊ ဤသည်ကား လမင်း၏သုံးခုမြောက်သော အင်္ဂါကို ယူအပ်၏၊ (၄) တဖန်လည်းမင်းကြီး၊ လမင်းသည် မှန်ကင်းနှင့် အတူ ထင်ရှားသော ဗိမာန်ဖြစ်သကဲ့သို့ ထို့အတူယောဂါဝစရပုဂ္ဂိုလ်သည် သီလဟူသော ထင်ရှားသောမှန်ကင်းရှိသည်ဖြစ်ရာ၏၊ ဤသည်ကား မင်းကြီး၊ လမင်း၏လေးခုမြောက်သောအင်္ဂါကိုယူအပ်၏၊ (၅) တဖန်လည်း မင်းကြီး၊ လမင်းသည်တောင်းပန်အပ် တောင့်တအပ်သဖြင့် ကောင်းကင်၌ထွန်းပသကဲ့သို့ ထို့အတူယောဂါဝစရပုဂ္ဂိုလ်သည် တောင်းပန်အပ်တောင့်တအပ်သဖြင့် ဒါယကာတို့သို့ ကပ်အပ်ကုန်၏၊ ဤသည်ကား မင်းကြီး၊ လမင်း၏ငါးခုမြောက်သောအင်္ဂါကိုယူအပ်၏။ ။မင်းကြီး၊ ငါသာလျှင် လည်းမဆို၊ဘုရားရှင်လည်းဟောတော်မူအပ်၏။

ဘာသိတမွေတံ မဟာရာဇ ဘဂဝတာ ဒေဝါတိဒေဝေန သံယုတ္တ နိကာယဝရေ။ ။စန္ဒူပမံ ဘိက္ခဝေ ကုလာနိ ဥပသင်္ကမထ၊ အပကဿေဝ ကာယံ၊ အပကဿစိတ္တံ၊ နိစ္စနဝ ပိယာ ကုလေသု အပ္ပဂ္ဂဗ္ဘာတိ။ ။ဟူသည်တည်း။

မဟာရာဇ၊ မင်းကြီး။ ဒေဝါတိ ဒေဝေန၊ နတ်တကာတို့ထက် နတ်မြတ်ဖြစ်တော်မူသော။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ သံယုတ္တနိကာယဝရေ၊ မြတ်သောသံယုတ္တနိကာယ်၌။ ဧတံပိ၊ ဤစကား ကိုလည်း။ ဘာသိတံ၊ ဟောတော်မူအပ်၏။ ။ဘိက္ခဝေ၊ ရဟန်းတို့။ တုမှေ၊ သင်တို့သည်။ စန္ဒူပမာ၊ လမင်းနှင့်တူသော သဘောရှိကုန်သည်ဖြစ်၍။ ကုလာနိ၊ ဒါယကာတို့သို့။ ဥပသင်္ကမထ၊ ချဉ်းကပ်ကြလေကုန်။ ကုလေ

သု၊ ဒါယကာတို့၌။ အပ္ပဋိဃာ၊ ခိုက်တိုက်ခြင်း မရှိကုန်သည်ဖြစ်၍။ကာယံ၊ မိမိကိုယ်ကို။အပ္ပကသေဝ၊ အနည်းငယ်ကဲ့သို့။စိတ္တံ၊ မိမိစိတ်ကို။ အပ္ပကသ၊ အနည်းငယ်ကဲ့သို့။ ဟုတွာ၊ ဖြစ်၍။ ဥပသက်မထ၊ ချဉ်းကပ်ကြလေကုန်။ နိဗ္ဗာနံပိယာ၊ နိဗ္ဗာန်ကိုချစ်ခြင်းရှိကုန်သည်ဖြစ်၍။ ဥပသက်မထ၊ ကပ်လေကုန်။ ဇူတိ၊ ဤသို့။ ဘာသိတံ၊ဟောတော်မူအပ်၏။

## ၂၈-နေမင်း၏ အင်္ဂါခုနစ်ပါး

မိလိန္ဒမင်းသည် အရှင်ဘုရား၊ နေမင်း၏အင်္ဂါခုနစ်ပါးတို့ကို ယူအပ်၏ဟု အကြောင်းစကားကိုဆို၏၊ ထိုခုနစ်ပါးသော အင်္ဂါသည် အဘယ်နည်းဟု မေးသော် (၁) မင်းကြီး၊ နေမင်းသည် အလုံးစုံသော ရေကို ခန်းစေ ခြောက်စေသကဲ့သို့ ထို့အတူ မင်းကြီး၊ ယောဂါဝစရပုဂ္ဂိုလ်သည့် အကြွင်းမဲ့အလုံးစုံသော ကိလေသာတို့ကို ခန်းခြောက်စေအပ်ကုန်ရာ၏၊ မင်းကြီး၊ ဤသည်ကား နေမင်း၏ ရှေးဦးစွာသောပဌမအင်္ဂါကိုယူအပ်၏။ (၂) တဘန်လည်းမင်းကြီး၊ နေမင်းသည် အမိုက်တိုက်ကိုဖျောက်တတ်သကဲ့သို့ ထို့အတူ ယောဂါဝစရ ပုဂ္ဂိုလ်သည် အလုံးစုံသော ရာဂ,ဒေါသ,မောဟ,မာန,ဒိဋ္ဌိတည်းဟူသော ကိလေသာဒုစရိုက်ကို ဖျောက်အပ်၏၊ဤသည်ကား မင်းကြီး၊ နေမင်း၏နှစ်ခုမြောက်သော အင်္ဂါကိုယူအပ်၏၊ (၃) တဘန်လည်း မင်းကြီး၊ နေမင်းသည်မပြတ် လျှင် ကောင်းကင်၌သွားလေ့ရှိသကဲ့သို့ ထို့အတူ ယောဂါဝစရပုဂ္ဂိုလ်သည် မပြတ်လျှင် ယောနိသောမနသိကာရကို ပြုအပ်၏၊ မင်းကြီး၊ ဤသည်လျှင် နေမင်း၏သုံးခုမြောက်သောအင်္ဂါကိုယူအပ်၏၊ (၄) တဘန်လည်း မင်းကြီး၊ နေမင်းသည် အရောင်တည်းဟူသော ပန်းရှိသကဲ့သို့ ထို့အတူ ယောဂါဝစရပုဂ္ဂိုလ်သည် စွဲလန်းရာအာရုံတည်းဟူသောပန်းရှိသည်ဖြစ်ရာ၏၊ မင်းကြီး၊ ဤသည်ကား နေမင်း၏ လေးခုမြောက်သောအင်္ဂါကိုယူအပ်၏၊ (၅) တဘန်လည်းမင်းကြီး၊ နေမင်းသည် လူအပေါင်းအား ကောင်းစွာပူစေလျက်သွားသကဲ့သို့ ထို့အတူ ယောဂါဝစရပုဂ္ဂိုလ်သည် အကျင့်သီလ ဂုဏ်ကျေးဇူး ဝတ်ကြီး ဝတ်ငယ် ဝိမောက္ခ သမာဓိ သမာပတ္တိ ဣန္ဒြေ ဗိုလ် ဗောဇ္ဈင် သတိပဋ္ဌာန် သမ္မပ္ပဓာန် ဣဒ္ဓိပါဒ်တို့ဖြင့် နတ်နှင့်တကွသောလူအပေါင်းကို တောင့်တပူပန်

စေအပ်၏။ ဤသည့်ကားမင်းကြီး၊ ငါးခုမြောက်သောအင်္ဂါကိုယူအပ်၏။ (၆) တဘန်လည်း မင်းကြီး၊ နေမင်းသည်ရာဟုအသုရိန်ကိုကြောက်လန့်လျက်သွားသကဲ့သို့ ထို့အတူ ယောဂါဝစရပုဂ္ဂိုလ်သည် ဒုစရိုက်ကိုကျင့်သောပုဂ္ဂိုလ်, ဒုဂ္ဂတိသို့ အလားရှိသောပုဂ္ဂိုလ်, မညီမညွတ်သော အကျင့်ရှိသောပုဂ္ဂိုလ်, ဘေးအကျိုးဆက်ဖြင့် နှိပ်စက်ခြင်း ရှိသောပုဂ္ဂိုလ်,ကိလေသာတည်းဟူသောကွန်ယက်ဖြင့် နှောင့်ရှက်ခြင်းရှိသောပုဂ္ဂိုလ်, မိစ္ဆာဒိဋ္ဌိအယူသို့ ခိုက်တိုက်ဝင်လျှိုးမိသောပုဂ္ဂိုလ်, ခရီးမဟုတ် မှားသောသံသယ မိစ္ဆာအကျင့်ကိုကျင့်သော သတ္တဝါတို့ကိုမြင်သော် ကြီးလှစွာသော သံဝေဂထိတ်လန့်ခြင်းဖြင့် မိမိစိတ်ကိုထိတ်လန့်စေအပ်၏၊ မင်းကြီး၊ ဤသည်ကား နေမင်း၏ ခြောက်ခုမြောက်သော အင်္ဂါကိုယူအပ်၏။ (၇) တဘန်လည်း မင်းကြီး၊ နေမင်းသည် အယုတ် အလတ် အမြတ်ဖြစ်သောသူတို့အား အလင်းကိုပြတတ်သကဲ့သို့ ထို့အတူ ယောဂါဝစရပုဂ္ဂိုလ်သည် ဣန္ဒြေ ဗိုလ်ဗောဇ္ဈင် သတိပဋ္ဌာန်, သမ္မပ္ပဓာန် ဣဒ္ဓိပါဒ် လောကီလောကုတ္တရာ တရားတို့ကို အယုတ် အလတ် အမြတ် ဖြစ်သော သူတို့အား ပြအပ်ကုန်၏၊ မင်းကြီး၊ ဤသည်ကား နေမင်း၏ ခုနစ်ခုမြောက်သောအင်္ဂါကိုယူအပ်၏။ ။မင်းကြီး၊ ငါသာလျှင်လည်း ဆိုအပ်သည်မဟုတ်၊ ဝင်္ဂီသ မထေရ်သည်လည်း ဟောတော်မူအပ်၏ဟု သာဓကဖြင့်ပြပြန်၏။

ဘာသိတမ္ပေတံ မဟာရာဇ ထေရေန ဝင်္ဂီသေန။
ယထာ သူရော ဥဒယန္တော၊ ရူပံ ဒဿေတိ ပါဏိနံ။
သုစိဉ္စ အသုစိဉ္စာပိ၊ ကလျာဏဉ္စာပိ ပါပကံ။ ။
တထာ ဘိက္ခု ဓမ္မဓရော၊ အဝိဇ္ဇာ ပိ ဟိတံ ဇနံ။
ပထံ ဒဿေတိ ဝိဝိဓံ၊အာဒိစ္စော ဝုဒယံ ယထာတိ။
ဟူသည်တည်း။

မဟာရာဇ၊ မင်းကြီး။ ဝင်္ဂီသေန၊ ဝင်္ဂီသအမည်ရှိသော။ ထေရေန၊ မထေရ်သည်။ ဧတံပိ၊ ဤစကားကိုလည်း။ ဘာသိတံ၊ ဟောတော်မူအပ်၏။ ။ယထာ၊ဥပမာသော်ကား။ သူရော၊ နေမင်းသည်။ ဥဒယန္တော၊ တက်လတ်သည်ရှိသော်။ ပါဏိနံ၊ သတ္တဝါတို့အား။ သုစိံ။ စင်ကြယ်သော။ ရူပဉ္စ၊ ရူပါရုံကိုရင်း။ အပိ၊ ထိုမှ။ အသုစိံ၊ မစင်ကြယ်သော။

ရူပဥ္စ၊ရူပါရုံကိုရင်း။ကလျာဏံ၊ကောင်းသော။ရူပဥ္စ၊ ရူပါရုံကိုရင်း။ အပိ၊ ထိုမြို့။ ပါပကံ၊ ယုတ်ညံ့သော။ ရူပဥ္စ၊ ရူပါရုံကိုရင်း။ ဒဿေတိ၊ပြ၏။ ။ အာဒါသော၊ နေမင်းသည်။ ဥဒယံ ဥဒယန္တော၊ တက်ထွန်း၍။ ဒဿေတိ ယထာ၊ ပြသကဲ့သို့။ တထာ၊ ထို့အတူ။ မေဓာဝီ ဗုဒ္ဓရော၊ တရားကို ဆောင်သော။ ဘိက္ခုပြိ၊ ရဟန်းသည်လည်း။ အဝိဇ္ဇာပိဟိတံ၊ မောဟတရားသည် ပိတ်ပင်အပ်သော။ ဝိဝိဓံ၊ အထူးထူးအပြားပြားသော။ ဇနံ၊ လူ အပေါင်းကို။ ပထံ၊ နတ်ရွာမဂ်ဖိုလ်ခရီးကို။ ဒဿေတိ၊ပြသင့်၏။

---

## ၂၉–သိကြားမင်း၏အဂ်ါ သုံးပါး

မိလိန္ဒမင်းသည် အရှင်ဘုရား၊ သိကြားမင်း၏အဂ်ါသုံးပါးတို့ကိုယူ အပ်၏ဟု အကြင်စကားကိုဆို၏၊ ထိုသုံးပါးသောအဂ်ါသည် အဘယ် နည်းဟု မေးသော် မင်းကြီး၊ (၁) သိကြားမင်းသည် ဧကန်စင်စစ် ချမ်းသာသဖြင့်သာ နှစ်သက်ရောင့်ရဲခြင်းရှိသကဲ့သို့ ထို့အတူ မင်းကြီး၊ ယောဂါဝစရပုဂ္ဂိုလ်သည် ဆိတ်ငြိမ်ရာအရပ်၌ မွေ့ရှု‌မွေ့လျော် ပျော် ပိုက်သည်ဖြစ်ရာ၏၊ဤသည်ကား မင်းကြီး၊သိကြားမင်း၏ရှေးဦးစွာသော အဂ်ါကိုယူအပ်၏။ (၂) တဘန်လည်း မင်းကြီး၊ သိကြားမင်းသည် နတ်တို့ကိုမြင်သော် ချီးမြှောက်ခြင်း, ရွှင်လန်းခြင်းကို ဖြစ်စေသကဲ့သို့ ထို့အတူ ယောဂါဝစရပုဂ္ဂိုလ်သည် ကုသိုလ် တရားတို့၌ လူအပေါင်း ကို မတွန့်တို မပျင်းရိစေသည်ဖြစ်၍ ငြိမ်သက်သော စိတ်ဖြင့် ချီးမြှောက် အပ်သည်ဖြစ်၍ ရွှင်ခြင်းကိုဖြစ်စေအပ်၏၊လုံ့လစေ့ဆော်အားထုတ်အပ် ၏၊ ဤသည်ကား မင်းကြီး၊ သိကြားမင်း၏နှစ်ခုမြောက်သောအဂ်ါကို ယူအပ်၏။ (၃) တဘန်လည်း မင်းကြီး၊ သိကြားမင်းအား မမွေ့လျော် သောစိတ်သည် မရှိသကဲ့သို့ ထို့အတူ ယောဂါဝစရ ပုဂ္ဂိုလ်သည် ဆိတ်ငြိမ်ရာအရပ်၌ မပျော် မမွေ့လျော်ဟူ၍မဖြစ်အပ်၊ ဤသည်ကား မင်းကြီး၊ သိကြားမင်း၏ သုံးခုမြောက်သော အဂ်ါကိုယူအပ်၏။ ။ မင်းကြီး၊ ငါသာလျှင်လည်း ထိုစကားကိုမဆို၊ သုဘူတိ မထေရ်သည် လည်း ဆိုအပ်၏ ဟု သာဓကဖြင့်ပြပြန်၏။

ဘာသိတမ္ပေတံ မဟာရာဇ ထေရေန သုဘူတိနာ။
သာသနေ တေ မဟာဝီရ၊ ယတော ပဗ္ဗဇိတော အဟံ။

နာဘိ ဧာနာမိ ဥပ္ပန္နံ၊မာနသံ ကာမသံဟိတန္တိ။

ဟူသည်တည်း။

မဟာရာဇ၊ မင်းကြီး။ သုဘူတိနာ၊ သုဘူတိ အမည်ရှိသော။ ထေရေန၊ မထေရ်သည်။ ဧတံပိ၊ ဤစကားကိုလည်း။ ဘာသိတံ၊ ဟောတော်မူအပ်၏။ မဟာဝီရ၊ ကြီးသောလုံ့လရှိတော်မူသောအရှင်ဘုရား။ တေ၊ အရှင်ဘုရား၏။ သာသနေ၊ သာသနာတော်၌။ ယတော၊ အကြင်အခါမှ။ ပဗ္ဗဇိ၊ ရဟန်းပြုသည်မှ။ ... ဟူ၍ ... ပဗ္ဗဇိတော၊ ရဟန်း ပြု၏။ တတော၊ ထိုရဟန်းပြုသောကာလမှ။ ပဗ္ဗဇိ၊ စ၍။ အဟံ၊ ငါသည်။ ဥပ္ပန္နံ၊ဖြစ်လတ်သော။ ကာမသံဟိတံ၊ ကာမဂုဏ်နှင့်ယှဉ်သော။ မာနသံ၊ စိတ်ကို။ နာဘိဇာနာမိ၊ မသိစဘူး။ ဣတိ၊ ဤသို့။ ဘာသိတံ၊ ဟောတော်မူအပ်၏။

---

## ၃၀—စကြဝတေးမင်း၏ အင်္ဂါလေးပါး

မိလိန္ဒမင်းသည် အရှင်ဘုရား၊ စကြဝတေးမင်း၏ လေးပါးသော အင်္ဂါတို့ကို ယူအပ်၏ဟု အကြင်စကားကိုဆို၏၊ ထိုလေးပါးသော အင်္ဂါသည် အဘယ်နည်းဟုမေးသော်။ (၁) မင်းကြီး၊ စကြဝတေးမင်းသည် လေးပါးသောသင်္ဂဟဝတ္ထုဖြင့် လူအပေါင်းကို သင်္ဂြိုဟ်ဘိသကဲ့သို့ ထို့အတူ ယောဂါဝစရပုဂ္ဂိုလ်သည် လေးပါးသော ပရိသတ်တို့အား သင်္ဂြိုဟ်အပ်၏၊ ချီးမြှောက်အပ်၏၊ ရွှင်စေအပ်၏၊ မင်းကြီး၊ ဤသည်ကား စကြဝတေးမင်း၏ ရှေးဦးစွာသောအင်္ဂါကိုယူအပ်၏။ (၂) တဖန်လည်း မင်းကြီး၊ စကြဝတေးမင်း၏ တိုင်းနိုင်ငံ၌ ခိုးသူတို့မထကြွကုန်သကဲ့သို့ ထို့အတူ ယောဂါဝစရပုဂ္ဂိုလ်သည် ကာမ ရာဂ ဗျာပါဒဝိဟိံသာ ဝိတက် တို့ကို မဖြစ်စေအပ်ကုန်၊ မင်းကြီး၊ ဤသည်ကား စကြဝတေးမင်း၏ နှစ်ခုမြောက်သောအင်္ဂါကို ယူအပ်၏။ ။မင်းကြီး၊ထိုစကားကို ငါသာလျှင်လည်း မဆို၊ ဘုရားရှင်လည်း ဟောတော်မူအပ်၏ဟု သာဓကဖြင့် ပြပြန်၏။

ဘာသိတမ္ပေတံ မဟာရာဇ ဘဂဝတာ ဒေဝါတိ ဒေဝေန။

ဝိတက္ကူပသမေ စ ယော ရတော၊အသုဘံ ဘာဝယတိ သဒါသတော။

သော ခေါ ဗျန္တိကာဟိတိ၊ ဧသ ဆေစ္ဆတိ မာရဗန္ဓနန္တိ။

ဟူသည်တည်း။

မဟာရာဇ၊ မင်းကြီး။ ဒေဝါတို့ဒေဝေန၊ နတ်တကာတို့ထက် နတ်မြတ် ဖြစ်တော်မူသော။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဇောတံပိ၊ ဤစကားကိုလည်း။ဘာသိတံ၊ ဟောတော်မူအပ်၏။ ။ယောဘိက္ခု၊ အကြင်ရဟန်းသည်။ ဝိတက္ကုပသမေနစ၊ ဝိတက်ကို ငြိမ်းစေသဖြင့်လည်း။ ရတော၊ မွေ့လျော်၏။ အသုဘဉ္စ၊ အသုဘကိုလည်း။ ဘာဝယတိ၊ ပွါးစေ၏။ သဒါ၊ အခါခပ်သိမ်း။ သတော၊ သတိသမ္ပဇဉ်နှင့်ပြည့်စုံသည်။ ဟောတိ၊ ဖြစ်၏။ ဧသဧသောဘိက္ခု၊ ဤရဟန်းသည်။ ဗျန္တိံ၊ ကာမဝိတက်, ဗျာပါဒဝိတက်, ဝိဟိံသာဝိတက်တို့၏ ပျက်စီးခြင်းကို။ ကာဟိတိ၊ ပြု၏။ ဧသဧသောဘိက္ခု၊ ဤရဟန်းသည်။ မာရဗန္ဓနံ၊ မာရ်တည်းဟူသော အနှောင်အဖွဲ့ကို။ဆေစ္ဆတိ၊ ဖြတ်၏။ ဣတိ၊ ဤသို့။ ဘာသိတံ၊ ဟောတော်မူအပ်၏။

(၃) တဘန်လည်းမင်းကြီး၊ စကြဝတေး မင်းသည် နေ့တိုင်းနေ့တိုင်း သမုဒ္ဒရာအဆုံးတိုင်အောင် မြေအပြင်၌ အစဉ်ရောက်သော သူတို့၏ကောင်းသောအမှု, မကောင်းသောအမှုတို့ကို ရွေးချယ်စိစစ်၍ ဆုံးမသကဲ့သို့ ထို့အတူ ယောဂါဝစရပုဂ္ဂိုလ်သည် ကာယကံနှင့်စပ်သောအမှု, ဝစီကံနှင့်စပ်သောအမှု, မနောကံနှင့် စပ်သောအမှုတို့ကို နေ့တိုင်းနေ့တိုင်းဆင်ခြင်အပ်၏၊ တဘန်လည်း မင်းကြီး၊ ဆင်ခြင်ခြင်းနှင့်ပြည့်စုံသော စကြဝတေးမင်းသည် အဘယ်သို့လျှင် ဤလူအပေါင်းအား ကာယကံ ဝစီကံ မနောကံ ဟုဆိုအပ်သော သုံးပါးသောကံ၏စင်ကြယ်ကြောင်းကို ရွေးချယ်စိစစ်၍ ကာလကိုလွန်စေရအံ့နည်းဟု အကြံကိုဖြစ်စေ၏၊ မင်းကြီး၊ ဤသည်လျှင် စကြဝတေးမင်း၏ သုံးရမြောက်သောအင်္ဂါကိုယူအပ်၏၊ မင်းကြီး၊ ငါသာလျှင်လည်း ထိုစကားကိုမဆို၊ ဘုရားရှင်လည်းအင်္ဂုတ္တရနိကာယ်၌ ဟောတော်မူအပ်၏။

ကထံဘူတဿ မေရတ္တိန္ဒိဝါ ဝီတိဝတ္တန္တီတိ ပဗ္ဗဇိတေန
အဘိဏှံ ပစ္စဝေက္ခိတဗ္ဗန္တိ။ ။ဟူသည်တည်း။

ဘူတဿ၊ ရဟန်းဖြစ်သော။ မေ၊ ငါ့အား။ ကထံ၊ အသို့လျှင်။ ရတ္တိန္ဒိဝါ၊ နေ့ညဉ့်တို့သည်။ ဝီတိဝတ္တန္တိ၊ လွန်စေရကုန်မည်နည်း။ ဣတိ၊ ဤသို့။ ပဗ္ဗဇိတေန၊ ရဟန်းဖြစ်သောသူသည်။ အဘိဏှံ၊ မပြတ်။ ပစ္စဝေက္ခိတဗ္ဗံ၊ ဆင်ခြင်အပ်၏။

(၄) တဖန်လည်း မင်းကြီး၊ စကြာဝတေးမင်းသည် ကိုယ်တွင်း ကိုယ်ပ၌ကောင်းစွာစောင့်ရှောက်လုံခြုံစေသကဲ့သို့ ထို့အတူ ယောဂါ ဝစရပုဂ္ဂိုလ်သည် ကိုယ်တွင်း၌ဖြစ်ကုန်သော ကိလေသာတို့ကို စောင့် ရှောက်ခြင်း၌ သတိတည်းဟူသော ဟံခါးစောင့်ကို ထားအပ်၏၊ ဤသည်ကား မင်းကြီး၊ စကြာဝတေးမင်း၏ လေးခုမြောက်သော အင်္ဂါ ကို ယူအပ်၏။ ။မင်းကြီး၊ ငါသာလျှင်လည်းထိုစကားကိုမဆို၊ ဘုရား ရှင်လည်းဟောတော်မူအပ်၏။

သတိဒေါဝါရိကော ဘိက္ခဝေ အရိယသာဝကော အကု သလံ ပဇဟာတိ၊ ကုသလံဘာဝေတိ၊ သာဝဇ္ဇံပဇဟာတိ၊ အန ဝဇ္ဇံဘာဝေတိ၊ သုဒ္ဓမတ္တာနံ ပရိဟရတီတိ။ ။ဟူသည်တည်း။

ဘိက္ခဝေ၊ ရဟန်းတို့။ သတိဒေါဝါရိကော၊ သတိတည်းဟူသော တံခါးစောင့်ရှိသော။ အရိယသာဝကော၊ အရိယာ သာဝကသည်။ အကုသလံ၊ အကုသိုလ်ကို။ ပဇဟာတိ၊ စွန့်၏။ ကုသလံ၊ ကုသိုလ်ကို။ ဘာဝေတိ၊ ပွါးစေ၏။ သာဝဇ္ဇံ၊ အပြစ်ရှိသောတရားကို။ ပဇဟာတိ၊ စွန့်၏။ အနဝဇ္ဇံ၊ အပြစ်မရှိသောတရားကို။ ဘာဝေတိ၊ ပွါးစေ၏။ သုဒ္ဓံ၊ စင်ကြယ်စွာ။ အတ္တာနံ၊ မိမိကိုယ်ကို။ ပရိဟရတိ၊ ဆောင်ရွက်၏။

စက္ကဝတ္တိဝင္ဂေါတတိယော။

---

## ၃၁ - ခြ၏အင်္ဂါတပါး

မိလိန္ဒမင်းသည်အရှင်ဘုရား၊ ခြ၏အင်္ဂါတပါးကို ယူအပ်၏ဟု အ ကြင်စကားကိုဆို၏၊ ထိုတပါးသောအင်္ဂါသည် အဘယ်နည်းဟုမေး သော်၊ (၁) မင်းကြီး၊ ခြသည်အထက်အမိုးအကာကိုပြု၍ မိမိကိုယ်ကို ပိတ်ပင်ဖုံးလွှမ်း၍ အစာရှာအံ့သော၌ လှေကျက် သွားလာသကဲ့သို့ ထို့အတူယောဂါဝစရပုဂ္ဂိုလ်သည် သီလစောင့်ရှောက်ခြင်းတည်းဟူ သော အမိုးအကာကိုပြု၍ မိမိစိတ်ကိုသိုမှီး၍ ဆွမ်းခံအံ့သော၌သွား ရာ၏၊ မင်းကြီး၊ သီလသံဝရအမိုးအကာရှိသော ယောဂါဝစရပုဂ္ဂိုလ် သည်ခပ်သိမ်းသောဘေးကိုကောင်းစွာ လွန်နိုင်သည်ဖြစ်၏၊ မင်းကြီး၊ ဤသည်လျှင် ခြ၏အင်္ဂါတပါးကိုယူအပ်၏၊ မင်းကြီး၊ ထိုစကားကိုငါ

သာသျှင်လည်း ဆိုအပ်သည်မဟုတ်၊ ဝင်္ဂန္တပုဏ္ဏားအို၏သား ဥပသေန မထေရ်သည်လည်းဟောတော်မူအပ်၏။

ဘာသိတမွေတံ မဟာရာဇ ထေရေန ဥပသေနေန ဝင်္ဂန္တပုတ္တေန၊
သီလသံဝရန္တဒနံ၊ ယောဂိကတ္တာန မာနသံ။
အနုပလိတ္တော လောကေန၊ ဘယာစ ပရိမုတ္တတိတိ။
ဟူသည်တည်း။

မဟာရာဇ၊ မင်းကြီး။ ဝင်္ဂန္တပုတ္တေန၊ ဝင်္ဂန္တ ပုဏ္ဏား၏ သားဖြစ်သော။ ထေရေန ဥပသေနေန၊ ဥပသေနမထေရ်သည်။ ဧတံပိ၊ ဤစကားကိုလည်း။ ဘာသိတံ၊ ဟောတော်မူအပ်၏။

ယောဂီ၊ ကမ္မဋ္ဌာန်းစီးဖြန်းခြင်းရှိသောယောဂီပုဂ္ဂိုလ်သည်။ မာနသံ၊ စိတ်နှလုံးကို။ သီလသံဝရန္တဒနံ၊ သီလစောင့်စည်းခြင်းတည်းဟူသော အမိုးအကာဖြင့် မိုးကာခြင်းကို။ ကတ္တာန၊ ပြုသောကြောင့်။ လောကေန၊ လူအပေါင်းနှင့်။ အနုပလိတ္တော၊ မလိမ်းကျံ။ ဘယာစ၊ ဘေးမှလည်း။ ပရိမုတ္တတိ၊ လွတ်၏။ ဣတိ၊ ဤသို့။ ဘာသိတံ၊ ဟောတော်မူအပ်၏။

## ၃၂-ကြောင်၏အင်္ဂါနှစ်ပါး

မိလိန္ဒမင်းသည် အရှင်ဘုရား၊ ကြောင်၏အင်္ဂါနှစ်ပါးတို့ကို ယူအပ်၏ဟု အကြင်စကားကိုဆို၏၊ ထိုနှစ်ပါးသောအင်္ဂါသည် အဘယ်နည်းဟုမေးသော်၊ (၁) မင်းကြီး၊ ကြောင်သည် လိုဏ်ဂူ သစ်ခေါင်းအရပ်သို့သွားသော်ရင်း, ပြာသာဒ်၏အကြားသို့သွားသော်ရင်း, ကြွက်ကိုသာလျှင်ရှာဘွေသကဲ့သို့ ထို့အတူမင်းကြီး၊ ယောဂါဝစရပုဂ္ဂိုလ်သည်ရွာနိဂုံးသို့သွားသဖြင့်ရင်း, တောအရပ်သစ်ပင်ရင်းသို့သွားသဖြင့်ရင်း, ဆိတ်ငြိမ်ရာ အရပ်သို့သွားသဖြင့်ရင်း, မပြတ်လျှင် ငြိမ်သက်စွာ မမေ့မလျော့သဖြင့် ကာယဂတာသတိ တည်းဟူသော အစာဘောဇဉ်ကိုသာလျှင်ရှာမှီးအပ်၏၊ မင်းကြီး၊ ဤသည်ကား ကြောင်၏ ရှေးဦးစွာသောအင်္ဂါကိုယူအပ်၏၊ (၂) တဖန်လည်း မင်းကြီး၊ ကြောင်သည် မိမိ၏အနီး၌ သာလျှင် အစာကို ရှာလေ့ရှိသကဲ့သို့ ' ထို့အတူ ယောဂါဝစရပုဂ္ဂိုလ်သည်ဥပါဒါနက္ခန္ဓာ တရားတည်းဟူသော ငါးပါး

သောခန္ဓာတို့၌ဖြစ်ခြင်းပျက်ခြင်းကိုမြင်လေ့ရှိသဖြင့်နေရာ၏၊ မင်းကြီး၊ ဤသည်ကား ကြောင်၏နှစ်ခုမြောက်သော အင်္ဂါကို ယူအပ်၏။ ။ မင်းကြီး၊ ငါသာလျှင်လည်း ထိုစကားကိုမဆို၊ဘုရားရှင်လည်း ဟော တော်မူအပ်၏ဟု သာဓကဖြင့်ပြပြန်၏။

နဣတော ဒူရေ ဘဝိတဗ္ဗံ၊ ဘဝဂ္ဂံ ကိံ ကရိဿတိ။
ပစ္စုပ္ပန္နမှိ ဝေါဟာရေ၊ သကေ ကာယမှိ ဝိန္ဒထာတိ။
ဟူသည်တည်း။

ဘိက္ခဝေ၊ ရဟန်းတို့။ ဣတော၊ ဤမိမိကိုယ်မှ။ ဒူရေ၊ ဝေးသော ကိုယ်၌။ မနသိကာရေန၊ နှလုံးသွင်းသဖြင့်။ နဘဝိတဗ္ဗံ၊ မဖြစ်ရာ။ ဘဝဂ္ဂံ၊ အထက်ဘဝဂ် တိုင်အောင်။ ကိံကရိဿတိ၊ အဘယ်ပြုအံ့နည်း။ ပစ္စုပ္ပန္နမှိ၊ ပစ္စုပ္ပန်ဖြစ်သော။ ဝေါဟာရေ၊ ခေါ်ဝေါ် ပညတ်အပ်သော။ သကေကာယမှိ၊ မိမိ၏ကိုယ်၌။ မနသိကာရံ၊ နှလုံးသွင်းခြင်းကို။ ဝိန္ဒထ၊ ဖြစ်စေကုန်။ ဣတိ၊ ဤသို့။ ဘာသိတံ၊ ဟောတော်မူအပ်၏။

## ၃၃–ကြွက်၏အင်္ဂါတပါး

မိလိန္ဒမင်းသည် အရှင်ဘုရား၊ ကြွက်၏ အင်္ဂါတပါးကိုယူအပ်၏ဟု အကြင်စကားကိုဆို၏၊ ထိုတပါးသောအင်္ဂါသည် အဘယ်နည်းဟု မေးသော်၊ မင်းကြီး၊ ကြွက်သည် ထိုမှဤမှလှည့်ပတ်သွားလာသည် ရှိသော် အစာကိုသာလျှင် အကြီးအမှူးပြု၍ ကျက်စားသွားလာသကဲ့သို့ ထို့အတူ မင်းကြီး၊ ယောဂါဝစရပုဂ္ဂိုလ်သည် ထိုမှဤမှ လှည့်ပတ်သွား လာသည်ရှိသော် ယောနိသောမနသိကာရတရားကိုသာလျှင် အကြီး အမှူးပြုသည် ဖြစ်ရာ၏၊ မင်းကြီး၊ ဤသည်လျှင် ကြွက်၏ တပါးသော အင်္ဂါကို ယူအပ်၏။ ။မင်းကြီး၊ ငါသာလျှင်လည်း ထိုစကားကိုမဆို၊ ဝင်္ဂန္တပုတ္တအမည်ရှိသော ဥပသေနမထေရ်လည်း ဟောတော် မူအပ်၏ဟု ထိုစကားကိုသာဓကဖြင့် ပြပြန်၏။

ဘာသိတမ္ပေတံ မဟာရာဇ ထေရေန ဥပသေနေန ဝင်္ဂန္တပုတ္တေန၊
ဓမ္မသီသံ ကရိတွာန၊ ဝိဟရန္တော ဝိပဿကော။
အဒ္ဓိန္နာလီနော ဝိဟရတိ၊ ဥပသန္တော သဒါသတောတိ။
ဟူသည်တည်း။

မဟာရာဇ၊ မင်းကြီး၊ ဝင်္ဂန္တပုတ္တေန၊ ဝင်္ဂန္တပုဏ္ဏားမျိုးသားဖြစ်သော။ ထေရေနဥပသေနေန၊ ရှင်ဥပသေနမထေရ်သည်။ ဝုတ္တံပိ၊ ဤစကားကိုလည်း။ဘာသိတံ၊ ဟောတော်မူအပ်၏။ ။ဓမ္မသီသံ၊ တရား တည်း ဟူသောအကြီးအမှူးကို၊ ကရိတွာန၊ ပြု၍။ ဝိဟရန္တော၊ နေတော်မူသော။ ဝိပဿကော၊ ဝိပဿနာကိုရှုလေ့ရှိသော။ ဘိက္ခု၊ ရဟန်းသည်။အနောလီနော၊တွန့်တိုခြင်းမရှိသည်ဖြစ်၍။သဒါ၊အခါခပ်သိမ်း။ဥပသန္တော၊ငြိမ်သက်ခြင်းရှိသည်။ သတော၊ ဖြစ်လျက်။ ဝိဟရတိ၊ နေတော်မူ၏။ ဣတိ၊ ဤသို့။ ဘာသိတံ၊ ဟောတော်မူအပ်၏။

## ၃၄ - ကင်းမြီးကောက်၏အင်္ဂါတပါး

မိလိန္ဒမင်းသည် အရှင်ဘုရား၊ ကင်းမြီးကောက်၏ အင်္ဂါတပါးကို ယူအပ်၏ဟုအကြင်စကားကိုဆို၏၊ထိုတပါးသောအင်္ဂါသည် အဘယ်နည်းဟု မေးသော်။ ။မင်းကြီး၊ ကင်းမြီးကောက်သည် အမြီးတည်းဟူသော လက်နက်ရှိ၏၊ အမြီးတည်းဟူသော လက်နက်ကို ထောင်၍သွားသကဲ့သို့ ထို့အတူ မင်းကြီး၊ ယောဂါဝစရပုဂ္ဂိုလ်သည် ဉာဏ်တည်းဟူသော လက်နက်ရှိသည်ဖြစ်ရာ၏၊ ဉာဏ်တည်းဟူသော လက်နက်ကိုထောင်၍နေရာ၏၊ ဤသည်ကားမင်းကြီး၊ ကင်းမြီးကောက်၏ တပါးသောအင်္ဂါကိုယူအပ်၏။ ။မင်းကြီး၊ ငါသာလျှင်လည်း ထိုစကားကိုမဆို၊ ဝင်္ဂန္တပုဏ္ဏား၏သားဖြစ်သော ရှင်ဥပသေနသည်လည်း ဟောတော်မူအပ်၏။ ။

ဘာသိတမ္ပေတံမဟာရာဇထေရေနဥပသေနေန ဝင်္ဂန္တပုတ္တေန။
ဉာဏခဂ္ဂံဂဟေတွာန၊ဝိဟရန္တောဝိပဿကော။
ပရိမုစ္စတိသဗ္ဗဘယာ၊ဒုပ္ပသဟောစသောဘဝေတိ။
ဟူသည်တည်း။

မဟာရာဇ၊မင်းကြီး။ ဝင်္ဂန္တပုတ္တေန၊ ဝင်္ဂန္တပုဏ္ဏား၏သားဖြစ်သော။ ထေရေနဥပသေနေန၊ ရှင်ဥပသေနမထေရ်သည်။ ဝုတ္တံပိ၊ ဤစကားကိုလည်း။ ဘာသိတံ၊ ဟောတော်မူအပ်၏။ ။ယောဘိက္ခု၊ အကြင်ရဟန်းသည်။ ဉာဏခဂ္ဂံ၊ ဉာဏ်တည်းဟူသော သံလျက်ကို။ ဂဟေတွာန၊ ကိုင်၍။ ဝိပဿကော၊ ဝိပဿနာရှုလေ့ရှိသည်ဖြစ်၍။ ဝိဟရန္တော၊ နေ

သည့်ရှိသော်။ ဉသဗ္ဘာယာ၊ ခပ်သိမ်းသောဘေးမှ။ ပရိမုစ္စတိ၊ လွတ်၏။ သောဘိက္ခု၊ ထိုရဟာနီးသည်။ ဒုပ္ပသံဟောာစ၊ သူတပါးတို့ မညှဉ်းဆဲ အပ်သည်လည်း။ ဘဝေ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဘာသိတံ၊ ဟောတော်မူအပ်၏။

## ၃၅–မြွေပါ၏အင်္ဂါတပါး

မိလိန္ဒမင်းသည် အရှင်ဘုရား၊ မြွေပါ၏အင်္ဂါတပါးကို ယူအပ်၏ဟု အကြင်စကားကိုဆို၏၊ ထိုအင်္ဂါတပါးသည် အဘယ်နည်းဟု မေးသော်။ ။မင်းကြီး၊ မြွေပါသည် မြွေသို့ ကပ်လတ်သည့်ရှိသော် ဆေးဖြင့်မိမိကိုယ်ကိုလိမ်းကျံထုံမွမ်း၍ မြွေကို ဘမ်းယူခြင်းငှါအနီးသို့ ချဉ်းကပ်သကဲ့သို့ ထို့အတူ မင်းကြီး၊ ယောဂါဝစရပုဂ္ဂိုလ်သည် အချက်ဒေါသထန်သောသူ၊ ကိုယ်ဖြင့် ငြင်းခုံတတ်သောသူ၊ နှုတ်ဖြင့်ငြင်းခုံတတ်သောသူ၊ ဆန့်ကျင်ဘက်ဖြင့် နှိပ်စက်ခြင်းရှိသောသူ အပေါင်းတို့သို့ ချဉ်းကပ်သည့်ရှိသော် မေတ္တာတည်းဟူသောဆေးဖြင့် မိမိစိတ်ကို လိမ်းကျံထုံမွမ်းအပ်၏၊ မင်းကြီး၊ ဤသည်ကား မြွေပါ၏တခုသောအင်္ဂါကို ယူအပ်၏။ ။မင်းကြီး၊ ငါသာလျှင်လည်း ထိုစကားကိုမဆို၊ ရှင်သာရိပုတ္တရာလည်း ဟောတော်မူအပ်၏၊

ယသ္မာသတံပရေသမ္ပိ၊ကာတဗ္ဗာမေတ္တာဘာဝနာ။
မေတ္တာစိတ္တေနဖရိတဗ္ဗံ၊ဧတံဗုဒ္ဓါနသာသနံ။ ။
ဟူသည့်တည်း။

သတံ၊သူတော်ကောင်းတို့သည်။ ပရေသမ္ပိ၊ သူတပါးတို့အားလည်း။ ယသ္မာ၊အကြင့်ကြောင့်။မေတ္တာဘာဝနာ၊ မေတ္တာပွါးခြင်းကို။ ကာတဗ္ဗာ၊ ပြုအပ်၏။မေတ္တာစိတ္တေန၊ မေတ္တာစိတ်ဖြင့်။ဖရိတဗ္ဗံ၊ နှံ့စေအပ်၏။ ဧတံ၊ ဤမေတ္တာပွါးခြင်း နှံ့စေခြင်းသည်။ ဗုဒ္ဓါနံ၊ ဘုရားရှင်တို့၏။ သာသနံ၊ အဆုံးအမတော်တည်း။

## ၃၆–မြေခွေးမို၏အင်္ဂါနှစ်ပါး

မိလိန္ဒမင်းသည် အရှင်ဘုရား၊ မြေခွေးမို၏ အင်္ဂါနှစ်ပါးတို့ကို ယူအပ်၏ဟုအကြင်စကားကိုဆို၏၊ ထိုအင်္ဂါနှစ်ပါးသည် အဘယ်နည်းဟု

မေးသော်၊ (၁)မင်းကြီး၊ မြေခွေးမိုသည် အစာကိုရသည့်ရှိသော်စက်ဆုပ်ခြင်းမရှိသည်ဖြစ်၍ အလိုရှိတိုင်းစားသကဲ့သို့ ထို့အတူ မင်းကြီး၊ ယောဂါဝစရပုဂ္ဂိုလ်သည် အစာဘောဇဉ်ကို ရအပ်သည့်ရှိသော် စက်ဆုပ်ခြင်းမရှိသဖြင့် ကိုယ်နှင့်မျှလောက်ရုံသာလျှင် သုံးဆောင်စွားသောက်အပ်၏၊ ဤသည်ကား မင်းကြီး၊ မြေခွေးမို၏ ရှေးဦးစွာသော အင်္ဂါကိုယူအပ်၏။ ။မင်းကြီး၊ ထိုစကားကို ငါသာလျှင်လည်းမဆို၊ ရှင်မဟာကဿပမထေရ်လည်း ဟောတော်မူအပ်၏။

ဘာသိတမေ့တံ မဟာရာဇ ထေရေန မဟာကဿပေန။ ။
သေနာသနမှာ ဩရုယှ၊ ဂါမံပိဏ္ဍာယပါဝိသိံ။
ဘုဥ္ဇန္တံ ပုရိသံကုဋ္ဌိံ၊ သက္ကစ္စံ နံဥပဋ္ဌဟိံ။ ။
သောမေပက္ကေန ဟတ္ထေန၊ အာလောပံ ဥပနာမယိ။
အာလောပံ ပက္ခိပန္တဿ၊ အင်္ဂုလိ ပေတ္ထ ဆိဇ္ဇထ။ ။
ကုဋ္ဋမူလဥ္စ နိဿာယ၊ အာလောပံ ပရိဘုဥ္ဇိသံ။
ဘုဥ္ဇမာနေ ဝါ ဘုတ္တေ ဝါ၊ ဇေဂုစ္ဆံ မေနဝိဇ္ဇတီတိ။ ။
ဟူသည်တည်း။

မဟာရာဇ၊ မင်းကြီး။ မဟာကဿပေန၊ မဟာကဿပအမည်ရှိသော။ ထေရေန၊ မထေရ်သည်။ ဧတံပိ၊ ဤစကားကိုလည်း။ ဘာသိတံ၊ ဟောတော်မူအပ်၏၊ ။အဟံ၊ ငါသည်။ သေနာသနမှာ၊ ကျောင်းအိပ်ရာနေရာမှ။ ဩရုယှ၊ သက်၍။ ဂါမံ၊ ရွာသို့။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှါ။ ပါဝိသိံ၊ ဝင်အံ့။ ဘုဥ္ဇန္တံ၊ ထမင်းစားသော။ ကုဋ္ဌိံ၊ နူနာရှိသော။ နံ ပုရိသံ၊ ထိုယောကျ်ားကို။ သက္ကစ္စံ၊ အရိုအသေ။ ဥပဋ္ဌဟိံ၊ ချဉ်းကပ်အံ့။ ။သော၊ ထိုနူနာရှိသော ယောကျ်ားသည်။ မေ၊ ငါ့အား။ ပက္ကေန၊ တစက်စက်ယိုသော မှည့်သော ပြည်ရှိသော။ ဟတ္ထေန၊ လက်ဖြင့်။ အာလောပံ၊ ဆွမ်းလုပ်ကို။ ဥပနာမယိ၊ ကပ်လာအံ့။ အာလောပံ၊ ဆွမ်းလုပ်ကို။ ပက္ခိပန္တဿ၊ ထည့်လာသောလူနူ၏။ အင်္ဂုလိပိ၊ လက်ချောင်းသည်လည်း။ ဧတ္ထ၊ ဤအခါ၌။ ဆိဇ္ဇထ၊ ပြတ်လေအံ့။ ။အဟံ၊ ငါသည်။ ကုဋ္ဋမူလဥ္စ၊ နံရံခြေကိုလည်း။ နိဿာယ၊ မှီ၍။ အာလောပံ၊ ဆွမ်းလုပ်ကို။ ပရိဘုဥ္ဇိသံ၊ စားအံ့။ ဘုဥ္ဇမာနေဝါ၊ စားဆဲသော်ရင်း။ ဘုတ္တေဝါ၊ စားပြီးသော်ရင်း။ မေ၊ ငါ့အား။ ဇေဂုစ္ဆံ၊ စက်

ဆုပ်ခြင်းသည်။ •နဝိဇ္ဇတိ၊ မရှိ။ ဣတိ၊ ဤသို့။ ဘာသိတံ၊ ဟောတော်မူအပ်၏။

(၂) တဘန်လည်းမင်းကြီး၊ မြေခွေးမိုသည် ကြမ်းသောအစာကို၎င်း, မွန်မြတ်သောအစာကို၎င်း, ရအပ်သည်ရှိသော် မရွေးမချယ်စားသကဲ့သို့ ထို့အတူယောဂါဝစရပုဂ္ဂိုလ်သည် ကြမ်းတန်းသောအစာ မွန်မြတ်သောအစာ လက်သုပ်ဟင်းလျာနှင့် ပြည့်စုံသည် မပြည့်စုံသည် ဟုမရွေးမချယ် ရတိုင်းသောအစာဖြင့်ရောင့်ရဲအပ်၏၊မင်းကြီး၊ ဤသည် ကားမြေခွေးမို၏နှစ်ခုမြောက်သောအင်္ဂါကိုယူအပ်၏။ ။မင်းကြီး၊ငါသာ လျှင်လည်း ထိုစကားကိုမဆို၊ ဝင်္ဂန္တပုဏ္ဏားသား၏သား ရှင်ဥပသေနသည် လည်း ဟောတော်မူအပ်၏။

လူခေနာပိစ သန္တုဿေ၊နာညံ ပတ္ထေ ရသံဗဟုံ။
ရသေသုအနုဂိဒ္ဓဿ၊ဈာနေ န ရမတိမနော။
ဣတရီတရေန သန္တုဋ္ဌော၊ သာမညံ ပရိပူရတီတိ။

ဟူသည်တည်း။

ဘိက္ခု၊ ရဟန်းသည်။ လူခေနာပိစ၊ ကြမ်းတန်းသော အစာဖြင့် လည်း။သန္တုဿေ၊ ရောင့်ရဲ၏။ ဗဟုံ၊ များစွာသော။ အညံ၊ တပါးသော။ ရသံ၊ အရသာကို။ နပတ္ထေ၊ မတောင့်တရာ။ ရသေသု၊ အရသာ တို့၌။ အနုဂိဒ္ဓဿ၊ တပ်မက်သော ပုဂ္ဂိုလ်၏။ မနော၊ စိတ်သည်။ ဈာနေ၊ ဈာန်တရား၌။ နရမတိ၊ မမွေ့လျော်။ ဣတရီတရေန၊ ရတိုင်း ရတိုင်းသော အစာဖြင့်။ သန္တုဋ္ဌော၊ ရောင့်ရဲသော ရဟန်းသည်။ သာမညံ၊ ရဟန်း၏အဖြစ်ကို။ ပရိပူရတိ၊ ပြည့်သည်မည်၏။ ဣတိ၊ ဤသို့။ဘာသိတံ၊ ဟောတော်မူအပ်၏။

---

## ၃၇—သမင်၏အင်္ဂါသုံးပါး

မိလိန္ဒမင်းသည် •အရှင်ဘုရား၊ သမင်၏အင်္ဂါသုံးပါးတို့ကို ယူအပ်၏ဟုအကြောင်းစကားကိုဆို၏၊ ထိုသုံးပါးသောအင်္ဂါသည် အဘယ်နည်း ဟုမေးသော် (၁) မင်းကြီး၊ သမင်သည်နေ့အခါ တောအရပ်၌သွား၍ ညဉ့်အခါ၌လွင်တီးခေါင်၌သွားသကဲ့သို့ ထို့အတူမင်းကြီး၊ယောဂါဝစရ ပုဂ္ဂိုလ်သည် နေ့အခါတော၌နေရာ၏၊ ညဉ့်အခါလွင်တီးခေါင်၌နေရာ၏၊

ဤသည်ကား မင်းကြီး၊ သမင်၏ရှေးဦးစွာသော အင်္ဂါကိုယူအပ်၏။ ။ မင်းကြီး၊ ငါသာလျှင် ထိုစကားကိုမဆို၊ ဘုရားရှင်လည်း ဟောတော်မူအပ်၏။

ဘာသိတမ္ပေတံ မဟာရာဇ ဘဂဝတာ ဒေဝါတိ ဒေဝေန
လောမဟံသန ပရိယာယေ။ ။သော ခေါ အဟံ သာရိပုတ္တ
ယာတာရတ္တိယော သိတာဟေမန္တိကာ အန္တရဋ္ဌကေ ဟိမပါ
တ သမယေ၊ တထာရူပါသု ရတ္တီသု အဗ္ဘောကာသေ
ဝိဟရာမိ၊ ဒိဝါဝနသဏ္ဍေ၊ ဂိမှာနံ ပစ္ဆိမေ မာသေ ဒိဝါအဗ္ဘော
ကာသေ ဝိဟရာမိ၊ ရတ္တိံ ဝနသဏ္ဍေတိ။ ။ဟူသည်ဘည်း။

မဟာရာဇ၊ မင်းကြီး၊ ဒေဝါတိဒေဝေန၊ နတ်တကာတို့ ထက် နတ်မြတ် ,ဖြစ်တော်မူသော။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဧတံပိ၊ ဤစကားကိုလည်း။ လောမဟံသနပရိယာယေ၊ လောမဟံသန သုတ္တန်ဒေသနာတော်၌။ ဘာသိတံ၊ ဟောတော်မူအပ်၏။ ။သာရိပုတ္တ၊ သာရိပုတ္တရာ။ သော အဟံ၊ ထိုငါဘုရားသည်။ ဟေမန္တိကာ၊ ဆောင်းလအခါနှင့် ယှဉ်ကုန်သော။ အန္တရဋ္ဌကေ၊ အန္တရဋ္ဌကဖြစ်သော။ ဝါ၊ အကြားရှစ်ရက်ဖြစ်သော။ ဟိမပါတသမယေ၊ ဆီးနှင်းကျသောအခါ၌။ သိတာ၊ ချမ်းကုန်သော။ ယာတာရတ္တိယော၊ အကြင်ညဉ့်တို့သည်။ သန္တိ၊ ရှိကုန်၏။ တထာရူပါသု၊ ထိုသို့သဘောရှိကုန်သော။ ရတ္တီသု၊ ညဉ့်တို့၌။ အဟံ၊ ငါဘုရားသည်။ အဗ္ဘောကာသေ၊ လွင်တီးခေါင်၌။ ဝိဟရာမိ၊ နေ၏။ ဒိဝါ၊ နေ့အခါ၌။ ဝနသဏ္ဍေ၊ တောအုပ်၌။ ဝိဟရာမိ၊ နေ၏။ ဂိမှာနံ၊ နွေလတို့၏။ ပစ္ဆိမေ၊ အဆုံးဖြစ်သော။ မာသေ၊ နယုန်လ၌။ ဒိဝါ၊ နေ့အခါ၌။ အဗ္ဘောကာသေ၊ လွင်တီးခေါင်၌။ ဝိဟရာမိ၊ နေ၏။ ရတ္တိံ၊ ညဉ့်၌။ ဝနသဏ္ဍေ၊ တောအုပ်၌။ ဝိဟရာမိ၊ နေ၏။ ဣတိ၊ ဤသို့။ ဘာသိတံ၊ ဟောတော်မူအပ်၏။

(အန္တရဋ္ဌကေ၊ အကြားရှစ်ရက်ဟုဆိုရာ၌ တန်ဆောင်မုန်းလနှင့် နတ်တော်လအကြား ရှစ်ရက်၊ နတ်တော်လနှင့်ပြာသိုလအကြားရှစ်ရက်၊ ပြာသိုလနှင့်တပို့တွဲလအကြားရှစ်ရက်၊ တလအကြွင်းလေးရက်၊ တလမှာလဆန်းလေးရက်ယူလေ၊ ထိုရက်တို့ကား အထူးချမ်းသောရက်တည်း။)

(၂) တဘန်လည်း မင်းကြီး၊ သမင်သည် မြားလှံကျလတ်သည်ရှိသော် ကြဉ်ရှောင်၍ပြေးလေ၏၊ ကိုယ်သို့ မြားလှံမရောက်စေသကဲ့သို့ ထို့အတူ ယောဂါဝစရပုဂ္ဂိုလ်သည် ကိလေသာတို့သည်အနီးသို့ရောက်ကုန်လတ်သည်ရှိသော် ကြဉ်ဘဲအပ်၏၊ ပြေးအပ်၏၊မိမိစိတ်ကို ကိလေသာတို့သို့မဆောင်အပ်၊ ဤသည်ကားမင်းကြီး၊ သမင်၏ နှစ်ခုမြောက်သော အင်္ဂါကို ယူအပ်၏၊ (၃) တဘန်လည်းမင်းကြီး၊ သမင်သည် လူတို့ကိုမြင်သော် ဟုတ်ဟုတ်ညားညား တည့်ရာမရှိ၊ ထိုလူတို့သည် ငါ့ကိုယ်ကို မမြင်စေသတည်းဟု ပြေးသကဲ့သို့ ထို့အတူ မင်းကြီး၊ ယောဂါဝစရပုဂ္ဂိုလ်သည်လက်ဖြင့်ရိုက်ခတ်ခြင်း, နှုတ်ဖြင့် ငြင်းခုံခြင်း အလေ့ရှိသောသူတို့ကိုရင်း, ဒုဿီလ ပုဂ္ဂိုလ်တို့ကိုရင်း, ပျင်းရိသော ပုဂ္ဂိုလ်တို့ကိုရင်း, အပေါင်းအဘော်၌ မွေ့လျော် ပျော်ပါးသောပုဂ္ဂိုလ်တို့ကိုရင်း,မြင်သော် ထိုသူတို့သည် ငါ့ကိုမမြင်စေသတည်း၊ ငါလည်း ထိုသူတို့ကိုမမြင်လိုဟု ဟုတ်ဟုတ်ညားညားသော အရပ်သို့ပြေးအပ်၏၊ မင်းကြီး၊ ဤသည်လျှင် သမင်၏ သုံးခုမြောက်သော အင်္ဂါကို ယူအပ်၏။ ။မင်းကြီး၊ ငါသာလျှင်လည်း ထိုစကားကိုမဆို၊ တရားစစ်သူကြီးဖြစ်သော ရှင်သာရိပုတ္တရာသည်လည်း ဟောတော်မူအပ်၏။

ဘာသိတမေ္ပတံ မဟာရာဇ ထေရေန သာရိပုတ္တေန ဓမ္မသေနာပတိနာ၊

မာမေ ကဒါစိ ပါပိစ္ဆော၊ ကုသီတော ဟီနဝီရိယော။

အပ္ပဿုတော အနာစာရော၊သမ္မတော အဟုကတ္ထစိတိ။ ။ဟူသည့်တည်း။

မဟာရာဇ၊ မင်းကြီး။ဓမ္မသေနာပတိနာ၊ တရားစစ်သူကြီးဖြစ်သော။ သာရိပုတ္တေန၊ သာရိပုတ္တရာ အမည်ရှိသော။ ထေရေန၊ မထေရ်သည်။ ဧတံပိ၊ ဤစကားကိုလည်း။ ဘာသိတံ၊ဟောတော်မူအပ်၏။ ။ ဧဝံသော၊ ငါ့ရှင်ဟူ၏။ မေ၊ ငါ့အား။ ကဒါစိ၊ တရံတဆစ်မျှ။ပါပိစ္ဆော၊ မကောင်းသောအလိုရမ္မက်ရှိသည်။ ကုသီတော၊ ပျင်းရိသော သဘောရှိသည်။ ဟီနဝီရိယော၊ လျော့သောလုံ့လရှိသည်။ အပ္ပဿုတော၊ ကြောင့်ကြမဲ့နေသည်။ မာအဟု၊ မဖြစ်စဘူး။ ကတ္ထစိ၊ အချို့သော ပုဂ္ဂိုလ်တို့၌။ အနာစာရော၊ တရားကိုမကျင့်လိုသည်ဖြစ်၍၊ သမ္မတော၊

ငြိမ်သက်စွာနေသည်။ အဟု၊ ဖြစ်၏။ ဇာတိ၊ ဤသို့။ ဟာသိတံ၊ ပေါ
တော်မူအပ်၏။

## ၃၀—နွားအပေါင်း၏အင်္ဂါလေးပါး

မိလိန္ဒမင်းသည် အရှင်ဘုရား၊ နွားအပေါင်း၏လေးပါးသော အင်္ဂါ
တို့ကို ယူအပ်၏ဟု အကြင်စကားကို ဆို၏၊ ထိုလေးပါးသော အင်္ဂါ
သည် အဘယ်နည်းဟု မေးသော်၊ (၁) မင်းကြီး၊ နွားအပေါင်းသည်
မိမိတို့အိပ်သော ခြံစောင်ရန်းကို မစွန့်သကဲ့သို့ မင်းကြီး၊ ထို့အတူ
ယောဂါဝစရပုဂ္ဂိုလ်သည် မိမိ၏ကိုယ်ကို ဤငါ၏ကိုယ်သည် အမြဲ
ဆာလောင်တော်မွတ်ခြင်း နင်းနယ်ခြင်းဖျက်ဆီးခြင်းတို့ဖြင့် ဖရိုဖရဲပျက်
စီးတတ်သောသဘောရှိ၏ဟု ဆင်ခြင်ခြင်းကို မစွန့်အပ်၊ ဤသည်ကား
မင်းကြီး၊ နွားအပေါင်း၏ ရှေးဦးစွာသော အင်္ဂါကို ယူအပ်၏၊ (၂)
တဘန်လည်း မင်းကြီး၊ နွားအပေါင်းသည် ယူအပ်သော ထမ်းအပ်
သောဝန်ရှိ၍ ချမ်းသာဆင်းရဲခြင်းဖြင့် ဝန်ကို ဆောင်ရွက် သကဲ့သို့
ထို့အတူ ဆောက်တည်အပ် စွဲလမ်းအပ်ပြီးသော မြတ်သောအကျင့်ရှိ
သောယောဂါဝစရပုဂ္ဂိုလ်သည်ချမ်းသာဆင်းရဲခြင်းဖြင့် မိမိ၏အသက်
ကိုပိုင်းခြား၍ အသက်ဆုံးသည်တိုင်အောင် မြတ်သောအကျင့်ကိုကျင့်
အပ်၏၊ ဤသည်ကား မင်းကြီး၊ နွားအပေါင်း၏ နှစ်ခုမြောက်သော
အင်္ဂါကိုယူအပ်၏၊ (၃) တဘန်လည်း မင်းကြီး၊ နွားအပေါင်းသည်
အလိုတူနှမ်းလျက် ရေကိုသောက်ကြသကဲ့သို့ ထို့အတူ ယောဂါဝစရ
ပုဂ္ဂိုလ်သည် ဆရာဥပဇ္ဈာယ်တို့ ဆုံးမအပ်သောတရားစကားကို အလို
တူသဖြင့် ချစ်ခင်ခြင်း,ကြည်ညိုမြတ်နိုးခြင်း,နှမ်းရှုပ်ခြင်းဖြင့် ဝန်ခံအပ်၏၊
ဤသည်ကားမင်းကြီး၊ နွားအပေါင်း၏ သုံးခုမြောက်သော အင်္ဂါကိုယူ
အပ်၏။ (၄) တဘန်လည်း မင်းကြီး၊ နွားအပေါင်းကိုတစုံတယောက်
သောသူသည် ဝန်ကို ဆောင်ရွက်စေအပ်သည် ရှိသော် ဝန်ကိုဆောင်
ရွက်သကဲ့သို့ ထို့အတူယောဂါဝစရပုဂ္ဂိုလ်သည် သိတင်းကြီး သိတင်း
ငယ်သိတင်းလတ် ရဟန်းတို့သည်၎င်း, လူဖြစ်သော ဥပါသကာသည်
၎င်း, အစဉ်အတိုင်း အဆုံးအမကိုပေးသော် ဝန်ခံအပ်၏၊ ဤသည်ကား
မင်းကြီး၊ နွားအပေါင်း၏ လေးခုမြောက်သော အင်္ဂါကို ယူအပ်၏။ ။

မင်းကြီး၊ ငါသဗ္ဗညု ထိုစကားကို မဆို၊ တရား စစ်သူကြီးဖြစ်သော ရှင်သာရိပုတ္တရာသည်လည်း ဟောတော်မူအပ်၏။

ဘာသိတမ္ပေတံ မဟာရာဇ ထေရေန သာရိပုတ္တေန ဓမ္မသေနာပတိနာ။
တဒဟု ပဗ္ဗဇိတော သန္တော၊ ဇာတိယာ သတ္တဝဿိကော။
သောပိမံ အနုသာသေယျ၊ သမ္ပဋိစ္ဆာမိ မတ္ထကေ။
တိဗ္ဗံ ဆန္ဒဉ္စ ပေမဉ္စ၊ တသ္မိံ ဒိသွာ ဥပဋ္ဌပေ။
ဌပေယျာ စရိယဋ္ဌာနေ၊ သက္ကစ္စ နံ ပုနပ္ပုနန္တိ။ ။ဟူသည်တည်း။

မဟာရာဇ၊ မင်းကြီး။ဓမ္မသေနာပတိနာ၊တရားစစ်သူကြီးဖြစ်သော။ သာရိပုတ္တေန၊ သာရိပုတ္တရာမည်သော။ ထေရေန၊ မထေရ်သည်။ ဧတံပိ၊ ဤစကားကိုလည်း။ ဘာသိတံ၊ ဟောတော်မူအပ်၏။ ။တဒဟု ပဗ္ဗဇိတော၊ ထိုနေ့၌ ရဟန်းသစ်သာ ဖြစ်သော။ သန္တော၊ သူတော်ကောင်းဖြစ်သော။ ဇာတိယာ၊ လူ့အဖြစ်ဟူသော အသက် အားဖြင့်။ သတ္တဝဿိကော၊ခုနစ်နှစ်ရှိသော။ သောပိ၊ ထိုရဟန်းသစ်သည်လည်း။ အနုသာသေယျ၊ သွန်သင်ဆုံးမသည်ဖြစ်အံ့။ တဿ၊ ထိုသူငယ်ရဟန်း၏။ ဧနံ၊ စကားကို။ မေ၊ ငါ၏။ မတ္ထကေ၊ ဦးခေါင်းထက်၌။ သမ္ပဋိစ္ဆာမိ၊ ဝန်ခံ၏။ ။တသ္မိံ၊ ထိုသူငယ်ရဟန်းကို။ ပဿန္တော၊ မြင်သော်။ ဒိသွာ၊ မြင်ရဖူးရပေသောကြောင့်။ တိဗ္ဗံ၊ ထက်လှ စွာသော။ ဆန္ဒဉ္စ၊ ဆန္ဒကိုရင်း။ ပေမဉ္စ၊ မြတ်နိုးခြင်းကိုရင်း။ ကတွာ၊ ပြု၍။ ဥပဋ္ဌပေ၊ လုပ်ကျွေးမွေးမြူရပါအံ့။ နံ၊ထိုသူငယ်ရဟန်းကို။ သက္ကစ္စ၊ ရိုသေစွာ။အာစရိယဋ္ဌာနေ၊ဆရာ၏အရာ၌။ပုနပ္ပုနံ၊ အဘန်တလဲလဲ။ ဌပေယျံ၊ထားချင်ပါ၏။ ဣတိ၊ဤသို့။ ဘာသိတံ၊ ဟောတော်မူအပ်၏။

---

## ၃၉–ဝက်၏အင်္ဂါနှစ်ပါး

မိလိန္ဒမင်းသည် "အရှင်ဘုရား၊ ဝက်၏အင်္ဂါနှစ်ပါးတို့ကို ယူအပ်၏ ဟု အကြင်စကားကိုဆို၏၊ ထိုနှစ်ပါးသောအင်္ဂါသည် အဘယ်နည်း ဟု မေးသော် (၁) မင်းကြီး၊ ဝက်သည် ကျိုက်ကျိုက်ဆူ၍ ပူသော နွေကာလ၌ အိပ်သည်ရှိသော် ရေရှိရာသို့ချဉ်းကပ်လေသကဲ့သို့ ထို့အတူ ယောဂါဝစရပုဂ္ဂိုလ်သည် အမျက်ဒေါသဖြင့် စိတ်သည် တုန်လှုပ်

ခြင်း ချောက်ချားပူပန်ခြင်းရှိသော ချမ်းသာ မွန်မြတ်သည်လည်း ဖြစ်သော မေတ္တာပွါးခြင်းသို့ ကပ်ရာ၏၊ ဤသည်ကား မင်းကြီး၊ ဝက်၏ ရှေ့ဦး စွာသောအင်္ဂါကိုယူအပ်၏။ (၂) တဘန်လည်း မင်းကြီး၊ ဝက်သည် နူးညံ့သောရွှံ့အိုင်သို့ ရောက်၍သော် နှုတ်ခမ်းဖျားဖြင့် မြေကိုတူး၍ ၄ပ် ကျင်းဘွဲ၍အိပ်သကဲ့သို့ ထို့အတူ ယောဂါဝစရ ပုဂ္ဂိုလ်သည် မိမိ၏ စိတ်၌ မိမိ၏ကိုယ်ကိုထား၍ မိမိ၏ကိုယ်တည်းဟူသော အာရုံ၌အိပ်ရာ၌ အိပ်ရာ၏၊ ဤသည်ကား မင်းကြီး၊ ဝက်၏နှစ်ခုမြောက်သော အင်္ဂါကို ယူအပ်၏။ ။မင်းကြီး၊ငါသာလျှင်လည်း ဆိုအပ်သည်မဟုတ်၊ ပိဏ္ဍောလ ဘာရဒွါဇမထေရ်လည်း ဟောတော်မူအပ်၏။

ဘာသိတမ္ပေတံ မဟာရာဇ ထေရေန ပိဏ္ဍောလ ဘာရ ဒွါဇေန။

ကာယေန သဘာဝံ ဒိသွာ၊ ဝိစိနိတွာ ဝိပဿကော။

ဧကာကိယော အဒုတိယော၊ သေတိ အာရမဏန္တရေတိ။

ဟူ၍သည်တည်း။

မဟာရာဇ၊ မင်းကြီး၊ ပိဏ္ဍောလဘာရဒွါဇေန၊ ပိဏ္ဍောလဘာရ ဒွါဇမည်သော။ ထေရေန၊ မထေရ်သည်။ ဧတံပိ၊ ဤစကား ကိုလည်း။ ဘာသိတံ၊ ဟောတော်မူအပ်၏။ ။ကာယေ၊ မိမိကိုယ်၌။ သဘာဝံ၊ သဘောကို။ ဒိသွာန၊ မြင်၍။ ဝိစိနိတွာ၊ ရှုးစမ်းဆင်ခြင်၍။ ဝိပဿကော၊ ဝိပဿနာစီးဖြန်းသော၊ ဘိက္ခု၊ ရဟန်းသည်။ ဧကာကိယော၊တကိုယ် ထီးထည်း။ အဒုတိယော၊ အဘော်မရှိသည် ဖြစ်၍၊ အာရမဏန္တရေ၊ မိမိ၏ကိုယ်တည်းဟူသောအာရုံ၌။ သေတိ၊ အိပ်၏။

---

## ၄၀–ဆင်၏အင်္ဂါငါးပါး

မိလိန္ဒမင်းသည် အရှင်ဘုရား၊ ဆင်၏အင်္ဂါငါးပါးတို့ကို ယူအပ်၏ ဟု အကြင်စကားကိုဆို၏၊ ထိုငါးပါးသော အင်္ဂါသည် အဘယ် နည်းဟု မေးသော် (၁) မင်းကြီး၊ ဆင်သည် အစာကျက်စားသည် ရှိသော် မြေကြီးကိုခါတွက်သကဲ့သို့ ထို့အတူ ယောဂါဝစရပုဂ္ဂိုလ် သည် မိမိကိုယ်ကို အာရုံပြု၍ သုံးသပ်သဖြင့်လျှင် ကိလေသာ တို့ကို ခါတွက်အပ်၏၊ဤသည်ကား မင်းကြီး၊ ဆင်၏ ရှေ့ဦးစွာသောအင်္ဂါကို ယူအပ်၏။ (၂) တဘန်လည်းမင်းကြီး၊ ဆင်သည် အလုံးစုံသောကိုယ် ဖြင့်သာလျှင် ရှုပါရုံကိုကြည့်၏၊ ထိုသို့ကြည့်သော်လည်း ဖြောင့်ဖြောင့်

သာလျှင် ကြည့်၏၊ ထိုထိုအရပ်ကိုမကြည့်သကဲ့သို့ ထို့အတူ ယောဂါဝစရပုဂ္ဂိုလ်သည် အလုံးစုံသောကိုယ်ဖြင့် ရုပါရုံကိုကြည့်ရာ၏၊ တူရူဘီလာသို့ လျှပ်ပေါ်၍ မကြည့်အပ်၊ အထက်သို့ရှင်း အောက်သို့ရှင်း မကြည့်အပ်၊ ရထားထမ်းပိုး တပြန်သာ ကြည့်ရာ၏၊ ဤသည်ကား မင်းကြီး၊ ဆင်၏နှစ်ခုမြောက်သောအင်္ဂါကို ယူအပ်၏။ (၃) တဖန်လည်း မင်းကြီး၊ ဆင်သည် အမြဲနေရာမရှိသည်ဖြစ်၍ အစာ ရှာအံ့သော ငှါသွား၍ ထိုထိုအရပ်သို့သာလျှင် ကပ်၏၊ အမြဲနေသောအရပ် မည်သည် မရှိသကဲ့သို့ ထို့အတူ ယောဂါဝစရပုဂ္ဂိုလ်သည် နေရာအမြဲဟူ၍ မရှိသည် ဖြစ်ရာ၏၊ ကျောင်းအိပ်ရာနေရာ၌ တပ်မက်ခြင်း မရှိသဖြင့် ဆွမ်းအလို့ငှါ သွားရာ၏၊ ဝိပဿနာစီးဖြန်းလိုသော ရဟန်းသည် ဆိတ်ငြိမ်သင့်တင့် နှစ်သက်ရသော အရပ်၌ မဏ္ဍပ် သစ်ပင်ရင်း လိုဏ်ဂူ တောင်ဝှမ်းအရပ်ကို အကဲယ်၍မြင်အံ့၊ ထိုအရပ်၌သာလျှင် နေရာ၏၊ နေရာ၌ တပ်မက်ခြင်းကိုမပြုအပ်၊ ဤသည်ကား မင်းကြီး၊ ဆင်၏ သုံးခုမြောက်သော အင်္ဂါကိုယူအပ်၏။

(၄) တဖန်လည်း မင်းကြီး၊ ဆင်သည် ရေအိုင်သို့ သက်သော် အညစ်အကြေးစင်ကြယ်ချမ်းမြေ့သော ရေဖြင့်ပြည့်သောကြာဖြူ ကြာညို ကြာပဒုမာ ကြာပုဏ္ဍရိက်တို့ဖြင့် ဖုံးလွှမ်းသောရေအိုင်သို့ သက်၍ ဆင်တို့၏ ကစားခြင်းဖြင့် ကစားသကဲ့သို့ ထို့အတူ ယောဂါဝစရပုဂ္ဂိုလ်သည် အညစ်အကြေးမရှိ စင်ကြယ် ကြည်လင် မနောက်သော မြတ်သောတရားဖြင့် ပြည့်သော ဝိမုတ္တိတည်းဟူသော မုလေး စံပယ် ပန်းတို့ဖြင့် ဖုံးလွှမ်းခြင်းရှိသော မဟာသတိပဋ္ဌာန် တည်းဟူသော ပေါက္ခရဏီရေကန်သို့ဆင်း၍ ပညာဉာဏ်ဖြင့် သင်္ခါရတရားတို့ကို ခါတွက်၍ ယောဂါဝစရ ပုဂ္ဂိုလ်၏ကစားခြင်းဖြင့် ကစားအပ်၏၊ ဤသည်ကား မင်းကြီး၊ ဆင်၏လေးခုမြောက်သော အင်္ဂါကို ယူအပ်၏။ (၅) တဖန်လည်း မင်းကြီး၊ ဆင်သည် သတိပြုလျက် ခြေကိုချီခြင်း ခြေကိုချခြင်းကိုပြုသကဲ့သို့ ထို့အတူ ယောဂါဝစရပုဂ္ဂိုလ်သည် သတိသမ္ပဇဉ် တရားဖြင့် ခြေကိုချီခြင်း ခြေကိုချခြင်း ရှေ့သို့တက်ခြင်း နောက်သို့ဆုတ်ခြင်း ကွေးခြင်း ဆန့်ခြင်း အလုံးစုံသောအမူအရာတို့၌ သတိသမ္ပဇဉ် ရှိသည် ဖြစ်ရာ၏၊ ဤသည်ကား မင်းကြီး၊ ဆင်၏ငါးခုမြောက်သော

အင်္ဂါကိုယူအပ်၏၊ မင်းကြီး၊ ငါသာလျှင်လည်း ထိုစကားကို မဆို၊ ဘုရားရှင်လည်း သံယုတ္တနိကာယ်၌ ဟောတော်မူအပ်၏။

ဘာသိတံ မှေတံ ,မဟာရာဇ ဘဂဝတာ ဒေဝါတိ ဒေဝေန
သံယုတ္တ နိကာယဝရေ။
ကာယေန သံဝရော သာဓု၊ သာဓုဝါစာယ သံဝရော။
မနသာ သံဝရော သာဓု၊ သာဓု သဗ္ဗတ္ထ သံဝရော။
သဗ္ဗတ္ထ သံဝုတော လဇ္ဇီ၊ ရက္ခိတောတိ ပဝုစ္စတီတိ။
ဟူသည်တည်း။

မဟာရာဇ၊ မင်းကြီး။ ဒေဝါတိ ဒေဝေန၊ နတ်တကာတို့ထက် နတ်မြတ်ဖြစ်တော်မူသော။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ သံယုတ္တနိကာယဝရေ၊ သံယုတ္တနိကာယ်ကျမ်းမြတ်၌။ ဧဝံပိ၊ ဤစကားကိုလည်း။ ဘာသိတံ၊ ဟောတော်မူအပ်၏။ ကာယေန၊ ကိုယ်ဖြင့်။ သံဝရော၊ စောင့်စည်းခြင်းသည်။ သာဓု၊ ကောင်း၏။ ဝါစာယ၊ နှုတ်ဖြင့်။ သံဝရော၊ စောင့်စည်းခြင်းသည်။ သာဓု၊ ကောင်း၏၊ မနသာ၊ နှလုံးဖြင့်၊ သံဝရော၊ စောင့်စည်းခြင်းသည်။ သာဓု၊ ကောင်း၏။ သဗ္ဗတ္ထ၊ အလုံးစုံ၌။ သံဝရော၊ စောင့်စည်းခြင်းသည်။ သာဓု၊ ကောင်း၏။ သဗ္ဗတ္ထ၊ အလုံးစုံ၌။ သံဝုတော၊ စောင့်စည်းခြင်းကို။ လဇ္ဇီ၊ သူတော်ကောင်းသည်။ ရက္ခိတော၊ စောင့်ရှောက်အပ်၏။ ဣတိ၊ ဤသို့။ ပဝုစ္စတိ၊ ဆိုအပ်၏။ ဣတိ၊ ဤသို့။ ဘာသိတံ၊ ဟောတော်မူအပ်၏။

ကုဉ္ဇရဝဂ္ဂေါ စတုတ္ထော

## ၄၁-ခြင်္သေ့၏အင်္ဂါ ခုနစ်ပါး

မိလိန္ဒမင်းသည် အရှင်ဘုရား၊ ခြင်္သေ့၏ခုနစ်ပါးသောအင်္ဂါကို ယူအပ်၏ဟု အကြင်စကားကိုဆို၏၊ ထိုခုနစ်ပါးသော အင်္ဂါသည် အဘယ်နည်းဟု မေးသော် (၁) မင်းကြီး၊ ကေသရာဇာခြင်္သေ့မင်းမည်သည် အညစ်အကြေးမရှိ သန့်ရှင်းဖြူစင်သောအမွေးရှိသကဲ့သို့ ထို့အတူ ယောဂါဝစရပုဂ္ဂိုလ်သည် ကုက္ကုစ္စကင်းသဖြင့် အညစ်အကြေးမရှိ သန့်ရှင်းစင်ကြယ် ဖြူစင်သောစိတ် ရှိသည်ဖြစ်ရာ၏၊ ဤသည်ကား မင်းကြီး၊ ခြင်္သေ့မင်း၏ ရှေးဦးစွာသောအင်္ဂါကို ယူအပ်၏။ (၂) တဖန်လည်း

မင်းကြီး၊ ခြင်္သေ့မင်းသည် ခြေလေးဘက်ကိုကြွပ်ကြွပ်ထောက်၍ ကျက်စားသွားလာသကဲ့သို့ ဤအတူ ယောဂါဝစရပုဂ္ဂိုလ်သည် လေးပါးသောဣဒ္ဓိပါဒ်တရားတည်းဟူသော အခြေရှိသည် ဖြစ်ရာ၏၊ ဤသည်ကား မင်းကြီး၊ ခြင်္သေ့မင်း၏နှစ်ခုမြောက်သောအင်္ဂါကိုယူအပ်၏။ (၃) တဖန်လည်း မင်းကြီး၊ ခြင်္သေ့မင်းသည် အလွန်အဆင်းလှ၍၊ နှစ်သက်ဘွယ်သော ကိုယ်အသားအရေ ရှိသကဲ့သို့ ထို့အတူ ယောဂါဝစရပုဂ္ဂိုလ်သည် အလွန်သောသီလအဆင်းကြက်သရေ ရှိသည်ဖြစ်ရာ၏၊ ဤသည်ကားမင်းကြီး၊ခြင်္သေ့မင်း၏ သုံးခုမြောက်သောအင်္ဂါကို ယူအပ်၏။(၄)တဖန်လည်း မင်းကြီး၊ ခြင်္သေ့မင်းသည် အသက်ကုန်ခြင်းသို့ ရောက်သော်လည်း တစုံတယောက်သောသူအား မကိုင်းညွှတ်သကဲ့သို့ ထို့အတူ ယောဂါဝစရပုဂ္ဂိုလ်သည် ဆွမ်း,သင်္ကန်း,ကျောင်း, ဆေး, ပရိက္ခရာပျက်စီးခြင်းသို့ ရောက်သော်လည်း တစုံတယောက်သောသူအား မကိုင်းညွှတ်အပ်၊မင်းကြီး၊ ဤသည်လျှင် ခြင်္သေ့မင်း၏ လေးခုမြောက်သောအင်္ဂါကိုယူအပ်၏။(၅)တဖန်လည်းမင်းကြီး၊ ခြင်္သေ့မင်းသည် အစဉ်အတိုင်းသော အစာကိုစားလေ့ရှိ၏၊ အကြင်အရပ်၌ကျ၏၊ ထိုအရပ်၌ အလိုအတိုင်းစား၏၊ ကောင်းနိုးရာရာသောအသားကို မရွေးချယ်သကဲ့သို့ ထို့အတူ ယောဂါဝစရပုဂ္ဂိုလ်သည် အစဉ်အတိုင်းသော အစာကို စားသဖြင့် ဖြစ်ရာ၏၊ အမျိုးသားတို့ကို မရွေးချယ်အပ်ကုန်၊ ရှေးဦးစွာသောအိမ်ကိုပစ်၍ နောက်ဒါယကာတို့အိမ်သို့ မကပ်အပ်ကုန်၊ စားဘွယ်ဘောဇဉ်ကို မရွေးချယ်အပ်၊အကြင်အရပ်၌ ဆွမ်းလုပ်ကိုယူ၏၊ထိုယူရာအရပ်၌သာလျှင် ကိုယ်နှင့်လောက်ရုံသော အစာဘောဇဉ်ကို စားအပ်၏၊ မြတ်ရာမြတ်ရာ ဘောဇဉ်ကိုမစားအပ်၊ ဤသည်ကား မင်းကြီး၊ခြင်္သေ့မင်း၏ငါးခုမြောက်သောအင်္ဂါကိုယူအပ်၏။(၆)တဖန်လည်း မင်းကြီး၊ခြင်္သေ့မင်းသည် အစာကိုမသိုမှီး၊ တကြိမ်အစာကိုစားပြီးသော် တဖန်ထိုအစာသို့ မချဉ်းကပ်၊ထို့အတူ ယောဂါဝစရပုဂ္ဂိုလ်သည် အစာအာဟာရကိုမသိုမှီးသဖြင့် သုံးဆောင်ခြင်းသည် ဖြစ်ရာ၏၊ ဤသည်ကားမင်းကြီး၊ ခြင်္သေ့မင်း၏ ခြောက်ခုမြောက်သော အင်္ဂါကို ယူအပ်၏။ (၇)တဖန်လည်းမင်းကြီး၊ခြင်္သေ့မင်းသည် အစာကိုမရအပ်သည်ရှိသော်မထိတ်လန့် မပူပန်၊အစာကိုရအပ်ပြီးသော်လည်း ငါအစာကိုရအပ်ပြီဟု မမက်မော မစုံမက်သည်ဖြစ်၍ စားသကဲ့သို့ ထို့အတူ

သောဂါဝစရပုဂ္ဂိုလ်သည် ဘောဇဉ်ကိုမရသည့်ရှိသော်လည်း မပူပန် မတောင့်တအပ်၊ရပြီးသောဘောဇဉ်ကိုလည်း ငါရဖော်ပြီဟုမမက်မော မစုံမက်သဖြင့် အပြစ်ကိုရှုလေ့ရှိသည့်ဖြစ်၍ ဝဋ်မှထွက်မြောက်ကြောင်း ပညာဖြင့် သုံးဆောင်အပ်၏။ ၊မင်းကြီး၊ ဤသည်ကား ခြင်္သေ့မင်း၏ ခုနစ်ခုမြောက်သောအင်္ဂါကိုယူအပ်၏၊မင်းကြီး၊ငါသာလျှင်လည်း ထိုစကားကိုမဆို၊ ဘုရားရှင်လည်း ဟောတော်မူအပ်၏။

ဘာသိတမ္ပေတံ မဟာရာဇ ဘဂဝတာ ဒေဝါတိ ဒေဝေန သံယုတ္တနိကာယဝရေ မဟာကဿပံ ပရိကိတ္တယမာနေန၊ သန္တုဋ္ဌောယံ ဘိက္ခဝေ ကဿပေါ ဣတရိတရေန ပိဏ္ဍပါတေန၊ ဣတရိတရေန စီဝရေန၊ သန္တုဋ္ဌိယာစ ဝဏ္ဏဝါဒီ၊ နစပိဏ္ဍပါတ ဟေတု အနေသနံ အပ္ပတိရူပံ အာပဇ္ဇတိ၊ အလဒ္ဓါစ ပိဏ္ဍပါတံ နပရိတဿတိ၊ လဒ္ဓါစ ပိဏ္ဍပါတံ အဂိဒ္ဓေါ အမုစ္ဆိတော အနဇ္ဈာပန္နော အာဒီနဝဒဿာဝီ နိဿရဏပညဝါ ပရိဘုဉ္ဇတီတိ။ ။ဟူသည်တည်း။

မဟာရာဇ၊ မင်းကြီး။ ဒေဝါတိဒေဝေန၊ နတ်တကာ တို့ထက် နတ်မြတ်ဖြစ်တော်မူသော။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ မဟာကဿပံ၊ မဟာကဿပမထေရ်ကို။ ပရိကိတ္တယမာနေန၊ ကြားတော်မူလိုသဖြင့်။ သံယုတ္တနိကာယဝရေ၊ သံယုတ္တနိကာယ်ကျမ်းမြတ်၌။ ဧတံပိ၊ ဤစကားကိုလည်း။ ဘာသိတံ၊ ဟောတော်မူအပ်၏။ ။ဘိက္ခဝေ၊ ရဟန်းတို့။ အယံကဿပေါ၊ဤကဿပသည်။ဣတရိတရေန၊ ဟုတ်ဟုတ်ညားညား သော။ပိဏ္ဍပါတေန၊ ဆွမ်းဖြင့်။ သန္တုဋ္ဌော၊ ရောင့်ရဲ၏။ ဣတရိတရေန၊ ဟုတ်ဟုတ်ညားညားသော။စီဝရေန၊သင်္ကန်းဖြင့်။သန္တုဋ္ဌော၊ရောင့်ရဲ၏။ သန္တုဋ္ဌိယာစ၊ရောင့်ရဲလွယ်ခြင်း၌လည်း။ဝဏ္ဏဝါဒီ၊ ချီးမွမ်းပြောဆိုလေ့ ရှိ၏။ပိဏ္ဍပါတ ဟေတု၊ ဆွမ်းဟူသော အကြောင်းကြောင့်။အပ္ပတိရူပံ၊ ရဟန်းတို့အား မလျောက်ပတ်သော။အနေသနံ၊ အနေသနသို့၊ နစအာပဇ္ဇတိ၊ မရောက်။ ပိဏ္ဍပါတံ၊ ဆွမ်းကို။ အလဒ္ဓါစ၊ မရသည် ဖြစ်၍ လည်း။ နပရိတဿတိ၊ မပူပန်။ ပိဏ္ဍပါတံ၊ ဆွမ်းကို။ လဒ္ဓါစ၊ ရပြီး သည်ဖြစ်၍လည်း။ အဂိဒ္ဓေါ၊ ငါရအပ်ပြီဟူ၍။ အမုစ္ဆိတော၊ မမက် မော။ အနဇ္ဈာပန္နော၊ မစုံမက်။ အာဒီနဝဒဿာဝီ၊ အပြစ်ကို ရှုလေ့ရှိ သော။ နိဿရဏပညဝါ၊ ဝဋ်မှထွက်မြောက်ကြောင်း ပညာရှိသည်။

ဟုတွာ၊ ဖြစ်၍။ ပရိဘုဥ္ဇတိ၊ သုံးဆောင်၏။ ဇာတိ၊ ဤသို့။ ဘာသိတံ၊ ဟောတော်မူအပ်၏။

---

## ၄၂–စက္ကဝတ်ဌက်၏အင်္ဂါသုံးပါး

မိလိန္ဒမင်းသည် အရှင်ဘုရား၊ စက္ကဝတ်ဌက်၏ အင်္ဂါ သုံးပါးတို့ကို ယူအပ်၏ဟု အကြင်စကားကိုဆို၏၊ထိုသုံးပါးသောအင်္ဂါသည် အဘယ်နည်းဟု မေးသော် (၁) မင်းကြီး၊ စက္ကဝတ်ဌက်သည် အသက်ထက်ဆုံး အဘော်ကို မစွန့်သကဲ့သို့ ထို့အတူ ယောဂါဝစရ ပုဂ္ဂိုလ်သည် ယောနိသောမနသိကာရ အသင့်နှလုံးသွင်းခြင်းတရားကို မစွန့်အပ်၊ ဤသည်ကား မင်းကြီး၊ စက္ကဝတ်ဌက်၏ ရှေ့ဦးစွာသော အင်္ဂါကို ယူအပ်၏။ (၂) တဘန်လည်း မင်းကြီး၊ စက္ကဝတ်ဌက်သည် ရေညှိအမှိုက်ကိုစား၏၊ ထိုရေညှိဖြင့် ရောင့်ရဲခြင်းသို့ ရောက်၏၊ ထိုရေညှိကို ရောင့်ရဲသဖြင့် အားမှုရင်း အဆင်းမှုရင်း မလျော့သကဲ့သို့ ထို့အတူ ယောဂါဝစရ ပုဂ္ဂိုလ်သည် ရတိုင်းသော လာဘ်သပ္ပကာဖြင့် ရောင့်ရဲခြင်းကိုပြုအပ်၏၊ မင်းကြီး၊ ရတိုင်းသောလာဘ်သပ္ပကာ၌ မက်မောခြင်းမရှိသော ယောဂါဝစရ ပုဂ္ဂိုလ်သည် သီလ, သမာဓိ, ပညာ, ဝိမုတ္တိ, ဝိမုတ္တိဉာဏဒဿန ဉာဏ်အမြင်မှမလျော့၊ ခပ်သိမ်းသော ကုသိုလ်တရားတို့မှ မလျော့၊ဤသည်ကားမင်းကြီး၊စက္ကဝတ်ဌက်၏နှစ်ခုမြောက်သောအင်္ဂါကို ယူအပ်၏။ (၃) တဘန်လည်းမင်းကြီး၊ စက္ကဝတ်ဌက်သည် အသက်ရှိသောသတ္တဝါတို့ကို မညှဉ်းဆဲ မသတ်သကဲ့သို့ ထို့အတူ ယောဂါဝစရပုဂ္ဂိုလ် လဇ္ဇီသူတော်ကောင်းသည် ချအပ်သောလှံတံ ချအပ်သောလက်နက်ရှိသဖြင့်ရင်း, သနားခြင်းကရုဏာ ရှိသဖြင့်ရင်း, ခပ်သိမ်းသော သတ္တဝါတို့၏ အစီးအပွါးတို့ကို အစဉ်အတိုင်း သနားသဖြင့်ဖြစ်ရာ၏၊ ဤသည်ကား မင်းကြီး၊ စက္ကဝတ်ဌက်၏ သုံးခုမြောက်သောအင်္ဂါကို ယူအပ်၏။ ။မင်းကြီး၊ဝါသာလျှင်လည်း ထိုစကားကိုမဆို၊ဘုရားရှင်လည်း စက္ကဝါကဇာတ်၌ဟောတော်မူအပ်၏။

ဘာသိတမ္ပေတံ မဟာရာဇ ဘဂဝတာ ဒေဝါတိဒေဝေန စက္ကဝါကဇာတကေ။

ယောနဟန္တိ နဃာတေတိ၊ နဇိနာတိ နဇာပယေ။
အဟိံသာ သဗ္ဗဘူတေသု၊ ဝေရံတဿ နကေနစီတိ။
ဟူသည်တည်း။

မဟာရာဇ၊ မင်းကြီး။ ဒေဝါတိဒေဝေန၊ နတ်တကာတို့ထက် နတ်မြတ်ဖြစ်တော်မူသော။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ စက္ကဝါကဇာတကေ၊ စက္ကဝက်ဇာတ်၌။ ဣဒံပိ၊ ဤစကားကိုလည်း။ ဘာသိတံ၊ ဟောတော်မူအပ်၏။ ။ယော၊ အကြင်သူသည်။ ပါဏေ၊ သတ္တဝါတို့ကို။ နဟန္တိ၊ မသတ်။ နဃာတေတိ၊ မရိုက်မညှဉ်းဆဲ။ နဇိနာတိ၊ မအောင်လေ။ နဇာပယေ၊ မရှုံးစေ။ သဗ္ဗဘူတေသု၊ ခပ်သိမ်းသော သတ္တဝါတို့၌။ အဟိံသာ၊ မညှဉ်းဆဲခြင်းသည်။ အတ္ထိ၊ ရှိ၏။ တဿ၊ ထိုပုဂ္ဂိုလ်အား။ ဝေရံ၊ ခိုက်ရန်သည်။ ကေနစိ၊ တစုံတခုသောအကြောင်းကြောင့်။ နဟောတိ၊ မဖြစ်။ ဣတိ၊ ဤသို့။ ဘာသိတံ၊ ဟောတော်မူအပ်၏။

## ၄၃–အောက်ချင်းစာငှက်မ၏အင်္ဂါနှစ်ပါး

မိလိန္ဒမင်းသည် အရှင်ဘုရား၊ အောက်ချင်းစာငှက်မ၏အင်္ဂါနှစ်ပါးကိုယူအပ်၏ဟု အကြင်စကားကိုဆို၏၊ ထိုအင်္ဂါနှစ်ပါးကား အဘယ်နည်းဟုမေးသော် (၁) မင်းကြီး၊ အောက်ချင်းစာငှက်မသည် မိမိလင် အောက်ချင်းစာငှက်တို့၌ ကြောင့်ကြပြုရူခြင်းဖြင့် မိမိ၏သားငယ်တို့ကို ကျွေးမွေးလေသကဲ့သို့ ထို့အတူ ယောဂါဝစရ ပုဂ္ဂိုလ်သည်လည်း မိမိစိတ်၌ကိလေသာဘေးဥပါဒ်သည်ရှိသော် ကြောင့်ကြပြုရူရာ၏၊ သတိပဋ္ဌာန်တရားဖြင့် ကောင်းစွာစောင့်အပ်သော သီလဟုဆိုအပ်သောအခေါင်းရှိသော မနောဒွါရ၌ ကာယဂတာသတိကို ထည့်၍ ပွါးများစေအပ်၏၊ ဤသည်ကား မင်းကြီး၊ အောက်ချင်းစာ ငှက်မ၏ ရှေးဦးစွာသောအင်္ဂါကိုယူအပ်၏။ (၂) တဘန်လည်းမင်းကြီး၊ အောက်ချင်းစာငှက်မသည် နေ့အခါတောအရပ်၌ ကျက်စားသွားလာ၍ ညအခါ မိမိကိုယ်ကို လုံခြုံစေခြင်းငှါ ငှက်အပေါင်းသို့ ချဉ်းကပ်သကဲ့သို့ ထို့အတူယောဂါဝစရပုဂ္ဂိုလ်သည် တယောက်တည်း ဆိတ်ငြိမ်ရာအရပ်သို့ သံယောဇဉ်တရားမှ လွတ်ခြင်းငှါ မှီဝဲဆည်းကပ်အပ်၏၊

ထိုဆိတ်ငြိမ်ရာအရပ်၌ နေ့လျှော်ခြင်းငှါ မရသော ရဟန်းသည် သူတပါးကဲ့ရဲ့စွပ်စွဲသော်သော်မှ စောင့်ရှောက်အပ်သောငှါ သံဃာတော် အပေါင်းသို့သက်၍သံဃာတော်ကို စောင့်ရှောက်သည်ဖြစ်၍နေရာ၏။ ။ မင်းကြီး၊ ဤသည်ကား အောက်ချင်းစာဥက်မ၏ နှစ်ခုမြောက်သော အင်္ဂါကိုယူအပ်၏။ ။မင်းကြီး၊ ငါသာလျှင်လည်း ထိုစကားကိုမဆို၊ ဘုရားရှင်ရှေ့တော်၌ သဟံပတိ ဗြဟ္မာမင်းသည်လည်း လျှောက်ဆို ဘူး၏။

ဘာသိတမေ့တံ မဟာရာဇ ဗြဟ္မုနာ သဟံပတိနာ ဘဂဝတော သန္တိကေ။
သေဝေထ ပန္တာနိ သေနာသနာနိ၊
စရေယျ သညောဇနဝိပ္ပမောက္ခာ။
သစေ ရတိံ နာဓိဂစ္ဆေယျ တတ္ထ၊
သံဃေ ဝသေ ရက္ခိတတ္တော သတိမာတိ။ ။ဟူသည်တည်း။

မဟာရာဇ၊ မင်းကြီး။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သန္တိကေ၊ အထံတော်၌။ သဟံပတိနာ၊ သဟံပတိအမည်ရှိသော။ ဗြဟ္မုနာ၊ ဗြဟ္မာသည်။ ဧတံပိ၊ ဤစကားကိုလည်း။ ဘာသိတံ၊ ဟောတော်မူ အပ်၏။ ။သညောဇနဝိပ္ပမောက္ခာ၊ သံယောဇဉ်မှ လွတ်လိုသော။ ဘိက္ခု၊ ရဟန်းသည်။ ပန္တာနိ၊ အစွန်ဖြစ်ကုန်သော။ သေနာသနာနိ၊ ကျောင်းအိပ်ရာနေရာတို့ကို။ သေဝေထ၊ မှီဝဲရာ၏။ တတ္ထ၊ ထိုအစွန်ဖြစ်သော ကျောင်းအရပ်၌။ ရတိံ၊ နေ့လျှော်ခြင်းကို။ သစေနာဓိဂစ္ဆေယျ၊ အကယ်၍ မရသည်ဖြစ်အံ့။ စရေယျ၊ သွားရာ၏။ ရက္ခိတတ္တော၊ မိမိ ကိုယ်ကိုစောင့်ရှောက်လိုသော။သတိမာ၊ သတိနှင့်ပြည့်စုံသော။ ဘိက္ခု၊ ရဟန်းသည်။ သံဃေ၊ သံဃာတော် အပေါင်း၌။ ဝသေ၊ နေရာ၏။ဣတိ၊ ဤသို့။ ဘာသိတံ၊ ဟောတော်မူအပ်၏။

## ၄၄—အိမ်၌နေသောနို့ဌက်၏အင်္ဂါတပါး

မိလိန္ဒမင်းသည် အရှင်ဘုရား၊ ယာဉ်အိမ်၌ရှိသော ခို့ဌက်၏အင်္ဂါ တပါးကို ယူအပ်၏ဟု အကြင်စကားကိုဆို၏၊ ထိုအင်္ဂါတပါးကား အဘယ်နည်းဟု မေးသော် မင်းကြီး၊ ယာဉ်အိမ်၌ နေသောခို

သည် သူတပါးယာဉ်အိမ်၌နေရသည်ရှိသော် ထိုသူတပါး၏ နေရာ၌ တစုံတခုသော ဘဏ္ဍာ၏ အမှတ်အသားကို အယူအမှတ် မများသည်ဖြစ်၍ လျစ်လျူရှု၍နေသကဲ့သို့ ထို့အတူ ယောဂါဝစရပုဂ္ဂိုလ်သည် ဒါယကာသို့ကပ်သည်ရှိသော် ထိုအမျိုး၌ မိန်းမ ယောကျ်ားကိုရင်း, ညောင်စောင်းအင်းပျဉ် ပုဆိုးအဝတ်တန်ဆာ အသုံးအဆောင်ပရိက္ခရာ"ဘောဇဉ်အထူးတို့၌ရင်း, အမှတ်အသားကိုမယူမမှတ်အပ်၊ လျစ်လျူရှုသဖြင့် ဖြစ်ရာ၏၊ငါရဟန်းဟူသောအမှတ်ကိုရှေ့ရှုဖြစ်စေအပ်၏၊ ဤသည်ကား မင်းကြီး၊ ယာဉ်အိမ်၌ထားအပ်သော ခို၏တခုသော အင်္ဂါကိုယူအပ်၏။ ။မင်းကြီး၊ ငါသာလျှင်လည်း ထိုစကားကိုဆိုအပ်သည်မဟုတ်၊ ဘုရားရှင်လည်း ရုဂ္ဂနှိရဇာတ်၌ဟောတော်မူအပ်၏။

ဘာသိတမ္ပေတံ မဟာရာဇ ဘဂဝတာ ဒေဝါတိ ဒေဝေန

ရုဂ္ဂနှိရ ဇာတကေ။

ပဝိသိတွာပရကုလံ၊ ပါနတ္ထံဘောဇနာယဝါ။

မိတံ ခါဒေ မိတံ ဘုဉ္ဇေ၊ နစရူပေ မနံ ကရေတိ။

ဟူသည်တည်း။

မဟာရာဇ၊ မင်းကြီး။ ဒေဝါတိဒေဝေန၊ နတ်တကာတို့ထက် နတ်မြတ်ဖြစ်တော်မူသော။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ရုဂ္ဂနှိရဇာတကေ၊ ရုဂ္ဂနှိရဇာတ်၌။ ဧတံပိ၊ ဤစကားကိုလည်း။ ဘာသိတံ၊ ဟောတော်မူအပ်၏။ ။ဘိက္ခု၊ ရဟန်းသည်။ ပရကုလံ၊ တပါးသော ဒါယကာအိမ်သို့။ ပဝိသိတွာ၊ ဝင်၍။ ပါနတ္ထံဝါ၊ အဖျော်အလို့ငှါရင်း။ ဘောဇနာယဝါ၊ဘောဇဉ်အလို့ငှါရင်း။ မိတံ၊ အတိုင်းအရှည်ကို။ ခါဒေ၊ ခဲရာ၏။ မိတံ၊ အတိုင်းအရှည်ကို။ ဘုဉ္ဇေ၊ စားရာ၏။ ရူပေ၊ ရူပါရုံ၌။ မနံ၊ စိတ်ကို။ နစကရေ၊ မပြုသင့်။ ဣတိ၊ ဤသို့။ဘာသိတံ၊ ဟောတော်မူအပ်၏။

---

## ၄၅–ခင်ပုပ်ငှက်၏အင်္ဂါနှစ်ပါး

မိလိန္ဒမင်းသည် အရှင်ဘုရား၊ ခင်ပုပ်ငှက်၏ အင်္ဂါနှစ်ပါးတို့ကိုယူအပ်၏ဟူ၍ အကြင်စကားကိုဆို၏၊ ထိုအင်္ဂါနှစ်ပါးကား "အဘယ်နည်း ဟုမေးသော် (၁) မင်းကြီး၊ ခင်ပုပ်ငှက်သည် ကျီးငှက်တို့မှဆန့်

ကျင်ဘက်ဖြစ်၍ ညဉ့်အခါ ကျီးအပေါင်းရှိရာသို့သွား၍ များစွာသော ကျီးတို့ကိုသတ်သကဲ့သို့ ထို့အတူ ယောဂါဝစရ ပုဂ္ဂိုလ်သည် မိမိ မသိသောအရာ၌ ဆန့်ကျင်ဘက်ကို မပြုအပ်၊ တယောက်ထီးထည်း ဆိတ်ငြိမ်ရာအရပ်၌နေ၍ မိမိမသိသောအရာကို ကောင်းစွာမိမိအလိုလို ဝန်ခံရာ၏၊ အရင်းမှဖြတ်အပ်၏၊ မင်းကြီး၊ ဤသည်ကား ခင်ပုပ်ငှက်၏ ရှေဦးစွာသောအင်္ဂါကိုယူအပ်၏။ (၂) တဘန်လည်းမင်းကြီး၊ ခင်ပုပ် ငှက်သည်ကောင်းစွာပုန်းလျှိုး၍နေလေ့ရှိသကဲ့သို့ ထို့အတူ ယောဂါ ဝစရပုဂ္ဂိုလ်သည် ဆိတ်ငြိမ်ရာ အရပ်၌ မွေ့လျော်သဖြင့် ဖြစ်ရာ၏၊ မင်းကြီး၊ဤသည်ကား ခင်ပုပ်ငှက်၏ နှစ်ခုမြောက်သောအင်္ဂါကိုယူအပ် ၏။ ။မင်းကြီး၊ ငါသာလျှင်လည်းထိုစကားကိုမဆို၊ ဘုရားရှင်လည်း ဟောတော်မူအပ်၏။

ဘာသိတမ္ပေတံ မဟာရာဇ ဘဂဝတာ ဒေဝါတိ ဒေဝေန သံယုတ္တနိကာယဝရေ။ ။ဇာဝ ဘိက္ခဝေ ဘိက္ခု ပဋိသလ္လာ နာရာမော၊ ပဋိသလ္လာနရတော၊ ဇာနံဒုက္ခန္တိ ယထာဘူတံ ပဇာ နာတိ၊ အယံ ဒုက္ခ သမုဒယောတိ ယထာဘူတံ ပဇာနာတိ၊ အယံဒုက္ခ နိရောဓောတိ ယထာဘူတံ ပဇာနာတိ၊ အယံဒုက္ခ နိရောဓဂါမိနိ ပဋိပဒါတိ ယထာဘူတံ ပဇာနာတိ။ ။
ဟူသည်တည်း။

မဟာရာဇ၊ မင်းကြီး။ ဒေဝါတိဒေဝေန၊ နတ်တကာတို့ထက် နတ် မြတ်ဖြစ်တော်မူသော။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ သံယုတ္တ နိကာယဝရေ၊ သံယုတ္တနိကာယ်ပါဠိတော်မြတ်၌။ ဧတံပိ၊ ဤစကားကို လည်း။ဘာသိတံ၊ ဟောတော်မူအပ်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ဇာဝ၊ ဤသာသနာတော်၌။ ပဋိသလ္လာနာရာမော၊ ဆိတ်ငြိမ်သောတောကျောင်း လျှင်နေရာ အာရာမ်ရှိသော။ ပဋိသလ္လာနရတော၊ ဆိတ်ငြိမ်ရာ၌ မွေ့ လျော်သော။ ဘိက္ခု၊ ရဟန်းသည်။ ဇာနံ၊ ဤတရားအပေါင်းသည်။ ဒုက္ခံ၊ ဆင်းရဲခြင်းအမှန်ဖြစ်သောတရားတည်း။ ဇာတိ၊ ဤသို့။ ယထာဘူ တံ၊ဟုတ်မှန်သည့်အတိုင်း။ ပဇာနာတိ၊ အပြားအားဖြင့်သိ၏။ အယံ၊ ဤတရားသည်။ ဒုက္ခသမုဒယော၊ ဒုက္ခ၏ ဖြစ်ကြောင်း တရားတည်း။ ဇာတိ၊ ဤသို့။ ယထာဘူတံ၊ ဟုတ်မှန်သည့်အတိုင်း။ ပဇာနာတိ၊ အပြား

အားဖြင့်သိ၏။ အသယံ၊ ဤတရားသည်။ ဒုက္ခနိရောဓော၊ ဒုက္ခ၏ငြိမ်းရာဖြစ်သော တရားတည်း။ ဣတိ၊ ဤသို့။ ယထာဘူတံ၊ ဟုတ်မှန်သည့်အတိုင်း။ ပဇာနာတိ၊ အပြားအားဖြင့်သိ၏။ အသယံ၊ ဤတရားသည်။ ဒုက္ခနိရောဓဂါမိနီပဋိပဒါ၊ ဒုက္ခ၏ချုပ်ငြိမ်းရာနိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ်သောအကျင့်တည်း။ ဣတိ၊ ဤသို့။ ယထာဘူတံ၊ ဟုတ်မှန်သည့်အတိုင်း။ ပဇာနာတိ၊ အပြားအားဖြင့်သိ၏။

---

## ၄၆—ကျိန်စာရွက်သောသူ၏ အင်္ဂါတပါး

မိလိန္ဒမင်းသည်အရှင်ဘုရား၊ ကျိန်စာရွက်သော သူ၏အင်္ဂါတပါးကိုယူအပ်၏ဟု အကြင်စကားကိုဆို၏၊ ထိုအင်္ဂါတပါးကား အဘယ်နည်းဟုမေးသော် မင်းကြီး၊ ကျိန်စာရွက်သော သူသည် မြည်တွန်ကျိန်ဆို၍သူတပါးတို့၏ ဘေးမရှိသည်ကိုရင်း, ရန်မရှိသည်ကိုရင်းပြု၍ စောင့်ရှောက်လေသကဲ့သို့ ထို့အတူ သူတပါးအား တရားကိုဟောသော ယောဂါဝစရပုဂ္ဂိုလ်သည် ဖရိဖရဲကျရာဖြစ်သောငရဲကို ဘေးအားဖြင့် ပြအပ်ညွှန်အပ်၏၊ နိဗ္ဗာန်ကိုဘေးမရှိသော အားဖြင့် ပြအပ်ညွှန်အပ်၏၊ မင်းကြီး၊ ဤသည်လျှင် ကျိန်စာရွက်သောသူ၏အင်္ဂါတပါးကိုယူအပ်၏။ ။မင်းကြီး၊ ငါသည်လျှင်လည်း ထိုစကားကိုမဆို၊ ရှင်ပိဏ္ဍောလဘာရဒွါဇသည်လည်း ဟောတော်မူအပ်၏။

ဘာသိတမ္ပေတံ မဟာရာဇ ထေရေန ပိဏ္ဍောလဘာရဒွါဇေန။
နိရယေ ဘယသန္တာသံ၊ နိဗ္ဗာနေ ဝိပုလံသုခံ။
ဥဘယာ နေတာနုဒ္ဓါနိ၊ ဒဿေတဗ္ဗာနိ ယောဂိနာတိ။
ဟူသည်တည်း။

မဟာရာဇ၊ မင်းကြီး။ ပိဏ္ဍောလ ဘာရဒွါဇေန၊ ပိဏ္ဍောလဘာရဒွါဇမည်သော။ ထေရေန၊ မထေရ်သည်။ ဧတံပိ၊ ဤစကားကိုလည်း။ ဘာသိတံ၊ ဟောတော်မူအပ်၏။ ။ယောဂိနာ၊ ယောဂါဝစရပုဂ္ဂိုလ်သည်။ နိရယေ၊ ငရဲ၌။ ဘယသန္တာသံ၊ ကြောက်ခြင်း ထိတ်လန့်ခြင်းရင်း။ နိဗ္ဗာနေ၊ နိဗ္ဗာန်၌။ ဝိပုလံ၊ ပြန့်ပြောသော။ သုခံ၊ ချမ်းသာခြင်းရင်း။ ဣတိ၊ ဤသို့။ ဥဘယာနိ၊ နှစ်ပါးစုံကုန်သော။ ဧတာနိ အတ္ထာနိ၊

ထိုကောင်းကျိုး မကောင်းကျိုးတရားတို့ကို။ ဒသေယတမ္ဗာနိ၊ပြအပ်ကုန်၏။ ဇူတိ၊ ဤသို့။ ဘာသိတံ၊ ဟောတော်မူအပ်၏။

---

## ၄၇–လင်းနို့၏ အင်္ဂါနှစ်ပါး

မိလိန္ဒမင်းသည်အရှင်ဘုရား၊လင်းနို့၏အင်္ဂါနှစ်ပါးတို့ကိုယူအပ်၏ဟု အကြွင်စကားကိုဆို၏၊ ထိုအင်္ဂါနှစ်ပါးကား အဘယ် နည်းဟုမေးသော် (၁) မင်းကြီး၊ လင်းနို့သည်အိမ်သို့ဝင်ပြီးသော် ထိုမှဤမှသွား၍ ထွက်၏၊ထိုအိမ်၌ကြောင့်ကြမရှိသကဲ့သို့ ထို့အတူယောဂါဝစရပုဂ္ဂိုလ်သည် ရွာတွင်းသို့ ဆွမ်းခံအံ့သောငှါ ဝင်သော်အစဉ်အတိုင်းသွား၍ လျင်စွာထွက်၏၊ ဤသည်ကားမင်းကြီး၊ လင်းနို့၏ရှေ့ဦးစွာသော အင်္ဂါကို ယူအပ်၏။ (၂) တဘန်လည်းမင်းကြီး၊ လင်းနို့သည် သူ့ဘပါး၏အိမ်၌ နေသည်ရှိသော် ထိုအိမ်ရှင်တို့အားစီးပွားယုတ်အံ့သည်ကို မပြုသကဲ့သို့ ထို့အတူယောဂါဝစရပုဂ္ဂိုလ်သည် ဒါယကာတို့သို့ချဉ်းကပ်၍ အလွန်တောင်းခြင်းဖြင့်၎င်း၊ ဝိညတ်များသည်၏အဖြစ်ဖြင့်၎င်း၊ ကိုယ်ကိုညွှန်ပြသည်၏အဖြစ်ဖြင့်၎င်း၊ အလွန်ပြောဆိုလွန်းသည်၏ အဖြစ်ဖြင့်၎င်း၊ ချမ်းသာဆင်းရဲမျှသိသည်၏ အဖြစ်ဖြင့်၎င်း၊ ထိုလူတို့အား တစုံတခုနှလုံး မသာခြင်းကိုမပြုအပ်၊ ထိုလူတို့အား လုပ်ဆောင်သော အမှုအခင်းကို မယုတ်မလျော့စေအပ်၊ အချင်းခပ်သိမ်း တိုးတက် ကြီးပွါးခြင်းကိုသာ လျှင်အလိုရှိအပ်၏၊ မင်းကြီး၊ ဤသည်ကားလင်းနို့၏ နှစ်ခုမြောက်သော အင်္ဂါကိုယူအပ်၏။ ။မင်းကြီး၊ ငါသာလျှင်ထိုစကားကိုမဆို၊ မြတ်စွာဘုရားလည်း ဒီဃနိကာယ်ဒေသနာ လက္ခဏာသုတ္တန်၌ ဟောတော်မူအပ်၏။

ဘာသိတမ္ပေတံ မဟာရာဇ ဘဂဝတာ ဒေဝါတိ ဒေဝေန ဒီဃနိကာယဝရေလက္ခဏာသုတ္တန္တေ။

သဒ္ဓါယသီလေန သုတေန ဗုဒ္ဓိယာ၊
စာဂေနဓမ္မေန ဗဟူဟိသာဓုဟိ။
ဓနေနဓညေနစ ခေတ္တဝတ္ထုနာ၊
ပုတ္တေဟိဒါရေဟိ စတုပ္ပဒေဟိစ။

ဉာတိဟိမိတ္တေဟိစဗန္ဓဝေဟိ၊
ဗလေန ဝဏ္ဏေန သုခေနစူဘယံ။
ကထံ နု ဟာဒယေယျပရေဟိဇာနတိ၊
အတ္တသံမိဒ္ဓိဥပနာ့ဘိကင်္ခတိတိ။ ။ဟူသည်တည်း။

မဟာရာဇ၊ မင်းကြီး။ ဒေဝါတိဒေဝေန၊ နတ်ဗြာဟ္မာတို့ထက် နတ်မြတ်ဖြစ်တော်မူသော။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဒိဿနိကာယဝရေ၊ ဒိဿနိကာယ် ကျမ်းမြတ်၌။ လက္ခဏသုတ္တန္တေ၊ လက္ခဏ သုတ္တန်၌။ဧတံပိ၊ဤစကားကိုလည်း။ ဘာသိတံ၊ ဟောတော်မူအပ်၏။ ။ ဘိက္ခု၊ ရဟန်းသည်။ ပရေဟိ၊ သူတပါးတို့ကို။ သဒ္ဓါယ၊ သဒ္ဓါတရား မှ၎င်း။ သီလေန၊ သီလမှ၎င်း။ သုတေန၊ အကြားအမြင်မှ၎င်း။ ဗုဒ္ဓိယာ၊ ပညာမှ၎င်း။ စာဂေန၊ စွန့်ကြဲခြင်းမှ၎င်း။ ဓမ္မေန၊ တရားမှ၎င်း၊ ဗဟူဟိ၊ များစွာကုန်သော။ သာဓူဟိ၊ သူတော်ကောင်းတရားတို့မှ၎င်း။နဟာယေယျ၊မယုတ်စေရာ။ဓနေနစ၊ဥစ္စာမှ၎င်း။ဓညေနစ၊စပါးမှ၎င်း။ ခေတ္တဝတ္ထုနာစ၊ လယ်ယာမှ၎င်း။ ပုတ္တေဟိစ၊ သားသမီးတို့မှ၎င်း။ ဒါရေဟိစ၊ မယား တို့မှ၎င်း။ စတုပ္ပဒေဟိစ၊ အခြေလေးချောင်းရှိသော နွားကျွဲတို့မှ၎င်း။ နဟာယေယျ၊ မယုတ်စေရာ။ ။ဉာတိဟိစ၊ ဆွေမျိုးတို့မှ၎င်း။ မိတ္တေဟိစ၊ အဆွေခင်ပွန်းချစ်ကျွမ်းဝင်သော သူတို့မှ၎င်း။ ဗန္ဓဝေဟိစ၊ အဆွေတို့မှ၎င်း။ ဗလေနစ၊ ခွန်အားမှ၎င်း။ ဝဏ္ဏေနစ၊ အဆင်းမှ၎င်း။ သုခေနစ၊ ချမ်းသာခြင်းမှ၎င်း။ ဥဘယံဥဘယေဟိ၊ နှစ်ပါးစုံတို့မှ၎င်း။ နဟာယေယျ၊ မယုတ်စေရာ။ ဘိက္ခု၊ ရဟန်းသည်။ အတ္တသမိဒ္ဓိဥပနာ၊ မိမိအကျိုးစီးပွါး၏ပြည့်စုံခြင်းကိုလည်း။ဇာနာတိ၊အလိုရှိအံ့။အဘိကင်္ခတိ၊ လွန်စွာတောင့်တအံ့။ ပရေဟိ၊ သူတပါးတို့ကို။ကထံ၊ အဘယ်သို့လျှင်။ ဟာဧယယျ၊ ယုတ်စေရာအံ့နည်း။ နဟာယေယျ၊ မယုတ်စေရာ။ ဣတိ၊ ဤသို့။ ဘာသိတံ၊ ဟောတော်မူအပ်၏။

## ၄၈–မြွေ့၏အင်္ဂါတပါး

မိလိန္ဒမင်းသည် အရှင်ဘုရား၊ မြွေ့၏အင်္ဂါတပါးကို ယူအပ်၏ဟု အကြင်စကားကိုဆို၏၊ ထိုတပါးသောအင်္ဂါသည် အဘယ်နည်းဟုမေး သော် မင်းကြီး၊ မြွေ့သည် အကြင်သူ၌တွယ်၏၊ ထိုသူ၌လျှင် မြ

စွာတွယ်၍ သွေးကို သောက်သကဲ့သို့ ထို့အတူ ယောဂါဝစရပုဂ္ဂိုလ်သည် အကြင်ကမ္မဋ္ဌာန်းတည်းဟူသော အာရုံ၌ စိတ်ကိုစွဲလမ်း၍ အာရုံပြု၏၊ ထိုစွဲလမ်းသောအာရုံကို အဆင်းသဏ္ဌာန် အရပ် တည်ရာအားဖြင့်ရင်း,အပိုင်းအခြား အသွင်အမှတ်အားဖြင့်ရင်း မြဲစွာဆောက်တည်၍ ထိုစွဲလမ်းသောအင်္ဂါကိုယူအပ်၏။ ။မင်းကြီး၊ ငါသာလျှင် ထိုစကားကို ဆိုအပ်သည်မဟုတ်၊ ရှင်အနုရုဒ္ဓါ မထေရ်သည်လည်း ဟောတော်မူအပ်၏။

ဘာသိတမ္ပေတံ မဟာရာဇ ထေရေန အနုရုဒ္ဓေန။
ပရိသုဒ္ဓေန စိတ္တေန၊ အာရမဏေ ပတိဋ္ဌာယ။
တေန စိတ္တေန ပါတဗ္ဗံ၊ ဝိမုတ္တိရသ သေစနန္တိ။
ဟူသည်တည်း။

မဟာရာဇ၊ မင်းကြီး။ အနုရုဒ္ဓေန၊ အနုရုဒ္ဓါအမည်ရှိသော။ ထေရေန၊ မထေရ်သည်။ ဧတံပိ၊ ဤစကားကိုလည်း။ ဘာသိတံ၊ ဟောတော်မူအပ်၏။ ။ဘိက္ခုနာ၊ ရဟန်းသည်။ ပရိသုဒ္ဓေန၊ စင်ကြယ်သော။ စိတ္တေန၊ စိတ်ဖြင့်။ အာရမဏေ၊ အာရုံ၌။ ပတိဋ္ဌာယ၊ ဆောက်တည်၍။ တေန စိတ္တေန၊ ထိုစင်ကြယ်သောစိတ်ဖြင့်။ ဝိမုတ္တိရသသေစနံ၊ ဝိမုတ္တိရသတည်းဟူသော အရည်ကို။ ပါတဗ္ဗံ၊ သောက်အပ်၏။ ဣတိ၊ ဤသို့။ ဘာသိတံ၊ ဟောတော်မူအပ်၏။

---

## ၄၉–မြေ၏အင်္ဂါသုံးပါး

မိလိန္ဒမင်းသည် အရှင်ဘုရား၊ မြေ၏အင်္ဂါသုံးပါးတို့ကို ယူအပ်၏ဟု အကြင်စကားကိုဆို၏၊ ထိုသုံးပါးသောအင်္ဂါသည် အဘယ်နည်းဟု မေးသော် (၁) မင်းကြီး၊ မြေသည် ရင်ဖြင့် သွားသကဲ့သို့ ထို့အတူ ယောဂါဝစရပုဂ္ဂိုလ်သည် ပညာဖြင့် လှေ့ကျက် သွားလာရာ၏၊ ပညာဖြင့် လှေ့ကျက်သွားလာသော ယောဂါဝစရပုဂ္ဂိုလ်၏စိတ်သည် ရုပ်ရုံ၌ မကျက်စားမူ၍ ဘောက်ပြန်သောအမှတ်ကို ကြံစည်အပ်၏၊ သဘောတရားလက္ခဏာရှိသည်ကို ပွါးများစေအပ်၏၊ ဤသည်ကား မင်းကြီး၊ မြွေ၏ရှေးဦးစွာသော အင်္ဂါကိုယူအပ်၏။ (၂) တဘာန်လည်းမင်းကြီး၊ မြွေသည် ကျက်စားသွားလာသည်ရှိသော် အဆိပ် နိုင်တတ်သောဆေး

ကို ကြည့်ဘဲ၍ သွားသကဲ့သို့ ထို့အတူ ယောဂါဝစရ ပုဂ္ဂိုလ်သည် မကောင်းသောဒုစရိုက်ကိုကြည့်ဘဲသဖြင့် ကျင့်အပ်၏၊ မင်းကြီး၊ ဤသည် ကား မြွေ၏နှစ်ခုမြောက်သောအင်္ဂါကို ယူအပ်၏။ (၃) တဘန်လည်း မင်းကြီး၊ မြွေသည် လူကိုမြင်သော် ပူပန်စိုးရိမ်ခြင်း အကြံရှိသကဲ့သို့ ထို့အတူ ယောဂါဝစရပုဂ္ဂိုလ်သည် မကောင်းသော ဝိတက်အကြံကို ကြံမိချေသော် မမွေ့လျော်ခြင်းကို ဖြစ်စေ၍ ငါသည် ပမာဒတရားဖြင့် ညဉ့်နေ့ကို လွန်စေအပ်ခဲ့ပြီ၊ ထိုပမာဒတရားကို တဘန်ရခြင်း၌မတတ် စကောင်းဟု ပူပန်စိုးရိမ် ကြံစည်အပ်၏၊ မင်းကြီး၊ ဤသည်ကား မြွေ၏သုံးခုမြောက်သော အင်္ဂါကိုယူအပ်၏။ ။မင်းကြီး၊ ငါသာလျှင် လည်း ထိုစကားကိုမဆို၊ ဘလ္လာတိယဇာတ်၌ ကိန္နရာမိမအား ဘုရား ရှင်လည်း ဟောတော်မူအပ်၏။

ဘာသိတမ္ပေတံ မဟာရာဇ ဘလ္လာတိယ ဇာတကေ ဒွိန္နံ ကိန္နရာနံ။

မယေ က ရတ္တိံ ဝိပ္ပဝသိမှ လုဒ္ဒ၊ အကာမကာ အညမညံသရန္တာ။
တမေကရတ္တိံ အနုတပ္ပမာနာ၊သောစာမ သာ ရတ္တိ ပုနနဟေဿတိတိ။

မဟာရာဇ၊ မင်းကြီး။ ဘလ္လာတိယ ဇာတကေ၊ ဘလ္လာတိယ ဇာတ် တော်၌။ ဒွိန္နံ၊ နှစ်ဦးကုန်သော။ ကိန္နရာနံ၊ ကိန္နရာမိမတို့အား။ ဧတံပိ၊ ဤ စကားကိုလည်း။ ဘာသိတံ၊ ဟောတော်မူအပ်၏။ ။လုဒ္ဒ၊ အိုမုဆိုး။ မယံ၊ ငါတို့သည်။ ယံဧကရတ္တိံ၊ အကြင် တညဉ့်ပတ်လုံး။ အကာမကာ၊ အလိုမတူကြကုန်ဘဲလျက်။ သရန္တာ၊ စိုးရိမ်ကြကုန်လျက်။ အညမညံ၊ အချင်းချင်း။ဝိပ္ပဝသိမှ၊ ကွေကွင်း၍ နေရကုန်၏။တံ ဧကရတ္တိံ၊ ထိုတညဉ့် မျှကင်း၍ နေရသည်ကို။ အနုတပ္ပမာနာ၊ အလွန်စိုးရိမ်သည် ဖြစ်၍။ သာရတ္တိ၊ ထိုညဉ့်သည်။ ပုန၊ တဘန်။ နဟေဿတိ၊ မဖြစ်ပါစေလင့်။ ဣတိ၊ ဤသို့။ မယံ၊ ငါတို့သည်။ သောစာမ၊ စိုးရိမ်ကြကုန်၏။ ဣတိ၊ ဤသို့။ ဘာသိတံ၊ ဟောတော်မူအပ်၏။

(ဤသာဓကပါဠိ၏အရကား နေယျတ္ထအနက်ကို ယူအပ်သည်၊ ယူသင့်ကြောင်းကား ထိုကိန္နရာမိုမသည် တညဉ့်မျှကွေကွင်းသည်ဖြစ်၍ တဘန်သည်ညဉ့်ကဲ့သို့မကွေကွင်းရပါလို ဟု စိုးရိမ်သကဲ့သို့ ထို့အတူ ယောဂါဝစရပုဂ္ဂိုလ်သည် ပမာဒတရားဖြင့် ညဉ့်နေ့ကုန်ခဲ့

သော် တဘန်လာလတ္တံ့သော ညဉ့်နေ့ကို ပမာဒတရားဖြင့် မလွန်စေအပ်ဟု နှလုံးသွင်း သည်ကို နေယျတ္ထဖြင့် သိအပ်၏ဟူလိုသည်။)

---

## ၅၀-စပါးကြီး၏ အင်္ဂါတပါး

မိလိန္ဒမင်းသည် အရှင်ဘုရား၊ စပါးကြီး၏အင်္ဂါတပါးကို ယူအပ်၏ ဟု အကြွင်စကားကို ဆို၏၊ ထို တပါးသော အင်္ဂါသည် အဘယ်နည်း ဟု မေးသော် မင်းကြီး၊ စပါးကြီးသည် ကြီးသောကိုယ် ရှိ၏၊ များ သောနေ့ညဉ့်တို့ပတ်လုံး တောင်စဉ်အလျောက် သွား၍ ရှာဖွေ သော် လည်း ဝမ်းပြည့်လေအောင် အစာအာဟာရကိုမရ၊ အသွားတော်သင့် သောအခိုက်၌ မှုလောက်ရုံရသဖြင့် မှုနိုင်သကဲ့သို့ ထို့အတူ ဆွမ်းခံ အလေ့အကျက်ရှိသော သူတပါး၏အပေးအကမ်းကို တောင့်တသော သူတပါးအိမ်သို့သွားသောရဟန်းအား ဝမ်းပြည့်အောင် အာဟာရကို ရနိုင်ခဲ၏၊ စင်စစ်သော်ကား အကျိုးကို အလိုရှိသော အမျိုးသားသည် လေးငါးလုပ်သော ဆွမ်းကိုမစားမူ၍ အကြွင်းထား၍ ရေကို သောက် အပ်၏၊ ဤသည်ကား မင်းကြီး၊ စပါးကြီးမြွေ၏ တပါးသောအင်္ဂါကို ယူအပ်၏။ ။မင်းကြီး၊ ငါသာလျှင် ထိုစကားကို ဆိုအပ်သည်မဟုတ်၊ တရားစစ်သူကြီး ဖြစ်သော ရှင်သာရိပုတ္တရာ သည်လည်း ဟောတော် မူအပ်၏။

ဘာသိတမ္ပေတံ မဟာရာဇ ထေရေန သာရိပုတ္တေန ဓမ္မ သေနာပတိနာ။

စတ္တာရော ပဉ္စအာလောပေ၊ အဘုတွာ ဥဒကံပိဝေ။
အလံ ဖါသု ဝိဟာရာယ၊ ပဟိတတ္တဿ ဘိက္ခုနောတိ။
ဟူသည်တည်း။

မဟာရာဇ၊ မင်းကြီး၊ ဓမ္မသေနာပတိနာ၊ တရားစစ်သူကြီးဖြစ်သော။ သာရိပုတ္တေန၊ သာရိပုတ္တရာအမည်ရှိသော။ ထေရေန၊ မထေရ်သည်။ ဧတံပိ၊ ဤစကားကိုလည်း။ ဘာသိတံ၊ ဟောတော်မူအပ်၏။ စတ္တာရော ပဉ္စအာလောပေ၊ လေးငါးလုပ်တို့ကို။ အဘုတွာ၊ မစားမူ၍။ ဥဒကံ၊ ရေကို။ ပိဝေ၊ သောက်ရာ၏။ ဧတံ၊ ထိုသို့သော သောက်ခြင်းသည်၊ ပဟိ တတ္တဿ၊ ကိုယ်အသက်ကို မငဲ့ကွက်ဘဲ နိဗ္ဗာန်သို့စေလွှတ်အပ်သော

စိတ်နှလုံးရှိသော။ ဘိက္ခုနော၊ ရဟန်းအား။ ဖါသဝိဟာရောယ၊ ချမ်းသာစွာနေခြင်းငှါ။ အလံ၊ ထိုက်၏။

သီဟဝဂ္ဂေါ ပဉ္စမော

---

## ၅၁-ပင့်ကူ၏ အင်္ဂါတပါး

မိလိန္ဒမင်းသည်အရှင်ဘုရား၊ ခရီး၌အမြွေးတန်းသောပင့်ကူ၏ တပါးသောအင်္ဂါသည် အဘယ်နည်းဟု မေးသော် မင်းကြီး၊ ခရီး၌အမြွေးတန်းသောပင့်ကူသည် ခရီးလမ်း၌ မြွေးသော ကွန်ယက်ကိုပြု၍ ထိုကွန်ယက်၌ပိုးသည်ရှင်း,ယင်သည်ရှင်း,နှံသည်ရှင်း,အကယ်၍ငြိလာအံ့၊ ထိုပိုး ယင် နှံကောင်တို့ကိုဘမ်းယူ၍စားသကဲ့သို့ ထို့အတူ ယောဂါဝစရပုဂ္ဂိုလ်သည် ခြောက်ပါးသော ဒွါရတို့၌ သတိပဋ္ဌာန် တရားတည်းဟူသော အဆီးအကာ ကွန်ယက်ကိုပြု၍ ထိုကွန်ယက်၌ အကြင်ကိလေသာတည်းဟူသော ခြင် မှက်တို့သည် အကယ်၍ငြိရှက်လာကုန်အံ့၊ ထိုအခါ၌ပင်လျှင် ကိလေသာတို့ကို သတ်အပ်ကုန်၏၊ ဤသည်လျှင် မင်းကြီး၊ ခရီး၌အမြွေးတန်းသောပင့်ကူ၏ တပါးသောအင်္ဂါကိုယူအပ်၏။ ။မင်းကြီး၊ ငါသာလျှင်လည်းထိုစကားကိုမဆို၊ ရှင်အနုရုဒ္ဓါသည်လည်း ဟောတော်မူအပ်၏။

ဘာသိတမ္ပေတံ မဟာရာဇ ထေရေန အနုရုဒ္ဓေန။
စိတ္တံ နိယမေ ဆသု ဒွါရေသု၊ သတိပဋ္ဌာန ဝရုတ္တမေ။
ကိလေသာ တတ္ထလဂ္ဂါစေ၊ ဟန္တဗ္ဗာတေ ဝိပဿိနာတိ။
ဟူသည်တည်း။

မဟာရာဇ၊ မင်းကြီး။ ထေရေန အနုရုဒ္ဓေန၊ ရှင်အနုရုဒ္ဓါ မထေရ်သည်။ ဧတံပိ၊ ဤစကားကိုလည်း။ ဘာသိတံ၊ ဟောတော်မူအပ်၏။ ။ဘိက္ခု၊ ရဟန်းသည်။ ဆသုဒွါရေသု၊ ခြောက်ဒွါရတို့၌။ စိတ္တံ၊ မိမိ၏စိတ်သည်။ နိယမေ၊ အမှတ်ရှိအံ့။ တတ္ထ၊ ထိုခြောက်ဒွါရတို့၌။ ကိလေသာ၊ ကိလေသာတို့သည်။ စေလဂ္ဂါ၊ အကယ်၍ငြိတွယ်ကုန်အံ့။ ဝိပဿိနာ၊ ဝိပဿနာရှုလေ့ရှိသော။ ဘိက္ခုနာ၊ ရဟန်းသည်။ ဥတ္တမေ၊ မြတ်သော။ သတိပဋ္ဌာနဝရေ၊ သတိပဋ္ဌာန် တည်းဟူသော တံခါး ကွန်ယက်ကို။

ကတွာ၊ ပြု၍။ ဇော၊ ထိုကိလေသာတို့ကို။ ဟန္တွာ၊ သတ်အပ်ကုန်၏။ ဣတိ၊ ဤသို့။ ဘာသိတံ၊ ဟောတော်မူအပ်၏။

---

## ၅၂—နို့ကိုမှီ၍အသက်မွေးသော သူငယ်၏အင်္ဂါတပါး

မိလိန္ဒမင်းသည် အရှင်ဘုရား၊ နို့ကိုမှီ၍ အသက်မွေးသောသူငယ်၏ တခုသောအင်္ဂါသည် အဘယ်နည်းဟု မေးသော်။ ။မင်းကြီး၊ နို့ကိုမှီ၍ အသက်မွေးသောသူငယ်သည် အမိ၏နို့ကို စို့လိုသောကြောင့် အမိသို့ ကပ်၏၊ နို့ကိုအလိုရှိလတ်သော် ငိုမြည်တမ်းသကဲ့သို့ ထို့အတူ ယောဂါဝစရပုဂ္ဂိုလ်သည် မိမိ၏အကျိုးစီးပွါး၌ ငဲ့ကွက်ရာ၏၊ ပါဠိသင်ခြင်း၊ အဋ္ဌကထာသင်ခြင်း၊ ကောင်းစွာလုံ့လပြုခြင်း၊ ဆိတ်ငြိမ်ရာအရပ်၌ နေခြင်း၊ ရှိသေလေးမြတ်အပ်သော ကလျာဏမိတ္တကိုရှာခြင်း အလုံးစုံသော အမှုတို့၌ တရားတည်းဟူသောပညာဖြင့် ဖြစ်ရာ၏၊ ဤသည်ကား မင်းကြီး၊ နို့ကိုမှီသောသူငယ်၏တခုသောအင်္ဂါကို ယူအပ်၏။ ။မင်းကြီး၊ ငါသာလျှင်လည်း ထိုစကားကိုမဆို၊ ဘုရားရှင်လည်း ဒီဃနိကာယ် ပရိနိဗ္ဗာန သုတ်၌ ဟောတော်မူအပ်၏။

ဘာသိတမ္ပေတံ မဟာရာဇ ဘဂဝတာ ဒေဝါတိဒေဝေန ဒီဃနိကာယဝရေ ပရိနိဗ္ဗာနသုတ္တန္တေ။ ။ဃဋထ တုမှေ အာနန္ဒ သဒတ္ထေ ဃဋထ၊ သဒတ္ထေ အနုယုဉ္ဇထ၊ သဒတ္ထေ အပ္ပမတ္တာ အာတာပိနော ပဟိတတ္တာ ဝိဟရထာတိ။ ။ဟူသည်တည်း။

မဟာရာဇ၊ မင်းကြီး။ ဒေဝါတိဒေဝေန၊ နတ်တကာတို့ထက် နတ်မြတ်ဖြစ်တော်မူသော၊ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဒီဃနိကာယဝရေ၊ ဒီဃနိကာယ် ကျမ်းမြတ်ဖြစ်သော။ ပရိနိဗ္ဗာန သုတ္တန္တေ၊ ပရိနိဗ္ဗာန သုတ်၌။ ဧတံပိ၊ ဤစကားကိုလည်း။ ဘာသိတံ၊ ဟောတော် မူအပ်၏။ အာနန္ဒ၊ အာနန္ဒာ။ ဃဋထ၊ ငါတိုက်တွန်းနှိုးဆော်တော်မူခဲ့၏။ တုမှေ၊ သင်တို့သည်။ သဒတ္ထေ၊ မိမိ၏အကျိုးစီးပွါး၌။ ဃဋထ၊ လုံ့လစေ့ဆော်ကြလေကုန်။ သဒတ္ထေ၊ မိမိ၏အကျိုးစီးပွါး၌၊ အနုယုဉ္ဇထ၊ အဘန်တလဲလဲ ယှဉ်လေကုန်။ သဒတ္ထေ၊ မိမိ၏ အကျိုးစီးပွါး၌။ အပ္ပမတ္တာ၊ မမေ့မလျော့။ အာတာပိနော၊ ကိလေသာကို ပူပန်စေတတ်သော လုံ့လရှိကုန်သည်

ဖြစ်၍။ ပဟိတတ္တာ၊ ကိုယ်အသက်ကိုမငဲ့ကွက်ဘဲ နိဗ္ဗာန်သို့စေလွှတ်အပ်သော စိတ်နှလုံးရှိကုန်သည်ဖြစ်၍။ ဝိဟာရထ၊ နေကြကုန်လော့။ ဣတိ၊ ဤသို့။ ဘာသိတံ၊ ဟောတော်မူအပ်၏။

---

## ၅၃-ကြည်းလိပ်ပြောက်၏အင်္ဂါတပါး

မိလိန္ဒမင်းသည် အရှင်ဘုရား၊ ဆန်းကြယ်သောကြည်းလိပ်၏တပါးသောအင်္ဂါကို ယူအပ်၏ဟု အကြင်စကားကိုဆို၏၊ ထိုတပါးသောအင်္ဂါသည် အဘယ်နည်းဟု မေးသော် မင်းကြီး၊ လိပ်ပြောက်သည် ရေမှကြောက်၍ ရေကိုဝေးစွာကြဉ်ဘဲလျက်သွား၏၊ ထိုရေကို ဝေးစွာရှောင်ကြဉ်သည်ဖြစ်သဖြင့်လည်း အသက်မသေ၊ အသက်မှ မလျော့သကဲ့သို့ ထို့အတူ ယောဂါဝစရပုဂ္ဂိုလ်သည် ပမာဒတရား၌ ဘေးကိုရှုလေ့ရှိသည်ဖြစ်ရာ၏၊ အပ္ပမာဒတရား၌ ဂုဏ်ကျေးဇူးကိုရှုလေ့ရှိသည်၏အဖြစ်ဖြင့် ရဟန်း၏အဖြစ်မှ မယုတ်မလျော့၊ မိမိကိုယ်ကို နိဗ္ဗာန်အနီးသို့ ကပ်ချဉ်းသည်မည်၏၊ ဤသည်ကား မင်းကြီး၊ လိပ်ပြောက်၏တပါးသောအင်္ဂါကိုယူအပ်၏။ ။မင်းကြီး၊ ငါသာလျှင် ထိုစကားကို မဆို၊ ဘုရားရှင်လည်း ဟောတော်မူအပ်၏။

ဘာသိတမေ့တံ မဟာရာဇ ဘဂဝတာ ဒေဝါတိ ဒေဝေန ဓမ္မပဒေ။

အပ္ပမာဒ ရတော ဘိက္ခု၊ ပမာဒေ ဘယ ဒဿိဝါ။
အဘဗ္ဗော ပရိဟာနာယ၊ နိဗ္ဗာနဿေဝသန္တိကေတိ။
ဟူသည်တည်း။

မဟာရာဇ၊ မင်းကြီး။ ဒေဝါတိ ဒေဝေန၊ နတ်ဗြဟ္မာတို့ထက် နတ်မြတ်ဖြစ်တော်မူသော။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဓမ္မပဒေ၊ ဓမ္မပဒ၌။ ဧတံ၊ ဤစကားကိုလည်း။ ဘာသိတံ၊ ဟောတော်မူအပ်၏။ ။ အပ္ပမာဒရတော၊ အပ္ပမာဒတရား၌ မွေ့လျော်သော။ ဘိက္ခု ဝါ၊ ရဟန်းသည်ရင်း။ ပမာဒေ၊ ပမာဒတရား၌။ ဘယဒဿီ၊ ဘေးကိုရှုလေ့ရှိသော။ ဘိက္ခု ဝါ၊ ရဟန်းသည်ရင်း။ ပရိဟာနာယ၊ ရဟန်း ဂုဏ်ကျေးဇူးမှ

ယုတ်အံ့သောငှါ။ အဘဗ္ဗော၊ မထိုက်။ နိဗ္ဗာနဿ၀၊ နိဗ္ဗာန် တရား၏ သာလျှင်။ သန္တိကေ၊ အနီးသို့။ အဇ္ဈာနံ၊ မိမိကိုယ်ကို။ ဥပနေတိ၊ ဆောင်၏။ ဣတိ၊ ဤသို့။ ဘာသိတံ၊ ဟောတော်မူအပ်၏။

---

## ၅၄–တောအုပ်၏အင်္ဂါငါးပါး

မိလိန္ဒမင်းသည် အရှင်ဘုရား၊ တောအုပ်၏ ငါးပါးသော အင်္ဂါကို ယူအပ်၏ဟု အကြင်စကားကိုဆို၏၊ ထိုငါးပါးသောအင်္ဂါသည် အဘယ်နည်းဟု မေးသော် (၁) မင်းကြီး၊ တောအုပ်သည် မစင်ကြယ်သော လူအပေါင်းကိုဖုံးလွှမ်းသကဲ့သို့ ထို့အတူယောဂါဝစရပုဂ္ဂိုလ်သည် မိမိစိတ်မှ ယွင်းမှားချော်ချွတ်မိသောအပြစ်ကို လျှို့ဝှက်အပ်၏၊ ဤသည်ကား မင်းကြီး၊ တောအုပ်၏ရှေ့ဦးစွာသောအင်္ဂါကိုယူအပ်၏။ (၂) တဖန် လည်း မင်းကြီး၊ တောအုပ်သည် ခိုးသူတို့မှဆိတ်ညံ့သကဲ့သို့ ထို့အတူ ယောဂါဝစရပုဂ္ဂိုလ်သည် လောဘ ဒေါသ မောဟ မာန ဒိဋ္ဌိ တည်းဟူသော အမြွေးအရှက် တို့မှရင်း, အလုံးစုံသောကိလေသာတို့မှရင်း, ဆိတ်ညံ့သည်ဖြစ်ရာ၏၊ မင်းကြီး၊ ဤသည်ကားတောအုပ်၏နှစ်ခုမြောက်သော အင်္ဂါကိုယူအပ်၏။ (၃) တဖန်လည်းမင်းကြီး၊ တောအုပ်အရပ်သည် ဆိတ်ညံ့၏၊ လူတို့နှောင့်ရှက်ခြင်းမရှိသကဲ့သို့ ထို့အတူ ယောဂါဝစရပုဂ္ဂိုလ်သည် ယုတ်မာကုန်သော မမြတ်ကုန်သော အကုသိုလ်တရားတို့မှ ဆိတ်ညံ့သည် ဖြစ်ရာ၏၊ ဤသည်ကားမင်းကြီး၊ တောအုပ်၏ သုံးခုမြောက်သောအင်္ဂါကိုယူအပ်၏။ (၄) တဖန်လည်းမင်းကြီး၊ တောအုပ်သည် စင်ကြယ်သန့်ရှင်းသကဲ့သို့ ထို့အတူယောဂါဝစရပုဂ္ဂိုလ်သည် မာနကိုပယ်သဖြင့် သူ့ကျေးဇူးကိုမချေသဖြင့် ငြိမ်သက်သန့်ရှင်းသည် ဖြစ်ရာ၏၊ ဤသည်လျှင် မင်းကြီး၊ တောအုပ်၏ လေးခုမြောက်သော အင်္ဂါကို ယူအပ်၏။ (၅) တဖန်လည်း မင်းကြီး၊ တောအုပ်သည် အရိယာသူတော်ကောင်းတို့၏ မှီဝဲရာ ဆည်းကပ်ရာ ဖြစ်သကဲ့သို့ ထို့အတူ ယောဂါဝစရပုဂ္ဂိုလ်သည် မြတ်သော အရိယာသူတော်ကောင်းတို့၏ မှီဝဲဆည်းကပ်ရာ ဖြစ်၏၊ ဤသည်လျှင် မင်းကြီး၊ တောအုပ်၏ ငါးခုမြောက်သောအင်္ဂါကိုယူအပ်၏။ ။မင်းကြီး၊ ထိုစကားကိုငါသာလျှင်မဆို ဘုရားရှင်လည်း သံယုတ္တနိကာယ်၌ ဟောတော်မူအပ်၏။

ဘာသိတမ္ပေတံ မဟာရာဇ ဘဂဝတာ ဒေဝါတိဒေဝေန
သံယုတ္တနိကာယဝရေ။

ပဋိဝိဇ္ဈေဟိ အရိယေဟိ၊ ပဟိတတ္တေဟိ ဈာယိဘိ၊
နိဗ္ဗုံ အာရဒ္ဓ ဝီရိယေဟိ၊ ပဏ္ဍိတေဟိ သဟာဝသေတိ၊
ဟူသည်တည်း။

မဟာရာဇ၊ မင်းကြီး။ ဒေဝါတိဒေဝေန၊ နတ်တကာတို့ထက်နတ်မြတ်ဖြစ်တော်မူသော။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ သံယုတ္တနိကာယဝရေ၊ သံယုတ္တနိကာယ်မြတ်၌။ ဧတံပိ၊ ဤစကားကိုလည်း။ ဘာသိတံ၊ ဟောတော်မူအပ်၏။ ။ပဋိဝိဇ္ဈေဟိ၊ ဆိတ်ငြိမ်ခြင်းကို အလိုရှိကုန်သော။ အရိယေဟိ၊ မြတ်ကုန်သော။ ပဟိတတ္တေဟိ၊ ကိုယ်အသက်ကို မငဲ့ကွက်ဘဲ နိဗ္ဗာန်သို့ စေလွှတ်အပ်သော စိတ်နှလုံးရှိကုန်သော။ ဈာယိဘိ၊ ဈာန်တရားနှင့် ပြည့်စုံကုန်သော။ အာရဒ္ဓဝီရိယေဟိ၊ အားထုတ်အပ်သော လုံ့လရှိကုန်သော။ ပဏ္ဍိတေဟိ၊ ပညာရှိတို့နှင့်။ သဟ၊ အတူတကွ။ နိဗ္ဗုံ၊ အမြဲ။ ဘိက္ခု၊ ရဟန်းသည်။ အာဝသေ၊ နေရာ၏။ ဣတိ၊ ဤသို့။ ဘာသိတံ၊ ဟောတော်မူအပ်၏။

---

## ၅၅-သစ်ပင်၏အင်္ဂါသုံးပါး

မိလိန္ဒမင်းသည် အရှင်ဘုရား၊ သစ်ပင်၏ သုံးပါးသောအင်္ဂါကို ယူအပ်၏ဟု အကြွင်းစကားကိုဆို၏၊ ထိုသုံးပါးသော အင်္ဂါသည်အဘယ်နည်းဟု မေးသော် (၁) မင်းကြီး၊ သစ်ပင်မည်သည်ကား အပွင့်အသီးကိုဆောင်သကဲ့သို့ ထို့အတူ ယောဂါဝစရ ပုဂ္ဂိုလ်သည် အရဟတ္တမဂ် တည်းဟူသော အပွင့်, အရဟတ္တဖိုလ် တည်းဟူသော အသီးကိုဆောင်သည်ဖြစ်ရာ၏၊ ဤသည်ကားမင်းကြီး၊ သစ်ပင်၏ရှေ့ဦးစွာသောအင်္ဂါကိုယူအပ်၏။ (၂) တဖန်လည်းမင်းကြီး၊ သစ်ပင်သည် အနီးသို့ ရောက်လာဝင်လာကုန်သော လူအပေါင်းတို့အား အရိပ်ကိုပေးသကဲ့သို့ ထို့အတူ ယောဂါဝစရပုဂ္ဂိုလ်သည် အနီးသို့ ဝင်ရောက်လာကုန်သော ပုဂ္ဂိုလ်တို့အား အာမိသပဋိသန္ထာရ ဟု ဆိုအပ်သော ဆွမ်း, သင်္ကန်း, အစရှိသော အစေ့အစပ်ဖြင့်၎င်း၊ ဓမ္မပဋိသန္ထာရ ဟုဆိုအပ်သောတရားစကားကို ပြောဟောခြင်းအစေ့အစပ်ဖြင့်၎င်း၊ အစေ့အစပ်

ပြုအပ်၏၊ ဤသည်ကားမင်းကြီး၊ သစ်ပင်၏နှစ်ခုမြောက်သော အင်္ဂါကို ယူအပ်၏၊ (၃) ဖောဘန်လည်းမင်းကြီး၊ သစ်ပင်၏အရိပ်သည် ထူးသည့်၏အခြဖြစ်ကိုမပြုသကဲ့သို့ ထို့အတူ ယောဂါဝစရပုဂ္ဂိုလ်သည် ခပ်သိမ်းသောသတ္တဝါတို့ကိုနှိပ်စက်ညှဉ်းဆဲခြင်းကို မပြုအပ်၊ ခိုးသူ, သူသတ်, ညှဉ်းဆဲတတ်သောရန်သူတို့၌၎င်း၊ မိမိကိုယ်၌၎င်း၊ မျှသောမေတ္တာစိတ်ရှိ၍ ဤသတ္တဝါတို့သည်ရန်မရှိကုန်၊ ကြောင့်ကြမရှိကုန်၊ ဆင်းရဲမရှိကုန်သည်ဖြစ်၍ ချမ်းသာစွာမိမိကိုယ်ကို ဆောင်ရွက် နိုင်စေကုန်သတည်း ဟုမေတ္တာကို ပွါးစေအပ်၏၊ ဤသည်လျှင်မင်းကြီး၊ သစ်ပင်၏ သုံးခုမြောက်သော အင်္ဂါကို ယူအပ်၏။ ။မင်းကြီး၊ ငါသာလျှင် ထိုစကားကိုမဆို၊ ရှင်သာရိပုတ္တရာလည်းဟောတော်မူအပ်၏။

ဘာသိတမ္ပေတံ မဟာရာဇ ထေရေန သာရိပုတ္တေန ဓမ္မသေနာပတိနာ။

ဝဓကေ ဒေဝဒတ္တမှိ၊ စောရေအင်္ဂုလိမာလကေ။
ဓနပါလေရာဟုလေစ၊ သဗ္ဗတ္ထ သမကော မုနီတိ။
ဟူသည့်တည်း။

မဟာရာဇ၊ မင်းကြီး။ဓမ္မသေနာပတိနာ၊ တရားစစ်သူကြီးဖြစ်တော်မူသော။ သာရိပုတ္တေန၊ သာရိပုတ္တရာအမည်ရှိသော။ ထေရေန၊မထေရ်သည်။ဧတံပိ၊ဤစကားကိုလည်း။ ဘာသိတံ၊ ဟောတော်မူအပ်၏။ ။အသာဂုသော၊ ငါ့ရှင်တို့။ မုနီ။ ဘုရားရှင်သည်။ ဝဓကေ၊ သတ်တတ်ညှဉ်းဆဲတတ်သော။ ဒေဝဒတ္တမှိ၊ ဒေဝဒတ်၌၎င်း။ စောရေ၊ ခိုးသူ ဖြစ်သော။ အင်္ဂုလိမာလကေ၊ အင်္ဂုလိမာလ၌၎င်း။ ဓနပါလေ၊ ဓနပါလ၌၎င်း။ ရာဟုလေစ၊ သားတော်ရာဟုလာ၌၎င်း။ သဗ္ဗတ္ထ၊ ခပ်သိမ်းကုန်သောသူတို့၌။ သမကော၊ တူမျှသောစိတ်ရှိတော်မူ၏။ ဣတိ၊ ဤသို့။ ဘာသိတံ၊ ဟောတော်မူအပ်၏။

## ၅၆–မိုးယံ၏အင်္ဂါငါးပါး

မိလိန္ဒမင်းသည် အရှင်ဘုရား၊ မိုးယံ၏ အင်္ဂါငါးပါးကို ယူအပ်၏ဟု အကြင်စကားကို ဆို၏၊ ထိုငါးပါးသော အင်္ဂါသည် အဘယ်နည်းဟု မေးသော် (၁) မင်းကြီး၊ မိုးယံသည်ရွာလတ်သည် ရှိသော်

မြူမှုံတို့ကို ငြိမ်းစေတတ်သကဲ့သို့ ထို့အတူ-ယောဂါဝစရပုဂ္ဂိုလ်သည် မိမိကိုယ်၌ဖြစ်သော ကိလေသာ တည်းဟူသောမြူကို ငြိမ်းစေအပ်၏၊ မင်းကြီး၊ ဤသည်ကား မိုယ်း၏ရှေ့ဦးစွာသောအင်္ဂါကိုယူအပ်၏။ (၂) တဖန်လည်းမင်းကြီး၊ မိုယ်းသည်မြေကြီး၌ အပူကို ငြိမ်းစေသကဲ့သို့ ထို့အတူ ယောဂါဝစရပုဂ္ဂိုလ်သည် မေတ္တာတည်းဟူသောဘာဝနာဖြင့် နတ်နှင့်တကွသောလူအပေါင်းကိုငြိမ်းစေအပ်၏၊ဤသည်ကား မင်းကြီး၊ မိုယ်း၏နှစ်ခုမြောက်သောအင်္ဂါကိုယူအပ်၏။(၃) တဖန်လည်းမင်းကြီး၊ မိုယ်းသည် အလုံးစုံသောမျိုးစေ့တို့ကို ပွါးများ ပေါက်ရောက်စေတတ်သကဲ့သို့ ထို့အတူ ယောဂါဝစရပုဂ္ဂိုလ်သည် ခပ်သိမ်းသော သတ္တဝါတို့အား သဒ္ဓါတရားကိုဖြစ်စေ၍ ထိုသဒ္ဓါတရားတည်းဟူသော မျိုးစေ့တို့ကို လူချမ်းသာ နတ်ချမ်းသာ နိဗ္ဗာန်ချမ်းသာဟုဆိုအပ်သော သုံးပါးသော ချမ်းသာတို့၌ စိုက်ပျိုး ပေါက်ရောက် စေအပ်၏၊ဤသည်ကား မင်းကြီး၊ မိုယ်း၏သုံးခုမြောက်သောအင်္ဂါကို ယူအပ်၏။ (၄) တဖန်လည်းမင်းကြီး၊ မိုယ်းသည်ဥတုကြောင့်ရှာ၍ မြေအပြင်၌ ရောက်သော မြက် သစ်ပင် ချုံနွယ် ဆေးပင် တောစိုး သစ်ပင်တို့ကို စောင့်သကဲ့သို့ ထို့အတူ ယောဂါဝစရပုဂ္ဂိုလ်သည် ယောနိသောမနသိကာရကို ဖြစ်စေ၍ ထိုယောနိသောမနသိကာရဖြင့် တရားကိုစောင့်ရှောက် အပ်၏၊ ခပ်သိမ်းသော အကုသိုလ်တရားအပေါင်းတို့သည် ယောနိသော မနသိကာရတရားလျှင်အရင်းရှိကုန်၏၊ ဤသည်ကား မင်းကြီး၊ မိုယ်း၏လေးခုမြောက်သော အင်္ဂါကိုယူအပ်၏။

(၅) တဖန်လည်း မင်းကြီး၊ မိုယ်းရွာသည် ရှိသော်၊ မြစ် တဘက်ဆည်းကန် လေးထောင့်ကန်တို့ကိုရင်း,ချောင်း ထုံးအိုင် ရေတွင်းတို့ကို ရင်း,ရေအယဉ်တို့ဖြင့် ပြည့်စုံတင့်တယ်စေသကဲ့သို့ ထို့အတူ ယောဂါဝစရပုဂ္ဂိုလ်သည် ပါဠိအာဂုံ သင်ကြားခြင်းဖြင့် တရားတည်းဟူသော မိုယ်းကို အလွန်ရွာစေ၍ မဂ်ဖိုလ်ရခြင်းငှါ အလိုရှိကုန်သော သူတို့၏ နှလုံးကိုပြည့်စုံစေရာ၏၊ဤသည်ကား မင်းကြီး၊မိုယ်း၏ငါးခုမြောက်သော အင်္ဂါကိုယူအပ်၏။ ။မင်းကြီး၊ ငါးသာလျှင်လည်း ထိုစကားကို မဆို၊ ရှင်သာရိပုတ္တရာလည်း ,ဟောတော်မူအပ်၏။

ဘဝံသိတမွေတံ မဟာရာဇ ထေရေန သာရိပုတ္တေန ဓမ္မသေနာပတိနာ။

ဗောဓနေယျံ ဇနံ ဒိသွာ၊ သတသဟဿေပိ ယောဇနေ။
ခဏေန ဥပဂန္တွာန၊ ဗောဓေသိ တံ မဟာမုနိ။
ဟူသည်ပါသည်။

မဟာရာဇ၊ မင်းကြီး။ ဗုဒ္ဓသေနာပတိနာ၊ ဘုရားစစ်သူကြီးဖြစ်သော။ သာရိပုတ္တေန၊ သာရိပုတ္တရာအမည်ရှိသော။ ထေရေန၊ မထေရ်သည်။ ဝုတ္တံပိ၊ ဤစကားကိုလည်း။ ဘာသိတံ၊ ဟောတော်မူအပ်၏။ ။မဟာမုနိ၊ ဘုရားမြတ်စွာသည်။ သတသဟဿေပိယောဇနေ၊ ယူဇနာ တသိန်း ထက်၌လည်း။ ဗောဓနေယျံ၊ ကျွတ်ထိုက်သော။ ဇနံ၊ သတ္တဝါကို။ ဒိသွာ၊ မြင်တော်မူလတ်သော်။ ခဏေန၊ တခဏခြင်းဖြင့်။ ဥပဂန္တွာန၊ အဆော တလျင်ကြွတော်မူ၍။ တံ၊ ထိုကျွတ်ထိုက်သောသတ္တဝါကို။ ဓမ္မံ၊ တရား ကို။ ဗောဓေသိ၊ သိစေတော်မူ၏။

---

## ၅၇—ပတ္တမြားရတနာ၏ အင်္ဂါသုံးပါး

မိလိန္ဒမင်းသည် အရှင်ဘုရား၊ ပတ္တမြားရတနာ၏ သုံးပါးသောအင်္ဂါ ကိုယူအပ်၏ဟု အကြင်စကားကိုဆို၏၊ ထိုအင်္ဂါသုံးပါးသည် အဘယ် နည်းဟု မေးသော် (၁) မင်းကြီး၊ ပတ္တမြား ရတနာသည် စင်စစ် ဧကန္တ သန့်ရှင်းစင်ကြယ်သကဲ့သို့ ထို့အတူ ယောဂါဝစရပုဂ္ဂိုလ်သည် စင်စစ်ဧကန္တ သန့်ရှင်းစင်ကြယ်သော အသက်မွေးခြင်း ရှိသည်ဖြစ်ရာ၏၊ ဤသည်ကား မင်းကြီး၊ ပတ္တမြားရတနာ၏ ရှေးဦးစွာသောအင်္ဂါကိုယူ အပ်၏။ (၂) တဖန်လည်း မင်းကြီး၊ ပတ္တမြားရတနာသည် တစုံတခု သောအညစ်အကြေးနှင့် မရောနှောသကဲ့သို့ ထို့အတူ ယောဂါဝစရ ပုဂ္ဂိုလ်သည် မကောင်းသော ယုတ်မာသော အဆွေခင်ပွန်း တို့နှင့် အတူမနေရာ၊ ဤသည်ကား မင်းကြီး၊ ပတ္တမြားရတနာ၏ နှစ်ခုမြောက် သောအင်္ဂါကို ယူအပ်၏။ (၃) တဖန်လည်း မင်းကြီး၊ ပတ္တမြားရတနာ ကို ဇာတ်တူရတနာတို့နှင့် တွဲယှဉ်အပ်သကဲ့သို့ ထို့အတူ ယောဂါဝစရ ပုဂ္ဂိုလ်သည် မြတ်သော အနွယ်ရှိသော သူတို့နှင့်ရင်း၊ ကောင်းသော အကျင့်နှင့်ပြည့်စုံသောပုဂ္ဂိုလ်၊ သေက္ခ, သောတာပန်, သကဒါဂါမ်, အနာဂါမ်,၊ ရဟန္တာပုဂ္ဂိုလ်တို့နှင့်ရင်း, ဝိဇ္ဇာအဘိညာဉ်နှင့် ပြည့်စုံသော ပတ္တမြားရတနာနှင့်တူသောရဟန်းတို့နှင့်ရင်းအတူနေရာ၏၊ ဤသည်လျှင်

မင်းကြီး၊ ပဋ္ဌာန်းရတနာ၏ သုံးခုမြောက်သော အင်္ဂါကိုယူအပ်၏။ ။ မင်းကြီး၊ ငါသာလျှင်လည်း ထိုစကားကိုဆိုအပ်သည်မဟုတ်၊ ဘုရားရှင်လည်းသုတ္တနိပါတ်၌ဟောတော်မူအပ်၏။

ဘာသိတံ ဘဂဝတာ မဟာရာဇ ဘဂဝတာ ဒေဝါတိဒေဝေန သုတ္တနိပါတေ။
သုဒ္ဒါသုဒ္ဓေဟိ သံဝါသံ၊ ကပ္ပယဝှော ပတိဿတာ။
တတောသမဂ္ဂါ နိပကာ၊ ဒုက္ခဿန္တံ ကရိဿထာတိ။
ဟူသည်တည်း။

မဟာရာဇ၊ မင်းကြီး။ ဒေဝါတိဒေဝေန၊ နတ်တကာတို့ထက် နတ်မြတ်ဖြစ်တော်မူသော။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။သုတ္တနိပါတေ၊ သုတ္တနိပါတ်၌။ ဧတံပိ၊ ဤစကားကိုလည်း။ ဘာသိတံ၊ ဟောတော်မူအပ်၏။ ။ဘိက္ခဝေ၊ရဟန်းတို့။ သုဒ္ဓါ၊ စင်ကြယ်သောအကျင့်ရှိသော သူတို့သည်။ သုဒ္ဓေဟိ၊ စင်ကြယ်သော အကျင့်ရှိသောသူတို့နှင့်။ သံဝါသံ၊အတူတကွ နေခြင်းကို။ ကပ္ပယဝှော၊ ပြုကြကုန်လော့။ တတော၊ထိုစင်ကြယ်သောသူတို့နှင့် ပေါင်းဘော်၍ အတူနေခြင်းကြောင့်။ ပတိဿတာ၊ အချင်းချင်းရိုသေကြကုန်သည်ဖြစ်၍။ သမဂ္ဂါ၊ ညီညွတ်ကြကုန်သည်ဖြစ်၍။နိပကာ၊ရိုးခြိုသောအကျင့်ရှိကြကုန်သည်ဖြစ်၍။ဒုက္ခဿန္တံ၊ ဆင်းရဲ၏အဆုံးကို။ ကရိဿထ၊ပြုကြကုန်လော့။ ဣတိ၊ဤသို့။ ဘာသိတံ၊ ဟောတော်မူအပ်၏။

## ၅၈- သားမုဆိုး၏အင်္ဂါလေးပါး

မိလိန္ဒမင်းသည် အရှင်ဘုရား၊ သားမုဆိုး၏ အင်္ဂါလေးပါးကို ယူအပ်၏ဟု အကြင်စကားကို ဆို၏၊ ထိုအင်္ဂါလေးပါးသည် အဘယ်နည်းဟု မေးသော် (၁) မင်းကြီး၊ သားမုဆိုးသည် နည်းသော ငိုက်မိန်းခြင်းရှိသကဲ့သို့ ထို့အတူယောဂါဝစရပုဂ္ဂိုလ်သည် ငိုက်ခြင်း မိန်းခြင်းနည်းသည်ဖြစ်ရာ၏၊ ဤသည်ကား မင်းကြီး၊ သားမုဆိုး၏ ရှေးဦးစွာသောအင်္ဂါကိုယူအပ်၏။ (၂) တဖန်လည်းမင်းကြီး၊ သားမုဆိုးသည် သမင်တို့၌သာလျှင် စိတ်ကို မြဲစွာဆွဲသကဲ့သို့ ထို့အတူ ယောဂါဝစရပုဂ္ဂိုလ်သည်စွဲလမ်းအပ်သော ကမ္မဋ္ဌာန်းအာရုံ၌ သာလျှင်

စိတ်ကိုမြဲစွာဖွဲ့အပ်၏၊ ဤသည်ကားမင်းကြီး၊ သားမရဆိုး၏နှစ်ခုမြောက်သောအင်္ဂါကိုယူအပ်၏၊ (၃) တဘန်လည်းမင်းကြီး၊ သားမရဆိုးသည် ပြုအပ်သောအမှု၏ အခါအချိန်ကို သိသကဲ့သို့ ထို့အတူယောဂါဝစရပုဂ္ဂိုလ်သည် ဤအခါသည် တယောက်ထီးထည်း ကျိန်းအံ့သောအခါတည်း၊ ဤအခါသည်လွင်ပြင်သို့ထွက်ရအံ့သောအခါတည်းဟု အခါကာလကို သိအပ်၏၊ ဤသည်ကား မင်းကြီး၊ သားမရဆိုး၏ သုံးခုမြောက်သောအင်္ဂါကိုယူအပ်၏၊ (၄) တဘန်လည်းမင်းကြီး၊ သားမရဆိုးသည် သားသမင်ကိုမြင်ရသော်ဤသမင်ကိုရလတ္တံ့ဟူ၍ ရွှင်ခြင်းကိုဖြစ်စေသကဲ့သို့ ထို့အတူ ယောဂါဝစရပုဂ္ဂိုလ်သည် ကမ္မဋ္ဌာန်းတည်းဟူသော အာရုံ၌ အလွန်ပျော်ရာ၏၊ လောကထက် လွန်မြတ်သော လောကုတ္တရာတရား အထူးကိုရလတ္တံ့ဟု ရွှင်ခြင်းကို ဖြစ်စေရာ၏၊ ဤသည်ကားမင်းကြီး၊ သားမရဆိုး၏ လေးခုမြောက်သော အင်္ဂါကို ယူအပ်၏။ ။မင်းကြီး၊ ငါသာလျှင်လည်း ထိုစကားကိုမဆို၊ မောဃရာဇ မထေရ်သည်လည်း ဟောတော်မူအပ်၏။

ဘာသိတမ္ပေတံ မဟာရာဇ ထေရေန မောဃရာဇေန။
အာရမဏေ လဘိတွာန၊ ပဟိတတ္တေန ဘိက္ခုနာ။
ဘိယျော ဟာသော ဇနေတဗ္ဗော၊ အဓိဂန္တဿာမိဥတ္တရိန္တိ။
ဟူသည်တည်း။

မဟာရာဇ၊ မင်းကြီး။ မောဃရာဇေန၊ မောဃရာဇအမည်ရှိသော။ ထေရေန၊ မထေရ်သည်။ ဧတံပိ၊ ဤစကားကိုလည်း။ ဘာသိတံ၊ ဟောတော်မူအပ်၏။ ။ပဟိတတ္တေန၊ ကိုယ်အသက်ကို မငဲ့ကွက်ဘဲ နိဗ္ဗာန်သို့စေလွှတ်အပ်သောစိတ်နှလုံးရှိသော။ ဘိက္ခုနာ၊ ရဟန်းသည်။ အာရမဏေ၊ အာရုံတို့ကို။ လဘိတွာန၊ ရ၍။ အဟံ၊ ငါသည်။ ဥတ္တရိံ၊ မြတ်သော လောကုတ္တရာတရားကို။ အဓိဂန္တဿာမိတိ၊ ရလတ္တံ့ဟု။ ဘိယျော၊ လွန်စွာ။ ဟာသော၊ ရွှင်ခြင်းကို။ ဇနေတဗ္ဗော၊ ဖြစ်စေအပ်၏။ ဣတိ၊ ဤသို့။ ဘာသိတံ၊ ဟောတော်မူအပ်၏။

## ၅၉—ငါးမျှားသောသူ၏အင်္ဂါနှစ်ပါး

မိလိန္ဒမင်းသည်အရှင်ဘုရား၊ ငါးမျှားသောသူ၏ နှစ်ပါးသောအင်္ဂါကိုယူအပ်၏ဟု အကြင်စကားကိုဆို၏၊ ထိုနှစ်ပါးသော အင်္ဂါသည်

အဘယ်နည်းဟု မေးသော် (၁) မင်းကြီး၊ ငါးများသော သူသည် သံမျှားချိတ်ဖြင့် ငါးတို့ကို ထုတ်ဆောင်ယူဘိသကဲ့သို့ ထို့အတူ ယောဂါဝစရပုဂ္ဂိုလ်သည်မိမိ၏ပညာဉာဏ်ဖြင့် မြတ်သောပေါ်ကုတ္တရာအကျိုးတရားတို့ကို ထုတ်အပ်ကုန်၏၊ ဤသည်ကား မင်းကြီး၊ ငါးများသော သူ၏ရှေ့ဦးစွာသော အင်္ဂါကိုယူအပ်၏၊ (၂) တဖန်လည်းမင်းကြီး၊ ငါးများသောသူသည် အနည်းငယ်သောသတ္တဝါတို့ကိုသတ်၍ ပြန့်ပြောကြီးကျယ်သော ငါးကိုရသကဲ့သို့ ထို့အတူ ယောဂါဝစရပုဂ္ဂိုလ်သည် အနည်းငယ်သော လောက အာမိသမျှကို စွန့်အပ်၏၊ အနည်းငယ်သောလောကအာမိသမျှကိုပစ်စွန့်၍ ပြန့်ပြောကြီးကျယ်သောအရဟတ္တဖိုလ်ကိုရ၏၊ မင်းကြီး၊ ဤသည်ကား ငါးများသော သူ၏နှစ်ခုမြောက်သောအင်္ဂါကိုယူအပ်၏။ ။မင်းကြီး၊ ငါသာလျှင်လည်း ထိုစကားကို မဆို၊ သားတော်ရာဟုလာလည်းဟောတော်မူအပ်၏။

ဘာသိတမ္ပေတံ မဟာရာဇ ထေရေန ရာဟုလေန။
သုညတဉ္စ နိမိတ္တဉ္စ၊ ဝိမောက္ခဉ္စာပ္ပဏိဟိတံ။
စတုရော ဖလေဆဠဘိညာ၊ စဇိတွာ လောကာမိသံလဘေတိ။
ဟူသည်တည်း။

မဟာရာဇ၊ မင်းကြီး။ ရာဟုလေန၊ ရာဟုလာ အမည်ရှိသော။ ထေရေန၊ မထေရ်သည်။ ဧတံပိ၊ ဤစကားကိုလည်း။ ဘာသိတံ၊ ဟောတော်မူအပ်၏။ ။ဘိက္ခု၊ ရဟန်းသည်။ လောကာမိသံ၊ လောကနှင့်ယှဉ်သော အာမိသကို။ စဇိတွာ၊ စွန့်သောကြောင့်။ သုညတဉ္စ၊ သုညတမင်္ဂဖိုလ်ကိုရင်း။ အနိမိတ္တဉ္စ၊ အနိမိတ္တမင်္ဂဖိုလ်ကိုရင်း။ ဝိမောက္ခဉ္စ၊ ဝိမောက္ခဟုဆိုအပ်သော။ အပ္ပဏိဟိတဉ္စ၊ အပ္ပဏိဟိတ မင်္ဂဖိုလ်ကိုရင်း။ စတုရော၊ လေးပါးကုန်သော။ ဖလေစ၊ ဖိုလ်တို့ကိုရင်း။ ဆ၊ ခြောက်ပါးကုန်သော။ အဘိညာစ၊ အဘိညာဉ်တို့ကိုရင်း။ လဘေ၊ လဘေယျ၊ ရရာ၏။ ဣတိ၊ ဤသို့။ ဘာသိတံ၊ ဟောတော်မူအပ်၏။

## ၆၀– တစည်းသွား၏အင်္ဂါ နှစ်ပါး

မိလိန္ဒမင်းသည် အရှင်ဘုရား၊ တစည်းသွား၏ နှစ်ပါးသောအင်္ဂါကိုယူအပ်၏ဟု အကြင်စကားကိုဆို၏၊ ထိုနှစ်ပါးသောအင်္ဂါသည်

ဒွာဘယ်နည်းဟုမေးသော် (၁) မင်းကြီး၊ တစည်းသွားသည် တမျဉ်းကြီးကိုအစဉ်အတိုင်းလျှောက်၍ သစ်ဖျိုရွှေသကဲ့သို့ ထို့အတူယောဂါဝစရပုဂ္ဂိုလ်သည် ဘုရားရှင်၏အဆုံးအမ တည်းဟူသော သာသနာတော်သို့အစဉ်အတိုင်းလျှောက်၍ သီလတည်းဟူသောမြေ၌ ကြပ်ကြပ်တည်၍ သဒ္ဓါတည်းဟူသော လက်ဖြင့် ပညာတည်းဟူသော ပဲခွပ်ကိုကိုင်၍ ကိလေသာတို့ကိုရွှေအပ် ဖြတ်အပ်ကုန်၏။ မင်းကြီး၊ ဤသည်ကားတစည်းသွား၏ ရှေးဦးစွာသောအင်္ဂါကို ယူအပ်၏။ (၂) တဘန်လည်းမင်းကြီး၊ တစည်းသွားသည် အကာကိုပစ်၍ အနှစ်ကိုသာယူသကဲ့သို့ ထို့အတူ ယောဂါဝစရ ပုဂ္ဂိုလ်သည် သဿတဒိဋ္ဌိအယူ, ဥစ္ဆေဒဒိဋ္ဌိအယူ, ကိုယ်နှင့်အသက်ကို မကွဲမပြား တပေါင်းတည်းပြု၍ ယူသောအယူ, ကိုယ်တခြား အသက်တခြား ခွဲခြား၍ ယူသောအယူ, ဤအယူကိုယူခြင်းသာမြတ်၏ဟု ယူသောအယူ, တပါးသော အယူကိုယူခြင်းသည်မြတ်၏ဟူသောအယူ, တပါးသော သူသည် ပြုခြင်းငှါမထိုက်ဟူသောအယူ၊ ယောကျ်ားတို့သည်ပြုအပ်သော အမှုမရှိဟုယူသောအယူ, မြတ်သောအကျင့်ကိုမကျင့်အပ် ဟူသောအယူ, သတ္တဝါမှကင်းသောအယူ, သတ္တဝါသစ်သာ ဖြစ်၏ဟူသော အယူ, သင်္ခါရသဘောသည်မြဲ၏ဟုယူသောအယူ, အပြစ်ကိုအကြောင်းသူသည်ပြု၏၊ ထိုသူသည်ခံစားရ၏ဟူသောအယူ, တပါးသော သူသည်ပြု၏၊ တပါးသောသူသည် ခံစားရ၏ဟူသောအယူ, ပစ္စုပ္ပန်၌ မြင်သောအမှု၏ အကျိုးကိုပြုသောအယူ, ပစ္စုပ္ပန်၌ အမှုအရာ၏ အကျိုးကို ပြုသောအယူ ဤသို့သဘောရှိကုန်သောတပါးသော အယူဝါဒ အကြောင်းတရားတို့ကိုပစ်ပယ်၍ သင်္ခါရတရားတို့၏ သဘောသည်လွန်စွာ အတ္တဘောမှ ဆိတ်ညံ၏၊ ပညတ်သတ္တဝါလည်းမဟုတ်၊ စင်စစ်ဆိတ်ညံ၏၊ တရားသဘောအနှစ်ကိုမရဟု ယူအပ်၏၊ မင်းကြီး၊ ဤသည်လျှင် တစည်းသွား၏ နှစ်ခုမြောက်သော အင်္ဂါကို ယူအပ်၏။ ။မင်းကြီး၊ ငါသာလျှင်လည်းထိုစကားကိုမဆို၊ ဘုရားရှင်လည်းသုတ္တနိပါတ်၌ ဟောတော်မူအပ်၏။

ဘာသိတမ္ပေတံ မဟာရာဇ ဘဂဝတာ ဒေဝါတိဒေဝေန
သုတ္တနိပါတေ။
ကရဏ္ဍဝံ နိဒ္ဓမထ၊ ကသမ္ဗုဉ္စာပကဿထ။
တတောပလာသေ ဝါဟေထ၊ အဿမဏေ သမဏမာနိနေ။

နိဒ္ဓမိတ္တာန ပါပိန္တွေ၊ ပါပအာစာရဂေါစရေ။
သုဒ္ဓါ သုဒ္ဓေဟိ သံဝါသံ၊ ကပ္ပယဝ္ဟော ပတိဿတာတိ။
ဟူသည်တည်း။

မဟာရာဇ၊ မင်းကြီး။ ဒေဝါတိဒေဝေန၊ နတ်တကာတို့ထက် နတ်မြတ်ဖြစ်တော်မူသော။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ သုတ္တနိပါတေ၊ သုတ္တနိပါတ်၌။ ဧတံပိ၊ ဤစကားကိုလည်း။ ဘာသိတံ၊ ဟောတော်မူအပ်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ တုမှေ၊ သင်တို့သည်။ ကရဏ္ဍဝံ၊ အမှိုက်သဘွယ်ဖြစ်သောရဟန်းကို။ နိဒ္ဓမထ၊ နှင်ထုတ် ကုန်ရာ၏။ ကသမ္ဗုံ၊ ယောက်သွားပုပ်နှင့်တူသောရဟန်းကို။ အပကဿထ၊ ဆွဲငင် ကြကုန်လော့။ တတော၊ ထို့ကြောင့်။ အဿမဏေ၊ ရဟန်းမဟုတ်ကုန်သော။ သမဏမာနိနေ၊ ရဟန်းဟု မှတ်ထင်ကုန်သော။ ပလာသေ၊ အဖျင်းသဘွယ်ဖြစ်သော ရဟန်းတို့ကို။ ဝါဟေထ။ နှင်ထုတ်ကုန်ရာ၏။ ။ ပါပိန္တွေ၊ ယုတ်မာသော အလိုရှိကုန်သော။ ပါပအာစာရ ဂေါစရေ၊ ယုတ်မာသောအကျင့် ကျက်စားရာရှိကုန်သောရဟန်းတို့ကို။နိဒ္ဓမိတ္တာန၊ နှင်ထုတ်၍။ သုဒ္ဓါ၊ စင်ကြယ်ကုန်သော ရဟန်းတို့[သ]ည်။ ပတိဿတာ၊ မြတ်စွာဘုရားစကားတော်ကိုရိုသေစွာ လိုက်နာကုန်း[သ]ည်ဖြစ်၍။ သုဒ္ဓေဟိ၊ စင်ကြယ်ကုန်သောရဟန်းတို့နှင့်။ သံဝါသံ၊ ကံ[ဥပုသ်]ကံ[ပြ]ယ်အားဖြင့် တကွ ပေါင်းဘော်ခြင်းကို။ ကပ္ပယဝ္ဟော၊ ပြုကြကုန်[လေ]ာ့။ ဣတိ၊ ဤသို့။ ဘာသိတံ၊ ဟောတော်မူအပ်၏။

မဏ္ဍကာဝဂ္ဂေါ ဆဋ္ဌော

## ၆၁–အိုး၏အင်္ဂါတပါး

မိလိန္ဒမင်းသည် အရှင်ဘုရား၊ အိုး၏အင်္ဂါတပါးကို ယူအပ်၏ဟု အကြင်စကားကို ဆို၏၊ ထိုအိုး၏အင်္ဂါတပါးကား အဘယ်နည်းဟု မေးသော် မင်းကြီး၊ အိုးသည်ရေဖြင့်ပြည့်သည်ရှိသော် မတုန်မလှုပ် ငြိမ်သက်သကဲ့သို့ ထို့အတူ ယောဂါဝစရပုဂ္ဂိုလ်သည် ပါဠိအာဂုံသင်ကြားခြင်း,ရဟန်းအဖြစ်၏ အဆုံးသို့ရောက်သည် ရှိသော် မှာုန်လှုပ်ရာ ငြိမ်သက်ရာ၏၊ ထိုရဟန်းသည် မာနကိုမပြုအပ် မိမိကိုယ်ကိုမပြအပ်

နှိမ့်ချအပ်သောမာန, နှိမ့်ချအပ်သေ ကိုယ်ရှိသည်ဖြစ်ရာ၏၊ နွားကဲ့မကြဲမ်း တန်းသဖြင့် အကျော်အစောကိုမပြုသဖြင့်ဖြောင့်သောကိုယ်စိတ်ရှိသည် ဖြစ်ရာ၏၊ဤသည်ကား မင်းကြီး၊ဒိုး၏တပါးသောအင်္ဂါကိုယူအပ်၏။" ။ မင်းကြီး၊ ငါသာသျှင်လည်း ထိုစကားကိုမနှုိ၊ ဘုရားရှင်လည်း ဟော တော်မူအပ်၏။

ဘာသိတမ္ဗတံ မဟာရာဇ ဘဂဝတာ ဒေဝါတိ ဒေဝေန သုတ္တနိပါတေ။
ယဒူနကံ တံသဏာတိ၊ ယံပူရံ သန္တမေဝတံ။
ရိတ္တကုမ္ဘူပမော ဗာလော၊ရဟာဒေါ ပူရောဝ ပဏ္ဍိတောတိ။
ဟူသည်တည်း။

မဟာရာဇ၊ မင်းကြီး။ ဒေဝါတိဒေဝေန၊ နတ်တကာတို့ထက်နတ် မြတ်ဖြစ်တော်မူသော။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ သုတ္တနိပါတေ၊ သုတ္တနိပါတ်၌။ ဧတမ္ပိ၊ ဤစကားကိုလည်း။ ဘာသိတံ၊ ဟောဟော်မူ အပ်၏။ ။ယံစသည်၊ အကြင်ဒိုးသည်၊ ဦနကံ၊ ရေမပြည့်သဲ ယုတ် လျော့နေ၏။ တံ၊ ထိုရေမပြည့်သောဒိုးသည်။ သဏာတိ၊ ဗောင်ဗင်ခတ် ကာ မြည်၍နေ၏။ ယံစသည်ပုံ၊ အကြင်ဒိုးသည်။ ပူရံ၊ ရေဖြင့် ပြည့်နေ၏။ တံ၊ ထိုရေဖြင့်ပြည့်နေသောဒိုးသည်။ သန္တမေဝ၊ ရေရှိတိုင်းသာ ငြိမ် သက်၍နေသည်။ ဟောတိ၊ ဖြစ်၏။ ဗာလော၊ သူမိုက်သည်။ ရိတ္တကုမ္ဘူ ပမော၊ အချည်းနှီး ရေမရှိသောဒိုးနှင့်တူသည်။ ဝါ၊ ရေမပြည့်သောဒိုး လျှင်ဥပမာရှိသည်။ ဟောတိ၊ ဖြစ်၏။ပဏ္ဍိတော၊ ပညာရှိသည်။ပူရော၊ ရေဖြင့်ပြည့်သော။ ရဟာဒေါဝ၊ ရေအိုင်ကြီးနှင့် တူသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဘာသိတံ၊ ဟောတော်မူအပ်၏။

## ၆၂–တီးတုတ်ငှက်၏အင်္ဂါနှစ်ပါး

မိလိန္ဒမင်းသည် အရှင်ဘုရား၊ တီးတုတ်ငှက်၏ အင်္ဂါနှစ်ပါးကိုယူ အပ်၏ဟု အကြင်စကားကိုဆို၏၊ ထိုအင်္ဂါနှစ်ပါးဟူသည် အဘယ် နည်းဟု မေးသော် (၁) မင်းကြီး၊ တီးတုတ်ငှက်သည် သေကိုသောက် မိခဲ့သော် အနိလိုက်ထွေးလိုက် နေသကဲ့သို့ ထို့အတူ ယောဂါဝစရ ပုဂ္ဂိုလ်သည် မနှစ်သက်အပ်သောမိမိစိတ်ကို ယောနိသော မနသိကာရ

ဖြင့် ထွေးလိုက် အန်ထုတ်လိုက် အပ်၏။ ဤသည်ကား မင်းကြီး၊ တီးတုတ်ငှက်၏ ရှေ့ဦးစွာသောအင်္ဂါကိုယူအပ်၏။ (၂) တဖန်လည်းမင်းကြီး၊ တီးတုတ်ငှက်သည် တကြိမ်ရေကိုသောက်မိသော် မအော့မအန်သကဲ့သို့ ထို့အတူ ယောဂါဝစရပုဂ္ဂိုလ်သည် တကြိမ်ဖြစ်လတ်သောသဒ္ဓါ ယုံကြည်ခြင်းတရားကို တဖန် မအော့ မအန် မထွေးအပ်၊ ထို ဘုရားရှင်သည် ကောင်းစွာမိမိအလိုလို သစ္စာလေးပါးတရားကို သိတော်မူပေသည်ဖြစ်၍ လောကသုံးပါးထက် မြတ်ပေ၏၊ တရားတော် မြတ်သည် ကောင်းစွာဟောတော်မူအပ်သော တရားပေတည်း။ သံဃာတော်သည် ကောင်းစွာအကျင့်နှင့်ပြည့်စုံပေ၏၊ ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဉ် တရား ငါးပါးသည် အမြဲမရှိ အနိစ္စတည်းဟုထင်သော အကြင်ဉာဏ်သည် တကြိမ်မျှဖြစ်လာအံ့၊ ထိုတကြိမ်မျှဖြစ်လာ ဥပါဒ်လာသော ဉာဏ်ကို တဖန်မအော့ မအန် မထွေးအပ်၊ ဤသည်ကား မင်းကြီး၊ တီးတုတ်ငှက်၏ နှစ်ခုမြောက်သောအင်္ဂါကိုယူအပ်၏။ ။မင်းကြီး၊ ငါသာလျှင် ထိုစကားကိုမဆို၊ ဘုရားရှင်လည်း ဟောတော်မူအပ်၏။

ဘာသိတမ္ပေတံ မဟာရာဇ ဘဂဝတာ ဒေဝါတိဒေဝေန။

ဒဿနမှိ ပရိသောဓိတေ နရော၊
အရိယဓမ္မေ နိယတော ဝိသေသဂူ။
ပဝေဒေတိ အနေကဘာဂတော။
သတောစ မုခဝါတ မေဝ ဝါယတိ။ ။ဟူသည်တည်း။

မဟာရာဇ၊ မင်းကြီး။ ဒေဝါတိဒေဝေန၊ နတ်တကာတို့ထက် နတ်မြတ်ဖြစ်တော်မူသော။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဧတံပိ၊ ဤစကားကိုလည်း။ ဘာသိတံ၊ ဟောတော်မူအပ်၏။ ။ယောနရော၊ အကြင်သူသည်။ အရိယဓမ္မေ၊ မြတ်သောတရားတို့ကို။ နိယတော၊ မြဲသောအားဖြင့်။ ဒဿနမှိ၊ ဆင်ခြင်ခြင်း ရှုခြင်းကို။ ပရိသောဓိတေ၊ သုတ်သင်အပ်ပြီးသည်ရှိသော်။ အနေကဘာဂတော၊ များသော အဘို့အားဖြင့်။ ဝိသေသဂူ၊ ထူးသော ဂုဏ်ကျေးဇူးကို။ ပဝေဒေတိ၊ ပြောကြား၏။ သတော၊ သတိနှင့် ပြည့်စုံသော။ သော၊ ထိုသူသည်။ မုခဝါတမေဝ၊ ကမ္မဋ္ဌာန်းစီးဖြန်းခြင်းဟူသော နှုတ်ခမ်းလေကို သာလျှင်။ ဝါယတိ၊ လိုင်စေ၏။

## ၆၃-ထီး၏အင်္ဂါ သုံးပါး

မိလိန္ဒမင်းသည် အရှင်ဘုရား၊ ထီး၏အင်္ဂါသုံးပါးကို ယူအပ်၏ဟု အကြင်စကားကို ဆို၏၊ ထိုသုံးပါးသော အင်္ဂါသည် အဘယ်နည်း ဟု မေးသော် (၁) မင်းကြီး၊ ထီးသည် ဦးခေါင်း၏အထက်၌ သွား သကဲ့သို့ ထို့အတူ ယောဂါဝစရပုဂ္ဂိုလ်သည် ကိလေသာတို့ကိုနှိပ်၍ ကိလေသာတို့၏အထက်၌ကျင့်သဖြင့် ဖြစ်ရာ၏၊ ဤသည်လျှင်မင်းကြီး၊ ထီး၏ရှေ့ဦးစွာသောအင်္ဂါကို ယူအပ်၏။ (၂) တဖန်လည်းမင်းကြီး၊ ထီးသည် အမိုးအကာ၏အရာ၌ ဦးခေါင်းအား အထောက်အပံ့ဖြစ်စေ သကဲ့သို့ ထို့အတူ ယောဂါဝစရပုဂ္ဂိုလ်သည် ယောနိသောမနသိကာ ရ တည်းဟူသော အထောက်အပံ့တရားရှိသည်ဖြစ်ရာ၏၊ ဤသည်ကား မင်းကြီး၊ ထီး၏နှစ်ခုမြောက်သော အင်္ဂါကို ယူအပ်၏။ (၃) တဖန် လည်း မင်းကြီး၊ ထီးသည် လေလာခြင်း နေပူခြင်း မိုးရွာခြင်းတို့ကို ကာကွယ်တားမြစ်သကဲ့သို့ ထို့အတူ ယောဂါဝစရပုဂ္ဂိုလ်သည် အထူး ထူးအပြားပြားအယူရှိသော များစွာသောရဟန်းပုဏ္ဏားတို့အား မိမိတို့ ၏ မိစ္ဆာအစွဲအလမ်း ရာဂ ဒေါသ မောဟ တည်းဟူသော ပူပန်စေတတ် သော ကိလေသာတို့ကို ဖျောက်အပ်လွှင့်အပ်၏၊ ဤသည်လျှင် မင်းကြီး၊ ထီး၏သုံးခုမြောက်သောအင်္ဂါကို ယူအပ်၏။ ။မင်းကြီး၊ ငါသာလျှင် ထိုစကားကိုမဆို၊ တရားစစ်သူကြီး ဖြစ်သော ရှင်သာရိပုတ္တရာလည်း ဟောတော်မူအပ်၏။

ဘာသိတမ္ပေတံ မဟာရာဇ ထေရေန သာရိပုတ္တေန ဓမ္မ
သေနာပတိနာ။
ယထာပိဆတ္တံ ဝိပုလံ၊ အစ္ဆိဒ္ဒံ ထိရသံဟိတံ။
ဝါတာတပံ နိဝါရေတိ၊ မဟာတိ မေဃဝုဋ္ဌိယော။
တထေဝ ဗုဒ္ဓပုတ္တောပိ၊ သီလစ္ဆတ္တ ဓရော သုစိ။
ကိလေသ ဝုဋ္ဌိံ ဝါရေတိ၊ သန္တာပ တိဝိဓ ဂ္ဂယောတိ။
ဟူသည်တည်း။

မဟာရာဇ၊ မင်းကြီး။ ဓမ္မသေနာပတိနာ၊ တရားစစ်သူကြီးဖြစ်သော။ သာရိပုတ္တေန၊ သာရိပုတ္တရာအမည်ရှိသော။ ထေရေန၊ မထေရ်သည်။ ဧတံပိ၊ ဤစကားကိုလည်း။ ဘာသိတံ၊ ဟောတော်မူအပ်၏။ ။ဝိပုလံ၊

ပြန့်ပြောသော။ အန္တိုနိ၊ အပေါက်မရှိသော။ ထိရသံဟိတံ၊ မြဲမြံခိုင်ခံ့စွာ ဘွဲ့ချုပ်အပ်သော။ ဆတ္တံ၊ထီးသည်။ ဝါတာတပဝါရဏံ၊ လေ နေပူကိုရင်။ မဟာတိမေဃဝုဋ္ဌိယော၊ သည်းစွာသောမိုးရေတို့ကိုရင်း။ နိဝါရေတိ ယထာ၊ မြစ်တတ် ဆီးတတ်သကဲ့သို့။ တထေဝ၊ ထိုထီးအတူသာလျှင်။ သီလဆတ္တဓရော၊ သီလတည်းဟူသော ထီးကိုဆောင်သော။ သုစိ၊ စင်ကြယ်သော။ ဗုဒ္ဓပုတ္တော၊ ဘုရားရှင်သားတော်သည်။ သန္တာပ တိဝိဓဂ္ဂယော၊ ပူပန်သော ရာဂ ဒေါသ မောဟတည်းဟူသော မီးသုံးပါးတို့ကိုရင်း။ ကိလေသဝုဋ္ဌိ၊ ကိလေသာတည်းဟူသော မိုးရေကိုရင်း။ ဝါရေတိ၊တားမြစ်နိုင်၏။ ဣတိ၊ဤသို့။ ဘာသိတံ၊ ဟောတော်မူအပ်၏။

## ၆၄—လယ်၏အင်္ဂါ သုံးပါး

မိလိန္ဒမင်းသည် အရှင်ဘုရား၊ လယ်၏သုံးပါးသောအင်္ဂါကို ယူအပ်၏ဟု အကြင်စကားကိုဆို၏၊ ထိုသုံးပါးသောအင်္ဂါသည်အဘယ်နည်းဟု မေးသော် (၁) မင်းကြီး၊ လယ်သည်ရေဝင်ရာ မြောင်းနှင့် ပြည့်စုံသကဲ့သို့ ထို့အတူ ယောဂါဝစရပုဂ္ဂိုလ်သည် ဝတ်ကြီး ဝတ်ငယ်တည်းဟူသော ကျင့်ရာလမ်းကြောင်း အစဉ်ဖြင့် ဖြစ်ရာ၏၊ ဤသည်ကား မင်းကြီး၊ လယ်၏ရှေးဦးစွာသောအင်္ဂါကိုယူအပ်၏။ (၂) တဖန်လည်း မင်းကြီး၊ လယ်သည်အပိုင်းအခြားကန်သင်းနှင့်ပြည့်စုံ၏၊ ထိုကန်သင်းအပိုင်းအခြားဖြင့် ရေကိုဆောင်၍စပါးကိုရင့်စေသကဲ့သို့ ထို့အတူ ယောဂါဝစရပုဂ္ဂိုလ်သည် သီလ ဟိရီ အပိုင်းအခြားနှင့်ပြည့်စုံစေရာ၏၊ ထိုသီလ ဟိရီ ဟူသောအပိုင်းအခြားဖြင့် ရဟန်းအဖြစ်ကိုစောင့်ရှောက်၍ လေးပါးသော လောကုတ္တရာဖိုလ်တို့ကို ယူအပ်၏၊ မင်းကြီး၊ ဤသည်ကား လယ်၏နှစ်ခုမြောက်သောအင်္ဂါကိုယူအပ်၏၊ (၃) တဖန်လည်း မင်းကြီး၊ လယ်သည် ကောင်းမြတ်သော မြေ၏အင်္ဂါနှင့် ပြည့်စုံသည် ဖြစ်၍ လယ်လုပ်သောယောကျ်ားအား ရွှင်ခြင်းကို ဖြစ်စေတတ်၏၊ အနည်းငယ်သောမျိုးစေ့ကို စိုက်ပျိုးသော်လည်း များစွာသော အသီးအနှံကို ဖြစ်စေသကဲ့သို့ များစွာသောမျိုးစေ့ကို စိုက်ပျိုးအပ်သည်ရှိသော် ကား များသည်ထက် အလွန်များစွာသောအသီးအနှံကို ဖြစ်စေသကဲ့သို့ ထို့အတူ ယောဂါဝစရပုဂ္ဂိုလ်သည် ကောင်းမြတ်သော သီလအကျင့်

အမှုအရာနှင့် ပြည့်စုံသဖြင့် ဒါယကာတို့အားပြန့်ပြောသောအကျိုးစီးပွါးကို ပေးလေ့ရှိသည်ဖြစ်ရာ၏၊ အလှူဒါယကာတို့အား ရွှင်ခြင်းကို ဖြစ်စေအပ်၏၊ အနည်းငယ်သောအလှူဖြင့်များသော အကျိုးရှိသည်ဖြစ်စေရာ၏၊ များလှသော အလှူဖြင့်များသည်ထက် အလွန်များစွာသော အကျိုးရှိသည်ဖြစ်စေရာ၏၊ ဤသည်ကား မင်းကြီး၊လယ်၏ သုံးခုမြောက်သော အင်္ဂါကိုယူအပ်၏။ ။မင်းကြီး၊ငါသာလျှင် ထိုစကားကိုမဆို၊ဝိနယဓရဖြစ်သော ရှင်ဥပါလိမထေရ်သည်လည်း ဟောတော်မူအပ်၏။

ဘာသိတမ္ပေတံ မဟာရာဇ ထေရေန ဥပါလိနာ ဝိနယဓရေန။

ခေတ္တူပမေန ဘဝိတဗ္ဗံ၊ဥဋ္ဌာရ ဖလ ဒါယိနာ။

သေခေတ္တ ဝရောနာမ၊ ဒဒါတိ ဝိပုလံ ဖလန္တိ။

ဟူသည်တည်း။

မဟာရာဇ၊ မင်းကြီး။ ဝိနယဓရေန၊ ဝိနယဓရဖြစ်သော။ ဥပါလိနာ၊ ဥပါလိအမည်ရှိသော။ ထေရေန၊ မထေရ်သည်။ ဧတံပိ၊ ဤစကားကိုလည်း။ ဘာသိတံ၊ ဟောတော်မူအပ်၏။ ။ဥဋ္ဌာရဖလဒါယိနာ၊ များမြတ်ပြန့်ပြောသော အကျိုးကို ပေးလေ့ရှိသောရဟန်းသည်။ခေတ္တူပမေန၊ လယ်နှင့်တူသည်။ဘဝိတဗ္ဗံ၊ဖြစ်ရာ၏။ ယောဘိက္ခု၊အကြင်ရဟန်းသည်။ ဝိပုလံ၊ ပြန့်ပြောသော။ ဖလံ၊ အကျိုးကို။ ဒဒါတိ၊ ပေး၏။ သေသောဘိက္ခု၊ ဤရဟန်းသည်။ ခေတ္တဝရောနာမ၊ မြတ်သောလယ်မည်၏။ ဣတိ၊ ဤသို့။ ဘာသိတံ၊ ဟောတော်မူအပ်၏။

## ၆၅—ဆေး၏အင်္ဂါနှစ်ပါး

မိလိန္ဒမင်းသည် အရှင်ဘုရား၊ အဆိပ်ကို ဖြေတတ်သော ဆေး၏ အင်္ဂါနှစ်ပါးကိုယူအပ်၏ဟု အကြင်စကားကိုဆို၏၊ ထိုနှစ်ပါးသော အင်္ဂါသည်အဘယ်နည်းဟု မေးသော် (၁) မင်းကြီး၊ အဆိပ်ကိုပြယ်စေတတ်သောဆေး၌ ပိုးတို့သည်မရပ်မတည်ကုန်သကဲ့သို့ ထို့အတူ ယောဂါဝစရပုဂ္ဂိုလ်သည် မိမိ၏စိတ်၌ ကိလေသာ တည်းဟူသော ပိုးတို့ကို မရပ်မတည်စေအပ်ကုန်၊ ဤသည်ကား မင်းကြီး၊ အဆိပ်ကို ပြယ်စေတတ်သောဆေး၏ ရှေးဦးစွာသော အင်္ဂါကိုယူအပ်၏၊

(၂) တဘန်လည်းမင်းကြီး၊ အဆိပ်ကို ပြယ်စေတတ်သော ဆေးသည် ဒဋ္ဌဝိသမြွေ၊ ဖဿဝိသမြွေ၊ ဒိဋ္ဌဝိသမြွေ၊ ဝါတဝိသမြွေတို့၏အဆိပ်ကို စားမိ သောက်မိ ချက်မိခဲ့သော်လည်း ထိုအလုံးစုံသောအဆိပ်ကိုပယ် ဖျောက်စေတတ်သကဲ့သို့ ထို့အတူရာဂ, ဒေါသ, မောဟ, မာန, ဒိဋ္ဌိ အစရှိသောအလုံးစုံသော ကိလေသာဟူသော အဆိပ်ကိုဖျောက်အပ် ၏၊ ဤသည်ကား •မင်းကြီး၊ အဆိပ်ကို ပြယ်စေတတ်သော ဆေး၏ နှစ်ခုမြောက်သောအင်္ဂါကို ယူအပ်၏။ ။မင်းကြီး၊ ငါသာလျှင်လည်း ထိုစကားကိုမဆို၊ ဘုရားရှင်လည်းဟောတော်မူအပ်၏။

သင်္ခါရာနံ သဘာဝဏ္ဏုံ၊ ဒိဋ္ဌ ကာမေန ယောဂိနာ။
အဂဒေနေဝ ဟောတဗ္ဗံ၊ ကိလေသ ဝိသ နာသနေတိ။
ဟူသည်တည်း။

ဒိက္ခ၀ေ၊ ရဟန်းတို့။ သင်္ခါရာနံ၊သင်္ခါရတရားတို့၏။ သဘာဝဏ္ဏုံ၊ သဘောအနက်ကို။ ဒိဋ္ဌုကာမေန၊ ရှုခြင်းငှါအလိုရှိသော။ ယောဂိနာ၊ ယောဂါဝစရပုဂ္ဂိုလ်သည်။ ကိလေသဝိသနာသနေ၊ကိလေသာတည်း ဟူသောအဆိပ်ကိုဖျက်ဆီးခြင်း၌။ အဂဒေနေဝ၊ အဆိပ်ကိုပြယ်စေ တတ်သောဆေးနှင့် တူသည်သာလျှင်။ ဟောတဗ္ဗံ၊ ဖြစ်ရာ၏။ ဣတိ၊ ဤသို့။ ဘာသိတံ၊ ဟောတော်မူအပ်၏။

---

## ၆၆-ဘောဇဥ်၏အင်္ဂါ သုံးပါး

မိလိန္ဒမင်းသည် အရှင်ဘုရား၊ ဘောဇဥ်၏ အင်္ဂါသုံးပါးကိုယူ အပ်၏ဟု အကြင်စကားကိုဆို၏၊ ထိုသုံးပါးသောအင်္ဂါသည် အဘယ် နည်းဟုမေးသော် (၁) မင်းကြီး၊ အစာဘောဇဥ်သည် ခပ်သိမ်းသော သတ္တဝါတို့အား အထောက်အပံ့ဖြစ်သကဲ့သို့ ထို့အတူ ယောဂါဝစရ ပုဂ္ဂိုလ်သည် ခပ်သိမ်းသောသတ္တဝါတို့အား မဂ္ဂင်တရားဖြင့် ထောက်ပံ့ သည်ဖြစ်ရာ၏၊ ဤသည်ကားမင်းကြီး၊ ဘောဇဥ်၏ ရှေဦးစွာသော အင်္ဂါကိုယူအပ်၏၊ (၂) တဘန်လည်းမင်းကြီး၊ အစာဘောဇဥ်သည် ခွန်အားကို ပွါးစေတတ်သကဲ့သို့ ထို့အတူ ယောဂါဝစရပုဂ္ဂိုလ်သည် ကုသိုလ်ကောင်းမှုကို ပွါးစေရာ၏၊ ဤသည်ကားမင်းကြီး၊ ဘောဇဥ် ၏နှစ်ခုမြောက်သောအင်္ဂါကို ယူအပ်၏၊ (၃) တဘန်လည်း မင်းကြီး၊

ဘောဇဉ်ကို ခပ်သိမ်းသော သတ္တဝါတို့သည် အလွန်တောင့်တအပ်သကဲ့သို့ ထို့အတူ ယောဂါဝစရပုဂ္ဂိုလ်သည် ခပ်သိမ်းသော လူအပေါင်းတို့ တောင့်တအပ်သည်ဖြစ်ရာ၏၊ ဤသည်ကားမင်းကြီး၊ အစာဘောဇဉ်၏သုံးခုမြောက်သောအင်္ဂါကိုယူအပ်၏။ ။မင်းကြီး၊ငါသာလျှင်ထိုစကားကိုမဆို၊ရှင်မောဂ္ဂလာန် သည်လည်း ဟောတော်မူအပ်၏။

ဘာသိတမွှတံ မဟာရာဇ ထေရေန မောဂ္ဂလာနေန၊
သံယမေန နိယမေန၊ သီလေနပဋိပတ္တိယာ။
ပတ္ထိတေန ဘဝိတဗ္ဗံ၊ သဗ္ဗလောကဿ ယောဂိနာတိ။
ဟူသည်တည်း။

မဟာရာဇ၊ မင်းကြီး။ မောဂ္ဂလာနေန၊ မောဂ္ဂလာန် အမည်ရှိသော။ ထေရေန၊ မထေရ်သည်။ ဇတံပိ၊ ဤစကားကိုလည်း။ ဘာသိတံ၊ ဟောတော်မူအပ်၏။ ။ယောဂိနာ၊ ယောဂါဝစရပုဂ္ဂိုလ်သည်။ သံယမေန၊စက္ခုအစရှိသော ဒွါရခြောက်ပါးကိုစောင့်ရှောက်သဖြင့်၎င်း။ နိယမေန၊ အမြဲဆောက်တည်သဖြင့်၎င်း။ သီလေန၊သီလဖြင့်၎င်း။ပဋိပတ္တိယာ၊ ပဋိပတ္တိကိုကျင့်သဖြင့်၎င်း။ သဗ္ဗလောကဿ၊ အလုံးစုံသောလူအပေါင်းသည်။ ပတ္ထိတေန၊ တောင့်တအပ်သည်။ ဘဝိတဗ္ဗံ၊ ဖြစ်ရာ၏။

---

## ၆၇—လေးသမားဏ်အင်္ဂါလေးပါး

မိလိန္ဒမင်းသည် အရှင်ဘုရား၊ လေးသမား၏ အင်္ဂါလေးပါးကို ယူအပ်၏ဟုအကြင်စကားကိုဆို၏၊ ထိုလေးပါးသောအင်္ဂါသည် အဘယ်နည်းဟုမေးသော် (၁) မင်းကြီး၊ လေးသမားသည် မြားတို့ကို ပစ်လွှတ်အပ်သည်ရှိသော် ခြေနှစ်ဘက်တို့ကို မြေကြီး၌မြဲစွာတည်စေပြီးသည်ဖြစ်၍ ပုဆစ်ဒူး မတုန်မလှုပ်သည်ကို ပြုပြီးသော် မြားတောင့်ကိုခါး၌အမြဲထားပြီးလျှင် မိမိကိုယ်ကို ခက်ထရော်ပြုပြီး၍ နှစ်ဘက်သောလက်၌ ကြပ်ကြပ်မြဲမြဲ ဆုံးဖြတ်ရာအရပ်သို့တင်ထား၍ လက်ဆုပ်ကို မြဲစွာဆုပ်၍ လက်ချောင်းတို့ကိုမပြတ်ပြု၍ လည်ပင်းကို ဖော့၍ မျက်စိတဘက်ကို မှိတ်ခြင်းကိုပြု၍ ငါပစ်အံ့ဟု ရွှင်ခြင်းကို ဖြစ်စေသကဲ့သို့ထို့အတူယောဂါဝစရပုဂ္ဂိုလ်သည် သီလတည်းဟူသော မြေ၌ဝိရိယ

တည်းဟူသောခြေကိုတည်စေအပ်၏၊ သည်းခံခြင်း ချောင့်ရဲခြင်းဖြင့်နှလုံးသွင်းခြင်းကိုမချွတ်မတဲ့ပြုရာ၏၊ အလုံးစုံသော ကိလေသာတို့ကို စောင့်စည်းခြင်း၌ မိမိစိတ်ကိုထားအပ်၏၊မိမိကိုယ်ကို ခြံစွာ စောင့်စည်းခြင်း၌ ထားအပ်၏၊အလိုရှိနှမက်ပိတ်ဆို၍ ယောနိသော မနသိကာရဖြင့် မိမိစိတ်ကိုမပြတ်ပြုအပ်၏၊ ဝီရိယကိုချီးမြှောက်အပ်၏၊ ခြောက်ပါးသော ဒွါရကိုပိတ်အပ်၏၊ သတိကိုကောင်းစွာကပ်၍ထားအပ်၏၊အလုံးစုံသော ကိလေသာတို့ကို ဉာဏ်တည်းဟူသော လေးဖြင့် ပစ်အံ့ဟု နှလုံး၏ရှင်ခြင်းကို ဖြစ်စေအပ်၏၊ ဤသည်ကား မင်းကြီး၊ လေးသွား၏ရှေးဦးစွာသော အင်္ဂါကိုယူအပ်၏၊ (၂) တဖန်လည်းမင်းကြီး၊ လေးသွားသည် ကောက်သောအရပ်, မဖြောင့်သောအရပ်, ညွှတ်သော အရပ်ကိုဖြောင့်စေ့သော၌ မီးကင်စရာ အိုးကင်းကို ဆောင်သကဲ့သို့ ထို့အတူယောဂါဝစရပုဂ္ဂိုလ်သည် ဤတလံမျှလောက်သောကိုယ်၌ ကောက်သောစိတ်, မဖြောင့်သောစိတ်, ညွတ်သောစိတ်ကိုဖြောင့်ဖြောင့်ပြုအံ့သော၌ သတိပဋ္ဌာန်တရားတည်းဟူသော အိုးကင်းကိုသွားတိုင်း ဆောင်အပ်၏၊ ဤသည်ကား မင်းကြီး၊ လေးသွား၏ နှစ်ခုမြောက်သော အင်္ဂါကိုယူအပ်၏။

(၃) တဖန်လည်းမင်းကြီး၊ လေးသွားသည် အဓှတ်၌ နှလုံးသွင်းသကဲ့သို့ ထို့အတူယောဂါဝစရပုဂ္ဂိုလ်သည် လေးဆယ်သော ဘာဝနာဖြင့် ဤတလံမျှလောက်သော ကိုယ်ကိုနှလုံးသွင်းအပ်၏၊ ဤသည်ကား မင်းကြီး၊ လေးသွား၏ သုံးခုမြောက်သော အင်္ဂါကိုယူအပ်၏၊ (၄) တဖန်လည်းမင်းကြီး၊ လေးသွားသည် ညနံနက် နှလုံးသွင်း သကဲ့သို့ ထို့အတူ ယောဂါဝစရပုဂ္ဂိုလ်သည် ညနံနက်ကမ္မဋ္ဌာန်း လေးဆယ်တည်းဟူသောအာရုံ၌နှလုံးသွင်းရာ၏၊ ဤသည်ကားမင်းကြီး၊ လေးသွား၏လေးခုမြောက်သော အင်္ဂါကို ယူအပ်၏။ ။မင်းကြီး၊ ငါသာလျှင်လည်း ထိုစကားကိုမဆို၊ တရားစစ်သူကြီးဖြစ်သော ရှင်သာရိပုတ္တရာသည်လည်းဟောတော်မူအပ်၏။

ဘာသိတမ္ပေတံ မဟာရာဇ ထေရေန သာရိပုတ္တေန ဓမ္မသေနာပတိနာ။

ယဗ္ဗထာဏ္ဏသာသာသကောနာမ၊ သာယံပါတံဥပါသတိ။

ဥပါသန္တံ အရိစ္စန္တော၊ လာဘတောဘတ္တဝေတနံ။

တထေဝ ဗုဒ္ဓပုတ္တောပိ၊ ကုရေတိကာယုပါသနံ။
ကာယုပါသနံ အနိဗ္ဗိန္နော၊ အရဟတ္တ မဘိ ဂစ္ဆတီတိ။
ဟူသည်တည်း။

မဟာရာဇ၊ မင်းကြီး။ ဓမ္မသေနာပတိနာ၊ တရားစစ်သူကြီးဖြစ်သော။ သာရိပုတ္တေန၊ သာရိပုတ္တရာ အမည်ရှိသော။ ထေရေန၊ မထေရ်သည်။ ဧတမ္ပိ၊ ဤစကားကိုလည်း။ ဘာသိတံ၊ ဟောတော်မူအပ်၏။ ။ဆူသာသ ကောနာမ၊ လေးသွား မည်သည်ကား။ သာယံပါတံ၊ ညနံနက်။ ဥပါသတိ၊ နှလုံးသွင်း၏။ ဥပါသနံ၊ နှလုံးသွင်းခြင်းကို။ အနိဗ္ဗိန္နော၊ လက်မလျော့ သည်ရှိသော်။ ဘတ္တဝေတနံ၊ ထမင်းမျိုးရိက္ခာကို။ လဘတေယထာ။ ရသကဲ့သို့။ တထေဝ၊ ထို့အတူသာလျှင်။ ဗုဒ္ဓပုတ္တောပိ၊ ဘုရားရှင်သား တော်သည်လည်း။ ကာယုပါသနံ၊ မိမိကိုယ်၌ နှလုံးသွင်းခြင်းကို။ ကရော တိ၊ ပြု၏။ ကာယုပါသနံ၊ ကိုယ်၌ နှလုံးသွင်းခြင်းကို။ အနိဗ္ဗိန္နော၊ လက် မလျော့သည်ရှိသော်။ အရဟတ္တံ၊ အရဟတ္တဖိုလ်ကို။ အဓိဂစ္ဆတိ၊ ရ၍လ ၏။ ဣတိ၊ ဤသို့။ ဘာသိတံ၊ ဟောတော်မူအပ်၏။

လေးသွား၏နှလုံးသွင်းခြင်းကဲ့သို့ ယောဂါဝစရပုဂ္ဂိုလ်သည် မိမိ ကိုယ်ကိုလေးဆယ်သောဘာဝနာဖြင့် အဘယ်သို့နှလုံးသွင်းရာသနည်း၊ ဘာဝနာလေးဆယ်ကား အဘယ်နည်းဟုဆိုသော်–

ပဉ္စက္ခန္ဓာ စတ္တာရီသာယ အာကာရေဟိ သမ္မသိတဗ္ဗာ၊ ကထံ အနိစ္စတော, ဒုက္ခတော, အနတ္တတော, ရောဂတော, ဂဏ္ဍတော, သလ္လတော, အဃတော, အာဗာဓတော, ပရတော, ပလောက တော, ဤတိတော, ဥပဒ္ဒဝတော, ဘယတော, ဥပသဂ္ဂတော, စလတော, ပဘင်္ဂုတော, အဒ္ဓုဝတော, အတာဏတော, အလေ ဏတော, အသရဏတော, ရိတ္တတော, တုစ္ဆတော, သုညတော, အာဒီနဝတော, ဝိပရိဏာမဓမ္မတော, အသာရတော, အဃမူလ တော, ဝဓကတော, ဝိဘဝတော, သာသဝတော, သင်္ခတတော, မာရာမိသတော, ဇာတိဓမ္မတော, ဇရာဓမ္မတော, ဗျာဓိဓမ္မ တော, မရဏဓမ္မတော, သောကဓမ္မတော, ပရိဒေဝဓမ္မတော, ဥပါယာသဓမ္မတော, သံကိလေသိက ဓမ္မတော စတ္တာရီသာ ယ ပဉ္စက္ခန္ဓေ အနိစ္စတော ပဿန္တော အနုလောမခန္တိံ ပဋိလ

ဘတိ၊ ပဋ္ဋန္နံခန္ဓာနံနိရောဓံနိစ္စံ နိဗ္ဗာနန္တိပဿန္တော သမ္မတ္တ နိယာမံ ဩက္ကမတိတိ။ ။ဟူသည်တည်း။

ပဉ္စက္ခန္ဓာ၊ ငါးပါးသောခန္ဓာတို့ကို။ စတ္တာရီသာယ အာကာရေဟိ၊ လေးဆယ်သောအခြင်းအရာတို့ဖြင့်။သမ္မသိတဗ္ဗာ၊ သုံးသပ်ဆင်ခြင်အပ်ကုန်၏။ကထံသမ္မသိတဗ္ဗာ၊အဘယ်သို့ သုံးသပ် ဆင်ခြင်အပ်ကုန်သနည်းဟူမူကား။အနိစ္စတော၊ ပဋိသန္ဓေနေခြင်းလျှင် အစ သေခြင်းလျှင် အဆုံးရှိသည်ဖြစ်၍ အမြဲမရှိသောအားဖြင့်ရင်း။ဒုက္ခတော၊ဖြစ်ခြင်းတရားသည် နှိပ်စက်သည်ဖြစ်၍ ဆင်းရဲခြင်း၏ အကြောင်းဖြစ်သော အားဖြင့်ရင်း။ အနတ္တတော၊ အစိုးမရ အလိုသို့မလိုက်သောအားဖြင့်ရင်း။ ရောဂတော၊ အနာရောဂါ၏ အကြောင်းဖြစ်သောအားဖြင့်ရင်း။ ဂဏ္ဍတော၊ ကိလေသာတည်းဟူသောမစင်သည် အမြဲယိုတတ်သော အားဖြင့်ရင်း။ သလ္လတော၊ ကိလေသာသည် အတွင်း၌ ထိုးကျင်တတ်သည် ဖြစ်၍ နုတ်၍ပစ်နိုင်ခဲသောအားဖြင့်ရင်း။ အဃတော၊ အထူးကဲ့ရဲ့အပ်သည်ဖြစ်၍ အကျိုးမရှိသည်ကိုသာ ဆောင်တတ်သော ဆင်းရဲ၏အကြောင်းဖြစ်သောအားဖြင့်ရင်း။ အာဗာဓတော၊ အသရေမရှိသည်ကိုသာ ဖြစ်စေတတ်သဖြင့်အနာမျိုးတို့သည်နီးစွာသော အကြောင်းဖြစ်သောအားဖြင့်ရင်း။ ပရတော၊ အလိုသို့မလိုက်တတ်သည်ဖြစ်၍ အထူးမစီရင်နိုင်သောအားဖြင့်ရင်း။ ပလောကတော၊ နာခြင်း, အိုခြင်း, သေခြင်းတရားတို့သည်ဖျက်ဆီးအပ်သောအားဖြင့်ရင်း။ (၁၀)

ဤတိတော၊ တပါးမက များလှစွာသော ပျက်စီးခြင်းကို ဆောင်တတ်သောအားဖြင့်ရင်း။ ဥပဒ္ဒဝတော၊ မသိမမြင်သော ဘေးတို့အား များစွာ အကျိုးမရှိသည်ကိုသာ ဆောင်တတ်သည်ဖြစ်၍ ခပ်သိမ်းသော ဘေးရန်တို့၏ တည်ရာ ဖြစ်သော အားဖြင့်ရင်း။ ဘယတော၊ အလုံးစုံသော ဘေးရန်တို့၏ တည်ရာဖြစ်၍ သက်သာရာ ချမ်းသာတရားတို့၏ ဆန့်ကျင်ဘက်ဖြစ်သော အားဖြင့်ရင်း။ ဥပသဂ္ဂတော၊ တပါးမက များစွာသော အကျိုးမရှိခြင်းတို့သည် အစဉ်မပြတ်နှောင့်ယှက်သည်ဖြစ်၍ သည်းမခံနိုင်သဖြင့် ပူပန်သောအားဖြင့်ရင်း။ စလတော၊ ဇာတိ, ဇရာ, မရဏာတရားတို့ဖြင့် တုန်လှုပ်ခြင်း, လောကဓံတရားရှစ်ပါးတို့ဖြင့် တုန်လှုပ်ခြင်း သဘောအားဖြင့်ရင်း။ ပဘင်္ဂုတော၊ ကိစ္စလုံ့လကိုပြုသဖြင့် ပျက်စီးခြင်းသာအလေ့ရှိသောအားဖြင့်ရင်း။ အဒ္ဓုဝတော၊ အလုံးစုံသော

ဂုန်ဆင်းရဲတရားတို့၏ ကျရာဖြင့် မြဲသောသဘောမရှိသည်၏အဖြစ်ဖြင့် ရင်း။ အတာဏတော၊ ကာရံတခုမျှကိုးကွယ်ဆောက်တည်ရာ မရှိသော အားဖြင့်ရင်း။ အဓလဏတော၊ မိုခိုကပ်ရပ်ခြင်းကိစ္စ မရှိနိုင်သောအား ဖြင့်ရင်း။ အသရဏတော၊ ဘေးရှိသောအခါ မိုလိုကုန်သောသူတို့အား အေးဘက်မေ့ခြင်းကို ပြုအပ်သောသဘောမရှိသောအားဖြင့်ရင်း။ (၂၀)

ရိတ္တတော၊ ရဝ,သုဘ,သုခ, သဘောတို့မှ အချည်းနှီးကင်းသော အားဖြင့်ရင်း။တုစ္ဆတော၊တစုံတခု တောင့်တရာမရှိသည်ဖြစ်၍ အချည်း နှီး သက်သက်သာဖြစ်သော အားဖြင့်ရင်း။ သုညတော၊ အရှည်အမြဲ နေပါလော့ အရှည်ပြုပါလော့ အရှည်သိပါလော့ဟု ဆောက်တည်ခြင်း သဘောမှကင်းသော အားဖြင့်ရင်း။ အာဒီနဝတော၊ အထီးကျန်သော သူဆင်းရဲနှင့် တူသည်ဖြစ်၍ ဆင်းရဲခြင်းအဖြစ်ကိုသာ ပြုတတ်သော အားဖြင့်ရင်း။ ဝိပရိဏာမဓမ္မတော၊ဘောက်ပြန်တတ်သော ဇရာ မရဏ တရားနှစ်ပါးသို့ ညွတ်သောသဘောရှိသောအားဖြင့်ရင်း။အသာရတော၊ အားနည်းသောအားဖြင့် အကာကဲ့သို့ဖြစ်၍ အနှစ်မရှိသောအားဖြင့်ရင်း။ အဃမူလတော၊ဆင်းရဲခြင်း၏အကြောင်းဖြစ်သောအားဖြင့်ရင်း။ ဝဓက တော၊ ရန်သူလက်သို့ ရောက်သောသူကဲ့သို့ အကျွမ်းတဝင်ပြု၍ သတ် တတ်သော အားဖြင့်ရင်း။ ဝိဘဝတော၊တဘန်ဘဝသစ်ကို ဖြစ်ပြန်စေ တတ်သောအားဖြင့်ရင်း။ သာသဝတော၊ အာသဝတရား၏ အာရုံဖြစ် သော အားဖြင့်ရင်း။(၃၀)

သင်္ခတတော၊ဟေတုအစရှိသော ပစ္စည်းတို့သည် ပြုပြင်တတ်သော အားဖြင့်ရင်း။ မာရာမိသတော၊ မစ္စုမာရ် ကိလေသမာရ်တို့၏ အာမိသ ဖြစ်သော အားဖြင့်ရင်း။ ဇာတိဓမ္မတော၊ ပဋိသန္ဓေနေခြင်းအားဖြင့်ရင်း။ ဇရာဓမ္မတော၊ အိုသောသဘောအားဖြင့်ရင်း။ ဗျာဓိဓမ္မတော၊ ဖျားနာ သော သဘောအားဖြင့်ရင်း။ မရဏဓမ္မတော၊ သေခြင်း သဘောတရား အားဖြင့်ရင်း။ သောကဓမ္မတော၊ စိုးရိမ်ခြင်းသဘောအားဖြင့်ရင်း။ ပရိ ဒေဝ ဓမ္မတော၊ ငိုမြည်တမ်းခြင်း၏ အကြောင်း ဖြစ်သော အားဖြင့်ရင်း။ ဥပါယာသဓမ္မတော၊ သက်ကြီးရှိုက်တငင် ပင်ပန်းခြင်း၏ အကြောင်း ဖြစ်သောအားဖြင့်ရင်း။ သံကိလေသိကဓမ္မတော၊ တဏှာ ဒိဋ္ဌိ ဒုစရိုက် တည်းဟူသောကိလေသာတို့၏တည်ရာဖြစ်သော အားဖြင့်ရင်း။(၄၀)

ဉာတိ၊ ဤသို့။ စတ္တာရီသာယ အာကာရေဟိ၊ လေးဆယ်သော အခြင်းအရာ တို့ဖြင့်။ သမ္မာသိတဗ္ဗာ၊ သုံးသပ်ဆင်ခြင်အပ်ကုန်၏။ ပဥ္စကဍ္ဍနွေ၊ ခန္ဓာငါးပါးတို့ကို။ အနိစ္စတော၊ အနိစ္စအားဖြင့်။ ပဿန္တော၊ ရှုလေ့ရှိသော ပုဂ္ဂိုလ်သည်။ အနုလောမခန္တိံ၊ အနုလောမခန္တိကို။ ပဋိလဘတိ၊ ရ၏။ ပဥ္စန္နံ၊ ငါးပါးကုန်သော။ ခန္ဓာနံ၊ ခန္ဓာတို့၏။ နိရောဓံ၊ ချုပ်ရာဖြစ်သော။ နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ နိစ္စံ၊ မြဲ၏။ ဉာတိ၊ ဤသို့။ ပဿန္တော၊ ရှုလေ့ရှိသော ပုဂ္ဂိုလ်သည်။ သမ္မတ္တနိယာမံ၊ သမ္မတ္တနိယာမသို့။ ဝါ၊ နိဗ္ဗာန်သာလျှင် မြဲ၏ဟူသောအမှတ်သို့။ ဩက္ကမတိ၊ သက်၏။

---

## မိလိန္ဒမင်းကြီး သရဏဂုံတည်ဥပါသကာအဖြစ်သို့ ရောက်ခြင်း

မိလိန္ဒမင်းသည် မေးအပ်သောပြဿနာကို ရှင်နာဂသေန မထေရ် ဖြေကြားသည်၏အဆုံး၌ သမုဒ္ဒရာဘီမိုး အသံကဲ့သို့ ပြဟ္မ္မာပြည်တိုင်အောင် နတ်တို့ကောင်းချီးပေးသော အသံသည် အံ့ဘွယ်သရဲ ဖြစ်၍ဖြစ်၏၊ ထိုမိလိန္ဒမင်းသည်ရင်း မောင်းမပရိသတ် အပေါင်း တို့သည်ရင်း လက်အုပ်ချီ၍ ရှိခိုးကုန်၏၊ ထိုမိလိန္ဒမင်းသည် နုတ်အပ်ပြီးသော အစွယ်ရှိသော နဂါးမင်းကဲ့သို့ ခိုင်ခံ့သောမာနကို ချအပ်နှိပ်အပ်ပြီးသည်ဖြစ်၍ အရှင်ဘုရား၊ အရှင်ဘုရားသည် အမေးပြဿနာကို ကောင်းမွန်စွာ ဖြေတော်မူအပ်ပေပြီ၊ ဤဘုရားရှင်သာသနာတော်၌ တရားစစ်သူကြီး ဖြစ်သော ရှင်သာရိပုတ္တရာကိုထား၍ အရှင်ဘုရားနှင့်တူသော ပြဿနာကို ဖြေအံ့သော ပညာရှိသောသူ မည်သည် မရှိပါပြီ၊ အရှင်ဘုရား၊ တကာတော်အား အပြစ်ရှိသည်ကို သည်းခံတော်မူပါ၊ တကာတော်ကို ရတနာသုံးပါးသို့ ဆည်းကပ်သော ဥပါသကာဟူ၍ မှတ်တော်မူပါ၊ ယနေ့ကိုအစပြု၍ အသက်ထက်ဆုံး သရဏဂုံသုံးပါးကို တကာတော်ဆောက်တည်ပါ၏ဟု သရဏဂုံယူလေ၏။

---

## မိလိန္ဒမင်းကြီးရဟန်းပြု၍ ရဟန္တာအဖြစ်သို့ရောက်ခြင်း

ထိုအခါ မိလိန္ဒမင်းသည် စစ်သည် ဗိုလ်ပါနှင့်တကွ ရှင်နာဂသေန မထေရ်ရှိရာသို့ ဆည်းကပ်ပြီး၍ မိလိန္ဒဝိဟာရမည်သော ကျောင်းကို

ဆောက်၍ ရှင်နာဂသေနမထေရ်အား ဆောင်နှင်းအပ်နှံ၍ လေးပါးသော ပစ္စည်းတို့ဖြင့် ရှင်နာဂသေနမထေရ်ကို ကုဋေတသိန်း မျှလောက်သော ရဟန်းတို့နှင့် အတူတကွ လှူဒါန်းပူဇော်ပြီးလျှင် ရှင်နာဂသေနမထေရ်၏အဖြေကို ကြည်ညိုခြင်းရှိ၍ မိမိသားအား ပြည်ကိုဆောင်နှင်းခဲ့၍ အိမ်ရာထောင်သော လူ၏ဘောင်မှ အိမ်ရာမထောင်သော ရဟန်းဘောင်၌ ရဟန်းပြု၍ ရဟန္တာ၏ အဖြစ်သို့ရောက်လေ၏။

ပညာပသတ္ထာ လောကသ္မိံ၊ ကတာ သဒ္ဓမ္မဋ္ဌိတိယာ။
ပညာယ ဝိမတိံ ဟန္တွာ၊ သန္တိံ ပပ္ပေါတိ ပဏ္ဍိတော။
ဟူသည်တည်း။

လောကသ္မိံ၊ လောက၌။ သဒ္ဓမ္မဋ္ဌိတိယာ၊ သူတော်ကောင်းတရား တည်စိမ့်သောငှါ။ ကတာ၊ ပြုအပ်သော။ ပညာ၊ ပညာကို။ ပသတ္ထာ၊ ချီးမွမ်းအပ်၏။ ပဏ္ဍိတော၊ ပညာရှိသည်။ ပညာယ၊ ပညာဖြင့်။ ဝိမတိံ၊ ယုံမှားသက်သာကို။ ဟန္တွာ၊ ဖျောက်၍။ သန္တိံ၊ ငြိမ်သက်သော နိဗ္ဗာန်သို့။ ပပ္ပေါတိ၊ ရောက်၏။

---

## မိလိန္ဒထေရ်အရှင်၏ ဆောင်ရွက်သောဂုဏ်ထူး

မိလိန္ဒမင်းသည် ရဟန်းဖြစ်၍ ဂုဏ်အထူး ဆောင်ကြောင်းကို ပြ ပြန်၏။

ယသ္မိံ ခန္ဓေ ဌိတာ ပညာ၊ သတိ တတ္ထ အနူနကာ။
ပူဇာဝိသေသ ဓာရေယ၊ အဂ္ဂသေဋ္ဌော အနုတ္တရော။
ဟူသည်တည်း။

ယသ္မိံ ခန္ဓေ၊ အကြင်ခန္ဓာ၌။ ပညာ၊ ပညာသည်။ ဌိတာ၊ တည်၏။ တတ္ထ၊ ထိုခန္ဓာ၌။ သတိ၊ သတိတရားသည်။ အနူနကာ၊ မယုတ်မလျော့။ ပူဇာဝိသေသ ဓာရေယ၊ နတ်လူတို့ပူဇော်သက္ကာ အထူးကိုဆောင်ရွက်သဖြင့်။ အဂ္ဂသေဋ္ဌော၊ ချီးမွမ်းအပ် မြတ်သောယောက်ျားသည်။ ဘုတွာ၊ ဖြစ်၍။ ရာဇာ၊ မိလိန္ဒမင်းသည်။ အနုတ္တရော၊ မြတ်သောရဟန်း ဖြစ်လေ၏။

## ဥယျောဇဉ်

ယခုအခါ မိမိအကျိုးကို အလိုရှိသော သူတို့အား တိုက်တွန်းခြင်း ဥယျောဇနဂါထာကို ပြပြန်၏။

တသ္မာဟိ ပဏ္ဍိတော ပေါသော၊ သမ္ပဿံ ဟိတမတ္တနော။
ပညဝန္တံဟိ ပူဇေယျ၊ စေတိယံ ဝိယ သာဒရော ။ ။
ဟူသည်တည်း။

တသ္မာဟိ တသ္မာဧဝ၊ ထို့ကြောင့်ပင်လျှင်။ အတ္တနော၊ မိမိ၏။ ဟိတံ၊ အစီးအပွါးကို။ သမ္ပဿံ သမ္ပဿန္တော၊ မြင်လိုသော။ ပဏ္ဍိတော၊ ပညာရှိသော။ သာဒရော၊ ရိုသေခြင်းရှိသော။ ပေါသော၊ ယောကျ်ားသည်။ ပညဝန္တံ၊ ပညာရှိကို။ စေတိယံဝိယ၊ စေတီကဲ့သို့။ အဘိပူဇေယျ၊ ပူဇော်ရာ၏။

---

## နိဂုံး

နိဂုံးစကားမှကား သစိုးမလည်ရွာလျှင် ဆွမ်းခံမှီရာရှိသည် ဖြစ်၍ ဒါန်းတိုင် သစ်ညိုကျောင်းနှစ်တိုက်၌ သီတင်းသုံးလေ့ ရှိသော ဂုဏာလင်္ကာရအမည်ရှိသော သူမြတ်သည် ဗဟုသုတ အကြားအမြင်နှင့်ပြည့်စုံခြင်းကိုအလိုရှိသောသူတို့၏ အကျိုးဖြစ် စိမ့်သောငှါ စီရင်အပ်သော မိလိန္ဒပဥှာကျမ်း၏အပြီးသို့ရောက် သောကောဇာသက္ကရာဇ်နှစ်၏အရေအတွက်သော်ကား ၁၂၂၇ခု သာသနာတော်သက္ကရာဇ်နှစ်၏အရေအတွက်သော်ကား ၂၃၀၉ ခု ဝါခေါင်လပြည့်ကျော်တရက်နေ့ အပြီးသို့ရောက်၏။

မိလိန္ဒပဥှာပြီး၏။

---

## မှာထားချက်

အရဟတ္တဖိုလ်ကို မျက်မှောက်ပြုနိုင်ရန် ယောဂါဝစရပုဂ္ဂိုလ်တို့ ကျင့်ဆောင်အပ်သောအင်္ဂါ ၁၀၅-ပါးတို့ကို မာတိကာအစဉ်ဖြင့် ပြပြီး

၍ အကျယ်ဖြေရှာ၌ကား ၆၇-ပါးသော အင်္ဂါတို့ကိုသာ တွေ့ရှိရပါသည်၊ ကျန် ၃၈-ပါးသော အင်္ဂါတို့ကို မူ အစောင်စောင်တို့၌ပင် မတွေ့မရှိရ ပါ၊ အကယ်၍ တွေ့ရှိခဲ့ပါလျှင် ထပ်မံထည့်သွင်းတော်မူကြပါရန် ပညာရှင်များအား တိုက်တွန်းခဲ့ပါသည်။